www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဇွန်လ စက် တင် ဘာ လ၊ အတွဲ (၈)၊ အမှတ် (၃)

စိန်ကြယ်

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်

အောင်စေပိုင် စီစဉ်ဖန်တီးသည့်

4 AUG 2013

မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
အတွဲ(၈)၊ အမှတ်(၃)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆေးဖြာထိပ်မှာမိုးရွှဲ
ရှိခိုးပူဇော်ကာန်တော့ပါ၏။

BURMESE CLASSIC

ဝို့တာဝန်တစ်ရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

ပြည်သူ့ဆန္ဒဘာသား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီး
သူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ၎ဏ္ဍာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
ပြည်ကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရင်းနှီးခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဂိုဏ်းဖွဲ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဝိတ်ဝင်ဆဲ့၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဗန်ဒီးနိုင်မှုဖွဲ့အစားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုဓရေး ဦးတည်ချက် (၄) ရပ်

ဘဝမျိုးသားလုံး၏ စိတ်ဓာတ်နှင့်ကိုယ်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဘာဝိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ဝစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရင်သန်ထက်မြက်ရေး
ဘဝမျိုးသားလုံး ကျန်းမာကြွယ်ဝရေးနှင့် ပညာရည်မြင့်မားရေး

သက်တော်ခြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝဏာသော၊
ယံ ပဌမဏ္ဍမေန စာတာဂတံ ဝိဂိတာ ဘဝိဇောပေယျ။
အနုပဏ္ဍမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
တေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

ဘာသာရေးဘုရားသမိုင်း

- ဧနာပုန် စေတီတော်မြတ်ကြီး ... ဂဖြိုရဆရာလှမျိုး ၃
- ဆဋ္ဌမပုဝါ(ခေါ်) အောင်ဗောဓိဆုတောင်းပြည့် ... မင်းကြည်ဖြူ ၁၃
- စလေပခန်းငယ် ကော့ခဲရဒေသရှိ..... ... ကိုသက်ရှည် ၂၆
- ရန်ကုန်မြို့မှ သဇ္ဇညုပထိုးတော်ကြီး ... မြမင္ဂလာ(ကျွဲမငေး) ၄၆
- ဂုဏာဝိသိဋ္ဌဓဇဂူဘွဲ့တော်နှင့်..... ... မင်းတိုင်ပင်(မြရောင်မြေ) ၅၂
- သောင်းလိုက်ကော့ကြား ဘိုးတော်ဘဘုရား ... မင်းနေထွန်း(ကန့်ဘလူ) ၅၈
- အောင်မြေဘီဝါခွဲဗီဟာရဆရာတော် ... မင်းတိုင်ပင်(မြရောင်မြေ) ၉၀
- မွန်မြည်နယ် ဆံတော်ရှင်..... ... ခင်မောင်အေး(မန္တလေး) ၁၀၅

ဘာသာရေးသုတ/ရသဆောင်းပါး

- တောင်းပန်ရန်လာသော်လည်း ... ဒေဝသူရဆိပ်ခွန် ၁၇
- မြဝတီဆရာတော်၏ မေတ္တာဓာတ်ရိုက်နည်း ... ဓမ္မာစရိယဦးဌေးလှိုင် ၂၀
- ဘဝ်လားအစ်ကိုကြီး ... သုခ ၃၂
- သိမှုကျင့်မှု ထိုနှစ်ခု ... ဆရာဝေယံဦး ၄၂
- ဆီမီးပမာ ရွှဝ်ခန္ဓာ ... ကိုမောင်သန်းဝင်း ၆၃
- အသေမြတ်ချင်သောနည်း ... မေတ္တာရှင်ရွှေပြည်သာ ၆၆
- ဝါတွင်းတာလန့်ဝ် ဝါဆိုသတ်နံ့ ... လွမ်းသွင်နောင်(မဟာဘာရွာ) ၁၄၀
- ရေမန်းဘုန်းကြီးမဟုတ်ပါ ... ပန်းတနော်နောင်လတ် ၁၆၃
- ကျောက်တုံးကြီးကိုးတွယ်သူ ... ကိုအေးမြင့်(ရွေး/သု) ၂၀၇

မန္တန်၊ ဂါထာ၊ ကျင့်စဉ်

- အသက်ဘေးကျော်လွှားအောင်..... ... အမျိုးလှ ၃၀
- အံ့မခန်းကြဲခဲ့ရသော..... ... ဌေးအောင်သင်း ၄၄
- စဓဗဝ လေးလုံး စမ ပုတီးစိတ် ... နတ်မောက်မှတ်ကျောက် ၅၀
- ကြည်မောင်ကွ ကြည်ရှောင်တယ်..... ... မြောင်းမြမြင့်လှိုင် ၈၀
- ဘုရားငါးဆူ ဘုရားရှိခိုးဂါထာ ... ရဲရဲထွန်း(ဟသံတ) ၈၃
- ပရိတ်တန်ခိုးနှင့် သစ္စာစွမ်းအား ... မောင်တင်လှိုင်(အင့်းစိန်) ၉၅
- နေအိမ်တွင် မင်္ဂလာပြည့်ဝ အေးချမ်းမှုရစေသော ... လူစွမ်းမြင့်(နတ်မောက်) ၉၉
- ဝဋ္ဌသုတ်ပရိတ်တော်၏ အကျိုးကျေးဇူး ... ဦးကိုကိုအေး ၁၆၅
- ပဌမံဘိုးဘိုးအောင်နှင့်..... ... ကိုရွှေမြသန်း(သမိုင်း) ၁၈၀

တိုင်းရင်းဆေး

- လေးဖက်နာခေါ် အဆစ်ရောင်ရောဂါ ... ကျော်စွာဟိန်း(ရွှေလော်ကား) ၁၈၄
- ကဒွန်းမွိန်နီအကြောင်း သိကောင်းစရာ ... သစ္စာဝါဒီမြတ်စောလင်း ၁၈၅
- ကျေးလက်ဒေသ ဆေးဖက်အသုံးဝင် မြင်းခွာရွက် ... ကျော်တင့်ဆွေ ၁၉၆
- တိုင်းရင်းမြန်မာ သွေးစမ်းနည်း ... အေးရွှေ(ဇီးကုန်း) ၂၁၅
- အကြောတက်ရောဂါအတွက်ဆေးနည်း ... ရောမြေကျော်ဝေ ၂၄၀
- ကိုက်ခဲထုံကျဉ်ပျောက်စေချင် ... နတ်မောက်မှတ်ကျောက် ၂၇၂

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

ဗုဒ္ဓဝင်ရာသ

- အမှောင်ထုနဲ့ဝေးခဲ့ပြီ ... နန္ဒာမိုးကြယ် ၃၁
- ဝေါဟာရ ဓါဃကာမဏေရ် ... ပဉ္စသီ ၁၂၀
- ပြဿာဘုံက သူကြွယ်ကြီး ... ဂျွန်နီ(ကြိုပင်ကောက်) ၁၃၆
- ဤသို့စားဖွယ်အမယ်မယ်ကို ... ခွဲလုလင်(မအူပင်) ၁၄၉

အထွေထွေသုတ၊ ရသဆောင်းပါး

- အစာပြန်စားနည်း ... ရွှေဥဒေါင်း ၁၀၂
- စာအုပ်စဉ် ... သုတအံ့ ၁၁၃
- သက်ရှည်စေ ရာကျော်ဘိုးဘွားတို့လိုနေ ... ညီအောင်ပြည့် ၁၁၆
- ခွမ်းသာခြင်းသုခနှင့်..... ... သက်နှင်းဆွေ(ပုပ္ပါး) ၁၂၃
- မနောသိဒ္ဓိစွမ်းအားများ ... သက်လုံ ၁၅၃
- စံရွှေဦးကို ကျားဆွဲသွားပြီ ... ဇာဂရ(သရက်ကော) ၁၉၈
- ဘယ်သူပြိုင်လို့အောင်ပွဲဆီသို့..... ... ဦးဝေယျာကို(နက္ခတ်သိပ္ပံ) ၂၂၃
- ရွှေမြန်မာတို့အလေးမြတ်ထားရာ ... တင်နိုင်တိုး ၂၅၁
- သစ်ဆင်းခါသမယတော်သလင်းလ ... ရေကျော်စိုးအောင် ၂၅၃
- ထူးဆန်းထွေလာ ဤကမ္ဘာ ... မောင်လင်းအောင် ၂၆၇
- မနောပွဲ ... မင်းခန့်တိုကို ၃၁၃

ဂန္ဓိရဆန်းကြယ်ဝတ္ထုများ

- အသက်ရှည်ဆေးပင်ရှာဖွေသူ ... မြသိန်း ၈၆
- ဂန္ဓိရက်နှင့်မရဏကိန်း ... ဒီပဲယင်းမောင်နိုး ၁၃၀
- မျောက်တစ္ဆေ ... မကွေးညိုစိမ့် ၁၄၄
- သူရဲစီးသောတိုက်မြွေကြီး ... မင်းရဲကျော် ၁၅၈
- တောနက်ထဲက လူးကောင်ကြီး ... တင့်ထူး(ဒေယျဝတီ) ၁၆၆
- ကျောက်ဘီလူးကြီးအကြောင်း ... ထွန်းတောက် ၁၇၂
- သူရဲကောင်းတို့လျှောက်ရာလမ်း ... နေဝန်းနီ ၁၈၈
- အမှတ်တရညတစ်ည ... သိင်္ကသန်းအောင်(မြင်းခြံ) ၁၉၁
- အဘိုးကွမ်း၏ အာဠာဝကရုပ် ... ညီလေးဝယ်(လယ်တော်) ၂၀၂
- မရဏခြိုပိုင်ရှင် ... ဆုမွန်ဦး(ဟသ်တ) ၂၁၆
- ဘုရားနီစောင့် မြစိမ်းရောင်မြွေကြီး ... ဘုန်းမင်းလွန်လူ ၂၃၁
- တစ္ဆေသတ်တာလား ... နေမင်းသူရိန် ၂၄၁
- အသက်ဝင်နေသောအရိပ်များ ... ဂါဠီးဇွန်းကို ၂၄၅
- တစ္ဆေအိမ်ကြီး ... မြရာဝင်မောင်တင်ထွဋ် ၂၅၉
- မျက်လှည့်ဆရာနှင့်ဝမ်းတွင်းပါ ... တင်မောင်မောင်(ဝေါတ်ဘုန်း) ၂၇၃
- မိစ္ဆာသုံးကောင် ... ဘနင်း(မြန်မာမြန်) ၂၉၄
- အဆိပ်ပြန်မောင်းကံ ... စိုးယဉ်ထွန်း ၂၈၇
- ချောင်းဖော်ချောင်းဖက် ... မောင်မြင့်မား(ဘိုကလေး) ၃၀၁

www.burmeseclassic.com

www.burmeseclassic.com

ဘဉ်ဂုဏ် အတံ ဝန္ဒာမိ

ဇာတိအမည်
အောင်ညီသစ်ဦး (ပန်းတောက်)
ဘာသိပ်ဆောင်ထား
ဝိဇ္ဇာဒုတ် (အဓမ္မဇြ)
စုပေါင်းအမည်
ဒီဇိုင်းအဖွဲ့
ဘုန်းဘုရားကစီ
ပန်းတောက်ဆွေး A7 Group
ကြည်ကြည်ဦး၊ ပြုန်ဖြိုးစု - ဒီဇိုင်းပေး၊ ဘုန်းလေး
ကြီးဆောင်ဘုသိစု - ထင်မင်းဆု
စုပေါင်းခံစားသုံးစွဲသူ - ကျော်မင်းမောင်
စုပေါင်းဆန်းစစ်သူ - မောင်မြင့်ဌေး
အဘွင်းသစ္စာစော်ဝန်းဦ
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ခဲမင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စတ္ထု၊ ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ ဝညတ်၊

ထုန်ပိုး - (၂၂၀၀)ကျပ်
အုပ်ရေ - (၅၀၀)

ဘုတ်ဒေတွေ
ဦးညီမော်ဌေး (၀၄၇၃၃)
အတိုင်ဘာတွေနဲ့ နှုတ်နှုန်း မြန်နိုင်ဇေ
အမှတ်-၁၇၉ တတိယထပ်(၁) (၃၀)သမိ(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ခုနှစ် - ၂၀၀၅ဝဝ၃၁
အဘွင်းစသင် - ကိုမိုးညွှန့် (A7 Group)
စာအုပ်ဆွဲသူ - ဦးတင်လှ
ရုတ်နာခံးနှင့်အတွင်းစုံနိုင်ပ်
ခေါ်အွင်ယ်(ကောင်းစံပုံနိုင်ပ်တိုက်)
အမှတ်(၂၇၉/ခ) ၄၀-လမ်း၊
အမှတ်(၉)ရပ်တွက်၊ ကျောက်တံတား။

မန္တလေး	ထွန်းဦးစာပေ
	နဝါးစာပေ
ရှမ်းတောင်၊ ကယား	မီလုံနာစာပေ
မော်လမြိုင်	ကျော်ကျော်
မြည်	သုခ၊ နေစေး
နေပြည်တော်	မြတ်ရွှေတောင်စာပေ
နေပြည်တော်ဟျဉ်းမနား	မြိုးဝေလွင်စာပေ
ပဲခူး	သဇင်
ဟသ်တ	တာလေးမောင်

အဆောင်၊ အစီအရင်၊ ယတြာ

- ဒါကိုဆောင်ထား အကျိုးများအံ့ ... ဧရာမြေထွန်းထွန်း ၈၅
- ဓာတ်ကြီးလေးပါးယတြာ ... ဆရာမင်းသုခြွန် ၂၃၀
- လူနာအတွက် ယတြာတစ်တွက် ... ကျော်မိုးလွင်(ဝါးခယ်မ) ၂၆၅
- သားသမီးရတနာရခွင့်သူများ ... အောင်ကောင်းမြ(သာကေတ) ၂၈၃
- အကြံပြုစာမှက်နှာ ... ခေတ္တရာဆရာကျော် ၂၉၉
- ဂန္ဓိရရောင်စဉ် နေမင်း၊ လမင်း၊ အင်း အစီအရင် ... ခေတ္တရာဆရာကျော် ၃၁၅

အသုံးချပညာရပ်များ

- ၂၀၁၃၊ စက်တင်ဘာလအတွက် လိုအင်ဆန္ဒပြည့်ဝ
  အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွဋ်ခေါင် ၂၃၆
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၅၅
- ၂၀၁၃၊ စက်တင်ဘာလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၂၆၉
- နာမကွရဆန်း ... ဂန္ဓိရဆရာလှမျိုး ၂၉၂
- ၂၀၁၃၊ စက်တင်ဘာလ၊ ကောင်းကင်ပြိုတ် ရပ်တည်မှု
  ၁၂ ရာသီ လင်္ဂပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၃၀၄
- ၂၀၁၃၊ စက်တင်ဘာလ၊ ကြင်းရုပ်အဟောစာတမ်းများ ... ဓမ္မာစရိယဦးသာအောင်ကျော်မိုး ၃၁၉

www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့။

www.burmeseclassic.com

www.burmeseclassic.com

စန္ဒာမုနီ စေတီတော်ရှိ ရုပ်ပွားတော်
ဝုလဲမြို့ဆစ်၊ ဓဒ်လာဒုံမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

စန္ဒာမုနိစေတီတော်ဖြတ်ကြီး
ရွှေထီးတော်တင် မဂ်လာအခမ်းအနားနှင့်ဂျာပနာပိတ်ပွဲ

ဂန္ဓိရ ဆရာလှမျိုး (B.Sc)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သက်နှံသုံးစုံ ပေးလှူခြင်းကိစ္စမှာ မောင်ညွှန့်မြိုင်အဖို့ စဉ်းစားစရာဖြစ်လာသည်။

"ငါ့ကို လူအဖြစ်က သာသနာ့ဘောင်ကို ဝင်ရောက်စေချင်လို့လား" ဟူသည့် အတွေးကို စဉ်းစားနေဖြစ်သည်။ မိမိဘဝသံသရာခရီးအတွက် ချမ်းသာကောင်းကျိုးရရှိစေရန် ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။

ဦးသိန်းအောင် + ဒေါ်မြင့်ခင်တို့၏ ပစ္စယာနဂ္ဃဟုဖြင့် မင်္ဂလာဒုံ တပ်ဦးကျောင်း သိမ်တော်တွင် ဦးဣန္ဒာစရိယကို ဥပဇ္ဈာယ်ပြုလျက် (၈-၉-၂၀၀၁)တွင် မြင့်မြတ်သော ရဟန်းဘဝသို့ တက်ရောက်ခဲ့သည်။

အရှင် အာစိဏ္ဏသည် အနယ်နယ်အရပ်ရပ်တွင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေရင်း မော်ဘီပြို့အစွန်တွင် မြေနေရာရရှိသောအခါ သာသနာ့နယ်မြေအဖြစ် သတ်မှတ်ကာ စမဟစ်ထောင်ကျောင်းတိုက်ကို တည်ထောင်တော်မူသည်။

စမဘုန်းဘုန်းသည် ရာသက်ပန် သက်သတ်လွတ် ဆွမ်းကိုသာ ဘုဉ်ပေးသည်။ စမဘုန်းဘုန်း၏ ဓမ္မကျင့်စဉ်နှင့် ကိုယ်တွေ့ ဖြစ်ရပ်ဆန်းမှာ အံ့မခန်းဖွယ်ရာပင်။

စမဘုန်းဘုန်း ညွှန်ကြားသည်မှာ အမြတ်ဆုံး ဂုဏ်နာကား ဘုရား၊ တရား၊ သံဃာ။ အတိုဆုံး ဂါထာကား နမော



မောင်ညွှန့်မြိုင်သည် စမ ဆန်းထူးဘဝဖြင့် ဗေဒင်ဟောကြားရင်း သတ္တဝါများကို တတ်နိုင်သမျှ ကယ်တင်ခဲ့သည်။ တစ်နေ့တည်းမှာ တစ်နေရာစီမှ အမျိုးသမီးသုံးဦးက

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

တသ ဘဂဝါတော အရဟာတော သမ္မာသမ္ဗုဒ္ဓသ တရား အစဉ်အတိုင်း လုပ်ကြ။ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာကို အမြဲမပြတ် ပွားများအားထုတ်ကြ။ သရဏဂုံ ကိုယ်လုံခြုံ အကုန် သိဒ္ဓိပေါက်ဟု ဗိန္ဓဆိုပါသည်။

စမဘုန်ဘုန်း၏ ဦးဆောင်မှုဖြင့် ဂန္ဓိရဂျာနယ်တစ်စောင် ဖြစ်သော ဇမ္ဗူထိပ်ဂျာနယ်ကိုလည်း ထုတ်ဝေထားသည်။ ဂျာနယ်ထုတ်ဝေပြီး မကြာမီကာလအတွင်း ဘုရားတစ်ဆူ တည်မည်ဟူသော သတင်းပါလာသည်။ မင်္ဂလာဒုံပြိုနယ်၊ ပုလဲပြိုသစ်၊ ပေါင်းကူးရွာ၏ ဥဇ္ဈာရပ်ကွက်တွင် ရှိသော ရှေးဟောင်း စေတီမြတ်ကို ပြန်လည်တည်မည်ဟု ကြားသိ

www.burmeseclassic.com

www.burmeseclassic.com

ရသည်။

၂၀၁၃၊ ဖေဖော်ဝါရီ ၂၆ရက်တွင် မြေသန့်မင်္ဂလာလုပ်သော်လည်း မအားလပ်၍ မသွားဖြစ်ခဲ့ပေ။ ဘုရားပွဲတော်မှာ စန္ဒာမုနိပင် ဖြစ်သည်။

စန္ဒာမုနိ ဆုတောင်းပြည့်ဘုရားတည်ရာတွင် ရပ်ဝေးရပ်နီးမှ လုပ်အားပေး ဆောင်ရွက်ကြသည်။ ဘုရားသစ်တည်တာထက် ဘုရားစေတီဟောင်းကို ပြုပြင်ရတာ ပိုခက်သည်ဟု ဆရာတော်အဆက်ဆက် မိန့်ဆိုဖူးသည်။ ဆိုင်ရာပိုင်ရာ အစောင့်အရှောက်တွေကို ခွင့်တောင်းရ၊ သူတို့ကျေနပ်အောင် ကုသိုလ်ဒါနပြု(ပွဲပေး)ရသည်။ ယခု စေတီဟောင်းနေရာတွင် အရင်ကလည်း ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့ ဘုရားတည်ရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ကြပေ။

၁၃၇၄ ခု၊ တပေါင်းလဆန်း ၁၀ရက်၊ ကြာသပတေးနေ့တွင် ရွှေအုတ်တော်စီ မင်္ဂလာအခမ်းအနားပြုလုပ်မည်ဟု သိရသည်။ ထိုတစ်ကြိမ်တွင်လည်း မရောက်ဖြစ်ပြန်။

တပို့တွဲလမှ စတည်သော စေတီမှာ ကဆုန်လတွင် ထီးတော်တင်တော့မည်ဟု ကြားသိရပြန်သည်။ ၉၉ ရာခိုင်နှုန်း



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းတို့က ထီးတော်တင်မင်္ဂလာအခမ်းအနားကို ပြုလုပ်ဆောင်ရွက်ကြပါသည်။

ယာယီကျောင်းဆောင်တွင် ထီးတော်ကြီး၊ စိန်ဖူးတော်တို့နှင့်အတူ ဌာပနာမည့် ရုပ်ပွားတော်တို့မှာ ကြည်ညိုစရာကောင်းလှသည်။ မဏ္ဍပ်ထဲတွင် သက်သတ်လွတ် ဒံပေါက်နှင့် ရေခဲမုန့်များကို ကျွေးမွေးနေ၍ စာရေးသူတို့ ဝင်စားဖြစ်သည်။

ခိုးပြု၊ သာသနာပြုဆရာတော် အရှင်အဂ္ဂသာရ(အဖေကြီး ဦးအေးဖေ)၊ ပန်းတစ်ပွင့်တောင် ဆရာတော်တို့ ကြွရောက်လာပြီး ဆွမ်းရိက္ခာတစ်နှင့်အတူ အလှူရှင်များကို မေတ္တာပို့သည်။ နတ်လူသတ္တဝါ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များ၊ မြန်မာပြည်သူပြည်သားအားလုံး ဘေးရန်းကင်းကွာစေရန် မေတ္တာပို့ဆုတောင်းရွတ်ဆိုပေးကြပါသည်။ မိုးများ အံ့နေသော်လည်း ရွာမချပါ။

ဇမ္ဗူဒီပ်ကျာနယ်မှ အယ်ဒီတာအဖွဲ့သားများလည်း စုံညီစွာ တက်ရောက်သည်။ စမဘုန်းဘုန်းကိုယ်တော်တိုင် စေတီပေါ် တက်၍ ထီးတော်တင်ပေးသည်။ ကိုမြတ်မင်း၊ ကိုထွန်းမင်းတို့မှ မိုက်တစ်လုံးကိုင်ကာ စီစဉ်ဆောင်ရွက်ပေး၏။ မြလေးယာဉ် ထီးတော်တင်အဖွဲ့မှ ကုသိုလ်ပါဝင်ကြသေးသည်။

ထီးတော်တင်ပွဲ အောင်မြင်သော အထိမ်းအမှတ်အဖြစ် ရွှေပိုးငွေပိုးရွာသွန်းခိုန်မှာပင် စောင့်ဆိုင်းနေသော သဘာဝ

ဆည်း ပြီးစီးနေပြီဖြစ်သည်။ လေးလတာ ကာလနှင့် ဥဇော် ဆော် ၂၇တောင်ကို ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် ထီးတော်တင်ရန် စီစဉ်ထားသော်လည်း အုထမမြောက်။ ဆရာတော်၏ တပည့်ဖြစ်သူ ကိုမြတ်မင်းထံမှ သိရသည်မှာ ဧလပိုင်းရောက်မှ ထီးတင်ဖြစ်တော့မည်ဟု ဆိုသည်။

စာရေးသူအနေဖြင့် မိုးတွေ ဆက်တိုက်ရွာနေ၍ ထီးတင်ပွဲကို မိုးဖျက်မှာ စိုးရိမ်မိသေးသည်။ နောက်တော့ စမဘီဘုတင်တဲ့ပွဲ၊ သာသနာပြုလုပ်ငန်းကို မိုးနတ်မင်းက ရပ်တန့်စေမှာဟု ယုံကြည်လိုက်သည်။ ကျွန်တော့်ထံသို့လည်း တစ်ပတ်ခန့်အလိုတွင် ထီးတင်ပွဲဖိတ်စာ ရောက်ရှိလာသည်။

♦♦♦

ဒီတစ်ခါ ထီးတင်ပွဲကိုတော့ သွားဖြစ်အောင် သွားမည်ဟု ကိုမောင်အေးနှင့် တိုင်ပင်လိုက်သည်။ စနေ အဓိဋ္ဌာန်ဆွမ်ခိုန်၌ သွားကြဖို့ ခိုန်းဆိုလိုက်သည်။ ထီးတင်ပွဲ မင်္ဂလာနေ့ရက်မှာ ၁၃၇၅ခု၊ နယုန်လဆန်း ၁ရက်၊ တနင်္ဂနွေနေ့ဖြစ်သည်။ မင်္ဂလာအခိုန်က နံနက် ၉နာရီ ၄၅မိနစ်ဖြစ်တော့၏။

စမဘုန်းဘုန်းမှ ဦးစီးဦးဆောင်ပြု၍ ဘုရားဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ဦးတင်ဝင်း+ဒေါ်လှကျင်(ရွှေလင်းသုခိမသားစု)၊ ဦးနန်းဝင်း+ဒေါ်ခင်မေယု၊ ဒေါက်တာ မြင့်ဆွေ+ဒေါက်တာ ဖြူဖြူဝင်း၊ ဦးခင်မောင်ချို + ဒေါ်သီတာအောင်၊ ဒေါက်တာ အောင်ဝင်း+ဒေါ်ကြေကြေဇင်တို့နှင့်အတူ တပည့်



www.burmeseclassic.com

www.burmeseclassic.com



မိုးမှာလည်း ရွာသွန်းချလေ၏။

ဆရာတော်၊ သံယာတော်များ နေ့ဆွမ်းကပ် လှူဒါန်းကြသည်။ ဆွမ်းကပ်ပြီးသောအခါ ဘုရားအနေကဇာတင်၊ ဌာပနာပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပကြပါသည်။

စန္ဒာမုနိဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုလိုပါက ၅၃(အနီ)၊ ၄၃၊ ၅၁၊ ၁၀၂ ကားမှတ်စီးလျှင် ရောက်နိုင်ပါသည်။ စန္ဒာမုနိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးဆီသို့ တစ်ခါတစ်ခေါက် သွားရောက် ဖူးမြော်ကြည်ညိုကြပါဟု ဟိုက်တွန်းလိုက်ရပါပေသည်။

* * *

ဇမ္ဗိုရဆရာသမ်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌမ ပုဂံမျှော်
(၏)
ဒေါင်းဟဒိ ဆုတောင်းပြည့်စေတီပေါင်း "၁၁၁၀"

မင်းကြည်ဖြူ



မိမိအား စာရေးဆရာမ မရည်မွန်(ကျုပ်ကော်)မှ တိုက်တြိုက်ဆို ဘုရားဖူးလိုက်ခဲ့ရန် ခေါ်ပါသည်။ ဆရာမ မရည်မွန်တို့နှင့်အတူ မကြာခဏ နယ်သို့ ဘုရားဖူးထွက်တိုင်း မိမိသိုက်ပါလေ့ရှိပါသည်။ မိမိနှင့် ဆရာမတို့မှာ ဘာသာရေးဆောင်းပါးများ ရေးသားဖက် ရေးသားဖော်များ ဖြစ်ကြသည်။ ဆို့ကြောင့် မိမိမရောက်ဘူးသေးသော ဒေသဖြစ်လျှင် ဗဟုသုတလည်း ရစေ၊ ဆောင်းပါးလည်း ရေးသားနိုင်စေရန်အား အမြဲတမ်း ဖိတ်ခေါ်လေ့ရှိပါသည်။ ယခုလည်း ဆရာမ မရည်မွန်တို့ မိသားစုနှင့်အတူ တိုက်ကြီးမြို့သို့ ဘုရားဖူးလိုက်ပါသွားဖြစ်ခဲ့ပါသည်။

တိုက်ကြီးမြို့အဝင်ရောက်လျှင် တိုက်ကြီး ပဲခူး၊ ဖောင်ကြီးသွား ကားလမ်းဘက်သို့ ချိုးကွေ့အပြီး အနီးအနားရှိ မြေနီလမ်းအတွင်းသို့ ထပ်မံ ချိုးကွေ့လိုက်ပြန်ပါသည်။ ထိုမြေနီလမ်းမထိပ်တွင် "လူသန့်အင်းကျေးရွာ" ဟူသော ဆိုင်းဘုတ်နှင့်အတူ ပုဂံလမ်းဟူသော ဆိုင်းဘုတ်နှစ်ခုကို မြင်တွေ့ရပါသည်။ ရှေ့သို့ ပေ ၂၀၀ခန့် သွားမိလျှင် ကြီးမားခန့်ထည်သော မုခ်ဦးကြီးနှစ်ခုကို ဦးစွာ မြင်ရပါသည်။ ထိုမုခ်ဦးကြီးတစ်ခုဘေးမှ အထဲသို့ ဝင်သွားလျှင် စေတီပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com

တည်ထားသည်ကို ဖူးတွေ့ရပါတော့သည်။ ထိုစေတီတော်များကို ဖူးတွေ့ရစဉ်မှာပင် မိမိတစ်ကိုယ်လုံး ကြက်သီးတဖျန်းဖျန်းထလောက်အောင် ကြည်ညိုသဒ္ဓါဖွားမိရပါသည်။

ထို့ကြောင့် ကားပေါ်မှ ဆင်းသည်နှင့် စေတီတော်များကို ဦးစွာ ဦးခိုက်ပူဇော်ဖြစ်ပါသည်။ ပြီးသည်နှင့် ဆရာမ မရည်မွန်မှ မလုမ်းမကမ်းရှိ တဲအိမ်ဆီသို့ ခေါ်ဆောင်သွားပါသည်။ လမ်းသွားရင်းမှ ဝန်းကျင်ကို အကဲခတ်ကြည့်ရှုမိရာ စေတီတော်များ ဆက်လက်တည်နေဆဲဖြစ်၍ သဲသဲပုံ အများအပြားကို နေရာအနှံ့ တွေ့မြင်ရပါသည်။ မကြာမီ တဲအိမ်ဆီသို့ မိမိတို့အုပ်စု ဝင်မိသည်နှင့် အတွင်းမှ လူကြီးတစ်ဦးက လေးလေးစားစား ဆီးကြိုနှုတ်ဆက်သဖြင့် မိမိတို့



ကလည်း အရိုအသေပေးကာ ပြန်လည်နှုတ်ဆက်ကြပါသည်။ ထိုအခါမှ ဆရာမ မရည်မွန်မှ ထိုလူကြီးနှင့် မိမိကို မိတ်ဆက်ပေးပါသည်။ ထိုလူကြီးကား ရပ်ရည်သန့်ပြန့် ခန့်ညား၍ အသက် ၆၀ ဝန်းကျင်ခန့်ရှိသော ဘုရားဒကာ ဦးအောင်မင်းမှန်း သိရပါလေသည်။

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းအလုပ်မှာ လူတိုင်း မလုပ်နိုင်ပေ။ အကယ်၍ လုပ်နိုင်သည် ထားဦး၊ စေတီတစ်ဆူ၊ ကျောင်းတစ်ဆောင်ပင် ဖြစ်နိုင်ရာသည်ဟု မိမိဖခင် ပြောဖူးသော စကားကို ပြန်လည်ကြားယောင်မိပါသည်။ ယခု ဘုရားဒကာ အဘ ဦးအောင်မင်းကား တစ်ဦးတည်းနှင့် စေတီပေါင်း (၁၁၁၀)ကို တည်ထားသည်ဟု သိရသောအခါ စိတ်ထဲမှာ အလွန်အမင်း အံ့သြရပါသည်။ အဘ ဦးအောင်မင်းတစ်ယောက်တည်း ဘုရားဒကာပြု "ဆဋ္ဌမ ပုဂံမျော် (ခေါ်) အောင်ဗောဓိ ဆုတောင်းပြည့် စေတီတော်ပေါင်း (၁၁၁၀)"ကို တည်ထားရခြင်းမှာ မည်မျှ ပင်ပန်းခက်ခဲလိမ့်မလဲဟူ၍ အတွေးပေါက်ကာ ထိုစေတီတော်များ တည်ခြင်းအကြောင်းကို စိတ်ဝင်တစား မေးမြန်းလေ့လာမိပါတော့သည်။



အဘ ဦးအောင်မင်းကို ၁၃၁၆ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၂ရက်၊ တနင်္ဂနွေနေ့ နံနက် ၅နာရီခွဲတွင် အဖ ဦးကျော်သောင်း(မြန်မာတိုင်းရင်းဆေးဆရာကြီး)၊ အမိ ဒေါ်ကြည်တို့မှ တိုက်ကြီးမြို့ စိန်လေးရပ်တွက် (၁)လမ်း၌ မွေးဖွားခဲ့ကြပါသည်။ ငယ်စဉ်မှ စ၍ ရတနာသုံးပါးကို ဦးထိပ်ထား၍ မိဘနှင့် ဆရာသမားတို့အပေါ် ရိုသေလေးစား တန်ဖိုးထားခဲ့သူဖြစ်သည်။ ဗုဒ္ဓသာသနာ အခွန့်ရှည် တည်တံ့စေရန်အတွက် သာသနာပြု လုပ်ငန်းများကို ကြိုးစားလုပ်ကိုင်ရန် ငယ်စဉ်ကပင် ဆန္ဒများစွာ ရှိခဲ့ပြီးသားဖြစ်သည်။ ထို့ကြောင့် ရဟန်း ၁၆၀ါတိုင် သာသနာ့ဘောင် ဝင်ရောက်၍ မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်ကာ တရားဓမ္မများ

www.burmeseclassic.com

www.burmeseclassic.com

ဟောကြားပေးတော်မူခဲ့ပါသည်။

အဘ ဦးအောင်မင်းသည် ယော်စဉ်ကပင် မြို့မဂိုဏ်း ဆရာတော်ကြီး ဦးညြဘာသ(မင်းကျောင်းဆရာတော်၊ မင်းကျောင်းကြီးတိုက်)ထံတွင် စာပေအရပ်ရပ်ကို သင်ယူခဲ့သည်။ ရဟန်းတို့ တတ်မြောက်သော ဝိနယဓမ္မကို သင်ယူ အောင်မြင်ခဲ့ရာ မင်းကျောင်းဆရာတော်ကြီးက ကျောင်းထိုင်အဖြစ် သီတင်းသုံးရန် မိန့်တော်မူခွင့် ပြုခဲ့ပါသည်။ အဘ ဦးအောင်မင်းသည် ဆရာကောင်း တပည့်မှန်စွာ ဖိဖိအား ပညာသင်ကြားပေးခဲ့သော မင်းကျောင်းဆရာတော်ကြီး ပုံလွန်တော်မူ



သည်အထိ ဆရာတော်ကြီး၏ ဝေယျာဝစ္စမှန်သမျှကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ ဆရာတော်ကြီး ပုံလွန်သည့်အခါ ဆရာတော်ကြီး၏ ဂုဏ်သိက္ခာနှင့်အညီ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်ကို ငွေသား မြကလပ်ဆယ်တင်၍ သာစုကိဋ္ဌကိစ္စမှန်သမျှ စီရင်ပေးပြီး နိုင်ငံကျော် ဆိုင်းဝိုင်းကြီးများ၊ နိုင်ငံကျော် ရုပ်ရှင်၊ သဘင်အနုပညာရှင်ကြီးများမှ တီးမှုတ်သီဆို ပူဇော်ခဲ့ပါသည်။

အဘ ဦးအောင်မင်း ရဟန်းဘဝကတည်းကပင် ဆဋ္ဌမ ပုဂံမျော် သာသနာ့နယ်မြေအတွင်း၌ စေတီပေါင်း (၁၁၁၀) ကို တည်ထားကိုးကွယ်ရန် ရည်စူးထားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၁၃၄၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်၊ သောကြာနေ့တွင် ဆဋ္ဌမ ပုဂံမျော် သာသနာ့နယ်မြေကို စတည်ခဲ့ပါသည်။ အဘ ဦးအောင်မင်းသည် ရတနာသုံးပါးကို အထူးယုံကြည်သူဖြစ်သည်။ ထိုရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ၊ ဆည်းကပ်ရာ၊ အားထားရာဟူ၍ ယုံကြည်သည့်အားလျော်စွာ၊ ထိုရတနာသုံးပါး၏ ဂုဏ်ကျေးဇူးဖြင့် အဓိဋ္ဌာန်မှန်သမျှ ပြည့်စုံရမည်ဟူ၍လည်း ထာဝရ ယုံကြည်သူဖြစ်သည်။ ထို့ပြင် အိပ်မက်နိမိတ်၊ မျက်မြင်နိမိတ်၊ အာရုံနိမိတ်များအရလည်း လွန်ခဲ့ပြီးသော အတိတ်အကြောင်းများကို ပြန်လည်သတိရစေပါသည်။

အတိတ်ဘဝအကြောင်းတစ်ခုတွင် အဘ ဦးအောင်မင်းနှင့်အတူ ခင်ခင်သန်းနှင့် ခင်ခင်စန်းဟူသော မောင်နမသုံးဦးရှိခဲ့ကြသည်။ ထိုမောင်နမသုံးဦးသည် ကတိတစ်ခုထားခဲ့ကြသည်။

ထိုကတိကား လူ့ပြည်၊ လူ့တဝှမ်း အရင်ရောက်နှင့်သူက နောက်ကျသူကို စောင့်မျော်ရည်ရွယ် မျော်ကိုးနေရမည့် ကတိပင်ဖြစ်သည်။ ထို့ပြင် လူ့ပြည်ကို ဦးစွာရောက်နှင့်နေသူက ဘဒ္ဒကမ္မာ၏ ဘုရားလေးဆူကို ရည်ရွယ်၍ ပန်းလေးပွင့်အမည်နှင့် စေတီလေးဆူ တည်ထားကိုးကွယ်ရန်လည်း ကတိထားခဲ့ကြသေးသည်။ ထိုကတိကို ပြန်လည်ဆင်ခြင်ခဲ့ရာမှ သိမြင်ခဲ့ရသော စေတီနာမများမှာ -

(၁) မဟာဗုဒ္ဓ ပန်းလေးပွင့်စေတီတော်၊
(၂) မဟာဓမ္မ ပန်းလေးပွင့်စေတီတော်၊
(၃) မဟာသံဃ ပန်းလေးပွင့်စေတီတော်၊
(၄) မဟာအတုလ ပန်းလေးပွင့်စေတီတော်...

ဟူ၍ ဖြစ်သည်။ ထိုစေတီတော်မြတ်လေးဆူ ကြိုတင်တည်ထားရပေမည်။ ထိုစေတီတော်မြတ်များ၏ ဥဇ္ဈာတော်မှာ (ဖိနပ်တော်မှ ထီးတော်အဖျားထိ) ဘုတောင်ရှိ၍ တစ်လ



အတွင်း အပြီးတည်ရပါမည်။ ခင်ခင်သန်းနှင့် ခင်ခင်စန်းညီအစ်မသည် မြန်မာပြည်တစ်နေရာတွင် ရှိနေပြီး အဘ ဦးအောင်မင်းထံသို့ တစ်နေ့ အထင်အရှားရောက်လာပေလိမ့်မည်။ ထိုအခါ ခင်ခင်သန်း၊ ခင်ခင်စန်းသည် ရှင်အရဟံနှင့် အနော်ရထာကို ရည်စူးသည့် ဆဋ္ဌမ စေတီတော်မြတ်ဘွဲ့အမည်တွင်စေသည့် မဟာစေတီတော်(၅၆တောင် ဥဇ္ဈာတော်)ကို သူတို့ကိုယ်တိုင် တည်ထားမည်ဟု နိမိတ်ရှိခဲ့ဖူးလေသည်။

ထို့ပြင် ထူးမြတ်သော ဤသာသနာ့နယ်မြေအတွင်း၌ ကက္ကုသံ၊ ဂေါဏာ၊ ကဿပ၊ ဂေါတမ တည်းဟူသော ဘုရားလေးဆူ၏ သဗ္ဗေညုတဉာဏ်ကို ရည်ရွယ်၍ တည်

www.burmeseclassic.com

www.burmeseclassic.com

ထားကိုးကွယ်ရပါမည်။ ဗုဒ္ဓဘုရားရှင်တို့၏ အတုမရှိသော သဗ္ဗညုတ ဉာဏ်တော်တည်သော သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ စစ်မှန်သော ဓာတ်တော်များကိုသာလျှင် မြေတိုက်၌ ဂုဟာပနာထည်၍ တည်ထားကိုးကွယ်ရပါမည်။ ဤနိမိတ်များအရ ဘုရားဒကာ ဦးအောင်မင်းသည် ဆဋ္ဌမ ပုဂံမျော်ဟုတ္ထင်စေသည့် စေတီပေါင်း (၁၁၁၀)ကို "အောင်စေ၊ ပိုင်စေ၊ နိုင်စေ၊ ပြီးစေ"ဟူသော နိမိတ်ဆောင်ကာ ခင်ခင်စန်းနှင့် ခင်ခင်သန်းအလာကို စောင့်မျှော်ရင်း တည်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြပါသည်။ ယခုအခါတွင် စေတီပေါင်း ၉၇၀ကို တည်ထားပြီး နောက်ထပ် စေတီ ၁၄၀ကို တည်ထားရန် ကျန်သေးကြောင်း သိရပါသည်။

စေတီတော်တို့၏ ဉာဏ်တော်မှာ ၉တောင်၊ ၁၁တောင်၊ ၁၇တောင် စသည်ဖြင့် ကွဲပြားသကဲ့သို့ ပုံသဏ္ဌာန်မှာလည်း အမျိုးမျိုးကွဲပြားခြားနားစွာ တည်ထားခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စေတီတော်များ၏ ပုံသဏ္ဌာန်ကို မှီ၍ ဆန်းပြား ခမ်းနားစွာ တည်ထားခြင်းဖြစ်ရာ မြင်တွေ့ရုံဖြင့် ကြည်ညိုသဒ္ဓါပွားစေပါသည်။ ဤမျှ ထူးခြားဆန်းပြားသော အောင်စေ၊ ပိုင်စေ၊ နိုင်စေ၊ ပြီးစေသည့် ဆဋ္ဌမ ပုဂံမျော် (ခေါ်) အောင်ဗောဓိ ဆုတောင်းပြည့် ရွှေစေတီတော်ပေါင်း (၁၁၁၀)ကို



ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ကာ ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားဖော်ပြလိုက်ရပါသည်။

(ဝေနေများစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲကြပါစေ)

* * *

မင်းကြည်ဖြူ

www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်ရန်လာသော်လည်း ကျေနပ်အားခွင့်မရရှာသူ

ဒေဝသူရ (ဆိပ်ခွန်)

ဒေဒတ် ဆိုတာ ယသော်ယောရဲ့ မောင်အရင်း၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားနဲ့လည်း ညီအစ်ကို တော်သေးတယ်။ နောင်အခါ သိဒ္ဓတ္ထမင်းသားနဲ့ လက်ထပ်လိုက်တော့ သမီးယောက်ဖ။

သူတို့တစ်တွေက ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ဆိုရင် ပါရမီဖြည့်ဖက်တွေလို့ ပြောရမှာပါ။ ငါးရာငါးဆယ် ဇာတ်တော်တွေမှာ ကြည့်လိုက်ရင် အလောင်းတော်နဲ့ ဒေဒတ်ဟာ ရန်ဘက်တွေကြီးပဲ တွေ့ရတယ်။

သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော့ ဒေဒတ်အုပ်စုလည်း သင်္ကန်းဝတ်လာကြတယ်။ အဲဒီမှာ ဘုရားရှင်က ဒေဒတ်ဟာ သံယာအသင်း ဂိုဏ်းခွဲမယ်ဆိုတာ သိပါလျက်နဲ့ ဘာကြောင့် သင်္ကန်းဝတ်ပေးရတာလဲလို့ မေးစရာရှိလာပါတယ်။

ဟုတ်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကသာ သင်္ကန်းဝတ်မပေးရင် ဒေဒတ်ရဲ့ ဘဝဟာ သံသရာတစ်လျှောက်လုံး နစ်မွန်းသွားတော့မယ်။ ဦးခေါင်းတောင် ပေါ်မှာ မဟုတ်တော့ပါဘူး။ တစ်ခါတည်း ငရဲရောက်သွားမှာ။ သင်္ကန်းဝတ်ပေးလိုက်ရင် တစ်ချိန်သောကာလမှာ အင်္ဂိသရပစ္စေက ဗုဒ္ဓါဖြစ်ရဦးမယ်တဲ့။

မြတ်စွာဘုရားဆွမ်းခံကြွလာတော့ နာဠာဂီရိဆင်ကို အရက်တွေ တိုက်ပြီး ဘုရားကို နင်းသတ်ရန် ကြံတယ်။ ကျောက်မောင်းဆင်ပြီး ဘုရားရှင်ကို သေကြောင်းကြံတယ်။

အဇာတသတ်က ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး ရှင်ဘုရင်လုပ်၊ ဒေဒတ်ကလည်း ငါက ဘုရားရှင်ကို သတ်ပြီး ဘုရားလုပ်မည်တဲ့။

စသည်ဖြင့် ဘုရားရှင်ကို အမျိုးမျိုးသတ်ရန် ကြံတယ်။

နောင်သောအခါ ဒေဒတ်သည် ဘုရားရှင်ကို အမျိုးမျိုးသတ်ရန် ကြံပါသော်လည်း ပါရမီတော်အဟုန်နှင့် တန်ခိုးဂုဏ်ကြောင့် လုံးဝ အောင်မြင်တော်မမူခဲ့ပါဘူး။

ဒေဒတ် စဉ်းစားပါပြီ။

ငါက ဘုရားရှင်ကို သတ်ရန် အမျိုးမျိုးကြံစည်ပါသော်လည်း ဘုရားရှင်က ငါ့အပေါ်မှာ မေတ္တာတော်မပျက်ပါလား။ ငါတော့ အမှားကြီး မှားပြီလို့ ကိုယ့်ကိုယ်ကို သိလာတယ်။ မှားမှန်းသိမှ အသက်အရွယ်ကလည်း ကြီးလာပြီ။

ဘုရားရှင်က အမှန်လမ်းကို လျှောက်တယ်။ ငါကား မမှန်တဲ့ လမ်း။

www.burmeseclassic.com

www.burmeseclassic.com



[illegible] ငါက အမှောင်

[illegible] ငါက မလိမ္မာ

[illegible] သာသနာ [illegible] ဘုရားရှင်က အလွှင့်မတူကြ၍ သာသနာ [illegible] ဆုတွေ့နေရသော်လည်း ဘုရားရှင်က အရှေ့ကို ဦးချောက်တယ်။ ငါက အနောက်ကို လှမ်းတယ်။

ဘုရားရှင်က မေတ္တာရေစင် ဖျန်းတယ်။ ငါက ဆိုးသွမ်း ညှဉ်းညှဉ်းတယ်။ ရေတိမ်နဲ့ ရေနက်၊ အဆိုးနဲ့ အကောင်း အပြန်နဲ့ အမည်း အဖြောင့်နဲ့ အကောက်၊ လက်ယာနဲ့ လက်ဝဲ၊ ပြဒါးတစ်လမ်း သံတစ်လမ်း။ အခုတော့ ငါ အမှားကြီး မှားပြီးလို့ ဒေဝဒတ်ကြီး သိပြီ။

ထိုအသိကား နောက်ကျခဲ့လေပြီတကား။

အရှင်အာနန္ဒာမထေရ်မြတ်က···

"မှန်လှပါ မြတ်စွာဘုရား၊ အရှင်ဒေဝဒတ်သည် မိမိကိုယ်ကို မှားမှန်းသိလို့ အရှင်ဘုရားကို တောင်းပန်ရအောင် အခု ဒေတဝန်ကျောင်းအနီး ရောက်လာပါပြီ ဘုရား"

လို့ လျှောက်ထားတယ်။

ဟုတ်ပါတယ်။ အသက်အရွယ်က ကြီးလာပြီ။ ဒီတော့ ဒေဝဒတ်ကြီး စဉ်းစားတယ်။ ဘုရားရှင်ကို ငါက ဘယ်လိုပင် ပြစ်မှားမိသော်လည်း ဘုရားရှင်က ငါ့အပေါ် မေတ္တာမဟုတ်ဘူးတဲ့။ ဘုရားရှင်ကို ဆုတ်ယုတ်အောင် ငါက လုပ်တယ်။ ဘုရားရှင်က ဘာမှမဖြစ်ဘူး။ ငါသာ ဆုတ်ယုတ်ရတယ်။

ဘုရားရှင်ကို ပျက်စီးအောင် လုပ်သော်လည်း ဘုရားရှင်မှာ ဘာမှမဖြစ်။ ငါသာ ပျက်စီးရတယ်လို့ ဒေဝဒတ်ကြီး မြင်လာပြီ။

လမ်းခရီးကို မလျှောက်နိုင်တော့လို့ သူတပည့်တွေကို ထမ်းစင်နဲ့ တင်ပြီး အထမ်းခိုင်းကာ ဘုရားရှင်ထံ ဆောင်းပန်ရန် လာတာပါ။

ဘုရားရှင်က···

"ချစ်သား အာနန္ဒာ၊ ဒေဝဒတ် ငါ့ထံ မရောက်ပါဘူး"

လို့ မိန့်တယ်။

ဘုရားရှင်ရဲ့ စကားတော်ဟာ မှန်တယ်။ ဘာဖြစ်လို့ လဲဆိုတော့ ယသော်ရောနဲ့ ဒေဝဒတ်တို့ရဲ့ ဖခမည်းတော် သုပ္ပဗုဒ္ဓမင်းကို ကြည့်ပါလား။ မြေမျိုမှာလို့ ဘုရားရှင်က မိန့်လိုက်တော့ ဘုံခုနစ်ဆင့်မှာ တက်နေတယ်။ အဲဒီ ဘုံခုနစ်ဆင့်ရဲ့ တစ်ဆင့်ချင်းဆီမှာ လက်ဝဲ့အကျော်အမော်တွေ ထားတယ်။ ခုနစ်ရက်အတွင်း မင်းကြီး နန်းတော်ပေါက မဆင်းရဘူး။ ဆင်းရင် ထက်ဝေ့သမားတွေက ထိုးပြီး အထက်ကို ပြန်တင်ခဲ့ကြတဲ့။

သူစီးတော်မြင်းက ဟိပြီး ရှန်းရင်းဆန်ခတ်ဖြစ်တယ်။ သုပ္ပဗုဒ္ဓမင်းကိုယ်တော်တိုင် ကိုင်မှ ရတယ်။ ဘုံခုနစ်ဆင့်မှာ နေတဲ့ မင်း အစောင့်တွေ ဘယ်လိုပင် ထားသော်လည်း မရဘူး။ ခုနစ်ရက်ပြည့်တဲ့နေ့ ရောက်တော့ သတိမေ့ပြီး ဘုံခုနစ်ဆင့် နန်းတော်ပေါ်မှ ဆင်းတယ်။ အစောင့်တွေက လည်း အထက်ကို ထိုးမတင်ဘူး။ အောက်ကိုသာ တွန်းချတယ်။ နန်းတော်ဦးလည်း ခြေချမိရော မဟာပထဝီမြေကြီးက "ငါသည် တခြားသောသူကို ထမ်းနိုင်၏။ သင်လို အကုသိုလ်များတဲ့သူကို ငါ မထမ်းလို" ဟု ဆိုကာ မဟာပထဝီမြေကြီး နှစ်ခြမ်းကွဲပြီး ဘုရားရဲ့ ယောကွမတော် သုပ္ပဗုဒ္ဓ မြေမျိုတယ်။ ဘုရားရှင်ရဲ့ ကေဝစန်-တစ်ခွန်းတည်း သော စကားပဲ။

♦♦♦

ဘုရားရှင်ရဲ့ စကားတော်တစ်ခုရှိသေးတယ်။

ဘုရားရှင်ရဲ့ နောက်တော်ပါးက အမြဲတမ်း လိုက်ပါနေတဲ့ သုနက္ခတ္တ ရဟန်းပဲ။ အဲဒီတုန်းက ဘုရားရှင်ကို အလုပ်အကျွေး ရဟန်း မရွေးချယ်ရသေးဘူး။

ဘုရားရှင်ရဲ့ နောက်တော်ပါ တပည့်က ခွေးလိုအိပ်၊ ခွေးလိုနေ(အဝတ်မဝတ်)၊ ခွေးလိုစား(လေးဘက်ထောက်ပြီး ဖက်ပေါ် ပုံထားတဲ့ ထမင်းကို ခွေးလို ပါးစပ်က ဖျပ်ခနဲ ဖျပ်ခနဲ စား)၊ သေးပေါက်၊ မစင်သွားတာကအစ ခွေးနဲ့ တူအောင် လုပ်တာ။ အဲဒီလို ကျင့်နေတဲ့ ကောရဝတ္တိယကို မြင်ပြီး သုနက္ခတ္တရဟန်းက ဒီလိုအကျင့်ကို ကျင့်တဲ့သူမ မြတ်တာတဲ့။ ကီလေသာတွေ ခေါင်းပါးတာလို့ ဆိုပြီး သဘောကျ ကြည့်ညှိနေတယ်။ အိပ်တော့ ပြာပုံအိပ်တယ်။

ဘုရားရှင်က···

"ချစ်သား သုနက္ခတ္တ···သင်က ခွေးလိုအိပ်၊ ခွေးလိုစား၊ ခွေးလိုနေတဲ့ တိတ္ထိကိုမှ သင်က ကြည့်ညှိလေးစားနေတယ်။ မသင့်တော်ဘူး"

လို့ မိန့်ပါတယ်။ ဒီတော့ သုနက္ခတ္တ ရဟန်းက ဘုရားရှင်ကို···

"အရှင်ဘုရားက သူတစ်ပါးရဲ့ အရာတွေပိုလိုအကျင့်ကို ဝန်တိုတာလား၊ ဝန်မတိုပါနဲ့"

တဲ့။ ဘုရားရှင်ရဲ့ သားတော် ရဟန်းက ဘုရားအနီးမှာ နေပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုတောင် တော်လှန်နေတဲ့သူ။ ဘုရားလက်ထက်တော်ကတောင် ရှိသေးတာ။ အခု ဆုတ်ကပ်ကာလ၊ ဆရာကို တပည့်တွေက ငိုးပျတော်လှန်ကြတယ်လို့ ကြားရတာ သိပ်မဆန်းပါဘူး။

အခုကြည့်ပါလား။ သုနက္ခတ္တ ရဟန်းက ဘုရားရှင်ကိုယ်တော်မြတ်ကို ရန်ဘက်လို သဘောထားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ဘုရားရှင်က···

"သုနက္ခတ္တ··· သင်က ခွေးလို ကျင့်နေတဲ့သူကိုမှ ကြည်ညိုနေတာကို။ အေး၊ အဲဒီခွေးအမူအရာအပြည့်အစုံ၊ ခွေးနဲ့ တူအောင် ကျင့်နေတဲ့ ကောရခတ္တိယကြီးဟာ ဒီနေ့က စပြီး ခုနစ်ရက်ပြည့်တဲ့နေ့မှာ သေမယ်"

ဘုရားရှင်စကားဆိုတာ မမှားပါဘူး။

"သုနက္ခတ္တ··· သင် ကြည်ညိုတဲ့ ကောရခတ္တိယ (တိတ္ထိ)ကြီးဟာ သေတာတောင်မှ ရိုးရိုးသေမှာမဟုတ်ဘူး။ စားပိုးနှင့်ပြီး သေမှာ။ သေပြီးနောက် ပြိန်းမြက်တွေ ပေါက်နေတဲ့ သုသာန်မှာ မြှုပ်ရလိမ့်မယ်။ ပြီးတော့ သင်တို့ မေးကြတဲ့အခါ "ကောရခတ္တိ··· သင် ဘယ်ဘုံကို ရောက်နေသလဲ"လို့ သူ့အလောင်းကောင် ကျောပြင်ကို လက်နဲ့ ပုတ်ပြီး မေးပါ။ သူ့ရဲ့ အလောင်းကောင်က ထ,ထိုင်ပြီး "ငါ ကာလကဏ္ဍိက အသူရကာယ်ဘုံရောက်နေတယ်"လို့ ဖြေလိမ့်မယ်"

ဟု ဘုရားရှင်က မိန့်လိုက်တယ်။

ဘုရားရှင်က အဲဒီလို မိန့်လိုက်တော့ သုနက္ခတ္တ ရဟန်းက မယုံပါဘူး။ အဲဒီလို ပြောရမလားဆိုပြီးတော့ ဘုရားထံကနေ ထွက်ခွာသွားတယ်။ တခြားတစ်နေရာသွားတာ မဟုတ်ဘူး။ ကောရခတ္တိယ(တိတ္ထိ)ကြီးဆီ သွားတာ။

သုနက္ခတ္တရဟန်းက ကောရခတ္တိယထံ ရောက်သွားတယ်။ သူက ဘုရားကို အန်တုပြီး အဝတ်မဝတ်၊ ခွေးလို ကျင့်တဲ့ ကောရခတ္တိယကြီးအား···

"ကောရခတ္တိယ··· သင့်ကို ဂေါတမဗုဒ္ဓက ခုနစ်ရက်အတွင်း စားပိုးနှင့်ပြီး သေမယ်လို့ ပြောနေတယ်။ ဘုရားစကားမှားသွားအောင် အစားအသောက်ကြည့်စားလို့ ပြောတယ်"

ကောရခတ္တိယကြီးဟာ ဘုရားစကား မှားသွားအောင် အစားတောင် မစားဘူး။ အစားမစားတာ ခြောက်ရက်တောင် ရှိသွားပြီ။ ခုနစ်ရက်နေ့ရောက်ပြီး ကောရခတ္တိယကို ကြည်ညိုတဲ့ ဒကာတစ်ဦးက ဂါကိုယ်တော်ကြီးဆီ မရောက်တာကြာပြီ၊ ထမင်းနဲ့ ဝက်သားဟင်းချက်ပြီး သွားပို့ဦးမှပဲ ဆိုပြီး လာပို့တယ်။

အဝတ်မဝတ်၊ ကိုယ်က လုံးတီး၊ မီးဖို ဖိုခနောက် အကြား ပြာပုံပေါ်မှာ မျက်စိလေးမှေးပြီး ခွေးလို ဝပ်နေတဲ့ ကောရခတ္တိယကြီးဟာ ခြောက်ရက်တိုင်တိုင် ထမင်းစားမထားဘူး။ ပြာပုံပေါ်က နေပြီး မျက်စိလေး ပေကလပ် ပေကလပ်၊ နှာခေါင်းတရှုပ်ရှုပ်နဲ့ မွှေးကြိုင်နေတဲ့ ဝက်သားဟင်းကို ကြည့်နေတယ်။ ထမင်းကလည်း အလွန်ဆာနေတယ်။ ဘုရားရှင်ရဲ့ စကားတော်ကိုလည်း သတိမရတော့ဘူး။ အပိုတွေ လာပြောမနေနဲ့ဆိုတာလိုမဲ့ တအားကျုံးစားလိုက်တာ။

ဒီနေရာမှာ ကျွေးတာက ပန်းကန်ပြားနဲ့ မဟုတ်ဘူးနော်။ ထမင်းနဲ့ ဟင်းကို ငှက်ပျောဖက်ပေါ် ပုံကျွေးတာ။ ကောရခတ္တိယကလည်း ခွေးလိုပဲ စားတယ်။ ဖက်ပေါ် ပုံထားတာကို ဟပ်,ဟပ်ပြီး စားတာ။ စားလည်းပြီးရော ဗိုက်က တင်းနေလို့ အနေအထိုင်ခက်နေတယ်။ အစာမကြေဖြစ်ပြီး ကောရခတ္တိယ(ခွေးလိုကျင့်တဲ့ တိတ္ထိ)ကြီး သေတယ်။

သုနက္ခတ္တ ရဟန်းလာတာတောင် အသက်မမီတော့ပါဘူး။ မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်းပဲ သေတယ်။ စကားမမှားပါဘူး။

♦♦♦

အခုလည်း အရှင်ဒေဝဒတ်ကြီး မြတ်စွာဘုရားကို တောင်းပန်ဝန်ချ ကန်တော့ရအောင် သူတပည့်တွေက ထမ်းစင်နဲ့ ထမ်းပြီး ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ပို့ဆောင်ကြပါတယ်။

ဇေတဝန်ကျောင်းတော် စောင်းတန်းဦး ရောက်နိန်းရောက်တော့ နေကလည်း ပူ၊ ရောကလည်း ဆာ၍ ထမ်းစင်ခဏချပြီး ရေသောက်၊ ရေချိုးကြတယ်။

အရှင်ဒေဝဒတ်ကလည်း ပူလွန်းလို့ ရေသောက်ဖို့ ထမ်းစင်ပေါ်က အဆင်း၊ ခြေကျင်းဝတ်က နေပြီး မြေမျိုတယ်။ အကုသိုလ်ကံ ဖိစီးလာတော့ တပည့်တွေက ရေတိုက်ဖို့ရာတောင် မေ့ကုန်တယ်။

ဘုရားစကားက သိပ်မှန်တယ်။

"ချစ်သား အာနန္ဒာ···ဒေဝဒတ်ကြီး ငါ့ဆီ မရောက်ပါဘူး"လို့ မိန့်တာ ဟုတ်တယ်။ အခု ဒေဝဒတ်ကြီး ဘုရားရှင် ကိုယ်တော်မြတ်ထံ တောင်းပန်ရန် လာသော်လည်း တောင်းပန်ခွင့် မရရှာပါဘူး။ သို့သော် ဒေဝဒတ်ကြီး မြေမျိုသောအခါ ဘုရားရှင် သီတင်းသုံးတော်မူရာသို့ လက်အုပ်ချီပြီး···

"အရှင်ဘုရား···တပည့်တော်၏ အရိုးများကို ဘုရားရှင်အား လှူဒါန်းပါ၏"

ဟု လှူသည့်အတွက် "အင်္ဂီသရ ပစ္စေကဗုဒ္ဓါဖြစ်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပါတယ်။

ဒေဝဒတ်ဟာ ယခုထက်တိုင် ငရဲမှာ ကျဆဲပါ။

စာဖတ်သူများအနေနဲ့ အရာရာတိုင်း ဆင်ခြင်တုံတရားထားပြီး မမှားသင့်ရာ မိဘဆရာသမား ကျေးဇူးရှင်များအပေါ် မမှားရလေအောင် သည်းခံ ခွင့်လွှတ်နိုင်ကြပါစေလို့···။

အားလုံး ကျန်းမာချမ်းသာကြပါစေ

* * *

ဒေဝဒူဒ(ရမ်းဗန္ဓနံ)

www.burmeseclassic.com

www.burmeseclassic.com

ဝမ္မာစရိယ
ဦးငြိမ်းလှိုင်

မြဝတီဆရာတော်၏ မေတ္တာတော်ရိပ်နယ်း

www.burmeseclassic.com

www.burmeseclassic.com



အောင်လံမြို့ မြဝတီကျောင်းတိုက်နှင့် စစ်ကိုင်းတောင်ရိုး ဆင်ဖြူရှင်လှ စောင်းတန်းဦး နယားချောင်ဌ သီတင်းသုံးကာ တစ်နိုင်ငံလုံး ဓာတ်ကမ္ဘာန်းများကို လှည့်လည်ဟောကြားခဲ့ ၏။

ဆရာတော်သည် ၁၂၇၆ခုနှစ်တွင် အောင်လံမြို့ ဌ အနားယူ သီတင်းသုံးခိုက် ရွှိုင်ဆိုက် စာမျက်နှာ ၉၃၉မျက်နှာ ရှိ ဓမ္မစကြ မဟာဋီကာကျမ်းကြီးကို ပြုစုတော်မူခဲ့လေသည်။ ယခု ကောက်နုတ်ဖော်ပြမည့် မေတ္တာဓာတ်ရိပ်သည်မှာ

ခုတိယကမ္ဘာစစ်မဖြစ်မီက မြဝတီဆရာတော်(ဦးအဂ ဆိုလျှင် တစ်နိုင်ငံလုံး မသိသူ မရှိ။ နိုင်ငံကျော် ဓမ္မ ထောက ကျမ်းပြုဆရာတော်တစ်ပါးဖြစ်သည်။ "ရာဟုလာ ဆုတ်ခန်း ဓာတ်ကမ္ဘဋ္ဌာန်း" စသော ကျမ်းပေါင်း ၁၇ကျမ်းတို့ ပြုစုတော်မူခဲ့၏။ ၁၂၃၈ ခုနှစ်၊ ရွာထောင်မြို့၌ ဖွားမြင်၍

www.burmeseclassic.com

www.burmeseclassic.com

ယင်းဦးကာကျမ်းကြီးမှ မူရင်းအတိုင်း ကောက်နှတ်ဖော်ပြခြင်း ဖြစ်ပါသည်။

မြတီဆရာတော်သည် ဂန္ထန္တရ သမယန္တရ ဗဟုသုတများ ကြွယ်ဝသည်နှင့်အမျှ မေတ္တာအကြောင်းကိုလည်း ကျမ်းကို သာဓကအထွေထွေ ဗဟုသုတများဖြင့် သိုင်းသိုင်းဝိုင်းဝိုင်းကြီး ရေးသားထား၏။ အထူးသဖြင့် သဘာဝ နှစ်ဖွာနစလုံး မေတ္တာအပေါ် ထိုမျှလောက် သဘောပေါက်ပြီး ရေးသားထားသော ကျမ်းကား အလွန်အလွန်ရှားပါးလှပါသည်။ သို့ရာတွင် ယင်းဦးကာကျမ်းကြီးမှာလည်း ထူထဲလေးလံလွန်းအားကြီးသဖြင့် သာမန် စာဖတ်ပရိသတ်များထံ အပေါက်အရောက်နည်းလျက်ရှိနေပေသည်။

ဤဥာဏ်ကား လေးလံလှသော ပါဠိများကို ချန်လှန်၍ မေတ္တာဓာတ်ရိုက်ပုံ၊ ဓာတ်ခိုက်ပုံ လိုရင်း စာသားမျှလောက်ကိုသာ ထုတ်နှတ်ဖော်ပြလိုက်ပါသည်။

မေး။ မေတ္တာစိတ်ဖြင့် အဘယ်သို့ ပြုသည်ကို ဖြန့်သည်ဟု ဆိုပါသနည်း။

ဖြေ။ ချမ်းသာပါစေဟူသော မိမိမေတ္တာစိတ်ကို မိမိမေတ္တာဖြန့်စရာ သတ္တဝါနှင့် တွေ့ထိအောင် လုပ်မှုကို မေတ္တာဖြန့်သည်ဟု မှတ်ရမည်။ ထို့ပြင် မိမိမေတ္တာဖြန့်စရာ သတ္တဝါအာရုံကို မျက်မှောက်ထင်ထင် မြင်အောင် ကြည့်ရှုပြီး ထိုသတ္တဝါအား ချမ်းသာပါစေဟူသော မေတ္တာစိတ်ဖြင့် ပွားများဖြန့်ဖြူးသည်ကို မေတ္တာဖြန့်သည်ဟု မှတ်ရမည်။

(သမ္မောအဋ္ဌကထာ၊ ဝိဘင်း မူလ-အနုဋီကာတို့၌လည်း) မေတ္တာပို့စရာသူကို ထိထိခိုက်ခိုက် ထင်အောင် မြင်အောင် အာရုံယူလျက် ဘေးရန်ကင်းပါစေ၊ ချမ်းသာပါစေဟူသော မေတ္တာဘာဝနာစိတ်ကို ထိုသူထံသို့ အကောင်းဆုံးလွှတ်ခြင်း၊ အကောင်းဆုံး ဖြန့်ခြင်းကိုလည်း မေတ္တာပို့ခြင်း၊ မေတ္တာဓာတ်ရိုက်ခြင်းပင်ဟု မိန့်ဆိုပါသည်။

တစ်နည်းအားဖြင့် ညဉ့်အခါ မိမိမြင်နေသော ဒီးရောင်မှတစ်ပါး အခြား ဆင်လောက်၊ အိမ်လောက်၊ ဆင်ထက်၊ အိမ်ထက် ကြီးလှသော အရာဌာနတို့ကို ဘာမျှမမြင်။ ဘာကိုမျှ အာရုံမပြုသကဲ့သို့၊ ထိုမေတ္တာပို့စရာသူမှတစ်ပါး အခြားသူ၊ အခြားအရာတို့ကို ဘာတစ်ခုမျှ စိတ်ထဲ၌ ခွဲမြဲရွေ့လျားခြင်း မရှိဘဲ၊ ထိုသူကိုသာလျှင် စွဲစွဲမြဲမြဲ စိတ်ထဲ၌ ဆုံးဖြတ်လျက် နက်နက်နဲနဲ မေတ္တာဖြန့်ခြင်း၊ လွှတ်ခြင်းတို့ကိုပင် မေတ္တာပို့ခြင်း၊ မေတ္တာဓာတ်ရိုက်ခြင်းပင်ဟု မိန့်ဆိုပါသေးသည်။

မေး။ စူးရှအောင် အဘယ်သို့ မေတ္တာဖြန့်ရပါမည်နည်း။

ဖြေ။ မေတ္တာဖြန့်ရာတွင် ရည်ညွှန်းသော သြဓိသမေတ္တာ၊ မရည်ညွှန်းသော အနောဓိသမေတ္တာ နှစ်မျိုးရှိရာ အနောဓိသမေတ္တာထက် သြဓိသမေတ္တာက စူးရှသည်။ သြဓိသမေတ္တာတွင်လည်း မြင်ဖူးသူ၊ မမြင်ဘူးသူ နှစ်မျိုးရှိပြန်ရာ မမြင်ဖူးသူထက် မြင်ဖူးသူကို စူးရှသည်။ မြင်ဖူးသူတွင်လည်း အမြင်နည်းသူထက် အမြင်များသူကို စူးရှသည်။ အမြင်များသူတွင်လည်း အကျွမ်းမဝင်သူထက် အကျွမ်းဝင်သူကို စူးရှသည်။

အကျွမ်းဝင်သူတွင်လည်း နေ့အခါထက် ညအခါ စူးရှသည်။ ညအခါတွင်လည်း မေတ္တာအပို့ခံသူက လှုပ်ရှားနေသူထက် ငြိမ်နေသူကို စူးရှသည်။ ငြိမ်နေသူတွင်လည်း အမှတ်တမဲ့ ဖြန့်ခြင်းထက် ချိန်း၍ ဖြန့်ခြင်းက စူးရှသည်။ သို့ဖြစ်လေရကား မကျန်းမာ၍ ဖြစ်စေ၊ တစ်စုံတစ်ခုကြောင့် ဖြစ်စေ၊ ဆင်းရဲဒုက္ခတွေ့နေသူအား နေ့ရက်၊ အချိန်၊ မျက်နှာပုံ၊ နေထိုင်ပုံ စသည်တို့ကို သိအောင် ချိန်းဆိုပြီး၊ ထိုသူ၏ နလုံးအိမ်ကို ဖြစ်စေ၊ ခံတွင်းပေါက်ကို ဖြစ်စေ၊ သေသေချာချာချိန်လျက် "မည်သူ ချမ်းသာပါစေ"ဟူသော မေတ္တာဓာတ်၊ မေတ္တာကလာပ်တို့ကို ထပ်တလဲလဲ စွဲစွဲမြဲမြဲ ငွဲသန်သန်နှင့် ဖြန့်ဖြူးသွန်းလောင်းနိုင်ပါမူ သိသိသာသာ စူးရှသည်ကို တွေ့မြင်ရပါလိမ့်မည်။

ပရိတ်ရေ ပရိတ်ချည် ဥပမာ

မေး။ မေတ္တာဖြန့်ပုံကို ယခုလို စီမံခြင်းသည် အဘယ်အဓိပ္ပာယ်ရှိပါသနည်း။

ဖြေ။ (ပါရာဇိက် အဋ္ဌကထာ၊ ဋီကာတို့၌) လူမမာအတွက် ပရိတ်ရေ ပရိတ်ချည်ကို တောင်းရာ၊ ထိုတောင်းသူတို့အား ရေရိုးရိုး၊ ချည်ရိုးရိုးကို တော်စွာရော်စွာ မပေးစေပါ။ "ဤရေထဲသို့ ပရိတ်တော်၏ အာဏာဝင်စေသတဲ့"။ ဤချည်ထဲသို့ ပရိတ်၏ အာဏာ ဝင်စေသတည်း"ဟု စိတ်ကို ခိုင်မြဲစွာ ထားပြီး ရေကို လက်ဖြင့် မွှေနောက်ကာ၊ ပရိတ်ချည်ကို လက်ဖြင့် အကြိမ်ကြိမ်သုံးသပ်ကာ ပရိတ်တော်၏ အာဏာကို စိတ်ဖြင့် သွတ်သွင်းပေးပါမှ အာဏာတန်ခိုးတက်တိုးစူးရှကာ ရောဂါပျောက်ကင်းနိုင်သည်ဆိုသော အရာကို ကောင်းစွာ ရည်သန်လျက် စီမံညွှန်ပြခဲ့ရကား ယုံမှားမရှိ မှတ်ရမည်။

မေး။ ပရိတ်ရေ၊ ပရိတ်ချည်တို့က ဝတ္ထုဖြစ်ပါ၍ ရောဂါပျောက်နိုင်ပါသည်။ မေတ္တာဓာတ်က ခြေအထည်

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာစိတ်ဖြစ်ရုံမျှဖြင့် ဗုဒ္ဓချီးကျူး

မေး (စိတ္တေန နိယျတိ လောကော - စိတ်သည်သာ တစ်လောကလုံးကို ဦးဆောင်ဦးစီး အကြီးအကဲဖြစ်၍) ထိုတန်ဖိုးရှိသော စိတ်ဓာတ်ကို(အဓိပ္ပါယ)မေတ္တာစေတသိက်နှင့် အဘယ်မျှ တွဲနိုင်ပါမှ အကျိုးထင်ရှားပါသနည်း။

ဖြေ (မေတ္တာဃ ဘိက္ခဝေ ကောဒသအာနိသံသာ ဟူသော အင်္ဂုတ္တိရ်ပါဠိတော်နှင့်အညီ) ပွေပွေရွှမ်းရွှမ်း စိတ်ယုတ်မာတို့မှ ကင်းလွတ်သော မေတ္တာနှင့် ယှဉ်သောစိတ်ကို အစဉ် ထုံသူ၊ ရိုရိုသေသေထုံသူ၊ တကယ့်ချစ်စိတ်ကို ဆောင်၍ ထုံသူ၊ လေ့လာပိုင်သူ၊ မေတ္တာရှု၊ မေတ္တာဓာတ်၊ မေတ္တာကလာပ်တို့ကို တစ်နာရီထက် တစ်နာရီ၊ တစ်နေ့ထက် တစ်နေ့၊ တစ်ရက်ထက် တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် တိုးအောင်၊ ပွားအောင် အားထုတ်နိုင်သူ၊ ထိုမေတ္တာရှု၊ မေတ္တာဓာတ်၊ မေတ္တာပွား ကလာပ်တို့ကို မတိုးလျှင် တိုးအောင်၊ မပွားလျှင် ပွားအောင် ထပ်တလဲလဲ ငွေ့သန်သန်နှင့် အားထုတ်နိုင်သူ၊ အလွန်ကောင်းသော ရထား၌ အလွန်ကောင်းသော မြင်းအာဇာနည်ကို တပ်လျက်၊ အလွန်ကောင်းသော လမ်းတွင် အလွန်အမောင်းကောင်းသောသူသည် အလွှားအပြန် ဝိုင်းနှင်နေသကဲ့သို့ ထိုမေတ္တာစိတ်ကို မေတ္တာခံသူထံသို့ အပြန်အပြန်အလှန်လှန် စေလွှတ်ပို့သ မောင်းနှင်ပြန်ပြန်နေနိုင်သူတို့အား -

အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့်မတ် နတ်များ ဆီးကား မနှံ့ စိတ်ပန့်ကာညီကြည်၊ ရွှင်သည် မွှက်နား သေခါမတွေ့၊ လားလေ ဤဟူ၊ ဆယ့်တစ်ခြင်းဟု၊ မေတ္တာနိသင်၊ ကျိန်ဆက်ထင်သည်၊ ရှင်လူအများ ကျွှင်ရသော်...

ဟူသော အကျိုး (၁၁)ပါးတို့ကို တကယ်ရရှိနေနိုင်ပါသည်။

မေး ထိုမေတ္တာပြန်ပြန်ပို့သဝိဝဲခြင်းကို ဘုရားရှင်သည် အဘယ်မျှ လိုလားနှစ်သက်တော်မူပါသနည်း။

ဖြေ (အန္ဓကသယ်ဘမတ္ထဝို့ ဟူသော ဧကဂ်္ဂတ္ထရ ပါဠိတော်နှင့်အညီ) လက်ဖျစ်တစ်တီးမျှ ကာလဝေလာက် မေတ္တာစိတ်ကို ပွားများခြင်းမြင့်မြတ် ဝိုင်းဝိုင်းသော ရဟန်းကို ရွာနှုံမ မဆိတ်သော ရဟန်း၊ ဘုရားရှင်အလုံးအပေါက် ထိုက်နာသော ရဟန်း၊ ဘုရားရှင်၏ ဩဝါဒကို အတုလိုက်၍ ကျွှင်သော ရဟန်း၊ ပြည်သူတို့ဆွမ်းကို အကျိုးရှိအောင် သုံးဆောင်သော ရဟန်းဟူသမျှ လွန်လွန်ကျွှမ်းကျွှမ်း အထူး လိုလားနှစ်သက်တော်မူပါသည်။

မရောက်ပါ၍ အဘယ်မှာ ရောဂါကင်းပျောက်၍ ချမ်းသာ ရောက်နိုင်ပါမည်နည်း။

ဖြေ ဤပုစ္ဆာသည် လွန်စွာလေးနက်လှပါသည်။ ပရိတ်ရသောက်၊ ပရိတ်ချည် ပန်၍၊ ရောဂါပျောက်ရာဝယ် ရသက်သက်၊ ချည်သက်သက်ကြောင့် ပျောက်ခြင်းမဟုတ်ပါ။ ထိုရချည်အတွင်း၌ စိတ်ဓာတ်ဖြင့် သွတ်သွင်းပေးလိုက်သော ပရိတ်အာဏာ၊ ပရိတ်တန်ခိုးခံသော ပရိတ်ဓာတ်၊ ပရိတ်ကလာပ်တို့နှင့် တွေ့ထိကာ "ကြောင်လာ၍ ကြွက်မြေး ရသကဲ့သို့"၊ ရောဂါကလာပ်၊ ရောဂါဓာတ်၊ ဒုက္ခကလာပ်၊ ဒုက္ခဓာတ်တို့ ကင်းပျောက်ရသည်နှင့်အတူ ပြဆိုသည့်အတိုင်း လွှတ်လိုက်၊ ပြန်ပြန်းလိုက်သော မေတ္တာစိတ်နှင့် တစ်ပြိုင်နက် သေနတ်သံနှင့် ပြိုင်တူထွက်သော အနိုးပမာ၊ မေတ္တာအခိုး၊ မေတ္တာအရှိန်၊ မေတ္တာရုပ်ကလာပ်၊ မေတ္တာဓာတ်တို့သည် မေတ္တာပြန့်သူ၏ စိတ်တန်ခိုးအလိုက် မေတ္တာအပြန့်ခံရသူ၏ တစ်ကိုယ်လုံးကို မီးခိုးဝိုင်းသကဲ့သို့ ပင့်ကူမြွေ ပတ်သကဲ့သို့ ဝိုင်းမိ၊ ပတ်မိသဖြင့် ထိတွေ့ခြင်း၊ မေတ္တာအဖြန့်ခံရသူ၏ ခံတွင်းပေါက်၊ နှာခေါင်းပေါက်၊ နားပေါက်တို့ကို ဝဲစုပ်သလို သက်ဝင်၍ သွားကြသဖြင့်၊ ထိုရောဂါဓာတ်၊ ဒုက္ခဓာတ်တို့ ကင်းပျောက်ကာ ချမ်းသာကလာပ်၊ ချမ်းသာရုပ်တို့သာ အဟုတ်စင်စစ်ဖြစ်စေခိုင်ရကား ယုံမှားမရှိ မှတ်ယူရပါမည်။

မေး နီးသူ၊ ဝေးသူကို မေတ္တာဖြန့်ရာဝယ် အဘယ်သို့ ခြားနားပါသနည်း။

ဖြေ (ဓမ္မပဒ အင်္ဂကထာ၊ တာလပုဋ္ဌ ထေရဂါထာ "ခုရမ်း" ပုဒ်အဖွင့်နှင့်အညီ) စိတ်ဟူသည် နီးသော အာရုံဆေးသော အာရုံဟူ၍ မခွဲခြား။ ထင်ရှားသော အာရုံ၊ မထင်ရှားသော အာရုံဖြင့်သာ ခွဲခြား၍ နေခြင်း၊ ပြန်ခြင်း နှစ်ပါးခြားနိုင်ပါသည်။

ဥပမာအားဖြင့် လက်ကို ကွေးချိန်၊ ဆန့်ချိန်လောက်နှင့် ပြဟ္မာ့ပြည်သို့ ရောက်နိုင်သည်ဆိုသော စကား၊ သေချိန်ဟူသည်ရောက်သူနှင့် လူ့ပြည်ရောက်သူ အနေးအမြန် အတူတူဆိုသော စကားကို မယုံကြည်နိုင်သော ဝီသိမှင်းဩဇာ ဝေသောရွာနှင့် နီးသောရွာကို စိတ်ဖြင့် အကြိမ်ကြိမ် အနေးအမြန်တူကြောင်းကို ဝန်ခံလျက် ဥပမာစိတ်ဓာတ် အဝေးမှ ပို့လာသော ဂုက်နှစ်ကောင်သည် အပြင့်အနိုပ် သင်္ဘောနှစ်ပင်၌ ပြိုင်တူနားရာ အရိပ်သည် ပြေး ပြိုင်တူ ဆင်းပုံ၊ အနေးအမြန် မခြားနားပုံ၊ ဥပမာဖြင့် ရှင်နာဂသိန် ဖြန့်ချက်အတိုင်း မှတ်ယူသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်သား သိလောက်အောင် ထိခိုက်သော မေတ္တာ

မေး။ အဘယ်မျှလောက် ပို့သမှီဝဲ၍ ထိုမျှလောက် ချီးမွမ်းတော်မူရပါသနည်း။

ဖြေ။ (၁) "မုဆိုး လုံခွေရသော နွားမ" ဟူသော နွားမ၏ မေတ္တာမျိုး။

(၂) သွေးစင်စစ်က အဖြူရောင်နို့ဖြစ်သွားရသော သားသည်မိခင်၏ မေတ္တာမျိုး။

(၃) အဝေးဌာ ရောက်နေသော မိခင်၏ နို့ရည်တွေ ထိန်းသိမ်းမနိုင်လောက်အောင် ယိုစီးနေသော ကလေးသူငယ်တို့၏ မေတ္တာမျိုး။

(၄) အမိမဲ့ဒေဝီ၏ တူရွင်းခြင်းတောင်း လွတ်ကျခြင်း၊ မျက်ခုံးလှုပ်ခြင်း စသည်တို့ ဖြစ်လောက်အောင် တောင့်တ မျှော်လင့်နေကြသော ဇာလီ၊ ကဏှာဇိန်တို့၏ မေတ္တာမျိုး။

(၅) မည်သူမျက်နှာ ဒီနေ့ မြင်တယ်ကွယ် ဆိုရသော အများသုံး မေတ္တာမျိုး။

(၆) မရောက်မီကပင် ကျိုးသာနှင့် ဆိုင်သော အများဆိုင် မေတ္တာမျိုး။

(၇) ထမင်းအိုးဝေခြင်း၊ ထမင်းအိုးရိခြင်း၊ ခွေးဖင်သီခြင်း စသော အများဆိုင် မေတ္တာမျိုး။

(၈) ကြက်၊ ငှက်တိရစ္ဆာန် သားသမင်များကို လူချင်းကဲ့သို့ ခင်မင် ခိုင်းစေရလောက်သော သုဝဏ္ဏသျှဲ ရသေ့ငယ်၏ မေတ္တာမျိုး (မှသာလျှင် လိုရာပြီးမြောက် ခရီးပေါက်စေနိုင်ပါသည်။)

ဂင်းတို့လောက် စိတ်အားမရှိ၊ စိတ်အားမသန်၊ သာမန်မေတ္တာမျှလောက်ကိုပင် ဘုရားရှင် ချီးမွမ်းတော်မူပါသည်။ ပစ္စည်းလေးပါး၊ ဒကာ၊ ဒကာမတို့ကို သိမ်းကျုံး၍ ဖြစ်စေ၊ တစ်ယောက်စီ ဖြစ်စေ "မည်သူ ဘေးရန်ကင်းပါစေ၊ မည်သူ ဆင်းရဲကင်းပါစေ၊ မည်သူ ချမ်းသာပါစေ" ဟု ထိုဒကာ၊ ဒကာမတို့၏ အကျိုးစီးပွား လိုလားရှိမျှဖြစ်သော မေတ္တာကိုပင် ချီးမွမ်းတော်မူခြင်း ဖြစ်ပါသည်။

မေး။ မေတ္တာကို အဘယ်သို့ မှီဝဲပို့သမှ ကြီးမားကျယ်ပြန့်သော အကျိုးအာနဂေါ်ပြန့်ပွားခြင်းကို ရရှိနိုင်ပါသနည်း။

ဖြေ။ (အာဒရေန သေဝနာ အာသေဝနာ-ပဋိသန္ဓိ ဒါမင် အင္ဂကထာ၊ မဟာဋီကာ၊ အဂ်ုတ္တရဋီကာတို့နှင့်အညီ) ယခုကာလ ပေါ့ပေါ့ဆဆ အချိုးမကျ၊ ဝတ်ကုန်ဝတ်ကျေ လူရိုသေရဲ့မျှ ရည်မှန်းသော ဖြစ်ကတတ်ဆန်း မေတ္တာပို့မှုကို ထိုအကျိုးရ၏ဟု ဒိဋ္ဌပိုင်ပိုင် မဆိုနိုင်ပါ။

မေတ္တာခံယူသူကို ရှပ်ပုံပါပေါ်အောင် ကြည့်၊ ရှေ့တည့်တည့်က ထားပြီး မီးခိုးပိုင်းသလို၊ ပင့်ကူမြွေပတ်သလို မေတ္တာရှပ်ဓာတ်၊ မေတ္တာကလာပ်ခိုး၊ ကလာပ်မှုန့်တို့ကို တစ်ကိုယ်လုံး ရစ်ပတ်စေသည့်အပြင် ကိုယ်တွင်းသို့ ဝဲစုပ်သလို သက်ဝင်၍သွားကြအောင် စိတ်အားသန်စွာ မေတ္တာကမ္မဋ္ဌာန်းနှင့် မေတ္တာခံယူသူတို့အား လေးစားရိုသေ ကျေကျေနပ်နပ် မေတ္တာဓာတ်ခိုး၊ မေတ္တာဓာတ်မှုန်တို့ကို ဖြန်းဖြူးခြင်း၊ သွတ်သွင်းခြင်း၊ သွန်းလောင်းခြင်း၊ ပို့သစေလွှတ်ခြင်းကိုမှ ပြုခဲ့သော လောကကျိုး၊ နောင် တမလွန်ကျိုးတို့ကို တကယ်ခံစားရ၏ဟု မှတ်ရမည်။

စိတ်ပညာနှင့် ညှိနှိုင်းပုံ

မေး။ မေတ္တာပို့ရာဝယ် စိတ်ပညာဆရာတို့ကား အဘယ်သို့ ယူဆကြပါသေးသနည်း။

ဖြေ။ အနောက်တိုင်း ဆွိဇင်ပြည်သား ဆေးဆရာကြီး "ပါရာဆလ်ဆပ်" ဆိုသူသည် မေတ္တာဓာတ်လွှတ်လိုသောအခါ ဦးနောက်၏ အပိုင်းကြီး ငါးပိုင်းအနက် ရှေ့ပိုင်းဖြစ်သော နဖူး၏ အလယ်၊ နှာရောင်တည့်တည့်၌ တည်ရှိသော ဦးနောက်ပိုင်း၏ ဌာနမှ လွှတ်ရကြောင်း၊ လွှတ်လိုက်သော မေတ္တာဓာတ်ကို ခံယူသူမှာ ဦးနောက်၏ နောက်ပိုင်း နောက်စေ့၌ ရှိသော ဌာနမှ ခံယူကြောင်းအဆိုကို ဖတ်ရှုတွေ့မြင်ရသည်။

ဗုဒ္ဓဘာသာအလို ဟဒယဝတ္ထု(နလုံးအိမ်)မှ မေတ္တာဓာတ်ကို လွှတ်၏။ မေတ္တာခံယူသူမှာလည်း အတွင်းအပြင် မည်သည့်နေရာမဆို တစ်ကိုယ်လုံးဖြင့် ခံယူနိုင်ပေရာ အောက်နှစ်ခု ခြားနားသကဲ့သို့ ရှိသော်လည်း -

"ဘော ပဿာဒ၊ လောဟိတာ၊ ဇီဝ သည်းခြေ သုက်
ကိုယ်လုံးနွဲ့ဖြာ၊ တည်နေပါ။ ကျမ်းလာမှန်မယုတ်"

ဟူသော(ကိုယ်ခန္ဓာဆိုင်ရာ သမ္မော၊ ဝိသုဒ္ဓိမဂ်ကျမ်းလာ) လက်ဆောင်ပုဒ်အတိုင်း ဣတ္ထိဘာဝရုပ် ပုမ္ဘာဝ်ကာယဓာတ်မှ "ရုပ်၊ သွေး၊ ဇီဝိတရုပ်၊ သည်းခြေ သုက်"အာတို့သည် တစ်ကိုယ်လုံး အပ်ဖျားရာ မလွတ်အောင် တည်ရှိ

www.burmeseclassic.com

www.burmeseclassic.com

ကြသဖြင့် မေတ္တာဓာတ်၊ မေတ္တာကလာပ်တို့သည် ကမ္ဘာတစ်ခုလုံးရှိ မြူမှုန်၊ ကလာပ်မှုန်တို့နှင့် ရောစပ်ပေါင်းမိ ထိတွေ့သောအခါ မေတ္တာခံသူသို့ ရောက်ခြင်း၊ မေတ္တာဓာတ် လွှတ်သူက စိတ်ထက်သန်လျှင်လည်း မေတ္တာခံသူက ရုပ်ကို မြင်စိတ်၊ အသံကို ကြားစိတ်၊ အနံ့ကို သိစိတ်၊ အကြောကို သိစိတ်တို့သည် ကမ္ဘာတစ်ခွင်၌ ထင်ပေါ်ကျော်ကြားလျက် ရှိသော ဟိမဝန္တာ၌ နေထိုင်လျက်ရှိသူ တိဘက် ရသေ့၊ ရဟန်းတို့သည် အချင်းချင်း ဝေးလွှာသောကျောင်းမှ စကား ပြောခြင်း စသော ကိစ္စအရပ်ရပ်ကို ပြုလုပ်နိုင်ကြသည်ဆို သကဲ့သို့ လိုအပ်သောအကျိုး ပြီးမြောက်နိုင်လေရကား ထူးခြားဆန်ကျင်မည်မဟုတ်ဟု မှတ်ယူရမည်။

စိတ်ကူးကို ရိုက်ကူးသော ဓာတ်ပုံ

၁၉၃၇ ခု၊ တက္ကသိုလ် ပရိုက်ပက်ဆာ "ဖာဒေးနန်းဒိုး ကာဗမ်းမလ်လီ" ခေါ် လောကဓာတ် ဆရာကြီးက စိတ်ကူး ကို ဓာတ်ပုံရိုက်ရာ နက်နက်နဲနဲ ကြဲစည်လျှင် ပုံ၌ အဖုအထစ် များပုံ၊ သင့်ရုံ ကြဲစည်လျှင် အဖုအထစ်နည်းပုံ၊ လွတ်လွတ် လပ်လပ် ကျေနပ်နေလျှင် အဖုအထစ်မရှိပုံ ပြဆိုခြင်းမှာ လည်း ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သည်ဟု မဆိုသာ၊ ညီညွတ် သည်သာတည်း။

ညီညွတ်ပုံမှာ စိတ်ဖြစ်က စိတ်ကြောင့်ဖြစ်သော စိတ္တဇ ရုပ်ခေါ်သော ရုပ်မှုန်၊ ကလာပ်မှုန်တို့ ပေါ်လာပြီးလျှင် တစ် ကမ္ဘာလုံးရှိ မြူမှုန်၊ ကလာပ်မှုန်တို့နှင့် ကမ္ဘာ၏ ကိစ္စတို့ကို ပြီးမြောက်စေတတ်ကြောင်း၊ ဥပမာအားဖြင့် တစ်ယောက် စကားကို တစ်ယောက်ကြားရာ ပြောလိုက်သောစိတ်နှင့် တစ်ပြိုင်နက် သေနတ်သံနှင့် မီးခိုး ပြိုင်တူထွက်သလို၊ ခံတွင်းမှ ထွက်သွားသော စိတ္တဇရုပ်ဓာတ်ကလာပ် မြူမှုန်တို့ က ကမ္ဘာပေါ်ရှိ ကလာပ်မှုန်တို့ကို လှုံ့ဆော်ရိုက်သကဲ့သို့ တွန်း ပို့လိုက်သဖြင့် နားထောင်သူ၏ နားထဲသို့ စဝင်ပသလို ဝင် သွားကြ၍ ကြားမှုကို ပြီးစေကြောင်း အဘိဓမ္မာကျမ်းဂန်တို့ က -

"သဒ္ဒါ ပန ဓာတုပရမ္မရာယ အာကဇ္ဇိသောတံ ဃဋ္ဋေ တွာ"

(အသံဓာတ်သည် ဘုတ်ဓာတ်ချင်း ဆက်၍ဆက်၍ ဆင့်ကာဆင့်ကာ လာပြီးလျှင် နားအကြေးခွံရုပ်ကို ထိတွေ့ ပေးသည်) မိန့်ဆိုချက်အရ သိရသကဲ့သို့ လည်းကောင်း၊ အဆီးအတားရှိခဲ့သော်၊ လေတင်ဖြစ်၍ လေလုန်နေခဲ့သော် မကြား၍ စိတ်အားထက်သန် အသံကျယ်ကျယ်ဖြင့် အမြဲကြား ရသကဲ့သို့ လည်းကောင်း အနံ့ခံသော အခဲ့ဓာတ် ကလာပ် မှုန်သည်လည်း ယခင်လိုင်းဥပမာအတိုင်း လေသင့်ရာ အမြန် ရောက်၍၊ လေလုန်နေက မရောက်နိုင်သကဲ့သို့ လည်း ကောင်း စိတ်ရှိ သတ္တဝါတို့၏ စိတ်ခိုး၊ ဓာတ်ခိုး၊ ကလာပ်ခိုး တို့နှင့် ကမ္ဘာပေါ်ရှိ ဓာတ်ခိုး၊ ကလာပ်ခိုးတို့ ရောစပ်နေပုံကို ကြေစာ ဘုန်းစားတတ်ပါလျှင် စိတ်ကူးကို ဓာတ်ပုံရိုက်သည် မှာ အဖူးအဆန်းမဟုတ်တော့ချေ။

တစ်ကမ္ဘာလုံး၌ စိတ်ဓာတ်ခြယ်လှယ်နေပုံ

မေး။ "စိတ္တေန နိယျတိ လောကော" အရ တစ်ကမ္ဘာ လုံး စိတ်ဓာတ်က ခြယ်လှယ်နေသည်ဆိုရာ၊ ထိုစိတ်ခိုး၊ ဓာတ်ခိုး၊ ကလာပ်ခိုးတို့သည် ကမ္ဘာပေါ်ဝယ် အဘယ်မျှ ခြယ်လှယ်၍ နေကြပါသနည်း။

ဖြေ။ ဝမ်းသာသူနှင့် တွေ့က ဝမ်းသာခြင်း၊ စိတ်ညစ် သူနှင့် တွေ့က စိတ်ညစ်ခြင်း၊ ငိုနေသူနှင့် တွေ့က ငိုခြင်း၊ လူမိုက်နှင့် ပေါင်းက လူမိုက်ဖြစ်ခြင်း၊ လိမ္မာသူနှင့် ပေါင်းက လိမ္မာခြင်းတို့ကို လည်းကောင်း၊ အရက်သောက်သောသူ အရက်နံ့ နံနေခြင်း၊ မီးလုံးသူ မီးခိုးစော်နံနေခြင်း၊ တံငါလုပ်သူ ငါးစော်နံနေခြင်း၊ ထောပတ်နွားနို့၊ ဆိတ်သား၊ ဝက်သားစား သူ နွားနံ့၊ ဆိတ်နံ့၊ ဝက်နံ့နံ၍ နွားစိတ်၊ ဝက်စိတ်၊ ဆိတ်စိတ် လည်း ပေါက်နေတတ်ခြင်း၊ ပျိုရွယ်သူ မိန်းမနှင့် ပေါင်းလျှင် ပျိုရွယ်၍၊ အိုသူနှင့် ပေါင်းလျှင် အိုလွယ်ခြင်း။

တစ်မြို့လုံး၊ တစ်နယ်လုံး စိတ်ညစ်နေသော မြို့/ရွာ သို့ ရောက်သွားသူ ထိုမြေကို နင်းမိလျှင်ပင် စိတ်ညစ်ခြင်း၊ စိတ်ပျော်ရွှင်သော မြို့/ရွာရောက်သို့ ရောက်လျှင် ပျော်ရွှင် ခြင်းတို့ကို လက်ငင်းထင်ထင် တွေ့မြင်နေကြရရာ စိတ္တဇ ဓာတ်ခိုး၊ ကလာပ်ခိုး၊ ဥတုဇဓာတ်ခိုး၊ ကလာပ်ခိုး၊ အဟာရဇ ဓာတ်ခိုး၊ ကလာပ်ခိုးတို့၏ သတ္တိကြောင့် ကမ္ဘာတစ်ခွင်လုံး ဗဟုန်းဗရင်း ဖြန်းဖြင်းဆန်ခတ် ဖြစ်ကတတ်ဆန်း ပရမ်းပတာ ပွေချာနောက်လျက် ဖောက်ပြန်ပြောင်းလဲ၍ နေပုံကို ဉာဏ်ကုန်လွှတ်ကာ စဉ်းစားကြရာ၏။

(မှတ်ချက်။ လူတို့ ကိုယ်ကျင့်သီလပျက်၊ တရား ပျက်၍ လာ၊ နေ၊ နက္ခတ်အသွားမမှန်၊ ရာသီဥတု ဖောက်ပြန် ခြင်း၊ အနာရောဂါများခြင်း၊ သက်တမ်းတိုခြင်း၊ အသိဉာဏ် ဆုတ်ယုတ်ခြင်း၊ လူသားတို့ စိတ်ဓာတ်ညှဉ်းဆဲသိမ်ရာမှ အစ တစ်ကမ္ဘာလုံး ဒုက္ခရောက်ကြရကြောင်း ကျမ်းဂန် အထောက်အထားများစွာဖြင့် ဆက်လက်ရေးသားထားသည်၊ အကျယ်လိုလျှင် ထိုဋီကာကြီးမှာ ကြည့်ကြပါကုန်။)။

* * *

ဓမ္မာစရိယဦးဒဋ္ဌလွှဲဦး

www.burmeseclassic.com

www.burmeseclassic.com

မကွေးတိုင်းဒေသကြီး၊ ချောက်ပြိုနယ်၊ စလေပခန်းငယ်၊ ကျောက်ရဲဒေသအတွင်း တည်ရှိပါသည်။ နှစ်စဉ် နှစ်တိုင်း "မဟာသေခဲလှုဘုရားကြီး" ပွဲတော်အဖြစ် နတ်တော်လဆန်း ဂုဏ်နေ့မှ နတ်တော်လပြည့်တိုင် ကျင်းပလေ့ရှိပါသည်။ ပွဲတော်ရက်က ရက်ရည်ပြမ်းသောကြောင့် စလေနယ်၊ ပခန်းငယ်နယ်၊ ကျောက်ရဲနယ်တစ်ဝိုက်နှင့် ဧရာဝတီမြစ်အရှေ့ဘက်၊ အနောက်ဘက်၊ မုန်း၊ စလင်း၊ ဆင်ပြေကျွန်းနယ်ဘက်များမှာ ရဟန်းရှင်လူအများ လာရောက်ကြလွန်းသဖြင့် ဘုရားပွဲမှာ အလွန်ပင် စည်ကားလှပါသည်။

ပွဲတော်စျေးတန်းတွင် တောင်သူအသုံးအဆောင် ပစ္စည်းများဖြစ်သော လှည်း၊ ထွန်းတုံး၊ ထွန်တံ၊ လှည်းဝင်ရိုး ...စသဖြင့် ပစ္စည်းများနှင့် ဆန်ကော၊ ဖျာ၊ စဉ့်အိမ်မျိုးမျိုး၊ အလှကုန်ဆိုင်၊ အထည်ဆိုင်များပါမကျန် ကြွေးထည် သံ

မသေ-နေ့ရ မဟာသေခဲလှု ဘုရားကြီး

■ ကိုသက်ရှည် ■

www.burmeseclassic.com

www.burmeseclassic.com



ထည်ဆိုင်များဖြင့် ပြည့်နှက်နေပါသည်။

ထိုအချိန်တွင် တောင်သူလယ်သမားတို့ ယာမြေသိမ်းပြီးချိန်နှင့် တိုက်ဆိုင်နေ၍ ရောင်းသူရော ဝယ်သူပါ အဆင်ပြေလှသည့် ပွဲတော်တစ်ခုလည်း ဖြစ်ပါသည်။

မဟာသေခဲလှစေတီတော်ကြီးအား အင်္ဂလိပ်အစိုးရလက်ထက်တွင် စလေပြိုအုပ်အဖြစ် ဦးကျော်ဇောအား တာဝန်ပေးခံရပြီးနောက်ပိုင်းတွင် တည်ခဲ့ခြင်းဖြစ်သည်။ ဦးကျော်ဇောမှာ သြဇာတေရွာ ဇာတိဖြစ်သည်။ ကျောက်ရဲမြို့ သူကြီး ဦးသာမော်၏ သမီး ဒေါ်မေနှင့် အိမ်ထောင်ပြု၏။ စလေ-ပခန်းငယ်၊ ကျောက်ရဲမြို့ ဝန်းကျင်ဒေသတို့မှ ဆက်သသော ဘဏ္ဍာခွန်များကို မင်းတုန်းမင်း သပေါမင်းတို့ထံ ဆက်သရသော ရွှေတိုက်စိုးကြီး၏ စာရေးကြီး ဘဏ္ဍာထိန်းလုလင်လည်းဖြစ်၍ ကင်းဝန်မင်းကြီး၏ လက်သုံးတော်လည်းဖြစ်သည်။ ထို့အပြင် ဖောင်ဝန်မင်း ရွှေသင်း ဦးရွှေမောင်၏ လက်သုံးတော်လည်း ဖြစ်သည်။ မန္တလေး ရွှေမြို့တော်သို့ မကြာခဏရောက်ဖူးသူလည်း ဖြစ်၏။

ထိုအချိန်တွင် မင်းတုန်းမင်းကြီးက မဟာလောကမာရဇိန် ကုသိုလ်တော်စေတီကို တည်ထားပြီး ပဋ္ဌမ သင်္ဂါယနာတင်ပွဲကိုလည်း ကျင်းပပြီးချိန်ဖြစ်သည်။ စေတီတည်ချိန်နှင့် ပြီးစီးချိန်အထိ ဦးကျော်ဇောမှာ ရွှေနန်းတော်သို့ ဝင်ထွက်သွားလာနေသူဖြစ်သည်။ ဦးကြီးတော်စပ်သူ ဦးကျော်ဝမှာလည်း မန္တလေးမြို့တွင် နေထိုင်သူဖြစ်၏။ ထို့ကြောင့်ပင် မဟာသေခဲလှစေတီတော်မှာ မဟာလောကမာရဇိန် ကုသိုလ်တော်စေတီနှင့် ပုံစံတူညီနေခြင်းလည်း ဖြစ်သည်။

သီပေါမင်းလက်ထက် ပခန်းငယ်မြို့စားအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၃၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်းတွင် မြိတီသူကိုလိုနီ ရေတပ်မှာ မြန်မာပြည်အောက်ပိုင်း၊ ရန်ကုန်၊ ပြည်၊ အောင်လံမြို့များမှတစ်ဆင့် အထက်မြန်မာပြည် နေပြည်တော်အထိ ဆန့်တက်လာခဲ့သည်။ မြန်မာရေတပ်တို့က ခုခံသော်လည်း အားမတန် မာန်လျော့ကာ ပခန်းငယ်မြို့မှ ဆုတ်ခွာလာခဲ့ပြီး ဤသေခဲလှစေတီတည်ရာ ကုန်းမြေခင်း တောထဲ၌ ခိုအောင်းနေထိုင်ခဲ့ရပါသည်။ ဦးဆောင်ခေါ်လာသူကား တပ်ကံ ပုပွက်သူကြီး ဦးမင်းမောင်ဖြစ်ပါသည်။ ဤနေရာ ကုန်းမြေ၌ ပုန်းအောင်းနေထိုင်ခဲ့ရာ အသက်ဘေးမှ လွတ်ကင်းခဲ့ရသည့်နေရာဖြစ်သည်။

၁၃၄၈ ခုနှစ်တွင် မြိတီသူ အင်္ဂလိပ်တို့ကို မြို့ပြ အုပ်ချုပ်ရေးကို စိမ်ခန့်ခဲ့လာရာ ဤအေသတွင် အစဉ်အလာကြီးမားသူအား မေးမြန်းစုံစမ်းပြီး ဦးကျော်ဇောအား မြို့အုပ်တာဝန်ပေးခဲ့၏။ မြို့အုပ်ဖြစ်ပြီး မကြာမီတွင် မဟာသေခဲလှစေတီတော်မြတ်ကြီးအား တည်ထားခဲ့ခြင်းဖြစ်၏။

ဤနေရာ မြေအရပ်သည် ရေးယခင်က ကျေးငှက်၊ ယုန်၊ သမင်တို့ ကျက်စားရာနေရာဖြစ်သည်။ သီရိခေတ္တရာမှ ပုဂံသို့ ပြောင်းရွှေ့ နန်းစိုက်ခဲ့သော သမုဒ္ဒရာဇ်မင်း၊ ကုန်းဘောင်

www.burmeseclassic.com

www.burmeseclassic.com

[illegible]သည် ဤနေရာမှာ ခံလုံရင်း အသက်ဘေး အန္တရာယ်ကင်းလွတ်ခဲ့ကြောင်း ရှေးလူကြီးများ၏ စကားအရ သိရပါသည်။

အသက်မသေ၊ သေခဲလှကြောင်း၊ အသက်ခက်သော နေရာဖြစ်ကြောင်း၊ ခွေးကို ယုန်က ပြန်လိုက်သော နေရာ ဖြစ်ကြောင်း မှတ်သားရပါသည်။ မြို့အုပ်မင်းကိုယ်တိုင်လည်း အသက်ဘေးမှ ကင်းလွတ်ခဲ့သည့် နေရာလည်းဖြစ်၏။

ယခု သေခဲလှစေတီတော်၏ အရှေ့တောင်ဘက်တွင် မူလ သေခဲလှစေတီတစ်ဆူအား ဖူးမြင်နိုင်ပါသည်။ မူလက ယခင်ကုန်းမြေ၌ စစ်သည်တော်တို့ အသေလွတ်ရာ ဌာနမြေဟု သတ်မှတ်ကာ စစ်သည်တော်တို့၏ ကျောက်ပုံ၊ ကျောက်ခဲတို့ စုပုံထားခဲ့ကြသည်။ ၁၃၃၈ ခုနှစ်၊ နာခဲလှ သိမ်အုတ်တိုက် ဆောက်လုပ်အပြီး မဟာသေခဲလှ ဆရာတော် ဘဒ္ဒန္တ တိက္ခဏာက ကျောက်ပုံကြီးအား စေတီငုံ၍ တည်ထားခဲ့ခြင်း ဖြစ်သည်။ မူလစေတီဥာဏ်တော်မှာ ၉တောင်ခန့်သာ ရှိပြီး အုတ်တံတိုင်းနှင့် တန်ဆောင်းမှာ ကြိုယ်ပြေ နံပြေ တံခွန်တိုင် ရှစ်တိုင်ကိုလည်း တွေ့ရှိနိုင်ပါသည်။

မဟာသေခဲလှစေတီသမိုင်းအလင်္ကာတွင် အောက်ပါ အတိုင်း ပါရှိသည်။

(၁) အစပထမတွင် ဘုရားရှင်၏ ဓာတ်တော်ရရှိခဲ့ပုံ၊

(၂) အမတ္တ ပပွတေ မသေနေရ၊ သေခဲလှဟု နာမတွင်ရှိ တောင်ဘူမိ၊

(၃) စေတီရံဝိုး လေးဆယ်ထားလျက် ဖိနပ်မူလည်း ဆတူ ညီမျှ အတောင်ချ၍၊

(၄) ဦးဖျားဘုံကျန်း၊ မြေခွန်းဂါမ၊ တဝတဲမြင့် ကြီးရင့်ပညာ၊ နှစ်ဖြာသူကြီး ကူမပြီးခဲ့၊

(၅) သဟဿမောင် ညက်စွာထောင်းလျက်(ခြေနင်းမောင်း တထောင်)၊

(၆) နှစ်စဉ်နှစ်ရပ် ပွဲကြီးကျင်းပခြင်းတို့အား တွေ့ရှိမှတ်သား ရပါသည်။

သေခဲလှဘုရားကြီးအား တည်ထားစဉ်ကာလ မြေစွန်း သူကြီး၊ တဲမြင့်သူကြီး ဦးမည့်တို့နှစ်ယောက် ကူညီပြီး တည်သည်။ အနီးအနား ပတ်ဝန်းကျင် ကျေးရွာများမှ ရွာသူ ရွာသားများလည်း လုပ်အားဒါနပြုခဲ့ကြသည်။

ကြေးစင်ပိသာခို်န် ၁၄၀၀ ရှိ ခေါင်းလောင်းကြီးကို လည်း ကမ္မည်းမော်ကွန်းစာတမ်း ရေးထိုးခဲ့သည်။

စလေမြို့ဟောင်း စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ် တို့အား ထိန်းသိမ်းစောင့်ရှောက်နေသော ဆရာတော် ဦးဓမ္မ သာမိထံမှ ကူးယူရရှိခဲ့သည့် ဘုရားကြီးနှင့် ပတ်သက်သော အဲ့ဖွယ်ရာများကို အောက်ပါအတိုင်း မှတ်သားရပါသည်။

(၁) ဘေးရောဂါ အနာပျောက်ကင်းနိုင်ခြင်း။

(၂) ဒုက္ခသစ္စာ နာတာရှည်ရောဂါ ကင်းပျောက်နိုင် ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



(၃) လောကီ၊ လောကုတ္တရာ ချမ်းသာပေးစွမ်းနိုင်ခြင်း။
(၄) နည်းငယ်သည်ကို ကြီးများအောင် ပေးစွမ်းနိုင်ခြင်း။
(၅) ကြီးများသည်ကို နည်းငယ်အောင် ပြုလုပ်နိုင်ခြင်း။
(၆) အလိုရှိအပ်သော မြတ်သောဆုကို တောင်းလျှင် ရရှိ ပြည့်စုံနိုင်ခြင်း။
(၇) ဖူးမြင်သူတို့အား ကြည်လင်အေးမြ သောကကင်းဝေး နိုင်စေခြင်း၊
(၈) တည်ကြည်ခြင်း သမာဓိကို ရလွယ်ခြင်း။
(၉) လူအများ၏ အလေးပြုမှုကို ခံယူရရှိနိုင်ခြင်း။
(၁၀) လူအများတို့၏ နားခိုရာ၊ အားထားရာ၊ မိုခိုရာ ဖြစ်နိုင်ခြင်း။
(၁၁) အညစ်အကြေးကင်းစင်ပြီး ဖြူစင်လုပ ကျက်သရေရှိ နိုင်ခြင်း။
(၁၂) အာဏာတန်ခိုး ကျော်စောမှု ရရှိနိုင်ခြင်း။
(၁၃) ရန်ဘက် ကင်းပျောက်၍၊ ချစ်ခင်သူ မိတ်ဆွေ ပေါများခြင်း။
(၁၄) ၄၅ဆူရှိသောကြောင့် နဝင်းကျရသဖြင့် ကြံတိုင်းအောင်၊ ဆောင်တိုင်း မြောက်၊ ပြောဆိုတိုင်း အောင်မြင်နိုင်ခြင်း၊
(၁၅) အဆိပ်သင့်ခြင်းမှ ကင်းဝေး၍ ဓာတ်ကြီးလေးပါး မျှတညီညွတ်ပြီး ကျန်းမာရေးကောင်းနိုင်ခြင်း စသည့် အံ့ဖွယ်ဂုဏ်ထူးများပင် ဖြစ်သည်။

အခြားသော ထူးခြားချက်များလည်း ရှိသေး၏။ ဦးကျော်ဇော ပြုအုပ်ဖြစ်ချိန်တွင် ကုန်းကြီးထိန်ကန်ကြီးကျေးရွာ တစ်ဝိုက် မြို့ပိုင်မင်းက ထန်းစေ့တို့အား မစိုက်မနေ စိုက်ခိုင်းသဖြင့် ယနေ့ကာလတွင် ထိုဒေသရှိ ကျေးရွာများမှာ ထန်းလျက်ချက်လုပ်ငန်းဖြင့် စီးပွားရေး အဆင်ပြေလျက် ရှိကြသည်။

စာရေးသူတို့ငယ်ငယ်က ဇာတ်မင်းသားကြီး ဦးအောင်မင်းဆိုလျှင် သေခဲလှဘုရားကြီးအား တစ်နှစ်တစ်ကြိမ် ဖူးမြော်ရောက်ရှိလျှင် အသက်တစ်နှစ် ပို၍ရှည်သည်ဟု ပြောဆိုခဲ့ကြောင်း မှတ်သားရဖူးသည်။

မဟာသေခဲလှဘုရားကြီး၏ သက်တမ်းမှာ နှစ်ပေါင်း တစ်ရာကျော်ရှိပြီဖြစ်သည်။

ယခုအခါတွင် ဘုရားကြီးအား ဖူးမြော်ရန် အဖက်ဖက်မှ အဆင်ပြေ ချောမွေ့နေပြီဖြစ်သည်။ ချောက်၊ စလေ၊ ရေနံချောင်း ကားလမ်းအတွင်းပိုင်းမှာလည်း ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ များမကြာမီကာလအတွင်း ဘုရားကြီးမှာ စည်ကားသိုက်မြိုက်လာမှာ မုချမလွဲပင် ဖြစ်ပါတော့သည်။

* * *

ကိုသက်ခိုင်

စာကိုး

- မဟာသေခဲလှစေတီတော်သမိုင်း စာတမ်းနှင့် မဟာသေခဲလှ ထူပအာဇ္ဈာက ဝန္ဒနာ။
- ကိုယ်တိုင်လေ့လာတွေ့ရှိ မှတ်သားချက်များ။

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း ၂၅နှစ်က အမျိုးလှတစ်ယောက် သမုဒ္ဒရာရေပြင်မှာ စက်ခန်းသင်္ဘောသားအဖြစ်နဲ့ နိုင်ငံခြားငွေ ရှာဖွေတဲ့ မြန်မာနိုင်ငံသားတစ်ဦးပါ။ အသက် ၁၈နှစ်မှာ ပင်လယ်ပြင်အတွေ့အကြုံနဲ့ လုပ်သက်မှတ်တမ်းရရှိရေး အတွက် နိုင်ငံခြားသင်္ဘောကုမ္ပဏီမှာ သင်္ဘောသားတစ်ယောက် ဖြစ်လိုရန် ရည်ရွယ်ချက်ဖြင့် စည်းစနစ်ကျစွာ ကြိုးစား ဆောင်ရွက် ပညာသင်ကြားမှုကြောင့် ၂၃နှစ်အကြာမှာ လုပ်ငန်းအတွေ့အကြုံများစွာနဲ့ သင်္ဘောသား(နိုင်ငံခြား) တစ်ယောက် တည့်တည့်မတ်မတ် ဘဝလမ်းခရီးပြုခဲ့ပါ တယ်။

လမ်းကြောင်းပေါ် မရောက်ခင် ငွေကြေးအသပြာ အဆင်မပြေမှုကြောင့် ပေးကမ်းရင်နှီးပြီး နိုင်ငံခြားသင်္ဘောပေါ် တက်ရောက်ခွင့် နောင့်နေးခဲ့ရသည်။ သို့သော် ဘာသာတရား ကိုင်းရှိုင်းတတ်သည့်စလေ့ကြောင့် ၂နှစ်အကြာမှာ ငွေကြေး အမြောက်အများပေးစရာမလိုဘဲ နိုင်ငံခြားသင်္ဘောကုမ္ပဏီ မှာ တတိယတန်း အင်ဂျင်နီယာအဆင့်နဲ့ တာဝန်ထမ်းဆောင် ခဲ့ရပါတယ်။

တာဝန်ထမ်းဆောင်ရတဲ့ သင်္ဘောကလည်း မြန်မာ ပြည်ရေပိုင်နက်ကို စင်ရောက်နိုင်ခြေမရှိသော တန်ချိန် သုံးသောင်းကျော်ရှိ ကုန်သင်္ဘောဖြစ်နေတယ်လေ။ အမျိုး လှတို့ သင်္ဘောက ယိုးဒယား၊ စင်ကာပူတို့ရောက်ရင် ပင်လယ်ပြင်မှာပဲ ကျောက်ချ ရပ်နားရတယ်။ ကမ်းကပ်မရ တဲ့ သင်္ဘောကြီးဆိုတော့ အမျိုးလှတို့ သင်္ဘောသားတွေ ကမ်းပေါ် တက်ချင်တိုင်း တက်လို့ မရဘူး။ ကြိုဖို့ ရေယာဉ် ငယ်တွေ စီစဉ်ပေးမှသာ ကမ်းတက် လေ့လာခွင့်၊ ဈေးဝယ် ခွင့်ရခဲ့တယ်။ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ ကဲမွန်ပြိုင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေရဲ့ ဆိပ်ကမ်းကပ်တော့မှ လွတ်လွတ်လပ်လပ်နဲ့ ကမ်းတက်ခွင့်၊ စျေးဝယ်ခွင့်၊ လေ့လာခွင့်ရခဲ့တယ်။ ဂျပန်ဆိပ်ကမ်းကနေ ဆူးအက်တူးမြောင်းဖြတ်ပြီး အနောက်နိုင်ငံ(ဂရိ)ကို ရောက်ခဲ့တယ်။ ကုန်တင်သင်္ဘောဆိုတော့ ကမ္ဘာတစ်ပတ် ပတ်ခွင့်ရတယ်။

ကမ္ဘာတစ်ပတ်ပတ်တယ်ဆိုတဲ့ အခွင့်အရေးကို နိုင်ငံခြားသင်္ဘောသားတိုင်း(မြန်မာသင်္ဘောသား)မခံစားရတတ်ကြဘူး။ ကုသိုလ်ကောင်းမှုသာ ကမ္ဘာကို တစ်ပတ်ပတ်ရတဲ့ ကိန်းကြဲတာပါ။ ကမ္ဘာတစ်ပတ်ပတ်မိတယ် ဆိုတာက အမျိုးလုတို့ ရောက်နေတဲ့ ဝင်ရိုးစွန်း လတ္တီတွဒ်၊ လောင်ဂျီတွဒ် တနင်္ဂနွေနေ့ တိုက်ဆိုင်နေရင် အဲသည် လောင်ဂျီတွဒ် လတ္တီတွဒ်ကို ဖြတ်လိုက်တာနဲ့ နောက်နေ့လည်း တနင်္ဂနွေနေ့ ခံစားခွင့်ကြုံခဲ့ရပါတယ်။ အဲသည် ခံစားခွင့်ဟာ အမျိုးလုတို့ သင်္ဘောသားတွေ ကမ္ဘာကို တစ်ပတ်ပတ်မိသွားပြီ ဆိုတာ သတ်မှတ်လို့ ရပါတယ်။

အဲသည်လို တစ်ပတ်ပတ်နိုင်ဖို့ အမျိုးလုတို့ တာဝန်ထမ်းဆောင်တဲ့ သင်္ဘောကြီးဟာ တောင်တရုတ်ပင်လယ်ကို အသွားအပြန်ဖြတ်ကြရပါတယ်။ အမျိုးလုတို့ သင်္ဘောအသွားမှာတော့ တောင်တရုတ်ပင်လယ်ဟာ သင်ဖြူးဖျာလိုပဲ ငြိမ်သောင်းပြီး ဂျပြင်ဟာ လှိုင်းတံပိုးတောင် မမြင်ရပါဘူး။ အနောက်ဘက်ကနေ အရှေ့ဘက်ကို ပြန်လာတဲ့ ရက်တစ်ရက်မှာ တောင်တရုတ်ပင်လယ်ကို ညဘက်ကြီး ဖြတ်သန်းရတယ်လေ။ ညဘက်မှာဆိုတာတော့ ည ၂နာရီပေါ့။ တာဝန်ကျ သင်္ဘောသားတွေကလွဲလို့ အခြားသင်္ဘောသားတွေက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျချိန်။ အဲသည်အချိန်မှာ အမျိုးလုတို့ကို ပဲ့စင်ကနေ ဖုန်းလာတယ်။ "လှိုင်းလေကြီးနေတယ်၊ သင်္ဘောသားတွေ သတိ ဝီရိယနဲ့ နေပါ"လို့ သတိပေးကြားကြရတယ်။ အခန်းတိုင်းမှာ အိပ်နေတဲ့ သင်္ဘောသားတွေကိုလည်း နှိုးစေတယ်၊ သက်ကယ်အင်္ကျီတွေ အဆင်သင့် ပြင်ခိုင်းတယ်။ ရရှိထားတဲ့ လစာတွေလည်း ကိုယ်နဲ့ကာ ထားဖို့ အထူးသတိပေးနေချိန်မှာ အမျိုးလုက စက်ခန်းတာဝန်ကျနေချိန်ပေါ့၊ အမျိုးလုလည်း သတိပေးသံကြားတာနဲ့ အခန်းကို ပြေး၊ ဆောင်နေကျ သစ်ကနက် ပုတီးတစ်ကုံးကို သည်ပင်မှာ ဆွဲ၊ ဆုဆောင်းထားတဲ့ ငွေကြေးကို အိတ်ကပ်ထဲ ထည့်ပြီး စက်ခန်းထဲ တာဝန်ယူရတယ်။ လက်အောက်ငယ်သားနှစ်ယောက်တို့လည်း သတိဝီရိယနဲ့နေဖို့ တိုက်တွန်းလိုက်တယ်။ အဲသည်အချိန်မှာ သင်္ဘောကြီးဟာ ဘယ်ဘက်ကို ညာတိမ်းနဲ့ သမုဒ္ဒရာပြင်ကြီးထဲမှာ အကြိတ်အနယ် လူးလိမ့်ခံစားရတယ်။ အမျိုးလုလည်း ရင်ထဲစွဲနေတဲ့ ညောင်ရမ်းမင်းသား နေစဉ်ရွတ်နေတဲ့ ဂါထာကို အဆက်မပြတ် တတွတ်တွတ်နဲ့ ရွတ်နေမိတယ်။ အတွေ့အကြုံအရတော့ ပင်လယ်လှိုင်းကြီးကြီးမားမားသာ ခံခဲ့ရပြီး သမုဒ္ဒရာလှိုင်းကြီးကြီးမားမားကိုတော့ မကြုံဘူး။ မဆုံဘူးတော့ အတော်ကလေးကြောက်နေမိတယ်။ တွေးကြောက် ရွတ်ဆိုတုန်း သင်္ဘောကြီးဟာ ဦးစိုက်ပြီး လှိုင်းအောက်ထဲကို ခဏရောက်သွားတယ်။ သင်္ဘောသားအားလုံးကတော့ ဟန်ချက်တွေ ပျက်ပြီး အတော်ကလေး စိုးရိမ်စရာဖြစ်သွားတယ်။ ခဏအကြာမှာ သင်္ဘောဦးပိုင်းဟာ လှိုင်းတစ်လုံးရဲ့ မ,ချီမှုကို ခံစားလိုက်ရတော့ ပုံမှန်ပြန်ဖြစ်သွားတယ်။ စက်ခန်းထဲကို ရေအချို့ ဝင်ရောက်ပါတယ်။ ဒါပေမဲ့ ပင်လယ်သမုဒ္ဒရာကြမ်းပြင်ကို လုံးဝ မရောက်သွားခဲ့ဘူး။ လှိုင်းတံပိုးကြီးရဲ့ ဒဏ်ကိုတော့ အတော်ကလေး ခံစားသွားရတယ်။ အမျိုးလု အခန်းထဲဆို ဘုရားစင်မှာ ကိုးကွယ်ထားတဲ့ ရုပ်ပွားတော်အသေးလေးရယ်၊ သစ်သီးပန်းကန်၊ သောက်တော်ရေခွက်လေးတို့ဟာ ကြမ်းပြင်ပေါ်မှာ ရောက်နေပြီး အိပ်ရာတွေလည်း ရေတွေ စိုရွှဲနေတာပေါ့။ အမျိုးလုတို့ သင်္ဘောသားတွေလည်း ရေတွေ စိုရွှဲနေတယ်။ ဒါအတွက် အမျိုးလုတို့ သင်္ဘောသားတွေမှာ အရေးမကြီးဘူး။ ရေအောက်ထဲ မရောက်သွားဖို့ အဓိကဖို့ လည်ပင်းမှာ ဆွဲထားတဲ့ သစ်ကနက်ပုတီးတန်ခိုးအရှိန်၊ ရွတ်နေကျ ဂါထာလေးတစ်ပုဒ်ရဲ့ အကျိုးအာနိသင်ကြောင့် အသက်ဘေးက လွတ်ပြီး အဓိန္ဒင်းကို နိုင်ငံခြားငွေအပြည့်အဝနဲ့ ပြန်လာနိုင်ခဲ့ပါတယ်။

သက်ဘေးအောင် ဂါထာ

မာရဲ အာဠဝက် ဟတ္ထိ၊ အဂ္ဂိလိမာလစိဉ္စမာ
ကုဒ္ဒဒန္တံ နာဂရာဇံ၊ ဗက် အဇိနိ တေဇသာ။

ဇိနော - မြတ်စွာဘုရားသည်၊ မာရံ - မာန်နတ်သားကိုလည်းကောင်း၊ အာဠဝကံ - အာဠဝက ဘီလူးမင်းကိုလည်းကောင်း၊ ဟတ္ထိအင်္ဂုလိမာလစိဉ္စမာ ကုဒ္ဒဒန္တံ - နာဠာဂိရိဆင်၊ အင်္ဂုလိမာလ သူခိုးကျော်၊ စိဉ္စမာဏ - မိန်းမယုတ်၊ ကုဒ္ဒဒန္တ-မနုတ်သော သစ္စာက ပရဖိုင်ကို လည်းကောင်း၊ နာဂရာဇ္ဇ-နန္ဒောပနန္ဒ နဂါးမင်းကိုလည်းကောင်း၊ ဗဟံ-ဗကပြဟ္မာကြီးကို လည်းကောင်း၊ တေဇသာ-တန်ခိုးတော်ဖြင့် အဇိနိ-အောင်မြင်တော်မူလေပြီ။

* * *

အမျိုးလု

www.burmeseclassic.com

www.burmeseclassic.com

ယခင်ထမ အဆက်...

နောက်တစ်နေ့ မော်လမြိုင် ရထားနှင့် ပါခဲ့ရသော ဘဒ္ဒေးတွင် ပဲခူးက လွန်ခဲ့ပြီးသည့်နောက် မှပွလင်၊ ကျိုက်ထို၊ နှင်းပုလဲတို့ကို ဖြတ်လာခဲ့ရသည့်အချိန်မှစ၍ ရင်တွင်း၌ တဒိတ်ဒိတ်ခုန်နေတော့လေ၏။ သထုံ၊ အောင်ဆိုင်တို့ကို ရောက်ပြီးသည့်နောက် ဤတစ်ခါ ရထားရပ်လျှင် ရင်းညိမ်ဟု ခရီးသွားများထံမှ သိထားရပြန်လေရာ ရထားအရှိန်လျော့၍ ဘူတာသို့ ဝင်မည်ပြုသည့်အခါ အလိုလိုစိတ်လေး၍ လာမိတော့သည်။

"ငါ့ညစ္စာ နေရာမှ ကျပါ့မလား၊ တော်တော်ကြာ သူများ မားခုတ်ရာ လက်ဝင်လျှိုသလိုများ ဖြစ်နေရမလား။ ငါ ဆတ်ဆော်ပြီး လိုက်လာမိတာ အမှုမရှိ အမှုရှာသလို ဖြစ်နိုင်တာ မျိုးပဲ" ဟု ခြိတုံချတုံဖြစ်နေစဉ်ပင် ဘူတာကလေးသို့ ရထားဆိုက်တော့သဖြင့် ယောင်ပေပေနှင့် ဆင်းလိုက်ရတော့သည်။ ရင်းညိမ်ဆိုသော ဘူတာကလေးမှာ ရန်ကုန်မှ ၁၄၂ မိုင်ဝေး၍ စိမ်းလန်းစိုပြည်သော ရွာကလေးကို နောက်ခံပြုကာ သေးငယ်လင့်ကစား အတော်သာယာစိုပြည် နေချင်စဖွယ်ကလေး ရှိလေ၏။ ထိုဘူတာတွင် ဆင်းသူဟူ၍ များပြားစွာ မရှိလှ။ အလုပ်ကြမ်းသမား ရွာသားနှင့် တူသော ယောကျ်ားလေး ငါးယောက်နှင့် စေးသည် မိန်းမကြီး သုံးလေးဦးမျှသာ တွေ့ရလေသည်။ ဘဒ္ဒေးသည် စကြံ သမံတလင်းပေါ်တွင် "မဝင်းနု" ဆိုသော မိန်းကလေးလာ၍ ကြိုလိုက်ကြိုပြား စောင့်စား မျော်ကြည့်မိသေးသည်။ သို့သော် မိန်းကလေးတစ်ဦး တစ်ယောက်မှ မတွေ့ရ။ ဤသို့ဖြင့် ရွာတွင်းသို့ သွားရလျှင်လည်း ကိုယ့်လိပ်ပြာကိုယ် မလုံစရာကောင်းလှသည်။

"ဟေ့... မင်း မောင်ဘဒ္ဒေးလားကွယ့်"

ဘဒ္ဒေးသည် စဉ်းစားငေးမောနေရာက မေးသံကြား၍ ကြည့်လိုက်မိသည်။ အဃက် ဖဝခန့် ဆံပင်ဖြူဖြူ ခေါင်းပေါင်းအနက်တွင် အဖြူဖောက် ပေါင်း၍ ခပ်သန်သန်မာမာ လူကြီးကို တွေ့လိုက်ရသည်။ ဆံပင်တွင်မက မျက်ခုံးမွေးကြီးများပင် ဖြူနေလျက် သွားလည်း အနည်းငယ် ချို့ယွင်းနေပုံရသည်။ စူးရှသော မျက်လုံးနှင့် နဖူးခပ်ကျယ်ကျယ်မှာ ပညာရှိကြောင်း သိသာသည်။ သူသည် ဆီစိမ်လုံချည် ရေနံရောင်ကို ဝတ်ကာ ပင်နီဖြူအင်္ကျီ ရင်ဖုံးနှင့်ဖြစ်သည်။

"ဆရာမိုလားခင်ဗျာ"

ဟု ဘဒ္ဒေး မေးမြန်းလိုက်သောအခါ...

"အေး၊ မင့်သာ ငါက ကောင်းကောင်းမမှတ်မိတာ ငါ့တော့ မင်း အမှတ်မိသားပဲ"

ဟု ခြိမ့်မိမ့်စကားမျိုး ထွက်လာသော်လည်း ဘဒ္ဒေးနှစ်လိုအားရ ဝမ်းသာလှသော တွေ့ခြင်းမျိုး မပြ။

"အင်း... မင်းတို့ လူငယ်တွေကတော့ ဟာမိပေမယ့်ကွာ။ ငါ့မှာတော့ မျက်စိတွေတောင် နည်းနည်းသီပဟ

www.burmeseclassic.com

ဘင်္ဂလားအစ်ကိုကြီး

illustration by shweeaungkyaw34@gmail.com

အား···၊ အနိစ္စ···အနိစ္စ။ မင်းအမေ မငြိမ်းသာနဲ့ ငါနဲ့ တစ်ခုတည်းကိုက္ခ။ ကဲ··
·ကဲ···ငါ့ဘုံပြတ်ပါလာတယ်။ သွားစို့···သွားစို့"

အဘိုးကြီး ရေ့ဆောင်သွားရာသို့ ဘဒ္ဒေး လိုက်ခဲ့မိသည်။ ဘဒ္ဒေးသည် စောစော
စီးစီးက ဖွင့်ပြောထားရကောင်းလေမလားဟု စဉ်းစားရင်း လိုက်ခဲ့ရာမှ ဘူတာအတွင်း
မြင်းလှည်းကလေးတစ်စီးရပ်ထားသည်ကို တွေ့ရလေသည်။ မြင်းမှာလည်း ခပ်ပိန်ပိန်
ရထားကလည်း ခနော်နီခနော်နဲ့ပင်ရှိသောကြောင့် ဆရာကြီး၏ အခြေအနေကို ထွေးထာ

www.burmeseclassic.com

www.burmeseclassic.com

သနားမိတော့သည်။ ဆေးဆရာကြီးသည် မြင်းကို တိုင် တစ်တိုင်၌ ချည်ထားရာမှ ဖြုတ်၍ လှည်းကလေးကို ကိုယ်တိုင် ခပ်ဖြည်းဖြည်းပြင် မောင်းနေတော့သည်။ မြန်မြန် မောင်း၍လည်း သူလှည်းနှင့် သူမြင်း အလျှင်း ဟန်ကျမည် မဟုတ်။ ထိုသို့ မောင်းနေရာက ခဏကလေးအကြာတွင်-

"ဘဒ္ဒေး···ဘဒ္ဒေး၊ မင်း အတော်မိုက်တဲ့ ကလေးပဲ"

ဟု နိဒါန်းပို့လေတော့ရာ ဘဒ္ဒေးတွင် မျက်နှာပူသလို လိုတွေး၍ ရယ်ချင်သလိုလိုဖြစ်သွားတော့သည်။

"မင်းအမေကြီးဟာ ချမ်းသာကတည်းက မင်းကို အလို လိုက်ခဲ့တယ်။ အင်း···အလိုလိုက်လွန်းလို့ ပျက်စီးတာ ပေါ့ကွယ်။ သထုံ အင်္ဂလိပ်ကျောင်းထားတယ်။ မင်း ကျောင်း ပြေးတယ်။ ဘူတာရုံမှာ ကလေကဝ နေချင်တယ်။ မိဘ ပိုက်ဆံ ဖြုန်းတယ်။ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ အရက် သောက်တတ်တယ်။ ဟင်···မင်း ဒီတုန်းက ဆယ့်လေးငါး နှစ်လောက် ရှိဦးမယ်။ မင့်အတွက်နဲ့ မင်းအမေဟာ မျက်ရည် ပေါက်ကြီးငယ်ကျရတဲ့ အခါပေါင်း များလှပြီ။ မိဘ စိတ် မချမ်းသာအောင် လုပ်တဲ့လူဟာ ဘယ်ကောင်းမလဲကွာ"

ဟု လူကြီးသံနှင့် ကြိမ်းတော့သည်။ ဘဒ္ဒေးသည် ငြိမ်ငြိမ်သက်သက်နှင့် ဆက်၍ နားထောင်နေမိသည်မှာ မငြင်းလို၍ မဟုတ်။ သူတို့၏ ဘဒ္ဒေး ဘယ်လောက်အထိ ဒုက္ခပေးသနည်းဟု သိလို၍ဖြစ်၏။ အဘိုးကြီးကား ဖြည်း ဖြည်းချင်းသွားနေသော မြင်းချုံနာကို တံပျာကလေးနှင့် တို့ကာ···တို့ကာ မနာမကျင် သတိပေးနေရသေးသည်။

"ဟို···ဝင်းနုကလေးဟာ အငယ်သာ ဖြစ်တယ်။ မိဘကို ချစ်တဲ့နေရာ၊ ပြုစုတဲ့ နေရာမှာ မင်းထက် အဆ တစ်ရာလောက် သာတယ်။ ဟာ···မင်းနဲ့ နှိုင်းလို့တော့ မဖြစ်ပါဘူးလေ။ မင်းက နှိုင်းမှ မနှိုင်းလောက်တော့ပဲ"

အဘိုးကြီးသည် ပြောရင်း ဒေါသဖြစ်လာသကဲ့သို့ တံတွေးကို ထွီခနဲ မြင်းလှည်းကို ကျော်၍ ပစ်ထွေးလိုက် သည်။

"မင်း ထွက်ပြေးတော့ ကလေးမလေးက ခုနစ်နှစ် လောက်ပဲ ရှိသေးတယ်မဟုတ်လား။ အဲ···ငယ်ငင် ငယ်ပေ မယ့် မအေကြီးနဲ့ ဒိုးတူပေါင်ဖက် လက်ကတုံးတောင်ဝေး ကူညီဖော်ရတယ်။ မင်းလို အင်္ဂလိပ်ကျောင်းတောင် နေရရှာ တာ မဟုတ်ဘူး။ မြန်မာကျောင်းမှာပဲ ဆယ်တန်းအထိ စာ သင်ပြီး ဆရာဖြစ် စာမေးပွဲဝင်၊ အောင်တော့ ဆရာလုပ်ပြီး မိဘကျေးဇူးဆပ်ရှာတယ်။ သူတစ်ယောက်သာ ပြုစုမယ်သူ မရှိရင် မခက်ပါလား။ မင်းတို့မှာလည်း အရင်ကလို ကြွယ်ဝ ကြွယ်ဝရှိတော့တာ မဟုတ်ဘူးကွ။ အခု အိမ်နဲ့ ခြံကြီးကို ပေါင်ထားရပြီ။ ဒါလည်း နေ့ဆုံးမလား။ ညဆုံးမလားဘဲ။ ဘယ်···အရင်းနေနေသာသာ အတိုးမှ မဆပ်နိုင်တော့ ငွေရှင်က ကြည့်နေမှာ မဟုတ်ဘူးကွ။ ကောင်မကလေးမှာ ကျောင်းလခကလေး ရအောင် ပြေးသင်လိုက်ရ၊ မအေ မမာတာ ပြုရ၊ အခု တစ်နှစ်ကျော်ကျော်ကြီးရှိပြီ။ ဒီကြားထဲ မင်း သတင်းကြားလိုက်ရတာက တော်တော်ကြာ မသက်သာမှု နဲ့ အချုပ်ခံရပြန်ပြီ။ တော်တော်ကြာ လှယက်မှုနဲ့ အဖမ်းခံရ ပြန်ပြီဆိုတော့ မင့်အမေ မလဲဘဲ ဘယ်ခံနိုင်ပါ့မလဲ"

ဘဒ္ဒေးသည် ဤမျှလောက် အောက်တန်းကျသူနှင့် အထင်မှားခံရခြင်းကိုကား ရုက်ကြောက်လာတော့သည်။ ထို့ကြောင့် နောက်က နေ၍···

"မဟုတ်ဘူး ဆရာကြီး။ ကျွန်တော် ပြောဦးမယ်။ ဒီမှာ···"

ဟု ပါးစပ်က လိုက်၍မှ မဆုံးမီ···

"အဲမာ···မင်းက ငါ့ကို ဘာပလီဦးမလို့လဲ။ ရန်ကုန်

မအေနဲ့ နှမ ဘယ်လောက်ဒုက္ခဖြစ်နေသလဲဆိုတာ
၁၅ နှစ်လောက်လုံးလုံး
လူတော့ တစ်ခေါက်မှပြန်မလာ။
ငွေကိုသာ ဟိုကနေမှာ၊ ဒီကနေမှာနဲ့၊
အင်း . . . ဟိုတစ်နေ့ကမှ
အလုပ်ဝင်လုပ်နေပါပြီဆိုတဲ့ စာရသတဲ့။
ဝင်းနုက လာပြောလို့ သိရတယ်။
အလုပ်ရတဲ့ကောင်က လားကွာ၊
မအေ့ဆီ ငွေထပ်မှာရတာ။
ဒီမှာဖြင့် သည်ဂျီဟိုဖို့ စရိတ်တောင် မရှိလို့
ကောင်မကလေး မျက်ရည်နဲ့ မျက်ခွက်

www.burmeseclassic.com

www.burmeseclassic.com

နဲ့ ရင်းညိမ် ဘယ်လောက်ဝေးတာမို့ မင်းသတင်းမကြားဘဲ နေရမှာလဲ၊ ငါ့လခွေး"

ဟု ပြောပြောဆိုဆို မြင်းပိန်ကလေးကို ခေါ်သနင့် မဲ၍ တစ်ချက်ရိုက်လိုက်သောကြောင့် မြင်းကလေးက လန့်၍ အခုန်လိုက်တွင် လှည်းကလေးက အပေါ်သို့ ဆောင့်တက်သွားသည်နှင့် ဘဒ္ဒေးတွင် ကသိကအောက်ကြီးက စကား မဆက်နိုင်တော့ပေ။

"ဒီမှာ မအေနဲ့ နမ ဘယ်လောက် ဒုက္ခဖြစ်နေသလဲ ဆိုတာ ၁၅နှစ်လောက်လုံးလုံး လူတော့ တစ်ခေါက်မှ ပြန်လာ၊ ငွေကိုသာ ဟိုကနေ မှာ၊ ဒီကနေ မှာနဲ့၊ အင်း... ဟိုတစ်နေ့ကမှ အလုပ်ဝင်လုပ်နေပါပြီဆိုတဲ့ စာရသစ္စဲ၊ ဆင်းနက လာပြောလို့ သိရတယ်။ အလုပ်ရတဲ့ ကောင်က သားကွာ၊ မအေ့ဆီ ငွေထပ်မှာရတာ။ ဒီမှာဖြင့် သံဖြူဟပ်ဖို့ ဆိုတောင် မရှိလို့ ကောင်မကလေး မျက်ရည်နဲ့ မျက်ခွက်။ သူ့မျှာမှာ အသေကျပ် အနေကျပ်ဖြစ်နေရတဲ့အထဲ ငွေကလေးများ ပို့လိုက်မလား အောက်မေ့ပါတယ်၊ မင်းကပဲ ဆွဲမှာလိုက်ရသေးတယ်"

ဟု ပြောရာက ဆရာကြီးက တစ်စုံတစ်ခုကို ဖြုန်းခဲ့အပ်ရသကဲ့သို့ ဘဒ္ဒေးရှိရာသို့ လှည့်ကြည့်လိုက်ပြီးမှ...

"အင်း... အဲ့... အဲ့ပါ့ကွာ။ မင်း ကြည့်လိုက်တော့ ခန်းကောက်လုံချည်နဲ့၊ ရွှေလက်ပတ်နာရီနဲ့၊ ပြောင်ပြောင် ဘက်လက်"

"မဟုတ်ပါဘူး။ ကျွန်တော်ပြောပါရစေဦး ဆရာကြီး ရဲ့"

"အေးလေ၊ ခိုးလို့ ရရ၊ တိုက်လို့ ရရပေါ့ကွာ။ မိဘ ဆိုတော..."

"မဟုတ်ဘူး... မဟုတ်ဘူး။ ဆရာကြီး အခုပြောတာ ဟာ..."

"အေးလေကွာ၊ အကြမ်းစည် အပေါက်အလမ်းတည့် သေးသေး ထားပါတော့။ ငါ့စကားလွန်သွားတာ ငါသိပါတယ်။ ဟာ - ကဲ၊ ဟောဟိုမှာ မင်္ဂနမ၊ မှတ်တောင် မှတ်မိသေးရဲ့ ဟေ့"

အဘိုးကြီး ပြရာသို့ ကြည့်လိုက်ရာ ခြံဝသို့ ထွက်၍ ကျန်ခဲ့ပုံရသော အသက် ၂၀ကျော်လောက်ရှိသည့် မိန်းကလေးကို တွေ့လိုက်ရသည်။ အဘိုးကြီးကို ရှင်းနေမယ့် အစား ကောင်မလေးတွေမှ အေးအေးဆေးဆေး ရှင်းပြတော့ ပြီးမှ အောက်မေ့လိုက်သည်။ မဝင်းနဲ့ ဆိုးသူကလေးမှာ ကိုယ်ကာယ ဖျတ်ဖျတ်လတ်လတ်နှင့် သူမ၏ ၁၅နှစ်လုံးလုံး အကွဲကြီး ကွဲနေသော အစ်ကိုကြီးကို ပူပင်သောသ ဗျာပါဒများစွာဖြင့် ဆိုးကြိုးမျှော်ခေါ်နေဟန် ရှိလေ၏။ မြင်းလှည်းကလေး ခြံဝသို့ ရောက်သည်နှင့် တပ်ပြီးနက် လေးငါးလုံးလောက် အရေးတကြီး အပြေးလာတွေ့သည်တွင် သန့်ပြန့်ထည်ဝါသော ဘဒ္ဒေး၏ ရုပ်လက္ခဏာနှင့် အဝတ်အစားများကြောင့် အနည်းငယ် ဟန့်ကာ ရွံတွန့်တွန့် ဖြစ်သွားရာတော့သည်။ ဘဒ္ဒေးသည် မြင်းလှည်းပေါ်မှ ခပ်ဆိုင်းဆိုင်းဆင်းမိလေ၏။

"ကဲ - ဝင်းန၊ နင့်အစ်ကိုကြီး လူမိုက်ကို..."

ဟု ဆရာကြီးက ပြောလိုက်မှ ဝင်းနတွင် သံသယကင်းသွားသကဲ့သို့ ရဲရဲတင်းတင်း ဘဒ္ဒေး၏ လက်နှစ်ဖက်ကို ဆွဲကာ...

"နေရက်ပါပေ့ အစ်ကိုကြီးရယ်။ နေရက်ပါပေ့"

ဟု ကြူးကြူးပါအောင် ငိုလိုက်လေ၏။ သူမ၏ မိုးသိပ်ခဲ့ရသော ဒုက္ခ၊ သောက၊ ဗျာပါဒတို့ဖြင့် ရောပြွမ်း ပြည့်နှက်နေသော ဟရိဒေဝီကြီးမှာ ဘဒ္ဒေး၏ ဆိုက်ရောက်မှုကြောင့် လတ်တလော ပေါက်ကွဲသွားပုံမျိုး ရှိတော့သည်။ မွန်အမျိုးအနွယ်ပီပီ နွဲ့နွဲ့နှောင်းနှောင်းနှင့် စကားကလေး ငဲတဲတဲမှာ သနားကြင်နာစရာကောင်းလှသည်။ ဘဒ္ဒေးသည် မိမိလက်ကို လွတ်ထွက်သွားအံ့ စိုးသကဲ့ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ငိုနေသော မဝင်းနကို မြင်ရသောအခါ သူကိုယ်တိုင် မချိတင်ဖြစ်မိသည်။ သို့သော် သူတို့၏ ဘဒ္ဒေးအဖြစ်မဖြင့် နှစ်သိမ့်ရမည်လော၊ ကိုယ်ပိုင် ဘဒ္ဒေးအဖြစ်ဖြင့် အားပေးရမည်လော ဟု တွေးတောရင်းသာ အချိန်ကြာခဲ့ရလေသည်။

"မဟုတ်ဘူး ကလေးမ၊ ငါ တစ်ခုပြောဦးမယ်"

"အစ်ကိုကြီးလေ... အစ်ကိုကြီး၊ လူကို အခုထက်ထိ ကလေးမလို့ ခေါ်တုန်းပဲ ရှိသေးတယ်နော်။ ကဲ... ကဲ၊ လာ... လာ၊ မေမေ့ကို ဝင်ကြည့်ပါဦး။ မနက်ကမှ ပြင်အသက်မ မီပါဦးမလား အောက်မေ့မိတယ်။ သူ့ခမျာ သားရဲ့ တောက ဘယ်လောက်များ သန်နေသလဲဆိုရင် ရထားဝင်လာတဲ့ ဥသြသံလည်း ကြားရော "ဟော... ငါ့သားကြီး ပြန်လာပြီဆိုပြီး ခေါင်းထောင်ထတာပဲ။ သို့ပေမယ့်... သို့ပေမယ့် မေမေတော့ ဒီတောင်က ကျော်တော့မှာ မဟုတ်ပါဘူး အစ်ကိုကြီးရယ်"

ဟု အဆုံးသတ်တွင် အားလျော့စကားပြောကာ ဘဒ္ဒေးကို လက်မောင်းက ကိုင်၍ အတင်းဖွတ်ခေါ်ဆောင်သွားလေ၏။

ပျဉ်ထောင်သွပ်မိုး လေးပင် သုံးခန်း ကျွန်းအိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

သည် ယခင်အခါက အတော်ထည်ထည်ဝင်ဝင် ခမ်းနားခဲ့ရပုံ ပေါက်လေသည်။ ဆင်ဝင်ကြီးမှာ အနည်းငယ်ပင် ချို့ယွင်းပျက်စီးနေပြီဖြစ်သော်လည်း ပြင်ဆင်မွမ်းမံခြင်း မရှိသောကြောင့် အိမ်ရှင်များ၏ အခြေအနေကို သိနိုင်လေသည်။ မဝင်းနုတို့မှာ ပထမက အတော်ကလေး ကြွယ်ဝခဲ့ကြောင်း ရိပ်မိနိုင်တော့၏။ အိမ်ထဲသို့ ရောက်သွားသောအခါ အိမ်ထောင် ပရိဘောဂများများစားစား မတွေ့ရ။ နည်းနည်းနှင့် ကျဲကျဲ ဝိုင်းထားရဟန်ဖြင့် မရှိလျှင် မဖြစ်သည့် ပစ္စည်းအချို့ကိုသာ တွေ့ရသည်။

အိမ်ခေါင်းရင်းဘက်ခပ်ကျဉ်းကျဉ်း အခန်းကြီးတစ်ခန်းတွင် မဝင်းနု၏ မိခင်ကြီး လားရာဂတိကို ငံ့မျှော်နေရာဌာနဖြစ်တော့သည်။ အခန်းတွင်းသို့ မဝင်းနှင့် ရှေ့ဆင့်နောက်ဆင့် ဝင်မိသောအခါ ကြီးမားသော ကျွန်းခုတင်အဟောင်းကြီးပေါ်တွင် အသက် ၆၀ခန့် လူမမာကို မြင်ရ၏။ အဘွားကြီးသည် မိန်းမောနေဟန် ရှိလေ၏။ သူ၏ ညှိုးရော်သော အရေအသားနှင့် ပိန်လှီသော ကိုယ်ကာယသည် အိမ်ကြီး၏ မသစ်လွင်သော မျက်နှာကြက်ကို ရင်ဆိုင်ပြုလျက်ရှိကာ နက်ရှိုင်းသော မျက်ကွင်းနှစ်ခုမှာလည်း စုံမိတ်ထားလျက်ရှိတော့သည်။ ယို့မျမ်းနေနယ်စဉ်က လှပချောမွေ့ခဲ့ဟန်တူသော မွန်ရည်သည့် အသွေးသည်ကား သေဘေးနှင့် ယှဉ်ပြိုင်၍ နေရသည့်တိုင် အကြွင်းမဲ့ ပြောင်းလဲလွင့်စဉ်ကုန်ကြသည်မဟုတ်သေး။ အဘွားကြီးသည် သွေ့ခြောက်သော နှုတ်ခမ်းကို လျှာဖျားနှင့် အားယူ၍ လိုမ့်နေရာတော့သည်။ ဘဒြေးသည် ခြေဖျားထောက်ကာ တစ်လှမ်းချင်း တိုးမှန်းမသိ တိုးသွားမိသည်။ မျက်ရည်ထွေ ဥလျက် တထိတ်ထိတ် ကြည့်ရှုနေရဟန် တူသော မဝင်းနု၏ မျက်စိသည် ဘဒြေ၏ အမူအရာနှင့် မိခင်ကြီး၏ မျက်နှာဆီသို့သာ ကူးသန်းနေတော့လျက်၊ အပါးတွင် ရပ်နေသော ဆေးဆရာကြီး ဦးမိုမှာကား လက်ပိုက်လျက်နှင့် အဘွားကြီး၏ မျက်နှာကိုသာ ကသိကဟုသလို ရှုရင်း မလှုပ်မယှက် မားမားကြီး တည်ရှိလေသည်။

"မေမေ···မေမေ အစ်ကိုကြီး ရောက်လာပြီလေ"

ဟု မဝင်းနက ခုတင်ဘေးတွင် ဒူးထောက်၍ အဘွားကြီး၏ နားနားသို့ ကပ်၍ ပြောလိုက်သောအခါ လူမမာသည် မျက်စိတဖြည်းဖြည်းပွင့်လာသည်ကို တွေ့ရလေသည်။ ဘဒြေးသည် ဖျူဖျပ်ဖျူရော်ဖြစ်နေသော မျက်နက် သူငယ်အိမ်များကို မြင်ရခြင်းကြောင့် အမယ်အိမှာ ဆရာကြီး ဦးမိုပြောသကဲ့သို့ စက္ခုပသာဒ ချို့ယွင်းနေကြောင်း ကောင်းစွာ သိထားလေတော့သည်။ သို့သော် နားက အတော်အသင့်ကြားရသေးသော လက္ခဏာနှင့် နွမ်းနယ်နေသော လက်နှစ်ဖက်ကို အားယူကာ ဆန့်တန်းလျက်···



"သား···သား···မမေ့သား"

ဟု ရေရွတ်နေရာသည်။

အမေကြီး၏ အသံမှာ လောဘတကြီးဖြင့် အာသာငမ်းငမ်း နလုံးတွင်းမှ ထွက်လာသော မချိတရိအသံမျိုးဖြစ်လေ၏။ ဘဒြေးသည် ကိုယ့်ဘဝကိုယ် မေ့၍ ဆောက်တည်ရာ မတွေ့ဖြစ်သွားတော့သည်။ သေလုနီးပါးဖြစ်သော မိခင်၏ စေတနာ မေတ္တာမျိုးကို မမြင်ရက် မရှုရက်အောင် မျက်စိအောက်၌ တွေ့ရသောအခါ မန္တလေး ဘဒြေးဘဝမှ သူတို့ဘဒြေးအဖြစ် ဘဝပြောင်းသွားသလောက် ထိခိုက်ခဲ့တော့သည်။ ထို့ကြောင့် ခုတင်တစ်ဖက်က ဒူးထောက်၍ အဘွားကြီး၏ လက်တွင်းသို့ လည်ပင်းတစ်ခုလုံး ဝင်လိုက်ပြီးကာ မျက်ရည်လည်ရွဲနှင့် ပွေ့ဖက်မိရုံမျှမက ပါးစပ်ကလည်း···

"အမေ···အမေ ကျွန်တော် လာပါပြီ အမေ"

ဟု အလိုအလျောက် ထွက်သွားမိသည်။ ထိုအသံသည်လည်း ငိုရှိုက်တော့မတတ်ဖြစ်နေလေ၏။

အမေကြီးသည် ရှိသမျှ ကြွင်းသမျှသော ခံစားအားကလေးကို အကုန်သုံးလိုက်သကဲ့သို့ ပက်လက်ခုံ အားယူ၍

www.burmeseclassic.com

www.burmeseclassic.com

ထလိုက်လေသည်။ ဘဒ္ဒေးသည်လည်း ကြင်နာခြင်း ပြင်းပြစွာဖြင့် မိခင်ကြီး၏ ကျောကို မန္တာရက်သကဲ့သို့ လက်နှင့် သိုင်းကာ ဖက်ထားမိလေသည်။ မဝင်းနုကို ကြည့်လိုက်သော အခါ အကြီးအကျယ် နောင်တရလာကာ မကြင်နာစဖူး နာလှသော သူမ၏ အစ်ကိုကြီးကို ယူကျုံးမရဟန်နှင့် ကြည့်ကာ တတွေတွေ ကျဆင်းလာသော မျက်ရည်များကို သုတ်၍ ကျိတ်ရှိုက်နေတော့သည်။

ဆေးဆရာကြီး ဦးမိုမှာကား သားအမိများ၏ ဖြစ်ပုံကို အာရုံမျက်မြင် မတွေ့ခဲ့သကဲ့သို့ သက်ပြင်းတစ်ချက်ချကာ ခုတင်အနားမှ ခေါင်းငိုက်စိုက်ဖြင့် မျက်နှာလွဲသွားရှာလေသည်။ အဘွားကြီးမှာကား မိမိရင်ခွင်တွင် အပ်ထားရသည့် သားမှာ ၁၅နှစ်လုံးလုံး ကွဲကွာနေရသော သားအစစ်ဟု ယုံကြည်ကျေနပ်၍နေရုံမျှမက၊ ယခု တွေ့ရသောအချိန်မှာ သူခန္ဓာမှ အသက်မထွက်သမျှ မလွတ်လိုတော့သကဲ့သို့ ဇွတ်တွယ်ထားတော့လေသည်။

"အားတင်းပါ အမေ။ ကျွန်တော် ပြန်လာပါပြီ။ ဘာမှ မူစရာ မရှိတော့ပါဘူး"

ဟု ဘဒ္ဒေးသည် ဟန်ဆောင်၍ ပြောဆိုနေထိုင်ရန် ကြိုးစားကာ ပြောဆိုလာခဲ့ခြင်းဖြစ်သော်လည်း မိမိ၏ ဇာတ်ကွက်တွင် စိတ်ပါလက်ပါ ဝင်ရောက် ကပြနေရသော ဇာတ်မင်းသားကဲ့သို့ လှိုက်လှိုက်လဲလဲဖြစ်နေတော့သည်။

"သား···သား လိမ္မာလှချည်လား သားရဲ့"

"ကျွန်တော် လိမ္မာလာပြီ အမေ။ အမေ့ကို ငွေနဲ့ဆက်ပြီး ကုယူမယ်။ အကောင်းဆုံးဆေးတွေ၊ အတော်ဆုံးဆေးစာကို ကမ္ဘာပေါ်မှာ မရရအောင် ရှာပြီးကို ယူမယ်။ အမေ မသေရဘူး။ စိတ်ချ၊ အမေ မသေရဘူး"

"အမယ်လေး···သားရဲ့၊ သား···သား"

အဘွားကြီးအဖို့ တစ်ခါမှ မမျှော်လင့်ခဲ့ဘူးသော စကားများ ကြားရခြင်းကြောင့် ဝမ်းအသာလွန်သော ပီတိအဆောက်အအုံကြီးမား လေးလံလွန်းလှသည်။ ထိုပီတိ၏ လှုပ်ရှားရုန်းကန်မှုကို ယိမ်းယိုင် ယိုယွင်းနေသော ခန္ဓာကိုယ်နှင့် ချိုင့် ဖောက်ပြန်နေသော ဟာဒယအိမ်၌ ခံနိုင်စွမ်းရည် မရှိတော့သောကြောင့် တစ်သိန်းမက၊ တစ်သန်းမက ဝမ်းသာအားရပြောချင်လှသည့် စကားလုံးရေမျှားအစား သား···သားဟူသော နောက်ဆုံး စကားလုံးနှစ်လုံးနှင့်သာ ဘဒ္ဒေး၏ ညည်းငင်ကို ဖက်ရင်း ကွယ်လွန်သွားတော့လေရာ အရိပ်အကဲကို တဒိတ်ဒိတ်နှင့် စောင့်ကြည့်နေရှာသည့် မဝင်းနု၏ ဦးသံကား တစ်ခန်းလုံး လွှမ်းခြုံအုပ်စိုး၍ သွားတော့လေ၏။

"အင်း···သွားရှာမလား မငြိမ်းသာရယ်"

ဟု ညည်းတွားရင်း ဆရာကြီး ဦးမိုက အနားကပ်၍ သေသေချာချာကြည့်ရှာသည်။

ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် ကံဆိုးသမျှ ဒုက္ခတွေကို ဝိုနေရှာသော မဝင်းနုအား အသံကို ကြားရသည်မှာ ဘဒ္ဒေး၏ ရင်ထဲတွင် နင့်ခနဲ နင့်ခနဲဖြစ်၍ စူးတော့သည်။ ထို့ကြောင့် အဘွားကြီး၏ လက်များကို အသာအယာဖြေချ၍ ခုတင်ပေါ်တွင် နေသားတကျဖြစ်မှ အခန်းအပြင်သို့ ထွက်ခဲ့ရသည်။

ဆရာကြီး ဦးမိုသည် ဘဒ္ဒေး၏ နောက်မှ ကပ်၍ လိုက်ခဲ့သည်။ အိမ်ရှေ့ ဝရံတာကို လက်တင်၍ ခြံအပြင်သို့ ကြည့်ရှုငေးမောနေခြင်းကြောင့် ဆရာကြီး ဦးမိုကိုပင် သတိမထားမိချေ။

"မိတာကောင်းသား ခံရများ၏။ သားကောင်းမိတာ ခံခဲလှ၏ဆိုတာ မင်းလိုသားမျိုးကို ပြောတာပေါ့ကွ ဘဒ္ဒေးရ။ မင်း မရောက်တော့ မရောက်···မရောက်နဲ့၊ မင်းရောက်တော့ ဝမ်းသာလုံးဆိုပြီး သေရရှာတာပဲ။ ကဲ - ဒါတွေက အနိစ္စမို့ထားပါဦး။ အခု ဘယ်ပုံစံ စီမံမယ် ကြံသလဲ။ အိမ်ကြီးတစ်လုံးမှာဖြင့် ချူးတစ်ပြားမှ ရှိတော့တာ မဟုတ်ဘူး"

ဘဒ္ဒေးသည် ဆရာကြီးကို လှည့်ကြည့်ရင်း ဖြည်းလေးစွာ အိတ်ထဲက နှိုက်၍ ငွေစက္ကူအသစ် တစ်ထောင်အုပ်ကို ဆရာကြီးလက်သို့ ထိုးထည့်လိုက်လေသည်။

"အဲဒါ အခုကိစ္စအတွက် သုံးဖို့ပဲ ဆရာကြီး။ ဒီအထဲက သူများကြွေးမြေအတိုအစရှိရင်လည်း ဆပ်နိုင်လောက်ရဲ့ မဟုတ်လား။ ကလေးမကလေးအတွက် လိုတဲ့ ပစ္စည်းများလည်း ဝယ်ပါစေဗျာ။ ဆရာကြီးရဲ့ ဆေးဖိုးဝါးခလည်း ကျွန်တော်က ပေးပါဦးမယ်။ ဆရာကြီး ဒီလို စောင့်ရှောက်လာခဲ့တာတွေလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်"

ဆရာကြီး ဦးမိုသည် ငွေတစ်ထောင်အုပ်ကို အားနည်းမှုန်ဝေသော သူ၏ မျက်စိကလေးများနှင့် အားရပါးရဖြဲကြည့်နေရှာသည်။ သူ၏ လက်များသည်လည်း တဆတ်ဆတ်နှင့် တုန်ယင်လျက်ရှိတော့သည်။ သူသည် ဘဒ္ဒေး၏ မျက်နှာကို ကြောက်ရွံ့ တုန်လှုပ်သော မျက်နှာငယ်ကလေးနှင့် စိုက်၍ ကြည့်နေရှာသည်။ သူ၏ ပုံပန်းနှင့် အမူအရာအားလုံးမှာ သူနှင့် မထိုက်တန်၊ မမျှော်လင့်ခဲ့မိသော ဆုလာဘ်ပကာကြီးကို လှုပ်အလယ်၌ လက်ခံနေရသလို ရှိတော့၏။

"ကဲ - ဆရာကြီး၊ ကလေးမနဲ့ တိုင်ပင်ပြီး လုပ်စရာ ရှိတာတွေးသာ လုပ်ပါတော့"

ဟု ဘဒ္ဒေးက စိတ်ရှုပ်သလို ပြောလိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးတွင် ခေါင်းတဆတ်ဆတ်ညိတ်နေရင်းက···

"ကောင်းပါ့···မောင်၊ ကောင်းပါ့···ကောင်းပါ့။ အင်း···ကလေးမလေး ဘယ်လောက် အားတက်ရာမလဲ ကွယ်။ ငါ့တူ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ"

ဟု ညှင်းပြောင်းသော အသံတုန်ကလေးနှင့် ပြော၍ ဘဒ္ဒေးအဖိုးမှ ခပ်ယိုယိုထွက်သွားရှာသည်။

ဘဒ္ဒေးသည် စိတ်ကူးတစ်မျိုး ပြောင်းနေလေ၏။ မူလက ဆရာကြီးနှင့်တကွ ကလေးမလေးကိုပါ အမှန်ကို ဖွင့်ပြော၍ ရန်ကုန်သို့ ပြန်မည်ဟု စိတ်ကူးထားရာ၊ ယခုကား အားငယ်နေမည်ဖြစ်သော ကလေးမ တစ်ကောင်ကြွက်ကို ပြော၍မထွက်အောင် ရှိနေတော့လေ၏။ ထို့ကြောင့် ယခုနေထားသွား၍ မဖြစ်။ ရေလိုက်ငါးလိုက်နေရန် ဆုံးဖြတ်လိုက်ရသည်။

ထိုအခိုက် ဘဒ္ဒေးသည် ခြံဝသို့ ခပ်ယိုင်ယိုင် လူတစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။ ထိုသူမှာ အဝတ်အစား ညစ်တီညစ်စုတ်နှင့် မသက်စရာကောင်းလှသည်။ တောအရပ်ဓလေ့အတိုင်း မသာအိမ်ကို လာရောက်ကူညီသလိုလိုနှင့် တွေ့ရာကို ဆွဲသွားမည့် လူစားလားဟု ယိုးစွပ်မိသည်။ ဘဒ္ဒေးသည် ဝရန်တာမှ ဆင်း၍ ထိုလူရှိရာသို့ လျှောက်လာခဲ့လေ၏။ ထိုလူကား အရက်သောက်ထားကြောင်း သိသာနေသည်။ အနားသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘဒ္ဒေး၏ ပါးစပ်မှာ ယောင်ရမ်း၍ ဟ,လိုက်မိအောင် အံ့သြမိတော့သည်။

ထိုလူမှာ အခြားမဟုတ်။ လွန်ခဲ့သော လေးငါးရက်လောက်က ဘုံဘောဟိုတယ်ရှိ မိမိအခန်းတွင်းသို့ ပိုင်နက်ကျူးလွန်ခဲ့သော သူခိုးအငယ်စား အလစ်သမားဖြစ်ကြောင်း ဘဒ္ဒေး ကောင်းစွာ မှတ်မိနိုင်တော့သည်။

"ဟေ့လူ··· ခင်ဗျား ဘာလာလုပ်တာလဲ။ ဒီခြံထဲ ဘာဖြစ်လို့ ဝင်လာရသလဲ"

"ဟင်···ဘာလာလုပ်တာလဲလို့ မေးသလား။ ဟား ဟား···"

ထိုလူက အရက်သွေးနှင့် ရယ်သွမ်းကလေးသွေးလိုက်သေးသည်။ သူသည် ဘဒ္ဒေးကိုပင် မော့၍ မကြည့်။ လေးကွက်သိုင်းနင်းလာသော မဟာပထဝီမြေကြီးကိုသာ ခြေလှမ်းမပျက်ရန် ကြည့်နေလေသည်။ ဘဒ္ဒေးသည် ထိုလူက မော့၍ ကြည့်လိုက်စေကာမူ သူ့အား မှတ်မိမည်ကို မစိုးရိမ်မိ။ ဟိုတယ်တွင် တွေ့ရသောညကတည်းက ဘဒ္ဒေး၏ မျက်နှာကို စေ့စေ့မကြည့်ရဲသဖြင့် မှတ်မိနိုင်ရန် ထေသေးသည်။

"ငါ့အမေအိမ် ငါလာတာ မင်းက ဘာပြောချင်သေးသလဲ။ ငါ့ကို ဒီမှာ မွေးတယ်။ မွေးတဲ့ အိမ်ကို ငါပြန်လာတယ်။ ဒါကို မင်းက ကြားထဲက ဝင်ပြီး ဘာကန့်ကွက်ဦးမလဲ၊ ဟဲဟဲ···"

ထိုလူသည် လက်ကားယား ခြေကားယားနှင့် စကားကို ဗလုံးဗထွေး ဆက်၍ပြောနေသည်။ ဘဒ္ဒေးသည် အိမ်ကြီးသို့ ပြန်၍ လှည့်ကြည့်လိုက်မိသည်။ မည်သူကိုမျှ မတွေ့ရမှ စိတ်အေးသွားမိသည်။

"အမေ့ဆီ ငါသွားမလို့ကွ။ အမေရေ···အမေရေ··· အမေ့သား လာပြီလေ"

ဟု ထိုလူက ပြောပြောဆိုဆို ဘဒ္ဒေးကို လက်နှင့် ဖယ်ရင်း ထွက်သွားမည်အပြုတွင် ဘဒ္ဒေးက ထိုလူ၏ လက်ကို ခပ်ကြမ်းကြမ်းဆွဲထားလိုက်လေသည်။

"ဟေ့လူ···ခင်ဗျားနာမည် ဘယ်သူလဲ၊ ပြောစမ်း"

"ဘဒ္ဒေးကွ၊ ဘဒ္ဒေး။ လူဖိုက် ဘဒ္ဒေးဆိုရင် အကုန်သိတယ်၊ နားလည်လား"

ထိုလူ၏ နာမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com

နက် ဘဒ္ဒေး၏ ဦးနှောက်မှာ တစ်ခဏချင်း အတော်ရှုပ်ပွေသွားလေ၏။ ပြီးမှ ထိုလူကို အနားသို့ ဆွဲယူလိုက်ရင်း...

"နေပါဦး။ ခင်ဗျားနာမည် ဘဒ္ဒေးလို့လည်း ပြောတယ်။ ဒါဟာ ခင်ဗျားအမေအိမ်လို့လည်း ဆိုတယ်။ ဟိုတစ်လောက ရန်ကုန်က ဘုံဘောဟိုတယ်မှာ ခင်ဗျားပဲ မဟုတ်လား"

"ဟုတ်တယ်လေ။ ဘုံဘောဟိုတယ်မှာ ကျုပ် မြန်မာထမင်းဟင်းချက်တဲ့ဘက်က ငါးရက်လောက် ဝင်လုပ်ခဲ့သေးတယ်။ နောက် ကျုပ်ကို အလုပ်မကောင်းဘူးဆိုပြီး ထုတ်လိုက်ကြတယ်"

"နေပါဦး။ ဒီတုန်းက ခင်ဗျား ဟိုတယ်က နေပြီး ဒီအိမ်ကို စာလုပ်းရေးသေးလား"

"ကျုပ် အလုပ်ဝင်တဲ့နေ့ပဲ ရေးလိုက်တာပေါ့။ ဒါပေမယ့် အမေ့ဆီက စာမပြန်ပါဘူးဗျာ။ ကျုပ်မှာတဲ့ ငွေလည်း မပို့ပါဘူး။ အတော်ဆိုးတဲ့ အမေ"

"ဒါဖြင့် အခု ဘာလာလုပ်တာလဲ။ ငွေလာတောင်းတာ မဟုတ်လား"

"ဟဲဟဲ...အစစ်ပေါ့။ အမယ်...ခင်ဗျား အင်္ဂါဝိဇ္ဇာ တတ်တယ် ထင်တယ်။ ခင်ဗျားပြောတာတွေ တစ်ခုမှ မလွဲသေးဘူးဗျို့။ ကိုယ့်လူက အတော်သားပဲ"

သူဌေး ဘဒ္ဒေးသည် သူခိုး ဘဒ္ဒေးအား ခပ်ကြမ်းကြမ်း ပခုံးကို ပုတ်လိုက်ပြီးမှ...

"ဟေ့လူ... ခင်ဗျား ကျုပ်ကို ဘာအောက်မေ့သလဲ။ ခင်ဗျားကို ဖမ်းရအောင် လိုက်နေတဲ့ စုံထောက်၊ သိရဲလား။ ခင်ဗျားမှာ အရင့်အရင်က ပြစ်ချက်တွေ ရှိတယ်။ နောက်ဆုံး အမှုကတော့ ဘုံဘောဟိုတယ်က အခန်းတစ်ခုကို ပိုင်နက် ကျူးလွန်မှု၊ ခိုးဖို့ ကြံတဲ့အမှု၊ အဲဒါတွေပဲ။ ခင်ဗျားဟာ ခင်ဗျားတော့ သိမှာပဲ။ ကဲ - ကျုပ် ခင်ဗျားကို ဖမ်းရလိမ့်မယ်"

သူခိုး ဘဒ္ဒေးမှာ မိုးကြိုးအပစ်ခံလိုက်ရသကဲ့သို့ တုန်လှုပ်သွားတော့သည်။ သူ၏ မူးယစ်ခြင်းများပင် တစ်ခဏအတွင်း လွင့်ပါသွားဟန်တူ၏။ ထို့ကြောင့် ကြောက်ရွံ့အားငယ်စွာ မော့ကြည့်ပြီး...

"အလိုလေး...၊ အဟုတ်လား ခင်ဗျာ"

"မဟုတ်ဘဲနဲ့ ရန်ကုန်က ဒီအရောက် ကျုပ်လိုက်လာပါ့မလား။ အခုပဲ ခင်ဗျားအမေကြီးဆီမှာ ဝင်မေးခဲ့သေးတယ်။ ဒါပေမယ့် ကျုပ် တစ်ခုတော့ ညာလိုက်မယ်။ အခု ခင်ဗျား အမေကြီး ကောင်းကောင်းမာတာ မဟုတ်ဘူး။ ဒါကြောင့် ခင်ဗျားအမေကြီး မျက်နှာထောက်ပြီး ကျုပ်က ငွေတစ်ရာ ပေးလိုက်မယ်။ ခင်ဗျား တခြားကို ပြေးပေတော့။ အေး ဒီမြို့မှာ နောက်တစ်နာရီအတွင်း တွေ့ရရင်တော့ ချမ်းသာမပေးနိုင်ဘူး။ ဖမ်းရမှာပဲ၊ ကြားရဲ့လား"

သူခိုး ဘဒ္ဒေးက တုန်တုန်ယင်ယင်နှင့် မော့၍ ကြည့်လိုက်ရာ တည်တည်ခန့်ခန့်နှင့် အရာရှိရုပ် ပေါက်နေသော ဘဒ္ဒေး၏ ဣန္ဒြေကို သံသယမရှိအောင် ယုံကြည် ကြောက်ရွံ့သွားလေ၏။ ထိုအတွက် ဘဒ္ဒေးက ရာတန်တစ်ရွက်ထုတ်ပေးလိုက်သောအခါတွင် လေးကန် ဖင့်နွဲ့ခြင်းမရှိဘဲ သွက်သွက်လက်လက် လောဘတကြီးနှင့် ယူလိုက်ကာ အိမ်ကြီးဘက်သို့ မျှော်ငေးကြည့်လိုက်ပြီးမှ...

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ဒါပေမယ့် ရောက်တဲ့အခါကလေး ကျွန်တော့်အမေကို ခဏလောက် ဝင်ကြည့်ပါရစေလားခင်ဗျာ။ ကျွန်တော် ပြန်မရောက်တာ ၁၅နှစ်လောက် ရှိနေပါပြီ"

ဟု သနားစဖွယ် တောင်းပန်ရှာသေးသည်။

ကျွန်ုပ်တို့၏ ဘဒ္ဒေးသည် ဤတစ်ခါတွင်ကား လူမိုက်လူဆိုးတစ်ယောက်အပေါ် အတော်ကြီး ကရုဏာသက်သွားမိသည်။ သို့သော် သူရောက်သွားခြင်းကြောင့် မဝင်းနှင်အကျိုးရှိနိုင်တော့မည် မဟုတ်။ မိခင်ကြီးနှင့် သူအတွက်ပင် ထူးခြားလာတော့မည် မဟုတ်တော့သောကြောင့်...

"မဖြစ်ဘူး။ ဂါတ်က လူတွေကို ကျုပ် မှာခဲ့မိလို့ သူတို့တစ်တွေ လိုက်လာကြလိမ့်မယ်။ ခင်ဗျား ဝင်နေရင် မိမှာပဲ"

ဟု အလောသုံးဆယ် နှင်လိုက်လေသည်။

သူခိုး ဘဒ္ဒေးသည် ဖြစ်နိုင်ပုံ မပေါ်သောအခါ အိမ်ကြီးကို နောက်ဆုံး ကြည့်နည်းဖြင့် ကြည့်ရင်း ခြံဝင်းကြီးထဲမှ ခပ်ဖြည်းဖြည်းထွက်သွားရှာလေ၏။

♦♦♦

ဤသို့ဖြင့် ဘဒ္ဒေးသည် စိတ်အေးလက်အေး အယောင်ဆောင်ခဲ့သည်မှာ ရက်လက်ဆွမ်းသွတ်ပြီးသည်အထိ ဖြစ်လေ၏။ ဤကြားထဲတွင် မသာကိစ္စသို့ လာကြသော အရပ်သူ အရပ်သားများအား စကားစပ်မိအောင် ရောရောဝင်ဝင် မနေခဲ့။ ညည့်သည်များကလည်း ဘဒ္ဒေးအား မေတ္တာမရိုသကဲ့သို့ ခပ်ဝေးဝေးကပင် အံ့သြရာကြသော အမူအရာမျိုးဖြင့် လာကြ သွားကြတော့သည်။ တစ်ရွာလုံး၏ အကြင်နာ မေတ္တာကို ခံယူရသူကား ကလေးမ မဝင်းနှပင် ဖြစ်တော့သည်။ ဘဒ္ဒေးအား အရေးမစိုက်ကြသလောက်၊ မဝင်းနှကလေးအား ပိုင်၍ အားပေး နှစ်သိမ့်ကြသည်။ ကူညီ

www.burmeseclassic.com

www.burmeseclassic.com

“

အစ်ကိုကြီးအစစ် ကိုဘဌေးမှာ
ငယ်ငယ်က ခွေလေးခွတ်ရင်း ဓားထိလို့
ဘယ်ဘက်လက်ညှိုးကလေးတစ်ချောင်းပြတ်နေတယ်။
မေမေကတောင် ဝင်းနဲ့ကို ခဏခဏ စကားစပ်မိလို့
ပြောနေသေးတယ်။ ဝင်းနဲ့ငယ်ငယ် အစ်ကိုကြီးက
အဲသည့် လက်ညှိုးတို့ကလေးနဲ့
ခြောက်, ခြောက်နေတာလည်း ဝင်းနဲ့မှတ်မိတယ်။
အစ်ကိုကြီး ကျောက်လာပြီး မေမေ့ကို
သေခါနီး ဖက်လိုက်တော့
အဲ့ အစ်ကိုကြီးလက်မှာ လက်ညှိုး . .

ကြသည်။ ဝိုင်းဝန်းကြသည်။ မဝင်းနကလေးကား တစ်ရွာလုံး၏ အချစ်တုံး၊ အချစ်ခဲကလေးပေတကား။

မဝင်းနသည် အိမ်မှုကိစ္စ၊ ညည့်သည်အများ၏ ဝေယျာဝစ္စကိုလည်း သွက်လက် ဖျတ်လတ်စွာ ကျေပွန်လိုက်သေးသည်။ ဘဌေး၏ စားမှုသောက်မှု၊ နေမှုထိုင်မှု စသည်တို့ကိုလည်း ဝတ္တရားမယွင်း ဆောင်ရွက်လုပ်ကျွေးလိုက်သေးသည်။ ဘဌေးသည် မဝင်းန၏ အယုအယကြားတွင် နှစ်သိမ့်ကျေနပ်နေတော့သည်။ ကလေးမကို ချစ်ကြိုက် ကြည့်ညို စေတနာတွေ ပိုခဲ့လေပြီ။

ထိုနေ့က ညည့်သည်များ ပြန်သွားကြ၍ အိမ်မှုကိစ္စ အားလပ်သည်နှင့် တစ်ပြိုင်နက် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်၍ စဉ်းစားနေသော ဘဌေးအပါးသို့ ခပ်ယိုယို ကလေး ကပ်လာပြီးလျှင် ပုဆစ် ဒူးတုပ် ထိုင်ချလိုက်လေသည်။ ဘဌေးသည် ပက်လက်လဲနေရာက ဆတ်ခနဲ ခေါင်းထောင်၍ ထ,ထိုင်လိုက်မိသည်။

“ဘာ...ဘာ...ဘာလဲ ကလေးမ၊ ငွေမလောက်လို့လား”

မဝင်းနသည် စကားကို ဖြုန်းခနဲ ပြန်ဖြေဖော်မရ။ ငုံ့နေသော ခေါင်းကို မော့၍ မျက်ရည်လည်ရွဲနှင့် ဘဌေးအား ရွှန်းရွှန်းစားစားကြည့်လိုက်သည်။ သူမ၏ မျက်လုံးများမှာ ပြူးပြူးပြက်ပြက် အရောင်ကလေးတွေ လက်နေတော့သည်။

“အစ်ကိုကြီးမှာ ငွေရှိပါတယ် ကလေးမရဲ့။ ဘယ်လောက် ယူဦးမလဲ”

“အစ်ကိုကြီး...အစ်ကိုကြီးကို ဝင်းန မေးပါရစေ။ အစ်ကိုကြီးရယ်...အစ်ကိုကြီး ဘယ်သူလဲဟင်”

“ဟင်...”

ဘဌေးသည် ယောင်၍ အော်လိုက်မိသည်။ တစ်ကိုယ်လုံး တုန်သွားတော့လေ၏။

“အစ်ကိုကြီးဟာ ဘယ်သူလဲလို့ ဝင်းန မေးတာပါ။ သူစိမ်းတစ်ယောက်က ဘာဖြစ်လို့ ဒီလောက် စေတနာထားပြီး အမေ့နောက်ဆုံး ဆန္ဒကြီးကို ဖြည့်စွမ်းရအောင် လာခဲ့တာလဲဆိုတာ တွေးလို့မဆုံး၊ အံ့သြလို့ မကုန်နိုင်လွန်းလို့”

မဝင်းနသည် ဘဌေး၏ မျက်နှာကို မကြည့်ရဲတော့သကဲ့သို့ မျက်နှာအောက်စိုက်သွားရာတော့သည်။ ဘဌေး၏ စိတ်ထဲတွင်ကား သူမ၏ အစ်ကိုကြီးဟု အထင်ခံရသော ဆွေမျိုးဘဝမှ လျှောကျသွားတော့မည်ကို မခံမရပ်နိုင်အောင် နမြောတ,သ နေတော့သည်။

“ဟဲ့ - ကလေးမ၊ နင် ရူးနေသလား။ ငါ့ နင့်အစ်ကိုကြီး ဘဌေးလေ”

“မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ ဝင်းန သိပါတယ်။ အစ်ကိုကြီး ငွေတွေကိုလေ ဒီအိမ်ကြီးကို ရောင်းပြီး ပို သလောက်တော့ ပြန်ဆပ်နိုင်ဖို့ ဝင်းန ကြည့်နေခဲ့တာပါ။ အင်း... စိုက်ကုန်ရတဲ့ အစ်ကိုကြီးငွေတွေကိုတော့ ဝင်းန ငွေစား ပြန်ဆပ်နိုင်မှာပါပဲ။ ဒါပေမယ့် အစ်ကိုကြီးရဲ့ စေတနာတွေကိုတော့ စေတနာအစားပြန်ဆပ်ဖို့ မတွေနိုင်လောက်အောင်...”

“ဟဲ့...ဟဲ့...ကလေးမ”

ဘဌေးသည် ဝင်းန၏ စကားများကို နားမထောင်ဝံ့သကဲ့သို့ လက်ဝါးတကာကာနှင့် ကန့်ကွက် ငြင်းဆန်နေမိသည်။ သို့သော် ဝင်းနက သနားစရာကောင်းလောက်အောင် မဲ့ပြုံးကလေး ပြုံး၍...

“မဟုတ်သေးဘူးလေ အစ်ကိုကြီး။ ဝင်းန သိပါတယ်။ အစ်ကိုကြီးအစစ် ကိုဘဌေးမှာ ငယ်ငယ်က ခွေလေးခွတ်ရင်း ဓားထိလို့ ဘယ်ဘက် လက်ညှိုးကလေးတစ်ချောင်းပြတ်နေတယ်။ မေမေကတောင် ဝင်းနကို ခဏခဏ စကားစပ်မိ

www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောနေသေးတယ်။ ဝင်းနယ်ငယ် အစ်ကိုကြီးက အဲသည့် လက်ညှိုးတို့ကလေးနဲ့ ခြောက်.ခြောက်နေတာလည်း ဝင်းနဲ့ မှတ်မိတယ်။ အစ်ကိုကြီး ရောက်လာပြီး မေမေ့ကို သေခါနီး ဖက်လိုက်တော့ အခု အစ်ကိုကြီးလက်မှာ လက်ညှိုး...”

ဘဒ္ဒေးသည် လန့်ဖျပ်ကာ သူ့လက်ညှိုးကို သူထောင်၍ ကြည့်လိုက်မိသည်။ မိမွေးတိုင်း ဖမွေးတိုင်း ရှိသော သူ့လက်ညှိုးကို ငယ်ငယ်က အကြောင်းတစ်ခုကြောင့် မပြတ်ခဲ့ရကောင်းလားဟု အပြစ်တင်မိတော့သည်။ ဝင်းနကို ဘာစကားမှ မဖြေနိုင်ဘဲ တံတွေးကိုသာ ကျိတ်၍ မျိုနေမိလင့်ကစား မျက်နှာထားမှာမူ ငိုရမလို မဲ့ရမလို ဖြစ်နေလေ၏။

♦♦♦

“ကဲ...ဆရာ သုခ၊ ဆရာ့မှာသာ စာရေးဆရာ သုခနဲ့ ဂဠုန်သုခ နာမည်ရော နေရပ်ပါ တူနေလို့ ခွကျနေပေမယ့် ကျွန်တော်တော့ ဘဒ္ဒေးချင်း နာမည်တူနေတာနဲ့ မိန်းမရတာပဲ ခင်ဗျ”

ဒေါ်ကိုဘဒ္ဒေးသည် ပြုံးပြီးနှင့် သူဇာတ်လမ်းကို အတိုချုံးကာ နိဂုံးသတ်လိုက်သည်။ သူသည် သတင်းစာများတွင် ဗိုလ်ချုပ် လုပ်ကြံမှုနှင့် ပတ်သက်၍ ကျိုက်လတ်မှ သုခဆိုသူကို ဖမ်းထားကြောင်း တွေ့ရသဖြင့် ဤတစ်ခေါက် ရန်ကုန်အလာတွင် ကျန်းမာစွာ ရှိမရှိ ကျွန်ုပ်အိမ်သို့ ဝင်လာမေးမြန်းခြင်းဖြစ်လေသည်။ ထိုကမှ နာမည်တူမှုနှင့် ပတ်သက်၍ ရယ်စရာမောစရာ ပြောရာက သူအကြောင်းကို သူသတိရကာ ပြောပြခြင်းဖြစ်လေသည်။

သူနှင့် အလားတူ မိတ်ဆွေများစွာတို့သည် ထိုကိစ္စကြီးနှင့် ပတ်သက်၍ ကျွန်ုပ်ထံ ကိုယ်တိုင်လည်း လာကြသည်။ စာရေး၍လည်း မေးကြသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ကျိုက်လတ်သားဖြစ်နေသောကြောင့် အလကားမှာ မှာ်နာပူရပေါင်း များလှပြီ။ ရင်းနှီးသော မိတ်ဆွေများကမူ ခန်းခန့် ကျိစားကြသည်။ နောက်ကြ ပြောင်ကြသည်အထိ ဆိုးပါးတော့သည်။

ကျွန်ုပ်မှာ နောက်ပြောင်ကြသမျှလည်း ခံရသည်။

မေးမြန်းသမျှ စာကိုလည်း ပြန်ရသည်။

သို့သော် မေးမြန်းစိုးရိမ်ကြသူ များစွာတို့အနက် ကိုဘဒ္ဒေး လာရောက်ခြင်းသည် ဝတ္ထုတိုတစ်ပုဒ်ရ၍ သူ့ကို ကျေးဇူးတင်ရသေးသည်။ တကယ့်အမှန်ဇာတ်လမ်းသည် သုပ်ကြဲ စိတ်ကူး၍ရေးသော ဇာတ်လမ်းထက် ဆန်းကြယ်ဖွတ်ပေသေးသည်။

“နေပါဦး ကိုဘဒ္ဒေးရဲ့ သူ့အစ်ကိုကြီး ဘဒ္ဒေးဆိုတဲ့ လူအကြောင်းရော့။ ဘာကြားရသေးသလဲ”

ဟု ကျွန်ုပ်က မေးကြည့်သည်။

“ဟာ... ဒီလူကတော့ ပေလွန်းပါတယ်ဗျာ။ ငွေတစ်ရာပေးလိုက်တဲ့ အချိန်က စပြီး ထွက်သွားလိုက်တာ အခုထက်ထိ သေသလား။ ရှင်သလားတောင် မသိပါဘူး။ ရန်ကုန်ကို ကျွန်တော်တို့ရောက်လို့ ရှာကြည့်လည်း မတွေ့ဘူး”

ဟု စိတ်ပျက်လက်ပျက် ပြောပြပါသည်။

“နို့... ဆေးဆရာကြီး ဦးမို့ ဆိုတာကရော ခင်ဗျား ဘင်္ဂလားအစ်ကိုကြီးဖြစ်နေတော့ မအံ့သြဘူးလား”

“အမယ်... ဒီလူကြီးက လူပါးကြီးဗျို့။ တွေ့စကသာ ကျွမ်းကို မှားပြီး ကြိမ်းလားမောင်းလား လုပ်တာ။ မဝင်းနရဲ့ မိခင်ကြီးဆုံးတဲ့နေ့ပဲ ကျွန်တော်က ငွေတစ်ထောင်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ဘဒ္ဒေးအစစ်မဟုတ်ကြောင်း ချက်ချင်း ရိပ်မိသတဲ့။ ဟိုလူရဲ့ သဘောက မအေကိုလည်း ဒီလောက်ကြောင်နာရကောင်းမှန်းမှ မသိဘဲကလား။ သူကသာ ငွေခဏခဏ တောင်းတတ်တာ။ သူမှာသာ ငွေတစ်ထောင်ပေးနိုင်လောက်အောင် ရှိရင် အိမ်ပြန်ကပ်မယ့်လူ မဟုတ်ကြောင်း ဓာတ်သိဖြစ်နေတယ် ဆိုကို။ ဒါကြောင့် ဘင်္ဂလားအစ်ကိုကြီးမှန်း ဟိုကတည်းက သိသတဲ့။ ဒါပေမယ့် ဒင်္ဂါးဆိုတာ ဘင်္ဂလား မျက်နှာပွင့်ဆေးပေကိုးခင်ဗျ”

“အင်း... ခင်ဗျားဇာတ်လမ်းက ကောင်းတော့ ကောင်းပါရဲ့။ အတိုချုံးလှသဗျာ။ ညားပုံ ညားနည်းကလေးတော့ ချန်ထားခဲ့ရော့သလား”

ဟု ကျွန်ုပ်က အားမလိုအားမရ ညည်းမိသည်။

“ဘာလို့သေးသလဲ ဆရာရယ်။ ကျွန်တော့်မှာ အဖက်ဖက်ကလည်း ချောတယ်၊ အေးလေ...ယောင်လို့၊ အဖက်ဖက်ကလည်း ပြည့်စုံတယ်၊ မဝင်းနကလည်း ချောတယ်။ နောက်ပြီး တစ်ဦးနဲ့ တစ်ဦး မောင်နမ မဟုတ်မှန်းလည်း သိကြပြီးတဲ့နောက် တစ်ယောက်ကျေးဇူး၊ တစ်ဦးမေတ္တာ ဆိုသလို ကျွန်တော်က သနား၊ မဝင်းနက ကျေးဇူးတွေ ထောက်ထား၊ နောက်ဆုံးတော့ ညားကြလေသတည်းပေါ့ခင်ဗျာ။ ဒါလောက်တော့ စာဖတ်တဲ့ ပရိသတ်စဉ်းစားပါစေတော့။ ဟဲဟဲ...”။

* * *

သုခ

(ပြီးပါပြီ)

www.burmeseclassic.com

www.burmeseclassic.com

သိမှု၊ ကျင့်မှု ထို့နောက်
သတိကျပ်ကျပ်ပြု
သရော ဝေယံဦး

လောကမှာ တရားကို သိလည်း သိ၊ ရှိလည်း ရှိသူများစွာရှိကြပါသည်။ တရားသော်လည်း တရားမရှိသူတို့ များစွာရှိကြပါသည်။ တရားမသိ၊ တရားမရှိသူတို့က ပိုမိုများပြားလွန်းလှပါသည်။ မိမိက မည်သည့် အမျိုးအစားတွင် ပါဝင်နေသနည်း။ ဤသည်ကို ဆန်းစစ်ကြည့်သင့်ပါသည်။ တရား ကို သိလည်း သိ ရှိလည်း ရှိသူလော။ တရားကို သိသာ သိပြီး မရှိသူလော။ တရားကို သိလည်း မသိ၊ ရှိလည်း မရှိ သူလော။

မသိသေးလျှင် သိအောင် လုပ်ရမည်။ မရှိသေးလျှင် ရှိအောင် လုပ်ရမည်။ သို့မှသာ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ဦး ဖြစ်၍ ကောင်းသောအကျိုးကို ခံစားရပေမည်။ သိရှိလည်း အားမထုတ်၊ ရှိရန်လည်း အားမထုတ်ပါက အချိန်ကို ဖြုန်းတီးနေသူဖြစ်ပြီး လူဘဝရရှိပေမယ့် ယခုဘဝ၊ တမလွန်ဘဝမှာ ဆင်းရဲဒုက္ခကြုံတွေ့ရမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

အချို့က မသိသေးသည်ကို သိသလိုလို၊ မရှိသေးသည်ကို ရှိသလိုလို ထင်နေတတ်ကြပါသည်။ လော်ကကြီးမှာ သိစရာတွေက အပုံအပင်ရှိပါသည်။ ရှိစရာတွေကလည်း အပုံအပင်။ ဤသို့သော အပုံအပင်တွေကို ကြိုးပမ်းနေလျှင် ဆုံးဖွယ်ရာမရှိပေ။

ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ဇာတ်ဝတ္ထုတစ်ပုဒ်ကို စာရေးသူက တင်ပြပေးချင်ပါသည်။

♦♦♦

မြတ်စွာဘုရားလက်ထက်တော်က ကျေဖါနဟု အမည်ရသော မထေရ်တစ်ပါးရှိခဲ့ဖူးပါသည်။ အဓိပ္ပာယ်က ဥဒါန်းဂါထာတစ်ပုဒ်သာ ရပြီး၊ ထိုဂါထာတစ်ပုဒ်ကိုပင် အပြည့်ရွတ်ဆိုလေ့ရှိသူဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဒါန မထေရ်သည် ထိုဂါထာတစ်ပုဒ်ကို သိပေမယ့် ထိုဂါထာတစ်ပုဒ်က ဆိုလိုသောအချက်များကို လိုက်နာကျင့်ကြံသူလည်း ဖြစ်ပါသည်။ နည်းနည်းသိပေမယ့် သိသလောက် အတိအကျလိုက်နာကျင့်သုံးသူလည်း ဖြစ်ပေသည်။ ဤသို့လျှင် အသိနှင့် အကျင့်မှာ ထပ်တူကျ၍ မကြာခင်ကာလမှာ ရဟန္တာမထေရ်တစ်ပါးဖြစ်သွားပါသည်။

ကျော်ဒါန မထေရ်သည် တောထဲတွင် တစ်ပါးတည်း သိတင်းသုံးပြီး သူရရှိသော ဂါထာလေးတစ်ပုဒ်ကို ဥပသန္နေတိုင်း ရွတ်ဆိုဟောပြောလေ့ရှိပါသည်။ ဂါထာကို မရွတ်ဆိုခင် တောထဲမှာ နေကြသော နတ်အပေါင်းကို တရားနာရန် ဖိတ်ခေါ်လေ့ရှိပါသည်။ ဂါထာကို ရွတ်ဆိုပြီး ဂါထာဆုံးသည်နှင့် တောထဲမှာ ရှိနေကြသော နတ်အပေါင်းတို့က သာဓုခေါ်ကြပါသည်။ သာဓုခေါ်သံမှာ တစ်တောလုံးကို ဟိန်းထွက်သွားစေပါသည်။

ရွတ်ဆိုသော ဂါထာမှာ -

အဓိစေတသော အပ္ပမတ္တတော၊
မုနိနော မောနမထေ သုသိက္ခတော၊
သောကာ နဘဝန္တိ တာဒိနော၊
ဥပသန္တဿ သဒါ သတိမတော။ ။

တစ်နေ့မှာ တိပိဋကဆရာတော်နှစ်ပါးက ကျော်ဒါန မထေရ်ရှိရာသို့ ကြွလာရာ ကျော်ဒါနမထေရ်သည် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသည်။ ထို့နောက် နေရာထိုင်ခင်းပေးပြီး-

"အရှင်ဘုရားတို့...တပည့်တော်ကို တရားဟောပါဘုရား။ တပည့်တော် တရားနာချင်လို့ပါ ဘုရား"

ဟု လျှောက်ပါသည်။

တိပိဋကဆရာတော်နှစ်ပါးက...

"တရားနာမယ့်သူက အရှင်ဘုရားတစ်ပါးပဲလား"

ဟု ပြန်မေးရာ ကျော်ဒါနမထေရ်က...

"တပည့်တော်တစ်ပါးတည်း မဟုတ်ပါဘူး ဘုရား။ တောထဲက နတ်တွေလည်း တရားနာလာလေ့ရှိပါတယ် ဘုရား။ တရားဆုံးရင် သူတို့က သာဓုခေါ်လေ့ရှိပါတယ် ဘုရား" လို့ ပြန်လျှောက်ပါသည်။

ဤတွင် တိပိဋကဆရာတော်နှစ်ပါးက ဝိဋိကသုံးပုံထဲက တရားအနှစ်တွေကို ရွေးပြီး ဟောပြောပါသည်။ သို့သော် တရားဟောအပြီး တရားသာ ပြီးဆုံးသွားသော်လည်း ဆည်းသည့်နက်ကမျှ သာဓုမခေါ်ကြပါ။ တိပိဋကဆရာတော်နှစ်ပါးလည်း ကျော်ဒါနမထေရ်ကို ခေါ်ပြီး...

"အရှင်ဘုရားပြောတော့ နတ်တွေက သာဓုခေါ်တယ်ဆို အခု ဘာသံမှလည်း မကြားရပါလား"

ဟု မေးပါသည်။

"တပည့်တော် ဟောရင်တော့ နတ်တွေက အမြဲသာဓုခေါ်လေ့ရှိပါတယ် ဘုရား"

လို့ ပြန်လျှောက်ရာ...

"ဒါဆို အရှင်ဘုရားဟောပြစမ်းပါဦး"

လို့ မိန့်တော်မူလေသည်။

ကျော်ဒါနမထေရ်လည်း သူ ရွတ်ဆိုနေကျ ဂါထာလေးကို ရွတ်ဆိုလိုက်ပါသည်။ ဂါထာရွတ်ဆိုအပြီးမှာ နတ်တို့က သာဓုခေါ်လိုက်ရာ တစ်တောလုံး ဆူညံသွားပါသည်။

နတ်တို့ သာဓုခေါ်သံကို ကြားသော တိပိဋက ဆရာတော်နှစ်ပါး၏ တပည့်များစွာက နတ်တွေက မျက်နှာလိုက်တယ်ဟု ပြောဆိုကြပါသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ကျောင်းတော်သို့ ပြန်ရောက်သောအခါ မကျေနပ်ကြသော တပည့်များက မြတ်စွာဘုရားအား လျှောက်ထားကြပါသည်။

ထိုအခါ မြတ်စွာဘုရားရှင်က...

"ချစ်သားတို့... သင်လည်း သင်ပါရဲ့ သိလည်း သိပါရဲ့ ဟောလည်း ဟောပါရဲ့။ ဒါပေမယ့် ထိုပုဂ္ဂိုလ်ကို တရားဆောင်သူဟု မဆိုခဲ့ဘူး။ သိရုံတင်မကဘူး၊ ကျင့်လည်း ကျင့်ပါမှ တရားဆောင်တဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်"

ဟု ဟောကြားတော်မူပါသည်။

တရားဆိုတာ သိရုံနှင့် မလုံလောက်ပေ။ အသိနဲ့ အကျင့်တွဲနေပါမှ လူသာဓုခေါ်၊ နတ်သာဓုခေါ်မှာ မုချကောန်ဖြစ်ပါသည်။

ရှေးဦးက စာရေးသူ တင်ပြထားသော သိစရာ၊ ရှိစရာ အပုံအပင်တွေထဲက သိအပ်သည်ကို ဆည်းပူးသင့်သလို ရှိအပ်သည်ကိုလည်း ဖြည့်ဆည်းသင့်ပါသည်။ သိအပ်သည့်အရာ၊ ရှိအပ်သည့်အရာကို ခွဲခြားပြင်ရန်အထူးလိုအပ်ပါသည်။

မြတ်စွာဘုရားဟောကြားတော်မူသော သိအပ်သည်တို့မှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါး မြတ်တရားဖြစ်ပေသည်။ ရှိအပ်သည်တို့မှာ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါး မြတ်တရားဖြစ်ပေသည်။

သိအပ်သည်ကို သိအောင် မလုပ်၊ ရှိအပ်သည်ကို ရှိအောင် မလုပ်သူတို့သည် ဂဂိါမြစ်အတွင်း မျောလာသော ဆင်သေကောင်ထက် အပုပ်မက်လျက် စားကာသောက်ကာ ဖြင့် ပင်လယ်သမုဒ္ဒရာရောက်မှ ကမ်းမမြင်ဘဲ လှိုင်းဝဲပုတ်ခတ် ငိုးစာဖြစ်ရသော ကိုးမိုက်ကဲ့သို့ သံသရာဝဲ၌ စုန်းစုန်းကြီး မြှုပ်ရမည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

* * *

ဓမ္မဃဋီဒီး

မှီငြမ်း

- **အရှင်ရဋ္ဌပါလ၏ သီအပ်၊ ရှိအပ် တရားမြတ်။**

www.burmeseclassic.com

www.burmeseclassic.com

အံ့မခန်းကြုံခဲ့ရသော မြတ်ဗုဒ္ဓ၏ ဓမ္မစက်ကိထာတော်

■ ဌေးအောင်သင်း ■

မိဘတို့မည်သည် သားသမီးတို့အပေါ်ရှိ မေတ္တာထုထည်မှာ အတိုင်းအတာမရှိ၊ အနန္တကျယ်ဝန်းလှပါသည်။ မိဘတို့မေတ္တာထက် ဗုဒ္ဓရှင်တော်မြတ်မှ ဥဒဘုံသားတို့အပေါ် ၌ ထားရှိ ပြန့်ကျက်အပ်သော မေတ္တာတော်၊ ကရုဏာတော်တို့မှ ပိုမို၍ စကြဝဠာအနန္တ ကျယ်ပြန့်တော်မူလှပါသည်။

ကျွန်တော့်ဘဝတွင် ရှင်တော် ဂေါတမ၏ အဆုံးအမ တရားတော်များ၊ ပရိတ်တော်များ၊ ဂါထာတော်များထဲမှ ယုံယုံကြည်ကြည်နှင့် သက်ဝင်အားထားကာ ရွတ်ဖတ်ပူဇော်ခဲ့သော ဂါထာတော်တစ်ပုဒ်ကြောင့် နလုံးစိတ်ဝမ်း မချမ်းသာသူများ၊ ထိတ်လန့်ကြောက်ရွံဖွယ် ဖြစ်နေရမှုများ၊ စိုးရိမ်ဗျာပါဒကြီးခဲ့ရမှုများ ကင်းစင် ပပျောက်သော အကျိုးကျေးဇူးကို လက်တွေ့ ခံစားခဲ့ရပါသည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးသော နှစ်ပေါင်း ၂၅၀၀ကျော်၊ သာသနာတော်နှစ်ပေါင်း ၂၆၀၀ တိုင်ခဲ့ပြီးဖြစ်သော်လည်း ဗုဒ္ဓ၏ သင်ကြားပြသခဲ့သော ဂါထာတော်မှာ ယနေ့တိုင် သာမန်လူသားတစ်ယောက်အနေဖြင့် သက်ဝင် ယုံကြည်မှုအပြည့်ထားကာ ရွတ်ဖတ် ပူဇော်ရုံနှင့် ကျွန်တော့်မိသားစုအတွက် စိုးရိမ်ပူပန်မှုတွေ ကင်းစင်သွားခဲ့ရပါသည်။

ကျွန်တော့်သား မောင်မိုးဇော် ၄နှစ်သားအရွယ်တွင် အပြင်ဖျားနာ၍ အပူချိန်ဒီဂရီ ၁၀၃၊ ၁၀၄ မျှဖြင့် သတိပါလစ်၍ အတက်ရောဂါပါ ပူးတွဲဖြစ်ပေါ်ခဲ့ဖူးပါသည်။ သားအပေါ်တွင် ပူပန်လွန်းသော မိဘမေတ္တာဖြင့် ဗုဒ္ဓသင်ကြားခဲ့သော "နာညတြ ဂါထာတော်"ကို စဉ်ဆက်မပြတ် ရွတ်ပြီး သားကို ရင်ခွင်မှာ ပိုက်ထွေး၍ ကလေးဆေးရုံသို့ အမြန်သွားရောက်ခဲ့ပါသည်။ ဆေးရုံ မရောက်မီမှာပင် မကြာခဏ တက်နေမှုမှာ ပျောက်ကင်းသွားပြီး ဆေးရုံရောက်ပြီး ၂နာရီလောက်အကြာတွင် အပူချိန် ပြင်းထန်မှုများ လျော့ပါးသွားခဲ့သည်။ ဤသည်မှာ ဗုဒ္ဓအဆုံးအမမြတ်သည့် နာညတြ ဂါထာတော်၏ အကျိုးကျေးဇူးကို လက်တွေ့ ခံစားရမှု ပထမဖြစ်စဉ် ဖြစ်ပါသည်။

သားသမီးများ ပညာစုံ၍၊ အသိတရားပြည့်စုံသော အချိန်တွင် ရှင်တော်မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်အနန္တကို သိရှိအောင် ဆိုဆုံးမ၍ သင်ကြားပေးခဲ့ရာ မိသားစုအားလုံးမှာ ဘဝတွင် ငြိမ်းငြိမ်းချမ်းချမ်းနေခဲ့ကြရပါသည်။ နေ့စဉ်နံနက် ဘုရားရှိခိုးခြင်း၊ ဆွမ်းတော်၊ ရေတော်၊ ပန်းတော်နှင့် အလင်းတော်များ ပူဇော်ခြင်း၊ ညဘက်တွင် တနိုင်တပိုင် ပရိတ်ကြီး ၁၁သုတ်ကို ရွတ်ဖတ်ပူဇော်စေခြင်းများကို နေ့စဉ်မပြတ် ပြုလုပ်စေခြင်းဖြင့် မိရိုးဖလာ ဗုဒ္ဓဘာသာမှ ဘုရား၊ တရား၊ သံဃာတော်များကို နလုံးသားထဲ၌ စွဲမြဲစွာ ကိုးကွယ်ရာ၊ အားထားရာ၊ ဆည်းကပ်ပူဇော်ရာအဖြစ် ထားရှိနိုင်အောင် အမွေပေးနိုင်ခဲ့ပါသည်။

♦♦♦

သမက်ဖြစ်သူ လုပ်ငန်းတာဝန်ဖြင့် ခရီးထွက်နေသော အချိန်တွင် သမီးကြီး အိမ်၌ ပြဿနာတစ်ခု စတင်ပါတော့သည်။ လူခြေတိတ်ချိန်ရောက်သောအခါ မီးဖိုခန်းမှ လမ်းလျှောက်သော ခြေသံများ ကြားနေရခြင်း၊ ထိုခြေသံသည် တစ်ခါတစ်ရံ ဧည့်သားစု အိပ်နေသော ခြင်ထောင်ဘေးအထိ ရောက်လာခြင်း၊ အိမ်နံရံကို ပြင်ပမှ ထုနှက်နေခြင်း၊ အိမ်

www.burmeseclassic.com

www.burmeseclassic.com

အမိုးပေါ်သို့ သစ်ကိုင်းခြောက်ကြီးများ ကျိုးကျသကဲ့သို့ မကြာခဏဖြစ်ခြင်းများ(အမှန်မှာ အမိုးပေါ်သို့ ဘာမှ ကျလာခြင်း မရှိပါ) ရှိနေသည်။

သမီးဖြစ်သူက ကျွန်တော့်အား အကြောင်းကြား၍ သွားရောက်ကြည့်ရှုရာ အိမ်နံရံတွင် ကပ်ထားသော ပြက္ခဒိန်စာတိုပုံများ အလိုအလျောက် အပေါ်သို့ လိပ်တက်နေ၍ ပြန်ပြန်ကာ ကော်အသစ်ကပ်သော်လည်း ခဏအကြာတွင် ပြန်၍ လိပ်တက်သွားခြင်းများကို တွေ့ရ၏။ အချိန်အတော်ကြာ၍ အမှတ်တမဲ့ ကြည့်လိုက်ချိန်တွင် ပုံများမှာ နံရံတွင် ပြန်၍ ပြန့်ပြူးစွာ ကပ်နေခြင်းတို့ကို ကိုယ်တွေ့ မြင်ရသည်။ ကျွန်တော်ရောက်နေသည့်အချိန်၌ပင်လျှင် အမိုးပေါ်သို့ ဝုန်းခနဲ သစ်ကိုင်းကျိုးကျခြင်းအသံကို ကြားရ၍ တက်ကြည့်ရာ ကုက္ကိုသီးခြောက်အသေးလေးတစ်လုံးသာ တွေ့ရသည်။

ပတ်ဝန်းကျင်ကို မေးကြည့်ရာ ယခင်အိမ်ရှင်လက်ထက်က အမျိုးသမီးတစ်ဦး မီးပွားရင်း ကွယ်လွန်သွားခဲ့ဖူးကြောင်း သိရှိရပါတော့သည်။ ကျွန်တော်လည်း သံယာတော်အရှင်မြတ်တို့အား ပင့်ဖိတ်၍ ဘုရားအနေကဇာတင်ခြင်း၊ ပရိတ်ရွတ်ခြင်း။ ပရိတ်ခြည်များနှင့် အိမ်များကို အရံတားကာခြင်း၊ ပရိတ်ရေများ ပက်ဖျန်းခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ကို ပြုလုပ်ပေးရာ အိမ်တွင်း၌ ဘာသံညာသံမှ မကြားရတော့ဘဲ၊ တစ်ခါတစ်ရံ နံနက် ဝုန်းဒိုင်းလောက်တွင် ပြင်ပမှ အိမ်ထဲသို့ လာသော ခြေသံများ ကြားရပြီးနောက် ပျောက်ကွယ်သွားခြင်းတို့ မကြာခဏရှိနေသေးကြောင်း သိရပြန်ပါသည်။

ရုတ်တရက် ကျွန်တော့်တွင် အသိတစ်ခုဝင်လာမိပါသည်။ ရှေးခေတ်က သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာဖြင့် ပြည့်စုံသော ဆရာတော်ကြီးတစ်ပါးမှ သူ၏ တပည့်သာဝကများအား တစ္ဆေ သရဲ၊ အစိမ်း မကောင်းဆိုးဝါးများ နှောင့်ယှက်မှု မပြုနိုင်စေရန်အတွက် နာညတြဂါထာတော်ကြီးကို သင်ကြားဆိုးမြွောက်ပေးပုံကြောင်း စာအုပ်တစ်အုပ်တွင် ဖတ်ခဲ့ဖူးပါသည်။

ဦးစွာ ငါးပါးသီလကို ဆောက်တည်၊ မေတ္တာ ဘာဝနာများများပြီး ကောင်းမှုကုသိုလ်အစုစုကို အမျှပေးဝေပြီးနောက် ဤ နာညတြ ဂါထာတော်ကို စည်းစနစ်ကျကျ ဂုရုက်တိတိသမီးအိမ်တွင် ညစဉ်သွားရောက် ရွတ်ဆို၍ပေးရာ ယနေ့တိုင် မည်သည့်အနှောင့်အယှက်မှ ပေးခြင်း မပြုတော့ပါ။

ဗုဒ္ဓရှင်တော် သက်တော်ထင်ရှားရှိတော်မူစဉ်က သုပြဟ္မာနတ်သားတစ်ပါးနှင့် အခြွေအရံ နတ်သမီး ငါးရာတို့ဟာ မိမိတို့ နတ်သက်ကြွေချိန် နီးနေကြကြောင်းနှင့် နတ်သက်ကြွေက ငရဲပြည်သို့ ကျရောက်ရတော့မည့်အဖြစ်ကို ကြိုတင် သိရှိနေခဲ့ကြ၍ ဗုဒ္ဓဘုရားရှင်ထံ စုဝေးလာရောက်ကာ ထိုးဖောက်သော ဘေးဒုက္ခမှ ကယ်တင်ပေးနိုင်ပါက ကယ်တင်ပေးတော်မူပါရန် လျှောက်ထား တောင်းပန်မှု ပြုခဲ့ကြပါသည်။

ဤတွင် မဟာကရုဏာတော်ရှင် ဗုဒ္ဓရှင်တော်ဘုရားက နာညတြဂါထာတော်ကို ထုတ်ဖော်ဟောကြားတော်မူရာမှ သုပြဟ္မာနတ်သားနှင့်တကွ နတ်သမီး ငါးရာတို့ သောတာပန်တည်ကာ ငရဲသို့ ကျရောက်မည့်ဘေးမှ လွတ်ကင်းခဲ့ကြရပါသည်။

ဤသို့ဖြင့် ကျွန်တော်လည်း ထိုဂါထာတော်ကို ဇနီးနှင့်တကွ သားသမီးအားလုံးတို့ကို ညစဉ် ရွတ်ဖတ် ပူဇော်စေခဲ့ရာ မိသားစုအားလုံး ယနေ့ထက်တိုင် မည်သည့်အနှောင့်အယှက်မှ မတွေ့ရတော့ဘဲ မကောင်းသော သရဲ တစ္ဆေခြောက်လှန့်ခြင်းဘေးရန်မှ ကင်းဝေးကြရပါတော့သည်။

နာညတြ ဂါထာတော်

နာညတြ ဗောဇ္ဈတပဿာ၊
နာညတြိန္ဒြိယ သံဝရာ၊
နာညတြသဗ္ဗနိသဂ္ဂါ၊
သောတ္ထိပဿာ မိပါဏိနံ။ ။

အနက်အဓိပ္ပာယ်

နာညတြ ဗောဇ္ဈတပဿာ - ဣန္ဒြေခြောက်ပါး စောင့်ထိန်းပွားများခြင်း၊ ဦးဆောင်သော သီလကြီးလေးပါး၊ သုစရိုက်တရားတို့မှတစ်ပါး သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရား မြင်တော်မမူ။

နာညတြိန္ဒြိယ သံဝရာ - ဗောဇ္ဈင်တရားမှတစ်ပါး သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရား မြင်တော်မမူ။

နာညတြသဗ္ဗနိသဂ္ဂါ - ကောင်းသော ဓူတင်အကျင့်တရားမှတစ်ပါး သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရား မြင်တော်မမူ။

သောတ္ထိပဿာ မိပါဏိနံ - ဤ အလုံးစုံသော သခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်မှတစ်ပါး သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရားမြင်တော်မမူ။

(နတ် လူ သတ္တဝါအားလုံး ချမ်းသာကိုယ်စိတ် မြဲကြပါစေ)

* * *

ဒဂုံးဒေသာဒိုင်ဆင်

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့မှ သဗ္ဗညူ ဟုတိုးတော်ကြီး

■ မြမင္ဂုဝေ (ကျုံမငေး) ■

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ သုခလမ်းနှင့် ခမ္မပါလလမ်း၊ ကျောက်ရေတွင်းတောင်ပိုင်း အရပ်တွင် ပုဂံ သဗ္ဗညူ လိုဏ်ဂူဘုရားကြီးနှင့် ပုံဟန်တူ၊ အရွယ်အစားတူ၊ လိုဏ်ဂူတော်ကြီး တည်ရှိနေပါသည်။ လိုဏ်ဂူတော်ကြီးနှင့် မနီးမဝေးရှိ ခမ္မပါလကုန်းမြေတွင်လည်း စွယ်တော်မြတ်စေတီ ကိန်းဝပ်နေပါသည်။



သဗ္ဗညူ ပုထိုးတော်သည် ပုဂံမြို့မှ သဗ္ဗညူ ပုထိုးတော်နှင့် ဥာဏ်တော်တူသည်ဟု ဆိုသောကြောင့် ရန်ကုန် သဗ္ဗညူ စေတီတော်သည် ဥာဏ်တော် ၂၀၃၀၊ ဖေလက်မရှိကြောင်း မှတ်သားရပါသည်။ ခိုင်ခဲ့သော လိုဏ်ဂူတော်ကြီးအဖြစ် တွေ့မြင်ရမှာ ဖြစ်ပါသည်။

ပုဂံမြို့ရှိ သဗ္ဗညူ ပုထိုးတော်ကြီးသည် ဘုရားရှင်၏ "သဗ္ဗညူတ" ဥာဏ်တော်ကို ရည်စူး၍ ဘွဲ့မည်ဆက်ကပ်ခဲ့သည်ဟု ဗုဒ္ဓဘာသာဝင် ပညာရှင်များက ယူဆပါသည်။ ပုထိုးတော်ကြီး၏ ဒါယကာ အလောင်းစည်သူမင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



ရဟန်း၊ သံဃာ၊ မှူးမတ်များနှင့် တိုင်ပင်၍ ဆောက်လုပ်ခဲ့ပြီး သာဝတ္ထိပြည်ရှိ ဝိသာခါ ဒါယိကာမကြီး ကောင်းမှုဖြစ်သော ပုဗ္ဗာရုံကျောင်းတော်နှင့် သဏ္ဌာန်တူ လိုဏ်ဂူအဖြစ် တည်ခဲ့ကြောင်း စေတီဘုရားသမိုင်းများတွင် ရေးသားထားပါသည်။

ပုဂံမြို့၏ ကျက်သရေဆောင် သဗ္ဗညုတ ပုထိုးတော်စေတီကြီးသည် စေတီဘုရားအဖြစ်သာက၊ ထိုခေတ်အခါက သံဃာတော်များ သီတင်းသုံးရန်နှင့် စာပေပိဋကတ်များပါထားရှိနိုင်ရန် စီမံလျက် တည်ထားခဲ့သည်ဟုလည်း ယူဆရပါသည်။

ရန်ကုန်မြို့ရှိ သဗ္ဗညု ပုထိုးတော်ကြီးဌာလည်း အောက်ခြေ လိုဏ်ဂူအတွင်းဌ သံကွန်ကရစ်ခံ တိုင်လုံးကြီးများတွင် ဓာတ်နိပါတ်တော်လာ ရုပ်လုံးရုပ်ကြွများဖြင့် ထောက်မ တည်ထားပါသည်။ ပုထိုးတော်ကြီး၏ အရှေ့ဘက် မျက်နှာစာတွင် အုတ်လှေကားပြေပြေကလေးဖြင့် လိုဏ်ဂူတော်မြေညီထပ်ကို ရောက်နိုင်ပြီး အထက်ထပ်များသို့ တက်ရန် ကျယ်ပြန့်သော လှေကားများကိုလည်း တွေ့နိုင်ပါသည်။ အပြီးသတ် တည်ထားခြင်းမရှိသေးသောကြောင့် ဓာတ်လှေကားဖြင့် တက်နိုင်သော တပ်ဆင်မှုများလည်း ဆိုင်းငံ့ထားရကြောင်း သိရပါသည်။ ပုထိုးကြီး ပြီးမြောက်သွားလျှင် ဓာတ်လှေကား သုံးစင်းတပ်ဆင်သွားမှာ ဖြစ်ပါသည်။

အပေါ်ကျင်း၊ အောက်ကျယ်အနေအထားခံသော တည်ဆောက်မှုလက်ရာများသည် ပုဂံ သဗ္ဗညု ပုထိုးတော်ကြီးနှင့် ထပ်တူဖြစ်သောကြောင့် လိုဏ်ဂူတော် ဂန္ဓကုဋိ တိုက်ကြီးသည် မြင့်မားကျယ်ပြန့်ပြီး လေကောင်းလေသန့်များ ရရှိနေပါသည်။ ပင်မ ဂန္ဓကုဋိတိုက်ကြီးကို လေးမျက်နှာ တစ်ဖက်စီတွင် တိုင်လုံးကြီးများဖြင့် ထောက်မထားသောကြောင့် လွန်စွာကြီးမားသော ပုထိုးတော်ကြီးအတွက် ခိုင်ခံ့မှုဖြစ်နေပြီဟု ဆိုရမှာ ဖြစ်ပါသည်။

ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်များသည် အထပ်စဉ်အလိုက် ကြီးမားသော တိုင်ကြီးများ၏ အထောက်အပံ့ဖြင့် တည်ထားပြီး အထပ်အလိုက် ဗုဒ္ဓဝင်ရုပ်ပြ ဖြစ်တော်စဉ်များ ထွင်းထု ပူဇော်ထားမှာ ဖြစ်ပါသည်။ ပုထိုးတော်ကြီး၏ အပေါ်ပိုင်း ကွမ်းဘောင်အထိ အခြေ စက်ပတ်လမ်းမဒေသဝန်းကျင်ကို ကြည့်မြင်နိုင်မှာ ဖြစ်၏။ အလုံးပြီးမြောက်သွားသည်ရှိသော် ပုဂံမြို့ရှိ သဗ္ဗညု ပုထိုးတော်ကြီးတွင် ဘုရားဒါယကာ အလောင်းစည်သူမင်းကြီး၏ ဆန္ဒတော်နှင့်အညီ ဘုရားဖူးများ စည်ကားစေချင်မှု၊ ရပ်ဝေးမှ လာရောက်ကြသော ရဟန်း သံဃာများ နားနေမှုများဖြင့် စည်ပင်ခဲ့သော မြင်ကွင်းများအတိုင်း ဖြစ်လာဦးမှာ သေချာနေပါသည်။

ရန်ကုန်မြို့၏ ဂုဏ်ကျက်သရေဆောင် ဘုရား၊ ပုထိုးစာရင်းဝင် ဤသဗ္ဗညု ပုထိုးတော်ကြီးကို သက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်နေ့(၃-၅-၂၀၀၄)တွင် ရွှေထီးတော်တင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



လှူပွဲနှင့် အနေကဇာတင် မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ပုထိုးတော်ကြီးနှင့်အတူ ယှဉ်တွဲ ဖူးတွေ့ရသော နောင်တော်ကြီး ပုထိုးတော်ကြီးမှာလည်း ညီတော် သဗ္ဗညူ ပုထိုးတော်ကြီးနှင့်အတူ ခန့်ခန့်ထည်ထည် တည်ရှိ စံပယ်နေသည်ကိုလည်း ကြည်နူးစွာ ဖူးမြင်ကြရပါမည်။ သာသနိကမြေမြင့်မြင့် ကုန်းမို့မို့ကလေးတွင် သဗ္ဗညူ ပုထိုးတော်ကြီးကဲ့သို့ ကြီးမားခန့်ထည်၍ နန်းဆန်ဆန် ပိသုကာ ကနတ်ပန်းဆိုင်းများ စိခြယ်ထားသည့် အဆောက်အအုံကြီးကို တွေ့ရ၍ မေးမြန်းမိသောအခါ သီလရှင် စာသင်တိုက်ကြီးဟု သိလိုက်ရပြီး စာသင်တိုက်ကြီး၏ အမည်မှာ ဓမ္မသက စာသင်တိုက်ဟု သိရပါသည်။ ယခုအခါ စာသင်သီလရှင် အပေါင်း ၇၀ စာသင်ကြားနေသည်ဟုလည်း သိခဲ့ရပါသည်။

ကျွန်မအနေဖြင့် ရန်ကုန်မြို့တွင် တည်ရှိနေသော ဤသဗ္ဗညူ ပုထိုးတော်ကြီးကို အဝေးမြင်အနေဖြင့်သာ မြင်တွေ့နေရပြီး ယခု သွားရောက်ခဲ့ရာတွင်လည်း သီလိုသည်များကို မေးမြန်းရန် အတော်ခက်ခဲပါသည်။ အလုပ်ခွင် ဝင်နေသော အသက်အရွယ်အလုပ်သမားကြီးများကိုလည်း မေးမြန်း၍ ရသလို၊ သီတင်းသုံး စာသင်နေသော သီလရှင်ကလေးများကိုလည်း ဘုရားကြီး၏ သမိုင်းစဉ်ကို မသိကြ၍ ပြောပြနိုင်ခြင်းမရှိ ဖြစ်နေသောကြောင့် မြင်တွေ့ရမှုနှင့် မိတ်ဆွေများ ပြောဆိုမှုကိုသာ အလေးထား ရေးသားပူဇော်လိုက်ရပါသည်။

ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူအပြီး တွေ့ရှိရသော သီလရှင်ဆရာလေးတစ်ပါးအား ထပ်မံ မေးမြန်းလျှောက်ထားမိသောအခါ ဤ သဗ္ဗညူ သာသနိကနယ်မြေကို ထိန်းသိမ်းစောင့်ရှောက် တည်ဆောက်ခဲ့သော မူလ ဒါယကာ သီလရှင်ဆရာကြီး ဒေါ်ခမွေသီ ပျံလွန်တော်မူပြီးသည်မှာ တစ်နှစ်နှင့် လေးလခန့်ရှိပြီ။ ယခုအခါ ညီမ ဒေါက်တာ ဒေါ်ပညာသီရိ သီလရှင်ဆရာကြီးမှ တာဝန်ယူနေပါကြောင်းနှင့် စာပေပညာများကိုလည်း ဒေါ်ပညာသီရိမှ သင်ကြားပေးနေပါသည်။ သို့သော် နိုင်ငံခြားသို့ သာသနာပြု ခရီးထွက်နေသောကြောင့် သီလိုသမျှ မေးမြန်းနိုင်ရန် လကုန်ပိုင်း(ဒွန်လကုန်)တွင် ပြန်လည် ကြွလာမည်ဖြစ်၍ ထပ်မံ လာခဲ့ပါဟု မိန့်ဆိုပါသည်။

မည်သို့ပင် သမိုင်းဆိုင်ရာ မပြည့်စုံသော်လည်း ရန်ကုန်မြို့တွင် ပုဂံမြို့ကဲ့သို့ သဗ္ဗညူ ပုထိုးတော်ကြီး တည်ရှိနေပါကြောင်း အများသူငါ စေတနာရှင်များ သိသွားကြဖို့သာ ရည်ရွယ်၍ ရေးသားပူဇော်ရခြင်းဖြစ်ပါသည်။ လိုအပ်မှု၊ မှားယွင်းမှုများ ရှိပါကလည်း ခွင့်လွှတ်နားလည်နိုင်ကြပါစေဟု ပန်ကြားအပ်ပါသည်။

* * *

မြမင္ဒူစေ(ကျုံမခေး)



www.burmeseclassic.com

www.burmeseclassic.com

၁၀၀၀ ရေလေးလုံး စမ္ဘုတ်ဂိုဏ်း

● နတ်မောက် မှတ်ကျောက် ●

ကျွန်ုပ်သည် ၁၀နှစ်သားရွယ်ကတည်းကပင် ကြားနာမှတ်သားခဲ့ဖူးသော စကားရှိပါသည်။ ဆေးစာလား၊ သိုက်စာလား မသိပါ။ ကျွန်ုပ်ကြားနာ မှတ်သားဖူးသည်မှာ "စ၊ ခ၊ ဗ၊ ဝ လေးလုံး စမနဲ့ ဆေးအသုံးချလို့ ကြိမ်ရတနာနဲ့ နိမ်ဒဏ်တစ်ခါရိုက်လိုက်မယ်။ ရတနာသိုက် ပေါ်လေရော့ဟယ်" ဟူ၍ပင် ဖြစ်ပါလေသည်။

ထို စ၊ ခ၊ ဗ၊ ဝ လေးလုံးစမသည် ဆေးစာဖြစ်ချင်လည်း ဖြစ်မည်။ သိုက်စာဖြစ်ချင်လည်း ဖြစ်ပါမည်။ ကျွန်ုပ်သိရှိကျင့်ကြံခဲ့သည်မှာ စ၊ ခ၊ ဗ၊ ဝ ပုတီးစိပ်ပင် ဖြစ်ပါလေသည်။

ငင်း စမလေးလုံး ပုတီးစိပ်ကို ရက်ပေါင်း ၉၀၊ သုံးလခန့် နေ့စဉ် (၁၀၀)လုံး ပုတီးကုံးဖြင့် သုံးပတ်စိပ်ပွား ကျင့်ကြံပေးခြင်းဖြင့် သွားလေရာ လမ်းခရီးတွင် အန္တရာယ်၊ အနောင့်အယှက်ကင်းရှင်းစေပြီး ရောက်လေရာ အရပ်ဒေသတွင် စားသောက်ဖွယ်တို့ အဆင်သင့် ပြင်ဆင်ပြီးဖြစ်နေတတ်သည်မှာ လက်တွေ့ထူသော အကျိုးတရားဖြစ်ပါသည်။ မယုံလျှင် ကျင့်ကြည့်ပါဟုပင် တင်ပြရေးသားလိုက်ရပါသည်။

* သော ဘဂါ အရပ် သိဒ္ဓိ "စ" (ပုတီးတစ်လုံးချ)
* သော ဘဂါ အရပ် သိဒ္ဓိ "ခ" (ပုတီးတစ်လုံးချ)
* သော ဘဂါ အရပ် သိဒ္ဓိ "ဗ" (ပုတီးတစ်လုံးချ)
* သော ဘဂါ အရပ် သိဒ္ဓိ "ဝ" (ပုတီးတစ်လုံးချ)

တစ်ရာ့ရှစ်လုံး ပုတီးကုံးတစ်ပတ်လျှင် ၂၇ခေါက် ရွတ်ပွားပြီးဖြစ်ပါသည်။ ပုတီးသုံးပတ်ဆိုလျှင် ၈၁ခေါက် ရွတ်ပွားပြီးဖြစ်၍ ကိုးနဝင်းလည်း ကျေပါသည်။ ဥာဏ်ရှိသလို ချဲ့ထွင် စိပ်ပွားနိုင်သော ပုတီးစိပ်ဖြစ်ပါသည်။ သုံးလအတွင်း လက်တွေ့ထူးသော အကျိုးကျေးဇူးများ ရရှိလာလျှင် သာသနာပြု လှူဒါန်းပေးပါ။

ပညာကို သေရွာ မယူကြေး၊ ရေးသားဖြန့်ဝေ တင်ပြအပ်ပါသည်။

(တိုးတက်ကြီးပွားပါစေ . . .)

* * *

နတ်မောက်မှတ်ကျောက်

www.burmeseclassic.com

www.burmeseclassic.com

ပရိယတ္တိ ပါရဂူစာဆင်တိုက်ရှိ ရုပ်ပွားတော်
ဆင်ယွန်းအလယ်ရှာ၊ ပွဲဓြိန္နထ်။

www.burmeseclassic.com

www.burmeseclassic.com

ဂုဟဝိဆိုင္ရာမွဴးကိုဖဲေတာ္နဲ့ ဘဒၵန္တပညာဒီပ ဆရာေတာ္

မင္းတိုင္ပင္ (မြေရာင္ေမြ)

ပြည္ေထာင္စုသမၼတျမန္မာနိုင္ငံေတာ္၊ နိုင္ငံေတာ္သမၼတရဲ့၏ အမိန္ေကြညာစာအမွတ္ (၁/၂၀၁၃)ခုနွစ္၊ ဇန္နဝါရီလ ၄ရက္ေနေ့တြင္ ထုတ္ျပန္ခဲ့သည္။ ထိုကြညာခ်က္အရ ရခိုင္ျပည္နယ္၊ သံတြဲခရိုင္၊ ဂွမြိဳ့နယ္၊ ဆပ္သွား အလယ္ရြာ ပရိယတ္တိပါဂရူ စာသင္တိုက္မွ ပဓာန နာယက ဆရာေတာ္ ဘဒၵန္တပညာဒီပမွာ သဒၶမၼေဇာတိကဓဇ ဘြဲ့တံဆိပ္ေတာ္ ဆက္ကပ္ခြင့္ ခံရသျဖင့္

ဒါယကာ၊ ဒါယိကာမမ်ား အတိုင္းမသိ ဂုဏ္ယူဝမ္းေျမာက္ၾကသည္။ ဘြဲ့ဆက္ကပ္ခံယူျပီး ဆရာေတာ္ ျပန္ၾကြလာေသာ ၂၀၁၃၊ ေဖြဳ၀ါရီ ၅ရက္၊ ေသာၾကာေန့ညေန ၄နာရီတြင္ ဂွမြိဳ့နယ္၊ အေထြေထြအုပ္ ခ်ုပ္ေရးမွဴး ဦးစံရွေအာင္၏ ဦးေဆာင္မွဳနွင့္ အတူ ဌာနဆိုင္ရာမ်ား၊ အသင္းအပင္းမ်ား၊ ခုနစ္ရက္သား သမီးမ်ားက ျမိဳ့၀င္ဂိတ္မွ သေဘၤာင္းသေဘၤာင္းဖျဖ ၾကိဳဆိုခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။

၃၁-၅-၂၀၁၃၊ သောကြာနေ့ နံနက် ဂ-နာရီအချိန်မှ စတင်၍ ဆရာတော်ကြီး ဘဒ္ဒန္တ ဂန္ဓမာနန္ဒ ဘဝနတ်ထံ ပျံလွန်တော်မူသော ရုပ်နှစ်မြောက်အထိမ်းအမှတ် ပူဇော်ပွဲနှင့်အတူ ဆရာတော် ဘဒ္ဒန္တပညာဒီပ ဘွဲ့တံဆိပ်တော်ရရှိခြင်းအခမ်းအနားကို တပေါင်းတည်း ကျင်းပခဲ့သည်။

ဆရာတော်ကြီး၏ အပြန်ခရီးအား ပို့ဆောင်ပေးခြင်းနှင့် ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းတို့တွင် အားတက်သရော ဖိနပ်ကူညီ ပြည့်ဆည်ပေးသူများမှာ ရန်ကုန်မြို့မှ အိရိုက်တာ ဒုဇိုလ်မှူးကြီး သိန်းထွန်းဝင်းနှင့် ဝန်း ဒေါ်မာမာသိန်းတို့ပင် ဖြစ်သည်။

တို့ကို ဖူးမြင်တွေ့ရမည်ဖြစ်သည်။

ပထမ ဆရာတော်ကြီးသည် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်လုံးဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်ကြီးဖြစ်ခဲ့သည်။ ဘွဲ့တော်မှာ ဘဒ္ဒန္တဥာဏိန္ဒ ဖြစ်သည်။ ၆ဂ-နှစ်တိုင်အောင် သာသနာပြုရင်း ၁၃၀၇ ခုနှစ်၊ တော်သလင်းလဆုတ် ဂရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓမာနန္ဒမှာလည်း ဆပ်သွား အလယ်ရွာဇာတိဖြစ်ပြီး မြန်မာပြည်တွင်းတွင်သာမက၊ ထိုင်းနိုင်ငံရှိ ပါဠိတက္ကသိုလ်များတွင် ပရိယတ္တိစာပေများကို သင်ကြားတော်မူခဲ့ပါသည်။ သာသနာ ၂၅၀၀ ပြည့်နှစ်၊ ဆဋ္ဌ



ရိုးမကျော် ဆပ်သွားရွာက ပါရဂူ ဆရာတော်ကြီးများ

ဆပ်သွားရွာသည် ပွဖြိုမှ ၂၂မိုင်ခန့်ဝေးသော နေရာတွင် ရှိသည်။ ဘင်္ဂလားပင်လယ်အော်နှင့် အနောက်ရိုးမတို့ အလှခြင်းပြိုင်နေကြသည့် ကမ်းမြောင်အေသဖြစ်သည်။ ဆရာတော် သီတင်းသုံးရာ ကျောင်းတိုက်ကြီးက ဘူမိနက်သန်းရာ သာသနာ့အာဇာနည်များ မွေးဖွားပေးရာ နေရာမြတ်ကြီးဖြစ်သည်။ ကျောင်းပရဝဏ်အတွင်း ပြည်လုံးချမ်းသာကိုးနဝင်းစေတီတော်၊ ကြေးသွန်း မြတ်မုနိရုပ်ပွားတော် ဆူးဟောင်းကျောင်းတိုက်တော်ကြီး၊ ဂန္ဓကုဋိတိုက်တော်ကြီး သင်္ဃာယနာတင်တော်မူရာတွင် (ရန်ကုန်မြို့ ကမ္ဘာအေးကုန်းတော် မဟာပါသဏလိုဏ်ဂူတော်) ဆဋ္ဌသင်္ဂီတိကာရက ပါဠိဝိသောစက ဖြစ်တော်မူခဲ့ပြန်ပါသည်။ ဆရာတော်ကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအတွက် အဖက်ဖက်မှ သာသနာပြုတော်မူရင်း နိုင်ငံတော် ဩဝါဒစရိယ ဆဋ္ဌသင်္ဂီတိကာရကပါဠိ ဝိသောစက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ခံတော်မူပြီးနောက် ၁၃၆၇ ခုနှစ်၊ ကဆုန်လဆုတ် ဂရက်၊ သက်တော် ၉၇ နှစ်၊ သိက္ခာတော် ၇၇ ဝါအရတွင် ပျံလွန်တော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးအဆက်ဆက်၏ သွန်သင်ပြသ ဆုံးမသော ဗုဒ္ဓစကားများကို နာယူမှတ်သားပြီး ဆရာတော် ဘဒ္ဒန္တ ပညာဒီပသည် ပါရဂူကျောင်းတိုက်ကြီး ပဓာန နာယက ဆရာတော်တစ်ပါးအဖြစ် ဆက်လက်တာဝန်ယူခဲ့ပါတော့သည်။

သာသနာတော်အတွက် ဆောင်ရွက်ခဲ့ကြံ

ဆရာတော် ဘဒ္ဒန္တပညာဒီပသည် ပရိယတ္တိ၊ ပရိပတ္တိ၊ ပရိဝေဒ သာသနာတော်သုံးရပ်ကို မိမိတတ်စွမ်းသမျှ ကျောင်းတိုက်အတွင်းရှိ သံဃာတော်များ၊ ကိုရင်နှင့် သီလရှင်များကို သင်ကြားပို့ချခြင်း၊ သင်အံလေ့ကျင့်စေခြင်း၊ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းများ အားထုတ်တော်မူခြင်းကို နေ့ဝါ၊ ညဝါ မပြတ် ဆောင်ရွက်တော်မူသည်။ ထို့အပြင် အနီးပတ်ဝန်းကျင်ရှိ မူလတန်းမှ အထက်တန်းအထိ ပညာသင်ကြားနေသော ကျောင်းသူကျောင်းသား ဥဝဠီ၏ စားရေးနေရေး ပညာသင်ကြားရေးကို တာဝန်ယူခဲ့သည်။ ထိုကျောင်းသားများအား ပညာဒါနဆရာမ ဒေါ်ရီရီချို(ဘီအေ)က တာဝန်ခံပြီး ဆရာ၊ ဆရာမ ဖဦးဖြင့် ဗေယျာဝစ္စမြေ အောင်ပွဲဝင် အထူးဘော်ဒါအဖြစ် ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

ဆပ်သွားတိုက်နယ်နှင့် အလှမ်းဝေးသော၊ သွားရေးလာရေးခက်ခဲသော အရပ်ဒေသများမှ ဆင်းရဲနွမ်းပါးသည့် ကလေးများကိုလည်း ပညာဒါနဖြည့်စွမ်းပေးတော်မူသည်။

စာရေးသူသည် ဆရာတော်ကြီးနှင့် တွေ့ခဲ့ပြီး သိလိုသမျှကို လျှောက်ထားမေးမြန်းတော်မူခဲ့ပါသည်။

♦♦♦

"ဆရာတော်ဘုရား ... ယခုကျင်းပမယ့် ဂုနပူဇော်ပွဲတော်နှင့် ရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်ပွဲအကြောင်းကို မိန့်တော်မူပါ ဘုရား"

"၁၃၅၇၊ ကဆုန်လပြည့်ကျော် ၆ရက်နေ့မှာ ရဟန်းလောင်း ၁၀၀။ ကိုရင် ၂၄၀။ သီလရှင် ၅၀၀တို့ကို သာသနာ့ဘောင်အရောက် သွတ်သွင်းခိုးမြှင့်ခဲ့တယ်။ ပင့်သံဃာအပါ



၄ဝနှင့်အတူ သိမ်ဆင်းလောင်းလျှခဲ့တယ်။ အဲဒီညမှာပဲ ရခိုင်ပြည်နယ် ကိုယ်စားပြု ဆိုကရေးတီး ရွှေတံဆိပ် ဂုဆရာ "စန်းစန်းမြင့်"မင်္ဂလာဆိုင်းတော်အဖွဲ့က ဂုဏ်ပြုဖျော်ဖြေခဲ့တယ်။ နောက်တစ်နေ့ မနက် ၉နာရီအချိန်မှာတော့ ကျွမ်းကိုယ်တိုင် ရေစက်ချတရား ဟောကြားခဲ့တယ်။

အကျွေးအမွေးကတော့ စတုဒိသာ ထမင်း၊ ငါးကြီးကြော်၊ ကြာဆံဟင်းခါးနှင့် ညှော်ခဲပါတယ်။ ဘွဲ့တံဆိပ်တော်ကပ်လှူခဲ့စဉ်က လှူဒါန်းလိုက်တဲ့ ဝတ္ထုပစ္စည်းတွေကို အယုတ်အလတ် အမြတ်မရွေးဘဲ မဲဖောက်လှူဒါန်းပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်ပါသေးသလား အရှင်ဘုရား"

"ဟုတ်တယ်။ ဒုလ္လဘ ရဟန်းတွေ၊ ကိုရင်တွေ၊ သီလရှင်တွေနဲ့အတူ ကျောင်းသားတွေအားလုံးကို ငါးရက်တိတိ သင်ကြားပေးတယ်။ ညဉ့်ဦးတွေမှာတော့ ဝိဃသနာ ကမ္မဋ္ဌာန်းတရားတွေကို အားထုတ်ပွားများစေခဲ့တယ်"

"အရှင်ဘုရား… ဇေယျာရွှေမြေ အောင်ပွဲဝင် အထူးဘော်ဒါဖွင့်ပြီး ပညာသင်ကြားပေးနေတဲ့ ရည်ရွယ်ရင်းကို မေးပါဦး"

"ကျွန်တော့်ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်နေခို့မှာ ကျွန်တော် သာသနာပြုနေတဲ့ ဒီနေရာကို အမြင်တွေ ကျဉ်းပြီး မကျန်ခဲ့စေချင်တဲ့ ဆန္ဒပါပဲ။ အခုပြောမယ့် အချက်တွေကို အခြေခံတာပေါ့။

(၁) ဆင်းရဲချမ်းသာမရွေး အခြေခံပညာ သင်ကြားနိုင်ရေးအတွက် စရိတ်သက်သာပြီး လွယ်ကူမှု ရှိစေရန်၊

(၂) ကျောင်းသား၊ ကျောင်းသူများကို ပညာအရာမှာ ကူညီထက်မြက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊

(၃) လိမ္မာယဉ်ကျေး ကျန်းမာသန်စွမ်းသည့် နောင်အစဉ်ဆက်၏ ခေါင်းဆောင်သစ်များ ဖြစ်လာနိုင်ရန်အတွက် ပြုစုပျိုးထောင်ပေးရန်၊

(၄) ကိုယ်ကျင့်တရား ကောင်းခြင်းနှင့်အတူ အများအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးနိုင်သည့် သားကောင်း သမီးကောင်းများ ဖြစ်လာစေရန်၊

(၅) မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို သိရှိနားလည် ဂုဏ်ယူပြီး လိုက်နာခံယူတတ်စေရန်၊

(၆) ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ် သာသနာကို တာဝန်ယူနိုင်မည့် ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်လာစေရန်၊

(၇) အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေပါပဲ ဒကာကြီး"

♦♦♦

"သာသနိကအဆောက်အအုံကြီးတွေက ရေးဟောင်းလက်ရာတွေပဲ ဒကာကြီး။ ကြေးသွန်းရုပ်ပွားတော်ကြီးဆိုရင် တန်ခိုးကြီးပြီး ဆုတောင်းရင် ပြည့်စုံပါတယ်။ အဓိဋ္ဌာန်အောင်မြေလည်း ဖြစ်တယ်။ ပြည်လုံးချမ်းသာ၊ ပြည်လုံးကျန်းမာ ကိုးနဝင်း ကပ်ကျော်စေတီတော်ကြီးဆိုရင် ဟိုးကျွဲတို့ ယော်စဉ်က ရောင်ခြည်တော် ကွန့်မြူးခဲ့တယ်။ အိမ်မက်ထူးတွေ၊ ဝိသေသထူးတွေ ပေးတတ်ပါတယ်။ ဆုတောင်းရင် မကြာခင် ပြည့်စုံတတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားက ဆပ်သွားအလယ်ရွာ ဇာတိလို့ သိရပါတယ်။ ထေရုပတ္တိဖြစ်စဉ်ကို မိန့်ကြားပါဦး ဘုရား"

"ခမည်းတော် ဦးတင်မောင်၊ မယ်တော် ဒေါ်ထွေးရီ တို့မှ ၁၃၁၁ ခုနှစ်၊ ဝါခေါင်လပြည့်၊ ကြာသပတေးနေ့ နံနက် ဂ-နာရီအချိန်မှာ ဖွားမြင်တဲ့ တစ်ဦးတည်းသော သားပါ။ မောင်မောင်စိုးလို့ အမည်ရပြီး အသက် ၁၅နှစ်ရွယ် အရောက်မှာတော့ ဆရာတော်ကြီး ဘဒ္ဒန္တဂန္ဓမာနန္ဒကို ဥပဇ္ဈာယ်ပြုလို့ ရှင်ပညာဒီပ ဘွဲ့တော်နဲ့ ရှင်သာမဏေဖြစ်ခဲ့တယ်။ ၁၃၅၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်နေ့၊ နံနက် ဂ-နာရီမှာ ပရိယတ္တိ ပါရဂူ ခဏ္ဍသိမ်တော်မှာ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဖြစ်ခဲ့တယ်။ နဝမတန်း အထိ ပညာသင်ကြားခဲ့တယ်။ ၁၉၉၃ ခုနှစ်၊ ပုသိမ်မြို့ ပရိယတ္တိစာသင်တိုက်မှာ ပရိယတ္တိစာမေးပွဲကို ဖြေဆို အောင်မြင်ခဲ့တယ်။ အဲဒီနောက် အခြေပြု မူလတန်း၊ ပထမငယ် တန်းတွေကို ဖြေဆိုအောင်မြင်ပြီး ၁၉၉၆ မှာ ဝိနည်းရေးဖြေ အာဂုံပြန်ပွဲကို အောင်မြင်ခဲ့ပြန်တယ်။ အဲဒီနောက် ကျောင်းက အဘိုး ဆရာတော်ကြီးကို ပြုစုလုပ်ကျွေးရင်း ပဋိကတ် ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းတွေကို သင်ကြားတော်မူခဲ့တယ်"

"ဆရာတော် ဆောင်ရွက်ခဲ့တဲ့၊ ဆောင်ရွက်နေတဲ့ သာသနာ့တာဝန်များကို မိန့်ပါဦး ဘုရား"

"ဆပ်သွားအုပ်စု ရပ်ကျေး သံဃာ့နာယကအကျိုးတော်ဆောင်၊ နောက် ဆရာတော်ကြီးရယ်၊ သြဝါဒနဲ့ သာသနာထွန်းကားပြန့်ပွားရေးလုပ်ငန်းတွေကို ပြီးစီးအောင် ဆောင်ရွက်နေရင်းက ၁၉၉၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့ ဗောဓိသုခ ပရဟိတကျောင်း တိလောက ဝိဇယ သယမ္ဘူစေတီတော် ဌာပနာသွင်း ထီးတော်တင်ပွဲမှာ ရွှေသင်္ကန်းကပ်လှူခဲ့သလို ဗုဒ္ဓဘိသေက အနေကဇာတင်တော် မူတဲ့ မင်္ဂလာအခမ်းအနားကို ကြွရောက်ပါဝင် ဆောင်ရွက်ခဲ့တယ်။

ပရိယတ္တိ ပါရဂူစာသင်တိုက်ကြီးရဲ့ ပဓာန နာယက ဆရာတော်အဖြစ် ငသိုင်းချောင်း၊ လင်းနို့တစ်ထောင် သာသနာ့အောင်မြေကို ကြွရောက်ခဲ့ပြီး ဝိနည်းငါးကျမ်း ကျောင်းတိုက်မှာ ဆရာတော် အပါး ၂၀နဲ့ ကျောင်းသား လူငယ် ၁၀၀ ကျော်တို့ကို ပညာဒါနပြုခဲ့တယ်။ နောက်ပြီး ကျူပ်က ပဋိပတ္တိမှာ ဇွဲသန်လို့ ရန်ကုန်၊ သာကေတ ဂုရပ်ကွက်၊ အောင်စကြဆရာတော် စန္ဒာသီရိကျောင်းတိုက်မှာ ဝါတွင်းသုံးလပတ်လုံး မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပသနိယကို ခံယူပြီး ပဋိစ္စသမုပ္ပဒ်သင်တန်း တက်ရောက်ခဲ့တယ်။ ကိုယ့်ဒေသမှာ ပြန်ပြီး ဝိပဿနာ တရားစခန်းတွေကို ဖွင့်လှစ်ပေးနိုင်ခဲ့တယ်။ နောက်ထပ်လည်း သာသနာတော်ကြီးအတွက် မနေမနား ကြီးပမ်းရင်း သဘာဝ ဘေးအန္တရာယ်တွေဖြစ်တဲ့ ရေဘေး၊ လေဘေး၊ မီးဘေး ကိစ္စအရပ်ရပ်တွေမှာလည်း ထောက်ပံ့ လှူဒါန်းခဲ့တယ်"

"ဆရာတော် အခုလို သာသနာပြုနိုင်ဖို့ ထောက်ပံ့ပေးတဲ့ အလှူရှင်များ ရှိပါသလား"

"ရှိတာပေါ့။ ဘွဲ့တံဆိပ်တော် ခံယူတော့ သာသနာရေး ဝန်ကြီးဌာနက ညွှန်ကြားရေးမှူးကိုယ်တိုင် စီဝိုင်စီ သင်္ကန်း ၃ဖဲ့၊ ကိုရင် ၇၂ စုံနဲ့ သီလရှင်အပါး ၅၀ကျော်တို့အတွက် လှူဒါန်းပါတယ်။ အသွားအပြန် ယာဉ်အလှူရှင်ကတော့ ဒါရိုက်တာ ဒုတိယ ဗိုလ်မှူးကြီး သိန်းထွန်းဝင်းနှင့် ဝန်းဒေါ်မာမာသိန်း(ပါရမီ တက္ကစီလုပ်ငန်း)တို့ ဖြစ်တယ်။ ဝိုင်းဝန်းပံ့ပိုးတဲ့ အလှူရှင်တွေကတော့ -

- ဒုတိယ ဗိုလ်မှူးကြီး လှအောင် + ဒေါက်တာ ဒေါ်ဝင်းဝင်းမာ (မိတ္ထီလာ)၊
- ဦးမောင်ရာ + ဒေါ်ဥမ္မာစိုး (ရန်ကုန်)၊
- ဒေါ်ကြည်ညွှန့် ဆေးလိပ်ခုံ (သီတာကုန်းပြင်၊ သေပင်ချောင်း)၊
- ဦးမြဝင်း + ဒေါ်တင်တင်ဌေး (တောင်ပေါက်ရွာ)၊

www.burmeseclassic.com

www.burmeseclassic.com

- ရေနဂါး ကိုအုန်းမြင့် + မမီးမီး (ဂွမ်မြို့)၊
- ဦးကျော်ဝင်း + ဒေါ်ခင်ဝင်းကြည် (ဆယ်သွားအလယ်ရွာ)၊
- ဦးဝင်းမောင် + ဒေါ်မေမေခင် (ဆယ်သွားအလယ်ရွာ)၊
- ဦးအုန်းသွင် + ဒေါ်ကြည်ကြည်ဝင်း (ကျိုင်းကောက်)၊
- ဗိုလ်ကြီးသိန်းသန်းစိုး + ဒေါ်ခင်အေးမြင့်ဦး(ရန်ကုန်)၊
- ဆရာမ ဒေါ်ရီရီချို၊ ဂရိတ်တေးသဲသွင်း (ရန်ကုန်)၊
- အောင်ပွဲရုံ၊
- သူရိယ ဆန်ပွဲရုံ၊
- ဦးစိန်မောင် + ဒေါ်လှအေး(ရန်ကုန်)တို့နဲ့အတူ သူသူရွာသား ခုနစ်ရက်သားသမီးတွေ စုပေါင်းလှူဒါန်းကြလို့ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ခဲ့တာပေါ့။ သူတို့ကို နေ့စဉ် မေတ္တာပို့ ဆုတောင်းပေးပါတယ်။

ကျောင်းမှာ အစစ ကူညီပေးတာက ဝတ်အသင်းအပွဲနဲ့အတူ ရွှေဘုံသာကျောင်းဆရာ ဦးကိုလေး၊ ပြီးတော့ အသင်းသူ အသင်းသားတွေပဲ ဖြစ်တယ်"

♦♦♦

"ဧည့်ဝတ် ရခိုင်ပြည်ကို အလည်တစ်ခေါက်ရောက်ခဲ့ဖူးဆိုရင်တော့ ရခိုင်ကမ်းမြောင်ဒေသရဲ့ ပင်လယ်ကမ်းခြေအလှ၊ အနောက်ရိုးမကြီးရဲ့ သဘာဝအလှတွေကို တစ်ဝကြီး ခံစားနိုင်ခြေက်စေမှာ ဖြစ်ပါတယ်။ ဖော်ရွေလှတဲ့ ရခိုင်လူမျိုးဆွေ အပြုံးမပျက် ညှဉ်ခံကျွေးမွေးဖို့ အပြင်ကြိုဆိုနေမှာပါ။

ကျုပ်တို့ရဲ့ ဇာတိမြေကို အရောက်လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ်လိုက်ချင်ပါတယ်"

ဆိုတဲ့ ဆရာတော် ဘဒ္ဒန္တပညာဒီပရဲ့ စကားအဝိုင်းပင် စာဖတ်သူများလည်း အလည်တစ်ခေါက် သွားရောက်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

* * *

မင်းဇော်ဦး(မြဝတီခရိုင်ခန့်မြဲ)

www.burmeseclassic.com

www.burmeseclassic.com

ငါးရာနဲ့ ခံတပ်မြို့ဟောင်းမှ
သောင်းထိုက်ကျော်ကြား ဘိုးတော်ဘုရား

■ မင်းနေထွန်း (ကန့်ဘလူ) ■



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းတစ်ပင်(ဒီးကုန်း)၊ စန္ဒာလင်း ပုန်ပိတိုက်ပိုင်ရှင် ကိုဖိုးကျော်မမိုးမိုးသိမ်းတို့က လွန်ခဲ့တဲ့ ၂၀၁၂ ခု၊ ပြေလကတည်းက "ထန်းတစ်ပင်(ဒီးကုန်း)ကို လာခဲ့ပါဦး။ ငါးရာနဲ့မြို့ဟောင်းကို လည်း လိုက်ပို့ပေးပါ့မယ်"လို့ ဖိတ်ခေါ်ခဲ့ကြပေမယ့် အခြေအနေအကြောင်းကြောင့် တစ်နှစ်သာ ကုန်ဆုံးသွားပြီး ကျွန်တော် မရောက်ဖြစ်ပါ။

၂၀၁၃ ခု၊ မေလ ဒုတိယပတ်ထဲမှာတော့ သားထွေး မောင်ရာဇာထွန်း(သစ်တောဦးစီးဌာန)ကို ခေါ်ပြီး ငါးရာနဲ့မြို့ဟောင်းကို လေ့လာရေးအဖြစ် သွားရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ သားအဖရောက်သွားချိန်မှာ ကိုဖိုးကျော်က သူ့ပုံနှိပ်လုပ်ငန်းများဖြင့် အလုပ်ရှုပ်နေတဲ့အတွက် ညီဝမ်းကွဲတော်သူ ဗေဒင်လက္ခဏာဆရာ ဦးမောင်တူးကို အကူအညီတောင်းပြီး ငါးရာနဲ့မြို့ဟောင်းကို သွားရောက်ခဲ့ပါတယ်။

ငါးရာနဲ့ ခံတပ်မြို့ဟောင်းဟာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှာ ရှိတဲ့ ထန်းတစ်ပင်(ဒီးကုန်း)ရဲ့ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာမှာ ရှိပါတယ်။ ကန့်ဘလူနဲ့ မိုင် ၂၀ ကျော် ဝေးပြီး ရွှေဘိုမြို့နဲ့ဆိုရင်တော့ ၂၃မိုင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ဝေးပါတယ်။ ပုဂံခေတ် နရပတိစည်သူမင်းလက်ထက် သက္ကရာဇ် ၅၅၅ ခုမှာ တည်ဆောက်ခဲ့ကြောင်း သိရပါတယ်။ အဲဒီဒေသမှာ ရှိတဲ့သူတွေကတော့ ငါးရာနဲ့ဆို ပန်းဘဲဖိုလို့ အဆိုလေးနဲ့သာ မှတ်သားကြပါတယ်။

ငါးရာနဲ့မြို့ဟောင်းဟာ ငါးရာနဲ့ တောင်ရွာနဲ့ မြောက်ရွာ ဆိုပြီး ရွာနှစ်ရွာရှိပါတယ်။ အင်တောချောင်းက ရွာနှစ်ရွာ ကြားမှ ဖြတ်စီးပါတယ်။ ခံတပ်မြို့ဟောင်းက ငါးရာနဲ့တောင်ရွာမှာ ရှိပါတယ်။ ရွှေဥမင်ကျောင်းတိုက်လို့ အမည်ရတဲ့ အထင်ကရ ဘုန်းတော်ကြီးတိုက်တစ်တိုက်လည်း ရှိပါတယ်။ ရွှေဘုရိုင်တစ်ဝှမ်းမှာ အရပ်နာမည်ကြီးပြီး အစွမ်းထက်တဲ့ ငါးရာနဲ့ ဘိုးတော်ဘ ရုပ်ပွားတော်ရယ်၊ သစ္စာတော် ကျောင်းကြီးရယ်တို့ဟာ ရွှေဥမင်ကျောင်းတိုက်အတွင်းမှာ ရှိနေပါတယ်။

ရှေးဘုရင်များလက်ထက်ကတည်းက ယနေ့ခေတ်ကာလတိုင်အောင် မဟုတ်မမှန်သူ အတွင်းဒိဿမားတွေ သစ္စာဆိုပြီး ငါးရာနဲ့ ဘိုးတော်ဘ သစ္စာတော်ကျမ်းကြီးကို မကိုင်ဝံ့ခဲ့ကြပါဘူး။ အမှုကိစ္စအကြောင်းတစ်စုံတစ်ရာရှိလို့ အဲဒီသစ္စာတော်ကျမ်းကြီးကို ကိုင်ပြီး အမှုဆုံးဖြတ်ခြင်း ခံယူကြမယ်ဆိုရင် တရားလို၊ တရားခံ၊ တရားပြိုင် နှစ်ဦးဟာ တစ်ပင်တည်းသော သပြေပင်က တစ်ကိုင်းတည်းသော သပြေသွန့်ထွေကို တစ်ပြိုင်နက်တည်း ခူးယူပြီး မိမိတို့ရဲ့ သက်ဆိုင်ရာ ဘုရားညောင်ရေအိုးမှာ စိုက်ထိုးကြရပါတယ်။ ငါးရာနဲ့ ဘိုးတော်ဘ ရုပ်ပွားဆင်းတုတော်နဲ့ သစ္စာတော်ကျမ်းကြီးရှိရာ စားပွဲထက်မှာ တစ်ပြိုင်တည်း တင်လှူ ပူဇော်ကြရပါတယ်။

အဲဒီလို တင်လှူ ပူဇော်လိုက်တာနဲ့ တစ်ပြိုင်တည်း မဟုတ်မမှန်သူ၊ လိမ်ညာဖုံးကွယ်ထားသူ၊ မတရားမှုကို ပြုထားသူရဲ့ ညောင်ရေအိုးက သပြေပန်းတွေဟာ ရုတ်ခြည်း ညှိုးကျသွားတာကို တွေ့ကြရမှာ ဖြစ်ပါသတဲ့။ မမှန်ကန်သူကို ကြိုတင် အတိတ်နိမိတ်ပြတဲ့ သဘောလက္ခဏာပါပဲ။

အဲဒီလို ကိုယ့်ညောင်ရေအိုးက သပြေပန်း ရုတ်ခြည်း ညှိုးကျသွားတယ်ဆိုရင်တော့ မိုက်မိုက်ကန်းကန်း ဇွတ်တိုးပြီး ကျမ်းကိုင်ဝံ့သူ မရှိသလောက် ရှားပါသတဲ့။ တချို့က လည်း ရုက်ရုက်နဲ့ ဇွတ်တိုး ကျမ်းကိုင် သစ္စာပြုကြပါသတဲ့။ အဲဒီလို ဇွတ်တိုး ကျမ်းကိုင် သစ္စာပြုကြသူတွေဟာ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တိုင်အောင် ကျမ်းစူးမှုရှိတယ်လို့ လည်း သိခဲ့ရပါတယ်။

ငါးရာနဲ့ ဘိုးတော်ဘ ရုပ်ပွားဆင်းတုတော်ဘုရားက လည်း အင်မတန်မှ တန်ခိုးကြီးတဲ့ ရုပ်ပွားတော်တစ်ဆူဖြစ်ကြောင်း ရွှေဥမင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဦးတေဝဝန္တက စာရေးသူကို ရှင်းပြပေးတော်မူပါတယ်။

"ဘုန်းကြီးတို့ တွေ့ရှိ မှတ်သားခဲ့ရတာတွေနဲ့ ကြားနာခဲ့ရဖူးတာတွေပေါ့ ဒကာကြီးရယ်။ ယခု ဆီဆုံကြီးရွာမှာ တစ်ခါက လယ်သမားကြီး ဦးဘ ဆိုတာ ရှိခဲ့ဖူးတယ်။ တစ်နေ့မှာတော့ ဦးဘက ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မက်သတဲ့။ အိပ်မက်ထဲမှာ သူပိုင်တဲ့ ယာခင်းထဲမှာ ရွှေရောင်တဝင်းဝင်းနဲ့ ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရ ဆိုပဲ။ နံနက်လင်းတော့ ယာခင်းဘက် ထွက်သွားပြီး သွားရှာကြည့်တော့ အိပ်မက်ထဲကအတိုင်း ရွှေရောင်ဝင်းဝင်းနဲ့ ဆင်းတုတော်ကို တွေ့မြင်လိုက်ရတယ်တဲ့။ ဒါနဲ့ ဆင်းတုတော်ကို ပင့်ခဲ့တယ်ပေါ့ ဒကာကြီးရာ။

ဆင်းတု ရုပ်ပွားတော်က မြေကြီးထဲမှာ လက်တစ်သစ်သာသာလောက်ပဲ နစ်ဝင်နေတာ ဖြစ်ပေမယ့် ဘယ်လိုမှ ပင့်ချီလို့ မရဘဲ ဖြစ်နေတယ်။ အမျိုးမျိုး အကြိမ်ကြိမ် ပင့်ချီကြည့်ပြီး မရတဲ့အဆုံး ရွာထဲ ပြန်လာပြီး နီးရာ ဆွေမျိုးသားချင်းတစ်စုကို ပြောပြခေါ်ယူပြီး တစ်ခါ ယာခင်းထဲသွားပြီး မ,ချီကြပြန်သတဲ့။ အဲဒီလို မ,ချီကြပေမယ့်လည်း မရကြဘူးဆိုပဲ။ ဒီသတင်းက ဆီဆုံရွာသာမကဘဲ၊ နီးရာ ဒကာ၊ ရွာနီးချင်းတွေလည်း ကြားသွားပြီး ဟိုရွာက လူတစ်စု၊ ဒီရွာက လူတစ်စုလာပြီး မ,ချီကြသတဲ့လေ။ ဘုန်းကြီးတို့ ငါးရာနဲ့ ရွာသားတွေလည်း ပါကြသပေါ့။

အဲဒီလို ရွာတွေ···ရွာတွေက ပေါ်တော်မူရုပ်ပွားတော်ကို အလှည့်ကျ ပင့်ချီမ,ကြပေမယ့် ဘယ်ရွာကမှ ပင့်ချီလို့ မရတဲ့အဆုံး ဘုန်းကြီးတို့ ငါးရာနဲ့ ရွာသူရွာသားကြီးတွေ အလှည့်ကျတော့မှ ရုပ်ပွားတော်က မ,ချီလို့ ရသွားသတဲ့။ ဒါနဲ့ပဲ ဝမ်းသာအယ်လဲ ရုပ်ပွားဆင်းတုတော်ကြီးကို ငါးရာနဲ့ ရွာကို ပင့်ဆောင်ခဲ့ကြတယ်။ လယ်သမားကြီး ဦးဘရဲ့ ယာတောထဲမှ ပေါ်တော်မူတဲ့ ရုပ်ပွားမို့ "ဘိုးတော်ဘာ ဆင်းတုရုပ်ပွား" လို့ ဘွဲ့တော်ဆက်ကပ်ခဲ့ကြသပေါ့"

လို့ ရှင်းပြပါတယ်။

ဒီအကြောင်းကိစ္စရပ်နဲ့ ပတ်သက်လို့ ၁၂၉၉ ခု၊ တပို့တွဲလဆန်း ၁ရက်၊ တနလာနေ့မှာ ဒုတိယအကြိမ် ရေးကူးမှတ်တမ်းတင်ထားတဲ့ ဘိုးတော်ဘာ ထေရုပ္ပတ္တိ ပေစာမှာ လည်း···

"ဘိုးတော်ဘာဆို၊ ထိုလူအိုလည်း၊ ကြည်ညိုသဒ္ဓါ၊ ဖူးစိမ့်ဂုဏ်၊ ညဉ့်ခါ၊ အိပ်မက်မြင်လေသောကြောင့်၊ နံနက်အခါ၊ ထ၍ ရှာသော်၊ နီလာပိတ၊ လောဟိတဟု၊ ခြောက်ဝ အရောင်၊ ထွန်းပြောတောဇာ၊ တန်ခိုးဖြာသား၊ အံ့ရာမဆုံး၊ မိုးလုံးလောက်မျှ၊ ပမာဏကို၊ ညွတ်ခပန်စွာ၊ ကြည့်ဖွေရှာသော်၊ မြေမှာ တစ်သစ်၊ တစ်ဝက်နစ်လျက်၊ စနစ်ကုန်စင်၊ ရိပ်ပင်သာယာ၊ တလင်းသာသို့ ဆောင်ယူပြီး၊ အံ့ချီကြသော၊ ရုစ်မျက်နှာက၊ ဒေဇာကြွကြောင်း၊ ခွင့်ပန်တောင်းလည်း၊ အကြောင်းမမြင်၊ မြေတွင် ယုက်သွယ်၊ သစ်မြစ်တွယ်သို့၊ ပင့်သော်မရ၊ သုံးလူဘဟု၊ ပြောပ စကား၊ သတင်းကြားနှင့်၊ အများရုံးစု၊ တိုင်ပင်ပြု၍၊ ကြွမှုအကြောင်း၊ ခွင့်ပန်တောင်းသော်၊ အကြောင်းထင်မြင်၊ ဖော့အသွင်သို့၊ ကြည်လင်သဒ္ဓါ၊ ဒေဇာချီကြွ၊ နဲ့ဘုန်သို့၊ ပင်ကာ ရောက်ကြောင်း။ ထုံးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘင်ပြ၊ အဘိုးဘဟု၊ လူက အမည်၊ ခုတိုင် တည်သည်၊
ဆော်လည်ကြေညာညောင်း၏လေး"

လို့ ဖော်ပြထားတာကို တွေ့ဖတ် မှတ်သားခဲ့ရပါတယ်။

ပေစာကို ဒုတိယအကြိမ် ရေးကူးမှတ်တမ်းတင်ပေး
ထားတဲ့ ပုဂ္ဂိုလ်ကတော့ အဲဒီအချိန်အခါက ရွှေဥမင်ကျောင်း
ဆရာကြီးရဲ့ ဦးဇီးပဓာန နာယက ဆရာတော်တစ်ပါးဖြစ်တော်
မူခဲ့တဲ့ ဆရာတော် ဦးကုသလလို့ သိခဲ့ရပါတယ်။

ဒီလို ဒုတိယအကြိမ် ပေထက် အက္ခရာတင် မှတ်တမ်း
တင်ရတဲ့ အကြောင်းရင်းကို ယခုလက်ရှိ ဆရာတော် ဦးတေ
ဇသာ လျှောက်ထားမေးမြန်းကြည့်တဲ့အခါမှာ···

"သက္ကရာဇ် ၁၂၉၃ ခု၊ ပြာသလိုပြည့်ကျော် ၁၄ရက်
နေ့ အဖြစ်အပျက်က မေရက်စရာမရှိ၊ အံ့ချီးမကုန်နိုင်
အောက်အောင် ဖြစ်ခဲ့ကြရလို့ပါပဲ။ အဲဒီနေ့ရက်က ဘိုးတော်တ
ကြီးဘုရားအမည်တော်ရတဲ့ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကို
အမာသူ လူမျိုးခြားတစ်စုက ခိုးယူသွားခဲ့ကြဖူးပါတယ်။
အဲဒီတုန်းက ငါးရာနဲ့ရွာကို စီမံအုပ်ချုပ်နေသူက သူကြီး
ပြီးအဖြစ်လို့ သိရပါတယ်။

ဘိုးတော်ဘ ရုပ်ပွားဆင်းတုတော် အခိုးခံရတဲ့ နေ့ည
ဟာ လျှောင်လည်း လူပ်၊ မိုးလည်း သဲသဲမဲမဲရွာပါတယ်။ ဒါ
ကြောင့်လည်း ဘုရားရုပ်ပွားတော် ပျောက်သွားတာနဲ့ ပတ်
သက်ပြီး ငါးရာနဲ့သူကြီး ဦးဖိုပြိုင်၊ ကျီကုန်ရွာသူကြီး
ဦးမောင်ကြီးနဲ့ ရွာသူရွာသားတွေက သူခိုးခြေရာကို ရှာလို့
တွေ့သွားပါတယ်။ မြေစိုစိုမှာ ထင်ကျန်နေရစ်တဲ့ ခြေရာတွေ
ကို နောက်ယောင်ခံ လိုက်ရှာတဲ့အခါမှာ ဘူးကြီးရွာအနီးက
ကောက်ရိုးပုံပေါ်မှာ ဆက်ကပ်လှူဒါန်းထားတဲ့ ရွှေသင်္ကန်း
တော်လည်း မရှိ စီခြယ် ပူဇော်ထားတဲ့ ကျောက်မျက်ရတနာ
တော်တွေလည်း မရှိတော့ဘဲ ဗောဓိသားသက်သက် ရုပ်ပွား
တော်က ရောင်ခြည်တွေ ကွန့်မြူးနေတာကိုသာ တွေ့လိုက်
ကြရပါတယ်။ အံ့ဖွယ်ဘနန်းပါပဲ။

တစ်ဆက်တည်းလိုပဲ ဘူးကြီးရွာထဲ စနည်းနာလိုက်
တာနဲ့ တစ်ပြိုင်တည်း ရုပ်ပွားတော်ကို ခိုးယူသွားကြတဲ့
ဘာသာခြားလူမျိုး မောင်လွန်းမောင်၊ မောင်ဘိုရိန်၊ မောင်တင်
နဲ့ ငမောင် ဆိုသူတို့ကို ဖမ်းမိခဲ့ပါတယ်။ ရုပ်ပွားသူခိုး လူမျိုး
ခြားတစ်စုကို သူကြီး ဦးပြိုင်က တရားလိုပြုပြီး တရားစွဲဆို
ခဲ့တဲ့အတွက် သက်ဆိုင်ရာ ပြိုနယ်တရားရုံးက ထောင်ဒဏ်
အသီးသီးပေးလိုက်တယ်လို့ သိခဲ့ရပါတယ်။

အဲဒီအဖြစ်အပျက် အကြောင်းကိစ္စနဲ့ ပတ်သက်လို့
နောင်လာ နောက်သား လူအများတို့ မှတ်သားသိရှိနိုင်ဖို့၊
ဆင်းတုရုပ်ပွားတော်ကို မြတ်နိုး တန်ဖိုးထား ကြည်ညို ဆည်း
ကပ်နိုင်ဖို့ ဆရာတော် ဦးကုသလက ဘိုးတော်ဘ ဘုရား
သမိုင်း ဒုတိယပေစာကို ကူးယူမှတ်တမ်းတင်ခဲ့တယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ခန့်မှန်းယူဆကြရပါတယ်"

ထိုနည်းတူစွာပဲ သပိတ်မောက်ရွာက လူပြန်တော် ဆရာထယ်ကလည်း "ငါးရာနဲ့ပြီး ရွှေဥမင်ကျောင်းတိုက်၊ သူဦး ခိုးယူပုံဝင်ဆောင်သော ဘိုးတော်ဘ မြတ်စွာဘုရား အတ္ထုပ္ပတ္တိစာတမ်း" ဆိုပြီး ရွက်ရေ တစ်ထောင်ရိုက်နှိပ် ဖြန့်ဝေခဲ့ကြောင်း သိရပါတယ်။ အဲဒီစာတမ်း မူဟောင်းကို ထပ်မံ ရိုက်နှိပ်ထားတဲ့ စာရွက်လေးကိုလည်း ငါးရာနဲ့ရွာသားကြီး ကိုစိန်မင်းက ပေးပြလိုက်ပါသေးတယ်။

"ချောင်းရေနဒီ ကမ်းယံတစ်ဘက်၊ သောင်းမြေမဟီ နန်းဟန်မပျက်ဘဲ၊ ကြင့်နန်းဆံလွှက်၊ ဂရိုဝီ၍ မြို့တည သက္ကရာဇ်က ပန်းပဲဖို၊ တနဲ့အဆို စကားချယ်လှယ်၍၊ ငါးရာ ငါးဆယ်ငါးခုတွင်၊ ကြားသူချစ်ဖို့၊ အသွားအလာ မချဲ့လိုက်ဘဲ၊ ငါးရာနဲ့ပြီးတည် ပဋ္ဌမ၊ သမတအရှိ သတင်းမည်းရန်၊ ဘဝအတိုက မယွင်းမချို့ပြန်၊ နရပဘိမင်း စိုးစံရော့ (မူရင်း အတိုင်း)"

လို့ နိဒါန်းသွယ်ပြီး ဘိုးတော်ဘ မြတ်စွာဘုရား အမည် တွင်လာပုံတို့ကို ရေးသားထားပါတယ်။ အဲဒီနောက်မှာ -

"ခေတ်တကယ်မှေးချ၍ သာသနာဘည်းပြန်တော့၊ ဘုရား သူဦး ရေရွတ်သော်၊ ဇမ္ဗူဝတ်တော်က သည်တွင်ဆိုက်၊ ခွန်ရှင် မကိုင့်ဘုရားဟရမေ၊ သကလကာယေ အိန္ဒ်နှင့် မွန်။ အားအစွမ်း ရှိသမျှ မသိရအောင် အတင်းပင့်၊ လင်းခွင့်ကို မရခင်၊ တရားရှင် ဥာဏ်ယူမြော်၍၊ ရန်သူတော်မို့ တစ်နည်းကြံ၊ သည်းခံတော်မူရာသည့် ဤကာလ၊ သက္ကရာဇ် တွက်စစ်ကာ အကြောင်းပြရလျှင်၊ ၁၂၉၃ ခု၊ ဥတုဟေန္တ်၊ သိသီရ ရတု အစဉ်၊ ဥတ္တရဃာဉ်ပြောင်းစ၊ မကာရရာသီ(မူရင်းအတိုင်း)"

ဟူ၍ ဆင်းတုရုပ်ပွားတော်ကို ဘာသာခြား လူတစ်စု ခိုးယူမှု ပြသွားကြောင်းကို စီးကုံး တင်ပြထားပါတယ်။ ဘုရား ရုပ်ပွားတော် ခိုးယူသူများအကြောင်းနှင့် ပတ်သက်လို့တော့-

"ဘူးကြီးသား လွေန်းမောင်၊ တစ်ကျွန်းထောင် မျက်ဝပစ်၊ အထက်က တရစ် နဖူးတော်၊ အထူးပေါ်သည့် စိန်ကျောက်၊ အရိုန်တောက်၍ အကောင်းမှန်၊ ရောင်လျံက ပတ္တမြားအစစ်၊ ဘုရားစနစ်အခြေမတိမ်းအောင်၊ ရွှေချိန်ကို အကျယ်ထောက်၍၊ ဘယ်လောက်များ ရှိလိမ့်မတုန်း။ ဒီတွာ ခဏ၊ စိတ်သာခ၊ ယူမိရာ၊ သူကြည့်တာ အစွန်းအရောင်နှင့်၊ လွေန်းမောင်က အကြောင်းရင်း၊ အပေါင်းအသင်းက ဘိုးရိုန်း၊ ခိုးကိန်းသဟဲပြု။ တဲ့ခုက မောင်တင်"

ဟူ၍ ဖော်ပြထားပါတယ်။

ရုပ်ပွားဆင်းတုတော် ခိုးယူမှု ခံရစဉ်က ခံပြင်းဝမ်းနည်း ကြေကွဲခဲ့ကြရတဲ့ ကျေးရွာအများအပြားအကြောင်းကိုလည်း . . .

"ငါးရာနဲ့ သပြေသာ။ မင်းပါနဲ့ လက်ခုပ်ကုန်။ ရင်ခပ်ကုန်း သပိတ်ကောက်၊ စိတ်ရောက်တိုင်း ဆက်သွယ်၊ လက်ဆည်နှင့် ဇီးကုန်။ ကျီးကုန်းနှင့် ညောင်ပင်ဆိပ်၊ ခေါင်းချင်း ငြိမ်း၍ မခံနိုင်၊ ဖလံကြိုင် သရက်ခေါင်း၊ လူအပေါင်း အပျိုးပျို့။ သိုးပိုးရွာကို အဆုံးထား၍၊ အားလုံး ဘုရားပင့်ယူ ကာ၊ ကုလ္လာလာ ရေပန်းထသလို၊ မကျေချမ်းသမျှ(မူရင်း အတိုင်း)"

ဖော်ပြမှတ်တမ်းတင်ထားတာကို တွေ့ရပါတယ်။

ဆရာတော် ဦးတေဇဝန္တကို ကျောင်းဂေါပကအဖွဲ့ဝင် လူကြီးများအပါအဝင် သပ္ပိုင်ဒကာများနှင့်ရင် ကိုစိန်မင်းတို့ရဲ့ ပြောပြချက်အရ ယနေ့ခေတ်ကာလတိုင်အောင် ဘိုးတော်ဘ ဘုရားရုပ်ပွားဆင်းတုတော်ဟာ ကဆုန်လပြည့်၊ တပေါင်းလ ပြည့်ညများ၌ ရောင်ခြည်တော်များ ကွန့်မြူးဆဲ ရှိကြောင်း သိခဲ့ရပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ရောင်ခြည်တော် ကွန့်မြူးသည့် ရုပ်ပွားဆင်းတုတော်ကို ဖူးမြော်ကြည်ညိုလို့ပဲ ဖြစ်စေ၊ ပြဿနာအခက်အခဲ အမှုကိစ္စတစ်ခု ရင်ဆိုင်နေရလို့ အမှန်တရားကို ပြတ်သားစွာ ထင်ရှားပေါ်လွင် ရန် သစ္စာတော် ဘိုးတော်ဘ ကျမ်းကြီးကို အားကိုးအားထားပြုလိုလို့ ဖြစ်စေ၊ သွားရောက်နိုင်ကြရန် ဖော်ထုတ်ရေးသား လမ်းညွှန်လိုက်ရကြောင်းပါခင်ဗျား။

ပညာရှင်အပေါင်းကို မညောင်းသော ဂါရဝဖြင့်

* * *

မင်းခနဆွေန်း(ကန့်ဘလူ)

(သိလိုသမျှ ရှင်းပြပေးကြသော ငါးရာနဲ့ရွာသားကြီးများနှင့် ဓာတ်ပုံအကူအညီပေးခဲ့သော ဇီးကုန်း စန္ဒာလင်းပုံနှိပ်တိုက်ကို ကိုဖိုးကျော်၊ သားထွေး မောင်ရာဇာထွန်းတို့ကို ကျေးဇူးတင်မှတ်တမ်းပြုပါ၏။)

www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်ကြီးရင့်အိုမင်းသူတစ်ယောက် ဆုံးပါးခဲ့တာကို မီးစာကုန် ဆီခန်းသွားပြီလို့ ပမာပြု ပြောကြလေ့ရှိပါတယ်။ ငယ်ရွယ်သူတစ်ယောက် အကြောင်းကြောင်းကြောင့် ဆုံးပါးတာကိုတော့ "သြော်...မီးစာမကုန်၊ ဆီမခန်း ပေမယ့် သူသက်တမ်းက ဒီလောက်ပဲ နေခွင့်ရရှာတယ်နဲ့ ဘုပါရဲ့"လို့ သံဝေဂနာ ပြောဆိုကြပါတယ်။

ရုပ်တရား၊ နာမ်တရားတို့ရဲ့ ဖြစ်ပုံ ပျက်ပုံကိုလည်း ဘုရားပေလာအရ ဒီပဇာလ-ဆီမီးလျှံ နဒီသောတ-ရေအလျှဉ် တို့နဲ့ ဥပမာပြု ရေးသားထားပါတယ်။ အဘိဓမ္မတ္ထသင်္ဂဟ ရုပ်ပိုင်းမှာ ပါရှိပါတယ်။ အဲဒီမှာ ဆီမီးဥပမာတစ်ခုကို သိသာစေဖို့ ဖော်ပြပါ့မယ်။

ဆီမီးခွက်ဆိုတာက လက်ဖက်ရည်ကြမ်းခွက်ပမာဏ လောက်ရှိတဲ့ ခပ်ပက်ပက်ပုံသဏ္ဌာန် ရှိမြဲနဲ့ လုပ်၊ မီးဖုတ်ထားတဲ့ ခွက်ငယ်ကလေးမှန်း လူတိုင်းသိပါတယ်။ အဲဒီခွက်ထဲကို ဆီထည့်ပြီး ခဲတံလုံးလောက်ရှိတဲ့ ဝါဂွမ်းလိပ် ၅လက်မအရှည် မီးစာကို ဆီပေါ်မှာ တစ်လက်မမျှ ဖော်ပြီး ခွက်ငယ်နှုတ်ခမ်းကို မှီထားပါတယ်။

အဲဒီ ပေါ်နေတဲ့ မီးစာထိပ်ကို မီးရှို့လိုက်တဲ့အခါ မီးစွဲလောင်ပြီး တစ်လက်မခွဲသာသာ အရင်းသေး၊ အလယ်ကြီး၊ အဖျားရှူး တောက်လောင်နေတဲ့ မီးရောင်အလင်းကို ဖြစ်စေပါတယ်။ အလင်းရောင်က ပေ ၅၀အတွင်း လူသူကွဲကွဲပြားပြားမြင်တွေ့နိုင်ပါတယ်။

၅ပေမျှအတွင်း လူငယ်လူရွယ်များလည်း စာဖတ်လို့ ရနိုင်တဲ့ အနေအထားပါ။ မီးတောက်တစ်ခုအဖြစ်ကို မျက်စိ

ကိုယောင်္ကျားဆီမီးပမာ

ရုပ်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com

အားကောင်းရင် ကောင်းသလို၊ ညအခါမှာ တစ်မိုင်အကွာ အဝေးလောက်ကတောင် မြင်တွေ့နိုင်ကြပါတယ်။

လျှပ်စစ်မီး၊ ဖယောင်းတိုင်၊ ရေနံဆီ မီးအိမ်၊ မီးခွက် မပေါ်မီ ရှေးအခါများကတော့ ဆီမီးခွက်ကို မြန်မာပြည်အရပ်ရပ်မှာ သုံးစွဲလေ့ရှိကြပါတယ်။ ဆီမီးတန်ဆောင်လို့ကောင် စာပေအရာမှာ သုံးစွဲရေးသားခဲ့ကြပါတယ်။

ဆီမီးခွက်တွေကို အိမ်တွေမှာ ညအခါ အလင်းရောင် ရဖို့ ထွန်းညှိကြသလို၊ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်တို့မှာလည်း ဘုရားကျောင်းကန်တွေမှာ ညှိထွန်းပူဇော်လေ့ရှိကြပါတယ်။

ဖော်ပြခဲ့သလောက်ဆိုရင် ဆီမီးခွက်သဘောသဘာဝကို သာမန်လောက် မြင်သိကြပါလိမ့်မယ်။ စေ့စေ့လေ့လာကြည့်မယ်ဆိုရင်တော့ ဆီမီးခွက်ကို လေ့လာပြီဆိုပါစို့။

(က) ဆီမီးခွက်

(ခ) ဆီ

(ဂ) မီးစာ

(ဃ) မီးတောက်(မီးလျှံ)

(င) မီးရောင်

(စ) မီးရှိန်

ဆိုတဲ့ အမျိုးအစား ၆မျိုးကို သိသာနိုင်ပါတယ်။ အဲဒီခြောက်မျိုး၊ ခြောက်မိုင်းမှာ လေ့လာလွယ်ကူစေရန်အတွက် (ဃ)ဖြစ်တဲ့ မီးတောက်ကို ရှေးဦးစွာ ပြဆိုပါမယ်။ ကျန် (က၊ ခ၊ ဂ၊ ငါ စ)တို့ကို တဖြည်းဖြည်း အဆက်အစပ်နဲ့ ပြဆိုသွားပါမယ်။

(ဃ) မီးတောက်

မီးတောက်မှာက (ဂ)မီးစာမှာ မီးလောင်တာနဲ့ နီးကပ်တဲ့ နေရာမှာ သေးငယ်ပြီး အလယ်ပိုင်းမှာ ကြီးလို့ အဖျားမှာ ရှဉ်းသွားပါတယ်။ သာမန်အနေနဲ့ ကြည့်မယ်ဆိုရင်ပေါ့လေ။ မီးစွဲနေတဲ့ မီးစာကနေ မီးတောက်ထွက်လာပြီး အများအထိ တက်သွားမှာလို့ ထင်ရပါလိမ့်မယ်။ အသေအချာစူးစိုက်ကြည့်မယ်ဆိုရင် မီးတောက်အမှန်လေးတွေဟာ တစ်ခုပြီးတစ်ခု တဖွဲဖွဲဖြစ်လိုက်ပျက်လိုက်နဲ့ ဆက်ကာ ဆက်ကာ ဆင့်ကဲဆင့်ကဲ တဖြုန်းဖြုန်း တဖျောက်ဖျောက် တလက်လက်ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

တည်တံ့ခိုင်မြဲနေတဲ့ မီးတောက်ဆိုလို့ အပ်ဖျား တစ်ထောက်စာကလေးမျှကို မရှိပါဘူး။ တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံမျှလောက်ကို မရှိဘူးဆိုတာ တွေ့မြင်ရပါလိမ့်မယ်။ မီးတောက်ဆုံးရင် ပျောက်သွားတတ်တယ်။ သို့သော် အမှန်တကယ်ပျောက်သွားတာ မဟုတ်။ မီးရောင်၊ မီးရှိန်အဖြစ်ကို ပြောင်းလဲသွားတာ ဖြစ်ပါတယ်။

(င) မီးရောင်

မီးရောင်ဟာ မီးတောက်ဖြစ်တာနဲ့ တစ်ပြိုင်နက်တည်း ပေါ်ပေါက်လာပြီး ပတ်ဝန်းကျင် ပေ ၅၀လောက်အတွင်း အလင်းရောင်ဖြစ်လာပါတယ်။ အဲဒီ အလင်းရောင်ကိုပဲ မီးရောင်လို့ ဆိုရမှာပါ။

မီးတောက်ကနေ ဖြစ်လာတဲ့ ဝင်းလက်နေသော ရူပါရုံပါ။ မီးတောက် ပျောက်တာနဲ့ တစ်ပြိုင်နက် မီးရောင်သည်လည်း ပျောက်ကွယ်သွားမှာပါ။

မီးရောင်ဟာ မိမိရဲ့ အလင်းဓာတ်ပျံ့နှံ့တဲ့ နယ်ပယ်မှာ တစ်သတ်မတ်တည်း ငြိမ်သက်တည်တံ့စွာ လင်းလက်နေတာလို့ ထင်နေရတာပါ။ အမှန်က အဲဒီ မီးရောင်ဟာလည်း တည်တံ့ခိုင်မြဲတဲ့ တရားမဟုတ်ပါဘူး။ မီးတောက်ရဲ့ ဖြစ်စဉ်သဘာဝအတိုင်း မိမိ စဖြစ်ရာ မီးတောက်က ပြောင်းလဲပြီး မိမိပျောက်ဆုံးရမယ့် နယ်ပယ် ပေ ၅၀ခန့်လောက်အထိ အရှိန်အဟုန်ပြင်းပြင်းနဲ့ အဆင့်ဆင့် အဆက်ဆက် ပျက်လိုက် ဖြစ်လိုက်နဲ့ အစဉ်အတန်းပေါ်ပေါက်သွားခြင်းဖြစ်ပါတယ်။

အဲဒီ ဖြစ်ပျက်အစဉ်အတန်းထဲမှာ ပါဝင်တဲ့ မီးရောင်ဆိုလို့ အပ်ဖျားတစ်ထောက်စာမျှ တည်တံ့ခိုင်မြဲနေခြင်းကား မဟုတ်ပါဘူး။ တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံအချိန်လောက်ကိုတောင် တည်တံ့နေတာ မဟုတ်ပါဘူး။ တစ်ခုပျက် တစ်ခုဖြစ်သဘောနဲ့ ဖြစ်စဉ်အတန်းကြီးတစ်ခုသာ ဖြစ်နေတာကို တွေ့မြင်ကြရမှာပါ။

အဲဒီ ပျက်ဖြစ်အစဉ်ကို တစူးတစိုက်နဲ့ ကြည့်မယ်ဆိုရင် သာမန်မျက်စိလောက်နဲ့ မြင်ကြရမှာပါ။ အားကောဲင်းတဲ့ မှန်ဘီလူးတွေ၊ အားကောင်းတဲ့ သမာဓိ မျက်စိ၊ ဉာဏ်အမြင်တွေနဲ့ ကြည့်မယ်ဆိုရင်ပေါ့လေ။ ထင်ထင်ရှားရှား တဖွားဖွား ပျက်၊ ဖြစ်အစဉ်တွေကို တွေ့မြင်နိုင်ပါလိမ့်မယ်။ မီးရောင် နယ်ပယ် ပေ ၅၀ကျော်လို့ မီးရောင်ကွယ်ရင်တော့ မီးရောင်က ချုပ်ပျက်ပျောက်ဆုံးပြီလို့ ဆိုရမှာပါလေ။

မီးရောင်ကို မမြင်နိုင်တော့လို့သာ ချုပ်ပျောက်သွားတာလို့ ထင်ရပေမယ့် အမှန်တကယ်က ချုပ်ပျောက်သွားတာ မဟုတ်ပါဘူး။ သူရဲ့ သဘောတရားဟာ ဤသဘောတစ်ခုက နေပြီး အခြားသဘောတစ်ခုဖြစ်သွားခြင်းသာ ဖြစ်ပါတယ်။ အဲဒီလိုပါပဲ။ အဆင့်ဆင့် အဆက်ဆက် ပျက်လိုက် ဖြစ်လိုက်နဲ့ ပြောင်းလဲသွားခြင်းသာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ဖြစ်ပျက်အစဉ်ကို ဖမ်းယူနိုင်တဲ့ သဘောတရား ဝတ္ထုဓာတ်တွေနဲ့ ဖမ်းယူကြည့်မယ်ဆိုရင် ထင်ထင်ရှားရှား ပြန်ပြီးတွေ့ မြင်ကြရမှာ ဖြစ်ပါတယ်။

အခုခေတ်အခါမှာတော့ ဝေးလံဒေသများမှာ ရှိနေတဲ့ အရပ်တွေ၊ အသံတွေကို ရုပ်ဖမ်း သံဖမ်းစက်တွေနဲ့ ထင်ထင်ရှားရှားတွေ့ မြင်နိုင်ကြပါပြီ။ ရှေးခေတ်ကာလများကလည်း ဒိဗ္ဗသောတ အဘိညာဉ်အစွမ်း၊ ဒိဗ္ဗစက္ခုအဘိညာဉ်အစွမ်းနဲ့ ကြားနိုင် မြင်နိုင်ကြောင်းကို ဗုဒ္ဓစာပေလောကအရ တွေ့ မြင်နိုင်ပါတယ်။

ဒိဗ္ဗသောတ အဘိညာဉ်ဆိုတာက ဝေးဝေးနီးနီး၊ တိုးတိုးကျယ်ကျယ်၊ ဖုံးကွယ်၊ မဖုံးကွယ်၊ အသံဟူသမျှကို နတ်ရဲ့ နားကဲ့သို့ ကြားနိုင်တဲ့ ဉာဏ်အထူးပါ။ အခုခေတ် အခါမှာတော့ တတိယနားဆိုပြီး သုံးနှုန်းလေ့ရှိပါတယ်။

ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာကလည်း ဝေးဝေးနီးနီး၊ ကြီးကြီးသေးသေး၊ ဖုံးကွယ်၊ မဖုံးကွယ်၊ အဆင်းရူပါရုံဟူသမျှတွေကို နတ်ရဲ့ မျက်စိကဲ့သို့ မြင်နိုင်တဲ့ ဉာဏ်အထူးပါ။ ဒါကိုလည်း အခုခေတ်အခါမှာ တတိယမျက်လုံးလို့ ဆိုကြပါတယ်။ အနီးကဲ့သို့ ဖြစ်ပါသော်လည်း ဝိုးဝိုးမျက်စိဖြင့် မမြင်နိုင်အောင် မီးရောင်ဟာ အခြားသဘောအဖြစ်သို့ ပြောင်းလဲသွားသည်လို့သာ ဆို့ရမြို့မ်မည်သာ။

(၀) မီးရှိန်

မီးရှိန်ဆိုတာက မီးရောင်နဲ့ တစ်ပြိုင်တည်း ပေါ်ထွက်ခဲ့တဲ့ ဓာတ်သဘောဖြစ်ပါတယ်။ ဒါပေမယ့်လို့ မီးတောက်ကနေတစ်ဆင့် ကူးပြောင်းလာခဲ့တာလား။ မီးတောက်ကလည်း တိုက်ရိုက်ဖြစ်ပေါ်လာတဲ့ ဓာတ်သဘောလားဆိုတာကိုတော့ ခွဲခြားသိဖို့ ခက်လှပါတယ်။

အဲဒီ မီးရှိန်ဟာ မီးတောက်ရဲ့ အနီးဝန်းကျင်အရပ်လောက်မှာသာ ထင်ရှားပြီး မီးတောက်နဲ့ ဝေးကွာရာအရပ်မှာတော့ မထင်ရှားလှပါဘူး။ ဒါပေမယ့် မျက်စိရောဂါဝေဒနာရှင်အဖို့တော့ မီးရောင်ကို မြင်တွေ့ရတာနဲ့ စူးရှကိုက်ခဲတဲ့ ဝေဒနာကို ခံစားရတာလို့ ထောက်ချင့်ရင်တော့ မီးရောင်ရှိရာ မီးရှိန်ရှိနေတယ်ဆိုတာကို သိနိုင်ပါတယ်။

မီးရောင်ဟာ မျက်စိနဲ့ မြင်နိုင်တဲ့ ရူပါရုံဖြစ်ပြီး မီးရှိန်ကတော့ ကိုယ်ဖြင့် တွေ့ရတဲ့ ဖောဋ္ဌဗ္ဗာရုံဖြစ်ပါတယ်။ ရုပ်ဓာတ်တိုင်းမှာ ဘယ်လောက်ပဲ သေးငယ်သည် ဖြစ်ပါစေ၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ ဆိုတဲ့ ရုပ်ရှစ်မျိုးပါဝင်သည်ချည်း ဖြစ်ပါတယ်။

မီးရှိန်ဟာ မီးတောက်နဲ့ နီးရာမှ ဝေးရာကို ရောက်သည်အထိ မီးရောင်ကဲ့သို့ပင် ထင်ရှားရာကနေ တဖြည်းဖြည်း မထင်မရှားဖြစ်ကာ ပျောက်ကွယ်သွားတတ်ပါတယ်။ အမှန်တကယ်ပျောက်ကွယ်သွားတာ ဟုတ်မယ်မထင်ပါဘူး။ ရုပ်ဓာတ်တို့ရဲ့ သဘောသဘာဝအတိုင်း အဆင့်ဆင့်ပြောင်းလဲသွားပြီး သိရှိနိုင်တဲ့ သဘောက မသိရှိနိုင်တဲ့ သဘောကို ဆိုက်ဆိုက်ပြိုက်ပြိုက် ပြောင်းလဲသွားခြင်းသာ ဖြစ်ပါလိမ့်မယ်။

ဖော်ပြပါအတိုင်း မီးရောင်နှင့် မီးရှိန်သဘာဝမှ ကွယ်ပျောက်သွားရာမှာ မီးတောက်ဟာလည်း တဖြည်းဖြည်း အားနည်းချုပ်ပျောက်သွားတာကို သတိမူမိရင် သိနိုင်ပါလိမ့်မယ်။

မီးတောက်ကုန်ခန်း ချုပ်ပျောက်သွားသည့်နည်းတူပါပဲ။ (၇) မီးစာနဲ့ (ခ) ဆီတို့သည်လည်း ကုန်ခန်းချုပ်ပျောက်သွားမှာကတော့ ထင်ရှားသိသာလှပါတယ်။

ဤသို့ ဆီမီးခေါ် သဘောတရားတစ်ခုမှာ...

(ခ) ဆီ

(၇) မီးစာ

(ဃ) မီးတောက်

(င) မီးရောင်

(စ) မီးရှိန်

စသည်တို့ဟာ တဖြည်းဖြည်းကုန်ခန်း ချုပ်ပျောက်မသိမမြင်နိုင်တဲ့ အဆင့်အဝိုင်းအခြားဆီသို့ ရောက်သွားတာကို လေ့လာတွေ့ရှိရပါတယ်။ နောက်ဆုံးမှာတော့ (က)ဆီမီးခွက်သာ ကျန်ရှိပါလိမ့်မယ်။

အဲဒီ ဆီမီးခွက်ဟာလည်း တစ်နေ့နေ့၊ တစ်ချိန်ချိန် ပျက်စီးကြေပြုန်းသွားပြီး မသိမမြင်နိုင်တဲ့ သဘောကို ရောက်သွားမှာလည်း သေချာတဲ့ ကိစ္စပါ။

ဤသို့ ဆီမီးသဘောတရားတစ်ခုအဖြစ်မှာ အပ်ဖျားတစ်ထောက်စာမျှ တည်တံ့မနေ။ တစ်စက္ကန့်ရဲ့ အချိန် ဆယ်ပုံတစ်ပုံမျှပင် တည်တံ့မနေပါဘူး။ အဆင့်ဆင့် အဆက်ဆက် ဖြစ်ပျက်၊ ပျက်ဖြစ် ပြောင်းလဲနေတာကြောင့် ဗုဒ္ဓစာပေကျမ်းဂန်တို့မှာ ရုပ်နာမ်ဟူသော သခ်ိတ တရားတွေကို ဒီပဇာလေ-မီးရောင်ကဲ့သို့၊ နဒီသောတ-မြစ်ရေအလျဉ်ကဲ့သို့ ဥပမာပုံစံပြုလို့ ရုပ်တရား၊ နာမ်တရားများ မတည်မြဲမှု အနိစ္စဖြစ်ကြောင်း ရေးသားဟောကြားထားခြင်းဖြစ်ပါတယ်။ သတိမူပြီး သံဝေဂ ရယူခံစားနိုင်ဖွယ်ရာ ဖြစ်ပါတယ်။

* * *

ကို့ဓမာဝင်သန့်ဇင်း

www.burmeseclassic.com

www.burmeseclassic.com

ယခုနေ့ သာသနာတော်နှစ် ၂၅၄၁ ခုနှစ်၊ ကောဇာသင္ဘာရာသီ ဆုတစ် ဥုနှစ် မြဿိလဆန်း ၆ရက်၊ (၂၃-၁၂-၉၇)ရက်နေ့ ရန်ကုန်တိုင်း ရွှေပြည်သာမြို့ အမှတ် (၈)ရပ်ကွက် သုခန်းခြံမှာ နေထိုင်တဲ့ လွန်ခဲ့သော ငါးရက်ခန့်က ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်တဲ့ ဒကာကြီး ဦးစွန်စိန်ကို ရည်စူးပြီးတော့ ကျန်ရစ်ခဲ့ကြတဲ့ ဒကာမကြီး ဒေါ်အေးတို့ မိသားစုက ကျင်းပ ပြုလုပ်တဲ့ ဓမ္မဒါန တရားအလှူပွဲပဲ ဖြစ်ပါတယ်။

တရားအမည်ကိုတော့ အသေမြတ်ချင် သေနည်းသင်လို့ပဲ မှတ်ထားကြရအောင်ပါ။ အသေဟာ မြတ်ခြင်း။ ယုတ်ခြင်းလို့ နှစ်မျိုးရှိပါတယ်။ အသေမြတ်တယ်ဆိုတာ သေပြီးနောက် သုဂတိဘုံကို ရောက်တာ ဆိုလိုခြင်းဖြစ်ပါတယ်။ အသေယုတ်တယ် ဆိုတာကတော့ သေပြီးနောက် ဒုဂ္ဂတိဘုံ ရောက်တာကို ဆိုလိုခြင်းဖြစ်ပါတယ်။

မေတ္တာရှင်၊ ရွှေပြည်သာ၊
အသေမြတ်ချင် သေနည်းသင်

illustration by shweaungkyaw34@gmail.com,ph:09421054457

ဒါကြောင့် အခေါင်းတလား လုလုပပ စေးကြီးပေးလုပ်၊ ကားကြီး/ကားငယ်အသွယ်သွယ်နဲ့ စည်းကားလုပစွာ သင်္ဂြိဟ်ခံရတဲ့ လူပင်ဖြစ်သော်လည်း သေပြီး ဒုဂ္ဂတိလို့ ခေါ်တဲ့ အပါယ်ဘုံတစ်ဘုံဘုံကျတယ်ဆိုရင် ဒါကို အသေယုတ်တယ်လို့ပဲ ခေါ်ရတယ်။ အသေမြတ်တယ်လို့ မခေါ်ရဘူး။

တစ်ဖန် ဥစ္စာမရှိ ဆင်းရဲလို့ ဖျာနဲ့ လိပ်ပြီးခဲ့တဲ့ အသုဘဖြစ်သော်လည်း သေသူဟာ ကောင်းရာသုဂတိရောက်အောင် ဆိုရင် အသေယုတ်တယ်လို့ မခေါ်ပါဘူး။ အဲဒါ အသေမြတ်တာပါ။ အဲဒီလို အသေမြတ်ဖို့အတွက် သေနည်းသင်ရပါလိမ့်မယ်။ မသင်လို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ပုထုဇဉ်သေရင် အပါယ်လေးပါးကျသွားနိုင်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ပုထုဇဉ်တွေ ကြိုတင် မသိနိုင်တဲ့ အရာ ငါးမျိုးကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဟောထားတာက -

ဇိဝိတံ ဗျာဓိကာလော စ၊
ဒေဟနိက္ခေပနံ ဂတိ။

ဇိဝိတံ - ပုထုဇဉ်မှန်ရင် ငါ ဘယ်အရွယ်မှာ သေမယ် လို့ ကြိုပြီး မသိနိုင်ဘူး။ ဗျာဓိ - ဘယ်အနာရောဂါနဲ့ သေရ မယ်လို့လည်း ကြိုပြီး မသိနိုင်ဘူး။ ကာလ - မနက်သေ မလား။ နေ့လယ် သေမလား။ ညသေမလား ကြိုပြီး မသိနိုင် ဘူး။ ဒေဟနိက္ခေပန် - ဘယ်နေရာမှာ သေမယ်၊ ဘယ် သုသာန်မှာ သင်္ဂြိုဟ်မယ်ဆိုတာလည်း ကြိုပြီး မသိနိုင်ဘူး။ ဂတိ - သေပြီးနောက် ဘယ်ဘုံရောက်မယ် ဆိုတာလည်း ကြိုပြီး မသိနိုင်ပါဘူးတဲ့။

ပုထုဇဉ်တွေ ရောက်နိုင်တဲ့ ဘုံ

ဒီအချက်ငါးချက် တစ်ချက်မှ မသိရတာကို ထောက် သောအားဖြင့် ပုထုဇဉ်မှာ ဘဝအာမခံချက် ဘာမှမရှိဘူးဆို တာ သေချာလုပါတယ်။ ပုထုဇဉ်တွေ သေပြီး ရောက်နိုင်တဲ့ ဘုံက ၅မျိုးရှိပါတယ်။ မနုဿဂတိ - လူ့ဘုံ၊ ဒေဝဂတိ - နတ်ဘုံ၊ ပြဟ္မာဘုံ။ ဒီနေရာမှာ ဒေဝသဒ္ဒါဟာ ပြဟ္မာကိုပါ ဟောတယ်လို့ ယူရပါမယ်။ နိရယဂတိ - ငရဲဘုံ၊ တိရစ္ဆာန် ဂတိ - တိရစ္ဆာန်ဘုံ၊ ပေတဂတိ - ပြိတ္တာဘုံတို့ပဲ ဖြစ်ပါ တယ်။

အသူရကာယ်ကိုတော့ ပြိတ္တာဘုံထဲမှာ ထည့်ပြီး ယူ ထားပါတယ်။ ပုထုဇဉ်တစ်ယောက်က မိမိရောက်မယ့် ဘုံဌာနကို မသေခင်က ကြိုပြီး သိရပါတယ်။ မြင်လည်း မြင်ရပါတယ်။ စာလိုကတော့ ဂတိနိမိတ်လို့ ခေါ်ပါတယ်။ ဥပမာ - လူ့ဘုံရောက်မယ်ဆိုရင် ကမ္မလာနီအဆင်းရှိတဲ့ အဓိဝမ်းရည်ကို မြင်ရပါတယ်။ နတ်ဘုံရောက်မယ်ဆိုရင် နတ်သမီးတွေ၊ နတ်သားတွေ၊ ဗိမာန်တွေ၊ ပဒေသာပင်တွေ ကို မြင်ရပါတယ်။

ငရဲကျမယ်ဆိုရင် ငရဲမီးတွေ၊ ငရဲသားတွေ၊ ခွေးနက် ကြီးတွေကို ကြောက်မက်ဖွယ်ရာ မြင်ရပါတယ်။ တိရစ္ဆာန် ဘုံရောက်မယ်ဆိုရင် မိမိ မိခင်ဖြစ်တဲ့ တိရစ္ဆာန်မရဲ့ ပုံသဏ္ဌာန် ကို မြင်ရပါတယ်။

အဲဒီလို ဘယ်ဘုံရောက်မယ်ဆိုတာ ကြိုမသိရတဲ့ အတွက် ပုထုဇဉ်တိုင်းဟာ သေနည်းသင်တန်းကို မြန်မြန် တက်ပြီး မြန်မြန်လေ့ကျင့်ထားသင့်ပါတယ်။ သေခြင်းတရား ဟာ ရင်ဘတ်နဲ့ ကျောလို အနီးကလေး ကပ်နေတာပါ။ နေ့မြင် ညပျောက်၊ ညမြင် နေ့ပျောက်ဆိုသလို အင်မတန်မှ လျင်မြန်လှပါတယ်။ ဒါကြောင့်လည်း ဗုဒ္ဓက -

ပါတော ကေန နီဿန္တိ၊ သာယံဒိဋ္ဌာဗဟုဇ္ဇနာ၊
သာယံကေ န နီဿန္တိ၊ ပါတောဒိဋ္ဌာ ဗဟုဇ္ဇနာ၊

ဘောန္တော - အဝိဇ္ဇာနယ်၊ တလည်လည်ဖြင့်၊ သွယ် သွယ်ယောင်ရမ်း အမှောင်လမ်းဝယ်၊ တောင်စမ်းမြောက်ကိုင်း မကြောက်နိုင်ဘဲ ခုတိုင် လမ်းမှား။ အို···လူများတို့၊

တုမှေ - အပြောတစ်မျိုး၊ သဘောဆိုး၍ အကျိုးမပြုး အချည်းနှီးဖြစ်၍ နေကြကုန်သော သင်တို့သည်၊

ဣမံလောကံ - ရှုပ်ချင်တိုင်း ရှုပ်၊ ပွေချင်တိုင်း ပွေ တွေချင်တိုင်း တွေ၊ မှောက်ချင်တိုင်း မှောက်နေတဲ့ ကြောက် စရာ ဤလောကကြီးကို၊

ပဿထ - သတိပြု၍ ကြည့်ရှုကြပါကုန်လော့။

ပဿထ - ဘယာအထွေထွေ၊ အစိထုတာကြောင့် မသာတွေ အပြည့်စုနေသည်ကို တစ်ခါတလေ သတိပြု၍ ကြည့်ရှုပါကုန်လော့။

ဗုဒ္ဓက ပြတ်ပြတ်သားသား ဟောလိုက်တယ်။ မသာ တွေ ပြည့်နေတဲ့ ကမ္ဘာလောကကြီးကို သေသေချာချာကြည့် လိုက်စမ်းပါတဲ့။ ဟုတ်ပါတယ်။ ဒီကမ္ဘာလောကကြီးမှာ မသာတွေ ဘယ်လောက်ပြည့်ကျပ်နေသလဲ ဆိုရင် ဟောဒီ မဟာပထဝီမြေကြီးဟာ သေဆုံးသွားကြတဲ့ လူသားတွေရဲ့ အသားတွေ၊ အရိုးတွေက ဖြစ်လာတာပါလို့ ပြောလိုက်ရင် တချို့က ယုံချင်မှ ယုံမယ်။ ယုံလိုက်စမ်းပါ။

ဗုဒ္ဓကိုယ်တော်တိုင် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြာအောင် ဖြည့်ကျင့်ဆည်းပူးမှ ရလာတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ကြည့်ပြီး ဟောခဲ့လို့ပါပဲ။ ဗုဒ္ဓလက်ထက် တော်က ရာဇဂြိဟ်မြို့မှာ "ဥပသာလက" အမည်ရှိတဲ့ ပုဏ္ဏား ကြီးတစ်ယောက်ရှိခဲ့ပါတယ်။ သူ အသက်ကြီးရင့်လာတဲ့ အခါကျတော့ သားဖြစ်သူကို သူများနဲ့ မတူတဲ့ ထူးခြားချက် တစ်ခုကို မှာကြားသတဲ့။ ဘယ်လိုမှာသလဲ ဆိုတော့···

"ငါ့သား အဖေသေရင် ဘယ်လူသေကောင်မှ မမြှုပ်ရ သေးတဲ့ နေရာမှာ ရာဖွေပြီး သင်္ဂြိုဟ်ပါ"

တဲ့။ အဲဒီတော့ သားက···

"အဖေ···လူသေ မမြှုပ်ရသေးတဲ့ နေရာဌာနဆိုတာ ရှာရတာ အင်မတန်မှ ခဲယဉ်းလုပါတယ်။ ဒါကြောင့် အဖေ မသေခင်မှာပဲ မြှုပ်နှံရမယ့်နေရာကို ရှာဖွေပြထားခဲ့ပါ"

လို့ ပြန်ပြောတဲ့အတွက် သားအဖနှစ်ယောက် ဝိဿကံ့ တောင်ပေါ် တက်ပြီး ရှာလိုက်ကြတာ။ တောင်ထောင်းတစ်ခု ပေါ်က မြေကွက်လပ်လေးကို သဘောကျပြီး···

www.burmeseclassic.com

www.burmeseclassic.com

"ငါ့သားရေ... ဒီနေရာလေးကတော့ ဘယ်လူသေမှ မမြှုပ်ဘူးလောက်သေးဘူး။ အဖေသေရင် ဒီနေရာပဲ မြှုပ်ပေးပါ"

လို့ သားကို သေချာမှာကြားပြီး တောင်အောက်ကို ဆင်းလာကြတယ်။ တောင်အောက်ရောက်တော့ ဗုဒ္ဓနဲ့ တွေ့ကြတာပါပဲ။ ဂါထာတစ်ဂါထာလောက် ဟောလိုက်တာနဲ့ ဥပသာလက ပုဏ္ဏားကြီး သောတာပန်တည်မှာ မြင်တော်မူလို့ ဘုရားရှင်ကိုယ်တော်မြတ် ကြွလာတော်မူခြင်း ဖြစ်ပါတယ်။

တွေ့လိုက်တာနဲ့ ဗုဒ္ဓက မေးတော်မူတယ်။

"ဥပသာလက... ဂိဂ္ဂါကုဋ်တောင်ပေါ်ကို အဘယ်အကြောင်းကြောင့် တက်ရောက်ခဲ့သလဲ"

"မှန်လှပါ။ လူသေ မမြှုပ်ဘူးတဲ့ နေရာရှာဖို့အတွက် တက်ရောက်ရခြင်းဖြစ်ပါတယ်"

"လူသေ မမြှုပ်ရသေးတဲ့ နေရာကို တွေ့ခဲ့ရဲ့လား"

"မှန်ပါ။ တွေ့ခဲ့ကြောင်းပါ"

"ဒါဆိုရင် အဲဒီနေရာကို ငါဘုရားအား လိုက်ပြပါ"

လို့ ပြောလိုက်တဲ့အတွက် ဥပသာလကဟာ ဗုဒ္ဓကို ခေါ်ပြီး ဂိဂ္ဂါကုဋ်တောင်ပေါ်က သူရွေးထားတဲ့ နေရာကို ပြပါတယ်။

လူသေမမြှုပ်ဘူးတဲ့ နေရာ

ဥပသာလက ရွေးထားတဲ့ နေရာကို ဗုဒ္ဓက လက်ညှိုးညွှန်ပြပြီး ဟောဒီ ဂါထာကို ဟောတော်မူပါတယ်။

ဥပသာလက နာမာနိ၊
သဟသာနိစတုဒ္ဒသ။
အသိံပဒေသ ဒဟနိ၊
နတ္ထိလောကေ အနာမတံ။

ဖြဟ္မာဏ - ပုဏ္ဏားကြီး၊ အသိံပဒေသ - ဤ သင် ယခုညွှန်ပြရာ နေရာဌာနဌ၌၊ ဥပသာလက နာမာနိ-ဥပသာလက အမည်တစ်ခုတည်းဖြင့်၊ သဟသာနိစတုဒ္ဒသ - အလောင်းကောင်ပေါင်း တစ်သောင်းလေးထောင်တို့သည်၊ ဒဟနိ - မီးသင်္ဂြိုဟ်၊ လောင်ကျွမ်း မြှုပ်နှံခဲ့ရလေပြီ။ လောက-အမ္ဘာမြေလောကကြီး၌၊ အနာမတံ - လူသေကောင်ပုပ် မမြှုပ်ဘူးသော နေရာဌာနသည်၊ နတ္ထိ - စိတ်သာချပေတော့၊ ဤ မရှိဂိုးမှန်သည်သာလျှင်တည်း။

"ပုဏ္ဏားကြီး... ဒီတောင်စောင်း မြေနေရာလေးကို ဘာကြောင့် ဘယ်လူအလောင်းမှ မမြှုပ်ရသေးဘူးလို့ ထင်ခဲ့တယ်။ အကယ်တော့ ဒီနေရာလေးမှာ သင့်ရဲ့ ဥပသာလက ဆိုတဲ့ အမည်နဲ့ အလောင်းကောင်ပေါင်း တစ်သောင်းလေးထောင် မြှုပ်နှံခဲ့ပြီပဲ။ ဒီကမ္ဘာမြေကြီးရဲ့ နေရာအနှံမှာ လူသေကောင်ပုပ် မမြှုပ်ဘူးတဲ့ နေရာ တစ်နေရာမှ မရှိဘူး"

လို့ ဟောတော်မူတဲ့ နေရာမှာ ပုဏ္ဏားကြီးဟာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကွာပြီး သောတာပန်တည်သွားခဲ့ပါတယ်။ ဒီအသေနာကို ထောက်ထားပြီး ကမ္ဘာမြေကြီးဟာ မသာတွေနဲ့ ပြည့်နေပါလား။ ဥပသာလက အမည်တစ်ခုတည်းနဲ့တောင် ဘဝပေါင်း တစ်သောင်းလေးထောင်သေခဲ့ရတယ်ဆိုတော့ အခြားအမည်တွေနဲ့ သေခဲ့ရတဲ့ ဘဝတွေ ဘယ်လောက်များမလဲ ဆိုတာ တွေးကြည့်နိုင်ပါတယ်။

ဥပသာလက နည်းတူ တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်များလည်း အဝိဇ္ဇာ၊ တဏှာဦးစီးခဲ့တဲ့ ဘဝတွေ မရေမတွက်နိုင်အောင် ဘယ်လောက်ထိ များပြားခဲ့မယ်ဆိုတာ ဓမ္မသံဝေဂ ယူနိုင်ပါတယ်။ ဒါကြောင့် ဗဟုဇ္ဇနာ - ကြီးကြီးငယ်ငယ် အသွယ်သွယ်ဟု အရွယ်သောင်းပြောင်း များစွာသော လူအပေါင်းတို့ကို၊ ပါတော - အရာဏ်ကျင်း၍ အလင်းရောက်လာ နံနက်အခါ၌၊ ဒိဋ္ဌာ - ပြောပြောဆိုဆို၊ ထိုထို ဤဤ အလီလီဖြင့် အတည်မသွေ တွေ့မြင်လိုက်ရပါပေကုန်၏။ သြော်... မနက်တုန်းက တွေ့လိုက် မြင်လိုက်၊ ပြောလိုက်ဆိုလိုက်ပါရဲ့သားနဲ့၊ သာယံ - အလင်းရောင်ပျောက်၊ အမှောင်ရောက်လာ ညချမ်းအခါ၌၊ ကေ-အသိမိတ်ဆွေ၊ အထွေထွေမယွင်း အချို့သော လူတစ်သင်းတို့ကို၊ နဒိဿန္တိ - အခြေယွင်းပျောက် သေမင်းနောက်သို့ ကောက်ကောက်ပါသွား၊ ဖြစ်လေအားကြောင့် ထင်ရှားခဲ့ကြ၊ မမြင်ရတော့ပါကုန်။

လက်ဖက်ရည်ဆိုင်ထိုင်ရင်း သေ

ပရိသတ်များ သတိထားရင် လက်တွေ့ မြင်ဖူးပါလိမ့်မယ်။ တချို့လူတွေက မနက်ပိုင်းမှာ ရယ်ရယ်မောမော ပြောပြောဆိုဆိုနဲ့ တွေ့ကြရပေမယ့် ညပိုင်းကျတော့ ရုတ်တရက် သေရတာမျိုးပေါ့။ ဦးပဉ္စင်းတို့ ရွှေပြည်သာမြို့၊ ၉ ရပ်ကွက်ထဲက လူငယ်လေးတစ်ယောက်အကြောင်း ပြောပြပါဦးမယ်။ သူအသက်က ၂၄နှစ်လောက်ပဲ ရှိပါဦးမယ်။ အသက်ကလည်း ငယ်၊ ကျန်းမာရေးကလည်း ကောင်းဆိုတော့ သေခြင်းတရားဆိုတာ သူနဲ့ ဘာမှမဆိုင်သေးဘူးလို့ သူကိုယ်တိုင်ရော၊ ဘေးက လူတွေပါ ယူဆထားတဲ့ အချိန်ပေါ့။

သူဟာ လက်ဖက်ရည်ဆိုင် တစ်နေ့ နှစ်ကြိမ်ထိုင်တယ်။ မနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ်ပေါ့။ မနက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com

တုန်းက မိတ်ဆွေသူငယ်ချင်းတွေနဲ့အတူ ပြောပြောဆိုဆို လက်ဖက်ရည်သောက်ခဲ့တဲ့ သူငယ်လေးက ညနေပိုင်းကျတော့ ဆိုင်ထဲမှာ ရုတ်တရက် သေသွားပြီလို့ ကြားရတော့ မနက်ကမှ စကားပြောခဲ့ကြတဲ့သူတွေက မယုံနိုင်ဘူး ဖြစ်နေကြတာပေါ့။ သေတာကတော့ အမှန်ပါပဲ။

ဘယ်လိုသေသလဲဆိုတော့ အဲဒီနေ့ ညနေပိုင်းမှာ ထုံးစံအတိုင်း ကောင်လေးက သူငယ်ချင်းတွေနဲ့အတူ ဆိုင်ထဲမှာ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြတယ်။ ဆိုင်က ကားလမ်းဘေးမှာ ရှိတာပါ။ ကားတွေလည်း သွားနေကျအတိုင်း သွားနေတာပဲ။ ဘာမှ မထူးခြားဘူး။ အဲဒီအချိန်မှာ ကားတစ်စီးက အရှိန်ပြင်းပြင်း ဆိုင်ဘေးကနေ မောင်းသွားတယ်။ အရေးကြီးကိစ္စရှိလို့ ဖြစ်မှာပေါ့။

ဖြစ်ပုံက အဲဒီ ကားဘီးအောက်ကနေ အရှိန်ပြင်းပြင်းနဲ့ ချော်ထွက်လာတဲ့ လက်သန်းရဲ့ လက်သည်းခွံလောက် ရှိတဲ့ ကျောက်စရစ်ခဲခွန်ခွန်လေးတစ်လုံးဟာ အဲဒီသူငယ်ရဲ့ နားထင်မှာ လာစိုက်တယ်။ တော်တော်နက်နက် စိုက်ဝင်သွားတော့ လူငယ်လည်း ဆတ်ခနဲဖြစ်သွားပြီး ကျောက်စရစ်ခဲကို ဘာမှမဖြစ်သလို သဘောမျိုးနဲ့ အေးအေးဆေးဆေးပဲ နတ်ယူနေတယ်။ နှုတ်ကလည်း ပြောလိုက်သေးတယ်။

"တော်တော်နာတယ်ဗျ"

အရှိန်ပြင်းတဲ့ ကျောက်စရစ်ခဲကို နဲ့ပြီး နတ်ယူနေတဲ့ အခြိန်ထိ သူကိုယ်သူ သေမယ်လို့ မထင်သေးဘူး။ ဒါကြောင့် မျက်နှာမပျက်ဘဲ အေးအေးပြောနိုင်တာပေါ့။ ကျောက်စရစ်ခဲလေးလည်း အပြင်ရောက်သွားရော ဒဏ်ရာအပေါက်က ပွက်ခနဲထွက်လာတဲ့ သွေးနဲ့အတူ သူ့အသက်လည်း ပျောက်ခဲ့ရပါတယ်။

တချို့ပုဂ္ဂိုလ်တွေ ညချမ်းအခါမှာ ပြောပြောဆိုဆို ရယ်ရယ်မောမော တွေ့ရပေမယ့် မနက်ရောက်တဲ့အခါကျမှ ပြီးခနဲ ဖျတ်ခနဲ သေသွားတာလည်း ရှိပါတယ်။ ဦးပဉ္စင်းတို့ ကိုပ်တိုင် သက်ပျောက်ဆွမ်း ရေစက်ချပေးခဲ့ရတဲ့ ဓမ္မသဲဝေဂရဖွယ် ဖြစ်ရပ်လေးတစ်ခုကို ပြောပြပါဦးမယ်။

၁၃၆၁ ခုနှစ်လောက်က။ ဖြစ်ခဲ့တဲ့ နေရာက ရွှေပြည်သာပြို့ ဥရုပ်ကွက်၊ ရန်ကုန်ပန်းခြံက အိမ်တစ်အိမ်မှာ ဖြစ်ပါတယ်။

သာယာဝတီပြို့က အသက် ၄၀အရွယ်လောက်ရှိတဲ့ ဒကာမတစ်ဦးဟာ သူ့သမီးအလုပ်လုပ်နေရာ ရွှေပြည်သာကို ခဏအလည်လိုက်လာခြင်းဖြစ်ပါတယ်။ သူ့သမီးလေးက ရွှေပြည်သာက အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်လုပ်နေပါတယ်။ သမီးလေးအတွက် လိုအပ်တာလေးတွေ ပို့ရင်း လာတာပါ။

ညကပဲ သမီးရော၊ အိမ်ရှင်တွေနဲ့ပါ ရယ်ရယ်မောမော ပြောပြောဆိုဆိုနဲ့ဆိုတော့ သူသေမယ်လို့ ဘယ်သူမှ မထင်ပါဘူး။ မနက်မိုးလင်းလို့ မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်ပြီး အိမ်ထဲ ပြန်အဝင်မှာ ခေါင်းထဲက မူးလိုက်တာ ဆိုပြီး အိပ်ရာပေါ် ပုံကျသွားရာက အသက်ပါ တစ်ခါတည်း ပါသွားတာပါပဲ။

ဘာရောဂါနဲ့ သေမှန်းတောင် မသိကြပါဘူး။ ဆေးရုံရောက်မှ စစ်ဆေးကြည့်တော့ ဦးနောက်သွေးကြောပြတ်တာလို့ သိရပါတယ်။ သတိသံဝေဂရဖွယ် လက််လေး လိုက်ဆိုကြပါဦး။

ပုပ္ပရွရွ၊ ရှိကြမှန်စွာ၊
သူ့ရော ငါ့ရော၊ သောသောအုတ်အာ၊
မနက်တုန်းက အုန်းအုန်းဆူညာ၊
ညသို့ရောက် သက်ပျောက်သေကြရှာ။
ပုပ္ပရွရွ၊ ရှိကြမှန်စွာ၊
သူ့ရော ငါ့ရော၊ သောသောအုတ်အာ၊
ညဥ့်ချိန်တုန်းက အုန်းအုန်းဆူညာ၊
မနက်ရောက် သက်ပျောက်သေကြရှာ။
နေမြင် ညပျောက်၊ တွေ့ရောက်ဆုံစွာ၊
ညမြင် နေ့ပျောက် မျက်မှောက်ကြိုလာ၊
သခ်ါနယ်တွင်း၊ စာရင်းမပါ၊
သတိပြု ကြည့်ရှု ကြောက်လန့်ရာ။

သခ်ါရနယ်အတွင်းမှာ ပါတဲ့ လူသားတစ်ယောက်အနေနဲ့ သေခြင်းတရားကို ရင်ဆိုင်ရဲအောင် သတိနဲ့ လေ့ကျင့်ထားရပါမယ်။

ပြိတ္တာဖြစ်ရသော ရဟန်းမယ်တော်

ဒေါ်ကျင့်မထားဘူး ဆိုရင်တော့ အပါယ်မကျနိုင်ဘူးလို့ ယူဆထားကြတဲ့ ပုဂ္ဂိုလ်အချို့တောင် အပါယ်လေးပါးကျတာ တွေ့ရပါတယ်။ ပထမတစ်ခုကတော့ ရဟန်းမယ်တော်တစ်ဦးပါ။ လူမသိသူမသိ သာမည ရဟန်းတစ်ပါးရဲ့ မယ်တော်မဟုတ်ပါဘူး။ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ တောင်တန်းသာသနာပြု ပရိတ်ရေဆူ ဆရာတော် အရှင်ဥဉ္ဇာမသာရရဲ့ မယ်တော်ပဲ ဖြစ်ပါတယ်။

ရွှေဘိုနယ်မှာ ကျန်ခဲ့တဲ့ မယ်တော်ကြီးဟာ ချင်းပြည်နယ် တောင်တန်းမှာ သာသနာပြုနေတဲ့ ဆရာတော်ကြီးအပေါ် တော်တော်သဲယောင်ငဲ့ကြီးရာသတဲ့။ သေတာတောင်

www.burmeseclassic.com

www.burmeseclassic.com

ဖြောင့်ဖြောင့်မသေနိုင်ဘဲ ငါးသား ဘုန်းကြီးတော့ အစား အသောက် အနေအထိုင် ဆင်းရဲရှာမှာပဲလို့ စိတ်ခွဲပြီး သေတဲ့ အတွက် အိမ်ခြံဝိုင်းအနီးမှာပဲ ပြိတ္တာမကြီးဖြစ်နေရတယ်။

သူ မကျွတ်မလွတ်သေးတဲ့အကြောင်း သမီးဖြစ်သူကို အမြင်ဓာတ်ပါ ပြုပြီး အိပ်မက်ပေးလို့ ဆရာတော်ကြီးကိုယ် တိုင် တောင်တန်းက ပြန်လာပြီး သံယာတွေ ပင့်၊ ဆွမ်းတွေ သင်္ကန်းတွေ လှူပြီး အမျှပေးမှ ပြိတ္တာဘဝက ကျွတ်သွားခဲ့ရ တယ်။ အခွဲအလင်းလောဘဟာ သိပ်ကြောက်စရာကောင်း ပါတယ်။ အာရုံငါးပါးကို စွဲလမ်းတဲ့ ဆန္ဒရာဂဖြစ်ဖို့ မဆိုထား နဲ့ မိမိကြိုးစား အားထုတ်နေတဲ့ သီလ၊ သမာဓိ၊ ဝိပဿနာ တရားတွေအပေါ်မှာတောင် စွဲလမ်းတဲ့ ဆန္ဒရာဂ မဖြစ်ဖို့ ဘုရားက မှာကြားထားဖူးပါတယ်။

မင်္ဂလမုနိကာယ်၊ အလဂဒ္ဒူပမ သုတ်မှာ -

"ချစ်သား၊ ချစ်သမီးတို့ ဖောင်ဖွဲ့၍ တစ်ဖက်ကမ်းသို့ ကူးသွားသောသူသည် တစ်ဖက်ကမ်းသို့ ရောက်အောင် ပို့ ပေးတဲ့ ကေးငူးကြီးလုတယ် ဆိုပြီး ဖောင်ကြီးကို ခေါင်းပေါ် ရွက်ပြီး ယူမသွားဘဲ ရေထဲမှာသာ ထားခဲ့သလို သီလ၊ သမထ၊ ဝိပဿနာကို အားထုတ်သော ယောဂီများသည်လည်း နိဗ္ဗာန်ရောက်ဖို့အတွက်သာလျှင် အသုံးပြုရမည့် ဆိုတရားတို့အပေါ်၌ စွဲလမ်းတပ်မက်သော ဆန္ဒရာဂကိုပင် မထားအပ်"လို့ ဟောတော်မူခဲ့ပါတယ်။ အပြင်က သူဒုစ်ဓားပြ က မိမိကို ဒီတစ်ဘဝသာ ဒုက္ခပေးနိုင်တာပါ။ မိမိသန္တာန်မှာ လက်ခံလိုက်တဲ့၊ စွဲလမ်းတပ်မက်တဲ့ လောဘကတော့ ဒီဘဝမှာလည်း ပူလောင်ဆင်းရဲအောင် ဒုက္ခပေးသလို သံသရာ မှာလည်း အပါယ်ကျအောင် ချုပြန်လို့ ပိုပြီးကြောက်စရာ ကောင်းပါတယ်။

ပြည်ပြို့ အရှေ့ဘက်၊ ပေါက်ခေါင်းမြို့နယ်နှင့် ၂၄မိုင် ကျော်ခန့်ဝေးသော ရွာတစ်ရွာက ကျောင်းထိုင်ဆရာတော် ဦးနန္ဒအဖြစ်ကတော့ အသေပြင်မယ့်သူတိုင်း သိထားသင့်တဲ့ ဖြစ်ရပ်တစ်ခုပါ။ အကျယ်ကိုတော့ တောင်တန်းဆရာတော် ဘုရားကြီးရေးတဲ့ "အာပတ်နှင့်တကွ စုတေလျှင်"ဆိုတဲ့ စာ အုပ်မှာ ဖတ်ရှုနိုင်ပါတယ်။ ဆရာတော်ရဲ့ အဆက်အနွယ်တွေ သိကွာကျမှာစိုးလို့ မူရင်း ရွာနာမည်ကို ချန်ထားခြင်းဖြစ် ကြောင်း စာအုပ်ထဲမှာ ရေးထားပါတယ်။

ဦးနန္ဒဟာ အသံကောင်း၊ အပြောကောင်း၊ အဟော ကောင်း ဓမ္မကထိကတစ်ပါးဖြစ်လို့ ပေါက်ခေါင်းမြို့နယ် ဘစ်ဝိုက် သာရေးနာရေးကိစ္စတွေမှာ ပွဲတိုင်းကျော်ဖြစ်ခဲ့ပါ တယ်။ ပစ္စည်းလေးပါး ပေါများရုံတင်မကဘဲ ဝတ္ထုကြေးငွေ များပါ စုမိလာတော့ ဦးနန္ဒတစ်ယောက် သူဒိုးဓားပြရန်ကို ကြောက်လာပါသတဲ့။

ဒါနဲ့ပဲ သပိတ်ကြီးတစ်လုံးထဲမှာ ဝတ္ထုငွေတွေ အပြည့် အသိပ်ထည့်ပြီး သူကျောင်းလေ့ကားအောက်မှာ မြေကျင်းတူး ပြီး မြှုပ်ထားလိုက်ပါတယ်။ သူဒိုးဓားပြထက် နစ်ဆဆိုးတဲ့ လောဘဆိုတဲ့ တရားဆိုးကြီး သူ့သန္တာန်မှာ ရောက်လာပြီ ဆိုတာကိုတော့ သူခမျာ မသိရှာပါဘူး။

တစ်နေ့ အသက် ၄၀ကျော်အရွယ်မှာပဲ ဟောပြောရ လွန်းလို့ ဖြစ်လာတဲ့ လေနာရောဂါနဲ့ပဲ ပျံတော်မူခဲ့ပါတယ်။ ရဟန်းတော်တစ်ပါးဖြစ်တဲ့အတွက် ပုံမှန်အတိုင်းဆိုရင် အထက်နတ်ဘုံကို ပျံတော်မူရမှာပါ။ အခုတော့ လေကား အောက်မှာ မြှုပ်ထားတဲ့ ငွေသပိတ်အပေါ် စွဲလမ်းတဲ့ လောဘ ကြောင့် ကျောင်းဝိုင်းထဲမှာ သံပရာခွံ ဦးထုပ်ဖြူဆောင်းရတဲ့ ဘုန်းကြီးတစ္ဆေဖြစ်သွားတယ်။

ပေါက်ခေါင်းမြို့နယ်က သရဲ ဦးနန္ဒ

စာတတ်ပေတတ် ဘုန်းကြီးဘဝက လာသူဆိုတော့ ငွေသပိတ်ကို စွဲလမ်းတဲ့ လောဘကြောင့် အခုလို ဘဝ ရောက်ရတယ်ဆိုတာ သေချာသိပါတယ်။ ဒါ့ကြောင့်လည်း သူကျွတ်လမ်းလွတ်လမ်းကို ရှာတဲ့အနေနဲ့ နောက် တက် တဲ့ ကျောင်းထိုင် ဘုန်းကြီးများကို ကိုယ်ထင်ပြပြီး အကူ အညီတောင်းဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် နောက် တက် လာတဲ့ ကျောင်းထိုင် ဘုန်းကြီးတွေကလည်း ကြောက်တတ် သူတွေဆိုတော့ သရဲခြောက်တယ်ဆိုပြီး ထွက်ထွက်ပြေးကြ တာနဲ့ သူ့ဆန္ဒ မပြည့်ဝခဲ့ရပါဘူး။

သူ့ဆန္ဒကတော့ လေကားအောက်က ငွေသပိတ်ဖော် ပြီး သံယာတွေ ပင့်၊ ဆွမ်း၊ သင်္ကန်းတွေ လှူ။ သူ့ကို အမျှ ပေးဖို့ပါပဲ။ ဒီလိုနဲ့ နစ်အတန်ကြာတဲ့ အချိန်ကျမှ သတ္တိရှိတဲ့ ဒကာတစ်ယောက် ဦးနန္ဒကျောင်းကို ရောက်လာပါတယ်။ လာတာကတော့ ရွာထဲက သူ့သူငယ်ချင်းအိမ်လာတာပါပဲ။

သူငယ်ချင်းက မရှိဘဲ ဇနီးသည်တစ်ယောက်ပဲ အိမ်မှာ ရှိတော့ ညအိပ်ရမှာ မသင်္ဂတော်လို့ ဦးနန္ဒကျောင်းကို လာအိပ် ခြင်းပါပဲ။ ညရောက်တာနဲ့ ကိုယ်ထင်ပြလာတဲ့ ဦးနန္ဒကို ဒကာက သတ္တိကောင်းသူဆိုတော့ ဘာမပြော ညာမပြော ချက်ချင်းထပြီး နပန်းလုံးတယ်။ ပြီးတော့ သရဲခေါင်းမှာ ဆောင်းထားတဲ့ ဦးထုပ်ဖြူကို ဖြုတ်ယူမိသွားတာနဲ့ သရဲဟာ အားအင်ကုန်ခန်းသွားပြီး ကြမ်းပြင်ပေါ် ပုံကျသွားတယ်။

အဲဒီအခါကျမှ ဦးနန္ဒတစ်ဖြစ်လဲ သရဲက ဒကာတော့ သတ္တိကောင်းတဲ့သူနဲ့ တွေ့ရလို့ အားရပမ်းသာဖြစ်ရပါတော့မ်း

www.burmeseclassic.com

www.burmeseclassic.com

ငါဟာ ဒီကျောင်းက ပုံတော်မူသွားခဲ့တဲ့ ကျောင်းထိုင် ဘုန်းကြီးပါ။ လေကားအောက်မှာ မြှုပ်ထားတဲ့ ငွေသပိတ်ကို စွဲခဲ့လို့ မကျွတ်မလွတ်ဖြစ်နေရတာပါ။ ဒကာ ငါ့ကို ကူညီပါ။ အဲဒီငွေသပိတ်ကို ဖော်ယူပြီး သံဃာတွေ ပင့်၊ ဆွမ်းတွေ၊ သင်္ကန်းတွေ လှူပြီး ကျွန်ုပ်ကို အမျှပေးပါ။

ကျန်တာကို ဒကာသုံးပါးလို့ ပြောတဲ့အတွက် ဒကာကလည်း ပြောတဲ့အတိုင်း လုပ်ပေးလိုက်မှ သရဲဘဝက လွတ်သွားခဲ့ရပါတယ်။ ဒီဖြစ်ရပ်နှစ်ခုလုံးဟာ အကျဉ်းချုပ်လိုက်ရင် သေနည်းကို ကြိုတင် မပြင်ဆင်ခဲ့လို့၊ ကြိုတင် မလေ့ကျင့်ခဲ့လို့ဆိုတာ သွားတွေ့ရပါတယ်။ ဒီနေရာမှာ သေခြင်းတရားကို တစ်လအတွင်း ရင်ဆိုင်သွားခဲ့ရတဲ့ သားအမှနစ်ယောက်အကြောင်းကို ပြောပြပါဦးမယ်။

သေကွဲ ကွဲရခြင်းဆိုတဲ့ ဘေးဟာ ငါတို့မိသားစုတစ်စုတည်းတင် တွေ့ကြုံရတာ မဟုတ်ဘူး။ ကမ္ဘာလောကမှာ ရှိတဲ့ လူသားမှန်သမျှ တွေ့ကြုံနေရတဲ့ တရားတစ်ခုပဲ ဆိုတာကို ယနေ့ တရားပွဲအလှူရှင် ဒေါ်အေးနဲ့တကွ မိသားစုများကို သိစေလိုတဲ့အတွက် ဖြစ်ပါတယ်။ ဒီလို သိသွားတဲ့အတွက် မိမိတို့ရင်ထဲမှာ ဖြစ်နေတဲ့ ပရိဒေဝဟာ သက်သာပျောက်ကင်းသွားနိုင်ပါတယ်။

သေခြင်းတရားနဲ့ ပတ်သက်ပြီး မယဒေဝမှာ စပ်ဆိုထားတာက -

မိုးဗျားထိန်း၊ ကျောက်တိုပြီးသား၊
တောင်ကြီးကြိတ်ကြိတ်၊ လေးလုံးပိတ်၍၊
ချောကြိတ်ညက်စွာ၊ လေးမျက်နှာက၊
လွတ်ရာမရှိ၊ လာတုံဘိသို့၊
ဇာတိဇရာ၊ ဗျာဓိမရဏာ၊
ဓမ္မတရား၊ ဤလေးပါးတို့၊
ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်၊
မြဲနေနိစ္စ၊ နိဗ္ဗစ်စွတည့်-တဲ့။

အဓိပ္ပာယ်က အရပ်လေးမျက်နှာကနေ မိုးကို ထိလာနိုးပါး မြင့်မားတဲ့ ကျောက်တောင်ကြီးတွေဟာ ရှေ့မှာ တွေ့သမျှ အရာအားလုံးကို ကြိတ်ချေလာမယ်ဆိုရင် ကျောက်တောင်အလယ်မှာ ရှိနေတဲ့ လူသားဟာ ကျောက်တောင်ရဲ့ အကြိတ်ချေခံရခြင်းဘေးက ဘယ်လိုမှ မလွတ်နိုင်သလို၊ လူသားတစ်ယောက်ဟာ ဇာတိဆိုတဲ့ ပဋိသန္ဓေနေရခြင်း ကျောက်တောင်၊ ဇရာ ဆိုတဲ့ အိုရခြင်းကျောက်တောင်၊ ဗျာဓိ ဆိုတဲ့ နာရခြင်းကျောက်တောင်၊ မရဏ ဆိုတဲ့ သေရခြင်းကျောက်တောင်လေးလုံးရဲ့ အကြိတ်အချေ အနိပ်အစက် ခံရခြင်းဘေးက ဘယ်လိုမှ မလွတ်နိုင်ပါဘူး။

ဗုဒ္ဓက စကြာ ဇာတိပိဒုက္ခာ - ပဋိသန္ဓေနေခြင်းဟာလည်း ဆင်းရဲပဲ။ ဇရာပိဒုက္ခော - အိုရတာလည်း ဆင်းရဲပဲ။ ဗျာဓိပိဒုက္ခံ - နာရတာလည်း ဆင်းရဲပဲ။ မရဏမွိဒုက္ခော- သေရတာလည်း ဆင်းရဲပဲလို့ ဟောထားပေမယ့် လူသားအများစုဟာ ဆင်းရဲဒုက္ခလို့ မထင်ကြပါဘူး။ ဒါကြောင့် ဒီနေရာမှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ လေးမျိုးရဲ့ ဆင်းရဲပုံ၊ ကြောက်စရာကောင်းပုံကို အနည်းငယ် ဟောပေးပါ့မယ်။ ဇာတိ - ပဋိသန္ဓေနေရတဲ့အတွက် ဒုက္ခလေးမျိုး ခံစားရပါတယ်။ အဲဒါတွေက -

*** ပဋိသန္ဓေနေရခြင်း ဆင်းရဲလေးမျိုး**

ကဗ္ဘဝေက္ကန္တိမူလကဒုက္ခ၊ ကဗ္ဘပဋိဟရဏဒုက္ခ၊ ကဗ္ဘပိပ္ပတ္တိဒုက္ခ၊ ကဗ္ဘဝိဇာနနမူလက ဒုက္ခတို့ပါပဲ။ ကဗ္ဘဝေက္ကန္တိမူလက ဒုက္ခဆိုတာ အမိဝမ်ိးတွင်း သက်ဆင်း ဝင်ရောက်ရတဲ့ ဆင်းရဲကို ပြောတာပါ။ ထောင်ထဲမှာ တိုက်ပိတ်ခံရတဲ့ အကျဉ်းသား နေရတဲ့အခန်းကမှ ကျယ်ပါသေးတယ်။ အမိဝမ်းတွင်းမှာတော့ မလူးသာ မလွန့်သာ အမိအစာဟောင်းအိမ်ကို ဖင်ခုထိုင်၊ အစာသစ်အိမ်ကို ခေါင်းပေါ် ရွက်ပြီး ငုတ်တုတ်လေး နေရရှာတာပါ။

အမိဝမ်းရည်ကို ကျောပေးပြီး ဒူးနှစ်လုံးကြား ဦးခေါင်းထားပြီး နေရပုံဟာ သစ်ငုတ်တိုပေါ် မိုးစိုစိုနဲ့ ထိုင်နေတဲ့ မျောက်အိုနဲ့ တူတယ်လို့ ဟောထားပါတယ်။ အမိဝမ်းတွင်း ဝင်ရောက်ခဲ့ရတဲ့ ဒုက္ခပြီးပြန်တော့ ကိုးလကျော် ဆယ်လနီးပါး ကိုယ်ဝန်ဆောင်ထားရတဲ့ ဒုက္ခကိုတော့ ကဗ္ဘပဋိဟရဏဒုက္ခလို့ ဆိုပါတယ်။ ဝမ်းတိုက်တွင်း ဆယ်လကြာ နေရတဲ့ အချိန်ဟာလည်း အင်မတန် ဆင်းရဲပင်ပန်းတဲ့ အချိန်ပါပဲ။

ကိုယ်ဝန် မထိန်းသိမ်းတတ်တဲ့ မိခင်နဲ့ သွားတွေ့လို့ မိခင်က လက်လွတ်စပယ် ကုန်းလိုက်မယ်ဆိုရင် သန္ဓေသားကို ခါးလုန်ခိုးသလိုဖြစ်သွားလို့ အင်မတန်မှ ဆင်းရဲရပါတယ်။ မိခင်က အလွန်အေးတဲ့ အစာတွေ စားလိုက်မယ်ဆိုရင် သန္ဓေသားဟာ လောကန္တရိက် ငရဲကျသလို ခံစားရပါသတဲ့။ လောကန္တရိက် ငရဲဆိုတာ ကမ္ဘာသုံးခုစပ်လိုက်တဲ့အခါ အလယ်မှာ ပေါ်လာတဲ့အကြားကို လောကန္တရိက်ငရဲလို့ ခေါ်ပါတယ်။

နိယမိစ္ဆာရှိတဲ့သူတွေ ခံစားရတဲ့ ငရဲပါ။ ကမ္ဘာသုံးခုရဲ့ အလယ်မှာ ရှိတဲ့ ရေတွေဟာ သိတာတေဇောတ်အားကြီးပြီး အေးစက်နေတာပါ။ ကမ္ဘာရဲ့ နံရံမှာ ကုပ်ကပ်နေတဲ့ ငရဲသားတွေ တစ်ကောင်နဲ့ တစ်ကောင် အစာမသေပြီး လှမ်း

www.burmeseclassic.com

www.burmeseclassic.com

ဟပ်ရင်းနဲ့ ရေထဲ ပြုတ်ကျသွားရင် တစ်ခါတည်း ကြွေသွားတာပါ။ အဲဒီ ငရဲမျိုးကို လောကန္တရိက်ငရဲလို့ ခေါ်ခြင်းဖြစ်ပါတယ်။

တစ်ခါ အလွန်ပူတဲ့ အစာကို မိခင်က စားလိုက်ရင် သန္ဓေသားမှာ ငရဲမီးနဲ့ ပက်လိုက်သလို၊ အင်မတန်မှ ပူလောင်လှပါတယ်။ အလွန်ဖန်တဲ့၊ ခါးတဲ့၊ စပ်တဲ့ အစားတွေ စားလိုက်ပြန်ပြီဆိုရင် သန္ဓေသားမှာ ဓားနဲ့ မွှန်းသလိုကို ခံစားရပါသတဲ့။ အပြင်လေတောင် အထိမခံရတဲ့ သန္ဓေသားရဲ့ ကိုယ်ဟာ အင်မတန်မှ နူးညံ့နေပါတယ်။ ဒါကြောင့်လည်း ခွေးဖွားလာခါစမှာ လက်နဲ့ ကိုင်တာ အနီစနဲ့ ထိတာတောင် ခံသောအောင် နာရှာပါတယ်။ ဒါကြောင့်လည်း တအားငိုရှာတာပေါ့။

ဆုယ်လပြည့်ပြီး မွေးလာတဲ့ အချိန်မှာတောင် အသက်လောက် နူးညံ့နေသေးရင် မိခင်မီးထဲ နေရစဉ် လေးငါးခြောက်လအရွယ်က ဆိုရင် ဘယ်လောက်ထိ နူးညံ့နေမယ်ဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဒါကြောင့် အလွန်ဖန်တဲ့၊ စပ်တဲ့၊ ခါးတဲ့ အစာတွေ စားလိုက်မယ်ဆိုရင် သန္ဓေသားဟာ ဓားနဲ့ မွှန်းသလို ခံစားရတယ်ဆိုတာ သဘောပေါက်သက်ခံလောက်ပါပြီ။

တတိယမြောက်ကတော့ ဂဗ္ဘဝိပတ္တိမူလက ဒုက္ခပါ။ အမိဝမ်းကတော့ ကိုယ်ဝန်ဖျက်ဆီးခံရတဲ့ ဆင်းရဲပါ။ ခုခေတ်မှာ သန္ဓေတားဆေးတွေ၊ ဖျက်ဆေးတွေ တအားပေါနေတော့ ဒီဒုက္ခတွေကို သန္ဓေသားတွေ ပိုခံရပါတယ်။ လူသတ်သမားတွေဟာ လူငယ်လေးတစ်ယောက်ကို ဆွေမျိုးသားချင်းတွေနဲ့ ဝေးရာခေါ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်လိုက်သလိုပါပဲ။

ဒီလို အသတ်ဖြတ်ခံရတဲ့အခါ လူငယ်လေးခမျာ ကြောက်မက်မည်းထဲမှာ အားကိုးရာမဲ့ရှာသလို ကိုယ်ဝန်ဘဝ ရောက်ချခံရတဲ့ သန္ဓေသားခမျာလည်း အားကိုးရာမဲ့ပြီး အမေ့ခံနိုင်စွမ်းမရှိဘဲ အသေခံကြရပါတယ်။ နောက်ဆုံး ဒုက္ခနှမူလဒုက္ခ ဆိုတာကတော့ အမိဝမ်းက ပွားမြင်ရတဲ့ ဒုက္ခပါ။ ဘယ်လောက် ဆင်းရဲသလဲဆိုတာကို စာပေမှာ ဖွဲ့ဆိုးထားတာက -

အလွန်ကျဉ်းမြောင်းတဲ့ အပေါက်ကလေးကနေ ဆင်ကြီးတစ်ကောင်ကို သဲကြိုး သဲကောက်တို့နဲ့ အတင်းဆွဲထုတ်ခံရသလို၊ သန္ဓေသားဟာလည်း ကျဉ်းမြောင်းတဲ့ မိခင်ရဲ့ ဃောနပေါက်ကနေ အလွန်နာကျင် ဆင်းရဲစွာ ဆွဲထုတ်ခံခဲ့ရတာပါ။ မွေးချိန်မှာ ကမ္မဇလေကန သန္ဓေသားကို ခပ်ပြင်းပြင်းတိုက်ခိုက်လိုက်တာ ထိုင်ရက်ကနေ ဦးစိုက်ပြောင်းပြန်ဖြစ်ပြီး ဃောနိဝကို ခေါင်းစိုက်သွားရတာပါ။

အဲဒီ ဇာတိဆိုတဲ့ ကျောက်တောင်ကြီး ကြိတ်ပြီးတာနဲ့ အိုခြင်းဆိုတဲ့ ဇရာကျောက်တောင်ကြီးက စက္ကန့်နဲ့အမျှ ကြိတ်ချေနေတော့တာပါပဲ။ လောကအပြင်အရတော့ အသက် ၃၀နောက်ပိုင်းကျမှ အိုလာတယ်လို့ ယူဆကြပါတယ်။ တရား သဘောအရတော့ မွေးပြီးတာနဲ့ တစ်ရက်ပြီး တစ်ရက် အိုတော့တာပါပဲ။ ဘယ်ထိ အိုမလဲဆိုရင် ဗျာဓိနာတဲ့အထိ အိုမှာပါ။ ဗျာဓိကျောက်တောင် အကြိတ်အချေခံရပြီဆိုရင်လည်း အိပ်ရာထဲ လဲပြီး သားသမီးအရင်းတွေတောင် စေတနာပျက်တဲ့အထိ ခံစားရပါတယ်။

နောက်ဆုံး ဗျာဓိတရားက အနာဆုံးဖြစ်အောင် ကြိတ်ချေပြီးတဲ့အခါ မရဏ ဆိုတဲ့ ကျောက်တောင်ကြီးကနေ အသေကြိတ်လိုက်တော့တာပါပဲ။ အဲသလို မရဏကျောက်တောင်က ကြိတ်ချေလာပြီဆိုတဲ့အခါ ကြီးသော၊ ငယ်သော မခွဲခြားဘဲ ကြိတ်ချေတတ်ကြောင်းကို ဆက်လက်စပ်ဆိုထားတာက -

ကာယဟူဘီ၊ နားမျက်စိနှင့်၊
ဣဏ္ဍိပုရိသ၊ ဖြစ်လာကြတိုင်း၊
ရုက္ခသီးပွင့်၊ ခါမလင့်ဘဲ၊
ရင့်တဖုတ်ဖုတ်၊ ကင်းဖြုတ်ဖြုတ်နှင့်၊
ညာပြုတ်ကြွေကျ၊ မမြဲကြသို့၊
ဘဝမှဏ်ပြီ၊ လူကို ထိုကား၊
ရွယ်ပျိုရွယ်လတ်၊ ကျွန် မလွတ်သည်၊
မရွယ်သေအဲ့ အပြီးတည်း-တဲ့။

အဓိပ္ပာယ်ကတော့ သရက်သီးလေးတွေ အပွင့်ကနေ သီးကင်းဘဝရောက်လာကြတယ်။ အဲဒီအခါမှာ သရက်သီးတွေဟာ ရင့်မှည့်ပြီးမှ အညာက ကြွေကျတာ ရှိသလို၊ သီးကင်းဘဝကတည်းက တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြွေကျရတာ ရှိပါတယ်။ လူသားတွေမှာလည်း မီးစာကုန် ဆီခန်း အသက်ကြီးမှ ကြွေကျရတာ ရှိသလို၊ တစ်စုံတစ်ခုသော အန္တရာယ်ကြောင့် မိန်းမ-ယောကျ်ားမရွေး ငယ်ငယ်ရွယ်ရွယ်သေတာလည်း ရှိကြပါတယ်တဲ့။

လက်တွေ့ သာဓကတစ်ခုထုတ်ပြပါမယ်။ ၁၃၅၀ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ရက်နေ့မှာ ဦးပဉ္စင်းတို့ရဲ့ ဖခင်ကြီး ကိုယ်ရောင်တဲ့ ရောဂါနဲ့ သေဆုံးခဲ့ရပါတယ်။ သေဆုံးချိန်က အသက် ၅၇နှစ်ပဲ ရှိပါသေးတယ်။ ခြောက်ဆယ်နီးပါး နေရတယ်ဆိုတော့ ရင့်မှည့်ကြွေကျတဲ့ သရက်သီးလို သဘော

www.burmeseclassic.com

www.burmeseclassic.com

ထားနိုင်ပါတယ်။ ခင်ပွန်းသည် သေဆုံးလို့ ခံစားနေရတဲ့ သောကတောင် မပြေသေးဘူး။

နောက်တစ်လအကြာ တန်ခူးလဆုတ် ၁၃ရက်နေ့မှာ ဦးပဉ္စင်းအထက်က အစ်မတစ်ယောက်ဖြစ်တဲ့ မခင်ပိုဟာ ဆုံးပါးခဲ့ရပါတယ်။ သေဆုံးစဉ်က အသက် ၂၈နှစ်ပဲ ရှိပါသေးတယ်။ သေဆုံးရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ရောဂါတွေကို ရှာဖွေကြည့်တဲ့အခါမှာ တရားထိုင်ရင်း ထိတ်လန့်ပြီး စိတ်အနည်းငယ်ဖောက်သွားတာရယ်၊ အမျိုးသမီး မီးယပ်ရောဂါရယ်၊ ပြုစားခံရတဲ့ ပယောဂရယ်လို့ သုံးမျိုးတွေ့ရပါတယ်။

*** ပဋိပတ်အန္တရာယ် စကားတစ်ခွန်း**

တရားထိုင်ရင်း ရူးရတယ်ဆိုတာ အရိုးစွဲနေတဲ့ စကားလေးကို ဒီနေရာမှာ အနည်းငယ် ရှင်းချင်ပါတယ်။ ပဋိပတ္တိသာသနာအတွက် အနောင့်အယှက်ဖြစ်နေတဲ့ စကားမို့လို့ပါ။ တရားထိုင်တယ်လို့ လွယ်လွယ်လုံးချ ပြောဆိုနေကြပေမယ့်လို့ မထူတာ ရှိပါတယ်။ အဲဒါကတော့ သမထနဲ့ ဝိပဿနာပါပဲ။ အကျင့်ချွတ်ပြောရရင် ပရမတ်ရုပ်နာမ်ကို ပညာနဲ့ ရှုမှတ်ရတဲ့ ဝိပဿနာဟာ ဘယ်တော့မှ မရူးပါဘူး။ ရှိပြီးသား အရူးရောဂါကိုတောင် ပျောက်ကင်းစေနိုင်ပါတယ်။ အရူးမ မပဌာဟာ ဝိပဿနာရှုမှတ်လို့ အရူးရောဂါပျောက်ခဲ့တာပါ။

မရိုက်ဲ့ ပညတ်ကို သမာဓိအားနဲ့ ရှုမှတ်မှုမျိုးများရတာကိုတော့ သမထလို့ ခေါ်ပါတယ်။ သမထ တရားကျတော့ အနီးကပ်ဆရာ မရှိရင်၊ အနောင့်အယှက်ဝင်ရင်၊ ဝဋ်ကြွေးပါရင် ရူးတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထွက်လေဝင်လေတို့၊ ဖောင်းတာ ပိန်တာတို့ဟာ နာမည်တပ်ထားတဲ့ ပညတ်တွေ ဖြစ်နေလို့ပါပဲ။

ပညတ်ကို ရှုမှတ်ရင်း သမာဓိအားကောင်းလာတဲ့အခါ ကျမှ ပရမတ် ရုပ်နာမ်ကို ကူးပြောင်းပြီး ရှုမှတ်မှ ဝိပဿနာအဆင့်ကို ရောက်ပါတယ်။ ဆရာကသာ အနီးကပ် သွန်သင်ညွှန်ပြမှုမရှိရင် သမထနဲ့တင်ပဲ အခွိုန်ကုန်ရတဲ့ ယောဂီတွေ အများကြီးရှိပါတယ်။ အနီးကပ် ဆရာမရှိတဲ့အခါ၊ ရှိသော်လည်း ယောဂီကို ဂရုမစိုက်တဲ့အခါ သမာဓိအားကောင်းလာတဲ့ ယောဂီကို ဝိပဿနာဘက် မကူးဘဲ ပုံဖော်ကြသူတဲ့ဘက်၊ ကူးသွားတယ်။

ဥပမာ - ယောဂီက အခုနေအခါ ငါ့နောက်က မကောင်းဆိုးဝါးကြီးတစ်ကောင် ရပ်ကြည့်နေရင် ဘယ်နှယ်လုပ်မလဲဆိုပြီး စိတ်ကူးလိုက်တယ်။ အဲဒီ စိတ်ကူးကို အားကောင်းနေတဲ့ သမာဓိက မကောင်းဆိုးဝါးပုံကြီး ပေါ်လာအောင် ဖော်ပေးလိုက်တယ်။ အဲဒီအခါမှာ ကိုယ်ပုံဖော်လိုက်တဲ့ မကောင်းဆိုးဝါးပုံကို ကိုယ်ပြန်မြင်ပြီး စိတ်ဖောက်ပြန်သွားတဲ့ ယောဂီတွေ ရှိပါတယ်။

ဦးပဉ္စင်းရဲ့ အစ်မဟာ အဲဒီအဖြစ်မျိုးနဲ့ ကြုံလိုက်ရတာပါ။ အနောင့်အယှက်ကြောင့် ရူးတယ်ဆိုတာကတော့ ယောဂီများ မဂ်ဖိုလ်ရမှာကို မလိုလားကြတဲ့ မာရ်နတ်နဲ့တကွ အသင်းအပင်းတွေက ကြောက်စရာ ရုပ်အဆင်းတွေကို ဖန်ဆင်းပြကြတဲ့အတွက် စိတ်ဖောက်ပြန်ရတဲ့ ယောဂီတွေလည်း ရှိပါတယ်။ ဒီအနောင့်အယှက်ကိုတော့ တရားမရှုမှတ်မီမှာ မေတ္တာဘာဝနာကို ထိရောက်အောင် ပွားပြီး ကာကွယ်နိုင်ပါတယ်။ တခြားနည်းနဲ့ ကာကွယ်လို့ မရပါဘူး။

ဝဋ်ကြွေးပါရင် ရူးတတ်တယ်ဆိုတာကတော့ ရှင်းပါတယ်။ အရင်ကတည်းက ရူးသွပ်ရမည့်ကံက ပါလာတယ်။ တရားအားထုတ်နေဆဲအချိန်မှာမှ ဒီကံက လာအကျိုးပေးတော့ တရားထိုင်လို့ ရူးရတယ်လို့ အထင်ခံရတော့တာပေါ့။ သမထ မလုပ်တော့ဘဲ စိတ်ဖြစ်တိုင်း ပါနေတဲ့ ခဏိကသမာဓိနည်းနဲ့ ရှုမှတ်ရတဲ့ ဝိပဿနာယာန်ကနည်းနဲ့ အားထုတ်မယ်ဆိုရင် သမထကို အကြောင်းပြုပြီး ပေါ်ပေါက်လာမယ့် စိတ်ဖောက်ပြန်မှုတွေကို ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။

ဒါကြောင့် ဝိပဿနာသက်သက် ရှုမှတ်နည်းတွေကို လေ့လာကြည့်လိုက်တဲ့အခါ ဆရာကြီး ဦးကြေးရွှေရဲ့ ပခုက္ကူ ဝိပဿနာသင်တန်းနည်း၊ ကသစ်ဝိုင် ဝိပဿနာနည်း၊ ဆရာကြီး ဦးကြည်ရဲ့ သစ္စာဇီပက ဝိပဿနာနည်းများကို သွားတွေ့ပါတယ်။ အဲဒီ သုံးနည်းထဲက ဦးပဉ္စင်းဥာဏ်ထဲမှာ အရင်းခံဖြစ်တဲ့ ပခုက္ကူ ဝိပဿနာသင်တန်းကို စာကွေ့ လက်တွေ့ကြိုးစားနေတာ ၂၀၁၁ ခုနှစ်ထိဆိုရင် သုံးနှစ်ရှိပါပြီ။

ဝိပဿနာအားထုတ်သူများ ဦးပဉ္စင်းရဲ့ အစ်မလို မဖြစ်ရအောင် ပခုက္ကူ ဝိပဿနာနည်းကို အခြေခံပြီး လူတိုင်းနားလည်လွယ်မယ့် ဝိပဿနာကျမ်းစာအုပ်တစ်အုပ်ရေးဖို့ ဆုံးဖြတ်ထားပါတယ်။

ရွှေလ ဆက်လက်ဖော်ပြပါမည်

* * *

ဒေါ်မွန်းရှင်(ခ)ညြိမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

နန္ဒာဓိပတိမင်း

အောင်ထူနှင့်

ဝေးခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com

■

တိတ္ထိတို့၏ ပစ္စက္ခအနေအထားကို သုံးသပ်ကြည့်လျှင် လေသလပ်ခံထားရသည့် ပရုတ်လုံးများသဖွယ် ကြာလေ ကြာလေ လုံးပါးပါးရတော့မည့် အခြေအနေပင်။

"ဂေါတမရဲ့ သာသနာ ကျိုးပဲ့ပျက်စီးသွားမှ ငါတို့ တိတ္ထိ ဂိဏ်းကြီး စည်ပင်ဖွံ့ဖြိုးလာမှာ။ သည်တော့ ဂေါတမနဲ့အတူ သူတပည့် သံဃာတွေ၊ သူသာသနာတော်တွေကို တစ်စ မကျန် ရိုက်ချိုးပစ်ဖို့ လိုလိမ့်မယ်။ ဒါကြောင့် ဗုဒ္ဓသာသနာတော်တစ်ရပ်လုံး ပျက်စီးရလေအောင်၊ ညှိနှိုင်းရလေအောင် ကြံဆောင်လုပ်ကိုင်ကြဖို့ လိုတယ်"

သည်သို့သော ခံယူချက်နှင့်အတူ တိတ္ထိအပေါင်းတို့သည် မိမိတို့ ရပ်တည်ကျင်လည်ကြရသည့်အနေအထားမှာပင် ဗုဒ္ဓသာသနာ ညှိနှိုင်းရာ ညှိနှိုင်းကြောင်း၊ ပျက်စီးရာ ပျက်စီးကြောင်းတို့အတွက် အကွက်ချကာ ကြံစည်လုပ်ဆောင်ကြလေ၏။

သို့ပါသော်ငြား၊ တိတ္ထိတို့၏ လုပ်ဆောင်ချက်မှာ အချည်းနှီး။

ဘုရားရှင်၏ ဗုဒ္ဓသာသနာတော်သည် ညှိနှိုင်း ပျက်စီးမသွားသည့်အပြင် ပို၍ သာ၍ပင် တိုးတက်စည်ပင်လာခဲ့သည်။ ဗုဒ္ဓ၏ ဝါဒလမ်းစဉ်ကို လက်ခံသူ ဦးရေမှာ တိုးတက်များပြားလာလျက်ရှိသည်။ ဗုဒ္ဓဘုရားရှင်ကိုသော် လည်းကောင်း၊ ရဟန်း သံဃာတော်အပေါင်းကို လည်းကောင်း ဆဉ်းကပ်ကိုးကွယ်သူ၊ လှူဒါန်းပူဇော်သူတို့မှာ တစ်စထက် တစ်စ တိုးတက်များပြားလာလျက် ရှိချေ၏။

ဤ၌ အခြားတစ်ဖက်ဖြစ်သော တိတ္ထိတို့၏ သာသနာတော်ကတော့ တစ်စထက် တစ်စ ညှိနှိုင်းလာခဲ့တော့သည်။ သည်တော့လည်း တိတ္ထိတို့အပေါ် ဆဉ်းကပ်ကိုးကွယ်ကြသူများမှာ တစ်နေ့ထက် တစ်နေ့ ပါးလျလာခဲ့ကြသည်။ ကိုးကွယ်ဆည်းကပ်မည့်သူ၊ လှူဒါန်းပူဇော်မည့်သူတို့ ပိုးရှားလာသည့်အတွက်ကြောင့်လည်း အခြေခံ လိုအပ်ချက်ဖြစ်သော စားဝတ်နေရေးပင် တုန်လှုပ်စရာကောင်းလာသည်။ သို့ဖြစ်၍လည်း ဗုဒ္ဓသာသနာတော်ကြီး ပျက်စီးဆုတ်ယုတ်သွားစေရန်အတွက် ထိရောက်မည့်နည်းလမ်းကို ရှာကြံကြိုးပမ်းနေကြသည်ပင် မဟုတ်ပါလား။

သည်မှာပင် တိတ္ထိတို့သည် တပည့်မကလေး သုန္ဒရီကို ဖျတ်ခနဲ သတိရသွားကြ၏။

"ဟုတ်ပြီ၊ ငါတို့ရဲ့ တပည့်မကလေး သုန္ဒရီကို ကြည့်ကြစမ်း။ ငယ်ရွယ်နုပျိုတာနဲ့အမျှ လှပကြော့ရှင်းနေတယ် မဟုတ်ဘူးလား။ ပြီးတော့ ငါတို့အပေါ်ကိုလည်း အင်မတန်မှ ရိုရိုကျိုးကျိုးရှိပေတဲ့ ပရိဗိုဇ်မကလေး။ ဒါကြောင့် သုန္ဒရီကို အခြေပြုပြီး ဂေါတမနဲ့ သူ့သာသနာတော်ကို ပျက်စီးအောင် လုပ်ကြရမယ်"

အားလုံးပင် တိတ္ထိခေါင်းဆောင်တို့၏ အကြံအစည်ကို လက်ခံ သဘောတူကြ၏။

"တပည့်တို့...ငါတို့ဟာ စိဉ္စမာဏ ပရိဗိုဇ်မနဲ့ ဂေါတမကို စွပ်စွဲဖျက်ဆီးသလိုမျိုး သုန္ဒရီပရိဗိုဇ်မနဲ့ ဂေါတမကို စွပ်စွဲဖျက်ဆီးပစ်ရမယ်။ သည့်အတွက် သုန္ဒရီကလည်း တပည့်ကောင်း ပီသစွာနဲ့ သူတာဝန်ကို သူယူတယ်"

အမှန်တကယ်လည်း သုန္ဒရီသည် သူတာဝန်ကို သူ ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။ တိတ္ထိခေါင်းဆောင် ဆရာကြီးများ နည်းပေး လမ်းညွှန်သည့်အတိုင်း ညနေချမ်း ရောက်လျှင် ဇေတဝန်ကျောင်းတော်သို့ သွားဟန်ပြုသည်။ နံနက်မိုးသောက် အလင်းရောက်လျှင် ဇေတဝန်ကျောင်းတော်မှ ပြန်ထွက်လာဟန်ပြုသည်။ တိတ္ထိအပေါင်းတို့က လည်း...

"ငါတို့ရဲ့ တပည့်မကလေး သုန္ဒရီဟာ ညညဆို ရဟန်း ဂေါတမရှိရာ သွားပြီးအိပ်ရတယ်။ ရဟန်းကြီး ဂေါတမကို လည်း ကာမဂုဏ်နဲ့ ပြုစုဖော်ပြေပြီး မနက်လင်းအားကြီးမှ ပြန်လာရရှာတယ်"

ဟူ၍ သတင်းလွှင့်ခဲ့သည်။

ကနဉ်းမှာတော့ မည်သူမျှ မယုံကြ။

သို့ပါသော်ငြား၊ မသိမသာ သတိထားကြည့်မိလေတော့ ညနေချမ်းရောက်လျှင် သုန္ဒရီ၏ ခြေလှမ်းများက ဇေတဝန်ကျောင်းတော်သို့ ဦးတည်နေသည်ကို လည်းကောင်း၊ မနက်ခင်းရောက်လျှင် ဇေတဝန်ကျောင်းတော်မှ ကပိုကရိဖြင့် ပြန်ထွက်လာသည်ကို လည်းကောင်း တွေ့ရလေရာ သို့လော...သို့လော...စိတ်များ ဝင်လာမှန်းမသိ ဝင်လာကြတော့၏။

ထိုကာလမှာပင် ပရိဗိုဇ်မကလေး သုန္ဒရီမှာ ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။

♦♦♦

သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီး၏ နန်းရင်ပြင်ဦးမှာတော့ တိတ္ထိခေါင်းဆောင်များ၊ နောက်လိုက်နောက်ပါများက အဖွေးသား။

www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီး... ငါတို့ရဲ့ တပည့်မကလေး သုန္ဒရီဟာ အခုအခါမှာ ပျောက်ချင်းမလု ပျောက်လို့နေပါတယ်။ နေရာအနဲ့ ခွဲပြီးရာဖွေကြပေမယ့် မတွေ့ပါဘူး။ သည့်အတွက် အရှင်မင်းကြီးထံ လာရောက်ပြီး တိုင်ချက်ဖွင့်တာပါ"

သုန္ဒရီပျောက်ဆုံးနေမှု သတင်းကား ကောသလမင်းကြီးထံ ရောက်ရှိလာသကဲ့သို့ သာဝတ္ထိတစ်ပြည်လုံး လှည်းနေ လေအောင်း၊ မြင်းဇောင်းမကျန် ပျံနှံ့နေလေပြီရော။ သည့်အတွက် သို့လော...သို့လောနှင့် သံသယစိတ်များ ဖြစ်ပေါ်နေကြရသည်။

ကောသလမင်းကြီးအဖို့ သည်အရေးသည် မသေးလှမှန်း သဘောပေါက် နားလည်နေခဲ့၏။ ထို့ကြောင့်ပင်...

"တိတ္ထိအရှင်တို့... သင်တို့ရဲ့ တပည့်မ ပျောက်ဆုံးနေတာနဲ့ ပတ်သက်လို့ ဘယ်နေရာကို သက်ာမကင်းဖြစ်နေဖိသလဲ။ ပြီးတော့ ဘယ်လိုလုပ်ချင်တဲ့ ဆန္ဒအာသီသရှိပါသလဲ"

ဟူ၍ ပွင့်လင်းစွာ မေးမြန်းလိုက်သည်။ မင်းကြီး၏ အမေးက တိတ္ထိတို့အပေါ် လွန်စွာမှ အကြိုက်ကျသွားစေခဲ့၏။

"အရှင်မင်းကြီး... ငါတို့အားလုံးဟာ ရှင်ကြီး ဂေါတမရဲ့ ဧတဝန်ကျောင်းပတ်ဝန်းကျင်ကို သက်ာမကင်းရှိပါတယ်။ ဒါကြောင့် အဲသည် ဝန်းကျင်တစ်ဝိုက်ကို ရာဖွေခွင့်ပြုတော်မူပါ"

"ကောင်းပေပြီ အရှင်တို့။ အရှင်တို့ စိတ်တိုင်းကျသွားရောက်ရာဖွေကြပါ"

တိတ္ထိအပေါင်းတို့လည်း မိမိတို့ဆင်ထားသည့်အကွက်သို့ ဆိုက်ရောက်လေပြီဖို့ ဝမ်းသာအားရစွာဖြင့် ဧတဝန်ကျောင်းတော်ရှိရာသို့ ခရီတက်သွားကြလေတော့၏။

"ဟေ့...ရှာကြ၊ ရှာကြ။ နေရာမလပ် မတွေ့တွေ့အောင် ရှာကြ"

သေချာစွာ လေ့လာဆန်းစစ်ကြည့်လျှင်ဖြင့် ထိုစကားနှင့် အဓိပ္ပာယ်တွေ များစွာရှိနေသည်။

များမကြာမီမှာတော့ တပည့်လက်သား တိတ္ထိတို့ထံမှ အသံများ စီခနဲထွက်ပေါ်လာတော့သည်။

"တွေ့ပြီဟေ့၊ ဒီမှာ...ဒီမှာ"

တိတ္ထိအပေါင်းလည်း အသံထွက်ပေါ်လာရာသို့ စုပြုံရောက်ရှိသွားကြလေ၏။ ပန်းအမှိုက်တို့ သွန်ရာ ပစ်ရာ ရေချောင်းထဲမှာ သုန္ဒရီ၏ သက်မဲ့ အလောင်း။ ထိုနေရာသည် ဧတဝန်ကျောင်းတော်အနီးမှာ ဖြစ်သည်။

"ဟေ့ . . . ခုတင်သွားယူ။ ပြီးရင် ခုတင်ပေါ်ကို အလောင်းတင်ပြီး မြို့ထဲကို လှည့်ကြမယ်။ ဘယ်လမ်းအိုလမ်းပေါ် ရုပ်ကွက်မှ မကျန်စေရဘူး။ ပြီးရင် ငါကြွေးကြော်တာကို မှတ်သားပြီး ငါ့အတိုင်း ကြွေးကြော်အော်ဟစ်ကြ"

ခေါင်းဆောင်က သူ၏ အကြံအစည်အတိုင်း အကွက်စေ့၊ ထောင့်စေ့အောင် ဆောင်ရွက် ညွှန်ကြားနေလေသည်။

ခုတင်ရောက်သည်နှင့် သုန္ဒရီ၏ အလောင်းကို ခုတင်ပေါ်သို့ တင်သည်။ နောက်လိုက် တိတ္ထိငယ်များက ခုတင်ကို ထမ်းကာ တိတ္ထိခေါင်းဆောင်တို့၏ နောက်မှ လိုက်ပါကြလေ၏။

"အို . . . မြို့သူမြို့သားအပေါင်းတို့၊ ငါတို့တပည့်မ သုန္ဒရီရဲ့ အဖြစ်ဆိုးကို ကြည့်ကြ၊ ရှုကြပါတော့။ ရဟန်းကြီး ဂေါတမနဲ့ သူ့ဂိုဏ်းသား တပည့်ရဟန်းတွေဟာ အင်မတန်မှ ရက်စက်ကြပါကလား။ ကြည့်ကြစမ်းပါ။ ကြည့်လိုက်ကြစမ်းပါ"

"ရှင်ကြီး ဂေါတမနဲ့ သင်းရဲ့ ဂိုဏ်းသား တပည့် ရဟန်းတွေဟာ ငါတို့ရဲ့ တပည့်မကလေး သုန္ဒရီကို မတော်မတရားကျင့်ရုံမက၊ သတ်ဖြတ်ပြီး အမှိုက်ပုံအောက်ထဲ ပစ်ထားခဲ့တယ်။ ကိုင်း... ဘယ်ကလောက် ရက်စက်ကြပါသလဲ"

"အို... မြို့သူမြို့သားအပေါင်းတို့၊ အကျင့်သီလတို့ စင်ကြယ်မြင့်မြတ်လှပါတယ်ဆိုတဲ့ ရှင်ကြီး ဂေါတမ၏ ဂိုဏ်းသား တပည့်တွေရဲ့ လုပ်ရပ်ကို ကြည့်လိုက်ကြပါဦး"

အော်ဟစ် ကြွေးကြော်သံတွေက မရပ်မနား။

သည်အသံတို့ကြောင့် ထွက်ကြည့်ကြကုန်သော သာဝတ္ထိမြို့သူမြို့သားအပေါင်းတို့မှာ များစွာမပင် တုန်လှုပ် ချောက်ချားကြရတော့သည်။

ကောင်းသော သတင်းသာ မယုံနှဲ့ဘဲ နေချင် နေရမည်၊ သည်လိုမျိုး သတင်းကျတော့ တစ်မှုတ်ချင်းဆိုသလို ပျံ့နှံ့သွားခဲ့လေတော့၏။ လမ်းတိုင်း၊ ရပ်ကွက်တိုင်းတွင်လည်း အုတ်အုတ်ကျက်ကျက်။ ပြည်သူပြည်သားအပေါင်း၊ မြို့သူမြို့သားအပေါင်း၊ ရပ်ကွက်သူ ရပ်ကွက်သားအပေါင်း၊ လမ်းသူလမ်းသားအပေါင်းတို့မှာ ကျယ်ကျယ်တစ်မျိုး၊ တိုးတိုးတစ်ဖုံဖြင့် ကိုယ်ယုံကြည် ယူဆရာတို့ကို ပြောဆိုဝေဖန်လျက်ရှိကြလေ၏။

အဆိုပါ တိတ္ထိတို့၏ စကားအပေါ် ယုံကြည်မိသူတွေကလည်း အများသား။ ထိုသူတွေရှေ့မှာမှ ရဟန်းအချို့က ဆွမ်းရပ်မိသည်။

"ဟေ့ . . . ရဟန်းတွေ၊ သင်တို့ဟာ သီလမရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com

အယောင်ဆောင်တွေပဲ။ ယုတ်မာရဲမက၊ ရက်စက်ကြတဲ့ သူတွေပဲ။ ရဟန်းကျင့်ဝတ်ဆိုတာရော ရိုမှ ရိုကြပါရဲ့လား။ ဟွန်း... မိန်းမသားတစ်ဦးကို မတော်မတရား ပြုကျင့်ရဲတောင်မကဘူး သတ်ဖြတ်ပြီး စွန့်ပစ်ကြသေးတယ်။ သင်တို့ကို ငါတို့က ဆွမ်းလောင်းရမှာတဲ့လား။ သွား...သွားကြစမ်း နောက်တစ်ခါ သည်လမ်းထဲ ဝင်လာလို့ကတော့ အတွေ့ပဲ"

ပြစ်တင်ကဲ့ရဲ့သံ၊ ဆဲရေးပုတ်ခတ်သံ စသည်တို့က နားနှင့်ပင် မဆုံတော့။

♦♦♦

ဆွမ်းခံထွက် ကြွရာမှ ကျောင်းတော်သို့ ပြန်ရောက် လာကြကုန်သော ရဟန်းတို့က မိမိတို့ ကြုံတွေ့ခဲ့ရသည်တို့ကို ဘုရားရှင်အား လျှောက်တင်ခဲ့ကြသည်။

"ချစ်သား ရဟန်းတို့... သည်းခံတော်မူကြပါ။ သည်လိုမျိုး ကဲ့ရဲ့ရွဲတ်ချ ပြစ်တင်မောင်းမဲ ဆဲရေးတဲ့ အသံတွေဆိုတာဟာ ခုနစ်ရက်မျှလွန်ရင်ပဲ ပျောက်ကွယ်သွားပါလိမ့်မယ်။ အဲသည်လို ရုန့်ရင်းကြမ်းတမ်းစွာ ဆဲရေးလာပြီဆိုရင် "မိမိတို့ မမြင်၊ မသိ၊ မကြားပါဘဲလျက် မြင်တယ်၊ ကြားတယ်၊ သိတယ်လို့ မဟုတ်မမှန်ပြောဆိုလေ့ရှိသူဟာ ငရဲကို ရောက်ရပါလိမ့်မယ်။ မကောင်းမှုကို ပြုလုပ်ခဲ့တဲ့တိုင် ငါ မလုပ်ဘူးလို့ ပြောဆိုတဲ့သူဟာလည်း ငရဲရောက်ရပါလိမ့်မယ်။ ယုတ်မာတဲ့ အမှုရှိတဲ့ အဲသည်သူ နှစ်ဦးသားတို့ဟာ တမလွန်ဘဝမှာပဲ ငရဲကို အတူကျရောက်ရပေလိမ့်မယ်"လို့ ရွတ်ဆိုကြပါ ချစ်သားတို့"

သည်သို့ပင် ဘုရားရှင်က မိန့်ကြား သွန်သင်တော်မူခဲ့သည်။

ရဟန်းတို့ကလည်း ဆွမ်းခံထွက် ကြွလေတိုင်း ရုန့်ရင်းကြမ်းတမ်းစွာ ကဲ့ရဲ့ရွဲတ်ချသူတို့နှင့် ကြုံလေသော် ဘုရားရှင် မိန့်ကြားသွန်သင်တော်မူသည့်အတိုင်းပင် ရွတ်ဆိုကြလေ၏။ သည်တော့လည်း မြို့သူမြို့သားတို့အဖို့ တွေတွေကလေး ဖြစ်သွားကြကာ စဉ်းစားစရာဖြစ်လာကြသည်။ သူတို့အချင်းချင်းလည်း ဝေဖန်ဆွေးနွေးခဲ့ကြသည်။

"မိတ်ဆွေတို့... သည်ရဟန်းတွေဟာ တိတ္ထိတွေ စွပ်စွဲပြောဆိုတဲ့အတိုင်း ဟုတ်ဟန်မတူဘူး။ ခုပဲကြည့်လေ၊ ငါတို့တစ်တွေ ကဲ့ရဲ့ရွဲတ်ချ ပြစ်တင်ပုတ်ခတ်နေတာတောင်မှ သည်းခံနိုင်ကြတဲ့အပြင် တရားဓမ္မနဲ့ ဆိုင်တဲ့ စကားတွေကိုတောင်မှ ပြောဆိုနေကြသေးတယ်"

"ဟုတ်ပါရဲ့။ ဒါဆိုရင် တိတ္ထိတွေဘက်က မရိုးသားတာ သေချာတယ်။ သူတို့ဟာ ဗုဒ္ဓဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေ အကျိုးယုတ်ရလေအောင် လုပ်ကြံ ဖန်တီးတာ သေချာနေပြီ"

အမှန်တရားတို့မည်သည်ကား ကြာမြင့်စွာ ပုံးကွယ်ထား၍ မရသည်မှာ သေချာပေပြီ။ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုသည်မှာ မှန်လှပါပေစွ။ တစ်နေ့ပြီး တစ်နေ့ ကုန်လွန်သည်နှင့် နေအလာ နင်းပျောက်သည့်အလား မဟုတ်မမှန် စွပ်စွဲချက်တို့ကား ကွယ်ပျောက်လွင့်စဉ်သွားပါလေတော့၏။

♦♦♦

မင်းချင်းတို့အဖို့ ဘုရင့်လစာရိက္ခာတော်ကို စားနေကြရသူများပီပီ ဘုရင်၏ တာဝန်ပေးချက်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်ရပေမည်။

ယခုလည်း မင်းချင်းတို့သည် သုန္ဒရီ ပရိဗိုဇ်မကလေး သတ်ဖြတ်ခံရမှုအတွက် အမှုမှန်ပေါ်ပေါက်ရန် ရုပ်ဖျက်လျှက် နေရာအနှံ့ ဖြန့်ကျက် စုံစမ်းနေကြလေသည်။

တစ်ခုသော သေတင်းကုပ်။

ထိုသေတင်းကုပ်မှာတော့ သောက်သောက်စားစား လူမင်းသားများက သေရည်သေရက်တို့ကို သောက်စားမူးယစ်ရင်း ရောက်တတ်ရာရာစကားများ ငိုစကား နွားရ အော်ကြီးဟစ်ကျယ် ပြောဆိုနေကြလေ၏။ အဆိုပါ သေသောက်ကြမှုများအနက်မှ သေတင်းကုပ်၏ ထောင့်စွန်၌ နေရာယူကာ တစ်ဦးနှင့်တစ်ဦး အနိုင်မခံ အရှုံးမပေး စကားအနိုင်လုနေ

www.burmeseclassic.com

www.burmeseclassic.com

သော သေသောက်ကြူး နစ်ဦးကမူ ထူးခြားနေတော့သည်။

အရက်မူး၍ ကျွဲခိုးပေါ်သည်ဟု ဆိုရလေမည်လား။

"ဟေ့ကောင်...မဲကြီး၊ မင်းက ကောင်မလေးကို တစ်ချက်တည်း အသေရိုက်သတ်လိုက်ပေမယ့် ငါ မချုပ်ပေးရင် မဖြစ်ဘူး။ သည်တော့ ငါ့အစွမ်းအစက မင်းထက်သာတယ်ဆိုတာကို မှတ်ထားလိုက်"

"အောင်မာ...ရာရာစစ၊ မင်းကများ ငါ့ကို အဲသလို ပြောရအောင် မင်းကိုယ်မင်း ဘာထင်နေလို့လဲ ကျွဲသိုး။ ဟွန်းဟွန်း... သည်ကိစ္စမှာ ငါသာ အရေးပါ အရာရောက်ခဲ့ဆိုတာကို မှတ်ထားလိုက်စမ်းပါ။ သေပြီးတဲ့သူကို အမှိုက်ပုံတဲ ရေမြောင်းထဲ ဆွဲယူပစ်ခဲ့သူဟာ မင်းလား၊ ငါလားဆိုတာ မင်း သဘောပေါက်တယ်နော်"

"ဟားဟားဟား... ဒီလောက်နဲ့ လုံးကြီးလာမတင်ခဲ့လေ။ ကျွဲသိုးတို့က လုံးကြီးလာတင်ရင် ဆံခတ်ဖို့က အစဉ်သင့်ပဲ။ မင်း မြောင်းထဲ ပစ်ချတာမှန်ပေမယ့် သည်အလောင်းကြီးကို ပန်းအမှိုက်တွေ ဖုံးလွှမ်းသွားရအောင် အဲဖေကိုယ် ဘုပ်ခဲ့ရတာပဲမဟုတ်လား"

တရားလွန် သောက်စားထား၍ လူမှန်းသူမှန်း မသိသောက်အောင် မူးယစ်နေရလေကာ ပြောသင့်သော စကား၊ မပြောသင့်သော စကားတို့ကို မသိတော့။ ငါ့စကား နွားရအောင်အထက်လုနေကြတော့သည်။ ပတ်ဝန်းကျင်မှာ မည်သူ့ဆွေ ရောက်ရှိနေသည်ကိုလည်း သတိမထားမိကြတော့။

"ဟေ့...ဒီမှာ ကျွဲသိုး၊ မင်းနဲ့ ငါ ဘယ်သူက ပို သောက်နိုင်တယ် ထင်သလဲ။ ငါက မင်းသောက်နိုင်တာ သောက်တော့ သနားတယ်"

"ဟား...ဟ၊ ရယ်ချင်စရာ ကောင်းမှကောင်းပါပဲလား ကြီးရယ်။ အခု ရလာတဲ့ ငွေတွေ မကုန်မချင်း မင်းရေမှာ ဆင် သောက်ပြမယ်၊ ဟုတ်လား"

သည်သို့သည်ပုံ စကားဆိုနေကြသော သေသောက် နှစ်ဦးအား မင်းချင်းတို့က ရှေ့ဆက် စကားပြောခွင့် ပေးပါ။ လက်ပြန်ကြိုးတုပ်နောင်လျက် သက်ဆိုင်ရာသို့ အပ်နှံခေါ်ဆောင်သွားခဲ့လေပြီတကား။

♦♦♦

အမှန်တရားတို့အား တာရှည်ဖုံးကွယ်ထား၍ မရပြီ။ တရားခွင်၌ စေ့စပ်သေချာစွာ စစ်ဆေးလိုက်သောအခါ ဘုန္ဒီ ပရိဖိုင်မကလေးအား သတ်ဖြတ်မှုသည် ကွင်းကွင်း ကွက်ကွက်ပေါ်လာခဲ့ရတော့သည်။ လူသတ်တရားခံနှစ်ဦးတို့ အားလည်း ငြင်းဆန်နိုင်အား မရှိကြတော့ပေ။

"တရားသူကြီးမင်းခင်ဗျား... ကျွန်တော်တို့နှစ်ဦးနဲ့ သုန္ဒရီ ပရိဖိုင်မကလေးဟာ ဘယ်လိုမှ ရန်ပြိုးရန်စ မရှိခဲ့ပါဘူး။ တိတ္ထိတွေက အခင်ကြေးပေးပြီး အသတ်ခိုင်းတဲ့ အတွက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ နံနက်ဝေလီဝေလင်း ဇေတဝန်ကျောင်းတော်အကွယ်က ထွက်လာတဲ့ သုန္ဒရီကို ကျွဲသိုးက ချုပ်ပေးပြီး ကျွန်တော်မျိုးက တစ်ချက်တည်း အသေရိုက်သတ်ခဲ့ပါတယ်။ ပြီးတော့ အလောင်းကို မြောင်းထဲ ဆွဲယူပစ်ချပြီး ပန်းအမှိုက်တွေနဲ့ ဖုံးအုပ်ထားခဲ့တာပါ"

အမှုမှန်ကား အပြစ်ရှိသူတို့၏ ဝန်ခံဖြောင့်ချက်ပေးမှုကြောင့် ဘွားဘွားကြီးပေါ်ခဲ့ပါချေပြီ။ သည်တော့ ကောသလမင်းကြီးလည်း တိတ္ထိတို့ကို ခေါ်ယူကာ စစ်ဆေးရတော့သည်။ တိတ္ထိတို့လည်း ကွယ်ဝှက်မနေသာတော့။ အမှန်အတိုင်းပင် ဝန်ခံထွက်ဆိုရတော့သည်။ သည်တော့လည်း တရားဥပဒေနှင့်အညီ ပြစ်မှုငွေဒဏ်နေသူတို့အား ထိရောက်သော ပြစ်ဒဏ်ကို ပေးရတော့သည်။ ထို့နောက် တိတ္ထိဂိုဏ်းသားတို့အား အပိန့်ချမှတ်ပါလေ၏။ ထိုအပိန့်ကား...

"တိတ္ထိအပေါင်းတို့... သင်တို့သည် ယခုအချိန်မှစ၍ တိုင်းပြည်၊ ပြိုတော်၊ ရပ်ကွက်၊ လမ်းမ၊ လမ်းငယ်အနှံ့ လှည့်လည် ဟစ်ကြွေးကြေညာရမည်။ ငါတို့ တိတ္ထိများသည် သုန္ဒရီပရိဖိုင်မကလေးအား လုပ်ကြံသတ်ဖြတ်ရန်အတွက် စီစဉ်ခိုင်းစေခဲ့ခြင်း ဖြစ်ပါ၏။ ဂေါတမဘုရားရှင်နှင့်တကွ တပည့်ရဟန်းသံဃာတို့တွင် လုံးဝ အပြစ်မရှိပါ။ ၎င်းတို့ အရှက်တကွဲ အကျိုးနည်းပြီး ဗုဒ္ဓသာသနာတော် ပြိုကွဲပျက်စီးသွားစေရန် ဤလူသတ်မှုကို ငါတို့ တိတ္ထိအပေါင်းက ကြံစည်ပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း"

ဟူ၍ ဖြစ်၏။

သည်သို့ဖြင့် တိတ္ထိတို့ ကြံရွယ်ခဲ့လေသော ဗုဒ္ဓသာသနာတော် ပြိုကွဲမည့်အရေးမှ ကင်းစင်လွတ်မြောက်လျက် ပွင့်လန်းလာသည်ထက် ပွင့်လန်းလာပေတော့၏။

တိတ္ထိတို့အဖို့ မိမိတို့ စိုက်ပျိုးခဲ့သော ကောက်နံကို မိမိတို့ပင် ပြန်လည်၍ ရိတ်သိမ်းခဲ့ရလေသည်တကား။

* * *

နန္ဒာမိုးကြယ်

ကျေးကိုး

- ဥဒါန်းပါဠိတော်၊ မေယိယဝဂ်နှင့် မဟာဗုဒ္ဓဝင် ရတနာခန်း။

www.burmeseclassic.com

www.burmeseclassic.com

ကြည်မောင်ကို ကျည်ရောင်တယ်

ဖြောင်းမြ

သူ့ကို ကျွန်တော်ခေါ်နေကျ နာမည်က အကြပ်ကြီးပါ။ ကျွန်တော်မှ မဟုတ်ပါဘူး၊ ကျွန်တော်တို့ မွေးမြူရေးခြံက လူတွေနဲ့၊ သူနဲ့ဆက်နွယ်ပတ်သက်မှုရှိတဲ့ ပတ်ဝန်းကျင်က လူတွေ အားလုံးကလည်း သူ့ကိုအကြပ်ကြီးလို့တဲ့ ခေါ်ကြတယ်။

သူ့အမည်အရင်းက ဦးကြည်မောင်တဲ့။ ဒီအမည်အရင်းကလည်း သူ့ဇနီးတစ်ခါတလေ စိတ်လိုလက်ရရှိလို့ ခေါ်သံကြားမိတာကလွဲရင်၊ များသောအားဖြင့်တော့ မုတ်ပုံတင်ထဲမှာနဲ့ ဝန်ထမ်းကဒ်ထဲမှာပဲ အိပ်ပျော်နေရတာများတယ်။

ဟုတ်တယ်။ ကျွန်တော်တောင်သူနဲ့ ရင်းနှီးလို့ တစ်နှစ်လောက်နေမှ သူ့အမည်အရင်းကို သိရတာကို။ သိရပေမဲ့လည်း ဦးကြည်မောင်လို့ ဘယ်လိုမှ ပြောင်းခေါ်လို့မရတော့ဘူး။ အကြပ်ကြီးလို့ ခေါ်တာပဲ နှုတ်ကျိုးနေပြီကိုး။

ကျွန်တော်တို့ အကြပ်ကြီးလို့ခေါ်တာလည်း မများဘူးလေ။ သူကိုယ်တိုင်က၊ ခ.လ.ရ (၉၃) တပ်က၊ တပ်ကြပ်ကြီးတစ်ယောက်ပါ။ ထပ်မတော်ကအငြိမ်းစားမယူခင်ကတည်းက ကျွန်တော်တို့နဲ့ ရင်းနှီးခဲ့တာပါ။

ရင်းနှီးတယ်ဆိုတာကလည်း၊ သူက ကျွန်တော်တို့ ကြက်ခြံမှာ အမြဲတမ်းကြက်ဥလာဝယ်နေကြ ဖောက်သည်ကိုး။ မနက်လင်းတာနဲ့ ယူနီဖောင်းအပြည့်နဲ့...

"ညီလေးရေ၊ ထုံးစံအတိုင်း အလုံးနှစ်ဆယ်ထည့်ကွာ" ဆိုပြီး ရောက်လာနေကျလေ။ ရှေ့တန်း ဘာညာမထွက်ရဘူး ဆိုရင်ပေါ့။ အကြပ်ကြီးရှေ့တန်း သွားရတဲ့အခါမှ ဆိုရင်တော့ သူ့ဇနီး ကိုယ်တိုင်လာဝယ်တတ်တယ်။

အကြပ်ကြီးတို့ လင်မယား အိမ်ထောင်သက်မနည်းတော့ပေမယ့် သားသမီးတော့တစ်ယောက်မှ မထွန်းကားရသေးဘူးလေ။ လင်မယားနှစ်ယောက်တည်း ဝန်ထမ်းလစာနဲ့၊ ကုန်စုံဆိုင်က ဝင်ငွေလေးနဲ့ အေးရာအေးကြောင်းတော့ နေနိုင်ကြပါတယ်။

ကျွန်တော်တို့ခြံက လာဝယ်တဲ့ကြက်ဥကလည်း သူတို့ကုန်စုံဆိုင်လေးမှာ ပြန်တင်ရောင်းတာကိုး။

အကြပ်ကြီးတို့ တပ်ရင်းနဲ့ကျွန်တော်တို့ မွေးမြူရေးခြံကလည်း ဘယ်လောက်မှဝေးတာ မဟုတ်ဘူး။ အူလွန်လျှောက်ရမှ မိနစ်နှစ်ဆယ်လောက်ဆိုတော့၊ အကြပ်ကြီးတို့ လင်မယား တစ်ယောက်မဟုတ် တစ်ယောက်တော့ ကျွန်တော်တို့ခြံမှာ ကြက်ဥနေ့တိုင်းလာဝယ်ဖြစ်ကြတယ်။

အကြပ်ကြီးနဲ့ ကျွန်တော် အတော်အတန်ရင်းနှီးလာတော့ တစ်ခါတလေ အကြပ်ကြီးကို မေးကြည့်မိတာပေါ့နော်။

"အကြပ်ကြီးတို့များ ရှေ့တန်းထွက်ရတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သွားတုန်းကလည်း ဒီပုံစံ၊ ပြန်လာတော့လည်း ဒါပဲ။ ရှေ့တန်းမှာ ရန်သူတွေဘာတွေနဲ့ ပစ်ရယ်ခတ်ရယ် မရှိကြဘူးလား" လို့ မေးလိုက်မိတယ်။

ဟိုတုန်းကချာတိတ်အတွေး၊ ချာတိတ်အမြင်နဲ့ဆိုတော့ တစ်ဖက်နဲ့တစ်ဖက် သူတင်ကိုယ်တင်သေစေနိုင်တဲ့ လက်နက်တွေနဲ့ ဖိုက်နေကြတာ၊ အနည်းနဲ့အများတော့ ဒဏ်ရာဒဏ်ချက်လေးတော့ ရှိမှာပဲဆိုတဲ့အတွေးနဲ့ မေးလိုက်မိတာပါ။

"ဟ···ကောင်ရရှေ့တန်းထွက်တိုင်း ရန်သူနဲ့ ဖိုက်နေရတာတော့ ဘယ်ဟုတ်မလဲကွ။ တွေ့လို့ ပစ်ရခတ်ရတိုင်းလည်း အထိအခိုက်ရှိတဲ့အခါ ရှိသလို၊ မရှိတဲ့အခါလည်း မရှိဘူးပေါ့ဟာ။ ငါဆိုလည်း ရှေ့တန်းမှာ မကြာခဏရန်သူနဲ့ တွေ့ပေမယ့် သိတယ်မဟုတ်လား။ ငါ့နာမည် ကြည်မောင်တဲ့၊ ငါ့ကိုအမြဲတမ်း ကျည်ရှောင်တယ်ကွ"

ဒီစကားက သူ့ကိုကျွန်တော်၊ "အကြပ်ကြီး ဒီတစ်ခေါက် ရှေ့တန်းက ပြန်လာတာ အေးဆေးပဲ မဟုတ်လား" လို့ မေးလိုက်တဲ့ အခါတိုင်း အကြပ်ကြီး ပြန်ပြောတတ်တဲ့ စကားပါ။

အကြပ်ကြီးအနေနဲ့ ဒီစကားကို သူပြောမယ်ဆိုလည်း ပြောလောက်ပါတယ်။ အကြပ်ကြီးနဲ့ ကျွန်တော်စသိကတည်းက၊ သူကျောက်ကပ်မကောင်းလို့ တပ်မတော်ကအငြိမ်းစားယူခိုန်အထိ၊ ဆယ်စုနှစ်တစ်စုစာအတွင်းမှာပဲ ရှေ့တန်းထွက်လိုက်၊ ပြန်လာလိုက်နဲ့ အခေါက်ပေါင်း မနည်းဘူး။ သူနဲ့တပ်စုတစ်စုတည်း ရှေ့တန်းသွားတဲ့လူတွေ အထိအခိုက်အသေအပျောက်ရှိတဲ့အသံ ကြားရပေမယ့် အကြပ်ကြီးကတော့၊ "ကြည်မောင်ကွ၊ ကျည်ရှောင်တယ်" ဆိုတဲ့စကားအတိုင်း ဘာအန္တရာယ်မှ မရှိခဲ့တာတော့ ကျွန်တော်မှတ်မြင်ပါ။

အကြပ်ကြီး တပ်မတော်ကအငြိမ်းစားယူပြီး နောက်ပိုင်း ကျွန်တော့်အစ်ကိုက မွေးမြူရေးခြံမှာ အလုပ်လုပ်ဖို့ သူတို့ လင်မယားနှစ်ယောက်စလုံးကို ခေါ်ထားတယ်။ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ကြီး မဟုတ်လေတော့ ကျွန်တော့် အစ်ကိုကလည်း အကြပ်ကြီးကို ပင်ပင်ပန်းပန်းဘာမှ မခိုင်းဘူး။

ခြံလုံခြုံရေးနဲ့ ခြံကချာတိတ်တွေ ထိန်းဖို့ရာ တော်ပြီဆိုတဲ့ သဘောနဲ့ ခေါ်ထားတာ၊ သူ့ဇနီး ဒေါ်စန်းစန်းတင့်ဆိုလည်း ချက်ရေးပြုတ်ရေးလောက်ပဲ တာဝန်ယူရတာ။

ကျွန်တော့်အစ်ကိုကလည်း အကြပ်ကြီးကို နဂိုကတည်းက ခင်မင်ရင်းစွဲလည်း ရှိနေတာကိုး။ အကြပ်ကြီးကလည်း ခြံအတွက်တော့ တကယ်အားကိုးရပါတယ်။ ခြံက ကျွန်တော်အပါအဝင် ချာတိတ်တွေ အားလုံးကိုပြောဆိုဆုံးမသလို၊ ညရေးညတာ ခြံလုံခြုံရေးအတွက်လည်း စိတ်ချရတယ်ဗျ။

ည ညဆို အကြပ်ကြီးနဲ့ ကျွန်တော်၊ တော် တော်နဲ့အိပ်ဖြစ်ကြတာ မဟုတ်ဘူး။ ရောက်တတ်ရာရာ စကားတွေပြောကြရင်း သူရှေ့တန်းမှာ ကြုံခဲ့ရတာတွေကို အာပေါင်းအာရင်းသန်သန်နဲ့ ပြောပြတယ်။ ပြီးတော့ သူတပ်မတော်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလ တစ်လျှောက်လုံး ဘေးမသီရန်မခခဲ့တဲ့ အဆောင်လေးအကြောင်းပြောရင်း ကျွန်တော့်ကိုဒါလေးကူပြီး အာဂုံဆောင်ထားဖို့လည်း ပြောတယ်။

အကြပ်ကြီးပေးတဲ့ အဆောင်လေးက ဘာမှတော့ ထူးထူးဆန်းဆန်းကြီးမဟုတ်ပါဘူး။ ဝါကျင့်ကျင့် စာရွက်အိုင်းလေးမှာ ရေးထားတဲ့ ဂါထာလေးတစ်ပုဒ်ပါ။ ဒါလေးကို အမြဲတမ်း ရွတ်ဖတ်ပူဇော်ရင် အန္တရာယ်ကင်းပြီး လူချစ်လူခင်များတဲ့ အကြောင်းပြောပြပေမယ့်၊ ဒီတုန်းက ကျွန်တော့် စိတ်ဝင်တစား မရှိခဲ့ရိုးအမှန်ပါ။

မရိုတာလည်း မပြောနဲ့လေ။ အဲဒီအချိန်က ကျွန်တော့် အသက်ဆယ့်ငါး၊ ဆယ့်ခြောက် ပြီးကောင်ပေါက်စအရွယ်ဆိုတော့၊ ဒီဂါထာလေးထက်၊ ဘယ်ကောင်မလေးကို ဘယ်လိုညှိးစားစားပေးရင် ကောင်းမလဲ၊ ဘယ်လိုကဗျာလေးစပ်ပေးရင် သဘောကျမလဲ၊ ဆိုတာတွေပဲ ခေါင်းထဲရှိနေတတ်တဲ့ အရွယ်ကိုး။

အကြပ်ကြီးပြောတုန်း ခဏသာ၊ "အော်···အင်း··· ဟုတ်ကဲ့"နဲ့ အကြပ်ကြီးလည်း ကွယ်ရောမေ့မေ့ ပျောက်ပျောက်ဖြစ်သွားရောပဲ ဆိုပါတော့။

ဒါနဲ့ အကြပ်ကြီးကျွန်တော်တို့ မွေးမြူရေးခြံရောက်လို့ လေးငါးခြောက်နှစ်လောက် ကြာတဲ့ အချိန်မှာ ကျွန်တော်လည်းအိမ်ထောင်ကျလို့ ရန်ကုန်ကို ပြောင်းလာခဲ့တယ်။ အကြပ်ကြီးကတော့ ကျွန်တော့်အစ်ကိုရဲ့ ခြံမှာပဲကျန်ခဲ့တယ်။ တစ်ခါတစ်ရံ ဖုန်းနဲ့ စကားပြောဖြစ်တာကလွဲရင် လူချင်းမတွေ့ဖြစ်ကြတာ ရှစ်နှစ်၊ ကိုးနှစ်တောင် ရှိမလား မသိဘူး။

တစ်လောက ကျွန်တော့်အစ်ကိုနဲ့ အကြပ်ကြီးတို့ လင်မယား ရန်ကုန်တက်လာကြတယ်။ အကြောင်းက အကြပ်ကြီး ကျန်းမာရေးမကောင်းလို့ ဆေးရုံလာပြတာ၊ ရောဂါက ကျောက်ကပ်ပဲလေ။ တပ်မတော်က အနားယူခဲ့တာလည်း ဒီရောဂါနဲ့ပဲ။ နယ်မှာကတော့ တိုင်းရင်းဆေးလေး

www.burmeseclassic.com

www.burmeseclassic.com

[illegible] ကျွန်တော်အစ်ကို [illegible] ကျွန်တော်အစ်ကို [illegible] ပြောပြီး ရန်ကုန်တက်သွားကြတာ။ တည်းတာလည်း ကျွန်တော့်အိမ်မှာပဲ။

ကျွန်တော့်အိမ်ရောက်တော့ အကြပ်ကြီး ကျန်းမာရေး သိပ်မကောင်းပေမယ့် လူကတော့ လန်းလန်းဆန်းဆန်းပဲ။ သူ့အပြောကတော့ သူမသေခင်ကျွန်တော်ကို တွေ့ရလို့တဲ့။ မွေးမြူရေးခြံမှာ ကတည်းက ကျွန်တော့်ကို ညီအရင်းတစ်ယောက်လို ချစ်ခင်ခဲ့တာကိုး။

ပြီးတော့ မေးသေးတယ်။ မွေးမြူရေးခြံမှာတုန်းက ငါ သင်ပေးထားတဲ့ ဂါထာလေး အမြဲတမ်းရွတ်ဖတ်ပူဇော်ဖြစ်လားတဲ့။ ဒီအမေးကိုတော့ ကျွန်တော် တော်တော်လေးပြေရခက်သွားပါတယ်။

ဘာလို့လဲဆိုတော့ ဒီဂါထာလေးကို ရွတ်ဖတ်ပူဇော်ဖို့ နေနေသာသာ၊ အခုတောင် အကြပ်ကြီးပြောမှသတိရခဲ့တာကိုး။ အလွတ်ရဖို့တော့ ဝေးရော။

ကျွန်တော့်အနေနဲ့ ဘုရားမေ့၊ တရားမေ့၊ ဘာသာရေးနဲ့ အလှမ်းဝေးနေတာ မဟုတ်ပေမယ့်၊ အကြပ်ကြီးသင်ပေးတဲ့ အချိန်တုန်းက ရည်းစားစာ တစ်ကြောင်းလောက်၊ ကဗျာလေး တစ်ပုဒ်လောက် အလေးမထားမိခဲ့တဲ့ကိုယ့်ကိုယ်ကို အပြစ်တင်မိသလို တခုတ်တရသင်ပေးခဲ့တဲ့ အကြပ်ကြီးကိုလည်း အားနာမိတာအမှန်။

ဒါနဲ့ "အကြပ်ကြီးရေ ပြောလည်းခံရမှာပဲ ဒီဂါထာလေးကို ကျွန်တော်မေ့တေ့တေ့ ဖြစ်နေလို့ ပြန်ရေးပေးခဲ့ပါဦး" ဆိုတော့ အကြပ်ကြီးက

"ငါ...ထလုပ်လိုက်ရ၊ မင်းတော့နာတော့မှာပဲ ခြံမှာတုန်း ကတော့ ရသလေး၊ ဘာလေးနဲ့ ပြောပြီး ခုကျမှ မေ့ရတယ် လို့...တောက်"

တတ်နိုင်ဘူး။ အကြပ်ကြီးထရိုက်လည်း ခံရမှာပဲ။ ဟုတ်တယ်လေ လူပျို လူလွတ်ဘဝတုန်းက ဒီဂါထာလေးကို စိတ်မဝင်စားပေမယ့် အခု၊ ကလေးနှစ်ယောက်ရဲ့ဖခင်ဖြစ်လာချိန်မှာတော့၊ ဇနီးမယား သမီးသားတွေအတွက် အန္တရာယ်ကင်းကင်း စီးပွားရှာနိုင်ဖို့ လိုလာပြီလေ။ ဒီအတွက် လူချစ်လူခင်လည်း များဖို့ လိုတာပဲမဟုတ်လား။

အကြပ်ကြီး ပါးစပ်ကသာ၊ ငါ ထလုပ်လိုက်ရ နာတော့မှာပဲလို့၊ ပြောနေပေမယ့်၊ သူလက်ထဲမှာတော့ ကျွန်တော့်အတွက် ဂါထာလေးရေးပေးဖို့ ဖောင်တိန်နဲ့ စာရွက်တော့ ရောက်နေပြီလေ။

ဒီဂါထာလေးကို ကျွန်တော်ရွတ်ဖတ်ပူဇော်နေတာ ဘာမှ မကြာသေးလို့ ကျွန်တော့်အနေနဲ့ ဘာမှထူးထူးခြားခြား မကြီးတွေးရသေးဘူးဆိုတာကို ဝန်ခံပါတယ်။

ဒါပေမဲ့ ဒီဂါထာလေးကို ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပူဇော်နေတဲ့ အကြပ်ကြီးကတော့ သူတစ်ပါးပယောဂနဲ့ မဲ့တစ်ပေါက်မစွန်းခဲ့ဘူး ဆိုတာတော့ ကျွန်တော့်မျက်မြင်ပဲ။ လူချစ်လူခင်လည်း အတော်များတယ်။ တပ်ကအငြိမ်းစားယူတာနဲ့ ကျွန်တော့်အစ်ကို သူခြံမှာ အလုပ်တန်းခန့်တာ သာကြည့်တော့။

ဟိုတုန်းက အစားအသောက်မဆင်ခြင်ခဲ့လို့ပဲဖြစ်ဖြစ် အတိတ်ကံကြွေးရှိလို့ပဲဖြစ်ဖြစ် ကျောက်ကပ်ဝေဒနာခံစားရတာကတော့ ဒီဂါထာလေးနဲ့ မဆိုင်ဘူးလေ။

အခုဆို ကျွန်တော်အစ်ကိုနဲ့အကြပ်ကြီးတို့ လင်မယားလည်း မြောင်းမြုပ်သွားကြပြီ။ အကြပ်ကြီးရေးပေးခဲ့တဲ့ ဂါထာလေး ကျွန်တော်နေ့စဉ်ရွတ်ဖတ်ပူဇော်ဖြစ်သလို ဂဒ္ဓိရဆန်းကြယ်မဂ္ဂဇင်း စာဖတ်ပရိသတ်လည်း ရွတ်ဖတ်ပူဇော်နိုင်ကြရလေအောင် ဖော်ပြပေးလိုက်ပါတယ်။

ပွဲတိုင်းအောင် ဂါထာ

နမော ဗုဒ္ဓကာရံ အတ္တနောပါပံ ဝိနသန္တု။
နမော ဗုဒ္ဓကာရံ မိတ္တပါပံ ဝိနသန္တု။
နမော ဗုဒ္ဓကာရံ ရာဇပါပံ ဝိနသန္တု။
နမော ဗုဒ္ဓကာရံ ဉာတိပါပံ ဝိနသန္တု။

အနက်။

နမောဗုဒ္ဓကာရံ။ မြတ်စွာဘုရားကို ရှစ်ခိုးရခြင်းကြောင့် အတ္တနောပါပံ၊ မိမိ၏ (အကျွန်ုပ်၏) မကောင်းမှုအကုသိုလ်များကို ဝိနသန္တုပယ်ဖျောက်နိုင်ပါစေ။

နမောဗုဒ္ဓကာရံ။ မြတ်စွာဘုရားကို ရှစ်ခိုးရခြင်းကြောင့် မိတ္တပါပံ၊ မိတ်ဆွေအပေါင်းအသင်းများ၏ မကောင်းမှုအကုသိုလ်များကို ဝိနသန္တုပယ်ဖျောက်နိုင်ပါစေ။

နမောဗုဒ္ဓကာရံ။ မြတ်စွာဘုရားကို ရှစ်ခိုးရခြင်းကြောင့် ရာဇပါပံ၊ မင်း၊ အစိုးရတို့၏ မကောင်းမှုအကုသိုလ်များကို ဝိနသန္တုပယ်ဖျောက်နိုင်ပါစေ။

နမောဗုဒ္ဓကာရံ။ မြတ်စွာဘုရားကို ရှစ်ခိုးရခြင်းကြောင့် ဉာတိပါပံ၊ ဆွေမျိုး၊ မိသင်္ဂဟတို့၏ မကောင်းမှုအကုသိုလ်များကို ဝိနသန္တုပယ်ဖျောက်နိုင်ပါစေ။

* * *

မြောင်းမြုမြဲနှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com



ကပ်ရောဂါဘေးအမျိုးမျိုးမှ ကာကွယ်ပေးနိုင်သော

ဘုရားငါးဆူ ဘုရားရှိခိုးဂါထာ

● ရဲရဲထွန်း (ဟသ်ာတ)

ဤဘဒ္ဒကမ္ပာ၌ ဘုရားလေးဆူတို့ ပွင့်တော်မူခဲ့ပြီး နောက် ယခု ငါးဆူမြောက် နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်နှင့်အတူ ငါးဆူသော ဘုရားတို့ကို ရည်မှန်း၍ ဘုရားငါးဆူ ရှိခိုးဂါထာကို ညောင်တုန်းပြို့ ကျောင်းတော်ရာဘုရားကြီး(အေဒီ ၁၈၄၂-၁၉၅၂) တပည့် ဦးကောဝိဒ ရေးသားစီရင်တော်မူခဲ့သော "ဇောဂန္ဓာ ဝိနာသက ဒီပနီ" ကျမ်း၌ တွေ့ရသည်။ ထိုကျမ်းကို အခုခေတ် ခုနှစ်၊ ကျိုက်ကော်ပြို့၊ မြန်မာ့ဩဇာကလပ် ဝိဇ္ဇာတ် စာပုံနှိပ်တိုက်၌

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြပါသည်။ ထိုကျမ်းတွင် ဘုရားငါးဆူ ဘုရားရှိခိုးဂါထာသာမက၊ အန္တရာယ်အသွယ်သွယ်တို့ကို ဖယ်ရှားစေနိုင်သော တန်ဖိုးမဖြတ်နိုင်သည့် ဘုရားရှိခိုးများစွာကို ထည့်သွင်းစီရင်ထားသည်ကိုလည်း တွေ့ရှိရသည်။

ထို "ရောဂန္တရဝိနာသက" (ရောဂါအန္တရာယ်တို့၏ ဘေးမှ ကြေပျောက်ရေး)ဟု ကျမ်းအမည်ကို ပေးထားသောကြောင့် ထိုကျမ်းပြုစုစဉ်အခါက နိုင်ငံတော်အတွင်း ပလိပ်ကပ်ရောဂါအကြီးအကျယ်ဖြစ်ပွားနေကြောင်း သိရသည်။ ထိုရောဂါမျိုးခရစ်နှစ် ၁၉၀၆ ခုနှစ်က မန္တလေးမြို့တွင် ဖြစ်ပွားရာ၊ မန္တလေးမှ စစ်ကိုင်းသို့ ရောဂါရောင်ပြေးသူပေါင်းမှာ နှစ်သောင်းခန့် ရှိကြောင်း သိရသည်။

၁၉၁၁ ခုနှစ်ကလည်း မန္တလေး၌ ထိုရောဂါကြောင့် လူပေါင်း လေးသောင်းခန့် သေကြေပျက်စီးခဲ့ရကြောင်း မှတ်တမ်းများအရ သိရသည်။ ထိုစဉ်က နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သော ပုလိပ်ရောဂါဘေးဆိုးကြီးမှ ကင်းလွတ်စေရန် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး (အေဒီ ၁၈၄၆-၁၉၀၈)နှင့် တိုင်ပင် လျှောက်ထားပြီး မော်လမြိုင်မြို့ ရတနာဘုံမြင့် ဆရာတော်ဘုရားကြီး ဦးပညာသီရိ(အေဒီ ၁၈၃၀-၁၉၀၈)နှင့်အတူ ၁၉၀၈ ခုနှစ်တွင် "ရော ဂန္တရ ဒီပနီ" ကျမ်းကို ရေးဦးစွာ စီရင်ရေးသားပြီး မော်လမြိုင်မြို့တွင် ပုံနှိပ်ခဲ့သည်။

မန္တလေးမြို့ မဟာဝိသုဒ္ဓိရုံ ဆရာတော်ဘုရားကြီး (အေဒီ ၁၈၃၈-၁၉၁၆)ကလည်း ထိုကပ်ရောဂါဘေးအပေါင်းမှ အကာအကွယ်ဖြစ်စေရန် ပဗ္ဘာနေ့ယကမ္မဝါနှင့် အန္တရာယ်ကင်း ပရိတ်တော် ကျမ်းငယ်ကို ရေးသား၍ ၁၉၁၄ ခုနှစ်တွင် ကွမ်းခြံကုန်းမြို့ ဇမ္ဗူမေတ္တာပုံနှိပ်တိုက်တွင် ပုံနှိပ်စေခဲ့သည်။ သူတော်ကောင်းအပေါင်းတို့ တိမ်မြုပ် ပျောက်ကွယ်နေသော ထိုကျမ်းများကို ရှာဖွေ ဖတ်ရှုနိုင်ရန် ဖြစ်ပါသည်။

ယခု ဖော်ပြအံ့သော ဘုရားငါးဆူ ဘုရားရှိခိုးဂါထာကို အရှင်ကောဝိဒက ထိုကာလတွင် ပလိပ်ရောဂါအကြီးအကျယ်သင့်နေချိန်တွင် အထူးပြု၍ စီမံရေးသားခဲ့ခြင်းဖြစ်သည်။ ထိုဘုရားရှိခိုးဂါထာကို ချက်ချင်းခဏ ရွတ်ဆိုပွားများပါက ထိုရောဂါအန္တရာယ်ကို ကင်းစင် လွင့်ပျောက်ချမ်းသာရောက်စေရန် ရည်ရွယ်၍ ညောင်တုန်းမြို့ ရွှေဟင်္သာစံကျောင်းတိုက်အုပ် ဘုန်းတော်ကြီးအမိန့်အရ ရေးသားခဲ့ရကြောင်း ထို "ရောဂန္တရ ဝိနသက ဒီပနီကျမ်း"၌ ဖော်ပြထားပါသည်။

ထိုကျမ်း၌ ဖော်ပြပါရှိသော မေတ္တေယျဘုရားအပါအဝင် ဘုရားငါးဆူရှိခိုးဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဇေယျော ဇေယျ၊ ဣတိပိသော ဘဂဝါ၊ ကက္ကုသန္ဓော ဗုဒ္ဓေါ။
(၂) ဇေယျော ဇေယျ၊ ဣတိပိသော ဘဂဝါ၊ ဂေါဏာဂမနော ဗုဒ္ဓေါ။
(၃) ဇေယျော ဇေယျ၊ ဣတိပိသော ဘဂဝါ၊ ကဿပေါ ဗုဒ္ဓေါ။
(၄) ဇေယျော ဇေယျ၊ ဣတိပိသော ဘဂဝါ၊ ဂေါတမော ဗုဒ္ဓေါ။
(၅) ဇေယျော ဇေယျ၊ ဣတိပိသော ဘဂဝါ၊ အရိန္ဒ မောယျော ဗုဒ္ဓေါ။

ပဋ္ဌ ဗုဒ္ဓါ နမာမဟံ၊ အန္တရာယာ ဝိနဿန္တု၊ ဒုက္ခံ-ဒုက္ခံ၊ အနိစ္စံ-အနိစ္စံ၊ အနတ္တာ-အနတ္တာ၊ နမောဗုဒ္ဓါယ၊ ယျဒ္ဓါ ဗုမောန၊ စပကဿ၊ နမဗဝ၊ ဣသွာသု၊ သုသွာဣ၊ မအဥ၊ ဥအမ၊ စတ္တံ စေတ သိကံ၊ ရူပံ နဗ္ဘာန် သရဏံ၊ သဗ္ဗသိဒ္ဓိ ဘဝန္တုမေ။ ဇေယျမင်္ဂလ ဟူ၍ ဖြစ်ပါသည်။

ထိုဘုရားငါးဆူရှိခိုး ဂါထာတော်ကြီးကို ယုံကြည်လေးနက်စွာ ဘုရားရှိခိုးတိုင်း ထည့်သွင်းရှိခိုးပူဇော်ကြပါ။ အကျိုးကျေးဇူးကား ကပ်ရောဂါ အနာအမျိုးမျိုးတို့ ကျရောက်ခြင်းဘေးမှ ကင်းဝေးစေခြင်း၊ ရှိဆဲ အနာရောဂါတို့ ကင်းစင်လွတ်မြောက်ပြီး ချမ်းသာရောက်စေခြင်း၊ မကောင်းသောဘေးအန္တရာယ်ဟူသမျှ အခြောက်အလှန့်မရှိ ကင်းရှင်းစေခြင်း စသည့် ကောင်းကျိုးချမ်းသာများကို ရရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် ရှေးပညာရှိတို့ စီရင်အပ်သော အဆိုပါ ဘုရားငါးဆူ ဘုရားရှိခိုးဂါထာကို မမေ့မလျော့ ရွတ်ဆိုပူဇော်ကြရန် စေတနာကောင်းဖြင့် သတိပေး ဖော်ပြအပ်ပါသည်။

* * *

ရဲရဲဇွန်း(ဗာသီတ)

မှီငြမ်း

- ဦးအောင်မွန် (မြတ်ဆုမွန်)၏ ပွင့်တော်မူမည့် မြတ်စွာဗုဒ္ဓမေတ္တေယျ။

www.burmeseclassic.com

www.burmeseclassic.com

ဒါကို ဆောင်ထားအကျိုးများ၏

ဇရာမြေ ထွန်းထွန်း

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာမှ ရှေးဟောင်းအမွေအနှစ်များ စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရာ ယခုအချိန်ထိ ဖြစ်ပါသည်။ ခေတ်အဆက်ဆက်တွင် ဗုဟ္ဒသာသနာပညာရှိ၊ လူပညာရှိများ ပေါ်ပေါက်လာသည်နှင့်အမျှ နည်းပညာစနစ်များလည်း ပြောင်းလဲလာကြပြီး ရှေးဟောင်းစာပေများ၊ ရှေးဟောင်းအတတ်ပညာများမှာ ပပျောက်လွယ်ကူပါသည်။

ပျောက်ကွယ်ရခြင်းမှာ ပညာရှိများမှ စီရင်ဆောင်ရွက်ခဲ့ကြတဲ့ အင်းအတတ်ပညာ၊ ဓမ္မဒင်ပညာများမှာ အမွေဆက်သူများက ပညာမာန်ဖြင့် ကိုယ်ကျိုးအတွက် အသုံးပြုကြခြင်းသော် လည်းကောင်း၊ စနစ်တကျ သင်ကြားပေးမှုကို သင်ယူကြသည့် တပည့်များ မရှိခဲ့ကြသဖြင့် လောကီပညာရပ်များမှာ ပပျောက်ရသည်။

တချို့ ဆရာများက ပညာအမွေများကို ချန်မထားဘဲ မြှုပ်နှံထားခဲ့ပါသည်။ ယခု စာရေးသူမှာ အင်းအတတ်ပညာနှင့် ပတ်သက်၍ အများပြည်သူအပေါင်းတို့၏ ကောင်းကျိုးကို မျှော်တွေးပြီး အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများပြားစေရန်အတွက် ပညာကို သေရွာသို့ ယူမသွားလို သဖြင့် အောက်ပါ "ရန်အောင်အင်း" စီရင်ပုံကို ရေးသားတင်ပြပါသည်။

ရန်အောင်အင်း စီရင်နည်း

မိ	ဒေ	ယာ
နာ	မ	တိ
နာ	သိ	မိ

ဂဏန်းအင်းကို ရွှေ၊ ငွေ၊ ကမ္မဝါဖြစ်စေ၊ တစ်ခုခုမှာ ကောင်းပါစေမိပြီးလျှင် နတ်ယကာ ပွဲစုံပေး၍ ဂဏန်းလက်ဖွဲ့ကို ထိုး၍ ဆောင်၊ အရေးရှိလျှင် ငါ စကြဝတေးမင်းဟု ကြိမ်း ဝါး၍ သွား၊ ကျားသစ်ရဲတွေ့လျှင် ငါ ကေသရာဇာ ခြင်္သေ့မင်းဟု ကြိမ်းသွား၊ စစ်တိုက်ထွက်သော် ငါ မာတလိနတ်မင်းဟု ကြိမ်းသွား။ အန္တရာယ်အပေါင်း၊ အခက်အခဲအပေါင်းမှ လွတ်မြောက်မည်။

ဂဏန်းလက်ဖွဲ့ကို စုတ်ရန်ကား . . .

ဣ၊ ရာဇာသဗ္ဗဥာနံ ပီယံမမ၊ သက သုခ္ခိနံ ပီယံမမ၊ သကလ မဟာရာဇာနံ ပီယံမမ၊ သတ္တာဒေဝ မနုဿနံ ပီယံမမ၊ သဗ္ဗသတ္တာရှ ဝိနာသန္တု အသေသတော။ သြောင်းဟေဋ္ဌ ပထဝီ နာဂါသရော၊ မဏိမေခလာနံ ပီယံမမ၊ ရုက္ခဒေဝါနံ ပီယံမမ၊ ဘုမ္မာဒေဝါနံ ပီယံမမ၊ ယက္ခဒေဝါနံ ပီယံမမ၊ အာကာသဒေဝါနံ ပီယံမမ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်၊ ဂဏ်းမန္တန်နှင့် ဘုရား၊ ရေဆိပ်၊ နတ်စင်တွင် ၃၇အုပ်စုတ်ပါလေ။

ထိုလက်ဖွဲ့ကို ပြုလုပ်စီရင်သောသူသည် အန္တရာယ်အပေါင်းမှ ကင်းလွတ်ပြီး ကောင်းကျိုးချမ်းသာများ ရရှိလိမ့်မည်။ မိမိစိတ်ကို ဖြူစင်အောင်ထားပြီး ကဲ့ဒါးပါးကို အတတ်နိုင်ဆုံး ဧစာင့်ထိန်းပြီး ဘုရားတရားမြဲရမည်။ သို့မှသာ အင်းလက်ဖွဲ့အဆောင်မှာလည်း အစွမ်းထက်လေသည်။

အင်းလက်ဖွဲ့ကို အင်းချုပ်စည်းကမ်းအတိုင်း မှန်ကန်စွာချ၍ ဆောင်ရမည်။ အမှန်တကယ် အစွမ်းထက်သဖြင့် ယုံကြည်စွာ ဆောင်ပါ။ အကျိုးများစေမည်ဖြစ်၍ စာဖတ်သူများ သရိုကြစေရန် ရည်သန်စိတ်ထားဖြင့် ဤ ဂဏ္ဍီရဆန်းကြယ် မဂ္ဂဇင်းကြီးမှတစ်ဆင့် တင်ပြလိုက်ရသည်။

(စာဖတ်သူအပေါင်း စိတ်ချမ်းသာလို ကိုယ်ကျန်းမာကြပါစေ)

* * *

www.burmeseclassic.com

www.burmeseclassic.com

သူ့အမည်မှာ ဦးရီမောင်။

သူသည် လူကောင်ထွားထွား၊ သူ့အသက်မှာ ၆၀ နှစ်ခန့်။

ကျွန်ုပ် မြေမောင်သည် ပလက်ဝမြို့နယ်တွင် မြေတိုင်းအဖွဲ့တစ်ဖွဲ့ကို ခေါ်ဆောင်၍ မြေတိုင်းတာဝန်ကို ထမ်းဆောင်နေစဉ်၊ ပလက်ဝမြို့၌ ဦးရီမောင်နှင့် စတင်တွေ့ခဲ့သည်။

ပလက်ဝမြို့သည် ချင်းပြည်နယ်တွင်ပါဝင်သော မြို့တစ်မြို့ဖြစ်၏။ ၎င်းမြို့သို့သွားလိုလျှင် ရခိုင်ပြည်နယ်၊ ကုလားတန်မြစ်မှတစ်ဆင့် သွားရသည်။ ပလက်ဝမြို့သည် ကုလားတန်မြစ်ဖျားခွ တည်ရှိ၏။

ကျွန်ုပ်တို့ မြေတိုင်းအဖွဲ့သည် ပလက်ဝ၏ အနောက်ဘက်ခြမ်းတွင် မြေတိုင်းအလုပ်ကို သုံးလခန့်ပြုလုပ်ပြီးနောက်၊ ပလက်ဝ ဘိုတဲခွဲ ၁၀ရက်ခန့် နားနေစဉ် ကျွန်ုပ်သည် ဦးရီမောင်နှင့် ဆုံတွေ့ခြင်းဖြစ်သည်။ သူသည်

အသက်ရှည်ဆေးပင် ရှာဖွေသူ

www.burmeseclassic.com

www.burmeseclassic.com

အသက် အစိတ်ခန့်ရှိ တပည့်တစ်ယောက်နှင့်အတူ ပလက်ဝမြို့သို့ ရောက်လာခြင်းဖြစ်သည်။

ပလက်ဝမြို့တွင် မြို့ပိုင်အဖြစ် တာဝန်ကျနေသော ဦးအေးမြင့်က သူနှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဦးမြမောင်...ဒီဆရာက ဦးရီမောင်၊ ရန်ကုန်တက္ကသိုလ်က ကထိက တစ်ယောက်။ ဇီဝဗေဒဘာသာပြတယ်။ အခုတော့ အလုပ်ထွက်ပြီး သူဝါသနာပါတဲ့ ဇီဝဗေဒဘာသာရပ်အတွက် သုတေသနအလုပ် လုပ်နေတယ်။ တက္ကသိုလ်မှာ ကျွန်တော့်ရဲ့ အဆောင်မှူးပါ"

"ဟုတ်ကဲ့၊ အခုလို တွေ့ဆုံရတာ ဝမ်းသာပါတယ်"

ကျွန်ုပ်က ဦးရီမောင်ကို ကြည့်၍ အလိုက်သင့် ပြောလိုက်ပါသည်။

"ခင်ဗျားအကြောင်းကို မောင်အေးမြင့် ပြောလို့ ကျွှပ်သိပြီးပြီ၊ ဒီတစ်ခေါက် ခင်ဗျားတို့အဖွဲ့ ပလက်ဝအရှေ့ခြမ်းကို မြေတိုင်းထွက်ရင် ကျွှန်နဲ့ ကျွှပ်တပည့်လည်း ခင်ဗျားတို့နဲ့ အတူ တူလိုက်ချင်တယ်"

ဦးရီမောင်က ပြောသည်။

"ဘာလုပ်ဖို့ လိုက်ချင်ရတာလဲ"

ကျွန်ုပ်က မေးသည်။

"အသက်ရှည်ဆေးပင်ရှာချင်လို့"

"ဗျာ"

ကျွန်ုပ်အံ့သြသွားသည်။

"အသက်ရှည်ဆေးပင်ကို ကျွှပ် လိုက်ရှာနေတာ နှံ့နေပြီ၊ အသက်ရှည်ဆေးပင်ဆိုတာ အလွန်ထူးဆန်းတဲ့ အပင်။ အဲဒီအပင်က ပွင့်တဲ့ ပန်းဟာ ခြောက်လကြာသည့်တိုင်အောင် မနွမ်းဘူး။ ကျွှပ် ရှေးဟောင်းစာအုပ်တစ်အုပ်ထဲမှာ ဖတ်လိုက်ရတယ်။ အဲဒီပန်းပွင့်ကို အခြောက်ထားပြီး လက်ဖက်ရည်ကြမ်းသဖွယ် ခတ်သောက်ရင် လူ့သက်တမ်းဟာ တစ်ရာကျော်ရှည်မယ်တဲ့"

ကျွန်ုပ်သည် ဘာမှမပြောဘဲ၊ သူ့ကို ကြည့်ရင်း...

"ဒီလူ စိတ်မှ မှန်သေးရဲ့လား"

ဟု စိတ်ထဲမှ ပြောလိုက်မိသည်။

"ကျွန်တော်တို့နဲ့တော့ လိုက်လို့ မဖြစ်ဘူး၊ အထက်က ခွင့်ပြုမှာ မဟုတ်ဘူး"

ကျွန်ုပ်က ပြောလိုက်ရာ...

"အထက်က ခွင့်မပြုရင်တော့ မလိုက်ဘူး။ ဒါပေမယ့်လို့ ကျွှပ်ကတော့ တပည့်နဲ့အတူ အဲဒီ ပလက်ဝအရှေ့ဘက်ခြမ်းမှာ အသက်ရှည်ဆေးပင် လိုက်ရှာမှာပဲ။ အကယ်၍ ခင်ဗျားတို့ အလုပ်လုပ်ရင်း ထူးဆန်းတဲ့ ပန်းပွင့် ပွင့်တဲ့ အပင်တွေ့ရင် အပင်ရော အပွင့်ပါ နှတ်ပြီး ယူခဲ့ပါ။ ကျွှပ်ရှာနေတဲ့ အပင်သာဖြစ်ရင် ကျွှပ် သိန်းချီပြီး ပေးဝယ်မယ်"

ဟု ပြောပြီး ထွက်ခွာသွား၏။

♦♦♦

သူနှင့် ကျွန်ုပ်သည် နောက်ထပ် မတွေ့တော့ပါ။ ကျွန်ုပ်သည် ပလက်ဝ အရှေ့ခြမ်းတွင် ကွင်းဆင်းရန် ရိက္ခာ စုခြင်း၊ လုံခြုံရေးအတွက် တပ်နှင့် ရဲတာဝန်ခံတို့နှင့် ဆက်သွယ်ညှိနှိုင်းခြင်း၊ ဆေးဝါးများ စုဆောင်းခြင်း၊ အထက် ဌာနချုပ်နှင့် ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်နေရသောကြောင့် မအား မလပ်ဖြစ်နေပါသည်။

၁၀ရက်အကြာတွင် ကျွန်ုပ်တို့ အဖွဲ့သည် လုပ်ငန်းဆောင်တာအတွက် ခရီးထွက်ရပါတော့သည်။

ပလက်ဝမြို့နယ် အရှေ့ခြမ်းတွင် တောင်မြင့်များ အလွန်များ၏။ လုပ်ငန်းဆောင်ရွက်ရာ၌ သတိရှိရှိနှင့် ဆောင်ရွက်ရ၏။ အဖွဲ့သားများ ထိခိုက်ဒဏ်ရာမရအောင် ကျွန်ုပ်သည် အထူးကြပ်မတ်ရ၏။

တစ်တောဝင် တစ်တောင်တက်၍ အလုပ်လုပ်ရာ ရက်သတ္တနှစ်ပတ်အကြာ တစ်ညနေတွင် ကျောက်တောင်ကြီးတစ်တောင်၏ ခြေရင်းသို့ အရောက်၌ ကျွန်ုပ်သည် ဦးရီမောင်နဲ့ သူ့တပည့်၊ လမ်းပြတစ်ယောက်တို့နှင့် ဆုံပါတော့သည်။

သူတို့သည် ကျွန်ုပ်တို့ထက် တစ်ရက်စောပြီး ရောက်နေခြင်းဖြစ်သည်။

"ဘယ်လိုလဲ ဆရာ၊ ဆရာရှာနေတာ တွေ့ပြီလား"

ကျွန်ုပ်က မေးလိုက်သည်။

"မတွေ့သေးဘူး၊ ဒါပေမယ့်လို့ ဒီဒေသရဲ့ အခြေအနေက တခြားဒေသနဲ့ မတူဘူး။ ထူးခြားတယ်။ အပင်တွေလည်း တော်တော်စုံတယ်။ ကျွှပ်ရှာနေတာ တွေ့နိုင်မယ်"

ဦးရီမောင်သည် စိတ်အားထက်သန်စွာဖြင့် ပြောသည်။

ၿငိးနောက် ကျွန်ုပ်သည် သူတို့နှင့် ခပ်လှမ်းလှမ်းရှိ တောင်ခြေတွင် စခန်းချပါသည်။ အမြင့်ပိုင်းသို့ ရောက်လာပြီဖြစ်၍ လေတိုက်မှုန်နှင်းမှာ မြင့်လာ၏။ ထို့ကြောင့် ကျွန်ုပ်တို့ အဖွဲ့သားများသည် လေကွယ်အရပ်များနေရာများကို ရွေး၍ စခန်းချကြရပါသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့ ထက်စောပြီး ဦးရီမောင်နှင့် သူလှန်စ်ယောက်တို့ ကျောက်တောင်ပေါ်သို့ တက်သွားကြသည်။

သူတို့၏တဲစခန်းအား နဂိုအတိုင်း ထားခဲ့ခြင်းကို ထောက်၍ သူတို့သည် စခန်းမရှေ့သည်မှာ ထင်ရှား၏။ သူတို့သည် ဓားကိုယ်စီဖြင့် ကျောက်တောင်ပေါ်သို့ တက်သွားကြသည်။ ဦးရီမောင်သည် အလွန်စိတ်အားထက်သန်သည်ကို ကျွန်ုပ် သတိပြုမိသည်။

နေ့လယ်ပိုင်း၌ ကျွန်ုပ်တို့တစ်တွေ

www.burmeseclassic.com

www.burmeseclassic.com



အနားယူရင်း နေ့လယ်စာ စားနေချိန်၌ သူတို့ပြန်ရောက်လာသည်။

ဦးရီမောင်သည် ကျွန်ုပ်ထံသို့ လာ၍ ပန်းပွင့်အချို့ကို ပြသည်။

"ဒီတောင်ထိပ်ပေါ်မှာ ကျုပ် မတွေ့ဘူးတဲ့ ပန်းပင်တွေ တွေ့ရတယ် ဗျ။ သိပ်အများကြီးတော့ မဟုတ်ဘူး။ နောက်ပြီး တောင်ထိပ်တစ်နေရာမှာ ရေကန်ငယ်တစ်ခုတွေ့ရတယ်။ မြက်ပင်တွေလည်း အဲဒီ ရေကန်ထဲနဲ့ ရေကန်တစ်ဝိုက်မှာ ပေါက်နေတယ်"

ဟု ပြောသည်။

သူပြသော ပန်းပွင့်များကို ကြည့်ရာ ခရမ်းရောင်ပန်းပွင့်တစ်မျိုးဖြစ်သည်။ အပွင့်များမှာ ကျုပ်ပြားသာသာခန့်ဖြစ်သည်။

"တောင်ထိပ်က တော်တော်ရည်တယ်မဟုတ်လား"

ကျွန်ုပ်က မေးလိုက်သည်။

"ရှည်တယ်။ အလျားပေ ၈၀၀၊ အနံပေ ၁၀၀ လောက်ရှိတယ်။ အလယ်မှာ ခွက်နေတယ်။ မနက်ဖြန် ကျရင် နေမထွက်ခင် ကျုပ်တို့ သွားမယ်"

ဦးရီမောင်သည် ရွှင်လန်းသော အသံဖြင့် ပြောသည်။ ညရောက်သော အခါ လသည် ဝိုင်းဝိုင်းစက်စက်နှင့် ထိန်ထိန်သာ၏။ လပြည့်ညဖြစ်သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် နံနက် ၃နာရီခန့်၌ နိုးလာသည်။ ပြန်မအိပ်ချင်တော့။

ကျွန်ုပ်၏ တပည့်မှာ အိပ်ပျော်နေသည်။ ကျွန်ုပ်သည် ဓာတ်မီးထဲမှ ရေနွေးဖြင့် လက်ဖက်ရည်တစ်ခွက် ဖျော်သောက်ပြီး တာဝန်ချိန်တွင် ဝတ်သော ဝတ်စုံကို ဝတ်၊ တောင်ပေါ် တက်သောအခါ အသုံးပြုသော ရဲဒင်း သံချိတ်၊ တောင်တက်ကြိုး စသည်တို့ဖြင့် ဦးရီမောင်တို့ စခန်းချရာသို့ တက်လာခဲ့သည်။ ရည်ရွယ်ချက်မှာ ဦးရီမောင်တို့နှင့်အတူ တောင်ထိပ်သို့ တက်ရန်ဖြစ်သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ လက်ထောက်ရိရာ တဲသို့ သွား၍...

"ဒီနေ့အတွက် ဆောင်ရွက်စရာ ရှိသည်များကို ဆက်လက်ဆောင်ရွက်ပါ။ ငါတော့ တောင်ထိပ်ပေါ် တက်ကြည့်မယ်"

ဟု နှိုး၍ ပြောလိုက်သည်။

ဦးရီမောင်သည် ကျွန်ုပ်ကို တွေ့သောအခါ အံ့သြသွားသည်။

"ကျွန်တော်လည်း တောင်ထိပ်ပေါ် တက်ကြည့်ချင်စိတ် ဖြစ်လာလို့ လာခဲ့တာ"

ဟု ပြောရာ သူက...

"ကောင်းပါတယ်၊ ကျုပ်လည်း အဖော်ရတာပေါ့"

ဟု ပြောသည်။

ထို့နောက် ကျွန်ုပ်တို့သည် တောင်ထိပ်ပေါ်သို့ တက်ကြသည်။

♦♦♦

ကျွန်ုပ်သည် သူ့နောက် ပေ ၃၀ ခန့်အကွာမှ ခပ်မှန်မှန်လိုက်သည်။

ကျွန်ုပ်တို့ တောင်ထိပ်ပေါ်သို့ အရောက်တွင် နေရောင်သည် တောင်ထိပ်ပေါ်သို့ စတင်ကျရောက်လာ၏။

တောင်ထိပ်၏ အလယ်ဗဟိုရှိ ရေအိုင်ငယ်လေးတစ်ခုကို တွေ့ရသည်။ နေရောင်ခြည်များသည် ရေအိုင်၏ ရေပြင်ပေါ် ကျရောက်နေရာ ရေမှာ လှုပ်နေ၏။ ခဏအကြာတွင် ရေအိုင် အလယ်မှ ရေများ ပိုလှုပ်လာပြီး အဖြူရောင် အဖူးတစ်ဖူး တဖြည်းဖြည်းပေါ်လာ၏။ ငှက်ပျောဖူးအငယ်စားသာသာ ခန့်ရှိသည်။ ၎င်းအဖူးသည် နေရောင်များနှင့် ထိသောအခါ တဖြည်းဖြည်းပွင့်လာသည်။

ကျွန်ုပ်သည် အံ့သြစွာဖြင့် ထိုပန်းပွင့်ကို ကြည့်နေစဉ် ဦးရီမောင်မှ...

"တွေ့ပြီ...တွေ့ပြီ၊ ငါရှာနေတဲ့ အသက်ရှည်ဆေးပင်တွေ့ပြီ"

ဟု အော်ပြောရင်း ပေ ၃၀ ဟတ်လည် ရှိသော ရေအိုင်ထဲသို့ ခုန်ဆင်းပြီး ပန်းပွင့်ဆီသို့ ကူးသွား၍ ပန်းပွင့်၏ အောက်ခြေ ရိုးတံကို ဆုပ်ကိုင်လိုက်သည်။

ထိုအခိုက် ကျွန်ုပ်သည် ထိတ်လန့်ဖွယ်ရာကို တွေ့လိုက်ရသည်။

ဦးရီမောင်သည် ပန်းပွင့်ကို ကိုင်ထားရင်း ရေအိုင်အောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားနေ၏။

"ကယ်ပါ။ ကျုပ်ကို ကယ်ပါဦး ဦးမြမောင်"

သူသည် ပန်းပွင့်နှင့်အတူ ရေထဲတဖြည်းဖြည်းနစ်မြုပ်သွား၏။

ကျွန်ုပ်ရော၊ သူ့တပည့်နှင့် လမ်းပြပါ သူကို မကယ်နိုင်။ ရေအိုင်ထဲသို့ ကျုပ်တို့ မဆင်းဝံ့ကြပါ။

ဦးရီမောင်သည် ပန်းပွင့်ကို လိုချင်စော်ဖြင့် မစူးစမ်း မဆင်ခြင်ဘဲ ရေအိုင်ထဲသို့ ဆင်းလိုက်သည့်အတွက် ယခုကဲ့သို့ ဘေးဆိုးနှင့် ကြုံတွေ့သွားရ၏။

ထို ရေအိုင်အောက်ခြေတွင် မရဏ သဲနန်းများ ရှိရာ၊ ၎င်း သဲနန်းများသည် ရေအိုင်ထဲ ရောက်လာသော မည်သည့်အရာကိုမဆို ရေအိုင်အောက်ခြေသို့ ဆွဲယူသွားကြောင်း နောင်သော အခါမှ ကျွန်ုပ်သိရ၏။

* * *

မြဲသိန်း

www.burmeseclassic.com

www.burmeseclassic.com

အောင်မြေသီဝါရုံ ဖိဟာရဆရာတော်

■ မင်းတိုင်ပင် (မြရောင်မြေ) ■



ဆရာတော်၏ ဖိတ်ကြားမှုကြောင့် စာရေးသူ အင်းစိန် ဘူတာရုံသို့ ရောက်ခဲ့ရသည်။ ကြည့်မြင်တိုင် - သာရတေါ ရထားဖြင့် ဆရာတော်ကြီး ဘဒ္ဒန္တပညာသီရိ၊ ဦးပညာဓမ္မတို့ နှင့်အတူ ခရီးထွက်ဖြစ်သည်။

တိုက်ကြီးမြို့ ကျော်လာပြီး ပဲခူးတိုင်းဒေသကြီးမှ ကြိုဆိုပါ၏ဟူသော ဆိုင်းဘုတ်ကို မြင်လိုက်ရသည်။ ဂဠုန် ဆရာစံ၏ နယ်မြေဖြစ်သော သာယာဝတီမြို့အကွက်အကွင်း နှင့် သာယာဝတီအကျဉ်းထောင်ကြီးကို လှမ်းမြင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးနင်းလာသော မီးရထားမှာ အင်းရွာတူတာသို့ ရောက်သည်။ ဒီနယ်မြေကလည်း ဆရာစံ၏ မြန်မာဗီဇနှောပညာနှင့် လမ်္ဘီရပညာရပ်များကို သင်ကြားပေးရာ နေရာလည်း ဖြစ်၏။

မကြာမီ ခမ်းတံတားကြီးကို ဖြတ်ကျော်ပြီး ကညင်တို ဘူတာသို့ ရောက်တော့မည်ဖြစ်၍ စာရေးသူတို့ ဆင်းရန် ပြင်ကြသည်။

ဘူတာတွင် ဆရာတော်ကြီး၏ တပည့်များက အုပ်စု လိုက် လာကြိုနေကြသည်။

မိုင်ဝက်ခန့် လျှောက်လာဖြစ်သောအခါ ရွှေရောင်ဝင်း ထက်နေသော သီဝါရံမုခ်ဦးကို မြင်တွေ့ရသည်။ ကမ္ဘာ့ရန်ပြေ၊ ဓာန်ပြေ၊ မောပြေပန်းပြေဘုရားကြီးမှာ သပွတ်ကြည့်ချီစရာ ကောင်းသည်။

နတ်လမ်းထဲ ဝင်လိုက်ပြီး ဂိုဏ်းကျောင်းကြီးသို့ ရောက်ခဲ့သည်။ ဆရာတော်ကြီးကို ရှိခိုးပြီးနောက် ခေတ္တ အနားယူစဉ်မှာပင် မောသမျှ ပန်းသမျှတို့ ပြေပျောက်တော့သည်။

♦♦♦

နေ့လယ်ဝိုင်းတွင် ဆရာတော်ကြီး၏ ညီရင်းဖြစ်သူ ဦးသိန်းရွှေနှင့်အတူ ရွာထဲသို့ သွားကြသည်။ ရွာရိုး အစဉ်လျှောက်တွင် အိမ်ကြီးအိမ်ကောင်းများကို တွေ့ရသည်။ လွမ်းစေတီကျောင်းတိုက် မုခ်ဦးသို့ ရောက်သည်။ ထို ကျောင်းတိုက်တွင် သီတင်းသုံးနေသော ဆရာတော် ဦးဝိမိယ ပါလအား ဝတ်ပြုပြီး လွမ်းစေတီအား မုတ်တင်းတင် ဓာတ်ပုံ ရိုက်သွား၏။

ထိုကျောင်းတိုက်ကြီးမှာ ဆရာတော်ကြီး ဦးဣန္ဒစရိယ က ဤရွာရှိ အရိုးစုများ၊ အလောင်းကောင်များကို ဖော်ယူ စေပြီး တစုတပေါင်းတည်း မြှုပ်နှံသင်္ဂြိုဟ်ပြီးမှ လွမ်းစေတီ တည်သည်။ ကျောင်းတိုက်အမည်မှာ "အသောက လွမ်း စေတီကျောင်းတိုက်" ဖြစ်သည်။

"ဆရာရေ... ကျွန်တော်တို့ ရွာထဲ ပြန်သွားပြီးတော့ ညောင်ဝိုင်းကျောင်းကို သွားကြမယ်"

"ဟုတ်ကဲ့ ဦးသိန်းရွှေ၊ သွားကြတာပေါ့"

ဗောဓိပင်ကြီးသည် ရောမအပင်ကြီးဖြစ်သလို၊ နှစ် သက်တမ်းရင့်နေပြီဖြစ်သည်။ ထိုသည်ကို အစွဲပြု၍ ညောင် ဝိုင်းကျောင်းဟု အမည်တွင်ခြင်းဖြစ်သည်။

ပထမ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းဟောင်း ကြီး သိမ်ကျောင်း၊ ဂိုဏ်းကျောင်းကြီးတို့ ရှိသည်။ ထိုကျောင်း များ၏ အနောက်ဘက်တွင် သီလရှင်ကျောင်းရှိသည်။

♦♦♦

နောက်တစ်နေ့နံနက် ဆရာတော်ဘုရားကြီး အရာဏ် ဆွမ်း ဘုဉ်းပေးပြီးချိန်မှာ မုတ်တမ်းစာရွက်များကို ဖတ်ဖြစ် သည်။ ဆရာတော် ဦးပညာသီရိ၏ သာသနာပြုခရီးတစ် လျှောက် သာသနာ့တာဝန်များ ထမ်းရွက်တော်မူခဲ့သည်များ ကို မေးမြန်းလျှောက်ထားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်က ဆရာတော်ကြီးရဲ့ သာသနာတော်ကို ဆောင်ရွက်ဖို့ ၁၃၁၉ခုနှစ်က ရောက်ခဲ့တယ်။ မင်း စာဆက်မသင်နဲ့တော့၊ ငါနဲ့အတူ သာသနာပြုလို့ မိန့်ခဲ့လို့ အဲဒီကတည်းက မပြန်ဘဲ နေလာခဲ့တာ။ ကျွန်ုပ်ဇာတိက စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်း။ ကို့ရွာအုပ်စု ဘုရားထွက်ရွာကပေါ့။ ခမည်းတော်က ဦးချစ်မောင်၊ မယ်တော် ဒေါ်စောရတို့က နေပြီး ၁၂၉၇ မှာ မွေးဖွားခဲ့တယ်။ မွေးချင်း ၆ယောက်ရှိပြီး ၄ ယောက်က ရဟန်းဖြစ်တယ်။ ညီမတစ်ယောက်နဲ့ အခုသိန်းရွှေက ညီအရင်းပေါ့"

"မှန်ပါ့ ဘုရား"

"မှန်ပါ့ ဘုရား။ ငါးမည်ရစေတီက အရင်တုန်းက ကိုးနဝင်းလို့ သိရပါတယ်။ ငုံတည်ထားတာဆိုတော့ ဥာဏ်တော် ဘယ်လောက်မြင့်ပါသလဲ ဘုရား"

"ရင်ပြင်တော် ၃၇တောင်စီ ရှိတယ်။ အမြင့်က ၄၈ တောင်ရှိတယ်။ ကုလားကျောင်းနဲ့ နံရံလိုဏ်ဂူကတော့ ကျွန်ုပ်လက်ထက်ကမှ အသစ်ဆောက်တာ။ အခုလည်း နှစ်တွေ ကြာလာပြီ။ မိုးမလုံတော့ပြီ။ အာစီ ပြန်လောင်းရမယ်။ ဒီတော့ စေတနာထက်သန်တဲ့ အလှူရှင်တွေကို ဖိတ်ခေါ်နိုးဆော်ချင်တယ်"

"မှန်လှပါ ဘုရား။ အရှင်ဘုရားလက်ထက်မှာ

ကမ္ဘာ့ရှုခင်းပြေ၊ ကမ္ဘာ့မာန်ပြေ၊ ကမ္ဘာ့အမောပြေ၊ ကမ္ဘာ့အပန်းပြေ၊ ကမ္ဘာ့သက်သာ ငါးမည်ရစေတီတော်ကြီး တန်ဆောင်မုန်းလပြည့်နေ့၊ အောင်မြေသီဝါရုံကျောင်းတိုက်။

"ငယ်စဉ်ဘဝကပဲ သာသနာ့ဘောင်ဝင်ခဲ့တယ်။ မော်လမြိုင် မြို့ဦးကျောင်း၊ မုံရွာ ဓမ္မပါရဂူတိုက်၊ မန္တလေး မိုးကောင်းတိုက်တွေမှာ စာပေသင်ကြားခဲ့တယ်။ ၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ရက်မှာပေါ့။ အလုံမြို့နယ်၊ ကွင်းကျောင်းသိမ်မှာ ဆရာတော် ဦးပညာဗလကို ဥပဇ္ဈာယ်ထားပြီး သင်္ကန်းဝတ်တယ်။ ဒါယကာကတော့ ၂၇လမ်းနေ ဒေါက်တာကေတီမောင်(သွားဆရာဝန်)ပေါ့။ တစ်ဝါကို မန္တလေးမှာ ဆိုခဲ့ပြီး ကညင်တိုဆရာတော်ကြီးဆီ ရောက်ခဲ့တာပါပဲ။ အခုဆိုရင် ၅၆နှစ်ရှိပြီ။ ဆရာတော်အသက်က ၇၇နှစ်၊ သိက္ခာတော် ၅၇ဝါရှိနေပြီပေါ့ ဒကာကြီး"

သာသနိကအဆောက်အအုံကြီးတွေ ဆောက်ပါသလား ဘုရား"

"ကျွန်ုပ်က ဆရာတော်ကြီးနဲ့အတူ သာသနာပြုခဲ့တာ။ ဟိုးအရှေ့ဘက်က ကျောင်းကြီးကလွဲလို့ ကျန်တာတွေကို ကျွန်ုပ်ဆောက်တယ်၊ ပြင်တယ်။ ဒီအာဏာဘိသိက်တော် ကျောင်းကြီးကိုတော့ ဦးမောင်ကြီး၊ ဒေါ်လှလှကြွယ်(ဘုန်းကြွယ် တိုင်းရင်းဆေး)က ဆောက်လုပ်လှူဒါန်းတယ်။ ကျန်တဲ့ ဂိုဏ်းကျောင်းကြီး၊ သိမ်ကျောင်း၊ တိုက်ကျောင်းတွေကတော့ အလှူရှင်အများစုရဲ့ ကောင်းမှုတွေပေါ့။

"အရှင်ဘုရား… ဆရာတော်ဘုရားကြီးလက်ထက်က

www.burmeseclassic.com

www.burmeseclassic.com

သက်ရှိထင်ရှား လူပုဂ္ဂိုလ်များ ရှိပါသေးသလား"

"ကျန်သေးတယ်။ အောင်မြေက ကိုခင်မောင်၊ ကိုပွား၊ ကျောင်းမုခ်ဝနားမှာ ကိုကျော်ရင် ရှိတယ်။ နောက်ပြီး ဥပုသ်နေ့တိုင်း မေတ္တာပို့ ပရိတ်ရွတ်တတ်တဲ့ ဒေါ်အုန်းရင်ဆိုတာလည်း ရှိသေးတယ်။ ဒကာတို့... ဦးပညာဓမ္မနဲ့ ကိုကျော်ရင်တို့ဆီသွားပြီး သိလိုတာ မေးပေါ့ကွယ်"

♦♦♦

ဦးကျော်ရင်အိမ်ကို ဝင်တော့ ထုသံရိုက်သံတွေ ကြားရ၏။ ဦးကျော်ရင်သည် အရပ်ပုပုဝဝနှင့် အသက် ၆၀လို့ ခန့်မှန်းထင်သည်။ ဦးကျော်ရင်က စပြောသည်။

"ကျုပ်က ဒီရွာမှာ မွေးတဲ့သူတော့ မဟုတ်ဘူး။ ကျုပ်အဖေ ဦးချစ်က တော်တော်ဆိုးတဲ့ လူဆိုး ယစ်ထုပ်ကြီးဗျ။ အမေက စိတ်ချမ်းသာတာ တစ်ခါမှ မရှိခဲ့ဘူး။ နောက်တော့ အမေက အဖေ့ကို ချောမောပြီး ဆရာတော်ကျောင်းကို ခေါ်ခဲ့တယ်။ ကျောင်းမှာ စတုဒိသာ ထမင်းဟင်းစားပြီး ဝေယျာဝစ္စလုပ်နေရင်းက ဆရာတော်ရဲ့ တရားကို အဖေ နာပြီး ရဟန်းဝတ်တော့တာပါပဲ"

"ဦးကျော်ရင်တို့ ဒီမှာ ဘာလုပ်ရသေးလဲ"

"ကျုပ်ကတော့ ဆရာတော်ဝေယျာဝစ္စကို ဆောင်ရွက်တဲ့ မေတ္တာပို့အဖွဲ့ထဲကပါ"

"ဒီကျောင်းမှာ ပျော်ပွဲရွှင်ပွဲတွေကိုရော သွင်းသေးလား"

"မင်္ဂလာ ဦးအောင်မောင်းတို့၊ ရွှေကျိုးညီတို့လည်း ပွဲလာကတယ်။ သင်္ကန်းစည်းပြီးတောင် ဒီမှာ နေသွားကြသေးကဲ့။ ပြန်ကြတီစိန်လည်း သီချင်းဆိုတယ်၊ ကတယ်ပေါ့"

"ဘုရားတည်တော့ ဘယ်လိုထူးခြားချက်တွေ တွေ့ရလဲ"

"ဓာတ်ကြီးပိုင် ဆရာတော်ကြီးတွေ၊ ဝိဇ္ဇာတွေ၊ ပဂ္ဂိုလ်တွေ ကြွလာတယ်။ ဘုရားကုန်းတော်ထဲ ရေတွေ ဝင်တော့ ငှက်ပျောတုံး ဖောင်လုပ်ပြီး ကြေးပြာသာဖနဲ့ ရှင်ဥပဂုတ္တ ဖောင်မျှောတယ်။ ထီးတော်ပုံသဏ္ဌာန် ရောင်ခြည်တော် ကွန့်မြူးတာဟာ အလွန်ထူးခြားပါတယ်"

"ကညင်တိုရွာရယ်လို့ ဘာကြောင့်ပါလဲ"

"ပြောရရင်တော့ ဆရာတော်ကြီးကို လာဖူးရင်း မပြန်ကြတော့ဘဲ ဒီမှာ အိမ်တွေဆောက်ပြီး နေကြတယ်။ နယ်ပေါင်းစုံက လာကြလို့ အခုလို ရွာကြီးတစ်ရွာဖြစ်သွားတာပေါ့။ ဒါကြောင့် ဆရာတော်ကြီးက အောင်မြေ၊ လယ်တီ၊ ပြည်တော်အေးလို့ မှည့်ခေါ်ထားတယ်"

"ရွာသူရွာသားတွေက အဓိက ဘာတွေ လုပ်ကိုင်စားသောက်ကြပါသလဲခင်ဗျာ"

"ဟိုတုန်းကတော့ ဆရာတော်ကြီးက ကောင်းကင်ပျံကျတဲ့ ဓာတ်တော်တွေနဲ့ ဓာတ်လက်စွပ်လုပ်ပေးတယ်။ ဆရာတော် ပျံလွန်တော်မူပြီး အလုပ်က မယ်မယ်ရရ မရှိကြဘူး။ ဒီတော့ အခုဆရာတော် ဦးပညာသီရိက ဓာတ်လုံးတွေကို လက်စွပ်လုပ်ခိုင်းတယ်။ နောက်တော့ နားကပ်၊ ဆွဲသီးတွေ လုပ်ကြတယ်။ ရွှေပေါ်ကွန်း၊ သာမည၊ ပုပ္ပါး၊ မကွေးမြို့တွေကို ပို့ပြီး ရောင်းတယ်။ ဒီနေ့အထိ ဖိုကြီး ရှစ်ဖိုနဲ့ လုပ်သားတွေ အများကြီးလုပ်ကိုင်နေတယ်။ အခုတော့ ရန်ကုန်က ကုန်သည်တွေဆီ ပို့ပေးနေပါတယ်"

"ကျန်တာ ဘာများ ထူးခြားမှုတွေ ရှိပါသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ကြီးက မျက်စိမှန်တယ်။ မပြင်ရဘူးလို့ ထင်ရပေမယ့် တစ်ခါတစ်ခါ တဘောင်လိုလို ရွတ်ပြီး လက်ညှိုးထိုးပြတယ်ဗျ။ "မသေခင် နေချင်စမ်းပါဘိ၊ ပေတင်တန်းက ပေါက်တောရွာ" တဲ့ဗျ။ အခုတော့ ရောဝတီမြစ်ကမ်းပါးပြိုပြီး ဆီးဖြူကွင်းနားမှာ ကွက်သစ်တည်ထားပြီးပြီ။ ဒါ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ က တဘောင်ပေါ့နော်။ သွပ်ဖွေးဖွေးနဲ့ ပြို့အတိုင်း စည်ကားနေပါတယ်"

♦♦♦

နောက်တစ်နေ့မှာ ဥပုသ်နေ့ဖြစ်သည်။ ဥပုသ်နေ့မတိုင်မီ ဝေယျာဝစ္စအဖွဲ့များ ချက်ပြုတ်ကြော်လှော်ကြ၏။ ဆရာတော် သီလပေးပြီး ပရိသတ်များကို ကျွေးမွေးသည်။ ငါးမည်ရဘွဲ့ခံ စေတီတော်ရင်ပြင်ပေါ်သို့ ရောက်သွား၏။ ဖေါ်အုန်းခင်ခေါင်းဆောင်သော ပရိတ်၊ ပဌာန်းအဖွဲ့နှင့်အတူ မေတ္တာပို့ ၉၇၂ ခေါက်ကို ရွတ်ပွားပူဇော်ကြသည်။

နေ့လယ်ပိုင်းတွင် ဆရာတော်ကြီးထံ ဝင်ရောက်ကန်တော့၏။

"စာရေးဆရာ... လိုအပ်တာရှိတာ ပြောပါကွယ်"

"မှန်ပါ။ ငါးမည်ရစေတီတော်မှာ ပွဲတော်တွေ ကျင်းပတာ ရှိပါသလား ဘုရား"

"ပထမ တော်သလင်းလဆန်း ၁၄ရက်မှ လပြည့်ကျော် ၁ရက်နေ့အထိ ပွဲစုံ ကန်တော့ကြီးဆိုပြီး ကျင်းပတယ်။ အားလုံး ၃၂၀ ပွဲရှိတယ်။ အဲဒါက နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲ ၂၈ ပွဲ၊ တရားပွဲ ၁၀ပွဲ၊ လက်ယာရံ-လက်ဝဲရံ ရဟန္တာပွဲ ၈၀ ပွဲ၊ သိဒ္ဓိပေါက်ဆရာပွဲ ၇၃ပွဲ၊ သိကြားမင်းနှင့် သာသနာစောင့် နတ်မင်းကြီးများ ဒါနပွဲ ၁၃၉ ပွဲတိတိ ပူဇော်ကြတယ်။ အဲဒါကို ကန်တော့ကြီးပွဲလို့ ခေါ်တာပေါ့။

နောက်ပြီး တပေါင်းလမှာ ဆရာတော်ကြီးအထိမ်းအမှတ်ပွဲအဖြစ် လဆန်း ၁၄ရက်နေ့ကနေ ၁ရက်နေ့အထိ ကျင်းပတယ်"

"အရှင်ဘုရား... သာသနာပြုခရီး ကြွတာမျိုး ရှိပါသလား"

"လွန်ခဲ့တဲ့နှစ်က ကျွန်ုပ် ဝိနည်းကို ကြွခဲ့တယ်။ ဒီမှာ ဝိနည်းဆရာတော်ကြီး ဦးပညာဝံသနဲ့ တွဲရိုက်ထားတဲ့ ပုံပေါ့။ နောက်နှစ်တော့ စင်ကာပူကို ကြွဖို့ ပင့်ထားတာ ရှိတယ်"

"ရှေ့ သာသနာပြုလုပ်ငန်းနဲ့ သာသနိကအဆောက်အအုံများ ဆောက်ဖို့ ရှိပါသေးလား ဘုရား"

"ပထမ ရည်ရွယ်ချက်က ကေသဂ္ဂစေတီ၊ ဒုတိယကတော့ ဓမ္မဝိသုဒ္ဓိကျောင်းတော်တို့ပဲပေါ့"

"အရှင်ဘုရား အမြတ်မှ ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ဂါထာတော်နှင့် ပုတီးစိပ်များ ရှိပါသလား"

"သမ္မာဒေဂါထာတော်မြတ်ကို ၁၃၆၁နှစ်က စပြီး (၅၁၂၀၂၀)ဘုရားအဆူဆူအား ခေါက်ရေနှင့် အကြိမ် ၁၃ ကြိမ်တိတိ ပူဇော်ပြီးပါပြီ။ အမြဲမပြတ် ရွတ်ဆိုပူဇော်ပါတယ်။ မေတ္တာသုတ်နှင့် ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပါတယ်ကွယ်"

♦♦♦

ဤကဲ့သို့ သီလ၊ သမာဓိ၊ ပညာ ဂုဏ်သုံးဖြာနှင့် ပြည့်စုံသော၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဘဒ္ဒန္တပညာသိရီ ဆရာတော်ဘုရားကြီးသည် ကညင်တို့၊ အောင်မြေရွာ၊ သီဝါရံ၊ ဝိဟာရ၌ သီတင်းသုံးတော်မူနေပါသည်။ ဒကာ၊ ဒကာမ အပေါင်းတို့၏ မိုဝဲဆည်းကပ်ရာ၊ ကိုးကွယ်ရာလည်း ဖြစ်ပါ၏။

ရခိုင်ရိုးမတောင်တန်းနှစ်ခုအကြား အပရာဇိတ ဒေယျဘူမိအောင်မြေ ငါးမည်ရာဘွဲ့ခံ ကမ္ဘာ့ဂန္ဓမြေ မာန်မြေ မောမြေ ပန်းပြေ၊ ကမ္ဘာ့သက်သာပြေ စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအပြင် သာသနာတော် အလွန်ရှည် တည်တံ့ခိုင်မြဲအောင် ထိန်သိမ်းနေ၏။ တိုးတက်စည်ပင်ရန် လုံ့လ ဝီရိယ စိုက်ထုတ်တော်မူလေ၏။

ပါရမီဖြည့်ဆည်း အလှူဒါနပြုလိုသူ ဒကာ၊ ဒကာမများအနေဖြင့် ရန်ကုန်-သာရဝေါ ရထားစီးပြီး ကညင်တို့ ဘူတာသို့ ရောက်သောအခါ သီဝါရံ ဝိဟာရသို့ တစ်ခေါက်တစ်ခါ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန် လမ်းညွှန် တိုက်တွန်းလိုက်ရပါသည်။

* * *

မင်းဇံဒိုင်မင်(မြဝတီခရိုမြို့)

www.burmeseclassic.com

www.burmeseclassic.com

မောင်တင်လှိုင်
(အင်းစိန်)

ပရိတ်တန်ခိုးနှင့် သစ္စာစွမ်းအား

လောကလူဘုံမှာ မရှိမဖြစ် ကျင့်ကြံအားထုတ်ရမည့်မှာ ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူသော ပရိတ်တော်များနှင့် မေတ္တာ၊ သစ္စာ၊ သီလဖြစ်ပေသည်။

လူဘဝမှာ မေတ္တာကြီးမားပြီး သစ္စာတည်၊ သီလမြဲသူမှန်သမျှ အရာရာကို လိုရာဆန္ဒပြည့်ဝခြင်း၊ ဘေးရန်ရှင်း၊ ချမ်းသာခြင်းနှင့် မလွဲမသွေ ကောင်းကျိုးများ ခံစားရစေသည်။ ပရိတ်တော်တန်ခိုးက ပြောလို့မဆုံး စကြဝဠာ ကုဋေတစ်သိန်း တိုင်အောင် ပရိတ်တန်ခိုး အာဏာပျံနှံ့နိုင်သည်မှာ ရေးလို့ ပြောလို့ မကုန်၊ ဘေးရန်လုံပြီး ကောင်းကျိုးအမျိုးမျိုးခံစားရ ကြသည်။

ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရတနာသုံးပါး ကျေးဇူး(ကိုယ်တွေ့ ဝတ္ထုများ)မှ စာ (၄၀၅)နှင့် (၄၀၆)တို့တွင် "ဗုဒ္ဓသည် လူသားတိုင်းအတွက်" ခေါင်းစဉ်အောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

စင်စစ် မေတ္တာသည် လူမျိုးမရွေး၊ ဘာသာမရွေး လူတိုင်း လူတိုင်း လိုက်နာကျင့်သုံးလွယ်သော တရားရှိ။ တရား ကောင်းကြီးတစ်ခုဖြစ်သကဲ့သို့၊ သစ္စာလည်း လူမျိုးဘာသာ မရွေး ကျင့်သုံးရသော တကယ့်စွမ်းအားကောင်းကြီး သဘာဝ အင်အားကြီးတစ်ခုပင် ဖြစ်သည်။ ထိုအင်အားကြီးများကို ထုတ်ဖော်ပေးခဲ့သူမှာ ဗုဒ္ဓသာလျှင်ဖြစ်သည်။ ဗုဒ္ဓသည် သူ သားတိုင်းအတွက် ဖြစ်ထွန်းပွင့်ပေါ်လာရပါပေ၏။

(၁) သီလက မပေးနိုင်သော ပစ္စည်းဥစ္စာ ရတနာဟူ၍ မရှိနိုင်။

(၂) မေတ္တာက မအောင်မြင်နိုင်သော ဘေးရန် အန္တရာယ်ဟူ၍ မရှိနိုင်။

(၃) သစ္စာက မပြုလုပ်၊ မပေးစွမ်းနိုင်သော အမှုကိစ္စ ဟူ၍ မရှိနိုင်။

"သစ္စာပြုခါနီး အရေးတကြီး သီလယူနည်း" ခေါင်းစဉ် အောက်တွင် သေရေးရှင်ရေးကြုံ၍ သစ္စာပြုတော့မည်ဆို လျှင် -

(၁) သရဏဂုံနှင့် ငါးပါးသီလယူပါ။

(၂) ဘုရားဂုဏ်ကို ဆင်ခြင်လိုက်ပါ။

(၃) ပြီးမှ သစ္စာပြုပါ။

ဤ၌ အရေးတကြီးကြုံသောအခါ သီလယူနည်းကို ဆိုပါဦးအံ့။ ဘုရားရှေ့ ဘုန်းကြီးရှေ့ ခံယူမှ သီလမဟုတ်ခေ။ အရေးကြီး၍ သီလယူရာတွင် ငါးပါးသီလဖြစ်က တစ်ခုချင်းဆိုဖို့ မလို။ ရှစ်ပါးသီလလည်း ထို့အတူပင်ဖြစ်၏။

"ကျွန်ုပ်သည် ဤယခုအချိန်မှစ၍ သရဏဂုံသုံးပါး နှင့်တကွ ငါးပါးသီလကို ဆောက်တည်ပါ၏။ ရှစ်ပါးသီလကို ဆောက်တည်ပါ၏" ဟု နှုတ်က ပြွက်ဆိုလျက် သီလယူပြီး ဖြစ်ပါသည်။

စာမတတ်သော သက်ကြီးရွယ်အိုများကိုလည်း ထိုနည်းအတိုင်း အယူခိုင်းသင့်၏။ သို့ရာတွင် ငါးပါးသီလ ဆိုတာ ဘာတွေ ရှောင်ရတယ်၊ ရှစ်ပါးသီလဆိုတာ ဘာတွေ ဆိုတာ ရေရေလည်လည်သိထားရတယ်။ ပြောပြီး သီလဂုဏ် တော် စသော အခြေခံအင်အားများ ကောင်းလျှင် ကောင်း သလောက်လည်း သစ္စာ၏ အင်အားသည် ပို၍မြင့်မားလာ သည်ဟု မှတ်ရပါသည်။

မေတ္တာကြီးမားသူမှာ ဘေးရန်ကာစီး အုတ်တံတိုင်း ကြီးပမာ ရန်မျိုးငါးပါး မထိရောက်နိုင်။ သီလက်မြဲသူသည် ဘေးရန်လွှင့်ပျောက် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်သည် သာမက၊ ယှဉ်ပြိုင်လျှင် ကိုယ်က အနိုင်ရ၏။ နတ်ကောင်း နတ်မြတ်တို့၏ ကူညီစောင်မ ကောင်းမြတ်သော အကျိုး ကျေးဇူးများ ခံစားရရှိစေပြီး အပါယ်တံခါးပိတ် စိတ်အေးရမှာ ကိုနှိန်းသေဖြစ်သည်။

အင်းစိန် အမှတ်(၁) အထက်တန်းကျောင်းလမ်းရှိ အမေမြိုင်၏ "မြိုင်ကဗီးနှင့် စားသောက်ဆိုင်"တွင် စာရေး သူတို့သည် အမေ ဒေါ်မြိုင်၏ ကြီးမားသော မေ့တ္တာ သစ္စာ နှင့် သီလစွမ်းအား တန်ခိုးထက်သည့် မရိတ်တော်တို့ကြောင့် သူ၏သား အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည့်အကြောင်း ကို ပြောဆိုနေကြစဉ်၊ ကာယက်ရှင်၏ ညီဖြစ်သူ အမေမြိုင်၏ သားအငယ်ဆုံးက သူ့အစ်ကို၏ အဖြစ်မှန်ကို ဝင်ရောက် ပြောပြလာသဖြင့် အံ့သြလောက်စွာ သေတွင်းက လွတ် မြောက်ခဲ့ရသည့်အကြောင်းအား မှတ်မိသမျှ တင်ပြလိုက် ပါသည်။

♦♦♦

အမေမြိုင်သည် သူ၏ အိပ်မက်ကြောင့် သားအငယ် ဆုံးကို ဝိုးရိမ်နေမိသည်။ အမေမြိုင်၏ အိပ်မက်က အိမ်အပေါ် ထပ် အလယ်တွင် မီးထတောက်နေတာ တွေ့ရသည်။ အပေါ် ထပ်မှာ ရေမရှိသည့်အတွက် မီးလောင်သည်ကို အမေမြိုင် က ဘုရားစင်မှ သောက်တော်ရေဖြင့် ဟက်ဖျန်း ငြှိမ်းသတ်ခဲ့ သည်။ မီးလောင်ခြင်းသည် ဘယ်သူ့ကြောင့်လဲဟု မေးသော အခါ အမေမြိုင်၏ နားထဲတွင် "ဝိုး" လုပ်တာဟု ကြားလိုက် ရသည့်အတွက် အမေမြိုင်သည် ထိုအိပ်မက်မက်ပြီးကတည်း က မိသားစုထဲတွင် သားအငယ်ဆုံးဖြစ်သည့် ကိုဝိုးကို အလွန်ဝိုးရိမ်နေမိသည်။

ဒါကြောင့် လျှပ်စစ်မီးခလုတ်များကို သတိနှင့် ဖွင့်ပိတ် ရန်၊ လျှပ်စစ်ကို သတိအမြဲရှိနေရန်၊ မီးစက်ဖွင့်လျှင် မီးစက် နား မီးခြစ်၊ ဖယောင်းတိုင်မီး မသုံးရန်၊ လက်နှိပ်ဓာတ်မီးကို အသုံးပြုပြီး ဆီထည့်၊ စက်နှိုးရန်၊ အမြဲသတိရှိစွာ လုပ်ကိုင် ကြရန်၊ မိသားစုနှင့် ဆိုင်လုပ်သားများကိုပါ ဝိုးရိမ်စိတ်ကြီး စွာ သတိပေးလေ့ရှိနေရသည်။ နေ့စဉ် မီးနှင့် ချက်ပြုတ် လုပ်ကိုင်နေရသည့် ဆိုင်ဖြစ်နေသည့်အတွက် မီးသတ်ဘူး ရှိသင့်ကြောင်း သားသမီးများကို ပညာပေးခြင်း၊ သတိပေး ခြင်း၊ မီးသတ်ဘူးကိုလည်း ပုံမှန်စစ်ဆေးခြင်း၊ လိုအပ်လျှင် ပြုပြင်လဲလှယ်ခြင်းအတွက် ကြိုတင် ကာကွယ်ရေးမှာ အမြဲအလေးထား သတိရှိသူဖြစ်သည်။

အမေမြိုင်က သားသမီး ဥယျောက်မွေးထားသည်။ အမေမြိုင် ဦးဆောင်ပြီး မိသားစု စားဝတ်နေရေးအတွက် မြိုင်ကဗီး စားသောက်ဆိုင်ကို ဖွင့်လျက် သားသမီးများနှင့် လုပ်ကိုင်စားသောက်နေသူဖြစ်သည်။ အမေမြိုင်က အထက် မှာ ဖော်ပြထားသလို မေတ္တာကြီးမား၊ သစ္စာတည်၊ သီလရှိ

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ - ဦးပဉ္စင်းတို့၊ ကိုရင်တို့... ကျောင်းနောက်မှာ ခွေးဟောင်သံတွေ ကြားတယ်၊ သွားကြည့်ကြစမ်း"

ဟု ဆိုသဖြင့် သွားကြည့်ကြသည်။

ကျောင်းခြံစည်းရိုးနှင့် ကပ်လျက် အပြင်ဘက် ခုံတောထဲမှ လူပ်လူပ်...လူပ်လူပ်နှင့် တွေ့ရပြီး ညည်းညူသံကိုပါ ကြားရသည့်အတွက် ဦးပဉ္စင်းများ ခြံအပြင်ထွက်ကြည့်ကြသည့်အခါ လူတစ်ယောက်၊ ဦးခေါင်းနှင့် လက်တွေ၊ ခြေတွေမှာ ဒဏ်ရာများနှင့် လဲနေကြောင်း တွေ့ရသည်။ ဆရာတော်ကြီးကို အမြန်ပြေးလျှောက်ထားကြသည်။ ဆရာတော်ကြီးက ချက်ချင်း ဦးပဉ္စင်းတွေကို ခိုင်းလိုက်သည်။

"ဟုတ်လား။ ဒီလိုဆို အခုချက်ချင်း ကောင်စီလူကြီး ဦးမြလှိုင်ကို သွားသတင်းပို့ကြ"

ဟု ခိုင်းလိုက်သည့်အတွက် မကြာခင် ရပ်ကွက်လူကြီး ဦးမြလှိုင်နှင့် ပြည်သူရဲများ ရောက်လာကြသည်။ လဲနေသူက တစ်ချက်တစ်ချက် "မြိုင်...မြိုင်" ဆိုသည့်အသံတိုးတိုးလေး ပြောနိုင်နေသည်။ သတိမရတစ်ချက်၊ ရတစ်ချက် ဟု ဆိုသည်။

ထိုလူကို ကြည့်လိုက်တော့ တစ်ကိုယ်လုံး ထုရိုက်ထားသည့် ဒဏ်ရာကြောင့် ခြေလက်တွေ ဖူးရောင်ညိုမည်းနေသည်။ အထူးသဖြင့် ဦးခေါင်းက နှစ်ဆလောက် ဖူးရောင် ဒဏ်ရာကြီးနှင့်ဖြစ်ပြီး မြေကြီးပေါ်မှာ ခြေလက်တွေ လှုပ်နေရှာသည်။ မထနိုင်၊ မထိုင်နိုင်၊ သတိရတစ်ချက်၊ မရတစ်ချက်၊ ပြင်းထန်သည့် ဒဏ်ရာကြောင့် နာကျင်စွာ ခံစားနေရရှာသည်။

ရန်ကုန်ဆေးရုံကြီးရောက်သည်နှင့် ဆရာဝန်ကြီးက ဖူးရောင်နေသည့် ဦးခေါင်းကို ဓာတ်မှန်ရိုက်ကြည့်သည်။ ဦးခေါင်းခွံတစ်ခုလုံး ညိုမည်း ဖူးရောင်ပြီး အက်ကြောင်းများသည် သွေးကြောများ ဖြာနေသလို နေရာအနှံ့ အက်ကွဲနေသည်ဟု ဆိုသည်။ ဆံပင်တွေကို ရိတ်ထားရသည်။ နှစ်ဆလောက် ကြီးနေသည့် သား၏ ခေါင်းကို ကြည့်ပြီး အားလုံး မျက်ရည်တွေနှင့် ဖြစ်နေကြသည်။ အမေမြိုင်သည် သူ့အိမ်ဘုရားစင်ပေါ်တွင် ဆောင်ထားသော တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်ရေကို ဂွမ်းဖြင့် စွတ်၍ သားလေးခေါင်းအား ကိုင်လျက် သုတ်လိမ်းပေးနေပြီး ဆုတောင်း မေတ္တာပို့နေသည်။ တစ်ခဏတည်းမှာပင် အမေမြိုင်သည် သစ္စာသုံးချက်ဆိုပါသည်။

(၁) ကျွန်မသားလေး ဝတ်ဆင်ထားသည့် ရွှေငွေရတနာများသည် သမ္မာအာဇီဝနှင့် ရှာထားသည့် ပစ္စည်းများဖြစ်ပါသည်။

သူဖြစ်သည်။ ဥပုသ်နေ့တိုင်း မဟာမကွက် ဘုန်းတော်ကြီးကျောင်းတွင် သီလဆောက်တည်သည်။ အိမ်တွင်၊ ဆိုင်တွင် အမြဲတမ်း ဒါန၊ သီလ၊ ဘာဝနာပွားလျက် ပရိတ်တော်များ ရွတ်ဖတ်လေ့ရှိသည်။ ပြောဆိုဆက်ဆံသည့် လူမှုရေးနယ်ပယ်တွင် နမူနာယူလောက်စရာ ဗုဒ္ဓဘာသာပီသ၏။ သူဆိုင်မှာ စားသောက်သူတိုင်း စိတ်ချမ်းသာရ၏။ ပြောဆိုဆက်ဆံရေးမှာလည်း လူတကာ စိတ်အေးချမ်းသာ အတုယူလောက်အောင် ပျူပျူငှာငှာ ချိုသာလှ၏။ ဂါဝရတရား လက်ကိုင်ထားလျက် ကိုယ်အမှုအရာ၊ နှုတ်အမှုအရာက အစဉ်ညီကျေးသိမ်မွေ့၊ နှုတ်ချိုလှသည့်အတွက် အမေမြိုင်၏ ဆုံးမသွန်သင်မှုများက နည်းယူစရာကောင်းလှသည်။

♦♦♦

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ကျော်လောက်၊ အမေမြိုင် အသက် ၆၀နှစ်အရွယ်က ဖြစ်သည်။

တစ်နေ့သော ညဉ့်ဦးတွင် အမေမြိုင်သည် ဆိုင်ပိတ်ချိန်ရောက်လို့ ဆိုင်ပိတ်ထားသော်လည်း မအိပ်နိုင်ဘဲ တံခါးတစ်ချပ်လှပ်ပြီး အိမ်ရှေ့မှာ ထိုင်၍ စိုးရိမ်ခြင်းကြီးစွာဖြင့် သူသားငယ်ကို မျှော်နေရှာသည်။ သမီးကြီးဖြစ်သူက မနေနိုင်၍ မိခင်ကြီးနား ကပ်ပြီး...

"အမေ မအိပ်သေးဘူးလား။ အိပ်တော့လေ။ ၁၂နာရီထိုးနေပြီ"

"အမေ မအိပ်နိုင်သေးဘူး သမီးရယ်။ ညည်းမောင် ညနေကတည်းက ထွက်သွားတာ ခုထိ ပြန်မလာသေးဘူးလေ"

အမေမြိုင်သည် သားသမီးတွေက ဝိုင်းပြောလို့သာ အိပ်ရာထဲ လဲနေသော်လည်း သူသား ပြန်မရောက်သည့် အတွက် အိပ်မပျော်ပါ။ သမီးကြီးကလည်း အမေစိတ်အေးအောင် ပြောနေရပေမယ့် သူမှာလည်း သတိမပြုမိလိုက်သဖြင့် ခိုးခိုးဝှက်ဝှက်တွေ ဝင်နေသည်။ သူမောင်လေး အမြဲတမ်းဆင်ထားသည့် ရွှေဆွဲကြိုး၊ လက်စွပ်နှင့်၊ ဟန်းချိန်းတို့ကြောင့် သူဆောင်လေး အန္တရာယ်တွေ့မှာ ပူပန်နေသည်။ အစ်မလုပ်သူလည်း အိပ်မပျော်ရှာပါ။

နောက်တစ်နေ့နံနက် ဆိုင်သာ ဖွင့်တယ်၊ သား ပြန်ထားသေးသဖြင့် မိသားစုတွေ စိုးရိမ်နေကြပြီး သားသမီးအချို့ကို စုံစမ်းရှာဖွေခိုင်းနေသည်။

ထိုနေ့နံနက် ၅နာရီလောက်တွင် အင်းစိန်၊ သိရိမင်္ဂလာအင်းသွယ်(၁၅)အနီး ဘုန်းတော်ကြီးကျောင်း ခြံစည်းရိုးနှင့် ကပ်လျက်တွင် ခွေးဟောင်သံ ကြားနေရသဖြင့် ဆရာတော်ကြီး...

www.burmeseclassic.com

www.burmeseclassic.com

(၂) ကျွန်မသားလေးသည် မိဘကို ရှာဖွေကျွေးနေသူ အမှန်တကယ်ဖြစ်ပါသည်။

(၃) ယခု သုတ်လိမ်းပေးနေသော ပရိတ်ရေသည် ဘုရားရှင်ဟောကြားတော်မူသော ပရိတ်တော်ဖြစ်ပြီး ဆရာတော်ကြီးကိုယ်တိုင် ရွတ်ဖတ်သရဇ္ဈာယ်ထားသော သိဒ္ဓိရှိ ပရိတ်ရေ မှန်ကန်ပါသည်။

အထက်ပါအတိုင်း ဤသစ္စာစကား မှန်ကန်ပါက သားလေးသည် မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်ရပါစေသားဟု သစ္စာဆိုလျက် ပရိတ်ရေကို စွတ်လိမ်း ပွတ်သပ်ပေးပြီး မကြာခင် လူနာကို ဆရာဝန်ကြီးက ဓာတ်မှန်ထပ်ရိုက်ရန် တွန်းလှည်းနှင့် ခေါ်ဆောင်သွားကြသည်။

ထိုအချိန်တွင် မိသားစုတစ်စုလုံး အပြင်မှာ ကျန်နေခဲ့စဉ် အမေမြိုင်က ထူးခြားချက်များအား ကျန်သားသမီးများကို ပြောပြနေသည်။ သူ သားခေါင်းကို ကိုင်ပြီး သစ္စာဆိုလျက် ပရိတ်ရေသုတ်လိမ်းပေးနေစဉ် သူ၏ ညာဘက်လက်သန်းက တုန်ခါနေကြောင်း၊ သူသားခေါင်းက တဖျစ်ဖျစ်နှင့် မြည်သံကြားနေရကြောင်းဖြင့် အံ့ဩစွာ ပြောပြနေသည်။

ထိုသို့ ပြောနေစဉ် ခွဲစိတ်ခန်းထဲမှ ဆရာဝန်ကြီး ထွက်လာပြီး အမေမြိုင်ကို လှမ်းပြောလိုက်သည်။

"ဒေါ်မြိုင်... ခင်ဗျားသားကို စောစောက ဘာလုပ်လိုက်လဲ"

ဟု မေးခြင်းခံလိုက်ရသဖြင့် အမေမြိုင်သည် စိုးရိမ်ပူပန်မှု ဖြစ်သွားရသည်။ အကြောင်းမှာ ခွဲစိတ်ခါနီးမှ သူ့သားခေါင်းကို ပရိတ်ရေတွေ သုတ်လိမ်းပေးလိုက်မိလို့ မှားမှားမှားသွားပြီလားဆိုသည့် ထင်ကြေးနှင့် ပိုပြီး စိုးရိမ်စိတ်ကြီးသွားသည်။ ဆရာဝန်ကြီးသည် အမေမြိုင်တို့အနား ရောက်လာပြီး သူ့လက်မကို ထောင်ပြလျက်...

"ဒေါ်မြိုင်... မစိုးရိမ်နဲ့တော့၊ ခင်ဗျားသားက ကျုပ်တို့ဘက် ၉၉ရာခိုင်နှုန်းရောက်လာပြီ။ ခွဲစိတ်ဖို့ မလိုတော့ဘူး"

ဟု ပြောသံကို ကြားလိုက်ရသဖြင့် တစ်မိသားစုလုံး ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်ကုန်ကြသည်။ ထူးခြားအံ့ဩစရာ ဖြစ်ရပ်မှန်ကြီးတစ်ခုဖြစ်ပါသည်။ လူနာကို ခွဲစိတ်ဖို့ မလိုသော်လည်း ဦးနှောက်နှင့် အာရုံကြောဆေးရုံတွင် ၆လခန့် ကုသခဲ့ရသည်။

သူ့ကို ရိုက်သတ်သည့်အချိန်က သေပြီဆိုပြီး ချုံတောထဲ ပစ်ထားလျက် ရှေ့ဌေးရတနာများ ယူသွားသူ လူဆိုးကို ဖမ်းမိသည်။ သက်သေခံ လက်နက်သည် သံတုတ်ဖြစ်သည်။ ထိုသံတုတ်နှင့် ရိုက်သတ်ခြင်းဖြစ်သည်။ သံတုတ်လည်း ကွေးနေသည်ဟု ဆိုသည်။ ဦးခေါင်းတစ်ခုလုံး ဆွမ်းစားသပိတ်လောက် ဖူးရောင်နေသလို၊ တစ်ကိုယ်လုံး သံတုတ်ဒဏ်ရာတွေဖြင့် ညိုမည်း ဖူးရောင်နေပြီး၊ ယခုအခါ ဦးခေါင်းခွံ ကွဲအက်ဒဏ်ရာများကို လုံးဝ မတွေ့ရတော့ဘဲ မိမွေးတိုင်း ဖမွေးတိုင်းဖြစ်ပြီး အသက်မသေဖြစ်ခဲ့ရသည်။

မိဘကို မိမိ၏ ကံ၊ ဥာဏ်၊ ဝီရိယအားနှင့် ရိုးသားစွာ ရုန်းကြိုးစားပမ်းကိုင်ကျွေးမွေးပြုစုခြင်း၊ ရတနာသုံးပါး အလေးမြတ်ထားသည့် မိကောင်းဖခင် သားရတနာတစ်ယောက်ဖြစ်ခြင်းကြောင့် ယနေ့အချိန်ထိ ကိုယ်ကျင့်တရားကောင်းစွာဖြင့် ဇနီး၊ သားသမီးများနှင့်အတူ ကျန်းမာလျက် စီးပွားတက်ပြီး အလှူရေစက် လက်နှင့်မကွာ ရှိနေသည်။

ထို့ကြောင့် တရားနှင့်နေသူ အမေမြိုင်၏ အိပ်မက်ကို ပြန်ကြည့်လျှင် ကြိုတင် နိမိတ်ပေးထားသည်ဟု ယူဆရသည်။

အိမ်၏ အပေါ်ထပ် အလယ်တစ်နေရာတွင် မီးလောင်သည်ဟု ဆိုသည့် အိပ်မက်အရ သားသမီး ၉ယောက်ထဲက အရိုက်ခံရသူသည် အလယ်လူ နံပါတ်(၅)ဖြစ်နေခြင်း၊ ဘယ်သူ့ကြောင့် မီးလောင်တာလဲဟု မေးသည့်အချိန်တွင် အမေမြိုင်၏ နားထဲ၌ "စိုး" လုပ်တာဟု ကြားခဲ့ခြင်းသည် ပစ္စည်းလုပြီး သံတုတ်နှင့် ရိုက်သူ လူဆိုးနာမည်က "အောင်စိုး" ဖြစ်နေခြင်း၊ မီးလောင်သည်ကို ဘုရားစင်မှ သောက်တော်ရေနှင့် ပက်ဖြန်း ငြိမ်းသတ်ရခြင်းဖြင့် အိပ်မက်က စင်းစင်းကြီး နိမိတ်ပြခဲ့သည်ဟု ယူဆရပါသည်။

သူတော်ကောင်း၊ သူမြတ်လောင်းများ၏ အကျင့်၊ တရားဘာဝနာများအား နေ့စဉ် ဝတ်မပျက် ကျင့်ကြံအားထုတ်ခြင်း၊ ရတနာသုံးပါးကို အမြတ်ဆုံးထားပြီး ဂုဏ်တော်တွေ၊ ပရိတ်တော်တွေကို နေ့စဉ် ဝတ်မပျက် ရွတ်ဖတ်ပူဇော်လျက် အနည်းဆုံး ရေတစ်ခွက်၊ ပန်းတစ်ပွင့်ဖြင့် ကိုယ်တတ်နိုင်သလောက် ဒါနပါရမီပေါင်းဖက်လျက် ယုံကြည်မှုသဒ္ဓါ အပြည့်အဝထားပြီး ကျင့်ကြံအားထုတ် ကုသိုလ်ယူ အမှုပေးဝေလေ့ရှိပါက အကျိုးရလာဘ်ကြီးမားစေပြီး ဘေးရန် ခပ်သိမ်း ကင်းငြိမ်းချမ်းသာ ခံစားကြရသည်ဖြစ်ရပ်မှန်များ ထင်ရှားရှိနေသည့်အတွက် လူတိုင်း လူတိုင်း မေတ္တာ၊ သစ္စာ၊ သီလတွေကို ဆောင်၊ ပရိတ်တော်နှင့် လိုရာကိစ္စအဝဝတို့ လက်တွေ့သုံးလို့ လိုရာဆန္ဒပြည့်ဝကြပါစေသားဟု ဆုတောင်းမေတ္တာပို့သလျက် သင်ဆရာ၊ မြင်ဆရာတို့အား ရှိခိုးကန်တော့လိုက်ပါသည်။

* * *

ခမောင်တင်လှိုင်(ခေါင်းစိန်)

www.burmeseclassic.com

www.burmeseclassic.com



နေအိမ်တွင် မင်္ဂလာပြည့်ဝ အေးချမ်းမှု ရစေသော အောင်သိဒ္ဓိဂါထာတော်

လူစွမ်းမြင့်(နတ်မောက်)

မိသားစုနေအိမ်တစ်ခုတွင် စီးပွားဥစ္စာ မည်မျှပင် ပြည့်စုံနေပါစေ၊ သူတစ်လူ ငါတစ်မင်း၊ သားက တစ်မျိုး၊ သမီးက တစ်ဖုံ၊ ဇနီးက တစ်သွယ်၊ ခင်ပွန်းက တစ်လမ်း ဖြစ်နေပြီး စိတ်သဘောထား အာရုံထွေပြားကာ မကောင်းသော စကား၊ မကောင်းသော နိမိတ်များနှင့် တဆူဆူ တပူပူ တည်ညဉ်းဖြစ်နေလျှင် ထိုအိမ်မိသားစုကို "အိမ်ပူရေဆာအိမ်" ဟု ခေါ်ပြီး ကျက်သရေမဲ့၊ အေးချမ်းမှုမဲ့ကာ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးများ တဖြည်းဖြည်းနိမ့်ပါးကာ ပျက်စီးတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့အတွက် နေအိမ် ဝိသေးစုတိုင်း မင်္ဂလာပြည့်ဝ အေးမြမှု ရစေသည့် "အောင်သိဒ္ဓိဂါထာတော်"ကို နေ့စဉ် နံနက်တိုင်း ရွတ်ပွားနိုင်ရန် တင်ပြရေးသားအပ်ပါသည်။

နေ့စဉ် နံနက်တိုင်း ဘုရားရှင်အား သက်ရှိထင်ရှားရှိ သည့်အလား မှတ်ယူထင်မြင်လျက် ဆွမ်း၊ ရေချမ်း၊ အလင်း တိုင်၊ အမွှေးတိုင် ကပ်လှူပူဇော်ပါ။ ပန်းညှိုနေလျှင် အသစ် လဲပါ။ ယို့နောက် အောင်သိဒ္ဓိဂါထာကို တတ်စွမ်းသမျှ သုံးခေါက်၊ ငါးခေါက် ရွတ်ပွားပေးပါ။

* သုနက္ခတ္တံ၊ သုမင်္ဂလံ၊
သုပ္ပဘာတံ၊ သုဟုဒ္ဒိတံ၊
သုခဏော၊ သုမုဟုတ္တော၊
သုယိဋ္ဌ ဗြဟ္မစာရိသု။
* နံ-ကာရော ကကုသန္ဓော မဟာပညော၊
အာနုဘာဝေန မေတဒ္ဓသ္မ လောကသ္မိံ။
* မော-ကာရော ကောဏာဂမနော မဟာပညော၊
အာနုဘာဝေန မေတဒ္ဓသ္မ လောကသ္မိံ။
* ဗု-ကာရော ကဿပေါ မဟာပညော၊
အာနုဘာဝေန မေတဒ္ဓသ္မ လောကသ္မိံ။
ဒွိ-ကာရော ဂေါတမော သက္ကျပုတ္တော မဟာပညော၊
အာနုဘာဝေန မေတဒ္ဓသ္မ လောကသ္မိံ။
* ယသ ဧတာဂါစ ပုညာစ၊
ယသန္တိ သစ္စ ဗုဒ္ဓါနံ၊
ယဇိတ္တာ ဓမ္မသံယဋ္ဌ၊
ယသန္တိ အမတံ ပဒံ။ ။

အထက်ပါ အောင်သိဒ္ဓိဂါထာတော်ကို အကြောင်းသူတော် ကောင်းတို့ ပိုမိုလေးနက်ကြည်ညိုရွတ်ပွားနိုင်ရန်အတွက် အနက်မြန်မာပြန်ကိုပါ နောက်ဆက်တွဲ တင်ပြပါသည်။ အနက်မြန်မာပြန်ကို စာရေးသူ၏ ဆရာအရှင်များ ဖြစ်တော် မူသော ဘုရားကြီးကျောင်းတိုက်ဆရာတော် အရှင်ဇနပတိ၊ တမာပင်ကျောင်းတိုက်ဆရာတော် အရှင်သောဘန၊ သဖွီကွန်း တောရဆရာတော် အရှင်ဝိလာသတို့မှ ခွီးမြှင့် မြွက်ကြား ပေးပါသည်။ အသံဖမ်းယူခဲ့ပြီး ရေးသားခြင်းဖြစ်သဖြင့် အများ ပါပါက စာရေးသူ ကျွန်တော်၏ ပျော့ကွက်၊ ဟာကွက်၊ ညံ့ဖျင်းမှုသာ ဖြစ်ပါသည်။

အနက်မြန်မာပြန်

* အကြောင်နေ့တွင် ကောင်းမှုတရားသုံးပါးတို့ကို ပြည့် ကျင့်ကြကုန်သည်။ ထိုနေ့သည် နက္ခတ်အပေါင်း မကောင်း မရှိ၊ ကောင်းအတိသာတည်း။ အမင်္ဂလာ ဘယ်အခါမရှိ၊ ကောင်းမြတ်သော မင်္ဂလာအတိသာတည်း။ အပြစ်ကင်းရှင်း သော မိုးလင်းချိန်းပင်တည်း။ သာယာသန့်ရှင်း ကောင်းသော အိပ်ရာမှ ထရခြင်းပင်တည်း။ ကောင်းသော ခဏချည်းသာ တည်း။ ထိုကောင်းမှုတရားကျင့်ရာ နေ့အခါ မြတ်သော အကျင့်ကို ကျင့်လေ့ကျင့်ထရှိသူ ပုဂ္ဂိုလ်တို့၌ လှူအပ်၊ ပူဇော်အပ်သော အလှူသည် အပြစ်ကင်း၍ သန့်ရှင်း ကောင်း မြတ်သော ပူဇော်ရခြင်းဖြစ်ပါ၏။

* နံ-အက္ခရာဟူသည် ပညာကြီးသော ကကုသန် ဘုရားပင်တည်း။ ကကုသန်ဘုရား၏ အာနုဘော်ကြောင့် လောကအားလုံး၌ မေတ္တာကိုလည်း ပွားရာ၏။
* မော-အက္ခရာဟူသည် ပညာကြီးသော ကောဏဂုံ ဘုရားပင်တည်း။ ကောဏဂုံဘုရား၏ အာနုဘော်ကြောင့် လောကအားလုံး၌ မေတ္တာကိုလည်း ပွားရာ၏။
* ဗု-အက္ခရာဟူသည် ပညာကြီးသော ကဿပဘုရား ပင်တည်း။ ကဿပဘုရား၏ အာနုဘော်တော်ကြောင့် လောကအားလုံး၌ မေတ္တာကိုလည်း ပွားရာ၏။
* ဒွိ-အက္ခရာဟူသည် ပညာကြီးသော သာကီဝင်မင်း သားဖြစ်သော ဂေါတမဘုရားပင်တည်း။ ဂေါတမဘုရား၏ အာနုဘော်တော်ကြောင့် လောကအားလုံး၌ မေတ္တာကိုလည်း ပွားရာ၏။

အားလုံးသော ဘုရားရှင်တို့အား အခြေအရံနှင့် စည်းစိမ် ဥစ္စာတို့သည် လည်းကောင်း၊ ဘုန်းကံတို့သည် လည်းကောင်း ရောက်ကုန်၏။ တရားတော်နှင့် သံဃာတော်ကိုလည်း သေ ခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ကုန်၏။

အနက်မြန်မာပြန်မှာ သိထားရန်သာ ဖြစ်ပါသည်။ ရွတ် ဆိုရန် မလိုပါ။ ခရီးသွားလျှင် ရထား၊ ကား၊ သင်္ဘော၊ လေယာဉ်ပေါ်၌ "နံ-မော-ဗု-ဒွိ"ဟု သံခိပ် အနှစ်ချုပ် အတို ကောက် ၂၇ခေါက် ရွတ်ပွားပေးနိုင်ပါသည်။

သွားလေရာ လာလေရာ၊ လုပ်ကိုင်ရာတိုင်းတွင် အဆင်ပြေစေပြီး နေအိမ်တွင်လည်း မင်္ဂလာပြည့်ဝအေးချမ်းမှု ရစေကာ စီးပွားဥစ္စာ ဝင်လာမစဲ တသဲသဲဖြစ်ပြီး လိုရာဆန္ဒစုံ အကုန်ပြည့်ဝ ရရှိလာစေပါသည်။

* * *

လူစွမ်းမြင့်(ကုန်းဓမ္မာက်)

www.burmeseclassic.com

www.burmeseclassic.com

ဓနဓေးစာပေမှ

သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အတုံးဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ်ဖွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား ဓနဓေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက်ပါသည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ဆေး၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ဘွဲ့စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချနေပါသည်။

ဆက်သွယ်ရန်လိပ်စာ

ရုံးချုပ် – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ဆိုင်(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသိရိဂုဟ်ရှင်ဘုန်းကြီးကျောင်းရှေ့၊ ပြည်ပြို့။
☎ – ၀၉ ၅၃၁၃၃၁၅၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်(၂) – အင်းစိန်မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရွာမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်မှ အညစ်အကြေးများ ထုတ်ပစ်ရန်အတွက် အစာရောင်သည့်အခါ လုံးဝ အစာဖြတ်ခြင်း။ လျော့၍ စား သုံးခြင်းဟူ၍ နှစ်မျိုးရှိ၏။ လျော့၍ စားသည်ဆိုသော်လည်း တစ်နေ့လျှင် ထမင်းနှစ်ထပ်စားသည့်အနက် တစ်နပ်ကို ဖြုတ်လိုက်ရုံမျှနှင့် လိုအပ်သော အကျိုးပြုသည့် ခံစားရဦးမည် မဟုတ်ချေ။ လူတို့သည် ထမင်းတစ်ထပ်စားလျှင် ကိုယ်ခန္ဓာ အဖို့ လုံလောက်ပြီဖြစ်သောကြောင့် တစ်နပ်ကို ဖြုတ်လိုက် ခါမျှနှင့် ပိုလျှံနေသော တစ်ထပ်ကို ဖြုတ်ချလိုက်ရုံမျှသာ

အစာပြန်၍ စားနည်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သေး၏။ အညစ်အကြေးများ ထုတ်ရန်အတွက် အလုပ်ပါသေးချေ။ အညစ်အကြေးများ ထုတ်ပစ်လိုသူတို့အဖို့မှာ ကိုယ်ခန္ဓာသည် အရပ်ရပ်လုပ်ငန်းများအတွက် အာဟာရကျေးဇူးသား အလိုရှိခဲ့လျှင် လေးကျေးဇူးသားဖြစ်စေ၊ သုံးကျေးဇူးသားဖြစ်စေ ကျွေးမွေးခြင်းသည်သာလျှင် လျော့၍ ကျွေးမွေးခြင်းမည်၏။ အာဟာရလုံလောက်စွာ မထည့်သွင်းသောအခါ ကိုယ်ခန္ဓာသည် သိုလှောင်ထားသော အာဟာရဝိုများကို သုံး၍ သုံးရမြဲဖြစ်လေရာ၊ ထိုအခါမှသာလျှင် စုအောင်းနေသော အညစ်အကြေးများ ပါသွားနိုင်မည်ဖြစ်၍ အကျိုးပြည့်ဝစွာရှိလေသည်။ သို့သော် လျော့၍ စားသုံးသည်ဆိုသော်သည်း မှားယွင်းသော အစားအစာများကို စားနေကျအတိုင်း စားသုံးခြင်းထက် ခန္ဓာကိုယ်က အရေးတကြီး လိုသည့် အစာများကို ပေးသွင်းလျှင် သာ၍ အကျိုးများပေမည်။

အစာ လုံးလုံးမဖြတ်ဘဲ လျော့၍ စားသုံးသောသူတို့အနေဖြင့် ထမင်းဟင်း စသော အစားအစာများကို လုံးလုံးလျှောတ်၍ လိမ့်သီး၊ သပျက်သီး၊ ခရမ်းချဉ်သီး စသည်တို့၏ အရည်များနှင့် ဟင်းရွက်ဟင်းသီးအစိမ်းတို့၏ အရည်များကို ထောက်သုံးသင့်ပေသည်။ လိမ့်ရည် စသည်ကို တစ်နေ့တွင် ၂၅ကျပ်သားခန့် သောက်၍ ဟင်းရွက်ဟင်းသီးအရည် ၂၅ကျပ်သားလောက် သောက်လျှင် တော်သင့်လောက်ပေသားငါး။ ထမင်း စသည်တို့မှ ဖြစ်သော အာဟာရဓာတ်များမှာ ခန္ဓာကိုယ်ထဲတွင်-မြောက်မြားစွာ သိုလှောင်ထားနိုင်လေရာ အထက်ပါ အသီးအနုံတို့မှ ရသော အာဟာရဓာတ်များမှာမူကား ကိုယ်ခန္ဓာတွင် ခေါင်းပါးနေတတ်သောကြောင့် ၎င်းအာဟာရမျိုးကို မှီဝဲသော်လည်း လုံးဝ အစာရှောင်ခြင်းကဲ့သို့ပင် အကျိုးများနိုင်လေသည်။

လုံးဝ အစာရှောင်သောသူတို့အဖို့မှာ အစာရှောင်စဉ်ဆက် တစ်ဖန်ပြန်၍ အစာကောက်သောအခါတွင် သာ၍ အကျိုးလေသည်။ တစ်ဖန်ပြန်၍ အစာစားစအချိန်တွင် ထိုစာမျှ ပို၍စားလိုက်မိလျှင် ဘေးအန္တရာယ်ဖြစ်တတ်ကြောင်း သတိကြပ်ကြပ်ပြုသင့်၏။ ပထမ စားစဝင် ထမင်းသေးသည့် ပြင်းထန်သော အစားအစာမျိုးကို မစားဘဲ ဆန်ပြုတ်ဖန်ခွက်ကို တဖြည်းဖြည်းစုပ်ကာ အရသာခံသောက်ရမည်။ ၎င်းနောက် နှစ်နာရီကြာ၍ ဆာမွတ်လာသည့်အခါ ရေးနည်းအတိုင်း လိမ့်ရည်တစ်ခွက်ကို တဖြည်းဖြည်းသောက်ရမည်။

ဤနည်းအားဖြင့် နှစ်နာရီခန့်တွင် လိမ့်ရည်တစ်ခွက် သောက်၍ နောက်တစ်နေ့တွင် အစာစားလိုသော ဆန္ဒ ပြင်းစွာဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ၌ကား သမျှစ်သီးရည်၊ လိမ့်ရည်မှစ၍ မည်သည့် သစ်သီးရည်မျိုးမဆို အလိုရှိသလောက် ခပ်ဝဝသောက်နိုင်လေပြီ။

တတိယနေ့တွင်မူကား လိုက်နာရန် နည်းလမ်းနှစ်ခု ရှိ၏။ အစာရှောင်ထားသည့်အတွင်း လျော့သွားသော ကိုယ်အလေးချိန်ကို လျင်မြန်စွာ ပြန်၍ တိုးစေလိုလျှင် နွားနို့ကို နှစ်နာရီလျှင် ခွက်တစ်ဝက်၊ ၎င်းနောက် တစ်နာရီလျှင် ခွက်တစ်ဝက် စသည်ဖြင့် တဖြည်းဖြည်းတိုး၍ တိုက်ကျွေးရာသည်။ ဤနည်းအားဖြင့် နွားနို့ကို တဖြည်းဖြည်းတိုက်၍ တစ်နေ့လျှင် သုံးလေးပိဿာခန့် ကုန်လာမည်ဖြစ်ရာ ဤအတောအတွင်း၌ ထိုသူသည် တစ်နေ့လျှင် ပေါင်ချိန် နှစ်ပေါင်ထက်မနည်း တိုးလာပေလိမ့်မည်။ သို့သော် နွားနို့ကို ဝအောင် တိုက်ကျွေးနည်းသည် မြန်မြန်ခွန်အားပြည့်တင်းတတ်သော်လည်း နာစေး ချောင်ဆိုးခြင်း ဖြစ်တတ်လေသည်။

မည်သူမဆို နွားနို့ တစ်ခုတည်းဖြင့် ကြာရည်စွာ မနေနိုင်ရကား အလေးချိန် စေ့လာသည့်အခါတွင် အမြဲထာဝရ သုံးစားမည့် အာဟာရမျိုးသို့ ကူးပြောင်းကျွေးမွေးသင့်ပေသည်။ ထိုအချိန်သည်ကား မှားယွင်းလာခဲ့သော စားသုံးနည်းတို့ကို ပြုပြင်ပြောင်းလဲပေးရန် အကောင်းဆုံး အချိန်အခါပင်တည်း။

လျင်မြန်စွာ အလေးချိန်တိုးရန် အလိုမရှိသူတို့ အဖို့မူမူ အမြဲထာဝရစားသုံးသွားမည့် အစားအစာမျိုးကို နည်းနည်းချင်းပြန်ကောက်၍ တဖြည်းဖြည်းတိုး၍ စားသွားသင့်ပေသည်။ ဤအခါ၌ သား၊ ငါး စသည်တို့ကို လွန်မင်းစွာ အာသာမငန်းခဲ့လျှင် အလျဉ်းမစားဘဲ ဖြတ်ပစ်လိုက်နိုင်ကသာ၍ ကောင်း၏။ မည်သည့်နည်းနှင့်ဆို မှားယွင်းစွာ တွဲဖက်စားသုံးခြင်းကိုမူကား ရှောင်ကြဉ်နိုင်လောက်ပေပြီ။ အာဟာရဂုဏ်နှင့် အာဟာရသေတို့အကြောင်းကို ဖတ်ရှုခဲ့ပြီးဖြစ်၍ သင့်တော်အောင် ရွေးချယ်နည်းကို နားလည်သင့်ပေပြီ။ သင့်တော်သော အာဟာရဝိုကိုသာ စားသုံးမှုမှာ ထိုသူအပို၌ ခြီးခြီမှုန်းစာစ်ခု မဟုတ်တော့ဘဲ မိမိကိုယ်ကို မိမိဖျက်ဆီးမပစ်ရုံမျှသာ လိုပေတော့၏။

ဖျက်ဆီးသည် ဆိုခြင်း၏ အဓိပ္ပာယ်မှာ သေအရက်နှင့် ဘိန်းစွဲသောသူတို့သည် မွေးကတည်းက စွဲလာကြသည်လည်း မဟုတ်။ သောက်လျှင် သောက်ခြင်း ကောင်းသည်ထင်၍ စွဲသွားကြခြင်းလည်း မဟုတ်။ ပထမ၌ အပေါင်းအဖော်များ ပြုလုပ်သလို "အတူမြင် အတတ်သင်" ဟူသော သဘောမျိုးဖြင့် ရုံခဲမဲ့ခါ မျိုချပြီး တစ်ခါထက် တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com

"ယဉ်"သွား၍ မူးယစ်သော အရာသာ၌ နှစ်ခြိုက်လာခြင်းကို ကိုယ့်ကိုယ်ကို ဖျက်ဆီးသည်ဟု ဆိုရလေသည်။

သား၊ ငါးများ စားသုံးခြင်း၌ အာသာပြတ်သွားသောသူသည်လည်း တစ်ဖန်ပြန်၍ မိတ်မျိုခြင်းအားဖြင့် ကိုယ့်ကိုယ်ကို မဖျက်ဆီးသင့်ချေ။ မနေနိုင်သဖြင့် စားခြင်းဖြစ်ပါမူကား မုန်ကန်သောနည်းဖြင့် တွဲဖက်၍ စားရာ၏။ ထမင်းနှင့် ကား အဖက်မဟုတ်ချေ။ အာသာငမ်းလှလျှင် လက်ဖက်ရည်ကြမ်းနှင့် တစ်နပ်သတ်သတ်ဖြစ်စေ၊ ဟင်းသီးဟင်းရွက် အစိမ်းအပြုတ်တို့နှင့် ဖြစ်စေ စားသုံးရာ၏။

အစာဖြတ်ထားပြီးမှ ပြန်ကောက်သူတို့သည် နွားနို့ကို အားပြု၍ မိုဝဲ သုံးဆောင်သွားခဲ့လျှင် နာစေခြင်းနှင့် ဝမ်းချုပ်ခြင်းတို့ ဖြစ်တတ်ကြောင်းကို သတိချပ်အပ်၏။

မြေမှ ပေါက်၍ စားကောင်းသော ဟင်းသီးဟင်းရွက် အသီးအနှံတို့သည် သဘာဝဓမ္မက ဖန်တီး စီမံထားသော အစာအာဟာရမျိုးဖြစ်သဖြင့် တတ်နိုင်သမျှ အစိမ်းလိုက် စားသုံးသင့်၏။ ထိုသို့သော အာဟာရမျိုးဖြင့် စိတ်ကျေနပ်အောင် စားထားသော ဝမ်းဗိုက်သည် အကြော်၊ အချက်စသည့် ထူးထူးထွေထွေ စီမံထားသည့်အစာမျိုးကို အာသာတမ်းခြင်း မရှိနိုင်တော့ချေ။

အသို့မိတို့သည် သားသီးများအား ဤသို့ မပြုနှင့်၊ ဤသို့ မလုပ်နှင့်၊ ဤသို့ မကိုင်နှင့် စသော သြဝါဒမျိုးဖြင့် သွန်သင်ဆုံးမတတ်ကြ၏။ ဒုစရိုက် ၁၀ပါး၊ သုစရိုက် ၁၀ပါး ဟူ၍ ရှိသည့်အနက် သုစရိုက်မှုဟု ဆိုအပ်သော ပုညကရိယာ ၁၀ပါးတို့ကို အမြဲပြုလုပ်နေအောင် သင်ကြားပေးထားပါလျှင် ဒုစရိုက်မှုကို ပြုဖို့ အချိန်ပင် ရနိုင်တော့မည်မဟုတ်ချေ။ မလုပ်နှင့်၊ မပြုနှင့် စသည်ဖြင့် သင်ကြားထားသော ကလေးသူငယ်တို့သည် ကောင်းသည်ကိုသာ ပြုလုပ်ဖို့ သင်ကြားထားသော ကလေးသူငယ်တို့ကဲ့သို့ ကြီးပွားထွန်းကားခြင်း မရှိတတ်သည်ကို လက်တွေ့ ကြုံကြရမှုလေပြီ။

အစာအိမ်မှာလည်း ဤနည်းအတူပင်ဖြစ်၍ သင့်တင့်လျောက်ပတ်သော အစာတို့ဖြင့် ပြည့်အောင် ဖြည့်ထားလျှင် မသင့်တင့်သော အစာအာဟာရတို့ကို တမ်းတခြင်း မရှိနိုင်တော့ချေ။

အချုပ်အားဖြင့် မှတ်သားသင့်သော အချက်များမှာ မျှားစွာသော ချဉ်သီးတို့သည် အယ်လ်ကာလီဓာတ်ကို ကုန်ခန်းစေတတ်သောကြောင့် ရောင်ကြဉ်သင့်၏။ သို့သော် ရှောက်သီး၊ သဲပရာသီး၊ လိမ္မော်သီး၊ သပျစ်သီး၊ သစ်တော်သီး စသည်တို့မှာ အချဉ်ဓာတ်ပင် ပါရှိသော်လည်း သွေးထဲတွ စုအောင်းနေတတ်သော အချဉ်မျိုးမဟုတ်။ အပြင်သို့ ထွ ခွာသွားတတ်သော သတ္တိရှိသည့်အတွက်ကြောင့် ၎င်းတို့ မှကား စားသုံးသင့်လေသည်။ ထောပတ် ငှက်ပျော၊ ဘဂံလ ဆီးသီးခြောက် စသည်တို့ကား လူနှင့် မသင့်လျော်သော အက်စစ်ဓာတ်မျိုး ပါရှိသောကြောင့် မသင့်လျော်ချေ။ လိမ္မော သီး၊ ရှောက်ချိုသီး၊ ကမွလာသီး စသည်တို့ကိုမူကား အခွံ ခွာ၍ အမေးပါ စားနိုင်လျှင် သာ၍ကောင်း၏။

ခရမ်းချဉ်သီး၊ သခွားသီး၊ ဆလပ်ရွက် စသည်တို့ အစိမ်းလိုက် စားသင့်၏။ ဟင်းရွက် အမှုံးအညွှန့်များလည် အလွန်ကောင်းလှ၏။ မုန်လာထုပ်၊ မုန်လာဥ စသည်တို့ လည်း အစိမ်းလိုက် စားနိုင်အောင် လေ့ကျင့်သင်ပေးသည်

ပုန်းရည်၊ ရှလကာရည်၊ ငရုတ်ကောင်း၊ ငရုတ်သီ မဆလာ စသည်တို့သည် ရသာရုံကို ဖောက်ပြန်စေတတ် သောကြောင့် ရှောင်ကြဉ်ထိုက်၏။ ဟင်းသီးဟင်းရွက်တို့ ချက်၍စားလျှင် ခပ်ပေါ့ပေါ့စားတတ်အောင် လေ့ကျင့်ရာ လေးလေးစားတတ်သောအကျင့်သည် ကျန်းမာရေးအတွ မကောင်းလှချေ။

အစာဖြတ်၍ လေ့ကျင့်ထားသူတစ်ယောက်သည် အစာပြန်ကောက်သည့်အခါ ဟင်းသီးဟင်းရွက်နှင့် အသီး တို့၌ ဘယ်မျှလောက် မြိန်ယှက်ခြင်း ရှိသည်ကို အံ့သြဖွ တွေ့ရှိရပေလိမ့်မည်။ အပူ၊ အပစ်၊ အချဉ်၊ အငန် စသည် တို့၌ တပ်မက်စွဲလမ်းလာခဲ့ခြင်းများသည် ရသာရုံ ဖောက်ပြ မှုများ ဖြစ်ပေရာ အစာဖြတ်၍ အကျင့်ဖျက်ထားသောသူ ၌ ၎င်းတို့သည် အပိုသက်သက်ဖြစ်နေလေတော့၏။

ဤအညွှန်းအတိုင်း လိုက်နာ စားသောက်နေထိုင် တို့သည် (ကံတရားမှအပ) ပျင်းနေအောင် အသက်ရှည် မည် မှန်သော်လည်း၊ ထိုမျှလောက် ဇွဲကောင်းသူတို့မှာ အလွန်နည်းပါးပေလိမ့်မည်။

ထိုကဲ့သို့ မနေနိုင်မူ၍ ယခင်က ထုံးစံအတိုင်း ဆ ပြုတ် စားသောက်ခြင်းကို အလိုရှိကြပါမူ အရေးတ မှတ်သားထားဖို့ အချက်ကြီးနှစ်ခုရှိ၏။ ပထမအချက် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံတို့ကို အားပြု၍ စား ဖြစ်၏။ ဒုတိယအချက်မှာ ထမင်းကို သား၊ ငါး၊ နွားနို့တို့ လည်းကောင်း၊ ချဉ်သီးတို့နှင့် လည်းကောင်း၊ တွဲဖက် ယှက် စားသုံးခြင်းမှ ရှောင်ကြဉ်ရန်ပင် ဖြစ်ပေသတည်း

* * *

ဒေါ်ဥမ္မာ

www.burmeseclassic.com

www.burmeseclassic.com

"ရွှေကြေးစည်" ကျိုက်ထီးရိုး နေ့စဉ် ဘုရားဖူးခရီးစဉ်
မော်တော်ယာဉ်သည် လေကို ခွင်းလျက် တဝေါဝေါမြည်
အောင် ပြေးလွှားသွားသည်။ ရန်ကုန်မှ ထွက်ခွာလာသည့်
အချိန်က ည ၇နာရီ။ မြို့ရန်ကုန်သည် ပြီးပြီးပြက်ပြက်

မွန်ပြည်နယ် ဆံတော်ရှင် မြတ်စွာဘုရားရှင်ထံပါး သွားကြရအောင်

ခင်မောင်အေး (မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၀ ပြည့်နှစ်ဝန်းကျင်မှ ကျိုက်ထီးရိုးဘုရားမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

မည်းနက်သော ကတ္တရာလမ်းကြီးက တောကြီး မြေ ဟောက်တစ်ကောင်အလား ရှည်လျားစွာ ဝပ်စင်းနေသည်။ ပျင်းရိဖွယ်ရာ ခရီးစဉ်ဖြစ်သည့်တိုင် မြတ်စွာဘုရား၏ ဆံတော်မြတ်အား ပူးမြော်ရန် ရည်သန်ဆန္ဒမှန်ကြောင့် စိတ် အားထက်သန် အားမာန်အပြည့်ရှိနေကြသည်။ များမကြာမီ လင်းလက်လှသော မီးရောင်စုံများကြောင့် ထိန်ထိန်ညီးညီး ဝါဝင်းတောက်ပနေပေသည်။ ခဏချင်းမှာပင် **ရန်ကုန်**၏ မီး ရောင်စုံများ နောက်တွင် ကျန်ရစ်ခဲ့ပြီ။ ညအလင်းရောင်များ ရှိနေလင့်ကစား ဝန်းကျင်သည် မှောင်မိုက်၊ တိတ်ဆိတ်လျက် ရှိ၏။





www.burmeseclassic.com

www.burmeseclassic.com





ရွှေကြေးစည် မော်တော်ယာဉ်သည် ကျိုက်ထီးရိုးတောင်ခြေ ကင်မွန်းစခန်းသို့ ရောက်ရှိ ရပ်နားလိုက်၏။ ညသည် ရင့်လုပါပြီ။ အချိန်က ဘုရားပေါ်သို့ တက်ဖို့ အခြေအနေမပေးသေးပါ။ စားသောက်ဆိုင်များနှင့် တွဲ၍ဖွင့်ထားသော တည်းခိုခန်း တစ်ခုနှစ်ခုမှအပ ကျေနပ်ဖွယ်ရာ ဘာတစ်ခုမျှ မရှိ။

ဆံတော်ရှင် စေတီတော်မြတ်ဆီသို့ တက်ရောက်မည့် မော်တော်ယာဉ်များက၊ နံနက် ၆နာရီကျော်မှသာ ထွက်မည် ဖြစ်သဖြင့် ရွှေကြေးစည် မော်တော်ယာဉ်ကြီး ရပ်နားသည့် တည်းခိုခန်းတစ်ခုတွင် တစ်ညတာ အနားယူရန် စီစဉ်လိုက်ရ၏။ သက်သောင့်သက်သာ ရှိမည်ထင်ရသော ကျွန်တော်တို့ နားခိုဖို့ ရွေးချယ်လိုက်မိသည့် တည်းခိုခန်းနှင့် စားသောက်ဆိုင်က "ရင်ရင်ပြီး"။

အထုပ်အပိုးတွေကို ချပြီး အတွင်းဘက်မှ တန်းလျား ရှည်ကြီးပေါ်တွင် နေရာယူလိုက်ကြ၏။ တစ်ညတာလုံး မော်တော်ယာဉ်ပေါ်တွင် ထိုင်၍ လိုက်ပါလာကြရခြင်း ဖြစ်သဖြင့် ညောင်းညာကိုက်ခဲလျက် ရှိနေသည်။ သည်တစ်ခေါက် ခရီးစဉ်ကိုလည်း စီစဉ်ညွှန်ကြားသူက ဇာတ်ဆရာ ဗိုလ်ကြီး မောင်မောင်တင်ပင်။ သူ ပါဝင်ကြီးကြပ်စီစဉ်ပေးလျှင် အစစအရာရာ အဆင်ပြေသည်။ အထစ်အငေါ့ တစ်ခုတလေမျှ မကြုံတွေ့ရ။

သို့သော် သူက ဝါသနာတစ်မျိုးရှိနေသည်။ တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



တည်းမှာ နာရီဝက်ထက်ပို၍ ထိုင်မနေတတ်။ ခပ်ရိုင်းရိုင်း ပြောရပါမူ၊ ဖင်ပူအောင် မနေတတ်ခြင်းဖြစ်ပါသည်။ ယခု အခို[illegible]လည်း လင့်နေပြီ။ ညအိပ်ရန်ကလည်း အခိုန်မလုံလောက်သဖြင့် သူအိပ်ဖို့ မကြိုးစားတော့ဘဲ တောင်တက်လမ်းအတိုင်း လမ်းလျှောက်ထွက်သွားသည်။ တစ်စတစ်စနှင့် အရုဏ်၏ အလင်းရောင်ကလေး ပြူလာသည့်အချိန်ကျမှသာ ဇာတ်ဆရာ ပြန်ရောက်လာသည်။

တောင်တက်ကားများ၏ အသံတွေကလည်း ဆူဆူညံညံပေါ်ထွက်လာသည်။ ကျွန်တော်တို့က အထုပ်အပိုးများကို ပြင်နေကြချိန်မှာ ဆိုင်ရှင်က လေသံပျော့ပျော့ကလေးဖြင့် ဘုရားဖူးများကို သတိပေးသည်။

"နံနက်ဦးစာ ပူပူနွေးနွေး ဝယ်စားသွားကြဖို့လည်း မမေ့ကြပါနဲ့ဦးနော်။ အားလုံးကို ပြောတာပါရှင့်။ ဟော···ဟော···ဟို···ဘုရားဖူးဧည့်သည်စုံတွဲရှင့်၊ နံနက်ဦးစာ ဝယ်မစားသွားရင် တည်းခိုခန်း ညအိပ်တည်းခိုခတော့ ပေးသွားပါဦး"

ဧည့်သည်စုံတွဲ မျက်စိပျက် မျက်နှာပျက်နှင့် ကမန်းကတန်း ပြန်လှည့်လာကြရပြီး ရုက်ကိုးရုက်ကန်းဖြင့် စားပွဲတစ်ခုမှာ ဝင်ထိုင်ကာ ထမင်းကြော်နှစ်ပွဲ မှာလိုက်ရ၏။

ကျွန်တော်တို့၏ ဇာတ်ဆရာက တော်တော်နပ်သည်။ စားပွဲလွတ်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်ပြီး ထမင်းကြော်



www.burmeseclassic.com

www.burmeseclassic.com

သုံးပွဲမှာလိုက်၏။ အထုပ်အဝိုးများ သိမ်းဆည်းပြီး အဆင်သင့်ဖြစ်နေကြသော ကျွန်တော်တို့နှစ်ဦးအတွက်ပါ မှာလိုက်ခြင်းဖြစ်၏။ မကြာမီ မှာထားသည့် ထမင်းကြော်များ စားပွဲပေါ်သို့ ရောက်လာသည်။ ထမင်းကြော်က အေးစက်စက်၊ ပဲပြုတ်က တစ်စေ့ နှစ်စေ့။ အဆိုတော်ကြီး ဒေါ်မာမာအေးကို ချက်ချင်း သတိရသွားမိသည်။ ကန်တော့ပါ ဒေါ်မာမာအေး ခင်ဗျာ။ ဇာတ်ဆရာ ရှူးရှူးရဲရဲဖြစ်သွားသည်။

"ကိုရွှေမောင်...သတိထား၊ သတိထားပါ။ တောင်ပေါ်တက်မယ့် ကားတွေ လာတော့မယ်"

သည်တော့မှ ဇာတ်ဆရာ ငြိမ်သွား၏။

♦♦♦

နံနက် ၆နာရီထိုးသည့်အခါ အချိန်မှန်ကန်စွာပင် တောင်တက်ကားလေးစီး ဝေါခနဲ ဝေါခနဲ ထိုးဆိုက်လာသည်။ အစီအစဉ်တကျ မော်တော်ယာဉ်များပေါ်သို့ တက်လိုက်ကြရသည်။

ကားခေါင်းခန်းကို ဝယ်ယူ လက်မှတ်ဖြတ်ထားခဲ့သဖြင့် သက်သောင့်သက်သာ လိုက်ပါသွားနိုင်ခဲ့၏။ တောင်တက်ခရီးကား ယခင်ကပင် အတွေ့အကြုံရရှိခဲ့ပြီးဖြစ်သော်လည်း ရင်တုန်မနိုးတုန်ဖြစ်မိပါပဲ။ တစ်ဆစ်ချိုးကွေ့များတွင် မော်တော်ယာဉ်က ပို၍စောင်းသွားသည်ဖြစ်ရာ သည်းထိတ်ရင်ဖို ပို၍ဖြစ်ရ၏။ ရသေ့တောင်သို့ ရောက်ပါပြီ။ ယခင်အခေါက်က

www.burmeseclassic.com

www.burmeseclassic.com

ရသေ့တောင်တွင် မော်တော်ယာဉ်ရပ်နားလျက် တောင်ဘက်ကားကို တစ်ကြိမ် ထပ်မံစီးကြရ၏။ ယခုမူ တော်တော်ကြီးပင် အဆင်ပြေသွားပြီ။ မော်တော်ယာဉ်က တောင်ပေါ်သို့ ဆောက်လျှောက်တက်သွားသည်။ ရင်ပြင်တော်ခြေရင်းသို့ ကိုင်အောင်ပင်ဖြစ်၏။

ကျောက်သမ္မန်စေတီတော်ကို ကျော်လာသည့်အခါ ချွန်းကျင်နတ်နန်းသို့ ရောက်ရှိလာသည်။ ချွန်းကျင်၏ ရုပ်အလောင်းကို ဝမ်းပန်းတနည်း ကြည့်ရှုနေကြသည့် ဖိုးဘော်လွတ်နှင့် ဦးပန်းတင်တို့၏ ရုပ်တုများကား အသက်ဝင်ပါသည်။ အမိ နန်းကြာဟဲ ပူဆွေးသောကဖြစ်နေသည်ပင် ကြေကွဲဖွယ်ရာဖြစ်သည်။ ချွန်းကျင်အား ကိုက်သတ်သွားသည့် ဟင်းမျိုးကျား၏ မာန်သွင်းလျက် ဟိန်းလိုက်သံကိုပင် ပေါင်းလောင်းတောင်တန်းထက်မှ ကြားလိုက်ရသယောင်ယောင်။

ရင်ပြင်တော်ထက်သို့ ခြေချမိသည်နှင့် သပ္ပာယ်ကြည်ဖြူဖွယ်ရာ ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်လှသော ကျိုက်ထီးရိုး ဆဲတော်ရှင် စေတီတော်ကို ဖူးမြော်လိုက်ရ၏။ အပြစ်တစ်သောင်းအထိ ဖူးမြော်ရသည့်တိုင်အောင် ဖူးမြော်ရ ကြည်ညိုရ၍ မဆုံး။ စေတီတော်အား ပူဇော်ထားသည့် ဆောင်အလင်းတိုင်များ၊ နံ့သာတိုင်များ၏ မီးညွှန့် မီးစွယ်များအပြင် မြတ်စွာဘုရားရှင်ကို ကန်တော့နေသည့်နယ်ပင်။ ဘုရားရှင်ကို ပူဇော်ထားသော ကန်တော့ပွဲများကို စင်အဆင့်အဖြစ် တင်လျှ ပူဇော်ထားသည်။ ထိခြင်းငါးပါးဖြင့် ဆဲတော်ရှေ့တော်အား ဝပ်တွားပူဇော် ဖူးမြော်ကန်တော့ပြီးနောက် ရင်ပြင်တော်တစ်လျှောက်သွားရောက်၍ တည်ခိုရန် နေရာရှာကြ၏။

ဥတုက ပူလောင်နေသည်။ ဟို ရှေးယခင်ကဆိုလျှင် ဆဲတော်၏ ရင်ပြင်တော်ပေါ်မှာ ဘုရားရိပ်ကြောင့် တစ်ကြောင်း တောတောင်လျှိုမြောင်တို့၏ ပိတ်ဆီးမှုကြောင့် တစ်ကြောင်း အစဉ်ထာဝရ အေးမြနေတတ်သည်။ ယခုမူ စေတီတော်ဝန်းကျင်တစ်ခွင်တွင် တိုက်တာအဆောက်အအုံများ၊ တည်ခိုခန်းနှင့် ဟိုတယ်များ တင်းကျပ်ပြည့်နေသည်။ အရိပ်အာဝါသပင် မရှိ။ သဘာဝအနေအထားများ ပျောက်ကွယ်နေပြီ။ ရင်ပြင်တော်ပေါ်မှာ စေးဆိုင်တန်းများ၊ စားသောက်ဆိုင်များက ခြေချစရာ နေရာပင် မရှိလောက်အောင် နေရာယူထားကြ၏။ အမှိုက်များ မီးရှို့ထားသဖြင့် တောင်တစ်တောင်လုံး ညှော်နံ့တွေ ဖုံးလွှမ်းရှိနေလေသည်။

လမ်းလျှောက် စေးသည်များကလည်း ဥဒဟို။ ရင်ပြင်တော်အဆင်း စေးဆိုင်တန်းများအရှေ့ ကြွေပြားခင်းလမ်းပေါ်မှာ သုနက္ခတစ်ကောင် အေးအေးလူလူ အိပ်စက်နေသည်။ ဇာတ်ဆရာက အရှေ့မှသည် အနောက်၊ အနောက်မှသည် အရှေ့ ပြေးလွှားကာ တည်ခိုခန်းရှာနေသည်။

"လာကြ...လာကြ၊ တည်ခိုခန်းတွေ့ပြီ၊ သွားကြရအောင်"

ဇာတ်ဆရာနောက်သို့ လိုက်သွားကြပြီး တည်ခိုခန်းသို့ ရောက်၏။ "ရိုးရိုးလေးဟိုတယ်" ဖြစ်သည်။ တစ်ခန်းကို နှစ်ယောက်တည်းနိုင်သည်။ ကျွန်တော်တို့က သုံးယောက်မို့ နှစ်ခန်းယူရ၏။ တစ်ညလျှင် ကျပ်သုံးသောင်းကျသည်။ ဘုရားဖူးများသည့်အချိန်များတွင် နှစ်ဆခန့်အထိ စျေးတက်သည်။ ဆဲတော်ရှင်ကို အလွန်တရာ ဖူးမြော်လိုသော အာသီသကြောင့် ငွေကို အရေးမထားနိုင်။ ခရီးကလည်း ပန်းလာသဖြင့် တစ်ညတာ တည်ခိုရတော့မည့်အခန်းသို့ ဝင်ရောက်လျက် ခြေပစ်လက်ပစ် နားနေလိုက်ရသည်။

ဆဲတော်ရှင်၏ ညှစ်ယဉ်သည် အတိုင်းမသိ သာယာလှ၏။ စေတီတော်၏ ထီးတော်မှ ဆည်းလည်းသံကလေးများက ဓမ္မတေးများ တီးခတ်နေသည်။ ဆွတ်ပျံ့ကြည်နူးစဖွယ် သာယာလှပါသည်။ ထွန်းညှိ ပူဇော်ထားသော လျှပ်စစ်မီးရောင်စုံများ၊ အလင်းတိုင်များ၏ ရောင်ပြန်ကြောင့် ဝန်းကျင်သည် ပြိုးပြက်လင်းလက် ရှိနေလေသည်။ အပြာရောင်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ထက်တွင်မူ အနှိုင်းမဲ့ တုဘက်ကင်းပြိုင် ယှဉ်ပိုင်ရန်မပင် မတွေးသင့်သည့် အသရေတင်တယ် ကြည့်ညှိုးဖွယ်ရာ တန်ခိုးတေဇော် ကြီးမားတော်မူလှသည့် ဆံတော်ရှင် စေတီတော်မြတ်အား ရွှေစင်ရွှေသားဖြင့် ထုဆစ်ထားသည့်နယ် ဖူးမြင်ရသည်။ တိသရသေ့ကြီး၏ ဦးခေါင်းသဏ္ဌာန် ကျောက်တုံးကြီးထက်တွင် အဝ ၆လက်မ၊ အနက် ၂တောင် တစ်မိုက်ရှိသည့် ဌာပနာတိုက်တွင် ရတနာမြတ်ဆယ် ထည့်သွင်းပူဇော်လျက် ရတနာအုတ်တို့ဖြင့် တည်ထားသော ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်ကို အားပါးတရ ဝတ်ပြုကန်တော့သည်။ ပြီးနောက် ဂုဏ်တော်ကိုးပါး ပုတီးကိုးပတ် စိပ်၍ ပူဇော်ပါသည်။

သည်နောက် ဝေနေယျ သတ္တဝါအားလုံးတို့ကို အမျှဝေလျက် မေတ္တာပို့ခဲ့ပြီး ကျိုက်ထီးရိုး ဘိုးဘိုးကြီး မဟာဏ္ဍသိဒေဝ နတ်မင်းကြီးကို ပူဇော်ကန်တော့သည်။ ယင်း နတ်မင်းကြီးကို သိကြားမင်းကိုယ်တိုင် တောင်တော်ကို စောင့်ရှောက်ရန် တာဝန်ပေးထားခဲ့သည်ဖြစ်၍ မမေ့မလျော့ ကန်တော့ခြင်းပင်။ စေတီတော်ရှိရာ တောင်တော်၏ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်တွင် မုဆိုးတောင်ရှိပါသည်။ ခရီးက အမြင်နီးသော်လည်း ဝေးလုပါသည်။ ယခုအသက်အရွယ် နှင့်မူ တောင်ပေါ်တက်ရန် မဆိုထားနှင့်၊ တောင်အောက်ဆင်းဖို့ပင် အနိုင်နိုင်။

သားကောင်များ ပစ်ခတ် သတ်ဖြတ်နေခဲ့သည့် မုဆိုးကြီးသည် ကျွတ်ခိုန်တန်သောအခါ၌ ပစ်ခတ်ရရှိထားသော တောကောင်က မျက်စိအောက်မှာပင် မရွှမလှ ဝေဒနာခံစားလျက် ပင်ပန်းဆင်းရဲစွာ သေဆုံးသွားခဲ့ရသည်။ ဤမြင်ကွင်းကပင် မုဆိုးကြီးအား သံဝေဂ ကြီးစွာရရှိစေခဲ့၏။ ကိုင်ထားသော လေးနှင့် မြားကို စွန့်ပစ်ကာ တိသရသေ့ကြီးထံသို့ သွားရောက်လျက် ဘိုးသူတော်လုပ်ပြီး သီတင်းသီလဆောက်တည်နေလေသည်။ တိသရသေ့ကြီး ကွယ်လွန်သည်တွင် အရိုးအိုးစေတီတစ်ဆူကို တည်ထားလေသည်။ ရုပ်ပွားတော်တစ်ဆူကိုလည်း တည်ထားသည်။ ယင်းအပြင် တန်ဆောင်းငယ်တစ်ဆောင် ဆောက်လုပ်ထားခဲ့ပြီး ထိုတန်ဆောင်းနေရာ၌ပင် ရသေ့ကြီး၏ အလောင်းကို သင်္ဂြိုဟ်သည် ရသေ့တောင်နှင့် ကျိုက်ထီးရိုးစေတီတော်အကြားတွင် တောင်ကုန်းကလေးတစ်ခုရှိရာ စေတီတော်တစ်ဆူတည်ထားသည်။ "ဆုတောင်းပြည့်စေတီ" ဟု ခေါ်ကြ၏။ ဆုတောင်းတိုင်းပင် ပြည့်ကြသည်ဟု အများဆိုကြသည်။

တောင်တော်တစ်ခွင်အနှံ့ လှည့်ပတ်ကြည့်လိုသည်ဆန္ဒက မည်သို့ပင် ရှိပြား၊ စိတ်ကသာ သွားပြီး လူက မလိုက်နိုင်တော့။ အသက်က စကားပြောနေပြီ မဟုတ်ပါလား။ ၈၂နှစ်ဟူသောအရွယ်မှာ ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်လျက် ဆံတော်ရှင်အား ဖူးမြော်နိုင်သည်မှာ အင်မတန်ကံထူးသည်ဟု ပြောရမှာပင်ဖြစ်သည်။ သုံးလူထွတ်တင် မြတ်စွာဘုရားရှင်၏ အနှိုင်းမဲ့ တန်ခိုးတော်ကြောင့်ပါ မဟုတ်လား။

နေမွန်းတည့်ပြီမို့ ထက်ကောင်းကင်တစ်ခွင် ကြည်လင်သာယာလှ၏။ ရင်တွင်းဆန္ဒများလည်း ပြည့်ဝသွားခဲ့ပါပြီ။ တောင်အောက်သို့ ကျွန်တော်တို့ ပြန်ဆင်းလာကြသည့်အခိုက်မှာ ကျောနပ်ပိတိများ လှုပ်းလှုပ်းထလျက်။ ဆံတော်ရှင်ထံ ကျွန်တော်တောင်းခဲ့သော ဆုသည်ကား နောက်နှစ် တစ်ကြိမ် ထပ်မံလာရောက် ဖူးမြော်နိုင်ခွင့်ကြုံပါစေသား။

* * *

ဒေါ်ခမောင်ဆား(မန္တလေး)

ကျမ်းကိုး

- ကျိုက်ထီးရိုးဘုရားသမိုင်းသစ်၊
- ကိုယ်တိုင်ရေးဖက်ရှိလေ့လာတွေ့ရှိချက်၊

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ရာဇဝင်ကြယ် စာအုပ်စင်

သုတအံ့

ဒီပဲယင်း မောင်နိုး



ရောမြစ်စဉ်တစ်လွှားက . . .

ဆရာ ဒီပဲယင်း မောင်နိုး ရေးသားသည့် "ရောမြစ်စဉ်တစ်လွှားက ဒီမိုကရေစီတောလား"မှာ ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

နိုင်ငံရေး လူမှုရေး စီးပွားရေးများကို အကွက်ကျကျ ချိတ်ဆက်ရေးသားထား၏။ ယနေ့မျက်မှောက်ခေတ်၏ နိုင်ငံရေးအခင်းအကျင်းများကို အကဲခတ်ခွင့်ရရှိမည်ဖြစ်သည်။

"ဒီမိုကရေစီရေးနှင့် လူအခွင့်အရေးကိစ္စတို့တွင် ဒေါ်အောင်ဆန်းစုကြည်၏ နှစ်ပေါင်းများစွာ ရဲစွမ်းသတ္တိပြည့်ဝမှု၊ ဆုံးဖြတ်ချက် ခိုင်မာမှုနှင့် ပုဂ္ဂိုလ်ရေး စွန့်လွှတ် စွန့်စားမှု အစရှိသည်တို့အပေါ် မိမိအနေဖြင့် များစွာနှစ်သက်မိပါသည်"ဟု ဆိုသော သမ္မတဘားရက်(စ်)အိုဘားမား၏စကားကို စာရေးသူက နောက်ကျောဖုံးတွင် ကောက်နတ်ဖော်ပြပေးထား၏။

- **စာပေတိုက်** - အရှေ့ဘက် မိုးကောင်းကင် စာပေ
- **မျက်နှာဖုံးဒီဇိုင်း** - မိုးနေ
- **ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဩဂုတ်လ၊ ပထမအကြိမ်။
- **အုပ်ရေ** - ၅၀၀
- **တန်ဖိုး** - ၁၅၀၀ ကျပ်။

အငြိမ်းစား ထောင်အရာရှိတစ်ဦး

၈.၈.၈.၈ နှင့် အကျဉ်းထောင်ပုရိပ်များ . . .

နရသိန်မဂ္ဂဇင်းတွင် ရေးသားခဲ့သော "အငြိမ်းစား ထောင်အရာရှိတစ်ဦး"၏ ထောင်ကိုယ်တွေ့ ဆောင်းပါးများကို ရှုစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ ငွေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ Union Publishing House မှ စီစဉ်ထုတ်ဝေသည်။

၁၉၇၈၊ ဩဂုတ်လ(၈.၈.၈၈)မတိုင်ခင် မြန်မာနိုင်ငံရေးအလှုပ်အခတ်တွင် ငွေစက္ကူသိမ်းခြင်း၊ RIT ကျောင်းသား ကိုဖုန်းမော် ကျဆုံးခြင်း၊ မတ်လ တံတားနီအရေးအခင်း၊ ရန်ကုန်တက္ကသိုလ်-ဒွန်ကျောင်းသားလှုပ်ရှားမှုများတွင် ဖမ်းဆီးခံရသူများ၏ ထောင်တွင်းအခြေအနေ၊ တစ်ပါတီအာဏာရှင် ဥက္ကဋ္ဌကြီး ဦးနေဝင်း နှတ်ထွက်ပြီးနောက် ဦးစိန်လွင်၊ ဒေါက်တာ မောင်မောင်တို့ ဆင့်ကဲ တာဝန်ယူကြသော ကာလ၊ ရှုစ်လေးလုံးကာလများ၊ ပြီးနောက် စစ်တပ် အာဏာသိမ်းပြီး ကာလများအထိ အင်းစိန်ထောင်အတွင်း ဖြစ်ပျက်ခဲ့သည်များကို အတွင်းကျကျ ပွင့်ပွင့်လင်းလင်း ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ရှုစ်လေးလုံးကို ကိုယ်တိုင်ဖြတ်သန်းဖူးသူများ၊ ကြားဖူးနားဝသော သိထားသော လူငယ်များအတွက် သိသင့်၊ သိထိုက်သော အချက်အလက်များစွာ ပါဝင်နေ၏။

- **စာပေတိုက်** - Union Publishing House
- **မျက်နှာဖုံးပန်းချီ** - မောင်မြင့်ဌေး
- **ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဩဂုတ်၊ ပထမအကြိမ်။
- **အုပ်ရေ** - ၅၀၀
- **တန်ဖိုး** - ၁၅၀၀ ကျပ်။

www.burmeseclassic.com

www.burmeseclassic.com

ဘဒ္ဒန္တသောနက

ကိုယ်တိုင်ရေး တစ်ဘဝခရီးစဉ်

ဆရာတော် ဘဒ္ဒန္တသောနက ကိုယ်တိုင်ရေးသားသော "ကိုယ်တိုင်ရေး တစ်ဘဝခရီးစဉ်" စာအုပ် ထွက်ရှိလာသည်။ ဆရာတော်မှာ ကြိုပင်ကောက်မြို့ ဟောဓိရိပ်သာကျောင်းတိုက်၊ ပဓာန နာယက ဆရာတော်ကြီးဖြစ်သလို၊ နိုင်ငံတော် ဩဝါဒါစရိယ ကမ္ဘာ့ငြိမ်းချမ်းရေး ဓမ္မဒူတ(U.S.A, India)ဘွဲ့ရ ဆရာတော်ကြီးဖြစ်သည်။

ဆရာတော်သည် ဤစာအုပ်ကို သက်တော် ၄၅ နှစ်၊ ဝါတော် ၂၅ ဝါအရွယ်မှာ ရေးသားခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် မထုတ်ဝေဖြစ်ပေ။ သက်တော် ၈၀ ပြည့်ပြီးနောက် စာမူကို ပြန်လည်ရှာဖွေတွေ့ရှိပြီး ဆင်ဖြူကျွန်း ကျော်နိုင်ဦးက စီစဉ်ပူတော် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ဆရာတော်တစ်ပါး၏ ကိုယ်တိုင်ရေး တစ်ဘဝခရီးစဉ်အကြောင်းကို စာဖတ်သူများ လေ့လာဖတ်ရှုသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

စာပေတိုက် - ကုသလဝိဃာမ စာပေ
မျက်နှာဖုံးဒီဇိုင်း - နေဝင်းအောင်
ပုံနှိပ်ခြင်း - ၂၀၁၃၊ မတ်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ကျပ်။

ဦးခင်မောင်ချို

မေတ္တာသည်သာနှင့် . . .

ဆရာ ဦးခင်မောင်ချို(ဓမ္မာစရိယ၊ ဘီ-အေ၏ ပြင်သစ် ဒီပလိုမာ) ရေးသားသော ဓမ္မရသဆောင်းပါးများဖြစ်သည်။

မဂ္ဂင်းစာစောအသီးသီးတွင် စာရေးသူ ရေးသားခဲ့သော ဓမ္မရသဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

"လောကတွင် မေတ္တာသည်သာ အဓိကဖြစ်၍ အမြတ်ဆုံးလည်း ဖြစ်သည်။ မေတ္တာကို ပိုင်ဆိုင်သော မေတ္တာရှင်ဖြစ်ရန် သွားနေစဉ်၊ ထိုင်နေစဉ်၊ လျောင်းနေစဉ်၊ အလုပ်လုပ်နေစဉ်၊ အိပ်နေစဉ်တွင် မေတ္တာတရားပွားများနေသင့်ပါကြောင်း"

ဟု "မေတ္တာသည်သာ ဆောင်းပါး"နောက်ဆုံး၌ စာရေးသူက ဆိုထားသည်။

ဤစာအုပ်တွင် မေတ္တာတရားသည်သာမက၊ မြတ်ဗုဒ္ဓ၏ အဆုံးအမများ၊ ဘဝနေနည်းများ၊ ဆရာတော်ကြီးများအကြောင်း၊ ဘုရားသမိုင်းများနှင့်အတူ လူပုဂ္ဂိုလ်တို့အကြောင်းများကို စုံအောင် ရေးသားထား၏။

စာပေတိုက် - အရှေ့ဘက် ကောင်းကင်စာပေ
မျက်နှာဖုံးဒီဇိုင်း - မိုးနေ
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇူလိုင်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၀၀၀ ကျပ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

မဝိလာဗျူဟာအသင်းချုပ်ရှိ ရုပ်တွားတော်
အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

အသက်ရှည်စေ.....

ရာကျော် ဘိုးဘွားတို့ လိုနေ

(ညီအောင်ပြည့်)



မင်္ဂလာဗျူဟာ ဟရဟိတအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးမင်းဆွေရဲ့ ဖိတ်ကြားမှုကြောင့် စာရေးသူသည် (၂၂-၆-၂၀၁၃)၊ စနေနေ့ မွန်းလွဲ တစ်နာရီမှာ မင်္ဂလာဗျူဟာအသင်းချုပ်

တည်ရှိရာ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ရောက်ခဲ့ပါတယ်။ အကြောင်းရင်းက အလှူပွဲလေးတစ်ခုပါ။ အမြင့်မြတ်ဆုံး အလှူလို့ ပြောရမှာပါ။ မင်္ဂလာဗျူဟာ တည်

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်လှစ်ကြောင်း ကြေညာပြီးတာနဲ့ မင်္ဂလာဗျူဟာ ပရဟိတ အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးမင်းဆွေက မြန်မာတစ်ပြည်လုံး မှာရှိတဲ့ လူမျိုးမရွေး ဘာသာမရွေး အသက်ရာကျော် အဘိုး အဘွားစာရင်းများကို သတင်းစာ၊ ဂျာနယ်တွေ၊ သက်ဆိုင် ရာ မြို့နယ်တွေမှာ အကြောင်းကြား စာရင်းတောင်းခံခဲ့ရ ကြောင်း၊ ရောက်ရှိလာတဲ့ အသက်ရာကျော် အဘိုးအဘွား တို့ရဲ့ စာရင်းကို မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ဝင်များက အသေအချာစီစစ်ပြီး စာရင်းပြုစုရကြောင်း၊ သက်ရှိထင်ရှား ရပ်ကွက်တွင်း နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများ



ဆောင်ခြင်း ၁၆နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နဝမအကြိမ် မြောက် အသက်ရာကျော် အဘိုးအဘွားများကို ပူဇော် ကန်တော့ပွဲအခမ်းအနားဖြစ်ပါတယ်။

စာရေးသူအနေနဲ့ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးမင်းဆွေကို ရောက်ရှိကြောင်း သတင်းပို့ပြီးတာ နဲ့ မင်္ဂလာဗျူဟာအသင်းချုပ် ခန်းမအတွင်းရှိ ရုပ်ပွားတော် အား ပူဇော်ဦးတိုက်ရင်း ရုပ်ပွားတော်ကို အမှတ်တရဓာတ်ပုံ ရိုက်လိုက်ပါတယ်။ ခုနစ်ရက်သားသမီးတွေအတွက်လည်း မမှဒါနလှူချင်တဲ့ ဆန္ဒက ပေါ်ပေါက်လာလို့ပါပဲ။

မှ ထောက်ခံစာ ပါရှိပါတယ်။ ဓာတ်ပုံနဲ့ နေထိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်ကအစ တောင်းခံရ ကြောင်း၊ ပြည်ပမှ အလှူရှင်များ ပေးပို့သော အလှူငွေများ ကိုလည်း လက်ခံရကြောင်း။ ပြည်တွင်းမှာ ရှိတဲ့ အလှူရှင် များကလည်း အလှူငွေ၊ အဘိုးအဘွားများအတွက် ဆေးဝါး ပစ္စည်းအသုံးအဆောင်များကိုလည်း စနစ်တကျ စီစစ်ပြီး အဘိုးအဘွားများထံ လက်ဝယ်အပ်နှံ ကန်တော့ရန် ကြိုးပမ်းခဲ့ရကြောင်း။ အဘိုးအဘွားတစ်ဦးစီကို မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့အနေဖြင့် ငွေကျပ် ၅သောင်းစီ၊ စွယ်စုံမီဒီယာ' ဂရုမှ ငွေကျပ် ၁သိန်းစီ လှူဒါန်းမှာ ဖြစ်ကြောင်းနှင့် အခြား

အခမ်းအနားမှူးမှ ကန်တော့ခံ အဘိုးအဘွားများ ဆေးလင်းရောက်ရှိကြောင်း၊ အခမ်းအနား စတင်လိုကြောင်း၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ၊ အဘိုးအဘွားများရဲ့ မိသားစု များ၊ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာနယ်ဇင်းသမား များ နေရာယူပေးကြပါရန် ဖိတ်မန္တ္တကပြုခြင်းကြောင့် စာရေး သူလည်း နေရာယူလိုက်ပါတယ်။

အခမ်းအနားကို အစီစဉ် (၆)ရပ်နဲ့ ဆောင်ရွက်မယ် ကြောင်း နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com



အနားကို တက်ရောက်လာကြတဲ့ အဘိုး ၁၁ဦး၊ အဘွား ၁၆ဦးနှင့် တရင်းတနှီး စကားပြောဖြစ်ခဲ့ပါတယ်။ တကယ်တော့ အသက်ရာကျော် အဘိုးအဘွား ၁၂၀ဦး ရှိပေမယ့် ဒီအခမ်းအနားကိုတော့ ၂၆ဦးသာ တက်ရောက်နိုင်ခဲ့ကြပါတယ်။ ဒီအထဲမှာ အသက် ၁၂၁နှစ်အရွယ်ရှိ အဘွား ရှိတယ်။ ဆိတ်သားကို စားသုံးသလို၊ ကန်စွန်းရွက်ကိုလည်း ကြိုက်ကြောင်း ပြောကြားပါတယ်။ ဘာသာရေးအတွက် ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းကို သွားရောက်ပါတယ်။ ရန်ကုန်တိုင်း၊ သုံးခွပြိုနယ်၊ အိသာယျကျေးရွာမှာ နေထိုင်ကြ ဖြစ်ပြီး စာရေးသူကိုလည်း အိမ်ကို အလည်ခေါ်ဖို့ ဖိတ်ခေ

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

သာကေတမြို့နယ်၊ အမှတ် (၄-မြောက်ရပ်ကွက်)၊ မြို့မ (၁၁)လမ်း၊ အိမ်အမှတ် (၃၁၉)မှာ နေတဲ့ အဘွား ဒေါ်သင်းကြူကို မေးကြည့်လိုက်တော့ အဘွားကိုယ်တိုင် ရေချိုးရမှ၊ ကိုယ်တိုင် အဝတ်လျှော်ရမှ၊ ကိုယ်တိုင် စျေးဝယ်ရမှ ကျေနပ်ကြောင်း ပြောကြားပါတယ်။ အစားအသောက် အနေနဲ့ကတော့ အားလုံးစားနိုင်ကြောင်းနှင့် ဘာသာရေးကိုတော့ မနက်-ည ပဌာန်းဇေယျာတော်ကို ရွတ်ဖတ်ပူဇော်



ကြောင်း ပြောပြသွားပါတယ်။

အသက် ၁၀၃နှစ်ရှိပြီဖြစ်တဲ့ ဒေါ်သီလကတော့ သူ့အမြီးသားမှာ ကျော်ကီသမားဖြစ်တဲ့အတွက် သူကပါ မြင်းစီးသင်ယူပါပြီး အခုချိန်ထိ မြင်းကို စီးနေတုန်းပဲလို့ ဆိုတယ်။ ဟင်းသား၊ အမဲသား လုံးဝ မစားပါဘူး။ သားသမီး ၅ယောက် ဆွေးနွေးကားပါတယ်။

မုခဲမြို့၊ မြို့မ (၄)၊ အခွန်လွတ်စျေး (၂)လမ်းမှာ နေတဲ့ အဘိုး ဦးတိုက်ကတော့ အသက် ၁၀၁ နှစ်ရှိပြီဖြစ်တယ်။ အမှန်တကယ်မှာ အသက် ၁၀၆နှစ် ရှိရမှာဖြစ်ပေမယ့် မှတ်ပုံတင်လုပ်စဉ်က အလွဲအချော်ဖြစ်လို့ ၁၀၁ နှစ်ပဲ ယူလို့ရတယ်။ သားသမီး ၄ယောက်ရှိပြီး အသီးအနှံ

ကို အဓိကထား စားတယ်။ အသားထဲမှာတော့ ကြက်သားကို ကြိုက်တယ်။ ဘာသာရေးအနေနဲ့ ဥပုသ်သီတင်းပတ်တိုင်း သီလယူပြီး စောင့်ထိန်းဖြစ်တယ်။

တောင်ဥက္ကလာပ၊ စွန်းလွန်းဂူ သာသနာ့ဝိုင်းသာကျောင်းမှာ သီတင်းသုံးတော်မူတဲ့ ဆရာကြီး ဒေါက်ကန္ဒမာလာဘိလင်္ကာရသာကြီးဦးကြီးကို လုံးဝ ရောင်ကြဉ်ပြီး အရွက်များများသာစားသုံးလေ့ရှိတယ်။ ဆန်ပြုတ်များများသောက်ဖြစ်ပြီး အသက် ၆၀အရွယ်ကတည်းက သီလရှင်ဘဝနဲ့ သာသနာပြုနေသူဖြစ်

တယ်။ သားသမီး ၆ယောက်မွေးဖွားပေးခဲ့ပြီး အခုပါလာတဲ့ အဖော်ဆရာလေးမှာ စတုတ္ထသမီးဖြစ်ကြောင်း ပြောပြပါတယ်။

စာရေးသူအနေနဲ့ အသက်ရာကျော် အဘိုးအဘွားတို့နှင့် စကားလက်ဆုံကျရသည့်အတွက် များစွာပီတိဖြစ်မိပါတယ်။ ကိုယ်တိုင်ကလည်း အဘိုးအဘွားတွေလို အသက်ရာကျော်ရှည်ချင်တယ်။ ဒီစိတ်နဲ့ပဲ စာဖတ်သူအပေါင်းကို ပြန်လည်မျှဝေခြင်းဖြစ်ပါတော့တယ်။

* * *

ညီဒေဘာဒေါ်ခြည်

www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ - အလှူမှန်သမျှတွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

(မဟာသုတကာရီ မယဒေဝလက်ဘသစ် ဆင္ဒမဝိုင်း (၂)၊ နိမိရာဇစရိယခန်း အဝိဒ်(၅၀၇) စာမျက်နှာ (၄၀၆)နှင့် ဓမ္မပဒတွင် ပါရှိသော "သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ" အလုံးစုံသော ဒါနတို့တွင် ဓမ္မဒါနသည် သာလျှင် အမြတ်ဆုံးဖြစ်သည်ဟု ဆိုသည့်အတိုင်း)...

စကြဝဠာ တစ်တိုက်လုံး မြဟ္မာပြည်အထိ အပြည့်အကျပ်ရှိနေသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်သူမြတ်တို့ကို တစ်ပါးလျှင် သက်နှံးတစ်စုံကျစီ လှူဒါန်းခြင်းသည် လေးပါဒရှိသော မြတ်စွာဘုရား ဟောကြားတော်မူသည့် ဂါထာတစ်ပုဒ်ကို သင်ကြားပြသဖြန့်ဖြူးရသော ဓမ္မဒါန ကုသိုလ်၏ ၂၅၆ စိတ်၊ စိတ်လျှင်တစ်စိတ်ကိုမျှ မမီနိုင်ပါ။

ထို့ကြောင့်ဓမ္မဒါနပြုသူများသည် အမြတ်ဆုံးဒါန အလှူရှင်ကြီးများဖြစ်နိုင်၏။ တရားကို ဟောပြောပြသပေးနိုင်သော သူသည် အမြိုက်(နိဗ္ဗာန်)ကို ပေးလှူသည်မည်၏ ဆိုသည့်အတိုင်း ဓမ္မဒါနအလှူကို အလေးအနက် ယုံကြည်စေရန် ဖော်ဆောင်ရေးသားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယောဝေါအာနန္ဒ မဟာဓမ္မောဓ၊ ဝိနယောဓ ဒေသိတော ပညတ္တော သောဝေါ မမစ္စယေန သတ္ထာ -

အာနန္ဒာ - ချစ်ဖွားအာနန္ဒာ ဝေါတုမှာက် - သင်ချစ်ဖွား ချစ်သမီးတို့အတွက် မဟာသက်တော်ရှစ်ဆယ်ပြည့်ကြွယ်နီးပါး ငါဘုရားသည်၊ ယောဓ ဓမ္မောဓ - အကြင်သုတ္တန် အဘိဓမ္မာ သညာခေါ်မှတ် တရားတော်မြတ်ကို လည်းကောင်း၊ ယောဝိနယောဓ - ကျင့်ဖို့ သိပ်သည်း ဝိနည်းခေါ်မှတ် တရားတော်မြတ်ကို လည်းကောင်း၊ ဒေသိတော - လေးဆယ့်ငါးဝါကာလကြာမျှ ဟောဖော်ညွှန်ပြ ဆိုဆုံးမ၍ ထားခဲ့ပေ၏။ ပညတ္တော - လူနတ်ဗြဟ္မာအများ သိသာရန် အကန်သတ်မှတ် ပညတ်တော်မူအပ်ပေ၏။ သော - ထိုသုတ္တန် အဘိဓမ္မာ တစ် ဖြာဝိနည်း စုစည်းသတ်မှတ် တရားတော်မြတ်သည် မမစ္စယေန - ပရိနိဗ္ဗာန်ဝင်စဲ ကြွသွား ပြီး နောက်နောင်များတွင် ဝေါတုမှာက် - ငါဘုရားကို သေးစားကြည်ညို သင်တို့လို ပုဂ္ဂိုလ်မျိုးအတွက်၊ သတ္တာသက်တော်ထင်ရှား ငါဘုရားတမူ ဆရာတစ်ဆူဖြစ်တော်မူ ခဲ့ပေလိမ့်မည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးအချိန် ဘုရားမရှိလျှင် တပည့်တော် အမိမဲ့သား ရေနည်းငါးဖြစ်ကြရပါတော့မယ် ဘုရား။ အားကိုးအားထားစရာ မရှိဖြစ်ရပါတော့မယ် ဘုရား" စသည်ဖြင့် ကြေကွဲဝမ်းနည်းစွာ လျှောက်ထားသည့်အခါ...

ရှင်တော်မြတ်ဘုရား ရွှေနှုတ်တော်ဖျားက မိန့်ကြားတော်မူခဲ့သော စကားတော်မှာ အောက်ပါအတိုင်းပင်ဖြစ်ပါတော့သည်။

"ချစ်သား အာနန္ဒာ...၊ ငါဘုရားသည် ၄၅ဝါကာလ ကြာမျှ နတ်လူဗြဟ္မာ သတ္တဝါဝေနေယျတို့ကို ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့တဲ့ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာလို့ ဆိုရတဲ့ ဓမ္မတရား သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ များများပြားပြားလှစွာသော တရားတော်များသည် ငါဘုရား ပရိနိဗ္ဗာန်ဝင်ကြွသွားပြီး နောင်အခါများမှာ ငါဘုရားကဲ့သို့လို သင်ချစ်သား ချစ်သမီးတို့ရဲ့ ဆရာတစ်ဆူအနေအားဖြင့် ပြောဆိုညွှန်ပြ ဆုံးမသြဝါဒပေးပြီး နေရစ်ပေလိမ့်မည်။ ချစ်သား အာနန္ဒာ... ငါဘုရားမရှိသော်လည်း ဘာမှ အားငယ်စရာမရှိ ဘူး

လို့ ပရိနိဗ္ဗာန်ဝင်စဲခါနီးဆဲဆဲမှာ မိန့်ကြားတော်မူခဲ့ပါသည်။

ဒီအပြင် "သဗ္ဗဒါန် ဓမ္မဒါန် ဇိနာတိ" လို့လည်း ဘုရားရှင်က ဟောကြားတော်မူခဲ့ပါသေးတယ်။ ပိဋကတ် ကျမ်းစာများ လှူဒါန်းခြင်း၊ တရားဟောခြင်း၊ စာချပေးခြင်း ဆိုတဲ့ ၇ကိုလ် ဒါနအလှူမျိုးက လောကတွင် ရှိသမျှ အလှူဒါနတို့ထက် အကောင်းဆုံး၊ အသာဆုံး၊ အမြတ်ဆုံးဖြစ်တယ်လို့ ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်။

အဲဒါကြောင့် စာအုပ်စာတမ်းလှူဒါန်းခဲ့ကြတဲ့အတွက် ချမ်းသာအမျိုးမျိုးခံစားရပဲ့ ဝတ္ထုသာဓကတစ်ခုကိုလည်း ဖော်ပြပေးလိုက်ပါမယ်။ အဲဒါကတော့ ပေါတ္တဒါယကမထေရ်ရဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

ဒီကမ္ဘာမှ ပြန်ရောက်ကြည့်ရင် ကိုးကမ္ဘာအထက်မှာ "ဝိပသီ"လို့ အမည်ရှိတဲ့ ဘုရားတစ်ဆူပွင့်တော်မူခဲ့ပါတယ်။ ဒီ ဝိပသီဘုရားရှင်လက်ထက်တော်အခါတုန်းက ဒကာ တစ်ယောက်ဟာ ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်ကို နာယူရတဲ့အတွက် စေတနာသဒ္ဓါတရားထက်ထက်သန်သန်နဲ့ တရားတော်များ ရေးသားပူဇော်ဖို့အတွက် စာရွက်၊ စက္ကူ(ပေရွက်)တွေကို လှူဒါန်းမှု ပြုခဲ့ပါတယ်။

အဲသလို ပေရွက်၊ စာရွက်၊ စက္ကူလှူဒါန်းခဲ့တဲ့ ကုသိုလ်ဒါနကြောင့် ဘယ်လိုအကျိုးတွေ ခံစားစံစားရသလဲဆိုရင် တော့...

သတ္တာရံ ဓမ္မမာရဗ္ဘ သံယဉ္စဓိ မဟေသိနော၊
ပေါတ္ထက ဒါနမယာဒိနော ဒက္ခိဏောယျော အနုတ္တရော။

သတ္တာရဗ္ဘ - ဝိပသီဟု နာမည်ကျော်ကြား မြတ်စွာဘုရားကို လည်းကောင်း၊ ဓမ္မဉ္စ - ရှင်တော်ဘုရား ဟောကြားမြွက်ဖော် တရားတော်မြတ်ကို လည်းကောင်း၊ အာရမ္ဘ - စူးစိုက်သမှု လုံ့လပြု၍၊ ဒက္ခိဏောယျော - အကောင်းဆုံး၊ အမြတ်ဆုံးသော အလှူဒါနကို ခံယူတော်မူထိုက်တတ်သော၊ အနုတ္တရော - ပြဟ္မာလူနတ်တို့ထက် အမြတ်ကြီးမြတ်တော်မူထသော၊ မဟေသိနော - ဝိပသီဟု နာမည်ကျော်ကြား၊ မြတ်စွာဘုရားအား။ မယာ - ရပ်နာမ်နစ်ဖြာ၊ ငါခန္ဓာကို သူငါသမုတ် အကျွန်ုပ်သည်၊ ဒိနော - စေတနာဖြူစွာနဲ့၊ ကောင်းစွာမသွေ ပေးလှူအပ်ခဲ့ပါသတည်း။

ဘုရား တရား သံဃာကို အာရုံပြုပြီး စာရေးဖို့အတွက် (ပေရွက်)စက္ကူ စာရွက် လှူဒါန်းခဲ့တဲ့အမျိုးသားဟာ ဖော်ပြပါ အကျိုးတွေကို ခံစားရရှိခဲ့ပါတယ်။

ကေနဝုတော ဣတော ကပ္ပေယ်ကမ္ပံ အဂါရိ တဒါ၊
ဒုဂ္ဂတိ နာဘိဇာနာမိ ပေါတ္ထက ဒါနသိဒ် ဇလံ။

ဣတော - ဤကမ္ဘာမှ၊ ကေဝုတိကပ္ပေ - ကိုးဆယ့်

www.burmeseclassic.com

www.burmeseclassic.com

တစ်ကမ္ဘာ၌ ယဲကမ္ဗ - (ပေရွက်)စက္ကူလှူဒါန်းသော အကြောင်အမူကို ကေရီ - ပြုခဲ့ဘူးလေပြီ၊ တဒါ - ထိုအခါမှ၊ ဒုဂ္ဂတိ - အပါယ်လေးပါး မလားခြောင်းသည်ကား၊ ပေါတ္ထကဒါန် - (ပေရွက်)စက္ကူလှူဒါန်းခြင်း၏၊ ဖလံ - အကျိုးတရားအစစ် ကောန်ပင်ဖြစ်ပေတော့သတည်း။

အဓိပ္ပာယ်ကတော့ တရားတော်များကို ရေးသားဖို့ အတွက်(ပေရွက်စက္ကူ)ကို လှူဒါန်းခဲ့ဖူးတဲ့ အမျိုးသားဟာ ဖြစ်လေရာ သံသရာမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ လို့ဆိုတဲ့ အပါယ်လေးပါး မလားမရောက်ခဲ့ရဘူးတဲ့။ ဝိပသီဘုရားရှင်နဲ့ ဂေါတမဘုရားရှင် သာသနာအထိ ကမ္ဘာပေါင်းများစွာ အပါယ်လေးပါးကင်းဝေးပြီး၊ လူပြည်မှာ လူလာဖြစ်လိုက်၊ နတ်ပြည်မှာ နတ်သားဖြစ်လိုက်နဲ့ သုဂတိဘုံဘွဲ့တန်တွေမှာပဲ ချမ်းချမ်းသာသာနဲ့ စံမြန်း ခံစားခဲ့ရပါတယ်။

ဝိပသီဘုရားရှင်လက်ထက် စာရွက် ပေရွက်များကို လှူဒါန်းခဲ့တဲ့ အမျိုးသားဟာ ဂေါတမဘုရားပွင့်တော်မူလာတဲ့ အခါမှာ သာသနာ့ဘောင်ဝင်ပြီး ရှင်ရဟန်းပြုခဲ့ပါတယ်။

စာရွက် ပေရွက်များ လှူဒါန်းခဲ့တဲ့ ကုသိုလ်အရိပ်ကြောင့် မကြာခင်မှာပဲ ပဋိသန္ဓေဒါလေးပါး၊ ဝိမောက္ခရှစ်ပါး အဘိညာဉ်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ "ပေါတ္ထကဒါယက" အမည် ရှိတဲ့ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်ခဲ့ရပါတော့တယ်။ အခုဆို ရင် မဂ်ဖိုလ်ချမ်းသာကတစ်ဆင့် နိဗ္ဗာန်ဝင်စံသွားခဲ့ပါပြီ။

အဲဒါကြောင့် အကောင်းဆုံး၊ အမြတ်ဆုံး၊ အသာဆုံး ဖြစ်တဲ့ ဝိဋ္ဌကသုံးပုံ လှူဒါန်းမှုပြုကြပြီး လူချမ်းသာ၊ နတ်ချမ်းသာများအဖြစ် ရရှိခံစားရပြီး နောက်ဆုံးဘဝမှာ ပေါတ္ထကဒါယက ရဟန္တာမထေရ်ကြီးလို အချမ်းသာဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကြီးကို ရရှိနိုင်ကြမှာ ကေန်ပင်ဖြစ်ပါတော့တယ်။

* * *

ပဋ္ဌာန်း

ဗိုဇ္ဈင်း

- တရားပေါင်းချုပ်

အိမ်ထောင်ကျခါစ၊
စုံတွဲများအတွက်သီးသန့်

▶ သားသမီးရရှိနိုင်သော ကံမျိုးရှိပါသလား။ ▶ သားသမီးဘယ်နှစ်ယောက်ရရှိနိုင်သလဲ။ သားဦးရမလား (သို့) သမီးဦးရမလား ▶ အမြွာကလေး မွေးဖွားရရှိနိုင်သလား။ ▶ သားသမီး ဘယ်တော့လောက်ရရှိနိုင်မလဲ ▶ သားသမီး ဘယ်တော့လောက် ယူသင့်လဲ။ ▶ မိဘကိုအကျိုးပေးဖို့ ဘယ်နေ့သားသမီးတွေ ယူသင့်လဲ (သို့) ဘယ်နေ့တွေရှောင်သင့်လဲ။ သားသမီးအမြန်ဆုံးရရှိဖို့ ▶ သားဦး(သို့)သမီးဦး(သို့)အမြွာကလေးများရရှိဖို့ (အစီအရင်)

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)
(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊

- ၀၉-၅၁၀-၆၂၈၄၃၊ ၀၉-၅၁-၃၇၆၂၂။

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခြင်းသုခနှင့်
ပြည့်ဝချင်လား

သဂၢိနွင်းဆေး

(ပုပ္ပါး)

www.burmeseclassic.com

www.burmeseclassic.com

(၁)

သင်္ကြန်ရက်တို့က မြန်ဆန်လွန်စွာ ပြီးသွားခဲ့သည်ဟု ထင်ရသည်။ မျှော်တုန်းက မျှော်ခဲ့ရသလောက် သင်္ကြန်တွင်းကာလက ဘာမှကြာလိုက်သည် မဟုတ်။ ကုန်လွန်သွားခဲ့ပြန်လေပြီ။

ကျွန်တော်သည် သင်္ကြန်မတိုင်မီတကည်းက သင်္ကြန်တွင်းမှာ လုပ်ရမည့်အလုပ်တွေကို ကြိုတင် အစီအစဉ်ဆွဲထားခဲ့သည်။ ဖတ်ချင်သည့် စာအုပ်များကို ကြိုတင်ဝယ်ယူ စုဆောင်းခဲ့ရသည်။ အဓိဌာန်ဝင်ဖို့လည်း ပြင်ဆင်ထားရသည်။ ဇပြိလ ဥရက်တည်းက လုပ်လက်စအလုပ်တွေကို လျှော့ချထားခဲ့ပြီး အဓိဌာန် စဝင်ဖြစ်သည်။ ထိုရက်ကတည်းက အချိန်ပေး၍ စာအုပ်တွေ ဖတ်နေဖြစ်ခဲ့ပြန်သည်။

ယခုနှစ် သင်္ကြန်ကာလတွင် ဆရာ နန္ဒာသိန်းဇံ၏ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့် ခရီးစဉ်၊ ဘဝအဓိပ္ပာယ်၊ ဘဝသစ္စာစာအုပ်ကြီးနှစ်အုပ်ကို အားပါးတရဖတ်ဖြစ်ခဲ့သည်။ "ကိုယ်ကျင့်တရားတည်ခြင်း" စာအုပ်က လွန်ခဲ့သည့်နှစ်ပေါင်း ၂၀လောက်ကတည်းက သုံးခေါက်၊ လေးခေါက်(အထပ်ထပ်)ဖတ်ဖြစ်ခဲ့ဖူးသည့် စာအုပ်ဖြစ်သည်။ ယခုပြန်ဖတ်တော့လည်း ဖတ်လို့ မဝ၊ မှတ်လို့ မဝ။ လက်က မချနိုင်အောင် နှစ်သက်နေတုန်းပင်။

ထိုစာအုပ်ကြီးနှစ်အုပ်အပြင် ဆရာမ ကြည်အေး၏ ဝတ္ထုတိုပေါင်းချုပ်သစ် စာအုပ်ထူကြီးကိုလည်း ဖတ်နေဖြစ်သေး၏။ ထိုဆရာမကြီး၏ ကဗျာတွေ၊ ဝတ္ထုတွေကို ကျွန်တော်ငယ်စဉ်ကတည်းက စွဲမက်စွာ ဖတ်ဖြစ်ခဲ့ပါသည်။ ယခု ဝတ္ထုတိုပေါင်းချုပ်သစ်မှ ဝတ္ထုတိုတချို့ကိုသာ ရွေးဖတ်နိုင်ခဲ့သည်။ ပြီးတော့ ဆရာ ငြိမ်းကျော်၏ ကျေးလက်အငွေ့အသက် အချစ်ဝတ္ထုတိုနှစ်ပုဒ်လောက်လည်း ဖတ်ဖြစ်အောင် ဖတ်လိုက်ရသေးသည်။ သည်တော့မှ အတော်အားလျော့ပြေသွားတော့သည်။ တခြားစာအုပ်တွေကိုလည်း ဖတ်ဖို့ တန်းစီထားပြီးမှ အချိန်မပေးနိုင်တော့။ စာရေးဖို့ စိတ်ကူးထားတာတွေလည်း မရေးနိုင်တော့။

သင်္ကြန်တွင်းမှာ ကျွန်တော့်အိမ်ဘုရားဆောင်မှ ဘုရားရုပ်ပွားတော်တွေကို နေ့စဉ် ရေသပ္ပာယ်ရသေးသည်။ ကျွန်တော်ကိုယ်တိုင်လည်း ခေါင်းဆေးမင်္ဂလာ၊ အိမ်ဆေးမင်္ဂလာတွေ လုပ်ရသေးသည်။ ကျွန်တော် အမြဲစောင့်ထိန်းနေခဲ့သည့် ကိုယ်ကျင့်တရားတွေကိုလည်း ထပ်မံပြီး မွမ်းမံကာ သစ္စာပြုရပါသည်။ ထို့အပြင် သည်နှစ် သင်္ကြန်ရက်မှစကာ တစ်နှစ်ပတ်လုံး နေ့စဉ်ပုံမှန် ကျင့်သုံးသွားနိုင်ဖို့ အဓိဌာန်တစ်ခုခုကိုလည်း ရွေးချယ်ကာ သင်္ကြန်တွင်းမှစပြီး ကျင့်လုပ်နေဖြစ်ပြန်သည်။ ကျွန်တော်ရွေးချယ်ဖြစ်သည့် အဓိဌာန်က နှစ်ခုဖြစ်သည်။ တစ်ခုက ပဌာန်းရွတ်ခြင်းဖြစ်သည်။ ပဌာန်းရွတ်ခြင်းတွင် ပဌာန်းကျမ်းကြီး ငါးကျမ်းကို နေ့စဉ်မှန်မှန်(စွမ်းနိုင်သမျှ) ရွတ်ဖွားသွားရန်နှင့် ပဌာန်းစေတီပူဇော်ရန်ဟု နှစ်ပိုင်းဖြစ်နေပြန်သည်။ နောက်ထပ် ကျင့်စဉ်တစ်ခုမှာ ခင်ပွန်းကြီး ဆယ်ပါးကို ဝန်ချတောင်းပန် ကန်တော့သည့် ကျင့်စဉ်ကလည်း မဖြစ်မနေပြုရမည့် ကျင့်စဉ်ဖြစ်နေပြန်သည်။ ထို့ကြောင့် ထိုကျင့်စဉ်နှစ်ခုကို ရွေးချယ်ကျင့်သုံးဖြစ်ပါသည်။

သင်္ကြန်ရက်တို့တွင် ထိုသို့ ပွဲတင်ခြင်း၊ သစ္စာပြုခြင်း၊ အဓိဌာန်ဝင်ခြင်း၊ ခေါင်းဆေးခြင်းတို့အပြင် ကျွန်တော့်စာအုပ်ပုံကြီးကိုလည်း သန့်ရှင်းရေး ပြုလုပ်ရသေးသည်။ ထို အလုပ်ကိုလည်း ကျွန်တော်ကိုယ်တိုင်ပင် ပြုလုပ်ရသည်။ အကြောင်းမူ စာအုပ်ပုံထဲမှ စာအုပ်တွေ၊ စာရွက်စာတမ်းတွေကို ကျွန်တော်ကိုယ်တိုင် ခွဲခြမ်းစိစစ်ကာ သိမ်းဆည်းရပါသည်။ စာရွက်အတိုအစလေးတစ်ခုတစ်လေကိုမျှ အပျောက်အပျက် ခံ၍မဖြစ်မည် မဟုတ်။

ထိုသို့ စနစ်တကျ ရှင်းလင်းရင်း ဟောင်းနွမ်းနေပြီဖြစ်သည့် မှတ်စုစာအုပ်ထူကြီးတစ်ခုကို တွေ့ရပြန်၏။ ထိုစာအုပ်ကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း (၂၅)နှစ်ကျော်လောက်ကတည်းက ကျွန်တော်ဖတ်မှတ်လေ့လာ၊ စနစ်တကျ မှတ်သားထားခဲ့သည့် မှတ်စုကြီးဖြစ်သည်။ ဗလာစာအုပ်ငါးအုပ်မျှ အပြည့်ရေးမှတ်ထားခဲ့သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမတွေ၊ စာပေကျမ်းဂန်တို့မှ အဆုံးအမတွေ၊ မှတ်သားစရာ ကဗျာတွေ၊ စာရေးဆရာကြီးတွေ၏ အဆိုအမိန့်တွေ၊ လိုက်နာကျင့်သုံးစရာတွေကို စနစ်တကျ မှတ်သားစုဆောင်းထားခဲ့မိခြင်းပင်ဖြစ်သည်။ ဝိုင်းစက်သော လက်ရေးလက်သားတို့ဖြင့် ကိုယ့်ငယ်မှုလက်ရာ အားထုတ်မှုတွေကို ကိုယ်တိုင်ပင် ပြန်လည် အံ့သြနေရပြန်သည်။ ထိုမှတ်စုကြီးကို မေ့ထားမိခဲ့တာပင် ကြာခဲ့ပေပြီ။ ယခု ပြန်လည်ဖွင့်ကြည့်ပြီး အားပါးတရ ဖတ်နေမိပြန်သည်။

(၂)

တိုက်ဆိုင်လှသည်မှာ ထိုစဉ်က (နှစ်ပေါင်း ၂၅နှစ်လောက် ကျွန်တော်ကျောင်းသားဘဝက) ကျွန်တော်ရွတ်စဉ်တွင် ခင်ပွန်းကြီး ဆယ်ပါးကိစ္စကိုလည်း အသေးအချာမှတ်ထားခဲ့တာကို ယခုပင် ပြန်တွေ့ရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းကြီးဆယ်ပါး

၁။ သဗ္ဗညုတမြတ်စွာဘုရား
၂။ ပစ္စေကဗုဒ္ဓါ (သီးခြားပွင့်သော ဘုရား)
၃။ ကိလေသာကုန်ခန်းပြီးစီးသော ရဟန္တာ
၄။ မြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါး(လက်ယာရံ ရှင်သာရိပုတ္တရာ၊ လက်ဝဲရံရှင်မောဂ္ဂလာန်)
၅။ မိခင်
၆။ ဖခင်
၇။ ဂုဏ်သိက္ခာရှိ၍ လေးစားထိုက်သူ (အသက်အရွယ်၊ မျိုးရိုး၊ ပညာ၊ သီလ၊ သမာဓိကြီးမြတ်သူ)
၈။ အကျိုးသင့်အကြောင်းသင့် ပဲ့ပြင်ဆုံးမသွန်သင်တတ်သောသူ
၉။ ထမင်း၊ အဖျော်၊ အိပ်ရာ၊ နေရာ၊ အဝတ်၊ ပုဆိုးစသည့် တစ်စုံတစ်ရာသောပစ္စည်း မိမိအား ပေးဖူး ကျွေးဖူးသောသူ၊
၁၀။ လူခပ်သိမ်းတို့ ကုသိုလ်တရားတိုးပွားအောင် တရားဟောသူ။

ဟု မှတ်သားထားခဲ့လေသည်။ ထိုခင်ပွန်းကြီးဆယ်ပါးမှတ်စုမှာ တေမိယဇာတ်တော်ကြီးမှ မှတ်သားထားခဲ့ခြင်းဖြစ်သည်။

(တစ်လောက ကျွန်တော့်စာဖတ်ပရိသတ်၊ ကျွန်တော့်ခမ်မိတ်ဆွေကြီးတချို့က ခင်ပွန်းကြီးဆယ်ပါးကိစ္စမှာ ဘုရားဟောကျမ်းဂန်တွင် ပါ၊ မပါ သိချင်သည်ဟု သံသယမေးခွန်းမေးဖူး၏။ ယခုမှပင် ထိုအဖြေကို အတိအကျဖြေပေးနိုင်ပေတော့မည်။)

ထိုခင်ပွန်းကြီး ဆယ်ပါးကန်တော့ခန်းကို ကျွန်တော် ကိုယ်တိုင် သုံးကြိမ် ဆောင်းပါးရေးခဲ့ဖူးပေပြီ။ ကိုယ်တိုင်လည်း မကြာခဏ ကျင့်သုံးနေဖြစ်ခဲ့ပါသည်။ အမှန်တော့ ခင်ပွန်းကြီး ဆယ်ပါးကန်တော့ခန်းမှာ လူဘဝတွင် ကျန်းမာစွာ၊ ချမ်းသာစွာ၊ အောင်မြင်စွာ လျှောက်လှမ်းသွားလိုသူတိုင်း ပြစ်မနေ အထူးအလေးထားကာ ကျင့်သုံးသွားရမည့်အရာဖြစ်၏။ တရားဓမ္မပါရမီလမ်းကို ကျင့်သုံးနေသူတို့သည်လည်း မဖြစ်မနေ အထူးအလေးထားကာ ကျင့်သုံးသွားရမည့်အရာပင် ဖြစ်၏။

ထို့ထက်ဆိုရပါမူ ဘဝတွင် ဘာမှကြဆ၍ မရလောက်အောင် လမ်းပျောက်နေကြသူများ၊ ထွက်ပေါက် မရှိလောက်အောင် ဆင်းရဲဒုက္ခတွင်း၌ နစ်မွန်းနေသူများ၊ လူမှုရေး၊ စီးပွားရေး ကျန်းမာရေးတို့တွင် အဘက်ဘက်မှ ကျရှုံးနေသူများ၊ အားကိုးရာမဲ့နေသူများသည် ဤခင်ပွန်းကြီးဆယ်ပါး ဝန်ချတောင်းပန်ခြင်းကို လေးလေးနက်နက် ကျင့်သုံးလာခြင်းဖြင့် သာ ထိုဒုက္ခအပေါင်းမှ လွတ်မြောက်ရာလမ်းကို တွေ့နိုင်မည်ဟု ကျွန်တော် ယုံကြည်ထားမိသည်။

ပုထုဇဉ်တို့၏ ဘဝတွင် မသိမှုအဝိဇ္ဇာ ဖုံးလွှမ်းနေသည့် အလျောက် မပြစ်မှားသင့်သည့် ခင်ပွန်းကြီး ဆယ်ပါးတို့၏ အပေါ်တွင် တစ်ဘဝစာမဟုတ်၊ တစ်ချိန်မဟုတ် တစ်ချိန်ပြစ်မှားနေမိခဲ့ဖူးကြမည်မှာ အမှန်ပင်ဖြစ်၏။ (ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိသဖြင့် လက်ရှိ ပစ္စက္ခဘဝမှာပင် ဒုက္ခရောက်ရလေသည့် သံဃေယျဖွယ် မျက်မြင်ဘဝတွေ များစွာရှိနေပါသည်။ အလျဉ်းသင့်မှ သီးသန့် ရေးသားတင်ပြချင်ပါသေးသည်။) ထိုသို့ ပြစ်မှားဖူးသည့်အပြစ်တို့သည် သံသရာတွင် ကျန်းမာမှု၊ ချမ်းသာမှု၊ အောင်မြင်မှု၊ တရားဓမ္မ အသိထူးရန်ိုင်မှုတို့ကို အဟန့်အတားပြုတတ်လေ၏။ ထိုအပြစ်တို့ကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အတိအလင်း ဝန်ချတောင်းပန်မှသာ ပြေပျောက်နိုင်စွမ်း၏။

"ရတနာတော်မြတ်သုံးပါးအား အသိသက်သေထား၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့မှအစ မိဘ၊ ဆရာသမား ကျေးဇူးအထူးရှိ၍ မပြစ်မှားသင့်၊ မမှားထိုက်သော ခင်ပွန်းကြီးဆယ်ပါးအပေါ်တွင် သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက်မှ ယနေ့အထိ ပြစ်မှားမိခဲ့လေသမျှ လိုက်လံစွာ ဝန်ချ တောင်းပန်အပ်ပါသည်။ သည်းခံတော်မူကြပါ အရှင်ဘုရား"

ထိုသို့ ကန်တော့ခြင်းသည် အနိုးရှင်းဆုံး၊ အထိရောက်ဆုံး ကန်တော့ခြင်းပင်ဖြစ်သ်။ ထိုသို့ နေ့စဉ် (နံနက်/ည) အကြိမ်ကြိမ်ကန်တော့သွားသင့်သည်မှာ အမှန်ပင်ဖြစ်၏။ ကျွန်တော်ကတော့ ထိုသို့ ကန်တော့ပါသည်။ ထို့ပြင်...

"ဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝကာ၊ မာတာပိတရာ၊ ဂရုသတ္တာ၊ ဒါယကာစ ဓမ္မဒေသကာ ဣမေဒေဿ မဟာဂုဏော အဟံဝန္ဒာမိသဗ္ဗဒါ"

(လယ်တီဆရာတော်ကြီး၏ မူ၊ ခင်ပွန်းကြီးဆယ်ပါး ဂါထာတော်။)

ထိုဂါထာတော်ကို (၁၀)ခေါက်တိတိ အာရုံညွှတ်ပြီး ရွတ်ဖွားပူဇော်ကန်တော့ဖြစ်ပါသည်။ ခင်ပွန်းကြီး ဆယ်ပါးအား ဝန်ချတောင်းပန် ကန်တော့ခြင်းသည် ထိုထိုသော အပြစ်တို့ကို ပြေပျောက်စေရုံသာမက (ကျေးဇူးရှိသူတို့ကို ဂါဝရပြုလိုက်ရသည့် ကုသိုလ်ကံကြောင့်) ပစ္စုပ္ပန်သံသရာတွင် ထိုက်သင့်သည့် ကောင်းကျိုးချမ်းသာတို့ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ရဲခဲ့စေရမည်မှာ အမှန်ပင်ဖြစ်၏။ ဆေမိယဇာတ်တော်တွင် ထိုသို့ အတိအကျဆိုထား၏။ ကျွန်တော့်မှတ်စုတွင် မှတ်သားထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

"ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားသူသည် မိမိက သူတစ်ပါးအား ပေးကမ်း ချီးမြှောက်သည့်အတွက် သူတစ်ပါးကလည်း မိမိကို ပြန်လည်တုံ့ပြန် ချီးမြှောက်၏။ မိမိက သူတစ်ပါးအား အလေးအမြတ်ပြုသောကြောင့် သူတစ်ပါးတို့ကလည်း မိမိကို အလေးအမြတ်ပြုပြန်၏။ မိမိက သူတစ်ပါးတို့အား ပူဇော်ခြင်းကြောင့် သူတစ်ပါးတို့၏ ပူဇော်ခြင်းကိုလည်း ခံရ၏။ ကြီးမြတ်သောသူတို့အား မိမိက ရိုခိုးကိုးကွယ်ခြင်းကို ပြု၍ မိမိလည်း သူတစ်ပါးတို့၏ ရိုခိုး ကိုးကွယ်ခြင်းကို ခံရ၏။ ထိုသို့ ပူဇော်ခြင်း။ ရိုခိုးခြင်းကြောင့် အခြားအရံပြည့်စုံခြင်း၊ ကျော်စောခြင်းတို့သည် ရောက်ရပေ၏။ မီးတောက်မီးလျှံကဲ့သို့ ဘုန်းတန်ခိုးတို့ဖြင့် တောက်ပ၏။ တန်ခိုးရှိသော နတ်တို့ကဲ့သို့လည်း သူခပ်သိမ်းတို့၏ နှစ်သက်ဖွယ်ကို ကောင်းသော ကျက်သရေနှင့် ပြည့်စုံ၏။ အကယ်၍ ဘေးရန်တစ်ခုခုကြုံရသော်လည်း ကူညီမ,စမည့်သူတွေ့ပြီး ထိုဘေးဆိုးအန္တရာယ်မှ လွတ်ရ၏။ တက်ပွား ရှုန်းပြည့် ခိုင်ခဲ့သော ပညောင်ပင်ကြီးကို လေဆိုးတို့က မတွေ့မမြင်နိုင်သကဲ့သို့ မချစ်မနှစ်သက်သောသူတို့က မပြစ်မှားနိုင်ကြကုန်"

(တေမိယဇာတ်တော်မှ)

(၃)

သင်္ကြန်တွင်းကာလနှင့်တကွ အခြား အခါကြီး ရက်ကြီးတို့တွင် အထူးသစ္စာ အဓိဋ္ဌာန်ပြုခြင်းနှင့်အတူ "ကံကြွေးချေ"သည့် ကျင့်စဉ်ကိုပါ ပူးတွဲကာ ကျွန်တော်ကျင့်သုံးဖြစ်ပါသေးသည်။

အမှန်မှာ ကျွန်တော်သည် သာမန်စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်သာဖြစ်၏။ ပါရမီအကျင့်စခန်း ပညာလမ်းတွေကို ကျင့်လုပ်းနေသည့် ပါရမီရှင်ကြီးတစ်ယောက်မဟုတ်ပါ။ ထို့အတူ လောကီပညာရှင်ကြီးလည်း မဟုတ်ပါ။ သို့သော် ကျွန်တော့်တွင် အထုံပါသနာပါရှိလာခဲ့သဖြင့် တတ်နိုင်သမျှ ကိုယ်ကျင့်သီလ စောင့်ထိန်းခြင်း၊ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ခြင်းတို့ကို တတ်စွမ်းသမျှ အတိုင်းအတာနှင့် (တစ်နိုင်တစ်ပိုင်မျှ) ကျင့်သုံးနေမိခြင်းသာ ဖြစ်ပါသည်။

ကဗျာရေးရင်း၊ စာရေးရင်း တစ်ဖက်မှ တတ်ကျွမ်းသမျှ လောကီပညာတို့ဖြင့် ခုနစ်ရက်သားသမီးတို့၏ ကံကြမ္မာကို (အချိန်ပိုင်းမျှ) တွက်စစ် အကဲဖြတ် ဆွေးနွေးသည်အလုပ်ကိုလည်း တွဲဖက်လုပ်ကိုင်နေသည်ဖြစ်ရာ သစ္စာတွေကိုတော့ လိုက်နာကျင့်သုံးနေဖြစ်ပါသည်။ ထိုသို့ ဆရာသမားတို့၏ ညွှန်ပြမှုဖြင့် စွမ်းနိုင်သလောက် တစ်နိုင်တစ်ပိုင် ပါရမီဖြည့်ကျင့်နေခြင်းသာဖြစ်ပါသည်။

ထိုကျင့်စဉ်တွင် ကံကြွေးချေခြင်း၊ ဝဋ်ကြွေးချေခြင်း ဆိုသည့် ကျင့်စဉ်လည်း ပါရှိ၏။ ဘဝသံသရာအဆက်ဆက်တွင် ကတိကဝတ်ပြုမှု ပျက်ကွက်ခဲ့ခြင်း၊ ကတိသစ္စာပျက်ကွက်ခဲ့ခြင်း၊ ကျမ်းသစ္စာကိုဖျောက်ဆိုမှု မှားခြင်း၊ ဆုတောင်းမှားခြင်း တို့ရှိခဲ့ပါလျှင် ထိုအမှားအယွင်းတို့၏ အာနိသင် ပြပျောက်စေပါသည်။ ထိုသို့ ဝန်ချကာ စစ်မှန်သော အသိဉာဏ်ဖြင့် ကံကြွေး၊ ဝဋ်ကြွေးတို့ကို ချေဖျက်ပေးရပါသည်။

ထိုကျင့်စဉ်ကို ကျင့်သုံးခဲ့သည်မှာ နှစ်တွေတော်တော်ကြာခဲ့လေပြီ။ ယခုသင်္ကြန်တွင်လည်း ထိုသို့(အထူး)ဖြည့်ကျင့်ရပြန်၏။ ထူးခြားလှသည်မှာ ယခုသင်္ကြန်ရက်တွင် ကျွန်တော်စာအုပ်ပုံကြီးနှင့် စာရွက်ဖိုင်တွေကို စနစ်တကျ သန့်ရှင်းရေးလုပ်ရင်း အမှတ်မထင် စာရွက်တစ်ရွက်ကို တွေ့ရပြန်၏။ ထိုစာရွက်မှာ ကံကြွေးချေသည့် စာရွက်ဖြစ်နေလေသည်။ ကျွန်တော့်တွင် ကျွန်တော့်မိတ်ဆွေတချို့၊ စာဖတ်ပရိသတ်ချို့က (စာအုပ်တွေကိုမြတ်နိုးတတ်သူမှန်းသိကြသဖြင့်) လက်ဆောင်ပေးသည့်စာအုပ်များ မကြာခဏကြုံရတတ်သည်။ တချို့က ရသစာအုပ်၊ ကဗျာစာအုပ်တွေဖြစ်

www.burmeseclassic.com

www.burmeseclassic.com

၏။ တချို့မှာ ဓမ္မဒါနစာရွက်လေးတွေဖြစ်သည်။

ယခု ၂၀၁၃၊ မတ်လလောက်က ကျွန်တော့်စာဖတ်ပရိသတ် ကျောင်းဆရာမလေးတစ်ဦးက တရားခွေ(DVD, MP-3)တစ်ခွေ၊ တရားစာအုပ်လေးတစ်အုပ်နှင့် ဓမ္မအဆုံးအမ စာရွက်သုံးလေးရွက်လာပေးသွားပါသည်။ တရားခွေနှင့် တရားတစ်ပုဒ်၊ နှစ်ပေဖလောက်သာ နာယူချိန်ရခဲ့ပါသေးသည်။ တရားစာအုပ်လေးကိုတော့ ဖတ်ရှုမြည်းစမ်းကြည့်ဖြစ်ခဲ့ပါသည်။ အချိန်ယူပြီး အေးအေးလူလူ ဖတ်မှတ်ရမည်၊ နာယူရမည့် တရားစစ်တွေဟု သတ်မှတ်ကာ တရိုတသေပင် သိမ်းထားခဲ့ပါသည်။ ဓမ္မဒါနစာရွက်တွေကိုမူ ဖိုင်ထဲမှာပဲ ထည့်ထားဖြစ်ခဲ့သည်။ အချိန်ယူပြီး အသေးစိတ် ဖတ်မည်ဟု စိတ်ကူးထားခဲ့သည်။

ယခု ကဲကြွေးချေသည့် စာရွက်မှာ ထိုစာရွက်တွေထဲက တစ်ရွက်ဖြစ်သည်။ "ကဲချေဆုတောင်း"ဟု ခေါင်းစဉ်တပ်ထား၏။ စာရွက်ကို ဖတ်ရင်း ကျွန်တော် လွန်စွာ အံ့သြသွားရပြန်သည်။ ကျွန်တော်ကျင့်သုံးနေခဲ့သည့် ကဲကြွေးချေသည့် ပုံစံနှင့် ထပ်တူနီးပါးမျှ တူညီနေ၍ဖြစ်၏။ ယခု စာရွက်တွင်ပါသည်တို့က ကျွန်တော့်ထက်ပင် ပိုမိုပြည့်စုံနေပါသည်။ ပိုပြီးအံ့သြစရာကောင်းလောက်အောင် တိုက်ဆိုင်နေသည်မှာ ထို စာရွက်၏ တစ်ဖက်တွင် ခင်ပွန်းကြီးဆယ်ပါးကိုပါ ဓမ္မဒါန ပြုထားပြန်၏။

သို့သော် မည်သည့်ပုဂ္ဂိုလ်၏ (မည်သူ၏) အဆုံးအမ၊ နည်းစနစ်ဟု မပါ။ အနိစ္စ ဆရာတော်ကြီး၏ အဆုံးအမတွေပဲဖြစ်မည်ဟု စိတ်တွင် မှတ်ယူကြည်ညိုမိပြန်သည်။ စာရွက်၏ အောက်ခြေတွင် ဓမ္မဒါနအလှူရှင်မိသားစုနာမည် ပါ၏။ (ဓမ္မဒါနအလှူရှင် ဒေါက်တာစန်းလွင်+ဒေါ်သန်းသန်းဆွေ မိသားစုကောင်းမှုဟု ရေးထား၏။) ထိုစာရွက်တွေ ဓမ္မဒါန လက်ဆောင်လာပေးသွားသည့် ဆရာမ၏ အမည်မှာ ဒေါ်လဲ့လဲ့ထွန်းဖြစ်ပါသည်။ ကဲချေဆုတောင်းစာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကဲချေဆုတောင်း

"ဘုန်းတော်အနန္တ၊ ကဲတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျီးမျှ တန်ခိုးတော်အနန္တ နှင့် ပြည့်ဝဉာဏ်၊ ကမ္ဘာခြိုလျက် ဘုံသုံးလောက၊ တုမရသား၊ လူအထွဋ်ထား။ ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် ဘဝါဘဝလွန်လေပြီးသော အတိတ်ကာလ၊ ဘဝပေါင်းများစွာတို့မှစ၍ ယခုပစ္စက္ခကာလ မျက်မှောက်ဘဝအထိ ဘုရားတပည့်တော်ကိုယ်၌က လိုလိုလားလား ဆိုထားခဲ့ဖူးသော ကျိန်စာမုန်သမျှတို့သည် လည်းကောင်း၊ တစ်ပါးသော သူဝဋ်ဒုက္ခ ဘုရားတပည့်တော်အား တိုက်ရိုက်ပေးအပ်ထားခြင်းပြုထားသော ကျိန်စာမုန်သမျှတို့သည် လည်းကောင်း၊ ထိုကျိန်စာမုန်သမျှတို့သည် ယနေ့ ယခု၊ ဤအချိန် ဤအခါ ဤသမယမှ စ၍ ဘုရားတပည့်တော်၏ ကိုယ်တွင်းကိုယ်ပ နစ်ဌာနမှ လုံးဝဥသုံ ပဒုမ္မာရွက် ပိန်းကြာဖက်၌ရောက်နှင်းရည်မတည်ခဏရွေ့လျောကျသကဲ့သို့ ပျောက်ပကင်းကွာ စင်ကြယ်ရသည့်ကိုယ် ဖြစ်ရပါစေလို အရှင်ဘုရား။

ဘုန်းတော်အနန္တ၊ ကဲတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျီးမျှ တန်ခိုးတော်အနန္တ နှင့် ပြည့်ဝဉာဏ်၊ ကမ္ဘာခြိုလျက် ဘုံသုံးလောက၊ တုမရသား၊ လူအထွတ်ထား။ ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် ဘဝါဘဝလွန်လေပြီးသော အတိတ်ကာလ၊ ဘဝပေါင်းများစွာတို့မှစ၍ ယခု ပစ္စက္ခကာလ မိတ်သုံးပါး၊ မိဘနှင့် ဆရာသမားဟူသော အနန္တော အနန္တင်းပါးတို့အား လည်းကောင်း၊ အနန္တရက်တော်ရှင်တို့အား လည်းကောင်း၊ ခင်ပွန်းကြီးဆယ်ပါးတို့အား လည်းကောင်း၊ ပရဝိဇ်များနှင့်တကွ၊ ရသေ့မဟုတ်၊ သူတော်စင် သူတော်ကောင်း ပရဝိဇ်မနှင့် သီလရှင် အစရှိသော ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့အား လည်းကောင်း၊ အဘိုးအဘွား လူကြီးသူမတို့အား လည်းကောင်း၊ ဘကြီး ဘထွေး၊ အစ်ကိုကြီး၊ အစ်ကိုလတ်၊ အစ်ကိုထွေး၊ အစ်မကြီး၊ အစ်မလတ်၊ အစ်မလေး အစရှိသော ပုဂ္ဂိုလ်တို့အား လည်းကောင်း၊ မြဟ္မာမင်း၊ သိကြားမင်း၊ နတ်မင်းကြီးများနှင့်တကွ၊ အဋ္ဌာရသသိပ္ပအရာ၌ ကျော်

www.burmeseclassic.com

www.burmeseclassic.com

မြောက်တော်ကုန်ကြပေကုန်သော ဆရာကြီးများနှင့် ဝိဇ္ဇာတော်ဂျိတပသီ ပဂ္ဂိုလ်အပေါင်း ဆရာကောင်းတို့အား ကာယကံဖြင့် လည်းကောင်း၊ ဝစီကံဖြင့် လည်းကောင်း၊ မနောကံဖြင့် လည်းကောင်း၊ ပြစ်မှားမိပါက ၎င်းအပြစ်ဟူသမျှတို့ကို ဘုရားတပည့်တော် ရှိသေစွာ တောင်းပန်ပါ၏။ ထိုအပြစ်တို့မှ ဘုရားတပည့်တော်အား သည်းခံကြေအေး အခွင့်ပေးတော်မူကြပါကုန် အရှင်ဘုရား။ ယနေ့ယခု၊ ဤအချိန် ဤအခါ၊ ဤသမယမှ စ၍ ဘုရားတပည့်တော်၏ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနမှ လုံးဝဥဿုံ ပဒုမ္မာရွက် ဝိန်းကြာဖက်၌ ရေစက်နင်းရည် မတည်ခဏ ရွှေလျောကျသကဲ့သို့ ပျောက်ပ,ကင်းကွာ စင်ကြယ်ရသည့်ကိုယ် ဖြစ်ရပါစေလို အရှင်ဘုရား။

ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

၁။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ အပေါ်၌၊

၂။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ပစ္စေကဗုဒ္ဓါရှင် ကိုယ်တော်မြတ်ကြီးတို့၏ အပေါ်၌၊

၃။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော အဂ္ဂသာဝကာ၊ မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးတို့၏ အပေါ်၌၊

၄။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့၏ အပေါ်၌၊

၅။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်တို့၏ အပေါ်၌၊

၆။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ဖခင်တို့၏ အပေါ်၌၊

၇။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော လိမ္မာစေရန် ကျိုးကြောင်းပြ၍ ဆုံးမတတ်သော ဆရာသမားတို့၏ အပေါ်၌

၈။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဖြည့်ကျင့်လျက် ရှိကြကုန်သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တို့၏ အပေါ်၌၊

၉။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော တရားဓမ္မတို့ကို ဟောပြောပြသ ဆုံးမတတ်သော ဆရာသမားတို့၏ အပေါ်၌၊၏

၁၀။ ထမင်းတစ်လုတ်၊ ရေတစ်မှုတ်မျှဖြစ်စေ ပေးကမ်းခိုးမြှဲ့ထောက်ပံ့ပေးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့၏ အပေါ်၌၊

ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးတို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ဤသို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျော့ ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် အလုံးစုံသော ဘေးရောဂါအန္တရာယ်အပေါင်းတို့မှ ကင်းဝေးစေပြီးလျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သစ္စာလေးပါးမြတ်တရားကို ကောင်းစွာသိမြင်၍ နိဗ္ဗာန်သို့ ဝင်နိုင်သော ကိုယ်ဖြစ်ရပါစေသား အရှင်ဘုရား။

လောကီမင်္ဂလာအမြောက်အမြားတို့သည်လည်း စိတ်ကြဲတိုင်းတောင့်တတိုင်း၊ လွယ်ကူလျင်မြန်စွာ ပြည့်စုံလျက် နှလုံးစိတ်ဝမ်း အေးချမ်းရပါစေသား အရှင်ဘုရား။

ကျွန်တော်သည် ယခုမှစကာ အဓိဋ္ဌာန်ဝင်တိုင်း ထိုစာရွက်မှ ကဲကြွေးချေသည့်(ကဲချေဆုတောင်း)အတိုင်း ရွတ်ဖွားပူဇော်ကာ ဆုတောင်းသွားဖို့ ဆုံးဖြတ်ထားပါသည်။ ထိုကိစ္စ၊ ထိုဖြစ်စဉ်သည် ကျွန်တော်တို့အားလုံးအတွက် မည်မျှအရေးပါသည့်ကဏ္ဍဖြစ်သည်ကို ထိုဆုတောင်းစာကို **ဖတ်ရ**က သိနိုင်ပါသည်။ "ကဲကြွေးချေ" ကိစ္စသည်လည်း ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်းကဲ့သို့ အရေးကြီးသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ထို့ကြောင့်ပင် နှစ်ပေါင်းများစွာ ကိုယ်တတ်သလောက် မှတ်သလောက်နှင့် ကဲကြွေးချေနေဖြစ်ခဲ့ခြင်းဖြစ်သည်။

ယခု အပြည့်စုံဆုံး "ကဲချေဆုတောင်း"စာကို ရရှိသောအခါ အဓိပ္ပာယ်ဖြတ်နိုင်သည့် ရတနာတစ်ပါးကို ရရှိလိုက်သလို ကျေးဇူးတင်စွာ ဝမ်းသာပီတိဖြစ်နေရပါတော့သတည်း။

(အနိစ္စ ဆရာတော်ကြီး၏ ပုံတော်ကို ပရိသတ်များသွားရောက်ဖူးမြော်လိုပါက ဆရာတော်ကြီး သီတင်းသုံးတော်မူသည်မှာ တေဇိန္ဒရာမကျောင်းတိုက်၊ ကုက္ကိုင်းလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်ဖြစ်ပါသည်။)။

အားလုံးသတ္တဝါချမ်းသာပါစေ

* * *

သက်နှင်းစက္ခု(ပုပ္ပါး)

www.burmeseclassic.com

www.burmeseclassic.com

ကေသီပန်

ကိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေး

မြတ်သုခ

အမှတ်တံဆိပ်

အဆီကျဆေး

မှတ်ချက်
ပိန်ဆေး
မဟုတ်ပါ

TMR 008397(0314)

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ပိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူဖြိုးနေသော ကိုယ်ခန္ဓာကို အဆီကျ ကျစ်လျစ်လှပ သွားစေရမည်။

- ကေသီပန်သွေးပုပ်ချဆေး
- ကေသီပန်ဝမ်းပျော့အကြောပြေဆေး
- ကေသီပန်ဆေးပရုတ်ဆီ
- မင်းသုခ ခေါင်းကြည်ရုပ်ပေါ့ဆေး
- ရွှေသွေး သူငယ်နာရင်လူးဆေး
- ထူးရုယ် ဒဏ်ကျေလိမ်းဆေး
- မြတ်သုခ အဆီကျဆေး

မြတ်ချမ်းသာဆေးတိုက်
အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၁၀၃၆၇၊ ၅၁၀၆၁၇

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"သေမင်းနိပ်စက်လာရင် မိမိကြမ္မာဇင်ရာအတိုင်း သတ္တဝါတွေ လိုက်ပါကြရပေတယ် ဒကာကြီး။ ရတနာသုံးပါးကလွဲလို့ တခြား ကိုးကွယ်အားထားစရာ မရှိပေဘူး။ ဗျာပနကိစ္စက သုသာန်ဇရပ်မှာပဲ မဟုတ်လား။ နေရာက်နဲ့ အချိန်နာရီ ပြောပါဦး ဒကာကြီး"

"မှန်ပါ။ နက်ဖြန်ခါ နေမွန်းလွဲသုံးနာရီပါ ဘုရား"

"အိမ်း···အိမ်း··· မှတ်မိပြီ နောက်ထပ် လျှောက်ထားစရာရှိသေးလား ဒကာကြီး"

ဆေးဆရာကြီးက ခပ်ဆိုင်းဆိုင်း ဖြစ်နေပြီးမှ အရဲကိုးကာ လျှောက်ထားပါသည်။

"ရေစက်မချခင် အသုဘ ကမ္မဋ္ဌာန်းတရားကို နာကြားချင်ပါတယ်။ ကြုံတောင့်ကြုံခဲမို့ပါ ဘုရား"

"ဒကာကြီး အလိုဆန္ဒပြည့်ရမှာပေါ့လေ။ တရားအတွက် အချိန်နာရီ နည်းနည်းရွေတိုးလို့ ဖြစ်မလား"

"မှန်ပါ။ နေမွန်းလွဲ ၂နာရီမှာ တရားစ,ဟောမယ်ဆိုရင် အဆင်ပြေနိုင်မလား ဘုရား"

"အဆင်ပြေပါရဲ့ ဒကာကြီး။ အဖြစ်အပျက်ကို မမှန်မမြင် မဆင်ခြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် အဖြစ်အပျက်ကို ကောင်းစွာဆင်ခြင်သူ၏ တစ်ရက်မျှ အသက်ရှည်ခြင်းသည် မွန်မြတ်ပေ၏လို့ မြတ်ဘုရားက ဟောကြားပူးတယ် ဒကာကြီး။ သာဓု···သာဓု···သာဓု"

"ကျေးဇူးကြီးလှပါတယ် အရှင်ဘုရား။ တပည့်တော်ကို ပြန်ခွင့်ပြုပါဦး ဘုရား"

"ဒကာကြီး ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက် စောင့်ရှောက်ဦးနော်"

ဦးတင်အမည်ရှိ ပုဂ္ဂိုလ်ကား ကြည့်စရာကြီးပိုင်နက်အတွင်းဝယ် ဥစ္စာအကြွယ်ဝဆုံး လယ်ပိုင်ရှင်တစ်ဦးဖြစ်သည်။ သို့ရာတွင် သူ၏ နိစ္စဓုဝအလုပ်မှာ အနီးဝန်းကျင် ရွာစဉ်လှည့်လည်၍ အသက်ကယ် ဆေးကုရသော တိုင်းရင်းဆေးဆရာအလုပ်ပင်။ ဆေးကုရင်း အချိန်ကုန်သဖြင့် လယ်ယာလုပ်ငန်းသို့ သူ မဝင်နိုင်တော့ပါ။

သူဝန်းမယား ဒေါ်ဝင်းသည် သူတို့မိသားစု၏ လယ်ယာလုပ်ငန်းကို တာဝန်ခံလျက် ဦးစီးလုပ်ကိုင်ရသည်။ သူတို့လင်မယားအဖို့ မောင်ကျန်းအမည်ဖြင့်ထားသော သားကလေး တစ်ယောက်သာလျှင် ထွန်းကားလာသည်။ မောင်ကျန် မွေးဖွားလာစဉ်က ဒေါ်ဝင်းအိပ်မက်နိမိတ်မကောင်း၍ ကန်ဦးဘုရင်းဆရာတော်ကြီးထံ ဦးတင်အမှုးအမြော် သွားရောက်ကာ အကြောင်းစုံကို လျှောက်ထားခဲ့ဖူးသည်။

"ကလေးဇာတာခွင်က အဖသတ် ဇာတသတ် မင်းသားရဲ့ ဇာတာခွင်အက် ပိုဆိုးနေတယ် ဒကာကြီး။ မိဘမပါစေလုံး အသက်ဆုံးတဲ့အထိ အန္တရာယ်အလားအလာရှိသကွဲ့။ ကြာသေးနဲ့ဆာတန်နှစ်ထပ်ပူးတဲ့အကြောင်းဆရာဟာ ဒကာကြီးတို့လင်မယားရဲ့ ဆေးကိန်းဖြစ်လာလိမ့်မယ်။ အသက်ကြီးချင်ရင် ကျပ်ကျပ်သတိထားဆင်ရာကြ။ သဗ္ဗေသတ္တာကမ္မဿကာ ရတနာသုံးပါး မမေ့ကြနဲ့၊ ဟုတ်ပြီလား"

ဆရာတော်ကြီး မိန့်မှာစကားက အလေးကျေနပ်ဖွယ်မဟုတ်။ အသက်ငါးဆယ်ကျော်ခန့်ရင်လည်း မိမိပြုတ်ပါစေ။ မိမိသားရမင်းရဲ့ ထုံး နလုံးမူပြီး နည်းနာအဖြစ် လိုက်နာ၍ သားကလေးကို ရှင်ပါစေ။ မွေးကွေးရပေမည်။ ဦးတင်၏ အာဘော်အတိုင်း ဒေါ်ဝင်းလည်း သဘောတူသည်။ သားကလေး အုပဲကို မိခင်မေတ္တာဖြင့် ချစ်ရမည့်ပွဲပေကိုး။

ဦးတင်တို့ လင်မယားသည် ဆရာတော်ကြီး၏ ဗုဒ္ဓဃောဇာပေးချက်နှင့်အညီ ရတနာသုံးပါးကို ဦးထိပ်ထားလျက် နေထိုင်စားသောက်ကြပါသည်။ သားရှေ့၏ ဝေယျာဝစ္စအမှုများကို မပြီမိအချိန်နှင့် ပြုနေဆဲ ကာလတို့တွင် "စိန္တာမဏိဂါထာ" ကို သတိရတိုင်း အခါမလပ် တိုးတိတ်စွာ ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိကြ၏။

နေရက်တို့သည် လပေါင်းများစွာကို ကုန်လွန်စေကာ ၅နှစ်တာ ကာလသို့ ရောက်ရှိလာခဲ့ပြီ။

လယ်သီးစားခန့်ငှဲ့ သီးနှံပေါ်ပေးချေငွေတို့ကို ကောက်ခံ သိမ်းယူပြီး ရွာအပြန်လမ်းတွင် ဒေါ်ဝင်း ပိုးထိသဖြင့် ခရီးဖော်က တွဲခေါ်၍ အိမ်အရောက် ပို့ပေးလာသည်။ နေအိမ်၌ ဦးတင် မရှိ။ တခြားရွာသို့ ပင့်သူရှိသဖြင့် ဆေးကုကြွသွားခြင်းဖြစ်နေသည်။ နွေရာသီ မြွေပွေးအဆိပ်ကြောင့် ဒေါ်ဝင်းအသက်ကို ဦးတင် မမီတော့။

ရေဟောင်း ကြိမ်ကုလားထိုင်ကြီးပေါ်၌ သီတင်းသုံး ထိုင်နေတော်မူသော ကန်ဦးကျောင်းဆရာတော်ကြီး ရှေ့မှောက်၌ ဦးတင်သည် နွမ်းနယ်ချည့်နဲ့စွာ တုံဝဝလျက် လာရင်းကိစ္စကို လျှောက်ထားနေသည်။

"တပည့်တော်ရဲ့ ကြင်ယာ မယားသေဆုံးသွားပါပြီ ဘုရား။ ဗျာပနကိစ္စမှာ သရဏာဂုံတင် ကြွရောက်ဖို့ လျှောက်ထားခြင်းပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပြီလား"

♦♦♦

သုံးနှစ်ဟူသော အရေအတွက်သည် ကြာရှည်၏ဟု မထင်လိုက်မိပါ။

ဆေးဆရာကြီး ဦးတင်သည် ရှစ်နှစ်အရွယ် သားငယ်၏ လက်ကို ဆွဲကိုင်လျက် ကန်ဦးကျောင်းဆရာတော်ကြီး၏ စေတီတော်ရင်ပြင် သန့်ရှင်းရေးပြုလုပ်သောနေရာအထိ လိုက်လာလေသည်။ သားအဖနှစ်ဦး ရိုးဦးချမှုကို ခံယူရင်း ဆရာတော်ကြီးက စတင်မိန့်ကြားလိုက်ပါသည်။

"ဒကာကြီး ကြည့်ရတာ အပြောင်းအလဲ မဖြစ်သလိုပဲ။ အဖျားအနာမရှိခဲ့ဘူး ထင်ပါရဲ့"

"အရှင်ဘုရားမိန့်ကြားတဲ့အတိုင်း ရတနာသုံးပါး ဦးထိပ်ထားပြီး ကျန်းမာရေး ဂရုစိုက်လို့ပါ ဘုရား"

"သာဓု ဒကာကြီး . . . သာဓု။ ဒီကနေ့ ဒီသားလေး ပါလာပုံထောက်ရင် အကြောင်းထူးရှိနေပြီပေါ့လေ"

"အကြောင်းထူးဆိုရင်လည်း ဟုတ်၊ ရေးရိုးစဉ်လာဆိုရင်လည်း မှန်ပါတယ်။ တပည့်တော်ရဲ့ သားငယ်လေး မောင်ကျန် မိတာဆိုးလေး ရှင်သာမဏေပြုရမယ့် အရွယ်အသက်ရောက်ပါပြီ ဘုရား"

"အင်း . . . ဟုတ်ပေသားပဲ။ မိဘဝတ္တရား မချိုင့်ပါစေနဲ့ ဒကာကြီး။ တစ်ဦးတည်းသော သားလေးဆိုတော့ နေအိမ်မှာ မထွာပ်ဆောက်ပြီး ရှင်ပြုမင်္ဂလာအခမ်းအနားနဲ့ ဆွမ်းကပ်ဖို့ စီစဉ်ထားမှာပေါ့၊ ဟုတ်ရဲ့လား"

"မိစုံဖစုံရှိတုန်းက အဲဒီလိုစဉ်းစားထားတာ ဘုရား။ အခုအနေက အထီးကျန် မုဆိုးဖိုတဝန့် ဖြစ်လာတော့ အရှင်ဘုရားကျောင်းဝိုင်းမှာပဲ ရှင်ပြုမင်္ဂလာနဲ့ ဆွမ်းကပ် ဝေယျာဝစ္စ ချက်ပြုတ်ကျွေး

မွေးဖွေးခဲ့ ကိစ္စအားလုံးကို စီစဉ်ချင်ပါတယ် ဘုရား"

ဆရာတော်ကြီးသည် ခေတ္တမျှ စဉ်းစားဟန်ပြုပြီးမှ မေးခွန်းထုတ်လိုက်ပါသည်။

"ဒီလို စီစဉ်တာက ကောင်းပါတယ် ဒကာကြီး။ အတီးအမှုတ် အကအခုန်နဲ့ ရှင်လောင်းလှည့်ဦးမလား"

"အတီးအမှုတ် အကအခုန်နဲ့ ရှင်လောင်းလှည့်တာ မရှိပါဘူး ဘုရား။ တပည့်တော်ဆန္ဒပြောရရင် . . ."

ဆေးဆရာကြီးက ဆက်မပြော၍ ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ဆရာတော်ကြီးက စောင့်ဆိုင်းနေ၏။

"တပည့်တော်ဆန္ဒက ဟော သားငယ်လေးကို ရှင်ပြုရက်မတိုင် ကာလအတွင်း အရှင်ဘုရားထံ ဆောင် အပ်နှံချင်ပါတယ်။ ရှင်ကျင့်ထ စတဲ့ ပုံမှန် သင်ခန်းစာများထက် ပို သင်ပြပေးစေချင်ပါတာပါ ဘုရား"

"အင်း . . . သင်ပြပေးဖို့က မခ ဘူး။ နမက္ကာရတို့၊ အတွင်းအောင်ခြ တို့ကို ဒကာကြီး ဆိုလိုတာလား"

"အဲဒါမျိုး မဟုတ်ဘူး ဘုရာ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ လောကီ၊ လောကုတ် နှစ်ဖြာကောင်း မျိုးပါ"

"ဩော် . . . သိပြီ ဒကာကြီး မင်္ဂလာတရားရယ်၊ ဝေဠုဒ္ဒါရ ရွာသ တို့ကို ဟောကြားခဲ့တဲ့ ကိုယ်ချင် တရားရယ်၊ သာကီဝင်မင်းသား မ နာမ်ကို ဖြေကြားခဲ့တဲ့ ဥပါသကာ ကြောင်း ကျင့်ဝတ်များရယ်၊ ပြီး သိဂါလောဝါဒသုတ်နဲ့ ရာဟုလော သုတ်တွေကို သင်ပြပေးစေချင် ထင်ပါတယ်။ ဟုတ်ရဲ့လား ဒကာ

"မှန်ပါ။ စိတ်ထဲက သိနေပေ အမည်နာမနဲ့ မတောင်းဆိုတတ် ဘုရား။ အဲဒါတွေပဲ သင်စေချင်ပါတ

"ဟုတ်ပြီ ဒကာကြီး။ က အရွယ်၊ ကလေးစိတ်အလိုဆန္ဒနဲ့ ဖက်ညီမှုအောင် အကျဉ်းပဲ သင် မယ်။ ဒကာကြီး သဘောတူမယ် ကလေးဆန္ဒနဲ့အညီ မေးမြန်းပြီး ကလေးကို ကျောင်းမှာ အပ်ထား တော့"

"တပည့်တော် သဘော တယ်။ သားငယ်လေးလည်း အ ကတည်းက ဘုန်းကြီးကျောင်းမှာ အိပ် ညနေ သင်ယူပို့မယ်လို့ ဆ ပြီးသားပါ ဘုရား။ အရှင်ဘုရား ရှိတဲ့အတိုင်း အခုလည်း

www.burmeseclassic.com

www.burmeseclassic.com

ယ် ဘုရား"

ဤတွင် ဆရာတော်ကြီးရှေ့ ကောက်၌ သားအဖ၏ အမေးအဖြေ အားဝိုင်းဖြစ်လာပါသည်။ သွက်လက် ချက်ချာရှိလှပါသော မောင်ကျန်၏ ဆုတ်ကဲ့ အဖြေများကို ကြားနေရသော ဆရာတော်ကြီးလည်း ပြုံးလျက် ခေါင်း ညိတ်တော်မူသည်။ ဆေးဆရာကြီး သည်း ဝမ်းသာကျေနပ်စိတ်ဖြင့် ဂါရဝ ပြုကာ နေအိမ်သို့ ပြန်သွားပါတော့၏။

♦.♦♦

၁၀နှစ်တာ ကာလတို့သည် ကုန်လွန်မှန်းမသိအောင် လျင်မြန်စွာ ကုန်လွန်သွားခဲ့ပြီ။

ဝါမဝင်မီ နှစ်လခန့်အလို မေလ ကုန်ခါနီးရက်တွင်ဖြစ်သည်။ ကန်ဦး ဘုရင်ဝိုင်းထဲသို့ ဂုဏ်သရေရှိ လူကြီး များ တစ်ဂျိပ်နီးပါးမျှ စကားတပြော ပြောနှင့် ဝင်ရောက်လာကြသည်။ ကားသံများအကြား၌တွင် ဆေးဆရာ ကြီး ဦးတင်၏ စကားသံတို့လည်း ပီပီ သဲသဲရှင်းလင်းဖြင့် လူစုကို ဦးတင် ခေါင်း ဆောင်လာဟန် တူပါသည်။

နေ့ဆွမ်း ဘုဉ်းပေးပြီးချိန်မို့ အောင်တမေး လဲလျောင်း အနားယူ နေသော ဆရာတော်ကြီးသည် ဒကာ ကြီးများနှင့် တွေ့ဆုံပြောဆိုရန် ကြိုဆို လာထိုင်ကြီးပေါ်၌ နေရာပြင်ထိုင် ထိုက်တော်မူသည်။ ဒကာကြီးတို့လူစု ၏ ဂါရဝပြုမှုကို ခံယူရင်း ဆရာတော် ကြီးက ဆရာဦးကြီးကာ နှုတ်ဆက်စကား ဆိုတော်မူပါသည်။

"နေကောင်းရဲ့လား ဒကာကြီး။ အသက်ကြီးလို့သာ ဒကာကြီးမှန်း ခွဲခြား သိတယ်။ ရုပ်ကို ကျုပ် မကွဲပြားလှဘူး။ ခြေရာအဖော်များနဲ့ ဒီနေ့ရောက်လာမှ ဟာ ဒကာကြီးမှာ အကြောင်းထူးပြန် ထင်ပါရဲ့။ ဟုတ်လား ဒကာကြီး"

"မှန်ပါ ဘုရား။ သား မောင်ကျန် မိတဆိုးလေးအတွက် ထိမ်းမြားမင်္ဂလာ ကိစ္စပါလာတော့ ထူးပြီပေါ့ ဘုရား"

"အင်း . . . ဒကာကြီးက သား မောင်ကျန်အတွက် မိတဆိုးလေး ကျေ ပွန်ပါပေရဲ့။ ဒါနဲ့ ဆိုစမ်းပါဦး။ ဒကာကြီး ရွေးချယ် လက်ခံထားတဲ့ ခွေးမလောင်း က ဒီရွာသူပဲလား။ သူမိဘများရော ဘယ်သူတွေတုန်း"

"ခွေးမလောင်းက မကီးတောက် ရွာသူ။ အမည်က "ဖြူနွဲ့"တဲ့ ဘုရား။ မိဘများ မရှိရှာတော့လို့ ဦးကြီး၊ ဒေါ်ကြီး တို့က ခေါ်ယူစောင့်ရောက်ထားပါတယ်။ မိဘများက ဦးရိန်၊ ဒေါ်ကြင်ပါ ဘုရား။ အခု မွေးစားမိဘဖြစ်တဲ့ ဦးကြီး ဒေါ်ကြီး တို့လည်း လိုက်လာကြပါတယ်"

ဤတွင် လူစုထဲမှ အသားညိုၫ့ ထောင်မောင်း ကြဲခိုင်သော ဒကာကြီး က အသံထွက်ကျယ်ကျယ်ဖြင့် လျှောက်ပါ၏။

"တပည့်တော်က ဖြူနွဲ့ရဲ့ မွေးစား အဖေပါ ဘုရား။ ဖြူနွဲ့ ဆိုပြီး အများ ဆွတ် ချစ်စနိုးခေါ်ပေမယ့် သူမိဘပေး ထားတဲ့ နာမည်အပြည့်အစုံက ဖြူဖြူနွဲ့ ကြာသပတေးသမီးဖြစ်ပါတယ်။ ၁၃၄၈ ခုနှစ်၊ နယုန်လဖွားပါ ဘုရား။ ဖြူနွဲ့ဟာ တပည့်တော်တို့ ကျွေးမွေးထားပေမယ့် ဒီဆရာကြီး ဦးတင် ကယ်ကုပေးတဲ့ အသက်ပဲ ကျန်ရှိပါတယ်။ အသက် သခင်ဖြစ်တဲ့ ဆရာကြီးဝို့ သူသားနဲ့ သဘောတူပြီး ထိမ်းမြားပေးဖို့ စီစဉ်နေ ကြတာပါ ဘုရား"

"အိမ်း . . . အိမ်း . . . ဒကာမလေး က ကြာသပတေးသမီး ဖြူဖြူနွဲ့တဲ့လား ကွယ်"

ဆရာတော်ကြီး၏ အမေးကို ဆေးဆရာကြီးက အဖြေပေးပါသည်။

"ဟုတ်ပါတယ် ဘုရား။ သားနဲ့ သမီး နက္ခတ်၊ နေ့နဲ့ တွက်ချက်ပြီး သင့်တော်မယ့် ရက်မြတ်ရက်ကောင်းကို တိုင်ပင်ရွေးချယ်နိုင်ကြဖို့ ဆရာတော် ဘုရားထံမှောက် စုံညီ မိဘဆွေမျိုးများ လာရောက်ကြခြင်းဖြစ်ပါတယ် ဘုရား"

ဆရာတော်ကြီးကား တံဏိဘာ ဝေ ဆိတ်ဆိတ်နေကာ ပြောဆိုရမည့် စကားအတွက် ချိန်စက်နေဟန်တူ၏။ ဒကာများလည်း ထပ်မံ လျှောက်ထား ရန် စကားမရှိပါ။ အတန်ကြာလေမှ ဆရာတော်ဘုရား နှုတ်ဖွင့်တော်မူပါ သည်။

"ဒကာကြီးတို့ . . . ကျုပ် နား ထောင်ခဲ့ရတဲ့ သီချင်းတဘောင်ကို အခု ရွတ်ပြမယ်။ နားထောင်ကြပါ။ ကြည်စု မောင်ကျန်၊ မကောင်းကံ၊ ပူပန်ကြောင့်ကြ မွှေလိမ့်မယ်။ တရားမစောင့်၊ အမှားကြောင့်၊ စိုးနှောင့်ဖျာပါပွေလိမ့်မယ်။ ကမ္ဘာထိချဉ်း၊ ဒီပဲယင်း၊ ရေးခင်းနာမ ဝေလိမ့်မယ်-တဲ့။ အဲဒီ တဘောင်သီချင်း ကို ပြီးခဲ့တဲ့ သင်္ကြန်ကာလတုန်းက မုံရွာ၊ ကြေးမုံ၊ အလုံဘက်က လူငယ် ကလေးတွေ သီဆိုပြူးတူးခဲ့ကြတယ်"

ဆရာတော်ကြီးက ဒကာ ပရိသတ်ကို ခေတ္တမျှ အကဲခတ်ပြီးမှ ဆက်လက်မိန့်ကြားတော်မူပါသည်။

"ကြည်စု မောင်ကျန်ဆိုတာက ဒီဒကာကြီးရဲ့ သားနာမည်နဲ့ ရွာအမည် ပါ ထပ်တူကိုက်ညီနေတယ်။ သူ့ရဲ့ မကောင်းမှုက အကျိုးပေးခြိန်တန်လို့ ပူပန်ကြောင့်ကြရှိတော့မယ့် သဘော အဖြစ် နားလည်ရမယ်။ ဒါကြောင့် စိုး နှောင့်ဖျာပါမပွေရအောင်၊ ပူပန်သောက မမွှေရအောင် ဒကာကြီးတို့က တရား စောင့်ကြ၊ သီလထိန်းသိမ်းကြ၊ ဟုတ် ပြီလား။ ဒကာကြီးတို့ ဆန္ဒအတိုင်း သတို့သား၊ သတို့သမီးရဲ့ နက္ခတ်နေနဲ့ ကို သင့်မသင့် တွက်ချက်ဖို့ ရက်မြတ်

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာရွေးချယ်ဖို့ ကျွမ်းကို ငါးရက်လောက် အချိန်ပေးကြဦး။ နောက် ငါးရက်လွန်တဲ့အခါ အားလုံး ပြန်လာကြ။ ကျွမ်းပြောပြမယ်၊ ဟုတ်ပြီလား"

ဒကာ ဟိုသတ်လည်း စောဒက မတက်ပဲ့ဘဲ "မှန်လှပါ ဘုရား"ဟု ဆိုကာ ဆရာတော်ကြီးအား ဝပ်တွားဦးချပြီးနောက် ဆေးဆရာကြီးနေအိမ်သို့ တပ်ခေါက် ပြန်သွားကြရလေသည်။ ကန်ဦးကျောင်းမှ အပြန်လမ်းတွင် ဆေးဆရာကြီး၏ အတွေးစဉ်၌ ဆရာတော် ဘုရား၏ သတိပေး စကားလုံးများက ဝင်ရောက် နေရာယူပါ၏။

"ဒကာကြီး··· ကြာသပတေးနံ့ ဓာတ် နှစ်ထပ်ဖြစ်နေတဲ့ သတို့သမီး ပြုဖြုန့်ကို ဘာ့ကြောင့် ရွေးချယ်ခဲ့တာလဲ။ ဒကာမကြီး ကွယ်လွန်တုန်းက အကြောင်းတရားမှန်တဲ့ ကြာသပတေးနံ့ ဓာတ် နှစ်ထပ် သာဓကကို သင်ခန်းစာယူသင့်တာပေါ့"

ထို နံ့ဓာတ်နှစ်ထပ်သည် မိမိ၏ မရဏာကိန်း ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း မောင်ကျန်အသက်နှင့်အမျှ စောင့်ထိန်းလာခဲ့သော ရတနာသုံးပါး၌ အားထား အားကိုးမှု သီလထိန်းသိမ်းမှုတို့ကြောင့် မရဏာကိန်း ပျက်ပြယ်လောက်ပြီဟု ဦးတင်က ယူဆလျက်ရှိသည်။ ထိုအချက်အပေါ် အခိုင်အမာပြု၍ ဆရာတော်ဘုရားအား တုံ့ပြန်လျှောက်ထားမိပြန်သည်။

"အရှင်ဘုရား··· သံသရာဝဋ် ဒုက္ခ၌ ကျင်လည်ကြတဲ့ လူတို့ရဲ့ ကံအကြောင်းဟာ မိုက်မဲဖက်ဆွေမျိုးများအပေါ် အဆိုးအပြစ်တို့ကို ဖြစ်စေနိုင်ပေမယ့် နံ့ဓာတ်ဆိုတာကတော့ အဲဒီလို ဖြစ်နိုင်ခြေနည်းပါးလှပါတယ်။ သူတော်ကောင်းသဘောဟာ အမှိုက်စောင့်တရား ကတိစကားဆိုမိတိုင်း မြေစေရပါမယ် ဘုရား။ တပည့်တော်နဲ့တကွ သားမောင်ကျန်ဟာ တရားစောင့်ရှောက်နေကြတာဖြစ်လို့ ကတိပေးထားဦးဖြစ်တဲ့ ဖြူနွဲ့ကို နံ့ဓာတ်နှစ်ထပ်ဖြစ်ရံလောက်နဲ့ မပယ် မပစ်နိုင်ပါဘူး။ နံ့ဓာတ်နှစ်ထပ်က မရဏာကိန်းဖြစ်နေသေးရင်လည်း တပည့်တော်အသက်ကို နတ်ယူပါစေတော့ လက်ခံလိုက်ပါ့မယ် ဘုရား။ ဖြူနွဲ့အား မှားယွင်းသောအမှုနဲ့ တပည့်တော်မှာ တရားလက်လွတ် မပြုကောင်း၊ မပြုထိုက်ဘူးလို့ ယူဆပါတယ် အရှင်ဘုရား။

♦♦♦

ကန်ဦးကျောင်းမှ ဒကာကြီး ဦးတင်တို့လူစု ပြန်သွားကြပြီးနောက်

သုံးရက်မြောက်နေ့ဖြစ်သည်။ ဆရာတော်ကြီးသည် စေတီတော်ရင်ပြင်နှင့် ဗုဒ္ဓရုပ်ပွားတော်များ၌ ပန်း၊ ရေချမ်း ဆီမီးကပ်လှူနေခိုက်ကာလအတွင်းထဲ ကျောင်းတော်ဘက်အရပ်ရှိ ကြည့်စရာ အလွန် ကတ္တရာလမ်းမဆီမှ ဆူညံသံများကို ကြားလိုက်မိသည်။ ညနေ နှားရိုင်းသွင်းချိန်ဖြစ်သော်လည်း နွားအုပ် အသံမဟုတ်။ ကြိမ်းမောင်းသံ၊ ဟင်းကြွေးသံနှင့် ရိုက်ပုတ်သံများ ရောယှက်၍ အုတ်အုတ်ကျွက်ကျွက်နှင့် ရုတ်ရုတ်သဲသဲ စူးရှကျယ်လောင်လှ၏။

နောက်တစ်နေ့ နံနက်လင်းအောင် မစောင့်နိုင်သော ဒကာအချို့ လာရောက်လျှောက်ထားသဖြင့် ဆရာတော်ကြီး သိလိုက်ရသမျှမှာ လူသတ်ပွဲ။ နိုင်ငံရေးဝါဒ မတူကြသော အုပ်စုကြီးနှစ်ခုမှ လူငယ်အစုအဝေးနှစ်ဖက် ဆန့်ကျင်ရိုက်နှက်ကြသော ရန်ပွဲ။ နိုင်ငံရေးအကြမ်းဖက် လုပ်ကြပွဲကြီး။ ဓမ္မက်ဖောက်ဖျက်၍ မကောင်းကံအမှုက် ရက်စက်စွာ အဓမ္မပြုကျင့်လိုက်ကြပုံ ဟူ၍ ဆရာတော်ကြီးက သံဝေဂ ယူတော်မူ၏။

ဆရာတော်ကြီး အမှာစကားနှင့် အညီ ငါးရက်လွန်သောအခါ ကန်ဦးကျောင်းဝိုင်းထဲသို့ ဆေးဆရာကြီး ဝင်ရောက်လာသည်။ ခြွေရံအဖော်မပါ တစ်ကိုယ်တည်းသာဖြစ်သည်။ အဝတ်အဆင်မှာ ဖရိုဖရဲ၊ မျက်နှာအသွင်အပြင်မှာ မျက်ရည်စိုရွှဲ။ ကိုယ်နေ ခြေလမ်း ဟန်ကား ကယောင်ကယင်၊ ကစဉ့်ကရဲ။ သူ့စိတ်ထဲတွင် ထိမ်းမြားလက်ထပ်ခြင်း မရှိ၊ ရက်မြတ်မင်္ဂလာရွေးချယ်ခြင်းလည်း မသိတော့ပါ။

နွမ်းလျှပ်ပန်၊ သောကနှင့် ပင်ပန်းဒေဝမီး ထန်လျက်ရှိသော ဆေးဆရာကြီးအား ဆရာတော်ကြီးက ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ဆီးကြိုတော်မူသည်။ နှစ်သိမ့်စကား ဖြင့် အားပေးခြင်း မပြုသေးမီ ရေနွေး ကြမ်းနှင့် ထန်းလျက်ခဲကို စားသုံးစေ တော်မူပါသည်။ တအောင့်တနား အချိန် သွန်သွားပါမှ ဆရာတော်ကြီးက စကား စ ထုတ်ကာ နူတ်မြွက်တော်မူသည်။

"သတင်းကြားစတုန်းက ဒကာ ကြီးသား ဒဏ်ရာမပြင်းဘူးဆိုလို့ ဒကာ ကြီး ကုသလိုက်ရင် ပျောက်ကင်း ချမ်း သာမယ်၊ ကျွပ်ထင်နေတာ။ စိတ်ချ ဘးဖိတာဗျ"

"မှန်ပါ။ ဖူးရောင်ပေါက်ပြဲ ဒဏ် ရာများက တစ်ကိုယ်လုံးအနှံ့ဖြစ်ပေ ယဲ့ အဖော်တွေက တွဲခေါ်လို့ အိမ် အရောက်လာနိုင်ပြီး စကားပြောနိုင်နေ သေးတော့ မဆိုးလှဘူး၊ မပြင်းထန်ဘူး ဟု ဘုရား။ တပည့်တော်လည်း ဒီလို ဆင်မြင်ပြီး ဆေးကုပေးနေလိုက်တာ နောက်နေ့ မိုးလင်းတဲ့အခါ ခေါ်ပြောလို့ ထူးနိုင်ဘဲ သတိလစ်သွားရော"

မောသွားဟန်ဖြင့် ဆေးဆရာကြီး က စကားရပ်ထားသည်။ တိုးတိတ် သော သူ့အသံကို မနည်းပင် စုစည်း နေရဟန်။

"နှစ်ရက်မြောက်ညနေမှာ အသက်ပျောက်သွားတာပါပဲ။ ရုပ် အလောင်း ရေချိုးသန့်စင်တော့မှ သူ့ ဦးခေါင်းနောက်စေ့အောက်နားမှာ နှစ်လက်မလောက် နီညိုဒဏ်ရာ သွေး ခြည်နေတာ တွေ့ရတယ်။ ဦးခေါင်းခွံ ကွဲအက်ပြီး အတွင်းဒဏ်ရာဒဏ်ချက် က သွေးစိမ့်ယိုဟန်တူပါတယ် ဘုရား"

"အင်း . . . လက်သည် တရားခံ ရှိတဲ့ သေခင်းသေမှုပေါ့လေ။ မြတ်ဗုဒ္ဓ ဟာပြောတော်မူခဲ့တဲ့ နောက်ဆုံး စကား ဆော်မှာ "ဝယ ဓမ္မာ သခါရာ" တဲ့။ ပြု ပြင်ဆင်ရင်သမျှ အမှုကိစ္စတိုင်းဟာ ပျက် စီးခြင်းပဲ နိဂုံးအဆုံးရှိပါတယ်။ ကိုယ့်စိတ် အေးချမ်းဖို့၊ ပူပန်သောကလျော့နည်းဖို့ သေခြင်းဆိုတဲ့ အပျက်တရားကို နလုံး သွင်းပါ ဒကာကြီး"

ဆေးဆရာကြီးသည် သားသေ ဆုံးမှုအပေါ် မချိတင်ကဲ မျက်ရည်အရှဲ သားဖြင့် ဝန်ခံရာလေသည်။

"ဒီတစ်သက်မှာ တပည့်တော် ဆေးကုပေးလိုက်လို့ ရောဂါပျောက်သွား တဲ့ လူနာများစွာရှိခဲ့သလို၊ ဆေးကုရင်း တန်းလန်းက အသက်ပျောက်သွားကြ သူတွေလည်း မနည်းလှပါဘူး။ အသက် ပျောက် လူနာရှင်ကို တပည့်တော်က နှစ်သိမ့်စကားအဖြစ် ပြောလေ့ရှိတာက "ဇာတိ ပစ္စယာ ဇရာ မရဏံ" ပါဋ္ဌိတော်ပါပဲ။ သူတို့ကို ရွှတ်ဆိုပြ သလို၊ တပည့်တော်ကိုယ်တိုင်အတွက် တပည့်တော် ရွှတ်ဆိုပြီး ဆင်ခြင်တဲ့ အခါ နှလုံးမထိတူးဖြစ်နေတယ် ဘုရား"

"ဒါက တစ်ပါးသူသွေးသားနဲ့ ကိုယ့်သွေးသားရဲ့ခြားနားချက်ပါပဲ ဒကာ ကြီး။ ဆင်ခြင်မှု တိုးပွားလာရင် အား ထုတ်မှု ရင့်ကျက်လာရင် ဒကာကြီး လည်း နလုံးထိသွားမှာပါ။ စိတ်မပျက် ပါနဲ့။ အနိစ္စာ ဝတ သခါရာ၊ ဒုက္ခာ ဝတ သခါရာ၊ အနတ္တာ ထာ သခါရာ ဆိုတဲ့ ပြုပြင်စီရင်သမျှ အမှုကိစ္စတိုင်း ဟာ မပြု ဆင်းရဲ အနိုးမရဘူးလို့ သတိ ထားပြီး လက္ခဏာရေးသုံးပါး ဆင်ခြင် တုံတရားကို လက်ကိုင်ထားပါ ဒကာ ကြီး"

လာရင်းကိစ္စကို သတိရဟန်ဖြင့် ဆေးဆရာကြီးက တည်ငြိမ်စွာ လျှောက်ထားလိုက်သည်။

"ကျေးဇူးကြီးလှပါတယ် ဘုရား။ နက်ဖြန်ခါ မွန်းလွဲ ၃နာရီ အသုဘရှု ကြွရောက်ဖို့ အပင့်လာတာပါ ဘုရား"

"အိမ်း . . . အိမ်း . . . မှတ်မိပြီ။ နောက်ထပ်လျှောက်စရာရှိတာ အသုတ ကမ္မဋ္ဌာန်းတရားလား ဒကာကြီး"

"အဲဒီ တရားမဟုတ်ဘူး ဘုရား။ ဒီတစ်ခါ တပည့်တော် နာချင်တာက လုံး၀ ငြိမ်းချမ်းရေး ရောဟဏီတရား ဘုရား"

"ဒကာကြီး ဆန္ဒအတိုင်း ဟော ပြပေးပါ့မယ်။ ဒကာကြီး ကျန်းမာရေး လည်း ဂရုစိုက်ဦးနော်၊ ဟုတ်ပြီလား"

နယုန်လေရူးအဝေ့တွင် တိမ်ခိုး တိမ်ငွေ့တို့သည် အပြေးအလွှား။ မိုး သားတို့လည်း အလှအယက် စုပြုံတက် လာကြသည်။ နေမင်းကား ပိုင်းညှိညှိ အရောင်ကို မဖောက်မထွင်းသာ။

ဆေးဆရာကြီးသည် ရောဟဏီ တရားကို စဉ်းစားရင်း ကျောင်း၀င်း အတွင်း၌ ခပ်သုတ်သုတ်ပြုတ်လျှောက် နေသည်။

သဘာ၀သည် အကြောင်းများစွာ ပေါင်းဆုံလာပြီဖြစ်၍ လောကကို မင်းမူ တော့မည် ထင်ရ၏။ ကျောင်း၀င်း၀အနီး ရှိ လက်ပျဉ်းကျွန်း အိုမင်းလှသော ထနောင်းပင်မှ ဖက်ဖူးရောင် ထနောင်း ရွက်တို့သည် မိုးသက်လေ နှင်ရာသို့ ယိမ်းနွဲ့နေပြီ။ ရက်ခြည်း ဝုန်းဒုန်းကြဲ လိုက်သော လေပွေလိုင်းကြောင့် ကန်ဦးကျောင်း၏ သစ်သားဘုံ ငါးဆင့် သည် လုံး၀ ပြတ်ထွက်၏။ လေတွင် ပျံဝဲကျဆင်းလာသော ဘုံပြတ် သစ်သား ချောင်းများသည် ဆေးဆရာကြီးအား တမလွန်ဘ၀သို့ ဆောင်ပို့ခဲ့ချေပြီ။

* * *

ဒီပဲယင်း၁မောင်နိုး

www.burmeseclassic.com

www.burmeseclassic.com

လောကသုံးဘုံတွင် အတုမရှိ-အသိဒိသ-
မင်းကြီးမဟာ ဓမ္မရာဇမင်းဖြစ်တော်မူသော
မြတ်ဗုဒ္ဓသည် လေးဆယ့်ငါးဝါ
ကာလပတ်လုံး လူနတ်ပြဟ္မာ
သတ္တဝါအပေါင်းတို့အား တရား
ရေအေး အမြိုက်ဆေးအား တိုက်

ကျောက်မြို့ သူကြီးကြီး

(ကြိုပြင်ကောက်-လေယ်တီ)



www.burmeseclassic.com

www.burmeseclassic.com

> အိမ်သား သုံးဦးတို့သည် အိမ်ထောင်ဦးစီးဖြစ်သူ 'ကုဋ္ဌမွိုက' သူကြွယ်၏ တားမြစ်ဟန့်တား ခြိမ်းခြောက်ဆဲရေးခြင်းကို နှားမထောင်ကြတော့ဘဲ သွားရန် ရည်ရွယ်ပြီးဖြစ်သော ဓာတ်တော်ပူဇော်ပွဲကျင်းပရာ စေတီတော်မြတ်သို့ သွားကြလေသည်

အဋ္ဌကာန် - ဗုဒ္ဓကိုယ်တော်မှ ဖြစ်သော စက်ဆုပ်ဖွယ်ရာ အရိုးတို့ကို၊ ပူဇနေန -ပူဇော်ကြခြင်းဖြင့်၊ ကိ-ဘယ်သို့ အကျိုးရှိကြသနည်း (ဝါ) အသိဝိညာဏ်ကင်းသော အရိုးတို့ကို ဝိုင်းအုံ မြတ်နိုးနေကြခြင်းသည် အကျိုးမရှိ၊ တာ-ထို သဒိသယား ခွေးမအားဖြင့် သုံးယောက်သော အိမ်သားတို့ကို ဓာတုပုဇံ - ဗုဒ္ဓကိုယ်စား အမြတ်ထား၍ စိတ်ထားကော်ရော် ဓာတ်တော်ပူဇော်ခြင်းကို (ဝါ) ဓာတုပူဇာ ဆင်ယင်ကျင်းပ စေတီတော်ရပ်ဌာနသို့ သွားရောက်ကြည်ညိုပူဇော်ခြင်းကို၊ ပရိဘာသေတွာ - ရေရွတ်ခြိမ်းခြောက် ဟန့်တားလျက်၊ ဝိဝဏ္ဏောသိ - သဒ္ဒါမင့် ကဲ့ရဲ့လေ၏။

"သင်တို့သည် ရွံရာဖွယ်ရာဖြစ်သော အရိုးများကို ပူဇော်ခြင်း မြတ်နိုးနေကြခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း"

ဟု ကဲ့ရဲ့ရှုတ်ချ ဆဲရေး၍ တားမြစ်လေသည်။

အိမ်သား သုံးဦးတို့သည် အိမ်ထောင်ဦးစီးဖြစ်သူ "ကုဋ္ဌမွိုက" သူကြွယ်၏ တားမြစ်ဟန့်တား ခြိမ်းခြောက်ဆဲရေးခြင်းကို နှားမထောင်ကြတော့ဘဲ သွားရန် ရည်ရွယ်ပြီးဖြစ်သော ဓာတ်တော်ပူဇော်ပွဲကျင်းပရာ စေတီတော်မြတ်သို့ သွားကြလေသည်။

ကျွေးတော်မူပြီး ဘိုးတော် အဋ္ဌနမင်း ဖြို့ခွင်းသဂ္ဂာရင်တစ်ရာ့လေးဆယ့်ရှစ်အကျ၊ ကဆုန်လပြည့်၊ အင်္ဂါနေနံနက် အချိန်ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အလယ် တင့်တယ်လှစွာသော အင်ကြင်းပင်စုံကြား၌ ပရိနိဗ္ဗာန်ပြုတော်မူသည်။

ကဆုန်လပြည့်ကျော် တစ်ဆယ့်နှစ်ရက်၊ တနင်္ဂနွေနေ့တွင် တေဇောဓာတ် လောင်တော်မူ၏။ နယုန်လဆန်း ၅ရက်နေ့၌ ရှစ်ပြည်ထောင်မင်းတို့အား ဒေါနပဏ္ဍားသည် ဓာတ်တော်များအား ဝေငှလေသည်။

ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်ဝင်စံတော်မူစအချိန် စောစောပိုင်းတွင် ကုသိနာရုံပြည် ဇမ္ဗူဒီပါ မင်းဆရာ ဒေါနပဏ္ဍားတော်ကြီး၏ ဓာတ်တော်မြတ်ခွဲတမ်းမှ အခိုးကျ ရယူပင့်ဆောင်လာသော ဓာတ်တော်မြတ်တစ်စိတ်သားကို ဘုရင် အဇာတသတ်မင်းတရားကြီး အကြီးအမှူးပြု၍ တိုင်းသူပြည်သား လူအများ၏ ဗုဒ္ဓကိုယ်တော်အရပ်ရပ်မှ ကြွင်းကျန်သော ဓာတ်တော်များကို တစိမ့်စိမ့်ဖူးမြော်ကြည်ညိုကြလျက် သက်တော်ထင်ရှား ပမာထား၍ ဂုဏ်တော်အထပ်ထပ်၊ ကျေးဇူးတော်အရုပ်ရပ်တို့ကို ချီးကျူးထောပနာ ပူဇော်ကြသည်။

ဓာတ်တော်များအား ပူဇော်လာသည့် အချိန်ကာလသည်ကား...

"သတ္တ ဝိဿာနိ သဂ္ဂစမာသေ သတ္တစ ဒိဝသေ ဗုဒ္ဓဂုဏော အနုဿရန္တော"

ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်မျှ ကြာညောင်းအောင် အားရတင်းတိမ်နိုင်ခြင်းမရှိဘဲ ခြိမ့်ခြိမ့်သဲသဲမျှ ပူဇော်ကြကုန်၏။ ဓာတ်တော်၊ မွေတော်များအား ကြည်ညိုမှု သဒ္ဓါတရားကြောင့် ကွယ်လွန်ကြသည်၏အခြားမဲ့၌ နတ်ပြည်သို့ ဆိုက်ရောက်ကြကုန်သည်မှာလည်း လူပေါင်းအသခ္ချေပင် ဖြစ်ကြသည်။

ရာဇဂြိုလ်ပြည်ကြီးတွင် နေထိုင်သော လူကုံထံအထက်တန်းလွှာ ငွေကြေးရှင် "ကုဋ္ဌမွိုက" အမည်ရှိသော သူကြွယ်တစ်ဦးသည် အိမ်သူသက်ထား ဇနီးမယားနှင့် သမီးသွေး သုံးယောက်တို့ ပန်းနံ့သာ၊ ဆီမီး အစရှိသည့် ပူဇော်ဖွယ်ရာများကို ယူဆောင်၍ ဓာတ်တော်ပူဇော်ပွဲအခမ်းအနားသို့ သွားကြရန် ပြင်ဆင်လျက်ရှိ၏။

ဓာတ်တော်ပူဇော်ပွဲအခမ်းအနားကြီးရှိရာ စေတီရင်ပြင်တော်ပေါ်သို့ သွားရောက်ကြမည့် အစီအစဉ်ရှိသည်ကို သိရာ...

"ကိ အဋ္ဌကာန် ပူဇနေန၊
တံ ပရိဘာသေတွာ ဓာတုပူဇာန် ဝိဝဏ္ဏောသိ။"

www.burmeseclassic.com

www.burmeseclassic.com

မကြာမြင့်မီ ကာလအတောအတွင်းမှာပင် သူကြွယ်ဖြစ်သူ "ကဋ္ဌမွိက" သည် ရောဂါဝေဒနာတစ်ခု နှိပ်စက်သဖြင့် သေကုန်သော် ပြိတ္တာဘုံသို့ ရောက်ရှိသွားသော်လည်း သူနှင့်အတူနေ အိမ်သားသုံးဦးတို့မှာကား သက်တမ်းကုန်ဆုံးအောင် နေထိုင်ကြရပြီး ကွယ်လွန်ကြသည်ရှိသော် (နတ်ပြည်)၌ ဖြစ်ကြကုန်၏။

ရဟန်းတို့တွင် သံယာ့ထေရ်ဖြစ်သော ဂဏပါမောက္ခ သံယာတော် ထေရ်ကြီးခုနစ်သိန်းတွင် အရှင်မဟာကဿပ သည် သံယာထေရ် အကြီးဆုံးဖြစ်လေသည်။

ဗုဒ္ဓသရီရဓာတ်တော်များကို နှစ်,လ ရှည်ကြာစွာ တိုင်းလုံးကျွတ်၊ ပြည်လုံးကျွတ်မှု ပူဇော်ကြည်ညိုမှု ပြုကြရာတွင် ကြည်ညိုဖွယ်ဖြစ်သော အရာဌာနခွဲ ကြည်ညိုမှု ပူဇော်ကြသည်ကို မသန္ဒိဋ္ဌိနိုင်အောင် စိတ်ပြစ်မှားကြသောကြောင့်လည်း ယူမှားမိစွာ မနာလို ကိန်းအောင်းသော လူအပေါင်း ရှစ်သောင်းခြောက်ထောင်တို့သည် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး ပြိတ္တာဘုံတဝဝယ် အရှက်ကွဲစွာ ခံစားရလေကုန်၏။

ရှစ်သောင်းခြောက်ထောင်ကုန်သော ပြိတ္တာအဖြစ်သို့ ရောက်ရှိသွားကြသည့် စာရင်းချုပ်တွင် အပြစ်ကျူးလွန်ကြောင်း အပြစ်ထင်ရှားဆုံး တရားခံသဖွယ်ဖြစ်သော ပြိတ္တာသူကြွယ်ဟောင်းကို လည်းကောင်း၊ တရားလိုပြု သက်သေသဖွယ်ဖြစ်သော နတ်သမီးဖြစ်သူ အိမ်သားစု သုံးဦးတို့အား လည်းကောင်း၊ တန်ခိုးတော်ဖြင့် ခေါ်ယူ၍ ထိုပုဂ္ဂိုလ်တို့အား ပရိသတ်များ မြင်နိုင်စေရန် လောကဝိဝရဏ တန်ခိုးတော်ကို ဖန်ဆင်းပြီးလျှင် အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သူကြွယ်ဟောင်း ပြိတ္တာကို နောက်ကြောင်းကုန်စင်မေးမြန်းတော်မူလေသည်။

အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သတ္တဝါဝေနေယျတို့ မျက်ဝါးထင်ထင်တွေ့မြင်နိုင်ကြပါက ဗုဒ္ဓဓောတ်တော်မွေတော်များအား ကျူးလွန်ပြစ်မှားကြသူများအတွက် အကုသိုလ်အကျိုးတရားများကို သေသည်၏ အခြားမဲ့၌ ခံစားကြရကုန်မှာဘဲ၊ ပူဇော်မြတ်နိုး ရိုသေဆည်းကပ် လေးစားတတ်ကြသော ပုဂ္ဂိုလ်တို့မှာ ချက်ချင်းဒိဋ္ဌ နတ်ရွာသုဂတိသို့ ရောက်ရှိတတ်ကြောင်း ပြလိုသဖြင့် သူကြွယ် ပြိတ္တာကြီးအား မေးရာ သူကြွယ် ပြိတ္တာကြီး ပြန်လည်လျှောက်ထားချက်များမှာ -

(၁) အဟံ ရာဇဂဟေ ရမ္မေ ၊ ရမဏီယေ ဂရိမ္ဗေဓ။
ဣဿရော ဓန ဓညဿ၊ သုပဟူတဿ မာရိသ။
ဆဋ္ဌ (ဓာတုဝိဘင်္ဂပေတဝတ္ထု၊ စာ-၁၀၇)

မာရိသ - အရှင်ဘုရား။ အဟံ - တပည့်တော်သည်၊ ရမ္မေ - မြို့တွင်း ကိုးကုဋေ၊ မြို့ပ ကိုးကုဋေ၊ အိမ်နေသူတို့၏ မွေ့လျော်ရာဖြစ်သော၊ ရမဏီယေ - မွေ့လျော်ဖွယ်လည်းကောင်းသော၊ ဂိရိဗ္ဗဓေ - တောင်ငါးလုံးကာခိုသော၊ ရာဇဂဟေ- ရာဇဂြိုလ်ပြည်၌၊ သုပဟူတဿ - အလွန်ပေါများသော၊ ဓနဓညဿ - ဥစ္စာစပါးကို၊ ဣဿရော - အစိုးရသော သူကြွယ်ဖြစ်ပါသည် ဘုရား။

(၂) တဿဃံ မေ ဘရိယာစ ဓီတာစ သုဏိတာစ မေ။
တာ မာလံ ဥပ္ပလဟတ္ထာပိ၊ ပစ္ဆတ္တွ ဝိလေပနံ။
ထူပံ ဟရန္တိယော ဝါရေသိ။
တံ ပါပံ ပကတံ မယာ။

အယံ - ဤနတ်ပြည်က လာ၍ ကောင်းကင်မှာ ယခု ပေါင်းစုတည်နေသော နတ်သမီးသုံးယောက်သည်တဿမေ - ထိုအကျွန်ုပ်၏ ဘရိယာစ - ဇနီးဟောင်းသည်လည်းကောင်း၊ ဓီတာစ-သမီးဟောင်းသည် လည်းကောင်း၊ မေ - အကျွန်ုပ်၏ သုဏိသာစ - ချွေးဟောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



> ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဓာတ်တော်၊ မွေတော်၊ ဆံတော်ဓာတ်များတို့ ကိန်းဝပ်စံပယ် သီတင်းသုံးရာ စေတီရုပ်ပွားတော်မြတ်များ၏ စေတီတော်တို့အား သန္ဓိတတ်အားသရွေ့ လှူဒါန်းပူဇော်မှု ကုသိုလ်တော်အစုစုတို့ကို ကြိုးပမ်းအားထုတ်၍ ကိုးကွယ်ပူဇော်နိုင်ကြသည်

(၅) မြတ်နွယ်အမိန့်
(၆) ရိုက်ချိုးခံရ
(၇) ပြည့်ဝအင်္ဂါ
(၈) ဆင်းလုစွာဖြင့်
(၉၊ ၁၀) ကာယခံတွင်း ကြိုင်သင်းမွှေးကြူ
(၁၁) ကြီးမှူပညာ
(၁၂၊ ၁၃၊ ၁၄) နတ်ရွာထက်ရွှင်
(၁၅၊ ၁၆) လျင်မြန်ဆန်ကြယ်
(၁၇) ကောင်းကြွယ်စကား ဆိုနိုင်ခြားသည် ဘုရားဂုဏ်တော်ပွားကိုးတည်း။

ခုဒ္ဒကနိကာယ်၊ ထေရဂါထာပါဠိ

စေတီတော်များ၏ ပူဇော်ပွဲနှင့် ဗုဒ္ဓအကြောင်းဆက်စပ်သောကိစ္စတို့၌ နှတ်ဝစီကံမပျက်ဖြင့် မလွန်ကျူးမိစေရန် သတိပြုသင့်ကြကြောင်းကို "ခုဒ္ဒကနိကာယ ပေတဝတ္ထု" အဖွင့်ဒေသနာကြီး လာရှိသည်ကို ရေးသားလိုက်ရပေသည်။

ဤစာစုဖြင့် အနန္တောအနန္တဇေယျအေး ရှိသေစွာ ဦးခိုက်ပါ၏။

• • •

ဘူးနီ(ကြို့ပင်ခေကာက်)

လည်းကောင်း၊ အဟောသိ - ဖြစ်ပွားပြီး၊ တာ - ထိုမိန်းမတို့ကို၊ မာလဉ္စ - ပန်းကို လည်းကောင်း၊ ဥပ္ပလဉ္စာပိ - ကြာကို လည်းကောင်း၊ ဝိလေပနဉ္စ - နံ့သာပျော်းကို လည်းကောင်း၊ ထုပံ - စေတီတော်သို့၊ ဟရန္တိယော - ဆောင်ယူပူဇော် ပူဇော်သွားသည်တို့ကို၊ ဝါရေသိ - တားမြစ်မိခဲ့ပါပြီဘုရား၊ တံပါပံ - ထိုဓောတ်တော်တို့ကို ကဲ့ရဲ့သော မကောင်းမှုကို၊ မယာ - အကျွန်ုပ်တို့သည်၊ ပကတံ - ပြုမှုးမိခဲ့ပါသည် ဘုရား။

(၃) ဆင္ဓာသိတိ သဟဿာနိ၊ မယံ မစ္စုဇ္ဈ ဝေဒနာ။
ထူပမှုဇံ ဝိဝဏ္ဏေတွာ၊ ပစ္ဆာမ နိရယေ ဘုသံ။

ဆင္ဓာသိတိ သဟဿာန - ရှစ်သောင်းခြောက်ထောင်ကုန်သော၊ မယံ - အကျွန်ုပ်တို့သည်၊ ထူပမှုဇံ - စေတီဂုထိုးအား ရိုနိုးဝတ်ဆင်းကိုးကွယ်ခြင်းကို၊ ဝိဝဏ္ဏေတွာ - ကဲ့ရဲ့ရွဲတ်ချမိသောကြောင့်၊ မစ္စုဇ္ဈဝေဒနာ - အသီးသီး ဆင်းရဲကြီးကို ခံစားကုန်လျက်၊ နိယိရေ - ငရဲပမာ ဆင်းရဲစွာသောဗြိတ္တာဘုံ၌၊ ဘုသံ - ပူလောင်ပြင်းပြစွာ၊ ပစ္ဆာမ - ကျွက်ကြရပါကုန်၏ ဘုရား။

ဤသို့ အရှင်မဟာကဿပကိုယ်တော်မြတ်ကြီး၏ အန်ခိုးတော်ဖြင့် ခေါ်ယူချက်ကြောင့် ပြိတ္တာကိုယ်တိုင် သာရောက် လျှောက်ထားအပ်သော ဗုဒ္ဓဓောတ်တော်များကို ရှာချက်ခဲ့ရမိသော မိမိ မကောင်းမှုအကျိုး အတူနေ အိမ်ထောင်သုံးဦးတို့၏ ခံစားရသော ကုသိုလ်အကျိုးတရားတို့ကို လျှောက်ထားလေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ဓာတ်ဆံ၊ မွေတော်၊ ဆံတော်ဓာတ်များတို့ ကိန်းဝပ်စံပယ် သီတင်းသုံးရာ စေတီရုပ်ပွားတော်မြတ်များ၏ စေတီတော်တို့အား သန္ဓိတတ်အားသရွေ့ လှူဒါန်းပူဇော်မှု ကုသိုလ်တော်အစုစုတို့ကို ကြိုးပမ်းအားထုတ်၍ ကိုးကွယ်ပူဇော်နိုင်ကြသည်။

ဗုဒ္ဓဓောတ်တော်၊ မွေတော်၊ ဆံတော်များအား ရှုတ်ချကဲ့ရဲ့ပြစ်တင် ဝေဖန် မကောင်းမှုအမှန်ဖြစ်သော "ဗုဒ္ဓဝိဝဏ္ဏ၊ ဓမ္မဝိဝဏ္ဏ၊ သံဃဝိဝဏ္ဏ" ကဲ့ရဲ့မှုအစုစုတို့ကို လုံးဝ မပြုလုပ်နိုင်ကြစေရန် သတိပြုအပ်ပေသည်။

ဘုရားဂုဏ်တော်ပွားများသူ အကျိုးတရား(၁၇)ပါးမှာ-

(၁) စေတီအတူ
(၂) စိတ်မူ တည်ကြည်
(၃) ရောက်မည် နတ်ရွာ
(၄) တွေ့ခါ သိလွယ်

www.burmeseclassic.com

www.burmeseclassic.com

လွမ်းသျှင်နောင်
(မဟာသာရ)

ဝါတွင်းကာလနှင့်
ဝါဆိုသင်္ကန်းအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာများက ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ကြားသောအခါ ဘုရားရှင်က ရဟန်းတော်များကို ဝါတွင်းသုံးလပတ်လုံး ဝါကပ်နေထိုင်ဖို့ရာ ပညတ်ခဲ့ခြင်းဖြစ်သည်။

ဝါကို ဝါကပ်ခြင်းတွင် ပုရိမ ဝါကပ်ဆိုခြင်းနှင့် ပစ္ဆိမ ဝါကပ်ဆိုခြင်းဟူ၍လည်း နှစ်မျိုးရှိ၏။ ရဟန်းတော်များသည် မိမိနေထိုင်ရာ ကျောင်းတိုက်တာတွင် ဝါဆိုလပြည့်ကျော် ၁ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့အထိ ဝါကပ်နေထိုင်ခြင်းကို ပုရိမ ဝါကပ်ဆိုခြင်းဟု ခေါ်သည်။ အကြောင်းတစ်ခုခုကြောင့် ရဟန်းတော်အချို့မှာ ထိုနေ့ရက်ကို မမီသဖြင့် ဝါခေါင်လပြည့်ကျော် ၁ရက်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်နေ့အထိ ဝါကပ်နေထိုင်ရခြင်းကို ပစ္ဆိမ ဝါကပ်နေထိုင်ရသည်ဟု ခေါ်၏။

ရဟန်းတော်များမှာ ထိုသို့ ဝါဆို ဝါကပ်စဉ်အချိန်၌ အကြောင်းတစ်စုံတစ်ရာမရှိဘဲ မိမိနေထိုင်ရာ ကျောင်းတိုက်တာအတွင်းမှ အခြားအရပ်တစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေ မသွားကြပေ။ အကြောင်းရှိခဲ့လျှင်လည်း ခုနစ်ရက်အတွင်း ပြန်လာခဲ့ပါမည်ဟု ဆောက်တည်ပြီးမှသာ သွားလာကြ၏။ ဘုရားရုပ်ပွားဆင်းတုတော်ရှေ့မှောက်တွင် လက်အုပ်ချီပြီး "အန္တော သတ္ထာဟေ ပဋိနိဝတ္တေ့ဿာမိ" ဟု နှုတ်က ပြွက်ဆို ပန်ကြား၍ သွားကြရ၏။ ၎င်းကို ဝါပန်သည် ခေါ်ကြ၏။

ဝါဆိုသင်္ကန်းဆိုသည်မှာ ထိုသို့ ဝါဆိုရက် ဝါဆိုပြီး ဝါကျွတ်သည့်တိုင် ဝါမပျက်သော ရဟန်းတော်များအား လှူဒါန်းသည့် သင်္ကန်းကို ဆိုလိုခြင်းဖြစ်သည်။ သို့သော် ရဟန်းတော်များအတွက် တည်ရာမှီရာ အားထားရာ တစ်ပါးဖြစ်သော သင်္ကန်းမှာ -

(၁) သင်းပိုင်
(၂) ကိုယ်ဝတ်
(၃) ဒုကုဋ်
(၄) အိပ်ယာလွှမ်း
(၅) မျက်နှာသုတ်ပဝါ
(၆) ပရိက္ခာရ စောင်ပုဆိုး
(၇) နိသီဒိုင်အခင်း
(၈) မိုးရေခံ သင်္ကန်း
(၉) အမာလွှမ်းသင်္ကန်း

ဟု ကိုးမျိုးသော သင်္ကန်းမှတစ်ပါး အခြား သီးခြား မရှိပေ။

ဝါဆိုသင်္ကန်း ခေါ် ဝါကျွတ်သင်္ကန်းဖြစ်လာရသည့်

တိုင်းပြည်တစ်ပြည်တွင် ခေတ်ရေစီးကြောင်း တိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်း လူနေမှုအဆင့် မြင့်မားတိုးတက်လာသည်နှင့်အညီ ကျေးရွာတိုင်း ရပ်ကွက်တိုင်း မြို့နယ်တိုင်းတွင် ဘာသာရေးအဆောက်အအုံများ၊ စေတီပုထိုးများ၊ ကျောင်းကန်ဧရပ်များ နေရာအနှံ့တွင် တွေ့မြင်လာနေရသည်။ တိုင်းပြည်တစ်ပြည်၏ ခေတ်နေ့တွင် ကိုယ်ပိုင်ယဉ်ကျေးမှု အဆင့်မြင့်မားလာစေရေးအတွက် အဓိက အခြေခံမှာလည်း ဘာသာရေးဖြစ်သည်။

စာရေးသူတို့တိုင်းပြည်တွင် နိုင်ငံတော်က ပြဋ္ဌာန်းသည့် ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်သည်နှင့်အညီ ဘာသာရေးပုံကြည့်သင်္ခါတိုးပွားမှု ပြဿဂ်အဖြစ် သာသနာရေးအဆောက်အအုံများ တိုးတက်များပြားလာသလို၊ ပရိယတ် ပရိပတ် သာသနာတော်အတွက် ကြိုးစားအားထုတ်တော်မူကြသော ရဟန်း သံဃာတော်များကို ပစ္စည်းလေးပါး ထောက်ပံ့မှုမှာလည်း အားရဖွယ် တွေ့မြင်နေရ၏။

စာရေးသူ တင်ပြလိုသည်မှာ ရဟန်းသံဃာတော်များ၏ တည်ရာမှီရာ အားထားရာ တရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် သင်္ကန်းနှင့် ပတ်သက်၍ ဝါတွင်းကာလနှင့် ဝါဆိုသင်္ကန်းအကြောင်းကို စာရေးသူ ဖတ်ဖူးသည်မှ တင်ပြလိုခြင်းဖြစ်ပါသည်။

ဘုရားရှင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ်က ဖြစ်သည်။ ရဟန်းတော်များကို ဝါဆို ဝါကပ် ပညတ်တော်မမူသေးခင် ဖြစ်၏။

ရဟန်းတော်များ ဆောင်း၊ နွေ၊ မိုး ဥတုသုံးပါးစလုံး အေးစာရိကြွဲတော်မူနေကြစဉ်က ဖြစ်သည်။ လူများကကဲ့ရဲ့ကြ၏။ ရဟန်းတော်များသည် ဥတုသုံးပါးစလုံး မြက်၊ ဧကာက်ပဲသီးနှံများကို နင်းချေ ဖျက်ဆီးပြီး ခရီးသွားနေကြသည်။ အခုလို မိုးရာသီတွင် သာသနာတော်အပြင်ဘက်မှ ဘိတ္ထိများပင် ခရီးမသွားလာကြဘဲ တစ်နေရာတည်းမှာ စောင့်ဆိုးနေထိုင်ကြ၏။ ၎င်တို့သော်မှ သစ်ပင် သစ်ကိုင်းများ၌ အသိုက်လုပ်ပြီး မိုးကာလတွင် နေထိုင်ကြသည်။ ရဟန်းတော်များမှာမူ မြက်သစ်ပင်နှင့်တကွ များပြားလှသော သတ္တဝါငယ်များကို နင်းချေဖျက်ဆီးပြီး ခရီးသွားလာနေကြသည်ကဲ့ကဲ့ရဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းမှာ ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် သီတင်းသုံးစဉ်က အမတ်တစ်ဦးမှာ စစ်တိုက်ထွက်ရမည်ဖို့ သူ၏ အသက်မှာ မသေချာသဖြင့် သေကောင်းနေကောင်းဖြစ်စေရန် ဝါကျွတ် သံဃာတော်များကို ဝါဆိုသင်္ကန်းကပ်လှူရန် အကြံဖြစ်၏။ သို့သော် စစ်ထွက်သွားခါနီး သူမှာ အမှုကိစ္စများက ရှိနေသဖြင့် အိမ်တွင် ဝါဆိုသင်္ကန်းကပ်လှူလို၍ ရဟန်းသံဃာတော်များကို အလှူခံ ကြွရောက်ဖို့ရာ တပည့်တစ်ဦးကို လွှတ်ထားခိုင်း၏။ ထိုစဉ်က ရဟန်းတော်များမှာ ဝါကျွတ် သံဃာတော်တို့ ဝါဆိုသင်္ကန်းခံယူစေဟု ဘုရားရှင်ထံမှ ခွင့်ပြုချက် မရှိဘူးသေးသည်ဖို့ ယုံမှားမှု ရှိကြသဖြင့် အလှူခံ မကြွရောက်ဘဲ နေကြ၏။ အမတ်ကြီးက စစ်တိုက်သွားရမှာဖြစ်၍ သေမည်၊ ရှင်မည် မသိနိုင်သဖြင့် သင်္ကန်းအလှူခံရန် အပင့်လွှတ်ပါလျက် မကြွရောက်ရကောင်းလား ကဲ့ရဲ့လေသည်။ ထိုအကြောင်းကို ဘုရားရှင်က ကြားတော်မူသောအခါ ထိုသို့ အဆောတလျင် လှူအပ်သော အစွေကသင်္ကန်းကို အလှူခံဖို့ရာ ခွင့်ပြုတော်မူခဲ့၏။

အစွေက သင်္ကန်းဆိုသည်မှာ အသက်ကို စိတ်မချရသည့် ပဂ္ဂိုလ်များ၊ ကိုယ်ဝန်ဆောင် မိန်းမများနှင့် အသစ်သဒ္ဓါဖြစ်ပွားသော ပဂ္ဂိုလ်များ၊ လှူဒါန်းသော သင်္ကန်းကို ဆို၏။

ထို့ကြောင့် အစွေကသင်္ကန်း ခေါ် ဝါဆိုသင်္ကန်းမှာလည်း ရဟန်း သံဃာတော်များအတွက် အထောက်အပံ့ပစ္စည်းလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ကိုးထည်သော သင်္ကန်းတွင် တစ်ထည်အပါအဝင်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

* * *

လွမ်းသျှင်ခေမာဘိ(မဟာသာရွာ)

" အာစရိယဂုဏ် အဟံ ဝန္ဒာမိ "

ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေးအိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဆန်းကျမ်း + သက္ကတ် ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာနဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယဉ်ကြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်းအစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင်ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေညှောင်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်း။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု
ဆရာဦးအောင်မိုးဇော်
EX-ဘာသေဗီမာန်
အထက်တန်း လက္ခဏာ၊ နက္ခတ္တဖေဒပညာရှင်
သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"အမဲသားသည် ဒေါ်ပုရဲ့ အမဲသားတွေကို မျောက်တစ္ဆေက လုစားလို့တဲ့"

"နေခင်းကြောင်တောင်ကြီးတောင် ဒီလို လုသတဲ့လား"

"ခြံပိုင်ရှင် ဦးလှ မွေးထားတဲ့ တစ္ဆေကတော့ တစ်နေ့တခြား ကြမ်းလာပြီ"

"ဟုတ်တယ်။ ကြာရင် ရွာက ကလေးတွေကို ဒုက္ခပေးမှာ ကြောက်ရတယ်"

ညောင်တုန်းမြို့နယ်၊ မယ်ဇလီရွာမရွာမှ ဥယျာဉ်ခြံပိုင်ရှင် ဦးလှ မွေးထားတဲ့ ခြံစောင့် သရဲ ကြမ်းတမ်းလာပုံကို တစ်ရွာလုံး ပွက်လောရိုက်အောင် ပြောဆိုနေကြပြီဖြစ်သည်။

မယ်ဇလီရွာမရွာမှာ ရန်ကုန်တိုင်းအကြီး၊ လှိုင်မြို့နယ်နှင့် ၂၄မိုင်ဝေးသည်။ ရွာနေ လူတန်းစားမှာ လယ်လုပ်ကိုင်ခြင်း၊ သစ်သီးဝလံခြံများ ထိန်းသိမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။

ဦးလှမှာ ငှက်ပျော၊ သရက်၊ ဆလကာ စသည်ဖြင့် သီးနှံများ စိုက်ပျိုးထားပြီး ခြံစောင့်အဖြစ် တစ္ဆေတစ်ကောင်မွေးထားရာ နှစ်ကြာလာသည်နှင့်အမျှ ဝဝလင်လင် မကွေးနိုင်အောင်သဖြင့် တစ္ဆေမှာ တစ်ရွာဝင် တစ်ရွာထွက် ခေါင်းရွက်ဗျက်ထိုး သားစိမ်းဆိုင်းရောင်းစားနေကြသော စေ့သည်းဆံမှ လည်းကောင်း၊ မြိုတက်ပြီး အသည်းပြန်လာသော ရွာသူရွာသားများမှ လည်းကောင်း လုယက်စားသောက်စ ပြုနေပြီဖြစ်၏။

တစ္ဆေမွေးထားသော ဦးလှ၏ ခြံသည် ရွာ၏ မြောက်ဘက်၊ ယာထဲသို့ ရောင်းထားသော ဝါပေနက်သည့် ရေမြောင်းဘေးတွင် ရှိ၏။

ရေမြောင်းမှာ ထာဝရ ရေရှိမနေ။ သို့သော် ဇောက်နက်သဖြင့် လည်းကောင်း၊ အဆင်းအတက် မချောမွေ့သဖြင့် လည်းကောင်း၊ ရွာသို့ သွားရန် ဖျဉ်နှစ်ချပ်ကို ပူးလျက် တံတားလုပ်ထား၏။ ထိုတံတားပေါ်မှ ဖြတ်၍ ဦးလှ၏ ခြံဘေးမှ ရွာသို့ လာရ၏။

ထိုသို့ လာရာတွင် ထိုချောင်းကို ကျော်၍ သခ္ခိုင်းကို ဖြတ်ပြီးမှ ရွာသို့ ရောက်၏။ ရွာသူရွာသားများနှင့် ဤသခ္ခိုင်းမှာ အထူးအဆန်းမဟုတ်။ သွားရိုးသွားစဉ်၊ လာရိုးလာစဉ်ဖြစ်၍ မကြောက်ကြ။

သို့သော် လွန်ခဲ့သည့် တစ်ပတ်လောက်က ရွာမှ လူငွေစာ ကိုတင်အေးနှင့် ထိုမျောက်တစ္ဆေတို့ နပန်းလုံးသတ်ခဲ့ကြောင်း သတင်းထွက်ပြီး နောက်ဆက်တွဲ ဤကိစ္စများ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

♦♦♦

ဦးတင်အေးသည် မယ်ဇလီရွာမ ရွာသားဖြစ်၏။ အသက်က ၂၀ကျော် ၃၀အတွင်းသာ ရှိသေးပြီး ဆန်စက်နှင့် ရွှေပန်းထိမ်ဖိုပိုင်ရှင်ဖြစ်သဖြင့် ချမ်းသာ၏။

ဘုရား၊ တရား၊ သံဃာကို လွန်စွာ ယုံကြည်ကိုးကွယ်သူဖြစ်ပြီး မျောက်တစ္ဆေနှင့် ပြဿနာဖြစ်စဉ်က "မြသိန်းတန်" ကျောင်းဝင်းအတွင်းရှိ သိမ်နှင့် ဇရပ်တို့ကို ပြုပြင်နေဆဲကာလ ဖြစ်၏။

အလှူအတန်း၊ အပေးအကမ်းရက်ရော၍ လူချစ်လူခင်ပေါသော်လည်း မိမိ၏ ရှေ့တွင် မဟုတ်မမှန် လုပ်ကြံပြောဆိုနေသည်ကို တွေ့ရှိပါက ဒိုးဒိုးဒေါက်ဒေါက်နှင့် မခံချိမခံသာဖြစ်တတ်သဖြင့် တစ်ချို့တစ်ရံက ၎င်းအား လူရွှစားဟု သတ်မှတ်၏။

တစ်နေ့ သိမ်ပြင်နေရာသို့ ရန်ကုန်ပြို့၊ ရွှေတိဂုံဘုရား(ဥယျာဉ်) မန်နေဂျာ ဦးတင်မောင်ညွန့်နှင့် ဇနီးမခင်ခင်မြင့်တို့ ရောက်ရှိလာပြီး ထိုကျောင်းဝိုင်းအတွင်းရှိ ဘုရားငုတ်တိုမှ ဥစ္စာစောင့်မက မခင်ခင်မြင့်အား ဝင်ပူးပြီး ဘုရားငုတ်တိုအား ပြင်ပေးရန် ဦးတင်အေးကို ပြော၏။

ဦးတင်အေးက သိမ်တွေ၊ ဇရပ်တွေ ပြင်နေရလို့ ပိုက်ဆံကုန်ပြီ၊ ဘုရားကို မပြင်နိုင်ဘူးဟု အတိုက်အခံ ငြင်းဆို၏။

ဥစ္စာစောင့်မက ငါ ဘိုးတော်သုံးပါးလွှတ်လိုက်မယ်။ ငွေလည်း ပေးမယ်ပြောပြီး ပြန်ထွက်သွားလေ၏။

ဤသို့ ဖြစ်ပျက်ခဲ့သည်ကို ဝင်ပြီး အပူးခံရသည့် မခင်ခင်မြင့်က ဘာမျှ မသိ။ ကျောင်းထိုင်ဆရာတော်ကြီးနှင့် ယောကျ်ားဖြစ်သူ ဦးတင်မောင်ညွန့်က ပြန်ပြောပြမှ သိ၏။

မခင်ခင်မြင့်က ဦးတင်အေး၏ သဘောတရားကို မေးရာ ဦးတင်အေးမှ...

"ဥစ္စာစောင့်တွေ ပြောသလို ပိုက်ဆံပေးရင်တော့ ပြင်ပေးမှာပေါ့။ ငါ့မှာတော့ ဒီ သိမ်တွေ၊ ဇရပ်တွေ ပြီးအောင် ပြင်ရဦးမယ်"

ဟု ပြောကာ ရွာနှင့် လေးဖာလုံခန့် ဝေးသော ပုသိမ်-ရန်ကုန် အဝေးပြေးလမ်းမကြီးပေါ်ရှိ "မျိုးလွင်" စားသောက်ဆိုင်ကြီးသို့ ထွက်ခဲ့သည်။

လေးနာရီထိုးလျှင် အိမ်သို့ ပြန်ခဲ့ရာ လမ်းတွင် ဆီပီပါကြီးများကို ကုန်ကားပေါ်တင်ရာတွင် ကိုးရိုးကားရားဖြစ်နေသည်ကို မြင်တွေ့ရသဖြင့် ကုတ်ခြင်

www.burmeseclassic.com

www.burmeseclassic.com

တင်ရန် ပြောပြပြီး ကူညီလုပ်ပေးခဲ့၏။ ပိုင်ရှင် ဦးကျော်မိုးက ဦးတင်အေးအား ပါလာသော ဘီယာနှင့် ကြွက်ကြော် အမြည်းကျွေးရာ စားသောက်နေရသဖြင့် အိမ်အပြန် ညဉ့်နက်သွားခဲ့၏။

ငါးနာရီခန့်ရှိသော ရောင်းမြောင်း ချောင်းတံတားထိပ်သို့ အရောက် မိုးမှောင်ကြီးကျလာရာ ဖြတ်နင်းရမည့် ပျဉ်တံတားကို မမြင်ရတော့ဘဲ စမ်းတဝါးဝါးဖြစ်နေတော့၏။

ဦးတင်အေးတစ်ယောက် ချောင်း တံတားကို ခြေထောက်ဖြင့် စမ်းသပ်နေ စဉ် နောက်မှ လူတစ်ယောက်ယောက် က တွန်းချလိုက်သကဲ့သို့ ဝုန်းခနဲ မြောင်းထဲသို့ ကျသွားလေတော့သည်။

ကံကောင်းသည်က အောက်တွင် ရှိနေသော သစ်ငုတ်များနှင့် မခိုက်မိတဲ့ ဘုရား တရားနှင့် ကုသိုလ်ကောင်းမှု၏ ဂုဏ်ကျေးဇူးကြောင့် ငုတ်များ၏ အလယ်တွင် မတ်တတ်ရပ်လျက် ကျလေ၏။

ဘေးပတ်ဝန်းကျင်က မှောင်နှင့် မည်းမည်း။ ဘာဆိုဘာမျှ မမြင်ရ။

"ဝိုး···ဟားဟား···"

"ဝိုး···ဟားဟား···"

မှောင်မှောင်မည်းမည်းထဲမှ ရယ်သံတွေ ကြားနေရသဖြင့် ဦးတင်အေး ကြည့်မိသော်လည်း ဘာဆိုဘာမှ မမြင်ရ၊

ရယ်သံက မိမိ၏ ရှေ့တည့်တည့် တစ်ဖက်ကုန်းမြင့်ဆီမှ ဖြစ်သဖြင့် သေသေချာချာ စူးစူးစိုက်စိုက်ကြည့်မိ၏။

"ဟေ့ကောင်···၊ မင်း ဘာကောင်လဲကွ"

ဦးတင်အေး မျက်လုံးကို ပွတ်ပြီး ကြည့်ရာ ဘာဆိုဘာမှ မမြင်ရ။ ထို့ကြောင့် ရမ်းသမ်းမေးမိသည်။

"ဘာကောင်လဲလို့ ငါက မေးရမှာကွ။ ဒီတံတားကို ဖြတ်ရင် တံတားကြေးပေးရမယ်ဆိုတာ မသိဘူးလား"

"ဘာတံတားကြေးလဲ။ ဒီတံတားက ငါတို့ရွာသားတွေ ကိုယ်ထူကိုယ်ထ ဆောက်ထားတဲ့ တံတားကွ။ ဘာဆက်ကြေးလဲ"

"အေး၊ တံတားကြေး မပေးရင်တော့ မင်းသေဖို့သာ ပြင်တော့"

"ဟေ့···ဟေ့ကောင် နေဦး၊ မင်း သတ္တိရှိရင် ငါမြင်အောင် ပြကွ"

မူးမူးနဲ့ ဦးတင်အေး စမ်းမိစမ်းရာ သစ်ငုတ်တိုတစ်ချောင်းကို ကောက်ကိုင်လိုက်သည်။ ပြီးမှ မမြင်ရတဲ့ သတ္တဝါကို စိန်ခေါ်လိုက်သည်။

ဦးတင်အေး၏ ရှေ့တည့်တည့်မှ အလင်းတန်းကြီး ပေါ်လာပြီး တစ်ဖက် တံတားထိပ်မှ မျောက်တစ်ကောင် ပေါ်လာ၏။

"ဟေ့ကောင်···သေပေတော့"

"ဝိုး···ဘုန်း"

မျောက်တစ္ဆေ၏ လက်က ရှည်ထွက်လာပြီး ဦးတင်အေး၏ ဇက်ပိုးကို ရိုက်လိုက်၏။

ဦးတင်အေးကလည်း မိမိထံသို့ လာသော လက်ကြီးကို တုတ်ဖြင့် ရိုက်လိုက်သည်။

အသံများသာ ထွက်လာပြီး မျောက်တစ္ဆေ၏လက်က မိမိကို မရိုက်မိသကဲ့သို့ မိမိ၏ တုတ်ကလည်း ထိုတစ္ဆေကို မရိုက်မိဟု ထင်ရသည်။

သို့သော် ဇက်ပိုးဆီမှ အေးခဲခဲစားရပြီး မွေးညင်းများ ထိုးထိုးထောင်ထောင်ထလာသည်။

ဒီလိုနှင့် တစ်ယောက်နဲ့ တစ်ယောက် ပူးသတ် ထိုးကြိတ်နေကြရာ တစ်နာရီခန့်ကြာသော် ခြေကုန်လက်ပန်း ကျသွားကြသည်။

"ဟေ့ကောင်···ငါမောနေပြီ၊ ဒီနေ့ နားမယ်။ နောက်နေ့ ဒီအချိန် ငါပြန်လာမယ်"

"အေး၊ အမဲသားတစ်ပိဿာယူခဲ့"

"မင်းဘာသာမင်း ရှာစား။ ငါက တော့ ယူမလာဘူး"

ဦးတင်အေး မျောက်တစ္ဆေကို သေသေချာချာ ကြည့်လိုက်တော့ မျောက်မဟုတ်၊ လူပဲဖြစ်ပြီး အမွေးများ တစ်ပေခန့် ရှည်နေခြင်း ဖြစ်လေ၏။

ဘယ်လိုက ဘယ်လို အိမ်ပြန် ရောက်လာသည် မသိ။ ဦးတင်အေး တစ်ယောက် အိပ်ရာထဲတွင် ပက်လက်ဖြစ်နေတော့သည်။

♦♦♦

အိပ်ရာက နိုးတော့ ခေါင်းက လှုပ်မရ။ ညက သောက်ထားသည့် အရှိန်ဖြင့် ခေါင်းတွေ့ ကိုက်နေသည်။ ဇက်ကြောကလည်း တဆစ်ဆစ်နဲ့ ကိုက်နေ၏။

"မောင်တင်အေး···ထဦး၊ ဒီမှာ ကိုရင် ခင်မောင်မြင့်နဲ့ ကိုရင်နှစ်ပါးကြီး လာတယ်"

လို့ နှိုးတော့ မထချင်ဘဲနဲ့ ထလိုက်ရသည်။ တစ်ကိုယ်လုံး အရိုး ခံထားရသကဲ့သို့ နာနေ၏။

"ဒီကောင် အရက်သမား။ ဘာ သဘောနဲ့ သက်နဲ့စည်းပြန်တယ် မသိဘူး"

ဟု ဦးတင်အေးစိတ်ထဲမှ ညည်း လိုက်သည်။ အထင်လည်း သေးမိ၏။

"ဒကာ တင်အေး၊ ငါတို့ ရေလာကမှုန်သိုက်က ခိုင်းလို့ လာတာ ကျောင်းထဲက ဘုရားငုတ်တိုကို ပြန်မယ်"

ဟု ကိုရင် ခင်မောင်မြင့်က ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုယ်လုံး နာနေသဖြင့် ဦးတင်အေးက စိတ်မရှည်။

"အောင်မာ...ရာရာစစ၊ ဒီရွာက အရက်မူးသမားက လူတွင်ကျယ်လုပ်လို့"

ဟု စိတ်ထဲမှ အော်မေ့ကာ-

"သိုက်က ခိုင်းရင် ကိုရင်တို့တာသာ သွားပြင်ကြပေါ့"

ဟု ငွေကျကျ စကားကို ဆိုလိုက်၏။

"ငါတို့ချည်း မပြီးလို့ပေါ့ ဒကာရ၊ ဒကာ ဦးဆောင်မှ ဒီဘုရားပြင်လို့ရမှာလို့ သိုက်နန်းရှင်တွေက ပြောတယ်။ အဲဒါ ဒကာ ကူဦး"

လို့ ကိုရင် ခင်မောင်မြင့်က ပြောသည်။

"အား...ကျွတ်...ကျွတ်...နာလိုက်တာ"

ယောင်ပြီး ခေါင်းကို လှည့်လိုက်ရာ နာသဖြင့် ဦးတင်အေး အော်မိ၏။

"ဟားဟားဟား . . . ညက မျောက်တစ္ဆေလက်ချက် ခံခဲ့ရပြီမဟုတ်လား။ ဟိုအကောင်လည်း ဒကာ့လက်ချက်နဲ့ ချောင်းထိပ်မှာ ပက်လက်ဖြစ်နေတယ်"

ဟု ကိုရင်က ပြောသည်။

"အောင်မာ...၊ လူအထင်ကြီး အောင် လာလုပ်နေတယ်"ဟု ဦးတင်အေးစိတ်ထဲမှ ရေရွတ်လိုက်၏။ ပြောမရသဖြင့် ကိုရင်များ ပြန်ကြွသွားကြသည်။

ဦးတင်အေးက မိမိစိပ်နေကျ ပုတီးကို ရေစိမ်ပြီး သောက်လိုက်ရာ အနာပျောက်သွား၏။ သို့သော် ခဏနေပြီး ပြန်နာလာပြန်၏။

ဤသို့ ဦးတင်အေး ဖြစ်နေချိန်တွင် မျောက်တစ္ဆေမှာ ချောင်းထိပ်တံတားမှနေ၍ ပါလာသမျှ သားစိမ်းငါးစိမ်းများအား လုစားနေသော သတင်းအနီးအနား ပတ်ဝန်းကျင်ရွာများထဲ ပျံသွားလေတော့၏။

ဦးတင်အေးက လက်မခံသဖြင့် အနယ်နယ်အရပ်ရပ်မှ ပုဂ္ဂိုလ်များက ထိုဘုရားအား လာရောက်ပြုပြင်သော်လည်း မည်သို့အကြောင်းရှိသည် မသိ ပြင်၍ မရဘဲ လာသမျှ အားလုံး လက်လျော့ပြီး ပြန်သွားကြရ၏။

ဦးတင်အေး၏ ဇက်ကြောကိုက်ပြီး ခေါင်းလှည့်မရသည့် ကိစ္စက တစ်နေ့တခြား ပြင်းထန်လာပြီဖြစ်၏။ ရွာက တစ်နှစ်တစ်ခါ ရေကြီးသည်။ ယခု ချောင်းရေများက ရွာမှ ကလေးကစားကွင်းဖြစ်သော ဘောလုံးကွင်းကြီး တစ်ခုလုံး ချောင်းရေလွှမ်းသွားပြီဖြစ်သည်။

"အမဲသား တစ်ပိဿာဝယ်ပြီး အနေတော် အတုံးကလေးတွေ တုံးပြီး ယူခဲ့။ ဒကာရဲ့ ရောဂါပျောက်ဖို့က မျောက်တစ္ဆေကို ကျွေးမှ ဖြစ်မယ်"

"ဒကာကြီးက သူ့ကို မကျွေးဘဲ တံတားထိပ်သွားပြီး ထိုင်ထိုင်ဆဲနေတော့ ပိုဆိုးလာတာပေါ့"

လို့ ကိုရင် ခင်မောင်မြင့်က ပြော၏။

မှန်လည်း မှန်သည်။ ဦးတင်အေးသည် ငှက်ကြီးတောင် ဓားရှည်ကြီးကို ကိုင်လျက် ကြက်ကြော်နှင့် အရက်များကို ယူကာ မျောက်တစ္ဆေရှိသော တံတားကို သွားပြီး . . .

"ဟေ့ကောင် . . . လာစားလေကွာ။ လာခဲ့၊ မင်း မလာဘူးလား။ မလာရင် ငါ အကုန်စားတယ်ကွာ"

လို့ ပြောပြီး စားသောက်ပြီး မောင်မှ ရွာသို့ ပြန်လာခဲ့၏။ မျောက်တစ္ဆေက ဦးတင်အေးတော့ ကြောက်ပုံပေါ်သည်။ လုံးဝ မလာ။ ဦးတင်အေး ခေါင်းကလည်း လုံးဝ လှည့်မရ။ တစ်ချက် တစ်ချက် မနေနိုင်အောင် ကိုက်ခဲနာကျင်နေ၏။

တစ်နေ့ထက် တစ်နေ့ နာကျင်ကိုက်ခဲမှုတွေ များလာသောအခါ ဦးတင်အေးသည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကိုရင် ခင်မောင်မြင့်၏ စကားကို နားထောင်ကာ အမဲသားတစ်ပိဿာဝယ်ပြီး အနေတော် အတုံးကလေးများ တုံးကာ ကိုရင် ခင်မောင်မြင့်ကို ပေးခဲ့၏။

ကိုရင် ခင်မောင်မြင့်သည် ဦးတင်အေးကို ခေါ်၍ ရွာ၏ အနောက်ဘက်ရှိ ချောင်းရေများ လွှမ်းမိုးနေသော ကလေးကစားသည့် ဘောလုံးကွင်းသို့ သွားပြီး . . .

"ဟေ့ . . . မျောက်တစ္ဆေ လာခဲ့။ မင်းသူငယ်ချင်း တင်အေးက မင်းအတွက် အစားအသောက်တွေ ယူခဲ့တယ်။ သူကျွေးတာ စားပြီး မင်းပေးထားတဲ့ ဝေဒနာကို ပြန်ယူသွားပေ

www.burmeseclassic.com

www.burmeseclassic.com

ဟော့။ ငါတို့မှာ လောကမှုန်စေတီတော်ပြင်ဖို့ တာဝန်တွေ ရှိနေတယ်။ မင်းထပ်ပြီး နောင့်ယှက်နေရင်တော့ သက်သိုင်ရာ သိုက်နန်းရှင်တွေက မင်းကို ဒဏ်ခတ်လိမ့်မယ်။ ရော့၊ စားဟေ့"

ဟု ပြောကာ ဦးတင်အေး ကိုင်ထားသော ဇလုံထဲမှ အမဲတုံးများကို ယူပြီး ဘေလုံးကွင်းထဲရှိ ရေများထဲသို့ လှမ်း၍ တစ်တုံးပြီး တစ်တုံးပစ်လိုက်၏။

အမဲတုံးများက ရေထဲသို့ မကျဘဲ လေထဲမှာပင် ပျောက်၍ ပျောက်၍ သွားသဖြင့် ဦးတင်အေးတစ်ယောက်များစွာ အံ့သြနေတော့၏။

မယုံနိုင်စရာတော့ ကောင်းသည်။ အမဲသားတုံးများ ကုန်သွားသောအခါ ဇက်မှ အနာပျောက်ပြီး ဦးခေါင်းမှာ ဟိုဘက်ဒီဘက် လှည့်၍ရသွားပြီး အကောင်းပကတိဖြစ်သွားလေတော့သည်။

♦♦♦

ဦးတင်အေးတစ်ယောက် ၁၉၉၆ ခုနှစ်တွင် သာသနာ့ဘောင်သို့ ဝင်လိုက်သည်။

ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား၊ ရွှေဘုန်းပွင့်ဘုရား၊ နေလဘုရား၊ ရွာရှိ ကိုးနဝင်းဘုရားနှင့် ရွာမှ သံခိုင်းတွင် ကိုးရက်စီ အဓိဋ္ဌာန်ဝင် တရားထိုင်ပြီး လောကမုန်ဘုရားကို ပြုပြင်ခဲ့၏။

အာစီတိုင်များဖြင့် ခုဝသိန်း အကုန်အကျခံကာ ပြင်ဆင်ခဲ့ရာ ငါးကျပ်သားကျော် ရွှေလက်ကောက်များ တွေ့ရပြီး၊ ထိုရွှေများကို ခေါင်လောင်းများ သွန်းလောင်းခဲ့သည်။

ဦးတင်အေးသည် ယခုအခါ အသက် ၇၄နှစ်ရှိပြီဖြစ်ပြီး ကြည့်မြင်တိုင်ပြိုနယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း တိုက်နံပါတ် ၅၆၊ ၆လွှာ(ကြည့်မြင်တိုင် ရဲစခန်း အရာရှိနေအိမ်များနှင့် မျက်နှာချင်းဆိုင်)တွင် နေထိုင်လျက်ရှိသည်။

(စာရေးသူ၏ ရေးသားချက်များထက် ပြည့်ပြည့်စုံစုံ သိလိုပါက ကိုယ်တိုင်သွားရောက် မေးမြန်းနိုင်ပါကြောင်း)■

သဇွေ အနိစ္စ သဒ္ဓါ

* * *

မဓကွေးညီနှစ်

မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

ဓမ္မာစရိယ ဆရာဦးအောင်ကျော်မိုး

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရွေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စည်တို့ကို နှေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန့်ကျိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ- ၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၄၄

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီဆောင်ရှင်ပေတဲ့

ချီသို့စားဖွယ်အမယ်မယ်ကို

ဒဂုံပုံဝင်

(မအိုပင်)

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန် ရွှေကျောင်းတော်ကြီး၌ သီတင်းသုံး စံတော်မူစဉ်ကာလဖြစ်၏။

ကောသလတိုင်းကြီး၏ ပြည့်ရှင် ပဿေနဒီ ကောသလ မင်းကြီးကား ကျမ်းသုံးကျမ်းကျေသူအဖြစ် နာမည်ကြီးနေခြိန်ဖြစ်၏။ နန်းတွင်းသူ နန်းတွင်းသားများ၏ နှုတ်ဝယ် တီးတိုးတီးတိုး သဖန်းပိုးသဖွယ် မင်းဘုရင်၏ မမြင်ကွယ်ရာ တို၌ ထိုကျမ်းသုံးကျမ်းကို ရည်ညွှန်း၍ အထူးတလည် ဆိုပြောကြစမြဲဖြစ်တော့၏။ ကျမ်းဟု အသံထွက် တူသော်လည်း မြတ်ဗုဒ္ဓ၏ တရားဓမ္မကျမ်းဂန်များ မဟုတ်ချေ။ ယပင့်နှင့် ကျမ်းခြင်းမျိုးမဟုတ်ဘဲ၊ ရရစ်နှင့် ကြမ်းသော ကြမ်းခြင်းသာ ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းမြင့်မားသော လူကြမ်းကြီးမျိုးဖြစ်လေသည်။ စိတ်ခံစားမှုသဘောလည်း ကြမ်းတမ်း၏။ ထမင်းဟင်းလျာနှင့် အခြားစားသောက်ဖွယ်ရာများ သုံးဆောင်မှုဌာနလည်း ပြောစမှတ်ဖြစ်လောက်အောင်ပင် အစားကြမ်းလေသည်။ ဤသို့ဖြစ်၍ စိတ်ကြမ်း၊ လူကြမ်း၊ အစားကြမ်းခြင်းဟူသော ကြမ်းသုံးကြမ်းသည် ထိုဘုရင် ကောသလမင်းကြီးအဖို့ရာ ကြမ်းကြေသည်မှာ နေ့စဉ်လိုလို ပင် ဖြစ်တည်းနေသူဟု ဆိုရပေတော့မည်ဖြစ်၏။

ဘုရင်တို့ပုဆိုး ပိုးချည်သာဖြစ်တော့၏ဟူသည့် စကားရပ်ကဲ့သို့ နေ့နေ့ည၌ စားတော်ပွဲ တည်ခင်းစားသောက်ရာ၌ အကောင်းဆုံးသော သလေးဆန်ကို တစ်စိတ်ဝင် ပွဲတော်အုပ်ကြီးနှင့် ထည့်သွင်း ဆက်သရ၏။ ထိုဆန်ကို ချက်ပြုတ်ရာ၌လည်း ဆီဦးထောပတ်၊ သစ်ကြဲပိုးခေါက် စသည့် မွှေးကြိုင်လွန်းသော နံ့သာများဖြင့် ရသာမွန် ထူးကဲနေအောင် ချက်ပေးရ၏။ ဟင်းလျာများမှာလည်း ငါးအမျိုးမျိုး၊ ကြက်၊ ဘဲ၊ ဝက်၊ အမဲသား စသည့် အသားအမျိုးမျိုး၊ မုဆိုးကျော်များ လာရောက်ဆက်သသည့် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်၊ ယုန်၊ ပဒပ်တို့ပါ မကျန်အောင် စုံလင်လှ၏။ ကြော်တန် ကြော်၊ ချက်တန်ချက်၊ ပြုတ်တန် ပြုတ်ပြီး ဟင်းခွက်ပေါင်း ထောင်ကျော်အောင် အမျိုးမျိုးပင်။ စားတော်ကဲများက နေ့မီး၊ ညမီး မပြတ်အောင် စီမံချက်ပြုတ် လုပ်ကိုင်ပေးကြရ၏။ ရသာခြောက်ပါး စုံပြည့်ရုံမက၊ နတ်သုဒ္ဓါပမာကဲ့သို့ ဖြစ်နေတော့၏။ ဤကဲ့သို့ ပွဲတော်တည်သည်မှာ ရိုးအီခြင်းမရှိချေ။ နေ့စဉ် သူအဖို့ရာ၌ ဤသို့ စားပွဲယ်အမ်းမယ်ကို ပွဲတော်တည်ခင်းရမှုသာ တင်းတိမ်ရိုးဖြစ်၏။

ထိုမင်းကြီးကား လူကြမ်း၊ စိတ်ကြမ်း၊ အစားကြမ်းသည်ဟု ဆိုရာ၌ အစားအသောက်မှာ ပို၍ပင် ကြမ်းလွန်းသည်ဟု ဆိုရချေမည်။

နေ့နေ့ည စားတော်ပွဲ တည်ခင်းရာတွင် မင်းလုလင် အစေအပါးသုံးဦးထက်မနည်း တာဝန်ချထားပေးရစမြဲဖြစ်၏။ တစ်ဦးသော မင်းလုလင်မှာ ယပ်အကြီးစားကြီးကို ကိုင်ထား အမြဲမပြတ် ခတ်ပေးနေရသူဖြစ်၏။ အခြားတစ်ဦးကမူ ထိုကြီးစား၍ ကုန်သွားသည့် ဟင်းခွက်များနေရာကို လဲလှယ် အစားထိုးချပေးရသူဖြစ်ပြီး ကျန်တစ်ဦးကတော့ သလေးဆန်ကို ချက်ထားသော တစ်စိတ်ဝင် ထမင်းအုပ်ကြီးထဲမှ အထမင်းပွဲများကို ဖြည့်တင်းမှုကို ဆောင်ရွက်ရ၏။ ထိုမင်းကြီးမှာ အစားသန်သလို၊ အစားလည်း မြန်လှ၏။ ဟင်းခွက် အမယ်ပေါင်း တစ်ထောင်ကျော်မှာ မကြာမတင်မီ ကုန်သွားသည်ချည်းဖြစ်တော့၏။ ကုန်ခန်းသွားသည့် ဟင်းလျာခွက်များ နေရာကို အစားထိုး၍ နေရာချပေးရ၏။ ထိုသို့ ဆိုင်ဆိုင်ရာ ကိစ္စဝိစ္စရပ်များကို မထတမ်း ဖြည့်တင်းပေးနေရသော စားသောက်သူဘက်ကလည်း ရသစုံပြည့်လုသော ထမင်းဟင်းလျာများကို စားတော်ခေါ်သည်မှာ အဘယ်မျှ ကြာမြင့်သွားသည်မသိ၊ ထိုမင်းကြီး၏ အဆမတန် ကျယ်ပြန့်သော ဝမ်းဗိုက်ကြီး ပြည့်တင်းလာကာ ခန္ဓာကိုယ်တစ်နံတစ်ထွာ မအီမလည်ဝေဒနာတို့ ဖြစ်တည်ခံစားလာရလေတော့သည်။

ထမင်းဆိပ်ကား အစွမ်းပြလေပြီ။ အသက်ရှူသံကား တဖြည်းဖြည်းတင်းကျပ်ကာ တစ်ချက်တစ်ချက်သလို ရေငုပ်ပင် ငိုက်မေးကျသွားသယောင်ယောင်၊ ယိမ်းနေသည့် ခန္ဓာကိုယ်ကြီးကြောင့် တစ်ရေးတမောအိပ်ပျော်နားနေတော်မူရန် စားသောက်ခြင်းအမှုကို ရပ်ဆိုင်းလိုက်ရ၏။

လက်တော်ကို ဆေးကြောပြီးသည်နှင့် ခပ်လှမ်းလှမ်းတွင် အသင့်ခင်းပြင်ထားရှိသော သလွန်တော်အပေါ် အခြား အစောင့်အကြပ် မင်းချင်းများ၏ ဖေးမခေါ်ဆောင်မှုနှင့်အတူ တအင်းအင်း တအဲအဲဖြစ်ကာ လေးလေးပင်ပင် ကြီးပင် မိမိခန္ဓာကိုယ်ကြီးကို သယ်ဆောင်ရင်း အနားယူရာ မူနေစဉ်အခိုက်အတန့်မှာပင် မင်းချင်းတစ်ဦး၏ တင်လျှောက်သံကို ကြားနာလိုက်ရ၏။

"မှန်ရ ။ ဇေတဝန် ရွှေကျောင်းတော်ကြီးမှာ ဗြဟ္မဗုဒ္ဓဘုရားရှင်ဌ တရားသဘင် စတင်ဟောကြားတော်မူ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါကြောင်း လေးမြတ်စွာ ပန်ကြားလျှောက်တင်အပ်ပါသည် အရှင်မင်းကြီး"

သူ မှာကြားထားခဲ့သည့်အတိုင်း အသိ သတိပေးလာသော မင်းချင်းတစ်ဦးကြောင့် ထိန်မိဒ္ဓစိတ်များနှင့် တဝါးဝါး သမ်းဝေနေသော မင်းကြီးသည် သူ၏ မျက်လုံးအစုံကို အားယူဖွင့်ကြည့်ရင်း မြတ်ဗုဒ္ဓဟူသည့် နာမတော်ကို ကြားသိလိုက်ရသည်နှင့် တစ်ပြိုင်နက် ထိုမင်းကြီး၏ စိတ်ဆန္ဒတို့သည် သောကဗျာပါဒက တစ်ဖက်၊ မြတ်ဘုရားရှင်အားကြည်ညိုလိုသော သဒ္ဓါစိတ်က တစ်ဖက်ဖြစ်နေခဲ့ပြီး လွန်ဆွဲနေတော့၏။

♦♦♦

မြတ်စွာဘုရားရှင်၏ တရားသဘင်ဟောကြားတော်မူသည့် ဇေတဝန် ရွှေကျောင်းတော်ကြီးရှိရာသို့ ပသေနဒီကောသလမင်းကြီးသည် မဖြစ်မနေသွားရောက် ဖူးမြော်ရလေသည်။ မိမိ၏ ကာယိက ဒုက္ခအိုးကြီးကို တနင့်တပိုး သယ်ပိုးကာ မင်းချင်းတို့၏ အကူအပံ့ဆောင်ယူမှုနှင့် ဘုရားရှင်၏ တရားသဘင်ဟောကြားမည့်နေရာသို့ ရောက်ရှိခဲ့တော့၏။ တရားနာ ပရိသတ်များ ရာထောင်ချီ တွေ့မြင်နေရပါသော်လည်း သစ်ရွက်ကြွေသံ၊ လေတိုးသံမျှပင် မကြားရအောင် အသံဗလံတို့ကား တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

ထိုပရိသတ်အလယ်၌ ထမင်းဆိပ်ကြောင့် ထိန်မိဒ္ဓတို့ဘုမ်းပိုခြင်းကို ခံစားနေရရှာသည့် မင်းကြီး၏ ခန္ဓာကိုယ်ကြီးမှာ ပင်ပန်းဆင်းရဲမှုတွေ့ ဖြစ်ပေါ်နေမှုကြောင့် တအင်းအင်း တအဲအဲရေရွတ်သံများက ပရိသတ်အလယ်တွင် တသီးတခြားထွက်ပေါ်နေတော့၏။ ဆယ်ဖြာလက်ကို သွယ်ယှက်၍ နဖူးပြင်ထက် တင်ကာ ဦးနှိမ့်ချ ကန်တော့ရန်အရေးသုံးကြိမ်သုံးခါ ကန်တော့ဖို့ ကြိုးစားရင်းက မျက်စိနှစ်လုံးမှာ မှုန်မှိုင်းနေအောင် ရှိတော့၏။

ဤသို့ မျက်ခွံများ လေးလံသထက် လေးလံမှု ဖြစ်ပေါ်ကာ ခန္ဓာအိမ်တစ်ခုလုံး ချွေးများ တပြိုက်ပြိုက်ယိုစီးသွက် ဣန္ဒြေမှာ အလွန်အမင်းပျက်ယွင်းနေရှာ၏။ နံဘေးက လိုက်ပါ စောင့်ရှောက်နေကြသည့် မင်းချင်းလုလင်များမှာ ချွေးများကို သုတ်သင်ပေးနေရပြန်သည်။ မင်းဟူသော ရာဇဣန္ဒြေတော်ကို မဖြစ်မနေထိန်းမတ်နေရခြင်းရှိ၍သာ မိမိရင်ဖြင့် ဝင်များပမာ ဤနေရာ၌ပင် ထိုးလဲအိပ်စက်ချင်စိတ်တို့ စိုးမိုးနေတော့၏။ ဘုရားရှင်၏ ရှေ့တော်မှောက်၌ ရောက်ရှိနေခဲ့ပြီးသကာလ၊ ဤသို့ ပြုမူလှုပ်ရှား မလျောက်တော်ဖြစ်နေ၍သာ။ မင်းကြီးခမျာ ဟန်ဆောင်အားတင်းပြီး နေရသော်ငြား။ ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်ဖြင့် နေမထိထိုင်မသာဖြစ်တည်နေသည်ကား အထင်အရှားပင်။ ထိုသို့သော ဒုက္ခတရားသည် သူ၏ အစားကြူးသော အကျင့်စရိုက်ဆိုးကြောင့်သာတည်း။

ဂေါတမဗုဒ္ဓဘုရားရှင်သည် ထိုမင်းကြီး ခံစားနေရသော ကာယိကဒုက္ခကို သိတော်မူ၏။ မဟာကရုဏာတော်ထား ရှိပြီးလျှင် ဦးစွာပထမ ဟောကြားဆုံးမရာ၌...

မနုဇဿ သဒ္ဒါ သတိမတော၊
မတ္တံ ဇဝနတော လဒ္ဓဘောဇနံ၊
ဘဝန္တိ ဝေဒနာ သနိကံ ဇိရတိ အာယုပါလယံ၊

ငါဘုရား၏ ဒကာတော်ရေမြေရှင်မင်းကြီး အခါခပ်သိမ်းတို့၌ သတိတရားနှင့် ပြည့်စုံ၍ ဘောဇဉ်ချိုချဉ်တို့၏ အတိုင်းအရှည်ကို သိသော အကြင်သူတို့အား ရအပ်သော ဘောဇဉ်ကို ချင့်ချိန်မျှတစွာ သုံးဆောင်၏။ ထိုသူတို့အပေါ် သုံးဆောင်ခြင်းဟူသော အကြောင်းကြောင့် အနာရောဂါဝေဒနာတို့သည် နှိပ်စက်ခြင်း နည်းပါးရကုန်၏။ ဤသို့ သုံးဆောင်သော၊ အတိုင်းအဆရှိသော အာဟာရတို့မှာလည်း ထိုသူတို့၏ အသက်ဇီဝကို စောင့်ရှောက်သည် ဖြစ်လတ္တံ့။ နူးညံ့စွာ ကျေးဇူးလွယ်သည် မှတ်ယူလော့"

မြတ်ဗုဒ္ဓဘုရားရှင်၏ တရားဂါထာတော်ကို ဦးစွာ

www.burmeseclassic.com

www.burmeseclassic.com

နာကြားရသော မင်းကြီးသည် ရေဆက်၍ နာယူခြင်း။ သင်ကြားခြင်းစာ မစွမ်းနိုင်သောကြောင့် နောက်ဆုံး တောင်းပန်မှု ပြုကာ ရိုရိုသေသေ ကန်တော့ဦးချပြီး မင်းချင်းတို့၏ အကူအညီဖြင့် နန်းတော်သို့ မဖြစ်မနေ ပြန်ကြွခြင်းအမှုကို ပြုလုပ်ရလေတော့သည်။

နန်းတော်သို့ ပြန်ရောက်လျှင် ရောက်ချင်းပင် သူ၏ တူတော်မောင် မင်းသားအား ခေါ်ယူတော်မူပြီး မြတ်ဗုဒ္ဓ ဘုရားရှင်၏ မိန့်တော်မူလိုက်သော တရားဂါထာနှင့် အနက်တို့ကို နာယူသင်ကြားခဲ့ရန် စေလွှတ်တော်မူလေသည်။

♦♦♦

ထိုမင်းကြီး၏ တူတော်မောင် သုဒဿနမင်းသားလည်း မင်းကြီး၏ ကိုယ်စား ဘုရားရှင်ထံမှောက်သို့ သွားရောက်ကြည်ညိုကာ လျှောက်တင် ပန်ကြား၍ သင်ယူလေ့ရှောသည်။

"အမောင် သုဒဿန··· ထောင်နားစိုက်လော့။ ငါ ဘုရား ဆုံးမဟောကြားပေးအပ်သည့် ဤဂါထာနှင့် အနက်ကို ဆောင်ယူ၍ မင်းကြီး၏ အကျိုးအတွက် ရွက်ဆောင်ပါ။ ရောက်လေရာအရပ်ရပ်၌ သဘင်သည်များကဲ့သို့ မသီဆို အပ်။ ရွတ်ဆိုရာတွင်လည်း မင်းကြီး၏ ဦးစွာသုံးဆောင်သော ထမင်းလုတ်တွင် မဆိုအပ်သေးဘဲ အပြီးသတ်ခါနီး ထမင်းလုတ်ကို အာခံတွင်းသို့ သွင်းခါနီးအခါမှသာ သင်က သီဆို သတိပေးလေလော့။ ထိုအခါ မင်းကြီးသည် သင် ရွတ်ဆိုလိုက်သည့် ဂါထာတော်၏ အနက်အဓိပ္ပာယ်ကြောင့် ထို ထမင်းလုတ်ကို စွန့်လေမည်။ လက်ကို ဆေးလေမည်။ ဤအခါ၌ သင်က ရွှေခွက်ထဲ ရောက်ရှိလာသော ထမင်းတစ်လုတ်၏ ထမင်းလုံးအရေအတွက်ကို စိစစ်ရေတွက်ပါ။ ယင်း၏ အရေအတွက်နှင့် လျောက်ပတ်မှုရှိသည့် ဟင်းလျာများကို ချိန်ဆ၍ နောက်ပွဲတော်တည်ရာ နေ့ရက်များအလိုက် လျှောဉ်၍ ပွဲတော်အုပ်ကို တည်ခင်းပါစေလော"

ဟု မိန့်ကြားပေးတော်မူလိုက်လေသည်။

BURMESE CLASSIC .com

♦♦♦

ထို့နောက်ပိုင်းရက်များစွာတွင် ပသေနဒီ ကောသလ မင်းကြီးသည် နေ့နေ့ညည ပွဲတော်တည်ပြန်၏။ ခင်းကျင်းပြင်ဆင်ထားရှိသော ထမင်ဟင်းလျာများကို မြင်တွေ့ရသည့် အခါတိုင်း ယခင်ကကဲ့သို့ပင် မြိန်ရေယှက်ရေ စားသုံးပြန်၏။ အပါးတော်၌ အမြဲမပြတ် စောင့်ရှောက်မှု ပြုနေရသော တူတော်မောင် သုဒဿနလုလင်လည်း မြတ်ဗုဒ္ဓ မှာကြားတော်မူသည့်အတိုင်း ဂါထာတော်ကို ရွတ်ဆိုလိုက်သောအခါ မင်းကြီးလည်း သတိဝင်ကာ စားသောက်အံ့ဟု ဆောင်ယူထားသော လက်တွင်းရှိ ထမင်းလုတ်ကို နောက်ဆုံးအခြေသတ်မှတ်ပြီး ရွှေခွက်ထဲသို့ ထည့်လိုက်စမြဲဖြစ်တော့သည်။ ဤသို့ ပြုမူဆောင်ရွက်ခြင်းကား မြတ်ဗုဒ္ဓ၏ သတိပေး ဆုံးမမှု ဩဝါဒကို လေးစားကိုးနှံစွာ လိုက်နာဆောင်ရွက်ခြင်းပင် ဖြစ်လေသည်။

ဤနည်းအားဖြင့် နောက်တစ်နေ့၊ နောက်တစ်ရက် စသည်တို့၌ နောက်ဆုံး စားသုံးမည့် ထမင်းလုတ်ကို ဝင်းဝိုက်အတွင်းသို့ မသွင်းတော့ဘဲ အကျင့်ဖြစ်စေခဲ့၏။ နောက်ဆုံးအဖြစ်နဲ့ပင် မစားသုံးတော့ဘဲ စွန့်ပစ် ချန်ရစ်ခဲ့သည့် ထမင်းလုတ်မှ . ထမင်းစေ့အရေအတွက်အတိုင်း ဆန်ကို လည်း လျှော့ချ၍ ချက်စေသည်။ ဤသို့သော ကျင့်ကြံနည်းနာတို့ဖြင့် ဆန်တစ်စိတ်ချက်ရသောအဖြစ်မှ တစ်ကွမ်းစား တစ်စလယ်ချက်မှသာ ဖြစ်ခဲ့ရလေတော့သည်။ မင်းကြီးမှာလည်း အဆီယစ်ခြင်း မရှိ၊ ထမင်းဆိပ်တက်ခြင်းလည်း မဖြစ်တော့ပေ။ လူ၏ ခန္ဓာကိုယ်မှာလည်း ဖျတ်လတ်တက်ကြွလာတော့၏။ မြတ်ဗုဒ္ဓ၏ ဒေသနာဟု ဆိုအပ်သော ဂါထာအဆုံးအမကြောင့် ထိုမင်းကြီးမှာ ကာသိက ဒုက္ခဝေဒနာအပေါင်းမှ ကျွတ်လွတ်ကင်းဝေးခဲ့တော့၏။

အာရောဂျ ပရမံ လာဘံ - အနာရောဂါကင်းပြင်းသည် အမြတ်ဆုံး လာဘ်တည်း။

သန္တုဋ္ဌိ ပရမံ ဓနံ - တင်းတိမ်ရောင့်ရဲနိုင်ခြင်းသည် အကောင်းဆုံး ဥစ္စာတည်း။

ဝိဿသာ ပရမဉာတိ - ချစ်ကျွမ်းဝင်သူသည် အကောင်းဆုံး ဆွေမျိုးတည်း။

နိဗ္ဗာန် ပရမံ သုခံ - နိဗ္ဗာန်သည် အမြတ်ဆုံးသော ချမ်းသာကြီးပင်တည်း ဟူသော ဂေါတမ မြတ်ဗုဒ္ဓ၏ ဆုံးမ ဩဝါဒ တရားတော်ကြောင့် မင်းကြီးမှာ ဝေနအာရောဂါမရှိ ပေါ်ပေါက်ကျန်းမာချမ်းသာစွာဖြင့် နေထိုင်သွားရလေတော့သတည်း။

* * *

ခွဲလှေလင်(မအူပင်)

ကျမ်းညွှန်း

- သုခဝဂ်ဂါထာအမှတ် (၁၆၂)။
- ဓမ္မပဒ (ဦးမြင့်ဆွေ)။
- ပသေနဒီကောသလမင်းကြီးဇာတ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်ုပ်သည် နှစ်ပေါင်း ၄၀နီးပါးမျှ ဂန္ဓာရီပညာများနှင့် စိတ်စွမ်းအင်ဆိုင်ရာ ပညာများကို လေ့လာမှတ်သားနေခဲ့ပါသည်။ ဤသို့ လေ့လာကြည့်သောအခါ ဂန္ဓာရီပညာများသည် သိပ္ပံပညာနှင့် လွန်စွာနီးစပ်မှု မရှိသေးကြောင်းကို တွေ့ရှိရပါသည်။ သို့ရာတွင် စိတ်စွမ်းအင်ဆိုင်ရာ ပညာများကား သိပ္ပံပညာနှင့် ထက်တွဲ၍ လုပ်ကိုင်နိုင်သလောက် လုပ်နိုင်ပြီကို တွေ့ရှိ သတိပြုမိပါသည်။ သို့ဖြစ်ပါသောကြောင့် ကျွန်ုပ်သည် ဂန္ဓာရီပိုင်းဆိုင်ရာ ပညာရပ်များကို မဆွေးနွေးဘဲ စိတ်စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကိုသာ ဤဆောင်းပါးတွင် တင်ပြဆွေးနွေးမည်ကို စကားပလွှင့်ခံလိုပါ၏။

စိတ်စွမ်းအင်ကို လေ့လာသောအခါတွင် စိတ်သည် တန်ခိုးရှိ၏ဟူသောအချက်ကို ကျွန်ုပ်တို့ အရှေ့တိုင်းသားများ သာမက၊ အနောက်တိုင်းကလည်း လက်ခံလာကြပေပြီ။ ထိုသို့ လက်ခံလာကြသည့်အလျောက် စိတ်စွမ်းအင် (ဝါ) စိတ်တန်ခိုးများကို လူတို့သည် စွမ်းဆောင်နိုင်ပုံအလျောက် ခွဲခြားစိတ်ဖြာ၍ နာမည်ပေး ကင်ပွန်းတပ်လာကြသည်။ မှန်ပါသည်။ ဘာသာရပ်တစ်ခုကို ဤသို့ တိကျအောင် ခွဲခြမ်းစိတ်ဖြာ၍ နာမည်ပေးခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ စနစ်တကျ မှတ်တမ်းတင်ခြင်းများကို သေချာပြုလုပ်မှ ဘာသာရပ်၏ ခိုင်လုံ တိုးတက်မှုကို ရရှိပါသည်။

စိတ်သည် တန်ခိုးရှိ၏ဟူ၍ သာမာန်အားဖြင့် ပြောဆို ဝံ့သားခြင်းထက် ဘာတန်ခိုးများ ရှိပါသနည်း၊ အမျိုးအစားအားဖြင့် ဘယ်နမျိုးရှိပါသနည်း၊ သဘာဝအားဖြင့် မည်သို့သော သဘာဝများ ရှိပါသနည်း စသည်ဖြင့် စနစ်တကျ ခွဲခြမ်းလေ့လာပါမှ အသိဉာဏ်များ ခိုင်လုံလာမည်။ ပိုမို၍ လည်း ကျယ်ပြန့်လာမည်။ ထို့ထက်သော်ကား ဤသို့ အသေးစိတ် စနစ်တကျလေ့လာပါမှ ဤစိတ်တန်ခိုးများကို ပိုင်ဆိုင်ရရှိရန် မည်သို့မည်ပုံ ကြိုးစားကျင့်ကြံ အားထုတ်ရမည်ကို မှန်ကန်စွာ သိရှိမည် ဖြစ်ပါ၏။

သို့ဖြစ်လေရာ ကျွန်ုပ်အနေဖြင့် မနောသိန္ဒိစွမ်းအားများဟူ၍ ခေါ်ဝေါ်သမုတ်သည့် စိတ်စွမ်းအင်များကို လေ့လာမိသရွေ့ ခေါင်းစဉ်တပ် ခွဲခြားပြီး ရေးသားတင်ဆက်ပါမည်။ လူသားများသည် လေ့လာနေကြဆဲဖြစ်သည့်အလျောက် နောက်နောင်တွင် ပို၍ ပို၍သိလာကြဦးမည်ကား မလွဲဖြစ်သည်။ ဤအခါတွင် အမည်ကို ထပ်မံ၍ ခွဲခြမ်းစိတ်ဖြာရခြင်းသည် ဤထက် ပိုမိုလာပါဦးမည်။ အကျဉ်းအားဖြင့်ဆိုရသော်...

(၁) ထူးခြားသော အာရုံခံစားမှု

အင်္ဂလိပ်ဘာသာဖြင့် ဤတန်ခိုးကို Extra Sensory Perception ဟု ခေါ်၍ အတိုကောက်အားဖြင့် E.S.P ဟု သုံးနှုန်းကြပေ၏။ ဤတန်ခိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် လိုပါသဖြင့် အောက်တွင် သီခြားဖော်ပြ ဆွေးနွေးပါမည်။

(၂) စိတ်ညှို့ခြင်း (ဝါ) အိပ်မွေ့ချခြင်း

ဤခေါင်းစဉ်အောက်တွင် စိတ်ရောဂါကု ဆရာများ အိပ်မွေ့ချနိုင်ခြင်း ပါဝင်သလို၊ မိမိကိုယ်မိမိ အိပ်မွေ့ချနိုင်ခြင်းလည်း ပါဝင်ပါ၏။ မိမိအိပ်မွေ့ချခံထားရသည့်အချိန်တွင် ဘာအသိ၊ သူ၏ မနောက လွှမ်းမိုးထားသည်ဖြစ်သဖြင့် စိတ်စွမ်းအင်ပိုင်းတွင် ပါဝင်နေရခြင်းဖြစ်လေသည်။ စိတ်သည် တန်ခိုးရှိသည်ဟူရာ၌ စိတ်(ခေါ်)သိစိတ်က တန်ခိုးရှိပုံမှာ ဆင်ခြင်တိုင်းထွာနိုင်ခြင်း၊ ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ ဆောက်တည်နိုင်ခြင်း၊ အဓိဋ္ဌာန်ပြုနိုင်ခြင်း စသည်များဖြစ်၍ မနော(ခေါ်)သိစိတ်က တန်ခိုးရှိပုံမှာ ယနေ့အထိ မည်သူကမျှ မတိုင်တာနိုင်သေးပါ။

ကျွန်ုပ်တို့ အပြောများနေသည့် စိတ်တန်ခိုးဟူသည်မှာ စင်စစ်တွင် မနောစွမ်းအင်သာ ဖြစ်ပါသည်။ ထို့ကြောင့် မနောက လွှမ်းမိုးထားသည့်ကာလဖြစ်သော အိပ်မွေ့ချခံထားရသည့်ကာလ။ ထို့ပြင် ဘဝင်ကျနေသည့်ကာလသည် စွမ်းအင်သတ္တိနှင့် ပတ်သက်နေသည်ဖြစ်၍ ကျွန်ုပ်က မနောစွမ်းအင်(ဝါ)မနောဖြင့် ဖြစ်ရသည့် တန်ခိုးထဲတွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

ဤခေါင်းစဉ်အောက်တွင် အခြားတစ်ခုကိုလည်း ထည့်သွင်းဖော်ပြမှ ပြည့်စုံမည်ဖြစ်ပါ၏။ ယင်းသည်ကား သံလိုက်ဓာတ်ပမာ ဆွဲဆောင်နိုင်မှုရှိခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် Memtal Magmeticism ဟု ခေါ်၏။ ဤစွမ်းအင်ဖြင့် ပိုင်ဆိုင်ထားသူသည် သူတစ်ပါး၏ ကြည်ညိုလေးစားခြင်းကို ခံရသည်။ သူ၏ စကားကို သူတစ်ပါးက နှစ်သက်ခံယူ ကြည်ညိုလိုက်နာ၏။ ဤသို့သော ပုဂ္ဂိုလ်မျိုးသည် သူတစ်ပါး၏ စိတ်အာရုံကို ညှို့ခေါ် ဆွဲယူနေသည်။ သူမဆွဲခေါ်သည့်တိုင်အောင် သူတစ်ပါး၏ စိတ်အာရုံသည် သူထံ တိမ်းညွတ်လျက် ရှိတတ်ပါ၏။ ထို့ကြောင့် ဤသို့သော

www.burmeseclassic.com

www.burmeseclassic.com

မနောစွမ်းအင်ကို ကျွန်ုပ်သည် ဤခေါင်းစဉ်အောက်တွင် ထည့်သွင်းဖော်ပြလိုခြင်း ဖြစ်ပေသည်။

(၃) မနောမယတိကိစ္စ

ဤစွမ်းအင်ကား စိတ်စွမ်းအင်၊ ယုံကြည်မှုစွမ်းအင်တို့ဖြင့် ရောဂါကို ကုစားနိုင်သည့် စွမ်းအင်ထူးဖြစ်လေသည်။ ရောဂါကို သာမန် ကုရိုးကုစဉ်နည်းဖြစ်သည့် ဆေးဝါးများ တိုက်ကျွေး၍ ကုသခြင်းမဟုတ်ပေ။ ရောကိုပင် တိုက်ကျွေးခြင်းမရှိ၊ လူကို ကိုင်တွယ်ထိတွေ့ခြင်းလည်း မပြု။ သို့သော် အချို့ကမူ လူနာကို မထိသော်လည်း ကိုယ်ခန္ဓာအနီး လေထဲ၊ ဘ လက်ဖြင့် သပ်ချခြင်းများကိုတော့ ပြုလုပ်ကြသည်။ သို့တိုင်အောင် သာမန်ဆေးသမားများ ကုသခြင်းမျိုးတော့ မဟုတ်ပါ။ ဤသို့ ကုသရာတွင်လည်း အချို့က စိတ်အားကို ဗဟိုက်စေလွှတ်၍ စိတ်အားဖြင့် ကုသသည်လည်း ရှိကြသည်။ အချို့က မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘုရားထဲ ဆုပန်၍ ကြည်ညိုယုံကြည်မှု၏ အစွမ်းဖြင့် ကုသခြင်းမျိုးသည်း ရှိပါ၏။ ဤနှစ်မျိုးလုံးပင် မနောသိဒ္ဓိစွမ်းအားဖြင့် အကျုံးဝင်သည်ဖြစ်၍ ကျွန်ုပ်သည် ပေါင်းစည်းပြီး ဖော်ပြသိုက်ခြင်းဖြစ်ပါပေ၏။

အလျဉ်းသင့်၍ အစီရင်ခံ လိုပါသေးသည်။ အချို့သော မနောမယတိကိစ္စစွမ်းအားကို ပိုင်ဆိုင်ရရှိလာသော ပုဂ္ဂိုလ်အဘိုသည် လူနာကို သူတို့ရေမွှောက်ရောက်မှ ကုသနိုင်စွမ်းရှိသည်မဟုတ်။ အနီးက ကုသသည်ဖြစ်စေ၊ အဝေးသို့ လှမ်း၍ ကုသသည်ဖြစ်စေ၊ စိတ်စွမ်းအင်ဖြင့်သာ ရောဂါကို ကုသခြင်းဖြစ်သဖြင့် မနောမယတိကိစ္စဟူသော ခေါင်းစဉ်အောက်တွင် ထည့်သွင်းသင့်သည်သာ ဖြစ်ပါပေသည်။

(၄) မနောအဆက်အသွယ်(အပို့)

အင်္ဂလိပ်လို Telepathy ဟု ခေါ်သော မနောဖြင့် အဆက်အသွယ်လုပ်မှုလုပ်ငန်းတွင် ပေးပို့သည့်အပိုင်း (ဝါ) ကိုယ်အရုံကို စေလွှတ်သည့်အပိုင်းကို ဤနေရာတွင် ဆိုလို ပါ၏။ သူတစ်ပါးက ပေးပို့စေလွှတ်သည့် အာရုံကို ဖမ်းယူ ခံစားသည့်အပိုင်းကိုကား ကျွန်ုပ်သည် ထူးခြားသော အာရုံ ခံစားမှုအောက်တွင် ခေါင်းစဉ်ငယ်လေးအနေဖြင့် ပိုင်းခြား ဖော်ပြပါမည်။

မနောအဆက်အသွယ်ဆိုသည်မှာ မနောအားဖြင့် အဆက်အသွယ်ပြုလုပ်ခြင်းသာ ဖြစ်၍ ပုံပန်းသဏ္ဌာန်အား ဖြင့် အမျိုးမျိုးရှိသည်။ ဥပမာ - မနောအဆက်အသွယ် စွမ်းအင်ရှိသူက အခြားတစ်ယောက်ထံ ငါလာခဲ့မည်ဟူသော သတင်းစကားကို ပို့လွှတ်သည် ဆိုပါစို့။ တစ်ဖက်က လူသည် သူ့ကို သတိရရုံသာ ရလိုက်သည်လည်း ရှိသည်။ အချို့ကိစ္စရပ်တွင် ထိုသူလာမည်ဟု အိပ်မက်မက်ခြင်းမျိုးလည်း ရှိ၏။ ဤသို့ဖြင့် ဆက်သွယ်မှုပုံသဏ္ဌာန်တွင် ထိုသူလာပြော၍ မရချေ။ တစ်ယောက်နှင့် တစ်ယောက် သာမန်နည်းဖြင့် မဟုတ်ဘဲ၊ မနောစွမ်းအင်အားဖြင့် အဆက်အသွယ်ရအောင် သတင်းစကားကို ပေးပို့စေလွှတ်နိုင်လျှင် ဤတန်ခိုးကို ရရှိသည်ဟု ဆိုရပေမည်။

BURMESE CLASSIC

(၅) မနောဖြင့် ရုပ်ဝတ္ထုကို စေစားခြင်း

အင်္ဂလိပ်ဝေါဟာရအားဖြင့် Psychokinesis ဟု ခေါ်ဝေါ်လေသည်။ မိမိကိုယ်ခန္ဓာမှ အလွတ်ပြင်ပတွင် ရှိသော ရုပ်ဝတ္ထုများကို မနောစွမ်းအင်အားဖြင့် ထိတွေ့ လှုပ်ရှားစေနိုင်သော တန်ခိုးဖြစ်ပါသည်။ အချို့သောနည်းများမှာ ဖန်ခွက်ထဲတွင် ရေထည့်၍ ရေထဲတွင် မီးခြစ်ဆံငယ်ကို ချထားသည်။ မနောစွမ်းအားဖြင့် ထိုမီးခြစ်ဆံကို လက်ဝဲရစ် လည်အောင် (သို့မဟုတ်) လက်ယာရစ်လည်အောင် လှည့်ပေးနိုင်၏။ ဤမှုလောက်အသေးအဖွဲမှစ၍ သာမန်နည်းဖြင့် မဟုတ်ဘဲ မနောစွမ်းအင်ဖြင့်သာလျှင် ပရိဘောဂများကို ရွှေ့လျားစေခြင်း၊ ဇွန်းခက်ရင်းများ ကောက်ကွေးသွားအောင်အထိ စေစားနိုင်ခြင်း စသည်များကိုပင် ပြုလုပ်နိုင်သောသူများ ရှိနေပြီဟုပင် ကြားသိရပါ၏။

ဤမှုလောက် ဖော်ပြခဲ့သော စွမ်းအားများကို မနော ပိုင်ရှင်ဖြစ်သော ကျွန်ုပ်တို့အားလုံးသည် နည်းလမ်းမှန်ကို ရ၍ ကျင့်ကြံအားထုတ်ကြမည်ဆိုပါလျှင် အနည်းနှင့် အများ၊ ကိုယ့်အထွာနှင့်ကိုယ် တန်ခိုးကို အသီးသီးရရှိနိုင်ကြမည်သာ ဖြစ်၏။ အမှတ်စဉ် (၅)အထိ စွမ်းအားများမှာ အထိုက်အလျောက်ရနိုင်ပါသည်။ ခက်ခဲသော တန်ခိုးကား အမှတ်စဉ် (၆)ဖြစ်၏။

(၆) အံ့ဖွယ်သရဲဖြစ်စေခြင်းများ

မြေလျှိုခြင်း၊ မီးပျံခြင်း။ အနားတွင် ရုတ်တရက် ကျားကြီးတစ်ကောင် ဂုတ်တုတ်ပေါ်လာစေခြင်း အစရှိသော တန်ခိုးများသည်လည်း မနောနယ်ပယ်တွင် စွမ်းအားများပင် ဖြစ်ပါသည်။ သို့ရာတွင် အံ့ဖွယ်သရဲဖြစ်စေခြင်း စွမ်းရည်ကိုကား လူတိုင်းရဖို့ လွယ်ကူသည်ဟု ကျွန်ုပ် မထင်ပါ။ အသက်အရွယ်ကြီးရင့်သူများ စတင်ကျင့်ကြံ၍ မရနိုင်တော့ပါ။ ငယ်

www.burmeseclassic.com

www.burmeseclassic.com

ရွယ်စဉ်ဘဝကပင် ပြင်းထန်စွာ လေ့ကျင့်ကြရသည်ဟု နားလည်ပါသည်။ ဤနေရာတွင် အချက်အလက်ပြည့်စုံစေရန်သာ ကျွန်ုပ် ဖော်ပြလိုက်ရခြင်းဖြစ်ပါ၏။ တစ်ဖန် မနောမယတန်ခိုးအမှတ်စဉ်(၁)ဖြစ်သော ထူးခြားသော အာရုံခံစားမှုကို ထပ်မံ၍ ခွဲခြားစိတ်ဖြာလိုက်လျှင် အောက်ပါအတိုင်း ဖြစ်လာပါသည်။

(က) မနောစက္ခု။ အရပ်သုံးစကားဖြင့် ပြောရလျှင် "အမြင်" ဖြစ်၏။ မနောစွမ်းအင်ဖြင့် မြင်နိုင်သူကို အရပ်သုံးစကားအားဖြင့်ဆိုရသော် အမြင်ရသူဟု သမုတ်ကြ၏။ စိတ်ဆဲတွင် မျက်စိဖြင့် မြင်နေရသလို မြင်ယောင်ခြင်းဖြစ်ပေသည်။

(ခ) မနောသောတ။ အရပ်သုံးစကားဖြင့် ပြောရလျှင် "အကြား" ဖြစ်သည်။ မနောစွမ်းရည်ဖြင့် ကြားနိုင်သူကို အရပ်သုံးစကားအားဖြင့်မူ အကြားရသူဟု ခေါ်ဝေါ်ကြ၏။ စိတ်အာရုံဆဲတွင် နားဖြင့် ကြားရသလို၊ ကြားသိရခြင်းဖြစ်ပါသည်။

(ဂ) မနောဃာနိ။ တွေးတောစဉ်းစားစရာ မလိုဘဲ အလိုလိုသိလာခြင်းဖြစ်သည်။ မဖြစ်သေးသည့် အနာဂတ်ကို ကြိုတင်၍ သိခြင်း၊ ဖြစ်နေဆဲ ပစ္စုပ္ပန်ကို ဘယ်သူကမှ လာမပြောဘဲ အလိုလိုသိခြင်း၊ ဖြစ်ပြီးခဲ့သည့် အတိတ်ကာလကို မည်သည့်ပယောဂမှ မပါဘဲနှင့် အလိုလိုသိခြင်းဟူ၍ သုံးမျိုးသုံးစား ရှိပါသည်။ အချို့ စိတ်စွမ်းအင်ရှင်များကား သုံးမျိုးစလုံးကိုပင် ပေါက်မြောက် ပိုင်ဆိုင်ထားကြ၏။ များသောအားဖြင့်မူ တစ်မျိုးမျိုးနှင့်သာ ကြုံကြိုက်ရရှိတတ်ကြသည်။

(ဃ) မနောအဆက်အသွယ်။ ကိုယ်က ပို့လွှတ်စေခြင်း မပြုနိုင်သော်လည်း တစ်ပါးသူ၏ ပို့လွှတ်သော အဆက်အသွယ်ကို ခံယူရရှိနိုင်သော စွမ်းအားဖြစ်၏။ ရေဒီယိုစက်၊ တယ်လီဗေးရှင်းစက်တို့နှင့် အလားသဏ္ဌာန်တူပါ၏။ ဤကဲ့သို့ ခံယူနိုင်ခြင်းရှိမှုမှာလည်း ထူးခြားသော အာရုံခံစားမှုပြစ်သဖြင့် ဤခေါင်းစဉ်အောက်တွင် ခေါင်းစဉ်ငယ်ကလေးအဖြစ် ကင်ပွန်းတပ် ထည့်သွင်းဖော်ပြလိုက်ရခြင်း ဖြစ်ပါလေတော့သတည်း။

* * *

BURMESE CLASSIC .com

သတ်ဆုံ

အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်

(မြန်မာ့ရိုးရာပေဒင်ပညာရှင်)

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ၊
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်နန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၉၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ။

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂလိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြာ၏သား

ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်



အမှတ် ၇၅၊ မွန်စေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက် ဗြန်ကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁

E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

ယတြာမခေါ်တဲ့ဆရာ

လွတ်လပ်ရေးမရမီကပင် ဆရာစန္ဒြာသည် လက္ခဏာ၊ ဗေဒင်ဟောပြောခဲ့ပြီး (၁၉၈၁) ခုနှစ်မှစ၍ ဘုန်းကြီးဝတ်ခဲ့ရာ (၁၉၉၂) ခုနှစ်တွင် (၁၁) ဝါရသောအခါ ပုံလွန်တော်မူခဲ့သည်။

ဆရာစန္ဒြာ၏သား ဆရာဒေဝသည် (၁၉၇၇) ခုနှစ်မှစ၍ ဗဒင်နှင့်အတူ လက္ခဏာဟောပြောခဲ့ပြီး၊ (၁၉၈၁)ခုနှစ်မှစ၍ ယခုလိပ်စာတွင် ဟောပြောနေခဲ့ဝါသည်။

ဆရာစန္ဒြာ၏မြေး၊ ဆရာဒေဝ၏သား၊ ဆရာဇြဟ္မသည် (၁၉၉၇) ခုနှစ်ခုစတင်၍ (၁၄-၁၀-၂၀၀၃) နေ့အထိ လက္ခဏာဗေဒင်ဟောပြောခဲ့သည်။ (၁၅-၁၀-၂၀၀၃)တွင် ကွယ်လွန်ခဲ့သည်။

ဆရာစန္ဒြာ၊ ဆရာဒေဝ၊ ဆရာဇြဟ္မတို့သည် လက္ခဏာဗေဒင်ဟောပြောရာတွင် ယတြာလုံးဝ မခေါ်ပေးပါ။ ဓာတ်ဆင်၊ ဓာတ်ရိုက် လုံးဝလုပ်မပေးပါ။ အဆောင်သက်ဖွဲ့၊ ဂါထာများကို မရွောင်းပါ။ ထီပေါက်ကိန်းရှိလျှင်လည်း ထီပေါက်မည့်အချိန်အခါအသက်ပိုင်း၊ လပိုင်းကိုသာ ဟောကြားပေးပါသည်။ ထီနံပါတ်တွက်မပေးခဲ့၊ ထီမရောင်းပါ။ မေးသူ၏ဖြစ်လိုသော ဆန္ဒကိုဖြစ်အောင် ဘာကိုမျှလုပ်မပေးခဲ့၊ ဘယ်အသက်ပိုင်းမှာ ဘာဖြစ်နိုင်သည်ဟု လက္ခဏာဗေဒင်ဟောပြောခြင်းသာ နှံ့သန့်ဖြင့်သာ ရပ်တည်ဟောပြောသော ဆရာများဖြစ်ကြောင်း ကြေညာအပ်ပါသည် ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com

အရိုးကြေး

သရဲစီးသော တိုက်မြေကြီး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

စိန်ပန်ဖြူရွာအလယ်ရှိ စက်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေသူမှာ "ဒေါ်အို" ဆိုသူ မုဆိုးမကြီးဖြစ်၏။ သူ၏ သားဖြစ်သူသည် ရွာအိုးစည်ပိုင်းမှာ အဆိုတော်ဖြစ်သည်။ အိုးစည်လည်း တီး၊ နာမည်ကြီးလည်း ကြီးသည့် လူပျို တင်အောင်မြင့်သည် အသံဝါဝါ ဟန်ပါပါဖြင့် လေးချိုးလား၊ နွေးချိုးလား သူ မသိ၊ သူကိုယ်တိုင် စပ်ဆိုထားသော တေးသံကား ရွာ၏ ခြောက်ပိုင်း၊ တောင်ပိုင်းအထိ လွင့်ပျံသာလေ၏။

"မောင်ငစီ ××× အရက်မူးလို့ အပြန် ××× နွေးဟောင်သံ တစီစီနဲ့ ××× နေနဂီ အမှောင်သန်းတယ် ××× ဘွယ်××× ရွာလမ်းတစ်လျှောက်×××"

"ဟေ့ကောင် ဖင်ထောင်မြင့်၊ ငါ့ဘာဇါ သောက်တာ ဘာဖြစ်လဲကွ။ ဆာဒီ...ဟောဒီက နွေးတွေ ဟောင်တဲ့ အသံကမှ မင်းအသံထက် ကောင်းသေးတယ်ကွ...ထွီ"

"အင်း...တင်အောင်မြင့်ကို ဖင်ထောင်မြင့်တဲ့။ ဒီနှစ်ကောင့်အသံကို ဆော့ နေဝင်ရီတရောမှာ အမြဲကြားနေရတာပဲ မယ်ကျော့ရေ"

"ဟုတ်ပတော်၊ ရှင့်တူတော်ဆင် မောင်စိကတော့ နေတိုင်း မူးနေတာပဲ။ ဖအေက ဘုရားဒါယကာကြီး၊ အေကလည်း သူတော်ကောင်း သားတူမ ငမူး...တော်ရေ"

"အဲဒါပေါ့ကွာ၊ တစ်မိပေါက် ဆင်းယောက်ထွန်း ဆိုတာလေ"

မောင်မောင်စိ၏ ဦးလေးသည် ဘုရားဒါယကာကြီး ဦးအောင်မင်း၏ သားသုံးယောက်အနက် အကြီးဆုံး၊ အဓိကဆုံး ဆိုဆုံးမလို့ မရ၊ အရက်နှင့် တွေ့လို့ကတော့ တစ်ဝသောက်ရမှ ထ၏။ ဘယ်လောက်မူးမူး အိမ်ကိုတော့ အရောက်ပြန်တတ်ပြီး အိမ်ခြံဝရောက်သည်နှင့် အိပ်ရေမှ မတက်၊ အိပ်နောက် ကွပ်ပျစ်၊ သူ၏ စက်တော်ခေါ် ရာအရောက်တွင်...

"အမေ...အမေရေ...ကျွန်တော် ဗိုက်ဆာပြီ"

"ဟဲ့ - အကောင်၊ အရက်တွေ တစ်ဝကြီးသောက်ပြန်ပြီပေါ့"

"အရက်တစ်ဝသောက်တာ သောက်တာပဲ၊ အမေချက်တဲ့ ထမင်းလည်း တစ်ဝစားချင်တာပေါ့ အမေရဲ့"

တောင်းစုတ် ပလုံးစုတ်သာ ပစ်ရိုးရှိသော မိခင်ကြီးသည် သားအကြီးဆုံး အရက်သမားကြီး၏ စကားသံကြောင့် နားဆင်ချိုအေးမြ၊ လယ်သမား ဘဝရောက်ပြီး ဖအေ့အစား သူရင်ဘုံးများကို အုပ်ချုပ် လယ်လုပ်နေသော သားကြီး၏ အမူအရာကြောင့် စိတ်ထဲမှာ ကလေးတစ်ယောက်ပမာ ဇလုံဖြင့် ထမင်းအပြည့်၊ ပန်းကန်လုံးဖြင့် ငါးဆီပြန်အပြင်၊ ငါးပိရည်၊ တို့စရာတို့ဖြင့် ချက်ချင်းရောက်သွားပြီး စိစိရိရိချက ကျွေးရင်း...

"သားရယ်... ဘာဖြစ်လို့ ဒီလောဲက်သောက်နေရတာလဲ"

"အမေကလည်း လယ်သမား ဘဝ ပင်ပန်းတာပေါ့။ အင်းလေ၊ အမေ မကြိုက်ရင် သား နောက်နေ့က စပြီး မသောက်တော့ဘူးနော် အမေ"

"ဟူး...နေ့တိုင်းစကား နောက်နေ့ မသောက်တော့ပါဘူး မသောက်တော့ပါဘူးနဲ့"

"အဟုတ်ပါ အမေရယ်"

"နင် ဖိန်းမယူရင် ကောင်းမယ်"

"ပေးစားလေ၊ ယူမှာပေါ့။ ဒါပေမယ့် ဖိန်းမရလည်း အမေချက်တဲ့ ထမင်းဟင်း...ဟဲဟဲ...အမေ့လက်ရာပဲ ကြိုက်တယ်၊ အမေ့အိမ်မှာပဲ လာစားမယ်"

"နင့်အတွက် ရင်လေးပါတယ်ဟယ်"

"အမေရာ... သား အရက်သောက်ပေမယ့် ဘယ်သူနဲ့မှ ရန်မဖြစ်ပါဘူး။ ဟိုအကောင် ဖင်ထောင်မြင့်နဲ့ပဲ ဟို...ဟို...စကားရည်လုတာပါ အမေရဲ့။ ခွေးတွေကအစ သိုး ရန်မမူကြဘူး။ ခွေးတွေ မပြောနဲ့၊ ရွာနောက်ကန်ကြီးဘေး လမ်းဘေးက မန်ကျီးပင်မှာ ခိုကပ်နေတဲ့ သရဲ ငပြူးတောင် ကျွန်တော့်ကို မခြောက်မလှန့်ပါဘူး"

"ဟဲ့...သရဲ ငပြူးက နင်မူးလာတော့ ဘယ်ခြောက်မလဲ။ ငမူးနဲ့ ငပြူးလေ"

"အမေကလည်း သားကို မချစ်ပါဘူး။ ဟိုတစ်နေ့က ကျွန်တော်မူးပြီး မန်ကျည်းပင်အောက် ရောက်တော့ ငပြူးက ကျွန်တော့်ကို ပြောတယ်။ ဟဲ့-ငမူး၊ နင် ဒီလောက်သောက်နေမှတော့ နင့်အမေက နင့်ကို မချစ်တော့ဘူးဟဲ့တဲ့။ သား စိတ်တိုတိုနဲ့ ငပြူးကို အတင်းဆွဲထိုး ခြေနဲ့ ကန်ခဲ့တာ။ ဒဏ်ရာတွေတောင် ရှိသေးတယ်။

"ဟယ်... မူးမူးရူးရူးနဲ့ သရဲငပြူး နင့်ကို ကုပ်ခိုးသတ်နေဦးမယ်"

"မကြောက်ပါဘူး အမေရာ။ သားကြောက်တာက အမေ မချစ်မှာပဲ ကြောက်တယ်။ အခုလို မူးတော့ အမေခွေးကျွေးတဲ့ ထမင်းက အရမ်းစားလို့ကောင်းတာပဲ။ ဒါကြောင့် သား အမေ့ကို ချစ်တာဗျ။ ဟားဟားဟား..."

"ဟေ့ကောင်... ငါ ဘုရားရှိခိုးတော့မယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဩော်...ဟုတ်၊ ဟုတ်ကဲ့ပါဖေဖေ"

"အင်း... မူးပေမယ့် ဖအေ့မအေကို အရမ်းချစ်တဲ့ သားကြီး။ လယ်အလုပ် မလုပ်ပါနဲ့ အဖေ ဆိုပြီး သူက ကုန်းရုန်းလုပ်ကျွေးနေပါ့ကလား"

ဟု မိခင်ကြီး ဒေါ်ခင်ထွေးအတွေးတွေဖြင့် ချစ်သားကြီးအား တစိမ့်စိမ့်ကြည့်ရင်း ပီတိတွေ ဝေ၊ ကြည်နူးနေစဉ်မှာပင် အိမ်ရှေ့ ဘုရားခန်းဆီမှ ခင်ပွန်းသည် ဦးအောင်မင်း၏ ဘုရားဝတ်တက်သံကြောင့် အရာရာကို မေ့ပြီး ထမင်းပန်းကန်သိမ်းပြီး သားအတွက် ခြင်ထောင် ထောင်ပေးသည်နှင့် သားကြီး မောင်မောင်စိ အိပ်ပျော်သွားလေပြီ။

♦♦♦

"ဟဲ့ - မောင်မောင်စိ"

"ဗျာ"

မောင်မောင်စိ လန့်သွား၏။ ဟဲ့-မောင်မောင်စိဟု ခေါ်သူမှာ ပိတ်ဖြူစင်ကြယ်ဝတ်၊ လည်ပင်းမှာ စိပ်ပုတီးအပြင် လက်မှာ တောင်ဝှေးထောက်၍ ခေါ်လိုက်သော ဟိုရိုလ်ကြီးကို သူတွေ့လိုက်ရ၏။ သူတို့ခြံအရှေ့ဘက်ထောင့်တွင် အုန်းနဲ့ပင်ကြီးရှိ၏။ ထိုအပင်ကြီးဘေးဝယ် တောင်မို့တစ်လုံးမှာ သုံးပေကျော်လေးပေခန့်ရှိ၏။ သူတို့ညီအစ်ကိုတွေ အပြင် ရွာထဲမှ သူငယ်ချင်းတွေ ငယ်ငယ်က လာဆော့တော့ သူအမေက ပြော၏။

"ကလေးတွေ...တောင်မို့ပေါ် မတက်ကြနဲ့နော်။ အထဲမှာ ဘိုးသူတော်ကြီး ရှိတယ်။ ငရဲကြီးလိမ့်မယ်"

ဆိုသည့် စကားကို မောင်မောင်စိ ပြန်ကြားမိသလို၊ တောင်ပို့အား ကြည့်လိုက်သောအခါ လူတစ်ရပ်မက မြင့်မားပြီး ထိုတောင်ပို့အတွင်းဝယ် ဖယောင်းတိုင်တွေ လင်းပြီး ကြေးစည်ကြီးတစ်လုံး၊ ကြေးမောင်းကြီးတစ်လုံး ကိုလည်း ကောင်းစွာ တွေ့လိုက်ရ၏။ ဒါ အမေပြောတဲ့ ဖိုးသူတော်တောင်ပို့ပဲ"

"ဟုတ်...ဟုတ် အဘ၊ အဓိန့်ရှိပါ"

"အေး၊ မင်းဟာ ဒီနေ့က စပြီး ငါးရက်အတွင်း မြွေဟောက်ကြီးနဲ့ တွေ့မယ်၊ မသတ်နဲ့"

"ဟုတ်ကဲ့"

"ဟဲ့ - ကတိကို လွယ်လွယ်မပေးနဲ့။ မင်းက အရက်ရယ်၊ မြွေသားရယ်ဆို အရမ်းကြိုက်တယ်လေ။ အဲဒီမြွေကြီးကို မင်းသတ်မိရင် မြွေသားစားရဘဲ နှင့်အသားကို အဲဒီမြွေဆိုးကြီးက စားသွားလိမ့်မယ်။ ရိုးရိုးမြွေမဟုတ်ဘူးဟဲ့၊ တစ္ဆေသရဲစီးထားတဲ့ တိုက်မြွေကြီး"

"ဟုတ်၊ ဟုတ်ကဲ့ပါ။ ကျွန်တော် မသတ်ပါဘူး"

"မင်း အများတွေ များနေပြီ။ ဘယ်နယ်ကွယ်၊ မြွေတွင်းကို လိုက်တူးပြီး သတ်ဖြတ်စားနေတော့ သူတို့မြွေဆိုးတွေ မကျေမချမ်းဖြစ်နေကြပြီ။ ကဲ - မိုးလင်းတော့မယ်၊ အဘ တရားထိုင်မယ်"

ဟု ပြောပြောဆိုဆို မို့မောက်နေသော တောင်ပို့အတွင်းသို့ ဝင်သွားသည်နှင့် တောင်ပို့မှာ အလုံပိတ်သွားသော်လည်း ပထမ ကြေးစည်ထုသံ၊ နောက် ကြေးမောင်းတီးခတ်သံသဲ့သဲ့ကို ကြားလိုက်ရသည်တွင် မောင်မောင်စိ အိပ်ပျော်နေရာမှ လန့်နိုးပြီး သူ ဘိုးသူတော်ကြီးနှင့် တကယ်တွေ့ရသလိုလို ကယောင်ချောက်ချားဖြစ်နေလေသည်။

♦♦♦

သူနားထဲဝယ် မြွေဟောက်ကြီး နှင့် တွေ့မည်။ ငါးရက်အတွင်း မသတ်နဲ့ စသည့် စသည့် စကားသံတွေ အမှန်ကြားနေရသည်။ ကြောက်ရွံ့ တုန်လှုပ်မှုတော့ ဘုံးဝ မရှိ။ သောက်ရေအိုးဆီ မသွားဘဲ အိမ်နောက်ရှိ စဉ့်အိုးကြီးထဲမှ ရေဖြင့် မျက်နှာသစ်ပြီး ရေကိုပါ တစ်ဝသောက်လိုက်၏။

"သား...နိုးပြီလား။ လာ၊ ထမင်းကြော်စား၊ ရေနွေးသောက်"

"ဟုတ်ကဲ့ အမေ"

"သား မောင်စီ၊ မင်း မြွေသားမစားနဲ့ကွာ။ မြွေလည်း မသတ်နဲ့၊ ကြားလား"

"ဟုတ်ကဲ့ အဖေ"

ဟုတ်ကဲ့ အဖေသာ ပြောရသည် အိပ်မက်ထဲက ဘိုးသူတော်ကြီး စကားနှင့် အဖေ့စကား တစ်ထပ်တည်းဖြစ်နေသည်။ မောင်မောင်စီ မကျေနပ်၍...

"အဖေ... ကျွန်တော် မြွေသားမစားဖို့ မှာတာ ဘာဖြစ်လို့လဲဗင်"

"တော်တော် လေရှည်တဲ့ အကောင်။ မင်း အသက်ရှည်အောင်ကွ၊ အသက်ရှည်အောင် ပြောတာ"

"ဩော်...ဟုတ်ကဲ့ပါ"

ထမင်းကြော်စားပြီးသည်နှင့် ခမောက်ဆောင်းကာ လယ်တဲရှိရာသို့ ထွက်လာခဲ့လေ၏။ စိတ်ထဲမှာ ဘဝင်မကျ။ သူ မြွေသားကြိုက်သည်ကို ဘိုးသူတော်ကြီး ဘယ်လိုသိသလဲ။ အမေနှင့် အဖေကတော့ ရွာသားတွေ သူရင်းငှားတွေ ပြန်ပြော၍ သိနေကြသည်။ တားမရသည့်အကြား ဒီမနက် မှာမှ ထပ်ပြီး ဘိုးသူတော်ကြီးနှင့် အဖေတို့ စကားက ထူးထူးခြားခြား မြွေသားမစားနှင့်တဲ့။

"ဟေ့ကောင် မောင်စီ"

"ဟာ...လန့်လိုက်တာ အောင်ဦးရာ"

www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်တည်း ငြိမ်ငြိုး ခြေနေနေလို့။ ညက တော်တော်များသွားသလား"

"မများပါဘူး၊ ပုံမှန်ပါ။ ကဲ - သွားပြီ"

သူငယ်ချင်း တင်မြင့်အား နှုတ်ဆက်သည့်, မဆက်သည်က အရေးမကြီး။ တစ်ခါမျှ မမက်ဘူးသော အိပ်မက်မျိုး။ ငါ မြွေမသတ်ရဘူးတဲ့။ မြွေသား မစားရဘူးတဲ့၊ အို··အိပ်မက်တွေပဲ၊ အဖေပြောတာလည်း တိုက်ဆိုင်မှု ဖြစ်မှာပါ။

BURMESE CLASSIC

♦♦♦

သုံးရက်မြောက်သော နံနက်ခင်းတွင် သူ၏ လယ်ကန်သင်းရိုးဌ နွားစာမြက်ရိတ်နေစဉ် မြွေဟောက်တစ်ကောင် ပေါ်ပြင်ထောင်နေ၏။ မောင်မောင်စီ မြက်ထမ်း တံပိုးကို လျင်မြန်စွာ ဆွဲယူ ခိုက်လိုက်သည်တွင် မြွေဟောက်ခမျာ သူးလွန့်ရင်း သေလေပြီ။

"ဟင်းစားတော့ ရပြန်ပြီ"

မြက်ရိတ်ပြီးအပြန် တဲတွင် မြွေသားဟင်းချက်စား၏။ အလွန်အရသာကောင်းနေသည်။ စိတ်ထဲမှာလည်း အတွေးသစ်က ဖြစ်လာပြန်သည်။

"အင်း···အရက်နဲ့များ မြည်းလိုက်ရရင်တော့ တောက်···ဆွေမျိုးသေသွားမှာပဲ"

ဟူသော အတွေးက သူ့ရင်ကို နွေးထွေးစေသည်သာ။

ညနေ ၅နာရီခန့်တွင် ကျွဲပေါက်ကြီးအား လှန်ထားသည့် လျှိုထဲ သွားတာ တဲသို့ ဆွဲမယ်။ ဒီတစ်ည တဲမှာ အိပ်မယ်ဟု တွေးရင်း ကျွဲပေါက်ကြီး ရောက်သွား၏။

"ရှူး···ရှူး···ရှူး···"

"ဟာ···မိုးညို(သူကျွဲပေါက်အမည်) ဘာဖြစ်နေတာလဲဟင်၊ ဘာတွေလို့လဲ"

ကျွဲပေါက်ကြီး ဝိုက်ကြည့်နေသည့် မြေကြွက်ကျင်းဘေးသို့ သူ မျက်စိအရောက် မြေကြွက်ကြီးအား ကိုက်ခဲပြီး မျိုတော့မည့် ပြင်ဆင်ကြီးကို တွေ့လိုက်သည်နှင့် ဝမ်းသာအားရပင်···

"ဟာ···ပွတာပဲ၊ နည်းတဲ့အကောင် မဟုတ်ဘူး။ ဒီည ငါ့အတွက် ကြွက်ကင်နဲ့ မြွေဟောက်သားပဲ"

ဟု တွေးရင်း သူလက်ထဲမှ ကျွဲနွားရိုက်သည့် သုံးတောင်ခန့်ရှိ ကြိမ်လုံးကြီးဖြင့် မြွေဟောက်ကြီးအား ရိုက်လိုက်သည်တွင် မြွေဟောက်ကြီး၏ ပါးစပ်ထဲမှ ကြွက်သေကြီး ထွက်ကျလာသလို၊ မြွေကြီးလည်း အတော်နာပြီး တွန့်လိမ်ကာ မည်သို့မျှ အန်မတုန်ိင်တော့။ နောက်ထပ် နှစ်ချက်ထပ် ရိုက်ပြီးနောက် သေဆုံးသွားသော မြွေဟောက်ကြီးကို အပြီးမှ ဆွဲကာ ထုခေါ်ပြီး မြေသားဖြင့် ရိုက်ချပြန်၏။ မြွေကြီး သေပြီပေါ့။ သို့သော် ပိုမိုစိတ်ချရန်အတွက် ယာလက်မှ မြွေကြီးဦးခေါင်းဆုတ်၊ ဝဲလက်မှ အပြီးကို မိမိရရဆုပ်ကိုင်ပြီး သူမှာ ရှိသမျှ ခွန်အားသုံး၍ ဆွဲဆန့်သည်တွင် မြွေကြီး၏ အရိုးအဆစ်တွေ တဖျစ်ဖျစ်မြည်ကာ ကျိုးပြတ်ကုန်လေပြီ။

မောင်မောင်စီတစ်ယောက် သူ၏ ကျွဲပေါက်ကြီး မိုးညို၏ လည်ပင်းတွင် မြွေဟောက်အသေကြီးကို ပတ်ကာ တဲသို့ ပြန်ရင်းမှ သတိရလိုက်သည်မှာ-

"ကွင်းပိုင်ကြီးနဲ့ တပည့်တွေ၊ တစ္ဆေ သရဲတွေရေ··· ခင်ဗျားတို့ရဲ့ မြွေဟောက်ကြီးကို ကျုပ် သတ်စားမယ်ဗျို့။ မြွေသားက အလွန်ကောင်းဘာ။ ခင်ဗျားတို့က လက်ဆော့ သွားပြုတ်မစားတတ်ပါဘူးလေ။ ကျုပ်က တော့ လက်တွေ့ ုးမှာဗျ။ ဟားဟား ဟား···"

မောင်မောင်စီတစ်ယောက် တဲရောက်သည်နှင့် တဲအပြင် ရောနှောသို့ မြွေဟောက်အသေကြီးကို ယူသွားပြီး သူ အပြုအသင့်ပြင်ထားလေသော သရက်ကိုင်းမှ တွဲလွဲဆွဲထားသည့် နဖားကြီး၏ လျှို(ကွင်းလျော)ထဲသို့ မြွေဟောက်ကြီး၏ ဦးခေါင်းကို စွတ်၍ သူ ဖူးထားသော အလုပ်သမားလေး စိုးအောင်အား···

"ကဲ - စိုးအောင်၊ မြွေအရည်ခွဲခွာမယ်။ ဓားမြောင်သွားယူခဲ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

စိုးအောင်လေးသည် တဲအတွင်းပြေးဝင်ကာ ဓားမြောင်ယူလာသည်နှင့် မောင်မောင်စီ မြွေအရည်ခွဲခွာတော့သည်။ မောင်မောင်စီတစ်ယောက် မြွေရတိုင်း ဤနေရာတွင် အရည်ခွဲခွာတတ်သည်ကို စိုးအောင် သိနေ၏။

"အစ်ကိုကြီး··· ဒီမြွေဟောက်တော်တော်ကြီးတယ်နော်"

"အေး၊ အကောင်ကြီးတော့ အသားပေါတယ်ကွ။ မြွေသားဟာ ကြက်သားနဲ့ မလဲဘူးကွ"

"ဟုတ်လား။ ဒီတစ်ခါ ကျွန်တော် နည်းနည်းစားမယ်လေ"

"အေး၊ အရက်နဲ့လည်း မြည်းမယ်ကွ၊ ဟဲဟဲ···"

ထိုသို့ပြောရင်း မြွေကြီး၏ ဦးခေါင်းနှင့် ကိုမောင်မောင်စီ၏ မျက်နှာမှာ တစ်တန်းတည်းဖြစ်နေစဉ် မောင်မောင်စီ ဘာတွေတွေးမိသည်မသိ။

"စိုးအောင်···ဟိုအရက်သွားယူစမ်း။ ခွက်ပါ ယူခဲ့"

"ဟုတ်ကဲ့"

ကိုမောင်မောင်စီသည် ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ခေါင်း ကြိုးကွင်းအောက်နားမှ နေ၍ မြွေအရည်ခဲ့အား ဓားမြောင်ဖြင့် ရစ်ပတ်နေရင်း မောင်စိုးအောင် ယူလာသည့် အရက်ပုလင်းနှင့် ပန်းကန်လုံးအား ယူကာ နှစ်ခွက်ဆင့်သောက်ပြီး ဆက်ခွာ၏။ လက်လေးသစ်ခန့် အရည်ခဲ့ခွာမိသည်တွင် ဓားအား အသာချ၍ လက်နှစ်ဖက်ဖြင့် အပြီးဘက်သို့ တအားဆွဲလိုက်ရာ မြွေကြီးကိုယ်လုံး အရည်ခဲ့မှာ တဖျစ်ဖျစ်မြည်ကာ ကိုမောင်မောင်စီ လက်ဝယ် ကွင်းလုံးကျွတ်ပါလာပြီး အပြီးပါဆုံးသွားသည်တွင် မြွေကြီးကို ချိတ်ဆွဲထားသော သရက်ကိုင်း သရက်ပင်တို့အား လေဖြင့် လှုပ်ခါသကဲ့သို့ နေဝင်ရီတရောဝယ် အုံ့သြဖွယ် အသံကြီးများဖြင့် သရက်ပင်ကြီးလှုပ်ခါသည်တွင် ကိုမောင်မောင်စီ မော့ကြည့်ပြီး ..

"တောက်... ဘယ်က လေပွေလဲဟ။ ဒီသရက်ပင်ပဲ ငွေရှမ်းတိုက်နေပါကလား။ ဟေ့...ငစီကို လာမပြီးနဲ့နော်။ အရည်ခဲ့ပါ ချွတ်ပြီး အကောင်လိုက် ဝါးစားမယ်ကွ"

ပြောပြောဆိုဆို နောက်ထပ် အရက်နှစ်ခွက်ဆင့်ကာဆင့်ကာ မော့သောက်အပြီးမှာဖြင့် အရည်ခဲ့မရှိတော့သော မြွေသကြီးသည် တွန့်လိမ်ကွေးကောက်လှုပ်ခါရင်းမှ သူ၏ ပါးစပ်မှလည်း တရူးရူးအသံတွေ ထွက်ကာ၊ သူ၏ လှုပ်ရှားမှုနှင့် တစ်ပြိုင်တည်း ချည်နောင်ထားသည့် ကြိုးပြတ်ထွက်ပြီး မြွေခေါင်းကြီးသည် ကိုမောင်မောင်စီ၏ ငယ်ထိပ်ပေါ်သို့ "ဒုတ်"ဟူသော အသံကြီးဖြင့် မြွေအစွယ်တွေ စိုက်ဝင်ပြီး သွေးသံရဲရဲ ခန္ဓာကိုယ်ကြီးမှာလည်း ကိုမောင်မောင်စီ၏ လည်မျိုအား ရစ်ပတ်လိုက်သည်တွင် ကိုမောင်မောင်စီ မျက်လုံးကြီး အပြူးသား၊ နဖူးပေါ်သို့ သွေးစိမ်းများ စီးကျကာ လုံးဝ အသံမထွက်တော့။

မောင်စိုးအောင်လေးသည် ဘေးမှာ ရှိသော ဦးပြားတဲဘက်သို့ အသံကုန်ဟစ်အော် အကူအညီတောင်းစဉ် လယ်သမားတွေ ဝိုင်းအုံရောက်လာလေသောအခါ ကိုမောင်မောင်စီ အသက်မရှိတော့။

♦♦♦

"ကဲ - ကိုအောင်မင်း၊ အဘသတိပေးတယ်။ မြွေမသတ်ပါနဲ့၊ မြွေသား မစားပါနဲ့လို့။ ကိုအောင်မင်းကိုလည်း ပြောတယ်။ မောင်မောင်စီကိုလည်း မျက်ဝါးထင်ထင်ပြပြီး ကတိတောင်းခဲ့တယ်။ ငါးရက်ကျော်မှ မင်းသဘောဆိုတာ၊ ခု သုံးရက်ပဲ ရှိသေးတယ်၊ သေရပြီ။ အဲဒါ ဘာကြောင့်လဲ သိလား"

"မသိပါဘူး အဘ"

"အေး သူက ကွင်းပိုင်ကြီးလည်း မကြောက်၊ တစ္ဆေ သရဲတွေကိုပါ သွားပြီး ရန်စ စိန်ခေါ်တော့ သေပြီပေါ့။ အခွိန်အခါကလည်း နေဝင်စ နွားရိုင်းသွင်းခွိန်။ တစ္ဆေသရဲတွေ မြူးတူးခွိန်မှာ သွေးရဲရဲ သံရဲရဲမြင်တော့ စားချင်ကြမယ်။ ဒါပေမယ့် ကွင်းပိုင်ကြီး မျက်နှာလွဲခိုက် တပည့်တပန်းတွေက ရိုးရိုးမြွေသေကြီးကို သရဲစီးပြီး မင်းသား စိန်ခေါ်မှုကို တန်ပြန်တိုက်ခိုက်လိုက်တာပဲ"

"ကျွန်တော်လည်း အဘအသိပါ။ အတန်တန်မှာပါတယ်။ မနက်က သူထမင်းကြော်စားနေတုန်း ကျွန်တော် အသေအချာမှာပါတယ် အဘ။ ကျွန်တော့်စိတ်တွေ လေးနေလို့ အိမ်မပြန်ခဲ့ဲ့၊ တဲမှာပဲ အိပ်ပါ။ သူ တဲက ပြန်ရင် အရက်က မူးမူး၊ အခွိန်က နောက်ကျ၊ နွားရိုင်းသွင်းခွိန်ပို့ တစ္ဆေသရဲစီးမှာလည်း စိုးရိမ်ပါတယ် အဘ။ ခုတော့...ခုတော့...ဟူး...သူကို ကိုက်တဲ့ မြွေဟာ အသေကောင်အရည်ခဲ့တောင် မရှိတော့တဲ့ မြွေက ထကိုက်ရတယ်ဆိုတော့ အဘရယ်"

"အေး အဲဒါ နှုတ်ကလည်း ဇော်ကားမူတွေ့ ကျူးလွန်တော့ အန္တရာယ်ကြီးနဲ့ တိုးတာပေါ့။ သူကို ကိုက်တဲ့ မြွေဟောက်ကြီးဟာ သရဲစီးတဲ့ တိုက်မြွေကြီးပဲလေ"

"ဗျာ သရဲစီးတဲ့ တိုက်မြွေကြီး"

"အေးအေး၊ သူကို သရဲတွေက ပြန်တိုက်တာပဲ။ ကဲ - သတ္တဝါတွေ ကျန်းမာကြပါစေ"

ဦးအောင်မင်း လန့်နိုးလာသည်မှာ ဇနီးဖြစ်သူမှာ တစ်ညလုံး မအိပ်။ ငိုပွဲဆင်နွဲနေ၍ နံခွေနေလေပြီ။ ဦးအောင်မင်း တစ်ချက်ကလေးအမှေးမှာတော့ ဘိုးသူတော်ကြီး၏ စကားကြောင့် အသေးစိတ် သိလိုက်ရသည်တွင်...

"မထွေး မငိုပါနဲ့တော့ကွယ်။ မင်းသားကို သရဲစီးတဲ့ တိုက်မြွေကြီး ကိုက်တာတဲ့"

ဦးအောင်မင်းပင် အသံမထွက်တော့။ အရက်သည် စိတ်ကို ဖောက်ပြားစေသလို၊ စကားပြောမှားခြင်း၊ စော်ကားမိခြင်းတို့ကို တွန့်ပို့စေ၏။ ကျေးတောဒေသတို့တွင် ကွင်းပိုင်၊ ယာပိုင်၊ အိပိုင်စားကြီးများကဲ့ အများမခံ အကောင်းဘက် ဖန်တီးပေးသည်ထက် အဆိုးဘက်သို့ တွန်းပို့ တိုက်ခိုက်တတ်သည်ကို မောင်မောင်စီ မသိလိုက်နိုင်တော့ပေ။

* * *

မင်းရဲစောဘွဲ့

www.burmeseclassic.com

www.burmeseclassic.com

ရေမန်းဘုန်းကြီး မဟုတ်ပါ

(ပန်းတနော် နောင်လတ်)



"ငါ ရေမန်းဘုန်းကြီး မဟုတ်ပါဘူးကွာ"

"ရေမန်းဘုန်းကြီး မဟုတ်ပါဘူး"ဟု ပြောခဲ့သော ဆရာတော်မှာ "အဂ္ဂမဟာပဏ္ဍိတ ဝိနယာစာရာဘိဝံသ"ဖြစ်ပါသည်။ "အဂ္ဂမဟာပဏ္ဍိတ ဝိနယာစာရာဘိဝံသ"ကို "ပန်းတနော် ဆရာတော်"ဟု လူသိများခဲ့သည်။

"ပန်းတနော် ဆရာတော်"ဟု လူသိများခဲ့သော ဆရာတော်"အဂ္ဂမဟာပဏ္ဍိတ ဝိနယာစာရာဘိဝံသ"သည် စင်စစ်ဦး ပန်းတနော်သားမဟုတ်။

အဂ္ဂမဟာပဏ္ဍိတ ဝိနယာစာရာဘိဝံသလောင်းလျာ ရှင်သာမဏေသည် ဘိုကလေးမြို့သားဖြစ်ပြီး၊ ဘိုကလေးမြို့ မမြဲကာရာမ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် သီတင်းသုံးခဲ့ရှူးသည်။ ထိုစဉ်က ကျောင်းထိုင်ဆရာတော်သည် မြတ်စွာဘုရားသခင်၏ သံဝေဇနိယ လေးဌာနသို့ ကြွရောက်ကြည်ညိုခဲ့သည်။ ဝေယျာဝစ္စပြုစုရန် ဦးပဉ္စင်းတစ်ပါးကို ခေါ်ယွားခဲ့သည်။

ထိုကျောင်းတိုက်၏ ပဓာန နာယက ဆရာတော်နှင့် အတူ ပြန်လည်ရောက်ရှိလာသော ဦးပဉ္စင်းက ရှင်ဝိနယာစာရာဘိဝံသအား ဤသို့ ပြောကြားခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီမှာကွာ ငါ ရေဆာလို့ ရေတောင်းသောက်တာ မရဘူး။ ရေနွေးကြမ်းတောင်းသောက်တော့လည်း မရဘူး။ ပထမတော့ ဒီလူတွေ တော်တော်တွန့်တိုတယ်လို့ ထင်ခဲ့တာ။ နောက်မှ အကြောင်းသိတော့ သူတို့လုပ်ရပ်ကို တော်တော်သဘောကျခဲ့တာ။ အိမ်တိုင်းမှာ ရိုးရိုးရေမထားဘူး။ ပရိတ်ရေပဲ ထားတာ။ ပရိတ်ရေကို ကျိုချက်တဲ့ ပရိတ်ရေနွေးပဲ ထားတာ။ ပရိတ်သံ၊ ပရိတ်ချည်၊ ပရိတ်ပန်း၊ ပရိတ်နဲ့ပဲ ထုံမွှမ်းနေကြတာ။ သူတို့က ပြောတယ်၊ ချောင်းဆိုးလို့ လျက်ဆားစားပြီး ရေရိုးရိုးနဲ့ သောက်တဲ့အခါ နှစ်ရက်၊ သုံးရက်မှ ပျောက်တယ်ဆိုရင် လျက်ဆားစားပြီး ပရိတ်ရေသောက်ရင် တစ်နံနက်နဲ့ ပျောက်တယ်တဲ့။ ပရိတ်တော်ရဲ့ တန်ခိုးအာနိသင်ကို အကြွင်းမရှိ ယုံကြည်ကြတဲ့၊ ကြည်ညိုရိုသေကြတဲ့လူတွေ၊ မြတ်စွာဘုရား ချီးမြှင့်တော်မူတဲ့ အဂ်ုလိမာလသုတ်တော်ကို အဂ်ုလိမာလ မထေရ်က ကြည်ညိုစွာ ရွတ်တာ။ မြတ်စွာဘုရားကို ရည်စူးကြည်ညိုပြီး ကပ်လှူထားတဲ့ ဇာသက်တော်ရေထဲမှာ မိခင်ရော၊ ရင်သွေးရတနာပါ၊ ကျန်းမာချမ်းသာပါစေဆိုတဲ့ စေတနာသန့်သန့်နဲ့ ရွတ်တာ။ အဲဒီရေကို မိခင်ရဲ့ ခေါင်းကို ဆွတ်တာ၊ မျက်နှာသစ်ခိုင်းတာ၊ သောက်ခိုင်းတာ။ ဒါကြောင့် မိခင်က ရင်သွေးကို လွယ်လွယ်ကူကူ ဖွေးဖွားနိုင်တယ်ဆိုတဲ့ ပရိတ်တန်ခိုးတွေ သိပ်ကြည်ညိုကြတဲ့ သူတော်ကောင်းတွေ။ တို့လည်း ပရိတ်ရွတ်ကြရမယ်။ ပရိတ်ရေကို သုံးကြရမယ်"

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိနယာစရာဘိဝံသသည် ထိုအချိန်မှစပြီး ဒါနအမှု သီလအမှုများကို အတတ်နိုင်ဆုံးကြိုးစားပြုလုပ် စောင့်ထိန်းကာ ပရိတ်ကြီး (၁၁)သုတ်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်ကန်တော့လျက် ပရိတ်ရေကို အသုံးပြုခဲ့ပါသည်။

ကုသ၌ မပျောက်ကင်းနိုင်သော ဝင့်နာကံနာရှိသူများ မှအပ ပျောက်ကင်းနိုင်သောအနာရောဂါရှိသူများ အနာရောဂါများ ပျောက်ကင်းပါစေ ဆိုသည့် စေတနာသန့်စင်စွာဖြင့် ပရိတ်ရေကို ပေးခြင်းဖြစ်သည်။ ဤပရိတ်ရေကြောင့် အနာရောဂါရှိသူ၏ ကိုယ်ခန္ဓာအတွင်းရှိ ပိုးမွှားများလည်း ဒုက္ခမရောက်ကြပါစေနှင့်၊ မသေမကြေကြပါစေနှင့် ဆိုသော မေတ္တာစိတ်ဖြင့် ဆရာတော် ဘဒ္ဒန္တဝိနယာစရာဘိဝံသက ပရိတ်ရေပေးဝေခြင်းသာ ဖြစ်ပါသည်။

ဆေးကုသခြင်း မဟုတ်ပါ။ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိနယာစရာဘိဝံသသည် "ရေမန်းဘုန်းကြီး မဟုတ်ပါ။"

♦♦♦

ပန်းတနော်မြို့ သီဟိဠ်စာသင်တိုက်မှ ရန်ကုန်မြို့ မင်္ဂလာမဏ္ဍိုင်ကျောင်းသို့ ရောက်ရှိပြီး "ပန်းတနော် ဆရာတော်"ဟု နာမည်ကျော်ခဲ့သော "အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိနယာစရာဘိဝံသ" ပျံလွန်တော်မူခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ဘိုကလေးမြို့၊ ပန်းတနော်မြို့၊ ရန်ကုန်မြို့ စသောမြို့ကြီး မြို့ငယ်များ၊ ရွာကြီး ရွာငယ်များရှိ ဆရာတော်ဘုရားကြီး၏ တပည့် ရဟန်း ရှင်လူအားလုံးက ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ကျေးဇူးဂုဏ်များကို သတိရလျက်ရှိပါသည်။

* * *

ပန်းတနော်ဆရာတော်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိနယာစရာဘိဝံသကိုယ်တိုင် စာရေးသူအား ပြောကြားခဲ့သည့် စကားရပ်များကို ပြန်လည်ရေးသားခြင်းဖြစ်ပါသည်

မေတ္တာအကျိုး ၁၁ မျိုး

အိပ်, နိုး ချမ်းသာ၊ ကောင်းစွာ အိပ်မက်, ချစ်လျက် လူ, နတ်၊
စောင့်လတ်နတ်များ၊ မီး, ဆိပ်, ဓား တို့၊
ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊
သေခါမတွေ့၊ လားလေဗြဟ္မာ၊ တစ်ဆယ့်တစ်ဖြာသည်။
မေတ္တာပွားမှု အကျိုးတည်း ။ ။

www.burmeseclassic.com

www.burmeseclassic.com

ဝင္ရသုတ် ပရိတ်တော်၏ အကျိုးကျေးဇူး

ဦးကိုကိုအေး(ကြိုပင်ကောက်)

နေမိန္ဒဝိဇ္ဇာဓိလ်ဆရာတော်သည် ဝင္ရသုတ်ရွတ်ဖတ်ပူဇော်မှုကို ရေးသားတော်မူသည်။ ထိုကျမ်းကို ကျွန်တော်ဝယ်ဖတ်၏။ ဆရာတော်၏ လူအမည်မှာ ဦးတည်ကြည်ဖြစ်ပါသည်။ သီလဝ မဂ္ဂဇင်းအယ်ဒီတာလည်း ဖြစ်ပါသည်။ ဝင္ရသုတ်ပရိတ်တော် ရွတ်ဖတ်ခြင်း၏ အကျိုးများပုံကိုလည်း သီလဝ မဂ္ဂဇင်းတွင် အရေးများဆုံးဖြစ်ပါသည်။ ရွတ်ဖတ်ပူဇော်မှုကိုလည်း နှစ်စဉ် ကျင်းပဆဲဖြစ်ပါသည်။ ကျွန်တော်သည် ယနေ့တိုင် ဝင္ရသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်၍ ဘုရားရှင်ကို ပူဇော်ပါသည်။

စီးပွားပျက်သူတို့ကို စီးပွားဖြစ်စေပါသည်။ အပူမီးလောင်မြိုက်နေသူတို့ကို ငြိမ်းအေးစေနိုင်ပါသည်။ ညှင်းပန်းနှိပ်စက်သူတို့ဘေးမှ လွတ်ကင်းစေပါသည်။ ဥပဒေအချုပ်အနောင်တို့မှ လွတ်ကင်းစေပါသည်။ မြတ်စွာဘုရားရှင်၏ ပရိတ်တော်များသည် တန်ခိုးအစွမ်း အံ့မခန်းရှိကြပါသည်။

ကျွန်တော်မိတ်ဆွေတစ်ဦး၏ သေကြောင်းကြံစည်မှုကို ဆေးသားတင်ပြလိုပါသည်။

သူသည် ပဲဆေး(ဝိုးသတ်ဆေး) မသောက်မီ ကျွန်ုပ်အား နှုတ်ဆက်ခြင်းဖြစ်ပါသည်။ သေကြောင်းကြံစည်မှုသည် တစ်ဦးတည်းမဟုတ်၊ မိသားစု လေးယောက်စလုံးဖြစ်သည်။ သို့သော် သူတို့၏ အကြံအစည် အထမမြောက်ခဲ့ပါ။ ကျွန်တော်သည် သူတို့မိသားစုကို ကယ်တင်လိုပါသည်။ ထို့ကြောင့်...

"သူငယ်ချင်း... မင်း ဘုရားကို ယုံလား။ ကံ,ကံ၏ အကျိုးကို ယုံလား"

ဟု ကျွန်တော်က မေးပါသည်။

ထိုအခါ သူက ယုံကြည်ပါသည်ဟု ပြောပါသည်။ ကျွန်တော်က...

"မင်း ဘာဖြစ်လို့ ဒီလိုကြံစည်တာလဲ"

ဟု မေးသည်။ ထိုအခါ သူက...

"ငွေကြောင့်။ ဆွေမျိုးအသိုင်းအဝိုင်းက ဝိုင်းပြီး ဖိအားပေးတာ မခံနိုင်လို့"

ဟု ပြောပါသည်။ ကျွန်တော်က...

"မင်းလိုတဲ့ ငွေအတိုင်းအတာရရင် မင်း မလုပ်ဘူး မဟုတ်လား"

ဟု ပြောသောအခါ သူက ခေါင်းညိတ်ပါသည်။

ကျွန်တော်သည် ဝင္ရသုတ် ပရိတ်တော်၏ အကျိုးကျေးဇူးကို ရေးသားကြကုန်သော ဆရာများကို ယုံကြည်ပါသည်။ နေမိန္ဒဓမ္မဝိဇ္ဇာဓိလ် ဆရာတော်၏ ကိုယ်တွေ့ကျမ်းကိုလည်း ယုံကြည်ပါသည်။ မြတ်စွာဘုရား၏ ပရိတ်တန်ခိုးကိုလည်း အနှိုင်းမဲ့ ယုံကြည်၍ သူတို့အသက်ကို ကယ်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က...

"ဒီလိုဆိုရင် ငါပြောတာကို မင်းလိုက်မှတ်"

ဟု ပြောပြီး စာရွက်တစ်ရွက် သူ့ကို ပေးလိုက်ပါသည်။ ပြီးလျှင်...

"ပထမဆုံး ကိုယ့်ရဲ့ ခန္ဓာကိုယ်ကို စင်ကြယ်အောင် သန့်ရှင်းပါ။ ဘုရားစင်မှာ ပန်းအပြူ (၁၁)ပွင့်လှူပါ။ ရေဖန်ခွက်ထဲသို့ ရေဖန်ခွက်ထဲသို့ ရေ (၁၁)ခွန်းထည့်ပါ။ လှူဖွယ်ကိစ္စတို့ ပြုလုပ်ပြီးပါက ဗုဒ္ဓမြတ်စွာဘုရားထံ ငါးပါးသီလခံယူပါ။ ဝင္ရသုတ်ပရိတ်တော် ဖြစ်ပေါ်ရခြင်းအကြောင်းကို နတ်ဒေဝတာများ သိအောင် တိုင်တည်ပါ။ ထို့နောက် ဝင္ရသုတ်ပရိတ်ကို အသံ၊ ဌာန်၊ ကရိုဏ်းမှန်မှန်ဖြင့် ၁၁ခေါက် ပူဇော်ပါ။ ၁၁ရက်ပြည့်အောင် ပူဇော်ပါ။

ပူဇော်ပြီးပါက ဒုက္ခ၊ ဒေါမနဿ၊ ပရိဒေဝ တောက်လောင်နေသောမီးတို့ ငြိမ်းအေး၍ ငွေကြေးဒုက္ခမှ လွတ်မြောက်ပါစေဟု ဆုတောင်းပါ"

ဟု ပြောပြီး ပြုလုပ်စေပါသည်။

၁၁ရက်မြောက်နေ့ ထီဖွင့်ရက်တွင် သူထိုးထားသော ထီမှာ ပေါက်သဖြင့် ပျော်ရွှင်ချမ်းမြေ့သွားပါသည်။

ကျွန်တော့်အား ကျေးဇူးတင်ကြောင်း ပြောပါသည်။

စာရှုသူများလည်း အထက်ပါအတိုင်း လောဘမဖက်ဘဲ ကျင့်ကြံကြည့်ပါ။ အခက်အခဲများအားလုံးပြေပျောက်ပြီး ချမ်းသာစေမှာ အမုန်ပင်ဖြစ်ပါသည်။

* * *

ဦးကိုကိုအေး(ကြိုပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com

တောနက်ထဲကလူးကောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ကိုဖိုးအောင်တို့ သားအဖမှာ နေ့ကဝေလီဝေလင်းအချိန်တွင် တော အိမ် ပစ်ခတ်ရရှိလာသော သားကောင်များကို ထမ်းပိုးကာ ပြန်လာနေကြသည်။ သားအဖနှစ်ယောက်မှာ ယမန်နေ့ညက တောထဲသို့ တစ်ညလုံး ညည့်လည်ရှာဖွေကာ ပစ်ခတ်ခဲ့ကြခြင်းဖြစ်သည်။ ကိုဖိုးအောင်တွင် အခြားမြားရေးအလုပ်က မရှိ။ တောထဲသို့ သာ ရက်ပတ်နှင့် ထွက်ပြီး သားကောင်များ ရှာဖွေပစ်ခတ်ပြီး ရရှိလာသည့် သားကောင်ကို ဖျက်ကာ ရောင်းချ စားသောက်နေခဲ့သူဖြစ်သည်။ ကျွမ်းကျင်စွာ လိမ္မာဆိုသကဲ့သို့ မုဆိုးအလုပ်နှင့် အသက်မွေးလာခဲ့သည်မှာ နှစ်တွေကြာလာသည်နှင့်အမျှ တောလည်ထွက်ရာတွင် သားကောင်မရဟူ၍ မရှိပေ။ ရရှိသည့် သားကောင်အမျိုးအစားသာ များခြားသည်။

တချို့နေရာများတွင် ထမ်းသယ်ရန်ခိုင်သော ချေ၊ တောကြောင်၊ ယုန်အသည့် သားကောင်ငယ်များ ရရှိလလို အချိန်နေ့မျိုး၌ တောဝက်၊ ဆတ်၊ ဝက်ဝံကဲ့သို့ သားကောင်ကြီးများ ရရှိတတ်လေသည်။ ထိုအခါ ထမ်းမသယ်ယူနိုင်သဖြင့် ရွာပြန်ကာ လှည်းတွဲပြီး သယ်ယူလေသည်။ သားကောင်ကြီးကြီးများရသည့်နေ့မျိုးတွင် ပိမိရပ်ရွာထဲသို့ ရောင်းမကုန်သဖြင့် အနီးပတ်ဝန်းကျင်ရွာများသို့ပင် အသားတွဲများ ထမ်းပြီး လှည့်လည်ရောင်းချရလေသည်။

ကျေးလက် နေထိုင်ကြသူများမှာ ရွာသူ ရွာသားများ လူများလို စွေးအလွယ်တကူ ရောင်းဝယ်ကြသောကြောင့် ဟင်းချက်စရာ ကိုယ်တိုင်ပင် ရှာဖွေကြသည်။ ကိုဖိုးအောင်တို့လို မုဆိုးများ ပစ်ခတ်ရရှိလာသည့် အသားများ လာရောက်ရောင်းချသည့်အခါ အလုအယက်ဝယ်ယူ ချက်ပြုတ်စားသောက်ကြလေသည်။

ကိုဖိုးအောင်မှာလည်း မိမိရောင်းသော အသားများကို လက်ငင်းဝယ်ယူလျှင် လက်ငင်းရောင်းဖြစ်သော်လည်း တချို့က ရက်ဆိုင်းပေးနှင့် ဝယ်ယူကြ၏။ ရက်ချိန်းနှင့် ဝယ်သူကိုလည်း စာရင်းရေးမှတ်ကာ ရောင်းပေး၏။ တချို့က အိမ်တွင် ရှိသော ဆန်၊ ပဲ၊ ဆီတို့နှင့် အလဲအလှယ်လုပ်၍ ဝယ်ယူကြသည်။ ဆန်၊ ပဲ၊ ဆီတို့နှင့် လဲလှယ်ဝယ်ယူလာလျှင် ကိုဖိုးအောင် ပို၍သဘောကျ၏။ သူ့အနေနှင့် ငွေလက်ငင်းရလျှင်လည်း ဆန်၊ ပဲ၊ ဆီတို့ကို ဝယ်ယူသုံးစွဲရမည်ပင် ဖြစ်သည်။

♦♦♦

"ဟာ…ဖိုးအောင်တို့ သားအဖ တောလည်က ပြန်လာကြတာကိုး"

"ဘာသားကောင်တွေ ရခဲ့သလဲ ဟေ့"

"ဒီညတော့ ချေတစ်ကောင်နဲ့ တောကြောင်နှစ်ကောင်၊ ယုန်နှစ်ကောင် ရခဲ့တယ်ဗျာ"

"ဟန်ကျတာပဲဟေ့။ အသားတွေ ဖျက်ပြီးရင် ငါ့အိမ်ကို ချေသား တစ်ပိဿာပို့ပေးလိုက်ကွာ"

"ပို့လိုက်ပါ့မယ် ကိုသာအိရယ်"

အိမ်ကိုတောင် မရောက်ကြသေး။ ထမ်းပိုးလာသည်ကို မြင်သည်နှင့် ဝယ်ယူစားသုံးမည့်သူက အဆင်သင့် ရှိနေချေပြီ။

"ဖိုးအောင်ရာ…၊ မင်းကလည်း မုဆိုးလုပ်နေပြီး သားကောင်သေးသေးတွေပဲ ပစ်လာခဲ့တာကိုးကွ"

"အေးလေဗျာ။ တွေ့တဲ့အကောင် ပစ်လာခဲ့ရတာပဲ"

"ငါတို့က တောဝက်သား စားချင်နေကြတာကွ။ တောဝက်သားက အိမ်မွေးဝက်တွေလို အခေါက်မထူဘူး။ စားရတာလည်း မအစ်ဘူး။ အသားကလည်း နူးညံ့တယ်လေကွာ"

"အေးပါဗျာ ကိုစံအေးရာ၊ ဒီတစ်ခါ တောလည်ထွက်ရင် တောဝက်ရအောင် ပစ်လာခဲ့ပါ့မယ်"

ရွာသူရွာသားတို့က ကိုဖိုးအောင်တို့ အမဲဖျက်နေရာသို့ လာရောက် ဝယ်ယူကြပြီး သူတို့စားချင်ကြသော အသားများ ပစ်လာခဲ့ရန် တိုက်တွန်းပြောဆိုနေကြလေသည်။

ခက်သည်က ကိုဖိုးအောင်အဖို့ သားကောင်ရွေးနေ၍ မရ။ တွေ့လာသည့် သားကောင်ကို ကြိုက်ကြိုးငယ်ငယ် လက်မလွတ်တမ်း ပစ်ယူရ၏။ သားကောင်ရရှိပါမှ သူ့အတွက် စားဝတ်နေရေး ပြေလည်မည်မဟုတ်ပါလား။ သားကောင်ကြီးများကို ပစ်ရသည်က ချက်ကောင်းကို ထိအောင် ပစ်နိုင်ပါမှ အန္တရာယ်ကင်းသည်။ ချက်ကောင်းမထိလျှင် ပစ်သူအတွက် အန္တရာယ်များသည်။ ဒဏ်ရာနှင့် ပြေးလျှင် သွေးစက်ခံပြီး သားကောင်နောက် လိုက်ရသည်မှာ ပင်ပန်းလွန်းလှသည်။ ရွာသားတွေကတော့ သူတို့ စားလိုသော အသားများကို တောင်းဆိုနေကြခြင်းဖြစ်၏။ လူအလိုကို နတ်မလိုက်နိုင် ဆိုသကဲ့သို့ သူတို့ စားလိုသည့် သားကောင်များကို ရွေးချယ်ပြီး ပစ်နေရလျှင်၊ ပစ်၍ရလျှင် တော်သေး၏။ တစ်ညလုံး တောတောင်ထဲ လှည့်ပတ်ရှာဖွေပြီး သားကောင်မတွေ့ပါက လူသာ ပင်ပန်းပြီး အကျိုးမရှိဖြစ်ရမည်ကို ကိုဖိုးအောင် စိုးရိမ်သည်။

"ငါဟာ မုဆိုးအလုပ်နဲ့ အသက်မွေးနေတာပဲ။ တောလည်ထွက်ပြီး သား

www.burmeseclassic.com

www.burmeseclassic.com

ကောင် မရလာခဲ့ဘူးဆိုရင် မုဆိုးသိက္ခာကျမယ်။ ဒါကြောင့် ရရာ သားကောင်ကို ပစ်ခတ်ယူရမှာပဲ"

တစ်နံနက်တွင် ပစ်ခတ်လာသော သားကောင်ကို ဖျက်နေရာသို့ ကိုပိန်ဆိုသူက အမောတကောရောက်လာခဲ့၏။

"ဟေ့...ဖိုးအောင်၊ မင်း တောဝက်ရလာခဲ့လားဟေ့"

"ဒီနေ့ တောဝက် မရခဲ့ဘူးဗျ။ ချေနှစ်ကောင်ပဲ ရခဲ့တယ်"

"ဟင်...သွားပါပြီကွာ။ ငါက မင်း တောဝက်ရလာရင် ဝက်မြီးဝယ်ဖို့ အပြေးတစ်ပိုင်းလာခဲ့တာလေကွာ"

"နေစမ်းပါဦး။ ခင်ဗျားက ဝက်မြီးကို ဘာလုပ်ဖို့ ဝယ်ချင်နေတာလဲဗျ"

"ငှဲမိန်းမ မီးဝင်နေတယ်လေကွာ။ အဲဒါ နို့ထွက်ဆန်အောင် ဝက်မြီးဟင်းချိုချက်တိုက်မလို့ပါကွာ။ ဝက်မြီးဟင်းချိုသောက်ရင် နို့ထွက်သန်တယ်မဟုတ်လား"

"အေးဗျာ၊ အခုတော့ ဝက်မြီးမရနိုင်တော့ ခင်ဗျားမိန်းမ နို့ထွက်သန်အောင် ရေတကြီးရွက်ဟင်းချိုသာ ချက်တိုက်ပေးပေတော့ဗျာ"

ကိုဖိုးအောင်မှာ တောလည်ကရရှိလာသည့် သားကောင်များကို ဖျက်၍ ရောင်းချပေးနေကျဖြစ်၍ ရွာသူရွာသားတို့နှင့် ပြောမနာ ဆိုမနာဖြစ်နေလေ သည်။ ရွာသားတို့ကလည်း ဟင်းစားအတွက် ကိုဖိုးအောင်ကို အားကိုးနေကြရသလို၊ ကိုဖိုးအောင်ကလည်း ရွာသားများကိုသာ အားထားမှီခိုနေရပြီး ကျွန်း ကိုင်းမှီ၊ ကိုင်း ကျွန်းမှီဖြစ်နေကြလေသည်။

♦♦♦

"အဖေ...ကျုပ်တို့ ဒီတစ်ခါ တောလည်ထွက်ကြရင် တောဝက်ပေါတဲ့ဘက်ကို ထွက်ကြရအောင်ဗျာ"

"မင်းက ဘာပြုလို့ တောဝက်ပေါတဲ့ နေရာကို တောလည်ထွက်ချင်ရတာလဲကွ။ တောဝက်ပစ်ရတာက အန္တရာယ်အလွန်များတာကွ"

"တခြားသားကောင်တွေ ပစ်ယူလာရင် လူတွေက သိပ်မကြိုက်ကြတော့ ရောင်းချရတာ တော်တော်နဲ့ မကုန်ဘူးဗျ။ တောဝက်သားဆိုရင် ဖျက်ပြီး အသားတွေ တွဲပြီးတာနဲ့ ပြိုက်ခနဲ ကုန်သွားတာလေ။ အိမ်စားဖို့တောင် အနိုင်နိုင်ချန်ထားရတာ မဟုတ်လားဗျ"

တစ်ညနေတွင် အောင်ဘုသည် ယခင်နေ့များက ရောင်းထားသော အသားဖိုးများ လိုက်သိမ်းနေလေသည်။

"ဟေ့...အောင်ဘု၊ မင်းအဖေဖိုးအောင်ကို ပြောလိုက်စမ်းကွာ။ ငါ့အိမ်မှာ အလျှူလုပ်မှာမို့ တောဝက်ရလာရင် တစ်ကောင်လုံး ယူမယ်လို့ ပြောလိုက်ကွာ"

"ဟုတ်ကဲ့ ဦးကြီးထွန်း၊ ဒီတစ်ခါ တောလည်ထွက်ရင် တောဝက်ပစ်ဖို့ ကျွန်တော်လည်း အဖေ့ကို တိုက်တွန်းနေတာဗျ"

အောင်ဘုလည်း သူ့အဖေ ဖိုးအောင်ကို ပြန်ပြောပြလိုက်သည်။

"အင်း... ငါတို့ တောဝက်ပစ်မယ်ဆိုရင်တော့ ညအိပ် တောတက်ရလိမ့်မယ်ဟေ့။ တောဝက်တွေက စိမ့်စမ်းတွေ ပေါတဲ့ တောမျိုးမှာ ကျက်စားကြတာကွ"

သားအဖနှစ်ယောက်လည်း လိုအပ်သည့် ရိက္ခာ၊ ပစ္စည်းများကို စုံလင်အောင် စုဆောင်းထည့်သိုနေကြသည်။

"ကဲ - သားရေ...သွားကြမယ်ဟေ့။ နေမမူမီ တောထဲရောက်မှပဲကွ။ ဒါမှ သစ်ရိပ်ဝါးရိပ်နဲ့ တောလည်လို့ကောင်းမှာကွ"

သားအဖနှစ်ယောက် စားရိက္ခာပစ္စည်းများကို လွယ်ပိုးကာ တောလို့ ထွက်လာခဲ့ကြတော့သည်။

"သားရေ...အဖေတို့ ဒီးမတောကြီးရဲ့ အနောက်ဘက်ထဲ ဆင်းသွားပြီး စိမ့်စမ်းမြောင်တွေထဲ လိုက်ရှာကြမယ်ကွ"

"ဟုတ်တယ် အဖေ။ ဒီကောင်တွေက အခုလို နွေဘက်မှာ စိမ့်စမ်းတွေထဲ ခိုအောင်းနေပြီး ရေစိမ်၊ ရွံ့လူးနေတတ်ကြတာလေ။ ကျွန်တော်တို့ လိုက်ရှာမွှေပြီး အပိုင်ပစ်ယူရုံပဲ မဟုတ်လား"

သူတို့ တစ်ကုန်းကျော် တစ်တောင်ဆင်း၊ တစ်မြောင်ဝင် တစ်မြောင်ထွက်နှင့် လာခဲ့ကြ၏။ တချို့မြောင်များက ရေခန်းခြောက်နေကြသည်။ တချို့မြောင်ထဲမှာက စမ်းရေအိုင်တချို့တွင်သာ ရေရှိနေ၏။ ထိုစမ်းရေအိုင်ပတ်လည်တွင် သားကောင်ခြေရာစုံကို တွေ့မြင်ကြ၏။ နွေဘက် ရေရှားနေချိန်၌ ရေရှိနေသော ထိုစမ်းရေအိုင်သို့ သားကောင်တို့ ရေလာသောက်ကြခြင်းဖြစ်သည်။

"ခြေရာတွေက ဆတ်ခြေရာချေ၊ တောဝက်ခြေရာတွေ မျိုးစုံပဲဟေ့"

"ဟာ...အဖေ၊ ဒီတမြောင်ထဲမှာ ရင်းပင်တွေ တအားပေါက်နေတာပဲ။ ရင်းတောနဲ့ တူတယ်"

"အေးဟေ့၊ ဒီလို ရင်းတောမျိုးထဲမှာ တောဝက်တွေ တွေ့နိုင်မယ်ကွ။ မျက်စိရှင်ရှင်နဲ့ သတိထားကြည့်သွားဟေ့"

"ဒီလို ရင်းတောမျိုးထဲမှာ တောဝက်တွေ ဘာပြုလို့ တွေ့နိုင်တာလဲ အဖေရ"

"အိုး... တောဝက်တွေ

www.burmeseclassic.com

www.burmeseclassic.com

ရင်းသီးအမည့်တွေ သိပ်ကြိုက်ကြတာ လေကွာ။ ရင်းပင်တွေက အသီးမည့်တွေ ကြွေကျတာကို လိုက်ကောက်စားတတ်ကြတာလေ"

သူတို့ ထိုရင်းမြောင်သာ ဆုံးသွားသည်။ တောဝက် တစ်ကောင် တစ်ပြီးမျှ မတွေ့ကြချေ။

"ငါတို့ နေ့ခင်းဘက် ရှာမတွေ့ခဲ့ ညဘက်ကို မီးထိုးပြီး လိုက်ရှာကြမှပဲကွ။ ဒီကောင်တွေ ညဘက်တော့ ဆွက်မှာ သေချာတယ်ဟေ့"

ညနေပိုင်း ရောက်လာသော်သည်း ဘာသားကောင်မှ မရကြသေးပေ။

"သားရေ... ညဘက်ရောက်မှ မီးထိုးရှာပြီး ပစ်ကြမယ်ကွာ။ အခုတော့ ငါတို့သားအဖ ညနေစာချက်စားရင်း နားကြရအောင်ကွာ။ တောထဲဆောင်နေရတာ မောလည်း မောကြပြီကွ"

"သားက ထမင်းတစ်အိုး မြန်မြန်ဆီးပြီး ချက်လိုက်ကွာ။ အဖေက ဟင်းရွက် စမ်းရေအိုင်ထဲမှာ ငါးနည်းနည်း ဖမ်းချဦးမယ်"

ထမင်းကျက်သောအခါ ကိုဖိုးအောင် စမ်းရေအိုင်ထဲမှ တက်လာခဲ့သည်။ သူ၏ ပုဆိုးခါးပိုက်ထောင်ထဲတွင် ငါးလာသော ငါးများကို ဖက်ရွက်တစ်ရွက်ပေါ် သွန်ချနေသည်။

"ဟာ... ငါးခုံးမ၊ ငါးရဲ့၊ ငါးလူး၊ ငါးလုံး၊ ပစ္စွန်ဆိတ် ငါးမြီနဲ့ တစ်ဟင်းစာကို ရခဲ့တာပဲဗျ"

"အေးလေကွာ၊ အဲဒီငါးတွေကို ဆားသီးစပ်စပ်လေး ချက်ပြီး ရေနွေးကြမ်းနဲ့ သောက်စားလိုက်ကြတာပေါ့ကွာ"

သားအဖနစ်ယောက်မှာ ဟင်းချက်ပြီး ကျက်သည်နှင့် ဖက်ရွက်ကြီးတွင်းတွင် ထမင်းများ သွန်ချကာ ငါးဟင်းချက်နှင့် ညစာစားရန် ပြင်ဆင်ကြ၏။ ကိုဖိုးအောင်က မစားမီ စားဦးစားဖျားကို ဖက်ရွက်တစ်ရွက်တွင် ထည့်ပုံကာ တောပိုင်တောင်ပိုင်များကို ပဿ တင်မြှောက်ပြီး ဝေးဝေး သားကောင်များ ရလိုကြောင်း ဆုတောင်းခဲ့လေသည်။

"ကဲ - သားရေ... စားလိုက်ကြရအောင်ဟေ့"

ထမင်းစားလိုက်၊ စပ်လျှင် ငါးဟူးနှင့် ထည့်ထားသော ရေနွေးကြမ်းဘူးမှ ဂါးခွက်ငယ်နှင့် ထည့်ပြီး သောက်စားခဲ့ကြသည်။ တောတောင်ထဲ ဖြစ်သလို စားကြရသည်။ စားပြီးလျှင် ဖက်ရွက်ကို လွှင့်ပစ်လိုက်ရုံပင် ဖြစ်သည်။

ညဘက် ဥနာရီခန့်တွင် မီးထိုးကာ တောဝက်ရှာလာကြလေသည်။ တဖြည်းဖြည်းရှာလာခဲ့ကြရာ မြောင်တစ်မြောင်ထဲ ဆင်းလာခဲ့ကြသည်။

"ဟာ... ဟေ့... နားထောင်စမ်းဟေ့၊ ဒါ တောဝက်တွေ အစာစားနေတဲ့ အသံပဲကွ"

"ကေန္တ ဒီမြောင်ထဲမှာ ဇင်ပြွန်းပုင် ရှိနေတယ် ထင်တယ်။ ဒီကောင်တွေ ဇင်ပြွန်းသီးအကြွေတွေ လိုက်ကောက်စားနေကြတာပဲ ဖြစ်မယ်ကွ"

အချိန်က နံနက် ဝေလီဝေလင်း ချိန်ဖြစ်သည်။

"သားရေ... ငါတို့ အသံကြားရာဆီကို ချောင်းမြောင်းသွားကြမယ်ဟေ့။ အဖေ ပစ်တော့မယ်ဆိုရင် သားက သစ်ပင်ကြီးတစ်ပင်နောက်မှာ နေရာယူထားနော်"

"ဟာ... တောဝက်အုပ်ပဲ။ ငါ အကောင်ကြီးကြီးတစ်ကောင်ကို ပစ်လေမှပဲ"

တောင်ပို့တစ်ခုကို အကာအကွယ်ယူကာ ချိန်နေ၏။

"ဟတ်... ဟတ်... ဟတ်ချိုး"

"ဗျော... ဗျော..."

"ဟင်... တောဝက်တွေ လန့်ပြေးကုန်ကြပြီ"

"မင်းနယ့်ကွာ၊ အရေးထဲကျမှ နာချေလိုက်ရတယ်လို့"

"အောင့်ထားမရလို့ ချေလိုက်မိတယ် အဖေရာ"

"ကောင်းကွာ၊ ပစ်ရခါနီးမှ။ အခုတော့ ပြေးကုန်ပြီ"

သားအဖနစ်ယောက်လည်း ဆက်လက်ရှာဖွေလာခဲ့ကြသည်။

"ဖလပ်... ဖလပ်... ဖလပ်လပ်"

"ဟာ... ဒါ ဝက်နားရွက်ခတ်သံပဲကွ။ တောဝက်ရေမှာ အိုင်လူးနေတယ်ထင်တယ်ကွ"

"ဟာ... ဟုတ်တယ်ဟေ့။ နည်းတဲ့ အကောင်ကြီးမဟုတ်ဘူး။ တစ်ကောင်လုံး ရွံ့လူးထားတာ ပေရေနေတာပဲကွ"

ကိုဖိုးအောင်လည်း ဒီတစ်ခါတော့ မိမိရရချိန်နေသည်။ ဒီလောက် အကောင်ကြီးကြီးကို လက်လွတ်ခံ

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ပေ။ ချိန်သားကိုက်သည်နှင့် မောင်းထွင်းကို ဖြူတ်ရန် ပြင်ပြီး လက်ညှိုးကို ကွေးလိုက်စဉ်မှာပင် မမျော်လင့်သော မြင်ကွင်းကို သားအဖန်ဆယ်ကိုက် စလုံး မြင်တွေ့ အံ့သြခဲ့ကြရသည်။

တစ်ကိုယ်လုံးအနှံ့ ရွှံလူးထားသော သားကောင်ကြီးမှာ သူအား ပစ်ခတ်ရန် ပြင်နေချိန်မှာပင် ရွှံလူးအိုင်ထဲမှ မားခနဲ ခုန်ကာ အနီးရှိ သစ်ပင်ကြီး ခွဆုံပေါ် ခုန်တက်သွား၏။ သူကိုယ်မှ ရွှံစက်များက အောက်သို့ တစ်ပေါက်ပေါက်ကျနေသည်။

"ဟာ... သစ်ပင်ပေါ် ခုန်တက်သွားတဲ့ သားကောင်ကြီးကို မတွေ့တော့ဘူး။ ပြီးတော့ တောဝက်ဆိုရင် သစ်ပင်ပေါ် ခုန်မတက်နိုင်ဘူးဗျ"

"ဒါ...ဒါ...ငါတို့သားအဖကို တောခြောက်လှန့်တာပဲဟေ့။ မဖြစ်ဘူး သားရေ၊ အဖေတို့ ဒီနေရာက အထေကို အမြန်သွားကြရအောင်"

သားအဖနှစ်ယောက်မှာ ဝက်က ရွှံလူးကာ သစ်ပင်အမြင့်သို့ ခုန်တက် ပျောက်ကွယ်သွားသည်မှာ တစ်ခါမှ မကြုံဖူးခဲ့သဖြင့် ကြောက်လန့်ကာ ပြန်လာခဲ့ကြလေသည်။

♦♦♦

"ဟင်...ဒီသားအဖ ဘာကောင်မှလည်း ရမလာကြပါလားဟ"

"မပြောချင်တော့ပါဘူးဗျာ။ တော ဝက်ကြီး ရွှံလူးနေတာ တွေ့လို့ ပစ်မယ် လည်းလုပ်ရော သစ်ပင်ကြီးပေါ် ခုန် တက်သွားလို့ ကြောက်လန့်ပြီး ပြန်ပြေး လာခဲ့ကြတာဗျ"

"ဟာ...ဟုတ်လား။ တောဝက် ဆိုရင် အမြင့်ကို ခုန်မတက်နိုင်ပါဘူး။ မင်းတို့ တွေ့ခဲ့တာ တောဝက်မဟုတ် ဘူးကွ။ အဲဒါ လူးကောင်ကြီးပဲ။ မင်း လန့်ရော လန့်သွားခဲ့ကြသလား"

"လန့်တော့ မလန့်ကြပါဘူးဆ

"တော်သေးတယ်။ အဲဒီလို တက်တာ တွေ့ပြီး လန့်ခဲ့ရင် ဆေး မရဘူးကွ။ သေကြရတာ များတ လေ။ မင်းတို့တွေ့ခဲ့တာက တောဝ မှ မဟုတ်ဘဲ၊ ပရလောကသား ကောင်ကြီးပဲကွ"

ထိုဦးကြီး ရှင်းပြမှပင် ရွှံလူး ပြီး သစ်ပင်ပေါ် ခုန်တက်ခဲ့သော သတ္တဝါကြီးမှာ တောဝက်ကြီးမဟုတ် လူကို ထိတ်လန့်သေစေနိုင်သော ကောင်ကြီးဖြစ်မှန်း သိခဲ့ကြ နှစ်ယောက်သား ကျေနပ်ခဲ့ကြရ သည်။

* * *

ဇာန်ဆူး(၁၉၆၅)

ရှမ်းမလေးစာတန်း

အမှတ် (၉၀၂)၊ ရန်ပြေ (၄)လမ်းအနောက်၊ (၂/ခ)
ရပ်ကွက်၊ သာကေတမြို့။
၆၂-ကားစီး၍ ရန်ပြေမှတ်တိုင်ဆင်းပါ။
☎ ၀၉ - ၇၃၀၄၇၃၀၃

နေ့စဉ် - နံနက် (၇း၃၀) နာရီ မှ (၉း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

စနေ-တနင်္ဂနွေ - နံနက် (၈း၃၀) နာရီ မှ (၁၂း၀၀) နာရီ
ညနေ (၄း၃၀) နာရီ မှ (၈း၀၀) နာရီ

'က လေး ခေါ် မ လာ ရ ပါ ။'

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR ,007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄

ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ပိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီ တောင်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ ကွဲနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လို လက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင်ရှားတဲ့သူတွေ အပူအစပ် အဖန် ချုပ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများသူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်းတောင်လေးများသွားနေသလို ရွှစိရွှစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာတတ်တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကိုခြေခံပြီး သည်းခြေ၊ လေဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်တပ်ကစပြီး အိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီတံကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ ဆီးအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား** ကို နီးစပ်ရာ မြန်မာဆေးဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . **ကိန္နရီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆေးပြား** ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ဆီးအိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးလွှတ်မြန်ခြင်း ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် ကျွန်တော့်မိတ်ဆွေ **ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး** ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေ ခံစားပေးကုသ နေတာဆိုတော့ အဲဒီ **ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်** ကို သွားပြီး ဆရာနဲ့တိုင်ပင်ကြည့်ပါ. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. . **ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆေးဝင်ပုခုံးလည်း မှတ်ထားဦးဗျို့...ဆီးရောဂါမှန် သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည်...ကိန္နရီ..တဲ့ဗျ..."**

ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်
အမှတ် (၇၄၁)၊ ဗန္ဓုလဒိုလမ်း၊ (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-
www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဘီလူးကြီးအကြောင်း



တောင်ငူမြို့ ကံတော်ကြီးကြား ရွှေဆံတော်ဘုရားတောင်ဘက်မှ၊ မန်းရပ်ကွက်တွင် ရှိသည့် ဒေါ်မယ်အေး၏ နှစ်ထပ် ပျဉ်ထောင်အိမ်ကြီးသို့ ညနေဖနာရီအချိန်ခန့်တွင် ကျွန်တော်တို့ သားအဖသုံးယောက် ရောက်ရှိလာကြသည်။

ဆိုက်ကားပေါ်မှ ဆင်း၍ အိမ်ပေါ်သို့ ပြေးတက်လိုက်သည်နှင့် ဘုရားကျောင်းဆောင်ရှေ့၌ ခင်းထားသော ဖျာပေါ်တွင် လဲလျောင်းနေသည့် သားကို တွေ့လိုက်ရသည်နှင့် အမေက-

"သား···လူလေး မောင်ထွန်းကြည်၊ နေသာရဲ့လား"

ဟု မေး၏။

အမေ၏အသံများ သိသိသာသာ တုန်ယင်နေပြီး အက်ကွဲနေသည်။ စို့ထွက်လာသော မျက်ရည်များကိုလည်း တဘက်ဖြင့် သုတ်သည်။ အဖေနှင့် ကျွန်တော်ကမူ ဘာမျှမပြောနိုင်ကြသေး

www.burmeseclassic.com

www.burmeseclassic.com

ဘဲ အုံသြစွာဖြင့်သာ ငေးကြောင်ကြည့်နေကြသည်။ ကျွန်တော့်အစ်ကို မောင်ထွန်းကြည်ကား ဘာစကားမျှ ပြန်မပြောနိုင်ရာပေ။ တစ်စုံတစ်ခုသော ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရလေသည်။ ဘွားလေး ဒေါ်မယ်အေး က···

"တူမကြီး မယ်ခွေး၊ သိပ်ပြီးလည်း သောကမဖြစ်နဲ့ဦးကွယ်။ အဒေါ်ဆရာဝန်ခေါ်ခိုင်းထားပါတယ်။ တော်ကြာ ရောက်လာလိမ့်မယ်။ ဆရာဝန်အဖြေကို စောင့်ကြည့်ကြတာပေါ့"

တအောင့်အကြာတွင် ဆရာဝန် ရောက်လာသည်။ သွေးခုန်နှုန်းကို တိုင်းသည်။ ဆေးထိုးပေးသည်။ နောက် တအောင့်လေး စဉ်းစားလိုက်ပြီး ဘွားလေး ဒေါ်မယ်အေးကို ဆင်ဝင်အောက်သို့ ခေါ်သွားကာ တိုးတိုးပြောနေသည်ကို တွေ့ရသည်။ ဒေါ်မယ်အေးက ခပ်ဆတ်ဆတ် ခေါင်းညိတ်နေသည်ကိုလည်း တွေ့ရသည်။

ဒေါ်မယ်အေးသည် တူတစ်ယောက်ကို ခေါ်ပြီး တိုးတိုးပြောဆိုကာ လွှတ်လိုက်သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်တော်တို့ကို ဘာမျှ ပြန်မပြောသောကြောင့် ဘာမှ မသိရပေ။ ဆရာဝန်ပြန်သွားပြီးနောက် တအောင့်အကြာတွင်(ည ရှစ်နာရီခန့်) သူတူနှင့်အတူ တိုက်ပုံအင်္ကျီအညိုရောင်၊ ကွက်ထောက် ပုဆိုးဖြင့် လွယ်အိတ်ကြီးကို လွယ်ပြီး အိမ်ပေါ်သို့ လူကြီးတစ်ယောက် တက်လာသည်။ ဆရာဖြစ်ဟန်တူသည်။

ထိုအချိန်၌ အစ်ကို မောင်ထွန်းကြည်သည် မှန်တည်တည်အမူအရာဖြင့် ငုတ်တုတ်ထိုင်နေရာမှ ဆရာနှင့် မျက်နှာချင်းမဆိုင်မိ မတ်တတ်ရပ်ကာ ပြတင်းပေါက်ဆီသို့ ထွက်ပြေးသဖြင့် ယောက်ျားကြီး လေးယောက်တို့က အတင်းအကျပ် ဖက်ဆွဲထားလိုက်ကြရသည်။ အချိန်မီ ဖမ်းဆွဲထားနိုင်လိုက်၍ တော်သေးသည်။ သို့မဟုတ်ပါက ပြတင်းပေါက်မှ ခုန်ချလျှင် ကိုးပေခန့် မြင့်သောကြောင့် တွေးဝံ့စရာ မရှိပေ။

သတိလစ် မေ့မြောသည်အထိ နာနေသော လူနာဖြစ်ပါလျက် ယောက်ျားကြီး လေးယောက်တို့ ဖမ်းချုပ်ထားသည့်ကြားမှ ရုန်းထွက်နိုင်သော အားသည် နည်းနည်းနောနောမဟုတ်ပေ။ ယောက်ျားကြီးလေးယောက်တို့က အစ်ကို မောင်ထွန်းကြည်အား ဘုရားကျောင်းဆောင်ရှေ့သို့ ပြန်ဆွဲယူလာကြသည်။

ဆရာကြီးက ဘုရားရှိခိုးခိုင်းပြီး နောက် ဘုရားပွဲပြင်ပေးရန် ဘွားလေး ဒေါ်မယ်အေးအား ပြောသည်။ ဖယောင်းတိုင်ကိုးတိုင်ကို မီးထွန်းညှိပြီး အစ်ကို မောင်ထွန်းကြည်ကို ဆရာနှင့် မျက်နှာချင်းဆိုင် ထိုင်စေသည်။ ဤတွင်လည်း မထိုင်လို၍ အတော်လေးပင် ချုပ်တည်းပြီး ထိုင်ခိုင်းကြရသည်။ ဆရာကြီးက အစ်ကို မောင်ထွန်းကြည်၏ ဦးခေါင်းကို ကြိမ်လုံးဖြင့် ထိရုံ ထိပြီး···

"မောင်ထွန်းကြည်···မင်း ဘာဖြစ်တာလဲ။ ဆရာကြီးကို ပြောပြစမ်း"

ဟု မေးသည်။ အစ်ကို မောင်ထွန်းကြည်ကမူ မျက်ထောင့်နီကြီးဖြင့်···

"ငါ မောင်ထွန်းကြည်မဟုတ်ဘူးကွ။ ငါ့နာမည် ငကောင်း"

"ဩော်···ဩော်···ငကောင်းတဲ့လား။ ဒီတော့ ငကောင်းက ဘယ်မှာ နေသတုန်း"

"တစ်ဖက်ရွာက ပုဏ္ဏားတောင်ကုန်းမှာ နေတယ်"

"ပုဏ္ဏားတောင်ကုန်းမှာ နေတာလား။ နို့···ငကောင်းက ဘယ်အဆင့် ရှိပါသလဲ"

"နတ်ဘီလူး"

ဆရာကြီးသည် အသံချိုချိုပြောသည်။ ရုပ်ကြီးက ခန့်ပြီး ကြည်လည်း ကြည်သည်။ ဆရာကြီးက အသံချိုချိုဖြင့် တည်တည်ငြိမ်ငြိမ်ပြောနေသော်လည်း အနီးအနားတွင် ရှိကြသော လူ ၁၀ယောက်ကျော်သည် "နတ်ဘီလူး ငကောင်း"ဟူသော အစ်ကို မောင်ထွန်းကြည်၏ အသံကြားလိုက်ရ၍ မျက်လုံးပြူးပြဲကြက်သီးမွေးညှင်းထကာ ခေါင်းမျာပါ ထောင်သွားကြလေသည်။

"ငကောင်း···ဒီလူငယ်လေးဘာဖြစ်လို့ ဒီလိုလုပ်ထားတာလဲ။ ဆရာကို ပြောပြပါလား"

"ဒီကောင်(အစ်ကို မောင်ထွန်းကြည်)က ငါနေတဲ့ ပြာသာဒ်ကို ဆင်ဖျက်ဆီးလိုက်လို့ပေါ့။ အဲဒီ ပြာသာဒ်က ငါတစ်ယောက်တည်းမဟုတ်ဘူး။ နေသားလေးတစ်ယောက်တို့ပါ အတူနေထိုင်ကြတယ်။ အခုတော့ ဒီကောင်ဆင်နဲ့ ဖျက်ဆီးလိုက်လို့ ငါတို့မိသားစု နေစရာမရှိတော့ဘူး။ အားလုံး ဒုက္ခရောက်ကုန်ကြပြီ။ ဒါကြောင့် ငါ စိတ်ဆိုးလို့ လုပ်လိုက်တာ"

"ဦးငကောင်းရယ်···စိတ်ဆိုးပဲ ဒီလိုလုပ်ရသလား။ လူတစ်ယောကို ဒုက္ခရောက်အောင် လုပ်ရင် ကြီးတယ်ဆိုတာကို ဦးငကောင်း မသိဘူးလား။ ဒီတော့ ဆရာက နေရပြန်လုပ်ပေးမယ်။ ဒီသူငယ်လေးကျန်းမာလာအောင် ပြန်လုပ်ပေးမယ်"

"ငါလုပ်တုန်းက ဒီအထိ မရှုပ်ဘူး။ အခုတော့ နယ်ကျေးသယ်လာကြလို့ ငါပြန်ဖို့ ခက်ခဲကြက်ရိုးပင် ဘိုးဘိုးကြီးကလည်း အပြန် လက်ခံမှာ မဟုတ်တော့ဘူး

www.burmeseclassic.com

www.burmeseclassic.com

ငါအရမ်းဗိုက်ဆာနေပြီ။ ဒါကြောင့် လူနာရဲ့ အတွင်းကလီစာတစ်ခုနှစ်ခုကို ဆောင် စားပြီးနေပြီဖြစ်လို့ ပြန်ကောင်းအောင် လုပ်မပေးနိုင်တော့ဘူး"

"ဒုက္ခပဲ၊ ဒီလိုဆိုရင် ဆက်မစားနဲ့တော့၊ အခြား ဘာစားချင်တုန်း ဆရာကျွေးမယ်"

အစ်ကို ထွန်းကြည်က လက်သုံးချောင်းထောင်ပြသည်။ အမဲသားဟုလည်း ပြောသည်။ အမဲသား သုံးထိသာ ဖြစ်ပေလိမ့်မည်။

"အမဲသားတော့ မလုပ်ပါနဲ့။ ဆရာလည်း မစားဘူး။ ဘယ်သူကိုမှလည်း အမဲသား မကျွေးဘူး။ ကျန်တာ ဝဲ ပြောပါ"

ဟု ဆိုလိုက်ရာ သူ ဘာမျှပြန်မပြောတော့ပေ။ ငူငူငိုင်ငိုင် မျက်ထောင့်နှိုက်ဖြင့်သာ ထိုင်နေလေသည်။

ဆရာကြီးလည်း တတ်နိုင်သမျှ ကို ကြိုးစားပြီး လုပ်ကိုင်လေသည်။ အေးဆေးတည်ငြိမ်စွာဖြင့် ကျောက်ဘီလူးကြီး ဦးငကောင်းအား စကားဆိုခြင်း၊ အမိန့်ပေးခြင်း၊ ဂါထာရွတ်ခြင်း စသည်များကို တအောင့်ကြာအောင် ပြုလုပ်သော်လည်း ကျောက်ဘီလူးကြီး ကူးပ်နေသော အစ်ကို မောင်ထွန်းကြည်သည် လုံးဝစကားမပြောတော့ချေ။

ထို့နောက် ဆရာကြီးသည် သုံးပတ် ၃လက်မ၊ အရှည် ၂လက်မခန့်ရှိသော ရေကျည်တောက်နှစ်ခုကို ရွေးထည့်၍ မန်းမှတ်သည်။ ဖယောင်းတိုင်အထုပ်ကြီး နှစ်ထုပ်ကိုလည်း မန်းမှတ်၍ ရေကျည်တောက်နှစ်လုံးကို ဘုရားကျောင်းဆောင်အောက်တွင် ဆောင်ထားပြီး ဖယောင်းတိုင်များကို ဆောက်မပြတ် ထွန်းညှိရန် မှာကြားကာ ဘွားလေး ဒေါ်မယ်အေးအား...

"ဒေါ်မယ်အေး... ခင်ဗျားတူမြေးလေးရဲ့ အသက်က ဒီရေကျွည်တောက်နှစ်လုံးမှာ မူတည်နေပြီ။ မနက်ဖြန် ၆နာရီထိုးတာနဲ့ ကျွည်တောက်ထဲက ရေတွေကို သွန်ကြည့်ပါ။ နှစ်တူးလုံးပကတိ အပြာရောင်ရှိနေရင် ကျွန်တော့်ကို လာခေါ်ပါ။ တစ်ဘူးဘူး အရောင်ပြောင်းသွားပြီဆိုရင် ကျွန်တော့်ဆီ မလာပါနဲ့တော့။ ဒီကလေးရဲ့ သက်တမ်းဒီလောက်နဲ့ ရပ်သွားပြီလို့ ပြောရမယ်"

ဟု တိုးတိုးပြောကာ သူ၏ ဆေးပစ္စည်းများကို သိမ်းလေသည်။ ဘွားလေး ဒေါ်မယ်အေး၏ တူက ဆိုက်ကားဖြင့် လိုက်ပို့ပေးလိုက်သည်။ ထိုအချိန်ကညဉ ၁၀နာရီထိုးနေပြီ။ ကျွန်တော်က အသက်ငယ်သေး၍ ဆရာ၏ နာမည်ကို မသိလိုက်မိပေ။

♦♦♦

ဘွားလေး ဒေါ်မယ်အေးက ဆင်လေးကောင် ပိုင်သည်။ တောင်ငူမြို့ မန်း (၁၀)ရပ်ကွက်တွင် နေသည်။ သားဖြစ်သူ ကိုတင်မောင်(၂၇နှစ်)က ဆင်လေးကောင်နှင့် သစ်ထုတ်လုပ်ရေးကို ဦးစီးပြီး ဆင်စခန်းမှာ အမြဲနေရသည်။

ဆင်လေးကောင်မှာ အောင်ဘွား အမည်ရှိ စွယ်စုံ ဆင်ပေါက်ကြီးက အသက် ၄၅နှစ်၊ ကရင်မကြီးအမည်ရှိ ဆင်မကြီးအသက်က ၅၀နှစ်၊ သန်းစိန်အမည်ရှိ ဆင်မလတ်က အသက် ၄၀နှစ်၊ မလေးအမည်ရှိ ဆင်မငယ်က အသက် ၁၆နှစ်တို့ ဖြစ်သည်။

ဆင်လုပ်သားများမှာ ဆင်အောင်ဘွား၏ ဦးစီး ဖိုစိန်၊ ပဲချိတ်မှာ ငကောက်၊ ငရွေ။

ဆင် ကရင်မကြီး၏ ဦးစီး မောင်ထွန်းကြည်၊ ပဲချိတ် ငသာအေး။

ဆင် သန်းစိန်၏ ဦးစီး ဖိုးအေး၊ ပဲချိတ် ငလှ။

ဆင် မလေး၏ ဦးစီး ငပု၊ ပဲချိတ်မှာ မလိုအပ်သေး၍ မထားသေးပေ။

ထမင်းချက် ငတော၊ သစ်စာရေးမောင်စောဟူ၍ ဆင်လုပ်သား (၁၁) ယောက်ရှိသည်။ အလွန်ပျော်စရာကောင်းသော ဆင်လုပ်ဆား၊ တောလှပ်သားများဖြစ်ကြသည်။ အလုပ်သမားအားလုံးကို နှစ်ချုပ်တုံးပြီး ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေးမှစ၍ တာဝန်ယူရသည်။

ကိုတင်မောင်တို့မှာ မွေးချင်းသုံးယောက်ရှိကြသည်။ ကိုတင်မောင် မမွေးဉ၊ မနီမ ဟူ၍ဖြစ်သည်။ ကိုတင်မောင်က အရွယ်ရောက်ပြီဖြစ်၍ မိဘတို့၏ အထူးအားကိုးရသော သားကြီးဖြစ်သည်။ ကိုတင်မောင်၏ မိဘများဖြစ်သော ဦးချစ်၊ ဒေါ်မယ်အေးတို့မှာ မိရိုးဖလာ ဆင်ပိုင်ရှင်များဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်းလုပ်ငန်းများနှင့်ပင် အဲသက်မွေးကြသည်။

ကျွန်တော့်အဖေ ဦးစီက ဦးချစ်၏ ညီအစ်ရင်းဖြစ်ပြီး ကျွန်တော့်အမေ ဒေါ်မယ်ခွေးက ဒေါ်မယ်အေး၏ တူမအရင်းဖြစ်သည်။ အဖေညီအစ်ကို၊ အမေ တူဝရီးတို့မှ မွေးသော ကျွန်တော် တို့ညီအစ်ကိုကို နှစ်ဖက်တော်ဖြစ်၍ ပိုပြီးချစ်ကြသည်။ ထို့ကြောင့် အစ်ကို မောင်ထွန်းကြည် လေးတန်းအောင်ပြီး နောက် ကျောင်းဆက်မတက်တော့ဘဲ ဘကြီး+ဘွားလေးတို့၏ ဆင်လုပ်ငန်း သစ်လုပ်ငန်းသို့ လိုက်သွားလေသည်။

အစ်ကို တင်မောင်က ညီဖြစ်သူ ကိုထွန်းကြည်ကို အသက်ပင် ငယ်သော်လည်း အနာဂတ်အတွက် မျှော်လင့်ပြီး ဆင်နှင့် သစ်လုပ်ငန်းများကို သင်ကြားပေးသည်။ ကျွန်တော့်ကိုမူ ဘကြီးနှင့် ဘွားလေးတို့က သူတို့သမီးများနှင့်အတူ အတန်းပညာကို ဆက်သင်ခိုင်းသည်။ ကိုထွန်းကြည်ကိုမူ ဆင်စခန်းသို့ ရောက်သည်နှင့် အသက်အကြီးဆုံး သဘောလည်း ကောင်းသည့် ကရင်မကြီးအမည်ရှိ ဆင်မကြီးကို စီးခိုင်းသည်။ ကိုတင်မောင်နှင့် အခြားဆင်ဦးစီးများက ဆင်ဦးစီးအတတ်ပညာနှင့် ပတ်သက်ပြီး လိုသလို ပြောဆိုသင်ကြားပေးသည်။

♦♦♦

ကိုထွန်းကြည် ဆင်ဦးစီးသက်ရင့်၍ ဆင်ကို ပိုင်ပိုင်နိုင်နိုင် စီးနိုင်၊ ခိုင်းနိုင်သောတစ်နေ့တွင် ကိုတင်မောင်က ဆင်ဦးစီးအားလုံးကို ဆင်များနှင့် တွဖက်ပြီး လုပ်ငန်းအသီးသီးကို ခိုင်းစေသည်။

တစ်နေ့...

"ညီလေးရေ...မနက်ဖြန်မနက် ကျွဲရှင် မင်း ကရင်မကြီးနဲ့ ပုဏ္ဏားကုန်းတောင်က သစ်ပင်ကြီးခွမှာ တင်နေတဲ့ အပင်ကြီးတစ်ပင်ကို ဆွဲချပေးလိုက်ပါကွာ"

ဆင်စခန်းနှင့် သိပ်ပြီး မဝေးသော ပုဏ္ဏားတောင်ကုန်းတွင် သစ်ခုတ်သမားများ ခုတ်လဲခဲ့ရာတွင် ထိုထက်ကြီးသော သစ်ပင်ကြီးခွတွင် တင်နေသည့် သစ်ပင်ကြီးကို ဆင်နှင့် ဆွဲချပေးရန် ခိုင်းခြင်းဖြစ်သည်။ ထို့ကြောင့် ကိုထွန်းကြည်သည် နံနက်စောစောပင် ဆင်မကရင်မကြီးကို သွားကောက်ပြီး ကကြီးတန်ဆာဆင်၍ မနက် ၇နာရီတွင် ပဲ့ချိုတ် သောအေးနှင့်အတူ ထွက်လာခဲ့ကြသည်။

ပုဏ္ဏားကုန်းတောင်သို့ ရောက်လျှင် ဆွဲရမည့် သစ်ပင်ကြီး၏ အခြေအနေကို ကြည့်သည်။ ဆွဲရမည့် သစ်ပင်က ကြီးသလို၊ တင်နေသော ခွကြီးကလည်း ကြီးသဖြင့် ခက်ခက်ခဲခဲ အားစိုက်ပြီး ဆွဲရမည်သဘောရှိသည်။ ထို့နောက် ဆွဲရမည့် သစ်ပင်ကြီးတွင် ဖောက်ထားသော နဖားပေါက်ထဲသို့ သံကြိုးကို ထည့်ချိတ်ကာ အသင့်အနေအထားဖြစ်သည်နှင့် ပဲ့ချိုတ် သောအေးက ကိုထွန်းကြည်ကို လှမ်းပြောသည်။

"ထွန်းကြည်ရေ...အသင့်ဖြစ်ပြီပေး၊ ကရင်မကြီးကို မောင်းတော့ကွာ"

ကိုထွန်းကြည်သည် ပဲ့ချိုတ် သာအေးအား အော်ပြောလိုက်သည်နှင့် သာအေးသည် ကရင်မကြီး၏ နားရွက်ကို ခြေထောက်နှင့် ကန်၍ အချက်ပေးပြီး ဆွဲခိုင်းလေသည်။ သစ်ပင်ကြီးက အဖျားပိုင်း ကန့်လန့်ညပ်နေ၍ တော်ရုံဖြင့် ဆွဲမရပေ။ ထို့ကြောင့် ကရင်မကြီး၏ နားရွက်ကို နာနာကန်ပြီး အော်ငေါက်လျက် တအားဆွဲခိုင်းရလေသည်။

ကရင်မကြီးလည်း ဒေါသထွက်ထွက်ဖြင့် အားကုန်သုံး၍ ဆောင့်ဆွဲလိုက်သောကြောင့် ညပ်လျက်ရှိသော ခွဆုံကြီး ပဲ့ထွက်သွားပြီး တင်နေသော လုံးပတ် ၈ပေ၊ အချင်းပေ ၄၀ခန့်ရှိသည့် သစ်ပင်ကြီးသည် ကျယ်လောင်စွာ ဆူညံလျက် အောက်သို့ ပြုတ်ကျသွားလေသည်။ ဤတွင် ကိုထွန်းကြည်လည်း ကြက်သီးမွေးညင်းများ ထောင်ထသွားသည်။ အော်ဟစ်သံများကို လည်း နားနှင့်မဆုံအောင် ကြောက်ခမန်းလိလိ ကြားလိုက်ရလေသည်။

"အမလေး...ငါ့အဆောက်အအုံကြီး ကျိုးပဲ့ထွက်သွားပါပြီ"

"အဖေရေ...လုပ်ပါဦးဗျာ ကျွန်တော်တို့ အဆောက်အအုံကြီး ပျက်စီးသွားပါပြီ"

"ဖေကြီးရေ...လုပ်ပါဦး၊ ကျွန်တို့တော် နေထိုင်စရာ မရှိတော့ပါဘူးတော်"

ကိုထွန်းကြည်သည် ထိုထိုအသံနက်ကြီးများကို အဆက်မပြတ် ကြားလိုက်ရသည်။ ထို့နောက် ခေါင်းမှစ၍ ခြေဖျားအဆုံး ကြက်သီးမွေးညင်းများ လည်း ထောင်ထသွားသည်။ တစ်ဆက်တည်းပင် မျက်စိထဲမှာ နှစ်ချက်သုံးချက် အကွင်းလိုက် မီးတောက်သွားပြီး ချမ်းစိမ့်လျက် တုန်ယင်လာလေသည်။ သည်အကြောင်းကို ပဲ့ချိုတ် သောအေးအားလည်း ပြောပြလိုက်သည်။

"ကိုသာအေး...ကျွန်တော်ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ တုန်ပြီး တစ်ကိုယ်လုံး အေးစက်လာတယ်။ ဒီကြောင့် စခန်းကို ပြန်မှဖြစ်မယ်ဗျာ"

ပဲ့ချိုတ် သောအေးသည် သစ်ကြီး ပြုတ်ထွက်ပါလာသည့် သဘောတကျ ကြည့်နေရာမှ ကိုထွန်းကြည်အား ကွက်ခနဲ သိပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ရူးစမ်းသလို ကြည့်လိုက်ပြီး ဗျားတာမျှားလားဟု မေးသည်။

"ဗျားတာလည်း မဟုတ်ဘူးဗျ။ ဘာဖြစ်သွားမှန်းကို မသိဘူး။ တစ်ကိုယ်လုံး အေးစက်ပြီး တုန်တက်လာတယ်။ နားတွေ ထူပြီး မျက်လုံးတွေ ကျဉ်နေသလိုလည်း ဖြစ်တယ်"

"ဒီလိုဆိုရင် ခပ်သုတ်သုတ်ပြန်မှ ဖြစ်မယ်။ အလုပ်လည်း ပြီးပြီပဲ"

ဆင်ကို မောင်းပြီး ခပ်သုတ်သုတ် ပြန်လာကြသည်။ စခန်းကို ရောက်လျှင် ကရင်မကြီး၏ ကျောပေါ်မှ ကကြီးတန်ဆာ(အုံးတုံး)များကို ဖြုတ်ချကြသည်။ ကိုတင်မောင်ကိုလည်း ကိုထွန်းကြည် နေမကောင်း၍ ပြန်လာရသည့် အကြောင်း ပြောသည်။ ကိုတင်မောင်လည်း ချက်ချင်းပင် ကိုထွန်းကြည်၏ နှုးကို လာစမ်းကြည့်သည်။ ခြစ်ခြစ်တောက် ပူနေသည်ကို သိသွားလေသည်။

"မင်း ဖျားနေပြီကွ။ တဲပေါ်တက် စောင်ခြုံပြီး အိပ်နေလိုက်။ သောအေးက ကရင်မကြီးကို တောထဲ သွားသွတ်လိုက်"

"ဟုတ်ကဲ့ ကိုတင်မောင်"

ပဲ့ခ်ျိတ် သောအေးသည် ကရင်မကြီးကို မောင်းပြီး တောထဲသို့ သွားသွတ်လိုက်သည်။ ဆင်ဦးစီးဖြစ်သော ကိုထွန်းကြည် နေထိုင်မကောင်းဖြစ်နေသဖြင့် ကရင်မကြီးလည်း နားခွင့်ရသွားတော့သည်။ ပဲ့ခ်ျိတ် သောအေးလည်း ထိုနည်းလည်းကောင်းဖြစ်သည်။

တအောင့်အကြာတွင် ကိုထွန်းကြည်သည် ယောက်ယက်ခတ်ပြီး ကယောင်ကတမ်းဖြင့် အသံမှိန်စုံ အော်လာလေသည်။ မနက် ၁၀နာရီထိုးနေပြီး ကိုတင်မောင်လည်း ဘာမှမလုပ်သေးတော်။ ဆေးဝါးလည်း မရှိ။ ထို့ကြောင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိဖြစ်နေရသည်။

"ကဲ - သောအေး မင်း [illegible]ကွေ့ရွာကို သွားပြီး လူကြီးတွေကို ခေါ်ကွာ"

တောဆေးမြီးတို ဆရာများကို ခေါ်ကြည့်သော်လည်း ကိုထွန်းကြည်၏ ရောဂါသည် သက်သာ၍ မလာ။ ညသို့ ရောက်သောအခါ ရောဂါမှာ ပို၍သာ ဆိုးလာလေသည်။ ခဏခဏလည်း သတိလစ်လာသည်။ ထို့နောက် သတိလစ်နေသည်က ပို၍များလာသည်။ ထို့ကြောင့် ကိုတင်မောင်မှာ စိတ်ပူလွန်း၍ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လာရသည်။

"သောအေး...တို့ခုတ်ထားတဲ့ ကြက်သောင်းဝါးတွေ ဘယ်လောက်ရှိမလဲကွ"

"အလုံးတစ်ရာလောက်တော့ ရှိပါတယ် ကိုတင်မောင်"

"အေး မနက်လင်းတာနဲ့ ဝါးဖောင်သွားဖွဲ့ကွာ။ ထွန်းကြည်ရောဂါက မသက်သာဘူး။ တောင်ငူပြီး ဆရာဝန်နဲ့ ပြမှဖြစ်မယ်"

"ဟုတ်ကဲ့ပါ ကိုတင်မောင်"

သောအေးသည်ကား အလွန်သွက်သည်။ သန်မာဖျတ်လတ်သည်။ အရက်တက်သည်နှင့် ဝါးဖောင်သွားဖွဲ့ပြီး ကိုတင်မောင်အား သူဝါးဖောင်ဖွဲ့ပြီးပြီဖြစ်ကြောင်းကို ပြောပြသည်။

ကိုတင်မောင်မှာလည်း ညီဖြစ်သူ ကိုထွန်းကြည် လတ်တလော ရောဂါဆိုးကြီးအား လူးလိမ့်ခံစားနေရသည်ကို မြင်သောကြောင့် တစ်ညလုံး အိပ်မသည်ဟူ၍ပင် မရှိဘဲ သောကရောက်လျက် သည်အတိုင်းပင် ငုတ်တုတ် မိုးလင်းခဲ့သည်။ ကိုထွန်းကြည် သတိရလာ၍ မေးကြည့်လျှင်လည်း "ဗိုက်ထဲက အောင့်တယ်၊ နာတယ်"ဟု ပြောသည်။ "မျက်နှာမည်းကြီးက လည်ပင်းကို လာညှစ်နေတယ်"ဟုလည်း အလန့်တကြား ထအော်သည်မှာလည်း ခဏခဏဖြစ်သည်။ ထို့နောက် သတိလစ်သွားပြန်သည်။ ထို့ကြောင့် ဆင်သမားများနှင့် လာကြည့်နေကြသော ကွေ့ရွာသားများမှာ အလွန်အမင်း စိတ်မချမ်းမသာဖြစ်နေကြရသည်။

မိုးစင်စင်လင်းသည်နှင့် စောင်ပုခက်လုပ် သယ်ပြီး ကိုထွန်းကြည်ကို ဝါးဖောင်ပေါ် တင်ကာ ခပေါင်းချောင်းအတိုင်း စုန်၍ ဆင်းကြလေသည်။ ကိုတင်မောင်က အရေးကြီး၍ စခန်းမှာ ကျန်နေခဲ့ပြီး သစ်စာရေး မောင်စော၊ ဖိုအေး၊ ငပုနှင့် ရွာလူကြီး ဦးပေါတို့သာ လိုက်ပါလာကြသည်။

မနက် ၁၀နာရီအချိန်တွင် ကြက်ရိုးပင်ရွာဆိပ်ကို ဖြတ်ကြရသည်။ ဤတွင် ငြိမ်သက်စွာဖြင့် အိပ်ပျော်၍ လိုက်ပါလာသော ကိုထွန်းကြည် ဖောက်လာသည်။ ပါးစပ်က မပီမသ ပူးဝါးအော်ပြီး ဝါးဖောင်ပေါ်မှ ခုန်ချရန် ရုန်းကန်သဖြင့် ယောကျ်ားကြီး လေးယောက်တို့က တအားဖမ်းချုပ်ပြီး ဖိထားကြရသည်။

ထို့နောက် တအားရုန်းကန်လာသောကြောင့် ဖိထားရုံဖြင့် မရနိုင်၍ မတတ်သာသည့်အဆုံး ဝါးဖောင်ဖြင့် ပူးကပ်ကာ ကြိုးဖြင့် တုပ်ကြရသည် အထိ ဖြစ်ရလေသည်။ အဖြစ်က ဆိုးလှသောကြောင့် ကိုထွန်းကြည်အား ကြည့်ကာ လိုက်ပါလာကြသော လူအားလုံးပင် စိတ်မကောင်းကြီးစွာ ဖြစ်ကြရလေသည်။

ဤအတိုင်းသာ ဆိုလျှင် မောင်ထွန်းကြည်ကလေး အသက်ရှင်နိုင်ပါတော့မလားဟုလည်း အားလေးစွာ

www.burmeseclassic.com

www.burmeseclassic.com

စွာဖြင့် တွေးမိကြသည်။ မောင်ထွန်းကြည် ရုံးကန်နေခြင်းမှာ သာမန်လူတစ်ယောက်၏ အားအင်နှင့် မမျှလောက်အောင် ရှိနေပြီး ထ,ထအော်သော အသံကြီးမှာလည်း လူသံနှင့် မတူဘဲ ဘီလူးသဘက်ကြီးတစ်ကောင်၏ အသံကဲ့သို့ အလွန်ကြောက်မက်ဖွယ်ကောင်းနေလေသည်။ ထို့ကြောင့် သက်မကို အကြိမ်ကြိမ်ချလျက် မောင်ထွန်းကြည်၏ မျက်နှာကို စိုက်ကြည့်နေကြလေသည်။

♦♦♦

မနက် ၆နာရီထိုးနေပြီ။ မောင်ထွန်းကြည်ကား နိုးရှိမလာပေ။ နိုးရှိလည်း မရဘဲ၊ စောင့်နေကြသော လူများလည်း မောင်ထွန်းကြည်၏ မျက်နှာကို ငေးကြည့်ရင်းဖြင့် တစ်မှေးမျှ မမှေးရဘဲ မိုးစင်စင်လင်းခဲ့ကြသည်။ ဆရာမှာခဲ့သော ဖယောင်းတိုင်မီးကိုလည်း မငြိမ်းရအောင် ညလုံးပေါက် ထွန်းညှိထားကြသည်။

မောင်ထွန်းကြည်ကား တစ်ညလုံး ငြိမ်လျက်သာ ရှိသည်။ လူပ်ရှားခြင်းဟူ၍လည်း အလျှင်းမရှိပေ။ မျက်စိလည်း မမှိတ်၊ မျက်တောင်လည်း မခတ်၊ ပကတိအားဖြင့် ငြိမ်၍သာ နေသည်။ ထို့ကြောင့် စောင့်ကြည့်နေကြသောလူများမှာ များစွာ စိတ်မကောင်းဖြစ်လျက် နောက်ဆုံးတွင် ဆရာမှာထားခဲ့သော ရေကျည်တောက်နှစ်လုံးကို သွန်၍ ကြည့်ကြရလေသည်။

တစ်လုံးက သွေးကဲ့သို့ ရဲရဲနီနေပြီး နောက်တစ်လုံးက အဝါနရောင် သမ်းနေသည်။ ထို့ကြောင့် မိဘဆွေမျိုးအားလုံး သက်မကို အကြိမ်ကြိမ်ချလိုက်မိကြသည်။ ဆရာမှာထားခဲ့သည့်အတိုင်း မောင်ထွန်းကြည်၏ အသက်သည် ဤတွင် ရပ်လေပြီဟုလည်း နားလည်လိုက်ကြသည်။ ရေတွက်ကြည့်ကြရာ မောင်ထွန်းကြည်၏ အသက်သည် တစ်ဆယ်ခြောက်နှစ်နှင့် တစ်ဆယ့်ခြောက်ရက်တိတိဖြစ်သည်။

အသက်ရှူကား မရပ်သေးပေ။ ပြန်ကောင်းလာရန် အခြေအနေလည်း လုံးဝ မမြင်တော့။ သေရတော့မည်ဟု တိတိကျကျသိနေသောလူတစ်ယောက်၏ အသက်ရှူနေခြင်းကို ကြည့်လျက် ခံစားရသည်မှာ ဆိုးလွန်းလှသည်။ ရင်တစ်ခုလုံး လောင်ကျွမ်းသွားပြီလားဟု ထင်ရသည်။ ဝမ်းနည်းခြင်း၊ ကြောက်ခြင်းတို့သည် ရင်ကို တုတ်ဖြင့် ဆွဘိသို့ ရှိသည်။

တအောင့်အကြာတွင် ဘွားလေးဒေါ်မယ်အေးတို့ ပင့်ထားသော ထိုင်ဆွမ်းကိုယ်တော် ကြွလာသည်။ ထိုင်ဆွမ်းကိုယ်တော်က မေတ္တာသုတ်ကို ရွတ်ပေးသည်။ မေတ္တာသုတ်၏ အဆုံးတွင် မောင်ထွန်းကြည်၏ ကိုယ်မှ

ဝိညာဉ်ခွာ၍ ကမ္ဘဏ္ဍပ် ချုပ်ငြိမ်းသွားလေသည်။ မောင်ထွန်းကြည်၏ ခံစားရသော ဝေဒနာဖြစ်ပျက်ပုံ ရောဂါအလုံးစုံတို့မှာ အံ့ဖွယ်ရှိစွသည်။ ဆရာဝန်လည်း အဖြေမရှာနိုင်ပေ။ ပယောဂဆရာလည်း မတတ်ကောင်း၊ မိဘဆွေမျိုးများလည်း မကယ်နိုင်သည့်အဆုံး မောင်ထွန်းကြည်၏ဘဝ ဤတွင် နိဂုံးသတ်သွားလေသည်။

ဆွေမျိုးများကို စုံအောင် အကြောင်းကြားပြီး အသုဘကို ငိုးရက်ထားရန်အတွက် ဗိုက်ခွဲကြရသည်။ ကလီစာများက ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲနေသည်။ အသည်းကို တစ်စတလေမျှသာ တွေ့ရသည်။ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် စွန့်ပစ်ရတော့မည့်အရေးကို မိဘဆွေမျိုးများအပြင် ဘေးလူများပင် နမြောတသ ဝမ်းနည်းကြေကွဲမဆုံးဖြစ်ကြရသည်။

ငိုးရက်မြောက်နေ့တွင် အလောင်းကို မြေချ သင်္ဂြိုဟ်ရန်အတွက် ဆင်လေးကောင်လုံးကို ခေါ်ယူပြီး ခေါင်းဆောင်ဆင်ဖြစ်သည့် အောင်ဘွားကြီးကို ရှေ့ဆုံးက ထားသည်။ ထို့နောက် ကရင်မကြီး၊ မသန်းစိန်၊ မလေးဟူလေးကောင်းလုံးကို ဇက်ခတ်ပြီး အလောင်းတင်ယာဉ်ကို ဆွဲစေလျက် စည်ကားသိုက်မြိုက်စွာဖြင့် သုသာန်သို့ လိုက်ပို့ပြီး သင်္ဂြိုဟ်ကြသည်။

ခုနစ်ရက်ပြည့်၍ ရက်လည်ဆွမ်းကပ်သောနေ့တွင် ဆရာဝန်ရော၊ ပယောဂ ဆရာတို့ပါ အလှူခံမြင့်ရန် ရောက်လာကြသည်။ ပင့်သံ်ယာတော်ငါးပါးနှင့် ဖိတ်ကြားထားသော ဧည့်သည်များ စုံလင်နေသည့်အခြိန်မှာပင် ဒေါ်မယ်အေး၏ သမီးကြီး အသက်သုံးဆယ်အရွယ် မမေးဥကို ဝင်၍ ပူးကပ်လေသည်။ ပယောဂ ဆရာကြီးအား ရှိခိုးပြီး…

www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး . . . ကျွန်တော် အကောင်းပါ။ ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်သားလေးတို့ ရှိတဲ့ ပုဏ္ဏား ကန်တောင်ကို သွားလို့ရအောင် လုပ်ပေး ပါ။ ကျွန်တော် မှားယွင်းစွာဖြင့် ပြုလုပ်ခဲ့မိတာတွေအားလုံးကို ဆရာ့ အား တောင်းပန်ပါတယ်။ ကျွန်တော့် ဆရာ ပုဏ္ဏားကုန်းတောင်ကို ပြန်တော့ ကြက်ရိုးပင်ဘိုးဘိုးကြီးက လက်မခံဘူး။ ကြမ်းနဲ့ ရိုက်လွှတ်လို့ ဒီကိုပဲ ပြန်ပြေး သွားခဲ့ရပါတယ်။ ဗိုက်လည်း အရမ်းဆာ နေပြီ။ ဘာမှလည်း မစားရဘူး။ ဒီကို ရောက်နေတာလည်း ဆယ်ရက်တောင် ကြာနေပြီဆိုတော့ ကျွန်တော်ကို သနားပါ ဆရာကြီးရယ်။ ကျွန်တော်ပြန်လို့ ရ အောင် ကြက်ရိုးပင် ဘိုးဘိုးကြီးကို ဆောင်းပန်ပေးပါဦး။ ရိုကြိုးခိုးပါတယ် ဆရာကြီးရယ်"

ဟု ဗလုံးဗထွေးဖြင့် အော်ပြော သော ပယောဂ ဆရာကြီးကို ပေါက်ဆိန် ပေါက်သလိုမျိုး ရိုင်းဦးချနေလေသည်။

"အေး၊ ငါကြည့်လိုက်ပါဦးမယ်"

ကျောက်ဘီလူးကြီး ငကောင်း အကြောက်နေရပြီဟု သိလိုက်ရ၏။ ကျွန်တော်တို့မိသားစုဝင်အားလုံးက ဝိုင်းသော၍ ကျေနပ်၍မဆုံးဖြစ်နေကြ သည်။ အစ်ကို ထွန်းကြည်ကို သတ် သွားသည့်အတွက် ကျောက်ဘီလူးကြီး ငကောင်းအား ဖြစ်နိုင်လျှင် လက်စား ချေသည့်အနေဖြင့် စာဖြင့် နတ်နတ်စဉ်း သတ်ပစ်ချင်နေကြသည်။ သို့သော် ပယောဂ ဆရာကြီးကမူ သူ့အလုပ် သူလုပ်သည့်အနေဖြင့် သံယာတော်များ နှင့် ဘုရားဘက်ကို မျက်နှာမူကာ ဆုတ်လုံးကို စုံမိတ်ပြီး တိုးတိုးရွတ်ဆို နေလေသည်။ တအောင့်ကြာအောင် ဘိုးဘိုးရွတ်ပွားပြောဆိုလိုက်ပြီးနောက် ကျောက်ဘီလူးကြီး ငကောင်းအား ပြန်လည်၍ ပြောပြသည်။

"ကြက်ရိုးပင် ဘိုးဘိုးကြီးက ပြောတယ်။ ဒီကောင် မိုက်ရိုင်းလွန်းလို့ ငါ လက်မခံချင်တော့ဘူး။ ငါ့နယ်မြေ နဲ့လည်း မတန်ဘူး။ ဒါပေမယ့် သူ့မိန်းမ နဲ့ သူသားငယ်တို့လည်း ငါ့ဆီ ရောက် လာပြီး တောင်းပန်နေကြတယ်။ အခု ဆရာကလည်း တောင်းပန်တယ်ဆို တော့ ငါလည်း မနေသာတော့ပါဘူး။ ဒါပေမယ့် ဒီအတိုင်း ငါ လက်မခံချင် သေးဘူး။ နောက်နောင် အခုလို ရိုင်း ရိုင်းစိုင်းစိုင်းမလုပ်တော့ပါဘူး သူတစ်ပါး အသက်ဆုံးရှုံးသည်အထိလည်း ဘယ် တော့မှ မပြုလုပ်တော့ပါဘူးလို့ ကတိ ခံ၊ သစ္စာရေတိုက်ပြီးမှ ပြန်လွှတ်လိုက် ပါတဲ့"

"ဝမ်းသာလိုက်တာ ဆရာကြီး ရယ်။ အခုပဲ သစ္စာရေတိုက်ပါတော့၊ ကျွန်တော်ပြန်ချင်လှပါပြီ။ ဆရာ့ကျေးဇူး ကိုလည်း ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး"

ဆရာကြီး တိုင်ပေးသည့်အတိုင်း ငကောင်းလိုက်ဆိုပြီး သစ္စာရေသောက် သည်။ ထို့နောက် ဆရာကြီးအား ခွင့် တောင်းသည်။

"ဆရာကြီး . . . ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"အေး၊ ပြန်ရမှာပေါ့။ ဒါပေမယ့် အခု မောင်ထွန်းကြည်အတွက် ရက် လည်ဆွမ်းသွတ်နေတယ်လေ။ ကောင်း လည်း ဘုန်းကြီး တရားနာ၊ ရေစက်ချ လို့ သာခဲ့ခေါ်ပြီးမှ ပြန်ပါလား"

"ဟုတ်ကဲ့ပါ ဆရာ"

ပယောဂ ဆရာကြီးနှင့် နတ်ဘီ လူးကြီး ဦးငကောင်းတို့ မည်သို့ပင် ပြောဆိုနေကြသော်လည်း ကိုထွန်း ကြည်၏ မိဘနှင့် ဆွေမျိုးများကမူ ကျောက်ဘီလူးကြီး ဦးငကောင်းအား အမျှပေးဝေလိုစိတ် မရှိကြပေ။ အလွန် အမင်း ခံသီးစွာဖြင့် မုန်းတီးနေကြခြင်း သာဖြစ်သည်။ ဤသည်ကို ဆရာတော် များနှင့် ပယောဂ ဆရာကြီးတို့လည်း သိကြသည်။ ဆရာတော်များနှင့် ပယောဂ ဆရာကြီးက ဖျောင်းဖျကြ သည်။

သားတစ်ယောက်ကို သတ်ဖြတ် ထားသည်မှာ မှန်သော်လည်း ကောင်း အပေါ်တွင် ဒေါသတင်နေခြင်းမှာ အကျိုးမရှိ။ သား၏ အသက်ကို ပြန် ရှင်လာအောင် ပြုလုပ်၍လည်း မရနိုင် တော့ပေ။ ကျောက်ဘီလူးကြီး ငကောင်းကလည်း သူ၏ အများကို ဝန်ခံ၍ တောင်းပန်ပြီးဖြစ်သောကြောင့် မုန်းစကို ပယ်၍ ချစ်စကိုသာ ရွေး သောအနေဖြင့် ကျောက်ဘီလူးကြီး ငကောင်းအား အမျှဝေပေးသင့်သည်။ ကုသိုလ်တရားများကို ပွားများသင့်သည် စသည်ဖြင့် ပြောဆို ဆုံးမကြသည်။

ထို့ကြောင့် မိဘနှင့် ဆွေမျိုးများ ကလည်း မိမိတို့၏ သားကို သတ်ဖြတ် ထားသည့် ကျောက်ဘီလူးကြီး ငကောင်းအား ကျွတ်လွတ်၍ လူဘဝ၊ နတ်ဘဝ စသော ချမ်းသာသုခကို ခံစားရစေခြင်းအကျိုးငှာ မေတ္တာကို ရေရွတ်ပြီး အမျှဝေလိုက်ကြလေသည်။

(စာကြွင်း။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ကျော်က အသက်ငယ်ငယ်ရွယ်ရွယ် ဖြင့် ဘဝစွန့်သွားရသော အစ်ကိုရင်း ကိုထွန်းကြည်သို့ သတိရ လွမ်းဆွတ်ခြင်း များစွာဖြင့် . . .)

ညီမောင် ထွန်းရီ

* * *

ထွန်းစောက်

www.burmeseclassic.com

www.burmeseclassic.com

ဝဏဝံ ဦးဦးဇော်နှင့်
သုဝဏ္ဏဘူမိ သမ္မဇ္ဇေတျင့်စဉ်

ကိုင်္ရမြသန်း(သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

မိမိ၌ ရဟန်းမိတ်ဆွေနှစ်ပါးရှိ၏။ ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့ ခင်တန်းကျေးရွာ၊ ခင်တန်းကျောင်းမှ ဦးဇင်း ဦးပဒုမနှင့် ပဲခူးတိုင်း၊ ထေါပြိုနယ်၊ အဗျားငုက်ချောင်းဆားးရွာ ကျောင်းကြီးကျောင်းတိုက်မှ အရှင်ပညာနန္ဒ(ငြိမ်းဆွယ်)တို့ ဖြစ်၏။

လွန်ခဲ့သော လေးငါးလခန့်က မိမိသည် ဘာသာရေးဆိုင်ရာ ကိစ္စရပ်တစ်ခုရှိ၍ အရှင်ပညာနန္ဒထံ ရောက်စဉ် အရှင်ပညာနန္ဒမှ ကိစ္စတစ်ခုဖြင့် ဦးဇင်း ဦးပဒုမထံသို့ သူ ရောက်သွားကြောင်း၊ ဘိုးတော်မင်းဂွတ် ဆိုသူနှင့် တွေ့ခဲ့ကြောင်း၊ ၎င်း ဘိုးတော်မင်းဂွတ်မှ ဦးပဒုမထံသို့ သူရေးသားပြုစုထားသည့် မဟာဂန္ဓာရီကျင့်စဉ်ကျမ်း "စာအုပ် လာရောက်သုံးခြိန်းသည်ဖြစ်ကြောင်း၊ ၎င်းစာအုပ်ကို သူဖတ်ခဲ့ရကြောင်းနှင့် ဖတ်ခဲ့သည့်အထဲမှ သူမှတ်မိသမျှ၊ စိတ်ဝင်စားသမျှတို့ကို ထိုအား ပြန်လည်ဖောက်သည်ချခဲ့၏။

ဤတွင် မိမိသည် အရှင်ပညာနန္ဒ၏ ပြောပြချက်များမှ အချို့အချက်အလက်များသည် ထွက်ရပ်လမ်းကို အားထုတ်လိုသည့် ပုဂ္ဂိုလ်များအတွက်သော် လည်းကောင်း၊ လောကီ သိဒ္ဓိအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ ဝိဇ္ဇာဉာဏ်အမျိုးမျိုးကို ရလိုသည့် ပုဂ္ဂိုလ်များအတွက်သော် လည်းကောင်း၊ အမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို နေအသွင် သအလား သာသနာပြုလိုသည့် ပုဂ္ဂိုလ်များအတွက်သော် လည်းကောင်း စိတ်ဝင်စားစရာဖြစ်နေတော့၏။

သို့နှင့် မိမိသည်လည်း စိတ်ဝင်စားစရာ အချက်အလက်များရှိရာအရပ်သို့ ခရီးဆက်၍ သွားရောက်လေ့လာတော်သားပြီးမှ ယခုဖော်ပြမည့် ပထမ ဘိုးဘိုးအောင်နှင့် သုဝဏ္ဏဘုမ္မိ သမ္မုဒ္ဓေကျင့်စဉ်ကို ရေးသားတင်ပြလိုက်ပါ၏။

♦♦♦

အဘဘိုးဘိုးအောင် ဘိုးဘိုးအောင်မဖြစ်ခင် ဘုန်းကြီးဘဝငယ်သား မောင်အောင်ဘဝ၊ ကုန်ဘောင်ခေတ်၌ နေစဉ် ရွာတ်ဖတ်ခဲ့သော သမ္မုဒ္ဓေနှင့် စပ်လျဉ်း၍ အကြောင်းအချို့ကို ရှင်းလင်းပြစရာရှိနေပါ၏။ အကြောင်းကား အထက်ဂိုဏ်းဆိုက်စားသူ၊ ဝိဇ္ဇာပညာလိုက်စားသူများသည် ပေါက်ဆရာ ဖြစ်ပါးဟု အပြောများကြ၏။ ထိုစကား၏ အဓိပ္ပာယ်မှာ ထွက်ရပ်ပေါက်သွားသော ပုဂ္ဂိုလ် ၆၄ယောက်ဂိုပြီဟု ဆိုခြင်းဖြစ်၏။

သို့ဖြစ်ပါ၍ ၆၄ယောက်ပြည့်ရန်အတွက် ဘိုးဘိုးအောင် ဘိုးမင်းခေါင်၊ ရှင်အဂ္ဂဝံသ၊ ဆံရည်ကိုယ်တော် စသည်ဖြင့် ၆၄ပါးမပြည့်မချင်း ရေတွက်နေကြ၏။

ဤနောက်တစ်ဖန် အချို့သောသူများက ပေါက်ဆရာ ၆၄ပါးသည်မှာ ရှေးအခါက ဖြစ်၏။ ယခုအခါ ပေါက်ဆရာ ၆၉ပါးဟု ဆိုပြန်၏။ ထို့ကြောင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ၆၉ဦးပြည့်အောင် ပြောဆိုရေတွက်ကြရပြန်၏။

အမှန်စင်စစ် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်သည် ဤကမ္ဘာမြေကြီးတစ်ခုလုံးကို မဆိုထားဘိ၊ သုဝဏ္ဏဘုမ္မိတစ်ခုတည်းကပင် ပုဂ္ဂိုလ် (၁၀၀)ကျော် ထွက်ရပ်ပေါက်ခဲ့ပြီးဖြစ်၏။

အဘယ်နည်းကို အခြေခံ၍ ထွက်ရပ်ပေါက်ခဲ့သနည်းဟု ဆိုမူ···

သုဝဏ္ဏဘုမ္မိ သမ္မုဒ္ဓေ ရွတ်ဖတ်၍ ထွက်ရပ်ပေါက်ခဲ့ကြခြင်းပင်ဖြစ်သည်။ ထိုသို့ ထွက်ရပ်ပေါက်ခဲ့ကြခြင်းကြောင့် ရှင်အရဟံက လူတို့သည် နိဗ္ဗာန်ရောက်ကြောင်းကို အားမထုတ်ဘဲ လောကီထွက်ရပ်လမ်းကိုသာ လုပ်ကုန်ကြတော့မည်ကို စိုးရိမ်တော်မူသောကြောင့် ထိုသုဝဏ္ဏဘုမ္မိ သမ္မုဒ္ဓေ၌ ရှိသော အပိုဒ်နှစ်ပိုဒ်ကို ဝှက်ပစ်လိုက်၏။ သို့သော်လည်း နှစ်ကာလကြာသောအခါ ပထမ ဘိုးဘိုးအောင်ဖြစ်လာမည့် မောင်အောင်အား သုဝဏ္ဏဘုမ္မိသား ထွက်ရပ်ပေါက် ပုဂ္ဂိုလ် တစ်ဦးက အိပ်မက်ထဲတွင် လာ၍···

"မောင်အောင်··· သုဝဏ္ဏဘုမ္မိ သမ္မုဒ္ဓေဆိုတာ ရှိတယ်။ အဲဒါကို ရွတ်ရင် မြန်မြန်ထွက်ရပ်ပေါက်တယ်။ အဲဒီ သမ္မုဒ္ဓေကို ငါပြောလို့ မဖြစ်ဘူး။ မင်းရဲ့ ဆရာတော်သိတယ်။ မင်းရဲ့ ဆရာတော်ဆီမှာ လျှောက်ပြီးတောင်း"

ဟု ပြောလေ၏။

ဤတွင် မောင်အောင်သည်လည်း အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် ဆရာတော်ထံ လျှောက်ပြီး တောင်း၏။ ဆရာတော်မှ···

"ဒီလိုပါ တပည့်ရာ။ မင်းဆိုနေကျ သမ္မုဒ္ဓေမှာ နမာမိသိရသာမဟံ ပြီးတာနဲ့ ဂဂ်ိယ ဝါဠကစုဏ္ဏော ဆိုတဲ့ အပိုဒ်ကို ထည့်ပြီး ဆိုလိုက်"

ဟု မိန့်၏။

သည်နောက် မောင်အောင်သည် ဆရာတော်ပြောသည့်အတိုင်း ရွတ်ဆိုပါတော့၏။ ၄၉ရက်မြောက်သည့်ညတွင်တော့ သုဝဏ္ဏဘုမ္မိအား ထွက်ရပ်ပေါက် ပုဂ္ဂိုလ်က ထပ်ပြီး အိပ်မက်ပေးပြန်သည်။

"ဟေ့···မောင်အောင်၊ မင်းဆိုတာ တစ်ပုဒ်လိုသေး

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဆရာတော်ဆီမှာ လျှောက်ဦး"

မာ ဆိုခဲ့

သို့နှင့် မောင်အောင်လည်း အိပ်မက်၏ အကျိုး အကြောင်းကို ဆရာတော်ဆီမှာ ထပ်ပြီး သွားလျှောက်၏။ ဆရာတော်မှ...

"စောစောက အိုဖ်အောက်မှာ ပရဒေတွာ ဗဟုဖလွေလို့ ဆက်ပြီးဆိုကွာ။ အဲဒါပြီးတာနဲ့ တေသံ ဓမ္မဋ္ဌ သံယဋ္ဌ ဆက်ပြီးလုပ်တော့။ မင်းကတော့ ကတ်သီးကတ်သပ်မေးကို မေးတယ်။ ကြိုးစား...ကြိုးစား"

ဟု မိန့်တော်မူခဲ့လေ၏။

♦♦♦

အထက်ပါအကြောင်းအရာများသည် အထောက်အထားအဖြစ်သော ဖော်ပြခြင်းဖြစ်သည်။ သုဝဏ္ဏဘုမ္မိမှာက ပေါက်ဆရာ(ရာကျော်)ရှိ၏။ သည်တော့ ပေါက်ဆရာ ဓင္ပ ပါးဟု ပြောနေသည့် စကားကို နည်းနည်းပြင်ပြီး ပြောကြည့်မည်ဆိုပါက ဝိဇ္ဇာနဝင်းပညာတွင် အထက်နဝင်း၊ အလယ်နဝင်း၊ အောက်နဝင်းဟူ၍ ရှိ၏။ ဘယ်လိုရှိ၍ ဘယ်လိုဖြစ် ပေါ်လာပါသလဲဟု ဆိုပါလျှင် သင်တို့၊ ကျွန်ုပ်တို့ အသုံးပြုနေသည့် အင္ဂလန်ဂြိုဟ်ခွင်၊ ပါပဂြိုဟ်နှင့် သောမဂြိုဟ်တို့ကို အကြောင်းခံပြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။

သောမဂြိုဟ် ၄လုံးဖြစ်သည့် တနလာ်၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာဂြိုဟ်တို့၏ ဂြိုဟ်သက်ကို ပေါင်းလိုက်သည့်အခါ တနလာ်ဂြိုဟ်သက် (၁၅)နှစ်၊ ဗုဒ္ဓဟူးဂြိုဟ်သက် ၁၇နှစ်၊ ကြာသပတေးဂြိုဟ်သက် ၁၉နှစ်နှင့် သောကြာဂြိုဟ်သက် ၂၁နှစ်တို့အရ ဂြိုဟ်သက်ပေါင်း ၇၂နှစ်ရ၏။ သို့သော် ဝိဇ္ဇာပညာတွင် ဂြိုဟ်ရှစ်လုံးကို ပြန်၍ နတ်ပစ်ထား၏။ သည်တွင် (၇၂-၈=၆၄)ဖြစ်သွား၏။

ဝိဇ္ဇာ နဝင်းပညာတွင် ၆၄ကို အောက်နဝင်းဟု ခေါ်သည်။ စပြီးလုပ်ရသည့် နဝင်းဟုလည်း ဆို၏။ ဖော်ပြပါ ၆၄ ဆိုသည့် ဂဏန်းသည် အတော်ကို အသုံးများ၏။

ဥပမာ - "ကမ္ဘာသက်တမ်းကို ရေတွက်သည့်ကပ်များတွင် အန္တရကပ် (၆၄)ကပ်မှာ အသင်္ချေယကပ် တစ်ကပ်၊ အသင်္ချေယ ၄ကပ်မှာ မဟာကပ်တစ်ကပ်၊ မဟာကပ် တစ်ကပ်ဟာ တစ်ကမ္ဘာနှင့် ညီ၏"ဟု ဆိုပြီး ၆၄ကပ်မှာ အခြေခံထားလေသည်။

ထို့အပြင် လပြည့်ဝန်းနှင့်တူသော လက္ခဏာရှိခြင်း၊ တက်သစ်စ လရောင်နှင့်တူသော ကိုယ်ရောင်ရှိခြင်း၊ မကျဉ်းမကျယ်လွန်းသော မျက်စိရှိခြင်း စသည်ဖြင့် မိန်းမတို့၏ ကောင်းခြင်းကို ဖော်ပြရာ၌လည်း ၆၄ရပ်ဟု ဖော်ပြထား[illegible] ကြခြင်း ဇီးမျက်ခြေအပါအဝင် အတတ်မျိုးအရာရာကို ကား အတတ် ၆၄ပါးဟု ဖော်ပြထားပြန်သည်။

မည်သို့ပင်ဆိုစေကာမူ ဝိဇ္ဇာနဝင်းပညာတွင် အခြေသည် ၆၄ဂဏန်းသာ ဖြစ်၏။ သို့ဖြစ်ပါ၍ ရှေးဆရာများ ပေါက်ပညာ ၆၄ဟု ပြောခဲ့ခြင်းသာ ဖြစ်သည်။ ခေတ်အဆက်ဆက် နောက်လူတွေက မသိဘဲနှင့် ပညာနဲ့ ဆရာလွဲမှားခဲ့ဆိုနေကြခြင်းကို သတိပြုသင့်ပေသည်။

သုဝဏ္ဏဘုမ္မိ သမ္မဒ္ဓေနှင့် စပ်လျဉ်းသည်ကို **အခြေ** ကောက်ပါမည်။

သုဝဏ္ဏဘုမ္မိ သမ္မဒ္ဓေထွက်ရပ်လမ်းကို အားထုတ်ခဲ့သော ပုဂ္ဂိုလ်များသည် သက်တော်တစ်ထောင်ပြည့်ပြီးသော တန်ခိုးကြီး ဘုရားစေတီတို့ကို ရှာမွေရှေးချယ်၍ ကျင့်ဆောအားထုတ်ရမည်ဖြစ်ပါသည်။

ရှေးခေတ် ဓမ္မစေတီမင်းနှင့် ဓမ္မပါလမင်းတို့သည် ရွှေမော်ဓောစေတီတော်တွင် တစ်လှည့်၊ ရွှေတိဂုံစေတီတော်တွင် တစ်လှည့် သုဝဏ္ဏဘုမ္မိ သမ္မဒ္ဓေအကျင့်လမ်းကို ကြားစားအားထုတ်တော်မူပြီး လောကီသိဒ္ဓိအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ ဝိဇ္ဇာဥာဏ်တို့ကို ရရှိကြ၍ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို နေအသွင်၊ လအလား သာသနာပြုသွားကြကုန်၏ဟု အာစရိယအစဉ်အဆက် အပိန်ပိုခဲ့သလို၊ ပထမကျင့်စဉ် အကျင့်လမ်းတစ်ခုကို အောင်မြင်ထားလျှင်ပင် လောကီကိစ္စမှန်သမျှအားလုံး ပြီးစီးအောင်မြင်နိုင်တော့သည်ဟုလည်း အဆိုရှိခဲ့ပါသဖြင့်...

"ဝိဇ္ဇာ မဟိဒ္ဓိ မိုရ်ဣဒ္ဓိဖြင့်
လောကစည်းစိမ် ဂုဏ်အရိုန်ကို
လိုချင်တောင့်တ ရနိုင်ကြ၏။
အပြောမဟုတ် အလုပ်နှင့်ပင်
မြင်စေချင်သည်
ပါရမီရှင်များ လွန်ကြီးစားလော့"
ဟူ၍သာ။

♦♦♦

ထွက်ရပ်ပေါက်စေနိုင်သော
သုဝဏ္ဏဘုမ္မိ သမ္မဒ္ဓေဂါထာတော်ကြီး

(၁) သမ္မဒ္ဓေ အဋ္ဌဝိသဋ္ဌ၊ ဒွါဒသဋ္ဌ သဟာသကေ၊
ပဋ္ဌသတ သဟာသာနိ၊ နမာမိ သိရသာမဟံ။

(၂) ဂင်္ဂါယံ ဝါဠုကာ စုဏ္ဏေ၊ ပရဒေတွာ ဗဟုဖလွေ
တေသံ ဓမ္မဋ္ဌ သံယဋ္ဌ၊ အာဒရေန နမာမဟံ။

www.burmeseclassic.com

www.burmeseclassic.com

(၃) နမက္ကာ ရာ နဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

သုဝဏ္ဏဘူမိံ သမ္ဗုဒ္ဓေ ရက် (၉၀)
နဝင်းကိုက်ကျင့်စဉ်

(၁) ပထမအဆင့်တွင် ဖော်ပြပါ သမ္ဗုဒ္ဓေဂါထာတော်
တစ်ပိုဒ်ဆုံးမှ ပုတီးတစ်လုံးချ၍ တစ်ရက်လျှင် ပုတီး
တစ်ပတ်ဖြင့် ၉ရက်၊ ၉ပတ် စိပ်ရပါမည်။

(၂) ဒုတိယအဆင့်တွင် အထက်ပါအတိုင်း တစ်ရက်လျှင်
ပုတီးနှစ်ပတ်ဖြင့် ၉ရက် ၁၈ပတ် စိပ်ရပါမည်။

(၃) တတိယအဆင့်တွင် တစ်ရက်လျှင် ပုတီးသုံးပတ်၊
၉ရက်၊ ၂၇ပတ်။

(၄) စတုတ္ထအဆင့်တွင် တစ်ရက်လျှင် ပုတီးလေးပတ်၊
၉ရက်၊ ၃၆ပတ်။

(၅) ပဉ္စမအဆင့်တွင် တစ်ရက်လျှင် ပုတီးငါးပတ်၊ ၉ရက်၊
၄၅ပတ်။

(၆) ဆဋ္ဌမအဆင့်တွင် တစ်ရက်လျှင် ပုတီးခြောက်ပတ်၊
၉ရက်၊ ၅၄ပတ်။

(၇) သတ္တမအဆင့်တွင် တစ်ရက်လျှင် ပုတီးခုနစ်ပတ်၊
၉ရက်၊ ၆၃ပတ်။

(၈) အဋ္ဌမအဆင့်တွင် တစ်ရက်လျှင် ပုတီးရှစ်ပတ်၊ ၉ရက်၊
၇၂ပတ်။

(၉) နဝမအဆင့်တွင် တစ်ရက်လျှင် ပုတီးကိုးပတ်၊ ၉ရက်၊
၈၁ပတ်။

(၁၀) နဝမအဆင့်တွင် တစ်ရက်လျှင် ပုတီးဆယ်ပတ်၊
၉ရက်၊ ၉၀ပတ်။

အထူးသတိပေးချက်

တစ်ဆင့်ပြီးတိုင်း တစ်ဆင့်ပြီးတိုင်း ကန်တော့ပွဲ၊ ရေ
ချမ်း၊ ဆွမ်းတော်ပွဲ၊ သစ်သီး၊ အလင်းတိုင်၊ အမွှေးတိုင်တို့
ဖြင့် တတ်အားသမျှ မြတ်စွာဘုရားကို တင်လှူပူဇော်၍
နောက်တစ်ဆင့်တက်က ပိုမို၍ကောင်းမွန်ပါ၏။

လောကီကိစ္စမှန်သမျှအားလုံး ပြီးစီးအောင်မြင်နိုင်ကြပါ
စေဟု ဆန္ဒပြုရင်းဖြင့်...။

* * *

ကို့ခန္ဓမြဲသန်း(သမိုင်း)

ကျမ်းကိုး
- ဘိုးတော် မင်းကွတ်၏ မဟာဂန္ဓာရီကျင့်စဉ်ကျမ်း။
- အရှင်သုမန၏ မိုးညှင်းသမ္ဗုဒ္ဓစေတီယ ကထာ။

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

ခေတ္တရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀ဝ၀/-
ဟောစာတမ်းကြီး ၁၀၀၀၀၀/-

နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၄၆၄၂၊ ၀၉-၇၃၁၀၆၁၅၄

www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာဟိန်း (ရွှေလော်ကား)

လေးဘက်နာခေါ် အဆစ်ရောင်ကိုက်ရောဂါနှင့် ကုထုံးဆေးချက်

လေးဘက်နာခေါ် အဆစ်ရောင်ကိုက် ရောဂါသည် အသက်ကြီးသည်၊ ငယ်သည်မဟူ၊ မိန်းမ၊ ယောကျ်ားမရွေး ရာသီဥတုမရွေးဖြစ်တတ်ကြ၏။ ထိုရောဂါဖြစ်ပွားလာသော အခါ ဆင့်ပွားရောဂါများလည်း ပါလာတတ်၏။ ရောဂါဖြစ်လျှင် ဖြစ်ချင်း အမြန်ကုမှ အပျောက်မြန်တတ်သည်။

ထိုရောဂါဖြစ်တော့မည်ဆိုလျှင် လက္ခဏာပြပုံမှာ ရောဂါမဖြစ်မီ ရက်အနည်းငယ်မှစ၍ လည်ချောင်းခြောက်ခြင်း၊ အာသီရောင်ခြင်း၊ နာပန်းခြင်း၊ အနည်းငယ် ချမ်း၍ ဖျားတတ်ခြင်း၊ အဖျားတက်သောအခါ ချွေးချဉ်များ ထွက်တတ်ခြင်း၊ လျှာညစ်ထေးခြင်း၊ သွေးခုန်နှုန်းမြန်ခြင်း၊ လက်ကို သွေးစိမ်းကြွသ့်သောအခါ သွေးလုံးသေးခြင်း၊ နှုတ်မပြိန်ခြင်း၊ ရေတ်ခြင်း၊ အဆစ်အဆက်များ နာကျင်ကိုက်ခဲခြင်း၊ ရောင်တင်းခြင်း၊ ရောင်တင်းသော အဆစ်များ အနီရောင်ရှိခြင်း၊ ပူခြင်း စသဖြင့် လက္ခဏာပြတတ်ပါသည်။ အဆစ်ရောင်ခြင်း၏ ထူခြားချက်မှာ အဆစ်ကြီးများသာ ရောင်တတ်ပါသည်။

ဥပမာ ဒူးဆစ်၊ ခြေကျင်းဝတ်၊ လက်ကောက်ဝတ်၊ တံတောင်ဆစ် အဆစ်များ ရောင်သောအခါ တစ်ပြိုင်နက်တည်း မရောင်တတ်ပါ။

ရောင်သော အဆစ်တွင် ပူနေသောကြောင့် ပြည်တည်မည်ဟု ထင်ရသည်။ သို့သော် ပြည်မတည်တတ်ပါ။

အဆစ်ရောင်ရောဂါပျောက်ကင်းသော်လည်း အဆစ်များ ကြီးနေခြင်းမှာ ရာသီဥတုအကူးအပြောင်းနှင့် အစားအသောက်များကြောင့် ဖြစ်တတ်ပါသည်။

ဤရောဂါဖြစ်ခြင်း၏ အဓိကအကြောင်းရင်းမှာ အစာမကြေရာမှ ရသရည်မကျေညက်၍ဖြစ်သည်။ ရောနောမစား အပ်သောအစာကို ရောနှောစားမိ၍လည်း ဖြစ်တတ်သည်။ ဥပမာ-အသားတစ်မျိုးနှင့် တစ်မျိုး ရောနှောမစားရပါ။

တိုင်းရင်းဆေးနံပါတ်ဖြင့် ကုထုံးဆေးချက် ချတော့မည်ဆိုလျှင်...

* အစာကြေ၊ ဝမ်းမီးတောက်စေရန် ဆေးပုလဲကလာပ် တိုင်းရင်းဆေးနံပါတ် (၂၃)။

* ပိတ်နေသော ရသရည်ကို တွန်းပို့နိုင်စေရန် ပြည်လုံးချမ်းသာ ဆေးနံပါတ် (၂၇)။

* တိုင်းရင်းဆေးနံပါတ် (၂၃)ကို သကြားနှင့် ဆတူစပ်၊ အစာစားပြီးတိုင်း ဆေး ၄ပဲသားကို ရေနွေးနှင့် သောက်ပါ။

* ဆင်တုံးမန္တယ် သုံးခွက်တစ်ခွက်တင် ပြုတ်ရည် (သို့မဟုတ်) အမှုန့်ကို ဖျားရည်နှင့် အစာစားပြီးတိုင်း သောက်ပါ။

* တိုင်းရင်းဆေးနံပါတ် (၆)ဟာ ဟလိဒ္ဓစုဏ္ဏဆေးကို တောင်မရိုးခေါက်မှုန့်နှင့် ဆတူရောပြီး နံနက်တစ်ကြိမ်၊ ည တစ်ကြိမ် ဆေး ၄ပဲသားကို ရေနွေးနှင့် တိုက်ပါ။

* ညဘက်မှာ တိုင်းရင်းဆေးနံပါတ် (၁၆) အပျဉ်းသွေးဆေး ၂သားကို ညအိပ်ရာဝင် ရေကျက်အေးနှင့် အရှန်ဆေးအဖြစ် တိုက်ရပါမည်။

* ဝမ်းချုပ်လျှင် တိုင်းရင်းဆေးနံပါတ် (၁၁)၊ မုတ်ကဲဆေး ၄ပဲသား (သို့မဟုတ်) ဆေးပြား ၂ပြားကို နံနက်အိပ်ရာထမှာ ရေအေးနှင့် တိုက်ပါ။

ရောင်နေတဲ့ အဆစ်ကို ဆေးလိမ်းရန်မှာ...

* ဇာတိပို့ရလသီးကို ဖျစ်ဖျစ်သွေး၊ နဲ့သာဖြူကို ဖျစ်ဖျစ်သွေး၊ ထိုဆေးနှစ်မျိုးကို ဆတူ ရောစပ်ပြီး ရောင်နေတဲ့ အဆစ်မှာ တစ်နေ့ကို ငါးကြိမ်လိမ်းပေးပါ။

* နောက်တစ်နည်း သံပရာသီးတစ်ခြမ်းအရည်နှင့် တိုင်းရင်းဆေးနံပါတ် (၃၅)၊ ဇာတိလဝင်္ဂဆေးကြီးကို ဖျော်ပြီး လိမ်းပေးရပါမည်။ တစ်နေ့ကို ငါးကြိမ်လိမ်းပေးပါ။

* ရောင်နေတဲ့ အဆစ်ကို ဆေးစည်းပေးရပါမည်။

* တိုင်းရင်းဆေးနံပါတ် (၄၃)အကင်းဆယ်ပါးဆေးကို နှမ်းဆီနှင့် ရောရှေ့သော် လည်းကောင်း၊ တိုင်းရင်းဆေးနံပါတ် (၄၇) ခုနစ်ပါးဆေးဝါးကလေးနှင့် တိုင်းရင်းဆေးနံပါတ် (၂၉) သမ္ဗဒေယျဆေးစပ်ကြိုးနှစ်မျိုးရောစပ်ပြီး နှမ်းဆီ၊ မုန့်ညင်းဆီနှင့် စည်းပေးပါ။

* ကြပ်ထုပ်ထိုး ကုသရန်မှာ လိုအပ်သည့် ပစ္စည်းများက တစ်ပေပတ်လည် ပိတ်ဖြူစတစ်စ၊ သက်ရင်းကြီးရွက်ရှောက်ရွက်၊ ကွမ်းရွက်တို့ကို စုဆောင်းပြီး ကြပ်ထုပ်ကို ရေနွေးငွေ့ဖြင့် အပူပေးကာ မိနစ် ၃၀မှ ၄၅မိနစ်ထိ ပြုလုပ်ပေးနိုင်ပါသည်။

ကြပ်ထုပ်ထိုးနေစဉ် အရေပြား နီလာခြင်း၊ ပူလောင်လာခြင်း နဖူး ချိုင်းကြားတို့၌ ချွေးစိုလာလျှင်၊ လူနာသက်သာလာလျှင် ကြပ်ထုပ်ထိုခြင်းကို ရပ်သင့်ပါသည်။ ကြပ်ထုပ်နားချိန်မှာ ဆေးလိမ်း၊ ဆေးစည်းပေးပါ။

ရောင်ကြဉ်ရန် အစားအစာများမှာ ဝမ်းတွင်းကလီစာ ဘဲသား၊ ဝက်သား၊ အအေးအမျိုးမျိုး၊ အဆီအနှစ်ရှောင်ကြဉ်ပါ။

ဤကုထုံးကို ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးဦးစီးဌာနမှ ဖွင့်လှစ်သော တိုင်းရင်းဆေးဆရာသင်တန်း အမှတ်စဉ် (၂) ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ သင်တန်းတက်ရောက်နေစဉ် ဆရာကြီး သမားကြီးတို့မှ ပို့ချသော ကုထုံးအတိုင်း ကုသခဲ့ရာ ရောဂါရှင်များ ပျောက်ကင်းကြသည်အတွက် စမ်းသပ်ခ၊ ဆေးဖိုးပါခ မတောင်းခံလို ဆေးမကုနိုင်ဘဲ မျှော်လင့်ချက်မဲ့နေကြသော ရောဂါရှင်များအတွက် ရည်ရွယ် တင်ပြပါသည်။

* * *

ကျော်စွာဟိန်း (ရွှေလော်ကား)

ကျမ်းကိုး

- တိုင်းရင်းဆေးဦးစီးဌာန၊ သင်တန်းစာမူ။

www.burmeseclassic.com

www.burmeseclassic.com

သစ္စာဝါဒီ ဆရာမြတ်စောလင်း

ကန့်စွန်းရိုးနီအကြောင်း သိကောင်းစရာများ

တစ်နေ့တွင် ကျွန်ုပ်နှင့် ဆရာ ကိုသီဟတို့သည် ကန့်စွန်းရိုးနီအကြောင်းများကို ဆွေးနွေးမိကြ၏။ ထိုသို့ ဆွေးနွေးသည့်အခါ ကိုသီဟမှ သူ တတ်သိနားလည်ထားသော တိုင်းရင်းဆေးပညာ၏ ဗဟုသုတများကို အောက်ပါအတိုင်း ပြောပြခဲ့၏။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိ-ကာ

သဗ္ဗေ - ခပ်သိမ်းကုန်သော၊ သတ္တာ - သတ္တဝါအပေါင်းတို့သည်၊ အဟာရ - နေ့စဉ်စားသုံးသော အာဟာရတို့တွင် အသက်ရှည်ခြင်းနှင့် ကျန်းမာရေးကောင်းခြင်းတို့ကို၊ ထိတိ-

www.burmeseclassic.com

www.burmeseclassic.com

တည်၍ မှီ၍ နေကြကုန်၏။ လူခပ်သိမ်းတို့၏ အသက်ရှည်ခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ ရောဂါဘယကင်းရှင်းခြင်းတို့သည် မိမိနေ့စဉ် စားသုံးနေကြသော ထမင်းဟင်း၊ မုန့်နှင့် သီးနှံတို့တွင် တည်ရှိနေ၏။ ရှေးယခင်က သက်ကြီးစပါးများ၊ သက်ကြီး သီးနှံများကို စားသုံးခြင်း၊ သစ်သီးသစ်နှံ၊ ဟင်းသီးဟင်းရွက်တို့ကိုသာလျှင် စားသုံးခြင်း စသော အကြောင်းများနှင့် ပိုမ္ဘူးကင်းစင်သော အသီးအနှံများကို စားသုံးခြင်း စသော သဘောများကြောင့် ကျန်းမာရေးကောင်းကြ၏။ အသက်ရာကျော်ရှည်ကြ၏။

"နွေလယ်၊ မိုးလယ်၊ ဆောင်းလယ်၊ ဝေမှုန် ဂဃနံ၊ တော်သလင်း ပြာသိုတွင်း" ဟူသော လင်္ကာအရ တော်သလင်းလသည် မိုးရာသီ၏ အလယ်လဖြစ်၏။ မိုးလေးလ ရာသီ၌ မိုးလေများ (၀ါ) အာပေါနှင့် ၀ါယော လွန်ကဲသော အချိန်ကာလဖြစ်သဖြင့် ဝမ်းဖောဝမ်းရောင်ခြင်း၊ အစာမကြေခြင်းတို့ကို ဖြစ်ပေါ်စေတတ်၏။ အစာမကြေခြင်းကို အကြောင်းပြု၍ ခေါင်းမူးခေါင်းနောက်၊ ဦးနောက်မကြည်စသော ရောဂါတို့ကို ဖြစ်စေတတ်၍ အပူနှင့် အအေးတွေ့သောကြောင့် ရုတ်တရက် ဖျားနာခြင်း၊ နာစေးခြင်း၊ ခေါင်းကိုက် ခေါင်းခဲခြင်းတို့ကို ဖြစ်စေနိုင်၍ အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ခြင်း စသော အကြောင်းတို့ကြောင့်လည်း အော့အန်ခြင်းကို ဖြစ်စေနိုင်၏။ သက်ဥတုဆိုသော ဥတုနှင့်ဆိုသော် သက်စေတတ်သော ဥတုဖြစ်၍ နေမင်းသည် မြောက်အရပ်မှ တောင်အရပ်သို့ တစ်နေ့လျှင် ယူဇနာပေါင်း ၅၀ ရွေ့လျားသလို၊ အောက်သို့လည်း ယူဇနာ ၅၀နှိမ့်၍ ဆင်းလာသော်အချိန်ဖြစ်၏။ ထို့ကြောင့် သက်ဥတု(၀ါ) ဒက္ခိဏာယဉ်ကာလတွင် သွေးလေဝမ်းတို့ သက်ခြင်းကို အားပေး၏။ ထို့ကြောင့် သက်စေတတ်သော အစာများဖြစ်သည့် သရက်၊ ပိန္နဲတို့ကို ဝမ်းလွယ်သော သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ မစားသုံးသင့်ပေ။ ပါစက သည်းခြေဟုခေါ်သော အစာကို ချက်ပေးသည့်(ဝမ်းမီး)သည်းခြေအားနည်းသောအချိန်ဖြစ်၏။

ထို့ကြောင့် ဝမ်းမီးနုံ့နေသော ပုဂ္ဂိုလ်များအနေဖြင့် အစာကို လျော့စားခြင်း၊ ကြေညက်အောင် ဝါးစားခြင်း၊ ကြေလွယ် ကျက်လွယ်သော အစာကို စားခြင်း၊ ဝမ်းမီးကို တောက်စေသော အစာအာဟာရတို့ မှီဝဲစားသုံးခြင်းကို ပြုလုပ်သင့်ကြ၏။

လယ်ကန်စွန်း(ကန်စွမ်း)ဟု ခေါ်သော ကန်စွန်းရိုးနီသည် သုံးရာသီလုံးနှင့် သင့်မြတ်သော အသီးအရွက်ပင်ဖြစ်၏။ များသောအားဖြင့် အပူလွန်ကဲသော အကြောင်းတရားကြောင့် ၎င်းအပူကို အခြေခံသော ရောဂါများဖြစ်ပွားကြ၏။ အရသာချို၏။ အေး၏။ နို့ရည်ကို ဖြစ်စေ၏။ ရေ၌ ဖြစ်သော ပိုးတို့ကို ပယ်သတ်နိုင်၏။ လေသလိပ်တို့ ဖြစ်စေ၏။ အဆိပ်ကို ပြေစေ၏။ အပူကို ငြိမ်းစေ၏။ ကန်စွန်းရွက်အရည်သည် မီးလောင်နာ၊ အပူနာ၊ အပူလောင်သော အနာ၊ ရောဂါချွေးထွက်များခြင်း၊ ရင်၌ ပူလောင်ခြင်းတို့ကိုပါ သတ်နိုင်၏။ ချွေးထွက်လွန်သူများ ကန်စွန်းရိုးနီရွက်နှင့် သကြားရောရွက်ရွက်နှုန်း၍ ကြေသည်အထိ ပြုတ်၍သောက်ပါ။ ချွေးထွက်လွန်ခြင်းကို အပြန်သက်သာစေ၍ အားအင်ကို ဖြစ်စေ၏။

ကန်စွန်းရိုးနီရွက် လက်တွင်းတစ်ဆုပ်၊ ထန်းလျက် ၅ကျပ်သား၊ မန်ကျည်းမှည့် ၂ကျပ်ခွဲသား၊ ဆား ၅မူးသားတို့ကို ရေဖန်ခွက်ကြီး သုံးခွက်စာ ပြုတ်၍ တစ်ခွက်စာကျန်လျှင် အအေးခံပြီး သောက်။ ဆီးကျောက်တည်ခြင်း၊ ရင်တွင်းတစ်ဆို၍ ပူခြင်း၊ အာခေါင်ခြောက်ခြင်း၊ ဆီးပူခြင်း၊ ဆီးနည်းခြင်းတို့ကို ပျောက်ကင်းစေ၏။

ငန်းနှင့် မန်းဝင်နေသော အနာများ၊ ဘူးရွက်နှင့် ကန်စွန်းရိုးနီရွက်ရော၍ ကြိတ်၏။ ရသော အရည်ကို အနာတွင် ဆွတ်ပေး၊ လိမ်းပေး။ ငန်းမန်းကို နိုင်၏။ အမျိုးသမီးများ ဓမ္မတာလွန်ခြင်းကို နိုင်၏။ "ကန်စွန်းရိုးနီ ပဉ္စင်းပါးလုံးကို ကြော်၍ လည်းကောင်း၊ ချက်၍ လည်းကောင်း၊ ထန်းလျက်၊ သကြား၊ မန်ကျည်းမှည့် စသည်တို့နှင့် တွဲဖက်၍ အချို အချဉ် ကြိုက်နှစ်သက်သလို ချက်ပြုတ် စားသောက်ခြင်းဖြင့် အထက်ဖော်ပြသော အပူလွန်ရောဂါတို့ကို ပျောက်ကင်းစေသည့်အပြင် ငွေကုန်သက်သာခြင်းနှင့် အာဟာရဖြစ်ခြင်းတို့ကြောင့် အစာလည်း ဆေး၊ ဆေးလည်း အစာကဏ္ဍမှ တင်ပြ ရေးသားလိုက်ရပေသတည်း□

* * *

သန္ဓာဝါဒီ ဆရာဖြင့်စောလင်း

www.burmeseclassic.com

www.burmeseclassic.com

ပျံပန်း

ဆေးစွမ်းကောင်းများ

ပျံပန်းသန့်ဆေးကြိုး
ပျံပန်းရောဂါပျောက်ဆေးကြိုး
ပျံပန်းမျက်စိကြည်ဆေးကြိုး
ပျံပန်းမျက်စိရောဂါပျောက်ဆေးကြိုး
ပျံပန်းသွားရောဂါပျောက်ဆေးကြိုး
ပျံပန်းခေါင်းရောဂါပျောက်ဆေးကြိုး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂/(စဝ၂၉၆)
လင ပုတ်ပုံတင်အမှတ် ၀၁၁၄၃၉

www.burmeseclassic.com

အမြို့မြို့ဆိုင်တိုင်းမှာရောမယ်ပါ

www.burmeseclassic.com

သူတော်ကောင်းတို့ လျှောက်ရာလမ်း

ဇနဝဏ်းနို



www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီ ဆရာလေး ရဲတော် လက်မှ နာရီလေးကို ကြည့်လိုက်တော့ ၁၂ နာရီထိုးဖို့ ၅မိနစ်သာ လိုတော့သည်။ ဘိုကြောင့် တခြား အထွေအထူးပစ္စည်းများ မပါသော်လည်း အသုံးအဆောင် ပစ္စည်းမှန်သမျှ စုဆောင်းထည့်ထားသော တစ်လုံးတည်းသော စစ်သုံး ကျောပိုးအိတ်ကြီးကို ကျောမှာ ပိုး၍ သောင်ပင်လေးဆိပ်မှ ဖိုးဦးတောင် တစ်ဖက်ကမ်းသို့ ကူးမည့် ဖောင်တော်ဆီသို့ တက်ခဲ့သည်။

၁၂နာရီထိုးသည်နှင့် "ချမ်းမြေ့အောင်"မော်တော်လေးက မွန်းတည့် အချောင်အောက်၌ ပြုလွှဲလွှ လိုင်ခေါင်းဖြူလေးများ လိုင်းကြက်ခွပ်လေးများနှင့် ဆွဲသား သင်ဖြူးလွှာကြီးများ အလိပ်လိုက် ထနေသလို ထနေသော ဧရာဝတီမြစ်ရေပြင်ကို ထိုးခွဲကာ တရိပ်ရိပ်နှင့် စတင်ခုတ်မောင်း ထွက်ခဲ့လေ၏။

"ဝါသား ဘဆီကို လာရင် ပြည်သောင်ပင်လေးဆိပ်ကနေ ၁၂နာရီထွက်တဲ့ မော်တော်စီး၊ တစ်နာရီလောက်လောဆို စီးရလိမ့်မယ်။ ဟိုဘက်ကမ်းဆိုက်ရင် ဖိုးဦးတောင်ပေါ်ကို တက်ခဲ့။ ဘောင်ပေါ် စေတီလေးက စောင့်နေမယ်"

ဘသူတော်ကြီး၏ မှာစကားအရ ဂန္ဓာရီ ဆရာလေး ရဲတော် လာခဲ့ခြင်းဖြစ်သည်။ လာသာ လာခဲ့ရသော်လည်း ဘိုးဘိုးမှု မရောက်ဘူးသည့် ခရီးဖြစ်သဖြင့် ဖိုးရိပ်ကြောင့်ကြလျက် ရှိပေသည်။ အကယ်၍မှား ဘသူတော်ကြီးက မှတ်တွေ့ခဲ့ရင်ဆိုသည့် အတွေးတို့က သူ့ကို ခြောက်လှန့်သလိုလည်း ရှိပေသည်။

သူ ပြည်ဆံတော်စေတီတော် မြတ်ကြီး၏ ဘိုးဘိုးအောင် စတင်နှန်ခဲ့ထူးဆန်းစွာ တွေ့ခဲ့ရသော သထုံသိင်္ဂီတ္တရတောင်မှ လူသူတော်ကြီး၏ အကျင့်စနစ် လမ်းညွှန်ချက်များအတိုင်း ပြည်ဝင် ကျင့်စဉ်ကို ကျင့်ခဲ့စဉ်က နောက်ဆုံး အဓိဌာန်စခန်းဖြစ်သော ဘုရားကြီးစေတီတော်မြတ်ကြီး၌ ဘုရားပရဝဏ်တွင် တဲမြက်လှည်းနေသည့် ဘသူတော်ကြီးကို တွေ့ခဲ့ခြင်းဖြစ်လေသည်။

ဘသူတော်ကြီး ဘုရားပရဝဏ် တစ်လျှောက် တဲမြက်လှည်းပြီးချိန်တွင် သူလည်း အဓိဌာန်ပုတီးစိပ်ပြီးလေသည်။ အဓိဌာန်ပုတီးတစ်ပြည့်၌ ခေတ္တ အနားယူနေချိန်၌ ဘသူတော်က သူ့အနားလာရပ်ပြီး...

"ငါ့သား အဓိဌာန်ဝင်တယ် ထင်ပ"

ဟု မေးလေ၏။

"ဟုတ်ပါတယ် ဘသူတော်၊ အဓိဌာန်အကျင့်စခန်းဝင်နေတာပါ"

"ကျင့်စဉ်က..."

"ကျင့်စဉ်ကတော့ ဂန္ဓာရီ ထွက်ရပ်လမ်း ပြည်ဝင်ပြည်ထွက် ကျင့်စဉ်ပါ။ ခု ကျင့်နေတာက ပြည်ဝင်ကျင့်စဉ်ရဲ့ နောက်ဆုံး အဓိဌာန်ဖြစ်ပါတယ်"

"ကောင်းပ...ကောင်းပ။ ဒါဆို ပြည်ထွက်ကျင့်စဉ် ကျင့်ရဦးမှာပေါ့။ ဟုတ်စ"

"ဟုတ်ကဲ့ပါ ဘသူတော်"

"အိမ်း...ပြည်ထွက်ကျင့်စဉ်က ဒီမှာကျင့်လို့ မရဘူး သားရဲ့။ ဒါက ပြည်ပြီးလေ။ ပြည်ပြီးမှာ ပြီးတွင်းမှာ ကျင့်နေရင် ပြည်ဝင်ပဲ ခေါ်မှာပေါ့။ ပြည်ထွက်ဆိုရင် ပြည်ပြီးက ထွက်ကျင့်မှ လမ်းစဉ်မှန်လိမ့်မယ်"

သူက ဘသူတော်ကြီးကို တအံ့တသြ ကြည့်နေလိုက်သည်။ ဘသူတော်က သူ့ကို ကြင်နာစွာ ကြည့်ပြီး ဆက်ပြောသည်။

"ဘသူတော်လည်း သားကျင့်တဲ့ ပြည်ဝင်ပြည်ထွက် ကျင့်စဉ်ကိုပဲ ကျင့်ခဲ့တဲ့သူပေါ့။ ငါ့သား ပြည်ထွက်ကျင့်စဉ် ဆက်ကျင့်မယ်ဆိုရင် ဖိုးဦးတောင်ကို လာခဲ့။ ဖိုးဦးတောင်ဆိုတာ ပြည်ပြီ၏ တစ်ဖက်ကမ်းမှာ ရှိတယ်။ တို့မြတ်စွာဘုရား သက်တော်ထင်ရှားရှိခဲ့စဉ်က သုဝဏ္ဏဘူမိဖို့ ခေါ်တဲ့ သထုံကို ကြွခဲ့တယ်။ အဲဒီအချိန်က ဒီဒေသအားလုံးဟာ ရေပြင်လွှာကြီးပေါ့။ ဘယ်ရပ် ဘယ်ရွာ ဘယ်ကမ်းမှ မရှိသေးဘူး။ ပြောရရင်တော့ ပင်လယ်ပြင်ကြီးပေါ့ကွယ်။ မြတ်စွာဘုရားရှင် မဇ္ဈိမကို ပြန်ကြွတော့ နောက်ပါ ရဟန္တာ ၅၀၀နဲ့ အတူ ကောင်းကင်ကနေ ဈာန်နဲ့ ပင်လယ်ပြင်ကြီးကို ဖြတ်ကြွခဲ့တယ်။ ခု ဖိုးဦးတောင်လို့ ခေါ်မည့်နေရာရောက်တော့ ဒိုက်တစ်ခုပေါ်မှာ မျောပါလာတဲ့ ပွေးဖို၊ ပွေးမ ဇနီးမောင်နံ့ နှစ်ကောင် အနက် ကောင်းကင်ကနေ ကြွမြန်းလာတဲ့ မြတ်စွာဘုရားရှင်ကို ပွေးဖိုက လက်ဦး ဖူးတွေ့ခဲ့ရတယ်။ ဒါနဲ့ ပွေးဖိုလည်း ပွေးမကို ပြောမယ်လုပ်တော့ ပွေးမ အိပ်မော်နေတဲ့အတွက် အိပ်ရေးပျက်မှာစိုးပြီး မနှိုးတော့ဘဲ သူသာ မြတ်စွာဘုရားရှင်ကို ဖူးမြော်ကန်တော့လိုက်တယ်။ ပွေးဖိုကြီး ဖူးပြီးမှ ပွေးမက နိုးလာတယ်။ သူက နောက်မှ ဘုရားကို ဖူးရတယ်။ ဒါကြောင့် ခု အဲဒီနေရာကို မြတ်စွာဘုရားကို ပွေးဖိုက စတွေ့ဖူးခဲ့တဲ့ အထိမ်းအမှတ်အဖြစ် "ဖိုးဦးတောင်"လို့ သမုတ်ခဲ့တဲ့ နေရာပေါ့။ ခု ကာလရွှေလျှောလာတော့ "ဖိုးဦ

www.burmeseclassic.com

www.burmeseclassic.com

တောင်"လို့ ခေါ်ခဲ့၊ တွင်ခဲ့ကြတဲ့ နေရာ ပေါ့ကွယ်၊

အဲဒီနေရာဟာ သူတော်ကောင်း သူမြတ်လောင်းတွေနဲ့ ဝိဇ္ဇာ ဇော်ဂျီ တပသိတို့ နလုံးမွေလျော် ပျော်ခဲ့တဲ့ နေရာပေါ့။ ဂန္ဓာရီ ခရီးသည်၊ ဝိဇ္ဇာရေ ထွက်ရပ်လမ်း မြန်မည့် အကျင့်စရဏ တွေကို ကျင့်ကြသူတိုင်း အောင်ကြောင်း ဝေဖြာ အောင်မြေမဟာကြီးပဲကွဲ့။ အဲဒီ မြေကို အောင်မင်္ဂလာ တစ်နည်းနည်းနဲ့ ယူကြတယ်။ စိမ့်ကြီးဂန်ိ မြင်ကြီးဝနာ ဝိဇ္ဇာတို့ရဲ့ အောင်ဂေဟာအရပ်ပဲ။

နောက်တစ်ခုက သားတို့လို ပြည်ဝင်ပြည်ထွက်အကျင့်တွေ ကျင့် ကြသူတွေအတွက် အင်းဂူဆိုတာ ရှိ တယ်။ အဲဒီအင်းဂူကို ဆင်းပြီး ပိုးဂူကို ပြောင်းကျင့်ကြရတယ်။ "အင်းဂူမှာ အောင်း၊ ပိုးဂူပြောင်း၊ ထုံဟောင်း ပြည် ထွက်ကြောင်" ဆိုတဲ့ တဘောင်အတိတ် အောင်နိမိတ်လည်း ရှိတယ်။ ငါ့သား ပြည်ထွက် ဆက်လက်ကျင့်မယ်ဆိုရင် ပြည်မြို့တစ်ဖက်ကမ်း ပိုးဦးတောင်ကို လာခဲ့။ ဘ တောင်ပေါ်စေတီလေးက စောင့်နေတယ်။ အဲဒီမှာ ဘလည်း အကူအညီတွေ ပေးနိုင်ပါလိမ့်မယ်"

ဟု မှာလေသည်။

"ကျေးဇူးတင်ပါတယ် ဘ သူတော်"

"အိမ်း···သာဓု···သာဓု··· သာဓု"

ဘသူတော်က စကားအဆုံး သာဓုသုံးကြိမ်ခေါ်ပြီး ထွက်သွားသည်။ ဂန္ဓာရီ ဆရာလေး ရဲဇော်လည်း ဘ သူတော်ကို ကြည့်ရင်း နောက်တစ်နေ့ ၌ ပိုးဦးတောင်ဘက်ကမ်းကူးရန် ဆုံး ဖြတ်ချက်ချလိုက်သည်။ ထိုဆုံးဖြတ် ချက်အတိုင်းပင် သူ တစ်ခါဖူးမျှ မရောက်ဘူးသည့် ပိုးဦးတောင်ဘက်သို့ "ချမ်းမြေအောင်" မော်တော်လေးကို စီးနင်းလိုက်ပါလာခဲ့ခြင်းဖြစ်လေ၏။

♦♦♦

ချမ်းမြေအောင် မော်တော်လေး က မှန်မှန်ခုတ်မောင်းလျက်ရှိသည်။

ဂန္ဓာရီ ဆရာလေး ရဲဇော်သည် မော်တော်လေး၏ ပြတင်းပေါက်အနီး တွင် ထိုင်၍ လိုက်ပါလာရင်း တစ်ဖက် ကမ်းတွင် လှမ်းမြင်နေရသည့် အနောက် ဂိုးမဟု ခေါ်သော ဂိုးမတောင်တန်းကြီး ၌ ပါသည့် ညှိညှိမောင်းမောင်း မှိုင်းမှိုင်း ပြာပြာ တောင်တန်းကြီးများကို ကြည့် ရင်း ဖိုးဦးတောင်ကို မှန်းဆနေမိသည်။ ဘသူတော်၏ ဖိတ်ကြားချက်ကြောင့် သာ လာခဲ့ရသော်လည်း စင်စစ်တော့ ဖိုးဦးတောင်ဆိုသည်မှာ မည်သည့် တောင်မှန်း မသိပါချေ။

တစ်ဖက်ကမ်းသို့ နေ့ တစ်နာရီ လောက်မှ ရောက်မည်ဖြစ်ပြီး ဖိုးဦး တောင်ကို မေးရ၌ တက်ရမည်။ တောင် ပေါ် စေတီလေးမှ ဘသူတော် စောင့် နေမည်ဖြစ်သည်။ စေတီလေး ရောက် လျှင် အနည်းဆုံး သုံးနာရီ လေးနာရီ တော့ ရှိချေမည်။ ထိုမှ ဘသူတော်ကို မတွေ့၍ ပြည်မြို့သို့ ပြန်ရမည်ဆိုပါက ညနေဝိုင်း ပြည်ဘက်ကမ်း ပြန်ကူးမည့် မော်တော်တို့ စက်လှေတို့က မရှိတော့ နောက်ပြီး အင်းဂူဆိုတာကိုလည်း သူ မသိ။ ပိုးဂူဆိုတာတော့ ဝေလာဝေး။ သည်သို့ဆိုလျှင်···

ဂန္ဓာရီ ဆရာလေး ရဲဇော်၏ ရင် ထဲ ကြောင့်ကြပူပန်စိတ်တို့က ကြီးစိုး နေ၏။ ဘသူတော် စောင့်မှာပေါ့လေ။ သူကိုယ်တိုင်ပြောခဲ့တာပဲ ဟူသည့် အတွေးကို တွေးမိပြန်တော့ သက်သာ သလို ဖြစ်လာပြန်သည်။ သည်ယို့နှင့်ပင် မော်တော်လေးက တစ်ဖက်ကမ်းသို့ ကပ်မှန်းမသိ တဖြည်းဖြည်းကပ်လာခဲ့ သည်။

"ဒီက မိတ်ဆွေက ဘယ်သွား လဲ"

သူနဲ့ဘေးတွင် ညောင်ပင်လေး ဆိပ်ကတည်းက အတူစီးနင်းလိုက် သည့် သူနှင့် ရွယ်တူလောက်ရှိ တစ်ချိန်လုံး ပုတီးစိပ်နေသူတစ်ဦး ပုတီးကို သိမ်းပြီး သူ့ကို မေးလိုက်ခြင်း ဖြစ်၏။

မော်တော်လေးပေါ်၌ ယောဂီ မိန်းမ၊ ကလေး၊ လူကြီး စီးနင်းလိုက် လာသူ ၃၀နီးပါးမျှ ရှိသော်လည်း အုပ်စုနှင့် သူ၊ သူ့အဖွဲ့နှင့် သူ စု စုမြည်ပြောကြဆိုကြ ရယ်ကြမောကြ ရှိနေကြသော်လည်း သူနှင့် သူ့နေ့ မှ တစ်ချိန်လုံး ပုတီးစိပ် လိုက်ပါ သူ နှစ်ဦးသာ တိတ်ဆိတ်ငြိမ်သက် ခဲ့ကြလေသည်။ တစ်ဦးက ပုတီးစိပ် သဖြင့် ငြိမ်သက်နေခြင်းဖြစ်ပြီး သူ တော့ သူ့အတွေးနှင့် သူ ငြိမ်သက် လိုက်ပါလာခြင်းဖြစ်သည်။

ထိုအချိန်တွင်ပင် သူ့နေ့ လူက မေးလိုက်ခြင်းဖြစ်သည်။ ဆရာလေး ရဲဇော်က ထိုသူကို ခတ်သလို ကြည့်ရင်း ထိုသူ့အား မဖြေသေးဘဲ···

"မိတ်ဆွေကရော ဘယ်သွား ပါလိမ့်"

ဟု ပြန်မေးလိုက်၏။

"ဖိုးဦးတောင်ကိုပါ။ ဖိုးဦးတော် ပေါ် စေတီလေးကို သွားမှာပါ"

ဂန္ဓာရီ ဆရာလေး ရဲဇော်က ထိုသူထံမှ ထွက်ပေါ်လာသည့် စကား ကို ကြားလိုက်ရသည်နှင့် အံ့သြ သာသွားလေသည်။ သူ မသိသည့် မရောက်ဘူးသော ခရီးစဉ်အား အဖော်တစ်ဦးရလာရုံမျှမက၊ ထိုသူက လမ်းညွှန်ပို့ဆောင်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်သည်မဟုတ်ပါ ဟု။

"ကျွန်တော်လည်း ဖိုးဦးတောင် ဆောင်ပေါ်စေတီလေးကို သွားမှာပါ"

သည်တော့မှ သူက ဝမ်းသာအားရဖြင့် ပျာပျာသလဲ ပြောလိုက်သည်။

"ဒါဆို အဖော်ရတာပဲ။ အတူတူသွားကြတာပေါ့"

"ဟုတ်ကဲ့၊ အတူတူသွားကြတာပေါ့"

ဂန္ဓာရီ ဆရာလေး ရဲဇော်က သဘောကျွေးကွာ ပြောရင်း ဝမ်းသာအားရ ခေါင်းညိတ်လိုက်လေ၏။

♦♦♦

ဖိုးဦးတောင် တောင်ပေါ်စေတီသေသို့ ဂန္ဓာရီ ဆရာလေး ရဲဇော်ညနေ ၃နာရီလောက်၌ ရောက်ခဲ့သည်။ သူ့အား တောင်ပေါ်စေတီလေးကို ဦးဆောင်ခေါ်လာခဲ့သူ ခရီးကြုံတိတ်ဆွေကတော့ တောင်ပေါ်စေတီဆက်သည်နှင့် သူကို နှုတ်ဆက်ကာ စေတီလေး၏ တစ်ဖက်သို့ ထွက်ခွာသွားလေသည်။ စေတီလေး၌ ဘုရားတော်ကို အဆင်သင့် တွေ့လိုက်ရ၏။

"ဘုရားတော်ရယ်...ကျွန်တော့် ဆွေးတတ် မလာတတ်နဲ့ စိတ်ပွေနေနေရတာ။ ဘုရားတော်ကို မတွေ့ ရင် ဘယ်လိုလုပ်ရပါ့မလဲပေါ့"

သူက စေတီလေး ဝတ်ပြည့်အောင်မြင်ပြီးသည်နှင့် ဘုရားတော်ကြီးကို ရှိခိုးလိုက်သည်။ ဘုရားတော်က ပြီး ရင်း...

"သူတော်ကောင်းသွားတဲ့ လမ်း သားရယ်။ အကူအညီဆိုတာ အလိုရှိလာမှာပါ။ သားသာ စိတ်ဓာတ် ကြံ့ခိုင်ခိုင်ရှိပါစေပေါ့။ သားက ခု တယ်အားငယ်တတ်တာကိုးကွဲ့ နောက်ပြီး ဘက ကတိသစ္စာကို ဦးထိပ်ထားတဲ့သူပါ"

ဘုရားတော်က ပြောရင်း ယခုည ဂျီစေတီလေးတွင် စတင် အဓိဋ္ဌာန်ယူရန် ပြောသည်။ အဓိဋ္ဌာန်းယူ ပြည့်ဝွက်လမ်းစဉ်ကျင့်နေစဉ်အတွင်း စားရေသောက်ရေကအစ မယူရန် သူ တာဝန်ယူမည်ဖြစ်ကြောင်းလည်း ပြောလေ၏။

ထို့နောက် ဝိဇ္ဇာဓရ ထွက်ရပ်လမ်းနှင့် ပတ်သက်၍ အခက်အခဲအတားအဆီး အနှောင့်အယှက်များလည်း အမျိုးမျိုးတွေ့နိုင်ကြောင်း၊ ဝိဇ္ဇာတို့၏ တန်ခိုးသိဒ္ဓိ ဆိုသည်တို့မှာ နတ်တို့၏ တန်ခိုးသိဒ္ဓိနှင့် တူမျှကြသဖြင့် နတ်တို့၏ မနာလိုဖြစ် နောင့်ယှက်တတ်ကြကြောင်း၊ ကိုယ်စောင့်နတ်ကအစ တောစောင့်နတ်၊ တောင်စောင့်နတ် အစရှိသဖြင့် နတ်အများကို အထူးမေတ္တာပို့ရမည်ဖြစ်ကြောင်း၊ နတ်တို့နှင့် ချစ်ခြင်းကို ဖြစ်စေရမည်ဖြစ်ကြောင်းလည်း အမိန့်ရှိလေသည်။

ထိုညက ဂန္ဓာရီ ဆရာလေး ရဲဇော်သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဘုရားလျှောက်ပြီး "ဝိဇ္ဇာစရဏ သမ္မန္နော" ပုတီးစိပ်ကို အပတ်ရေ (၁၀၈) ပတ်စိပ်ပြီး စတင် အဓိဋ္ဌာန်ယူခဲ့၏။ ပြည့်ဝင်ကျင့်စဉ် အဓိဋ္ဌာန်ယူခဲ့စဉ်က ထိုပုတီးစိပ်ကိုပင် အခါအားလျော်စွာ တွေ့ ကြုံခဲ့ရသော ဆရာသခင်တို့က ညွှန်ကြားခဲ့သည်။ အဓိဋ္ဌာန်ယူရမည့် နေရာဌာနတို့သာ ကွဲပြားခဲ့ရသည်။ သို့ကြောင့် ယခု ပြည့်ထွက်ကျင့်စဉ်၌လည်း ထိုပုတီးစိပ်ဖြင့်ပင် စတင် အဓိဋ္ဌာန်ယူလိုက်ခြင်းဖြစ်ပေ၏။

နံနက် အရုဏ်တက်ချိန် တောင်စာလေးများတွင် ငှက်ကလေးများ စာတီးချေးများ တီတီတာတာ ဆူညံ မြည်ချိန်၌ ဘုရားတော်လက်ထဲတွင် ဆွမ်းတော်ကပ်ရန် အင်္ဂေတထောင်းထောင်းထနေသော ဆွမ်းအုပ်ကလေးကို ကိုင်ရင်း ရောက်လာသည်။ နောက် စေတီလေး၌ စကျင်ကျောက်သားများနှင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်ရှေ့ရှိ ဆွမ်းကလပ်တွင် ဆွမ်းအုပ်ကလေးကို တင်ကာ ဘုရား၀တ်ပြုမေတ္တာပို့ကာ ဆွမ်းကပ်ပြီး သူ၏ လုပ်နေကျ ဝတ်များဖြစ်ဟန်တူသော ပုတီးစိပ်ခြင်း၊ တရားဘာဝနာ ရှုမှတ်ပွားများခြင်းတို့ကို ဆက်လက်ပြုလုပ်လေသည်။

ပြုဖွယ်ကိစ္စများအားလုံးပြီးမှ ဘုရားတော် သူ့ဆီ ထလာသည်။ နောက်...

"ကဲ...သား အရုဏ်ဆွမ်းစားရအောင်၊ ဆွမ်းစားပြီးရင် ဇီကနေ နေရာပြောင်းရမယ်။ အင်းဂူကို သွားရမယ်" ဟု ပြောလိုက်သည်။

♦♦♦

"အင်းဂူ"

အင်းဂူဆိုသည်မှာ ဂန္ဓာရီ ဆရာလေး ရဲဇော် လှမ်းမြင်နေရသည့် ပေတစ်ထောင်လောက်မြင့်မည့် တောင်ကြီး၏ အလယ်၊ တောင်ကမ်းပါးယံတွင် ရှိသည်ဟု ဘုရားတော်က ပြောသဖြင့် ခက်ခက်ခဲခဲ ဆင်းရမည့်နေရာဖြစ်ကြောင်း တွေးရင်း ဂန္ဓာရီ ဆရာလေး ရဲဇော် ပခုံးတွန့်သွားမိပေ၏။

"အင်းဂူက ဟိုရှေ့က တောင်မြင့်မြင့်ကြီးရဲ့ တောင်ခါးပန်းအလယ်တည့်တည့်မှာ ရှိတယ်။ တော်တော်ခက်ခက်ခဲခဲတော့ သွားရတဲ့ နေရာပဲ။ တောင်တန်းကြီးပေါ်ကိုသာ လူတွေ ရောက်နိုင်ကြပေမယ့် အင်းဂူရှိတဲ့ တောင်စောင်းကိုတော့ ရောက်ဖို့ မလွယ်ဘူး။ တစ်ချက်အတိမ်းမခံဘူး။ တစ်ချက်မှား တာနဲ့ ဘဝခြားသွားနိုင်တဲ့ နေရာလဲ။

www.burmeseclassic.com

www.burmeseclassic.com

သားတို့ ဘတို့ ကျွင်းနေကြတဲ့ ဂန္ဓာရီ **မည်သမျှပါ သားရယ်**"

ဘသူတော်၏ စကားကြားတော့ သူ ပိုဆိုးသွားသည်။ သူ ကျင်လည်ခဲ့ရသည့် ပတ်ဝန်းကျင်က တစ်ဆယ့်နှစ်ရာသီပတ်လုံး ကောက်နှံများ သင်းနေသည့် မြေပြန့်လွင်ပြင်။ တောင်ဆင်းတောင်တက်လမ်းမရှိ။ ပြန့်ပြူးသော လယ်ယာတောများသာ ရှိသည်။ သည်တော့ ခက်ခဲသော၊ မတ်စောက်သော တောင်ကမ်းပါးယံကြီးကို ဆင်းဖို့ တက်ဖို့ဆိုတာ သူအတွက် **အတွန်မလွယ်ကူ** သည်ကိုးကြီးဖြစ်၏။

သို့သော် ဝိဇ္ဇာရေလမ်းစဉ်ကို လျှောက်လှမ်းနေသော ဂန္ဓာရီခရီးသည် တစ်ဦးအနေဖြင့် မိမိ၏ ရည်ရွယ်ချက်များ၊ မျှော်လင့်တောင့်တချက်များ၊ အဓိဌာန်များ အောင်မြင်ဖို့ ဆိုပါက မလွဲမသွေ လျှောက်ကို လျှောက်ရမည် ဖြစ်သည်။ တွန့်ဆုတ်ကြောက်ရွံ့စိတ် ရှိနေပါက ဘယ်မှာ အောင်မြင်နိုင်ပါမည်နည်း။ သို့ကြောင့်ပင် ဂန္ဓာရီ ဆရာလေး ရဲဇော်သည် အရုဏ်ဆွမ်းစားပြီးသည်နှင့် ကျောပိုးအိတ်ကို ပိုးကာ ဘသူတော်နှင့်အတူ အင်းဂူရိုရာ တောင်တန်းကြီး ဆီသို့ ထွက်ခဲ့ကြလေသည်။

"ဘာပဲဖြစ်ဖြစ် မကြောက်ပါနဲ့ သားရယ်။ သူတော်ကောင်းတွေ သွားတဲ့ လမ်းမှာ အစောင့်အရောက်တွေ ရှိပါတယ်"

"ဟုတ်ကဲ့ပါ ဘသူတော်။ ကျွန်တော် စိတ်တင်းထားပါတယ်။ ကျွန်တော့်အဓိဌာန် အောင်ကို အောင်မြင်ရမှာပါ။ ကျွန်တော် မအောင်မြင်မချင်း ကြိုးစားမှာပါ"

"အေးအေး၊ ဒါမှပေါ့ကွဲ့"

ထို့နောက် စကားတပြောပြော နှင့် နှစ်ယောက်သား ထွက်ခဲ့ကြရာ နှစ်နာရီနီးပါးအကြာတွင် အင်းဂူရိုရာ **ဆောင်ခြေရို့** ရောက်ခဲ့ကြလေ၏။

"ညြော်...သားကို ပြောရဦးမယ်။ ဒီတောင်ကို ဥဿဘတောင်လို့ ခေါ်တယ်။ မြတ်စွာဘုရားအလောင်းတော် နှစဉ်အခါက တစ်ခုသောဘဝမှာ ဒီတောင်မှာ နွားလားဥဿဘဖြစ်ခဲ့ပူးတယ်လို့ အဆိုရှိကြတယ်။ တောင်ကြီးကလည်း ခပ်ဆေးဆေးက ကြည့်ရင် နွားတစ်ကောင်ဟန်အပြည့်နဲ့ ရပ်နေသလိုပဲ။ ဝိဇ္ဇာဓိရ်ကြီးတွေ ကျက်စား ပျော်မြူးကြတဲ့ နေရာလို့လည်း ပြောကြတယ်။ နတ်လည်း ကြီးတယ်။ အမှားအယွင်း သိပ်မခံဘူး။ ဒီနေရာမှာ ပထမအဘ ဘိုးဘိုးအောင်ကိုယ်တိုင် အင်းဂူကြီးထဲ ဝင်ပြီး နှစ်ပေါင်းများစွာ နေခဲ့တယ်။ ဒါကြောင့် ဒီတောင်ကြောတောင်တန်းကြီးတစ်ခုလုံး ဝိဇ္ဇာဓာတ်တွေ အပြည့်ရှိတယ်။ ငါ့သားလည်း အင်းဂူကြီးထဲမှာ ထုံဝင်အောင်ပြီး ဝိဇ္ဇာဓာတ်တွေ ယူရမယ်"

ဘသူတော်က အင်းဂူကြီးရဲ့ **အို့** လက်ညှိုးထိုးပြရင်း သူကို ပြောသည်။

"ကဲ - ငါ့သား၊ ခု ဘပြင်နေရာကနေ အင်းဂူရိုရာကို တက်ရော့၊ လမ်းကတော့ မရှိဘူး။ အဆင်သလိုသာ ကြည့်တက်။ ဘက ဟိုဘက်နတ်ရေတွင်းဘက်ကနေ ဝါးကျည်တောက်လုပ်ပြီး ရေခပ်ရင်း တက်မယ်။ တက်တာတော့ သတိ ဝီရိယနဲ့ တက်ဟေ့၊ ငါ့သားရဲ့"

ဂန္ဓာရီ ဆရာလေး ရဲဇော် ခြေညီတ်လိုက်စဉ်ပင် ဘသူတော်က တောင်ခြေအတိုင်း ဆက်လျှောက်သွားလေသည်။ ဘသူတော်ကို မမြင်ရတော့မှ သူလည်း အင်းဂူရိုမည့် တောင်ခြေပန်းအလယ်ကြောသို့ သစ်ပင်များ၊ နွယ်ကြိုးများ၊ သစ်ကိုင်းများကို ဆွဲကာ ခက်ခက်ခဲခဲ တက်ခဲ့လေ၏။

♦♦♦

ဥဿဘတောင်၏ သဘာဝအနေအထားက ထရံတောင်ကြီးလို မတ်စောက်သည့် တောင်နံရံများ ရှိသော တောင်ကြောကြီးဖြစ်သဖြင့် နွယ်ကြိုးများ၊ သစ်ပင်သစ်ကိုင်းများကို ဆွဲရင်း တက်နေရကား အလွန်ခက်ခဲလှသဖြင့် တစ်ကိုယ်လုံး ဇောချွေးများပင် ပြန်လျက်ရှိပေသည်။

တောင်ကြော၏ တောင်နံရံများက အချို့နေရာများတွင် ကျောက်ဖျာတုံးကြီးများ၊ ဂဝံကျောက်များ၊ ထူတစ်လဲတစ်ပြန်ရှိသည့် ကျောက်သားပြင်ကြီးများနှင့် ပြည့်နှက်နေသဖြင့် ထူတက်ရန် အလွန်မှပင် ခဲယဉ်းလှသော အနေအထားဖြစ်လေသည်။ တစ်တစ်ရဲ့ ကျောက်သား၊ ကျောက်ဖျာများကြားတွင် ဆွဲစရာ သစ်ပင်ကာ မပေါက်

သူ ပေသုံးရာလောက်အရောက်

www.burmeseclassic.com

www.burmeseclassic.com



၌ ပိုမိုခက်ခဲမှုတစ်ခုနှင့် နလုံးသွေးရပ်ခမန်း ကြုံတွေ့လိုက်ရလေတော့၏။ အကြောင်းသော်ကား လူတစ်ရပ်ခန့် အမြင့်နှင့် ဝါးတစ်ရိုက်လောက်အကျယ်ရှိ ကျောက်ဖျာကြီးကို နွယ်ကြိုးအားကိုးနှင့် သက်စွန့်ဆဲဖျား သူတက်ခဲ့သည်။ သို့သော် အလယ်လောက်အရောက်တွင် နွယ်ကြိုးကြီး ပြတ်သွားသဖြင့် ကမန်းကတန်း တစ်ထွာနီးပါးမျှ ချွန်ထွက်နေသော ကျောက်စွန်းလေးတစ်ခုကို လှမ်းတစ်ပြက် ဆွဲထားလိုက်ရလေသည်။

နောက်ဆုံး သူသည် ကျောက်ဖျာကြီးကိုလည်း ခြေကုပ်ယူမရ။ သူ ခန္ဓာကိုယ်ကြီးနှင့် တစ်ထွာလောက်ရှိ ကျောက်စွန်းလေးကိုလည်း ကြာရှည်စွာ ဆွဲထားနိုင်မည့်အနေအထားမျိုး မဟုတ်တော့ဘဲ ကျောက်စွန်းလေးကို ဆွဲပြီး ခွာလည်လည်သလို ယက်ကန်ယက်ကန်ဖြစ်နေသည်။ လက်နှစ်ဖက်လုံးတွင်လည်း သွေးများ စိုလာကြ၏။

သည်အချိန်သည် သူ့အတွက် နောက်ဆုံးအချိန်များလားဟုလည်း တွေးထင်လိုက်၏။ အခြေအနေက လုံးဝ မကောင်းတော့။ နောက်ထပ် သည်ကျောက်စွန်းကို သူ ဘယ်လောက်ကြာကြာ ဆွဲထားနိုင်မှာမို့လဲ။ မတော် ၅ လက်လွတ်သွားပါက (သို့မဟုတ်) ဆွဲထားသော ကျောက်စွန်းလေး ပဲ့ထွက်သွားပါက သူ မတွေးရဲလောက်အောင်ပင် ဖြစ်နေရပေ၏။

ထိုအချိန်တွင် မမျှော်လင့်ဘဲ လူတစ်ယောက်၏ လှမ်းအော် သတိပေးသံတစ်ခုက ထွက်ပေါ်လာသည်။

"ဆရာလေး···စိတ်ကို တင်းထား၊ မလျော့လိုက်နဲ့။ လက်မလွှတ်လိုက်နဲ့။ ကျုပ် ကြိုးချလိုက်မယ်။ ကြိုးကို လှမ်းဆွဲ···လှမ်းဆွဲ"

အသံက အင်းဂူကြီးဆီမှ ပေါ်လာခြင်းဖြစ်သည်။ အသံလာရာ မော့ကြည့်လိုက်တော့ သူနှင့် မော်တော်ပေါ်မှာ တွေ့ပြီး ဗိုင်းတောင်ဘုရားအထိ အတူလာခဲ့ကြသည့် ခရီးသွားဖော်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုသူ၏ နံဘေးမှာလည်း ဘသူတော်ကို ရပ်လျက် တွေ့ရ၏။ နစ်ယောက်စလုံး အင်းဂူဘေးမှ ကျောက်ဖျာကြီးပေါ်တွင် ရပ်နေကြခြင်းဖြစ်သည်။

သူကြည့်နေစဉ်မှာပင် ပိုက်ဆံလျှော်ကြီးတစ်ချောင်းက တဖြည်းဖြည်း သူရှိရာသို့ လျှောကျလာသည်။

အင်းဂူကြီးဆီ ရောက်တော့ သူ အတော်မောသွားချေ၏။ ဘသူတော်က သူ့ကို ရေတစ်ခွက်တိုက်သည်။ ဘသူတော်တိုက်သော ရေသောက်ပြီး သူ အိပ်ပျော်သွားလေတော့၏။

အိပ်ယာက နိုးတော့ နေ့လယ် ၁၂နာရီလောက် ရှိပြီဖြစ်သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်ရသဖြင့် လူလည်း အတော်အတန် လန်းဆန်းသွားလေသည်။

♦♦♦

"သား···နိုးပြီပ"

ဘသူတော်က သူ့ထံ လျှောက်လာရင်း လှမ်းမေးလိုက်၏။

"ဟုတ်ကဲ့ ဘသူတော်၊ နိုးပါပြီ"

သူက ကိုယ်လက်ဆန့်ရင်း ဖြေလိုက်သည်။

"အေးအေး၊ နိုးပြီဆိုရင်တော့ ဆွမ်းမီသေးတယ်။ ၁၂နာရီမထိုးသေးဘူး"

သည်တော့မှ ဗိုက်ထဲက တကြုတ်ကြုတ်မြည်နေသည်ကို သတိထားလိုက်မိ၏။ ထို့ကြောင့် ဘသူတော် အဆင်သင့် ပြင်ပေးထားသော ဆွမ်းကို အားရပါးရစားလိုက်သည်။

"သူတော်ကောင်းတွေ သွားတဲ့ လမ်းမှာ သူတော်ကောင်းတွေ အမြဲစောင့်ရှောက်တယ်ဆိုတာ သား ယုံပြီလား"

ဘသူတော်က ဂန္ဓာရီဆရာလေး ဆွမ်းစားနေသည်ကို ကြည့်ရင်း မေးလိုက်၏။

"ဟုတ်ကဲ့၊ ယုံပါပြီ ဘသူတော်။ ဒါ့ထက် သားကို ကြိုးချပေးတဲ့ မိတ်ဆွေရော ဘယ်ရောက်သွားလဲ ဘသူတော်။ အဲဒီမိတ်ဆွေဟာ သားကို ကူညီခဲ့တာ နှစ်ခါရှိပြီ"

"သူ့အလုပ် သူသွားလုပ်နေပြီကွဲ့။ သူလည်း သားလိုပဲ ပြည်ထွက်ကျင့်စဉ် ကျင့်ရအောင် လာတဲ့ ဂန္ဓာရီခရီးသည်ပဲ"

"ဩော်···တိုက်တိုက်ဆိုင်ဆိုင်ပါလား"

ဂန္ဓာရီ ဆရာလေး ရဲတော် တအံ့တသြဖြစ်သွားသည်။ သို့သော် ဘသူတော်နှင့် မည်သို့ဆက်စပ်ပုံနှင့် ခက်ခဲလှသော ဥဿဘတောင်ကြီးပေါ်ကို ဘသူတော် မည်သို့အလွယ်တကူ တက်ရောက်နိုင်ခဲ့ပုံတို့ကိုတော့ မမေးဖြစ်ခဲ့တော့။ အလွန်ထူးခြားမှုတစ်ခုအဖြစ်သာ သူ သဘောထားလိုက်လေ၏။

"ငါ့သား စားသောက်ပြီးရင်တော့ အင်းဂူကြီးထဲ ဝင်ပြီး ပုတီးစိပ်ပေတော့။ အိမ်···ပုတီးစိပ်ပေတော့ ဆိုတော့ ပုတီးစိပ်နည်းကိုလည်း ပြောရဦးမယ်။ ပုတီးစိပ်တဲ့အခါမှာ ပြည်ထွက်ကျင့်စဉ်က သမားရိုးကျ စိပ်လို့ မရဘူး။ ကိုယ်စိပ်ချင်သလို၊ စိပ်တတ်သလို မစိပ်ရဘူး။ သူက တမူထူးတယ်"

ဘသူတော်က ပြည်ထွက် ကျင့်စဉ်၏ ပုတီးစိပ်နည်းကို ရှင်းပြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီ ဆရာလေး ရဲတော် ထူးဆန်းသလို ငေးကြည့်ရင်း အံ့သြစွာဖြင့် နားထောင်နေလိုက်၏။

"ပုတီးစိပ်တယ်ဆိုတာ သမားရိုးကျကတော့ လက်ညှိုးနဲ့ပဲ ပုတီးလုံးလေးတွေကို ဆွဲယူ စိပ်ကြတာပဲ။ တခြားနည်းတွေမှာ စိပ်ရပေမယ့် ပြည်ထွက်ကျင့်စဉ်ကျတော့ လက်ခလယ်နဲ့ စိပ်ရတယ်။ လက်ခလယ်နဲ့ လက်မတွဲစိပ်ရတယ်။ ဒါမှ သိဒ္ဓိဓာတ်တွေ အပြည့်ရတယ်။ လက်ညှိုးနဲ့ စိပ်တာက ဆွဲငင်မှုအားကျတယ်။ သံလိုက်ဓာတ်နည်းတယ်။ ကောင်းကျိုးချမ်းသာတွေကို အပြည့်အဝ မရနိုင်ဘူး။

ပုတီးစိပ်တဲ့ အခါမှာလည်း ကာယ၊ ဝစီ၊ မနော အညီကျရတယ်။ ပုတီးတစ်လုံးချတိုင်း ချတိုင်း သုံးချက်ညီရတယ်။ ကိုယ်စိပ်မယ့် ပုတီးစိပ်ကို ပါးစပ်က ရွတ်၊ စိတ်မနောက ကိုယ် ရွတ်ဆိုတဲ့ ပုတီးစိပ်ရဲ့ အဓိပ္ပာယ်ကို ပေါ်အောင် အာရုံပြု၊ လက်က ဟန်ချက်ညီညီ ပုတီးကို စိပ်၊ အဲဒီသုံးချက်ညီမှ အကျိုးပေးတယ်။

နောက်တစ်ခုက ဝိဇ္ဇာပညာရပ်အတွက် ကျင့်တာဆိုတော့ ဇပယောဂနည်းအရ မျက်နှာမူရာအရပ်ကို ရွေးရတယ်။ အဲဒီနည်းအရ ပြောရရင် မြောက်အရပ် မျက်နှာမူ စိပ်ရမယ်။ မြောက်အရပ်က ဆွဲငင်ဓာတ်အားကောင်တဲ့ အရပ်ဖြစ်တယ်။ အာယု၊ လာဘ၊ ဓန၊ သုခ၊ သိရီ စတဲ့ သိဒ္ဓိတွေ အမြန်ဆုံး ရနိုင်တယ်။ ဝိဇ္ဇာဓရသိဒ္ဓိတွေ အမြန်ဆုံး ရနိုင်တယ်"

ဂန္ဓာရီ ဆရာလေး ရဲတော်သည် သူအတွက် အထူးအဆန်းများဖြစ်နေသော ဘသူတော်၏ စကားများကို နားထောင် နာခံမှတ်သားရင်း နေ့တစ်နာရီတွင် အဘ ဘိုးဘိုးအောင် နေခဲ့သည် ဆိုသော ထုံကျင်းကြီးဖြစ်သည့် အင်းဂူထဲသို့ ဝင်ခဲ့လေ၏။

♦♦♦

အင်းဂူမှာ တောင်အတွင်းဘက်သို့ ဥမင်လိုဏ်သဏ္ဌာန်ပြုလုပ်ထားသော ဂူဖြစ်သည်။ သိပ်တော့ မထူခြောက်လှပေ။ ဂူပေါက်ဝ၌ ထူခြားမူဆို၍ အဘ ဘိုးဘိုးအောင်၏ တင်ပလ္လင်ခွေ ပုတီးကိုင် ရုပ်တုတစ်ခုသာ ရှိသည်။ ဂန္ဓာရီဆရာလေး ရဲတော်သည် ဘသူတော် ညွှန်ကြားသည့်အတိုင်း အဓိဋ္ဌာန်ယူခဲ့လေ၏။

သူ အဓိဋ္ဌာန်ယူနေစဉ်အတွင်း ဘသူတော်က သူ့အတွက် နတ်ရေကန် ရှိရာ တောင်ခြေသို့ ရောခပ်ဆင်းပြီး စားစရာ သောက်စရာများကို မပူမပင် ရန် ဖန်တီးပေးသည်။ ထူခြားသည် က···

"ဤစကြဝဠာအတွင်း၌ ဘုရား ရဟန္တာ၊ ပစ္စေက ဗုဒ္ဓါတို့နှင့် သိဒ္ဓိရှင် မဟိဒ္ဓိရှင်တို့၏ ဟိတ်တန်ခိုးတွေ အမှန် တကယ်ရှိနေသည်ဟု ကျွန်ုပ် ကောင်းစွာ ယုံကြည်ပါသည်။ ဤဟိတ်တန်ခိုးတွေကို ခံယူရန် ကျွန်ုပ်၏ နလုံးအိမ်တစ်ခုလုံး အသင့်ဖွင့်လျက်ရှိနေပါ၏။ သို့အတွက် စကြဝဠာအတွင်း ပျံနှံ့လျက်ရှိသော ဘုရား ရဟန္တာ၊ ပစ္စေက ဗုဒ္ဓါတို့နှင့် သိဒ္ဓိရှင် မဟိဒ္ဓိရှင်တို့၏ ဟိတ်တန်ခိုးတို့သည် ကျွန်ုပ်၏ ဖွင့်ဟလျက်ရှိသော နလုံးသည်းပွတ်သို့ ဝင်ရောက်တည်ပါစေသတည်း"

ဟု နံနက်တိုင်း နေထွက်ရာ အရပ် မျက်နှာမူပြီး သုံးကြိမ်သုံးခါတိုင် လက်နှစ်ဖက်ဆန့်တန်း၍ အော်ဟစ်ကာ တကယ် တန်ခိုးသိဒ္ဓိတွေ မိမိထံ ရောက်ရှိလာပြီဖြစ်ကြောင်း ယုံကြည်ရန် ပင်ဖြစ်သည်။

သို့နှင့်ပင် ဂန္ဓာရီဆရာလေးသည် လေးရက်မြောက်နေ့၌ ပိုးဂူရှိရာ ဖိုးဦးတောင်သို့ ပြန်လည်ရွှေ့ပြောင်းခဲ့လေ၏။ ပိုးဂူမှာ တောင်၏ ထိပ်၌ ရှိ၍ ဂူထိပ်တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိသည်။ ပိုးဂူမှာ ယောကျ်ားကြီးနှစ်ဖက်စာသာ ကျယ်၍ အနက် ၁၁တောင်၊ ၁၂တောင် ခန့်မျှရှိ မြေစိုက်တွင်းကြီးတစ်တွင်းဖြစ်သည်။

တွင်းကြီးကို သံလက်ရန်းများ ပတ်ကာထားသည်။ တွင်းကြီးထိပ်၌ တင်ပလ္လင်ခွေ ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူ စံပယ်လျက်ရှိပြီး တွင်းဝတွင် တံခါးများ တပ်ထားသည်။

"ငါ့သား အဲဒါ ပိုးဂူတွင်းလို့ ခေါ်တယ်။ တစ်နည်းပြောရရင်တော့ ထုံတွင်းကြီးပေါ့။ အဘ ဘိုးဘိုးအောင်ကိုယ်တိုင် အဲဒီထုံတွင်းကြီးထဲ ဆင်းပြီး ဂန္ဓာရီအကျင့်တွေကို ကျင့်ခဲ့တယ်။ ထွက်ရပ်ပေါက် ဝိဇ္ဇာကြီးဖြစ်ခဲ့တယ်။ ပြည်ဝင်ပြည်ထွက်ကျင့်စဉ်မှာ အင်းဂူမှာ မအောင်း၊ ပိုးဂူကို မပြောင်းရင် ထုံဟောင်းအရ ဝိဇ္ဇာမဖြစ်နိုင်ဘူးလို့ အဆိုရှိကြတယ်။ ဝိဇ္ဇာဖြစ်မည့်သူတိုင်း ထုံလာဆင်းကြရတယ်။ ခု ငါ့သားက ပါရမီရှင်ဖြစ်တဲ့အတွက် ဒီအကျင့်တွေကို ကျင့်ပြီး ဒီထုံကျင်း ပိုးဂူကို ရောက်လာရတာ။ ကဲကောင်းတယ် ဆိုရမယ်"

ဘသူတော်က သူ့ကို ပိုးဂူအကြောင်း ရှင်းပြသည်။ ဂန္ဓာရီဆရာလေး ရဲတော်သည် ဘသူတော်နှင့်အတူ တွင်းဝ၌ ရပ်ရင်း တွင်းကြီးထဲသို့ ငုံ့ကြည့်လိုက်၏။ လေ့ကားမရှိဘဲ တွင်း၏ နံရံများကို ခြေကန်ဆင်းရမည့် တွင်းကြီးက မှောင်ပိန်းနေသည်။ တွင်းထဲသို့ ဘာမှမမြင်ရ။ ထိုးကြည့်စရာ ဓာတ်မီးကလည်း ပါမလာ။

သူက တွင်းကြီးကို တစ်လှည့်

www.burmeseclassic.com

www.burmeseclassic.com

ဘသူတော်ကို တစ်လှည့်ကြည့်နေမိသည်။

"ဘာလဲ...ငါ့သား ကြောက်နေတယ်ထင်ပ။ ဘာမှမကြောက်ပါနဲ့ သားရဲ့ သူတော်ကောင်းတွေ သွားတဲ့ လမ်းမှာ သူတော်ကောင်းတွေက အမြဲစောင့်ရှောက်ပါတယ်။ ရဲရဲသာ ဆင်းပါ"

ဘသူတော်က ဂန္ဓာရီဆရာလေးကို ကြည့်ပြီး အားပေးစကားပြောရင်း တိုက်တွန်းလိုက်၏။

ဂန္ဓာရီဆရာလေးသည် မရဲတရဲနှင့်ပင် တွင်းကြီးထဲ ဆင်းရန် ပြင်ဆင်ရင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဦးချ ဝတ်ပြုလိုက်ပြီး တစ်ဆက်တည်း ဘသူတော်ကို ကန်တော့လိုက်သည်။

"ဘသူတော်...သား ဆင်းတော့မယ်"

"အိမ်း...ကောင်းပ၊ ကောင်းပ"

တွင်းကြီးက ပြောင်ချောနေသည်။ ခြေကန်ဆင်းရမည့် တွင်းကြီးဖြစ်သဖြင့် မတော်တဆ ခြေလျှော်သွားပါက အကိုင်အတွယ် အညာအတာမရှိ တွင်းကြီးထဲ ပြုတ်ကျသွားမည်ဖြစ်သည်။ ထို့ကြောင့် သတိကြီးစွာ ထား၍ တွင်းကြီး၏ နံရံနှစ်ဖက်ကို လက်နှင့် ကုတ်ကာ စမ်းတဝါးဝါး ဆင်းခဲ့၏။

♦♦♦

တွင်းကြီး၏ အလယ်လောက် ရောက်တော့ တွင်းကြီးထဲကို ခပ်ပြပြ မြင်လာရသည်။ အမှောင်ထဲ၌ ကျင့်သားရလာသလိုဖြစ်သော သူမျက်စိများက တွင်းထဲကို ရေးရေးမြင်လာသည်။

သည်မှာတင် ဂန္ဓာရီဆရာလေး မျက်လုံးပြူး မျက်ဆန်ပြူးနှင့် နလုံးသွေးရုပ်ခမန်းဖြစ်သွားသည်။ လင်ဗန်းငယ်တမျှ ပါးပြင်းကြီးထလျက် သူ့ကို မာန်ဖီနေသည့် ခြေသလုံးခန့် မြွေငန်းကြီးတစ်ကောင်ကို တွေ့လိုက်ရ၏။

အပေါ်ပြန်တက်ဖို့လည်း လွယ်လွယ်နှင့် ပြန်တက်မရသော အနေအထားဖြစ်နေသည်။ မမျှော်လင့်ဘဲ မြွေငန်းကြီးကို မြင်လိုက်ရသဖြင့် ကြောက်ရွံ့ ထိတ်လန့်သော စိတ်တို့ကြောင့် ရင်မျှား တဒုန်းဒုန်းခုန်လျက်ရှိသည်။ ခြေအဲ့ လက်အဲ့များလည်း သေချင်သလိုဖြစ်ကာ ချွေးများ ပျံလာသည်။

"ဖူး...ဖူး

မြွေငန်းကြီး၏ မှုတ်သံများက လည်း တဖူးဖူး တဘုန်းဘုန်းနှင့် ကြောက်မယ်ဖွယ် ထွက်ပေါ်လျက်ရှိ၏။

နောက်ဆုံး သူ၏ ခြေနှင့် လက်တို့ တွင်းထဲသို့ တဖြည်းဖြည်းလျှောကျလာ၏။ မြွေငန်းကြီးနှင့်လည်း နီးသထက် နီးလာပြီ။ ထိုအချိန်တွင်ပင် ဘသူတော်၏ လက်သုံးစကားဖြစ်သော သူတော်ကောင်းတွေ သွားမယ့်လမ်းမှာ သူတော်ကောင်းတွေ အမြဲစောင့်ရှောက်ပါတယ်ဆိုသည့် အသံကို ပဲ့တင်ထပ်ကြားလာသည်။

ဂန္ဓာရီ ဆရာလေး သတိတစ်ချက် ပြန်ထိန်းလိုက်သည်။ ငါ သူတော်ကောင်းပဲ။ သူတော်ကောင်းတွေရဲ့ အကျင့်ကို ကျင့်နေသူပဲ။ ဂန္ဓာရီခရီးသည်၊ အဓိဌာန်တည်ဆောက်နေသူပဲ။ ငါဟာ ခန္ဓာကိုယ်ကို ဘုရားလူပြီး အဓိဌာန်တည်ဆောက်နေတာပဲ။ ငါ့အဓိဌာန်က ဒီဂူတွင်းကြီးခေါ်တဲ့ ထုံကျင်းကြီးထဲ ဆင်းပြီး ဝိဇ္ဇာဓာတ်တွေ ထုံကူးရင်း အဓိဌာန်ကျင့်ဖို့ပဲ။ ဖြစ်လိုရာ ဖြစ်စေတော့၊ ငါ့အဓိဌာန်အတိုင်း ဆင်းကို ဆင်းမယ်။ ငါ့အဓိဌာန် အပျက်မခံဘူးဟုလည်း ယတိပြတ် ဆုံးဖြတ်လိုက်သည်။

ထိုခဏတွင်ပင် သူ၏ ခြေနှင့် လက်တို့က ထုံကျင်းနံရံမှ ထုံကျင်းကြီး၏ အောက်ခြေသို့ လျှောကျသွားလေတော့၏။

သည်မှာတင် ဂန္ဓာရီ ဆရာလေး ဒုတိယအကြိမ် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားရပြန်သည်။

အကြောင်းသော်ကား စောစောက ထုံကျင်းအလယ်လောက်မှ မြင်နေရသည့်၊ သူ့ကို တဖူးဖူးမှုတ်လျက် ရန်လုပ်နေသော မြွေငန်းကြီးကို လုံးဝ မတွေ့ရတော့ဘဲ မြွေငန်းကြီးအစား လူတစ်ယောက်ထိုင် သင်ဖျာလေး တစ်ချပ်ကိုသာ တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။

ဂန္ဓာရီ ဆရာလေး အလွန်အံ့သြသွားသည်။

"ငါ တွင်းကြီးထဲ ဆင်းတုန်းက ကြောက်နေမိလို့ ကြောက်စိတ်ကြောင့် အထင်မှား အမြင်မှားဖြစ်တာပဲလား။ ဒါမှမဟုတ် ဘသူတော်ပြောသလို နတ်တို့နဲ့ တန်ခိုးတူမျှတဲ့ အကျင့်တွေ ကျင့်လို့ နတ်တွေကပဲ နှောင့်ယှက်ခြောက်လှန့်တာပဲလား။ ဒါမှမဟုတ် ငါ့အဓိဌာန် သီလကိုပဲ ဆိုင်ရာ ပုဂ္ဂိုလ်တွေက စမ်းတာလား" ဟု လှလှပေါင်းများစွာနှင့် တွေးနေလိုက်မိပေသတည်း။

* * *

ခနဝန်းနီ

(ဖြစ်ရပ်မှန်လေးကို ပြောပြပေးသော ဆရာ ရဲတော်(နက္ခတ္တဝေဒသုတေသီ)အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ကျော်တင့်ဆွေ

ကျွန်တော်၏ ဆေးဖက်အသုံးဝင် မြင်းခွာပင်

မြင်းခွာရွက်သုပ်၊ မြင်းခွာရွက်ဟင်းချို၊ တို့မြှုပ်စားခြင်း၊ ဟင်းခါး၊ လက်သုပ် စသည်ဖြင့် စားချင့်စဖွယ် ထမင်းဝိုင်းမှာ တွေ့ရှိစေနိုင်ပါတယ်။ မြင်းခွာရွက်ရဲ့ ဆေးဖက်ဝင်ပုံကို ဤဆောင်းပါးဖြင့် ဖော်ပြလိုက်ပါတယ်။

မှတ်ဉာဏ်နဲ့ ဦးနှောက်ဝိုင်းဆိုင်ရာ အသိတရားများကို ထက်မြက်စေပါတယ်။ အစာကို ကြေလွယ်စေကာ ဆီးကို ရှင်လန်းစေနိုင်ပါတယ်။ အသံကို ကြည်လင်စေပါတယ်။ အသက်ရှည်စေပြီး ရောဂါကင်းဝေးစေပါတယ်။ သွေးဖောက်ပြန်ခြင်း၊ ချောင်းဆိုးခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ကိုယ်တွင်းမှ အဆိပ်အတောက်များ ကင်းရှင်းစေခြင်းတို့ကြောင့် နဖူးစေပြီး အရေပြားရဲ့ အရောင်အဆင်းကို လှပယ်လှရွယ်ကဲ့သို့ တောက်ပစေပါတယ်။ အိမ်သုံးဆေးဝါးအဖြစ် အသုံးဝင်နိုင်မယ့် ကုသနည်းများကို မြန်မာဆေးပညာများနဲ့ အိန္ဒိယ အာယုဗွေဒဆေးပညာတွေ၏ ရောဂါကုသနည်းများကို ရေးသားဖော်ပြထားပါတယ်။

အမျိုးသမီးကျန်းမာရေး မြင်းခွာရွက်ကို စားပေး

မြင်းခွာရွက်ကို ဟင်းခါးချက်သောက်ပေးပါက အမျိုးသမီးတွေ ခံစားရတတ်တဲ့ သားအိမ်ကိုက်ရောဂါ၊ သားလျှောရောဂါ၊ သကျည်းကိုက်ရောဂါတွေကို ပျောက်ကင်းစေနိုင်ပါတယ်။

အိန္ဒိယနိုင်ငံ အာယုဗွေဒကျမ်းများ

အိန္ဒိယနိုင်ငံတစ်ပြည်လုံး နှစ်ပေါင်း ထောင်နဲ့ချီပြီး အသုံးပြုခဲ့ကြတဲ့ ဒေသခံ ရိုးရာတိုင်းရင်းဆေးကျမ်းဖြစ်တဲ့ နိယဏ္ဍာ- ရတနာကရကျမ်း၊ သုသုတကျမ်း၊ တေသဋ္ဌ ရတနာဝလီကျမ်း၊ ဝါဗ္ဘဋကျမ်းများမှ အဖိုးတန် ဆေးနည်းကောင်းများကို ဖော်ပြပေးလိုက်ပါတယ်။

ကျန်းမာနပျို့ အသက်ရှည် မြင်းခွာပင်ဆေး

မြင်းခွာရွက်ခြောက်၊ အမှုန့်၊ မုယာကန်အမှုန့်၊ ချင်း

www.burmeseclassic.com

www.burmeseclassic.com

ခြောက်အမှုန့်၊ ပိတ်ချင်းအမှုန့်၊ လင်းနေအမှုန့်တို့ကို သဘာဝ
ဥူးရည်စစ်စစ်နဲ့ ရောစပ်၍ ပုလင်းထဲ ထည့်ထားပါ။ လက်
ဖက်ဖွန်းနဲ့ ဆေးတစ်ခွက်စာအညွှန်းအဖြစ် သောက်ပေးနိုင်
ပါတယ်။ ဆေးကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်သောက်
ပေးနိုင်ပါတယ်။ ဤဆေးသည် ကျန်းမာရေးကို ကောင်းမွန်
စေသာ ရောဂါဘယများကို ဖယ်ရှားပေးပြီး နှမျိုအသက်ရှည်
စေနိုင်ပါတယ်။

အသက်ရှည် မြင်းခွာရွက်ဆေး

မြင်းခွာရွက် သတ္တုရည် ၂၄ကျပ်သား၊ နွားနို့ ထောပတ်
၂ကျပ်သား၊ အိမ်မွေးသီးမှုန့် ၂ကျပ်သား၊ လင်းနေမှုန့် ၁၂
ကျပ်သား၊ ကြောင်ပန်းမှုန့် ၁၂ကျပ်သား၊ တြိဖိုလ် ၆ကျပ်သား
တို့ကို ပေါင်းစပ်ဆေးအဖြစ် ဖော်စပ်ပါ။ ဆေးတစ်ခွက်စာ
ဆေးထမှာ လက်ဖက်ရည်ဖွန်းတစ်ဖွန်းစာ ဖြစ်ပါတယ်။ နံနက်
တစ်ကြိမ်၊ ညနေ တစ်ကြိမ်သောက်ပေးနိုင်ပါတယ်။

ဆေးဝါးရဲ့ အာနိသင်များမှာ ဆေးစားပြီး အစာကြေ
ချမ်ခြိန်မှာ နွားနို့ ထောပတ်နဲ့ ပြုလုပ်ထားတဲ့ စားဖွယ်ရာ
ဆေးအစာများကို စားသုံးပေးခြင်းဖြင့် ဆေးရဲ့ အစွမ်းကို
ဖြန့်ဝေပြန်စေနိုင်ပါတယ်။ သက်သာပျောက်ကင်းစေနိုင်
သော ရောဂါတွေမှာ မကြာခဏ ပျို့အန်ရောဂါ၊ ဝမ်းချုပ်ခြင်း
အစရောဂါတို့ကို ပျောက်ကင်းစေနိုင်ပါတယ်။ ချွေးကို ထွက်
စေခြင်းဖြင့် ခန္ဓာကိုယ်တွင်းမှ မလဘတ်များကို ခန္ဓာကိုယ်
ပြင်သို့ ထုတ်ဆောင်ပေးပါလိမ့်မယ်။ အမျိုးသမီးများရဲ့ လိင်
ဆန္ဒများကို ပြည့်ဝစေနိုင်ပါတယ်။ ရုပ်ဆင်းလက္ခဏာများ
သုပတင့်တယ်စေနိုင်ပါတယ်။ ပျို့မျှစ်လျက် လှလင်ပမာ
အောင်ပြည့်ပြီးကာ စာပေကျမ်းဂန်များကို ပုတ်ဉာဏ်မြင့်
စေပြီး ပြောဆိုနိုင်ပါတယ်။ နာတာရှည်ဖြစ်တဲ့ နှုနာရောဂါ၊
အဖျားဝက်ရူးပြန် အတာက်ရောဂါ၊ အဆိပ်သင့်ရောဂါ
အပေါင်းတို့အတွက် ဆေးနည်းကောင်းတစ်လက်ဖြစ်ပါတယ်။

သက်ရှည်စေသော မြင်းခွာရွက်ဆေး

ပန်းနအမှုန့်၊ ဒဟာသဂိုဂိုင်း ခင်ပုပ်၊ စမွတ်၊ ဇီယာပြူ
ဆေးညှိ ချင်းခြောက်၊ ဂရုတ်ကောင်း၊ ပိတ်ချင်းသီးအတောင့်
ဆေးမေးခါး၊ ခရုသင်းပန်းတို့ ဆတူရောစပ်ကာ မြင်း
ခွာ သတ္တုရည်နဲ့ တစ်ကြိမ်ကြိတ်ပြီးတိုင်း အခြောက်ခံ
ခြောက်လျှင် အထက်ပါအတိုင်း ဂုကြိမ်ခန့် ဆောင်ရွက်
ပေး အဆိုပါ ဆေးမှုန့်ကို လက်ဖက်ရည်ဖွန်းတစ်ဖွန်း
ခြောက်စာပြုပြီး နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်နေ့
နှစ်ကြိမ်သောက်ပေးပါ။ ဆေးသောက်ပြီးတိုင်း နွားနို့စစ်စစ်
တစ်ခွက်ကို သောက်ပေးပါ။ ဆေးဝါးအာနိသင်တွေကတော့
နှမျိုခြင်းကို ဖြစ်စေနိုင်ပါတယ်။ အားအင်တိုးကာ အသက်
ကို ရှည်စေပါတယ်။ မပြည့်ဝနိုင်တဲ့ အမျိုးသမီးများရဲ့ လိင်
ဆန္ဒကို ပြည့်ဝစေနိုင်ပါတယ်။

ရုပ်ပျို သက်ရှည်ဆေး

မြင်းခွာရွက် ငါးကျပ်သားကို ထောပတ်နဲ့ ကြော်စား
ပြီး နွားနို့စစ်စစ်ကို သောက်ပေးပါ။ ခန္ဓကိုယ်ကို ရုပ်ဆင်းနှမျိ
စေသည်။ အင်အားကို ပြည့်ဝစေသည်။ အသက်ရှည်ခြင်းနဲ့
မှတ်ဉာဏ်တို့ကိုလည်း ထက်မြက်စေပါတယ်။

အမျိုးသား သုက်ပျက်ရောဂါ

မြင်းခွာရွက် နေလုံး အခြောက်မှုန့်ကို ဆေးချိန်
အတိုင်း သကြားကို ဆတူ ရောစပ်ပါ။ လက်ဖက်ရည်ဖွန်း
တစ်ဖွန်းပမာဏအဖြစ် တစ်ကြိမ်သောက်ပေးပါ။ နံနက်
တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ နှစ်ကြိမ် နွားနို့စစ်စစ်နဲ့
သောက်ပေးနိုင်ပါတယ်။ အားအင်ပြည့်ပြီးကာ နှမျိုစေသည်၊
ရောဂါဘယကင်းစေသည်။ ဒါ့အပြင် အမျိုးသားများ ဖြစ်ပွား
လေ့ရှိတဲ့ ညဘက် အိပ်မက်ထဲတွင် သုက်လွှတ်တဲ့ ရောဂါ
ကို ကုသပေးနိုင်ပါတယ်။

မြင်းခွာရွက် ရသာယနဆေး

မြင်းခွာရွက်သတ္တုရည် တစ်ကျပ်သား၊ နွားနို့စစ်စစ်၊
တစ်ကျပ်ခွဲသား၊ ရေကျက်အေး ခြောက်ကျပ်သားတို့ ရော
စပ်ပြီး ကျိုပါ။ ကျိုချက်စဉ် နွားနို့အလေးချိန်အတိုင်း ကျန်
လျှင် ဆေးဝါးအဖြစ် သောက်ပေးနိုင်ပါတယ်။ ဤဆေးသည်
ရသာယနအဖြစ် အသုံးဝင်စေပါတယ်။ အမျိုးသမီးများရဲ့
လိင်ဆန္ဒမပြည့်ဝမှုကို ပြည့်စုံနိုင်သည်ဟု အိန္ဒိယအာယုဗွေဒ
ကျမ်းတွင် ဖော်ပြထားပါတယ်။ မြင်းခွာရွက်ကို ကျန်းမာရေး
ဆိုင်ရာ ကဏ္ဍများတွင် အမြီးတန် ဆေးနည်းများအကြောင်း
ကို စာဖတ် ပရိသတ်များ အသိကြွယ်ကာ ရောဂါဘယများ
ကုသရာမှာ အသုံးပြုနည်း တစ်စိတ်တစ်ဒေသကို တင်ပြ
ရေးသားဖော်ပြလိုက်ရပါတယ်။

* * *

ကျော်ဇင်ဇင်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

J.H.WILLIAMS ဆိုတာ အင်္ဂလိပ်လူမျိုး၊ အဲဒီ ခင်ဗျားပါ။ Queen's College နဲ့ Camborne School of Mines မှာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၁၄-၁၈ ပထမ ကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှ ဒီဗွန်ရိုင်းယားတပ်ရင်းမှာ တာဝန်ထမ်းဆောင်ခဲ့သလို၊ ၁၉၁၉-၂၀ ဒေသစစ်ပွဲတုန်းက သည်း အာဖဂန်နစ္စတန်တွင် တာဝန်ထမ်းခဲ့ဖူးသူပါ။ ဗြိတိသျှ တပ်မတော်ရဲ့ "ကုလားအုပ်" တပ်ဖွဲ့မှာ တာဝန်ကျခဲ့ပြီး အာဂိုင်းကျတော့ "လား" တပ်မှာ တာဝန်ခံ ပို့ဆောင်ရေး ဆာရိုဖြစ်ခဲ့တယ်။ သူ့ဇီဇက တိရစ္ဆာန်ချစ်တတ်တဲ့ စိတ်ရင်း ပြီတယ်။ ဒါကြောင့် Williams မှာ တိရစ္ဆာန်များအပေါ် ဖူးတဲ့ သြဇာလွှမ်းမိုးမှုရှိနေတာကို ယုံမှားသံသယဖြစ်စရာ ဘိုပါဘူး။

Williams ဟာ မှုရင်းသဘော ဗုဒ္ဓဘာသာဝင်မဟုတ် သော်လည်း ဗုဒ္ဓဟောကြား "ကံ" အကြောင်းတရားကိုတော့ သာ လက်ခံထားသူဖြစ်တဲ့အကြောင်းနဲ့ စပ်လို့ ကျွန်ုပ်ဘဝ တစ်လျှောက်လုံး သံသယဝင်တဲ့ ကိစ္စကြုံတိုင်း ကျွန်ုပ် ပြောက်နာလေ့ရှိတဲ့ ဥပဒေတစ်ခုရှိပါတယ်။ ဒါကတော့ "ကံ" ဆရားကို ယုံကြည်ခြင်းပါပဲ" လို့ ဝန်ခံထားပါတယ်။

Williams ဟာ ၁၉၂၀ ခုနှစ်တပ်က အနားယူပြီး ကြားအလုပ်တစ်ခုရှာဖို့ သူ့မိတ်ဆွေတစ်ဦးကို တိုင်ပင်ကြည့် ဲအခါ မြန်မာပြည်မှာ ဆင်နဲ့ ပတ်သက်တဲ့ အလုပ် တစ်နေရာ ရနိုင်ကြောင်း သိရတာကြောင့် မြန်မာနိုင်ငံ ဘုံဘော ားမားကုမ္ပဏီကို လျှောက်ထားစာ တင်ခဲ့တာ ကံအား ကျွန်တာပဲ အလုပ်သင် သစ်တောဝန်ထောက်ဖြစ်လာခဲ့တယ်။ Williams မြန်မာပြည် သစ်တောဝန်ထောက်ဖြစ်လာတော့ အရင်က ဥရောပတိုက်သား သစ်တောဝန်ထောက်များလို တုတ်ဘဲ တောတွင်းအနှံ့ စွန့်စားသွားလာ တာဝန်ထမ်း ဆောတယ်။ မြန်မာနိုင်ငံ သစ်တောအတွေ့အကြုံနှင့် ဆင် စနှင့်စပ်ရာ အတွေ့အကြုံများကို ဆင်ဦးစီး "ဦးသာရောက်" ကသူထံမှ ရယူခဲ့ပြီး စာတွေ့ကိုတော့ ဘုံဘောဘားမားကုမ္ပဏီ ရတယ်။ Williams ရဲ့ မြန်မာ့သစ်တောခရီးအဖြစ် ဦးသာရောက်နဲ့အတူ မြစ်သာချိုင့်ဝှမ်းခရီးကို စတင်ခဲ့ပြီး အဲဒီကမှတစ်ဆင့် အမြင့်ပေ ၃၀၀၀ မှ ၄၀၀၀ အကြား ဆင်နှစ်ကောင်စီရှိတဲ့ သစ်ထုတ် တောင်းစခန်း ဆယ်ခု အချို့ ဥလကြာ ခရီးထွက်ရင်း တာဝန်ထမ်းဆောင်တယ်။

Williams ခေါင်းဆောင်တဲ့အဖွဲနဲ့အတူ ဝန်သယ်ဆင် လေး ကောင်၊ ထမင်းချက် တစ်ယောက်၊ အထမ်းသမားနှစ်ဦး၊ စာပို့သူ နှစ်ဦးတို့လည်း တာဝန်အသီးသီးနဲ့ လိုက်ပါကြရ တယ်။ (မြစ်သာချိုင့်ဝှမ်းဆိုတာ ဂန့်ဂေါဒေသအတွင်းဖြစ် သည်။)

အချိန်ဇယားကြာတော့ Williams တစ်ယောက် အလုပ်သင် သစ်တောဝန်ထောက်ကနေ သစ်တောဝန် ထောက်ဘဝနဲ့ အထက်ချင်းတွင်းဒေသကို ပြောင်းရပြန် တယ်။ အဲဒီဒေသမှာ သစ်တောကိစ္စ၊ ဆင်ကိစ္စများအပြင် တောတွင်းကျွဲရဲ အတွေ့အကြုံများကိုလည်းရတယ်။ အထက် ချင်းတွင်း ဖောင်းပြင်ကနေ ခန္ဓီသစ်တောခရီးစဉ်အတွင်းပါ။ Williams နဲ့အတူ ပစ္စည်းသယ် ဆင် (၁၀)ကောင်နဲ့ ငွေဂျီး တစ်သိန်းပါတဲ့ ကျွန်းသတ္တုများလည်း ပါတယ်။ ဒေသတွေ တစ်လုံးအလေးချိန်ကော ပေါင် ၃၀၀လောက် ရှိတယ်။ ခရီးစဉ် ရက်များက (၁၈)ရက်ပေါ့။ စခန်းတစ်ခုကို ရောက်တိုင်း နေ့စဉ် ဆင်များပေါ် အတင်အချလုပ်ရမယ့်လူက ခွန်အား ကောင်းမှ ဖြစ်တယ်။ ဖောင်းပြင်က ထွက်လာခဲ့ပြီးနောက် တစ်နေ့ Williams ရဲ့ တပည့်၊ အဖွဲခေါင်းဆောင်ရဲ့ အကြီး မြူချက်အတိုင်း စခန်းချ ရပ်နားတဲ့ရွာက ခွန်အားကြီးမားတဲ့ အလုပ်သမားတစ်ဦးကို ပုတ်ပြတ်ငွေ ၆၀နဲ့ ငှားခဲ့တယ်။ သူနာမည်က "မောင်ငှက်ပျော" လို့ခေါ်တယ်။ သူဟာ ပေါင် ၃၀၀လောက် အချိန်စီးတဲ့ ငွေသေတ္တာများကို ပေါ့ပေါ့ပါးပါး ဆင်ပေါ်ကနေ အတင်အချလုပ်နိုင်သလို၊ လူတွေနဲ့လည်း ခရီးစဉ်တစ်လျှောက် အဖွဲ့ကျတာကြောင့် Williams အနေ နဲ့ လူရွေးမှန်ပြီပေါ့။

ခက်ခဲကြမ်းတမ်းလှတဲ့ တောတွင်းခရီးကြမ်းမှာ ပထမ ဆုံး ပြဿနာကြုံလာလဲနဲ့ တိုးကြိုးပြီး တောတွင်းဌာနချုပ် ခန္ဓီးကို Williams နဲ့အဖွဲ့ ရောက်ခဲ့ပါတယ်။ စခန်းရောက်တယ်ဆို ရင်ပဲ ပါလာတဲ့ ငွေဂျီးသေတ္တာများကို ဆင်ပေါ်က ချပြီး ရာစည်းအထုပ်များအဖြစ် စီမံထုပ်ပိုးပြီး အာမခံ သေတ္တာကြီး ထဲကို မောင်ငှက်ပျောကပဲ ထည့်တယ်။ အားကိုးရမယ့် တပည့်လို့ Williams ယုံကြည်လိုက်တယ်။ ဒီလိုနဲ့ တစ်နေ့ တာ အနားယူရင်း ညနေစောင်းရောက်တော့ စာပို့သမား ပြန်ရောက်လာပြီး Williams ကို ကိုယ်ရေးကိစ္စ၊ ရုံးကိစ္စများရေးရာအထုပ်ကို ပေးတယ်။ ရေချိုးပြီး ဝရန်တာ ထွက်ထိုင်၍ ရုံးစာများကို ဦးစားပေးပြီး ဖတ်လိုက်တယ်။ Williams ရဲ့ နောက်ကို နာမည်ကြီး လူဆိုး "မောင်ငှက်ပျော" တကောက်ကောက်လိုက်လာတဲ့အကြောင်း ရဲသတင်းကို

www.burmeseclassic.com

www.burmeseclassic.com

အထောက်-အထားပြုပြီး Williams ရဲ့ အထက်အရာရှိက အကြောင်းကြားလိုက်သလို 'Forewarned is forearmed' ဆိုတဲ့ စာရေးပေးလိုက်တယ်။ (လက်နက်ပြင်၊ ကြိုတင်သတိ)လို့ အဓိပ္ပာယ်ရတယ်။

ဒီသတင်းရတော့ Williams အနေနဲ့ ကျေးဇူးတင်မိနေသလို၊ ညစာစားပြီးတော့ "မောင်ဂုက်ပျော"ကို ညတွင်းချင်းဖမ်းရကောင်းမလား၊ ဒါမှမဟုတ် နောက်နေ့မနက် သူ့အတွက် လုပ်ခပေးပြီးသည်အထိ စောင့်ရမလားဆိုတာကို ချင့်ချိန်လိုက်ပြီး နောက်နေ့အထိ စောင့်ဖို့ Williams ဆုံးဖြတ်လိုက်တယ်။ အဲဒီညတစ်ညလုံး အိပ်မပျော်နိုင်ဘဲ ညဉ့်နက်ပိုင်း ရောက်မှ မျက်လုံးတစ်လုံးဖွင့်၊ နားတစ်ဖက်စွင့်လျက် Williams တစ်ယောက် မှေးစက်ဖြစ်တယ်။

မနက်စောစော အိပ်ရာထပြီး မောင်ဂုက်ပျောကို ခေါ်ခိုင်းတော့ ညကပင် မောင်ဂုက်ပျော ပျောက်သွားကြောင်းနဲ့ စာပို့အကူပါ အဆစ်ပါသွားကြောင်း သိရတော့၊ စာပို့အကူဟာ မောင်ဂုက်ပျောရဲ့ လူဖြစ်နေပါလား ဆိုတာကို Williams သိရတော့တယ်။

Williams အနေနဲ့ အဖြေမည်သိုင်တဲ့ ပဟေဋ္ဌိဖြစ်တဲ့ အယူသီးမှုလို့ ဆိုရမယ့် ဂမ္ဘီရတစ်ရပ်ကတော့ မြန်မာဆင်ဦးစီးတစ်ယောက်ဖြစ်တဲ့ "စံရွှေဦး"နဲ့ ပတ်သက်နေတဲ့ ကိစ္စပါ။ Williams ဟာ စံရွှေဦးကို အခင်မင်ဆုံးလို့ ဆိုနိုင်ပါတယ်။ ခြေသလုံးအိမ်တိုင် ကဒူးလူပို့၊ အသားလတ်လတ်၊ သူဆံထုံးကို ဖြေချလိုက်လျှင် ခါးထိအောင် ရောက်တယ်။ သူစီးတဲ့ ဆင်ကလည်း ဆတ်ဆတ်ထိ မခံ၊ အန္တရာယ်ကြီးမားလှတဲ့ အစွယ်မပါ ဆင်ထီးကြီး "ဟန်ပို"ဖြစ်တယ်။ စံရွှေဦးက ဖြတ်ထိုးဥာဏ်ကောင်း၊ စကားက ကောင်းနဲ့ Williamsရဲ့ နောက်က အမြဲတမ်း သေနတ်ကို ထမ်းလိုက်လေ့ရှိတယ်။

စခန်းတာဝန်ခံ ဆင်အုပ်ကြီး "ဦးဘိုးစိ"က ဘာသာရေးကို ကိုင်းရှိုင်းပြီး ရှေးရိုးပုံစံနဲ့ပို့ အားလုံးက လေးစားကြတယ်။ ဦးဘိုးစိဟာ တဲတစ်လုံးနဲ့ သီခြားနေတဲ့ သူ့မိသားစုက လွဲပြီး သူ့တပည့် ဆင်ဦးစီးများ စုပေါင်းနေထိုင်ကြတဲ့ တဲတန်းလျားနဲ့ သူ့စခန်းကို မျက်နှာစိမ်း မိန်းမ ဧည့်သည်လာတာ မကြိုက်ပါ။

Williams တွေကြုံရတဲ့ ဖော်ပြမယ့် ဂမ္ဘီရအတွေ့အကြုံဟာ အဲဒီနှစ်တစ်နှစ်ရဲ့ September လအတွင်းက ဖြစ်တယ်။ ခန္ဓီးကို ခြေကျင်နဲ့ တောတောင်ကို ဝိုက်၊ ချောင်းငယ်အသွယ်သွယ်ကို ရေကူးခဲ့ရလို့ စခန်းရောက်တော့ Williams ငှက်ဖျားမိ၍ တစ်ကိုယ်လုံးကိုက်ခဲပြီး ခိုက်ခိုက်တုန်နေတယ်။ သူမှာ ပါလာတဲ့ ဂွီနိုင်ဂရမ် ဥဝကို သောက်လိုက်တယ်။ သမ်တော ဝန်ထောက်ဘာ၊ ဒါဟာ မထူးဆန်းလား။ စစ်တပ်ထဲမှာတောင် လေးနှစ်လုံးလုံး တာဝန်ထမ်းပြီးပြီပဲ၊ ဒါလောက်ကတော့ မကြီးကျယ်ပါဘူးလို့ တွေးရင်း အိပ်ရာထက်မှာ အဖျားတက်လို့ သတိတစ်ချက် တစ်ချက် လစ်နေတဲ့အခါမှာ သန်မာတဲ့ လက်ချောင်းတွေနဲ့ Williams ရဲ့ ကျောရိုးကို ထက်အောက် စုန်ဆန်နှိပ်ပေးသူကတော့ အခြားမဟုတ်၊ စံရွှေဦးဖြစ်တယ်။

နောက်တစ်နေ့ Williams ထထိုင်နိုင်တဲ့အခါ ဦးဘိုးစိရောက်လာပြီး ရောဂါဝေဒနာ အခြေအနေမေးရင်း ခဏနေတော့ Williams ကို အရိုအသေပြုပြီး စံရွှေဦးအလုပ်က ထုတ်ပစ်ဖို့ တောင်းဆိုတယ်။ အကြောင်းအရာကို ငါးမိနစ်လောက် ရှင်းပြတော့ Williams သဘောပေါက်သွားတာက စံရွှေဦးဟာ စခန်းတစ်ခုလုံးရဲ့ ရိုးရာယုံကြည်မှုကို ထောလော်ကန့်လန့်လုပ်နေလို့၊ ပိုင်ရာဆိုင်ရာ အရာရှိများက လက်တုန့်ပြန်မှုကို အားလုံးက စိုးရိမ်ပူပန်နေကြောင်းနဲ့ စခန်းဝန်းကျင်မှာ ကျားဟိန်းသံတွေ ကြားရတဲ့ စခန်းတစ်ခုလုံး ထိတ်လန့်နေကြကြောင်းဆိုတာ ဖြစ်တယ်။ ဒါနဲ့ Williams က စံရွှေဦးကို လုပ်ခငွေရှင်းပြီး မကြာဆောင်ရွက်ပေးမယ်လို့ ဦးဘိုးစိကို ပြောလိုက်တယ်။

အဲဒီနေ့ ညနေစောင်းမှာ စံရွှေဦးတစ်ယောက် Williams ဆီ ရောက်လာတယ်။ သူနဲ့အတူ ပြုတ်ပြီးကြက်ဥသုံးလုံးကို ဝါးခြင်းကလေးနဲ့ ထည့်လာပြီး Williams ကို ပေးသလို နင်းနှိပ်ပေးရင်းကနေ Williams အဖျားရောဂါ တစ်ရက်နှစ်ရက်အတွင်း ပျောက်သွားမယ်တဲ့ စကားနဲ့ Williams ကိုယ်တိုင် "နတ်ကျား"ကို ပင့်ကြဲကောင်း ကြဲနိုင်ကြောင်းပြောပြီး ပြန်သွားတယ်။

ညပိုင်းရောက်တော့ Williams ရဲ့ တပည့် "အောင်နက်"ရောက်လာတဲ့အခါ စခန်းအတွင်း ပြောနေတဲ့ နတ်ကျားအကြောင်းကို Williams က မေးကြည့်တော့ နတ်ကွန်းပူဇော် ပသ,တင်မြှောက်ဖို့ စံရွှေဦးအလုပ်ကူရမယ်စရာသဘောနဲ့ မလေးမစားလုပ်သလို၊ ဆွမ်းဟင်းယောက်မကို ချောင်းထဲမှာ မော်တော်ဘုတ်လုပ် ကားသာမက၊ ဆွမ်းများကိုလည်း ရေချ ငါးစာမကျွေးဘဲ ဖြန့်ကြဲပစ်တယ်လို့ ပြောပြလိုက်တယ်။ ဒါနဲ့ ဦးဘိုးစိအရ စံရွှေဦး မှားတာပဲလို့ ကောက်ချက်ချသလို၊ တော်ရိုးရာကို ယုံကြည်လေးစားရမှာ ဖြစ်တယ်လို့ Williams က မှတ်ချက်ပြုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

Williams ရဲ့ သဘောက "ဟန်ပို"ဆင်ကြီးကို စီးဖို့ဆိုတာ စံရွှေဦးပဲ ဖြစ်တာ၊ ဆင်ဦးစီးအစားရဖို့ မလွယ်တဲ့အတွက် အလုပ်က မထုတ်ချင်သလို၊ အများရဲ့ မိရိုးဖလာသဘာကြည်မှုကိုလည်း မဆန့်ကျင်စေချင်ပါ။ ဒါနဲ့ ညဦးပိုင်းမှာ ဦးဘိုးစီကို Williams သွားတွေ့ပြီး မနက်လင်းအားကြီးလောက်မှာ ခရီးဆက်ဦးမယ်၊ တစ်လခွဲလောက်ကြာမယ်လို့ပြောပြီး လုပ်ငန်းကိစ္စ စီစဉ်စရာရှိတာတွေကို စီစဉ်မှာကြားပြီး ပြန်သွား အနားယူ အိပ်စက်တယ်။ လင်းအားကြီးမတိုင်မီမှာ Williams လို့ အော်ပြီး ခေါ်သံကြားလို့ အိပ်ရာကထ နားစွင့်လိုက်တယ်။

"ဆရာကြီး... မြန်မြန်ထပါ၊ စံရွှေဦးကို ကျားဆွဲသွားပြီ" တဲ့။ စခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်နေကြတယ်။

Williams ဆင်းလိုက်သွားတော့ ဦးဘိုးစီက...

"နတ်ကျားဆရာကြီး နတ်ကျားဆွဲသွားတာလို့ ပြောတာပဲ"

ဟု ပြောသလို၊ ဦးဘိုးစီမျက်နှာမှာ စိုးရိမ်ထိတ်လန့်ခြင်းများနဲ့အတူ တွေ့နေရတယ်။ ဒါနဲ့ Williams လည်း နှစ်လုံးပြူး သေနတ်ကြီးကို မောင်းတင်ပြီး လူသေ တရွာတ်ဆွဲသွားတဲ့ စွတ်ကြောင်းရာအတိုင်း လိုက်သွားတာ ကိုက်၅၀အကွာ၊ ချောင်းစပ်အရောက်မှာ ကျားခြေရာရော လူသေတရွတ်ဆွဲ စွတ်ကြောင်းရာပါ ရှာမတွေ့တော့လို့ သေနတ်မောင်းဖြုတ်ထားလိုက်ပြီး ခြေရာခံ ကျွမ်းကျင်သူ တောတွင်းသားတို့ ချောင်းရိုးတစ်လျှောက် စုန်ဆန်ရှာဖွေစေပါသော်လည်း စံရွှေဦးနဲ့ ကျားခြေရာ ပျောက်ချင်းမလှ ပျောက်ကွယ်လေပြီဖြစ်သည်။

Williamsလည်း သူ့တပည့်များ စိတ်ဓာတ်မကျအောင် စခန်း၌ နောက်ထပ် သုံးရက်နေခဲ့သလို၊ ထိုဒေသ၌ နောက်ထပ် ၂နှစ်ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ပါသော်လည်း စံရွှေဦးကို နတ်ကျားဆွဲသည့် ဂန္ဓိရ ပဟေဠိကို အဖြေထိမရ ရှိချေသည့်နည်းတူ "သည်လိုမျိုး ကျိုးကြောင်းဆက်စပ် ဖြေရှင်းချက် မထွက်တဲ့ ဇာတ်လမ်းများ တောတွင်းမှာ တစ်ပုံတစ်ခေါင်းရှိပါတယ်" ဟူ၍သာ။

* * *

ဇာဝရေ(သရက်ဧတော)

စာကိုး

- မှုရင်း Elephant Bill(J.H.Williams)

(ဘာသာပြန်+ကမ္ဘာ့အမြင် မြန်မာ့ဆင်(ထီပိတင်သက်)မှ ကောက်နတ် ခံစားပါသည်။)

ချစ်သူရည်းစား စုံတွဲများအတွက်
သီးသန့် အထူးဟော

▶ ချစ်သူဘဝမှာ ရေရှည် ခိုင်မြဲနိုင်ကြသလား ▶ ကိုယ့်ချစ်သူနဲ့သာ လက်ထပ်ပေါင်းသင်းရမယ့် ကံမျိုးရှိကြသလား ▶ ဧစ္စပ်လက်ထပ်ကိစ္စ ဘယ်တော့လောက် ဖြစ်နိုင်သလဲ ▶ နှစ်ဖက်မိဘသဘောတူ ကြည်ဖြူနိုင်ပါ့မလား ▶ ဝိုးပြေး၊ ဝိုးရာလိုက်၊ နှစ်ဦးသဘောတူ ရုံးတက်လက်မှတ်ထိုးဖြစ်တတ်တဲ့ ကံကြမ္မာမျိုးရှိကြလား ▶ ကြီးကျယ်ခန်းနားစွာ မင်္ဂလာပွဲကျင်းပရမည့် ကံမျိုးရှိလား ▶ အိမ်ထောင်ပြုဖြစ်ရင် သာယာပျော်ရွှင်ခိုင်မြဲနိုင်သလား ▶ ကြီးပွားတိုးတက် ချမ်းသာနိုင်သလား .....စသည်ဖြင့် သိသင့်တာတွေ သိရဖို့။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

အဘိုးကွမ်းတ၏ အာဠာဝကရုပ်

www.burmeseclassic.com

www.burmeseclassic.com

လဆန်း ဥရက် လမင်းကြီးကား စောစီးစွာ ကွယ်ဝင်သွား၏။ တိမ်မြူကင်းစင်နေသော ကောင်းကင်ကြီး ထက်ဝယ် ကြယ်ပွင့်လေးများက စုံလင်စွာ လင်းလက်နေကြသော်လည်း ပြာသို ဆောင်းလ၏ မြူနှင်းခွေများ ရစ်ဝိုင်းနေသော ပတ်ဝန်းကျင်ကြီးကို ဆော့ ထိုးဖောက်နိုင်စွမ်းမရှိပါခေ့။ ထို့ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမောင်ထုကြီးသာ ကြီးစိုးမင်းမူလျက် ရှိနေသည်။

ညအခါ တိုက်ခတ်သော လေပြန်နှလေးများက အေးမြလတ်ဆတ်သော်လည်း ပြာသိုဆောင်း၏ အအေးဒဏ်ကြောင့် မည်သူမျှ မခံစားနိုင်ကြ။ ရွာလမ်းမဘေးရှိ ထီးရံလေးများကလေများ တိုးဝင်မှုကြောင့် တရှုပ်ရှုပ် မြည်ကာ ယိမ်းနွဲ့နေ၏။ ကြားရသူ အဖို့ အမောက်အောက်မှာ အသည်းငယ်ချင်စရာပင်။

အခါချိန်ကာလအားဖြင့် ည ၁၀ နာရီပင် ကျော်ခဲ့ပြီ။ ကျေးရွာအတွင်းရှိ အိမ်အတော်များများမှာ ဆိတ်ငြိမ်ရုံ အိပ်စက်နေကြပြီဖြစ်သော်လည်း မီးရောင်များ ကျိုးတိုးကျဲတဲ့ လင်းနေသော အိမ်များလည်း ရှိသေး၏။ ကျေးရွာ၏ ရွာလယ်လမ်းမကြီးတွင်တော့ အပျိုအိမ်လည်ရာမှ ပြန်လာကြသော ကာလသား လူပျိုများ၊ အရက်ဆိုင်မှာ ရေချိန်ကိုက်ကာ သီချင်းလေး မဝိတပီအော်ဆိုပြီး ယိုင်တိုင်တိုင် ခြေလှမ်းများဖြင့် ပြန်လာကြသူများနှင့် ရှုပ်ထွေးနေဆဲ ဖြစ်၏။ ဤသို့အိမ်ကို အသီးသီးပြန်နေကြရင်း ရွာလယ်လမ်းမဘေးတွင် ရှိသော အဘိုးကွမ်း၏ အိမ်ခြံရှေ့အရောက်မှာ တော့ယင်းတို့အားလုံး၏ ခြေလှမ်းများ တွန့်ဆုတ်သွားကြသည်။

အခွံသူများတော့ အာမေဋိတ်သံများဖြင့် ဘုရားတရားကန်တော့ အရက်မူးသမားများအဖို့တော့ အရက်ရှိန်ပင် ပြေသွားမတတ်ပင်။ အကြောင်းမှာကား လူမရှိသော အဘိုးကွမ်း၏ နှစ်ထပ်ပျဉ်ထောင်အိမ်အိုကြီးကို လူဦးခေါင်းလောက်အရွယ် နီရဲတောက်လောင်နေသော မီးလုံးကြီးနှင့် သုံးလုံးက လှည့်ပတ်နေ၍ တစ်ခါတစ်ခါ တံခါးပေါက်ထဲ ဝင်လိုက်ထွက်လိုက်လုပ်နေသောကြောင့်တည်း။ ထိုအချင်းအရာကို မြင်လိုက်ရသူများအဖို့ ကြက်သီးတဲဖြန်းဖြန်းထပြီး တုန်လှုပ်ချောက်ချားသွားစေခဲ့၏။

အဘိုးကွမ်း၏ အစွမ်းကိုလည်း တစ်ရွာလုံးက ကလေး လူကြီးမကျန် သိထားကြခြင်းကြောင့်လည်း ဖြစ်ပေမည်။

အဘိုးကွမ်းသည် အသက် ၈၀ ကျော်အရွယ်ရှိဖြစ်ပြီး လောကီအတတ်ပညာ၌ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ တိုင်းရင်းဆေးပညာ၌ ကျွမ်းကျင်သည့်အပြင် ပယောဂများကိုပင် ပျောက်ကင်းအောင် ကုသပေးနိုင်သူဖြစ်သည်။

အဘိုးကွမ်း၏ ပုံစံမှာ အရပ်ပုပုဂိတိုတိုနှင့် ရှုံးတိုင်းရင်းသားအစစ်ဖြစ်၍ အသားဖြူပါသည်။ တစ်ကိုယ်လုံး ဆေးကွမ်းမင်ကြောင်များကို နေရာလပ်မရှိအောင် ထိုးထားပြီး ရိုးရာရှုံးဝတ်စုံကိုသာ ဝတ်ဆင်တတ်သည်။ ဆေးရွက်ကြီးကို လုံး၍ အမြဲတံတ်သည့်အပြင် ဆေးဒိုးကိုပါ သောက်တတ်သည်။ အဘိုးကွမ်း၏ နာမည်အပြည့်အစုံမှာ ဦးစိုင်းကွမ်းသာ ဖြစ်သည်။ ဤသည်ကို ရွာသားများက အလွယ်တကူ အဘိုးကွမ်းဟု ခေါ်ကြခြင်းဖြစ်၏။

အဘိုးကွမ်း၏ အိမ်မှာ ရွာလယ်တွင် ရှိပြီး နှစ်ထပ် ပျဉ်ထောင်အိမ်အိုကြီးကို ရေနုံကြီး မည်းနေအောင် သုတ်ထားသည်။ အိမ်အိုကြီးမှာ အဘိုးကွမ်း၏ အဘိုးလက်ထက်ကတည်းက အိမ်ဖြစ်၍ သက်တမ်းအားဖြင့် အတော်ကြာညောင်းနေလေပြီဖြစ်သည်။ ထိုရှေးဟောင်း အိမ်အိုကြီးပေါ်တွင် အဘိုးကွမ်းနှင့် အဘိုးကွမ်း၏ ဇနီး ဒေါ်နုန်းကြာတို့ နှစ်ယောက်သာ နေထိုင်သည်။ ဒေါ်နုန်းကြာမှာ အသက် ၄၀ကျော်အရွယ်သာ ရှိပြီး အဘိုးကွမ်းထက် အသက် တစ်ဝက်လောက် ငယ်ပါသည်။

အဘိုးကွမ်းတို့မှာ သားသမီး မထွန်းကားပေ။ ကျယ်ဝန်းလှသော ခြံကြီးနှင့် အိမ်အိုကြီးပေါ်တွင် အဘိုးကွမ်းတို့ လင်မယားနှစ်ယောက်သာ ရှိ၍ အေးချမ်းတိတ်ဆိတ်သော်လည်း အထီးကျန်ဆန်လှပါသည်။ အိမ်အိုကြီး၏ ဘေးတစ်ဖက်တစ်ချက်မှ မန်ကျည်းပင်ကြီးနှစ်ပင်က အိမ်ကြီးကို အုပ်မိုးနေသဖြင့် အိမ်ကြီးပေါ်၌ နေ့လယ် မွန်းတည့်ချိန်များ၌ပင် မှောင်မဲနေတတ်သည်။ ညအခါ၌လည်း အိမ်လယ်ရှိ ထင်းဒီးဖို့မှ မီးအလင်းရောင်ဖြင့်သာ နေတတ်သောကြောင့် သာမန်လူများအဖို့ အဘိုးကွမ်းအိမ်သို့ ရောက်လျှင် အမောင်ကျနေသည်ဟုပင် ထင်ရမလောက်ပင် ဖြစ်သည်။

အဘိုးကွမ်းသည် တိုင်းရင်းဆေးပညာ၌ ကျွမ်းကျင်သောကြောင့် ရွာသားများအဖို့ အဘိုးကွမ်းသည်သာ ရွာ၏ ဆရာဝန်သာ ဖြစ်ခဲ့ရပါသည်။ အဘိုးကွမ်းက သူ၏ တိုင်းရင်းဆေးပညာဖြင့် ရောဂါဘယများကို ပျောက်ကင်းအောင် ကုသနိုင်သည့်အပြင် မြွေဆိပ်များကိုပင် သူ ဖော်စပ်ထားသော

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်နိုင်ပြေစေနိုင်၏။ ဘေးပယောဂ ကပ်ငြိုသူများကိုလည်း ပျောက်ကင်းအောင် ကုသနိုင်သော ကြောင့် ရွာသားများအဖို့ ရောဂါတစ်ခုခု ဖြစ်တိုင်း ဒုက္ခတစ်ခုခုနှင့် တွေ့တိုင်း အဘိုးကွမ်းသည်သာ အားထားရာဖြစ် ခဲ့ပါသည်။

အဘိုးကွမ်းသည် ထိုသို့ ရောဂါ ဘယများ ကုသရာ၌ အခကြေးငွေ မယူတတ်ပါ။ စေတနာအလျောက် ကန်တော့သော အရာများကိုသာ ယူ တတ်သည်။ ထို့ကြောင့် အဘိုးကွမ်း၏ လယ်တော်ရွာတစ်ရွာလုံးသာမက၊ ဘေး ရွာများကပါ အဘိုးကွမ်းကို ရိုသေ လေးစားကြပါသည်။

အဘိုးကွမ်းသည် လက်မှုပညာ ၌လည်း ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ ယမင်းရုပ်များ ထုလုပ်ရာတွင် လွန်စွာ လက်ရာမြောက်၏။ ထို့ပြင် လူရုပ်များ၊ ဘုရားရုပ်တုများ၊ ဘီလူးရုပ်များ၊ နတ် ရုပ်များကိုလည်း ထွင်းလုပ်တတ်သည်။ အဘိုးကွမ်း ထွင်းလုပ်သည့်အရုပ်တိုင်း မှာ သေသပ်လှပ၍ အသက်ဝင်လှပါ သည်။

အဘိုးကွမ်းက ထိုသို့ ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ အများအားဖြင့် နွားစားကျင်းခွက်များ၊ ဆုံများ ထွင်း၍ ရောင်းချတတ်သည်။ အသက် ၈၀ကျော်အရွယ်ထိ ထိုသို့ ထွင်းလုပ်နိုင်သေးသောကြောင့် အဘိုး ကွမ်းကို လူအများက အံ့သြမဆုံးဖြစ် ကြရသည်။

ထိုသို့ အရွယ်အချင်းများနှင့် ပြည့်စုံသော အဘိုးကွမ်းကို ရွာသားများ အားလုံး ကြောက်ရွံ့၊ မုန်းတီးသွားကြ သည်မှာ လွန်ခဲ့သော ငါးလကျော်ကာလ လောက်က ဖြစ်ပါသည်။

♦♦♦

အဘိုးကွမ်းအိမ်ဘေးခြံမှ စိုင်း အောင်ကျော်တို့ မိသားစုမှာ ကြက်မွေး မြူရေးလုပ်ငန်းဖြင့် အသက်မွေးကြ သည်။ တစ်နေ့မှာတော့ စိုင်းအောင် ကျော်တို့ မွေးမြူထားသော ကြက် အတော်များများမှာ ရောဂါရ၍လား၊ အဆိပ်မိ၍လား မသိ၊ တစ်ပုံတစ်ပင် သေကုန်ကြသည်။ ဤသည်ကို စိုင်း အောင်ကျော်တို့ လင်မယားအဖို့ အဘိုး ကွမ်း အဆိပ်ခတ်သတ်သည်ဟု မှတ် ထင်ခဲ့သည်။ အကြောင်းမူကား အဘိုး ကွမ်း၏ ဇနီး ဒေါ်နန်းကြာသည် စိုက် ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူဖြစ်သည်။ နေအိမ်တွင် ရာသီပေါ် ကုန်စိမ်းသီးနှံ များ စိုက်ပျိုး၍ မြို့သို့ သွားရောက် ရောင်းချတတ်သည်။

ဒေါ်နန်းကြာ၏ စိုက်ကွင်းကို စိုင်းအောင်ကျော်၏ ကြက်များက မကြာခဏဆိုသလို ဝင်ရောက် ဖျက် ဆီးတတ်၏။ သို့ရာတွင် အဘိုးကွမ်းထံ ဇနီးမောင်နှံမှာ အသာတကြည်သာ မောင်းနှင်တတ်ကြသည်။ စိုင်းအောင် ကျော်တို့ မိသားစုမှာ ကြက်များကို စီးပွားဖြစ် မွေးမြူထားသော်လည်း ကြက်ခြံထဲတွင် အစာကျွေး၍ စနစ် တကျ မွေးမြူထားခြင်း မဟုတ်။ လွှတ် ၍ မွေးမြူထားခြင်းဖြစ်သည်။

ကြက်အများစုမှာ ခြံချင်းကပ် လျက်ဖြစ်သော အဘိုးကွမ်း၏ အိမ်ခြံ ထဲတွင်သာ ရှာစားတတ်၏။ ထို့ကြောင့် ယခုလို ကြက်များ မြောက်များစွာ သေ ရခြင်းမှာ အဘိုးကွမ်း၏ လက်ချက် ကြောင့်ဖြစ်မည်ဟု စိုင်းအောင်ကျော် ယူဆခဲ့၏။ အဘိုးကွမ်းတို့ လင်မယား နှစ်ယောက်က သူတို့ မလုပ်ပါဟု ငြင်း သော်လည်း စိုင်းအောင်ကျော်က လုပ် မခံခဲ့ပေ။

ထို့ကြောင့် အဘိုးကွမ်း၏ အိမ် ရှေ့သို့ လာကာ 'အဘိုးကွမ်းတို့ ဇနီး မောင်နှံအား ညစ်ညမ်းလှသော စကား လုံးများဖြင့် ဆဲရေးတိုင်းထွာရံသာမက၊ အဘိုးကွမ်းကိုပါ ကိုယ်ထိလက်ရောက် ပြစ်မှားစော်ကားသည်အထိ ဖြစ်ခဲ့သည်။ ထိုအခါ အဘိုးကွမ်းမှာ လွန်စွာ စိတ် တိုသွားပြီး စိုင်းအောင်ကျော်တို့ ဇနီး မောင်နှံကို . . .

"မင်းတို့လင်မယား ခုနစ်ရက် အတွင်း ထမင်း၀အောင် စားထား"

ဟု တစ်ခွန်းသာ ကြိမ်းမောင်း လိုက်၏။ ရွာသားများအားလုံးကလည်း အဘိုးကွမ်း ထိုသို့ ကြိမ်းမောင်းခဲ့သည် ကို သိခဲ့ကြပါသည်။

ဤသို့ဖြင့် ခုနစ်ရက်လင်းသော အခါ စိုင်းအောင်ကျော်တို့ လင်မယား နှစ်ယောက်စလုံးမှာ သွေးအန်၍ သေ ဆုံးခဲ့ကြပါသည်။ ၁၁နှစ်အရွယ် သမီး လေးနှင့် ၅နှစ်အရွယ် သားလေး နှစ်

www.burmeseclassic.com

www.burmeseclassic.com

ကြောက်မှာ ကြောက်စဖွယ် ကျန်ရစ်ခဲ့ရပါသည်။ ဘာရယ်မဟုတ်သော ပြဿနာသေးသေးလေးမှ ယခုလောက်ထိ ဖြစ်သွားကြခြင်းကို မည်သူမျှ စိတ်မကောင်းနိုင်ခဲ့ကြပါ။

ထိုအချိန်မှစ၍ ရွာသားများအား လုံးက အဘိုးကွမ်းကို မကျေမချမ်း ဖြစ်ရံသာမက၊ ကြောက်ရွံ့ မုန်းတီးသွားခဲ့ကြသည်။ အရွယ်နှင့် မလိုက်အောင် ယုတ်မာသည်ဟုလည်း ပြောဆိုကြပါသည်။

ထိုနေ့မှစ၍ မည်သူတစ်ဦး တစ်ယောက်မှ အဘိုးကွမ်းအိမ်သို့ မသွားကြတော့ပေ။ အဘိုးကွမ်း၏ အကူအညီကိုလည်း မယူကြတော့ဘဲ ခပ်ကင်းကင်းသာ နေခဲ့ကြတော့သည်။ အဘိုးကွမ်းကိုလည်း မကောင်းသော အောက်လမ်းပညာ(အရပ်အခေါ် စုန်းကဝေပညာ)တတ်မြောက်သည်ဟု ယုံကြည်သွားကြသည်။

အဘိုးကွမ်းသည်ကား တစ်ချိန်လုံး ထိန်းသိမ်းလာခဲ့သော ဂုဏ်ပုဒ်ကို ဤအချင်းအရာတစ်ခုတည်းနှင့် ရိုက်ချိုးခဲ့ပါ၏။

ယခုတွင်မူ အဘိုးကွမ်းတို့ ဇနီးမောင်နှံမှာ ရွာတွင် မရှိပါ။ ညောင်ညို့ဝင်ရွာသို့ အလယ်သွားခဲ့ကြသည်မှာ ငါးရက်ခန့် ရှိပေပြီ။ ရွာမှာ အိမ်ခြေငှ ကျော်လောက်သာ ရှိပြီး ကျဉ်းလွန်းသဖြင့် တစ်အိမ်အကြောင်းကို တစ်ရွာလုံးက သိကြသည်။

ဤသို့ဖြင့် လူမရှိသော အိမ်ကြီးကို လှည့်ပတ်နေသော လူဦးခေါင်းအရွယ် နီရဲတောက်လောင်နေသည့် မီးလုံးကြီး သုံးလုံးကြောင့် တွေ့ရသူများအဖို့ ကြောက်လန့်သွားကြရခြင်း ဖြစ်ပါသည်။ အိမ်ကို လှည့်ပတ်နေသော မီးလုံးကြီး သုံးလုံးမှာလည်း စုန်းမီး(ဘီလူးမီး)ဖြစ်ကြောင်းကို သိကြသောကြောင့်လည်း ဖြစ်ပါသည်။

ထို့ကြောင့် ထိုအချုပ်အရာကို တွေ့ရသောလူများအဖို့ ဆက်မကြည့်ရဲတော့ဘဲ အိမ်ကိုသာ တန်းနေအောင် သုတ်ခြေတင်ခဲ့ကြပါတော့သည်။

♦♦♦

မနက်မိုးလင်းခဲ့လေပြီ။

အဘိုးကွမ်းတို့ ဇနီးမောင်နှံ ရွာသို့ ပြန်မရောက်လာကြသေးပါ။ ညကရွာသားတချို့ တွေ့ခဲ့ကြသော မီးလုံးကြီးအကြောင်းမှာလည်း တစ်ရွာလုံးကလေး၊ လူကြီးပါမကျန် သိကုန်ကြလေပြီ။ ညအခါ အဘိုးကွမ်း အိမ်ရှေ့က ဖြတ်ဖို့အရေး တွေ့၍ ကြောက်နေကြသူများလည်း ရှိကြ၏။

ဤသို့ဖြင့် ညဆန်းခေါင်းယံအချိန်၌ အဘိုးကွမ်းအိမ်မှ ထိုမီးလုံးကြီး သုံးလုံးကို အရင်ညပုံစံအတိုင်း ထပ်မံတွေ့ရှိရပြန်ပါသည်။ ဤသို့ မီးလုံးကြီး သုံးလုံးကို ညစဉ်ရက်ဆက် တွေ့ရပြီး သုံးရက်မြောက်အကြာနေ့ ညနေစောင်းမှ အဘိုးကွမ်းတို့ ဇနီးမောင်နှံ လှည့်ပတ်ခြင်း ပြန်လာကြသည်။ ညအခါ မီးလုံးကြီးတွေ့သည့်အကြောင်းကို ဒေါ်နန်းကြာအား အမျိုးသမီးတချို့က ပြောပြကြ၏။ ထိုအခါ ဒေါ်နန်းကြာက-

"နင်တို့အဘိုး ဘာတွေလုပ်ထားလဲ မသိဘူး။ မပြောပါနဲ့။ ငါ ကြောက်လွန်းလို့ပါ"

ဟု တောင်းဆိုသဖြင့် ထိုအကြောင်းကို မည်သူမျှ မဟာကြတော့။ မီးလုံးကိုလည်း အဘိုးကွမ်းတို့ ပြန်ရောက်သည့်ညမှ စ၍ မတွေ့ရတော့ပါ။ ထိုမီးလုံးကြီး သုံးလုံးအကြောင်းကိုလည်း ရွာသားများပင် မေ့မေ့ပျောက်ပျောက်ဖြစ်လာခဲ့ကြပါတော့သည်။

ဤသို့ဖြင့် အဘိုးကွမ်းသည် ရွာသို့ ပြန်ရောက်လာပြီး တစ်လလောက်အကြာတွင် အပြင်းဖျားဖျား၍ အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့တော့သည်။ ယခင်က အဘိုးကွမ်းသည် မိမိ၏ ဆေးပညာစွမ်းဖြင့် လူအများ၏ အသက်ကို ကယ်ခဲ့ဖူးသော်လည်း ယခုတွင်မူ အဘိုးကွမ်းအား မည်သူမှ မကယ်နိုင်ကြတော့ပါ။ ကျန်းမာရေးသတင်းမေးလာကြသူများမှာလည်း မရှိသလောက်ပင်။ အဘိုးကွမ်း၏ နေညိုချိန်ကား အကျည်းတန်လှပါ၏။

နောက်ဆုံး၌ အဘိုးကွမ်းသည် ဇရာ၏ နှိပ်စက်မှု၊ ကျန်းမာရေးဖောက်ပြန်မှုဖြင့် ဆုံးပါးသွားခဲ့ရပါတော့သည်။

> ညဆန်းခေါင်းယံအချိန်၌
> အဘိုးကွမ်းအိမ်မှ
> ထိုမီးလုံးကြီး သုံးလုံးကို
> အရင်ညပုံစံအတိုင်း
> ထပ်မံတွေ့ရှိရပြန်ပါသည်။
> ဤသို့ မီးလုံးကြီး သုံးလုံးကို
> ညစဉ်ရက်ဆက် တွေ့ရပြီး
> သုံးရက်မြောက်အကြာနေ့
> ညနေစောင်းမှ
> အဘိုးကွမ်းတို့ ဇနီးမောင်နှံ
> လှည့်ပတ်ခြင်း ပြန်လာကြသည်။
> ညအခါ
> မီးလုံးကြီးတွေ့သည့်အကြောင်းကို
> ဒေါ်နန်းကြာအား အမျိုးသမီးတချို့က
> ပြောပြကြ၏

www.burmeseclassic.com

www.burmeseclassic.com

အဘိုးကွမ်း ဆုံးပါးသွားသည့် အခါ အဘိုးကွမ်း၏ သေတ္တာထဲတွင် အဘိုးကွမ်းကိုယ်တိုင် ထွင်းလုပ်ထား သော အာဌာဝက ဘီလူးရုပ် သုံးရုပ် ကို ထူးခြားစွာ တွေ့ရှိခဲ့ရပါသည်။ အရုပ်သုံးရုပ်မှာ ရွယ်တူလေးများဖြစ်ပြီး လွန်စွာ အသက်ဝင်လှသည်။

ထိုအာဌာဝကရုပ်များကို တွေ့ သော ဒေါ်နန်းကြာမှာ ကြောက်တတ် သူပီပီ ရွာရှိ ကိုပြိုးမောင်အား ထို အာဌာဝကရုပ်သုံးရုပ်ကို ရွာမြောက် ဘက် ရိုးချောင်းထဲသို့ သွားရောက် လွှင့်ပစ်စေခဲ့၏။ ထို ဘီလူးရုပ်များကို အဘိုးကွမ်းသည် မည်သည့်အခါများတွင် ထွင်းလုပ်ခဲ့သည်ကို ဒေါ်နန်းကြာ မသိ လိုက်ရပါ။

ကိုပြိုးမောင်သည် ထို ဘီလူးရုပ် သုံးရုပ်ကို သွားရောက်လွှင့်ပစ်ရင်း ရိုး ချောင်းအရောက်တွင် ထိုအရုပ်များကို ပစ်ရမှာ နမြောနေမိခဲ့သည်။ ထို့ကြောင့် ကိုပြိုးမောင်သည် ဘီလူးရုပ် သုံးရုပ် အနက် နှစ်ရုပ်ကိုသာ လွှင့်ပစ်ခဲ့ပြီး ကျန် တစ်ရုပ်ကို မည်သူမှ မသိအောင် ဝှက်၍ အိမ်သို့ ပြန်ယူလာခဲ့သည်။

♦♦♦

ကိုပြိုးမောင်မှာ အသက် ၃၀ ကျော်အရွယ်ရှိသူဖြစ်ပြီး တစ်ရွာတည်း နေ မချစ်မေနှင့် အိမ်ထောင်ကျကာ သားတစ်ယောက်ပင် ထွန်းကားထား၏။ ကိုပြိုးမောင်၏ သားလေးမှာ အသက် ၃နှစ်ကျော်ကျော်အရွယ်၊ စကားမပီတပီ ပြောတတ်စဖြစ်၍ လွန်စွာ ချစ်စရာ ကောင်းပါသည်။

ကိုပြိုးမောင်သည် ဘီလူးရုပ်အား အိမ်သို့ ယူဆောင်လာသည့်နေ့မှစ၍ ကိုပြိုးမောင်အိမ်မှာ လာဘ်ပိတ်လာခဲ့ သည်။ တစ်ဆက်တည်းမှာပင် ကိုပြိုး မောင်၏ သားလေးမှာ အပြင်းဖျား, ဖျား ခဲ့၏။ ကလေးမှာ တဒွေ့ဒွေ့ဖြင့် မယျောက်နိုင်သဖြင့် ရိုးမဲ့မဲ့ နွားရှင်းလေး ကို ရောင်းပြီး ငြိုသို့ တက်ကာ ကလေး ကို ဆေးရုံတင်ရပါတော့သည်။ အိမ် တံခါးကို သော့ခတ်ကာ လင်မယား နှစ်ယောက်စလုံး ဆေးရုံတွင် ညအိပ် စောင့်ရပါတော့သည်။

ကိုပြိုးမောင်တို့လင်မယား ဆေး ရုံတွင် ရှိနေသောညက ဖြစ်သည်။ လူ မရှိသော ကိုပြိုးမောင်၏ အိမ်တွင် အဘိုးကွမ်းအိမ်၌ တွေ့ခဲ့ရသော နီရဲ တောက်လောင်နေသည့် မီးလုံးကြီးကဲ့ သို့ မီးလုံးကြီးတစ်လုံးမှာ အိမ်ကို လှည့်ပတ်သွားလာနေသည်ကို ရွာသား တချို့က တွေ့ခဲ့ရသည်။ တွေ့ခဲ့ရသော ရွာသားများကလည်း အံ့သြမှုနှင့်အတူ ကြောက်စိတ်များသာ တိုးခဲ့ရပါတော့ သည်။

ထိုအချိန်သည် အဘိုးကွမ်း ဆုံး သည့် တစ်လကျော်ကျော်အချိန်သာ ရှိသေး၏။ အဘိုးကွမ်း၏ ဇနီး ဒေါ်နန်း ကြာမှာလည်း အဘိုးကွမ်းအတွက် ရက်လည်ဆွမ်းကျွေးပြီးသည့်နေ့မှစ၍ သူ၏ အစ်မရိုသူ တောင်စဉ်မြောင်ရွာ သို့ ပြောင်းရွှေ့သွားခဲ့၏။ အိမ်ကြီးကို သော့ခတ်ထားခဲ့သော်လည်း ညအခါ၌ မီးလုံးကြီး သုံးလုံးကို လုံးဝ မတွေ့ရ တော့ပါ။

ယခုတွင်မူ ကိုပြိုးမောင်အိမ်၌ မီးလုံးကြီးတစ်လုံး ထပ်မံ တွေ့ရပြန် သောကြောင့် ရွာသားများအဖို့ လွန်စွာ အံ့သြခဲ့ကြပါသည်။

မနက်မိုးလင်းသောအခါ ကိုပြိုး မောင်တစ်ယောက် ကလေးအဖျား မသက်သာသေး၍ ငွေရှာရန် ရွာသို့ ပြန်လာခဲ့သည်။ ကိုပြိုးမောင်ကို တွေ့ သော ရွာသားများက ညက တွေ့ခဲ့ သော မီးလုံးကြီးအကြောင်းကို ပြန် ပြောပြခဲ့ကြသည်။ ကိုပြိုးမောင်မှာ လွန်စွာအံ့သြသွားပြီး အဘိုးကွမ်း၏ အာဌာဝကရုပ်ကို သတိရသွားခဲ့သည်။

ထို့နောက် ကိုပြိုးမောင်သည် ထို အိမ်၌ လာဘ်လာဘများ ပိတ်ကာ ကလေးပါ နာမကျန်းဖြစ်ရခြင်းမှာ ဤ အာဌာဝကရုပ်ကြောင့် ဖြစ်မည်ဟု ယုံ ကြည်သွားခဲ့သည်။

ထို့နောက် အိမ်သို့ အပြေးပြန် ကာ အိမ်၏ ဗီရိုထဲမှ မိမိဂုက်ထားသော အာဌာဝက ဘီလူးရုပ်ကြီးကို ယူကာ ရွာမြောက်ဘက် ရိုးချောင်းသို့ သွား ရောက် လွှင့်ပစ်ချခဲ့သည်။

ထိုအချိန်မှစ၍ ကိုပြိုးမောင်၏ သားလေးမှာ တဖြည်းဖြည်း နေပြန် ကောင်းလာပြီး အိမ်၏ လာဘ်လာဘ များလည်း အရင်လို ပြန်ကောင်းလာ သည်။ ထိုအာဌာဝကရုပ်သည် လူ့ဘဝ ခိုက်တတ်ခြင်းဖြစ်မည်ဟု ကိုပြိုးမောင် ယုံကြည်ခဲ့ပါသည်။ သို့ပါသော်လည်း အရုပ်အား နမြောကာ ယူထားမိသည့် မိမိအမှားအတွက် ထိုအကြောင်းကို မည်သူ့ကိုမှ မပြောပြရဲပါ။

အဘိုးကွမ်းသည် လူ့ကို ခိုင်း တတ်သော အာဌာဝက ဘီလူးရုပ် သုံးရုပ်အား မည်သည့်ရည်ရွယ်ချက်ဖြင့် ထွင်းလုပ်ကာ၊ မည်သို့ အသက်သွင်း ကြောင်းကိုတော့ ကိုပြိုးမောင် ယခု ထိ နားမလည်နိုင်ခဲ့ပါ။

(ဖြစ်ရပ်မှန်တစ်ခုဖြစ်ပါသည်။)

(စာရှုသူများအား ရသတစ်ခု ပေးစွမ်းနိုင်သည်ဆိုပါက စာရေးရသူ နပ်ပါပြီ)။

* * *

ညီလေးငယ်(လယ်ကောင်)

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တုံးကြီး ကိုးကွယ်မှု

ကိုဒေးမြင့် (မဟာဝိဇ္ဇာ၊ ရေး-သု)

ယနေ့ ကမ္ဘာကြီးတွင် အသိဉာဏ်အကြွယ်ဝဆုံးဟု ယူဆရသော လူသားတို့သည် လူဟူ၍ ဖြစ်ပေါ်လာစကမှ အတွေ့အကြုံ အသိအမြင်နည်းပါးခဲ့ကြ၏။ စဦး လူတို့သည် သွယ်လင့်တက္က ရရှိနိုင်သော ကျောက်တုံး၊ ကျောက်ခဲများကို အရင်ဆုံး အသုံးပြုခဲ့ကြသည်။ ထို့နောက် မီးကို စတင် သုံးတတ်လာပြီး တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာခဲ့၏။



ကျောက်တုံး၊ ကျောက်ခဲများကို လက်နက်အဖြစ် သုံးရာမှ ခြစ်ထည်၊ ကြေးထည်၊ သံထည်များကို ပြုလုပ်သုံးစွဲတတ်လာခဲ့၏။ သို့ဖြင့် လူသားမျိုးနွယ်တို့သည် ကျောက်ခေတ် (Stone age)၊ ကြေးခေတ်(Bronze age)နှင့် သံခေတ် (Iron age)တို့ကို ဖြတ်ကျော်ခဲ့ကြကာ ယဉ်ကျေးမှုများ ကြီးမြင့်မားလာခဲ့လေသည်။ ထို့နောက် စာပေပေါ်ပေါက်လာကာ ဖြစ်ပျက်သမျှကို မှတ်တမ်းမှတ်ရာပြုနိုင်ခဲ့ကြ၏။ ထိုအချိန် လျှပ်စစ်ဓာတ်၊ အနုပြုစွမ်းအင်တို့ကိုလည်း ရယူအသုံးပြုနိုင်လာခဲ့ပြန်၏။ ယနေ့ နည်းပညာခေတ်တွင်ကား ကြီးမားသောအရာများကို တွင်တွင်ကျယ်ကျယ်သုံးကာ ဆက်သွယ်ရေး အားကောင်းလာပြီး ဖွံ့ဖြိုးမှုများလည်း အမြင့်ဆုံးသို့ ရောက်ရှိသွားပြီဟု ယူဆကြ၏။ သို့သော် မည်သည့်အခါမှ တိုးတက်မှုများ၏ အတွင်းအထိပ်သို့ကား ရောက်ရှိလိမ့်မည် မဟုတ်ပေ။ အကြောင်းမူ စဉ်ဆက်မပြတ် ဆက်လက်တီထွင် နေကြသောကြောင့်ပင် ဖြစ်လေသည်။

စဦးလူသားများ၏ ဘဝဖြစ်ထွေ

လူသားတို့ စတင်ခြေချခဲ့သော ကမ္ဘာ့မြေအပြင်ပေါ်တွင် ကျောက်ခေတ်၏ အကြွင်းအကျန်များကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။ မြန်မာနိုင်ငံ၌လည်း စဦးလူသားတို့ နေထိုင်ခဲ့ရာ ပြဒါးလင်းဂူ၊ မိုးကြိုးပြင်၊ တောင်သမန် စသည့် နေရာတို့တွင် ကျောက်လက်နက်(Stone tools)များကို ယနေ့တိုင် တွေ့ရှိရသည်။ လူသားတို့သည် အသုံးပြုသော လက်နက်ကိရိယာများကို ပြောင်းလဲသုံးစွဲခဲ့သလိုပင်၊ အသိဉာဏ်ရှိလာသည်နှင့်အမျှ ကိုးကွယ်ယုံကြည်မှုများ၊ တွေးခေါ်ယူဆမှုများလည်း ပြောင်းလဲလာခဲ့သည်။ ဂူနေကျောက်ခေတ် လူသားဘဝတွင် တောတောင်ရေမြေ၊ သဘာဝတရား၊



ကျောက် တုံးကျောက်ဆိုင်များနှင့် သတ္တဝါကြီးများ (Animist) ကို ကြောက်ရွံ့ ကိုးကွယ်ခဲ့ကြသည်။ ထို့နောက် နတ်နှင့် ဝိညာဉ်(Spirits)များကို အားထားယုံကြည်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

အချို့တွင်ပင် ကမ္ဘာဦးအစက လူများ မနေထိုင်ကြသေးပေ

မိုးကြိုးပြင်ရွာသည် မုံရွာခရိုင်တွင် ဆားလင်းကြီ
ဒေသ၏ မြောက်ဘက်၊ မီးတောင်ဟောင်းများဖြစ်သော တွင်
တောင်၊ ကြေးစင်တောင်၊ စပယ်တောင်များ၏ တောင်ဘက်
လက်ပံတောင်းတောင်၏ အနောက်ဘက်တွင် ရှိသည်
ထိုနေရာသည် ရိုင်အိုလိုက်(Rhyolite)နှင့် တုပ်(Tuf
ကျောက်များ ထွက်ရှိရာ နေရာဖြစ်၏။ ကျောက်ခေတ်
ကာလက ထိုကျောက်များဖြင့် ပြုလုပ်ခဲ့သော ကျောက်



ကြပြန်သည်။ တစ်ဖန် အသိဉာဏ်ကြွယ်ဝပြီး အတွေးအခေါ်
ရင့်ကျက်နက်နဲသော ပုဂ္ဂိုလ်များ၏ တွေးခေါ်ယူဆမှုများကို
နစ်သက် မြတ်နိုးလာကြကာ ထိုပုဂ္ဂိုလ်တို့အား ကိုးကွယ်
ပူဇော်လာကြ၏။ သို့ဖြင့် မျက်မှောက်ကာလတွင် ဗုဒ္ဓ
ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဂျူးဘာသာ၊ အစ္စလာမ်ဘာသာ
စသည့် ဘာသာကြီး(Religion)များ ထွန်းကားလာတော့
သည်။

လက်နက်များကို စုံလင်စွာ တွေ့ရသောကြောင့် မိုးကြိုး
သည် သမိုင်းမတင်မီအခါမှ ကျောက်လက်နက်ထုတ်
ခဲ့သော(Industry)နေရာတစ်ခုဖြစ်ခဲ့ပေသည်။ ထို
ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သော မိုးကြိုးပြင်
တစ်ဝိုက်တွင် အိုးခြမ်းပဲ့များ(potsherds)၊ လူနှင့် တိရစ္ဆာ
တို့၏သွားနှင့် အရိုးများ၊ လူတစ်ရပ်ခန့်ရှိသော ကျောက်
များကို တွေ့ရှိရပါသည်။ ကျောက်တုံးကြီး ကိုးကွယ်မှု
ထိုအရပ်တွင် ရှိနေခဲ့ပေသည်။

ရွှေဘိုခရိုင်၊ ပျူတို့၏ မြို့တော် ဟန်လင်းတွင်လည်

ပျူခေတ်အထောက်အထားများနှင့်အတူ ကျောက်တုံး
ကိုးကွယ်မှု(Megalithic site) ပြုလုပ်ထားသည့် နေရာ
ကိုလည်း တွေ့ခဲ့ရပါသည်။ ပျူခေတ်(သံခေတ်)မတိုင်
ကျောက်ခေတ်လူသားတို့ ထိုအရပ်တွင် နေထိုင်းလွှ
ကြောင်း သက်သေပင်ဖြစ်သည်။

(ဤနေရာတွင် ကွဲပြားစွာ ခွဲခွဲခြားခြားသိအင်

သမိုင်းအစဉ်အလာ ကြီးမားသောမြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် လူဆားဟူ၍ ပီပီပြင်ပြင် စတင်
မဖြစ်ပေါ်မီကပင် လူတို့၏ အစ၊ မျောက်မှ လူသို့ တစ်စစ
ကူးပြောင်းလာနေသူများ နေထိုင်ကျက်စားခဲ့ရာဖြစ်သည်။
ထိုကမ္ဘာဦး ကျောက်ခေတ်လူသားတို့နောက်တွင်လည်း
ခေတ်အဆက်ဆက် ဆက်လက်နေထိုင်ခဲ့သည်မှာ ယနေ့တိုင်
ပင်ဖြစ်သည်။ သို့ဖြစ်ရာ ကျောက်ခေတ်ဦး၊ ကျောက်ခေတ်
လယ်၊ ကျောက်ခေတ်နောင်းနှင့် ကျောက်ခေတ်သစ် လူသား
တို့၏ ခြေရာလက်ရာများကို မြန်မာ့မြေပေါ်တွင် မြင်တွေ့
နေရခြင်းဖြစ်သည်။ ယနေ့ အင်အားကြီးနိုင်ငံများအနက်

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားစရာအချက်မှာ ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားရာ ကျိုက်ထီးရိုးစေတီတော်ကြီးပင်ဖြစ်သည်။ ကျိုက်ထီးရိုးဆံတော်ရှင်သည် လူတို့တွင် အတွေးအခေါ် အသိပညာနည်းပါးသည့်ကာလများက ကိုးကွယ်ခဲ့သည့် ကျောက်တုံးကြီး မဟုတ်ပေ။ ဆင်ခြင်တွေးခေါ်အား ကြီးမားသည့် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူပြီးသည့် နောက်ပိုင်းခေတ်များ၏ စေတီတော်တစ်ဆူဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့က မိမိတို့ ယုံကြည်အားထားသည့် မြတ်စွာဘုရား၏ ဆံတော်မြတ်များကို သိမ်းဆည်းသိုဝှက်ကာ စေတီတော်တွင် ဌာပနာခဲ့ခြင်းဖြစ်၏။ ထိုစေတီကိုလည်း ဆံတော်မြတ်များကို ဦးခေါင်းထက်တွင် မူလကပင် ထားရှိသိမ်းဆည်း စောင့်ရှောက်ခဲ့သောရသေ့ကြီး၏ ဦးခေါင်းတော်နှင့်ပုံသဏ္ဌာန်တူသည့် ကျောက်တုံးကြီးကို ရှာဖွေကာ ယင်းအပေါ်တွင် တည်ခဲ့ခြင်းဖြစ်ပါသည်။)

ဂရုန်အရပ်တွင်လည်း ကျောက်ခေတ်သစ် ကာလ၏ ကျောက်တုံးကြီးများ စိုက်ထူကိုးကွယ်မှုကို တွေ့ခဲ့ရဖူးသည်။ ကျောက်တုံးကြီးများကို ဦးတည်ရာမဲ့ စိုက်ထူထားခြင်းမဟုတ်ဘဲ ရည်ရွယ်ချက်ရှိစွာ အစီအစဉ်တကျ စိုက်ထူထားမှန်း သိသာလှပါသည်။ ကျောက်တုံးကြီးများ စိုက်ထားသည့် နေရာတို့ကို ပုံကြမ်းဆွဲကြည့်ပါက စိတ်ဝင်စားဖွယ်အနေအထားများကို တွေ့ရှိရလေသည်။

အင်္ဂလန်နိုင်ငံမှ ကမ္ဘာကျော်ထူးဆန်းသော ကျောက်တုံးကြီးများ

ဗြိတိသျှကျွန်းငယ်တွင် အလေးထား ဂုဏ်ယူဖွယ်ဖြစ်သော ရှေးကျပြီး ရိုးရာဆန်သည့် ကျောက်ဆစ်လက်ရာ (stonecraft)များစွာရှိနေသည်။ ထိုဒေသရာများစွာမှာ ဗြိတိသျှကျွန်းရှိ အင်္ဂလန်နိုင်ငံနှင့် ဝေလနယ်(Wales)၏ အချို့နေရာများသို့ ရောမ(The Romans)များ ရောက်ရှိ အခြေချသော ကာလများ၊ သမိုင်းတင် ရေးသားသော ကာလများထက် ပိုမိုရှေးကျသော နေရာများဖြစ်ကြသည်။ ရောမတို့ မတိုင်မီက နေထိုင်ခဲ့ကြသော အနောက်ဥရောပသား(Celtic)များက ဤကဲ့သို့ လှပသော ကျောက်တုံးစက်ဝန်းကြီးကို ပြုလုပ်ခဲ့သည်ကလည်း မယုံနိုင်စရာပင်။ မည်သို့ဆိုစေ၊ သမိုင်းမတင်မီ ခေတ်ကာလများ၏ သမိုင်းအမွေတစ်ခုဖြစ်သည်ကား သေချာလှပါသည်။ သမိုင်းလက်ကျန် ကျောက်တုံးကြီး (Megalithic remains)၏ ပုံရိပ်များကား နက်ရှိုင်းသော အဓိပ္ပာယ်များကို လျှို့ဝှက်ဖော်ဆောင်နေဆဲပေ။ ယနေ့မြင်နေရသည့် ပြိုင်ဘက်ကင်းသော Stonehenge တည်ဆောက်မှုကို လေ့လာကြည့်ရှုနေချိန်မှ အစောပိုင်းကာလ၊ သစ်သားများနှင့် စမ်းသပ်နေခဲ့ရသည့်အချိန်များထိ ဆွဲဆန့်ကြည့်လိုက်သောအခါ နှစ်ပေါင်းတစ်သောင်းခန့် ကွာဟနေလေ၏။ (The Salisbury Plain)လွင်ပြင်တွင် ကျောက်တုံးကြီးများ ထောင်ထားသော ခေတ်နှင့်ကား ထို့တစ်ဝက်မျှပင် ရှိလေသည်။

အင်္ဂလန်နိုင်ငံမှ အံ့သြဘွယ်ရာအတိုင်းဖြစ်သည့် ထူးဆန်းသော ကျောက်တုံးကြီး စတုန်းဟင်ge(The Stonehenge Mystery)သည်လည်း (The Salisbury Plain)လွင်ပြင်ပေါ်တွင်ပင် တည်ရှိနေသည်။ ယင်းသည် လွင်ပြင်ဟင်းလင်းကြီးထဲတွင် မြင်းခွာပုံ (horseshoe shapes)နှင့် အထပ်ထပ် ဝန်းပတ်နေသော စက်ဝန်း(concentric rings)များ အစုံလိုက် တည်ရှိနေခြင်းဖြစ်၏။ ယင်းသို့ကျောက်တုံးကြီးများကို ဝန်းပတ်ကာ စိုက်ထူထားသဖြင့် ကျောက်တုံးစက်ဝန်းကြီး (The Rings of Rock)သဖွယ် ဖြစ်နေလေသည်။ ယင်းနေရာသို့ ရောက်ရှိကြည့်ရှုဖူးသူတိုင်း၏ စိတ်ထဲတွင် ကမ္ဘာပေါ်မှာ ထူးဆန်းအံ့သြဖွယ် အကောင်းဆုံးဟု ထင်သွားကြမြဲဖြစ်သည်။ သေချာသည်ကတော့ ယင်းကျောက်တုံးကြီးများသည် သဘာဝအလျောက် တည်ရှိနေခြင်းမဟုတ်ဘဲ လူ





www.burmeseclassic.com

www.burmeseclassic.com

တိုင်၏ စွမ်းအားဖြင့် စိုက်ထူတည်ဆောက်ထားကြောင်းပင် ဖြစ်သည်။ ယင်းအချက်ကို ထိုကျောက်စက်ဝန်းများအား မြင်ဖူးသူတိုင်းက အတည်ပြု ထောက်ခံပေးနိုင်ကြ၏။ ထို့ပြင် ယနေ့အထိ မပျက်မစီး၊ မပြိုမလဲဘဲ ထိန်းသိမ်းမှု အကောင်းဆုံးရှိနေသော ကျောက်တုံးအစုအဝေးကြီးလည်း အမှန်ပင်ဖြစ်တော့သည်။

ထိုကျောက်တုံးစက်ဝန်းကြီးနှင့် ဆိုင်သည့် အချက်အလက်များ၊ သမိုင်းကြောင်းများ၊ ယင်းသို့ တည်ဆောက်ထားရှိမှုများကို သိလိုလာကြကာ စူးစမ်းလေ့လာသုတေသနပြုမှုများလည်း ယနေ့တိုင် ပြုလုပ်နေရဆဲဖြစ်သည်။ ယင်းသို့ တည်ရှိနေမှုမှာ နှစ်ပေါင်း ၄၀၀၀ကျော်မျှ ရှိနေရာ ရေးအကျဆုံး ကျောက်တုံးကြီးဖြစ်သည်။ သို့သော် ယနေ့တိုင်အောင်ပင် 'Stonehenge' ကို တည်ဆောက်ခဲ့ရခြင်း **ရည်ရွယ်ချက်**များအား မသိရှိနိုင်ကြသေးပေ။ ယင်းသည် ကျောက်ခေတ်လူသားတို့ ကိုးကွယ်ဝတ်ပြုရာ သမိုင်းမတင်မီကာလများ၏ ဘုရားရှိခိုးကျောင်း(Prehistoric temple)ဟု ယူဆကြကာ ယင်းတွင် ကိုးကွယ်ဝတ်ပြုမှုများ၊ သရိုးလမ်းပြတ်နှုမှုများ ပြုလုပ်ခဲ့ပုံကိုတွေးကြည့်ကြ၏။ နက္ခတ္တဗေဒပြက္ခဒိန် (an Astronomical calendar)များလား။ သို့တည်းမဟုတ် ကောင်းကင်ဘုံ နိဗ္ဗာန်သို့ အသွားလမ်းများပေလား။ တွေးဆချက် မျိုးစုံရှိသော်လည်း ယင်းကို တည်ဆောက်ရခြင်း၏ ဦးတည်ချက်အစစ်အမှန်ကိုကား ယနေ့တိုင် အတိအကျ မသိနိုင်သေးပေ။ ထိုကျောက်တုံးကြီးများနှင့် (The Arthurian Legend) ဒဏ္ဍာရီများ၏ ဆက်စပ်မှုကလည်း စိတ်ဝင်စားစရာပင်။

မူလက ထို့ထက်မကသော နှစ်ဆမျှရှိသည့် ကျောက်စက်ဝန်းများသည် (Stonehenge)တွင် ရှိနေကြလိမ့်မည်ဟု လေ့လာသူ ပညာရှင်များမှ ခန့်မှန်းယူဆကြသည်။ ပညာရှင်များက ယင်းအချက်ကို သက်သေပြုရင်း ကျောက်စက်ဝန်းများနှင့် လူထုအား မိတ်ဆက်ပေးရန် အကောင်းဆုံး ကောင်းကင်ဓာတ်ပုံ(Aerial view photo)များကို ရိုက်ခဲ့ကြသည်။

ကျောက်စက်ဝန်းကြီး၏ အလယ်ကောင်တည့်တည့်တွင် တည်ရှိသော (The Sarsen Circle)စက်ဝန်းသည်ကား အဆောက်အအုံတစ်ခုလုံး အတိုင်းအတာနှင့် ညီမျှလေသည်။ ထို့ပြင် ပို၍ယိုယွင်းပျက်စီးကာ တစ်စစီဖြစ်နေသည့် တိုင် အသစ်အတိုင်းဖြစ်နေသေးသည့်ဟန်ကိုလည်း ပြနေ၏။ စဉ်းစားကြည့်သောအခါ (The Sarsen Circle) စက်ဝန်း၏ အပြင်ဘက်ဆုံးသည်ကား ကမ္ဘာကြီးကို ရေကြောင်ဖြင့် ပတ်နေသည့်အလား ဖြစ်လေသည်။ ထို့ပြင် အပြင်ဆုံးဖြစ်သော မြင်းခွာပုံ(Trilithon Horseshoe)ရှိနေခြင်းကလည်း စနစ်ကျလှသော ပွဲစည်းပုံကို ပြနေ၏။ ယင်းစက်ဝိုင်း၏ အပေါက်သည် "Y" Holes Circle ကို တိုက်ရိုက် အနီးကာ ချုပ်ယူထားသည့်နှယ်ပင်ဖြစ်ပေသည်။

Stonehenge ၏ တည်ဆောက်ပုံအဆင့်ဆင့်

'Stonehenge' ကို အီဂျစ်နိုင်ငံ၏ မဟာပိရမစ်ကြီးများ တည်ဆောက်ချိန်နှင့် တစ်ချိန်တည်းတွင် တည်ခဲ့သည်ဟု အကြမ်းဖျင်းအားဖြင့် ခန့်မှန်းပြောဆိုနိုင်၏။ (Stonehenge)တည်ဆောက်သူများသည် ကျောက်တုံးများကို လိုအပ်သလို နေရာချထားရန်နှင့် ဖယ်ရှားပစ်ရန်အတွက် ဝန်ချီစက်များ၊ ကရိန်း(cranes)များကိုလည်း အစုံလိုက် အသုံးပြုကာ စံနစ်တကျပြုလုပ်ခဲ့နိုင်မည် မဟုတ်ပေ။ ထို့ကြောင့်ပင် ကျောက်တုံးကြီးများ တည်ဆောက်မှုကို မြေကြီးသစ်သားနှင့်၊ အထူးသဖြင့် ကျောက်တုံးများကိုသာ တိုက်ရိုက် အသေးစိတ်သော လက်နက်ကိရိယာများအဖြစ် သုံးခဲ့ကြရမည်။ ညလုံးပေါက် လုပ်ငန်းများလည်း လုပ်ဆောင်ခဲ့မည်မဟုတ်။ ယင်း၏ စာည်ဆောက်မှု ပထမအဆင့်တွင်ကြီးမားသော တူးမြောင်းကြီးများနှင့် ကမ်းပါးမှ မြေကတုံးမြေတံတိုင်းကြီးများသာ ဖြစ်ပေမည်။ ယင်းမှ ကျောက်တုံးကြီးများကို ကျော်ကတံတိုင်းကြီးနယ် စိုက်ထူထားခဲ့ကြပေမည်။

www.burmeseclassic.com

www.burmeseclassic.com





ဂဲသြမေတြီပညာ(Geometry)အရ (Stonehenge) ၏ အဓိကကျသောနေရာအဖြစ် အမှတ်အသားပြုထားသော နေရာများမှာ လေးနေရာရှိသည်။ ယင်းတို့ကား အခြေပြု ကျောက်တုံးများ(Station stones)ပင် ဖြစ်ကြ၏။ ထိုအခြေ ပြု ကျောက်တုံးအစုအဝေးမှာ အင်အားကို သင်္ကေတပြု သားသည်။ အခြေပြု ကျောက်တုံးများကို လေ့လာစူးစမ်းမှု များ ပြုလုပ်ရင်း ရှေးအခါကပင် ဖျက်သိမ်းခဲ့ပြီးဖြစ်သော အဆောက်ထပ်အနေအထားတစ်ခုလည်း ရှိသေးကြောင်း သိရ ၏။ ထို့ပြင် ယင်းတို့နှင့် အခြေပြု ကျောက်တုံးများ တိုက်ရိုက် ဆက်စပ်နေဟန်ရှိသည်ကိုလည်း မြင်နိုင်သည်။ ယင်းသည် အောက်ခြေ ကျောက်တုံးမှ မြောက်ဘက်သို့ အနည်းငယ် သိမ်းသောနေရာတွင် ရှိသည်။ ယနေ့ ရောက်ရှိလေ့လာသူ များ မြင်တွေ့ရသည့် ကျောက်တုံးကြီးခေတ်၏ အမွေအနှစ် ကျောက်တုံးအကြွင်းအကျန်များမှာ 'Stonehenge' ၏ အဆက်ဆုံး တည်ဆောက်ပြီးစီးမှု အခြေအနေအတိုင်းပင် ဖြစ်ပါသည်။

(Stonehenge)နှင့် နက္ခတ္တပညာ(Astronomy)

လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀ခန့်က (Stonehenge) သည် ရှေးခေတ်က လေ့လာစူးစမ်းရေးများ ပြုလုပ်သည့် နေရာဖြစ်နိုင်၏။ ရှေးခေတ်လူများက 'Stonehenge' ကို သင်ပုတ်ဖမ်းခြင်း၊ လကြတ်ခြင်း(Lunar Eclipses)များ အတွက် ကြိုတင်ခန့်မှန်းကာ ဟောကိန်းထုတ်ရန်အတွက် အသုံးပြုခဲ့နိုင်သည်။ 'Stonehenge' ကို တည်ဆောက်ခဲ့ သော ရှေးခေတ်လူများသည် ထိုကျောက်တုံး၊ ကျောက် တိုင်ကြီးများကို အဆောက်အဦများသဖွယ် အစီအစဉ်တကျ နေရာချခဲ့ကြ၏။ ရူပဗေဒပညာရှင်နှင့် နက္ခတ္တဗေဒပညာရှင် များ လကြတ်ခြင်းအတွက် ခန့်မှန်းချက်များ ပြုလုပ်နိုင်ရန် ထားသိုပေးခဲ့ခြင်းဖြစ်ပါသည်။

ယင်းအယူအဆကို အောက်ပါ အချက်အလက်အချို့ နှင့် ထင်မြင်ယူဆချက်များက သက်သေပြနေလေသည်။ 'Stonehenge' ကို သူ၏ တမံများနှင့် ၃၊ ၄၊ ၅ တြိဂံဖွဲ့ တိုင်းနည်းများအရလည်း လေ့လာကြည့်ခဲ့ကြ၏။ ထိုအခါ ကြယ်များနှင့် ဂြိုဟ်များက ယင်းအပေါ်တွင် ဖြတ်သန်းသွား လာကာ ပံ့သန်းနေသလိုဖြစ်အောင်လည်း အစီအစဉ်တကျ ခင်းကျင်းထားကြောင်း တွေ့ခဲ့ရ၏။ 'Stonehenge' ကို တည်ဆောက်ခဲ့သည့်နေရာက နှစ်တစ်နှစ်အတွင်း သတ် မှတ်ထားသော သတိပြုဖွယ် နေ့ရက်များစွာတွင် စကြဝဠာ အာကာသရှိ ဂြိုဟ်နက္ခတ်များ၏ အနေအထားနှင့် ပြောင်း လဲမှုဖြစ်စဉ်များ၊ ကြယ်တာရာများ ဆင်းသက်ကြကျမှု များကို အကောင်းဆုံး လေ့လာတွက်ဆနိုင်သောနေရာဖြစ် နေ၏။ ထို့ကြောင့် 'Stonehenge' ကို လေ့လာစူးစမ်းမှုများ ပြုလုပ်ရာတွင် အသုံးပြုရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တဗေဒဆိုင်ရာ ရှေးဟောင်း သုတေသနပညာ (Astro-archaeology) နှင့် ရှေးဟောင်း သုတေသနဆိုင်ရာ နက္ခတ္တပညာ (Archaeoastrology)

Stonehenge ကို နက္ခတ္တပညာနှင့် ဆက်စပ်ပေးသော ပထမဆုံးသောပုဂ္ဂိုလ်မှာ သိက္ခာတော်ရ Edward Duke ဖြစ်ပါသည်။ သူက Stonehenge တွင် ထူးခြားမှတ်သားဖွယ် နက္ခတ္တဗေဒဆိုင်ရာများနှင့် နှိုင်းယှဉ်ချိန်ထိုးနိုင်မှုများ ရှိနေကြောင်းကို ဖော်ပြခဲ့၏။ စင်စစ် Stonehenge သည်ပင် နက္ခတ္တဗေဒပြခန်းတစ်ခုနယ်ဖြစ်နေ၏ဟု ဆိုခဲ့သည်။ သို့သော် သူက တစ်စုံတစ်ခုကိုမျှ နာမည်တပ်ကာ ဖော်ထုတ်မပေးနိုင်ခဲ့။ အလွန်စနစ်ကျသော အသေးစိတ် အချက်အလက်များ၊ နက္ခတ္တဗေဒနှိုင်းယှဉ်မှုများနှင့် ဇယားများကိုလည်း မတင်ပြနိုင်ခဲ့ပေ။ သို့ဖြစ်ရာ ထိုဘာသာရပ်များပေါ်တွင် မူတည်သော သူ၏ တွေးဆချက်အတော်များများသည် ကံမကောင်း အကြောင်းမလှစွာပင် အများသူငါ လှောင်ပြောင်ရယ်မောစရာ စိတ်ကူးယဉ်မှုများသာ ဖြစ်သွားခဲ့လေ၏။ အတွေးလွန်မှုများဟုလည်း အပြောခံခဲ့ရသည်။ သိပ္ပံနည်းမကျဟုလည်း ဝေဖန်ခံခဲ့ရသည်။

၁၈ ရာစုနှစ်သို့ ရောက်လာသောအခါ ဗြိတိသျှ ရှေးဟောင်းပစ္စည်း လေ့လာစုဆောင်းသူတစ်ဦးဖြစ်သူ ဝီလျံ စတတ်ကလေ(William Stukeley)က Great Trilithons မှ မြင်းခွာပုံနှင့် Stonehenge မှ ကျောက်တုံးပြာ (Bluestones) ၁၉တုံး၏ မြင်းခွာပုံတို့သည် နွေလလယ်-နေထွက်ရာသို့ ပွင့်နေသည်ကို သတိပြုမိလာသည်။ ယင်းကို ဇယားပုံစံများ၊ သရုပ်ဖော်မြေပုံများဖြင့် သက်သေပြခဲ့၏။

ယနေ့ခေတ် အင်္ဂလန်နိုင်ငံ၏ ကမ္ဘာကျော် ကျောက်တုံးစက်ဝန်းကြီး

ယနေ့ခေတ်တွင် Stonehengeသို့ မရောက်ဘူးသူများအတွက် ရိုက်ကူးပြသထားသော(Stonehenge Circle) ကျောက်တုံးစက်ဝန်းကြီးနှင့် 'Henge' ပုံများမှာ ပြခန်းကြီးတစ်ခု ဖွင့်လှစ်ပြသနိုင်အောင်ပင် များပြားလှသည်။ ထို ကျောက်တုံးစက်ဝန်းကြီးများကို ကြည့်ရှုရခြင်းလောက် ခမ်းနားထည်ဝါ ကြီးမြတ်မှုသည်လည်း မရှိနိုင်တော့ပေ။

ယခုအခါ 'Stonehenge' သို့ လာရောက်လေ့လာသော သခ်ၤာပညာရှင်များအတွက် နှိုင်းယှဉ်လေ့လာမှုများ ပြုနိုင်သည့် Relativistic Flight များ၊ လေတွင် ပျံဝဲပြီး 'Stonehenge' ကို ဓာတ်ပုံရိုက်ထားသော ကောင်းကင်မြေတိုင်းဓာတ်ပုံများ၊ ဓာတ်ပုံမြေပုံ (Photographic Maps) များ၊ ထူးခြားဆန်းပြားသော 'Stonehenge' ၏ အလှဓာတ်ပုံများ၊ 'Stone-henge' ၏ အရွယ်အစားနှင့် အနေအထားများကို ဖော်ပြသည့် ဓာတ်ပုံများကိုလည်း ထုတ်ပြန်ပေးနေသည်။ ၁၉၉၆ ခုနှစ်တွင် ယင်း ဂန္ထဝင်မြောက် နေရာဖြစ်တည်နေမှုကို နောက်တစ်ကြော့ ပြန်လည်ဆန်းသစ်ခြင်း အဖြစ် ဓာတ်ပုံအမျိုးမျိုးရိုက်ကာ လေ့လာမှုများစွာလုပ်ကြပြန်သည်။ ထိုကောင်းကင်ဓာတ်ပုံများကို မကြည့်ရသေးသွားရောက်လည်ပတ်စဉ် မြေပြင်မှ မြင်တွေ့ရသမျှနှင့် တော့ 'Stonehenge' ၏ ပုံပန်းသဏ္ဌာန်နှင့် ဖွဲ့စည်းပုံဒီဇိုင်းကို မည်သို့မျှ နားလည်သဘောပေါက်မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

'Stonehenge' ကား သူ့ကို တည်ဆောက်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ မှ ယနေ့တိုင်ပင် နားလည်ရန် ခက်သော ပဟေဠိဆန်သည့် ပုစ္ဆာတစ်ရပ်အဖြစ် ကျန်ရှိနေဆဲပေ။

ဥရောပတစ်လွှားမှ ကျောက်တုံးကြီး ကိုးကွယ်ခဲ့သည့် နေရာများ

'Stonehenge' ကဲ့သို့ပင် ထူးခြားဆန်းပြားသော စီစဉ်မှုများနှင့် ကျောက်တုံးကြီးများကို အခြားသော နေရာများတွင်လည်း မြင်တွေ့နိုင်ပါသေးသည်။

ဂျာမဏီနိုင်ငံ၏ တောလမ်းလေးတစ်ခုနှင့် ကပ်လျက်တွင်လည်း အုံဩဖွယ်ကျောက်တုံးများနှင့် Schönberg Menhir ကို တွေ့နိုင်လေသည်။ ဂျာမဏီပြည်မှပင် ဖြစ်သည့် Hinkelstein von Thomm ကျောက်တုံးကြီးသည်ကား သလင်းကျောက် (quartz)တုံးကြီးဖြစ်ပြီး၊ ယင်းသည် အိုဒေသထွက် ကျောက်မျက်ပစ္စည်းလည်း မဟုတ်ပေ။ အိုကျောက်တုံးကြီး ထားရှိသည့် ဦးတည်ချက်ကို ပြတ်သားစွာ သိရသော်လည်း ဘာသာရေး ကိုးကွယ်ယုံကြည်မှုအတွက် သုံးခြင်း(religious purposes)ဟု ယူဆရ၏။ ထိုကျောက်တုံးကြီးသည် ကျောက်ခေတ် နောင်းကာလ (The Late Stone Age) (သို့မဟုတ်) ကြေးခေတ်ဦး(Early Bronze Age)မှ ပစ္စည်းလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

ဗြိတိသျှ ကျွန်းငယ်လေး (The British Isles)တွင် ကိုးရာကျော်မျှသော ကျောက်တုံးစက်ဝန်းများ(Stone rings) တည်ရှိကျန်ရစ်နေဆဲဖြစ်၏။ ဗြိတိသျှကျွန်း၏ နေရာများစွာတွင် ရှိနေသည့် ထောင်နှင့်ချီသော ထိုကျောက်တုံးစက်ဝန်းများသည် လူသားတို့၏ စွမ်းဆောင်နိုင်မှု၊ မျှော်လင့်ချက်နှင့် ပြင်းပြသော ဆန္ဒများကို သက်သေပြနေပေသည်။

Challacombe Triple Stone Row တွင် ကျောက်တုံးကြီးများသည် အတန်းသုံးတန်းရှိနေသည်။ အလယ်ပိုင်းရှိ 'Dartmoor' တွင်မူ စက်ဝန်းငယ်ကလေးသဖွယ်ဖြစ်နေ၏။ ယင်းကျောက်တုံးကြီးများကို အင်္ဂလန်နိုင်ငံ (United Kingdom) တွင် တွေ့ရှိရသည်။

'White Moor Stone Circle' သည်ကား ကျောက်တုံးဖြူများဖြင့် စီစဉ်ထားသည့် စက်ဝန်းကြီးဖြစ်သည်။ ယင်းသည် သမိုင်းမတင်မီကာလ ကျောက်တုံးစက်ဝန်းကြီး 'Prehistoric Stone Circle' ဖြစ်ပြီး မြောက်ပိုင်း ဖုန်းဆိုးမြေရိုင်းကွင်း(Northern Dartmoor)တွင် တည်ရှိသည်။ ယင်းကို အရပ်ခေါ်အားဖြင့် အဖြူရောင် ဖုန်းဆိုးမြေရိုင်းကျောက်စက်ဝန်းဟုခေါ်၏။ အင်္ဂလန်ကျွန်းတွင်ပင်ရှိနေပါသည်။

'Beardown Man Menhir' ကျောက်တုံးကြီးသည်လည်း အင်္ဂလန်နိုင်ငံ၊ 'Dartmoor' အရပ်တွင်ပင် တည်ရှိသည်။ အားကုန်ဖိသွင်းပြီး တည့်တည့်ကြီးစိုက်ဝင်နေဟန်ရှိသော ထိုကျောက်တုံးကြီးသည် မားမားကြီး ရပ်တည်နေ၏။ ယင်းသည် ကျောက်ဆောင်ပေါ်သည့် ဖုန်းဆိုးတောနေရာ(Devil's tor)၏ လူသွားလူလာနည်းပြီး ပစ်ပယ်ထားသလိုရှိသော ကျောက်တောင်ကုန်းတွင် တည်ရှိနေသည်။

(Scorhill Stone Circle) ကျောက်တုံးစက်ဝန်းဟူသည်လည်း အင်္ဂလန်နိုင်ငံ၊ အရှေ့မြောက်ပိုင်း 'Dartmoor' အရပ်တွင်ပင် တည်ရှိလေသည်။ သို့သော် အထက်ဖော်ပြပါ နေရာအားလုံးသည် သွားရောက်လေ့လာ လည်ပတ်ရန် မဖြစ်နိုင်သော နေရာချည်းဖြစ်ကြ၏။

'St Lythans Burial Chamber' သည်လည်း အင်္ဂလန်နိုင်ငံတွင်ပင် ရှိသည်။ ယင်းသည် ကျောက်ခေတ်သစ်ဦး(Neolithic)ကာလ၏ မြေမြှုပ်ထားသော ကျောက်တိုး သချိုင်းဂူခန်းမကြီးဖြစ်သည်။ ယင်းသို့ သွားရောက်ရန် ဂိတ်ပေါက်လေးကို ဖြတ်ပြီး ကွင်းကြီးထဲသို့ သွားရသည်။ ယင်း၏ မြောက်ဘက်နားတွင် ကားအချို့ ရပ်နားနိုင်ရန် သင့်တော်သော လမ်းကလေးလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တုံးကြီးများခေတ်ကို ပြန်လည်သွားရောက်ခြင်း

ကမ္ဘာ့လူသားတို့၏ ဘိုးဘေးဘီဘင်များ ကျောက်ခေတ်သစ်ဦးကာလတွင် မည်သို့ ရှိခဲ့မည်ကို တွေးတောစဉ်းစားကြည့်နိုင်ပါသည်။ သူတို့၏ နေ့စဉ်ဘဝတွင် အခြေခံသဘာဝတရားများက စိုးမိုးခြယ်လှယ်နေခဲ့ပါလိမ့်မည်။ ပြင်းထန်သော ရာသီဥတုပြောင်းလဲမှုများကလည်း အရင်းအမြစ်ကျစွာ တစ်စိတ်တစ်ပိုင်း လွှမ်းမိုးနေပါလိမ့်မည်။ သားရဲတိရစ္ဆာန်များကလည်း ခြောက်လှန့် ရန်ပြုနေပါလိမ့်ဦးမည်။ ယင်းအခက်အခဲများကို ကမ္ဘာဦး လူတို့သည် သူတို့ တတ်နိုင်သမျှနှင့် ရုန်းကန်ရင်ဆိုင်ခဲ့ပေမည်ဟု အလေးအနက်ထားကာ နားလည် စာနာပေးသင့်ပေပြီ။

ထို့နောက်တွင်မူ ကျောက်ခေတ် လူသားတို့သည် လူပီသစွာ စဉ်းစားကြံဆမှုများ ပြုလုပ်ခဲ့ကြပေမည်။ ရာသီဥတုဖြစ်ပေါ်လာရာ လမ်းကို အလေးပြု ကြိုဆိုခဲ့ကြမည်။ မည်သည့်နေရာသည် နေ၊ လ၊ နက္ခတ်၊ တာရာများနှင့် လမ်းကြောင်းသင့်မည်ကို တွေးဆခဲ့ကြမည်။ ကောင်းကင်နှင့် မြေကြီးကို စိုးမိုးနိုင်သော ပုဂ္ဂိုလ်များအား ပဒသသည့် အခမ်းအနားပြုလုပ်ရန် သင့်လျော်မည့် မြင့်မြတ်သော နေရာများကို ရွေးချယ်ခဲ့ကြလိမ့်မည်။ ယင်းကိစ္စများအတွက် အချိန်ယူကာ လေ့လာလုပ်ဆောင်ခဲ့ကြရမည်။

တစ်မျော်တစ်ခေါ်သော မြေအပြင်ကို လှုပ်၍ ခပ်ပါးပါးလေး ဖြန့်ကျက်ကြည့်လိုက်ပါ။ အတော်လေး များပြားသော လူအုပ်စုကြီးသည် ကျောက်တုံးကြီးများ တည်ဆောက်ထားသိုမည့်နေရာသို့ အတူတကွ လာရောက်ခဲ့ကြလိမ့်မည်။ ထီးထီးမတ်မတ်နှင့် တစ်ကိုယ်တော် သီးခြား ကျောက်တုံးကြီးများကို မိသားစုအလိုက် စိုက်ထူခဲ့ကြမည်။ ထို့လေကြောင်းသင့်သည့်အမြင့်သို့တိုင် ရှိနေသည့် ကျောက်တိုင်ကြီးများ။ များပြားကြီးမားသော ကျောက်တုံးကြီးများနှင့် ဘုရားရှိခိုးကျောင်းကြီးများတမျှ အစုအဝေးနှင့်ရှိသော (Avebury)။ (Stonehenge) နှင့် (Callanish)တို့ကဲ့သို့သော ကျောက်တုံးအဆောက်အဦကြီးများကိုမူ များစွာသော လူသားတို့ စုပေါင်း ထူမတ်ခဲ့ကြပေလိမ့်မည်။ သို့ဖြင့် ယခု လူသားတို့ တအံ့တသြငေးမော အဖြေရှာနေရသည့် ထူးခြားဆန်းကြယ်ပြီး လျှို့ဝှက်နက်နဲလှသည့် ကျောက်တုံးကြီးများသည် ပဟေဋ္ဌိများစွာကို သယ်ဆောင်လျက် ကမ္ဘာဆုံးတိုင် ကျန်ရစ်နေလေတော့သည်။

* * *

ကိုဇေးမြင့်(မဟာဓိဇ္ဈာန်ရှင်)

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းမြန်မာ့ရိုးရာ

ဂေါ်သွေးစမ်းနည်း

ဒေးဂရှ (ဇီးကုန်း)

ယခု တင်ပြမည့်နည်းလေးမှာ အခြေခံ တိုင်းရင်းမြန်မာ ရိုးရာ သွေးစမ်းနည်းလေးဖြစ်ပါသည်။ ဗဟုသုတလည်း ရစေ၊ အသုံးချလိုကလည်း သွေးကို စမ်းသပ်သိရှိရသဖြင့် အလွယ်တကူ ဆေးဝါးဓာတ်စာပေးနိုင်ပါစေဆိုသည့် စေတနာဖြင့် တင်ပြခြင်းဖြစ်ပါသည်။

၁။ သွေးကြောသည် ကွေ့ကွေ့ကောက်ကောက်ဖြင့် မြွေသွားသကဲ့သို့ တိုးမှု ထိုသူသည် လေပျက်သောသူဖြစ်သည်။

၂။ သွေးကြောသည် ဖားကဲ့သို့ ခုန်၍ခုန်၍တိုးမှု ထိုသူသည် သည်းခြေပျက်သောသူဖြစ်သည်။

၃။ ဟသ်ာ(ဝမ်းဘဲ)ကဲ့သို့ နေးနေးတိုးမှု ထိုသူသည် သလိပ်ပျက်သောသူဖြစ်သည်။

၄။ ကောက်ကောက်ကွေ့ကွေ့သွားခြင်း၊ တစ်ခါတစ်ရံ ခုန်၍ခုန်၍သွားခြင်း၊ တစ်ခါတစ်ရံ နေးနေးသွားခြင်း စသည့် သွေးတိုးခြင်း မညီညွတ်လျှင် သန္ဓိပတ်သို့ ရောက်ပြီး ထိုသူသည် ဒေါသသုံးပါးပျက်သောသူဖြစ်သည်။

၅။ သွေးကြောလုံးကြီးသော် ထိုသူသည် အဖျားတာရှည်သည်။

၆။ သွေးကြောထ၍ သွေးတိုးလျှင် ထိုသူ အနာကျရောက်တတ်သည်။

၇။ သွေးကြောသိမ်သိမ်မွေ့မွေ့တိုးလျှင် ထိုသူသည် အနာသေးငယ်သူဖြစ်သည်။

၈။ သွေးတန့်၍တန့်၍တိုးလျှင် ထိုသူသည် သွေးဝပ်သူဖြစ်သည်။

၉။ အပူနှင့်တကွ လျင်မြန်စွာတိုးလျှင် ထိုသူသည် ဖျားသောသူဖြစ်သည်ဟု သိရသည်။

ဤသည်တို့မှာ တိုင်းရင်းအခြေခံ သွေးစမ်းနည်း ဥမှုံဖြစ်ပါသည်။ ပညာရှင်များအတွက်မဟုတ်ကြောင်း ဝန်ခံအပ်ပါသည်။

* * *

ဒေးဂရှ(ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အဖြူနှင်းဆီ (ဟာသာတ)

မရကာခြံပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com

"ငသိုက်ထွန်းဖေ"လို့ ဆိုရင် ဒီ "ငါးဘတ်အင်းရွာ"လေးမှာ မသိသူ မရှိ၊ ကလေးကအစ သိကြ၏။ သိမှာပေါ့။ ထွန်းဖေက သဘောကောင်းပြီး စိတ်ထားကလည်း ဖြူစင်တဲ့သူဆိုတော့ ထွန်းဖေဆိုရင် ခေါ်ချင်တဲ့သူတွေက များသည်။ ပိုက်ဆံဆိုရင်လည်း တန်ရာတန်ကြေးသာ တောင်း၏။ တစ်ခါတလေ လူကြီးသူမတွေ၊ ဟိုရွာသည်ရွာ အလှူပွဲရှိလို့ ကြွတဲ့ ဘုန်းတော်ကြီးတွေ ဆိုလျှင် ဆိုက်ကားခ မယူဘဲ ပို့ဆောင်ပေးလို့ လိုက်ပို့ခံရတဲ့သူတွေက ဆုတွေ တသီကြီးပေးသဖြင့် ထွန်းဖေတစ်ယောက် ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဝဆိုသလို ဖြစ်နေ၏။

ဒါကြောင့် ရွာထိပ် ဆိုက်ကားဂိတ်လေးမှာ အတူနင်းကြတဲ့ ငါးဘတ်အင်းရွာထဲက ထွန်းဇံ၊ ငပေါ၊ ဆိတ်သိုးဆိုတဲ့ နင်းဖော်နင်းဖက်တွေက ထွန်းဖေကို သိပ်မကြည်ကြပေ။ မကြည်ဆို ဆိုက်ကားစီးတဲ့သူတွေက ဂိတ်လေးနားရောက်လာရင် ဂိတ်မှာ ထွန်းဖေရှိ၊ မရှိ ကြည့်ကြ၏။ ထွန်းဖေရှိနေရင် တခြားသူတွေကို မခေါ်ပေ။

"ဟေ့ - ထွန်းဖေ···ဆိုက်ကား အားတယ်မဟုတ်လား"

ဒါကြောင့် နင်းဖော်နင်းဖက်တွေက ပြော၏။

"ထွန်းဖေနင်းတဲ့ဟာမှ ဆိုက်ကားလို့ ထင်နေသလား မသိဘူး။ ငါတို့နင်းတာတွေလည်း ဆိုက်ကားပါပဲကွာ။ အလကား၊ ထွန်းဖေဆိုက်ကား စီးနေကြတဲ့သူတွေက ထွန်းဖေကို စေတနာရှိလို့ မဟုတ်ဘူး၊ ပေါချောင်ကောင်းရနေလို့ စီးနေကြတာ"

ဘယ်သူတွေ ဘာပြောပြော ထွန်းဖေတစ်ယောက်ကတော့ အရယ်အပြုံးမပျက်။ တေးတည်းညည်းနဲ့ ခရီးဝေး၊ ခရီးနီး ပြေးဆွဲလျက်ပါပဲ။

ထွန်းဖေက ကလေးတွေကိုလည်း ချစ်တတ်၏။ ဒါကြောင့် ကျောင်းဖွင့်တဲ့ ရက်အစတွေဆိုရင် ထွန်းဖေတစ်ယောက် လက်ကို မလည်အောင် နင်းနေရတာပဲ။ ဟိုကျောင်းပြေး ပို့လိုက်၊ ဒီကျောင်းပြေးကြိုလိုက်နဲ့။ ဒါပေမယ့် ကျောင်းသား၊ ကျောင်းသူလေးတွေကို ပို့ရတာမို့ ပိုက်ဆံဆိုတာ လုံးဝမယူပေ။ ထွန်းဖေရဲ့ လက်သုံးစကားတစ်ခုကတော့···

"ကျုပ် ငယ်ငယ်က စာမတတ်ခဲ့လို့ ခုလို ဆိုက်ကားနင်းနေရတာ။ စာသာတတ်ခဲ့ရင် ဘယ်ဆိုက်ကားနင်းပါ့မလဲ။ ရုံးတွေ ဘာတွေမှာ စာရေးစာချီကြီးတွေ လုပ်မှာပေါ့။ ဒါကြောင့် ကဲ့နည်းခဲ့တဲ့ ပညာပါရမီကို ဖြည့်ဆည်းပေးနေတာ"တဲ့လေ။

ဆိုက်ကားခ မရတဲ့အပြင် သူလိုက်ပို့တဲ့ ကျောင်းသား ကျောင်းသူလေးတွေဟာ ငွေကြေးမတတ်နိုင်၊ ချို့တဲ့တဲ့သူတွေဆိုရင် သူနင်းလို့ ရထားတဲ့ ငွေကြေးလေးတွေကို ထုတ်လို့ ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး၊ မုန့်ဖိုးတို့ တောင် ပေးချင်ပေး၏။

အဲဒီနေ့ဆို ထွန်းဖေ ဇနီးသည် အေးချစ်နဲ့ ရန်ဖြစ်ရတော့၏။

ဇနီးသည် အေးချစ်က ထွန်းဖေ အိတ်ကပ်ကို နှိုက်လို့···

"ဘယ်မလဲ ကိုထွန်းဖေ၊ ဒီနေ့ တစ်နေ့လုံးလည်း နင်လိုက်ရတာ အားကို မအားဘူး။ ကျုပ် ဈေးသိမ်းတာတောင် ရှင် မသိမ်းသေးဘူး။ ပြီးတော့ အိတ်ထဲကြည့်တော့လည်း ပိုက်ဆံက မရဘူး။ ရှင် ဆိုက်ကားနင်းတဲ့ ပိုက်ဆံသာ မျှော်စားနေရရင် ကျုပ်လျှာ မြင်ပေါက်တာ ကြာပြီ။ ရှင့်ကို ကျုပ်ယူထားတာ ရွာကျွန်ရပ်ကျွန်လုပ်ဖို့ ယူထားတာ မဟုတ်ဘူး။ အားကိုးချင့်ယှဉ်ထားတာ။ ကျုပ်ကိုတော့ ရွာက ဘုတွေ မုန်းကြမှာပဲ။ မုန်းလည်း မတတ်နိုင်ဘူး ကိုထွန်းဖေ။ ကျုပ်မှာ ကလေးက နှစ်ယောက်နဲ့။ ရှင့်ကို အားကိုးမလို့ ကျုပ်ပါ ဈေးထွက်ရောင်းနေရတာ။ ရှင်သာ တူတူတန်တန် အလုပ်ကြိုးစားရင် ကျုပ် ဘာမှ ဈေးထွက်ရောင်းစရာ မလိုဘူး"

အေးချစ် ဒီလို ဆိုဆိုပြောပြော လုပ်ပြန်တော့ ထွန်းဖေတစ်ယောက် မျက်နှာမကောင်း။ ဒါပေမယ့် ခွန်းရည်လည်း မပြန်။ ချစ်ဇနီး ပြောသမျှကို အပြစ်အသိသီး ဘေးချလို့ ပို့ပေးပါးပါးလေးပဲ နေမြဲနေ၏။

♦♦♦

ထွန်းဖေနှင့် အေးချစ် အိမ်ထောင်ကျခဲ့သည်မှာ ၁၀နှစ်ကျော်၌ သားသမီးနှစ်ယောက်ပင် ဖွားမြောက်ခဲ့သည်။ ထွန်းဖေက ဆိုက်ကားနင်းသလို၊ အေးချစ်ကလည်း မနက်···မနက်ဆိုလျှင် ငါးဘတ်အင်းရွာလေထိပ်က ဈေးထဲမှာ မုန့်စိမ်းပေါင်းရောင်း၏။

မနက်ဆိုလျှင် ထွန်းဖေ့ လင်မယား နံနက် ၄နာရီလောက်တည်းက ထလို့ မုန့်စိမ်းပေါင်း ပေါင်းရ၏။ ရွာဦးကျောင်းက တံမြောင်းခေါင်းသံ ၅ချက်ကြားရတာယ်ဆိုရင် အေးချစ် ဈေးတောင်းပြင်၍၊ ထွန်းဖေကတော့ ဈေးကို ဆိုက်ကားနဲ့ လိုက်ပို့ရသည်။

ဈေးကွဲချိန် နံနက် ၁၀နာရီသာရှိလျှင် အေးချစ်ကို ဈေးသိမ်းရင်း ဈေးကြို့ရသည်။ ဒါက ထွန်းဖေရဲ့ နေ့စဉ် တာဝန်။ ဆိုက်ကားကလည်း

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်ရယ်မို့ တစ်ခါတလေ ညဘက် ဆွေမှာ ဟိုသွားဒီလာ ဂုဏ်လာတာတွေ ကိုလည်း လိုက်ရ၏။

ထွန်းဖေတို့အိမ်လေးနှင့် တစ်ခြံကျော်မှာ လူမနေဘဲ သစ်ကြီးပင်ကြီးတွေနဲ့ အုပ်ဆိုင်းနေတဲ့ ခြံကြီးတစ်ခြံရှိသည်။ အဲဒီခြံကြီးဟာ လူမနေတဲ့ နှစ်ဆွေ ကြာတာမို့ သစ်တောကြီးတစ်ခုလို အုပ်ဆိုင်းပြီး ညဆိုရင် မှိုင်းမှိုင်းညို့ညို့နှင့် ထိတ်စရာ လန့်စရာတစ်ခုလို ဖြစ်နေသည်။

အဲဒီခြံကြီးကို ပိုင်တာကတော့ ဟာသတပြို့ပေါ်က ဦးသာခင်လို့ ခေါ်တဲ့ ဆန်စက်ပိုင်ရှင် သူဌေးတစ်ဦးလို့ သိရ၏။ ဦးသာခင် ပိုင်တယ်ဆိုပေမယ့် အဲဒီ ဦးသာခင်တစ်ယောက် သူခြံကို လာကြည့်တယ်ဆိုတာ တစ်ခါမှ မကြားခဲ့ရဘူးပေ။

ညတစ်ညမှာတော့ ထွန်းဖေတို့ ရွာချင်းကပ် ရွာတစ်ရွာက လူနှစ်ယောက် ည စနာရီမှာ သူတို့နဲ့ ခုမိုင်လောက် ဝေးတဲ့ ကျောင်းကွင်းရွာကို သွားချင်၍ ဆိုက်ကားလာငှားကြသည်။

"ဗျို့...ကိုထွန်းဖေ၊ ကိုထွန်းဖေ"

"ဘယ်သူတွေလဲဗျ"

"ညော်... အညာတန်းရွာက မြင့်တို့ပါဗျာ။ ကျောင်းကွင်းရွာကို သွားချင်လို့ ဆိုက်ကား လာငှားတာပါ"

ထိုအသံများကို ကြားတော့ အေးချစ် နာရီကို ကြည့်လိုက်၏။ စနာရီထိုးပြီဖြစ်သည်။

"ကိုထွန်းဖေ... ရှင်လိုက်သွားလို့လား။ အချိန်လည်း ကြည့်ဦး၊ ည စနာရီထိုးနေပြီ။ အပြန် တစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"လရောင်တော့ ရှိပါတယ်ကွာ။ အပြန်ဆိုရင် လထွက်ပါပြီ"

လင်မယားနှစ်ယောက်၏ စကားကြား၍ ငှားသူများက...

"လိုက်ပို့ပါ ကိုထွန်းဖေရယ်။ ကိစ္စအရေးတကြီးလေး ရှိနေလို့ပါ။ ဒီညရောက်မှ ဖြစ်မှာမို့ပါ"

ခဏကြာတော့ ကျောင်းကွင်းရွာသို့ ထွက်လာခဲ့သည်။ ကျောင်းကွင်းရွာသည် ဟာသတပြို့သွားရာလမ်းတွင် ရှိ၍ ငါးဘတ်အင်းရွာမှ တစ်နာရီသာသာ နင်းရသည်။

♦♦♦

ကိုထွန်းဖေ ခရီးသည်နှစ်ဦးကို ပို့ပြီး ပြန်လာခဲ့ချိန် တိမ်သားတွေကြား က လဝါဝါသည် ပြူထွက်စ ပြုနေ၏။ တစ်ယောက်တည်း နင်း၍ ပြန်လာရင်း ဖိုးလောကွင်းရွာစပ်သို့ ရောက်လာသည်။

"ဒေါင်...ဒေါင်...ဒေါင်"

တုံးမောင်းခေါက်သံ ၁၀ချက် ကြားရသည်။

"ညော်... ၁၀နာရီတောင် ထိုးပြီပဲ"

ထွန်းဖေ တစ်ချက် သတိမူလိုက်သည်။ ဖိုးလောကွင်းရွာအထွက်တွင် ဦးမဒင် ဆန်စက်ဟောင်းကြီး ရှိ၏။ ထိုဆန်စက်တစ်ဖက်တွင် ကန်ကြီး ထောင့်ရွာ သုသာန်ကုန်းလေးတစ်ခုရှိသည်။ တဖြည်းဖြည်း သုသာန်လေးနား နီးလာ၏။

"ဖလူး...ဖျပ်...ဖျပ်..."

လေပြည်တစ်ချက် တိုက်ခတ်လိုက်သည်။ လေကြောင့် သစ်ရွက်တွေ တသဲသဲကြွေသွား၏။ ထွန်းဖေမှာ သိပ် မကြောက်တတ်။ သို့သော် သုသာန်ဟူသော အတွေးစသည် ရှိနေ၍ ကျောချမ်းသလိုတော့ ဖြစ်မိ၏။ ဘေးဘီဝဲယာ တစ်ချက် စောင်းငဲ့ကြည့်လိုက်၏။

လရောင်ဖွေးဖွေးအောက်တွင် အနိမ့်အမြင့် မတူညီသော အုတ်ဂူပြားပြားများက ဟိုမှာသည်မှာ တွေ့ရသည်။ အကြည့်ကို ဖယ်လိုက်၏။

ထွန်းဖေ ဆိုက်ကားကို အားစိုက်နင်းလိုက်သည်။ ရှေ့သို့ အကြည့် တစ်ချက်ဆန့်တော့ သုသာန်အလွန် ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် မည်းမည်းသဏ္ဌာန်အရာတစ်ခုကို တွေ့ရ၏။

"အလို...ဘာပါလိမ့်"

ထွန်းဖေ ထိတ်ခနဲ ရင်တွေ ခုန်သွားသည်။ သို့သော် မပြေးသော်လည်း ကံရာရှိ ဆိုသောစကားကို အားတင်းရင်း နင်းလာသည်။ သစ်ပင်ရှေ့သို့ ရောက်လာစဉ် ထိုအရာက ဆိုက်ကားကို ရပ်ပေးလိုက်၏။ အဘိုးကြီး တစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။

အသံမှာ တုန်နေသည်။

"မောင်ရင်...ဆိုက်ကား ဘယ်ရောက်မလဲကွယ်"

"ညော်... ကျွန်တော် ငါးဘတ်အင်းရွာထဲ ပြန်မှာပါ"

"ညော်... အဘ အညာတန်းရွာလေးကို သွားချင်လို့ပါကွယ်။ အချိန်က လင့်တော့ သွားရေးလာရေးက ခက်၊ မောလည်း မောတာနဲ့ အဘ ထိုင်နေတာ။ မောင်ရင့်ဆိုက်ကားလေး တွေ့တာ ကံကောင်းတယ်"

"ကဲ - ကဲ၊ အချိန်မရှိတူး။ အဘတက်...တက်"

ထွန်းဖေ ခရီးသည် အဘိုးကြီးအား ဆိုက်ကားပေါ် ဖေးကူတွဲ၍ တင်ပေးလိုက်သည်။ အထုပ်တစ်ထုပ်ပါ၏။ အထုပ်ကိုတော့ ဆိုက်ကားနောက်တွင် တင်ထားလိုက်သည်။ ဆိုက်ကားထွက်စတွင် အဘိုးကြီးက စကားစလာသည်။

"အဘက ဟိုး သုသာန်ကုန်းနားက ရွာလေးတစ်ရွာကပါ။ မင်းတို့ ငါးဘတ်အင်းရွာကို သွားမလို့၊ ထွက်

www.burmeseclassic.com

www.burmeseclassic.com

လာတာ"

"ခို... နေပါဦး၊ အဘက ငါးဘတ်အင်းရွာကို သွားမယ်ဆိုတော့ အဲဒီရွာမှာ အသိရှိလို့လား"

"အသိတင် ကမလားကွဲ့! အဘပိုင်တဲ့ ခြံလေးတစ်ခြံတောင် အဲဒီမှာ ရှိတာ"

"ဒါဆို ဘယ်ခြံလဲ အဘ။ ကျွန်တော်လည်း ငါးဘတ်အင်းရွာထဲမှာ နေတာဆိုတော့ ကျွန်တော်များ သိမလားလို့"

"အင်း... ပြောရတာပေါ့ကွယ်"

ထို့နောက် အဘိုးကြီးမှာ စကား ပြတ်၍သွားသည်။ ထွန်းဖေလည်း ရွာထိပ် ဆေးပေးခန်းလေးနားမှ ဖြတ်ကာ ရွာထဲသို့ တရွေ့ရွေ့ဝင်လာသည်။

အိမ်အများစုသည်ကတော့ အိပ်ကုန်ကြလေပြီ။ တစ်အိမ် နှစ်အိမ်စသော အိမ်များသာ မီးရောင်ပျပျမြင်ရ၏။ ရွာကို ဖြတ်၍ထားသော ပုသိမ်-ဟသ်တ မီးရထားလမ်းကို ကျော်လိုက်၏။

ငါးဘတ်အင်းရွာထဲသို့ ဝင်လာလေပြီ။ သို့တိုင် အဘိုးအိုမှာ စကား တစ်လုံးမျှ မပြော။ နှတ်ဆိတ်၍သာ လိုက်ပါလာသည်။ ဟသ်တမြို့ စက်သူဌေးပိုင် ခြံကွက်ကြီးသည် ထွန်းဖေတို့ အိမ်လေးဆီသို့ သွားရာလမ်းနံဘေးတွင် ရှိသည်။ ထိုခြံကွက်နားသို့ ရောက်လာ၏။ ဤတွင် အဘိုးအိုထံမှ စကား သံတစ်ခွန်းထွက်လာသည်။

"လူလေး... ရပ်... ရပ်၊ အဘသွားမယ့် နေရာက ဒီခြံကြီးပဲကွဲ့။ ဟိုတုန်းကလည်း အဘက ဒီခြံကြီးထဲမှာ နေတာ"

"ဗျာ"

ထွန်းဖေ အံ့သြသွားသည်။ ဤခြံကြီး၏ ခြံတစ်ကွက်ကျော်တွင် မိမိတို့ နေလာသည်မှာ ကြာပြီ။ ဒီခြံကြီးထဲတွင် လူတစ်ဦးတစ်ယောက်မှ နေသည်ဟူ၍ မကြားခဲ့ဘူး။ ခုတော့ ညကြီးမင်းကြီး ခရီးကြုံလိုက်လာသော အဘိုးကြီးတစ်ယောက်က အိမ်မရှိယာမရှိသော ဤခြံပျက်ကြီးထဲတွင် နေသည်ဟု ပြောလာ၍ အံ့သြသွားကာ မေးမည်ဟု အကြည့်...

"ဟင်...၊ ဟို... ဟိုအဘိုးကြီး ဘယ်ရောက်သွားပြီလဲ။ မတွေ့တော့ပါလား။ ခြံထဲ ဝင်သွားတာလည်း မတွေ့ပါဘူး။ ဘုရား... ဘုရား... ငါ့ကိုတော့ သရဲခြောက်ပြီထင်တယ်"

ထိုအခိုက် ထွန်းဖေခေါင်းပေါ်က ဆံပင်များ လေတိုက်သည်သို့ ထောင်သွားတော့၏။ ကျောထဲမှာလည်း ကြက်သီးများက တဖျန်းဖျန်းထ၍သွားလေတော့၏။ ထို့ကြောင့် မိမိအိမ်လေးဆီသို့ တက်သုတ်ရိုက်ကာ ဆိုက်ကားကို နင်းလာခဲ့တော့၏။

အိမ်ပြန်ရောက်တော့ ဇနီးသည် အေးချစ်ကို ပြောပြလိုက်သည်။

"ဟုတ်ရဲ့လား ကိုထွန်းဖေရယ်။ ကျုပ်နေလာတာ တစ်သက်ရှိပြီ၊ ဒီခြံကြီးထဲမှာ ဘာမှ မတွေ့မမြင်ခဲ့ရပါဘူး။ အခု ရှင်ပြောမှပဲ..."

◆◆◆

သည်နေ့ အေးချစ် မုန့်စိမ်းပေါင်းပေါင်းရန် နံနက် ၃နာရီခန့်တွင် ထ၏။ ထွန်းဖေကိုမူ မနှိုးလေတော့။ ခမျာသည်နေ့တစ်နေ့လုံး ပင်ပင်ပန်းပန်း ဆိုက်ကားနင်းရရှာသည်။ သို့ကြောင့် မိမိတစ်ယောက်တည်းထ၍ နောက်ဖေး မီးဖိုချောင်လေးထဲ ဝင်ခဲ့သည်။

အေးချစ်တို့ မီးဖိုချောင်ဘေးရှိ ရေကပြင်လေးသည် စက်သူဌေး ခြံကွက်ကြီးနှင့် တန်နေ၏။ နေ့စဉ် နေ့ခင်း နံနက်များ၌လည်း အေးချစ် ဤရေတစ်ယောက်တည်း ထခဲ့သည်သာ ဖြစ်၏။ သို့သော် သည်မနက်တွင်မူကား ညက ကိုထွန်းဖေ ပြောပြခဲ့သည့် ဖြစ်ရပ်များနှင့် ဆက်နွယ်၍ အနည်းငယ် စိုးရွံ့နေသလိုရှိ၏။ အေးချစ်မှာ မုန့်ဆန်များ ဆေးနေ၏။

ထိုအခိုက်...

"ဖျပ်... ဖျပ်... ဖျပ်... ဟူး"

လေပြင်းတစ်ချက် မွှေနှောက်လိုက်သံ ကြားရသည်။ သစ်ပင် သစ်ရွက်အချို့ လှုပ်ရှားသွားကြသည်။ အေးချစ် စက်သူဌေးခြံကြီးဆီသို့ အကြည့်ရောက်သွား၏။ ထိုစဉ်...

"ဟင်... ဘာကြီးလဲဟာ၊ စက်သူဌေးခြံကြီးထဲက သစ်ပင်ပေါ်မှာ တင်နေတာ။ သြော... လများ သာနေတာလား"

အေးချစ် မြင်ရသော မြင်ကွင်းမှာ စက်သူဌေးခြံကြီးထဲတွင် ပန်းပြားဝိုင်းသာသာ မီးလုံးကြီးတစ်လုံး သစ်ပင်ကြီးပေါ်တွင် တင်ထားသည်ကို တွေ့ မြင်ရ၏။ အစဦး ပထမတွင် အေးချစ်သည် လသာသည်ဟု ထင်မှတ်လိုက်၏။ သို့သော် ပြန်တွေးကြည့်တော့ လမရှိသော လဆုတ်ရက်ပြန်နေကြောင်း တွေ့ရလေသည်။ မီးလုံးကြီးကို အံ့သြစွာ ကြည့်ငေးနေစဉ်မှာပင် မီးလုံးကြီးသည် လေပူပေါင်းကြီး တစ်ခုနယ်သို့ စက်သူဌေးခြံကြီးထဲတွင် ဟိုသည်ရွေ့လျား သွားလာနေသည်ကို မြင်ရတော့၏။

ထိုမြင်ကွင်းကြောင့် အေးချစ် တစ်ယောက် ဆေးလက်စ မုန့်ဆန်များကို ပစ်ချလိုက်ရင်း...

"အမလေး...၊ ဘာကြီးမသိဘူး။ ကိုထွန်းဖေ... ထ၊ ထပြီးရှင်"

ဟု ပြောပြီး အေးချစ် ထ၍

www.burmeseclassic.com

www.burmeseclassic.com

ထောသည်။ အေးချစ်အသံကြောင့် ထွန်းဖေ နိုးလာသည်။

"ဟဲ့ - အေးချစ်...အေးချစ်၊ ဘာ...ဘာဖြစ်တာလဲ"

အေးချစ် ထွန်းဖေ၏ အမေးစကားကို ပြန်ဖြေရင်း ပြောပြလိုက်သည်။

"ဟုတ်ရဲ့လား အေးချစ်ရယ်။ မင်းစိတ်ကများ ထင်နေတာလား"

"မဟုတ်ပါဘူးရှင်။ ကျုပ်မျက်စိနဲ့ကို သေသေချာချာမြင်ရတာ။ မီးလုံးကြီးက ခြံထဲမှာ လျှောက်သွားနေတာနဲ့ပဲ"

နစ်ယောက်သား စကားပြောနေစဉ်ထဲ လှမ်းကြည့်တော့ ဘာမှမတွေ့။

ထွန်းဖေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း...ခက်တော့လည်း ခက်နေပြီ အေးချစ်ရာ"

ထိုနေ့မှစ၍ ထိုစက်သူဌေးခြံကြီးထဲတွင် ညဘက် ညဘက်များ၌ အဘိုးကြီးတစ်ယောက် ဟိုးသည်သွားလာကာ လမ်းလျှောက်နေသည်ကို တွေ့ရသည်ဟူသော စကားများ မတိုးမကျယ်ကြားလာရတော့၏။

♦♦♦

ညတစ်ညတွင် ဖြစ်လေ၏။

ထို ငါးဘတ်အင်းရွာလေးထဲမှ ဝိုးသန်းဆိုသော လူတစ်ယောက်သည် နံနက်ဝေလီဝေလင်းသာသာ၌ နိဗ္ဗာန်ဘူတာလေးဆီသို့ ပုသိမ်ရထားနှင့် တင်ရန် ကွမ်းခြင်းများ ထမ်းလာ၏။

ထိုစက်သူဌေးခြံကြီးနားရောက်လေလျှင် မောလာ၍ ကွမ်းခြင်းကို ချလိုက်သည်။ ထိုစဉ် ခြံကြီးထဲတွင် သွားလာနေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရလေသည်။

"ဟင်...ဟို...ဟိုမှာ အဘိုးကြီးတစ်ယောက်ပါလား။ ငါ ဒီရွာထဲမှာ နေလာတာ တစ်ခါမှ ဒီအဘိုးကြီးကို မတွေ့ဘူးပါဘူး။ ဘယ်သူများပါလိမ့်၊ စောစောစီးစီး ခြံထဲလျှောက်သွားနေတာ။ အလို... ဘယ်ဟောက်သွားတာလဲ။ မတွေ့ရတော့ဘူး"

အဘိုးကြီးမှာ ကြည့်နေရင်းမှပင် ပျောက်သွားလေတော့သည်။

ဝိုးသန်းသည်လည်း ကြက်သီးများ တဖျန်းဖျန်းထ၍သွားတော့၏။ ထို နေရာလေးမှ အပြန်ဆုံး ထွက်ခွာလာခဲ့တော့သည်။

စက်သူဌေးခြံကြီးသည်လည်း သရဲခြောက်သည်။ ည ညများတွင် ခြံပိုင်ရှင် အဘိုးကြီးတစ်ယောက် ခြံထဲမှာ လျှောက်လျှောက်နေတတ်သည်ဟူသော သတင်းစကားများက ပို၍ ကျယ်ကျယ်လောင်လောင် ပျံ့နှံ့သွား၏။ ထိုခြံကြီးဘက်မှ ဆွဲဆွဲငင်ငင်အော်ဟောင်နေသော ခွေးများ၏ အသံများကိုလည်း ညစဉ်လိုလို ကြားရတော့သည်။

ထိုစက်သူဌေးခြံကြီးထဲရှိ နှစ်ပေါင်းများစွာ ထူပြောပေါက်ရောက်နေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရန် ဟသ်တပြိုမှ လူကြီးတစ်ဦး ရောက်လာ၏။ စက်သူဌေးတော့ မဟုတ်၊ စက်သူဌေးကြီး၏ တူတစ်ယောက်ဖြစ်၏။

စက်သူဌေးကြီးမှာ လွန်ခဲ့သော ၅နှစ်ခန့်က သေဆုံးခဲ့ပြီးဖြစ်လေသည်။ မသေခင်ကလည်း ဤ ငါးဘတ်အင်းရွာလေးရှိ သူ့ခြံလေးကို အခါခါပြောကြားသွားခဲ့ကြောင်း ပြောပြ၏။

ယခု လာရောက်ခြင်းသည် ဤခြံကြီးထဲမှ သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်၍ ထင်းများကို ကျောင်းတစ်ကျောင်းသို့ လှူရန်ဖြစ်ကြောင်း ပြောပြ၏။ သူဌေးကြီး၏ တူမှ ရွာထဲရှိ နဝလီအလုပ်သမားတစ်ဦးကို ခြံထဲရှိ သစ်ပင်များကို ချိုင်ရန် တားသည်။ သို့သော် သတင်းကြီးနေသော ခြံကြီးထဲရှိ သစ်ပင်များကို မည်သူမျှ မခုတ်ရဲကြချေ။

နောက်ဆုံး ငါးဘတ်အင်းရွာလေးနှင့် တစ်မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်ဟူသော ရွာလေးမှ အလုပ်ကြမ်းသမား "အေးငွေ"ဆိုသော လူတစ်ယောက်က အလုပ်ကို လက်ခံလိုက်သည်။ နောက်တစ်နေ့အရောက်တွင် အေးငွေသည် သူငယ်ချင်းနှစ်ယောက်နှင့်အတူ စက်သူဌေးခြံကြီးထဲသို့ သွားကာ သစ်ပင်များကို ခုတ်ကြ၏။ ခြံထဲရှိ သစ်ပင်တစ်ဝက်ခန့်မျှ ကုန်သွားသည်။

ထိုနေ့ည အေးငွေ အိပ်မောကျနေချိန် ည ၁၂နာရီခန့်တွင် အိပ်ရေဆိုမှ လူတစ်ယောက်၏ ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"အေးငွေ၊ ဟေ့ - အေးငွေ၊ ထ···ထပါဦးကွ"

ခေါ်သံကြောင့် အေးငွေ ခေါင်းထောင်ကြည့်လိုက်သည်။ ဝဝဖိုင့်ဖိုင့်နှင့် ခေါင်းတွင် ခေါင်းပေါင်း ပေါင်းထားသော လူကြီးတစ်ယောက်ကို တွေ့ရ၏။ အေးငွေ အိမ်ရှေ့သို့ ထွက်လာသည်။

"ဘယ်သူလဲဗျ၊ ညကြီး အချိန်မတော်ရှိမှ ဘာကိစ္စရှိလို့လဲ"

ခြံတံခါးကို ဖွင့်ပေးတော့ လူကြီးက အိမ်ပေါ်တက်လာသည်။

"အေးငွေဆိုတာ မောင်ရင်လားကွဲ့"

"ဟုတ်ပါတယ်။ ဒါနဲ့ ဘာကိစ္စများ ရှိလို့လဲဗျ"

"အေး၊ ကိစ္စကတော့ ပြောရရင် မင်း ငါ့ခြံထဲက သစ်ပင်တွေကို ခုတ်တာ မကျေနပ်လို့ ပြောဖို့ လာခဲ့တာပဲ။ မင်း ဆက်ပြီးမခုတ်ပါနဲ့။ မနေ့ကလည်း မင်း ငါနေတဲ့ သစ်ပင်ကို ခုတ်ပစ်လို့ ငါ အဲဒီညက ဟိုခြံထောင့်က သစ်ပင်သေးသေးမှာ မနည်းခိုကပ်နေရတယ်။ အေး၊ ငါ့စကား မင်းနားမထောင်ဘဲ ဆက်ခုတ်ရင်တော့ ငါ့အဆိုးမဆိုနဲ့၊ အဲဒါလာပြောတာ"

စကားဆုံးတော့ လူကြီးက ဒေါသထွက်နေသော မျက်နှာကြီးနှင့် အိမ်ပေါ်မှ ဆင်းသွားတော့သည်။ အေးငွေ အိပ်မက်မက်နေရာမှ နိုးသွားသည်။

နိုးလျှင် နံဘေးမှ ဇနီးဖြစ်သူကို ပြောပြသည်။

"ဟုတ်ရဲ့လား ကိုအေးငွေရယ်၊ ရှင် စိတ်စွဲနေလို့ နေမှာပါ"

"စွဲလမ်းတာ မဟုတ်ပါဘူး။ အဲဒီ အဘိုးကြီးက သူ့ခြံထဲက သစ်ပင်တွေကို ခုတ်တာ တော်တော်ကို မကျေမနပ်ဖြစ်နေတာ။ ဆက်မခုတ်နဲ့၊ ခုတ်ရင် သူ့အဆိုးမဆိုနဲ့လို့လည်း ကြိမ်းသွားသေးတယ်"

♦♦♦

ဒီနေ့ သူငယ်ချင်းနှစ်ယောက်နှင့် အတူ စက်သူဌေးခြံကြီးသို့ သွားရန် အိမ်မှအထွက် အေးငွေ ခလုတ်တစ်ချက်တိုက်မိသည်။

"ဒုတ်"

"အား···"

အေးငွေ မှောက်ရက်လဲပြုံမလို ဖြစ်သွားသည်။ မနည်းကြိုးစားထိန်းလိုက်၍ လဲတော့ ကျမသွားပေ။ သို့သော် ငိုက်စိုက် ငိုက်စိုက်တော့ ဖြစ်သွားသည်။

"ဟူး···တော်ပါသေးရဲ့"

ခြံကြီးဆီသို့ ရောက်လာသည်။ အေးငွေ သက်ပြင်းမောတစ်စက္ကို မှုတ်ထုတ်လိုက်၏။

"ဟူး···"

ရင်ထဲတွင်လည်း လေးနေသလို ဖြစ်နေ၏။ မတင်မကျဖြစ်နေသောစိတ်ကို တင်းလိုက်သည်။

"အို···ငါ အယူသည်းနေတာပါ။ လုပ်မနေပါနဲ့၊ ဘာမှမဖြစ်ပါဘူး"

ဟု ကိုယ့်ကိုယ်ကို အားပေးရင်း သစ်ပင်တစ်ပင်ပေါ်သို့ တက်လိုက်သည်။ သူငယ်ချင်းနှစ်ကတော့ မိမိခုတ်မည့် သစ်ကိုင်းများကို ကြိုးဖြင့် ဆွဲရန် ပြင်ဆင်နေ၏။

အေးငွေ ခုတ်မည့် သစ်ကိုင်းကို ကြိုးချည်ပေးလိုက်သည်။ သူငယ်ချင်းနှစ်ယောက်က လဲကျလိုသော နေရာသို့ ဆွဲရန် အသင့်ပြင်ထား၏။ အေးငွေ ခါးကြားတွင် ထိုးထားသော ရဲဒင်းကို ထုတ်၍ တစ်ချက်နှစ်ချက်ဆလိုက်သည်။ ထို့နောက် သစ်ကိုင်းပေါ်သို့ အသွားတင်လိုက်၏။

"ဒုတ်···ဒုတ်···ဒုတ်"

"ဒုတ်···ဒုတ်···ဒုတ်"

ထိုစဉ် မိုးလေမတိုက်ပါဘဲ ပေါ်လုံးသာသာခန့်ရှိ ခုတ်နေသော သစ်ကိုင်းသည် မိမိဘက်သို့ ပဲ့ကျကာ သစ်ကိုင်းတစ်ကိုင်းသည်လည်း မျက်လုံးနှစ်လုံးအား စူးတစ်ချောင်းဖြင့် ထိုးချလိုက်သည့်အလား စူးဝင် ထိုးဖောက်သွားတော့၏။

"ဖျောင်···"

"အား···အမလေး၊ လုပ်ကြပါဦးဗျို့"

"ဟာ···အေးငွေကို သစ်ကိုင်းကြီး ရိုက်ချသွားပြီဟာ။ လုပ်···လုပ်ကြပါဦး"

ကျပ်ပြားဝိုင်းသာသာ သစ်ကိုင်းတစ်ကိုင်းသည် အေးငွေ၏ မျက်ထူးနှစ်ဖက်အား ထိုးဖောက်သွားတော့၏။ အေးငွေမှာ သွေးများ တရဲရဲဖြင့် အော်ဟစ်နေရင်းက ငြိမ်ကျသွားတော့၏။ အေးငွေနှင့်အတူ လိုက်ပါခဲ့ကြသည့် သူငယ်ချင်းနှစ်ယောက်မှာလည်း ရုတ်တရက်လူကြီးအိမ်သို့ သတင်းပို့ရန် ထွက်ခွာသွားကြ၏။

ငါးဘတ်အင်း ရွာသူရွာသားတွေကတော့ အေးငွေသေဆုံးရခြင်းဟာ မရဏခြိုင်ရှင် အဘိုးကြီးက သူ့ခြံထဲက သစ်ပင်များကို ခုတ်၍ မကျေမနပ်ဖြစ်ကာ ဒဏ်ခတ်လိုက်ခြင်းဖြစ်ကြောင်း ထင်ကြေးပေး ပြောဆိုလျှောက်သာ ရှိတော့၏။

* * *

ဇာမွန်ဦး(ဟံသာဝတီ)

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူပြိုင်လို့ အောင်ပွဲဆီသို့ လှမ်းနိုင်မှာလဲ.....

ဦးဇေယျာကို (နက္ခတ်သိပ္ပံ)

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ရွေးကောက်ပွဲအချိန်ကာလသည် ၂၀၁၅ နောင်ပိုင်း၌ ကျင်းပသွားဖွယ်ရှိပြီး ရွေးကောက်ပွဲ အနိုင်ရရှိပြီး နိုင်ငံတာဝန်ထမ်းရွက်မည့် အစိုးရအဖွဲ့အစည်းသစ်သည် ၂၀၁၆ သက္ကရာဇ်မတိုင်မီ တာဝန်ထမ်းရွက်နိုင်လိမ့်မည်ဟု ယူဆရပေသည်။ ရွေးကောက်ပွဲ ရက်စွဲများအား စနစ်တကျ တိကျသေချာစွာ ပြဋ္ဌာန်းထားမှုအား ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သော အမေရိကန်နိုင်ငံ၌ အတုယူဖွယ် တွေ့ရှိရပါသည်။ အမေရိကန်၌ သမ္မတရွေးကောက်ပွဲများအား နိုဝင်ဘာလ ပထမ ပတ်၏ အင်္ဂါနေ့များ၌ ပုံမှန်ကျင်းပလေ့ရှိကြပါသည်။ ထိုသို့ ကျင်းပသော စနစ်အား ၁၈၄၅ နိုဝင်ဘာလ ၄ ရက်တွင် စတင်ကျင့်သုံးနိုင်ခဲ့သည့်အတွက် အမေရိကန်တို့အနေဖြင့် နှစ်ပေါင်း (၁၅၀)ကျော်အချိန်ကာလအထိ တည်ပြုစွာ ထိန်းသိမ်းထားနိုင်သည်ကို တွေ့မြင်ရပါလိမ့်မည်။ သို့ဖြစ်၍ အမေရိကန်တို့မှ လေးနှစ် တစ်ကြိမ် ကျင်းပလေ့ရှိသော သမ္မတရွေးကောက်ပွဲ နေ့အား 'Super Tuesday' ဟု သတ်မှတ်ခေါ်ဆိုကြပါသည်။ အလားတူစွာ သမ္မတတာဝန် ထမ်းရွက်မှုအပိုင်းတွင်လည်း ဇန်နဝါရီလ ၂၀ရက်နေ့၏ နေမွန်းမတည့်မီအချိန်အတွင်း ကျမ်းသစ္စာကျိန်ဆိုရန် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်း သတ်မှတ်ထားပေသည်။ နောက်ဆက်တွဲအနေဖြင့် ဇန်နဝါရီ ၂၀ရက်နေ့သည် တနင်္ဂနွေနေ့နှင့် လာရောက်တိုက်ဆိုင်နေပါက ဇန်နဝါရီ ၂၁ရက်နေ့၏ နေမွန်းမတည့်မီအချိန်အတွင်း ဆောင်ရွက်ရမည်ဟု ပါရှိထားပေသည်။ ၂၁ရာစု ကူးပြောင်းပြီးသည့် နောက်ပိုင်းကာလများ၌ ဗြိတိန်နှင့် အိန္ဒိယနိုင်ငံတို့တွင်ကား ဝန်ကြီးချုပ်၏ သက်တမ်းကာလကို ၅နှစ်ပြောင်းလဲသတ်မှတ်ပြီး ရွေးကောက်ပွဲများအား မေလ၏ လဆန်းပိုင်းကာလများတွင် ကျင်းပလာကြောင်း တွေ့မြင်ရပါသည်။ကမ္ဘာ့အချို့နိုင်ငံများတွင်လည်း ရွေးကောက်ပွဲများအား ပုံသေ စနစ်တစ်ခုထား၍၍ ကျင်းပနေမှုများလည်း ရှိနိုင်ပါသည်။

ရွေးကောက်ပွဲနှင့် သမ္မတတာဝန် ထမ်းရွက်မှု ရက်စွဲများ အတည်တကျ သတ်မှတ်နိုင်ခြင်းသည် အမေရိကန်၏ နိုင်ငံရေးတည်ငြိမ်မှု မည်မျှအထိ ခိုင်မာသည်။ အမေရိကန်ရွေးကောက်ပွဲနှင့် သမ္မတရွေးချယ် တာဝန်ထမ်းရွက်မှုအပိုင်းတွင် ဒီမိုကရေစီ၏ အနှစ်သာရ ဘယ်လောက်အထိရှိနေသည် ဆိုသည့်အချက်ကို ကမ္ဘာအား လုစ်ဟပြသလိုက်ခြင်းပင် ဖြစ်ပေသည်။ နောက်ကွယ် အရင်းရှင်ဝါဒမှ ကြိုးကိုင် ခြယ်လှယ်ထားသော်လည်း လူသားအခွင့်အရေးများ ထွန်းကားမြင့်မားစေပြီး စီတ်ဓာတ်၊ ရုပ်ဝတ္ထု၊ ဘဝအဆင့်အတန်းမြင့်မားတိုးတက်မှုများကြောင့် ဒီမိုကရေစီအလင်းတန်းများအပေါ် ကမ္ဘာ့နိုင်ငံအများစုမှ လက်ခံလာချိန်၌ ချိန်ခွင်လျှာကဲ့သို့ မျှတမှု၊ အတူတကွ နေထိုင်လုပ်ကိုင် ဆောင်ရွက်မှု၊ သာတူညီမျှ ခွဲဝေသုံးစွဲမှု ဝါဒကို ကိုင်စွဲ၍ တရားမျှတမှုများကို ကြွေးကြော်သော်လည်း လက်တွေ့ဆောင်ရွက်ရာတွင် တံခါးပိတ် အထီးကျန်ဆန်စွာဖြင့် ပြင်းထန်သော စည်းကမ်းဥပဒေအာဏာများဖြင့် တည်ဆောက်ခဲ့သော ဆိုရှယ်လစ်စနစ်မှာ ကမ္ဘာတွင် တဖြည်းဖြည်းချင်း ယွင်းကွယ် ပျက်သုဉ်းလာကြောင်း တွေ့နိုင်ပေလိမ့်မည်။ ဒီမိုကရေစီအား ခေါင်းစဉ်တင်၍ ဒီမိုကရေစီကြောင့် ရရှိမည့်

www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးများ ရယူပြီး ဒီမိုကရေစီကို မြေစမ်း ခရမ်းပို့ စမ်းသပ်ဆောင်ရွက်လာသော နိုင်ငံအတော်အများများတွင်ကား ရွေးကောက်ပွဲနှင့် သမ္မတ (သို့) ဝန်ကြီးချုပ်တာဝန်ထမ်းရွက်ရမည့် ရက်စွဲအချိန်ယေားများအား အတည်တကျ သတ်မှတ်နိုင်မှု မရှိသေးကြောင်း တွေ့ရပေလိမ့်မည်။ အဆိုပါ နိုင်ငံများ၌ ထိုကဲ့သို့ အတည်တကျ မသတ်မှတ်နိုင်ခြင်းမှာ နိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုအခြေအနေ ခိုင်မာမှုမရှိခြင်း၊ ရွေးကောက်ပွဲကဏ္ဍ၌ မသမာမှု နည်းလမ်းများ အသုံးပြုရန် အကြံအစည် ရှိခြင်း၊ နိုင်ငံ၏ အခြေအနေအရပ်အကဲကို ကြည့်၍ သမ္မတ (သို့) ဝန်ကြီးချုပ်တာဝန် စတင် ထမ်းရွက်ရမည့် အခြေအနေများ လွှမ်းမိုးနေသည့်အတွက်ကြောင့် ဖြစ်ပေသည်။

ယနေ့ ထွန်းသစ်စ ရွှေရောင် ဒီမိုကရေစီအခွင့်အရေးများဖြင့် လွှမ်းခြုံထားသော အဓိပ္ပါယ်မြန်မာနိုင်ငံ၌ လာမည့် ၂၀၁၅ ရွေးကောက်ပွဲအခြေအနေသည် အေးစက် တည်ငြိမ်နေရာမှ ယခုရက်အပိုင်းအတွင်း နီးထအသက်ဝင်လာခဲ့ကြောင်း တွေ့ရပါလိမ့်မည်။ ၂၀၁၅ ရွေးကောက်ပွဲအား အသက်သွင်းပေးခဲ့သူကား ပြည်သူ့ဘဝ မြင့်မားရေးနှင့် နိုင်ငံဝန်ထမ်းများ တိုးတက်ကြီးပွားရေးကဏ္ဍများအား အလေးအနက်ထား ဆောင်ရွက်လာသည့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး သူရ ဦးရွှေမန်းပင် ဖြစ်ပေသည်။ သူ၏ အမေရိကန်ခရီးစဉ်၌ ဖွင့်ဟပြောဆိုလာသော သမ္မတတာဝန် ထမ်းရွက်ရန် ဆန္ဒရှိကြောင်း ပြောဆိုမှုသည် လက်ရှိ အာဏာရပါတီ ပြည်ခိုင်ဖြိုးနှင့် NLD ပါတီတို့၏ နိုင်ငံရေးပြိုင်ပွဲကြီး မည်မျှအထိ ပြင်းထန်နိုင်ကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းနှင့် တူညီပေသည်။ နိုင်ငံဝန်ထမ်းများ၊ အောက်ခြေ နေ့စား ဝန်ထမ်းများ လစာအကျိုး ခံစားခွင့် တိုးမြှင့်လာမှု၏ စွမ်းဆောင်ရှင်တစ်ဦးဖြစ်သလို၊ ရေလုပ်ငန်းတစ်ခုလုံး ပျက်စီးဆုံးရှုံးပြီး ပြည်ပပို့ကုန်လုပ်ငန်းရှင်များ ပြင်းထန်စွာ အထိနာစေခဲ့သည့် ကျဆင်းနေသော ဒေါ်လာဈေးကို အတိုင်းအတာတစ်ခုအထိ ပြန်လည်မြှင့်တင်ပေးရန် တောင်းဆိုခဲ့သူ တစ်ဦးလည်း ဖြစ်ပေသည်။

ယခင် တပ်မတော်အစိုးရလက်ထက် နံပါတ် (၃)အဆင့်တွင် တာဝန်ထမ်းရွက်ခဲ့ပြီး စွမ်းရည်သူရဲကဲ့ရဲ့ဆဲပ် ရရှိထားသည့်အတွက် အမည်ရှေ့တွင် သီဟသူရ၊ သူရဘွဲ့ထူး ဂုဏ်ထူးများ မထည့်သွင်းနိုင်ခဲ့သော တပ်မတော်အကြီးအကဲခေါင်ဆောင်များနှင့် နွှိုင်းယှဉ်ပါက တိုင်းပြည်၏ အချုပ်အခြာအာဏာတည်တံ့ရေးအတွက် တပ်မတော်၏ အခန်းကဏ္ဍတစ်ရပ်မှ အသက်ကို ပေးဆပ်ပြီး စွန့်လွှတ် စွန့်စား တာဝန်ထမ်းရွက်ခဲ့ရကြောင်း သိသာထင်ရှားလှပေသည်။ပြိုင်ဘက်အဖြစ် အရွေးချယ်ခံမည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အရည်အချင်းများမှာကား အများပြည်သူ သိရှိပြီးသည့်အတွက် သီးခြား ထုတ်ဖော်တင်ပြရန် လိုအပ်လိမ့်မည် မဟုတ်ပါ။ သို့ဖြစ်၍ တပ်မတော်ထိပ်တန်း အကြီးအကဲဟောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအနေဖြင့်လည်း သာမန် စစ်ခေါင်းဆောင်များထက် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးကဏ္ဍများ၌ ခြေတစ်လှမ်းသာအောင် ကြိုးစားခဲ့သူတစ်ဦးဖြစ်သလို၊ မြန်မာလူထု၏ အကြွင်းမဲ့ ယုံကြည်အားကိုးမှု ရရှိထားသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာလည်း မြန်မာတွင်သာမက၊ ကမ္ဘာထိ ထင်ရှားကျော်ကြားနေသည့် ပြိုမ်းချမ်းရေး နိုဗယ်လ်ဆုပိုင်ရှင် ဂုဏ်သိက္ခာ သြဇာရှိသော အမျိုးသမီးတစ်ဦးဖြစ်နေပေသည်။ သူတို့နှစ်ဦး၏ သမ္မတဖြစ်ရေးသည် ကိုယ်စားပြု ပါတီများ၏ ရွေးကောက်ပွဲ အောင်မြင်မှုရလဒ်မှသည်သာ သမ္မတတာဝန်ပန်းတိုင်ဆီသို့ ခရီးဆက်နိုင်မည်သာ ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ လာမည့် အနာဂတ် ရွေးကောက်ပွဲများတွင် အင်အားကြီး ပါတီကြီးနှစ်ခုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)တို့မှ ဦးဆောင် လွှမ်းမိုးသွားဖွယ်ရှိနေပေသည်။ စာရေးသူအနေဖြင့်ကား မိမိနားလည်တတ်ကျွမ်းသော နက္ခတ်သိပ္ပံပညာဖြင့် ပါတီကြီးနှစ်ခုတည်ထောင်ခဲ့သော ဇာတာခွင်များ၊ ယင်းဇာတာခွင်များအပေါ် လွှမ်းမိုးထားသော ဂြိုဟ်နက္ခတ်ရပ်တည်မှုများအား ချိန်ထိုးပြီး ပါတီများ၏ အောင်နိမ့်မှုနှင့် အနာဂတ်အရေးများအား ယှဉ်တွဲ၍ သုံးသပ်သွားပါမည်။ ထိုသို့ သုံးသပ်ရာတွင် ပညာရှင်ရှုထောင့်မှ ပညာမျက်စိဖြင့်သာ သုံးသပ်ခြင်းဖြစ်ပြီး၊ မိမိအနေဖြင့် မည်သည့်ပါတီဝင်မှ မဟုတ်ကြောင်း ရိုးသားစွာ တင်ပြအပ်ပါသည်။ ပထမဆုံး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ပါတီအဖြစ် မှတ်ပုံတင်မီ လူမှုရေးအသင်းအဖွဲ့အစည်းအဖြစ် စတင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဇာတာခွင်အကြောင်းအား ဆွေးနွေးလိုပါသည်။ ပြည်ခိုင်ဖြိုးအသင်းကြီးအား ယခင် တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုဖြင့် ၁၉၉၃၊ စက်တင်ဘာလ ၁၅ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ လူမှုရေးအသင်းအဖြစ် မှတ်ပုံတင်ခဲ့ပါသည်။ ယင်းနောက် ၁၉၉၃၊ အောက်တိုဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စတင်တည်ထောင်ချိန် ဇာတာခွင်



ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြောင်းလဲတည်ထောင်ချိန် ဇာတာခွင်



NLD ပါတီ စတင်တည်ထောင်ချိန် ဇာတာခွင်



NLD ပါတီ ကြားဖြတ်ရွေးကောက်ပွဲဝင်ရန် မှတ်ပုံတင်သည့်အချိန် ဇာတာခွင်

www.burmeseclassic.com

www.burmeseclassic.com

၇ရက်၊ စနေနေ့နံနက် ၈နာရီတိတိ၌ ရန်ကုန် ပြိုတော်ခန်းမရှေ့တွင် ဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားအား စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။ မှတ်ပုံတင်သော ဇာတာခွင်တွင် ဗြိဿလင်္ဂဖြင့် မင်္ဂလာအချိန်အခါ ရယူထားပြီး အားကောင်းသည့် နေလနှစ်ပါး နိုင်ငံရေးအုပ်ချုပ်ရေးဘာဝ(မွန်းတည့်ကောင်းကင်)တွင် တည်ရှိနေပေသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအပေါ်မှ နေလနှစ်ပါးဖြတ်သန်းသွားချိန်တွင် မှတ်ပုံတင်ခဲ့ခြင်းဖြစ်ပေသည်။

အသင်းအဖွဲ့ကိုယ်စားပြုသော ကြာဂြိုဟ်ရာဇ ဘုန်းကံနေရာ(သုဘဘာဝ)တွင် တည်ရှိနေမှုကြောင့် အသင်းကြီး၏ စည်းရုံးရေးလုပ်ငန်းကိစ္စများအား တပ်မတော်အစိုးရလက်ထက်တစ်လျှောက် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပေသည်။ ဗုဒ္ဓဟူးဂြိုဟ် ငွေကြေးပေါများကြွယ်ဝစေသည့်(လာဘဘာဝ)နေရာတွင် တည်ရှိနေမှုကြောင့် ပြည်ခိုင်ဖြိုး၏ ရန်ပုံငွေသည် အံ့သြလောက်အောင် များပြားတိုးတက်ခဲ့ကြောင်း တွေ့ရပေလိမ့်မည်။ ဗြိဿလင်္ဂသခင် အဂ်ိဂြိုဟ် ဝဂ္ဂုဏ္ဍမ နဝင်းခေါ် မြတ်သော နဝင်းစီးနင်းမှုအရ ပါတီတည်တံ့ခိုင်မြဲမှုအား အထောက်အပံ့ပြုနေပါသည်။ ပါတီ၏ ဂုဏ်သတင်း ထင်ရှားကျော်ကြားမှုအား အထောက်အပံ့ဖြစ်စေသည့် ကြာသပတေးဂြိုဟ် အဂ်ိဖြင့် ပူးပေါင်းထားမှုကြောင့် တပ်မတော်အစိုးရလက်ထက်တစ်လျှောက်လုံး အဂ်ိဂြိုဟ်၏ အကူအညီပြုမှုကြောင့် လူမှုရေးလှုပ်ရှားမှုများ၌ ထင်ရှားအောင်မြင်မှုများ တွေ့ကြုံခဲ့ရသည်။ အဂ်ိဂြိုဟ်သည် အတိုက်အခံ (အာဇီဘာဝ)ကိုယ်စားပြု ဂြိုဟ်တစ်လုံးဖြစ်သည့် အတွက် အချို့ကျော်ကြားမှုများ၌ အတိုက်အခံ အနောင့်အယှက်များကြားမှ တစ်ဖွတ်ထိုး ဖန်တီးခဲ့ကြောင်း တွေ့ရပါလိမ့်မည်။ စနေဂြိုဟ်ရပ်တည်မှု အားကောင်းနေပြီး ရာဟု၊ ကိတ်ဂြိုဟ်နှင့် ယူရေး နပ်စဲ၊ နက်ပ်ကွန်းနှင့် ပလူတိုဂြိုဟ် ရပ်တည်မှုများ အားနည်းထားသည်။ သို့သော်လည်း ဂြိုဟ်ရပ်တည်မှု အားကောင်းနေသည့်အတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေး ဩဇာအာဏာကို မဖြစ်ဖြစ်သောနည်းဖြင့် သိမ်းပိုက်ရယူနိုင်သည့် အခွင့်အရေးများ ရှိနေပါသည်။ သို့အတွက်ကြောင့် ပြည်ခိုင်ဖြိုးအသင်းကြီးသည် တပ်မတော်အစိုးရလက်ထက်တစ်လျှောက် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး ကဏ္ဍများတွင် စိတ်တိုင်းကျ ပုံဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရပေလိမ့်မည်။

အားကောင်းသော ဂြိုဟ်ရပ်တည်မှုများစွာ ပိုင်ဆိုင်ထားသော ပြည်ခိုင်ဖြိုးအသင်းကြီးသည် ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရန်အတွက် ၂၀၁၀၊ ဇွန်လ ၂ရက်၊ ဗုဒ္ဓဟူးနေ နံနက်ပိုင်း ၉နာရီဝန်းကျင်ခန့်တွင် ပါတီအဖြစ်ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း သိရှိလိုက်ရသောအခါ စာရေးသူအနေဖြင့် များစွာအံ့သြသွားခဲ့ရပေသည်။ အကြောင်းမှာကား ပြည်ခိုင်ဖြိုး အသင်းအား ပါတီပြောင်းလဲခိုင်း ဂြိုဟ်ရပ်တည်မှုများသည် များစွာအားနည်းနေသည့်အတွက်ကြောင့် ဖြစ်ပေသည်။ အဆိုပါ နေ့ရက်၌ မည်သည့်အချိန်တွင်မှ ပြည့်စုံကောင်းမွန်သည့် ဇာတာကောင်းတစ်ခု မရရှိနိုင်သော ကာလဖြစ်နေပြီး ဂြိုဟ်များ ပြန်ကြွ၍ တည်ရှိနေခြင်းကြောင့် ဖြစ်ပေသည်။ ကရကဋ်လင်္ဂဖြင့် ပါတီအသွင်ပြောင်းလဲခဲ့ခြင်းကြောင့် ဘုန်းကံအရှိန်အဝါ မြင့်မားစေမည့် သုဘဘာဝတွင် ကြာသပတေးဂြိုဟ်ရပ်တည်ပြီး ကသစ်နဝင်းစီးနင်းသည့် စနေဂြိုဟ်ဖြင့် အပြန်အလှန်အမြင် ရှိ၍ ရာဇယောဂရရှိထားသည့် အားမလွဲ၍ ကျန်သည့် ဂြိုဟ်ရပ်တည်မှုများ အားနည်းလွန်းလှသည်။ နိုင်ငံရေးနှင့် လူထုထောက်ခံမှု ကိုယ်စားပြု တနင်္လာနှင့် တနင်္ဂနွေများ ၁၂၀ ဒီဂရီ ဆက်သွယ်ထားသော်လည်း ဂြိုဟ်နှစ်လုံး၏ ရပ်တည်သော ရာသီခွင် အားနည်းနေသည့်အတွက် နိုင်ငံရေး၊ အုပ်ချုပ်ရေးကဏ္ဍများအတွက် လူထုထောက်ခံမှုကို မျှော်မှန်းသလောက် မရရှိနိုင်ပေ။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် နိုင်ငံရေးပါတီများ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် အမိန့်ကြေညာစာအား ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁၈ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ပြည်ခိုင်ဖြိုးပါတီအနေဖြင့် မြန်မာနှစ်သစ်ကူးပြောင်းအပြီး မေလ ၃ရက်မှ မေလ ၁၅ရက်အတွင်း ပါတီအဖြစ် အသွင်ကူးပြောင်း မှတ်ပုံတင်ခဲ့ပါက ဂြိုဟ်ရပ်တည်မှုများ အားကောင်းသည့် အချိန်ကာလနှင့် တိုက်ဆိုင်ညီညွတ်သွားပေလိမ့်မည်။

ထိုကာလအခြေအနေ၌ ပြည်ခိုင်ဖြိုးပါတီအတွက် မိမိစိတ်ကြိုက် မှတ်ပုံတင်နိုင်ခွင့် အခွင့်အရေးရရှိခဲ့သော်လည်း အချိန်အခါကောင်း မရွေးချယ်နိုင်ခဲ့သည့်အတွက် အခွင့်အရေးကောင်းတစ်ခု လက်လွှတ် ဆုံးရှုံးသွားခဲ့ရပေသည်။ ဆုံးရှုံးသွားသောအခွင့်အရေးသည် ပါတီ၏ အောင်နိုင်ရေး၊ ဂုဏ်သတင်းထင်ရှားရေး၊ တည်တံ့ခိုင်မြဲရေးနှင့် များစွာ ပတ်သက်နေပေရာ ပြည်ခိုင်ဖြိုးပါတီ၏ အနာဂတ်သည် အသစ်တစ်ဖန် ပြန်လည်မွေးဖွားမှသာ ရည်မှန်းချက် ခရီးပန်းတိုင်ဆီသို့ ရောက်ရှိနိုင်ပေလိမ့်မည်။ သို့ဖြစ်၍ ပြည်ခိုင်ဖြိုး၏ အောင်မြင်မှုပုံရိပ်များ ပြန်လည်လှုပ်နိုင်ရန်အတွက် ပါတီ၏ အမည်နာမ ပြောင်းလဲခြင်း (သို့) အလဲနှင့် ဆိုင်းဘုတ်အမှတ်တံဆိပ်များ ပြောင်းလဲ၍ နှက္ခတ်ကောင်းမြတ်ချိန်တွင် အလဲသစ် ပြန်လည်လွှင့်ထူမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားများ အသစ်ပြန်လည်ကျင်းပခြင်းများ ဆောင်ရွက်သင့်ပါသည်။ အလားတူစွာ ပါတီ၏ အောက်ခြေပိုင်းဘွင် မြို့ရွာရပ်ကွက် လူထုအကျိုး အမှန်တကယ် ထမ်းရွက်ပြီး ပြည်သူလူထု လေးစားကြည်ညိုသူများအား ဘာဝန်ပေးအပ်ခြင်းဖြင့် ပါတီအား ပြန်လည်ဆေးကြော သန့်စင်သင့်ပေသည်။

ပြန်မာပြည်သူလူထု၏ စိတ်နလုံးကို စိုးမိုးသိမ်းပိုက်ထားနိုင်သည့် NLDပါတီအနေဖြင့်ကား ၁၉၈၈ခုနှစ်၊ ၈၈၈၈ အရေးတော်ပုံကြီးနှင့်အတူ စက်တင်ဘာ ၂၇ရက်၊ အင်္ဂါနေ့ နေလယ်ပိုင်းတွင် ပေါ်ထွက်လာခဲ့သော ပါတီကြီးတစ်ခုဖြစ်ပေသည်။ မကာရလင် စိုးမိုးချိန် ပါတီ စတင်တည်ထောင်ခြင်းကြောင့် လက်သင် စနေဂြိုဟ်အမှုပြဿနာ ပူပန်သောကများ ဆွဲကြိုးနိုင်သောနေရာတွင် ရပ်တည်ခဲ့သည့်အတွက် NLDလျှောက်လှမ်းခဲ့ရသော နိုင်ငံရေးခရီးလမ်းတွင် ကြမ္မာဆိုးများစွာဖြင့် နှိပ်စိုင်းထန်သော လမိုက်ညများစွာကို ရင်ဆိုင်ခဲ့ရပေသည်။ ၈၈၈၈ လူထုတောင်းဆိုမှုများမှ အသွင်ပြောင်းလဲသွားသော ခေတ်စဉ်ရိုက်ဆန်သည့် အကြမ်းဖက်မှုများသည် NLD၏ ခေါင်းစဉ်အောက်သို့ ရောက်ရှိလာသည်။ ဗကပ၊ ယူဂို့ အဖွဲ့က်အမောင့် ဆောင်ရွက်သူအားလုံးကို NLD ပါတီဝင်များအဖြစ် အသက်သွင်းပေးခဲ့သည်။ တိုင်းပြည်၏ စနစ်တစ်ခုပြောင်းလဲပြီးစ အိုကရေစီကြွေးကြော်သံများနှင့်အတူ အရောင်အသွေးစုံသော လူတန်းစားပေါင်းစုံအား စည်းရုံးမှု တည်ဆောက်နေရချိန်တွင် သူဆို၊ လူကောင်း မခွဲခြားနိုင်သေးသည့်အတွက် ကဲအနိမ့်ဘက်တွင် ရှိနေသော NLDပါတီထဲသို့ နိုင်ငံရေးမုန်တိုင်းများ ပြင်းထန်စွာ တိုက်ခတ်ခဲ့ပေသည်။ ဇာတာ၌ ရာဟု၊ ကိတ်နှင့် နိုင်ငံရေးကိုယ်စားပြု သောကြာဂြိုဟ်များ ရပ်တည်မှုအားနည်း၍ ရေဏာဘဝ(သေဆုံးခြင်း)ဖြင့်. ဆက်သွယ်မှုရှိနေခဲ့ခြင်းကြောင့် NLD ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲ၌ အောင်ပွဲရ ပါတီတစ်ခုဖြစ်ခဲ့သော တိုင်းပြည်တာဝန်အား ထမ်းရွက်ခွင့် မရရှိနိုင်ခဲ့သည့် အခြေအနေဆိုးနှင့် ရင်ဆိုင်ခဲ့ရပေသည်။

တစ်နည်းအားဖြင့် အနိုင်ရပါတီတစ်ခုအနေဖြင့် နိုင်ငံတာဝန် ထမ်းရွက်ခွင့် မရရှိခဲ့ခြင်းမှာ နိုင်ငံရေးကဏ္ဍာတွင် သေက်ရှင်လျက် သေဆုံးခဲ့ရခြင်းဖြစ်ပေသည်။ ပါတီဖြတ်သန်းခဲ့သော နှစ်ပေါင်း ၂၀ကျော်ကာလအတွင်း နိုင်ငံရေး အခွင့်အာဏာကို အချောင်နှိုက်လိုရှိ၍ စိတ်ဓာတ်အားနည်းသော ပါတီဝင်များစွာတို့သည် ရုပ်ပျက်ဆင်းပျက် တိုင်းသိ ပြည်သိ နတ်ထွက်သွားမှုများမှာလည်း စနေ၊ သောကြာနှင့် ရာဟုကိတ်တို့၏ ဂြိုဟ်ရပ်တည်မှု အားနည်းခဲ့မှုကြောင့် ဖြစ် ပေသည်။

NLD ပါတီ တည်ထောင်ချိန်၌ ကဲကောင်းစေမည့် ဂြိုဟ်ရပ်တည်မှုများလည်း ရှိနေပါသည်။ အခက်အခဲများကို ချိမြောက်ပြီးသည့်နောက် နိုင်ငံတုန်းကဲသြဇာအရှိန်အဝါ ထူးခြားစွာ ကြီးမြင့်စေမည့် တနင်္ဂနွေဂြိုဟ်ရပ်တည်မှု အားကောင်း ပေးပြီး NLD ခွပ်ခေါင်းများအား နိုင်ငံရေးအာဏာ ဆောင်ကြဉ်းပေးမည့် ဗုဒ္ဓဟူးဂြိုဟ် နိုင်ငံရေးအုပ်ချုပ်ရေးဌာန အမြင့်မားဆုံး ရာထူးသည်ကောင်းကင်၌ တည်ရှိနေသည်။ လူထု၏ အကြွင်းမဲ့ ထာဝရ ယုံကြည်ထောက်ခံမှုများ ရရှိစေမည့် တနင်္လာဂြိုဟ် (ဆန်း) အားကောင်းထားသည်။ NLD၏ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနံအင်္ဂါဂြိုဟ် တနင်္ဂနွေ၏ အကောင်းသော အပြင်ကို ရရှိပြီး နိုင်ငံရေးအောင်ပွဲများ ဆင်နွှဲခွင့် ရရှိလာမည့် ဂြိုဟ်ရပ်တည်မှု ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ပြည်နှင့် ပြည်သူကို အလုပ်အကျွေးပြု ကျေးဇူးဆပ်နိုင်ဖို့ ကျွန်ုပမှ သမ္မတဖြစ်လိုပါသည်။ တိုင်းပြည်တိုးတက် ရေးအို့အတွက် ပြည်သူတွေ ကျွန်မကို ကူညီစောင့်ရှောက်ပါ"ဟူသည့် စကားလေးတစ်ခု ဖွင့်ဟရုံဖြင့် အလိုဆန္ဒများ ပြည့်စုံစေမည့် ဂြိုဟ်ရပ်တည်မှုအဖြစ် တွေ့ရှိရပါသည်။ NLDနှင့် တိုင်းပြည်နိုင်ငံ တိုးတက်အောင်မြင်မှုအတွက် ယခင် ခေတ်ဆလက်ထက် အပြစ်ပယ်ခံ အရည်ချင်းရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ ဝန်းရံ ပူးပေါင်းကူညီပေးမည့် အားတေးဂြိုဟ်ရပ်တည်မှု အားကောင်းနေသည်။

၁၉၈၈၊ စက်တင်ဘာ ၂၇ရက်မှ ၂၀၁၄၊ ဩဂုတ် ၃ရက်အတွင်းရှိ အချိန်ကာလသည် နိုင်ငံရေး လောကခံများကို ရင်ဆိုင်တိုက်ပွဲဝင်ရင်း ပေးဆပ်မှုများစွာဖြင့် ကျော်ဖြတ်ရမည့် NLD ၏ နိုင်ငံရေးခရီးစဉ်တစ်ခုဖြစ်ပြီး ၂၀၁၄၊ နောက်ပိုင်းမှ စတင်၍ အောင်မြင်မှုများစွာဖြင့် နိုင်ငံရေးချင်းသာသုခမျိုးစုံကို နိုင်ငံနှင့် ပြည်သူအတွက် ဖန်တီးပေးနိုင်မည့် ကာလပါတီ NLDအသွင်သို့ ကူးပြောင်းရောက်ရှိပါမည်။

ဆက်လက်၍ NLD နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ကဲဇာတာမြို့ပေးလာချိန်၌ ကြားဖြတ် ရွေးကောက်ပွဲ မှတ်ပုံတင်သည့် ဇာတာခွင်နှင့် ပတ်သက်၍ တင်ပြ ဆွေးနွေးလိုပါသည်။ ဒေါ်အောင်ဆန်းစုကြည် မွေးဖွားတော်သို့ ရောက်၍ ၂၀၁၁၊ ဒီဇင်ဘာလ ၂၃ရက်၊ သောကြာနေ့၊ ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၁၀မိနစ်တွင် NLD ပါတီ

www.burmeseclassic.com

www.burmeseclassic.com

ကြားဖြတ် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မှတ်ပုံတင်ခဲ့ပါသည်။ ကုမ်ရာသီလင် စတင်ဝင်ရောက်ခဲ့ချိန်တွ
မှတ်ပုံတင်ခဲ့ပြီး အမြင့်မားဆုံး မွန်းတည့် မိုးကောင်းကင်၌ အားကောင်းသော တနင်္ဂနွေ၊ ဗုဒ္ဓဟူးနှင့် ရာဟုကြိုပ်ခြင်း
ရပ်တည်နေပါသည်။ ယင်းကြိုပ် (၃)လုံး၏ ရပ်တည်မှုအရ အတိုက်အခံ ပြိုင်ဘက်များ အနိုင်ရရှိခြင်း၊ တပ်မတော်
လက်တွဲ၍ နိုင်ငံရေး၊ အုပ်ချုပ်ရေးကဏ္ဍများ လုပ်ဆောင်ခွင့် ရရှိလာပါလိမ့်မည်။ ပါတီ၏ ချမှတ်ထားသော ရည်မှန်းချက်
ရည်ရွယ်ချက်များ ပြည့်ဝ အောင်မြင်၍ ဂုဏ်သတင်းကျော်စောမှုနှင့် ဘုန်းကံအရိန်အဝါကြီးမြင့်မှုများ တွေ့ကြုံနိုင်ခြင်း
ကြိုပ်ရပ်တည်မှုဖြစ်ပေသည်။ တနင်္ဂနွေကြိုပ်ရပ်တည်မှု အားကောင်းသည့်အတွက် ပါတီ၏ ရန်ပုံငွေကြေး အားကောင်း
ခိုင်မာ တောင့်တင်းလာမည်။ ကြာသပတေးနှင့် စနေအပြန်အလှန် ၁၈၀ ဒီဂရီအမြင်ရိုထားမှုနှင့် တနင်္ဂနွေမှ ကြာသပတေး
သို့ ၁၂၀ ဒီဂရီအမြင်ဖြင့် ဆက်သွယ်မှု ရှိထားခြင်းတို့ကြောင့် ကြာသပတေးကြိုပ်၏အား ထပ်ဆင့်ကောင်းနေသည်
ဒေါ်အောင်ဆန်းစုကြည် ကိုယ်စားပြုသော အင်္ဂါကြိုပ်ဘဝစက်တွင် (မရဏဘဝ) နိုင်ငံရေးသတ်ကွင်းထဲသို့ ရောက်ရှိ
သည်။ သို့သော်ငြားလည်း ကသစ်နဝင်းအားကို ပြန်လည်ရရှိသည့်အတွက် နိုင်ငံရေးတိုက်ပွဲများ၌ အခက်အခဲများ ရင်ဆိုင်
ပြီးသည့်နောက် အဆုံးသတ်တွင် ကောင်းကျိုးပြုလိမ့်မည်။ နိုင်ငံခြား သံတမန်ဆက်ဆံရေး သောကြာကြိုပ်တွင် အနေ
အယှက်များ ပါရှိနေသည့်အတွက် နိုင်ငံရပ်ခြား တိုင်းပြည်များ။ နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုကိစ္စများအတွက် ပါတီအတွ
သဘောထား ကွဲလွဲမှုများ တွေ့ကြုံလာမည်။

၂၀၁၃၊ စက်တင်ဘာမှ စတင်၍ နိုင်ငံရေးဩဇာအရိန်အဝါ ထွန်းတောက်လာမည့် ကာလဖြစ်ပြီး ၂၀၁၅၊ ဇူလိုင်
၁၄ နောက်ပိုင်း ကောဇာ ကြာသပတေးကြိုပ် နိုင်ငံရေး၊ အုပ်ချုပ်ရေးကြိုပ် အင်္ဂါအပေါ်တွင် စီးနင်း၍ တနင်္ဂနွေကြိုပ်အား
၁၂၀ ဒီဂရီအမြင်ရှိမည့် အချိန်ကာလ၌ NLDရွေးကောက်ပွဲတွင် ထူးခြားစွာ အနိုင်ရရှိလာပါလိမ့်မည်။ ၂၀၁၆၊ မတ်
နောက်ပိုင်း နိုင်ငံတာဝန် ထမ်းရွက်မှုအပိုင်း၌ တစ်နှစ်တာကာလအတွင်း NLD အနေဖြင့် နိုင်ငံရေးအမြတ်ထုတ်လိုမှု
ဝင်ရောက်လာသူအချို့ကြောင့် ဂုဏ်သတင်း ကျဆင်းဖွယ်၊ မျက်နှာပျက်ဖွယ် အကြောင်းကိစ္စများ၊ နိုင်ငံရေးဆုံးပြတ်
အလွဲအမှားများအား ရင်ဆိုင်ကျော်ဖြတ်ပြီးသည့်နောက် ၂၀၁၇၊ စက်တင်ဘာလနောက်ပိုင်းမှ စတင်၍ တိုင်းပြည်နိုင်ငံ
အများပြည်သူအကျိုးအား စွမ်းစွမ်းတမံ ထမ်းရွက်ခွင့် ရရှိလာပေလိမ့်မည်။

လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသင်းအဖွဲ့များ ကဲကောင်းကြီးပွားမည့် အချိန်ကာလအနီးနားသို့ ရောက်ရှိလာခြင်း
မိမိရွေးချယ် ဆုံးဖြတ်လုပ်ကိုင် ဆောင်ရွက်လိုက်သော အရေးကြီးကိစ္စရပ်တို့၏ အချိန် နာရီ၊ မိနစ်များမှာ နက္ခတ်ကောင်း
မြတ်သောအချိန်တို့ဖြင့် သွားရောက်တိုက်ဆိုင် ညှိညွှတ်နေကြောင်း စာရေးသူ၏ လက်တွေ့ သုတေသနပြုလုပ်ချက်များ
အရ တွေ့ရှိရပါသည်။ ကဲအညှဲ့ကြိမည့်အချိန်ကာလများသို့ နီးကပ်လာချိန်တွင်လည်း ပညာရှင်များမှ အခါကောင်း၊ အ
ကောင်းတို့ကို ရွေးချယ် တွက်ချက်ပေးကြသော်လည်း၊ ယင်းအချိန်များ၌ ဆောင်ရွက်ခွင့် မရရှိခြင်း၊ မိမိ အားကိုးသော
ပညာရှင်မှ ဆုံးဖြတ်ချက်မှားယွင်းပြီး ကဲအညှဲ့ကြိမည့်အချိန်အခါများကို ရွေးချယ်မိလိုက်သော ဖြစ်စဉ်များ လူ့လောက
မကြာခဏ ကြုံတွေ့နေရပေသည်။ ရွေးချယ်သော နက္ခတ်အချိန်အခါကောင်း မရရှိစေရန်အတွက် လောကပါလန
အပေါင်းက ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်လေးတစ်ခုရှိခဲ့ပါသည်။

ဆိုးသွမ်း သောင်းကျန်းသော ဒဿဂီရီ ဘီလူးမင်းအား နှိမ်နင်းနှိပ်ရန်အတွက် သီတာဒေဝီဖြင့် ဆင်နွှဲမည့် ရာမမင်းသား
လက်ထပ်မင်္ဂလာအချိန်အခါကောင်းများကို နတ်ဒေဝီတစ်ပါးမှ ကချေသည်အသွင် ဖန်တီး၍ ပယ်ဖျက်ခဲ့ကြပါသည်
ဆရာသခင်ရွေးချယ်ပေးသည့် နက္ခတ်အချိန်ကောင်းများဖြင့် မင်္ဂလာဘိသိက်အစီအစဉ်ဆောင်ရွက်မည့် သီတာနှင့် ရာမ
၏ မင်္ဂလာပွဲသို့ ကချေသည်တစ်ဦးလာရောက် ကပြဖျော်ဖြေရာ သူမ၏ အကအလှများတွင် မိန်းမော သာယာသူများ
မင်္ဂလာဘိသိက် ရေစင်သွန်းလောင်းရမည့် နက္ခတ်အချိန်ကောင်း ကျော်လွန်သွားခဲ့ရပါသည်။ အဆိုပါ နက္ခတ်အချိန်ကောင်း
သီတာ၊ ရာမတို့ လက်ထပ်မင်္ဂလာဆင်နွှဲခဲ့ပါက ဒဿဘီလူးမင်းမှ မယ်သီတာကို ခိုးယူပေါင်းသင်းရန် မဖြစ်နိုင်သလို
ဒဿကိုလည်း ရာမမင်းမှ နှိမ်နင်းလိမ့်မည် မဟုတ်ပေ။ သီတာ-ရာမတော်တော်ကြီးမှာလည်း သမိုင်းတွင် ပေါ်ထွန်းလာ
အကြောင်းမရှိတော့ပေ။ သို့သော် ထိုအချိန်ကာလ၌ ဒဿဂီရီ ဘီလူးမင်းသည် ဆိုးသွမ်းပိုက်ဆံ ညှင်းပန်းနှိပ်စက်
အမျိုးမျိုးကို ဆောင်ရွက်နေခြင်းကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားများစွာ ဒုက္ခ ရောက်ရှိနေခဲ့ချိန်ဖြစ်သည့်အတွက် လောက
စောင့်ကြပ်သော နတ်မင်းကြီး လေးပါးနှင့် သိကြားမင်းတို့မှာ သည်းခံခိုင်မှုမရှိတော့ဘဲ နတ်ဒေဝီတစ်ပါးအား တာဝန်

www.burmeseclassic.com

www.burmeseclassic.com

ဆုမမင်း၏ ဆရာသခင် တွက်ချက်ပေးသော နက္ခတ်အချိန်ကောင်းဖြင့် လက်ထပ်မင်္ဂလာ မဆောင်ရွက်နိုင်ရန် တားဆီးခြင်းဖြစ်ပါသည်။

ယနေ့ လောကီနယ်မြေ၌ လူသားတို့ အသက်ရှင်နေသရွေ့ကာလပတ်လုံး ပြိုင်ပွဲများစွာအား တွေ့ကြုံရင်ဆိုင်နေရသည်။ ဘဝပြိုင်ပွဲတို့၌ အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်း အကြောင်းကဏ္ဍများသည် ထာဝစဉ် တည်တံ့နေလိမ့်မည် မဟုတ်ပါ။ လောက စက်ဝန်းသံသရာအတွင်း၌ ယခင်က ရှုံးနိမ့်ခဲ့သူများကလည်း အမြဲထာဝရ ရှုံးနိမ့်လိမ့်မည် မဟုတ်သလို၊ သူ့အတွက် တစ်နေ့သောကာလ၌ အောင်ပွဲတံခွန် လွှင့်ထူလာနိုင်ပြီး၊ ယခင် အနိုင်ရရှိနေသူများမှလည်း ထာဝရတံခွန်လွှင့်ထူထားနိုင်သည့် အခွင့်အရေးမရှိနိုင်ဘဲ တစ်ချိန်ချိန်၌ ရှုံးနိမ့်ခြင်း၏ ရက်စွဲများအား ထွေးပိုက်နေရပေလိမ့်မည်။ အနိုင်ရရှိချိန်တွင် ပြုံးပျော်ရွှင်နိုင်သကဲ့သို့ ရှုံးနိမ့်သောကာလတွင်လည်း အပြုံးပန်းကို ဆက်လက် ပန်ဆင်ထားနိုင်ရေးအတွက် လိုအပ်လုပေသည်။ အရှုံးကို ရင်ဆိုင်ရာတွင် ဂုဏ်သိက္ခာရှိစွာ ရင်ဆိုင်နိုင်ရန် အရေးကြီးလှပြီး အချို့အချို့သော အကြောင်းကိစ္စရပ်များ၌ ပြိုင်ဘက်အပေါ် အပြုံးစင်ဆုံး နှလုံးသားအပြုံးဖြင့် အရှုံးပေးလိုက်ရခြင်းသည် မည်သည့်အရာနှင့်မျှ လဲလှယ်၍ မရရှိနိုင်သော ဂုဏ်သိက္ခာတစ်ရပ်ဖြစ်နေတတ်ပေသည်။ မကြာမီ ရောက်ရှိလာမည့် ရွေးကောက်ပွဲကြီးတွင် သမ္မတရာထူးတာဝန်အတွက် ယှဉ်ပြိုင်ကြမည့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နှစ်ဦးလုံးမှာ တိုင်းပြည်အတွက်၊ ပြည်သူအတွက် အစွမ်းကုန် အလုပ်အကျွေးပြုမည့်သူများ ဖြစ်ကြပါသည်။ သို့သော်လည်း ပြည်သူမှ ယင်းတို့အနက်မှ တစ်ဦးကိုသာ ရွေးချယ်ကြပေလိမ့်မည်။ ထိုသို့ ရွေးချယ်ရာတွင် အဆိုပါ ဂျီလ်နှစ်ဦးအား ကိုယ်စားပြုသော ပါတီအဖွဲ့အစည်းကိုသာ မဲပေး၍ ရွေးချယ်ကြပါလိမ့်မည်။ တစ်ခါတစ်ရံ လူပုဂ္ဂိုလ်ကို နှစ်သက်သော်လည်း သူ၏ နောက်ခံပါတီကို လက်ခံ၍ မရတတ်ပါ။ တစ်ခါတစ်ရံ နောက်ခံ ပါတီကို ကြိုက်နှစ်သက်သော်လည်း ရွေးချယ်ခံသော လူပုဂ္ဂိုလ်ကို နားလည်ပေးရန် မဖြစ်နိုင်တတ်ပါ။ အမေရိကန် သမ္မတရွေးကောက်ပွဲများ၌ ပါတီအဖွဲ့အစည်းနှစ်ရပ်လုံး အပြန်အလှန်ထားရှိထားသော သဘောထား မူဝါဒမှာ များစွာအတုယူဖွယ်ကောင်းလှပါသည်။

"မင်းတို့ ပါတီလည်း နိုင်ငံနဲ့ ပြည်သူအတွက် အလုပ်လုပ်မှာပဲ။ ငါတို့ပါတီလည်း နိုင်ငံနဲ့ ပြည်သူအတွက် အလုပ်လုပ်မှာပဲ။ မင်းတို့ကို ပြည်သူက ကြိုက်နှစ်သက်ရင်လည်း ဆယ်စုနှစ်တစ်ခုလောက်ပေါ့။ ဒါပြီးရင်တော့ ပြည်သူတွေ ရိုးအီသွားပြီး အပြောင်းအလဲအနေနဲ့ ငါတို့ဘက်ကို ခြေဦးလှည့်လာမှာပါ"

ဟူသော အကြောင်းကဏ္ဍလေးဖြစ်ပါသည်။ မြန်မာ့နိုင်ငံတွင်လည်း ရှုံးနိမ့်သော ပါတီဘက်မှ ပြည်သူအကြိုက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် ဆယ်စုနှစ်တစ်ခုလောက် အရှိန်ယူရလိမ့်မည် ထင်ပါသည်။ လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ဘယ်သူပြိုင်လို့အောင်ပွဲဆီသို့ လှမ်းနိုင်လိမ့်မည်ကို ကျွန်တော့်ထက် ပြည်သူတွေ ပိုပြီးတွေးဆနိုင်လိမ့်မည်ဟု ယုံကြည်လျက်...■

နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတ ပညာပေး ဆောင်းပါးများနှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေး အကြံပြုလိုပါက-

* * *

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့
၀၉ ၅၃ ၉၃၃၃

www.burmeseclassic.com

www.burmeseclassic.com

ဆရာမင်းသုခြွန်(မန်းတက္ကသိုလ်)

ဓာတ်ကြီးလေးပါး ယတြာ ဆောင်ရွက်လိုပါသလား

(၁) ပထဝီဓာတ် - မုန့်ဆွမ်းပန်းကန် ၂၀ချပ်၊
(၂) အာပေါဓာတ် - သောက်တော်ရည် ၁၂ခွက်၊
(၃) ဝါယောဓာတ် - ယပ် ၆ခု
(၄) တေဇောဓာတ် - ဖယောင်းတိုင် ၄တိုင်နဲ့ ပေါက်ပေါက်ဆွမ်း၊ သကြားယို ကိုးမျိုးလည်း ပါရပါမည်။

အုန်းဆွမ်းပန်းကန်ချပ် ၂၀ပေါ်မှာ ပေါက်ပေါက်တင်၊ သကြားအုပ်၊ ယို ၉မျိုးထည့်ပြီး ဘုရားရှင်ကို လှူပါ။

ပထမဆုံး စားပွဲကို သန့်ရှင်းသော ခဲ့၊ အခင်းအကျင်းပြီး ဆွမ်းပန်းကန် ၂၀နဲ့ သောက်တော်ရေ ၁၂ခွက် တင်ပါ။ ယပ် ၆ခုကို ဖန်ခွက်တစ်ခုထဲတွင် ထောင်ပြီး ဖယောင်းတိုင် ၄တိုင်ထွန်းပြီး ကျန်းမာရေးညှဉ်သူရဲ့ နေ့နံအား ပြောပြီး ကိုယ်စားလှူပေးလိုက်ပါ။ ခုနစ်ရက်ဖြစ်စေ၊ ကိုးရက်ဖြစ်စေ လဲနေသူပင် ဖြစ်လင့်ကစား၊ ထူးစေနိုင်တဲ့ ယတြာမျိုးပါ။ မြတ်စွာဘုရားကို ရည်မှန်း လှူဒါန်းတာပဲ ဖြစ်တယ်။ ကျန်းမာရေးညှဉ်ဖျင်းရင် ကိုယ်တိုင်လုပ်လို့ရအောင်...

တနင်္ဂနွေသားဖြစ်ပါက နံနက် ၇နာရီလှူပါ။
တနင်္လာသားဖြစ်ပါက နံနက် ၉နာရီလှူပါ။
အင်္ဂါသားဖြစ်ပါက နံနက် ၁၁နာရီလှူပါ။
ဗုဒ္ဓဟူးသားဖြစ်ပါက နံနက် ၇နာရီလှူပါ။
ကြာသပတေးသားဖြစ်ပါက နံနက် ၉နာရီလှူပါ။
သောကြာသားဖြစ်ပါက နံနက် ၇နာရီလှူပါ။
စနေသားဖြစ်ပါက နံနက် ၉နာရီမှာ အသီးသီးလှူဒါန်းပါ။ အကျိုးထူးပေးပါမည်။

အကယ်၍ ငွေမတတ်နိုင်ပါက ယို၊ သကြား၊ ပေါက်ပေါက်တို့ မပါဘဲ ဆွမ်းချည်းသက်သက်လည်း လှူဒါန်းလို့ရပါသည်။ လောကီရေးရာများ အဆင်မပြေ၊ မချောမမွေ့ရှင်လည်း အထက်ပါအတိုင်း ဆောင်ရွက်ပေးပါက ထူးခြားမှုများ ခံစားရပါပေမည်။

ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေ

* * *

ဆရာမင်းသုခြွန်(မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ဂုန်းမှုန်းမှုန်

ဘုရားနီစောင့်

မြစိမ်းရောင် မြွေကြီး



တစ်ကိုယ်လုံး မြစိမ်းရောင်
ပါပဲ ရွှန်းလက်နေတဲ့ မြွေကြီး
ကောင်က လျှာကို တစ်လစ်
တစ်ထုတ်ရင်း ဦးခေါင်းကို ဟိုဒီ
ဟာ ဝင်းလက်တောက်ရွှန်းသည့်
မြွေကြီးတွေနဲ့ သူမကို စူးစူးစိုက်
ကြည့်နေသည်။ သူမက တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

လုံး မြစိမ်းရောင်တောက်ပနေသည့် မြွေကြီးကို ကြည့်ကာ ကြောက်ရွံ့ တုန်လှုပ်မိရင်း တစ်ကိုယ်လုံး ချွေးစေးတွေ စိမ့်ပြန်လာပြီး...

"မြွေ...မြွေကြီး...ကြောက်စရာကြီး"လို့ စိတ်ထဲက အော်ပြောမိရင်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ငြိမ်သက်နေမိတော့သည်။

"မကြောက်ပါနဲ့၊ နင့်ကို ဘာမှ အန္တရာယ်မပေးပါဘူး။ နင် အခုလို ဆင်းဆင်းရဲရဲနေရတာကို မကြည့်ရက်၊ မမြင်ရက်လို့ ကူညီစောင်မဖို့အတွက် ငါလာခဲ့တာ"

မြွေကြီးက လျှာလေးတစ်လစ်တစ်လစ်ထုတ်ကာ သူမကို ကြည့်ရင်း ပြောသည်။ သူမ ဘာကို ယုံရမည်နည်း။ ဒီမြွေကြီးကရော ဘယ်လိုကူညီမစမည်နည်း။ သူမ ဘာမှစဉ်းစားမရဘဲ မြွေကြီး၏ လှုပ်ရှားမှုတွေကို ငေးကြည့်နေမိသည်။

"ငါပြောတာကို မယုံဘူးလား။ ဒီမှာ နင်နဲ့ ငါက ဟိုးဘဝက မောင်နှမတော်စပ်ခဲ့ကြတယ်။ အဲဒါတွေ နင်မေ့နေပြီဆိုလား။ ထားပါတော့၊ ပြီးခဲ့တာတွေ။ ဒါပေမယ့် အဲဒီ အသိစိတ် သံယောဇဉ်ကြောင့် နင့်ကို အခုလို ကူညီဖို့ လာခဲ့တာပဲ။ ရှင်းပြီလား"

မြွေကြီး၏ စကားအဆုံးမှာ သူမ ခေါင်းညိတ်မိသည်။

"အင်း...တစ်ခုတော့ ရှိတယ်။ ငါက နင့်ကို ကူညီသလို၊ နင်ကလည်း ငါ့ကို တစ်ခုတော့ ကူညီရမယ်။ ဘယ်လိုလဲ၊ ကူညီမှာလား"

"ဟုတ်...ဟုတ်ကဲ့၊ ကူညီပါ့မယ်။ ဘယ်လိုကူညီရမလဲ၊ ပြောပါ"

ကြောက်ကြောက်ရွံ့ရွံ့နဲ့ပို့ သူမ စကားတွေက ပုံမှန်မဟုတ်ဘဲ ထစ်ငေါ့နေသည်။ မြွေကြီးကတော့ သူမ စကားကို ကျေနပ်နှစ်သက်ကာ ခေါင်းတညိတ်ညိတ်နဲ့ မြူးတူးနေ၏။

"ဟုတ်ပြီ၊ ဒါဆိုရင် ဘုရားနိကြီးဘေးက ညောင်ပင်ကြီးဆီကို မနက်ဖြန် နင်လာခဲ့"

"ဘယ်အချိန်လာရမှာလဲ"

"နွားရိုင်းသွင်းချိန်။ ဘယ်သူမှ ခေါ်မလာရဘူး။ နင်တစ်ယောက်တည်း ပဲ လာခဲ့။ နင့်ယောကျ်ားကို ခေါ်လာခဲ့ရင်တော့ ကြည့်ထား။ ဟောဒီမှာ..."

ပြောရင်း မြွေကြီးက ရှိုးခနဲ နာမှုတ်ကာ ပါးပျဉ်းကြီးခွက်ပြီး ချွန်ထက်မြီနေသည့် အစွယ်နှစ်ချောင်းကိုလည်း ထုတ်ပြသည်။

"အမလေး...ကြောက်စရာကြီးပါလား"

သူမက ကြည့်နေရင်း ထိတ်လန့်တကြားဖြစ်သွားသည်။

"တွေ့ပြီလား။ ဒီတော့ ငါပြောထားတဲ့အတိုင်း နင်တစ်ယောက်တည်း ပဲ လာခဲ့။ ပြီးရင် နင့်ကို ကူညီဖို့အတွက် ငါစောင့်ရှောက်ထားရတဲ့ ဒွေဒွေတွေ၊ စိန်တွေရှိရာနေရာကို ပြမယ်။ အဲဒါ နင်ဖော်တူးယူပြီး နင့်အတွက် တစ်ပုံ၊ ငါ့အတွက် နှစ်ပုံ ပုံရမယ်။ ငါ့အတွက် ကိုတော့ ငါနေ့နေတဲ့ ဘုရားနိကြီးကို ပြုပြင်ဖို့အတွက် လှူဒါန်းပေးရမယ်။ အဲဒါ ငါ့ကို ကတိပေးမလား"

"ကတိပေးပါတယ်"

"နင် ကတိမတည်ရင်တော့ စောစောက တွေ့တယ်မို့လား"

"တွေ့...တွေ့ပါတယ်"

သူမက စောစောက တွေ့လိုက်ရသည့် မြွေကြီး၏ ချွန်ထက်မြီနေသည့် အစွယ်နှင့် ပါးပျဉ်းခွက်ကြီးကို မျက်စိထဲ ပြန်မြင်ယောင်လိုက်မိသည်။

"ဒါဆိုရင် ပြီးတာပဲ။ ငါပြန်တော့မယ်။ ဒီအကြောင်းကိုတော့ ဘယ်သူမှ မပြောနဲ့၊ ကြားလား။ ပြောရင်တော့ သိတယ်မို့လား"

ပြောပြီး မြစိမ်းရောင် တောက်ပနေသည့် မြွေကြီးက သူမအိပ်ခန်းထဲမှ နေပြီး လွှန်လူးသွားရင်း ခဏအကြာမှာ လုစ်ခနဲ ကွယ်ပျောက်သွားသည်။ သူမ ဘာတွေ ဖြစ်နေသနည်း။ **စဉ်းစား**ဝေခွဲမရသလို၊ အိပ်မက်လိုလို ဟိုလိုလို ဒီလိုလိုနှင့် စိတ်အာရုံတွေ ယိမ်းထိုးနေမိတော့၏။

♦♦♦

"ဟားဟားဟား...ဒီမှာ ညီမောင်ကို ရှူးကြောင်မူးကြောင်ကောင်လို့များ ထင်နေလား၊ ပြောစမ်း မြနှင်း"

အာလေးလျှာလေးသံနှင့် ရေမို့မှ ကိုက်လာသော ညီမောင်၏ စကားကြောင့် သူမစိတ်ထဲမှာ ခံပြင်းသလို ခံစားလိုက်ရသည်။ ညီမောင်က သူမ၏ ယောကျ်ားဖြစ်သည်။ သူ အရက်မူးလာလျှင် သူမကို ဒီလို အပြစ်ရှာတတ်၏။ အခုလည်းကြည့်၊ သူမကို အပြစ်ရှာဖို့ နိဒါန်းအစပျိုးနေပြီ မဟုတ်လား။

"ဘာကို ပြောရမှာလဲ"

သူမက မျက်မှောင်တစ်ချက် ကုတ်ကြည့်ကာ မခံချင်စိတ်နဲ့ ပြန်မေးလိုက်သည်။

"ငါမေးနေတာကို..."

"ရှင်က ဘာမေးလို့ ဘာပြောရမှာလဲ"

သူမ စကားကြောင့် သူက သူမ မျက်နှာကို နီရဲနေသော မျက်လုံးကြီးနှင့် စူးစိုက်ကြည့်သည်။

"ဟုတ်ပြီ၊ ဒါဆို စောစောက ဘယ်သူနဲ့ စကားပြောနေတာလဲ"

"ဘယ်သူနဲ့မှ မပြောဘူး"

"မညာနဲ့။ ငါ့နားနဲ့ ဆတ်ဆတ်ကြားရတာ။ အဲဒါ ဘယ်သူလဲ၊ ငါ့ကို ညာဖို့ မကြိုးစားနဲ့နော်။ ငါ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

သိတယ်မို့လား။ ညီမောင်တဲ့၊ ကြိုဟ်ဆောင်လာရင် မလွယ်ဘူး မုတ်၊ ဘင်းဟင်း . . .“

သူက အံတကြိတ်ကြိတ်နှင့် သူမကို ကြည့်ကာ မကျေမနပ် ကြိမ်းဝါးနေသည်။ သူမ ဘယ်လိုလုပ်ရတော့ မည်နည်း။ သူကတော့ သူမကို ပြဿနာ ကောင်းကောင်းရှာနေပြီလို့ တွေးရင်း သက်ပြင်းရှိုက်ကာ . . .

“ဘာတွေ ပြောနေတာလဲ ကိုညီမောင်။ ကျွန်မ ရှင်ပြောနေသလို၊ ရှင် ထင်နေသလို ဘယ်သူနဲ့မှလည်း စကားမပြောဘူး။ ရှင့်ဘာသာ ရှုးကြောင်ရှုးကြောင်နဲ့ ကြားချင်တာ ကြားပြီး ကျွန်မကို ပြဿနာလာရှာနေတာ သိလား“

“ဟားဟားဟား . . . ငါ့ကို ဒီလို လှည့်ပတ်လို့ ရမယ် ထင်နေလား။ ဒါဆို နင့်ကို ငါမေးမယ်“

သူက မျက်ခုံးပင့်တင်ကာ ပြောသည်။

“မေး၊ ဘာလဲ“

သူမရဲ့ စကားအဆုံးမှာ သူက နှုတ်ခမ်းကို တွန့်ကွေးပြီး ရယ်ပြုံး ပြုံးရင်း . . .

“ဒါဆို မနက်ဖြန် နွားရိုင်းသွင်းချိန် ဘုရားနိုးကြားဆီ လာခဲ့ဆိုတာ ဘယ်သူက ပြောသွားတာလဲ၊ နင့်လင်ငယ်၊ လင်နောင်းက ပြောသွားတာလား။ ပြော စမ်း၊ အဲဒါ . . .“

သူစကားကြောင့် သူမ ဘာပြန် ပြောရမှန်း မသိတော့။ စကားလုံးရှာဖွေ လို့လည်း မတွေ့တော့။ သူမ ဘာမှ မပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေမိ သည်။

“ပြောလေ . . . အဲဒါ“

ဒေါသစိတ်၊ ခံပြင်းစိတ်တွေ ကြောင့် သူမျက်နှာတစ်ခုလုံး ချွေးတွေ

စိမ့်ပျံနေသည်။ သူမက ခေါင်းကို အောက်စိုက်ချထားသည်။

“ပြောလေ၊ မပြောဘူးလား“

သူတစ်ကိုယ်လုံး ဒေါသစိတ် တွေကြောင့် တုန်လှုပ်နေသည်။ သူမေး နေသလို သူမက အဖြစ်မှန်အတိုင်း ပြန်ပြောလိုက်ရင် ဘာတွေ ဖြစ်လာမည် နည်း။ ဒီအကြောင်းကို ဘယ်သူကိုမှ မပြောဖို့ မြစိမ်းရောင် မွေးကြီးက သူမ ကို မှာထားခဲ့ပြီးပြီ။ ဒါဆို သူမ ဘယ် လိုလုပ်ရတော့မည်နည်း။ သူမစိတ်နဲ့ သူမကိုယ် မကပ်တော့၊ ဟိုဟိုဒီဒီဖြစ် နေ၏။

“ဘယ်လိုလဲ၊ မပြောဘူးလား“

သူမ ပခုံးနှစ်ဖက်ကို လက်နဲ့ ဖျစ်ညှစ်ကာ အားမလိုအားမရ သူက လှုပ်ခါနေသည်။

“အဲဒါ ရှင်ထင်နေသလို မဟုတ် ဘူး“

“ဒါဆို ဘယ်သူလဲ။ မှန်မှန်ပြော လေ“

“ပြောလို့ မဖြစ်ဘူး၊ ဒါတော့ . . .“

“ဘာ“

သူမျက်နှာတစ်ခုလုံး မှုန်ကုတ် သွားသည်။

“ဟုတ်တယ်၊ ပြောလို့ မဖြစ်ဘူး“

“ဘာလဲ၊ နင့်လင်ငယ်ကို ငါသိမှာ ကြောက်လို့လား“

“မဟုတ်ဘူး၊ အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး“

“အင်းလေ၊ နင် ဘာပဲပြောပြော မနက်ဖြန်ကျတော့ ဘာလဲဆိုတာ သိရ မှာပဲ။ သိလို့ကတော့ နင်ရော၊ နင့် အကောင်ရော ကိုယ့်အလောင်း ကိုယ် ပြင်ထားကြ“

ဟု ကြိမ်းဝါးရင်း သူက ထရံကြား မှာ ထိုးစိုက်ထားသည့် ငှက်ကြီးတောင် စားကို ယူကာ အိမ်ရှေ့ ကျောက်ပြား မှာ တရဲရဲအသံမြည်အောင် သွေးနေ တော့၏။ ရှေ့ဆက် ဘာတွေ ဖြစ်ဦးမလဲ။ သူမ မတွေးတတ်တော့၊ မတွေးရဲတော့။

ဖြစ်နိုင်လျှင် မနက်ဖြန် နွားရိုင်း သွင်းချိန်ကို စာရွက်တစ်ရွက်လို ဖြဲဆုတ် ပစ်ချင်နေမိတော့သည်။ ဒါပေမယ့် . . . အဲ . . . ဒါပေမယ့် . . .

♦♦♦

သူမ ဖြစ်ချင်သလို ဖြစ်မလာ သည့်(မနက်ဖြန်) နွားရိုင်းသွင်းချိန်က ဒီနေ့ နွားရိုင်းသွင်းချိန်ဖြစ်လာသည်။ ထိုအချိန်မှာပဲ သူက စိမ်းမြ လက်နေ သည့် ငှက်ကြီးတောင်စားကို တသသ လုပ်နေသည်။ သူ့အပြုအမူတွေကို ကြည့်ကာ သူမ ရင်တထိတ်ထိတ်နဲ့ စိတ်လှုပ်ရှားနေမိသည်။

“ကိုညီမောင်“

“ဘာလဲ“

သူက သူမကို လှည့်မကြည့်ဘဲ ဘောက်ဆတ်ဆတ် ပြန်ထူးသည်။

“အဲဒီကို ရှင် မသွားပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်“

www.burmeseclassic.com

www.burmeseclassic.com

"ဟားဟားဟား . . . ဘာလဲ၊ နင့်လင်ငယ် အသတ်ခံရမှာ စိုးရိမ်လို့လား။ ငါပြောထားပြီးပြီပဲ၊ နင်တို့ ကိုယ့်အလောင်း ကိုယ်ပြင်ထားကြလို့"

သူက ရယ်မောရင်း ဓားကို ဝှေ့ရမ်း ကစားနေသည်။

"ရှင်ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး"

"မဟုတ်ရင် ဘာလဲ၊ ပြော"

ပြောဖို့ စကားကို စဉ်းစားတွေးလိုက်တိုင်း သူမမျက်လုံးထဲမှာ မြစိမ်းရောင် တောက်ပနေသည့် မြွေကြီး၏ ကြောက်မက်ဖွယ်ရာ ပါးပျဉ်းခွက်ကြီးနှင့် ချွန်ထက်မြီနေသည့် အစွယ်နှစ်ချောင်းကို လက်ခနဲ မြင်ယောင်နေမိသည်။ အဲဒီလို ပြောလိုက်ရင် မြွေကြီးက သူမကို ပေါက်သတ်ပစ်တော့မှာ သေချာသည်။ ဒါဆို ဘယ်လိုလုပ်ရတော့မလဲ။ သူကလည်း သူမကို တလွဲအထင်မှားနေပြီ။ သူမ စဉ်းစားမရအောင် ကျပ်နေမိတော့၏။

"ကြာတယ်ဟာ၊ နင် မပြောရင်လည်း နေတော့၊ ငါသွားမယ်"

ဝုန်းခနဲ ထကာ ပြောပြောဆိုဆို နှင့် သူက ဓားကြီးကို ကိုင်ပြီး အလောတကြီး ထွက်သွားသည်။ သူမက သူ့နောက်ကျောကို ကြည့်ငေးရင်း အရုပ်တစ်ရုပ်လို မလှုပ်မယှက် ငြိမ်သက် ကျန်ရစ်ခဲ့တော့၏။ တဖြည်းဖြည်းနှင့် သူမမျက်စိရှေ့က သူ ပျောက်သွားသည်။ သူမရင်ထဲမှာ တစ်မျိုးကြီးဖြစ်ကာ လေပူလုံးကြီးကို မှုတ်ထုတ်ပစ်လိုက်မိ၏။ ခဏကြာမှ သူ့နောက်ကို သူမ ပြေးလိုက်သွားမည်လုပ်တော့ . . .

"မြနှင်း"

သူမကို လှမ်းခေါ်လိုက်သည့် အသံက သူမခြေလှမ်းတွေကို ရပ်တန့်တုံ့ဆိုင်းပစ်လိုက်သည်။

"ဟော . . . ဦးကြီးအောင်"

သူမ လှည့်ကြည့်လိုက်တော့ ရပ်ကွက်ထဲက ဦးကြီးအောင်ကို တွေ့ရသည်။ ဦးကြီးအောင်က သူမကို အိမ်ရှေ့မှ လှမ်းကြည့်နေသည်။

"မြနှင်း"

"ပြော . . . ဦးကြီးအောင်၊ ဘာကိစ္စများလဲ မသိဘူး"

"ကိစ္စကတော့ နင့်ယောကျ်ားညီမောင်ပဲ"

"ရှင် . . . ဘာဖြစ်လို့လဲ"

ဦးကြီးအောင်၏ စကားကြောင့် သူမ ရုတ်တရက် ရင်ထိတ်သွားသည်။

"ဟုတ်တယ်၊ နင့်ယောကျ်ား ညီမောင် ဘုရားနှိုက်နားက ညောင်ပင်အောက်မှာ မြွေပေါက်ခံရလို့၊ အဲဒါတွေ့ခဲ့တဲ့သူက ငါ့လာပြောလို့ သိရတာ။ ငါတို့ သွားကြည့်တော့ အသက်မရှိတော့ဘူး။ အဲဒါပဲ၊ နင်သိအောင်လို့ ငါလာပြောတာ"

စကားအဆုံးမှာ ဝမ်းနည်းမှု၊ ကြောက်ခြင်းတွေနဲ့ သူမရင်တစ်ခုလုံး ပုံးတစ်လုံး ပေါက်ကွဲသွားသလို ခံစားလိုက်ရသည်။ ထိုအချိန်မှာပဲ ရှိုးခနဲ

နာမှတ်သံနှင့်အတူ မြစိမ်းရောင်တောက်နေသည့် မြွေကြီးက ရုတ်တရက် ပေါ်လာသည်။

"ဟာ . . . မြွေ . . . မြွေကြီး . . . လာပြန်ပြီ"

သူမက မြွေကြီးကို ကြည့်ကာ အံ့သြထိတ်လန့် ကြောက်ရွံ့နေသည်။

"ဟုတ်တယ်၊ နင့်ဆီကို ငါလာတာပဲ။ ငါလာရတဲ့ အကြောင်းကတော့ နင့်ယောကျ်ားကို ငါပေါက်သတ်ပစ်လိုက်တာပဲ။ ဘာလို့လဲဆိုတော့ သူက ငါတို့ပြောနေတဲ့ စကားတွေအားလုံးကို ကြားထားတယ်။ သိထားတယ်။ ဒါကြောင့်မို့ နင့်ကို ငါပေးမယ့် စိန်တွေ ရွှေတွေ မြှုပ်ထားတဲ့ နေရာကို သူသိသွားပြီး လာတူးဖော်တာနဲ့ အခုလို ငါ ရုက်စက်ပစ်လိုက်ရတာပဲ။ ဒီလိုမှ မရက်စက်ရင်လည်း ဒီရွှေတွေ၊ စိန်တွေဟာ အလဟဿ သူ အရက်သောက် ကြောက်တိုက်၊ ဖဲရိုက်ပစ်တာနဲ့ ကုန်မှာ၊ ငါပြောသလို နင့်အတွက်လည်း အကျိုးရှိမှာ မဟုတ်ဘူး။ ငါ့အတွက်လည်း အကျိုးမရှိဘူး။ အခုတော့ ငါပြောထားသလို နင့်အတွက် တစ်ပုံ၊ ငါ့အတွက် နှစ်ပုံ ပုံပြီး ဘုရားပြုပြင်ဖို့ လှူဒါန်းပေးပါ။ နင့်အတွက် တစ်ပုံကတော့ နင့်စိတ်ဆန္ဒ အလိုရှိရာအတိုင်း လုပ်ပေါ့ဟုတ်ပြီလား"

"ကျွန်မလည်း ဘုရားကြီး ပြုပြုပြင်ဖို့အတွက်ပဲ လှူဒါန်းလိုက်ပါ့မယ်။ ကျွန်မအတွက် ဘာမှ အလိုမရှိပါဘူး"

"အင်းလေ၊ ဒါဆိုလည်း သာခေါ်စရာပေါ့။ ဒီတော့ မနက်ဖြန် ညနေကျရင် ဟိုနေ့က ပြောထားတဲ့ နေရာကို ဆက်ဆက်လာခဲ့တော့။ ငါစောင့်နေမယ်"

လို့ ပြောပြီး လူးလွန့်ကာ ခဲ့ထဲက ချက်ချင်းပျောက်သွားသည်။ မနက်

www.burmeseclassic.com

www.burmeseclassic.com

ဖြန်ညနေကျရင် မြွေကြီးပြောထားသည့် နေရာကို သူမ သွားဖို့အတွက် စိတ်က လေးလံနေမိတော့၏။ သူမကို မြွေကြီးက ဘာများ လုပ်ဦးမည်နည်း။ ကိုညီမောင်လိုပဲ သူမကို ပေါက်သတ်ပစ်လိုက်ဦးမည်လား။ မသွားဘဲ နေရင်ကောင်းမလား။ စိတ်က နစ်ခွဖြစ်နေ၏။ ဟိုရောက် ဒီရောက်ဖြစ်နေသည်။ ပြီးမှ...

♦♦♦

မြွေကြီးကို တွေ့မလား ဆိုသော အတွေးစိတ်နဲ့ ဟိုဟိုဒီဒီ မျက်လုံးတွေ ကစားကြည့်နေမိသည်။ ချုံနွယ်တွေ ပိတ်ဖုံးနေသည့် ဘုရားနီဂူပေါက်နားရောက်တော့ ရွှီးခနဲ အသံနှင့်အတူ မြွေမိုးရောင် တောက်နေသည့် မြွေကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။

"ဟာ...မြွေကြီးပါလား"

"ဟုတ်တယ်၊ နင့်အလာကို စောင့်နေတာ။ အခု နင်တစ်ယောက်တည်း လာတာပို့လား"

သူမက ခေါင်းညိတ်ပြမိသည်။

"ဒါဆို...လာ"

ဦးခေါင်းကို ညိတ်ခေါ်ရင်း မြွေကြီးက ချုံနွယ်တွေကြားမှ တိုးဝှေ့လူးလွန့်ကာ ရှေ့မှ ဦးဆောင်ထွက်သွားသည်။ သူမက တွန့်ဆုတ် တွန့်ဆုတ်နှင့် နောက်က လိုက်ပါသွားသည်။ ဘုရားနီကြီး၏ ဘေးက ညောင်ပင်ကြီး ရောက်တော့ မြွေကြီးက တောင်ကမူ တစ်ခုကို ရစ်ပတ်ခွေလိုက်သည်။

"ကဲ - ငါ ရစ်ခွေပြတဲ့ နေရာကို အခုချက်ချင်း တူးပေတော့။ နင့်ပေါ်မှာ ကျရောက်လာမယ့် အနှောင့်အယှက် ဘေးအန္တရာယ်မှန်သမျှကို ငါ ကာကွယ်စောင့်ရှောက်ပေးထားမယ်။ ဘာမှ မကြောက်၊ မစိုးရိမ်နဲ့၊ ကြားလား"

"ဟုတ်...ဟုတ်ကဲ့"

သူမက ပြောရင်း မြွေကြီးပြသွားသည့်နေရာကို တူးဖို့ အားစိုက် ကြိုးစားလိုက်သည်။ ရတ်တရက် ထူးဆန်းစွာ မြွေကြီးက ကွယ်ပျောက်သွား၏။ မြွေကြီး ဘယ်ပျောက်သွားပါလိမ့်လို့ စိတ်ထဲက စဉ်းစားတွေးလိုက်မိချိန်မှာပဲ ဖြူဖွေးဆွတ်နေသည့် မုတ်ဆိတ်မွေးရှည်ရှည်လျားလျားနဲ့ ပိတ်ဖြူစင်ကြယ်ကို သေသပ်စွာ ဝတ်ဆင်ထားတဲ့ တောင်ဂေးတစ်ချောင်းနဲ့ အဘိုးအို တစ်ယောက်ကို ဝေဒီမှန်ပါးစွာ မြင်တွေ့လိုက်ရတော့၏။■

* * *

ဘုန်းမင်းလှဌေး

ဆရာကြီးရောဇာဇော်ဝင်း (LL.B.)

ဘဝည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရွေးမူမပျက်
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်ေွးငယ်များဘဝတစ်သက်တာဟောစာတမ်းကုမ္ပဏီများနာမည်ွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံးများကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီနေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်းစသည့်နာမည်ပေးပါရဂုဆရာကြီးတစ်ဦးဖြစ်ပါသည်(ဥာဏ်ပုံဇော်ခ၇၀၀ကျော်)သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကိုနာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါကဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်းအကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန်နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများစုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမောသော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ်ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစိအရင်ပညာဓာတ်ရှိက်ခါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရမည်ဟုမှတ်ပါ(နှုတ်ဟောဥာဏ်ပုံဇော်ခ၅၀၀၀ကျော်)နာမည်ပေးခြင်းနှင့်ဟောစာတမ်းများ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နှယ်သို့ VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲလျှင်ချက်ချင်းပို့ပေးမည်နှယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍ မေးမြန်းနိုင်ပါသည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြေးပေးစရာမလိုပဲပို့ပေးမည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မဂ်လာတောင်ညွှန်မြို့နယ်

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100 , 0949 320960, 01-73009994, 0951 52521

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက်

လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

(ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

တနင်္ဂနွေသား သမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် သီဟိုဠ် (၆)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဆိုကာ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၉)ညွှန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပျဉ်းမ (၉)ညွှန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂဖောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကိတ်မုန့်တစ်ခုနှင့် ငြိုဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးကို ပေါင်မုန့် (၅)လုံး လှူဒါန်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံး လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးအား (၉)ခေါက် ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွှန့်ကို ရေပြင့် ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်းပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး (၅)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနလ်ာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် သရက်သီး (၅)လုံးနှင့် ဆူးတံခွန် (၅)လုံးတို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ် လှူဒါန်းပါ။

ရွှေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် နှင်းဆီ (၅)ပွင့်နှင့် ဂြိုဟ်တံခွန် (၅)လက်တို့ကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးညွှန့် (၅)ညွှန့်နှင့် တံခွန်ကုတ္တားတစ်စုံကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနလ်ာနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် သပြေ (၅)ညွှန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးအား ဆန် (၅)လုံး လှူဒါန်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် လက်ဖက် (၅)ကျပ်သား၊ တံခွန်လုံးအဝါ (၅)လုံးတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၅)ညွှန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။

အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် နှမ်းဆီ (၉)ကျပ်သား၊ ဒူးရင်းပို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် ရေသင်္ဘောနှင့် ဆိမ်း (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနလ်ာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် အုန်းပို (၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် သရက် (၁၀)ညွှန့်၊ ဆိမ်း (၉)တိုင်နှင့် ရေသင်္ဘောတို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနလ်ာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မြေးနံထောင့်တွင် ခရေ (၆)ညွှန့်နှင့် ရေသင်္ဘော လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပတ်း(၉)ပတ်စီပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနလ်ာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို ငွေ(၉၀၀)ကျပ်လှူဒါန်းပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း(၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညှင်းကို သွားရောက်လှူဒါန်းပြီး မေတ္တာသုတ် (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ည‌နေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စီပါပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၉)ညှင်းလှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စီပါပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညှင်း၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၉)ညှင်းနှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၉)ညှင်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၃)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (၁)အက္ခရာပါသောထီကို ရွေးထိုးပါ။

ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကဲ့ကော် (၁၅)ညှင်းကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညှင်းကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပါပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညှင်းကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးပိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညှင်း၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ည‌နေ ၄နာရီခွဲမှ ၅နာရီခွဲအတွင်း အင်ကြင်း (၂၁)ညှင်းကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညှင်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ် သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၄)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (၁)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ဥနာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၁၀)ညွှန့်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ဆီး(၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၂၇)ပတ်စီပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား နှင်းဆီ (၉)ပွင့် ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဂါ (၇)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၄)ညွှန့်ကို တရော်ကင်ပွန်းနှင့် ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၁)ထိပ်စီး၊ (၁)နောက်ပိတ်နှင့် (၁၁)အက္ခရာပါသောထီကို ရွေးထိုးပါ။

စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့ (၉)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့ သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စီပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကဲ့ကော် (၁၅)ညွှန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စီပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တံခွန်ထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒီဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့် ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဝိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၈)နောက်ပိတ်နှင့် (၁၁)အက္ခရာပါသောထီကို ရွေးထိုးပါ။

***

www.burmeseclassic.com

www.burmeseclassic.com

အကြောတက်ရောဂါအတွက် ဆေးနည်း

ရောမြေ ကျော်ဝေ

ဟသ်တမ ပုသိမ်သို့ ထွက်သော အမြန်ရထားကြီးသည် အပူအပင်ကင်းမဲ့စွာဖြင့် တဂျုံးဂျုံးတဂျက်ဂျက်ဖြင့် ခုတ်မောင်းနေပါသည်။ ကျွန်မသည် ပုသိမ်တွင် သင်တန်းတက်နေသော သားကြီးထံသို့ လိုအပ်သော ဝေယျာဝစ္စပစ္စည်းများကို ပေးပို့ရင်းဖြင့် အထက်တန်းတွဲပေါ်တွင် ဘေးဘက် ဝဲဖာကို ကြည့်ရှုရင်း လိုက်ပါခဲ့ပါသည်။ ကျွန်မ၏ ဘေးတွင် ကျွန်မကဲ့သို့ပင် အသက် ၆၀ ဝန်းကျင်အမျိုးသမီးကြီးတစ်ယောက်လိုက်ပါခဲ့သလို၊ ရှေ့ခာက် မျက်နှာချင်းဆိုင် ခုံတွင်လည်း အသက် ၅၀ ဝန်းကျင်ဟု ခန့်မှန်းရသော သံဃာတော်တစ်ပါးနှင့် အသက် ၃၀အရွယ် လူလတ်တစ်ဦးကို တွေ့ခဲ့ရပါသည်။ အသုတ်ဘူတာသို့ ရထားဆိုက်ရောက်ပြီး ပုသိမ်ဘက်မှ လာသော ရထားနှင့် ဆုံမည်ဖြစ်သဖြင့် အသုတ်ဘူတာတွင် နာရီဝက်ခန့် ကြာပါသည်။ ထိုနာရီဝက်ခန့်ကြာသောအချိန်တွင် ကျွန်မသည် ခြေသလုံးနှစ်ဖက်စလုံး ကျင်ခဲပြီး အကြောများတက်သည့် ဝေဒနာကို ခံစားရပါသည်။ ကျွန်မ၏ ဘေးတွင် ထိုင်သော အမျိုးသမီးကြီးက လူကိုယ်တိုင် တက်နင်းပေးမှ သက်သာသွားပါသည်။ ကျွန်မ၏ မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ဦးပဉ္စင်းက ကျွန်မကို သေချာစွာ ကြည့်ပြီး ဤကဲ့သို့မေးပါသည်။

"ဒကာမကြီး အကြောတက်ဝေဒနာ ခံစားရတာ ဘယ်လောက်ကြာပြီလဲ"

"မှန်ပါဘုရား။ တပည့်တော်မ ဒီလိုအကြောတက်တာ သားဦးလေးမွေးပြီးကတုန်းကပါ ဘုရား။ နားနဲ့မနာ၊ ဖဝါးနဲ့နာပါ ဘုရား"

"ကိစ္စမရှိဘူး ဒကာမကြီး။ ဦးဇင်း ဆေးနည်းပေးမယ်။ မှတ်ထားပါ။ ဆင်တုံးမန္တယ်ကြီးကို ပါးပါးလိုးပြီး နှမ်းဆီစစ်စစ် ၂ဝကျပ်သားနဲ့ ပုလင်းပြားထဲ ရောထည့်ပြီး ဒန်အိုးအလယ်တည့်တည့်ထဲမှာ ပုလင်းကို ထောင်ထားပြီး ပုလင်းမြိုင်အောင် ရေထည့်၍ ရေခန်းအောင် ပြုတ်ပါ။ ရေခန်းလျှင် ပုလင်းကို အိုးတွင်းမှ ထုတ်ပြီး အအေးခံထားပါ။ ပြီးလျှင် ထိုဆေးကို လိမ်းကြည့်ပါ။ တစ်ရက် နှစ်ရက်အတွင်း သိသာလာပါလိမ့်မည်။ ပုလင်းထဲမှ နမ်းဆီနှင့် ဆင်တုံးမန္တယ် ပျော်ဝင်ဆီကို နေ့စဉ်မှန်မှန်လိမ်းပေးခြင်းဖြင့် အကြောတက်ရောဂါပျောက်ကင်းပါမည်"

ဟု ဦးပဉ္စင်းမှ ပြောကြားပါသည်။

"ကျွန်မ အိမ်ပြန်ရောက်တော့ လုပ်ကြည့်ပါမယ်" ဟု ဒေါ်တင်တင်ဝင်းက ဦးဇင်းအား ပြန်လျှောက်ခဲ့ပါသည်။

တစ်လလောက်အကြာမှာ အကြော တက်တဲ့ ရောဂါ အကြောကျဉ်တဲ့ ရောဂါတို့ ယူပစ်သလို သိသိသာသာကြီး ပျောက်ကင်းသွားသဖြင့် ခရီးသွားဟန်လွဲ တဒင် ရထားပေါ်မှာ တွေ့ခဲ့ရတဲ့ ဆေးနည်းပေးသော ဦးပဉ္စင်းလေး၏ ဘွဲ့အမည်နာမကို မမေ့မိလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်မိပါသည်ဟု ဒေါ်တင်တင်ဝင်းက စာရေးသူအား ပြောပြပါသည်။

ဆေးနည်းပေးသော ဦးပဉ္စင်းလေးကို ရထားပေါ်တွင် တွေ့စဉ်အချိန်ခါက ကျေးဇူးတင်စကားပြောကြားခဲ့သော်လည်း ဘယ်အရပ်၊ ဘယ်ဒေသကမှန်း မသိခဲ့ရပါ။ ဒီနေရာမှီတွင် နူတ်လေးနေသော မိမိကိုယ်ကိုယ်မိမိ ပြန်၍ အပြစ်တင်မိလေသည်။ ဦးပဉ္စင်းလေး၏ ဘွဲ့အမည်နှင့် နေရပ်လိပ်စာကို သိလျှင်တော့ သွားရောက်၍ ကန်တော့ရမည်မှာ မိမိ၏ တာဝန်သာ ဖြစ်ပါသည်ဟု ဒေါ်တင်တင်ဝင်းက သူ၏ ဖြစ်ရပ်မှန် အကြောတက်ပျောက်ဆေးအကြောင်းကို မချွင်မချန် ဤကဲ့သို့ ပြောပြသွားခြင်းဖြစ်ပါသည်။

အကြောတက်ပျောက်သော တိုင်းရင်းဆေးနည်းတစ်နည်းကို ပြောပြပေးသူ သူငယ်ချင်း ဒေါ်တင်တင်ဝင်းကို လည်း ဤစာစုဖြင့် အထူးပဲ ကျေးဇူးပြုပါသည်။ ဒေါ်တင်တင်ဝင်းသည် ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်ပါသည်ခင်ဗျား။

* * *

ရောမြေကျော်ဝေ

www.burmeseclassic.com

www.burmeseclassic.com

ကြမ်းပြင်ကြီး

တင်ဆွေ...သစ်တောသား

www.burmeseclassic.com

www.burmeseclassic.com

ညမှောင်စပျိုးမှာ သူတို့လူစု တောင်ခြေသို့ ရောက်သည်။

အမှောင်သည်းသည်းမလှုပ်ခင် အအေးစတင်ခဲ့ပြီ။

သူတို့လူစုက လေးယောက်၊ လှည်းက သုံးစီး။

"ဒီနေရာလေးမှာပဲ ဒီည နားလိုက်ကြရအောင် မြကြီးရေ"

"ကောင်းတာပေါ့ ကိုအောင်နိုင်ရာ၊ ဒီနေရာက ခါတိုင်း ကျွန်တော်တို့ လာရင် ဒီမှာပဲ နားကြတာဗျ။ ဒီမှာက ရေလည်း နီးတယ်လေ"

"အေး၊ ဒါကြောင့် တို့လည်း ရွေးလိုက်တာပေါ့"

နွားများကို လှည်းထမ်းဝိုးမှ ဖြုတ် ပေးနေသော မြင့်သောင်းက ပြောလိုက် ခြင်းဖြစ်သည်။

သူတို့လူစုတွင် မြကြီး၊ အောင်နိုင်၊ မြင့်သောင်းနှင့် ဝင်းမောင်တို့ ပါကြ၏။ လှည်းများက မြကြီးမှ လွဲပြီး တခြားလူများ၏ လှည်းများဖြစ်သည်။

မြကြီးမှာ ရွာတွင် ဆင်းရဲနွမ်းပါး သူဖြစ်၏။ သူ့အသက် ၁၅နှစ်လောက် မှာ ဖခင်ကြီးဆုံးပြီး မိခင်နှင့်အတူ ဆင်းရဲစွာ အသက်မွေးခဲ့ရသည်။ သူရင်း ဝှားလုပ်တဲ့အခါ လုပ်လိုက်၊ တောထဲ ထင်းတက်ခုတ်သည့်အခါ ခုတ်လိုက် နှင့် ရရာအလုပ်လုပ်ရင်း အသက်မွေး ခဲ့ရာ တစ်ရွာတည်းနေသူ မခင်မူနှင့် ချစ်ကြိုက်သွယ်ပြီး လက်ထပ်ခဲ့ကြသည်။

လက်ထပ်ပြီးတော့လည်း မိခင် ကြီးပါ ခေါ်ထားပြီး သူတို့လင်မယား တဲကြီးကြီးတစ်လုံးဆောက်ပြီး နေခဲ့၏။ မြကြီး၏ အလုပ်ကြိုးစားမှုကြောင့် ဆင်းရဲသည်ဆိုသော်လည်း သူတို့ဘဝ မှာ စားရမဲ့သောက်ရမဲ့ ဘဝများ မဟုတ် ကြပေ။ အများနည်းတူ စားနိုင် သောက်နိုင်ကြသည်။ အသုံးအစွဲ ချိုတဲ့သည်ကတော့ ရှိနေဆဲပင်။

"ဟေ့ကောင် မြကြီး... ဘာတွေ တွေးနေတာလဲ။ ထမင်းအိုးတည်လေ"

"တည်မှာပါ အစ်ကိုရဲ့။ ကျွန်တော် မီးမွှေးနေတာပါ"

မြကြီး အတွေးရပ်ပြီး မီးမွှေး သည်။ နောက် ထမင်းတစ်အိုးတည် သည်။ ပြီးတော့ အားလုံး စားသောက် ကြရန် အသားခြောက်များကို မီးဖုတ် သည်။

ကျန်သူများက စမ်းချောင်း ကလေးမှာ ကမန်းကတန်း ရေချိုးသူ ချိုး၊ ရေချိုးပြီး နွေးနွေးထွေးထွေးနေသူ နေ၊ မီးပုံအနီးမှာ မီးလုံသူ လုံနေသည်။

ထမင်းဟင်းများ ကျက်တော့ မြကြီးက အသင့်သူထားသော ငှက်ပျော ဖက်ထဲသို့ ထမင်းများ ထည့်ပေးကာ ဆားအနည်းငယ်စီ ပုံပေးလိုက်၏။ မီး ဖုတ်ထားသော အသားခြောက်ကို တစ်ဖဲ့စီ ထည့်ပေးပြီး မီးပုံကို ဝိုင်း၍ စားလိုက်ကြ၏။

စားသောက်ပြီး ခဏအကြာ အသင့်ပါလာသော အခင်းကိုယ်စီခင်း ကာ အိပ်စက်ကြလေသည်။

တစ်နေ့ခရီးကို အပြင်းနှင်လာခဲ့ သောကြောင့် အားလုံး ပင်ပန်းပြီး တခေါခေါအိပ်ပျော်နေကြသော်လည်း မြကြီးတစ်ယောက် ကောင်းကောင်း အိပ်မပျော်။ သူ့အတွေးက ချစ်ဇနီး မခင်မူဆီ ရောက်နေသည်။

ခုတစ်လော မခင်မူနှင့် ပတ်သက် သော သတင်းများ ကြားနေရသည်။ မခင်မူတစ်ယောက် ရွာထဲမှ ကုန်နှံဆိုင် ပိုင်ရှင် ကိုအတီးနှင့် ဖောက်ပြန်နေသည် ဆိုသော သတင်းပင်။

♦♦♦

အတီးတစ်ယောက် မခင်မူတို့ တဲအနီး ကပ်လာသည်။

အမှောင်အားကိုးဖြင့် တဖြည်း ဖြည်းကပ်လာပြီး ထရံကို လက်နှင့် နှစ်ချက်ဆင့် ပုတ်လိုက်၏။ ထရံနှင့် ကပ်အိပ်နေသော မခင်မူ နီးသွားပြီး မြကြီးအမေ မနီးအောင် ခြေဖွန်းကာ အိမ်နောက်တံခါးမှ ဆင်းသွားသည်။

နောက်ဖေး ကန်အနီးရှိ ငှက်ပျော တောထဲသို့ နှစ်ယောက်သား ဝင် ရောက် ပျောက်ကွယ်သွားကြလေတော့ သည်။

မြကြီး တောတက်သော တစ်ပတ်ခန့်တွင် အတီးနှင့် မခင်မူတို့ တစ်ရက်ခြားလောက် တွေ့ကြသည်။ တစ်ခါတလေ ညစဉ် ရောက်လာတတ် မြဲ။

မခင်မူတစ်ယောက် အတီးနောက် ပါသွားခြင်း၏ အဓိက အကြောင်းရင်း မှာ အတီးက ငွေကြေးချောင်လည်တာ ပို့ မခင်မူ လိုချင်သော အဝတ်အစား ငွေကြေးနှင့် တခြား အလှပြင်ပစ္စည်းက စလို့ မခင်မူ လိုသလောက် ပေးနေ တတ်သောကြောင့် ကြာတော့လည်း မခင်မူစိတ်က အတီးဘက်သို့ ယိုင်ကာ အတီးသဘောကျဖြစ်သွားရခြင်း ဖြစ် သည်။

♦♦♦

"ဟေ့ကောင် မြန်မြန်လုပ်ပါကွာ၊ မင်း ကြည့်ရတာ ငိုင်တိငိုင်တိုင်နဲ့"

"ငိုင်ဆို... ဒီကောင် ညက တော်တော်နဲ့ မအိပ်ဘူးလေ။ ဟိုလိုမ့် ဒီလိုမ့်၊ သက်ပြင်းတွေ ချနဲ့"

"အင်း... မြကြီး... မြကြီး၊ မင်း ဒုက္ခကလည်း မသေးပါလားနော်။ ကိုယ့်မိန်းမ ဖောက်ပြန်နေတာကို ဒဿ သားနဲ့ မပြောရဲမဆိုရဲ၊ တစ်ယောက် တည်း ကြိတ်ခံစားနေရတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com

မြကြီး သူတို့အနီးမှ ခွာကာ မလှမ်းမကမ်းရှိ သစ်ပင်ကို သွားခုတ်နေသည်။ သူ၏ ခုတ်ချက်များက အလွန်ပြင်းထန်၏။

"ဒုတ်...ဒုတ်...ဒုတ်"

"အဲဒါ သူစိတ်ထဲမှာ အုတီးအမုတ်နဲ့ အပင်ကို ခုတ်နေတာ။ တွေ့လား၊ ခုတ်ချက်က ပြင်းတော့ မြန်မြန် ပြတ်တာပေါ့၊ ဟားဟားဟား..."

"အေး၊ မင်းကတော့ ရယ်နိုင်တာပေါ့ အောင်နိုင်ရာ။ မြကြီးခမျာ ငွေလိုလို့သာ တို့နဲ့အတူ ထင်းခုတ်လိုက်နေရတာ၊ သူခမျာ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်၊ သစ်ခုတ်နေတော့လည်း ဒီစိတ်ပဲ ဖြစ်နေတာကွ"

သူတို့ တောထဲရောက်တာ လေးရက်ရှိပြီ။

ရွာမှထွက်ပြီး တောထဲအရောက် လှည်းမောင်းရတာက တစ်နေ့ကြာသည်။ တောထဲမှာ လေးရက်ကြာပြီဖြစ်သောကြောင့် နောက်တစ်ညအိပ် ထင်းခုတ်ပြီး ပြန်ကြတော့မည်။

"ကဲ - လာကြဟေ့၊ ဒီတစ်ပင် လဲပြီး စခန်းပြန်ကြမယ်"

"ဟာ...မနက်စောစောမှ လဲပါလားဗျာ။ ဒီအပင်က နည်းနည်းကြီးတယ်ဗျ"

"သိပ်မကြီးပါဘူး မြကြီးရာ။ တို့လေးယောက် ဝိုင်းခုတ်လိုက်ရင် ခဏလေးပါ။ လာ၊ အချိန်ရှိတုန်း ခုတ်လိုက်ကြရအောင်"

ကျန် သုံးယောက်က ရဲဒင်းကိုယ်စီကိုင်ပြီး အပင်နား ကပ်လာကြသည်။ အပင်က လူတစ်ယောက်ကိုယ်လုံးထက် ကြီး၏။ ညနေပိုင်းဖြစ်နေပြီမို့ မှောင်သွားမည်ဆိုသောကြောင့် မြကြီးက မခုတ်စေလိုခြင်းဖြစ်သည်။

"လာပါ မြကြီးရာ၊ ဝိုင်းခုတ်လိုက်ပါ"

သူ မငြင်းသာတော့ပြီမို့ ကျန်လူများနှင့်အတူ ထိုအပင်ကို ဝိုင်းခုတ်ကြရလေသည်။

"ဒုတ်...ဒုတ်...ဒုတ်"

♦♦♦

"ဘုတ်...ဘုတ်...ဘုတ်"

အိမ်ထရံကို ပုတ်လိုက်သံကြောင့် မခင်မူ လန့်သွား၏။ အချိန်က အစောကြီး ရှိသေးသည်။ ခုမှ ည ဂုနာရီကျော်ရုံကလေး။ ထရံပုတ်သံက တော်တော်ကျယ်သော်လည်း ယောကျ်ားကြီး ဘုန်းကြီးကျောင်းသွားနေ၍ တော်သေးသည်။

မခင်မူ တံခါးဖွင့်ပေးလိုက်၏။

"ဝင်...မြန်မြန်ဝင်"

အတီး အိမ်ထဲဝင်လိုက်သည်နှင့် မခင်မူ တံခါးပြန်ပိတ်လိုက်သည်။

"နင့်ယောကျ်ားကြီး မရှိဘူးလား"

"မရှိဘူး၊ ဘုန်းကြီးကျောင်းမှာ တရားသွားနာတယ်"

"ဒါဆို အတော်ပဲပေါ့"

"ဘာအတော်ပဲလဲ။ ရှင်ကလေ မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ ဒါပဲ ပြောမယ်သာ ပြောသည်။ သူမ တစ်ကိုယ်လုံးက အတီးရင်ခွင်ထဲ ရောက်နေလေပြီ။ နှစ်ယောက်သား ပြင်းထန်စွာ နမ်းကြရင်း ကြမ်းပေါ် လဲကျသွားတော့သည်။

သူတို့နှစ်ယောက် မိုးမမြင် လေမမြင်ဖြစ်နေမှုမှာ သူတို့နံဘေးရောက်နေသော ခြေအစုံကြောင့် ရုတ်တရက် ရပ်သွားပြီး ခြေထောက်ပိုင်ရှင်ကို လှည့်ကြည့်လိုက်ကြသည်။

"ဟင်...ကိုမြကြီး"

ဦးစွာခေါ်လိုက်သူက မခင်မူ။

ထို့နောက် အတီးကပါ မြကြီးကို တွေ့သွား၏။

"မြကြီး...ငါ...ငါ..."

စကားဆုံးအောင် မပြောလိုက်ရခင်မှာ မြကြီးလက်ထဲမှ ထင်းခုတ်ရဲဒင်းကြီးက လေမှာ မြောက်တက်သွား၏။

"ဒုတ်"

"အား..."

ရဲဒင်းကြီး နောက်တစ်ကြိမ် ထပ်မြောက်သွားပြီး ပြန်အကျမှာ မခင်မူဦးခေါင်းပေါ် တည့်မတ်စွာ ကျသွား၏။

"ဒုတ်"

"အား..."

သွေးအိုင်ထဲမှာ ပုံလျက်သား လဲကျနေသော မခင်မူနှင့် အတီးတို့ အလောင်းက အိမ်ရှေ့ခန်းမှာ နေရာယူနေ၏။

ည ဓနာရီခန့်တွင် မခင်မူ ယောကျ်ားကြီး ပြန်လာသည်။

စေ့ထားသော တံခါးကို တွန်းဖွင့်လိုက်သည်နှင့် အိမ်ရှေ့ခန်းတွင် မြင်မကောင်းသော အလောင်းနှစ်လောင်းကြောင့် လန့်အော်လိုက်မိသည်။

"အမလေး...လာကြပါဦး၊ လူ

www.burmeseclassic.com

www.burmeseclassic.com

ကြပါဦး၊ မခင်မူ သေပြီ မခင်မူ သေပြီ"

အဘွားကြီး အော်သံကြောင့် ရွာထဲရှိ လူများ အပြေးအလွှားရောက်လာကြသည်။

တစ်ယောက်တစ်ခွန်းပြောနေကြသော်လည်း နောက်ဆုံး ထွက်သည့် အဖြေက အတီးနှင့် မခင်မူကို သတ်သူမှာ မြကြီးဖြစ်သည်။

"သေချာပါတယ်ကွာ၊ မြကြီး ထင်းခုတ်သွားရာက ပြန်လာပြီး သတ်တာပဲ ဖြစ်မယ်"

"ဟုတ်တယ်၊ သေချာတယ်။ သေတဲ့သူ နှစ်ယောက်စလုံးကို တစ်ချက်တည်းနဲ့ ခုတ်နိုင်တယ် ဆိုတော့ သိပ်ထက်တဲ့ ထင်းခုတ် ရဲဒင်းပဲ ဖြစ်မယ်"

ထိုနေ့က အလောင်းနှစ်လောင်းကို ခေါင်းထဲထည့်ပြီး သူတို့ရွာထုံးစံအတိုင်း ရွာပြင်မှာ ပြင်ဆင်ထားလိုက်ကြသည်။

ညနေဘက်တွင် မြကြီးတို့လူစုလှည်းနှစ်စီးအပြည့် ထင်းများ တင်ကာ ရွာထဲဝင်လာကြ၏။ ကျန် လှည်းတစ်စီးမှာတော့ မြကြီးအလောင်းကို စောင့်နှင့် အုပ်ပြီး တင်လာသည်။

သူတို့လှည်းကို စောင့်ကြည့်နေသူများက...

"မြကြီး ပါမလာဘူး၊ တွေ့လား"

"အေးကွ။ သွားတုန်းက လေးယောက်၊ ပြန်လာတော့ သုံးယောက်တည်း။ မြကြီး မနေ့ညက ရွာပြန်လာပြီး သူ့ပိန်းမနဲ့ အတီးကို သတ်ပြီး သူက ကိုယ်ရောင်ဖျောက်သွားပြီပေါ့"

"ကိုအောင်နိုင်ကြီး ပြန်လာပြီလားဗျ။ ထင်းရှူးလို့လား။ လှည်းသုံးစီးလုံး မပြည့်ပါလား"

"အေးဗျာ၊ စိတ်မကောင်းစရာပဲ။ ဟိုလှည်းက မြကြီးအလောင်းတင်လာတာလေ။ ဒါကြောင့် ထင်းမပါတာပေါ့"

"ဗျာ...မြကြီးအလောင်း..."

"ဟုတ်တယ်။ မနေ့ညနေက သစ်ပင်ခပ်ကြီးကြီးတစ်ပင်ကို ပိုင်းခုတ်ကြရင်း သစ်ပင်ပိလို့ မြကြီးဆုံးသွားတယ်"

"သူ...သူဆုံးတာ ဘယ်အချိန်လောက်ကလဲ"

"ညနေစောင်းပေါ့ဗျာ။ ခုတ်ရင်းပိသွားတာ ဆိုတော့ သူလက်မှာ ကိုင်ထားတဲ့ ရဲဒင်းကြီးကို ခွာယူလို့တောင် မရဘူး"

ရွာမှ လူများ စိတ်မကောင်းဖြစ်ကြကာ မြကြီးအလောင်းကို စောင်ဖယ်ပြီး ကြည့်လိုက်ကြသည်။

မြကြီးမျက်နှာက အံကြိတ်ထား၏။ လက်ထဲမှာ ရဲဒင်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။ ရဲဒင်းအသွားတွင် သွေးများ စွန်းထင်နေ၏။

* * *

နေမင်းသူနိုန်

www.burmeseclassic.com

www.burmeseclassic.com

ဂျဉ်းနွန်းကို

အာဃာတဖြစ်နေခဲ့သော

အာဇိဝမြောင်း

တစ်စက်ပြီး တစ်စက် စီးကျနေသော မျက်ရည်စက်များကို ငင်ပြိမ်းဝေသက်ခဲ့ဖြင့် သုတ်လိုက်ရင်း သက်ပြင်းချည်ကြီးတစ်ခုကို ရှိုက်သွင်းချလိုက်သည်။ ရင်ထဲမှ မွန်းသိပ် ပြည့်ကျပ်နေသော ဝေဒနာများက အနည်းငယ်မျှ

www.burmeseclassic.com

www.burmeseclassic.com

လျော့ကျမသွား။ ငိုရလွန်း၍ မို့အစ်နီပြန်နေသော မျက်လုံးအစုံကို လက်နှစ်ဖက်နှင့် ခပ်ကြမ်းကြမ်းပွတ်သပ်ပစ်လိုက်ကာ "စိတ်မာစမ်း...စိတ်ခိုင်စမ်း" ဟု ကိုယ့်ကိုယ်ကို အားပေးနေမိသည်။ မည်မျှပင် အားပေးခိုင်းနေပါစေ ငင်ငြိမ်းဝေ၏ နလုံးသားက ထိုအမိန့်သံတွေကို အပြင်းအထန်ငြင်းဆန် ရုန်းကန်နေသဖြင့် မျက်ဝန်းတွင် မျက်ရည်စတွေ ပြည့်လျှံလာပြန်သည်။ မငိုနဲ့...မငိုရဘူး ဟု တားမြစ်နေသော်လည်း မျက်ရည်တွေက ပါးပေါ်ကို စီးကျလာပြန်သည်။ ဝမ်းနည်းစိတ်၊ တမ်းတစိတ်တွေကြောင့် မျက်ဝန်းတွေက တသိမ့်သိမ့်ဝိုက်နေပေမယ့် နာကြည်းစိတ်၊ ခံပြင်းစိတ်တွေကြောင့် နှုတ်ခမ်းတွေကတော့ တဆတ်ဆတ်တုန်ယင်နေ၏။

"မောင့်ကို သတိရလိုက်တာ"

ထိုအတွေးနှင့်အတူ နလုံးအိမ်တစ်ခုလုံး စူးအောင့်နာကျင်သွားရပေမယ့် တစ်ဖက်ကလည်း...

"အို...သူ မရှိရင်လည်း ငါ နေနိုင်တယ်"

ဟူသောအတွေးက ခေါင်းထဲသို့ ဝင်လာပြန်၍ နာကျင်နေတဲ့ နလုံးသားကို ဥပေက္ခာပြုကာ စိတ်ကို တင်းထားလိုက်သည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ဘဝဆိုတာ ကံဆုံစား ကံကုန်သွားပါပဲ။ ငါနဲ့ သူရဲ့ ဆုံဆည်းကံက ဒီလောက်ပဲ ပါလို့ နေမှာပါလေဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ရသည်။

ဌွန်းနှင့် ထမင်းတစ်လုတ်ကို ခပ်ယူကာ ပါးစပ်တွင်းသို့ စိတ်မပါလက်မပါ သွင်းလိုက်သည်။ လျှာပေါ်သို့ ရောက်သွားသော ထမင်းလုတ်သည် အေးစက်စက်နှင့် အရသာကင်းမဲ့နေသလို ခံစားရ၏။ ထမင်းလုတ်ကို ကြိတ်ကာ ငါးမျိုရင်း မောင့်ကို သတိရသွားပြန်သည်။ မောင်က ထမင်းဟင်းချက်ရာတွင် အလွန်လက်ရာကောင်းသူ တစ်ယောက်။ ဤဆိုင်ထမင်း ဆိုင်ဟင်းများမှာ မောင့်လက်ရာကို နည်းနည်းမျှ ပင် မမီ။

လွန်ခဲ့သော တနင်္ဂနွေ ရုံးပိတ်ရက်က မောင် ချက်ကျွေးသော မာလာငါးဟင်းကို ပြန်တမ်းတမိသည်။ မွှေးပျံ့သော စပါးလင်နှံနှင့်အတူ စားကောင်းရုံ တုံးတစ်ထားသော အရသာရှိလှသည့် ငါးတုံးလေးများ၊ မောင်ချက်သော မာလာငါးဟင်းတွင် ငင်ငြိမ်းဝေ အကြိုက်ဆုံးက စိမ်းစိုနူးညံ့လှသည့် ကန်စွန်းရိုးလေးတွေ၊ ထိုကန်စွန်းရိုးလေးများမှာ ကြော်စားလျှင် သိပ်မကြိုက်လှသော်လည်း မောင်ချက်သော မာလာငါးဟင်းထဲတွင်တော့ ကန်စွန်းရိုး၏ ချို့တိုတိုအရသာ၊ သာမက၊ ငါးဟင်း၏ စပ်တတ်တတ်အရသာ၊ မွှေးပျံ့သင်းထုံတဲ့ အငွေ့အသက်တွေပါ ရောယှက်ပေါင်းစုံနေသဖြင့် စားလို့ အလွန်ကောင်းလှသည်။

"ဟူး... အတိတ်ကို အတိတ်မှာပဲ ထားခဲ့တာ ကောင်းပါတယ်"

အတွေးတွေကို ခေါင်းထဲက ခါထုတ်ပစ်လိုက်ပြီး အေးစက်စက်နှင့် အရသာကင်းမဲ့လှတဲ့ ထမင်းနှင့် ဆိတ်သားဟင်းကိုသာ အာဟာရဖြစ်စေရန် အတွက် ကြိတ်မိုတ်မျိုချလိုက်တော့သည်။

စားသောက်ပြီးသွား၍ တစ်ခုခု အချိုပွဲတည်းရန် အံဆွဲကို ဆွဲဖွင့်ကြည့်လိုက်တော့ ငင်ငြိမ်းဝေ၏ ဖေဖေ သိမ်းဆည်းထားခဲ့သော ဝိုင်အရက်ပုလင်းများကို တွေ့လိုက်ရသဖြင့် ဆွဲထုတ်ယူလိုက်သည်။ အမှန်တော့ ငင်ငြိမ်းဝေသည် အရက်မသောက်တတ်ပါ။ သို့သော်လည်း တစ်အိမ်လုံးတွင် တစ်ယောက်တည်းဖြစ်နေသည်က တစ်ကြောင်း၊ စိတ်အလွန်ညစ်နေသည်က တစ်ကြောင်းကြောင့် ရုပ်ရှင်ကားတွေထဲက မင်းသမီးတွေလို အရက်ကို တမြည့်မြည့်သောက်ရင်း အလွမ်းဝေဒနာကို ဖြေသိမ့်ကြည့်ရ ကောင်းမယ်ဟူသောအတွေးနှင့် အရက်ပုလင်းကို ဆွဲထုတ်လိုက်ခြင်းဖြစ်သည်။ ရေခဲသေတ္တာတွင်း၌လည်း အသင့်စားကြက်အူချောင်းများ ရှိသဖြင့် ဝိုင်တစ်ခွက်နှင့် ကြက်အူချောင်း တစ်ပန်းကန်ကို သယ်ကာ အိမ်ရှေ့ကော်ရစ်တာဆီသို့ ထွက်လာခဲ့လိုက်သည်။

အိမ်ရှေ့ကော်ရစ်တာတွင် ဖေဖေလက်ထက်က ထိုင်ခဲ့သော ပက်လက်ကုလားထိုင်တစ်လုံးရှိ၏။ ထိုပက်လက်ကုလားထိုင်တွင်ပင် ငင်ငြိမ်းဝေ ထိုင်လိုက်ပြီး ဝိုင်ကို ဇိမ်ခံသောက်ရင်း ခြံဝန်းထဲက ပန်းပင်တွေကို ငေးကြည့်နေမိသည်။ ပန်းပင်လေးတွေကို ငေးကြည့်ရင်း အနည်းငယ် စိတ်သက်သာသလို ရှိသွားသဖြင့် တခုတ်တရငေးကြည့်နေမိ၏။

ငင်ငြိမ်းဝေ၏ အိမ်က ရပ်ကွက်ထိပ်တွင် တစ်လုံးတည်း ရှိနေသဖြင့် ပတ်ဝန်းကျင်၏ အနောင့်အယှက်ကင်းကာ ဆိတ်ငြိမ်တိတ်ဆိတ်နေ၏။ သို့ကြောင့်လည်း ငင်ငြိမ်းဝေသည် ညနေခင်း ဆည်းဆာ၏ အလှကို ပြည့်ဝစွာ ခံစားခွင့်ရ၏။

ထိုစဉ် ငင်ငြိမ်းဝေ၏ မြင်ကွင်းထဲသို့ ဝဝဖြိုးဖြိုးနှင့် ချစ်စရာ ခွေးပေါက်လေးတစ်ကောင် ဝင်လာသည်။ ခွေးလေးသည် ဖြူဆွတ်ဆွတ်အရောင်ရှိပြီး ချစ်စဖွယ်ကောင်းသော်လည်း တော်ကောင်တည်းဖြစ်နေ၍ ကြောက်သို့ မိုးထိတ်နေပုံပေါက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တအိအိနှင့် အော်ကာ မျက်လုံးဆွေကလည်း ဟိုဟိုသည်သည် ငေးမော်ကြည့်ရင်း တစ်စုံတစ်ရာကို ရှာဖွေနေ၏။ ညနေစောင်း လေညင်းတစ်ချက်က ခပ်ပြင်းပြင်းတိုက်ခတ်လိုက်စဉ် သူ့ကိုယ်လေး တဆတ်ဆတ်တုန်သွားသည်ကို ဇင်ငြိမ်းဝေ ကရုဏာသက်စွာ ဆွဲမြင်လိုက်ရသည်။

ဇင်ငြိမ်းဝေ လှမ်းကြည့်နေစဉ်မှာပဲ ခွေးကြီးနှစ်ကောင်က ခွေးပေါက်လေးအနားသို့ ရောက်လာကာ ထိပ်ဆုတ် ခေါင်းပုတ်နှင့် နှိပ်စက် ကျီစားကြ၏။ ခွေးကလေးခမျာ ကြောက်လွန်းလို့ အပြီးလေးကုပ်ကာ တုန်ယင်နေရှာသည်။ ခွေးကြီးတစ်ကောင်က ထိုမျှနှင့် အားမရသေးဘဲ လည်ကုပ်ကို ခဲလိုက်ရာ ခွေးကလေးမှာ နာကျင်လွန်း၍ ဘာမှန်မှန်အော်ညည်းနေသဖြင့် ဇင်ငြိမ်းဆေလည်း မနေသာတော့ဘဲ ခြံထောင့်ရှိ ရေပိုက်ကို ဆွဲကာ ရေနှင့် လှမ်းပက်လိုက်သည်။ ထိုအခါမှ ခွေးကြီးနှစ်ကောင် အထိတ်တလန့်နှင့် ထွက်ပြေးသွားတော့သည်။

"ကျွတ်...ကျွတ်...မကြောက်ပါနဲ့ ကလေးရယ်၊ လာ...မမေ့ဆီကို လာ"

ရေစိုရွဲလျက် တုန်ယင်နေရှာတဲ့ ခွေးကလေးကို ဇင်ငြိမ်းဝေ ထွေးပွေ့ပိုက်ရင်း တစ်စုံတစ်ယောက်ကို သတိရကာ ရင်ခွင်တစ်ခုလုံး ဆတ်ဆတ်ခါအောင် နာကျင်သွားရသည်။ မျက်ရည်တွေက တစ်မုဟုတ်ချင်း မျက်လုံးအိမ်ထဲကွင် ပြည့်လျှံသွားကာ ပါးပြင်ထက်သို့ တလိမ့်လိမ့်စီးကျလာ၏။

"အို...ငိုနေလို့ မဖြစ်သေးပါဘူး။ ခွေးလေးကို ရေသုတ်ပေးပြီး အစာကျွေးဦးမှ"

♦♦♦

> ဇင်ငြိမ်းဝေကိုယ်တိုင် စိတ်ကြိုက် ပြင်ဆင်ထားသော ဘိုဆန်ဆန် အညိုရင့်ရောင် နံရံကပ် ပိုစတာများနေရာတွင် အစိမ်းနုရောင် နံရံကပ် စက္ကူများ၊ ထိုအစိမ်းနုရောင် စက္ကူများပေါ်တွင်တော့ ချိတ်ဆွဲထားသော ဓာတ်ပုံများ၊ လှေကားလက်ရန်းဘေးတွင် မိန်းမတစ်ယောက် ကိုယ်ဟန်ပြနေတဲ့ ပန်းချီကားတစ်ချပ်၊ ပွတ်လုံးတိုင် လှေကားများကို ငေးကြည့်ရင်း ဇင်ငြိမ်းဝေ အံ့အားသင့်ရုံမက ဒေါသကြောင်းမျိုးကို ငါမြင်ဖူးသလိုပါပဲဟူသော အသိက အာရုံတွင် လာကပ်ငြိပြီး မူးနောက်နောက် ဖြစ်သွား၏။

ထိုစဉ် ကျယ်လောင်သော အော်ဟစ်သံများကို အောက်ထပ်က ကြားရသဖြင့် သတိကြီးစွာထားကာ အောက်ထပ်သို့ ဆင်းလာလိုက်သည်။

"မင်းက ဘာသိလို့လဲ။ ဘာသောက်သုံးကျလို့ ငါ့အလုပ်တွေကို ဝင်ပါနေရတာလဲ"

"ကျွန်မက ရှင့်အလုပ်တွေကို ဝင်ပါနေတာ မဟုတ်ဘူး။ မိသားစုကို ဂရုမစိုက်တဲ့ ရှင့်ကို အသိတရားလေး ဝင်မလားလို့ ပြောကြည့်မိတာ"

တစ်နေ့လုံး စိတ်ပင်ပန်း လူပင်ပန်းသဖြင့် ဇင်ငြိမ်းဝေ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လဲချလိုက်သည်။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေသည်။ မျက်ခွံတွေကလည်း သယ်ချင်စိတ်မရှိလောက်အောင် လေးလံပူစပ်နေ၏။

"စိတ်ထောင်းကိုယ်ကြေဆိုတာ ဒါမျိုးထင်ပါရဲ့"

ဟု ခပ်ချဉ်ချဉ်တွေးလိုက်မိသည်။ ပင်ပန်းလွန်းလို့ ဇင်ငြိမ်းဝေ မှေးခနဲဖြစ်သွားသည့်အခိုက်...

"ဝုန်း"

ကျယ်လောင်လှသည့် အသံတစ်သံကြောင့် အိပ်ရာပေါ်မှ ဆတ်ခနဲ ထထိုင်လိုက်မိသည်။ ပစ္စည်းတစ်ခုခု ပြုတ်ကျသွားသည့်အသံမျိုး။ ဘာများဖြစ်လို့ပါလိမ့်ဟူသော အတွေးနှင့် အိပ်ခန်းအပြင်ဘက်ဆီသို့ နားစွင့်ကြည့်လိုက်၏။

"တောက်"

ကျယ်လောင်လှသည့် တက်ခေါက်သံ။ ဇင်ငြိမ်းဝေ၏ မျက်လုံး ပြူးကျယ်သွားကာ အိပ်ရာပေါ်မှ ညှင်သာစွာ ထလာလိုက်ပြီး အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ အခန်းပြင်သည် မိနစ်ပိုင်းအတွင်း လုံးဝ ပြောင်းလဲခြားနားသွားပြီ။

နဂိုက ဇင်ငြိမ်းဝေကိုယ်တိုင် စိတ်ကြိုက် ပြင်ဆင်ထားသော ဘိုဆန်ဆန် အညိုရင့်ရောင် နံရံကပ် ပိုစတာများနေရာတွင် အစိမ်းနုရောင် နံရံကပ် စက္ကူများ၊ ထို အစိမ်းနုရောင် စက္ကူများ ပေါ်တွင်တော့ ချိတ်ဆွဲထားသော ဓာတ်ပုံများ၊ လှေကားလက်ရန်းဘေးတွင် မိန်းမတစ်ယောက် ကိုယ်ဟန်ပြနေတဲ့ ပန်းချီကားတစ်ချပ်၊ ပွတ်လုံးတိုင် လှေကားများကို ငေးကြည့်ရင်း ဇင်ငြိမ်းဝေ အံ့အားသင့်ရုံမက ဒေါသကြောင်းမျိုးကို ငါမြင်ဖူးသလိုပါပဲဟူသော အသိက အာရုံတွင် လာကပ်ငြိပြီး မူးနောက်နောက် ဖြစ်သွား၏။

ထိုစဉ် ကျယ်လောင်သော အော်ဟစ်သံများကို အောက်ထပ်က ကြားရသဖြင့် သတိကြီးစွာထားကာ အောက်ထပ်သို့ ဆင်းလာလိုက်သည်။

"မင်းက ဘာသိလို့လဲ။ ဘာသောက်သုံးကျလို့ ငါ့အလုပ်တွေကို ဝင်ပါနေရတာလဲ"

"ကျွန်မက ရှင့်အလုပ်တွေကို ဝင်ပါနေတာ မဟုတ်ဘူး။ မိသားစုကို ဂရုမစိုက်တဲ့ ရှင့်ကို အသိတရားလေး ဝင်မလားလို့ ပြောကြည့်မိတာ"

www.burmeseclassic.com

www.burmeseclassic.com

"ငါက ဒီမိသားစုကို ဂရုမစိုက်ဘဲ မယားငယ်ထားနေလို့လား"

"အမ်လေးရှင်...၊ ရှင် ပိုက်ဆံရှာနိုင်လို့ မယားငယ်ထားရင်တောင် ကျွန်မက ဝမ်းသာနေဦးမယ်။ ခုတော့ ပိုက်ဆံမရတဲ့ အလုပ်ကို လုပ်နေရုံတင် မကဘူး၊ ကောင်မတွေနဲ့လည်း ပရောပရီလုပ်နေလို့"

"မင်း ငါ့အနုပညာကို မစော်ကားနဲ့။ ဒါ လုပ်ငန်းသဘောကွ"

"ဘာအနုပညာလဲ၊ ဘာလုပ်ငန်းလဲ။ ဟိုဟာမတွေက ပြီးရင် ပိုက်ဆံလေး နှစ်ပဲတစ်ပြားပေးပြီး ရှင့်ရေမွှာကောက်နန်ပြနေကြတာကို ရှင်က သာယာနေတာ မဟုတ်လား"

"မင်း...မင်း အရမ်းလွန်နေပြီနော်။ တယ်...ငါလုပ်လိုက်ရ"

"အောင်မာ...လုပ်ရဲ လုပ်ကြည့်ပါလား။ ကျွန်မတော့ ငြိမ်ခံနေမယ်များမှတ်နေလား။ ရှင့်လို အသုံးမကျတဲ့လူကို ယူခဲ့မိတာကိုက ကျွန်မ မှားတာပါ။ ခုတော့ ကြည့်ဦး၊ ရှင်က ကျွန်မလုပ်စာကို ထိုင်စားနေတယ်"

"တောက်"

အမျိုးသားက လဲပြိုနေသောစားပွဲကို ခြေထောက်နှင့် ကန်ကာ အမျိုးသမီးကို စူးစူးရဲရဲ စိုက်ကြည့်ပြီး နောက် အိမ်အပေါ်ထပ်သို့ ဝုန်းဒိုင်းကြဲတက်သွားသည်။ အမျိုးသမီးက အိမ်အောက်ထပ်တွင် အံကြိတ်ငိုလျက် ကျန်ရစ်ခဲ့၏။ ခပ်လှမ်းလှမ်း အခန်းထောင့် တစ်နေရာတွင်တော့ အားငယ်ဖျော့တော့သော မျက်ဝန်းတွေနှင့် ကြောက်ရွံ့စိုးထိတ်နေရာတဲ့ ကလေးမလေးတစ်ယောက်။ ဘာတွေလဲ။ ဒါက ဘာတွေ ဖြစ်ကုန်တာလဲ။

"မေမေတို့ရယ်... ရန်မဖြစ်ကြပါနဲ့တော့နော်"

ကလေးမလေးက တိုးတိုးလေး ရွတ်ဆိုလိုက်သည်။ အသံက တိုးညှင်းလှသဖြင့် ကလေးမ၏ အနားသို့ လျှောက်နေသော ဇင်ငြိမ်းဝေပင် သဲ့သဲ့သာ ကြားရသည်။ ကလေးမလေးကို ဇင်ငြိမ်းဝေ သနားကြင်နာစွာ ငေးကြည့်နေမိ၏။

နောက်တစ်နေ့ကျူးသွားသော်လည်း အကြောင်းအရာတွေက အပ်ကြောင်းထပ်လျက်။

အမျိုးသားနှင့် အမျိုးသမီး နံနက်စာ ထမင်းဝိုင်းတွင် ရန်အကြီးအကျယ် ဖြစ်ကြသည်။ အမျိုးသားက မစားရသေးတဲ့ ထမင်းပန်းကန်ကြီးကို ကြမ်းပြင်ပေါ်သို့ ပစ်ခွဲလိုက်သည်။ အမျိုးသမီးက အော်ဟစ်ကာ အမျိုးသားကို တစ်လှည့် ကွဲကြေနေသော ကြမ်းပြင်က ပန်းကန်ကို တစ်လှည့် လက်ညှိုးငေါက်ငေါက်ထိုးပြီး...

"ဒီပစ္စည်းတွေက ကျွန်မ ရှာထားတဲ့ ပိုက်ဆံနဲ့ ဝယ်ထားတဲ့ ဈေးကြီး

ပစ္စည်းတွေ၊ ရှင် မထိရတိုင်း ခွဲမနေနဲ့"

"မင်း ငွေဂုဏ်သိပ်မောက်မနေနဲ့။ မင်း တစ်နေ့ နောင်တရစေရမယ်"

"ရှင်က ဘာဖြစ်ချင်လို့လဲ။ အိမ်ပေါ်က ဆင်းချင် ဆင်းသွား"

အမျိုးသမီး၏ စကားမဆုံးခင်ပင် အမျိုးသား ထမင်းဝိုင်းက ထသွားသည်။ ကလေးမလေးကတော့ မိဘနှစ်ပါးကို မကြည့်ဘဲ ကြမ်းပြင်က ထမင်းလုံးလေးတွေကိုသာ မျက်လုံးအိုင်းသားနှင့် ငေးကြည့်နေသည်။

ဇင်ငြိမ်းဝေ၏ ခေါင်းထဲမှာ နောက် ရှုပ်ထွေးနေဆဲ။ ဒီ မိသားစုဆီကို ငါ ဘယ်လိုလုပ်ပြီး ရောက်လာပါလိမ့်ဟူသော မေးခွန်းကိုသာ ကိုယ့်ကိုယ်ကို အကြိမ်ကြိမ်ပြန်မေးနေမိသည်။ နောက်ပြီး ဤအဖြစ်အပျက်တွေနှင့်လည်း ရင်နီးကျွမ်းဝင်နေသလို

"သမီး... ကျောင်းသွားတော့လေ။ ဘာလာကြည့်နေတာလဲ။ သွားအခု"

အော်ဟစ်သံတွေကြောင့် ဇင်ငြိမ်းဝေ သွေ့ခန်းဆီသို့ လှမ်းကြည့်လိုက်မိတော့ မိခင်ဖြစ်သူကို ငေးကြည့်ရင်း တစ်ခုခုကို မျော်လင့်နေရာတဲ့ ကျောင်းအိတ်နှင့် ကလေးမလေး။ ချက်ချင်းပင် ဇင်ငြိမ်းဝေ၏ ရင်ထဲက စာနာလိုက်မိသည်။ ကျောင်းသွားခါနီး မိခင်ဖြစ်သူက ထမင်းဘူးလေးကို ကိုင်ကာ ခြံဝင်လိုက်ပို့ပြီး နဖူးပြင်ကို နမ်းရှုံ့လျက်...

"သမီး...ကျောင်းကို ကောင်းကောင်းသွားနော်။ မတည့်တာတွေလည်း ဝယ်မစားနဲ့။ မေမေ ထည့်ပေးလိုက်တဲ့ ထမင်းဟင်းတွေကို ကုန်အောင် စား။ နေပူထဲလည်း မထွက်နဲ့ဦး စာလည်း သေချာလိုက်ရေးနော်"

ဟူသော တယုတယ နှုတ်မင်းခြွေစကားများကို တမ်းတခဲ့နေမည်မှန်

www.burmeseclassic.com

www.burmeseclassic.com

ဇင်ငြိမ်းဝေ နားလည်လိုက်မိသည်။ ခေါင်းငိုက်စိုက်နှင့် တရွေ့ရွေ့ထွက်ခွာသွားသော ကလေးမလေး၏ ကျောပြင်ကို ငေးကြည့်ရင်း ဇင်ငြိမ်းဝေ ရင်နာလွန်းလို့ မငိုမိစေရန် အောက်နှုတ်ခမ်းတွေကို သွားနှင့် ဖိကိုက်ထားလိုက်ရ၏။

♦♦♦

ညနေရောက်ခဲ့ပြီ။ အိမ်ထဲသို့ ကလေးမလေး ဝမ်းသာအားရပြေးဝင်လာပြီး...

"မေမေ... ရိုပို့ကဒ် ထွက်ပြီ၊ ကြည့်ပါဦး"

ကလေးမလေးက မိခင်လက်ထဲသို့ အမှတ်စာရင်းစာရွက်ကို ထိုးပေးရင်း ခုန်ဆွခုန်ဆွဖြစ်နေ၏။ သူကလေး၏ ပုံစံကို ကြည့်ရုံမျှနှင့် ကျောင်း၌ အဆင့်တစ်ရလာပုံပဲဟု ဇင်ငြိမ်းဝေ ရိပ်မိလိုက်သည်။ ကလေးတိုင်း ကျောင်း၌ ထူးချွန်လျှင် မိဘတွေ၏ ချီးကျူးစကားကို ခံယူချင်ကြစမြဲ။ ဤကဲ့သို့ အမြဲစိတ်အားငယ်နေရသော ကလေးမလေးအတွက် ထိုချီးကျူးစကားသည် ပို၍လိုအပ်ပေလိမ့်မည်။ ပို၍လည်း တောင်းတပေလိမ့်မည်။ သို့သော်လည်း...

"အေးပါ၊ အေးပါ သမီးရယ်။ မေမေ အလုပ်ရှုပ်နေတယ်။ စာရင်းတွေက ဒီနေ့ပြီးအောင် တွက်ရမှာ။ သွား... သွား..."

ထိုအမျိုးသမီး၏ စကားကြောင့် ဇင်ငြိမ်းဝေ အံ့သြလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်သွားရသလို၊ ဒေါသထွက်လွန်း၍လည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ ဘုရား... ဘုရား... လုပ်ရက်လိုက်ကြတာ။ တစ်ချက်ကလေးကြည့်ပြီး တော်လိုက်တဲ့ ငါ့သမီးလေးလို့ ချီးကျူးလိုက်ရင် ဘယ်လောက် အလုပ်ပျက်သွားမှာ ဝိုလို့လဲဟု ရင်ထဲ၌ အော်ဟစ် ပေါက်ကွဲနေမိ၏။ ကလေးမလေးတော့ သူကိုယ်ပိုင်အမူအရာအတိုင်း အားဖျော့တဲ့ မျက်ဝန်းတွေနှင့် ခေါင်းငိုက်စိုက် ကျကာ မိခင်၏ အနားကနေ တရွေ့ရွေ့ထွက်ခွာသွားသည်။

"ကလေး... မင်း အားမငယ်နဲ့။ မင်းက သိပ်တော်တဲ့ ကလေးမလေးပါ"

ကလေးမလေး ဇင်ငြိမ်းဝေ၏ နံဘေးသို့ ရောက်ရှိလာသည့်အခိုက် ရင်ထဲမှ သနားကြင်နာသည့် စကားများက အပြင်သို့ ပွင့်အန်ထွက်လာသည်။ အမြဲလိုလို ငုံနေတတ်တဲ့ ခေါင်းလေးက ဖြည်းဖြည်းချင်းမော့လာကာ ဇင်ငြိမ်းဝေကို မော့ကြည့်လိုက်ပြီး အားမာန်တင်းဟန်ဖြင့် ဖျော့တော့တော့ အပြုံးတစ်ပွင့်ကို ပြုံးလိုက်၏။

"အို... ဘုရားရေ... ဘုရား... ဘုရား"

ညနေစောင်းတော့ အမျိုးသားပြန်လာပြီး စကားတစ်ခွန်းမျှ မဆိုဘဲ သူကင်းဘတ်စတွေ့၊ စုတ်တံတွေ့၊ ဆေးဘူးတွေကို တစ်ခုချင်း လိုက်ကောက်ကာ ဂုဏ်လာတဲ့ လိုက်ထရပ်ပေါ်သို့ တင်သည်။ အမျိုးသမီးက တရွရွလုပ်နေတဲ့ နှုတ်ခမ်းတွေကို အံကြိတ်ထိန်းလျက် အမျိုးသားလုပ်သမျှကိုသာ ငေးကြည့်နေသည်။ ကလေးမလေးကတော့ ဖခင်ပြန်လာပြီဟူသောအသိနှင့် အိပ်ခန်းတွင်းမှ ပြေးထွက်လာပြီး...

"ဖေဖေ ပြန်လာပြီ။ ဖေဖေ ဒီနေ့ ရိုပို့ကဒ်ထွက်တယ်၊ သိလား"

ကလေးပီပီ အခြေအနေကို နားမလည်ဘဲ သူပြောလိုရာကိုသာ ပြောပြီး ရိုပို့ကဒ်လေးကို ထုတ်ပြသည်။ ဖခင်ဖြစ်သူက သမီးငယ်ပြသော ရိုပို့ဒ်ကို မကြည့်ဘဲ...

"သမီးလေး မေမေနဲ့ ပျော်အောင် နေနော်။ ဖေဖေသွားတော့မယ်"

"ဟင်... ဖေဖေ ဘယ်ကို သွားမလို့လဲဟင်"

"နောက်တော့ သိရမှာပေါ့ သမီးလေးရယ်။ ကဲ - ဖေဖေသွားတော့မယ်နော်"

ဖခင်ဖြစ်သူက ကလေးမလေး၏ ပခုံးနှစ်ဖက်ကို အားပါးတရ ဖျစ်ညှစ်လိုက်ပြီး အိမ်ထဲမှ ခြေထွက်သွားသည်။ ကလေးမလေးခမျာ အံ့သြတဝမ်းနည်းတဲ့ မျက်ဝန်းအစုံနှင့် ဖခင်ကို ငေးကြည့်ရင်း လက်ထဲမှ ရိုပို့ကဒ်လေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်တော့သည်။

♦♦♦

လက်ခုံဆီမှ စိုစိုစိမ်းအထိအတွေ့ကြောင့် ဇင်ငြိမ်းဝေ လန့်နိုးလာ၏။ ခုတင်ဘေးသို့ ငုံကြည့်လိုက်မိတော့ မနေ့ညနေက "ဖြူလုံး"ဟု အမည်မှည့်ထားသော ခွေးပေါက်လေး။ ပြတင်းပေါက်မှ ဖြာကျနေတဲ့ အလင်းရောင်ကို သတိပြုမိ၍ အိပ်ရာမှ လူးလဲထလိုက်တော့ မိုးလင်းနေပါပကော။

ဇင်ငြိမ်းဝေ သွားတိုက်နေရင်း အိပ်မက်ကို ပြန်တွေးသည်။ အိပ်မက်က မေလွော့နေပြီဖြစ်သော မိမိ၏ ငယ်ဘဝကို ပြန်လည်မြင်မက်သော အိပ်မက်၊ မိဘနှစ်ပါး၏ အဆင်မပြေမှုများကြောင့် ရင်နာစရာတွေနှင့် ကြီးပြင်းလာရသည့် ကလေးမလေးတစ်ယောက်၏ ဘဝ၊ တစ်ယောက်နှင့် တစ်ယောက် နားမလည်မှုတွေကို ညှိနှိုင်းမယူကြဘဲ မာနတွေကို ရေတန်းတင်ကာ ပြိုကွဲခဲ့ရသည့် ဇင်ငြိမ်းဝေ၏ ငယ်ဘဝက သီရီဂေဟာလေး။ မာနတွေနှင့် လမ်းခွဲခဲ့ကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် တကယ်ချစ်ကြတာကြောင့် ဖေဖေ့စိတ်နှင့် မေမေ နလုံးရောဂါ

www.burmeseclassic.com

www.burmeseclassic.com

ကာ လူဘဝကို စောစီးစွာ စွန့်ခွာသွားရသလို၊ ဖေဖေလည်း မမေ့ကြောင့် အရက်သမားလုံးလုံးဖြစ်ပြီး နောက်ဆုံး အသည်းပျက်ဒီးကာ သေဆုံးရပြန်သည်။ မိဘနှစ်ပါး ကွဲကွာစဉ်က ဇင်ငြိမ်းဝေ၏ အသက်မှာ ၆နှစ်သာ ရှိသေးသည်။ အရွယ်နှင့် မမျှသော စိတ်ဆင်းရဲမှုတွေကို ကြိတ်မှိတ်မျိုသိပ်ကာ ခံစားခဲ့ရသည်။ ထိုသို့သော ဝေဒနာမျိုးကို မိမိမာနကြောင့် တစ်ဖုံတစ်ယောက်ကို ထပ်ပြီး ခံစားစေရဦးမှာလား။

"အို...မဖြစ်ဘူး...မဖြစ်ဘူး"

မျက်နှာပင် မသုတ်နိုင်တော့ဘဲ ဇင်ငြိမ်းဝေ အိမ်ထဲမှ ပြေးထွက်လာလိုက်သည်။

ကားကို ခပ်မြန်မြန်မောင်းနှင်လာခဲ့၍ အိမ်ကို ဘယ်လိုက ဘယ်လို ရောက်သွားသည်ပင် မသိလိုက်။ အိမ်ထဲသို့ ပြေးဝင်သွားလိုက်ပြီး...

"မောင်...မောင်ရေ...အို...မောင်ရယ်"

ဆိုဖာပေါ်တွင် ဇင်ငြိမ်းဝေ၏ ဓာတ်ပုံကို ပိုက်လျက် ခွေခွေလေးအိပ်ပျော်နေရာသော မောင့်ကို တွေ့လိုက်ရသဖြင့် ဇင်ငြိမ်းဝေ၏ အသည်းစိုင်တွေ နာကျင်သွားရသည်။ ဘာမဟုတ်တာလေးတစ်ခုအတွက် မောင်နှင့် ရန်ဖြစ်ကာ အိမ်ပေါ်မှ ရူးရူးမိုက်မိုက်ဆင်းသွားမိသော ပိမိကိုယ်ကို အပြစ်တင်မဆုံး။

"မောင်"

မောင့်လက်ကလေးတစ်ဖက်ကို ဖွဖွဆုပ်ကိုင်ရင်း ခပ်တိုးတိုးခေါ်လိုက်မိတော့ မောင့်မျက်ခွံတွေ လှုပ်ရှားလာပြီး မျက်လုံးပွင့်လာသည်။

"ဟင်...ဇင်...ဇင်လေး ပြန်လာတယ်။ ဝမ်းသာလိုက်တာ။ မောင် ဝမ်းသာလိုက်တာ ဇင်ရယ်။ မောင် တောင်းပန်ပါတယ်နော်။ မောင် အရမ်း

များသွားတယ်။ ဇင်လေးကို မောင် ရင့်ရင့်သီးသီး မပြောလိုက်သင့်ဘူး"

"မဟုတ်ပါဘူး မောင်ရယ်။ ဇင် များတာပါ။ ဇင်ကိုက မိုက်တာ။ နောင်ဆို ဇင် မောင့်အနားကနေ ဘယ်ကိုမှ ထွက်မသွားတော့ဘူး။ သမီးလေးရဲ့ အနားကရော့ပေါ့။ သမီးလေးရောပါ၊ ညက သမီးလေး ငိုသေးလား။ ဇင့်ကို ရှာသေးလားဟင်"

"သမီးလေးက လိမ္မာပါတယ် ဇင်ရယ်။ ဇင့်ကို ရှာနေပေမယ့် မောင် ချော့သိပ်လိုက်တော့ အိပ်ပျော်သွားတာပါပဲ။ မင်နဲ့တော့နော်၊ တိတ်"

မောင်က ဇင်ငြိမ်းဝေ၏ ပါးပြင်မှ မျက်ရည်စက်များကို သူ့လက်ချောင်းတွေနှင့် ပွတ်သုတ်ပေးသည်။ ဇင်ငြိမ်းဝေက မောင့်လက်ချောင်းတွေကို ဆုပ်ကိုင်ကာ ပါးပြင်နှင့် ဖိကပ်ရင်း...

"ဒီလက်ချောင်းနုနုတွေနဲ့ ရေးတဲ့ စာပေတွေကို ဇင် မြတ်နိုး တန်ဖိုးထားပါတော့မယ် မောင်။ အနုပညာဆိုတာလည်း အလုပ်ပါပဲ မောင်ရယ်။ လောကမှာ အရာရာတိုင်းကို ငွေကြေးနဲ့ တိုင်းတာလို့ မရဘူးဆိုတာ ဇင် နားလည်သွားပါပြီ"

"ဝမ်းသာလိုက်တာ ဇင်ရယ်။ မောင် အောင်မြင်အောင် ကြိုးစားမှာပါ"

ဇင်ငြိမ်းဝေ၏ စကားများအဆုံးမှာတော့ မောင် ဝမ်းသာလွန်း၍ မျက်ရည်များပင် ရစ်ဝဲသွားသည်။ မောင် တစ်ယောက် သူအလုပ်အပေါ် မည်မျှ လေးစားမြတ်နိုးထားသလဲ ဆိုတာ ဇင်ငြိမ်းဝေ ယခင်ကတည်းက မသိ မဟုတ်၊ သိသည်။ သို့သော်လည်း မိမိကိုယ်မိမိ မိန်းမတန်မဲ့ ငွေရှာနိုင်သည်ဟူ၍ မာနဂုဏ်မောက်ခဲ့မိသဖြင့် အဆင်မပြေဖြစ်ခဲ့ရ၏။ ယခုတော့ မောင့်အပေါ်မှာ နားလည်သွားပါပြီ။ ပါရမီဖြည့်တက်ပြီ မောင် မြတ်နိုးသည့် အရာကို မိမိပါ မြတ်နိုးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ခွဲစိတ်သူနှစ်ဦး တစ်ယောက်ကို တစ်ယောက် နားလည်မှု ရှိစွာနှင့် တင်းတင်းကျပ်ကျပ် ထွေးပွေ့မိကြသည်။

"အယ်...မေကို့ ပြန်ရာပီ...ဟေး...

အိပ်ခန်းထဲမှ ထွက်လာသော သမီးငယ်လေးက ဇင်ငြိမ်းဝေကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားကာ သူမထံသို့ ခုန်ပေါက်ပြေးလာသည်။ ဇင်ငြိမ်းဝေလည်း မောင့်ရင်ခွင်မှ ထွက်ခွာကာ သမီးလေးကို ထွေးပိုက်လိုက်ပြီး ပါးပြင်ကို အားပါးတရ နမ်းရှိုက်လိုက်သည်။ ပျော်ရွှင်မှုကြောင့် ရွှန်းစိုတောက်ပနေသော သမီးလေး၏ မျက်လုံးဝိုင်းလေးများကို ဘယ်တော့မှ မညှိုးမျော့စေလို့ပါ။ သမီးလေး၏ ရှေ့ရောင် နေ့ရက်များ လှပသာယာစေရန် မိဘဖြစ်သူ ကျွန်မတို့တွင် တာဝန်ရှိသည်မဟုတ်ပါလား။

စေတနာရေ့ထားလျက်...

* * *

www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်တို း

ရှေးမြန်မာတို့ အလေးအမြတ်ထားရာ ခြင်္သေ့သတ္တဝါ

ရှေးမြန်မာတို့က ခြင်္သေ့ကို အလေးအမြတ်ထားကြသည်။ ခြင်္သေ့သည် တောတွင်းတိရစ္ဆာန်အပေါင်းတို့၏ ဘုရင်ဖြစ်သောကြောင့် ယင်းသို့ အလေးအမြတ်ပြုကြဟန် တူပါသည်။ ဘုရားစေတီများ၏ အဝင်ဝတွင် ခြင်္သေ့ရုပ်ထုများ ထုလုပ်ထားတတ်ကြသည်က မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာ တစ်ရပ်ကဲ့သို့ ဖြစ်နေပါသည်။

ဘိုးတော်ဘုရားလက်ထက်တွင် မင်းကွန်း၌ ပထိုးတော်ကြီးဘုရားကို တည်ခဲ့သကဲ့သို့၊ မင်းကွန်းခေါင်းလောင်းကြီးကိုလည်း ချိတ်ဆွဲလှူဒါန်းခဲ့သည်။ ထူးထူးခြားခြား ခြင်္သေ့ရုပ်ထုကြီးနှစ်ရုပ်ကိုလည်း ထုလုပ်ခဲ့ပါသေးသည်။ ယင်းခြင်္သေ့ကြီးများက တစ်ချိန်က ကမ္ဘာပေါ်တွင် အကြီးမားဆုံး ခြင်္သေ့ရုပ်ထုများ ဖြစ်ခဲ့ကြဖူးသည်။ သို့သော် ယခုအခါ ပျက်စီးသွားပြီဖြစ်သဖြင့် နောင်းလူတို့ မမြင်နိုင်ကြတော့ချေ။ ခြင်္သေ့ရုပ်ထုကြီး မည်မျှကြီးမားလေသည်တော့ မသိ၊ ခြင်္သေ့၏ မျက်လုံးတစ်လုံးသည်ပင် လူတစ်ရပ်ကျော် ရှိခဲ့ကြောင်း ဇြိတိသျှ မှတ်တမ်းများကဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခြင်္သေ့ကို မြန်မာတို့အလေးအမြတ်ထားမှန်းသိ၍ ဘကြီးတော်လက်ထက်က နန်းတွင်းသို့ ခြင်္သေ့တစ်ကောင် ပေးပို့ခဲ့ဖူးပါသည်။ ဘုရင်မင်းမြတ်အတွက် လက်ဆောင်ပဏ္ဏာအဖြစ် ပေးပို့လိုက်ခြင်းဖြစ်သည်။ ခြင်္သေ့ကို မည်သူမည်ပါက ပေးပို့လိုက်ကြောင်းကိုမူ အမှတ်အသား မတွေ့ရပေ။ လောင်အိမ်နှင့်တကွ ထည့်ပြီး ရန်ကုန်အကောက်ဝန်မှ တစ်ဆင့် နေပြည်တော်သို့ ပေးပို့ခြင်း ဖြစ်ပါသည်။ မူစကတ်မှ အာရပ်ဘုရင် "အီမန်လ်"ရဲ့ လက်ဆောင်ဟု ဆိုကြသည်။ ခြင်္သေ့က ခြင်္သေ့မ ဖြစ်သည် ဆို၏။

ဘကြီးတော်မင်း၏ ခြင်္သေ့မပုံကို ရွှေနန်းလက်သုံးပုံ ပုရပိုက် ပန်းချီမှတ်တမ်းတွင် တွေ့ရှိရပါသည်။ ပန်းချီပုံ၌ ခြင်္သေ့သည် ဘယ်ဘက်သို့လှည့်ကာ ဟန်ပါပါထိုင်နေပါသည်။ ပုံအောက်၌လည်း "ဘိုးတော်**ရတနာပူရ** စတုတ္ထ မြို့တည်နန်းတည် မင်းတရားကြီး**လက်ထက်အ**နောက်တိုင်း ပြည်က ပို့ရောက်ဆက်သ၍ နန်းမြို့တော်ရှေ့ ရွေးတော်ယူ တံခါး မြောက်ဘက်သစ်တပ်အနီးတွင် အုတ်ဂူနှင့် ထားသည့် ခြင်္သေ့ပုံ" ဟူ၍ ရေးထိုးထားပါသည်။

ဘကြီးတော်မင်း၏ ခြင်္သေ့မကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရဖူးသူ အင်္ဂလိပ်ကုန်သည် ဟင်နရီဂူဂျာက သူ၏ မှတ်တမ်းတွင် ထည့်သွင်းရေးသားခဲ့ဖူးပါသည်။ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ပွားစ ကာလတွင် အမရပူရ၌ ရောက်ရှိနေသော ဥရောပတိုက်သားများ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရသည်။ ထိုအထဲတွင် ဟင်နရီဂူဂျာလည်း ပါဝင်ပါသည်။ ဟင်နရီဂူဂျာသည် အောင်ပင်လယ်အကျဉ်းစခန်းတွင် ဖမ်းဆီးချုပ်နှောင်ခံနေရစဉ်အတွင်း ခြင်္သေ့မကို တွေ့မြင်ခဲ့ခြင်း ဖြစ်ပါသည်။

တစ်ညတွင် ဂူဂျာတို့ အကျဉ်းစခန်းတွင်၌ ရှိနေစဉ် လှည်းတစ်စင်းအကျဉ်းစခန်းအနီးသို့ မောင်းနှင်လာခဲ့သည်။ လှည်းပေါ်တွင် ခြင်္သေ့လောင်အိမ်နှင့် ခြင်္သေ့မကို တင်ဆောင်လာခြင်းဖြစ်ပါသည်။ ခြင်္သေ့မမှာ ဆာလောင်မွတ်သိပ်နေဟန်ဖြင့် ဟိန်းဟောက်နေသည်မှာ ကြောက်စရာကောင်းလှသည်။ ဥရောပ အကျဉ်းသားများအား ခြင်္သေ့စာကျွေးမည်ဟူသော သတင်းကြောင့် အားလုံးက ထိတ်လန့်စိုးရိမ် နေကြသည်။

ခြင်္သေ့မကို လှောင်အိမ်နှင့်တကွ ယူဆောင်လာသူက ပခန်းပြုတန် ဦးပိုင်းဖြစ်သည်ဆိုသည်။ သူက အကျဉ်းသားများအား ခြောက်လှန့်ရန်လာပို့ခြင်းဖြစ်သည်။ သို့သော် ဖြစ်ချင်တော့ ခြင်္သေ့မမှာ ရက်သတ္တနှစ်ပတ်ကြာ အစာမစားရသဖြင့် သေဆုံးသွားပါသည်။ ဦးပိုင်းသည်လည်း ရှင်ဘုရင်မသိဘဲ သူအမြတ်တနိုးထားရာ ခြင်္သေ့ကို ယူဆောင်သွားကာ သေဆုံးစေခဲ့မှုအတွက် အပြစ်ခံခဲ့ရသည်။

ဟင်နရီဂူဂျာက ခြင်္သေ့သည် ဗြိတိသျှတို့၏ အထိမ်းအမှတ်ဖြစ်ကြောင်း၊ ယင်းအမှတ်အသားဖြစ်သော ခြင်္သေ့ကို အကျဉ်းချထားခြင်း၊ အစာမကျွေးဘဲထားခြင်းတို့သည် ဗြိတိသျှအကျဉ်းသားတို့အား ကဲကောင်းစေနိုင်ကြောင်း မြန်မာတို့၏ အတိတ်နိမိတ်ယူပုံကို အားကျကာ နိမိတ်ကောက်ယူခဲ့သည်။ အမှန်ပင်၊ မကြာမီ အကျဉ်းသားအားလုံး လွတ်မြောက်သွားကြသည်။ ရန်ကုန်စာချုပ်ဖြင့် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကို အဆုံးသတ်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။

ခြင်္သေ့ရုပ်များထဲတွင် ထူးထူးခြားခြား ပုဂံ ရွှေစည်းခုံစေတီရင်ပြင်ထက်မှ ခြင်္သေ့ရုပ်ထုကလည်း ထူးခြားလှသည်။ ယင်း ခြင်္သေ့ရုပ်ထုမှာ ရွှေစည်းခုံစေတီတော် အင်္ဂါထောင့်ရှိ ခြင်္သေ့ဖြစ်ပြီး ကျန်စစ်သားမင်းကိုယ်တိုင် ထုလုပ်ခဲ့သည်ဟု သာ အဆိုရှိပါသည်။ ရှင်ဘုရင်ကိုယ်တိုင်ထုလုပ်သော ခြင်္သေ့မို့ ဂရုပြု လေ့လာသင့်ကြပေသည်။ ပုဂံခေတ် ပန်းရံလက်ရာ အင်္ဂတေ ခြင်္သေ့မို့လည်း သမိုင်းတန်ဖိုးကြီးမားလှပါသည်။

ခြင်္သေ့အပေါ် အစွဲအလမ်းကြီးကြသည့် မြန်မာဘုရင်များသည် ပလ္လင်တည်ဆောက်ရာ၌ပင် ခြင်္သေ့ရုပ်ကို ထည့်သွင်းခဲ့ကြသည်။ သီဟာသနပလ္လင် ခေါ် ခြင်္သေ့ရုပ်ခံပလ္လင်သည် အရေးပါသော ပလ္လင်ဖြစ်ပါသည်။ ယင်း ပလ္လင်ထက်၌ပင် တိုင်းပြည်အတွက် အရေးပါသော ကိစ္စရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

* * *

ဇင်နီဇင်ဇုံး

ကျမ်းကိုး

- ရွှေနန်းလက်သုံးပုံ ပုရပိုက်မှတ်တမ်း (ရွှေဟောင်းစာပေသုတေသီတစ်ဦး)
- Two years imprisonment in Burma by Henry Gouger

www.burmeseclassic.com

www.burmeseclassic.com

ဇရေကျော်ဖိုးအောင်

သစ်ဆင်းခါသမယ တော်သလင်းလ



မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် တော်သလင်းလသည် ခြောက်လမြောက်ဖြစ်သည်။ မြစ်ညာတွင် ရှိသည့် သစ်၊ ဝါးများကို အောက်အကြေသို့ မျှောဆင်းသောလ၊ သစ်များ မြစ်အတွင်းသို့ စုန်ဆင်းသောလဟုလည်း တော်သလင်းလကို တင်စားပြုသည်။

ဝါဆို၊ ဝါခေါင်လများသည် ရေစီးဆင်းအား များသည်။ ရေစီးထန်၍ သစ်၊ ဝါးများ မမျှောကြပေ။ ရေစီးနည်းသည့် သီတင်းကျွတ်လများသည်လည်း ရေအားနည်း၍ သစ်မျှောရန် မလွယ်ပေ။ ရေစီးအားအသင့်တင့်ရှိသည့် တော်သလင်းလ

www.burmeseclassic.com

www.burmeseclassic.com

တွင်သာ သစ်စုန်ဆင်းသောလဖြစ်၍ ရှေးအခါက ထိုလကို "သစ်ဆင်းလ" ဟု ခေါ်ဆိုကြခြင်းပင်ဖြစ်သည်။

ဦးဖိုးလတ်၏ အလိုအားဖြင့် တော်သန္ဓိသည် အထက်ကောင်းကင်ကို ပြ၏။ သလင်းကား သာလင်းမှ ရွှေလျောလာ၏။ ကောင်းကင်၌ တိမ်ရိပ်ကင်းသဖြင့် သာလင်းသောလဖြစ်၍ တော်သလင်းလဟု ခေါ်ဆိုကြောင်း ယူဆသည်ဟုလည်း မှတ်တမ်းပြုကြသည်ကို တွေ့ရ၏။

မှတ်သုံးလေသည် တော်သလင်းလတွင် ဆုတ်ခွာသွား၍ တောင်ဘက်မှ တိုက်ခတ်ခဲ့သောလေသည် ငြိမ်သက်သွား၏။ တောင်လေ ငြိမ်သွားသည့်အခါ မြစ်အတွင်း၌ လှိုင်းလေကင်းပြီး သာယာလာ၏။ တော်သလင်းမြစ်တွင်း သင်ဖြူးခင်းဟုလည်း ရေးဖွဲ့ကြသည်ကိုလည်း တွေ့ရ၏။

တော်သလင်းလတွင် မြစ်အတွင်း လှိုင်းလေငြိမ်သက်သာယာ၍ ယင်းအခါသမယတွင် ရှေးမြန်မာမင်းများလက်ထက်တွင် လှေပြိုင်ပွဲများ ဆင်နွှဲကျင်းပကြသည်ဟုလည်း သိရ၏။ တော်သလင်းကို ကန်ရာသီဟုလည်း ခေါ်ဆိုကြပြန်သည်။ နေမင်းသည် ကန်ရာသီ နက္ခတ်ယှဉ်ပြီး လမင်းသည် သာဒြနတ်ကွတ်နှင့် ယှဉ်သောကြောင့် ပါဠိဘာသာအားဖြင့် တော်သလင်းလကို ဘဒ္ဒဟု ခေါ်ကြောင်းလည်း သိရပြန်ပါသည်။

ကန်ရာသီနှင့် ယှဉ်၍ ပွင့်သောပန်းသည် ရင်းမာပန်းဖြစ်၍...

"ရွှေရင်းမာ ရွှင်ပြုံးလို့၊
သင်းဖြူးသို့ မြစ်တွင်းမှာ၊
လှေပွဲသဲ တည်ညံ့နှင့်၊
အာကာယဲ နေရဝိရယ်နှင့်၊
မေတမိနက္ခတ်ပန်းငယ်တို့၊
လှမ်းကြွက္ခရာ။
ရာသီငယ်ကန် အလျဲထိန်ပ၊
ငွေလစန္ဒာနှင့် ဘဒြာကောင်းကင်နန်းဆီက၊
မြန်းသည့်ကာလ။"

ဟု စပ်ဆိုရေးသားခဲ့သည်ကိုလည်း မှတ်သားရမိပြန်ပါသည်။

ဤတော်သလင်းလ၏ ပတ်ဝန်းကျင်၌ ဂရုဓမ္မ၊ ကုရုဓမ္မခေါ် ငါးပါးသီလ စတင်ပေါ်ပေါက်လာ၍လည်း ဂရုဓမ္မ အခါတော်နေ့ဟူ၍လည်း ခေါ်ဆိုကြောင်း သိရ၏။ ကုရုဓမ္မောနာမ ပဉ္စသီလာနိ ဟူ၍ ဇာတ်အဌကထာ ဖွင့်ဆိုထား၍ ကုရုတိုင်းသားများ ကျင့်သုံးခဲ့ကြ၍ ကုရုဓမ္မတရားဟု ခေါ်ဆိုကြကြောင်း သိရှိရပြန်ပါသည်။

တော်သလင်းလ တစ်ရက်ရက်၌ ကန်ဆင်းခေါ် ဖျောက်ဆိပ် မွန်းလွဲရက်အဖြစ် သတ်မှတ်၍ နမ်းကြဲကာလ မှတ်ရမည်ဟု မန္တလည်ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်။

တော်သလင်းလကို ကုရုဓမ္မ၊ ဂရုဓမ္မ အခါတော်နေ့ဟု ခေါ်ဆိုခြင်းမှာ ကုရုတိုင်း ကုန္ဒမတ္တနဂိုရ်ပြည်၌ ဘုရားလောင်းဖွားမြင်ခဲ့ပြီး ဖခင် မင်းကြီး နတ်ရွာစံသောအခါ မင်းအဖြစ် ရခဲ့၏။ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သောကြောင့် မိုးလေဝသ မှန်ကန်ခဲ့၏။

ကလိင်္ဂတိုင်းတွင်မူ မိုးမရွာ။ မိုးလေဝသ မမှန်၍ ကုရုတိုင်းသို့ တမန်စေလွှတ် စုံစမ်းစေရာ ကုရုဓမ္မခေါ် ငါးပါးသီလစောင့်ထိန်း၍ဖြစ်ကြောင်း သိရှိသည်။ ထိုတရားများကို ရွှေပြားပေါ်၌ ရေးသားပြီး တရားနှင့်အညီ ကျင့်ကြအုပ်ချုပ်ခဲ့၍ မိုးလေဝသ မှန်ခြင်း။ ဆန်စပါးပေါ်ခြင်း။ အနာရောဂါဝေဒနာများ ပျောက်ကင်းခဲ့သည်။ ကုရုဓမ္မ ငါးပါးသီလစောင့်ထိန်းသောလဖြစ်၍ ထိုလ၊ ထိုနေ့ကို ဂရုဓမ္မာ အခါတော်နေ့ဟု သတ်မှတ်ကြသည်ဟု မှတ်သားရသည်။

ဂရုဓမ္မတရား ငါးပါးသီလမှာ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစောင့်ထိန်းအပ်သော တရားဖြစ်၏။ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါးမပေးသောပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ပြစ်မှားခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ အရက်သေစာ မူးယစ်သောက်စားခြင်း စသည့် အပြစ်များသည် ဘဝဆက်တိုင်း မကောင်းကျိုးကိုသာ ခံစားရမည်ဖြစ်သည်။ ဂရုဓမ္မသီလကို စောင့်ထိန်းလုံခြုံသူများအနေဖြင့် ကောင်းခြင်းအကျိုးတရားကိုသာ ရရှိခံစားစေမည်ဖြစ်သည်။

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် ပါဝင်နေသော သစ်ဆင်းသောလ၊ ရင်းမာပန်းတို့ ထုံသင်းသောလ၊ လှေပြိုင်ပွဲသဘင် ကျင်းပသောလနှင့် ကောင်းမြတ်သော ဂရုဓမ္မတရားတော် စတင်ရာ နေထူးနေမြတ် အခါသမယဖြစ်ကြောင်း လေ့လာဆန်းစစ် ရေးသားဖော်ပြလိုက်ရပါသည်။

* * *

ရေစကျော်စိုးဇော်

ကျမ်းကိုး

- ပခုက္ကူ အရှင်ကေသရ၏ မှတ်သားဖွယ်ရာ ဆယ့်နှစ်ရာသီစာမှ။

www.burmeseclassic.com

www.burmeseclassic.com

■ တက္ကသိုလ်စိုးမိုးနိုင် ■

ဘဝပန္ဆာအဖြေရှာကဏ္ဍ

မလဲ့လဲ့ရွှေရည်

အမှတ်(၃)၊ သားဖွားခန်းအနီး၊ တောင်သာမြို့။

မေး ။ ။ ဘဝအောင်မြင်မှုအတွက် ကျင့်စဉ်တစ်ရပ်ကို သိချင်ပါသည်။

ဖြေ ။ ။ မလဲ့လဲ့ရွှေရည်သည် တရုတ်ဂျီးဇေဒ ပညာရပ်အရ မြွေ(မြေ)နှစ်ဖွားဇာတာရှင် ဆရာကြီး ကိုင်ရိုး၏ ဂဏန်းဗေဒင်ပညာရပ်အရ သိဟ်ရာသီဖွား(Leo)ဖြစ်ခြင်းကြောင့် စိတ်သဘောထားကောင်းရှိပြီး အရေးကြုံလာသော သူများကို တတ်နိုင်သည့် ကူညီမှုများ ပေးတတ်သည်။ စည်းရုံးရေး ကောင်းပြီး တည်တည်တံ့တံ့ရှိ၏။

ဘဝအောင်မြင်မှု ဆိုသည်မှာ နေ့ချင်းညချင်း ပေါ်ပေါက်လာသော အရာမျိုးမဟုတ်ပေ။ ထို့ကြောင့် အောင်မြင်မှု ကြီးကြီးမားမားကို ရုပ်လုံးဖော်နိုင်ရန် နေ့စဉ် အောင်မြင်မှု သေးသေးလေးများကို စုဆောင်းပါ။

မလဲ့လဲ့ရွှေရည်အတွက် အောင်မြင်မှုကျင့်စဉ်များမှာ -

(၁) တိကျသော ရည်မှန်းချက်ရှိပါစေ။

အောင်မြင်သူများသည် တိကျသော ရည်မှန်းချက်ပန်းတိုင်ရှိသူများပင် ဖြစ်သည်။

(၂) ရှေ့အနာဂတ် ရည်မှန်းချက်များအတွက် သင့်လျော်သော စီမံကန်းများ ချမှတ်ပါ။

သင့်လျော်သော စီမံချက်ဖြစ်စေရန် သင့်ဌေးရေးကြေးရေးအခြေအနေ၊ သင့်လေ့လာသင်ယူထားမှုများ၊ အသက်မွေးဝမ်းကြောင်း၊ သင့်အပန်းဖြေ နားနေမှုများကို ခြုံငုံပြီး ရေးဆွဲသင့်၏။

(၃) အကောင်းမြင် အပြုတွေးပါ။

အောင်မြင်စေရန် IQ (Intelligence Quotient) လိုအပ်ဘိသကဲ့သို့ EQ (Emotional Quoteint) လည်း လိုအပ်ပေသည်။ လူအများနှင့် ဆက်ဆံရာတွင် အကောင်းမြင် အပြုတွေးလျက် သူတစ်ပါး၏ ခံစားချက်များကို နားလည်သင့်သည်။ အကောင်းမြင်ဝါဒရှိသူသည် တွေ့ကြုံလာသော အခက်အခဲကို အခွင့်အရေးအဖြစ် သဘောထားကြသည်။

(၄) မိမိကိုယ်မိမိ ယုံကြည်မှုရှိပါစေ။

လူတွင် သိစိတ်နှင့် မသိစိတ် နှစ်မျိုးရှိသည်။ မသိစိတ်သည် သိစိတ်ထက်များစွာ အင်အားကြီးလေသည်။ လူ၏ မသိစိတ်ထဲတွင် ယုံကြည်နေရာများသည် အမှန်တကယ်ပင် ရုပ်လုံးပေါ်လာတတ်သည်။ ထို့ကြောင့် မိမိကိုယ်မိမိ အောင်မြင်သော လူသားတစ်ယောက်ဖြစ်လာရမည်ဟု မသိစိတ်ထဲတွင် အမှန်တကယ်ယုံကြည်မှု ရှိစေရန် ကြိုးစားလိုက်ပါ။ မသိစိတ်၏ ယုံကြည်မှုစွမ်းအားကြောင့် အမှန်တကယ်ပင် အောင်မြင်သူ ဖြစ်လာပေလိမ့်မည်။

(၅) ယဉ်ကျေးသော စကား၊ ချိုသာသော အပြုအရာနှင့် ဘဝကို ဖြတ်သန်းသင့်သည်။

ပျားသကာကဲ့သို့ ချိုသာသော စကားကိုသာ လူများသည် နှစ်သက်ကြသည်။ ရန်ရင်းကြေးတပ်သော စကားများကို လူများက မကြိုက်ကြပါ။ ထို့ကြောင့် မိမိကိုယ်မိမိနှင့် ပတ်ဝန်းကျင်ကို လေးစားသောအားဖြင့် အမြဲတစေ ချိုသော၊ ယဉ်သော စကား၊ အပြုအမူတို့ဖြင့် ဘဝကို ဖြတ်သန်းနိုင်ရန် ကြိုးစားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၆) ဆုံးဖြတ်ထားသည့်အတိုင်း ဆောင်ရွက်ပါ။

မိမိလျှောက်လှမ်းရသော ရည်မှန်းချက်ပန်းတိုင်တွင် အခက်အခဲ အတားအဆီးများ ကြုံတွေ့ပါက မကြောက်မရွံ့ဘဲ သတ္တိရှိရှိ ရင်ဆိုင်ပါ။ မိမိထက် ကြီးကဲ အကြံဉာဏ်ရှိသူများနှင့် တိုင်ပင်ညှိနှိုင်း ဆွေးနွေးပြီး ဆုံးဖြတ်ထားသည့် ရည်မှန်းချက်များကို တစ်ဆင့်ချင်းစီ အကောင်အထည်ဖော်ပါ။

(၇) ဘဝတစ်သက်တာ စဉ်ဆက်မပြတ် လေ့လာမှုဖြင့် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပါ။

ခေတ်မီတိုးတက်နေသော ယနေ့ နည်းပညာခေတ်တွင် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုသည် လွန်စွာ အရေးကြီးသည်။ "စာအုပ်စာပေ လူမိတ်ဆွေ"၊ "အလိမ္မာ စာမှာရှိ" ဆိုသော စကားများနှင့်အညီ စာပေသည် အောင်မြင်မှုအတွက် သွားရာလမ်းကို ပြသပေးသည်။ ထို့ကြောင့် စာများများဖတ်ပါ။ ဘဝအောင်မြင်တိုးတက်သူများအားလုံးသည် စာဖတ်သူများပင် ဖြစ်သည်။

(၈) ကောင်းမွန်သော လုပ်ရပ်ကို အကောင်အထည်ဖော်ပါ။

သင်၏ လုပ်ရပ်သည် သင့်စိတ်ဓာတ်နှင့် သင့်အရည်အချင်းကောင်းကို ဖော်ပြနေသောအရာဖြစ်သည်။ ထို့ကြောင့် မွန်မြတ်သော စိတ်ဓာတ်ကို အခြေခံလျက် မိမိကိုယ်ပိုင်အစွမ်းအစ အရည်အချင်း တိုးတက်ကောင်းမွန်အောင် ကြံဆောင်ပါ။

(၉) ကောင်းမွန်သော ဂုဏ်သိက္ခာကို ဖော်ဆောင်ပါ။

ရိုးသားခြင်း၊ သည်းခံခြင်း၊ သစ္စာရှိခြင်းတို့သည် ဂုဏ်သိက္ခာရပ်များပင် ဖြစ်သည်။ ထို့ကြောင့် သည်းခံ စိတ်ရှည်ကာ ရိုးသားစွာဖြင့် ဘဝခရီးကို တက်တက်ကြွကြွ ဖြတ်သန်းပါ။

အထက်ပါ ကျင့်စဉ်များသည် အောင်မြင်မှု ကျင့်စဉ်ပင် ဖြစ်သည်။

မလဲ့လဲ့ရွှေရည်အနေဖြင့် ဘဝအောင်မြင်စေရန် ကိုးကွယ်ယုံကြည်ရာ ဘာသာတရား၏ ဆုံးမအတိုင်း နေပါ။ နံနက်တိုင်း စောစောထပြီး အိမ်ရှိ ဘုရားမှာ သီလခံယူလျက် "သဗ္ဗမင်္ဂလာ ဂါထာတော်"ကို သုံးခေါက်ရွတ်ဆို ပွားများပါ။

သဗ္ဗမင်္ဂလာ ဂါထာတော်

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြဟ္မဏော။
အထ သဗ္ဗမဟောရတ္တိဿ၊ ဗုဒ္ဓါ တပတိ တေဇသော။

အာဒိစ္စော - ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်း ရှင်နေမင်းသည်၊ ဒိဝါ - နေ့အခါ တပတိ - လောကအလယ် ဂုဏ်မြင့်ကြွယ်၍ တင့်တယ်ပေ၏။ စန္ဒိမာ - စန်းငွေယုန်ခ သော်တာလသည်၊ ရတ္တိ - ညအခါ၌၊ အာဘာတိ - နှစ်သက်စဖွယ် တင့်တယ်ပါပေ၏။ သန္နဒ္ဓေါ - ချပ်ဝတ်တန်ဆာ ကိုယ်မှာ စုံလင်၊ ဆင်ယင်ထားသော၊ ခတ္တိယော - လူတို့သနင်း ပြည့်ရှင်မင်းသည်၊ တပတိ - ကြီးမြင့်ခန့်ထည် တင့်တယ်ပါစေ။ ဈာယီ - ဘက်စုံ ကောင်းမြတ် သမာပတ်ကို မပြတ်ထင်ရှား ဝင်စားလျက်ရှိသော ဗြဟ္မဏော - ကိလေသာကို အစဉ်ပြုပြီးသော အာသဝေါကုန်ကွာ ရဟန္တာပုဂ္ဂိုလ်သည်၊ တပတိ - စွာနိမဂ်နှစ်သွယ် စွယ်စုံခြယ်၍ တင့်တယ်ပါပေ၏။ အထ - ထိုမှ ကြွေထူးသည်မှာကား။ ဗုဒ္ဓါ - သစ္စာလေးဆင်ကာ ခိုင်လုံရင့်ကျက် ပွင့်လာခေါင်ဖျား အောင်တော်မူ မြတ်စွာဘုရားသည်၊ သဇ အလုံးစုံသော၊ အဟောရတ္တံ - နေ့ညဉ့်ကာလပတ်လုံး တေဇော - ကြီးကဲစိုးရ တန်ခိုးတော်အနန္တဖြင့်၊ တပတိ - အံ့ခိုးလောက်ဖွယ် လောကအလယ်၌ တင့်တယ်တော်မူပေတည်း။

အထက်ပါအတိုင်း ရွတ်ဆိုပွားများလျှင် သင်၏ အမေတ္တာနှင့် သီလ၊ သမာဓိ၊ ယုံကြည်မှု သဒ္ဓါတရားအေမူတည်ပြီး အောင်မြင်မှုအဆင့်ဆင့် ကြုံရပါလိမ့်မည်။

မျိုးမျိုးဌေး
ရွာမအနောက်၊ မင်းစေတီလမ်းသွယ်

မေး ။ ကံကောင်းခြင်း၏ လက်ဆောင် ယုတ်ကြွေတစ်ခုကို လိုချင်ပါသည်။

ဖြေ ။ မျိုးမျိုးဌေးသည် တရုတ်ဂန္ဓိရဝေဒပညာရပ်အေမြင်း(သတ္တ)နစ်ဖွား ဇာတာရှင်ဖြစ်သည်။ ဆရာကြီး ကိုင်၏ ဂဏန်းဗေဒင်ပညာရပ်အရ (၇)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ကရကင်ရာသီဖွား (Cancer) ဖြစ်ခြင်းကြောင့် နေ့ချင်းညချင်း တိုးတက်အောင်မြင်ချင်သူ၊ ဂန္ဓိရဆန်တဲ့ လျှို့ဝှက်နက်နဲတဲ့ ကိစ္စရပ်တွေကို အထူးပင် စိတ်ဝင်စားသူ၊ အနုပညာ ဂီတ ရုပ်ရှင်တို့ကို ဝါသနာပါသူ၊ သူငယ်ချင်းအပေါင်းအသင်းအများအပြားနဲ့ ပေါးလှားဝါးလှားလုပ်ချင်သူဖြစ်သည်။ အိမ်တွင် နေထိုင်ရေးကို မနှစ်သက်တတ်ပေ။ အမြဲတစေ လှုပ်ရှားသွားလာနေတတ်သူဖြစ်သည်။

အပြောင်းအလဲမြန်ပြီး အပြောင်းအလဲများသူဖြစ်

www.burmeseclassic.com

www.burmeseclassic.com

၏။ မခုန်ကျော်ခင် သတိရှိသင့်သကဲ့သို့ အပြောင်းအလဲများ လိုချင်သော်လည်း စိတ်မလောပါနှင့်။

အားနည်းချက်မှာ မိဘ၊ အကြီးအကဲ၊ အထက်လူကြီးတို့၏ စကားကို နာခံလေ့မရှိတဲ့ ထော်လော်ကန့်လန့် ဇာတ်ချင်သူဖြစ်၏။

ကမ္ဘာလောကကြီးတွင် အရာရာသည် အကြောင်းကြောင့် အကျိုးဖြစ်ထွန်းလာသည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းမည်။ ထို့ကြောင့် ကံကောင်းစေရန် အကြောင်းကောင်းအောင် ကြိုးစားအားထုတ်သင့်၏။

ကံသည် စေတနာပေါ်တွင် မူတည်သည်။ စေတနာမှန်လျှင် ကံမှန်မည်။ စေတနာကောင်းလျှင် ကံကောင်းမည်။ ထို့ကြောင့် ကံကောင်းစေရန် စေတနာမှန်မှန်ဖြင့် ဘဝကို ဖြတ်သန်းသင့်၏။

ကံသည် ပဲ့တင်သံနှင့် တူသည်။ သင်ပြုသောကံသည် ပဲ့တင်သံပမာ သင့်ထံသို့ ပြန်ရောက်တတ်၏။ ထို့ကြောင့် ကံကောင်းစေရန် သင့်အပြုအမူ၊ အပြောအဆိုနှင့် သင့်စိတ်ကို အမြဲစစ်ပါ။

ပျိုးမျိုးဌေးအတွက် ကံကောင်းခြင်းလက်ဆောင်ယာကြာမှာ နံနက်တိုင်း စောစောထပြီး အိမ်ရှိ ဘုရားမှာ ပန်း၊ ရေချမ်းနှင့် ဆွမ်းများ ကပ်လှူကာ သီလခံယူပါ။ ပြီးလျှင် "စိန္ဓာမဏိဂါထာ"ကို နေ့စဉ် ကိုးခေါက်ရွတ်ဆိုပါ။ ပါဠိကို ရွတ်ဆိုတိုင်း အနက်အဓိပ္ပာယ်ကို ဆင်ခြင်သင့်၏။

စိန္ဓာမဏိဂါထာတော်

(၁) စိန္ဓာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
(၂) စိန္ဓာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
(၃) စိန္ဓာမဏိ ရတနာနိ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

(၁) စိန္ဓာမဏိ ရတနာနိ - ကြဲဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ၊ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ ဗုဒ္ဓံ - ဘုရားတည်းဟူသော ရတနာမြတ်ပေတည်း။ ဗုဒ္ဓရတနာနံ - ဘုရားတည်းဟူသော ရတနာတို့ကို၊ သရဏံ - ကိုးကွယ်ဆည်းကပ်လေးမြတ်ခြင်းသည်၊ ကရံ ကရောန္တော - ပြုထိုက်သည်ဖြစ်၍၊ ကရတိ - ပြုသောသူ၌၊ ဣစ္ဆာ - ကြံစည်တောင့်တလိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ - ဆောလျင်စွာလျှင်၊ သမိဇ္ဈတု - ပြည့်စုံပါစေသတည်း။

(၂) စိန္ဓာမဏိ ရတနာနိ - ကြဲဖန်လိုက်တိုင်း ရပ်ဆိုင်းမရှိ၊ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ သံဃံ - တရားတည်းဟူသော ရတနာမြတ်ပေတည်း။ သံဃံရတနာနံ - သံဃာတည်းဟူသော ရတနာတို့ကို၊ သရဏံ - ကိုးကွယ်ဆည်းကပ် လေးမြတ်ခြင်းသည်၊ ကရံ ကရောန္တော - ပြုထိုက်သည်ဖြစ်၍၊ ကရတိ - ပြုသောသူ၌၊ ဣစ္ဆာ - ကြံစည်တောင့်တလိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ - ဆောလျင်စွာလျှင်၊ သမိဇ္ဈတု - ပြည့်စုံပါစေသတည်း။

အချိန်မှန်၊ နေရာမှန်မှာ အဓိဋ္ဌာန်မှန်မှန်ဖြင့် ယုံကြည်မှု လေးနက်လျှင် သင့်ယာကြာ အောင်မြင်ပြီး မိုးမိုးဌေးအတွက် ကံကောင်းခြင်းမင်္ဂလာအကြာကြာနှင့် ပြည့်ဝပေလိမ့်မည်။

* * *

ဇင်္ဂလာသိုလ်နိုးနိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com

မြကပင်
မောင်ကင်ယံ

တရွေ့အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ပူကလည်း ပူ၊ အိုက်ကလည်း အိုက်စပ်၊ နေမထိ ထိုင်မသာဖြစ်ရသော နွေတစ်ည၌ ကျွန်ုပ် မောင်ဖိုးစီသည် ရေမော်တော်ခလုတ်ကိုသာ မကြာခဏ အခါခါဖွင့်ကြည့်နေမိလေသည်။ ထိုမျှ ပူစပ်အိုက်လောင် အိပ်မရသော ည၌ နက်သန်းခေါင်ကျော်သည့် အချိန်တိုင် မောင်ဖိုးစီတို့ နေထိုင်ရာ ရန်ကုန်အရှေ့ ပိုင်းတစ်နေရာရှိ ရေဖွင့်စခန်းမှ ရေ မလွှတ်။ ရေမလာလေသဖြင့် ဒေါသ တွေ ပေါက်ကွဲ၊ ဒုက္ခလည်း အလွန် ကြီးမားလှလေသည်။

ထို့ကြောင့် ကျွန်ုပ် မောင်ဖိုးစီ သည် စိတ်လက်မအီမသာ စိတ်ပျက် လက်ပျက်ရှိသည်နှင့် အိမ်တံခါးမကြီး အသာပိတ်၊ လေပြေလေညင်းကလေး တိုးဝှေ့ခဲလို့ ကျွန်ုပ် မောင်ဖိုးစီတို့ နေ ထိုင်ရာ ရွှေနံ့သာရပ်ကွက်ကလေး၏ ထိပ်သို့ တစ်ကိုယ်ရေ ထွက်ခဲ့မိလေ သည်။

ကျွန်ုပ်တို့ မိုတင်းနေထိုင်ရာ ထိုရွှေနံ့သာရပ်ကွက်ကလေးထိပ်တွင် အရှေ့အနောက်သွယ်တန်း အောင်ဇမ္ဗူ ဟိန်းခေါ် ကားလမ်းမကြီးသည် ရန်ကုန် တစ်မြို့လုံးအရပ်ရပ်နှင့် ဆက်။ လိုင်းဆွဲ နှင့် အခြား မော်တော်ကား ယာဉ်ကြီး၊ ယာဉ်ငယ်အများ နေ့နေ့ည၌ ဥဒဟို ဖြတ် မောင်းနှင်သွားလာနေတာကို တွေ့ မြင်နိုင်ပေသည်။

ထိုကားလမ်းမကြီးနံဘေးကပ် လျက် ကျွန်ုပ်တို့၏ ရွှေနံ့သာရပ်ကွက် ကလေးအတွင်းအပြင်သို့ ဝင်ထွက်သွား လာနိုင်ရန် တောင်-မြောက် သွယ်တန်း ရွှေမူန်သာ၊ ရွှေမြသာ၊ ရွှေအောင်သာ ဆိုသော လမ်းကလေး သုံးသွယ်သည် ရပ်ကွက်ထိပ်၊ ရပ်ကွက်လယ်၊ ရပ် ကွက်ဆုံး အချိုးကျ ခွဲဝေသွယ်တန်း ထားလေသည်။

ကျွန်ုပ်သည် ရပ်ကွက်တစ်ဖက် ထိပ် ရွှေမူန်သာလမ်းတွင် နေထိုင်သူ ဖြစ်ပြီး ကားလမ်းမကြီးနှင့် ကျွန်ုပ် နေ ထိုင်ရာအိမ်သည် ခြေလှမ်း ၃၀ကျော် ၄၀လှမ်းမျှ လှမ်းသွားရုံဖြင့် ကားလမ်းမ ကြီးသို့ ရောက်ရှိလေတော့သည်။

ကျွန်ုပ်တို့ ရွှေနံ့သာရပ်ကွက်နှင့် မျက်နှာချင်းဆိုင် အောင်ဇမ္ဗူဟိန်းကား လမ်းမကြီးတစ်ဖက်တွင်တော့ မြရော ခေါ် ရပ်ကွက်ကလေး ရှိပြန်သည်။ မြရောသည်လည်း ထိုကားလမ်းမကြီး တစ်ဖက်ဘေး မေးတင် ဖွဲ့တည်ထား သော ရပ်ကွက်ကလေးဖြစ်သည်။ ကျွန်ုပ်နေထိုင်ရာ ရွှေမူန်သာလမ်းနှင့် တစ်ပြေးညီ ရပ်ကွက်တွင်း ဝင်ထွက်ရာ ကတ္တရာခင်း၊ လူသွားနှင့် ကားလမ်း ကလေးကလည်း ဖြောင့်ဖြောင့်ဖြူးဖြူး သွယ်တန်းလျက်ရှိသည်။ ထိုလမ်း ကလေးအမည်က "မြခဲ" ဟူ၍ဖြစ်လေ သည်။ ဆိုရသော် ကျွန်ုပ်နေထိုင်ရာ ရွှေမူန်သာလမ်းနှင့် တစ်ဖက်ရပ်ကွက် အဝင်အထွက် မြခဲလမ်းကလေးသည် အောင်ဇမ္ဗူဟိန်း ကားလမ်းမကြီးခြားရုံ ဆိုသော်လည်း တစ်ဖက်နှင့် တစ်ဖက် မျဉ်းတစ်ဖြောင့်တည်းလို ဖြစ်နေပေ သည်။

ထိုမြခဲလမ်းမြောင်ကလေး ဝဲ ဘက်နံဘေးယှဉ်၊ အောင်ဇမ္ဗူဟိန်း ကားလမ်းမကြီးကို မျက်နှာမူ၍ သူဌေး ကြီး ဦးအောင်ထိပ်လူ ဆိုသူ၏ ရှေး ဟောင်း တိုက်ခံ နှစ်ထပ်အိမ်ကြီးသည် လည်း ထီးထီးမတ်မတ်ကြီး ဟည်းနေ အောင် တွေ့မြင်ရလေသည်။ ထိုတိုက်ခံ နှစ်ထပ်အိမ်ကြီးအပေါ်ထပ်သည် စိမ်း ဖန့်ဖန့်ရောင် မှန်လုံ တံခါးများဖြင့် အမြဲ ပိတ်ထားသည်ကို တွေ့မြင်ရပြီး အောက်ထပ်တွင်တော့ အထူးလှု သော ကြွေပြားများ အိမ်တစ်ပြင်လုံး စီခင်းထားသည်။ ဘေးနံရံ တစ်ဖက် တစ်ချက်စီတွင်တော့ ဟို နှင်ငံရပ်ခြား မှ တကူးတက အထူးသီးသန့် မှာကြား ထားသော အပွင့်အခက်မြိုင်မြိုင် အရောင်အသွေးလှလှ ကြွေကျောက် ပြားများဖြင့် ပန်းချီကားချပ်ကြီးများ သဖွယ် သရုပ်ဖော် ခြယ်သထား ကြောင်း တိုက်ခံအိမ်ကြီးထဲ ရောက်မှ ဝင်ဖူးသော ကျွန်ုပ်အဖေနှင့် လူကြီး သူမများ ပြောစကားအရ သိရှိဖူးလေ သည်။

ဒါလည်း လူစိမ်းလူကျက်မရွေ့ အဝင်ဘေး အုတ်စီ တံတိုင်းကာ ဝင်ခွင် ကြီး၏ သံပန်းတံခါးကြီးမှ အစစ်အေး အမေးအမြန်းခံပြီးမှသာ ဝင်ထွက်ခွင့်ရ သည်။ အချို့တိုင်း ထိုမိန်းတံခါးကြီးကို ပိတ်ထားပြီး မည်သူ့ကိုမှ အဝင်မခံ ကြောင်း တွေ့မြင် သိရှိရလေသည်။ တစ်ခါတစ်ရံ ဘုန်းကြီး ဆွမ်းကပ်အလှူ အတန်းရှိမှသာ ဝင်ထွက်ခွင့်ရလေ သည်။ ကျွန်ုပ်ဖခင်နှင့် ကျွန်ုပ်တို့ ရပ် ကွက်မှ ရပ်ကွက်လူကြီးလူကောင်း အချို့သာ ထိုအလှူအတန်းသို့ ဖိတ် ကြားခြင်း ခံရသဖြင့် ထိုအိမ်ကြီးထဲသို့ ရောက်ဖူးကြခြင်းဖြစ်သည်။

အဖေတို့ အဘတို့ ပြောသည်မှာ ထိုတိုက်ခံအိမ်ကြီး၏ ဘေးတစ်ဖက် တစ်ချက်နံရံတွင် ကြွေပြားချပ်များဖြင့် အထူးမွမ်းမံ ခြယ်စီထားသော လယ် တောစပ် ရေသွယ်မြောင်း ကတွတ်ပ တွင် ဗျိုင်းလည်တံရှည်တို့သည် ရေ မြောင်းအတိုင်း စီးမျောပါလာသော ငါး ကလေးများအား စောင့်ဖမ်း၍ စားနေ ဟန်၊ ရှုမြည်း အင်းလေးကန်တွင်း ရှိ တိုင်းရင်းသားတို့မှ လေ့ကျင့် ခြေပြင်

www.burmeseclassic.com

www.burmeseclassic.com



ရော်ခတ်သွားနေဟန်၊ ထို့အပြင် အချို့နံရံတွင် သစ်ဆွဲ ဆင်ကြိုးများ စိတန်းသစ်ဆွဲနေဟန်၊ စိမ့်မြေတွင် အာဂန်းထီကြိုးတစ်ကောင်နှင့် ငန်းပျိုမလေး တစ်ကောင်တို့ အတူယှဉ်တွဲ လျှောက်လှမ်းနေဟန်တို့ကို ပုံကွက်ဖော်ကျောက်ကွက် ရောင်စုံပန်းချီကားချပ်ကြီးများကို တွေ့မြင်ရသည်။

ငင်းတို့နှင့်အတူ အထူးထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသောပုံမှာ တောခွေးတစ်အုပ်က အစွယ်ဖွေးဖွေးဖြင့် မာန်ဖီနေသော ဆတ်ဖားကြီး တစ်ကောင်၏ ကိုယ်ပေါ်သို့ ဝိုင်းခုန် ကိုက်ခဲအသေသတ်နေပုံတို့ဖြစ်ကြောင်း ကြားသိရလေသည်။

ထိုအိမ်ကြီး၏ အထူးစိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ အထက် မျက်နှာကြက် နံရံပြင်ချိတ် ပီးဆိုင်းပီးပန်းကြီးများဖြင့် အတွက်ထပ်နှင့် အောက်ထပ် အဆင်းအတက် အထူးပြုလုပ်ထားသော ကြောင်လိပ် သဲလှေကားကြီးပင် ဖြစ်ကြောင်း သိရလေသည်။

ကွေ့ကွေ့ဝိုက်ဝိုက် ဆင်းတက်ရသော ထိုလှေကားကြီးသည် ပန်းကွန်ပန်းခက်အလှအပတွေနှင့် ထုံးပွမ်းထားပြီး အလွန်လည်း လှပကြောင်း အဖေတို့ ပြောပြ၍ သိရလေသည်။ လူအဆင်းအတက်ပြုရာတွင်လည်း လှေကားကြီးတစ်လျှောက် ကွေ့ပတ်ဆင်းတက်ရကြောင်း သိရပြန်လေသည်။

ထိုသူဌေးကြီး ဦးအောင်ထိပ်လူနှင့် ဒေါ်သူဇာလှိုင်တို့တွင် သားကြီး ကိုမြတ်အောင်သူနှင့် သားငယ် ကိုထင်ပေါ်သူ ဆိုသော သားနှစ်ဦးရှိလေသည်။

တစ်ညတွင် အသက်အားဖြင့် ၂၀ကျော်ခန့်သာ ရှိသေးသော သားငယ် ကိုထင်ပေါ်သူသည် နာမည်ကြီးဟိုတယ်တစ်ခုသို့ တက်ရောက်၍ သောက်စား မူးယစ်ပြီးအပြန်၌ အချင်းချင်း အလောင်းအစားပြုပြီး ကားအပြိုင် မောင်းရာမှ ကားလမ်းနံဘေး ဓာတ်တိုင်အား ဝင်တိုက်မိပြီး မရှုမလှဖြင့် ထိုနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးရလေသည်။

ထိုသားငယ် သေဆုံးပြီးမှ မကြာမီ အိမ်ထောင်ရေး အဆင်မပြေသော သားကြီးလုပ်သူသည်လည်း သူတာသာသူ အဆိပ်ဆေးများသောက်၍ သေဆုံးရရှာပြန်သည်။

သားနှစ်ဦး သေဆုံးပြီးနောက်၊ ထိုသားကြီးမှ မွေးထားသော မြေးများအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် တောဘက်မှ မုဆိုးမ ညီမဖြစ်သူနှင့် ထိုညီမမှ မွေးထားသော သမီးကလေး ခင်ဇထွေးလှတို့အား အပြီးအပိုင် အိမ်ပေါ်တင်ကျွေး ခေါ်ထားလေတော့သည်။

သူဌေးကြီးနှင့် သူဌေးကတော်တို့သည် အသက်အရွယ်ကြီးရင့် အို့မင်းမစွမ်း နာမကျန်းသဖြင့် သွေးရိုးသားရိုး သွေ့နေ့စေ့သဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်အနိစ္စရောက် သေဆုံးကုန်ကြသော်လည်း၊ သူဌေးညီမနှင့် သမီးခင်ထွေးလှအပါအဝင် အိမ်ဖော်မလေး မရွှေတူးတို့ခမျာ အတွင်းလူ လက်ထောက်ချ သစ္စာဖောက်လေသဖြင့် အိမ်အား မသမာသူ လူတစ်စုက အနုကြမ်းဝင်စီးပြီး အရွယ်ရောက်သော ခင်ထွေးလှနှင့် မရွှေတူးတို့ကိုလည်း အတင်းအဓမ္မ ကာမလုယူ၏။ ဒါကို သူဌေးညီမ ခင်စောမူက ရှိသည့်အားနှင့် အတင်းဝင်လုံးရာမှ အားလုံးကို သတ်သွားလေသည်။ ထိုတိုက်ခဲအိမ်ကြီးတွင် ယခုအခါ နေလူမရှိ၊ ရှောင်ခိုးကြီးလည်း လုံးဝပိတ်နေပေတော့သည်။

ထိုအချိန်က ကိုမြတ်အောင်သူ၏ သမီးကလေးများက နိုင်ငံရပ်ခြားတိုင်းတစ်ပါးတွင် ပညာတော်သင် သွားရောက်နေရာမှ ယခုအခါ ဟိုနိုင်ငံသား ခံယူ၍ အဲဒီတိုင်းနိုင်ငံများမှာပင် အပြီးနေထိုင်ကြကြောင်း သိရလေတော့သည်။

ယခုအခါ အတွင်းအုတ်ဘောင်ခတ်ကာ ဝင်းနံရံ နံဘေးကပ် သရက်၊ ပိန္နဲ၊ မာလာကာ စသည့် သီးပင်စားပင်များ။ တိုက်ခဲအိမ်ရှေ့မျက်နှာစာတွင် ခရေနှင့် ပိတောက်၊ စိန်ပန်းပင်ကြီးများသည်သာ သီးပွင့်၍ အခိုန်တန် ကြွေကျမြေခရသည့်အဖြစ်နှင့် အစဉ်အမြဲ အိမ်ခြံဝင်းတံခါးကြီး ပိတ်ထားသော ထိုတိုက်ခဲအိမ်ကြီးမှ သရဲခြောက်သည်ဆိုသော သတင်းစကားလည်း မကြားခဏ ကြားနေရပြန်သည်။

ထိုအကြောင်း ကြားဖန်များသော် ကျွန်ုပ်၏ မိတ်ဆွေ ကိုထော်တစ်ယောက် တက်တခေါက်ခေါက်ဖြင့် သရဲရှိ၊ မရှိ စမ်းချင်သောစိတ်တွေ တဖွားဖွားပေါ်လေတော့သည်။

♦♦♦

တစ်ညဉ့် မိတ်ဆွေ ကိုထော်သည် တပည့်ဖြစ်သူ မောင်ကလားပုနှင့် အတူ ထိုတိုက်ခဲအိမ်ကြီးနံဘေး မြခဲလမ်းကလေးမှ ပြန်အလာတွင်ဖြစ်သည်။ သူတို့နှစ်ဦးသည် မြခဲလမ်းဆုံးအတွင်းဘက် "လရောင်ခြည်" စည်ဘီယာဆိုင်မှ ဘီယာသောက်ပြီး ပြန်လာကြခြင်းဖြစ်သည်။

သူတို့နှစ်ဦးသည် ဘီယာအရှိန်ဖြင့် ရီဝေ...ရီဝေ လာကြရာမှ ပါးစပ်ကလည်း အငြိမ်မနေ၊ ရောက်တတ်ရာရာ တေးသီချင်းတွေ ဆိုညည်းလာခဲ့လေ သည်။ လမ်းကလေးတွင် လူသူတစ်ဦးတစ်ယောက်မျှ သွားလာခြင်း မရှိ၊ အလွန်မှ ရှင်းလင်းနေသဖြင့် သူတို့နှစ်ဦးလည်း စိတ်လွတ်ကိုယ်လွတ်

www.burmeseclassic.com

www.burmeseclassic.com

လျှောက်လာရာမှ ထိုသူငွေး ဦးအောင်ထိပ်လူ၏ တိုက်အိမ်ကြီးတစ်ဖက်ဘေး အရောက်တွင် အပေါ်ထပ်ဘေး မှန်ပြတင်းပေါက်မှ ဝုန်းဆိုသော အသံကြီးကို ကြားလိုက်ရသဖြင့် သူတို့နှစ်ဦး ထိတ်ခနဲဖြင့် တိုက်အိမ်ကြီးအပေါ်ထပ် ထိုပြတင်းမှန်ပေါက်အား မော့ကြည့်လိုက်မိလေတော့သည်။

ထိုအခါ သူတို့ ဘယ်လိုမှ မျှော်လင့်မထားသော အလုံအစေ့ပိတ်ထားသော ထိုပြတင်းတစ်ချပ်မှ စီးကရက် ဘူးခွံလိုဟာကလေး တလွင့်လွင့် အောက်သို့ ပြုတ်ကျလာသည်ကို သူတို့နှစ်ဦးစလုံး အစအဆုံး တွေ့မြင်လိုက်ရလေသည်။

သူတို့နှစ်ဦး၏ စိတ်တွင်လည်း "ဩော်...လေအတိုးမှာ စီးကရက်လွတ် ဘူးခွံကလေး လွင့်ကျလာတာပဲလေ" ဆိုသည့်အသိဖြင့် စိတ်အတော်သက်သာသွားချိန်မှာပဲ ထိုဘူးခွံကလေးသည် သူတို့နှစ်ဦးရှေ့တည့်တည့် လမ်းဘေး မြောင်းခင်း ကျောက်စရစ်ကျောက်ပြားပေါ်သို့ အရောက်မှာ ဗုန်းဆိုသော လူတစ်ယောက် အမြင့်မှ အောက်ပြုတ်ကျသံကြီးလို ကြားသိရသည်နှင့် တစ္ဆေသရဲ မကြောက်ပါဘူးဆိုသော ဆရာတပည့်နှစ်ဦး ဖပါးနှင့် တင်ပါး တစ်သားတည်းကပ်၊ ပါးစပ်ကလည်း "အောင်မလေး...သရဲ...သရဲ" ဆိုတာတွေ ဗလုံးဗထွေး ဝူးဝါးဝူးဝါး အော်၍ အိမ်အရောက်ပြေးခဲ့ကြလေတော့သည်။

♦♦♦

နောက် ဖြစ်စဉ်တစ်ခုလည်း ရှိပါသေးသည်။

ထိုတိုက်အိမ်ကြီး နောက်ကျောကပ် နောက်ဖေး လမ်းကြားလေးတစ်ဖက်ဘေး မြေခဲလမ်းကလေးအား မျက်နှာမူ တစ်လုံးတည်း မြေစိုက်ဆောက်လုပ်ထားသော တိုက်ပုကလေးတွင် အိမ်ရှင် လူကြီးတစ်ဦးသည် တိုက်ရှေ့ခန်းထွက် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ အေးအေးလူလူ သတင်းစာထိုင်ဖတ်နေလေသည်။ အချိန်က ည ၈နာရီ၊ ၈နာရီခွဲလောက်သာ ရှိပေဦးမည်။

ထိုစဉ် "ဖျတ်...ဂလောက်...ဂလောက်" ဆိုသော အသံကိုလည်း ကြား။ မိမိတိုက်ခန်းထဲသို့ အရာတစ်ခုလည်း ပြေးဝင်လာကြောင်း ရိပ်ခနဲတွေ့မြင်ရသောကြောင့် ဖတ်လက်စ သတင်းစာကို အောက်ချ၍ အသေအချာလိုက်ကြည့်သောအခါ အစိမ်း၊ အဝါ၊ အနီ အကန့်အကန့်ပါ လေထိုးသားရေဘောလုံးကလေးတစ်လုံး တိုက်ခန်းထဲ လိမ့်ဝင်လာကြောင်း တွေ့မြင်ရလေသည်။

ထို မြခဲလမ်းသည် ကျွန်ုပ်တို့ ရွှေပုန်သာလမ်းလို မဟုတ်။ ရပ်ကွက်တွင်း လူအနေကျဲပါးခြင်း၊ ကားအဝင်အထွက်လည်း နည်းပါးခြင်းကြောင့် လူသူနှင့် ယာဉ်စက်ဘီး၊ ဆိုက်ကား၊ မော်တော်ယာဉ်များလည်း အသွားအလာကျဲပါး တိတ်ဆိတ်ငြိမ်သက်နေတတ်သည်။ ခုလို ည ၇နာရီ စနာရီလောက်ဆိုလျှင်ပင် လူသူအသွားအလာ အရောက်အပေါက် မရှိသလောက်ကို ဖြစ်တော့သည်။ ထိုအချိန်မှာမှ ထူးထူးခြားခြား ဘောလုံးကလေးတစ်လုံးက တိုက်ခန်းထဲ လိမ့်ဝင်လာတာကို တွေ့မြင်ရသောကြောင့် ထိုတိုက်ပိုင်ရှင် လူကြီးခမျာ ကြောင်တောင်တောင်ဖြစ်၍ ဟိုကြည့် သည်ကြည့် ကြည့်မိလေသည်။ ထိုအခါ တိုက်ရှေ့ မြခဲလမ်းပေါ်တွင် အသက်အား(၁၀)နှစ်/ ၁၁နှစ်အရွယ်ခန့်ရှိ ကလေးတစ်ဦးရပ်နေတာ တွေ့မြင်ရလေသည်နှင့်...

"ဟဲ့...ဟဲ့...ဘယ်က ဘောလုံးကလေးလဲဟ။ သြော်...သြော်...ဒီသားကလေးဟာကိုး..."

ဆိုပြော၊ ပြောပြီး တိုက်ခန်းထဲပြေးဝင်လာသော ဘောလုံးကလေးအား လိုက်ဖမ်းပြီး...

"ဟဲ့...ကလေး၊ ဒီမှာ သား ဘောလုံးကလေး၊ ရော့- လာယူချေလေ"

ဆိုပြီး အပေးမှာ ထိုကလေးက ဘောလုံးကလေးအား ပြေးယူပြီး ရုတ်ခြည်း လှည့်အပြေး၊ ထိုတိုက်ပိုင်ရှင်သည်လည်း ဒီအချိန် ကလေးလေးတစ်ယောက်တည်း ထူးထူးဆန်းဆန်း ဘယ်ကမျှားပါလိမ့်ဆိုပြီး တိုက်ရှေ့ထွက်၍ ထိုကလေးသွားရာကို လိုက်ကြည့်ရာတွင် မိမိတိုက်နံဘေး နောက်ဖေး လမ်းကြားကို ကျော်၍ တစ်ဖက်ဘေးကပ် ဦးအောင်ထိပ်လူ၏ တိုက်ခံအိမ်ကြီး အုတ်တံတိုင်းဝင်းနံရံနောက်ပေါက် လူတစ်ကိုယ်ဝင်ထွက် သံဘောင်ကာ အလုံပိတ် တံခါးကလေးမှ ပြေးဝင်ပျောက်ကွယ်သွားကြောင်း တွေ့မြင်လိုက်ရလေတော့သည်။

♦♦♦

အခုလည်း ကျွန်ုပ်တစ်ကိုယ်တည်း အောင်ဇမ္ဗူဟိန်း ကားလမ်းမကြီးထိပ် ထွက်လာသောအခါ ထိုသူဌေး ဦးအောင်ထိပ်လူ၏ တိုက်ခံအိမ်ကြီး အုတ်ဘောင်စီ ဝင်းထရံကာ တစ်ဖက်ထောင့်၊ ဆိုရသော် မြခဲလမ်းကလေး တစ်ဖက်ထိပ် ဘေးစပ် ရေတမာပင်ပျိုကလေးအောက် လေးထောင့်စပ်စပ် အုတ်ဘောင်စီ အုတ်ခဲကလေးပေါ်တွင် အောင်ဇမ္ဗူဟိန်း ကားလမ်းမကြီးဘက် မျက်နှာမူ(ထိုကဲ့သို့ မျက်နှာမူနေခြင်း

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်လို ဖြစ်နေသည်) ယိုယိုကလေး ထိုင်နေသော အမျိုးသမီးငယ်တစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ကားလမ်းမကြီး ဟိတက် သည် ဘက်ခြားဆိုပေမယ့် ထိုအမျိုးသမီးထိုင်နေရာ သစ်ပင်ကလေးနောက်ကျော တစ်ဖက်ကပ်ရပ်တွင် ထိန်ထိန်ပြောင်လင်းနေသော လေးပေ မီးချောင်း ထွန်းညှိ ဓာတ်တိုင်ကလေး ရှိနေခြင်း၊ သူမရဲ့ တည့်တည့် ကားလမ်းမကြီးတစ်ဖက် ဘေးတွင် မာကြူရီ မီးလုံးကလေး လင်းထိန်နေသော ဓာတ်တိုင်တစ်တိုင်လည်း ရှိနေခြင်းကြောင့် ထိုအမျိုးသမီးကို ကွက်ကွက်ကွင်းကွင်း အထင်အရှား ပကတိအတိုင်း တွေ့မြင်နေရခြင်းဖြစ်သည်။

အမျိုးသမီးသည် အသက်အား ဖြင့် နှစ်ဆယ်ကျော် အစိတ်ဝန်းကျင်ခန့် ရှိမည်ဖြစ်ပြီး အသားဖြူဖြူချောချော၊ ကိုယ်ဟန်ကြွကြွ၊ အဝတ်အစား အားဖြင့်လည်း အပေါ်ပိုင်း အဝါနုရောင် ဖျော့ဖျော့ အင်္ကျီလက်စက၊ အောက်ပိုင်းတွင် အစိမ်းနုခေါ်မလား၊ ဖက်ဖူးရောင်တွင် အနီအဝါအပွင့်အခက် အစက်အပြောက်ကလေးများပါဟု ထင်ရသော ထဘီကို ဝတ်ဆင်ထား သည်။

ကျွန်ုပ်စိတ်အဝင်စားဆုံးနှင့် အထူးခြားဆုံးမှာ သူမ၏ ဆံပင်အပြင်အဆင်ပင်ဖြစ်သည်။ ရန်ကုန်မြို့လယ်တစ်နေရာတွင် သူမအသက်အရွယ်နှင့် ဟိုးရှေးခေတ် တောကျေးရွာနေ လုံမေတို့အပြင်အဆင် ဆံရစ်ဝိုင်း ဆံပင်ပုံသဏ္ဌာန်သင် ပြင်ဆင်ထားသောကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် ခုလို ညဉ့်နက်သန်းခေါင်ကျော် ၂နာရီခွဲ ၃နာရီနီးအချိန်တွင် မကြောက်မရွံ့ တစ်ကိုယ်ရေ လာထိုင်နေသော သူမကို စိတ်ဝင်စားသည်ထက် ခေါင်းထက်က ဆံရစ်ဝိုင်း ဆံပင်ပုံကို ကြည့်ပြီး "ဘယ်လိုဟာလဲဟု" ဆိုသောအသိဖြင့် သူမအား တစ်ဖက် ကားလမ်းမှ ရပ်၍ အသေအချာ ကြည့်နေမိသည်။ ထိုအချိန်တွင် သူမသည် ကျွန်ုပ်အား မကြည့်။ သူမ၏ ညာဘက် မျက်နှာမူ တစောင်းကလေး ကြည့်နေကြောင်း တွေ့မြင်ရလေသည်။

ထိုအချိန်ကလေးမှာပင် ကျွန်ုပ်သည် ထိုအမျိုးသမီး ဈေးကြီးကားများ ထွက်စောင့်နေရော့လေသလားဆိုသည့် အသိဝင်၍ ဟိုးရှေ့ ဓာတ်တိုင်နှစ်တိုင်ကျော်ရှိ ကားရပ် မှတ်တိုင်အား လှမ်းကြည့်လိုက်ရာ သီရိမင်္ဂလာဈေးဘက် သွား ကုန်စိမ်းကြို ကားများလည်း တစ်စီးတလေမျှ မတွေ့ရ။ အချိန်က တစ်နာရီ၊ တစ်နာရီခွဲနီးပါးမျှသာ ရှိသေးသည်။ ဒါဆို သည်အမျိုးသမီးက ကုန်စိမ်းကြိုကားအလာ ထွက်စောင့်နေခြင်းလည်း မဖြစ်နိုင်ဆိုသော အတွေးဖြင့် စောစောက ထိုအမျိုးသမီးထိုင်နေရာ ရေတမာပင်လေးအောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ ထိုနေရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေခြင်းကို ကျွန်ုပ် အံ့သြစွာဖြင့် တွေ့မြင်လိုက်ရလေတော့သည်။

ဒါတင်မက၊ ဟိုတစ်လောက လည်း ကျွန်ုပ်သည် အလုပ်ကိစ္စတစ်ခုဖြင့် တာမွေအရပ်တက်မှ အပြန်၊ သည်အဖြစ်မျိုးကို ထိုယူဌေး ကိုက်ခဲအိမ်ကြီးရှေ့တွင် မြင်လိုက်ရပြန်လေသည်။

ထိုညက အချိန်အားဖြင့် ည ၉နာရီခွဲသာသာခန့်သာ ရှိပေလိမ့်မည်။ မိုးကလေးက ခပ်စိပ်စိပ်ရွာနေရာမှ နင်းကျသလို ဖွဲဖွဲကလေး ကျနေသည်။ ကျွန်ုပ်သည် တာမွေမှ မင်္ဂလာဈေး လမ်းကျယ်မှတ်တိုင်သို့ လိုင်းကားစီး လာခဲ့သည်။ ထိုအချိန်က တာမွေမှ မင်္ဂလာဈေး ကားလမ်းမကြီးကို ဖြတ်၍ ဆူးလေဘုရားသို့ တိုက်ရိုက်သွား ကြားကားခေါ် လိုင်းဆွဲကားများသာ ရှိသည်။ ထိုမင်္ဂလာဈေးမှ ကျွန်ုပ်တို့ နေထိုင်ရာ ရွှေမှန်သာဘက်သို့ သွားသော ကား မရှိသည်နှင့် ကျွန်ုပ်သည် ကားပေါ်မှ ဆင်းပြီး ကုန်းကြောင်းလျှောက် ပြန်ခဲ့လေသည်။

ထိုကဲ့သို့ ကျွန်ုပ် လမ်းဆင်းလျှောက်လာရာ ကျွန်ုပ်အိမ်ရှိရာ ရွှေမှန်သာလမ်းထိပ်မရောက်မီ ဓာတ်တိုင်တစ်တိုင်ခန့်အလိုလောက်ကနေ လှမ်းကြည့်လိုက်ရာ သူဌေး ဦးအောင်ထိပ်လူ၏ တိုက်ရှေ့ ကားဝင် အုတ်အင်္ဂတေကွန်ကရစ်လမ်းကလေးထက်တွင် ကောင်ကလေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် စိန်ပန်းပင်ကြီးအရိပ်အောက် ရပ်စကားပြောနေသည်ကို မြင်တွေ့လိုက်ရလေသည်။ ကျွန်ုပ်စိတ်ထဲ ကောင်ကလေးနဲ့ ကောင်မလေး စိန်ပန်းပင်အရိပ်ခို၍ လူကြီးတွေ မသိအောင် လာချိန်းတွေ့နေကြသည်လား။ ဒါမှမဟုတ် တက္ကစီကား ငှားရမ်းလို၍ တက္ကစီကားအလာ စောင့်နေသလားဟူ၍ တွေးပြီး အဲဒီရှေ့ဆီသို့ လျှောက်လာမိသည်။

တကယ်ပင်၊ အနားရောက်လို့ ကြည့်လိုက်တော့ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရတော့ဘဲ စိန်ပန်းပင်ကြီးသာ ထီးထီးရပ် တစ်ပင်တည်းဖြစ်နေသည်။

စောစောက တကယ်ကို တွေ့မြင်လိုက်ခြင်းသာဖြစ်သည်။ ကောင်ကလေးက ဂျင်းဘောင်းဘီအနက်ရောင်ကလေးနှင့် အဖြူခံမှာ အမည်းအစက်အပြောက်ပါ ရုပ်အင်္ကျီလက်တိုကို

www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဆင်ထားသည်။ သူညာလက်မှာ ဟိုးရှေးခေတ် ဖဲထီးလို ခလုတ်နှိပ်ရုံနှင့် အရွှမ်းပွင့်ထွက်သွားသော ချာလီထီးကို ကိုင်ထားသည်။ ကောင်မလေးကတော့ ဆံပင်က နီဝါရောင်၊ အင်္ကျီလက်တိုလည်ဟိုက်၊ အဖြူအပြောက် စကတ်တိုကို ဝတ်ဆင်ကာ ကန့်ကလျှဟန်နှင့် ကောင်ကလေးနံဘေး ခပ်ယိုယိုရပ်နေသည်ကို ကျွန်ုပ် အသေအချာတွေ့မြင်ရပါလျက် အနားရောက်မှ မျက်စိအောက်က ပျောက်ချင်းမလှ ပျောက်သွားရခြင်းကို ကျွန်ုပ်စိတ်မှာ တဖျစ်တောက်တောက် မကျေမချမ်းဖြစ်နေမိရပါသည်။

♦♦♦

ကြာတော့လည်း ဒါတွေနှင့် ပတ်သက်ပြီး ကျွန်ုပ်စိတ်မှာ ဘာတစ်ခုမျှ မရှိတော့ဘဲ ခုချိန်တွင် မေ့ပျောက်သလောက်ဖြစ်နေခဲ့သည်။

သို့ပေမယ့် အထိတ်ထိတ်အလန့်လန့်ဖြင့် ကြောက်အားကြီး မျက်လုံးပြူး မျက်ဆန်ပြူး ဝူးဝူးဝါးဝါးအော်ရင်း ပုဆိုးမနိုင် ပဝါမနိုင်ဖြင့် ဒရောသောပါး အပြေးရောက်လာသော၊ ပါးစပ်ကလည်း "လုပ်ကြပါဦး၊ သရဲ...သရဲ... ဟာ...ဟိုမှာ...ဟိုမှာ...ကျွန်တော့် နောက် လိုက်လာလို့..." ဆိုတာတွေ အော်နေတဲ့ ဆိုက်ကားသမား ချက်စူကို အနီးအနားအိမ်တွေရှိ လူကြီးများက ပရိတ်ရေမန်းတွေ တိုက်၊ ဂါထာတွေ ဝိုင်းရွတ် လုပ်ရတော့သည်။

အတော်ကလေးကြာ၊ ချက်စူ စိတ်ငြိမ်တော့မှ...

"မင်းဆိုက်ကားရော"

ဆိုပြီး ဝိုင်းမေးကြရတော့၏။

ဒီကောင် ချက်စူက ညဘက် ဆိုက်ကားဆွဲသည့် အလုပ်ကျွမ်းလေး လုပ်ပြီး မအေအိုကြီးကို လုပ်ကျွေးနေရသည်။ အုံနှာက နွေဘက်တော့ အခြားတစ်ဦးကို အုံနှာကြေးယူ ပေးထားခြင်း ဖြစ်သည်။ ချက်စူကိုတော့ အုံနှာခအဖိုး အခမယူပေ။ မအေလုပ်ကျွေးသူမို့ အလကားပေးပြီး ညပိုင်း ဆွဲစေခြင်း ဖြစ်သည်။

အဲဒီ ညသန်းခေါင်ကျော်က ပါစင်ဂျာ ပို့ပေးပြီး ဂိတ်အပြန် အဲဒီ မြခဲလမ်းကလေးဘက်က လှည့်ပြန်ခဲ့သည်။ ဟိုသူဌေး တိုက်ခံအိမ်ခြံဝင်းနောက်ပေါက်အရောက်၊ တစ်ည လေထိုး ရောင်စုံဘောလုံးကလေး လိမ့်ဝင်သွားတဲ့ အဘိုးကြီး တိုက်ကလေးရှေ့ အရောက်မှာ အမျိုးသမီးတစ်ဦးက သူ့ဆိုက်ကားကို လက်ပြတား ဝှားသတဲ့။ ဒါနဲ့ သွားလိုရာကို မေး၊ ဈေးစကားပြောပြီး ဈေးတည့်လို့ ကူရှင်ကို ဆွဲလှန်မ၍ အဲဒီအမျိုးသမီး အဆင်သင့်ထိုင်ပို့နေရာပေးပြီး အမျိုးသမီးမျက်နှာကို မော့အကြည့်လိုက်မှာတော့ ချက်စူ တစ်ယောက် လန့်ဖျန့်ပြီး ဆိုက်ကားကို ပစ်၍ အော်ပြီး ထွက်ပြေးလာခဲ့ခြင်း ဖြစ်သည်။

"ပထမ ကျွန်တော်နဲ့ သူ စကား ပြောနေတုန်းက အကောင်းဗျ။ မျက်လုံး မျက်ဖန်၊ နှာတံ၊ အို...အားလုံးက ဝင်းဝင်းတောက်တောက်၊ ဖြောင့်ဖြောင့် စင်းစင်း အတော့်ကို ချောလှတာလား။ အသားကလည်း ဖြူဖြူဝင်းဝင်းဆိုတော့ သူကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်အစားနဲ့လည်း သိပ်ပန်ရ လိုက်ဖက်တာ။ ဟို အင်္ကျီက အဝါနရောင်ဖျော့ဖျော့ လက်စက၊ ထဘီက အစိမ်းနုဗျာ။ ဖက်ရှင်ရောင် ဆိုရမှာပေါ့။ အဲဒီအရောင် ခံမှာ အနီနဲ့ အဝါပွင့် အခက်ကလေး ဖောက်ထားတဲ့ ထဘီဗျ"

"နေပါဦး၊ ဒါနဲ့ သူက ဘယ်သွား မယ်ဆိုပြီး ဆိုက်ကားကို ဝှားတာတုန်း"

"ဟိုဗျာ...ထင်းပုံဆိပ်တင်ပါ။ အဲဒီမှာ ရွာတွေဘက် သွားတဲ့ မော်တော်ဆိပ်ရှိတာကို။ အဲဒါနဲ့ ကျွန်တော်က ညဉ့်လည်း နက်နေတော့ သိပ်လည်း မပို့ချင်တာနဲ့ ခုနစ်ရာလမ်းကို တစ်ထောင်တောင်းတာ။ သူက လုံးဝ စဉ်းမဆစ်တူး။ ပို့ပေးပါဆိုပြီး ဆိုက်ကားပေါ် တက်တော့တာ။ အဲဒါ ကျွန်တော်က သူ အသင့်ထိုင်နိုင်အောင် ကူရှင်ကို လှန်မပြီး သူမျက်နှာကို ကြည့်လိုက်တော့ အားလားလား... စောစောက မျက်နှာသွယ်သွယ်၊ နှာတံစင်းစင်း၊ နင်းဆီဖူးငုံ နှုတ်ခမ်းအစုံ၊ ညီနေတဲ့ သွားကလေးတွေ၊ အဲဒါတွေ ဘာတစ်ခုမှ မရှိတော့ဘဲ ပလိန်း ပြားချပ်ချပ် မျက်နှာကြီးကို ထင်းခနဲ...ဟာဗျာ...ပြောရင်း ကြက်သီးတွေ ထလာပြီ။ ဒါနဲ့ နေဦးဗျ၊ အဲဒီအမျိုးသမီးက တော သူမှ တောသူအစစ်ပုံဗျ။ အဲဒါကို ကြည့်ပြီး ဟိုတောဘက် သွားမယ့် သဘော်ဆိပ်ဆီ ပို့ပေးပါဆိုတော့ ကျွန်တော် ယုံသွားတာ"

"မင်း ဘာကို ကြည့်ပြီး ယုံသွားတာလဲ"

"ဆံပင်ပုံက ဆံရစ်ဝိုင်း ဆံပင်ပုံဗျ။ ဆံရစ်ဝိုင်းမှ အုံအကြိုးကြီး..."

"ဟေ..."

ထိုစကားကြားရချိန်မှာတော့ ဒီတစ်ခါ ချက်စူ ကြက်သီး မထရတဲ့ ကျွန်ုပ် မောင်ဖိုးစိမ်းသာ ကြက်သီးတွေ တဖျန်းဖျန်းထလာလေတော့သည်။

* * *

မြရာမင်ခမောင်တင်ဆု

www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးလွင် (ဝါးခယ်မ)

လူနာအတွက် ယကြာတစ်ကွက်

ကျွန်တော်တို့ငယ်ငယ်က မိဘများ လက်သုံးဆရာမှာ ဆရာကြီး ဦးချစ်ပန်းဖြစ်ပါသည်။ ဆရာကြီးသည် အရပ်ရည်၌ အသားညှိုပါသည်။ ဝတ်စားပုံမှာ မြန်မာဆန်ဆန် လည်ကတုံးအင်္ကျီအဖြူ၊ တိုက်ပုံ ပင်နီတစ်လုည်၊ အနက်တစ်လုည် ဖြစ်သည်။ အမြဲတမ်း မြင်ရသည်ကား အပြုံးမျက်နှာဖြစ်သည်။

နေသည်က ဝါးခယ်မမြို့ဘက်ကမ်း သံကြိုးတိုင်ရပ်ကွက်တွင် ဖြစ်ပါသည်။

ဆရာကြီးက ကျွန်တော်ကို ဗေဒင်တွက်ချက်ကြည့်ဖို့ "ဗိုလ်သရီးက ဆရာဖြစ်မယ်သူပဲ။ ကျုပ်မွေးစားချင်တယ်၊ ဟေးမလား" ဟု အမေ့ကို ပြောပါသည်။

ကျွန်တော်ညီ ငယ်နာမည်မှာ "ဗိုလ်တူး" ဖြစ်၍ ကျွန်တော့်ကို "ဗိုလ်သရီး" ဟု ခေါ်ခြင်းဖြစ်ပါသည်။

ကျွန်တော့်အမေသည် သားသမီးများကို အလွန်ချစ်သည်။ ကျွန်တော်တို့အမည်ကို ခေါ်လျှင် မောင်၊ ကို ဟုပ်ခေါ်မှ ကြိုက်သည်။ ကျွန်တော့်ညီ ဗိုလ်တူးအမည်ရင်းမှာ "ဆန်းဦး" ဖြစ်သည်။ ဆန်းဦးဟု ခေါ်သည်ကို မကြိုက်ပါ။ မောင်ဆန်းဦး၊ ကိုဆန်းဦးခေါ်မှ ကြိုက်ပါသည်။

ကျွန်တော့်ကို ဆရာကြီးက တောင်းတော့ အမေက ရိုးအေးသူပီပီ ပြုံးရယ်၍သာ ငြင်းပယ်ခဲ့ပါသည်။ ကျွန်တော်သည် ဆရာကြီး ဟောသလို ဆရာဖြစ်ရန် ကံဇာတာပါခဲ့ဟန်တူပါသည်။ ငယ်စဉ်ကပင် ဆရာကြီး ဆေးကုသည်ကို အနားမှ ထိုင်ကြည့်နေတတ်သည်။

တစ်နေ့ ကျွန်တော့်အမေ နေမကောင်းသည်ကို ဆရာကြီး လာကုပါသည်။

လူနာကို ဆေးပေးသည်မှာ မြင်ရပါများ၍ ကျွန်တော့် အတွက် အဆန်းတကြယ်မဟုတ်တော့ပါ။ ဆန်းသည်ကား ဆရာကြီးသည် ဆေးပေးသည်သာမက၊ ကျွန်တော် မသိသော အရွက်များကို အမေ့ကျောကုန်းအောက်မှာ ခင်းအိပ်ခိုင်းခြင်းပင် ဖြစ်ပါသည်။ ဆရာကြီး ခိုင်းသမျှကို ကျွန်တော့် အစ်ကိုက လိုက်လုပ်ပေးရပါသည်။

တစ်နေ့ အနားမှာ ထိုင်ကြည့်နေသော ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးကို မေးကြည့်လိုက်သည်။

"ဆရာကြီးအရွက်တွေက စွမ်းတယ်။ ဘာအရွက်တွေလဲ။ အမေ နေကောင်းလာပြီ။ ဆန်ပြုတ် နှစ်ပန်းကန်တောင် သောက်တယ် ဆရာကြီး"

ဆရာကြီးက ဘာမှပြန်မပြောပါ။ ကျွန်တော့်ကို ကြည့်ပြီး ရယ်နေပါသည်။ ခေါင်းကိုလည်း လှုပ်ပုတ်၏။

"အင်း... မင်းကြီးလာရင် ဒါတွေ သိလာမှာပါ"

ဆရာကြီး ဦးချစ်ပန်း ကွယ်လွန်သွားသည်မှာ ဆယ်နှစ်နီးပါးရှိခဲ့ပါပြီ။ ဆရာကြီးဟောခဲ့သလို ဆရာကား ဖြစ်ပါသည်။ ဆေးဆရာတော့ မဟုတ်ပါ။ ဗေဒင်ဆရာ၊ စာရေးဆရာဖြစ်လာခဲ့ပါသည်။

ဗေဒင်ဆရာဘဝတွင် ဗေဒင်ကျမ်းဂန်များကို လေ့လာမိသောအခါ အရွက်ခင်းအိပ်၍ လူနာ ယတြာချေခြင်းကို ရှာဖွေတွေ့ခဲ့ရပါတော့သည်။

မဂ္ဂဇင်းများတွင် ဗေဒင်ဆောင်းပါးများ ရေးနေသူဖြစ်၍ အရွက်ခင်း လူနာယတြာချေခြင်းကို လက်ဆင့်ကမ်းရန် စိတ်ကူးပေါ်ခဲ့ပါတော့သည်။

ယူတတ်လျှင် စာပေမှ ပေးသော ဒါနသည်လည်း မွန်မြတ်လှကြောင်း ကိုယ်တိုင်ခံစားရင်း ဤဆောင်းပါးအား ရေးလိုက်ခြင်းပင် ဖြစ်ပါသည်။

နာတာရှည် လူနာအတွက် ယတြာ

၅၅	၆၆	၀၀	၁၁	၂၂	၃၃	၄၄
၂၂	၃၃	၄၄	၅၅	၆၆	၀၀	၁၁
၆၆	၀၀	၁၁	၂၂	၃၃	၄၄	၅၅
၁	၂	၃	၄	၅	၆	၀
၄၄	၅၅	၆၆	၀၀	၁၁	၂၂	၃၃
၀၀	၁၁	၂၂	၃၃	၄၄	၅၅	၆၆
၃၃	၄၄	၅၅	၆၆	၀၀	၁၁	၂၂

မွေးနေ့



အင်္ဂဇာတိုင်

ပထမနေ့သည် - ဆပွတ်နှင့် စတုရန်း
ဒုတိယနေ့သည် - အညွှန့်နှင့် အမြစ်
တတိယနေ့သည် - ပဉ္စပွတ်နှင့် တြိဂံ

တနင်္ဂနွေသားသမီး

ပထမနေ့သည်အတွက် ဆပွတ်(သောကြာ)အတွက် သပြေ ၆ရွက် အိပ်ရာပေါ်ထား၍၊ တန်းအောက် စတုရန်း(ဗုဒ္ဓဟူး)အတွက် ဝါးရွက် ၄ရွက် အိပ်ရာအောက်ထားအိပ်ရမည်။

နံနက်မိုးလင်းလျှင် တနင်္ဂနွေ၏ ဘုမ္မိအရပ်ဖြစ်သော တောင်စူးစူးအရပ်သို့ စွန့်ပစ်ပါ

ဒုတိယနေ့သည်တွင် တန်းထက်အညွှန့်(တနင်္လာ)အတွက် ကြွက်ရွက် ၂ရွက်ကို အိပ်ရာပေါ် ထား၍၊ တန်းအောက် အမြစ်(စနေနံ) ဒန်း ၇ရွက် အိပ်ရာအောက် ထားအိပ်ရမည်။

နံနက်မိုးလင်းလျှင် ဘုမ္မိအရပ်သို့ စွန့်ပစ်ပါ။

တတိယနေ့သည်အတွက် တန်းထက် ပဉ္စပွတ်(ကြာသပတေးနံ)အတွက် မေမြို့အရွက် ၅ရွက်ကို အိပ်ရာပေါ် ထား၍၊ တန်းအောက် တြိဂံရန်း(အင်္ဂါနံ) ဆီး ၃ရွက်အား အိပ်ရာအောက် ထားအိပ်ရမည်။

နံနက်မိုးလင်းလျှင် ဘုမ္မိအရပ်သို့ စွန့်ပစ်ပါ။

တနလ်္ဂာသားသမီး

ပထမနေ့သည်အတွက် တန်းထက် ဆပွတ်(စနေနံ)အတွက် ဒန်း ၇ခက်ကို အိပ်ရာပေါ်ထား၍၊ တန်းအောက် စတုရန်း(ကြာသပတေးနံ) မေမြို့ ၅ရွက်ထားအိပ်ရမည်။

နံနက်မိုးလင်းလျှင် တနလ်္ဂာ၏ ဘုမ္မိအရပ်ဖြစ်သော အနောက်တောင်အရပ်သို့ စွန့်ပစ်ပါ။

ဒုတိယနေ့သည်တွင် တန်းထက်အညွှန့်(အင်္ဂါနံ) ဆီး၃ရွက် ၃ရွက်ကို အိပ်ရာပေါ်ထား၍၊ တန်းအောက် အမြစ်(တနင်္ဂနွေနံ) အုန်းတစ်ရွက်ထားအိပ်ရမည်။

နံနက်မိုးလင်းလျှင် ဘုမ္မိအရပ်သို့ စွန့်ပစ်ပါ။

တတိယနေ့သည်အတွက် တန်းထက် ပဉ္စပွတ်(သောကြာနံ)အတွက် သင်္ဘက် ၆ရွက်ကို အိပ်ရာပေါ် ထား၍၊ တန်းအောက် တြိဂံရန်း(ဗုဒ္ဓဟူးနံ) ဝါ ၄ရွက်ထားအိပ်ရမည်။

နံနက်မိုးလင်းလျှင် ဘုမ္မိအရပ်သို့ စွန့်ပစ်ရမည်။ ကုန်းအင်္ဂါ။ ဗုဒ္ဓဟူး။ ကြာသပတေး၊ သောကြာ၊ စနေနေ့သားသမီး လူနာများသည် အထက်ပါ နမူနာပြထားသည့်အတိုင်း ပြုလုပ်ကြရမည်ဖြစ်ပါသည်။

ခုနစ်ရက်သားသမီးများ ကျန်းမာကြပါစေ

* * *

ဒေါ်နီးလွင်(ခါးစေး)

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းထွေလာ ကျိုက်ဆိုင်

မောင်လင်းအောင်

တစ်ခါတလေ တိုက်ဆိုင်မှုတွေ ရှိလာတော့လည်း . . .

အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ်တွင် နေထိုင်သော ဘာဘရာဆိုပါ(Bar Bara Sper) အမည်ရှိသူ အမျိုးသမီးသည် ရင်သွေးငယ်သုံးဦး မွေးဖွားခဲ့ရာတွင် ကလေးငယ်

များ၏ မွေးနေ့များသည် (၈-၈-၀၈)၊ (၉-၉-၀၉)နှင့် (၁၀-၁၀-၁၀)တို့ အသီးသီးဖြစ်ကြသည်။ ထိုတိုက်ဆိုင်မှုမျိုးသည် လူသန်း ၅၀တွင်မှ တစ်ယောက်မျှသာ တိုက်ဆိုင်နိုင်သည်။

ကိုလောရာဒိုတို့ ရေသောက်ပုံ

သစ်ကုလားအုတ်များ၏ အရပ်သည် မြင့်မားလွန်းသောကြောင့် သူတို့ ရေသောက်ပုံကို လူအများက သိရှိလိုကြမည်



ပင်။ ပုံတွင် ပြထားသည့်အတိုင်း သစ်ကုလားအုတ်များ၏ ရေသောက်ပုံဆန်းကို တွေ့မြင်ကြရမည်။

တယ်လီဖုန်းရုံမှသည် စာကြည့်တိုက်ဆီသို့

ဂျာမနီနိုင်ငံတွင် အသုံးမပြုတော့သော တယ်လီဖုန်းရုံဟောင်းများကို ပုံတွင် မြင်တွေ့ရသည့်အတိုင်း စာကြည့်တိုက်ငယ်လေးများအဖြစ် အကျိုးရှိစွာ ပြောင်းလဲ အသုံးပြု



ထားကြသည်။ ထိုစာကြည့်တိုက်ငယ်လေးများတွင် စည်းမျဉ်းတစ်ခုသာရှိသည်။ စာအုပ်ကို ယူပါ၊ ဖတ်ပါ၊ ပြီးလျှင် ပြန်ထားပါ၊ဟူ၍သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မိုးမျှော်ကားပါကင်

ဂျာမနီနိုင်ငံ၊ ဝုတ်ဖ်ဘတ်(Wolf bury)မြို့တွင် ကား များ ရပ်နားရန်အတွက် ပုံတွင် မြင်တွေ့ရသည့်အတိုင်း



မိုးမျှော် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်၍ ရပ်နားစေသည်။ အထပ် ၂၀အမြင့်ရှိသော မိုးမျှော် ကားပါကင်သည် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ဖြေရှင်းပေးနိုင်ပြီး မြေနေရာလည်း များစွာမယူပေ။ ယာဉ်ကြောပိတ်ဆို့မှု များပြီး ကားရပ်နားရန် မြေနေရာမလုံလောက်သော နိုင်ငံများ အတွက် အတုယူဖွယ်ရာပင်။

မြေနဂါးနှင့် မြွေပြဒါး

ရှားပါးပြီး မြင်တွေ့ရခဲတဲ့ မြွေနဂါးနှင့် မြွေပြဒါးတို့၏ ပုံဖြစ်ပါသည်။ ကျောပေါ်မှ နဂါးသဏ္ဌာန် အကြေးခွံဖောင်း



ခြင်းကြောင့် မြေနဂါး(Dragon Snake)ဟု ခေါ်တွင်သည်။ မြွေပြဒါးမှာလည်း ရှားပါးမြွေစာရင်းဝင်ဖြစ်ပြီး သူ၏ ထူးခြား လှသော အရေခွံအရောင်များကြောင့် မြွေပြဒါးဟု ခေါ်ကြသည်။ မြွေပြဒါးကို မြန်မာနိုင်ငံတွင်လည်း မြင်တွေ့ရနိုင်ပြီး ပြဒါးရောင်နှင့် ခပ်မဲ့မဲ့သဏ္ဌာန်အဆင်းရှိသည်။

လေယာဉ်ပြေးလမ်းပေါ်ရှိ အဝေးပြေးလမ်းမ

မီးရထားလမ်းနှင့် ကားလမ်းခဲ့ရာတွင် မီးရထား ထ
နေပါက ကားများ စောင့်ဆိုင်းနေရသည်ကို လူတိုင်း မြင်
ကြမည်ပင်။ သို့သော် ယခု မြင်တွေ့ရသောပုံတွင် လေယာ

ဖြတ်သန်းနေသဖြင့် ကားများ စောင့်ဆိုင်းနေရပုံဖြစ်သည်
ဗြိတိန်လက်အောက်ခံ Gibraltar နိုင်ငံငယ်လေး၏ လေဆိ
တွင် ဖြစ်သည်။ ကမ္ဘာပေါ်တွင် တစ်ခုတည်းသော လေယာဉ်
ပြေးလမ်းနှင့် အဝေးပြေးလမ်းမ (စပိန်နှင့် ဆက်သွယ်ထ
သော) ဆုံရာဂိတ်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မာသာထရီဆာ၏ ငယ်ဘဝ

ကရကတ္တာရှင် မာသာထရီဆာ၏ အကြောင်းကို လူ အိုင်း ကြားဖူးကြမည်ဟု ထင်ပါသည်။ မာသာထရီဆာ၏ အိမ်မှာကိုလည်း အိုမင်းသောအသွင်ဖြင့်သာ မြင်တွေ့ဖူးကြ

မေမည်။ ပုံပါအတိုင်း မာသာထရီဆာ အသက် ၁၇-နှစ် အရွယ်တွင် ဂိုက်ကူးထားသောပုံကို ရှားပါးစွာ တွေ့မြင်ရခြင်း ဖြစ်သည်။

မဆက်စပ်သော နိုင်ငံနှစ်နိုင်ငံ မရောနှောသော ပင်လယ်နှစ်ခု

ဖွံ့ဖြိုးတိုးတက်သော အမေရိကန်ပြည်ထောင်စုနှင့် ဆရိုက်မူများ ပြည့်နှက်နေသော အိမ်နီးချင်း မက္ကဆီကိုနိုင်ငံ နယ်စပ်ပုံဖြစ်သည်။

ဒုတိယပုံမှာ အလာဆကာ(Alaska) ပင်လယ်ကွေ့တွင် သမုဒ္ဒရာကြီးနှစ်ခု ဆုံတွေ့ရာ၌ မြင်တွေ့ရသည့်အတိုင်း ရေများ ရောနှောသွားခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော်



သမုဒ္ဒရာနှစ်ခု၏ ရေသိပ်သည်းဆ ပမာဏ မတူညီသော ကြောင့်ဖြစ်သည်။

ကမ္ဘာကျော် ဂရန်းကန်ကွန်ချောက်ကို အာကာသမှ ကြည့်ရှုခြင်း

အမေရိကန်ပြည်ထောင်စု အာဂျင်းနားပြည်နယ်ရှိ

ကမ္ဘာကျော် ဂရန်းကန်ကွန်(Grand Canyon) ချောက်ကြီးကို အာကာသမှ မြင်တွေ့ရပုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လူ၏ အသည်းကို ပျက်စီးစေသော အဓိကအချက်များ

(က) အိပ်ရာဝင် နောက်ကျခြင်းနှင့် အိပ်ရေးမဝဘဲ စောစီးစွာ အိပ်ရာထခြင်း။

(ခ) နံနက် အိပ်ရာနိုးနိုးချင်း အပေါ့မသွားပေးခြင်း။

(ဂ) အစားများများစားခြင်း(အဆီအအိမ့်)။

(ဃ) နံနက်စာ မစားပေးခြင်း။

(င) မလိုအပ်ဘဲ ပဋိဇီဝဆေးများစွာ သောက်သုံးခြင်း။

(စ) အဆီအအိမ့်များသော သရေစာများ၊ အကြော် အလှော်များ၊ Fast Food ဟု ခေါ်သော ဘာဂါ၊ အာလူး



ကြော်ကဲ့သို့သော သရေစာများ ဆိုးဆေးပါသော အစားအစာများ၊ သဘာဝ မဟုတ်သော တာရှည်ခံရန် ပြုပြင်ထားသော အစားအစာများကို အလွန်အကျွံစားသုံးခြင်း။

(ဆ) အရက်အလွန်အကျွံသောက်သုံးခြင်း။

(ဇ) မသန့်ရှင်းသောဆီများ(စာအုန်းဆီ၊ တိရစ္ဆာန်ဆီ)၊ အသုံးပြုပြီးသော ဆီများကို အဖန်တလဲလဲသုံး၍ ကြော်လှော်ချက်ပြုတ်ထားသော အစားအစာများ၊ ဆီကြော်မုန့်များကို စားသုံးခြင်း၊

(ဈ) ကောင်းစွာ မချက်ပြုတ်ရသေးသော အစားအစာများ၊ အမဲသားစိမ်း၊ ငါးအသားလွှာကဲ့သို့သော အသားစိမ်း၊ ငါးစိမ်းများ၊ ဝက်အူချောင်းကဲ့သို့သော တာရှည်ခံရန် ပြုလုပ်ထားသော အစားအစာများကို ပုံမှန်ထက် လွန်ကဲစွာ စားသုံးခြင်း၊

(ည) မိမိတို့၏ တစ်နေ့တာ နေထိုင်စားသောက်ပုံ မမှန်ကန်မှုများသည် မိမိတို့၏ အသည်းကို ဆိုးရွားစွာ ပျက်စီးစေ၍ အသည်းကင်ဆာ၊ အသည်းရောင် အသည်းဝါ၊ အသည်းခြောက်ရောဂါကဲ့သို့သော အသက်အန္တရာယ်ရှိသော ရောဂါဆိုးများ ရရှိစေနိုင်သည်။

အော်စကာအထူးဆု

၁၉၃၉ ခုနှစ်တွင် အော်စကာဆုရရှိခဲ့သော မနှင်းပြု နှင့် လူပုလေး ၇ယောက် ဇာတ်ကား(Snow White and



Seven Dwarfs) အတွက် အထူးပြုလုပ်ပေးထားသော အော်စကာဆုဖြစ်ပါသည်။

လူမျက်လုံးနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ

ပုံမှန် လူတစ်ဦးသည် တစ်မိနစ်လျှင် ၁၂ကြိမ်မျှ မျက်တောင်ခတ်လေ့ရှိသည်။

မျက်လုံးတစ်လုံးတွင် အစိတ်အပိုင်းပေါင်း နှစ်သန်းပေါင်းစု၍ အမြင်အာရုံကို ဖြစ်ပေါ်စေသည်။



ဓာတ်ပုံပညာဖြင့် တိုင်းတာပါက ကျွန်ုပ်တို့၏ မျက်သည် ပုံရိပ်ပြတ်သားမှု ၅၇၆(576 mega pixel) ထိ ရှိသည်။ ကွန်ပျူတာပညာဖြင့် တိုင်းတာပါက တစ်နာရီလျှင်

www.burmeseclassic.com

www.burmeseclassic.com

အချက်အလက်ပေါင်း ၃၆၀၀၀(36000 bits)မျှ လုပ်ဆောင်ပေးသည်။

မျက်လုံးတစ်လုံးချင်းစီ၏ အလေးချိန်သည် ၂၀-၃၅ မျှ ရှိသည်။

မျက်လုံးဖွင့်ပြီး နှာချေ၍ မရပေ။

တစ်နေ့လျှင် အကြိမ် တစ်သောင်းခန့် မျက်တောင်ခတ်လေ့ရှိကြသည်။





Hobbit တို့၏ အိမ်လေးများ

Hobbit, Lord of The Ring ဇာတ်လမ်းတွဲများကို အထူးနှစ်သြက် အားပေးသူများအတွက်တော့ နေချင်စဖွယ်ကောင်းသော Hobbit အိမ်လေးများကို စိမ်းနေမည် မဟုတ်ပေ။ နယူးဇီလန်နိုင်ငံတွင် Hobbit အိမ်လေးများ အမှန်တကယ် တည်ရှိနေသည်ကို ပုံပါအတိုင်း မြင်တွေ့ရမည်ဖြစ်သည်။

* * *

မောင်လင်းခေါင်

အသက် ၄နှစ်မှသည် ၉၁နှစ်ဆီသို့

Ron နှင့် Elleen Everest တို့ နှစ်ဦးသည် အသက် ၄နှစ်သားအရွယ်တွင် စေ့စပ်ခဲ့ကြပြီး ၁၉၄၃ ခုနှစ်တွင် လက်ထပ်ခဲ့ကြကာ ယခု ၂၀၁၃ခုနှစ်ထိ သူတို့နှစ်ဦး အသက်

Ron and Eileen Everest at age 4, on their wedding day in 1943 and in 2013

၉၁နှစ်အရွယ်ထိတိုင်အောင် ခိုင်မြဲသော မေတ္တာတရားဖြင့် သစ္စာရှိရှိ လက်တွဲကာ သာယာချမ်းမြေ့စွာ နေထိုင်လျက် ရှိသည်။

သတ္တဝါများကို မည်ဉီးဆဲသင့်ပေ

ဘုရားရှင်ကား အကျိုးအမြစ်ကို ကုန်စင်အောင် မြင်တော်မူသည့်အတွက်
"အတ္တာနံ ဥပမံ ကတွာ၊ နှ ဟနေယျ-နှ ဃာတယေ. . .
မိမိကိုယ်ကို ဥပမာထား၍ (ကိုယ်ချင်းစာ၍) မည်သည့်သတ္တဝါကိုမျှ မည်ဉီးဆဲ
မသတ်ဖြတ်ကြနှင့်" ဟု တိုတိုတုတ်တုတ် ဟောကြား ဆုံးမခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုက်ခဲ ထုံကျဉ် ပျောက်စေချင်နဲ့ အာခံတွင်းရနံ့ သင်းပျံ့ပျံ့

နတ်မောက် မှတ်ကျောက်

ကိုက်ခဲ ထုံကျဉ်ရောဂါများအတွက်

ခြေဆစ်၊ လက်ဆစ်၊ ဒူးဆစ်များ ကိုက်ခဲနာကျင်ခြင်း၊ အသားအရေ ပုပ္ပန်းပုတ်ဘဲ ထုံကျဉ်ခြင်းတို့အတွက် အစွမ်းထက် ပြန်မာ့ရိုးရာ စားဆေးတစ်လက် တင်ပြလိုပါသည်။

ဤဆေးတော်ကြီး၏ ထူးခြားချက်မှာ···

* ဘေးထွက်ဆိုးကျိုးမရှိခြင်း၊
* သုံးလခန့် စွဲစားပါက လေငန်း၊ လေဖြတ်၊ သွေးတို့၊ ဆီးချိုရောဂါများပါ သက်သာပျောက်ကင်းစေခြင်း၊
* ဆေးဖက်ဝင် ပစ္စည်းအစစ်အမှန်ဖြစ်ပို့သာ အဓိကလိုအပ်ခြင်းတို့ ဖြစ်ပါသည်။

လိုအပ်သော ဆေးဖက်ဝင် ပစ္စည်းများမှာ···

(၁) နနွင်းခါးစစ်စစ်၊

(၂) လက်ပံခါးစစ်စစ်၊

(၃) ပျားရည်စစ်စစ်တို့ ဖြစ်ပါသည်။

ဆေးဖော်စပ်ပုံမှာလည်း မခက်ခဲ။ လွယ်ကူပါသည်။ နနွင်းခါးနှင့် လက်ပံခါးကို သေချာမှုန့်အောင် ပြုပါ။ မှုန့်ပြီဆိုမှ တစ်ဆယ်သားစီ ရောမွှေသမျှပြီး ပျားရည် နှစ်ဆယ်သားလောင်း၍ မွှေထားပါ။ ဆေးစားသည့်အခါတိုင်း သမအောင် မွှေပြီးမှ စားပါ။

နံနက် ဟင်းသောက်ဇွန်းတစ်ဇွန်း၊ ညအိပ်ရာမဝင်မီ တစ်ဇွန်း၊ ပုံမှန်စားပါ။

အထက်ပါ ဆေးအချိုးအဆသည် ဆေးတစ်ပုံစာ ဖြစ်ပါသည်။ ဆေးသုံးပုံ၊ ငါးပုံစားပြီလျှင် ထုံနာ ကျဉ်နာ အဆစ်အမျက်ကိုက်ခဲခြင်း၊ သွေးတိုး ဆီးချိုရောဂါများ သိသိသာသာ သက်သာပျောက်ကင်းသွားပါမည်။ ဆေးကို မိမိရောဂါ၊ မိမိအခြေအနေအရ လိုတိုး ပိုလျှော့ ချင့်ချိန်စားနိုင်ပါသည်။ နိုးရာ မြန်မာ့ဆေးနည်းတစ်လက်ဖြစ်၍ တင်ပြလိုက်ပါသည်။

အာခံတွင်းနံ့အတွက်

ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဆူးပုပ်ရွက် စသော ခံတွင်းဆိုးစေသည့် အစားများ စားမိသည့်အခါတွင် လည်းကောင်း၊ မူလကပင် ခံတွင်းနံ့ဆိုးနေသူများအတွက် လည်းကောင်း အောက်ပါ နည်းလမ်းအတိုင်း လက်တွေ့ သုံးကြည့်စေချင်ပါသည်။

* သကြားဖြူကို လက်ဖက်စားဇွန်းတစ်ဇွန်းခန့် အာခံတွင်း ဘယ်-ညာနှံ့အောင် ဝါးစားပေးလိုက်ပါ။
* မာလာကာသီးစိတ်၊ နာနတ်သီးစိတ်၊ လိမ္မော်သီးစိတ်၊ ရောက်ချိုသီးစိတ်များကို ဝါးစားပေးလိုက်ပါ။

အထက်ပါ နည်းလမ်းထဲမှ တစ်နည်းနည်း လက်တွေ့မီရာနည်းကို အသုံးပြုခြင်းဖြင့် အာခံတွင်းမှ အနံ့ဆိုးပျောက်သွားပြီး ခံတွင်းရနံ့ သင်းပျံ့လျက် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရရှိစေပါလိမ့်မည်။

* * *

နတ်မောက်မှတ်ကျောက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

■

လွန်ခဲ့သော နှစ် ၅၀ကျော်ခန့်က ဖြစ်သည်။ ထိုအချိန်ကာလတို့၌ လောကီပညာရပ်များကို လေ့လာလိုက်စားသူ အလွန်ပေါသည်။ အင်း၊ အိုင်၊ ခလဲ့၊ လက်ဖွဲ့၊ ဂါထာ၊ မန္တယားစသည့် ပညာရပ်များပင် ဖြစ်သည်။ တချို့လည်း ထိုပညာရပ်များကို တစ်ဖက်ကမ်းခတ် ပေါက်မြောက်အောင် သင်ယူနိုင်သူတွေ ရှိသည်။ ထိုပညာရပ်များကိုပင် အထက်လမ်း အောက်လမ်း ဟူ၍ ခွဲခြားထားကြသည်။ အထက်လမ်းဆိုသည်က ဘိုးဘိုးအောင်၊ ဘိုးမင်ခေါင် စသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ လမ်းစဉ်အတိုင်း သင်ယူကျင့်ကြံခြင်းဖြစ်ပြီး အောက်လမ်းဆိုသည်က စုန်း၊ ကဝေအတတ်ကဲ့သို့သော ယုတ်ညံ့သော အတတ်ပညာများဖြစ်သည်။ အထက်လမ်းက လူတို့၏ ဘေးဥပဒ်တို့ကို ရှင်းလင်းကာကွယ်ပေးပြီး အောက်လမ်းက လူတစ်ဦးနှင့် တစ်ဦး ပျက်စီးစေရန် မကောင်းကြံရာတွင် အသုံးချတတ်ကြသည်။

ထိုစဉ်က စာရေးသူတို့ မြို့၏ တစ်ဖက်ကမ်းတွင် "သရွတ်သွတ်ရွာ" ရှိသည်။ အိမ်ခြေအတန်များသော ရွာကြီးဖြစ်သည်။ ရွာဦးကျောင်း ဆရာတော်ကြီး ဦးခေမာသည်ပင် လူဘဝက အထက်လမ်းအကျော်အမော်တစ်ဦးဖြစ်သည့်အပြင် နှမဖြစ်သူ သီလရှင် ဆရာလေး ဒေါ်မာလာသည်လည်း လူဘဝက သမထအစွမ်းကြောင့် အကြားအမြင်ရခဲ့သည်။ တစ်ခါတွင် ဆရာတော်တို့ မောင်နမ၏ ကျေဉာ်ကြားမှုကို မနာလို ဝန်တိုဖြစ်နေသော အောက်လမ်းဆရာတစ်ဦးက "တင်ရိန်" ဆိုသော ကောင်လေးအား သူ၏ ပညာဖြင့် ရူးသွပ်အောင် လုပ်ခဲ့ပြီး ဆရာတော်တို့ မောင်နမအား ကုသရန် စိန်ခေါ်ခဲ့သည်။

ဆရာတော်က ထိုကိစ္စသည် ယှဉ်ပြိုင်ရမည့်ကိစ္စမဟုတ်ကြောင်း၊ သူတစ်ပါးကို မနစ်နာစေလိုကြောင်း အောက်လမ်းဆရာအား မေတ္တာရပ်ခံခဲ့သည်။ သို့သော်လည်း အကုသိုလ်စိတ် လွှမ်းနေသော အောက်လမ်းဆရာက ပညာမာန်ဖြင့် စိန်ခေါ်နေခဲ့သည်။ ဓားစာခံ ကောင်လေးမှာလည်း တစ်နေ့တခြား အခြေအနေပိုဆိုးလာသည်။ အိပ်ရစားရ မှန်းမသိ၊ ချေးမှန်းသေးမှန်း မသိသော ဘဝသို့ ရောက်လာသည်။

ဆရာတော်က တင်ရိန်၏ အဖြစ်ကို ကြည့်ကာ အတော်စိတ်မကောင်းဖြစ်ရသည်။ သူ သင်ယူထားသည့် ပညာက လူတွေ၏ ဘေးဥပဒ်တို့ကို ကယ်ဆယ်ကုသပေးရန် ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင် အနိုင်ယူဖို့ မဟုတ်။ ယခုတော့ သူတို့မောင်နမကို အကြောင်းပြု၍ မဆိုင်သော ကလေးတစ်ယောက် အကျိုးနည်းဖြစ်နေရပေသည်။ ထို့အတွက် မျက်နှာလွဲနေ၍ မဖြစ်ပေ။ မကောင်းသူကို ပယ်၊ ကောင်းသူကို ကယ်ရပေမည်။ အောက်လမ်းဆရာသည်လည်း သူ၏ မကောင်းစိတ်က သူ့အား ဒဏ်ပြန်ခတ်ခဲ့သည်။ ဆရာတော်တို့ မောင်နမက တင်ရိန်အား ကုသပေးနေစဉ်မှာပင် အကြောင်းတိုက်ဆိုင်စွာ အောက်လမ်းဆရာ သေဆုံးသွားခဲ့သည်။

ဆရာတော်တို့ မောင်နမသည်လည်း သံဝေဂယူမိသည်။ လူလောက၏ ကိုယ်ထက်သာ မနာလို၊ ရန်ကို ရန်ခြင်း တုံ့ပြန်ရင်းဖြင့် ရန်မီးမငြိမ်းနိုင်သည့် အနိဋ္ဌာရုံတို့ကိုလည်း ရှုရှာမိသည်။ ထို့ကြောင့်ပင် ဆရာတော်တို့ မောင်နမ လူဘောင်ကို စွန့်၍ သာသနာဘောင်သို့ ဝင်ခဲ့ကြခြင်းဖြစ်ပေသည်။

♦♦♦

တစ်နေ့ ဆရာတော့်ကျောင်းပေါ်သို့ ရွာထဲမှ ဒကာတစ်ယောက် ဂုနှစ်အရွယ် ကလေးတစ်ယောက်ကို လက်ဆွဲ၍ ရောက်လာသည်။ ဆရာတော်က···

"ဟဲ့···ကံသာ၊ ဘာအကြောင်း ရှိလို့တုန်း"

"မှန်ပါ့၊ တပည့်တော်သားကို ဆရာတော့်ကျောင်းမှာ လာအပ်ထားပါဘုရား။ ဆရာတော် လိုအပ်သလို ဆုံးမသွန်သင်တော်မူပါ"

"ကလေးကရော မိဘတွေနဲ့ ခွဲနေနိုင်ပါ့မလား"

"အိမ်မှာက တပည့်တော်တို့သားအဖနှစ်ယောက်ပဲ ရှိတာပါ ဘုရား။ ကလေးအမေက ကလေးကို မွေးပြီး ဆုံးပါးသွားပါတယ်။ တပည့်တော်လည်း ရပ်ဝေးမှာ သွားပြီးအလုပ်လုပ်နေရတာမို့ ဆရာတော့်ထံမှာပဲ ကျောင်းသားအဖြစ်နဲ့ အပ်ခဲ့ပါရစေ ဘုရား"

"အေး၊ ကောင်းသကွာ။ နင်ကလေးက မွေးပြီး ဘုန်းကြီးက ကျွေးစောင့်ရှောက်ရမယ်ပေါ့၊ ဟုတ်စ"

"ဒီလိုလည်း မဟုတ်ပါဘုရား။ တပည့်တော်သားမှာ အမှုမတူတဲ့ ထူးခြားမှု ရှိပါတယ် ဘုရား။ အဲဒါကြောင့် စိတ်မချနိုင်တာပါ။ ဆရာတော့်အရိပ်မှာ ဆရာတော့်ဆိုဆုံးမသာ သင့်တော်မယ်ထင်လို့ပါ ဘုရား"

"ဟော···၊ ဘယ်လိုထူးခြားမှုတွေ ရှိလို့လဲ"

"တပည့်တော်သားရဲ့ ဟော လက်ညှိုးပေါ်က အမှတ်ကြီးပါ လက်ညှိုးနဲ့ ပန်းပင်ကို တို့ရင် ပန်း သေတယ်။ သတ္တဝါတွေးတွေကို ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း သတ္တဝါတွေ မခံနိုင်ကြပါဘူး ဘုရား။ မတော်လို့များ ပညာသည် တစ်ဦးဦးနဲ့ တွေ့ရင် အခက်တွေ့မှာ စိုးလို့ပါ ဘုရား"

"အေးအေး···အေး။ ဒီလိုဆို တော့လည်း ဟုတ်ပေသားပဲ။ ကလေးမှာက အတိတ်ဘဝရဲ့ အကျိုးဆက်ပါလာခဲ့တာကိုး။ ကောင်းတယ်၊ ကောင်းတယ်။ ဒီလို ပါလာတဲ့ အစွမ်းကို ကောင်းတဲ့နေရာမှာ အကျိုးရှိအောင် အသုံးချနိုင်ဖို့ လိုတယ်ကွဲ့။ ဒါနဲ့ ကလေးနာမည်က ဘယ်လိုခေါ်လဲ"

"မောင်တက်ထွန်းလို့ ခေါ်ပါတယ် ဘုရား"

သို့ဖြင့် တက်ထွန်းတစ်ယောက် ဆရာတော်ကျောင်း၌ ကျောင်းသားဘဝ ဖြင့် ကျင်လည်ရတော့သည်။ တက်ထွန်းက စနေသားပီပီ ထက်မြက်သည်။ သူလုပ်ချင်သည်ကို ဇွတ်တရွတ်လုပ်တတ်သည်။ သို့သော်လည်း ဆရာတော်၏ သွန်သင်ဆုံးမမှုအောက်တွင် အနေကြာလာသည်နှင့်အမျှ လိမ္မာယဉ်ကျေးတတ်လာခဲ့သည်။ ဗီဇ၊ ဥာဉ် ဆိုသည်က ကွယ်ပျောက်သွားရိုးထုံးစံမရှိ။ ငုပ်လျှိုးနေခြင်းသာ ဖြစ်သည်။ တစ်ချိန်ချိန် အကြောင်းတိုက်ဆိုင်မှ ရှိလာလျှင် ပေါ်လာတတ်ကြစမြဲပင်။

တက်ထွန်း၏ အစွမ်းကို တစ်နေ့တခြား သိလာကြရသည်။ တချို့က တက်ထွန်းကို ဝမ်းတွင်းစုန်းဟုပင် ကင်မွန်းတပ်ကြသည်။ တက်ထွန်းက ကလေးသဘာဝ ကလေးအတွေးနှင့် လုပ်ခဲ့တာတွေ ရှိသည်။ ကစားဖော်ချင်း ဒေါပစ်ကြရာ၌ ကစားဖော်၏ မိဘတချို့က သူတို့ကလေးကို တက်ထွန်းနှင့် မကစားစေလိုကြ။ တက်ထွန်းက သူတို့ကလေးကို ဝမ်းတွင်းပါ ပညာဖြင့် လုပ်လိုက်မှာ စိုးရိမ်ကြသည်။ အရပ်ထဲ ပြောဆိုနေကြသည်မှာလည်း ဝမ်းတွင်းစုန်းက ပြစားလျှင် ဘယ်ဆရာမှ မကုသနိုင်ဆိုသော စကားကို ယုံကြည်နေကြသည်။ မိဘများက သူတို့ကလေးကို ပြန်ခေါ်သွားလျှင် ကစားဖော်မရှိဘဲ တက်ထွန်းတစ်ယောက်တည်း ကျန်ခဲ့လေ့ရှိသည်။ ထိုအခါတွင် တက်ထွန်းလုပ်တတ်သည်မှာ တုတ်တစ်ချောင်းကို ကိုင်၍ "မြွေကြီးလာပြီ"ဟု ပြောလျှင် မြွေတစ်ကောင်က စောစောက မိဘများနောက်သို့ လိုက်သည်။ ကွဲကြီးလာပြီဟု ပြောလိုက်လျှင် ကွဲကြီးတစ်ကောင်က အနောက်မှ ကဆုန်ပစ်၍ ဝင့်တော့မည့်ဟန်ဖြင့် လိုက်သဖြင့် ပြေးကြလွှားကြဖြစ်ကာ အရပ်ထဲ ဆူညံလေ့ရှိသည်။

ထိုကဲ့သို့သော အကြောင်းတို့ကြောင့် ဆရာတော်က တက်ထွန်းအတွက် စိတ်မချနိုင်ဖြစ်ရသည်။ အနီးအပါးရွာများ၌လည်း တက်ထွန်းအကြောင်း သိနေကြသည်။ အထူးသဖြင့် ပညာသည်လောကတွင် အပြောများသည်။ တက်ထွန်းလို အသိမကြွယ်သေးသော ကလေးကို ပညာသည်များက လက်တည့်စမ်း ပညာစမ်းလိုက်မှာကို စိုးသည်။ ထို့အပြင် ပတ်ဝန်းကျင်ဆိုး၊ စရိုက်ဆိုးများနှင့် ပေါင်းဖက်မိပြီး တုတ်ထွန်း၏ အစွမ်းကလောကအတွက် အဆိပ်အတောက်ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း အမြဲသွန်သင်ဆုံးမနေရပေသည်။

♦♦♦

ထိုအချိန်ကာလက လောကီပညာသည်တချို့သည် ထိုပညာဖြင့် အသက်မွေးကြသည်။ ဆေးကုခြင်း၊ အစီအရင်ပြုလုပ်ခြင်း၊ မျက်လှည့်ပြခြင်း စသော အလုပ်များဖြင့် အသက်မွေးကြခြင်းဖြစ်သည်။ ထိုထဲမှ မျက်လှည့်ဆရာများမှာ နေရာဒေသစုံ ရောက်ရသလို၊ လူပေါင်းစုံနှင့်လည်း ထိတွေ့ဆက်ဆံကြရသည်။ ထိုအခါ ဒေသစုံမှ ဆရာစုံတို့၏ ပညာစမ်းခြင်းကို ခံကြရသည်။ မျက်လှည့်ဆရာများမှာ အထက်လမ်း အောက်လမ်းစုံအောင် တတ်ကြသည်။ ကိုယ်တိုင်က ပညာခံကောင်းမှ ပညာစမ်းခြင်းကို ခုခံနိုင်ပေမည်။ မျက်လှည့်ဆရာတချို့လည်း ဝမ်းရေးအတွက် အရပ်တကာလှည့်လည် ရာဖွေကြရာတွင် ကိုယ်ထက် အစွမ်းထက်သော ဆရာများ၏ ပညာစမ်းမှုကို ခံရကာ အသက်ဆုံးကြရပေသည်။

သရွတ်သွတ်ရွာသို့ မကြာခဏ

ဆရာတော်က တက်ထွန်းအတွက် စိတ်မချနိုင်ဖြစ်ရသည်။ အနီးအပါးရွာများ၌လည်း တက်ထွန်းအကြောင်း သိနေကြသည်။ အထူးသဖြင့် ပညာသည်လောကတွင် အပြောများသည်။ တက်ထွန်းလို အသိမကြွယ်သေးသော ကလေးကို ပညာသည်များက လက်တည့်စမ်း ပညာစမ်းလိုက်မှာကို စိုးသည်။ ထို့အပြင် ပတ်ဝန်းကျင်ဆိုး၊ စရိုက်ဆိုးများနှင့် ပေါင်းဖက်မိပြီး တုတ်ထွန်း၏ အစွမ်းက လောကအတွက် အဆိပ်အတောက်ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း အမြဲသွန်သင်ဆုံးမနေရပေသည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသလို မျက်လှည့်ဝိုင်းများ ရောက်လာလေ့ရှိသည်။ ရိုန်းဆာယာအဖွဲ့၊ မနောမယ ဆရာသင်အဖွဲ့ ကိုးသံချိုင်းပြန် ဖိုးညို၊ တစ်ကြိုးပြန်ဟု နာမည်ကြီးသည့် သေဒဏ်ကြိုးမှ အသက်မသေဘဲ လွတ်လာသူ တစ်ကြိုးပြန်အဆောင်စသော အဖွဲ့ကြီးများအပြင်၊ အခြားအဖွဲ့လေးများလည်း ရောက်လာတတ်ကြသည်။ ရောက်လာသည့် မျက်လှည့်ဝိုင်းတိုင်း ရွာအလယ်ရှိ ကွပ်လပ်ကြီးတွင် မျက်လှည့်ပြလေ့ရှိသည်။ ရွာသားများသည်လည်း မျက်လှည့်ဝိုင်းလာတိုင်း အားပေးကြည့်ရှုလေ့ရှိသည်။

ထိုနေ့က မျက်လှည့်ဝိုင်းတစ်ဝိုင်း ရောက်လာပြီး မျက်လှည့်ပြနေသည်။ ရွာသားများလည်း ဝိုင်းခဲ့၍ ကြည့်ကြသည်။ ထိုအချိန် ဆရာတော်က တက်ထွန်းအား ရွာဆဲသို့ ဆွမ်းချိုင့်ပို့ခိုင်းလိုက်သည်။ ဆွမ်းချိုင့်ပို့ပြီး အပြန်တွင် တက်ထွန်းတစ်ယောက် ကလေးသဘာဝ မျက်လှည့်ဝိုင်းတွေ့သဖြင့် ဝင်ကြည့်သည်။ ပထမတော့ စိတ်ဝင်တစားကြည့်သည်။ ပြကွက်နှစ်ခုလောက် ကြည့်ပြီးသောအခါ တက်ထွန်းစိတ်ထဲအတွေးတစ်ခုဝင်လာသည်။ မျက်လှည့်ဆရာ၏ ပြကွက်တို့ကို သူစိတ်ထဲတွင် သိနေသည်။ ကလေးသဘာဝ သူသိကြောင့် လုပ်ပြလိုသည်။

ထို့ကြောင့် မျက်လှည့်ဝိုင်းအစပ်တွင် ထိုင်ကာ မျက်လှည့်ဆရာက ပြကွက်တစ်ခုကို စလိုက်သည်နှင့် တက်ထွန်းက ဖော်ကောင်လုပ်သည်။ မျက်လှည့်ဆရာက နောက်တစ်မျိုးကို ပြောင်းပြသည်။ နောက်တစ်ခု စသည်နှင့် တက်ထွန်းက ဖော်ပြန်သည်။ မျက်လှည့်ဆရာက မကျေမနပ်ဖြင့် တက်ထွန်းကို ကြည့်သည်။ ပရိသတ်များကလည်း တက်ထွန်းနှင့် မျက်လှည့်ဆရာတို့ကို ကြည့်ကာ တဝါးဝါးပွဲကျနေကြသည်။ မျက်လှည့်ဆရာ အတော်ပင် ရှက်သွားသည်။ ကလေးတစ်ယောက်က သူ့အလုပ်ကို လာနှောင့်ယှက်နေသည်ဖို့ စိတ်ဆိုးရ အခက်၊ မဆိုးရ အခက်ဖြစ်နေသည်။ ထို့ကြောင့် ကလေးကိုသာ မာန်မဲလိုက်သည်။

"ဟေ့ . . . ကလေး၊ ကောင်းကောင်းကြည့်၊ ဘေးကနေ ပေါက်ကရ မပြောနဲ့။ မကြည့်ချင်လည်း ထွက်သွား"

မျက်လှည့်ဆရာက ဆူပူမာန်မဲလိုက်သဖြင့် တက်ထွန်းတစ်ယောက် မျက်နှာငယ်ကာ နှုတ်ဆိတ်၍ နေလိုက်သည်။ စိတ်ထဲတွင်တော့ မကျေမနပ်ဖြစ်နေသည်။ မျက်လှည့်ဆရာက နောက်ထပ် ပြကွက်များ ပြနေသည်ကို ထိုင်ကြည့်ရင်း စိတ်ထဲတွင် စိတ်ကူးတစ်ခုရလိုက်သည်။ ထို့နောက် မျက်လှည့်ဝိုင်းနှင့် မနီးမဝေးသို့ ထသွားပြီး သစ်ရွက်လေးငါးရွက်ကို ခူးကာ လေထဲသို့ လွှင့်တင်ခဲ့ပြီး ကျောင်းသို့ ပြေးလာခဲ့သည်။

ထို့နောက် ကြားရသည်မှာ မျက်လှည့်ပြနေသော မျက်လှည့်ဆရာဆီသို့ ဘယ်ဆီက လာမှန်းမသိသော ပိတုန်းလေးငါးကောင်ရောက်လာပြီး မျက်လှည့်ဆရာအား ဝိုင်းတုပ်သဖြင့် "အမလေး" တက်ာ လှည့်ပတ်ပြေး၍ မရသည့်အဆုံး ပုဆိုးခေါင်းပြီးခြုံကာ နေရတော့သည်။ ပိတုန်းတုပ်သဖြင့် မျက်လှည့်ဆရာတစ်ကိုယ်လုံးလည်း ဖူးရောင်နေပေသည်။ မျက်လှည့်ဆရာ၏အဖြစ်ကို ကြည့်၍ တဝါးဝါးတဟားဟားဖြစ်ကုန်ကြသည်။ မျက်လှည့်ဆရာလည်း မျက်နှာမဖော်နိုင်အောင် အရှက်ရခဲ့သည်။

နှစ်ရက်ခန့်အကြာ ဆရာတော်ဦးခေမာ သီတင်းသုံးရာ ကျောင်းသို့ မျက်နှာမသာမယာဖြင့် ဦးသည် တစ်ဦးရောက်လာပြီး ဦးတိုက် လျှောက်ထားနေလေသည်။ ခဏအကြာ ဆရာတော်က . . .

"ဟဲ့ . . . တက်ထွန်း၊ တက်ထွန်း ဘယ်မှာလဲ၊ ဒီကို လာခဲ့စမ်း"

တက်ထွန်းတစ်ယောက် ဆရာတော်ခေါ်သံကြားသဖြင့် အပြေးအလွှား ရောက်လာသည်။ ဆရာတော်ကိုတွေ့ကြောက်သည်။ ဆရာတော်က ဆုံးမကြိမ်းသည်။ သူတစ်ပါးအပေါ် အနှောင့်အထပ်ပြုသည်ကိုလည်း မကြိုက်။ ဆရာတော်ရှေ့ရှိ လူကြီးကို တွေ့လျှင် မျက်လှည့်ဆရာကြီးမှန်း သိလိုက်သည်။ ဆရာတော်မျက်နှာကို မဝံ့မရဲကြည့်လိုက်ပြီး ခပ်လှမ်းလှမ်းတွင် ကုပ်ကုပ်လေး ထိုင်နေသည်။ ထို့နောက် ဆရာတော်က . . .

"ဟဲ့ . . . တက်ထွန်း၊ အခုမင်းကို ကြောက်သလို ရဲ့ဉာလိုလည်း မင်းဟိုမှာ နင်လုပ်ထားတဲ့ ကံစွဲကို ထပေးလိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com

"မုန်...မုန်ပါ့ ဘုရား"

တက်ထွန်းက မျက်လုံးဆရာ၏ ကိုယ်ပေါ်မှ အဖုအပိန့်ကြီးများကို သူလက်ညှိုးဖြင့် လိုက်လံ တို့ပေးလိုက်တော့မှ နာကျင်လွန်း၍ ခံစားနေရသော မျက်လုံးဆရာလည်း သက်သာရာရသွားတော့သည်။ ထိုအခါမှ မျက်လုံးဆရာက...

"တပည့်တော်လည်း ဒီနေ့ ဒီအချိန်က စပြီး မျက်လုံးပညာနဲ့ အသက်မမွေးတော့ပါဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ ဘုရား။ တပည့်တော်တို့ မျက်လုံးဆရာတွေက အသက်တစ်ချောင်းကို ရင်းပြီး ရှာဖွေစားသောက်ကြရတာပါ ဘုရား။ ကိုယ့်ထက် သာတဲ့ ပညာသည်နဲ့ တွေ့ရင် ကိုယ်က မစသော်လည်း သူလုပ်ရင် ခံရတာပါပဲ။ ကောင်းရောင်းကောင်းဝယ်အလုပ်က အန္တရာယ်ကင်းပါတယ် ဘုရား"

"အေးအေး၊ သာခု...သာခု... သာခုပါကွယ်။ ဒကာတို့ တတ်မြောက်တဲ့ လောကီပညာဆိုတာ သဲသရာလွတ်ကြောင်းလမ်း မဟုတ်ဘူးကွဲ့။ သတိထားကြ၊ သတိထားကြ"

-ထိုသတင်းက တစ်မြို့လုံး ပျံနှံ့သွားရုံမက၊ မျက်လုံးဆရာလောကသို့လည်း ဂယက်ရိုက်သွားသည်။ ဆရာတော်သည်လည်း တက်ထွန်းနှင့် ပတ်သက်၍ အတိတ်က ပါလာခဲ့သော သူ၏ ပါရမီကို ခန့်မှန်းထောက်ဆနိုင်ခဲ့သည်။ သို့သော်လည်း တပည့်၏ နောင်ရေးအတွက် စိတ်မအေးနိုင်ပေ။

မျက်လုံးဆရာများသည်လည်း သရွတ်သွတ်ရွာကို လက်ရောင်လာခဲ့ကြသည်။ တစ်ဦးစ နှစ်ဦးစလောက်သာ ရောက်လာခဲ့သည်။ ထိုသို့ ရောက်လာသူများလည်း တက်ထွန်းအကြောင်း ကြားသည့်အခါ ရှောင်သွားကြပြန်သည်။

လောကီပညာသည် လောကတွင် ရှေးဆရာအစဉ်အဆက် ဆုံးမခဲ့သော စကားရှိသည်။ သင်ယူ၍ တတ်မြောက်ရသော ပညာသည် ပြီးဆုံးသည်မရှိ။ လိုအပ်ချက်တို့ များစွာရှိနေသေးသည်။ ဝမ်းတွင်းပါများသည်ကား ဘဝတို့၌ ဆည်းပူးခဲ့သော အကြောင်းတရားတို့က ပါရမီအဖြစ် ပါလာခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များသည် ရင်သန်သော ပါရမီကြောင့် ဆုံးခန်းတိုင်သူများပင် ဖြစ်ကြသည်။ ထို့ကြောင့်ပင် လောကီဆရာတို့က ဝမ်းတွင်းပါတို့ကို ရှောင်ရန် ဆုံးမခဲ့ကြပေသည်။

♦♦♦

တစ်နှစ်ခန့်အကြာ...။

တစ်နေ့တွင် သရွတ်သွတ်ရွာသို့ ကုလားလူမျိုး လူကြီးတစ်ဦးနှင့် လူငယ်တစ်ဦးတို့ ရောက်လာကြသည်။ ထို ဆရာတပည့်နှစ်ဦးသည် မျက်လုံးဆရာများပင် ဖြစ်သည်။ ထိုနှစ်ဦးက အခြား မျက်လုံးဆရာများကဲ့သို့ မဟုတ်။ ထူးဆန်းသလိုရှိသည်။ မျက်လုံးပညာတွင်လည်း အဆင့်မြင့်ကြသည်။ လောကီအတတ်ပညာအတော်များများသည် အိန္ဒိယလူမျိုးများထံမှ ဆင်းသက်လာသည်ဟု ဆိုကြသည်။ ထို့ကြောင့် အိန္ဒိယလူမျိုးများတွင် လောကီပညာကို တစ်ဖက်ကမ်းခတ် တတ်သူတချို့ရှိသည်။

ကုလားလူမျိုး မျက်လုံးဆရာတပည့်နှစ်ယောက်တို့၏ ထူးခြားချက်မှာ အခြားမျက်လုံးဆရာများလို မျက်လုံးပိုင်းပြီးလျှင် လိုရာသို့ ခရီးဆက်ကြသည်မဟုတ်။ ရွာစွန် ဇရပ်မျက်ကြီးပေါ်တွင် တည်း၍ နေ့စဉ်ဆိုသလို မျက်လုံးပိုင်းဆင်၍ ပြသနေခြင်းဖြစ်သည်။ မျက်လုံးပညာကိုလည်း တစ်နေ့တစ်မျိုး မရိုးရအောင်ဆိုသလို ပြသနိုင်သဖြင့် ရွာသားများ၏ ခြီးကျူးသံတို့ကို ကြားရသည်။ ထို့ထက် ဆန်းကြယ်သည်က မျက်လုံးဆရာ၌ တစ်လံနီးပါးခန့် ရှည်သော ပုလွေလိုလို ဘူးလိုလိုကြီးတစ်ခုပါလာသည်။ ထို ပုလွေဘူးကြီးကို မျက်လုံးပြတိုင်း မူတ်လေ့ရှိသည်။

ထိုနေ့ကလည်း တက်ထွန်းတစ်ယောက် ဆရာတော်၏ နမ သီလရှင် ဆရာလေးက ခိုင်းလိုက်သဖြင့် ရွာထဲသို့ ရောက်လာသည်။ ထိုအချိန် မျက်လုံးပိုင်းကလည်း ကောင်းသဖြင့် လူအုံနေကြသည်။ တက်ထွန်းလည်း မျက်လုံးပိုင်းအနီး ရောက်လာပြီး ဝင်ထိုင်ကြည့်နေသည်။ ခဏအကြာ မကြည့်လိုတော့၍ ထထွက်လိုက်စဉ် အလွန်သာယာသော ပုလွေသံကို ကြားရသည်။ ထို့ကြောင့် မျက်လုံးပိုင်းဘေးပြန်ထိုင်ကာ မျက်လုံးဆရာ မူတ်နေသော ပုလွေဘူးကြီးကို စိတ်ဝင်စားစွာ ကြည့်၍ ငေးမောနေသည်။

တစ်ကြိမ်တွင် မျက်လုံးဆရာက သူ၏ ပုလွေဘူးကို သေတ္တာပုံးပေါ် တင်ထားသည်။ တက်ထွန်းက ထို ပုလွေဘူးနားသို့ ရောက်သွားသည်။ ဇာ

www.burmeseclassic.com

www.burmeseclassic.com

တွင် မမျော်လင့်စွာ သေတ္တာပုံးထဲမှ မြွေတစ်ကောင် ဒေါသတကြီးဖြင့် ပါးပျဉ်းထောင်ကာ နာမူတ်သံ ပြုသည်။ ပထမတော့ တက်ထွန်း လန့်သွားသည်။ နောက်မှ မြွေခေါင်းကို သူလက်ဖြင့် ပုတ်ချလိုက်သည်တွင် မြွေလည်း ပျောခွေ၍ ငြိမ်ကျသွားသည်။

ထိုတွင် တက်ထွန်းကို ကြည့်နေသော မျက်လုည့်ဆရာက···

"သြော်··· ကျုပ်တွေ့ချင်နေတဲ့ ပုဂ္ဂိုလ်လေးကိုး။ ပရိသတ်များ ကြည့်ပါ၊ ဟောဒီမြွေက ဒေါသသိပ်ကြီးတတ်တဲ့ တောကြီးမြွေဟောက်တစ်မျိုးပါ။ အဲဒီမြွေကိုက်မိရင် လူသာမန်ဆိုရင် တုံးခနဲ လဲသွားနိုင်တယ်။ ကျုပ်တို့လို ပညာသည်တွေတောင် သတိထား ကိုင်တွယ်ရပါတယ်။ ဟော···ကြည့်စမ်းပါဦး။ အခု ကျုပ်ရဲ့ မြွေ အသေကောင်လို ဖြစ်သွားပြီ၊ ကျုပ်က ဒီပုဂ္ဂိုလ်လေး အကြောင်း ကြားရကာတည်းက တွေ့ချင်နေတာပါ။ ကျုပ်ကို ပရိသတ်တို့ ကြားဖူးပါလိမ့်မယ်။ ဟောပြန် "မြပုလွေ" ဆိုတာ ကျုပ်ပါပဲ"

ထိုနာမည်ကို ကြားသည်နှင့် ပရိသတ်တချို့ နောက်ဆုတ်သွားကြပြီး တစ်ဦးနှင့် တစ်ဦး တီးတိုးဆိုကြသည်။ ယောပြန် မြပုလွေအကြောင်း ကြားဖူးသူတွေ ရှိသည်။ ယောမြို့ ဆိုသည်က ထိုခေတ် ထိုအချိန်က ထိပ်တန်း လောကီပညာသည်တွေ ရှိသည်။ ယောမြို့က ပညာသည်တွေပင် မြပုလွေ၏ ပညာကို လက်ဖျားခါကြသည်ဟု ဆိုသည်။ ထို့ကြောင့် ယောပြန် မြပုလွေဟု အမည်တွင်လာခဲ့သည်။ မြပုလွေနှင့် ပညာပြိုင်ရင်း သေဆုံးကြရသူတွေ ရှိသည်။ ပညာသည်လောကတွင် မြပုလွေကို ဘုရင်တစ်ဆူ သတ်မှတ်ကြသည်။

"ကဲ - ပုဂ္ဂိုလ်လေးရေ···ကျုပ်က ခင်ဗျားရဲ့ ပညာစွမ်းကို တွေ့ချင်လို့ လာခဲ့တာ။ ကျုပ်နဲ့ ခင်ဗျား တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ချင်တယ်"

မြပုလွေ၏ စကားကြောင့် ရွာသားတချို့ မျက်စိမျက်နှာပျက်ကုန်ကြသည်။ မျက်လုည့်ဝိုင်းမှ ထပြန်သူက ပြန်၊ ဝေးဝေးသို့ ရောင်သူက ရောင်နေကြသည်။ တချို့ကလည်း တက်ထွန်းကို အန္တရာယ်ဖြစ်မှာ စိုးရိမ်နေကြသည်။ တက်ထွန်းက သူဉာဉ်အတိုင်း အကြောက်အရွံ့ မရှိသည့်ပုံ။

ထို့နောက် တက်ထွန်းက ဘာမပြော ညာမပြောနှင့် မြေပြင်ပေါ်၌ တုတ်ဖြင့် စည်းသုံးချောင်းဆွဲလိုက်ပြီး-

"ဦးလေး··· ဒီစည်းတွေကိုပဲ ပျက်အောင် ဖျက်ကြည့်ပါဦး"

ထိုစဉ်တွင် ဆရာတော်က ဘယ်က သတင်းကြားသည် မသိ၊ တောင်ဝှေးတစ်ချောင်းနှင့် ရောက်လာသည်။

"ဟဲ့···တက်ထွန်း၊ လာခဲ့စမ်း။ ကိုယ့်အရောမဟုတ်တာကို ဘာသွားလုပ်သလဲ။ နင်တော့ ငါ့တောင်ဝှေးစာ မိတော့မယ်"

တက်ထွန်းလည်း ဆရာတော်ကို တွေ့သည်နှင့် လက်အုပ်ချီကာ အပြေးအလွှားထသွားသည်။ ထို့နောက် ဆရာတော်က···

"မျက်လုည့်ဆရာကြီးလည်း ကျုပ်တပည့် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပေးလိုက်ပါ။ ကလေးဆိုတာ ဒီလိုပဲ မဆင်ခြင်တတ်ဘူးပေါ့"

ဆရာတော်က တက်ထွန်းအား ခေါ်၍ ကျောင်းသို့ ပြန်သွားသည်။ မျက်လုည့်ဝိုင်းလည်း ပျက်သွားသည်။ ရွာသားများလည်း ပြန်သွားကြသည်။ လူတစ်ဦးစ နှစ်ဦးစလောက်သာ ခပ်လှမ်းလှမ်းတွင် ရှိနေကြသည်။

မျက်လုည့်ဆရာ မြပုလွေတစ်ယောက် တက်ထွန်းဆွဲသွားခဲ့သော စည်းသုံးချောင်းကို တွေတွေကြီး ငေးစိုက်ကြည့်နေသည်။ စိတ်ထဲတွင်လည်း ဇဝေဇဝါဖြစ်နေသည်။ သူကိုယ်တိုင် ပညာချင်းပြိုင်ဖို့ ဖိတ်ခေါ်ခဲ့သည်။ သူ၏ စိန်ခေါ်မှုကို ကလေးက လက်ခံပြီး စည်းသုံးချောင်းဖြင့် တုံ့ပြန်ခဲ့သည်။ မြပုလွေ၏ စိတ်ထဲတွင်လည်း တစ်ခုခုကို စိုးရိမ်နေသည်။

ထို့နောက် မြပုလွေတို့ ဆရာတပည့် ပစ္စည်းများ သိမ်းဆည်း၍ ပြန်ရန် ပြင်ဆင်နေစဉ် ရွာသားတစ်ဦးက-

"ဗျို့···ဆရာကြီး၊ ကျွန်တော် တစ်ခုလောက် မေးပါရစေ။ ဟို စည်းသုံးချောင်းကို ဆရာကြီး မဖျက်တော့ဘူးလား"

မြပုလွေက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ပြီး···

"ဒီလို ပုဂ္ဂိုလ်မျိုးက ပါရမီရင့်သန်ပြီးသူပါဗျာ။ ကျုပ် သူနဲ့ မယှဉ်ပြိုင်ဝံ့တော့ပါဘူး။ ဒီစည်းတွေကိုလည်း အဲဒီ ပါရမီရှင်လေးကိုပဲ ဖယ်ရှားခိုင်းပါ"

မြပုလွေတို့ ဆရာတပည့် နှစ်ယောက်လည်း သရွက်သွတ်ရွာလေးကို ကျောခိုင်းကာ ပြန်သွားကြပေသည်။ ထိုအဖြစ်အပျက်၏ နောက်ပိုင်းတွင် ရွာထဲသို့ ကိုရင်လေးတစ်ပါး ဆွမ်းခံကြွလာသည်ကို တွေ့ကြရပေသည်။ ထိုကိုရင်လေးကား အခြားမဟုတ်၊ တက်ထွန်းပင် ဖြစ်လေသည်■

* * *

ဇင်ခမောင်ခမောင်(ခပါက်ကွန်း)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ)

၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

မိဿရာသီ

ARIES

(မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း)

ဥဿာကွန်ခြယ်ထားသော အတွေးစိတ်ကူးများ ရရှိတတ်ခြိန်ပါ။ ဆန်းသစ်သည့် တီထွင်မှုများကြောင့် မမျှော်လင့်ထားသော အောင်မြင်မှု ရတတ်၏။ သမားရိုးကျလုပ်ငန်းမှ လမ်းခွဲပြီး လမ်းသစ်တီထွင်မှုများစွာကြုံမည်။ သင့်လုံလ ဝိရိယပေါ် မူတည်ပြီး အောင်မြင်မှုကြုံမည်။ အကြံကောင်းတစ်ချက်ကြောင့် လူတကာကြားမှာ စူပါစတားဖြစ်မည်။ အနယ်ထိုင်နေသော သင့်လုပ်ငန်းထက် လုပ်ငန်းသစ်များ ပြောင်းလဲလုပ်ကိုင်လျှင် အကျိုးပေးကောင်းမွန်မည်။ ဆန်းသစ်မှု၊ တီထွင်မှု၊ ပြောင်းလဲမှုများ ပြုလုပ်လျှင် အောင်မြင်မှုရရှိပါလိမ့်မည်။ အရာရာကို သင့်တင့်မျှတစွာ တွေးတောတတ်၍ ကျန်းမာနေမည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၀)အစ (၅)အဆုံး၊ (၄)အစ (၇)အဆုံး။
ယတြာ - သတ္တဝါတို့ကို မေတ္တာဖြန့်ကျက်လျက် မေတ္တာသုတ်ကို ရွတ်ဖတ်ပါ။

ပြိဿရာသီ

TAURUS

(ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း)

ရပ်ဝေးဒေသ၊ နိုင်ငံရပ်ခြားမှ လက်ဆောင်ပစ္စည်းကောင်း ရမည်။ ချွေခံပွဲ၊ အလှူအတန်းသွားရခြင်း၊ မိတ်သစ်ဆွေသစ်နှင့် တွေ့ဆုံ သိကျွမ်းရခြင်းများ တွေ့ကြုံရမည်။ ကွန်ပျူတာသင်တန်း၊ စက်မှုသင်တန်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ တက်ရောက်ခွင့်ကြုံမည်။ ယခုကာလသည် ရေရှည် သင့်ဘဝကံကောင်းရန်အတွက် ရင်းနှီးမြှုပ်နှံရမည့်အချိန်ဖြစ်ကြောင်း ကြိုသိထားပြီး ပညာကြိုးကုရှာပါ။ ကျန်းမာရေးသင့်သည်။

ထီထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၀)အဆုံး၊ (၂)အစ (၁)အဆုံး။
ယတြာ - မွေးနေ့မှာ တန်ခိုးကြီးဘုရားတစ်ဆူ၌ ရွှေသင်္ကန်းကပ်လှူ ပူဇော်ပါ။

မေထုန်ရာသီ

GEMINI

(မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း)

မွန်းတည့်နေရောင်အောက်မှာ ပန်းပွင့်နေရခြိန်ပါ။ မိတ်ဆွေ၏ ပတ်ဝန်းကျင်တွင် အပြိုင်အဆိုင် အတိုက်အခံများစွာ တွေ့ကြုံရင်ဆိုင်ရမည်။ ရေစီးတစ်ခါ၊ ရေသာတစ်လှည့်ဖြစ်၍ စိတ်ရှုပ်ထွေးရန်မလိုပါ။ ငွဲရှိရှိ၊ စိတ်ရှည်ရှည်ထား ဆောင်ရွက်ပါ။ အလုပ်တစ်ခုကို ဦးတည်ချက်ချထားပြီး ဇောက်ချလုပ်ကိုင် အောင်မြင်မည်။ ငွဲ၊ လုံလ၊ ဝိရိယတို့ကြောင့် နိမ့်ကျမလိုဖြစ်နေသော အခြေအနေမှ ဘဝသစ်သို့ ပြောင်းလဲ တက်လှမ်းနိုင်ပေလိမ့်မည်။ ကျန်းမာ းအတွက် ဆေးဝါးကို မှီဝဲသည့်အပြင် အာဟာရပြည့်ဝသော အစာကို ဖြည့်စွက်စားသောက်ပါ။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၆)အစ (၁)အဆုံး၊ (၈)အစ (၄)အဆုံး။
ယတြာ - ဘိုးဘွားမိဘ ဆရာသမားတို့ကို မိမိနှစ်သက်ရာ မုန့်နှင့် ကန်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကဟကဋ်ရာသီ

CANCER

(ဇွန်လ (၂၁) ရက်မှ လူလိုင်လ (၂၁) ရက်အတွင်း)

ဘဝအောင်မြင်မှု ရောင်ခြည်များ ပေါ်ထွန်းလာသော ကာလပင်ဖြစ်သည်။ ကြယ်စင်လင်းသောညမှာ ပျော်ပါးခွင့်ရမည်။ သို့သော် အခက်အခဲအချို့ကို ရင်ဆိုင်ကြုံတွေ့ပြီးမှ အောင်မြင်တတ်ခွင့်ပါ။ ပြဿနာ အခက်အခဲတို့ကို ဖြေရှင်းပြီးမှ ကံကောင်းခြင်းမင်္ဂလာရလိမ့်မည်။ တောက်မည့်မီးခဲ အရှိန်နှင့် တရဲရဲဖြစ်နေခွင့်မှာ ငွေ၊ လုံလ၊ ဝိရိယ၊ သတိရှိရှိ ကြိုးစားသွားပါ။ ဖြစ်ချင်သည်ထက် ဖြစ်နိုင်သော အရာကို သေချာစွာ စိစစ်ကာ ကြိုးစားလိုက်ပါ။ ကျန်းမာရေးအတွက် နားနားနေနေ နေပါ။ အညောင်းထိုင်သည့် အလုပ်၊ အာရုံကြော ရှုပ်စေသော အလုပ်များကို နားပါ။

ထီးထိုးသင့်သောနေ့ - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၄)အဆုံး၊ (၁)အစ (၇)အဆုံး။
ယတြာ - လပြည့်နေ့ညမှာ သီလခံယူပြီး ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ် ပူဇော်ပါ။

သိဟ်ရာသီ

LEO

(လူလိုင်လ (၂၂) ရက်မှ သြဂုတ်လ (၂၁) ရက်အတွင်း)

အားမာန်အပြည့်ဖြင့် လှုပ်ရှားခွင့်ရှိသည့် ကာလမျိုးပါ။ ခိုင်မာသော မျှော်လင့်ချက်၊ ယုံကြည်ချက်များကြောင့် ကိစ္စအရပ်ရပ်ကို အောင်မြင်ခွင့် ကြုံမည်။ ဉာဏ်ပညာနှင့် ယှဉ်တွဲကာ ကြိုးစားအားထုတ်မှုကြောင့် ပန်းတိုင်ဆီသို့ တက်လှမ်းခွင့်ရမည်။ ကွမ်းသီးကြိုက်သူကို တောင်ငူပို့ဘိသကဲ့သို့ စိတ်လှုပ်ရှားစရာ။ မယုံနိုင်စရာ အပြောင်းအလဲ ခပ်ဆန်းဆန်းတွေ့ကြုံမည်။ ပြောင်းလွှမ်းကြောင့် အောင်မြင်မှုများစွာကြုံမည်။ အပြိုင်အဆိုင်များကြားမှ လှုပ်ရှားနေသော ကာလဖြစ်၍ ရွေးချယ်မှု မှန်ကန်ရန် အရေးကြီးပါသည်။ ကျန်းမာရေးအတွက် အချို့ကဲသောအစာကို ရှောင်ပါ။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၀)အဆုံး၊ (၃)အစ (၇)အဆုံး။
ယတြာ - ဘုရားမှာ သီလခံယူပြီး ကောက်ညှင်းပေါင်း ကပ်လှူကာ သမ္မာဒေဂါထာ တော်ကို ရွတ်ဆိုပါ။

ကန်ရာသီ

VIRGO

(သြဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း)

နွမ်းခြောက်နေသော သစ်ပင်တစ်ပင်ဘဝမှ သင်၏ ငွေ၊ လုံလ၊ ဝိရိယကြောင့် ကံကောင်းထောက်မများနှင့် တွေ့ကြုံရမည့် ကာလတစ်ခုပါ။ အကြံသစ်၊ ဉာဏ်သစ်၊ စိတ်ကူးသစ်များကို လက်တွေ့လုပ်ဆောင် အောင်မြင်ရန် အခွင့်အရေးကောင်းများစွာကြုံမည်။ ကံကြမ္မာဆိုသည့် မျက်လှည့်ဆရာကြီး၏ ကျေးဇူးကြီးမားနေမည်။ ကံကြမ္မာမျက်လှည့်ဆရာကြီးက သင့်ကို ကုသိုလ်ကံ ကောင်းမွန်သော အချိန်တစ်ခုကို ဖန်တီးပေးလိမ့်မည်။ သင့်ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေအောင် ကောင်းနေလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနလာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၁)အဆုံး၊ (၄)အစ (၆)အဆုံး။
ယတြာ - မွေးနေ့တွင် အိမ်ရှိ ဘုရားမှာ သီလခံယူပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

တူရာသီ

LIBRA

(စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၃) ရက်အတွင်း)

ကံကြမ္မာတိမ်တိုက် ဖုံးကွယ်ခြောက်လှန့်ခြိမ်း[illegible]ဆို့နေသော မြူနှင်းတိမ်တိုက်တို့ကို တိုက်ဖျက်ပေးမည့် တောက်ပနေသော နေရောင်ခြည် ဖြာဝင်းခြိမ်းကို မျှော်တလင့်လင့်ဖြစ်နေမည်။ မမျှော်လင့်ဘဲ ကြုံရသည့် ပြဿနာအခက်အခဲများကြောင့် စိတ်အားငယ်နေမိတတ်သည်။ ကံတရားက သင့်ကို တစ်ခြိန်ခြိန်မှာတော့ မျက်နှာသာပေးလာပါလိမ့်မည်။ ကံအားနည်းနေခိုက်မှာ ဘာသာရေးဆိုင်ရာ အဓိဋ္ဌာန်တစ်ခုကို ပြုလုပ်ကြည့်ပါ။ ကျန်းမာရေးက ရောဂါကြီးကြီးမားမား မရှိသော်လည်း ချူချူချာချာဖြစ်နေတတ်သည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၄)အဆုံး၊ (၇)အစ (၁)အဆုံး။
ယတြာ - ကလေးများကို ပေါင်မုန့်၊ ပေါက်စီနှင့် နွားနို့ကို တိုက်ကျွေး၍ ဒါနပြုပါ။

ဗြိစ္ဆာရာသီ

SCORPIS

(အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း)

မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေခြိန်ပါ။ တိုးတက်မှုကို ညွှန်ပြနေသောကြောင့် အတိတ်က မအောင်မြင်ခဲ့သော ကိစ္စရပ်များ အောင်မြင်ခွင့်ရမည်။ အောင်မြင်မှု ရရှိသော ယခုကာလမှာ မပျင်းမရိ ကြိုးစားလုပ်ဆောင်သွားပါ။ ကုန်းပေါ်ရောက်မှ ရေမမွန်းပါစေနှင့်။ သင့်လုပ်ငန်း၊ ရည်ရွယ်ချက်များကို ပြန်လည်စိစစ် ဝေဖန်ကြည့်လိုက်ပါ။ နိုင်ငံရပ်ခြား သွားရကိန်း၊ ကုမ္ပဏီလှုပ်ငန်း လုပ်ရကိန်း မြင်၏။ ကျန်းမာရေးအတွက် အစာလည်း ဆေး၊ ဆေးလည်း အစာဆိုသော စကားနှင့်အညီ အာဟာရပြည့်ဝသောအစာကို စားပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၇)အဆုံး၊ (၆)အစ (၁)အဆုံး။
ယတြာ - သီလရှင်များကို ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် ငွေကြေးလှူဒါန်း ကုသိုလ် ယူပါ။

ဓနုရာသီ

SAGITTARIUS

(နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း)

သင့်အိပ်မက် စိတ်ကူးများကို လက်တွေ့ အကောင်အထည်ဖော်ခွင့်ရမည်။ သင့်ကိုယ်သင် ယုံကြည်စိတ်ချမှု ပြည့်ဝစွာ အရာရာကို ဆောင်ရွက်သွားပါ။ အောင်မြင်မှုအားလုံးက သင့်ဘက်မှာ ရှိနေ၏။ ဂုဏ်သိက္ခာမြင့်မားစွာဖြင့် ဥစ္စာဓန ကြွယ်ဝချမ်းသာရန် လမ်းစများကို တွေ့ရမည်။ ရုတ်တရက် ငွေအစုအပြုလိုက် ရရှိမည်။ ထီပေါက်ကိန်းရှိသည်။ ထီထိုးရန် မမေ့ပါနှင့်။ မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်တတ်သောကြောင့် ဆုံးရှုံးထားသော ငွေကြေးဥစ္စာများ ပြန်ရရှိမည်။ ကျန်းမာရေးအတွက် အချို့ အဆီအအိမ်များကို လျှော့စားပါ။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၈)အဆုံး၊ (၂)အစ (၃)အဆုံး။
ယတြာ - ဘဝအတွက် အဓိပ္ပာယ်ပြည့်ဝစေရန် နံနက်တိုင်း အိမ်ရှိ ဘုရားမှာ ပန်း၊ ရေချမ်းနှင့် ပေါက်ပေါက်ဆွမ်း ကပ်လှူပူဇော်ကာ ပဌာန်းဒေသနာ တော်မြတ်ကို ရွတ်ဖတ် ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

မကာရရာသီ

CAPRICORN

(ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း)

စီးပွားဥစ္စာများ အဲ့သြဖွယ်။ ကောင်းမွန် ပြည့်စုံနေချိန်။ ဘဝထိပ်တန်းအခြေအနေသို့ တက်လှမ်းခွင့် ရှိသော လေကားကြီး သင့်ရှေ့မှာ ဘွားခနဲပေါ်လာလိမ့်မည်။ ကံတရားပွင့်လန်း ကောင်းမွန်နေမည်။ လုံလ၊ ဝီရိယ၊ ဇွဲရှိရှိ လုပ်ဆောင်ခြင်းကြောင့် မြင့်မားသော ဘဝအဆင့်အတန်းသို့ ရောက်ရှိမည်။ သင် ကြိုးစားလျှင် ကြိုးစားသလောက် ခရီးပေါက်မည်။ လူမှုရေးအသိုင်းအဝန်း ကျယ်ပြန့်မည်။ နိုင်ငံရပ်ခြားဆက်သွယ်မှု၊ ဘာသာစာပေသင်ကြားရမှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရမှုမှိန် ကြဲရမည်။ ကျန်းမာရေးအတွက် စိုးရိမ်စိတ်ကို လျော့တွေးပါ။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၆)အဆုံး၊ (၆)အစ (၃)အဆုံး။
ယကြာ - သား ရွှေအိုးထမ်းလာသည့်ကိန်းမျိုး ကြုံစေရန် ဘုရားမှာ ရွှေသင်္ကန်း ကပ်လှူ ပူဇော်ပါ။

ကုမ်ရာသီ

AQUARIUS

(ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း)

ပြောင်းလဲမှုများစွာ ကြုံရတတ်သော်လည်း စိတ်တိုင်းကျသော ပြောင်းလဲမှုမျိုး မဖြစ်နိုင်ပေ။ ယခု ကာလအတောအတွင်း ပြောင်းလဲမှုနှင့် လုံဝ အကျိုးမပေးတတ်၍ ပြောင်းလဲမှု မလုပ်သင့်ပေ။ ပြောင်းလဲမှုကို ခေတ္တရပ်ဆိုင်းထားရမည်။ အထူးသဖြင့် ရေနှင့် ပတ်သက်၍ အန္တရာယ်ရှိသောကြောင့် သတိပြုရမည့် ကာလတစ်ခုပါ။ ရပ်ဆိုင်းထားသော လုပ်ငန်းတစ်ခုကို ပြန်လုပ်ရလိမ့်မည်။ ရင်းနှီးထား သူအချို့ထံမှ အကူအညီများ ရရှိတတ်သည်။ ဘာသာရေးဆိုင်ရာ ယုံကြည်မှု အားကောင်းနေပေ လိမ့်မည်။ ကျန်းမာရေးအတွက် ရေချိုး၊ ခေါင်းလျှော် ဆင်ခြင်သင့်သည်။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၈)အဆုံး၊ (၉)အစ (၁)အဆုံး။
ယကြာ - ချမ်းသာစစ်၊ ချမ်းသာမှန်နှင့် ဆုံဆည်းနိုင်ရန် သီလတရားများ စောင့်ထိန်း၊ ပြီး ဝိပဿနာပွားများ အားထုတ်ပါ။

မိန်ရာသီ

PISCES

(ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း)

အပြိုင်အဆိုင်များကြားမှာ ဘဝရှင်သန်နေရချိန်။ မည်သည့်ကိစ္စ တစ်စုံတစ်ခုကိုမှ လွယ်လင့်တကူ အလျော့မပေးသင့်ပေ။ ကိစ္စရပ်တိုင်းကို တည့်တိုးရင်ဆိုင် ဖြေရှင်းမှုကို ရှောင်ပါ။ လူကြီးမိဘ အကြီးအကဲတို့နှင့် တိုင်ပင်ဆွေးနွေးပြီး အကြံကောင်းများ တောင်းယူ လုပ်ဆောင်သွားပါ။ သူများထက် ခြေလှမ်းများစွာ သာစေရန် သင် ဘာလုပ်သင့်သလဲဟု တွေးတောသင့်သည်။ စွန့်စွန့်စားစား လုပ်ဆောင် မှုများနှင့် အကျိုးပေးသည်။ ကျန်းမာရေးအတွက် အပန်းဖြေခရီးထွက်ပါ။

ထီထိုးသင့်သောနေ့ - တနလာ်၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၂)အဆုံး၊ (၉)အစ (၄)အဆုံး။
ယကြာ - ကံကောင်းခြင်းမင်္ဂလာအဖြာဖြာပြည့်ဝစေရန် အိမ်ရှိ ဘုရားမှာ ထီးဖြူ၊ ထီးနီနှင့် မုန့်လုံးရေ (၂၇)လုံး ကပ်လှူ ပူဇော်ပါ။

*****

www.burmeseclassic.com

www.burmeseclassic.com

သားသမီးရတနာ ရချင်သူများ

စမတစ်ထောင်ကျောင်းကို ညွှန်း

■ အောင်ကောင်းမြ (သာကေတ) ■



စနေနေ့တစ်နေ့တွင် ကျွန်ုပ်နှင့် ဆရာကြီး ဦးအောင်မြတ် ဆရာ မောင်ညီအေး(ပန်းတော)တို့သည် မော်ဘီမြို့အစွန်ရှိ စမတစ်ထောင်ကျောင်းတိုက်ကြီးသို့ အဖုးကားတစ်စီးဖြင့် ရောက်ရှိသွားကြပါသည်။ သွားရောက်ရခြင်းအကြောင်းမှာ စမဘုန်းဘုန်းမှ ထူးဆန်းသော ဂဿိရန္တယ်ဝင် ပစ္စည်းများကို လာရောက် လေ့လာကြရန် ဖိတ်ခေါ်သောကြောင့် ဖြစ်ပါသည်။ ထိုပစ္စည်းများအကြောင်း ဓာတ်ပုံနှင့်တကွ သီးသန့် ဆောင်းပါးတစ်ပုဒ်ရေးသား ဖော်ပြပေးပါမည်။ စမတစ်ထောင်ကျောင်းသို့ ရပ်ဝေးရပ်နီးမှ ဗေဒင်မေး ပရိသတ်များ လာရောက်လေ့ရှိကြပါသည်။ စမဘုန်းဘုန်းမှ တစ်ပတ်လျှင် သုံးရက်(အင်္ဂါ၊ သောကြာ၊ စနေ)နေ့တို့တွင် ခုနစ်နေ့သားသမီးတို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးလျက် ရှိပါသည်။ ယခင်က မော်ဘီတွင် ဆရာကြီး မင်းသိခ် နေထိုင်ခဲ့သည်။ မရမ်းတလင်းသည် နာမည်ထင်ရှား ကျော်ကြားခဲ့ပါသည်။

ယခုအချိန်တွင်တော့ ဗုဒ္ဓသာသနာပြု စမတစ်ထောင် ဆရာတော် (ခေါ်) စမဘုန်းဘုန်းမှာ နာမည်ထင်ရှားကျော်ကြားလျက် ရှိနေပါသည်။ စာရေးသူတို့ ရောက်သောအခါ ဒေါ်မေးပရိသတ် ၃၀ကျော်တို့ ဝိဇ္ဇာတန်ဆောင်တွင် ဆောင်းခံ

www.burmeseclassic.com

www.burmeseclassic.com

နေကြသည်။ စာရေးသူတို့လည်း ပါလာသော သစ်သီးနှင့် ဂျပ်ရဆန်းကြယ်မဂ္ဂဇင်းတို့ကို ဆရာတော်အား ကပ်လှူကာ ပူဇော် ကန်တော့လိုက်ကြပါသည်။ ဆရာတော်မှ စာရေးသူတို့ အား လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံပါသည်။ စာရေးသူတို့ လည်း ဂျပ်ရန္ဓယ်ဝင် ပစ္စည်းများကို ဓာတ်ပုံရိုက် မှတ်တမ်း တင်ကာ လေ့လာကြပါသည်။ ဆရာတော်မှ ပရိသတ်အား စာရေးသူတို့နှင့် ပရိသတ်ကို မိတ်ဆက်ပေးပြီး လောကီပညာ ရပ်အကြောင်းများ ရှင်းပြပါသည်။

"ကလေးမရတဲ့ လူတွေ၊ ကလေးလိုချင်တဲ့ စုံတွဲတွေ ရှိရင် ဒီကျောင်းကို လွှတ်လိုက်ပါ။ ဒီမှာ ကလေးသိုက်ရှိ တယ်။ စုံတွဲတွေ လာဆုတောင်းကြတာ ဆုတောင်းပြည့် စာရွက်တစ်ရွက်နှင့် တွက်ချက်ကာ နာမည်သုံးမျိုးပေးလိုက် သည်။ ထိုသားအမိနှစ်ယောက် ပြန်သွားသောအခါ ဇ ဘုန်းဘုန်းအနီးရှိ တပည့်တစ်ဦးမှ နာမည်တစ်ဦးစီရွေးခို ကာ ဗေဒင်မေးရန် စီစဉ်ပေးလျက်ရှိသည်။ ကျွန်ုပ်တို့လည် စမဘုန်းဘုန်းပြောသော ကလေးသိုက်ကို စိတ်ဝင်စား ကြ၏။ စမဘုန်းဘုန်းမှ ကလေးခြောက်ပုံ သိုက်နှစ်တည် ဆောက်စဉ်က မှတ်တမ်းပုံတို့ကို ပေးပါသည်။

ဆရာတို့ ကြိုက်တဲ့ပုံတွေ ရွေးယူသွားဟုဆိုကာ (၁၀) ပုံလောက် ထုတ်ပေးပါသည်။ ပုံလေးငါးပုံရွေးယူလာ သည်။ စာရေးသူကိုယ်တိုင် ကလေးသိုက်နှစ်ကို ဓာတ် ရိုက်ရန် ဟန်ပြင်နေစဉ် လင်မယားစုံတွဲတစ်တွဲ ရောက်



တယ်။ အချိုဆို အပြာတွေတောင် မွေးကြတယ်။ ဒီနှစ်ထဲမှာ မိခင် ၁၀ဦးဖြစ်သွားပြီ၊ ဒီမှာ လာပြောပြီး ကလေးနာမည်ပေး ခိုင်းကြတယ်"

စသည်ဖြင့် မိန့်ဆိုပါသည်။

စမဘုန်းဘုန်းမိန့်ဆိုပြီး မကြာမီမှာပင် အမျိုးသမီးကြီး နှင့် အမျိုးသမီးငယ်တစ်ဦး ရောက်ရှိလာကြသည်။

"ဆရာတော် လွန်ခဲ့တဲ့နှစ်က ဒီမှာ လာဆုတောင်းသွား တာ သမီးလေး မွေးလို့ နာမည်ပေးဖို့ လာတာပါ"

ဟု ပြောဆိုသံ ကြားလိုက်ရသည်။ စမဘုန်းဘုန်းလည်း လာကြသည်။ ကလေးရချင်သော ကိစ္စဖြစ်ကြောင်း သိရ သည်။ ဦးပဉ္စင်းကြီးတစ်ပါးအား တာဝန်ပေးပြီး ပူဇော် ဆုတောင်းမှု ပြုခိုင်းသည်။ လက်တွေ့ လာဆုတောင်းပုံကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ဖြစ်သည်။ ကလေးသုံးဦးရှေ့တွင် အုန်းငှက်ပျော၊ ဖယောင်းတိုင်သုံးတိုင် ပူဇော်ကာ ဆုတောင် ပေးပါသည်။ သိုက်နှစ်ဖြစ်ပေါ်လာပုံမှာဆရာတော် အရှင် အာစိဏ္ဏနှင့် တပည့်များသည် ဘုရားတည်နေစဉ် ဘုရားအနီး တစ်နေရာတွင် ဘုမ္မိယသိုက်နှစ်တစ်ခုရှိသည်ဟု ဟောပြည့် ဖြစ်သူအချို့မှ အိပ်မက်မြင်မက်ကြောင်းနှင့် သိုက်နှစ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



သည့် အလုပ်သမားဖြစ်သူ ကိုမြဝင်းဆိုသူသည် ထိုသိုက်နန်းမှာပင် အိပ်၏။ တစ်နေ့မိုးလင်းသည့်အခါ သိုက်နန်း၏ပန်းတင်ခုံပေါ်၌ ကလေးခြေရာများကို အားလုံး အထင်အရှား တွေ့ကြရ၏။ မာနေသည့်အခင်း အင်္ကျီတပေါ်တွင် ခြေရာမျာ[illegible]ချန်စရာအကြောင်းမရှိ၊ ခြေရာထင်ထင်ရှားရှားပုံကို ဓာတ်ပုံရိုက်မှတ်တမ်းတင် ထားပုံကို ဖော်ပြပေးလိုက်ပါသည်။

ထို့နောက် တစ်ညတွင် အိပ်မက်ပေး၏။ သိုက်နန်းရှင် ကလေးများမှာ ပျော်၍ ဆော့ကစားရာမှ ထင်ကျန်ရစ်သည့် ခြေရာများကို ပြန်လည် မသိမ်းဖြစ်ခဲ့ကြောင်း မြင်မက်လေ၏။ သိုက်နန်းရှင်ကလေးများ ဖြစ်၍ "ကလေးသိုက်" ဟူ၍ နာမည်ပေးခဲ့သည်။

ထိုကလေးသိုက်၌ ကလေးမရှိသည့် မိဘများသည် သားသမီးရလိုသဖြင့် သားဆုပန်ကြ၏။ ရာနှုန်းပြည့်မဟုတ်တောင် ၁၀ယောက် လာဆုတောင်းလျှင် (၈)ယောက် ဆုတောင်းပြည့်ကြ၏။ မော်ဘီမြို့တွင် နေထိုင်သည့် ကိုဇာနည်နှင့် မသက်တို့ ဇနီးမောင်နှံသည် စမတစ်ထောင်ကျောင်းသို့ လာ၍ ဆရာတော်အား လျှောက်၍ သားသမီးရတနာရရန် ဆုပန်ကြ၏။ မကြာမီ သားရတနာနှစ်ဦး အမြွာမွေးသည်။



ဆောက်လုပ်ပေးပါဟု အိမ်မက်ထဲမှာ တောင်းဆိုကြောင်း ဆရာတော်အား လျှောက်ထားကြလေ၏။ ထိုအခါ ဆရာတော် အရှင်အာစိဏ္ဏသည် ၎င်းအနေနှင့် ကိုယ်တွေ့မကြုံဘူးသည့်အတွက် ဆောက်လုပ်မပေးနိုင်ကြောင်း၊ တကယ်အမှန်ဖြစ်ခဲ့လျှင် ၎င်းအား အထင်အရှားအသိပေးလာလျှင် လိုက်လျောမည်ဖြစ်ကြောင်း ပြောဆိုခဲ့လေ၏။ နောက်ရက်များတွင် အရှင်အာစိဏ္ဏ၏ စိတ်တွင် ကလေးငယ်များ လုစ်ခနဲပြေးလွှားနေသည်ကို ထင်မြင်လာ[illegible]သည်။ ထိုအချိန်က မကေသီဆိုသည့် ဒကာမတစ်ဦးက အိပ်မက်အရ ပွဲလာပေးတာပါဘုရားဟု ဆိုကာ ပွဲပြင်သည့်အခါ ကွမ်းယာသုံးယာမှာ ပျောက်ကွယ်နေ၏။

"စောစောက ရှိပြီးသား ကွမ်းယာ အခု ဘယ်ရောက်သွားလဲ၊ မနောက်ကြနဲ့နော်"

ဟု ဆိုလိုက်လျှင် ကွမ်းသုံးယာသည် ငှက်ပျောသီးကြားတွင် တင်ထားသည့်အတိုင်း တွေ့လိုက်ရလေ၏။

ပွဲအလှူရှင် မကေသီသည် အံ့သြစကားပြောလေသည်။ ဆရာတော်လည်း အထင်အရှားသိရှိပြီဖြစ်သဖြင့် သိုက်နန်းအသစ်တစ်ခုကို ဆောက်လုပ်ပေးခဲ့၏။ သို့နှင့် သိုက်နန်းမှာ ကြွေပြားခင်းရန်သာ လိုအပ်တော့၏။ ကြွေပြားခင်း

www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ ကျောင်းတက်သည့်အရွယ် ရောက်နေပေပြီ။ ဆရာတော်မှ လူငယ်အား "ကလေးသိုက်မှာ ကုလားညီနောင် ရှိတယ်၊ ခေါ်သွားပါလား" ဟု ပြောလေရာ ထိုလူငယ်လည်း "ကဲဟေ့ - ကုလားညီနောင်ရေ... ငါနဲ့ လိုက်ခဲ့ပါလား" ဟု မယုံမကြည် စပ်ဖြဲဖြနှင့်ပြောကာ ခေါ်သွားလေ၏။

မွေးလာသောအခါ ယောက်ျားလေးနှစ်ဦး၊ ကုလားဆင်လေးဖြစ်နေသည်။ လွန်စွာ စကားတတ်၍ ပတ်ဝန်းကျင်မှ လည်း ချစ်ကြ၏။ မယုံကြည်သူများ လက်တွေ့ စမ်းသပ်ကြည့်နိုင်သည်။ မိန်းကလေးလိုချင်ပါက မိန်းကလေးကစားစရာ အရုပ်၊ ယောက်ျားလေး လိုချင်ပါက ယောက်ျားလေးကစားစရာအရုပ် ထည့်လျှ ဆုတောင်းကြရသည်။ သားသမီးရတနာ မလိုချင်သူတွေက ရတတ်ပြီး၊ လိုချင်သူတွေ မရတတ်သည် ကိုးမကြာခဏတွေ့မြင်ရသည်။ အချို့ဆရာဝန်နှင့် စမ်းသပ်ပြီး ဆေးသောက်တာတောင် မရဘဲ ဖြစ်နေသည်။ ဆရာစုံ၊ ဆေးစုံ၊ ပုဂ္ဂိုလ်စုံပြီး မရဖြစ်နေပါက အမြဲဟု ခေါ်ကြသည်။ အမြဲမအိမ်ကို "ရဟန်းသံဃာဝင်၍ ဆွမ်းခံမကြွရ" ဟု ဆိုထားသည်။ ထို့ကြောင့် အမြဲအခေါ်မခံရအောင် စမတစ်ထောင်ကျောင်း အမြန်သွားကြပါဟု တိုက်တွန်းလိုက်ရပါသည်။ မြန်မာလူမျိုး လူဦးရေတိုးတက်ဖို့ လိုနေပါပြီ။ အပျိုကြီး၊ လူပျိုကြီးလုပ်နေပါက လူဦးရေလျော့သွားမည်။ အချို့လည်း ကလေးတစ်ဦးမွေးပြီး ထပ်မမွေးကြတော့ပေ။ သားသမီးဆိုတာ ရတနာဖြစ်သည်။

ရန်ကုန်မှ မော်ဘီသို့ လိုင်းကားစီး၍ ဖြစ်စေ၊ ကိုယ်ပိုင်ကားဖြင့် ဖြစ်စေ၊ အလွယ်တကူသွားနိုင်သည်။ စုပေါင်းရုံ မှတ်တိုင်အလွန်(ဓာတ်ဆီဆိုင်) အလွန်သမိုင်းဝင် ကျိုက်ဒေးအလွန်စေတီတော်မြတ်ကြီး အဝင်မှခဲဦးမှ ဝင်သွားနိုင်သည်။ စမတစ်ထောင်ကျောင်းသို့ ခရမ်းညွှန်အတိုင်း ဆက်သွားက ရောက်ရှိမည်။ တစ်ပတ် ၅ရက် လူစည်ကားလျက် ရှိသည်။ စမတစ်ထောင် ဆေးတော်ကြီးလည်း ဝယ်ယူနိုင်သည်။

စာရေးသူတို့လည်း စမတစ်ထောင်ကျောင်းမှ စိတ်ဝင်စားဖွယ်တို့ကို လေ့လာကြသည်။ ဆရာတော်နှင့် ကိုမြတ်မင်းတို့မှ သိလိုသမျှ ရှင်းပြပေးပါသည်။ မယုံကြည်သူများ ကျောင်းတွင် တရားထိုင်၊ ပုတီးစိပ်ပြုလုပ်ပါက ပြုလုပ်သည့် အချိန်တွင် အာရုံထဲတွင် ထိုကလေးများက လာရောက် ဆက်သွယ်သည်ဟူ၍လည်း ကြားသိရ၏။ ဆရာ မောင်ညီအေး(ပန်းတော)နှင့် ဆရာကြီး သမ္မန္ဓပဒ္ဓတိ ဦးအောင်မြင့်တို့သည် စမဘုန်းဘုန်းထံမှ အနာဂတ်ဟောကိန်း တောင်းယူကြသည်။ စာရေးဆရာ၊ အယ်ဒီတာများမှ ဝတ္ထုဒွေကပ် လူသော်လည်း လက်မခံပေ။ ဆရာတော်အား ကန်တော့ပြီး ပြန်လာကြခဲ့၏။

* * *

အောင်ခကာင်း(မြဝတီ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သိမ်ချောင်းရွာသည် နံနက်ခင်း မိုးလင်းနေပြီဖြစ်သော်လည်း နေရောင်ခြည်ကို မမြင်ရသေးပေ။ ဝန်းကျင်တွင်နှင်းတို့က လွှမ်းခြုံအုပ်မိုးနေ၍ မြင်းဝေနေသည်။

"တုံ့...တုံ့...တုံ့..."

ရွာဦးကျောင်းက အုန်းမောင်းခေါက်သံနှင့်အတူ...

"အောက်...အီး...အီး...အွတ်"

ခြံဝန်းအနောက်မှ သရက်ပင်ပေါ်တွင် အိပ်တန်းတက်သော ကြက်နီကြီး၏ ဆွဲဆွဲငင်ငင် တွန်ကျူးလိုက်သည့် ကြက်တွန်သံကို ကြားလိုက်ရသည်။ အဲဒီရဲ့ နောက်မှ ရွာထဲတွင် ရှိသော ကြက်ဖတို့၏ တွန်သံက ဆက်တိုက်ပင် ထွက်ပေါ်လာသည်။

ကြေးစည်သံနှင့် ဘုရားရှိခိုးသံ၊ အမျှဝေသံတို့ကပါ ဆက်၍ဆက်၍ ထွက်ပေါ်လာသည်။ နသမ် လတ်ဆတ်သော လေအနှေးနှင့် ပါလာသည့် နံနက်ခင်း၏ မင်္ဂလာသံနှင့်အတူ ရွာဦးထိပ်မှ မြေသားလမ်းအတိုင်း လက်ဆွဲအိတ်တစ်လုံး၊ ပခုံးတွင် ခရီးဆောင်အိတ်တစ်လုံးကိုပါ လွယ်ပိုး၍ လျှောက်လှမ်းလာသော မိန်းကလေးတစ်ယောက်။

"အမျှားသတ္တဝါ ကျန်းမာချမ်းသာကြပါစေ၊ ယနေ့ ပြုသမျှ ကုသိုလ်ဒါနအစုစုကို အားလုံးရကြပါစေ။ အမျှ...အမျှ...အမျှယူတော်မူကြပါကုန်လော့"

"နောင်...ဝေ...ဝေ...ဝေ"

အိမ်ကလေး၏ ရှေ့အရောက်တွင် အမျှဝေသံ၊ ကြေးစည်ထုသံတို့ အပြီးတွင် အိမ်ကလေး၏ တံခါးပါ ပွင့်လာသည်။ အိတ်နှစ်လုံးနှင့် မိန်းကလေးက လှည့်ကြည့်လိုက်သည်။ အလင်းရောင်က မှုန်ပြပြ။ ခွေးနှစ်ကောင်က အိမ်ကလေး၏ဘေးမှ ထိုးဟောင်လိုက်သည်။ ခွေးသံစူးစူးကြောင့် မိန်းကလေးမှာ ကိုယ်လေးတစ်ချက်တွန့်သွားသည်။ အသံတုန်တုန်လေးနှင့်လည်း...

"ဟဲ့...ခွေး...ဟဲ့..."

ခွေးဟောင်သံက ရပ်မသွားပါ။ မိန်းကလေးကလည်း ရှေ့တိုးရခက်နေသည်။ မီးအလင်းရောင်ပေါ်လာပြီး...

"ဟိတ်...ခွေးတွေ၊ ဘာဟောင်တာလဲ"

ခွေးဟောင်သံများက တိတ်သွားပြီး မီးခွက်ကို မြှောက်၍ ကြည့်လိုက်ပြီး...

"ကလေးမ... ဘယ်ကို သွားမာလဲ။ သိပ်မှောင်နေသေးတယ်"

"ကျွန်မ လေကြုံနဲ့ ရပ်လာတာပါ။ လေ့သမားက ဒီက တက်သွားဆိုလို့ပါ"

"ဒီရွာမှာ အသိဘယ်သူရှိလဲ"

"ဒီရွာမှာ အသိလည်း မရှိပါဘူး။ သွားမယ့်ရွာက ရိုးကြီးရွာပါ အမေ"

"ဟင်...ဒီရွာက သိမ်ချောင်းရွာ။ ကဲ...လာ...လာ၊ ခဏနားဦး"

"ဟုတ်ကဲ့ အမေ"

အမျိုးသမီးကြီးက မီးရောင်ပြပြီး ခေါ်ဆောင်လိုက်လို့ အိတ်နှစ်လုံးနှင့် မိန်းကလေးက အိမ်ပေါ်ကို လှမ်းတက်လိုက်သည်။ ဘုရားရှိခိုး၊ အမျှဝေ၊ ကြေးစည်ထုပြီး ခွေးဟောင်လိုက်သဖြင့် တံခါးဖွင့်၍ မီးခွက်ကလေးနှင့် ဆင်းလာပြီး အိတ်နှစ်လုံးနှင့် မိန်းကလေးကို ခေါ်လိုက်သူက အသက် ၆၀ကျော်ရှိ ဒေါ်အိုက်တင်ဖြစ်သည်။ လွန်ခဲ့သော အနှစ် ၂၀လောက်က ခင်ပွန်းသည် ဦးစိန်ပိုး ဆုံးပါးသွားပြီး အသက် ၄၀စွန်းစွန်းတွင် မုဆိုးမဖြစ်ခဲ့ရသည်။

ဒေါ်အိုက်တင်က ခွေးဟောင်လို့ ခွေးကို မောင်းရင်းနှင့် အိမ်ပေါ်ခေါ်၍ ပါလာသူက ထားရွှေရီ။ ရန်ကုန်မြို့ကြီးသူ။ ကိုယ်ရေးကိုယ်တာအကြောင်းနှင့် ရောက်လာခြင်းဖြစ်သည်။

"သမီးရယ်...ဒီအရွယ်နဲ့ ဒီခရီးကို မကျွမ်းကျင်ဘဲ လာရသလား၊ အမေက သားသမီးမရှိပေမယ့် သားသမီးချင်း စာနာလို့ပါ"

"ကျေးဇူးတင်ပါတယ် အမေရယ်။ သမီးအဖြစ်ကလည်း မလာလို့ မဖြစ်လွန်းလို့သာ လာရတာပါ။ ဒီက အဖြေသိရင်တောင် ဘာဖြစ်မလဲ မသိဘူး"

"အေးကွယ်၊ အင်း...အင်း"

ထားရွှေရီက ဆယ်တန်းကျောင်းသူ။ ကျောင်းမှာရော၊ ရပ်ကွက်ထဲမှာပါ လူမှုရေး ရပ်မှုလမ်းမှုမျှားကို ဝါသနာ၊ စေတနာပါလေသည်။ ကြက်ခြေနီအဖွဲဝင် ဆုတံဆိပ်နာမည်ကောင်း လက်မှတ်ရသည်အထိ လူနာကို ပြုစုနိုင်သည်။ သဘာဝဘေးရန်များကြောင့် နယ်ပြို့ ကျေးလက် တောရွာများကို ကျန်းမာရေးဝန်ထမ်းများနှင့် လိုက်ပါပြီး ပြုစုခဲ့သည်။ ကျန်းမာရေးဝန်ထမ်းဖြစ်သည့် ဆေးမှူး ကိုခိုင်သူနှင့် တွေ့ဆုံရင်းနှီး၍ ရင်ဘတ်ထဲကို ထိုးဖောက်ကြည့်မြင်ကြပြီး နယ်လွန် ခရီးကျွံခဲ့ကြသည်။

အိမ်ကို ပြန်လာသည့် ထားရွှေရီအား ဆီးကြိုလိုက်တာက မိခင်ကြီး ကျန်းမာရေးမကောင်းဘဲ၊ အိမ်ရာထဲ လဲလျောက် အိမ်ထောင်တာဝန်ကို အမေ၏ နေရာမှရော၊ အမေ၏ နေရာမှာပါ နှစ်ဖက် တာဝန်ယူရတော့ ပင်ပန်းမှုဒဏ်များကြောင့် အိပ်ရာမှ မထနိုင်တော့ပေ။ ထားရွှေရီက ဖခင်ကြီး ထားခဲ့သော ပစ္စည်းလေးများကို ထုခွဲရောင်းချပြီး ဆေးကုပေမယ့် ဖခင်သည် လူဘဝမှ အငြိမ်းစားယူသွားခဲ့သည်။

ယခု ထားရွှေရီမှာလည်း အလေးတစ်နေရာတွင် စေတနာဝန်ထမ်းအလုပ်

www.burmeseclassic.com

www.burmeseclassic.com

သွားလုပ်နေရင်းမှ ချစ်သူတွေ့ပြီး အပျော်ကြီး ပျော်၍ အရာရာကို မေ့နေခဲ့သည်မှာ အမေ၏အသက်ကိုပင် မရဏမင်းလက်ထဲသို့ အပ်လိုက်ရသည်အထိဖြစ်သည်။ မိခင်ကြီး၏ အသုဘကိစ္စများပြီးတော့ ကိုခိုင်သူကို စုံစမ်းသည်။ တာဝန်ကျရာ တိုက်နယ်ဆေးရုံများ၊ ကျေးရွာများကို အဆင့်ဆင့် စုံစမ်းပေမယ့် သတင်းအစအနပင် မရပါလေ။ ကိုခိုင်သူရဲ့ ချစ်ခြင်းမေတ္တာက ရင်ထဲမှ ကျော်ပြီး ဝမ်းဗိုက်ထဲမှာ နေရာယူလိုက်သည်။ သည်အရေးကိစ္စက မရှိတော့သည့် အဖေနှင့် အမေကိုပါ အပြောမလွတ်ဖြစ်ရသည်။

မိသားစုသုံးယောက်မှ အမေနှင့် သမီး၊ ယခုတော့ တစ်အိမ်လုံးနှင့် တစ်ယောက်တည်း။ ကိုခိုင်သူကလည်း အဆက်အသွယ်မရပေ။ ရင်နာရမှာလား၊ ဘဝပါ နာရမှာလား။ ပေးထားသည့် လိပ်စာအတိုင်း လိုက်ရပေမည်။ ဒါမှလည်း အဖြူ-အမည်း သဲကွဲမည်။ ခိုးကြီးရွာဆိုတော့ ဝါးတစ်ရာဘက်က ဖြစ်သည်။ မော်တော်ကြိုး၊ လှေကြိုး၊ သမ္မာန်ကြိုးနှင့်ပဲ လိုက်ရမည်။ အမေနှင့် အဖေတို့၏ လက်ငုတ်လက်ရင်း အိမ်ကို စွေးညှိပြီး ရောင်းလိုက်သည်။ ထိုငွေများကို သေချာထုပ်သိမ်းပြီး အသုံးအဆောင်ပစ္စည်းနှင့် မိတာ၏ အမှတ်တရပစ္စည်းလေးများကိုပဲ အိတ်နှင့် ထည့်၍ ယူလာခဲ့သည်။ လှေကြိုးနှင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ လိုက်လာခဲ့သော လှေက တခြားတစ်ရွာကို ဆက်သွားမည်ဖြစ်၍ သည်ရွာ၏ လှေဆိပ်တွင် ပိုးမလင်းတလင်း၌ ထားပေးခဲ့ခြင်းဖြစ်သည်။

ထားရွှေရီ၏ ပြောစကားအဆုံးတွင် ဒေါ်အိုက်တင်က ထားရွှေရီကို သူ့အိမ်မှာ နေပြီး ရိုးကြီးရွာ၊ ရိုးလေးရွာ၊ ငါးတစ်ရွာ၊ မအူပင်တစ်ကြောကို စုံစမ်းပေးကြပါဟု ကြုံသမျှ လူ၊ တွေ့သမျှ လူတို့ကို မှာကြားပြောပြ၍ အကူအညီတောင်းခဲ့ပေမယ့် မောင်ခိုင်သူ ဆိုသည့် ထားရွှေရီ၏ ကိုခိုင်သူက အစအနပင် ပေါ်မလာခဲ့ပေ။

သိပ်ချောင်းရွာတွင် ထားရွှေရီက သောင်တင်ခဲ့ပြီး အားကိုးအားထားစရာက ဒေါ်အိုက်တင်ပဲ ဖြစ်သည်။ ထားရွှေရီကိုယ်ခန္ဓာမှာလည်း တစ်နေရာတည်းတွင် စုစုခဲ့လေးဖြစ်လာသည်က ပို၍ သိသာလာသည်။ လေးလကျော် ငါးလ ဆိုသည့် အချိန်ကာလက အပျိုစင် တစ်ယောက်၏ သားလွယ်မှုကို ထင်ပေါ်စေသည်။

ရွာထဲက သွားရင်းလာရင်းနှင့် စပ်စုကြသည်။ ဒေါ်အိုက်တင်ကို တိုးတိုးမေးကြသည်။ "သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်လိုဖြစ်လာတာလဲ၊ ဒေါ်အိုက်တင်နဲ့ ဘာတော်လဲ" ဆိုတဲ့ လဲလေးငါးလဲနှင့် မေးကြသည်။ ဒေါ်အိုက်တင်က ရှင်းပြသည်။

"ငါတို့ ကျေးဇူးရှင်ရဲ့ သမီးလေး။ မိဘက သဘောမတူလို့ ဒီမှာ လာနေတာ"

အဲဒီလို အဖြေပေးလိုက်တော့ နောက်ထပ် မေးမည့်သူ မရှိတော့ဘူး။ ထားရွှေရီရဲ့ အနေအထား စိတ်ဓာတ်ကြောင့်ရော၊ ကူညီရှိုင်းပင်းတတ်မှုကြောင့်ပါ သိပ်ချောင်းရွာသူရွာသား အတော်များများက ခင်မင်နေကြပြီဖြစ်သည်။ ဒေါ်အိုက်တင် ခြံထဲသွားလျှင် ထမင်းလိုက်ပို့သည်။ အိမ်မှာလည်း ချက်ပြုတ် လျှော်ဖွပ် လုပ်သည်။

"သမီးရယ် . . . မပေါ့မပါးကြီး မလုပ်ပါနဲ့ကွယ်။ အမေ မိခြုံးကို မှာထားတယ်"

"အမေရယ် . . . နှစ်ယောက် အတွက်ပဲ၊ သမီးလုပ်နိုင်ပါတယ်"

ထားရွှေရီက အိမ်မှုကိစ္စလေးများကို လှုပ်ကိုင်ပြီး စိတ်ကို ဖြေနေရသည်။ ဘာမှမလုပ်ဘဲ သည်အတိုင်းနေမှသွင် တစ်ခုခုကို သတိရနေမည်ကို စိုးရွံ့လည်းဖြစ်သည်။ သိပ်ချောင်းရွာမှ ဒေါ်အိုက်တင်၏ သမီးအဖြစ်နှင့်ပဲ နေသွားချင်သည်။

♦♦♦

ဒေါ်အိုက်တင် ခေါ်လိုက်သော မိခြုံးက ရောက်လာပြီး ချက်ပြုတ်လျှော်ဖွပ်အပြင်၊ ထားရွှေရီ၏ အလုပ်ကိုပါ လုပ်ပေးသည်။ ထားရွှေရီမှာ အလုပ်မရှိသဖြင့် ရွာထိပ်က ထုံးဖြူဖြူ စေတီကလေးကို သွား၊ သွားပြီး ထိုင်သည်။ ဘုရားကျောင်းကန်ရိပ်က အေးချမ်းသည်။ ထားရွှေရီ ရွာထိပ်ဘုရားလေးကို စ၍လာသည့်နေ့က ခရေပင်ကြီးရဲ့ အောက်မှာ တွေ့လိုက်ရသည့် မြွေကြီး။ မြွေက ထားရွှေရီကို စူးစူးစိုက်စိုက်ကြည့်နေသည်။

"ဟင် . . . မြွေ . . . မြွေကြီး၊ ငါ့ကို ညှို့မလို့လား မသိဘူး၊ ဒုက္ခပါပဲ"

ထားရွှေရီကို ကြည့်နေသည့် မြွေကြီးက ဘာမှလည်း မလှုပ်၊ ကြည့်တော့ ကြည့်နေသည်။ ဘုရားဖူးပြီး ပြန်လာခဲ့သည်။ ရင်တုန်က မပျောက်ပေ။

ထိုနေ့မှ စပြီး ညဘက်တွင် ရက်ခြား အိပ်မက်မက်ပြီး ရွာထိပ်က ထုံးဖြူဖြူစေတီလေးသို့လည်း မသွားဘဲ မနေနိုင်။ သွားလျှင်လည်း မြွေကြီးက ခရေပင်အောက်တွင် ရှိနေသည်။ အိပ်မက်ထဲတွင် ထိုမြွေကြီးက လိုက်နေပါ ရစေဟု ပြောပြောနေသည်။ အိပ်မက်ထဲတွင် မြွေကြီးက စကားပြော၍ ထားရွှေရီမှာ တအံ့တသြဖြစ်မိသေးသည်။ နောက်ရက်များတွင် အိပ်မက်မက်တော့ ရိုးသွားပြီဖြစ်သည်။

ရွာထိပ်ရှိ ထုံးဖြူဖြူစေတီလေးနားမှ မြွေကြီးကို မကြောက်မရွံ့တော့ဘဲ ရင်းနှီးသွားသဖြင့် မိခြုံးကပါ . . .

"မမလေးရယ်၊ မြွေနဲ့များ အပျိုးတော်သလား။ မိခြုံးတော့ ကြောက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်... ဘာကြောက်စရာရှိလဲ။ သူကို မေတ္တာထားရင် ကိုယ့်ကို လည်း မေတ္တာပြန်ထားမှာ။ ကဲပါ... မိခြူးရယ်၊ အမေ့ခြံထဲကို လိုက်သွားရအောင်"

"ဟင်... မမလေးကလည်း ဒီလောက် ဗိုက်ကြီးနဲ့ သိပ်ပြီး မထွက်ပါနဲ့"

"ဟဲ့ - ကိုယ်ဝန်ဆောင်က မွေးဖွားရ လွယ်ကူအောင် လမ်းလျှောက်ရတယ်၊ နင်လည်း မှတ်ထား"

"အယ်... မမလေးကလည်း မိခြူးက ယောကျ်ားမယူဘူး"

"ကဲ - လာ... လာ"

ဒေါ်အိုက်တင်ရှိရာ ခြံဝိုက်ခင်းထဲသို့ ထွက်လာကြသည်။ ဒေါ်အိုက်တင်က ခြံထဲတွင် စိုက်ပျိုးထားသည့် အပင်များကို လိုက်ကြည့်နေသဖြင့် မိခြူးက စားစရာများနှင့် သစ်ပင်အောက်တွင် ထိုင်စောင့်နေသည်။ ထားရွှေရီက ခြံထဲ၌ စိုက်ပျိုးထားသည့် အခင်းများကြားထဲ လျှောက်သွားလိုက်သည်။ တစ်နေရာအရောက်တွင်...

"ဟင်... အား..."

မျက်လုံးထဲတွင် ကြယ်တွေ၊ လတွေ မြင်လိုက်ရအောင် ဖျတ်ခနဲပြစ်ပြီး ခြေစုံက ပူခနဲဖြစ်သွားတာနှင့် လူကပဲ ပစ်လဲသွားသည်။

"အား... အမေ... အမေ"

ထိတ်ထိတ်ပျာပျာအော်လိုက်သံကြောင့် မုန်လာစိုက်ခင်းကို ကြည့်နေသော ဒေါ်အိုက်တင်က နောက်ကို လှည့်ကြည့်လိုက်ပြီး...

"ဟင်... သမီးအသံ..."

ခြံဝမှ မိခြူးက ထိုင်နေရင်းမှ ခေါင်းထောင်သွားပြီး...

"အယ်... မမလေးအသံ..."

ထားရွှေရီ လဲကျနေသည့် နေရာကို ဒေါ်အိုက်တင်ရော မိခြူးပါ အပြေးအလွှားရောက်လာသည်။

"အမလေး... သမီး၊ သမီး ဘာဖြစ်သွားလဲ"

"ဟာ... မမလေး"

"အမေ... အမေ... သမီး... သမီးကို အကောင်ကိုက်လိုက်တယ်"

"ဟင်... အမလေး... ငါ့သမီးဟဲ့၊ ငမိုး၊ ဖိုးထောင် လာကြပါဦး"

ခြံထဲတွင် အတူးလုပ်နေသော ငမိုးနှင့် ဖိုးထောင်တို့ အပြေးအလွှား ရောက်လာကြပြီး ထားရွှေရီကို မွေ့၍ ဒေါ်အိုက်တင်၏ အိမ်ကို သယ်လာကြသည်။

"အမေ... အား... ကျွတ်... ကျွတ်... ဗိုက်... ဗိုက်"

"ဟဲ့... မိခြူး၊ မထွက်ကို သွားခေါ်စမ်း... မြန်မြန်"

"ဟုတ်ကဲ့ ကြီးတင်"

မိခြူးက ပြေးထွက်သွားသည်။ ခဏအကြာတွင် အရပ်ဝင်ဆွဲ ဒေါ်ငွက်ထော်နှင့် မိခြူးတို့ ရောက်လာသည်။ မိန်းမနှစ်ယောက်၊ သုံးယောက်လည်း ရောက်လာသည်။

"မအိုက်... ရေနွေးရိုလား၊ လိုက်ကာဆွဲလိုက်"

"ဗိုးထောင်ရော ငမိုးပါ အိမ်ရှေ့မှာ နေပါ။ မပြန်ကြနဲ့နော်။ မိခြူး ရေနွေးကို ဇလုံထဲ ထည့်ယူခဲ့"

မိခြူးက မီးဖိုခန်းဘက်သို့ ထွက်လာသည်တွင် အခန်းဝတွင် မြွေကြီးတစ်ကောင်က အခန်းထဲကို ဝင်ရန် ခေါင်းပြုနေသည်။ မိခြူးမှာ မျက်လုံးပြူး၍ မှင်တက်မိနေသည်။ အခန်းထဲမှ ဒေါ်အိုက်တင်က ဒေါ်ငွက်ထော်ကို ပြောလိုက်သည်။

"မငွက်... ကျွန်မသမီးလေးကို အကောင်ရှည် ကိုက်လိုက်တယ်"

"ဟင်... ဒါကြောင့် အသားတွေ ပြာနေတာ။ ကျုပ်က ကိုယ်ဝန်ဆိပ်တက်တာ မှတ်လို့။ အဲဒါဆိုရင် ဆေးရုံပို့လေ"

"ရှီး... ရှီး... ရှီး"

မြွေတွန်သံက အခန်းဝမှ ထွက်လာသည်။ မိခြူးက သတိရပြီး...

"မြွေ... မြွေ..."

ဟု အော်လိုက်သည်။ ဒေါ်ငွက်ထော်က နောက်ကို လှည့်ကြည့်ပြီး အခန်းထဲမှ ထွက်ပြေးလာသည်။ ဒေါ်အိုက်တင်ကသာ ထားရွှေရီကို ဖက်၍ မြွေကြီးကို ကြည့်နေမိသည်။ မြွေကြီးက ထားရွှေရီ၏ ခြေစုံကို ပါးစပ်နှင့် တေ့လိုက်သည်။ အမြီးက ဆန့်၍ ငြိမ်နေသည်။ ခေါင်းကြီးက ခါယမ်း၍ ခြေကို ပါးစပ်နှင့် တေ့လိုက်ပြီး နောက်ကို ဆုတ်၍ ခေါင်းလှည့်ပြီး အခန်းထဲမှ ထွက်သွားသည်။ ဖိုးထောင်နှင့် ငမိုးတို့က တုတ်ကိုင်၍ ဘာမှမလုပ်မိဘဲ ကြည့်နေကြသည်။ ဒေါ်အိုက်တင်က လည်း လုံးဝ မလှုပ်ပေ။ ဒေါ်ငွက်ထော်နှင့် အမျိုးသမီး သုံးယောက်က အိမ်အပြင်တွင် ရပ်နေကြသည်။

"အ... အမေ... အမေ"

ထားရွှေရီ၏ နှုတ်မှ အသံထွက်ပြီး လှုပ်လာသည်။ ပြာနေသော အသားက မျက်နှာမှ စပြီး ပန်းရောင်သန်းလာသည်။

"ဟယ်... ဟယ်... ငါ့သမီး... သမီး သတိရပြီ။ မငွက်... မငွက်... မိခြူး"

ဒေါ်အိုက်တင်က နှုတ်မှလည်း အော်၍ ထားရွှေရီကို ဖက်လျက် မျက်ရည်များ ကျလာသည်။ ဒေါ်ငွက်ထော်နှင့် အမျိုးသမီးသုံးယောက်က အခန်းထဲကို ဝင်လာသည်။ မိခြူးကလည်း အခန်းထဲ ဝင်လာသည်။ မြွေကြီးက အိမ်ပေါ်မှ ဆင်း၍ လူးလူးလိမ့်လိမ့်နှင့် ထွက်သွားသည်။

"ဟယ်... မြွေကြီးက သူ့အဆိပ်ကို သူပြန်ယူသွားတယ်၊ အဲ့ရောဟယ်"

"အေးတော့"

"မငွက်... ကျွန်မသမီးလေးကို

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါဦး"

"မအိုက်ရေ...ဘာမှမဖြစ်တော့ဘူး။ ကဲကောင်းလိုက်တဲ့ ကလေး"

"အမေ...သမီး...သမီးကို ဘုရားလေးက ဟိုမြွေ...မြွေကြီးက အဆိပ်ထုတ်ပေးတယ်"

"မမလေးကို ကိုက်တဲ့ မြွေက ခြံထဲက..."

"ဟင်...ဒီမြွေက ကြီးလိုက်တာ မိခြူးရယ်"

"ဟုတ်တယ် ကြီးတင်။ ရွာထိပ်က ဘုရားမှာ နေတဲ့ မြွေကြီးလေ။ မမလေးကို ကြည့်ကြည့်နေလို့ မိခြူးတောင် ကြောက်တယ်လို့ ပြောမိသေးတယ်"

"ထားရွေ...ဘယ်လိုနေလဲ၊ ဖိုက်ထဲကရော..."

"ကောင်းတယ် အကြီး။ ဖိုက်ထဲက တိုးနေတယ်။ သိပ်လည်း မနာဘူး"

"ညည်းအေ အံ့ရောပဲ။ ငါသိတာ ပြောပြမယ်။ ကိုယ်ဝန်ဆောင်ကို မြွေကိုက်ရင် ကလေးမွေးပြီးတာနဲ့ သေတာပဲ။ ကလေးကလည်း အသားအရေ မမှန်တာတို့၊ မျက်စိကန်းတာတို့ ဖြစ်တာ များတယ်။ ညည်းကတော့ တို့ရွာမှာ သြဇာရမယ်။ နေ...နေ၊ ငါ ဖိုက်ကို စမ်းကြည့်ဦးမယ်"

ဒေါ်ဂွက်ထော်က ထားရွေရီ၏ ဖိုက်ကို စမ်းလိုက်သည်။ ဒေါ်အိုက်တင်က ပြီးပြီး...ပြီးပြီးနှင့် ကြည့်နေသည်။

ထားရွေရီ ကလေးမွေးလိုက်သည်မှာ အလွန်မှ ညင်သာပြီး ဝမ်းဆွဲလည်း သက်သာသည်။

"ဟယ်...ယောက်ျားလေး။ အဲ-ပြူးပြူးတုတ်တုတ်ကြီး။ ထားရွေ...ညည်း သက်သာတာတော့၊ ငါ့ဖြင့် မကြံဘူးပါဟယ်"

"အေးဟဲ့၊ အပျိုဖိုက်တဲ့..."

"မြို့ကြီးသူက ကျုပ်တို့ကို အံ့စရာတွေ လုပ်ပြနေတယ်"

"အဟီး...မမလေး..."

"ဟဲ့...မိခြူး။ နင်ကပါ မွေးချင်လို့လားဟင်"

မီးနေခန်းတွင် ရယ်သံများ လွှင့်ပျံသွားသည်။ ဖိုးထောင်နှင့် ငမိုးတို့က...

"တောက်၊ ငါ့မိန်းမနဲ့များ ကွာပါ့"

"အေးပေါ့။ မင်းမိန်းမက ကလေးမွေးတော့ အရပ်ပျက်၊ ဟိုဟာကျတော့ အသံမထွက်ဘူး။ ဟားဟားဟား..."

"ဟေ့ကောင် ငမိုး မင်းနော်... အဟား..."

မီးနေခန်းထဲမှ အသံထွက်လာသည်။

"အု...အဲ...အဲ..."

"ဟဲ့... အဆိပ်ပြန် မောင်ကံလေး ငိုပြီတော့"

"သမီး... မြေးကို နို့တိုက်ပါ၊ တိုက်လေ သမီးရဲ့"

"အဲ...အခုမှ တို့ခြံရှင် ဒေါ်အိုက်က သမီးနဲ့ ပြေးနဲ့"

"ဟုတ်ပါ့ကွာ။ မောင်ကံတို့များ ကံကို ကောင်းပါ့ကွာ"

"ဒါကြောင့်လည်း ဒေါ်ဂွက်ကြီးက အဆိပ်ပြန် မောင်ကံလို့ ခေါ်လိုက်တာ။ ဒီတစ်ခါ လက်သည် အသံတိတ်နေတယ်"

ရွာထိပ် ဘုရားပြူးလေးနှင့် ဘုန်းကြီးကျောင်းမှ ပြန်လာသော ဦးဘခင်နှင့် ဖြူးဝေတို့က မြွေသေကြီးကို ဆွဲလာကြသည်။ ဒေါ်အိုက်တင်၏ ခြံရေ့မှ အဖြတ်တွင် ဖိုးထောင်က...

"ဦးလေး ဘခင်၊ မြွေကြီးပါလား"

"အေးကွ၊ ဘုန်းကြီးကျောင်းက အပြန် ဘုရားနားက ခရေပင်ကြီး အောက်မှာ သေနေတာ တွေ့လို့ ယူလာတာ။ ဖိုးထောင်... ကလေးမမွေးပြီလား"

"ဟုတ်ကဲ့၊ ဦးလေး ဘခင်။ ယောက်ျားလေးဗျ"

"ဟ...ဦးလေးခင်၊ အဲဒီမြွေက အခုန ဒီက ပြန်သွားတဲ့ မြွေကြီး..."

"ဟင်...ရှူး...တိုးတိုး၊ မီးနေသည် ကြားမယ်။ ဟုတ်တယ် ဦးလေးဘခင်၊ အဲဒီမြွေပဲ"

ဒေါ်အိုက်တင်နှင့် အမျိုးသမီး သုံးယောက်အခန်းထဲမှ ထွက်လာကြပြီး မြွေကြီးကို ပြင်၍ တွန့်သွားကြသည်။ ဒေါ်အိုက်တင်က...

"ကိုဘခင်...မြွေကြီးကို ဘာလုပ်မလို့လဲ၊ ချက်စားမလို့လား။ မစားပါနဲ့ရှင်၊ ကျွန်မ ဟင်းစားပေးပါ့မယ်။ အဲဒါကြီး ထားခဲ့ပါ"

"ကျုပ်ကလည်း မစားပါဘူးဗျာ။ လှလို့ ယူလာတာ။ အရည်ဆုတ်၊ သည်းခြေယူပြီး မြေမြှုပ်မှာပါဗျ"

"အင်းအင်း"

ဒေါ်အိုက်တင်ရဲ့ မျက်နှာတွင် အပြုံးတွေ ဝင့်ထည်လို့။ အနှစ် ၂၀ ကျော် တစ်ယောက်တည်းနှင့် တိတ်ခြောက်နေသော သူ၏ အိမ်တွင် ကလေးငိုသံနှင့် မီးနေသည် လာမေးသူများဖြင့် စိုစိုပြည်ပြည်ဖြစ်လာသည်။

အဆိပ်ပြန် မောင်ကံလေးက ဒေါ်၏ ဆည်းလည်းလေး။ သူ့ရဲ့ အထီးကျန်ဘဝကို ထားရွေရီတို့သားအမိက ဖြည့်ဆည်းလိုက်ခြင်းဖြစ်သည်။

ရွာထိပ် ဘုရားပြူးလေးမှ မြွေကြီးက ထားရွေရီ၏ သားလေး အဆိပ်ပြန် မောင်ကံနှင့် အဆက်အစပ်ရှိသည်ကို ဖြင့် သိကြလျှင် သူတို့ ပို၍ အံ့သြတကြီးဖြစ်ကြပေမည်။

* * *

နိုးယဉ်ဇွန်း

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ စက်တင်ဘာလအတွက်

နာမကျရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

တနင်္ဂနွေနံအကွရာ

(အ၊ အာ၊ ကြ၊ အိ၊ အီး ဉ၊ ဥ၌ ဇ၊ ဩ) စသည့် "အ" အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် မိမိလုပ်နေကျ အလုပ်ကိုသာ ပုံမှန်ဆက်လုပ်နေသင့်သည်။ ပညာရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်မည်။ နိုင်ငံခြားအလုပ်အကိုင်ဆက်သွယ်မှုလုပ်ငန်း ကောင်းမည်။ စနေနံ့ပစ္စည်းများ အရောင်းအဝယ် အဆင်ပြေ အောင်မြင်မည်။ ပြည်တွင်းပြည်ပခရီးသွားလာရေး အဆင်မပြေသေးပါ။ သားသမီး လက်အောက်ငယ်သားကြောင့် ပြဿနာဖြေရှင်းရမည်။ အိမ်၊ ခြံမြေ၊ ကား ရောင်းထွက်မည်။ ကားလုပ်ငန်းများမှ အကျိုးအမြတ်ခံစားရမည်။ အချစ်ရေး အိမ်ထောင်ရေး မသာမယာဖြစ်နေမည်။

အကျိုးပေး ဂဏန်း - ၅၊၈၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀

ကောင်းကျိုးပြုယာတြာ - မွေးနံ့ထောင့်တွင် ပိတောက် (၁၂)ညှင့်နှင့် ဖယောင်းတိုင် (၁၂)တိုင်လှူပါ။

. . . . . .

တနလာနံအကွရာ

(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ဝင်ငွေထက် ထွက်ငွေများနေမည်။ ငွေချေးငှားခြင်း၊ အကြွေးကိစ္စ၊ အာမခံ သက်သေလိုက်ခြင်း စသည့် ကိစ္စများ အထူးရှောင်ပါ။ ဝန်ထမ်းအလုပ်ကောင်းမည်။ သင်တန်းတက်ရခြင်း၊ ရာထူးတိုး၊ စာမေးပွဲဖြေ၊ အလုပ်ပြောင်းရွေ့ရတတ်သည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ မည်သည့်ကိစ္စမဆို အပြိုင်အဆိုင် အခက်အခဲကြုံတွေ့ပြီးမှ အောင်မြင်မည်။ ပြည်ပရောက် သားသမီးထံမှ ကူညီထောက်ပံ့မှု ရရှိမည်။ စပ်တူရွယ်ယာ မလုပ်သင့်ပါ။ သောကြာသားသမီးများကို ရှောင်ပါ။

အကျိုးပေး ဂဏန်း - ၄၅၇ပါသော ထီဂဏန်း ကံစမ်းပါ။ ၄ဟူး ၅တေး စနေတွင် ထီထိုးပါ။

ကောင်းကျိုးပြုယာတြာ - မိတ်ဆွေအား လက်ဖက်ရည် ဖိနပ်ပြုပါ။ လက်ဖက်သုပ်ဝယ်ကျွေးပါ။

. . . . . .

အင်္ဂါနံအကွရာ

(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် လုပ်ငန်းသစ် ပြုလုပ်၊ တိုးချဲ့ဆောင်ရွက်ရမည်။ ရေနှင့် ပတ်သက်သောလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း၊ ရွှေ ယွန်းထည်၊ အလှကုန်ပစ္စည်း စသည့် ၄ဟူးနံ့ပစ္စည်းအရောင်းအဝယ် အဆင်ပြေမည်။ ပညာရေး၊ ဘာသာရေး၊ လူမှုရေး ပါဝင်ဆောင်ရွက်ရမည်။ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ရခြင်း၊ အတိုက်အခံ ရန်ပြဿနာပေါ်ခြင်းတို့ ကြုံမည်။ ဆွေမျိုးသားချင်း အတွက် စိတ်ပူပန်ရမည်။ ဇနီးမယား ကျန်းမာရေးညံ့မည်။ ချစ်သူနှင့် ခွဲခွာနေရမည်။ အစားမှား၊ ဆေးမှားဖြစ်တတ်သည်။ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။

အကျိုးပေး ဂဏန်း - ၄အစ ၇အဆုံး၊ ၇အဆုံး ၄အစ အောင်ဘာလေထီထိုးပါ။ ၇၄၉ အကျိုးပေးသည်။

ကောင်းကျိုးပြုယာတြာ - မွေးနံ့ထောင့်တွင် နှင်းဆီပန်း (၁၀)ပွင့်လှူ၍ နမောတေဂါထာ ပုတီးစိပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ပုဒ္ဓဟူးနံအကွရာ

(ယ၊ ရ၊ လ၊ ဝ၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် အကြံအစည် ရည်ရွယ်ချက်များ အောင်မြင်မည်။ တောင်နှင့် အနောက်အရပ်မှ လာဘ်ငွေဝင်မည်။ စုတ်ဝင်ကိန်း ရှိသည်။ တရားဝင်လက်ထပ်မင်္ဂလာ မပြုလုပ်သင့်ပါ။ အကြီးအကဲ၏ ဆုပူအပြစ်တင်မှု ခံရမည်။ ရတာမလို၊ လိုတာမရဖြစ်နေမည်။ ထုမျိုးခြား။ နိုင်ငံခြားနှင့် ပူးတွဲပေါင်းစပ်လုပ်ကိုင်ရမည်။ စနေသားသမီးထံမှ အကူအညီရရှိမည်။ မည်သည့်ကိစ္စမဆို ကြားသပတေး၊ စနေသားသမီးနှင့် ပူးတွဲပေါင်းစပ်လုပ်ကိုင်ပါ။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်လည်ဆုံတွေ့ရမည်။ သကြားများသော အစားအစာ၊ ကြက်သား၊ သွားသီး၊ ကြက်သွန်များကို ရှောင်ပါ။

အကျိုးပေး ဂဏန်း - ၃၊ ၅၊ ၇၊ ၉ မဂဏန်းများသော ထီထိုးပါ။

ကောင်းကျိုးပြုယာတြာ - ပေါက်ပေါက်၊ ပဲမုန့်၊ ပေါင်မုန့်တို့ကို ဘုရားဆွမ်းတော် ကပ်လှူပြီး ပတ္တာန်း ၂၄ပစ္စည်း ရွတ်ဆိုပါ။

. . . . . .

ကြာသပတေးနံအကွရာ

(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ အကြံအစည် ရည်ရွယ်ချက်များ အောင်မြင်မည်။ အမျိုးသားများ မိန်းမ အနောင့်အယှက်ရှိသည်။ နိုင်ငံခြားခရီး၊ ပညာတော်သင်ခရီး၊ ဘာသာရေးဆိုင်ရာခရီးများ သွားရမည်။ မိဘ၊ အကြီးအကဲ ကျန်းမာရေး ဒုက္ခရောက်ရမည်။ ကား၊ စက်ပစ္စည်း လျှပ်ပစ္စည်းများ ပျက်မည်။ လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ လူလိမ်တွေ့ရတတ်သည်။ ဒေါ်မယား ကျန်းမာရေးညံ့မည်။ ချစ်သူထံမှ လက်ဆောင်ရမည်။ အနောက်တောင်၊ အနောက်အရပ်မှ မိတ်ဆွေကောင်း၊ ပုဂ္ဂိုလ် ထူး ရောက်ရှိလာပြီး အကူအညီရမည်။

အကျိုးပေး ဂဏန်း - ၅၀၇ပါသော ထီလက်မှတ်ကို ရွေးထိုးပါ။

ကောင်းကျိုးပြုယာတြာ - အဘွား၊ မိခင်၊ အဒေါ် တစ်ဦးဦးအား အနွေးထည်၊ ခြုံထည်၊ ပဝါတစ်မျိုးမျိုး ဒါနပြုပါ။

. . . . . .

ဓသာကြာနံအကွရာ

(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် မိမိဆောင်ရွက်နေ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေသင့်သည်။ လက်ရှိအလုပ်ကို တိုးချဲ့ဆောင်ရွက်နိုင်သည်။ ကြာသပတေး၊ စနေ သားသမီးတစ်ဦးဦးနှင့် စပ်တူရှယ်ယာလုပ်ကိုင်ရမည်။ ဝန်ထမ်းများ ရာထူးတိုး၊ စာမေးပွဲဖြေဆိုရခြင်း သင်တန်းတက်ရခြင်းတို့ ကြုံတွေ့မည်။ ငွေဝင်သော်လည်း မတည်မြဲ မစုနိုင်ဖြစ်နေမည်။ သူတစ်ပါးကိစ္စ အာမခံ သက်သေလိုက်ခြင်း ဆွေးစုံးခြင်းများ အထူးရောင်ပါ။ အိမ်တွင်းရေး ရန်ပြဿနာပေါ်တတ်သည်။ မည်သည့်ကိစ္စမဆို မိဘဆရာသမား အကြီးအကဲ၏ အကြံဉာဏ်ယူ၍ ဆောင်ရွက်ပါ။ သွားနာ၊ သွားကိုက်ဝေဒနာ ခံစားရတတ်သည်။

အကျိုးပေး ဂဏန်း - ၄၄၊ ၅၅၊ ၇၇ ဂဏန်းတူတွဲပါသော ထီလက်မှတ်ရွေးထိုးပါ။

ကောင်းကျိုးပြုယာတြာ - ပိတောက်သားပုတီးကို ဒါနပြုပါ။ (၁၀၈)လုံးပုတီး ၅ကုံးပြည့်အောင် လှူပါ။

. . . . . .

စနေနံအကွရာ

(တ၊ ထ၊ ဒ၊ ဓ၊ န၊ ၌) နှင့် စသော အမည်ပိုင်ရှင်များ . . .

ဤလတွင် ထူးထူးခြားခြား အကျိုးကျေးဇူးများ ခံစားရမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ ထူးခြားသော ဘတ်ပုံ၊ ဘိုးတော်၊ မယ်တော် ရောက်ရှိလာခြင်း။ ဂန္ဓိရုဒန်သော ပစ္စည်းရရှိခြင်းတို့ ကြုံတွေ့ရမည်။ ပညာရေး ဘာသာရေးကိစ္စ အောင်မြင်မည်။ အပျော်အပါး လောင်းကစားကိစ္စ ရှောင်ပါ။ အခက်အခဲတွေ့ပါက ပုဒ္ဓဟူး၊ ကြာသပတေး နာမည်ပါသူထံ အကူ အညီတောင်းပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ဆွေမျိုးသားချင်းတစ်ဦးကြောင့် တစ်ဦးနှင့်တစ်ဦး အဆင်မပြေ၊ အထင်လွဲမှု ကြုံရမည်။ ခရီးသွားလာရင်း ချစ်သူတွေ့တတ်သည်။ ဤလပိုင်းတွင် လက်ထပ်မင်္ဂလာကိစ္စ အထူးရှောင်ပါ။

အကျိုးပေး ဂဏန်း - ၃၅၇ ပါသော ထီလက်မှတ်ရွေးထိုးပါ။

ကောင်းကျိုးပြုယာတြာ - မွေးနံ့ထောင့်တွင် အုန်း(၆)ညွှန့်လှူပါ။ နေအိမ်ဘုရားတွင် အုန်းဆွမ်း၊ အုန်းသီးပါသော မုန့်ဆွမ်းများ ကပ်လှူပါ။

*****

www.burmeseclassic.com

www.burmeseclassic.com

မိစ္ဆာသုံးကောင်

ဘန္ဒင်း

(မြန်မာပြန်)

www.burmeseclassic.com

www.burmeseclassic.com

အီဗာတန်ကော်လီသည် ဖာဖို(ဒ်)ဝက်(စ်)သို့အပြန် မီးရထားလက်မှတ်ဝယ်ပြီး လူအသွားအလာပြတ်သည့် ဘာတန်ပြို့၊ မီးရထားဘူတာရုံအတွင်းထဲလာ၏။ ထို့နောက် ခြေကျော်တံတားကို ဖြတ်၍ အမှတ်တစ် စင်္ကြံသို့ လျှောက်လာ၏။ ထိုနေရာတွင် ရထားအချက်ပြ မီးတိုင်ရှိသည်။ သူသည် သစ်သားခုံတန်းလျားပေါ်တွင် ထိုင်၍ ခဏအဖြေနေ၏။ မကြာခင် သူ ဖော်ရွှင်မှု ပြန်ရခဲ့တော့မည်။ သူသည် ဖော်ရွှင်မှုကို အလွန်တောင့်တခဲ့သည်မှာ ကြာလှခဲ့ပြီ။

နောက် ၅မိနစ်ခန့်အကြာတွင် အီဗာတန်ကော်လီသည် ခေါင်းငိုက်စိုက်ကျပြီး အိပ်ပျော်သွားလေ၏။ စိတ်ပင်ပန်းရသောနေ့များ၊ တုန်လှုပ်ချောက်ချားရသော ညများ ကုန်ဆုံးသွားလေပြီ။

အီဗာတန်ကော်လီသည် အိပ်နေရာမှ ယောင်ယမ်း ညည်းတွားနေ၏။ သူတို့ ပေါ်လာကြလေပြီ။ သူတို့သည် လက်များကို ရှေ့သို့ ဆန့်တန်းပြီး သူ့ဆီသို့ လာနေကြ၏။ နော်မန်ဖင်တန်က ဘယ်ဘက်၊ အလယ်တွင် မစ္စပါဆန်၊ ညာဘက်က လူမှာ အား(လ်)ဘာကာ ဖြစ်သည်။

မိစ္ဆာသုံးကောင် လာပြန်ချေပြီ။

ကော်လီသည် ခါတိုင်းလိုပင် သူတို့အား မောင်းထုတ်ရန် ကြိုးစားပြန်၏။ သူတို့၏ ပုံသဏ္ဌာန်မှာ အလွန်ကြောက်စရာကောင်းလှသည်။ စကားပြောသော်လည်း သူတို့အမူအရာက ဘာဆိုလိုသည်ကို ဖော်ပြနေ၏။

"မင်းဟာ ငါတို့ကို သတ်ဖြတ်ခဲ့တယ် အီဗာတန်။ မင်းက ငွေလိုချင်လို့ ငါတို့ကို သတ်ခဲ့တယ်။ ငါတို့အလောင်းတွေကို ဖာဖို(ဒ်)ဝက်(စ်)မြစ်မှာ ချထားခဲ့တယ်။ မမေ့ဘူး၊ ဒါကို ငါတို့ ဘယ်တော့မှ မမေ့ဘူး၊ မင်းလည်း ဘယ်တော့မှ မမေ့စေရဘူး အီဗာတန်ကော်လီ"

အမြဲချောက်ချားနေသော သူ့စိတ်၊ ဖြူရော်နေသော ရုပ်သွင်၊ ထိုင်းမှိုင်းလေးလံသော အညိုရောင် မျက်ခွံများအောက်မှ ချာချာလည်နေသော အပြာရောင်မျက်လုံးများမှာ အမြဲတမ်းပင် ဤအတိုင်းရှိနေပေမည်။

ကြောက်စရာကောင်းသော သဏ္ဌာန်များသည် အပြာရောင်အစက်အပြောက်အမြဲသို့ တဖြည်းဖြည်းသေးငယ်သွား၏။ ထိုအစက်အပြောက်သုံးခုသည် သူအား သူတို့နောက်သို့ လိုက်ရန် ခေါ်နေလေသည်။

ကော်လီသည် တုန်လှုပ်ချောက်ချားစွာဖြင့် အိပ်ရာမှ နိုးလာ၏။ နေအလွန်ပူပြီး သူ့ခြိုင်းတွင် ခွေးများ စို့နေသော်လည်း အေးစိမ့်မှုကို ခံစားနေရ၏။ ထိုင်ရာမှ ထရပ်ပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။ သူလည်တိုင်နှင့် မေးရိုးမှာ အလွန်နာကျင်နေသည်။ နေပူအောက်တွင် အချိန်ကြာမြင့်စွာ ထိုင်သောကြောင့်ဖြစ်မည်ဟု သူထင်၏။

မီးရထားသည် အမှတ်တစ် ပလက်ဖောင်းတွင် ရပ်နေ၏။ မီးရထားမှာ အနက်ရောင် ဆေးသုတ်ထား၏။ ဆေးနက်သုတ်ထားသော ရထားကို သူ ယခင်က မမြင်ဘူးပေ။ အမြူရောင် ကန့်လန့်ကာစများမှာ အသုတလုပ်မှု ပိတ်များနှင့် တူနေသည်ဟု သူထင်၏။ ကော်လီသည် သူနာရီကို ကြည့်လိုက်၏။ ၁၀နာရီ ၁၀မိနစ်ရှိလေပြီ။ ဖာဖို(ဒ်)ဝက်(စ်)ရထားသည် ၁၀နာရီ ၁၂မိနစ်တွင် ထွက်ပေမည်။ ရထားပေါ်သို့ သူ ရောက်သင့်လှပြီ။

ကော်လီသည် သစ်သားခုံတန်းလျားမှထ၍ မီးရထားဆီသို့ လျှောက်လာ၏။ ထို့နောက် မီးရထားပေါ်သို့ တက်၏။ တွဲတံခါးကို ပိတ်ပြီး ပျော့ပျောင်းသော နောက်မှီတွင် ခေါင်းမှီလိုက်၏။ သူလည်ပင်း နာနေသော ကြောင့်ဖြစ်သည်။ မျက်လုံးကို မှေး၍ ရထားထဲ ဝင်လာသော နေရောင်ကို ကြည့်နေ၏။ ထူးဆန်းသည်မှာ နေရောင်တွင် အပူရှိန်မရှိခြင်းပင် ဖြစ်သည်။ မီးပြန့်တိုင်အရိပ်သည် ပလက်ဖောင်းပေါ်သို့ ထိုးကျနေ၏။ ကော်လီမှာ တစ်ကိုယ်လုံး တုန်နေ၏။

မီးရထားထွက်လာ၏။ မီးရထား၏ အရှိန်မှာ အလွန်လျင်မြန်သည်။ လူရှင်းနေသော ပလက်ဖောင်းကို ပြတင်းပေါက်မှ ရိပ်ခနဲသာ မြင်လိုက်ရ၏။ မကြာခင် သူသည် ဘာတန်ပြို့၏ လူစည်ကားသော လမ်းဆုံနေရာကို ဆီးမြင်နေရ၏။ လမ်းပေါ်တွင် သွားလာနေသူများ ဈေးဝယ်နေသူများနှင့် တယ်လီဖုန်း ဆိုင်ယာတိုင်များ ထောင်ထားသည့် အိမ်ကြီးအိမ်ကောင်းများကို ပြာလဲ့သော နွေရာသီကောင်းကင်အား နောက်ခံထားပြီး မြင်နေရ၏။ ကရိကထ ကစားကွင်းကို မြေပို့နေသူနှင့် ပန်းချီဆွဲနေသော လူငယ်တစ်ယောက်ကိုလည်း တွေ့ရ၏။ ထို့နောက် မြင်ကွင်းအတွင်းသို့ ကာဘောင်တစ်ခုဝင်လာသောကြောင့် ကော်လီသည် ထိုင်ခုံတွင် ကျောပြန်မှီပြီး အနားယူနေ၏။

မီးရထားသည် လိုက်ခေါင်းတစ်ခုအတွင်းသို့ ဝင်လာ၏။ ရထားမောင်းသူသည် တွဲအတွင်းမှ လျှပ်စစ်မီးလုံးများကို မီးဖွင့်ပေးရန် မေ့လျော့နေ၏။ ထို့ကြောင့် အမောင်ထဲတွင် သူနေရ၏။

ပကတိ တိတ်ဆိတ်နေပြီး သူ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်သည် လေထဲတွင် လွင့်နေသည်ဟု ထင်ရ၏။ မျက်စိအစုံကို မှိတ်၍ ခန္ဓာကိုယ်ကို ခုံထောင့်တွင် ကျူးထားလိုက်၏။

မကောင်းဆိုးဝါး သုံးကောင်ပေါ်လာပြန်ပြီလား။

ကော်လီသည် အိပ်နေရင်း ရေရွတ်ညည်းတွားနေ၏။ ဤမကောင်းဆိုးဝါးများ၏လက်မှ သူ မလွတ်နိုင်တော့ပြီ။ ယခုတစ်ကြိမ်တွင် အစက်နှစ်စက်သာ ပေါ်လာ၏။ ကြောက်စရာကောင်းသော မျက်နှာနှစ်ခုသည် လက်များကို ဆန့်တန်းပြီး သူထံ တဖြည်းဖြည်းလာနေ၏။ သူတို့၏ သဏ္ဌာန်မှာ ယခင်အကြိမ်များထက် ပိုပြီး ပီပြင်ထင်ရှားနေ၏။ ဘယ်ဘက်မှ မျက်နှာပိုင်ရှင်မှာ "နော်မန်ဖင်တန်" ဖြစ်သည်။ ကန်းနေသော မျက်စိအပေါ်မှာ အနီရောင် အမာရွတ်ကို သဲကွဲစွာ မြင်နေရ၏။ ညာဘက်တွင် မစ္စ ပါဆန်၏ မျက်နှာရိုး၏။ ခေါင်းတွင် ရယ်စရာကောင်းသော ဦးထုပ်ပြားကလေး ဆောင်းထားပြီး လည်ပင်းတွင် အရောင်တောက်သည့် လက်ဝါးကပ်တိုင်ကို ဆွဲထား၏။ ရှေ့သွားများမှာ ယခင်ကထက် ငေါထွက်နေသည်။

"ထတော့ အီဗာတန်"

ထိုသို့ ပြောနေသည်ဟု ထင်ရ၏။

"ထတော့၊ ငါတို့ရောက်လာပြီ အီဗာတန်"

မီးရထားသည် ဥမင်လိုဏ်ခေါင်းတွင်းမှ ထွက်လာ၏။ သူမျက်နှာပေါ်သို့ နေရောင်ခြည်များ ကျလာပြန်၏။ သူ သက်ပြင်းချလိုက်၏။ တစ်ချက်သမ်းဝေပြီး မျက်လုံးဖွင့်ကြည့်၏။

သူ့ရှေ့မှ ထိုင်ခုံကို ငေးကြောင်ပြီး ကြည့်နေမိ၏။ အိပ်မက်ဆိုးမက်ပြီး နိုးလာသဖြင့် သူ့စိတ်မှာ မကြည်မလင်ဖြစ်နေသည်။ မကောင်းသော အနိဋ္ဌာရုံများကြောင့် သူ ရူးသွပ်မလိုဖြစ်နေ၏။

သူ့ရှေ့မှ မကောင်းဆိုးဝါးနှစ်ဦးကို စိုက်ကြည့်နေမိသည်။ ဘယ်ဘက်တွင် နော်မန်ဖင်တန်၊ ညာဘက်တွင် မစ္စပါဆန်။

ကော်လီသည် ကိုယ်ကို မတ်၍ လည်ပင်းနောက်ကို ခပ်ကြမ်းကြမ်းပွတ်နေ၏။ မီးရထားသည် ဟဖို့(ဒ်)ဝက်(စ်)သဲလမ်းပေါ်တွင် ညင်သာစွာ ခုတ်မောင်းနေ၏။ မကြာခင် လမ်းဆုံသို့ ရောက်တော့မည်။ ပြင်ပ ကမ္ဘာကြီးမှာ ခါတိုင်းလိုပင် အေးဆေးစွာ ရှိနေ၏။

မစ္စပါဆန်သည် ဦးထုပ်ကို ဖြင်ဆောင်းပြီး မျက်နှာကို မော့လိုက်၏။

"ကဲ - ငါတို့ ပြန်ဆုံတွေ့ကြပြီ လူငယ်လေးရေ။ ငါတို့နဲ့ မင်းဟာ ဘယ်လိုမှ မပတ်သက်တော့ဘူးလို့ မင်းထင်တာ သိပ်မှားတာပေါ့"

ကော်လီသည် ထိုင်ခုံတွင် ပုနေ၏။ သဏ္ဌာန်များသည် အလွန်ထင်ရှားပြတ်သားနေ၏။

"ထစမ်းပါ အီဗာတန်။ ငါတို့ကို သရဲတစ္ဆေတွေလို ကြည့်မနေစမ်းပါနဲ့"

ဖင်တန်က ဒေါသဖြင့် ဝင်ပြောသည်။ မင်းကို လက်စားချေရမှ ငါ ကျေနပ်မယ်။

သူ ထိုင်နေရာမှ လူပ်ရှားပြီး လက်များကို ဆန့်ထုတ်လိုက်၏။ မစ္စပါဆန်က ပြောပြန်သည်။

"ငြိမ်ငြိမ်နေပါ နော်မန်။ မင်း သူ့ကို ထိလို့ မရပါဘူး"

အမျိုးသမီးကြီးသည် သူ့ကို ညှိုးငယ်စွာ ကြည့်နေပြန်၏။

"ငါတို့ကို မြစ်ဝမှာ ချုပ်စ်ခဲ့တဲ့ အချိန်က စပြီး မင်းနဲ့ ဆက်သွယ်ဖို့ ငါတို့ ကြိုးစားခဲ့တယ်။ မင်းရဲ့ မသိစိတ်က အဲဒီအကြောင်းကို သိနေမှာပါကွာ"

ကော်လီ ခေါင်းညိတ်ပြ၏။ သူ ပါးစပ်မှာ ဟနေ၏။

"လွန်ခဲ့တဲ့ တစ်နာရီကျော်က ငါတို့ဟာ မင်းရဲ့ စိတ်ကို ထိုင်းမှိုင်းအောင် လုပ်နိုင်ခဲ့တယ်"

ဖင်တန်က ဝင်ပြော၏။

"ဒါပေမယ့် သူ့ရဲ့ စိတ်ဟာ ကျုပ်နဲ့ ဘာကာကို သတ်ပြီး ကျုပ်တို့ပိုင် ငွေတွေကို မုဆိုးမတွေဆီက လုယူတဲ့ အချိန်ကလောက် မယုတ်မာသေးဘူး။ အခုဆောက်နေတဲ့ ဟဖို့(ဒ်)တံတားအသစ်ဆောက်တဲ့ လုပ်ငန်းဟာ အမြတ်အစွန်းရမယ်လို့ ထင်သလား လူငယ်လေး"

ထို့နောက် မစ္စ ပါဆန်ဘက်သို့ လှည့်ပြောပြန်၏။

"သူဟာ ကျုပ်နဲ့ ဘာကာကို တံတားဟောင်းဆီကို သွေးဆောင်ခေါ်သွားတယ်။ ကျုပ်တို့အတွက် လုပ်ငန်းအသစ်ရမယ်လို့လည်း ပြောတယ်။ ကျုပ်တို့ဟာ တံတားအလယ်ပိုင်းကို နေတဲ့နေရာကို ပို့ကြည့်ကြတယ်။ အဲဒီအချိန်မှာ သူဟာ ကျုပ်တို့ခေါင်းကို သွေးအေးအေးနဲ့ ရိုက်ပြီး အောက်ကို ကန်ချတယ်"

"ရှင် ဒီအကြောင်းပြောတာ အကြိမ်တစ်ဒါဇင်မကဘူး။ သူ့ကို ရှင်တို့ ယုံကြည်တာဟာ အရူးတွေပဲ"

မစ္စ ပါဆန်က လှောင်ပြောင်သည်။

"ကျုပ်တို့ ရူးတာ ထားပါတော့။ ခင်ဗျားက ဘယ်လိုဖြစ်တာလဲ"

မစ္စ ပါဆန် မျက်နှာရဲသွား၏။

"သူဟာ ခင်မင်စရာကောင်းတယ်လို့ ကျွန်မ ထင်ခဲ့တယ်။ ကျွန်မဟာ ရှင့်ရဲ့ လိမ်ညာမှုကို အလွယ်တကူ ခံခဲ့ရတယ်။ ကျွန်မရဲ့ ထုံးအမှုအတွက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ခံရတာပါ"

"ခင်ဗျား တကယ်မိုက်မဲခဲ့တာပေါ့"

ဟု ကော်လီ တွေး၏။

"ခင်ဗျားမိတ်ဆွေတွေကို တောင်အာဖရိကကို သွားမယ်လို့ ခင်ဗျားပြောခဲ့တယ်။ ဒါကြောင့် တံတားဟောင်းပေါ်မှာ လည်ချောင်းညှစ်သတ်ခံရပြီး မြစ်ထဲကျသွားတာကို ဘယ်သူမှ မသိကြဘူး"

"ဒီမှာ လူငယ်လေး..."

မစ္စပါဆန်က ဆက်ပြောသည်။ မင်းရဲ့ ကောက်ကျစ်ယုတ်မာတဲ့ ပြစ်မှုတွေအတွက် လက်စားချေဖို့ ငါတို့ အခုလာကြတာပဲကွဲ့"

"မင်းဟာ ငရဲကောင်ပဲ"

ဖင်တန်က ဝင်ပြော၏။

"လက်စားချေမယ်"

ကော်လီက ထိတ်လန့်စွာ ပြော၏။

"ခင်ဗျားတို့ ဘာလုပ်ကြမှာလဲ"

"ငါတို့နောက်ကို လိုက်ရမယ်"

မစ္စပါဆန်က ဆုံးဖြတ်ထားသည့်လေသံဖြင့် ပြောသည်။

"ငါတို့ကို တွန်းချခဲ့တဲ့ မြစ်ဝကို မင်းကို ခေါ်သွားမယ်"

သူမက လေးလေးနက်နက် ပြောသည်။

"မင်းရဲ့ နောက်ဆုံးအချိန်အထိ ငါတို့ စောင့်ကြည့်နေမယ်။ ဒီတစ်ခါတော့ မင်းဟာ ဘယ်လိုမှ ယုတ်မာလို့ မရနိုင်တော့ဘူးပေါ့ကွယ်"

"အဲဒါ ပိုကောင်းတယ် အီဗာဘန်"

ဖင်တန်က ဝင်ပြောသည်။

"နို့မို့ရင် ကျုပ်တို့ဟာ မင်းဦးညှာဉာဏ်ကို အမြဲတမ်း ခြောက်လှန့်နေရမှာ ဘယ်တော့မှ ငြိမ်းချမ်းမှု မရဘူး မှတ်"

ကော်လီ နောက်ဆုတ်သွား၏။

"ခင်ဗျားတို့ အရူးတွေပဲ။ နစ်ယောက်လုံး ရူးနေပြီ။ ကျွန်တော့်ပြောတာ ကြားရဲ့လား။ သွားကြ...သွားကြ သွားကြတော့"

သူလက်များဖြင့် ထိုင်ခုံကို တင်းတင်းဆုပ်ကိုင်ထား၏။ မျက်လုံးများ ပြူးထွက်နေသည်။ မီးရထားသည် ဟ်ဖို့(ဒ်)တက် ရထားလမ်းဟောင်းပေါ်တွင် ခုတ်မောင်းနေ၏။ စက်ခေါင်းသည်

အဆက်မပြတ်နေသော တံတားအလယ်ဆက်ဆီသို့ ဦးတည်နေ၏။ ထိုနေရာမှ ပေတစ်ရာအကွာတွင် မြစ်ဝရှိသည်။

သူ အလွန်ထိတ်လန့်သွား၏။ အချက်ပြ ကြိုးကို ယောင်ယမ်းပြီး ရှာနေ၏။

"အချိန်ကုန်မခံပါနဲ့ လူငယ်လေး"

ဖင်တန်က ခေါင်းယမ်းပြီး ပြောသည်။

"ဘယ်သူမှ မရှိဘူးကွ"

ကြောက်လွန်းသောကြောင့် ကော်လီသည် ဆောက်တည်ရာ မရဖြစ်သွား၏။ နူးပော်သို့ မှတ်နှာခေါ်ပြီး လက်သီးကို တင်းကျပ်စွာ ဆုပ်ထား၏။

"မလုပ်ပါနဲ့၊ ဒီလို မလုပ်ပါနဲ့။ အို...ဘုရားသခင် ကျွန်တော့်ရဲ့ ပြစ်မှုအတွက် ကျွန်တော် ထိုက်တန်အောင် ခံပြီးပါပြီ။ နောင်တရပါပြီ။ အိပ်ပျက်ညတွေ၊ ချောက်ချားရတဲ့ နေ့တွေ..."

"ခံရမှာပေါ့"

မစ္စပါဆန် အော်ပြောသည်။

"မင်း ခံရမှာပဲ။ ငါတို့ ဘယ်လို ခံစားရတယ်ဆိုတာကို မင်းတွေးမိရဲ့လား။ ငရဲပဲ၊ တကယ့်ငရဲပဲ။ နောင်တရပါပြီတဲ့၊ တကယ်ပြောတာလား။ မင်းဟာ ငါ့ွေတွေနဲ့ ဖာဖိုဝက်(စ်) တံတားဆောက်လုပ်ရေးအပေါ်က အမြတ်အစွန်းကို လိုချင်တယ်။ မင်း အဲဒါပဲ လိုချင်တယ်။ မင်းဟာ တော်တော် ကောက်ကျစ်ယုတ်မာခဲ့တာကွ"

ကော်လီသည် မျှော်လင့်ချက် ကင်းမဲ့စွာ ကြမ်းပြင်ကို ငုံ့ကြည့်နေ၏။ သူ တည်ငြိမ်မှု ဖြစ်မည်။ ထို့နောက် လေသံတိုးတိုးဖြင့် ပြောသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ နစ်ယောက်လုံးကို တောင်းပန်ပါတယ်။ သနားကြင်နာမှုကို သနားကြင်နာမှုနဲ့သာ တုံ့ပြန်ဖို့ သင့်ပါတယ်ဗျာ"

မစ္စပါဆန် ကျောက်ရုပ်လို တောင့်သွား၏။

"ငါတို့အပေါ်မှာ ဘယ်လို ကြင်နာမှုတွေ ထားခဲ့လို့လဲ အီဗာတန်ကော်လီ"

သူမက စီရင်ချက်ချတော့မည့် တရားသူကြီးလို မေးကို ငေါ့ပြီး မေးသည်။

ကော်လီ ဝုန်းခနဲ ထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

သူ ဒီဘ်ဆိုးလျှင် ထိုကဲ့သို့ လုပ်လေ့ရှိသည်။

"ခင်ဗျား...ခင်ဗျားတို့ဟာ ကိုယ့်ဘက် ကိုယ်ယက်တဲ့ မကောင်းဆိုးဝါးမပဲ။ ခင်ဗျားဟာ ဘယ်သူကောင်းကျိုးကို လုပ်ခဲ့ဖူးသလဲ၊ ဟားဟားဟား..."

ထို့နောက် စကားရပ်ပြီး...

"အား(လ်)ဘာကာ ဘယ်မှာလဲ၊ သူကတော့ ခွင့်လွှတ်မှာပါ။ သူက နားလည်မှုရှိတယ်"

"ငါ ဒီမှာပါ အီဗာတန်။ ငါ မလာနိုင်ဘူး။ မင်းမြင်တယ်မဟုတ်လား။ ငါ အလုပ်များနေတယ်"

ရထားမောင်းနေသော အာ(လ်) ဘေကာက သူ့ကို ပြုံးပြရင်း ပြောသည်။ သူ၏ ပိန်လိုသော လက်များဖြင့် ရထားကို မောင်းနေ၏။

"ရထားနည်းနည်းနေးနေတယ်ကွ...ဟဲဟဲ"

အား(လ်)ရထားမောင်းနေတာပါလား။ ကော်လီသည် သူထံသို့ လျှောက်သွား၏။ ရထားကို ရပ်ပစ်မှ ဖြစ်မည်။ ရထားသည် သံချေးတက်နေသော သံလမ်းအတိုင်း အဆက်ပြတ်နေသော အလယ်ပိုင်းဆီသို့ ဦးတည်ခုတ်မောင်းနေချေပြီ။

"တွေ့တယ်မဟုတ်လား အီဗာတန်"

အား(လ်)က ညာဘက်ကို ညွှန်ပြရင်း ပြောသည်။ အဲဒါ ငါတို့အိမ်လေ။

ထုထည်ကြီးမားသော အဆက်ငါးခုရှိသည့် တံတားကြီးသည် အလယ်တည့်တည့်မှ ပြုတ်ကျနေ၏။ တံတားအဆက်များသည် မြစ်ဝ၏ တစ်ဖက်တစ်ချက်ရှိ တောင်နံရံဆီသို့ တွဲလွဲကျနေ၏။ လွန်ခဲ့သော လေးနှစ်က မီးရထားခုတ်မောင်းနေစဉ် တံတားကျိုးသွားခဲ့၏။ ရထားနှင့်အတူ ခရီးသည်များအားလုံး မြစ်ထဲသို့ ထိုးကျသွား၏။ အသက်ရှင်သူဟူ၍ မရှိပေ။ ထိုအကြောင်းကို ကော်လီ သတိရလိုက်သည်။

သူ အလွန်ကြောက်သွား၏။ အား(လ်)ထံသို့ အမြန်လျှောက်သွားပြီး တောင်းပန်၏။

"ရပ်ပါ၊ ရထားရပ်ပါ။ အား(လ်) ကျွန်တော်ပြောတာ နားထောင်ပါ။ ကျွန်...ကျွန်တော် မသေပါရစေနဲ့"

အား(လ်)က သူ့ကို သူတော်စင်တစ်ဦးလို ပြုံးကြည့်နေ၏။

"ငါတို့ရော သေချင်ပါ့မလား အီဗာဘန်"

"ဘုရားသခင် ကယ်ပါ၊ ရပ်ပါတော့၊ နောက်ကျတော့မယ်"

ကော်လီ ငယ်သံပါအောင် အော်လိုက်၏။

အား(လ်)သည် ညင်သာစွာ ရယ်လိုက်၏။

"နောက်ကျသွားပြီ၊ အီဗာတန် မြစ်ဝက ကြိုဆိုပါတယ်။ ကဲ - ရောက်ပါပြီ"

ကော်လီသည် လေကာမှန်ကို မျက်နှာပြင် အပ်ထားလိုက်၏။ သူမေးဖျားသို့ တံတွေးများ စီးကျလာ၏။ ရထားအောက်မှ ကျိုးပြတ်နေသော ရထားသံလမ်းကို သူ နောက်ဆုံး မြင်လိုက်၏။ သူမျက်နှာကို လက်ဝါးဖြင့် အုပ်ထားမိ၏။ မီးရထားသည် ဟင်းလင်းပြင်ထဲသို့ ထိုးကျသွားပြီး အရောင်တလက်လက်တောက်နေသော မြစ်ပြင်အောက်သို့ နစ်မြုပ်သွားလေ၏။ ထို့နောက် မြစ်ပြင်ပေါ်တွင် ပြန်လည် တိတ်ဆိတ်သွားလေ၏။

♦♦♦

တံငါးသည် နစ်ယောက်သည် လေကုန်းဘတ်ပေါ်တွင် လဲနေသော အလောင်းကို လှမ်းကြည့်နေ၏။ ပိုက်တွင် ငြိပါလာသောအလောင်းဖြစ်သည်။

"လည်ပင်းကျိုးနေတယ်"

လူကြီးက မြောသည်။

"သူ ဒီကို ဘာလာလုပ်သလဲ ဆိုတာကို စဉ်းစားလို့ မရဘူး"

လူငယ်က မီးရထား သံလမ်းအပျက်ကို ညွှန်ပြရင်း ပြောသည်။

"ဒါဟာ တိုက်ဆိုင်မှု ဖြစ်နိုင်တယ်။ သူ့ဆံပင်ကို နောက်လှန်ကြည့်ရင် သူဟာ မနေ့မနက်က ဘာတာဘူတာရုံ မီးပြတိုက်အနီးမှာ ထိုင်နေသူဆိုတာ ငါပြောရဲတယ်"

"အဲဒါ လူပဲလား။ ဒါဖြင့် ဒီနေ့ကို သူ ဘာလာလုပ်သလဲ၊ ရှင်းပြပါပါပါ"

လူငယ်ပြော၏။ မြစ်ပြင်ပေါ်တွင် လေတိုက်နေသဖြင့် သူ အေးစိမ့်သွား၏။

"အဲဒါတော့ ငါ မသိဘူး။ ငါ့ကို နားမလည်တဲ့ အကြောင်းတွေ အများကြီး ရှိတယ်"

လူကြီးက စိတ်ချောက်ချားပြောနေသည်။

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်"

လူငယ်မှာ အလားတူ တုန်လှုပ်ချောက်ချားနေ၏။

သားအဖနှစ်ယောက်သည် အလောင်းကို မြစ်ထဲသို့ ပြန်ပစ်ချလိုက်၏။ ထို့နောက် ပူနွေးသော ရေပြင်တွင် ရွက်လွှင့်၍ ထွက်လာကြသတည်း။

(Unholy Trinity By Anthony A.Randall ကို ဖြန်ဆိုသည်။)

* * *

ဘုန်းခြင်(ခြံနီ)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ စက်တင်ဘာလအတွက်

ခေတ္တရာ ဆရာကျော်

ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဒီစာမျက်နှာဟာ သင့်အတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သဲလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင့်ဘဝကံအတွက် အသုံးပြုတတ်ရင် အထောက်အပံ့ ဖြစ်ပါလိမ့်မယ်။

"အချိန်အခါအလျောက် ပေါ်လာတဲ့ အကြောင်းဆိတစ်ခုလောက် အစွမ်းထက် အားကောင်းတာ ဘာမှမရှိ"

(ဗစ်တာဟူးဂိုး)

၂၀၁၃၊ စက်တင်ဘာလ စန်းပွင့်ရက်များ

၁၊ ၂၊ ၃၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀၊ ၂၉၊ ၃၀ ရက်များ	မြောက်အရပ် စန်းပွင့်သည်။
၄၊ ၅၊ ၁၃၊ ၁၄၊ ၂၁၊ ၂၂၊ ၂၃ ရက်များ	အရှေ့အရပ် စန်းပွင့်သည်။
၆၊ ၇၊ ၁၇၊ ၁၈၊ ၂၆၊ ၂၄၊ ၂၅ ရက်များ	တောင်အရပ် စန်းပွင့်သည်။
၈၊ ၉၊ ၁၀၊ ၁၆၊ ၁၀၊ ၂၆၊ ၂၇၊ ၂၀ ရက်များ	အနောက်အရပ် စန်းပွင့်သည်။

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာရက်အလိုက် စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်း ဖြစ်ပါတယ်။ အသုံးအစွဲပြုပုံကို ယခင်လများတွင် ရှာဖတ်ပါ။ ဥာဏ်ရှိသလို အသုံးပြုနိုင်ပါတယ်။

မိဿ၊ သိဟ်၊ ဓနုတွင် ရှိပါက စန်းရှိပါက အရှေ့အရပ် စန်းပွင့်ပြီး ပြိဿ၊ ကန်၊ မကာရတွင် စန်းရှိပါက တောင်အရပ် စန်းပွင့်ပါတယ်။ မေထုန်၊ တူ၊ ကုမ်တွင် စန်းရှိပါက အနောက်အရပ် စန်းပွင့်၍ ကျန်ရက်များ၌ မြောက်အရပ် စန်းပွင့်ပါတယ်။

ထီကဲ့



www.burmeseclassic.com

www.burmeseclassic.com

ဤဇာတာမှာ ထိဖွင့်နေ့ ဇာတာဖြစ်ပါတယ်။ သူဌေးရွှေးမယ့် ဇာတာဆိုပါတော့။ (၄၊ ၅၊ ၆)ဂဏန်းများ ပါအော
ထိုးပါ။ အာရုံပြု ဂဏန်းမှာ (၅၊ ၉)ဖြစ်ပါတယ်။ ထိထိုးသောနေ့နှင့် ထိဖွင့်မယ့်နေ့မနက်မှာ ငွေကြေးပုံသကူစွန့်ပါ။

အဆောင်ရတနာ

၂၀၁၃၊ စက်တင်ဘာလတစ်လလုံး နီလာကို အဆောင်ပြုပါ။ ဘေးရန်ကင်းရှင်းပြီး လိမ်လည်လှည့်ဖျားမှု ခံရခြင်း
ကင်းဝေးစေပါတယ်။ ဆန့်ကျင်ဘက်လိင်က နှစ်သက်စွဲလမ်းပါမယ်။ အနုပညာရှင်များ စန်းပွင့်မယ်။ ထို့အပြင် ဈေးရောင်
ဈေးဝယ်များ ပွင့်လန်းမယ်။

အထူးဂါထာ မန္တန်ရွတ်ပွားရန်

ရွတ်ပွားရန် ဂါထာမှာ ဒိဝါတပတိ အစချီ ဂါထာတော်ဖြစ်ပါတယ်။ ရွတ်ပွားရန်နေ့မှာ (၁၇-၉-၂၀၁၃) အင်္ဂါနေ့တစ်နေ့လ
ဖြစ်ပါတယ်။

မနက်စောစော နေအိမ်က ဘုရားကျောင်းဆောင်တွင် ရွှေပန်း၊ ငွေပန်းပွင့် (သို့မဟုတ်) စပယ်ပန်းပွင့်များ
ပန်းကန်ပြားတွင် ထည့်၍ သောက်တော်ရေ၊ အလင်းတိုင်၊ နံ့သာတိုင်တို့ဖြင့် ကပ်လှူပြီးမှ ရွတ်ပွားရန်ဖြစ်ပါတယ်။

စားသောက်ဆိုင်များ၊ ရွှေဆိုင်များ၊ အလှပြင်ဆိုင်များ၊ ဆံပင်ညှပ်ဆိုင်များအနေဖြင့် ဆိုင်ရှိ ဘုရားကျောင်းဆောင်တွ
ငွေဖလားထဲ၌ ရေအပြည့်ထည့်ပြီး ထိုရေပေါ်တွင် ရွှေပန်းပွင့်၊ ငွေပန်းပွင့်၊ စပယ်ပန်းပွင့် စသဖြင့် ရရာ အပွင့်ပန်းများ
ထည့်ပါ။ ပြီးမှ ဘုရားကို လှူပါ။ အလင်းတိုင်၊ သောက်တော်ရေသန့်၊ နံ့သာတိုင်များ လှူပါ။ ဒိဝါတပတိ ဂါထာ
အနည်းဆုံး ခေါက်ရေ သက်စေ့ရွတ်ပါ။ တတ်နိုင်လျှင် တစ်နေ့လုံး ရွတ်နိုင်ပါတယ်။

အုတ်၊ သဲ၊ ကျောက်၊ ထုံး၊ ဘိလပ်မြေအရောင်းဆိုင်များ နေအိမ်ရှိ ဘုရားစင်တွင် လက်ဖက်ဆွမ်း ကပ်လှူပြီ
အထက်ပါအတိုင်း ဖလားထဲ ရေ၊ ပန်း ထည့်လှူပါ။ ဒိဝါတပတိဂါထာ (၁၀၈)ခေါက် ရွတ်ပါ။

အကြံပြုချက်

ဤလထဲတွင်...

* **တနင်္ဂနွေသားသမီးများ** - ဘုရား၊ တန်ဆောင်း၊ ကျောင်းတွင် အုတ်လှူပါ။
* **တနင်္လာသမီးများ** - ကြွေပန်းကန်ထဲ ရောက်သီးစိပ် ထည့်လှူပါ။
* **အင်္ဂါသားသမီးများ** - တောင်အရပ်ကို မျက်နှာမူပြီး တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပါ။
* **ဗုဒ္ဓဟူးသားသမီးများ** - ဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ယပ်တောင် လေးချောင်းလှူပါ။
* **ကြာသပတေးသားသမီးများ** - ဖလားထဲ ရွှေရည်ငွေရည်နှင့် တရော်ကင်ပွန်းထည့်လှူပါ။ မတ်
  တစ်စေ့ထည့်ပါ။
* **သောကြာသားသမီးများ** - ပိတောက်ညွှန့် (၂၁)ညွှန့်လှူပါ။
* **စနေသားသမီးများ** - တံခွန်လှူပါ။ နွားများကို အစာကျွေးပါ။

* * *

ဓနတ္ထရာ ဆရာတေ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတန်ခိုးများ

ကိုယ်ဒေါ်ကြီး

နှစ်ကာလအားဖြင့်ဆိုလျှင် နှစ်
ဝတ္ထုကျော်လောက်ရှိပြီဟု ခန့်မှန်း
ပြော၏။ ထိုအချိန်က ကျွန်တော်သည်
ကျွန်းပေါ် မြို့ကလေးတစ်မြို့မှာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ယခင်အခေါ် ဟိုက်စကူးဖိုင် နယ်(အစိုးရစစ်)၊ ယခုအခေါ် ဇုတန်း အောင်ပြီး ၁၀တန်းရောက်တော့၊ ၁၀ တန်း စ,တက်တက်ချင်းနှစ်မှာ စာမေး ပွဲကျသည်။ နောက်နှစ်ကျတော့ နေ့ ကျောင်းမတက်တော့ဘဲ လူငယ်ရေးရာ ညကျောင်းတက်ဖြစ်သည်။

နေ့ခင်းဘက်ကျတော့ မိဘများ၏ စီးပွားရေးလုပ်ငန်းကို ဝိုင်းကူရင်း ကျောင်းတက်ခြင်းဖြစ်သည်။ လူငယ် ရေးရာတွင် ကျောင်းဆွေးဆွေး လူဆွေး ဆွေး ၁၀တန်း အကြိမ်ကြိမ်ကျနေ သော ကိုအောင်ကြီးနှင့် ခင်မင်ရင်းနှီး ကာ အသိအကျွမ်းဖြစ်သွားသည်။ ကိုအောင်ကြီးက ကျွန်တော့်ထက် ၅နှစ် ခန့် ကြီးသည်။

ကျောင်းဆွေးဆွေး လူဆွေးဆွေး ဆိုတော့ ဆရာ၊ ဆရာမများအားလုံးနှင့် သူ ရင်းနှီးသည်။ တချို့ ဆရာ၊ ဆရာမ များက သူနှင့် ရွယ်တူလောက်ဖြစ်နေ သည်။ မိဘများက ကုန်သည်ပွဲစားဆို တော့ အသုံးအစွဲကြီးသည်။ ပညာရေး ကို သိပ်စိတ်မဝင်စား။ မိဘများ၏ ဆန္ဒ အရသာ တက်နေခြင်းဖြစ်သည်။

ကိုအောင်ကြီးနှင့် ကျွန်တော် နှစ်ယောက်ထိုင်ခုံတစ်လုံးတွင် အတူ ထိုင်ရင်း တစ်ခါတလေ စာသင်ခွိန် တစ်ဝက်လောက်(ဥပမာ- မြန်မာစာ) အချိန်မျိုးဆိုလျှင် သူပျောက်သွားတတ် သည်။ တစ်ခါတလေလည်း ကျောင်း ဆင်းခါနီးတစ်ချိန်လောက် သူ စောပြန် သွားတတ်သည်။ ဘာကြောင့်မှန်း မသိ၊ သူကလည်း မပြော။ နောက်မှ သူ အကြောင်းကို တဖြည်းဖြည်းသိလာ သောအခါ သူဝါသနာကို ကျွန်တော် သဘောပေါက်လာသည်။ သူဝါသနာက အတွဲချောင်းတာကို အတော်ဝါသနာ ကြီးခြင်းဖြစ်သည်။

သူပြန်လာလျှင် ဘယ်အခန်းက ဘယ်သူနှင့် ဘယ်ဝါကွာ ဘယ်လိုချိန်း တွေ့ကြတာ၊ ဘယ်နေရာမှာ တွေ့ကြ တာ။ ဘယ်ကောင်မလေးကတော့ ဘယ်လိုမာနကြီးပြီး ဘယ်ကောင်နဲ့ တွေ့တော့ ဘယ်လိုဖြစ်သွားတာ။ တို့ အခန်းထဲက ဘယ်ကောင်က ဟိုတက် ခန်းက ဘယ်သူနဲ့ ဘယ်မှာတွေ့ကြတာ စသည်ဖြင့် အားရပါးရ သူပြောတတ် သည်။

မြန်မာစာအချိန်မှာ ငါလစ်သွား တာ၊ ပွဲကြီးပွဲကောင်းတော့ ဘယ်လို တွေ့တယ်ဟေ့။ ဒီနေ့တော့ ငါစောစော လစ်မယ်ဟေ့။ ဘယ်အတွဲကတော့ ဒီနေ့ တွေ့မယ့်ရက်ပဲ စသည်ဖြင့် ပြော တတ်သေးသည်။ လူဆိုတာမျိုးက တစ်ယောက်ကို ဝါသနာတစ်မျိုးစီ ရှိ တတ်တာကိုး။ တချို့ဆိုလျှင် တစ် ယောက်တည်း ဝါသနာသုံးလေးမျိုးပင် ရှိတတ်ကြသည်မဟုတ်ပါလား။

ကျွန်တော်တို့မြို့မှာက မိုးကုန်ပြီ ဆိုလျှင် လွတ်လပ်ရေးကျောက်တိုင် အားကစားကွင်းတွင် ပွဲရုံဆောက်တော့ သည်။ မြန်မာပြည်အရပ်ရပ်က ဇာတ်ပွဲ အငြိမ့်၊ ဆပ်ကပ်၊ စတိတ်ရိုးများ အဆက်မပြတ် သွင်းကြသည်။ ထို ဇာတ်ရုံကြီးက ကျွန်တော်တို့ကျောင်းရှေ့ မှာ။ အထွေအထူးပြောစရာမလို၊ ဥနာရီ လူငယ်ရေးရာ ကျောင်းဆင်းသည်နှင့် ပွဲစေ့ချောက်ကုန်တော့သည်။ တချို့ကျ တော့လည်း ကျောင်းဆင်းသည်နှင့် ပွဲ ဆက်ကြည့်ကြတော့သည်။

ကျောင်းအနောက်မှာက ရေကန် ကြီး။ မြို့လူထုအားလုံး ပီခိုအားထားရာ သောက်ရေကန်။ သောက်ရေကန်၏ ကန်ပေါင်က ၁၅ပေခန့် မြင့်သည်။ ကန်ပေါင်ပေါ်တွင် ညောင်ပင်၊ ကုက္ကိုပင်၊ ထန်းပင်၊ အုန်းပင်၊ ဆူးခွပင်၊ ဝိစပ်စပ် များ ရှိသည်။ ကျောင်းဆင်းသည်နှင့် တချို့အတွဲများက ကန်ပေါင်ပေါ်တွင် ချိန်းတွေ့ ကြသည်။ ထိုအတွဲများကို တကူးတက လိုက်ချောင်းနေသူက ကျွန်တော့်မိတ်ဆွေ ကိုအောင်ကြီး။

တစ်ရက်မှာ သူက···

"ဟေ့ကောင် ဖိုးတင်ဝင်း ကျောင်းဆင်းရင် မင်း ငါနဲ့ လိုက်ခဲ့ပါ လား။ ဒီနေ့ ကျော်စွာဦးတို့အတွဲ ရှိ တယ်ကွ။ သွားချောင်းရအောင်။ ရုပ်ရှင် ကြည့်တာထက်တောင် ကောင်းသေး တယ်"

"ဟာ···မလိုက်ပါရစေနဲ့ဗျာ။ မြွေပါးကင်းပါး တစ်ခုခုဖြစ်သွားရင် မလွယ်ဘူး။ အိမ်က ဆူမှာ"

"မင်း တော်တော်ညံ့တဲ့ ကောင် ကွာ။ ဒါမျိုးက ကြုံရခဲတယ်။ လိုက်ခဲ့ စမ်းပါ။ ငါလည်း အဖော်ရတာပေါ့။ မြွေပါးကင်းပါးကြောက်ရင် သစ်ပင်ပေါ် တက်ချောင်းပေါ့"

"မလိုက်ချင်ပါဘူးဗျာ"

ကျွန်တော့်ကို အဖော်ဆွယ်မ သောကြောင့် ကိုအောင်ကြီး တစ် ယောက်တည်း ကျောင်းစောစောဆင်း ကာ လစ်သွားတော့သည်။

နောက်နေ့ကျတော့ ကိုအောင် ကြီး ကျောင်းမတက်။ နောက်ရက်လည်း မတက်။ တစ်ပတ်လောက် အထိ ကျောင်းမတက်သောအခါ ကျွန်တော် ကိုအောင်ကြီးအိမ်သို့ လိုက် သွားသည်။

အိမ်ရောက်တော့ ကိုအောင်ကြီး နေမကောင်းကြောင်း သိရသည်။ သူ အိမ်တွင် သတင်းလာမေးသူများ၊ မြန်မာ ဆေးဆရာများဟု ထင်ရသောသူများ ည့်သည်များဖြင့် ရှုပ်နေသောကြောင့် ကျွန်တော်ပြန်လာခဲ့သည်။ ကျွန်တော် ကိုအောင်ကြီးကို တွေ့စဉ်အခါက မြွေ ကြောင်ကြောင်နှင့် ကျွန်တော့်ကို မေး သလိုကြည့်နေသောကြောင့် ဘယ်လို ဖြစ်တာလဲဟု စဉ်းစားရင်း ပြန်လာခဲ့ခြင်း ဖြစ်သည်။

♦♦♦

တစ်လလောက်ကြာသောအခါ ကိုအောင်ကြီး ကျောင်းပြန်တက်သည် အတော်ပိန်သွားသည်။ မြန်မာဆေး ရော၊ အင်္ဂလိပ်ဆေးများပါ အတော်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်ဟု သိရသည်။ အရင်တုန်းကလိုလည်း ကျောင်းလစ်ကာ အတွဲမချောင်းတော့။ စကားလည်း သိပ်မပြော။ အတော်ငြိမ်သွားသည်။ ကျန်းမာရေးအတော်ကောင်းလာမှ သူ့ကို မေးရသည်။

"ကိုအောင်ကြီး . . . ခင်ဗျား ဘာရောဂါဖြစ်တာလဲ။ အတော်ပိန်သွားတယ်"

"ဟာ . . . ဖိုးတင်ဝင်းရာ၊ ငါ ကဲကောင်းလို့ မသေတာလို့ ပြောတယ်။ ငါကလည်း ငါပဲ။ အရိပ်ပြတာတောင် အကောင်မမြင်တဲ့ ကောင်။ ငါသွားနေကဲတည်းက ဒီကောင်ကြီးကို ငါတွေ့တယ်။ ငါက တို့လို အတွဲချောင်းတဲ့ တစ်ယောက်လို့ ထင်နေတာ။ နမူးတွေ့ဒူးတွေ့ တွေ့မှ ငါတော်တော်ကြောက်သွားတယ်"

"ခင်ဗျားပြောတာ ကျွန်တော် သဘောမပေါက်ဘူး။ ရှင်းပြပါဦး"

"အေး၊ ငါပြောပြမယ်။ ဒီလိုကွ။ ငါ အတွဲတွေကို ကျောင်းနောက်က ကန်မှာ သွား၊သွားချောင်းနေတာ မင်းသိပါတယ်။ တစ်ရက်ကျတော့ ငါ ချောင်းနေတုန်း ချောင်းနေတဲ့အတွဲက ကန်စပ်က ညောင်ပင်ခြေရင်းကို ပြောင်းသွားတယ်။ နေရာပြောင်းသွားတော့ ငါချောင်းနေကျ ချုံပုတ်ထဲကနေ မမြင်ရတော့ဘူး။ အဲဒီတော့ ညောင်ပင်ပေါ် တက်ပြီး ချောင်းရင်း အတော်ပဲဆိုပြီး ညောင်ပင်ပေါ် တက်လိုက်တယ်။

အတွဲကို မြင်လောက်တဲ့ နေရာရောက်တော့ ချောင်းနေတုန်း ၁၅ပေ အကွာလောက်မှာ ရှိတဲ့ ညောင်ကိုစီး တစ်ကိုင်းပေါ်မှာ လူတစ်ယောက်ရပ်နေတာ တွေ့ရတယ်။ ရပ်နေတာက ဘာအကိုင်းအခက်မှ မကိုင်ဘဲ အလွတ်ရပ်နေတာ။ ငါထင်တာက ငါ့လိုပဲ လာချောင်းတဲ့ ကျောင်းသားထဲက တစ်ယောက်ယောက်ဖြစ်မယ်လို့ ထင်မိတယ်။ အတွဲတွေ ထွက်သွားလို့ ငါလည်း ညောင်ပင်ပေါ်က ဆင်းပြီး အောက်ကိုလည်း ရောက်ရော အဲဒီသူလည်း ဘယ်အချိန်က ဆင်းပြီး ထွက်သွားသလဲ မတွေ့တော့ဘူး။ အပင်ပေါ်မှာလည်း မရှိတော့ဘူး။ အတွဲတွေကလည်း တစ်တွဲမဟုတ် တစ်တွဲ ညောင်ပင်အောက်မှာ ရောက်နေတော့ ငါလည်း နစ်ရက်တစ်ခါ သုံးရက်တစ်ခါလောက် အဲဒီလူကို ညောင်ပင်ပေါ်မှာ တွေ့တယ်။ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်း တို့အတန်းထဲက ကိုကြည်ဝင်းလို ပုံစံမျိုးကွ။ ဘယ်သူလဲဆိုတာ သိချင်လို့ သူ့ကို ပြန်ချောင်းတိုင်း တစ်ခါမှ မတွေ့ဘူး။ ပြန်မလို့ သတိရတိုင်း သူ့ကို ကြည့်လိုက်ရင် မရှိတော့ဘူး။ အပင်ပေါ်မှာလည်း မတွေ့၊ အောက်မှာလည်း မတွေ့တော့ဘူး။

တစ်ရက်၊ ငါမှတ်မိသေးတယ်။ ကျော်စွာဦးတို့အတွဲကို ချောင်းတဲ့နေ့က မင်းကိုတောင် ငါ အဖော်ခေါ်သေးတယ်။ အဲဒီနေ့မှာ အဲဒီလူလည်း တွေ့တယ်။ သူရပ်နေက၊ ၁၅ပေအကွာလောက်က သစ်ကိုင်းပေါ်မှာ ရပ်နေတာ တွေ့တယ်။ အဲဒီနေ့က လဆန်းရက်၊ လရောင်နည်းနည်းရှိတယ်။ သစ်ကိုင်းကြီး သစ်ကိုင်းကြားကနေ သူ့ကို တွေ့နေရတယ်။ ဒီတစ်ခါတော့ သူ့ကို ဘယ်သူလဲဆိုတာ သိချင်တာကြောင့် ချောင်းနေတာတောင် သေသေချာချာ မချောင်းအားဘူး။ အဲဒီလူကိုပဲ အလွတ်မပေးဘဲ သတိထားနေမိတယ်။ တစ်နာရီလောက်ကြာတော့ ကျော်စွာဦးတို့ အတွဲ ထဖို့ ပြင်နေချိန်မှာ ငါ သူ့ကို မျက်ခြေမပြတ် ကြည့်နေမိတယ်။ အတွဲက ထသွားလို့ ခပ်လှမ်းလှမ်း ရောက်တော့ ငါက "ဟေ့ - ဘယ်သူလဲ" လို့ လှမ်းမေးလိုက်တယ်။ ပြန်မအဖြေဘူး။

ပြန်မဖြေတော့ ငါ့စိတ်ထဲမှာ အကြောင်းတစ်ခုခုတော့ ရှိမယ်ထင်ပြီး အဲဒီလူရှိတဲ့ သစ်ကိုင်းဘက်ကို ကူးသွားမယ် စိတ်ကူးနဲ့ သစ်ကိုင်းသစ်ခက်တွေကို ဖယ်ပြီးအသွားမှာ "ဗုန်း" ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။ ကြည့်လိုက်တော့ အဲဒီလူက သစ်ကိုင်းပေါ်မှာ မရှိတော့ဘူး။ အောက်ရောက်နေပြီ ငါ့ကို မော့ကြည့်နေတယ်။ ငါက သစ်ပင်ပေါ်ကနေ တရွေ့ရွေ့ဆင်းလာတဲ့အထိ အဲဒီလူက မြေပြင်ပေါ်မှာ ရပ်နေတုန်း။ ငါ့စိတ်ထဲမှာ ငါနဲ့ သိတဲ့ အသိတစ်ယောက်ယောက်က ငါ့ကို နောက်နေတာ ဖြစ်မှာပဲဟု ထင်လိုက်တယ်။ စကားမပြောဘဲ အောက်ကနေ ရပ်စောင့်နေပုံထောက်တော့ အောက်ရောက်မှ ဘယ်သူဆိုတာ သိရမှာပဲ ဆိုတဲ့ အတွေးနဲ့ သစ်ပင်ပေါ်က ဆင်းလာတာပေါ့ကွာ။

အဲဒီလူ ရပ်နေတဲ့ နေရာနဲ့ သစ်ပင်ခြေရင်းကြားမှာ ပိစပ်ပင်ချုံကလေး တစ်ခုခြားနေတယ်။ ဆင်းလာပြီးတာနဲ့ ပိစပ်ချုံကလေးကို ဖယ်ပြီး အဲဒီလူနဲ့ မျက်နှာချင်းဆိုင်အလိုက်မှာ ငါ့ခြေလက်တွေ အေးစက်ပြီး ကြက်သီးတပြန်းပြန်းထလာတယ်။ ငါလည်း အိမ်ကို တန်းပြေးလာတော့တာပဲ။ အိမ်ရောက်တော့ ငါ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မမှတ်မိတော့ဘူး။ သတိလစ်သွားတယ်လို့ ပြောတာပဲ"

"ဒါဆိုရင် ကိုအောင်ကြီး တွေ့တဲ့လူက . . . "

"ငါနဲ့ မျက်နှာချင်းဆိုင်တွေ့တဲ့ အချိန်မှာ အဲဒီလူမျက်နှာက ပြောင်တလင်းကြီး။ မျက်လုံး ပါးစပ်၊ နှာခေါင်းတွေ လုံးဝ မပါဘူး"

"ဗျာ . . . ၊ ဒါဆိုရင် . . . "

"ပရလောက.က တစ်ကောင်ကောင်လို့ ထင်တာပဲ"■

* * *

ဓမ္မာဇြင့်မား(ခိုလ်ကခေး)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ စက်တင်ဘာလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ စက်တင်ဘာလ၏ ကောင်းကင်ထက်၌ ရာသီရောက် တနင်္ဂနွေဂြိုဟ် စက်တင်ဘာ ၁၆ရက်နေ့တွင် ကန်ရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး မေထုန်ရာသီအတွင်းအဂ်ီဂြိုဟ်ရပ်တည်နေပါမည်။ သိဟ်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် စက်တင်ဘာ ၆ရက်နေ့၌ ကန်ရာသီ၊ စက်တင်ဘာ ၂၆ရက်နေ့၌ တူရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ကြာသပတေးဂြိုဟ် မေထုန်ရာသီတွင် တည်ရှိနေပြီး ကန်ရာသီမှ သောကြာဂြိုဟ် စက်တင်ဘာ ၇ရက်နေ့၌ တူရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ စနေဂြိုဟ် တူရာသီတွင် ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီ၌ ဖောက်ပြန်၍ ရပ်တည်နေပါလိမ့်မည်။ ပလူတိုဂြိုဟ် ဓနုရာသီအတွင်း အတည်ပြုသွားပြီး တည်ရှိနေပါလိမ့်မည်။ စက်တင်ဘာ ၈ရက်နေ့ မြန်မာစံတော်ချိန် ည ၈နာရီ ၅၃မိနစ်တွင် အလင်းအား ၁၀ ရာခိုင်နှုန်းခန့်ရှိသော လမင်းကို စိတြနက္ခတ်(Star Spica)ကြယ်မှ နီးကပ်စွာ ထွင်းဖောက်၍ ယှဉ်တွဲရပ်တည်မှု (Occulation of Spica by The Moon) ဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ယင်းဖြစ်စဉ်အား ရာသီဥတု ကြည်လင်သာယာပါက မြန်မာ့မိုးကောင်းကင်၏ အနောက်ဘက်အရပ်တွင် ညနေ နေဝင်ချိန်မှ ည ၈နာရီအတွင်း လေ့လာနိုင်ပါသည်။လခြမ်းသဏ္ဌာန် လမင်း၏ အောက်ဘက်အနီးနား၌ စိတြနက္ခတ်ကြယ်ကို တွေ့မြင်ရပါလိမ့်မည်။

စက်တင်ဘာ ၉ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် ၃နာရီ ၃၃မိနစ်တွင် အလင်းအား ၁၂ရာခိုင်နှုန်းခန့်ရှိသော လမင်းနှင့် သောကြာဂြိုဟ် ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ပူးယှဉ်မှုယိုင်ထောင့်အကွာအဝေး (၁.၃) ဒီဂရီဖြစ်သည့် အတွက် အားကောင်းသော ဂြိုဟ်ပူးဖြစ်စဉ် ဖြစ်ပါသည်။ အနောက်လောင်ဂိုတွဒ် ၉၈ ဒီဂရီ ၄၇မိနစ်နှင့် တောင်လတ္တီတွဒ် ၁၁ ဒီဂရီ ၀၃မိနစ် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း၊ အမေရိကန်ပြည်ထောင်စု၏ မွန်းတည့် မိုးကောင်းကင်၌ ဖြစ်ပေါ်မည်။ အမေရိကန်နှင့် ကနေဒါနိုင်ငံများအတွက် ငလျင်နှင့် ပတ်သက်သော ဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ စက်တင်ဘာ ၁၁ရက်နေ့၊ မြန်မာစံတော်ချိန် ညနေ ၆နာရီ ၃၁မိနစ်တွင် အလင်းအား ၃၆ရာခိုင်နှုန်းခန့်ရှိသော လမင်းအား ပြိတ္တာရာသီခွင် ကြယ်စုရှိ 'Star Graffias' ကြယ်မှ ထွင်းဖောက်သော ဖြစ်စဉ် ဖြစ်ပေါ်မည်။ ရာသီဥတု ကြည်လင်သာယာပါက မြန်မာ့မိုးကောင်းကင်၏ အနောက်ဘက်အရပ်တွင် ညနေ နေဝင်ချိန်မှ ည ၁၀နာရီ ခန့်တွင်း လေ့လာနိုင်ပါသည်။လခြမ်းသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com

လမင်း၏ အောက်ဘက်အနီးနားရှိ Star Graffias နက္ခတ်ကြယ်ကို တွေ့မြင်ရပါလိမ့်မည်။ စက်တင်ဘာ [illegible] မြန်မာစံတော်ချိန် နံနက် ၆နာရီ ၄၂မိနစ်တွင် စနေနှင့် သောကြာဂြိုဟ်များ ပူးယှဉ် စစ်ထိုးသောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ပူးယှဉ်မှု ယိုင်ထောင့်အကွာအဝေး (၃·၈)ဒီဂရီဖြစ်သည့်အတွက် အားအသင့်တင့်သာရှိသည့် ဂြိုဟ်စစ်ထိုးမှု ဖြစ်စဉ် ဖြစ်သည်။ အနောက်လောင်ဂျီတွဒ် ၁၄၄ ဒီဂရီ ၅၁မိနစ်နှင့် တောင်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၇မိနစ် တောင်ပစိဖိတ် သမုဒ္ဒရာအတွင်း မားကွပ်ကျွန်းစုများအနီး၌ ဖြစ်ပေါ်မည်။ အရှေ့တောင်အာရှနိုင်ငံအချို့အတွက် အင်အားပြင်း လျော့ဖြစ်စဉ် ဖြစ်ပေါ်တတ်သည်။ မြန်မာနိုင်ငံရေးကဏ္ဍတွင် နိုင်ငံရေးပါတီများဖြင့် အစိုးရအဖွဲ့အစည်းများ ပြင်းထန်သည့် အတိုက်အခံ ပဋိပက္ခများ ဖြစ်ပေါ်လာမည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြား သံတမန်ဆက်ဆံရေးကဏ္ဍများ၌ ပဋိပက္ခတွေ့ကြုံမည်။



သောကြာနှင့် စနေဂြိုဟ်များ ပူးယှဉ်စစ်ထိုးနေပုံ



လနှင့် သောကြာဂြိုဟ်များ ပူးယှဉ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ စက်တင်ဘာလ (၁၂)ရာသီလက်ပိုင်ရှင်တို့၏ နက္ခတ်ကဲကြမ္မာ

ARIES

မိဿလက်

လူမှုရေးအရှုပ်အရှင်းပြဿနာများကြား ဒုက္ခရောက်ရတတ်သည်။ မိမိဆောင်ရွက် ကြိုးပမ်းမှုများအတွက် ကဲကြမ္မာမှ မျက်နှာသာမပေးသောကာလဖြစ်သည်။ အခက်အခဲတိုက်ပွဲများကြား စိတ်ရှည်သည်းခံ၍ အခြေအနေသစ်များအတွက် လေ့လာစောင့်ကြည့်သင့်သော ကာလဖြစ်သည်။ လုပ်ငန်းတွင် အကြီးအကဲများ၏ အထင်မြင်လွဲမှားမှုများ ပေါ်ပေါက်တွေ့ကြုံတတ်သည်။ ဝမ်းနှင့် ပတ်သက်သော ကျန်းမာရေးအညှဉ်နှင့် ဦးခေါင်းပိုင်းဆိုင်ရာ ကိုက်ခဲမှုများ တွေ့ကြုံတတ်သည်။ ခရီးသွားလာမှုနှင့် ယာဉ်အန္တရာယ်များ သတိပြုပါ။ မိသားစု၌ အိမ်ခြံမြေတို့နှင့်ပတ်သက်၍ ငွေကြေးပိုင်း နစ်နာဆုံးရှုံးမှုများ တွေ့ကြုံတတ်သည်။ လုပ်ငန်းရှင်များ အလုပ်အတွက်၊ ငွေကြေးကိစ္စများအတွက် အဆင်မပြေမှုများပြားနေမည်။ ပညာသင်ကြားသူများ ပညာရေးပိုင်း စိတ်လေလွင့်မှု များပြားတတ်သည်။ အိမ်ထောင်ရှင်များနှင့် ချစ်သူများအတွက် ပြင်းထန်သော ပဋိပက္ခတိုက်ပွဲများကြား နာကြည်းမုန်းတီးမှုများ မွေးဖွားလာမည်။

TAURUS

ပြိဿလက်

စိတ်ကူးအမျိုးမျိုး၊ မျှော်လင့်ချက်အမျိုးမျိုးဖြင့် အကျိုးရှိမည့် အိပ်မက်များဖြင့် လက်တွေ့အခြေအနေလွဲချော်နေမည်။ ခရီးသွားလာလိုစိတ် ပြင်းထန်နေပြီး ရပ်ဝေးခရီးများအတွက် သောကကြုံမည်။ လုပ်ငန်းကိစ္စများအတွက် အနောင့်အယှက်များကြားမှ ငွေကြေးအကျိုးရှိမည့်လုပ်ငန်းတွင် အောက်လက်နှင့် ပတ်သက်သော ပြဿနာပဋိပက္ခများ ရင်ဆိုင်ဖြေရှင်းရပြီး မိမိရပိုင်ခွင့်များ ဆုံးရှုံးတတ်သည်။ ဝမ်းဗိုက်၊ အစာအိမ်၊ အပူနှင့် ပတ်သက်သည့် ကျန်းမာရေးအညှဉ်ကိစ္စများ ပေါ်ပေါက်တွေ့ကြုံနိုင်သည်။ မိမိကဲ့ဇာတာ ကောင်း-ဆိုး ဒွန္ဒတွဲနေပြီး ထူးထူးခြားခြား ပိုင်ဆိုင်ရမည့်အကျိုးအမြတ်များဖြင့် လွဲချော်နေတတ်သည်။ လုပ်ငန်းရှင်များ ဝင်ငွေကောင်းသော်လည်း ငွေကြေးပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ အိမ်ထောင်ရှင်များ အိမ်မှုကိစ္စအဝဝအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတတ်သည်။ ပဋိပက္ခအတိုက်အခံများကြား ချစ်သူများ၏ ကဲ့ဇာတာ မေးမိုန်ညိုးနွမ်းသောကာလဖြစ်သည်။

GEMINI

မေထုန်လက်

နိုင်ငံရပ်ခြားနှင့် ပတ်သက်သည့် လုပ်ငန်းကိစ္စများ ဆောင်ရွက်လုပ်ကိုင်ရပြီး အကျိုးရှိမည်။ မိမိကြိုးပမ်းမှုများအတွက် ကဲကောင်းသော အခွင့်အရေးများ ရယူပိုင်ဆိုင်ခွင့်ရှိမည့်ကာလဖြစ်သည်။ မိသားစုတွင် အိမ် ခြံ မြေ ယာဉ်နှင့် ပတ်သက်၍ ကဲကောင်းမည်။ စီးပွားကဲ၊ လုပ်ငန်းကဲတိုးတက်မြင့်မား၍ မိမိကြိုးပမ်း အားထုတ်သလောက် လုပ်ငန်းပိုင်း အကျိုးခံစားရမည်။ဘုန်းကံသြဇာအရှိန်အဝါ မြင့်မားတိုးတက်ပြီး လုံ့လစိုက်ထုတ်သလောက် အကျိုးခံစားရမည်။ ခရီးဝေးသွားလာမှုများပြားပြီး လုပ်ငန်းအပြောင်းအလဲများ ပေါ်ပေါက်၍ ကောင်းသော ပြောင်းလဲမှုများဖြစ်သည်။ လုပ်ငန်းရှင်များ နေရာအဆောက်အအုံနှင့် လုပ်ငန်းကဲ့ ကောင်းမွန်မည်။ ပညာသင်ယူနေသူများ ပညာရေးကဲ့ အထူးမြင့်မား သောကာလဖြစ်သည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ဖြင့် ခွဲခွာနေထိုင်ရမည်။ ချစ်သူများ ကောင်းသောခရီးသွားလာ၍ အေးချမ်းသောနေ့ရက်များ စောင့်ကြိုနေမည်။

CANCER

ကရကဋ်လက်

စိတ်ပန်းမှုများကြား ငြီးငွေ့စိတ်ပျက်သော စိတ်ဓာတ်ပြိုလဲမှုများအတွက် စိတ်ဓာတ်ကြံခိုင်ရန် လိုအပ်သည်။ မိမိဆောင်ရွက်ကြိုးပမ်းမှုများတွင် ခင်မင်ရင်းနှီးသူများ၏ အတိုက်အခံပြုခြင်း ခံရတတ်သည်။ ကျန်းမာရေးအညှဉ်နှင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ ခွဲစိတ်မှုများ ခံယူရတတ်သော ကာလဖြစ်သည်။ မိမိကြိစည်ဆုံးဖြတ် သုံးသပ်ချက်များ လွဲချော်မှားယွင်းနေတတ်ပြီး လုပ်ငန်းပိုင်း ဆုံးရှုံးပျက်စီးမှုများ ရင်ဆိုင်ရတတ်သည်။ လူမှုရေးထိုးနှက်မှုများအောက် မိမိဂုဏ်သတင်းပိုင်း ထိခိုက်ကျဆင်းတတ်သည်။ လုပ်ငန်းရှင်များ လူမှုရေးပြဿနာများကြောင့် လုပ်ငန်းပိုင်း ကြီးမားသည့် ဆုံးရှုံးမှုများ တွေ့ကြုံနိုင်သည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် စိတ်ပါဝင်စားမှု အားနည်းမှုကြောင့် ရည်မှန်းချက်များ လွဲချော်နေမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးအခက်အခဲများကြောင့် သောကများရမည်။ ချစ်သူအတွက် ပင်ပန်းပေးဆပ်၊ ကြိုးစားမှုရလဒ်များအတွက် အကျိုးခံစားခွင့်များ ရရှိမည်။

www.burmeseclassic.com

www.burmeseclassic.com

LEO

သိဟ်လဂ်

အတိုက်အခံ ဆန့်ကျင်ဘက် ဆောင်ရွက်လိုသော စိတ်ဓာတ်မာကြောမှုများ မကြာခဏ တွေ့ကြုံပေါ်ပေါက်လာတတ်သည်။ အခြားသူတို့နှင့် အသွင်မတူသော၊ ရူထောင့်အမြင်မှ အရာရာကို ဝိုလော် ဆောင်ရွက်မှုများကြောင့် လွဲချော်မှုအမှားအယွင်းများ ပေါ်ပေါက်တွေ့ကြုံလာမည်။ စီးပွားရေးလုပ်ငန်းများတွင် အောက်လက်ကြောင့် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်လာနိုင်သည်။ ဦးခေါင်းပိုင်းဆိုင်ရာနှင့် ဆီးကျောက်ကပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအညံ့ကိစ္စများ သတိပြုပါ။ ငွေကြေးပိုင်း အကျိုးရှိသော်လည်း လူမှုရေးအကြောင်းကိစ္စများကြောင့် ငွေကုန်ကြေးကျများပြားမည်။ လုပ်ငန်းပိုင်း၊ ရာထူးပိုင်း အတိုက်အခံများကြောင့် နစ်နာမှုများ အထူးသတိပြုပါ။ လုပ်ငန်းရှင်များ အောက်လက်ကြောင့် လွဲချော်နစ်နာဆုံးရှုံးမည်။ ပညာသင်ကြားနေသူများ ပညာရေးအနှောင့်အယှက်ကြုံမည်။ အိမ်ထောင်ရှင်များ သံသယအတွေးများဖြင့် ပြဿနာရှာလိုသော ကာလဖြစ်သည်။ ချစ်သူများ ယုံကြည်မှုလျော့ပါး၍ သံသယများ စိုးမိုးခြိန်။

VIRGO

ကန်လဂ်

လူမှုရေးအကြောင်းကိစ္စများကြောင့် စိတ်ပင်ပန်းမှုများ ရင်ဆိုင်တွေ့ကြုံရသော ကာလဖြစ်သည်။ ငွေကြေးအခက်အခဲနှင့် လုပ်ငန်းအဆင်မပြေမှုများကြောင့် စိတ်အလိုမကျမှု များပြားမည်။ အတိုက်အခံပြဿနာများကြောင့် မိမိလုပ်ငန်းများ ဆုံးရှုံးနစ်နာတတ်သည်။ မိမိသုံးစွဲသော အသုံးအဆောင်ပစ္စည်းကောင်းများ ပျောက်ရှုပျက်စီး ဆုံးရှုံးတတ်သည်။ မိမိ၏ လုပ်ငန်းကိစ္စတာဝန်များအတွက် အတိုက်အခံများပြားပြီး တွေးခေါ်ယူဆ ဆုံးဖြတ်ချက်များ လွဲချော်နေတတ်သည်။ မိမိကံဇာတာအညံ့ရှိသော ကာလဖြစ်သည်။ ငွေကြေးကိစ္စများအတွက် အထူးသတိပြုပါ။ လုပ်ငန်းရှင်များ လုပ်ငန်းကိစ္စအဝဝအတွက် အထူးသတိရှိသင့်ပြီး ကြီးမားသော ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တွေ့ကြုံနိုင်သည်။ ပညာသင်ကြားသူများ မိမိရည်မှန်းချက်များ လွဲချော်ဆုံးရှုံးမှုများ တွေ့ကြုံပေါ်ပေါက်လာမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးပိုင်းအတိုက်အခံ၊ အနှောင့်အယှက်များပြားသော ကာလဖြစ်သည်။ ချစ်သူများ ကတောက်ကဆ ပြဿနာမှ အမှန်းဝီးတောက်အသွင် ကူးပြောင်းသွားတတ်သည်။

LIBRA

တူလဂ်

စီးပွားရေးပိုင်း အကျိုးရှိ အဆင်ပြေ၍ ငွေကြေးရရှိမှုက် ကောင်းမွန်နေမည်။ မိသားစုအရေးကိစ္စများအတွက် ငွေကြေးသုံးစွဲကုန်ကျမှု များပြားသောကာလဖြစ်သည်။ လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ မောင်နှမသားချင်းများဖြင့် အတိုက်အခံ တွေ့ကြုံတတ်သည်။ လုပ်ငန်းအတွက် ပင်ပန်းမှုများပြားပြီး အကျိုးခံစားခွင့် နည်းပါးနေသည့်ကာလဖြစ်သည်။ မျက်စိ၊ ခံတွင်းပိုင်းဆိုင်ရာ ရောဂါများနှင့် အစားအသောက်မှားယွင်းမှုကြောင့် ကျန်းမာရေးအညံ့ကြုံတတ်သည်။ စ.ရွေးချယ် ဆုံးဖြတ်ရန် ခက်ခဲမည့် အခွင့်အရေးနှစ်မျိုးနှစ်ခွ တွေ့ကြုံ ပေါ်ပေါက်လာတတ်သည်။ အခြားသူတို့၏ လူမှုရေးပြဿနာများကြောင့် ဝင်ရောက်ဖြေရှင်းရပြီး အကျိုးမရှိဖြစ်ရတတ်သည်။ လုပ်ငန်းရှင်များ သာမန်တိုးတက်မှုများ တွေ့ကြုံသော်လည်း စိတ်ဖိစီးပင်ပန်းမည်။ ပညာသင်ယူသူများ လုံ့လ၏ အကျိုးကျေးဇူး ခံစားရမည်။ အိမ်ထောင်ရှင်များ မောင်နှမသားချင်းပြဿနာများကြောင့် သဘောထားကွဲလွဲမည်။ ချစ်သူများ အချစ်အတွက် ရဲပံ့စွန့်စားလိုသော အချိန်ကာလ။

SCORPIO

ဗြိစ္ဆာလဂ်

ခရီးဝေးများ သွားလာရပြီး အနှောင့်အယှက်ကိစ္စများ ပေါ်ပေါက်တွေ့ကြုံနိုင်သည်။ နှောင့်နေးကြန့်ကြာမှုများကြားမှ အခွင့်အရေ အခြေအနေသစ်များ ဖန်တီးပုံဖော်နိုင်မည်။ ပြင်းထန်သော လုံ့လစိုက်ထုတ်ကြိုးပမ်းမှုများကြောင့် အောင်မြင်မှုများ မိမိထံသို့ ရောက်ရှိလာမည်။ လုပ်ငန်းကိစ္စများတွင် စိတ်ပင်ပန်းဖိစီးမှုများပြားပြီး အခက်အခဲများ ယှဉ်တွဲနေမည်။ မိမိကံဇာတာ အကောင်း-အဆိုး ဒွန်တွဲနေသည့် ကာလဖြစ်ပြီး အခက်အခဲကြန့်ကြာမှုများအား ကူညီဖြေရှင်းပေးမည့်သူများ ပေါ်ပေါက်လာတတ်သည်။ လုပ်ငန်းသစ်များ ဆက်သွယ်ဆောင်ရွက်ရပြီး ငွေကြေးပိုင်း အကျိုးရှိ အဆင်ပြေမည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကြန့်ကြာမှုများ ရင်ဆိုင်ပြီးမှ မိမိလိုရာသို့ ရောက်ရှိမည်။ ပညာသင်ကြားသူများအတွက် ပညာရေးတွင် အခက်အခဲများကြားမှ အောင်မြင်မှုများ ရရှိမည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ဖြင့် ခွဲခွာနေထိုင်ရတတ်ပြီး ဆွေမျိုး ဒေးခွင်းကိစ္စများကြောင့် အတိုက်အခံကြုံမည်။ ချစ်သူများ ကြားလူကြောင့် အထင်မြင်လွဲမှားသော အကြောင်းကိစ္စရပ်များ ပေါ်ပေါက်တွေ့ကြုံနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

SAGITTARIUS

ဓနုလဂ်

ကံဇာတာမြင့်မားသော ကာလဖြစ်သည်။ လူမှုရေးပိုင်း ထင်ပေါ်ကျော်စောခြင်း အဆင့်မြင့် လုပ်ငန်းတာဝန်များမှ အကျိုးရှိမည်။ လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်ရန် အခြေအနေကောင်းများ ဖန်တီးခွင့်ရှိမည်။ မိမိဆောင်ရွက်သော လုပ်ငန်းကိစ္စများ၌ ငွေကြေးအကျိုးရှိမှုကဲ့ အထူးကောင်းမွန်မည်။ ပြဿနာအနောင့်အယှက်မကင်းသည့် ငွေကြေးများ ရရှိသုံးစွဲရမည်။ မိမိကြောင့် ကြီးပမ်းမှုများ အလွယ်တကူပြည့်ဝ အောင်မြင်၍ ကံကောင်းကြီးပွားမှုများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ အသုံးအဆောင် ပစ္စည်းကောင်းများ လက်ဆောင်ရရှိတတ်ပြီး ဆီ၊ ကျောက်ကပ်နှင့် ခါးနာဝေဒနာများ ဖြစ်ပွားနိုင်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတိုးချဲ့ပြီး မိမိရည်ရွယ်ချက်များ အောင်မြင် ပြည့်ဝမည်။ ပညာသင်ယူနေသူများ အတိုက်အခံကြားမှ အောင်မြင် တိုးတက်မည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး တည်ငြိမ်မည်။ ချစ်သူများ စိန်းထသည့်ကာလဖြစ်သည့်အတွက် ပြဿနာများကြားဌ သောကများပြားမည်။

CAPRICORN

မကာရလဂ်

အခက်အခဲများ ပေးဆပ်ရင်းနှီးရမည့်ကာလဖြစ်ပြီး ကံဇာတာ ကောင်းမွန်သည့် လမ်းကြောင်းထက် ရောက်ရှိရန် နီးကပ်နေချိန်ဖြစ်သည်။ မိမိဆုံးဖြတ် သုံးသပ်ယူဆမှုများ လွဲချော်နေတတ်ပြီး တိကျပြတ်သားသော လုပ်ဆောင်မှုမျိုး ရှောင်ကြဉ်ပါ။ လုပ်ငန်းတွင် အခက်အခဲများကြားမှ ရာထူးဘုန်းကံမြင့်မားတိုးတက်မှုများ တွေ့ကြုံ ပေါ်ပေါက်လာနိုင်သည်။ အကြီးအကဲ မိဘဆရာသမားများနှင့် ပတ်သက်၍ ကောင်းမွန်သော အထောက်အပံ့ အကူအညီကောင်းများ ရရှိတတ်သည်။ စပ်တူစပ်ဖက် ကုမ္ပဏီအဖွဲ့အစည်းဝိုင်းဆိုင်ရာ လုပ်ငန်းကိစ္စများမှ ငွေကြေးအကျိုးအမြတ်များ ရရှိမည်။ လုပ်ငန်းတွင် တရားမဝင် ငွေကြေးအကျိုးရှိမှုကဲ့ ကောင်းမွန်နေမည်။ လုပ်ငန်းရှင်များ အခက်အခဲရှိသော်လည်း အခွင့်အရေးကောင်းများ ရရှိ ကြီးပွားမည်။ ပညာသင်ကြားနေသူများ ပညာရေးပိုင်း အတိုက်အခံများပြားပြီး ကျန်းမာရေးအညံ့ကြောင့် အဆင်မပြေမှုများ တွေ့ကြုံနိုင်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးကဲ့ လန်းဆန်းနေ၍ ချစ်သူများ မိသားစုအသိုင်းအဝန်းကိစ္စများကြောင့် အတိုက်အခံကြုံမည်။

AQUARIUS

ကုမ်လဂ်

အတိုက်အခံပြဿနာကြီးများ ရင်ဆိုင်ဖြေရှင်းရပြီး မိမိဘဝအတွက် ကံဇာတာ ညှိနှိုင်းချိန်ဖြစ်သည်။ တရားမဝင် လုပ်ငန်းကိစ္စ ဆောင်ရွက်လုပ်ကိုင်သူများ ဒုက္ခရောက်တတ်သည်။ ကျန်းမာရေး အညံ့ပြင်းထန်တတ်ပြီး ခွဲစိတ်ကုသမှုများ ခံယူရတတ်သည်။ ခရီးဝေးသွားလာမှုများ သတိပြုပါ။ ရှောင်ကြဉ်ပါ။ လုပ်ငန်းအတွက် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တွေ့ကြုံလာနိုင်သည်။ အဖက်ဖက်မှ ခေါင်းမာ တစ်ဖက်ထိုးပြုမှု တုံ့ပြန်လိုသော စိတ်ဓာတ်များ အထူးသတိပြု ဆင်ခြင်ပါ။ လိမ်လည် လှည့်ဖြားခံရမှုများ တွေ့ကြုံနိုင်ပြီး အမှုပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ လုပ်ငန်းရှင်များ ဥပဒေ နည်းလမ်းတကျလုပ်ငန်းများ ဆောင်ရွက်သင့်ပြီး ငွေပေးငွေယူ သတိပြုပါ။ ပညာသင်ယူသူများ ယခင်ထက် အတိုက်အခံ အပြိုင်အဆိုင်ပေါများသည့်ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ ကြီးမားသော ပြဿနာမုန်တိုင်းများ ပြင်းထန်၍ အနိုင်ယူလိုစိတ်များ ထိန်းချုပ်ပါ။ ချစ်သူများ စေ့စပ်ညှိနှိုင်းရန် ခက်ခဲကြန့်ကြာမည်။

PISCES

မိန်လဂ်

အဖက်ဖက်မှ ပြဿနာပေါင်းစုံ ရင်ဆိုင်ကျော်ဖြတ်ရမည်။ ဘာပဲလုပ်လုပ် စိတ်ဖိစီးမှုများကြောင့် စိတ်ဆိုးဒေါသဖြစ်လွယ်သော ကာလဖြစ်သည်။ အရာရာအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်ရန်နှင့် ငြိမ်းချမ်းမှု ရရှိရန် ကြိုးစားသင့်သော ကာလဖြစ်သည်။ မထင်မှတ်ထားသော ပြဿနာ အခက်အခဲကြီးများကြောင့် မိမိလုပ်ငန်းပိုင်းများစွာ ဆုံးရှုံးနစ်နာသွားနိုင်သည်။ ဘာသာ ရေးကျင့်ကြံ အားထုတ်မှုများ ယခင်ထက်ပိုမို အလေးထား ဆောင်ရွက်ပါ။ ကျန်းမာရေးအညံ့ကိစ္စများ သတိပြု ဆင်ခြင်ပါ။ လုပ်ငန်းတွင် မီးဘေးအန္တရာယ်များအတွက် အဖက်ဖက်မှ စေ့စပ်သေချာပါ။ ကံဇာတာ နိမ့်ပါးချိန်ဖြစ်ပြီး လုပ်ငန်းရှင်များ အဖက်ဖက်မှ ကာကွယ်မှု ရယူပါ။ ပညာသင်ယူသူများ စိတ်အနောင့်အယှက်များကြားမှ မိမိလိုရာ ပန်းတိုင်သို့ ရောက်ရှိနိုင်မည်။ အိမ်ထောင်ရှင်များ အကြောင်းအမျိုးအမျိုးဖြင့် သဘောထား ကွဲလွဲချိန်ဖြစ်သည်။ ချစ်သူများ အဝေးဆုံးသို့ ရောက်ရှိမည့်အကြောင်း ကိစ္စများ ပေါ်ပေါက်လာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ စက်တင်ဘာလ မွန်းတည့်နက္ခတ် ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လင် (၁၂)လင်ဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအားထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ ဓနသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန်(၂)နာရီကို လင်တစ်လင်အဖြစ် သတ်မှတ်၍ လင် (၁၂)လင်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် လင်တစ်ခုချင်းအလိုက် စွမ်းအားအပြင်အဆင်မှားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်ထွက်ချိန်များ အဖြစ်သတ်မှတ်ထားပါသည်။

မိမိတို့မွေးဖွားချိန်လင်း အလွယ်တကူရရှာဖွေနိုင်ရန်အတွက် လင်ရှာပွေနည်းဥယောအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လင်တစ်လင်နှုန်းဖြင့် လင်(၁၂)လင်အတွက် အလွယ်တကူကောက်ယူနိုင်ပါသည်။ ဥပမာ - ဇူလိုင် ၁၃မှ မေ ၁၃အတွင်း နံနက် (၅ : ၄၅) မှ (၇ : ၄၅)နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလင်ပိုင်ရှင်ဖြစ်ပြီး ယင်းနှုန်းနက် (၉း ၄၅) မှ (၁၁ : ၄၅) အတွင်း မွေးဖွားပါက မေထုန်လင်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လင်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လင်များအား လင်ကောက်ယူမှုဥယောတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ် မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြဲစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေများအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လင်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း (တနင်္လာ)မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့် ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများ ဖြစ်ကြသည်အဆိုပါ နေ့ရက်အချိန်အခါများ၌ ထိုက်စမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ် ခြံ မြေ ယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဥဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗုလုံဒဗ္ဗရက်မှဩဇာတ်ဒဗ္ဗရက်အတွင်း

လက်	မွေးဆိုန်
ကရကဋ်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
သိဟ်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ကန်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
တူ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ဖြိုဏ္ဍာ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
နဲ့	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မကာရ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ကုမ်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မြိန်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မီသ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ဖြီသ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မေထုန်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့

နိုဝဲဖရက်မှဒီဘုရက်အတွင်း

လက်	မွေးဆိုန်
ဖြိုဏ္ဍာ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
နဲ့	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မကာရ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ကုမ်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မြိန်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မီသ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ဖြီသ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
မေထုန်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ကရကဋ်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
သိဟ်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
ကန်	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့
တူ	ဝဲဒဲ့ ဂုဲ့ ဝဲဒဲ့

အောင်ဘုကုန်ဒဂုအတွင်း

လက်	မွေးဆိုန်
တူ	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
နဲ့	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
မကာရ	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
ကုမ်	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
မြိန်	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
မီသ	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
ဖြီသ	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
မေထုန်	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
ကရကဋ်	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
သိဟ်	ဂုဲ့ဂုဲ့မ ဂုဲ့ဂု
ကန်	ဂုဲ့ဂုဲ့မ ဂုဲ့ဂု

ကော်ဘုရက်မအောင်ဘဲရက်အတွင်း

လက်	မွေးဆိုန်
ကန်	ဂုဲ့ဂုဝမ ဂုဲ့ဂု
တူ	ဂုဲ့ဂုဝမ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဂုဲ့ဂုဝမ ဂုဲ့ဂု
နဲ့	ဂုဲ့ဂုဝမ ဂုဲ့ဂု
မကာရ	ဂုဲ့ဂုဝမ ဂုဲ့ဂု
ကုမ်	ဂုဲ့ဂုဝမ ဂုဲ့ဂု
မြိန်	ဂုဲ့ဂုဝမ ဂုဲ့ဂု
မီသ	ဂုဲ့ဂုဝမ ဂုဲ့ဂု
ဖြီသ	ဂုဲ့ဂုဝမ ဂုဲ့ဂု
မေထုန်	ဂုဲ့ဂုဝမ ဂုဲ့ဂု
ကရကဋ်	ဂုဲ့ဂုဝမ ဂုဲ့ဂု
သိဟ်	ဂုဲ့ဂုဝမ ဂုဲ့ဂု

သြဂတ်ဘုရက်မ္ဘဃာတ်ဘရက်အတွင်း

လက်	မွေးဆိုန်
သိဟ်	ဝဲဒဲ့မ ဂုဲ့ဂု
ကန်	ဝဲဒဲ့မ ဂုဲ့ဂု
တူ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဝဲဒဲ့မ ဂုဲ့ဂု
နဲ့	ဝဲဒဲ့မ ဂုဲ့ဂု
မကာရ	ဝဲဒဲ့မ ဂုဲ့ဂု
ကုမ်	ဝဲဒဲ့မ ဂုဲ့ဂု
မြိန်	ဝဲဒဲ့မ ဂုဲ့ဂု
မီသ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြီသ	ဝဲဒဲ့မ ဂုဲ့ဂု
မေထုန်	ဝဲဒဲ့မ ဂုဲ့ဂု
ကရကဋ်	ဝဲဒဲ့မ ဂုဲ့ဂု

ဒုဝဲဘုရက်မ မောဘုရက်အတွင်း

လက်	မွေးဆိုန်
မီသ	ဂုဲ့ဂုမ ဂုဲ့ဂု
ဖြီသ	ဂုဲ့ဂုမ ဂုဲ့ဂု
မေထုန်	ဂုဲ့ဂုမ ဂုဲ့ဂု
ကရကဋ်	ဂုဲ့ဂုမ ဂုဲ့ဂု
သိဟ်	ဂုဲ့ဂုမ ဂုဲ့ဂု
ကန်	ဂုဲ့ဂုမ ဂုဲ့ဂု
တူ	ဂုဲ့ဂုမ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဂုဲ့ဂုမ ဂုဲ့ဂု
နဲ့	ဂုဲ့ဂုမ ဂုဲ့ဂု
မကာရ	ဂုဲ့ဂုမ ဂုဲ့ဂု
ကုမ်	ဂုဲ့ဂုမ ဂုဲ့ဂု
မြိန်	ဂုဲ့ဂုမ ဂုဲ့ဂု
မီသ	ဂုဲ့ဂုမ ဂုဲ့ဂု

ဗုဒ္ဓဟူဘုရက်မ္ဘဒုဒ္ဓဟူဘုရက်အတွင်း

လက်	မွေးဆိုန်
မေထုန်	ဝဲဒဲ့မ ဂုဲ့ဂု
ကရကဋ်	ဝဲဒဲ့မ ဂုဲ့ဂု
သိဟ်	ဝဲဒဲ့မ ဂုဲ့ဂု
ကန်	ဝဲဒဲ့မ ဂုဲ့ဂု
တူ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဝဲဒဲ့မ ဂုဲ့ဂု
နဲ့	ဝဲဒဲ့မ ဂုဲ့ဂု
မကာရ	ဝဲဒဲ့မ ဂုဲ့ဂု
ကုမ်	ဝဲဒဲ့မ ဂုဲ့ဂု
မြိန်	ဝဲဒဲ့မ ဂုဲ့ဂု
မီသ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြီသ	ဝဲဒဲ့မ ဂုဲ့ဂု

ဗဟဿဘုရက်မ ဗောဘုရက်အတွင်း

လက်	မွေးဆိုန်
ဖြီသ	ဝဲဒဲ့မ ဂုဲ့ဂု
မေထုန်	ဝဲဒဲ့မ ဂုဲ့ဂု
ကရကဋ်	ဝဲဒဲ့မ ဂုဲ့ဂု
သိဟ်	ဝဲဒဲ့မ ဂုဲ့ဂု
ကန်	ဝဲဒဲ့မ ဂုဲ့ဂု
တူ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဝဲဒဲ့မ ဂုဲ့ဂု
နဲ့	ဝဲဒဲ့မ ဂုဲ့ဂု
မကာရ	ဝဲဒဲ့မ ဂုဲ့ဂု
ကုမ်	ဝဲဒဲ့မ ဂုဲ့ဂု
မြိန်	ဝဲဒဲ့မ ဂုဲ့ဂု
မီသ	ဝဲဒဲ့မ ဂုဲ့ဂု

မတ်ဒဂုရက်မ္ဘဒြဟုရက်အတွင်း

လက်	မွေးဆိုန်
မြိန်	ဝဲဒဲ့မ ဂုဲ့ဂု
မီသ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြီသ	ဝဲဒဲ့မ ဂုဲ့ဂု
မေထုန်	ဝဲဒဲ့မ ဂုဲ့ဂု
ကရကဋ်	ဝဲဒဲ့မ ဂုဲ့ဂု
သိဟ်	ဝဲဒဲ့မ ဂုဲ့ဂု
ကန်	ဝဲဒဲ့မ ဂုဲ့ဂု
တူ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဝဲဒဲ့မ ဂုဲ့ဂု
နဲ့	ဝဲဒဲ့မ ဂုဲ့ဂု
မကာရ	ဝဲဒဲ့မ ဂုဲ့ဂု
ကုမ်	ဝဲဒဲ့မ ဂုဲ့ဂု

စနိဒဂုရက်မ ဓောဘုရက်အတွင်း

လက်	မွေးဆိုန်
မကာရ	ဝဲဒဲ့မ ဂုဲ့ဂု
ကုမ်	ဝဲဒဲ့မ ဂုဲ့ဂု
မြိန်	ဝဲဒဲ့မ ဂုဲ့ဂု
မီသ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြီသ	ဝဲဒဲ့မ ဂုဲ့ဂု
မေထုန်	ဝဲဒဲ့မ ဂုဲ့ဂု
ကရကဋ်	ဝဲဒဲ့မ ဂုဲ့ဂု
သိဟ်	ဝဲဒဲ့မ ဂုဲ့ဂု
ကန်	ဝဲဒဲ့မ ဂုဲ့ဂု
တူ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဝဲဒဲ့မ ဂုဲ့ဂု
နဲ့	ဝဲဒဲ့မ ဂုဲ့ဂု

ဗိဝဲဖရက်မ္ဘနန်ဒဒုအတွင်း

လက်	မွေးဆိုန်
နဲ့	ဝဲဒဲ့မ ဂုဲ့ဂု
မကာရ	ဝဲဒဲ့မ ဂုဲ့ဂု
ကုမ်	ဝဲဒဲ့မ ဂုဲ့ဂု
မြိန်	ဝဲဒဲ့မ ဂုဲ့ဂု
မီသ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြီသ	ဝဲဒဲ့မ ဂုဲ့ဂု
မေထုန်	ဝဲဒဲ့မ ဂုဲ့ဂု
ကရကဋ်	ဝဲဒဲ့မ ဂုဲ့ဂု
သိဟ်	ဝဲဒဲ့မ ဂုဲ့ဂု
ကန်	ဝဲဒဲ့မ ဂုဲ့ဂု
တူ	ဝဲဒဲ့မ ဂုဲ့ဂု
ဖြိုဏ္ဍာ	ဝဲဒဲ့မ ဂုဲ့ဂု

www.burmeseclassic.com

www.burmeseclassic.com

ရက်	ကန်လစ်		သိဟ်လစ်		ကရကဋ်လစ်		မေထုန်လစ်		ပြိဿလစ်		မိဿလစ်	
	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်
၁	၈၈ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၁၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၁၀	၀၄ : ၃၀	၀၄ : ၄၀
၂	၈၇ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၃	၈၆ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၄	၈၅ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၅	၈၄ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၆	၈၃ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၇	၈၂ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၈	၈၁ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၉	၈၀ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၀	၇၉ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၁	၇၈ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၂	၇၇ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၃	၇၆ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၄	၇၅ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၅	၇၄ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၆	၇၃ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၇	၇၂ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၈	၇၁ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၁၉	၇၀ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၀	၆၉ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၁	၆၈ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၂	၆၇ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၃	၆၆ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၄	၆၅ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၅	၆၄ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၆	၆၃ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၇	၆၂ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၈	၆၁ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၂၉	၆၀ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀
၃၀	၅၉ : ၀၀	၀၉ : ၀၀	၀၆ : ၅၉	၀၆ : ၁၉	၀၆ : ၀၀	၀၆ : ၃၀	၀၅ : ၅၀	၀၅ : ၅၀	၀၅ : ၀၀	၀၅ : ၀၀	၀၄ : ၃၀	၀၄ : ၄၀

www.burmeseclassic.com

www.burmeseclassic.com

ရက်	တူလဲ		ငြိစွာလဲ		ဓနုလဲ		မဃာရုလဲ		ကုမ်လဲ		မိန်လဲ	
	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်	ဝင်ချိန်	ထွက်ချိန်
၁	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၃	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၄	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၅	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၆	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၇	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၈	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၉	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၀	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၁	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၂	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၃	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၄	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၅	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၆	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၇	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၈	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၁၉	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၀	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၁	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၂	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၃	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၄	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၅	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၆	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၇	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၈	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၂၉	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄
၃၀	၀၀ : ၀၇	၀၀ : ၁၉	၁၁ : ၀၆	၁၁ : ၁၆	၀၇ : ၁၄	၀၇ : ၂၁	၁၄ : ၀၈	၁၅ : ၀၈	၁၇ : ၀၈	၁၇ : ၁၄	၀၂ : ၀၀	၀၂ : ၁၄

www.burmeseclassic.com

www.burmeseclassic.com

မနောပွဲ

(သို့မဟုတ်)

မဒိုင်နတ်ကို ပူဇော်ခြင်း

မင်းခန့်ကိုကို (RUBY LAND)

BURMESE CLASSIC .com

လွန်ခဲ့သည့် သုံးနှစ်ခန့်က ဗန်းမော်မြို့ ကချင်တိုင်းရင်းသား စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့မှ ကြီးမှူးကျင်းပသော အင်လုံအင်နန်းရှား(ကောက်သစ်စား)၊ ဆွတ်မနောပွဲတော်သို့ ဧည့်သွားဖြစ်ခဲ့သည်။ ကချင်ပြည်နယ်တွင် စနစ်တကာလ နေထိုင်ခဲ့သည်မို့ မနောပွဲသည် စာရေးသူနှင့် မစိမ်းပါ။

၂၀၀၉ ခု၊ ဇန်နဝါရီက စာရေးသူ၏ မိတ်ဆွေ ကိုထွန်းဦး ကိုအောင်ဇော်ဝင်း(ရွှေဝါလီ)တို့နှင့်အတူ မြစ်ကြီးနားမနောပွဲတော်သို့ သွားဖြစ်ခဲ့သေးသည်။ မနောကွင်းကို လှည့်ပတ်၍ တန်းစီ စုပေါင်းကကြသည့် အကကို ကြည့်ရင်း မနောပွဲဆိုတာကို စိတ်ဝင်စားမိခဲ့သည်။ ဗန်းမော် ဆွတ်မနောပွဲတော်တွင် စာရေးဆရာ ယောဇဉ်ဦး(ဗန်းမော်)နှင့် ဆုံပြီး မနောပွဲအကြောင်း စကားစပ်မိရင်းမှ ကချင်တိုင်းရင်းသားတို့၏ ဘာသာရေး ရိုးရာယဉ်ကျေးမှုအကြောင်း စာရေးရန် တွန်းအားရခဲ့သည်။

ကချင်လူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံများအရ ကျင်းပသောပွဲများတွင် မနောပွဲသည် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံးဖြစ်သည်။ ကချင်အမျိုးအနွယ်အားလုံးနှင့် သက်ဆိုင်သောပွဲဖြစ်၍ ပွဲရက်ကို အနည်းဆုံး ၄ရက်မှ ၈ရက်အထိ ကျင်းပလေ့ရှိသည်။

မနောပွဲကို ပွဲကျင်းပရသည့်အကြောင်းကို လိုက်၍ အမည်အမျိုးမျိုးမှည့်ခေါ်ကြသည်။ စစ်အောင်ချိန်တွင် အောင်ပွဲခံသဘောဖြင့် ကျင်းပသည့် ပဒန်မနော၊ ခနဉ္စာတိုးပွားကြွယ်ဝချိန်တွင် မိမိအား မနာလို ဝန်တိုသူများ ရှိ၊ မရှိ ပေးဆပ်ရန် အကြွေးရှိ၊ မရှိ၊ ရယူရန် ကြွေးမြီဟောင်းများ ရှိ၊ မရှိ စုစမ်းရင်း ဆွေသစ်မျိုးသစ် မိတ်သင်္ဂဟအသစ်ဖွဲ့သော **ဆွတ်မနော**၊ မကျွန်းမမာဖြစ်သည့်အခါနှင့် အသက်အရွယ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးရင့်သော အဘိုးအို၊ အဘွားအိုများ သေဆုံးသောအခါ ကျင်းပသည့် **ဂျူမနော**၊ အိမ်ထောင်စုတစ်စုမှ အိမ်သားဖြစ်သူ ညီအစ်ကိုတစ်ဦးဦး နယ်မြေသစ်တည်ထောင် နေထိုင်သောအချိန်တွင် မဒိုင်နတ်ကို ဝေခြမ်း ပင့်ဆောင်ယူသော အထိမ်းအမှတ်ဖြင့် ကျင်းပသည့် **ကွမ်ရန်မနော**၊ နယ်မြေသစ်တည်ထောင်ပြီး မဒိုင်နတ်ကို ကျွန်ရစ်သူ ညီအစ်ကိုများထံမှ ဝေခြမ်းပင့်ဆောင်ယူပြီးချိန်နှင့် မဒိုင်နတ်အား နေရာပြသော အထိမ်းအမှတ်၊ နယ်မြေသစ်ရှိ မကောင်းဆိုးဝါးများကို နှင်ထုတ်သော အထိမ်းအမှတ်အဖြစ် ကျင်းပသည့် **ရွှေစဲ့ဖော့မနော** စသည့် မနော (၅)မျိုးသည် ကချင်လူမျိုးတို့၏ ဓလေ့ဂိုးရာတွင် အရေးကြီးဆုံးဖြစ်ပြီး အချိန်အခါနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းကိစ္စများကို လိုက်၍ **ထိန်ထန်မနော**၊ **နော်ယင်မနော**၊ **ဒိန်ရောန်မနော**၊ **ဖရင်ရောဒ်မနော** ဟူ၍လည်း အခေါ်အဝေါ်အမျိုးမျိုးရှိသေးသည်။

မနောပွဲသည် **မဒိုင်နတ်**(ကောင်းကင်နတ်)ကို မူတည်၍ ကျင်းပသော ပွဲဖြစ်သော်လည်း အခြား ပူဇော်ပသရသည့် နတ်များလည်း အများအပြားရှိသည်။ မနောပွဲတစ်ပွဲတွင် နတ်ပေါင်း ၁၀၀ကျော်ကို ပူဇော်ရသည်။ အိမ်နတ်၊ မုနတ်၊ ဆင်လပ်နတ်၊ မဒိုင်နတ်၊ ကျွဲမွန်ဆပေါ့်နတ်၊ ဆနောင်းပွတ်နတ်၊ မရောနတ်၊ ဆွမ်းနတ်၊ ဂျထုံနတ်၊ နင်းဆွမ်နတ်၊ လမြွင်းနတ်၊ နွမ်းရှမ်နတ်၊ ရှင်ဂရမ်နတ်၊ ဒုနတ်၊ လနတ်၊ ရိုးရာနတ်၊ လေနတ်၊ မြေနတ် စသည့် နတ်အမျိုးအစား ၁၈မျိုးရှိပြီး တစ်မျိုးလျှင် နတ်နှစ်ပါး သုံးပါး အစရှိသဖြင့် အရေအတွက်အမျိုးမျိုးရှိကြသည်။

နတ်ပူဇော်ရာတွင် ဂျိုင်ဝါနတ်ဆရာကြီးက သက်ဆိုင်ရာ နတ်များအား ပင့်ဖိတ်ပူဇော်ပြီး မိမိ၏ အဆောင်အယောင် အဝတ်အစားများကို ဝတ်၍ မနောကွင်းအစွန်းမှ ရပ်ကာ မနော့တိုင်များကို ပျက်နှာမူလျက် ရွတ်ဖတ်ရသည်။

မနောပွဲကျင်းပရာတွင် ပျော်ပျော်ပါးပါးရှိရုံနှင့် စားသောက်ဖွယ်ရာများကို သဘောရှိ သုံးဆောင်ရန် အလှူရှင်နှင့်တကွ နယ်သူနယ်သားအားလုံးတို့၏ စိုးပွားတိုးတက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို စောင်မကြပါရန် နတ်တို့ကို ပန်ကြားပြီးနောက် မနောပွဲ စတင်တော့သည်။

မနောကွင်း၏ အလယ်ဗဟိုတွင် အဖြူ၊ အနီ၊ အနက် အရောင်တို့ဖြင့် ဆေးခြယ်မှုန်းထားသော မနောတိုင် ၄တိုင် စိုက်ထူထားသည်။ တိုင်များအနက် နှစ်တိုင်ကို နှစ်ဖက်ပိတ် စည်ကြီးတစ်လုံးနှင့် မောင်းကြီးသုံးလုံး တပ်ဆင်ထားသည်။ ထိုစည်ကြီးနှင့် မောင်းကြီးများသည် မနောအကာ၏ အဓိကတူရိယာဖြစ်သည်။ အက ကသူများသည် ထိပ်ဆုံးမှ အက ခေါင်းဆောင်၏ ကကြိုး ကကွက်ပြောင်းလျှင် ပြောင်းသကဲ့သို့ နောက်လူများက လိုက်၍ တန်းစီ ကကြသည်။ မနောကွင်းကို မျက်နှာမူပြီး လက်ယာရစ် လှည့်ကရာတွင် ခေါင်းဆောင်၏ ကဟန်အတိုင်း ကသွားရသည်။ မူလ မနောအက သည် ငှက်များ ကခုန် မြူးတူးပုံကို အတုယူ၍ ကခြင်းဖြစ်သောကြောင့် မနောကသူတိုင်း ဒေါင်းပြီးသဏ္ဌာန် ယပ်တောင်တစ်ခုစီကို ကိုင်ဆောင်ရသည်။

နတ်ခြောက်အက၊ မြင်းစီးအက၊ ကျောက်ဖရုံသီးကြိုးတပ်ဆွဲသော အက၊ ကွန်ပစ်ဟန်အက၊ ဆေးငုံရန် ဆေးဝေငေးဟန်အက၊ ကျွဲနွားရှာဖွေဟန် အက၊ အောက်ချင်ငှက်ဟန်အက စသည့် ကကြိုးကကွက်များအပြင် အုပ်စု လိုက် သီးသန့်အကများဖြစ်သော မနောဆရာများအက၊ မနောအလှူရှင်များအက၊ မနောအိမ်ရှင် ဖသားစုအကနှင့် မနောပွဲ ချက်ပြုတ်လုပ်ကိုင်သူများအကဟူ၍လည်း အက အမျိုးမျိုးရှိသေးသည်။ အက ကရာတွင် ကလေး၊ လူကြီးအားလုံးပါဝင် ကခုန်နိုင်ခွင့်ရှိသည်။

မနောပွဲသည် ဘာသာရေးပွဲဖြစ်သော်လည်း စီးပွားရေး လူမှုရေး အားလုံးနှင့်လည်း အကျုံးဝင်သည်။ မနောပွဲသို့ နယ်ပေါင်းစုံမှ လူအများ လာရောက်စုဝေးကြခြင်းကြောင့် ရပ်ဝေးမှ အနွယ်တူ အမျိုးတူများ ဆုံစည်းခွင့်ရကြသည်။ လူငယ်လူရွယ်များအချင်းချင်းလည်း ရင်းနှီးချစ်ကျွမ်းဝင်ခွင့်ရကြသည်။

မနောပွဲသည် ကချင်တိုင်းရင်းသားတို့၏ ရေးအကျဆုံး ပွဲလမ်းသဘင်ဖြစ်သည်။ နိုင်ငံရပ်ခြားရောက် ကချင်လူမျိုးတို့၏ ဘိုးဘေးညီအစ်ကို ဝမ်းကွဲအနက် ညီအငယ်ဆုံးဖြစ်သော ရှမ်းပြည်နယ်မှ ဆင်းသက်လာခဲ့သော ရာဂရာဂွန်ရာသည် ကောင်းကင်နတ်များအနက် ညီအငယ်ဆုံးဖြစ်သော မဒိုင်နတ်၏ သမီး မဒိုဖရောငါးနှင့် လက်ထပ်ခဲ့သည်။ ထို့လက်ထပ်ပွဲကို အကြောင်းပြု၍ မဒိုင်နတ်ကို ပူဇော်သည့် ပြုလုပ်ရာမှ မနောပွဲ စတင်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

* * *

BURMESE CLASSIC .com

မင်းခန့်ကို့ကို (RUBY LAND)

ကျမ်းကိုး

- တိုင်းရင်းသားယဉ်ကျေးမှုမလေ့ဂျံးစံများ(ကချင်) (ခရစ်ယာန်ဗြဲဂုတ်လ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ)။

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရရောင်စဉ် နေမင်း၊ လမင်း အင်းအစီအရင်

ဇခတ္တရာ ဆရာကျော်

နိဒါန်း

ကျွန်ုပ် မရေးဖြစ်သေးသော ဘဝမှတ်တမ်းမှ ကောက်နုတ်၍ ဂမ္ဘီရရောင်စဉ်အစီအရင်တချို့ကို တင်ပြခဲ့သည်မှာ ဤဆောင်းပါးနှင့်ဆိုလျှင် သုံးပုဒ်ပြည့်ခဲ့ပြီဖြစ်ပါ၏။

ဤဆောင်းပါးများသည် စိတ်ကူးယဉ်များ မဟုတ်ကြောင်း စာဖတ်ပရိသတ်ကို ဦးစွာ ရှေးပြောပါရစေ။ ကျွန်ုပ်ထံသာရောက်အကြံဉာဏ် ဇာတ်တောင်းသူများထဲမှ လိုအပ်ပါက အသုံးပြုစေသော၊ ပြီးနောက် ကျွန်ုပ်ကိုယ်တိုင်လည်း အသုံးအစွဲပြုသော အစီအမံတစ်မျိုးဖြစ်ပါ၏။ ရှေးပညာရှင်များ၏ ညွှန်ကြားချက်ထွင်ကာ အသုံးအစွဲပြုထားသော လက်တွေ့ ပွဲဝင်အစီအရင်ကောင်းတစ်မျိုးဟုလည်း၊ လိုချင်ပါ၏။ ယုံကြည်စိတ်ချရသောသူထံမှ ကျွန်ုပ်ရရှိထားသော ပညာလည်း ဖြစ်ပါပေ၏။

ယခုကဲ့သို့ ကျွန်ုပ် ရေးပြောနေရခြင်းမှာ သင့်အား မဖြစ်မနေ အတင်း "ငွတ်" ယုံကြည်ခိုင်းနေခြင်း မဟုတ်ပါ။ ကျွန်ုပ်အခြေအနေကို သိအောင် တင်ပြပေးခြင်းသာ ဖြစ်ပါ၏။ သို့သော် မယုံမကြည်လုပ်ပါကလည်း သင့်အား အကျိုးမပြုသည့်အပြင် အခြည်းနီးသာ ဖြစ်ပေလိမ့်မည်။

ယုံကြည်သော စေ့ဆော်မှု

ဝိဇ္ဇာဓရ ဂမ္ဘီရလမ်းကြောင်းကို လျှောက်လှမ်းသူသည် လည်းကောင်း၊ ထိုလမ်းကြောင်းကို လျှောက်လှမ်းမိသူသည်

www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ အခြေအနေအရ လျှောက်လှမ်းရသောအခါ တွင် လည်းကောင်း ဂန္ဓိရဆိုင်ရာ နည်းလမ်း၊ စည်းကမ်းများ ကို မဖြစ်မနေ လိုက်နာရ၏။

မည်သည့်ပညာတွင်မဆို နည်းလမ်းများ ရှိသလို၊ ဆိုင် ရာ စည်းကမ်းများသည် ရှိ၏။ ဥပဒေသများဟုလျှင် ပြော လျှင်လည်း ပြောနိုင်ပါ၏။ အောင်မြင်ခြင်းအတွက် ထိုနည်း လမ်း စည်းကမ်းများက မလွဲမသွေပါရ၏။ ရှိရ၏။ လိုက်နာ ရ၏။ အလေးအနက်ထားရ၏။ ယုံကြည်မှု ရှိရ၏။ မနော အလှာက လက်ခံပေးရ၏။

ယုံကြည်သော စေ့ဆော်မှုမှာ အလေးအနက်ထားရန် လိုအပ်သောအချက်ပင် ဖြစ်ပေ၏။ စေ့ဆော်မှုကို Suggestion ဟုလည်း ခေါ်လိုက ခေါ်နိုင်မည်ထင်၏။ အခြေခံ ကျသော အချက်ပင်ဖြစ်ရာ ဤအစီအရင်ခံလည်း စေ့ဆော်မှု မပါလျှင် ထင်သလောက် ခရီးမမြောက်နိုင်ပါ။ ကျွန်ုပ်ပြော ၍ သင် လိုက်လုပ်လျှင် အကျိုးရှိစေချင်သည်မှာ ကျွန်ုပ်၏ ရင်တွင်းစကား သစ္စာသာ ဖြစ်ပါ၏။

ထို့ကြောင့်လည်း အခြေခံ လိုအပ်ချက်ဖြစ်သော မသိမဖြစ် အချက်အလက်များကို ကျွန်ုပ်၏ ပွဲဝင် လက်တွေ့ သင်ခန်းစာများမှ ဆွဲထုတ် ရေးပြောပေးနေရခြင်း ဖြစ်ပါပေ ၏။

သင့်လိုအင်ဆန္ဒကို သင့်မနောရောက်အောင် ပို့ဆောင် ပေးရန် လိုပါ၏။ စေ့ဆော်မှုသည် စိတ်နှင့် မနောကို ဆက် သွယ်ပေးတတ်၏။ မနောကို ရောက်လျှင် ဆန္ဒပြည့်ရပေတော့ ၏။

တစ်ခုရှိသည်မှာ စေ့ဆော်မှုကို မိမိစိတ်က လက်ခံ ပေးရန် ရှိရမည်မှာ ဖြစ်၏။ ကျင့်ယူလျှင် နောက်ပိုင်းတွင် သဘောပေါက်လာပါလိမ့်မည်။ စေ့ဆော်မှု ဆိုသည်မှာ စိတ် ကို လှုံ့ဆော်ပေးခြင်းသာ ဖြစ်ပါ၏။ မိမိဖြစ်လိုသည့်အရာကို စေ့ဆော်ပေးရန်သာ ဖြစ်ပါ၏။ ထိုအခါ ကြာလာလျှင် စေ့ ဆော်မှုသည် အားအစွမ်းသတ္တိဝင်သွားကာ လူ၏ မှတ်ဉာဏ် ၌ အစိတ်အပိုင်းတစ်ခုအနေဖြင့် အရာထင်သွားတတ်လေ ၏။

စေ့ဆော်မှုတွင် စိတ်ကူးအာရုံ ပါဝင်မြဲဖြစ်လေရာ ကြောင့် ဩဇာသက်ရောက်၍ စွမ်းအင်တွေ ဖြစ်ကုန်တော့ ၏။ ထိုအခါ မိမိအလုပ်ကို အောင်မြင်ရန် ဖြစ်လာတော့ပေ သည်။

အဖျက်စကား သတိထား

ဤနေရာ၌ သင့်ကို သတိပေးစကားတစ်ခွန်းလောက် တော့ ကျွန်ုပ် ဖြည့်စွက်ပြောပါရစေ။

အခြားမဟုတ်။

သင့်ကိစ္စ သင်လုပ်နေချိန်တွင် အခြားသူများမှ အဖျက် စကားပြောတတ်လေရာ ထိုစကားများကို စိုးစဉ်းငယ်မှု နားမထောင်ဖို့၊ နားမယောင်ဖို့ လွှန်စွာ အရေးကြီးပါ၏။ တကယ်တမ်းတွင် အချို့ကိစ္စများကို လိုအပ်သလို၊ မလိုအပ် သူများလည်း ရှိပေ၏။ ကိုယ့်ယုံကြည်မှုကို သေးသိမ်သွား အောင်၊ ပျက်စီးသွားအောင် တွေဝေသွားအောင် လုပ်တတ် သူများ ဤလောကဌ များစွာရှိကြောင်း သတိကောင်းကောင်း ထားဖို့ လို၏။ သင့်စိတ်ကူးစိတ်သန်းကို လွှဲချော်သွားအောင် ထိုဘေးစကား၊ အဖျက်စကားများက လုပ်တတ်၏။ အောင် မြင်သူများတွင် အောင်စိတ်ရှိကြသည်သာ ဖြစ်၏။ သူ လက် မခံခြင်းသည် သင်နှင့် မဆိုင်။ သူက သူ၊ သင်က သင်သာ ဖြစ်၏။ ဘာသာရေးယုံကြည်ချက်များ၌ပင် ကွဲလွဲနေကြခြင်း ရှိကြောင်း သင် ဆင်ခြင်ကြည့်လျှင် သိမြင်နိုင်၏။ ဤနည်း လမ်းကို သင် ယုံကြည်မှုအပြည့်ဖြင့် လုပ်နေစဉ် အဖျက် စကားများ၊ အတွေးများ အဝင်မခံပါနှင့်။ ဝင်လာပါက ထိုအတွေးများ၊ အပြောများကို ပြတ်သားစွာ မောင်းထုတ် လိုက်ပါတော့။

ဤဆောင်းပါးတွင် အခြားအချက်အလက်များ ထည့်သွင်းရေးပေးလိုပါ၏။ အပ်ကြောင်းထပ်မည်စိုး၍ ၂၀၁၅ မေလထုတ် ဂန္ဓိရဆန်းကြယ် မဂ္ဂဇင်းကြီး၏ စာမျက်နှာ (၃၂၆)ပါ ကျွန်ုပ်ရေးသော "ဂန္ဓိရရောင်စဉ် အလင်းပြည် အစီအရင်" ဆောင်းပါးကို ရှာဖွေဖတ်သင့်ပါကြောင်း ညွှန် ကြားရင်း လိုရင်းဆိုက်အောင် ဆက်ကြပါစို့။

BURMESE CLASSIC .com

နေမင်း၊ လမင်း အင်းတိုင်အစီအရင်

ယခု ကျွန်ုပ်ရေးပြောပေးမည့် အင်းတိုင်အစီအရင် ဂန္ဓိရအဆိပ်သင့်ခြင်းမှ လုံးဝ ကင်းဝေးပါ၏။ ဘယ်သူ မရ၊ ဘယ်ဝါမလုပ်ရဟူ၍ မရှိ။ ရိုးသားသော အစီအမံဖြင့် ဂန္ဓိရသဘောလည်း သက်ဝင်နေ၏။ အစီအရင်ပြုသူ၏ စိတ် ဝင် ယုံကြည်ခြင်းရှိလျှင် ရှိသလောက် ကောင်းကျိုးထူး မည်သာဖြစ်ကြောင်း ကျွန်ုပ်ပြောလို၏။ ကျွန်ုပ်စိတ်ထဲက ရှင်းရောမှန်းဆ ကြဆတီတွင် ဂန္ဓိရသက်ဝင်အောင် ထား ဝေ့ ငြမ်းဆင်ထားခြင်းမဟုတ်။ အမည်မဖော်ပြပါနှင့်သော ပညာရှင်ကြီးမှ မျှဝေပေးထားသော ပညာရပ်

www.burmeseclassic.com

www.burmeseclassic.com

မက၊ ကျွန်ုပ်ကိုယ်တိုင် လက်ခံယုံကြည် သုံးစွဲနေသော အစီအရင်ဖြစ်၍ ဖြန့်ဝေပေးရခြင်းဖြစ်ပါ၏။

ကျွန်ုပ် အထက်မှာ ပြောခဲ့သလို "ငွတ်"မယုံကြည်ခိုင်းပါ။ ယုံကြည်၍ လုပ်ပြီဆိုလျှင်တော့ သင် တကယ်ယုံရန် အရေးကြီးပါ၏။ တကယ်တမ်း ယုံကြည်နိုင်လျှင် ယုံကြည်နိုင်သလောက် စိတ်အင်အားဖြစ်လာကာ စကြဝဠာထဲမှ စွမ်းအင်လိုင်းများ၊ သင့်ထံ ကူးစက်လာလျက် သင့်ဆန္ဒအမှန် ပြည့်ဝရေးအတွက် ထူးထူးကဲကဲ ဖြည့်တင်းပေးပါလိမ့်မည်။

ဤအစီအရင်ကို စ,လုပ်တော့မည်ဟု သင် ဆုံးဖြတ်ပြီးပြီဆိုပါက ထိုအချိန်မှစကာ အကောင်းများကိုသာ စဉ်းတွေးပါတော့။ ငါ့ကိစ္စ အောင်မြင်ရမယ်၊ အဆင်ပြေရမယ်၊ ငါလုပ်လျှင် ဖြစ်ရမယ်ဆိုတာ တွေးနိုင်ရပါမယ်။ ဤသို့ဆိုပါက ဂမ္ဘီရအင်းတိုင် ထွန်းညှိပူဇော်ခြင်းဟာ မဟာမဟာ လာဘ်ဆုကြီးတစ်ပါးပင် ဖြစ်လာနိုင်ပါကြောင်း···။

အင်းအလင်းတိုင်

အင်းစက္ကူကို ဖယောင်းတိုင်တွင် ပတ်၍ ထွန်းညှိ ပူဇော်ခြင်းဖြစ်သည်။ အင်းအလင်းတိုင်ဟု ကျွန်ုပ်က ခေါ်ပါ၏။ အပြည့်အစုံပြောလျှင် "နေမင်း လမင်း အင်းအလင်းတိုင်" ဟု ခေါ်ရပါမည်။

အင်းကွက်မှာ (၉) × (၉)ကွက်အင်းဖြစ်ပါ၏။ နေမင်း အင်းတစ်ခု၊ လမင်းအင်းတစ်ခုဖြစ်၏။ အင်းကွက်များကို သုံးစွဲသော အလင်းတိုင်(ဖယောင်းတိုင်)အလျောက် သင့်သလို သုံးနိုင်သည်။ အလျား ၉ကွက်၊ အနံ ၉ကွက်၊ စုစုပေါင်း ၈၁ကွက်ရှိသည်။

ဂါထာကို အစွန်ဆုံးအကွက်၌ ပတ်ပတ်လည်(လက်ယာရစ်)ဆုံးအောင် ရေးသွင်းရမည်။

ဒု-အတွင်းကွက်၌ (အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း)အပြင်မိတ်ကို ဂဏန်းသွင်းရမည်။ တ-အတွင်းကွက်၌ (ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကို ရှာ)အတွင်းမိတ်ကို ဂဏန်းရေးသွင်းရမည်။

အလယ်ကွက်၌ နေမင်းအတွက်(၁)၊ လမင်းအတွက် (၂) ဂဏန်းရေးသွင်းရပါမည်။ တစ်ခါထွန်းလျှင် နေ့၊ လ နှစ်တိုင်ထွန်းရမည်။ အင်းစက္ကူကို (ဖယောင်းတိုင်)အလင်းတိုင်တွင် ပတ်၍ ထွန်းရမည်။ နှစ်တိုင်ပူး၍ မထွန်းရပါ။

"အလင်းတိုင်"ဟု ခေါ်ရခြင်းမှာ အလင်းရောင်ထွက်ခြင်းဖြစ်သည်။ (ပူဇောဓာတ်ကို အာရုံမှ ရှင်းထုတ်ထားရမည်။) အလင်းရောင်သည် အမှောင်ကို ဖြိုခွင်းပါ၏။ တိုက်ထုတ်ပါ၏။ မကောင်းဆိုးရွားများပင် ထွက်ပြေးကြရသော သဘော ရှိလေရာ ရှေးနှစ်များစွာကပင် ဂမ္ဘီရရုပ်ဝန်း၌ အလင်းရောင် (ဝိုးတိုးလေး)ကို အသုံးအစွဲပြုခဲ့ကြောင်း စာပေမှတ်တမ်းများ၌ တွေ့ရလေ၏။ ဂမ္ဘီရစာပေတချို့တွင် အလင်းရောင် ထွန်းညှိခြင်းသည် လူပြည်၊ လူ့လောကသာမက၊ နတ်ပြည်သို့ တိုင်အောင်ပင် သယ်ဆောင် စွမ်းအင်ရှိကြောင်း ကျွန်ုပ် မှတ်သားထားဖူး၏။ ကျွန်ုပ်တို့ မြန်မာ့ဂမ္ဘီရရုပ်ဝန်း၊ ဂန္ဓာရီရုပ်ဝန်းသာမက၊ ကမ္ဘာ့ဂန္ဓာရီရုပ်ဝန်းနယ်ပယ်၌လည်း ထိုအတိုင်းပင် အယုံအကြည်ရှိကြောင်း တွေ့ရပါ၏။

အင်းကွက်ပုံစံ

ရေးသွင်းထားသော အင်းကွက်နှစ်မျိုးကို ပြပါမည်။ ပုံ(၁)မှာ နေမင်းအင်းဖြစ်၍၊ ပုံ(၂)မှာ လမင်းအင်းဖြစ်သည်။ ဂါထာနှစ်မျိုးဖြစ်သည်။ အတွင်းကွက်များမှာ အတူတူဖြစ်၏။ အလယ်ကွက်တွင် နေမင်းအင်းအတွက် ဂဏန်း(၁)၊ လမင်းအင်းအတွက် ဂဏန်း(၂)ဖြစ်ပါသည်။ ၎င်းကို စ၊ ဓ၊ ဗ၊ ဝ-စမ ရံရမည်။

နေမင်း (၁)

ဥ	ဏော	ဘာ	သ	ဒ	ဝံ	သူ	ရံ	သု
သာ	ဘ	၂၄	ခွ	တ	ဘ	၂၄	ခွ	ဘံ
တ	တ	ဘ	ဥ	၇၄	၂၄	ဘ	တ	သူ
ဓေ	ခွ	၂၄	စ	ဝ	ဗ	ဥ	ဘ	ရီ
၇	၂၄	၇၄	ဝ	⑨	ဝ	၇၄	၂၄	ယ
တီ	ဘ	ဥ	ဗ	ဝ	စ	၂၄	ခွ	ဓေ
မီ	တ	ဘ	၂၄	၇၄	ဥ	ဘ	တ	တီ
နှာ	ခွ	၂၄	ဘ	တ	ခွ	၂၄	ဘ	ယံ
ဝ	ရံ	ကာ	ဏ္ဍ	အ	က်	လော	ဗွ	သ



www.burmeseclassic.com

www.burmeseclassic.com

လမင်း (၂)

သီ	တော	ဘာ	သ	ဒ	ဒံ	စ	နံ့	သု
သာ	ဒဂ္	၂၄	ခုဖ	ထ	ဘဂ္	၂၄	ခုဖ	သု
တ	ထ	သဖ	ဉဂ္	ဂ၄	၂၀	သဖ	ထ	ဘံ
စေ	ခုဖ	၂၀	စ	ဓ	ဗ	ဉဂ္	ဘဂ္	စ
ဒ	၂၄	ဂ၄	ဝ	၂	ဝ	ဂ၄	၂၄	နံ့
မ	ဘဂ္	ဉဂ္	ဗ	ဝ	စ	၂၀	ခုဖ	စေ
မိ	ထ	သဖ	၂၀	ဂ၄	ဉဂ္	သဖ	ထ	တိ
မာ	ခုဖ	၂၄	ဘဂ္	ထ	ခုဖ	၂၄	ဘဂ္	ယံ
နံ	ရံ	ကြ	ထ္ထ	အ	က်	လော	ဗ္ဓ	သ

BURMESE CLASSIC

အထက်မှအတိုင်း စက္ကူတွင် ရေးဆွဲ၍ ဖယောင်းတိုင်တစ်တိုင်စီတွင် သေချာပတ်ကာ ထွန်းညှိပူဇော်ရပါမည်။ မိမိနေအိမ် ဘုရားကျောင်းဆောင်တွင် ဖြစ်စေ၊ တန်ခိုးကြီးဘုရားမွေးနံ့ထောင့်တွင် ဖြစ်စေ၊ မနက်ပိုင်း ထွန်းညှိ ပူဇော်ရပါမည်။

ပူဇော်ရာတွင် နေတိုင်၊ လတိုင်ကို နှစ်တိုင်ယှဉ်၍ (မပူးရ) ထွန်းရမည်။ သပြေ (၅)ညွှန့်ပါ ထည့်လှူရမည်။ ထွန်း၍ ပူဇော်စဉ် နေမင်း ဘုရားရှိခိုး၊ လမင်း ဘုရားရှိခိုး ဂါထာကို ၉ခေါက်စီ ရွတ်ဖွားပူဇော်ရမည်။ သို့မဟုတ် နေမင်း ဂါထာ ၆ခေါက်၊ လမင်းဂါထာ ၁၅ခေါက် ရွတ်ဆိုရမည်။ (အင်းဆံသွင်းထားခြင်းမှာ ၎င်းဘုရားရှိခိုးဂါထာများ ဖြစ်ပါသည်။)

နေမင်းဘုရားရှိခိုး

ဥဏှော ဘာသ ဒဒံ သူရံ၊
သုဘံ သူရိယ စေတိယံ။
သဗ္ဗလောကံ အတ္ထဂ္ဂရံ၊
ဝန္ဒာမိ တိက္ခ စေတသာ။

လမင်းဘုရားရှိခိုး

သီတော ဘာသာ ဒဒံ စန္ဒံ၊
သုသုဘံ စန္ဒ စေတိယံ။
သဗ္ဗလောကံ အတ္ထဂ္ဂရံ၊
နမာမိ မုဒု စေတသာ။

ကျွန်ုပ်စိတ်ကြိုက်မှာ မွေးနေ့နံနက်စောစော ၅နာရီမှ ၆နာရီခွဲအတွင်း သဘောတွေ့ပါ၏။ သို့မဟုတ် မွေးနေ့နံနက် ၉နာရီတွင် ကောင်းပါသည်။ သပြေ ၅ညွှန့်ထည့်လှူရန် မမေ့ပါနှင့်။ နေမင်းဂါထာ၊ လမင်းဂါထာများ ရွတ်၍ ပူဇော်ပြီးပါက ဒိဝါတပတိ အစချီ ဂါထာ၊ သမ္မုဒ္ဓေဂါထာတော်များပါ တတ်နိုင်သရွေ့ ရွတ်ပွားပူဇော်ပေးပါ။ ပြီးသော်လိုရာ ဆုတောင်းပါ။ တစ်လ တစ်ကြိမ် ၅လ လုပ်ပါက တိုက်တွန်းလိုပါသည်။

အကျိုးကျေးဇူး

"နေနဲ့ လနဲ့ နှစ်ပါးပြိုင်၊
သိကြားကိုယ်တိုင် မ,မယ့်ကိန်း"

ဟူ၍ လောကီရေးရာ လက်ံာအမှာရှိပါ၏။

ယခု အစီအမံမှာ နေ၊ လ နှစ်ပါး အကြောင်းထား၍ အစီအရင်ပြုထားသောကြောင့် လောကီရေးရာတွင် ဉာဏ်ရှိသလို အသုံးအစွဲပြုနိုင်ပါ၏။

* အလကားနေရင်း စိတ်လေးလံ ထိုင်းမှိုင်းခြင်း
* ဇာတာကဲ အညံ့ကြုံနေခြင်း၊
* အထက်လူကြီးများ၏ ငြိုငြင်မှုကို ခံနေရခြင်း
* မိသားစု အဆင်မပြေခြင်း၊
* ရာထူးတိုးသင့်ပါလျက် မတိုးခြင်း၊
* ငွေကြေးပြဿနာရှိနေခြင်း၊
* ပြဿနာများ ဆက်တိုက် တက်နေခြင်း၊
* ဘာလုပ်လုပ် အဆင်မပြေခြင်းနှင့် ကံနိမ့်ကျနေမှုများအတွက် ထွန်းညှိ ပူဇော်နိုင်ပါသည်။ သင် တကယ်တော်သာ လုပ်ဖြစ်အောင် လုပ်ကြည့်ပါ။ ထူးခြားသော အကျိုးကျေးဇူးများ ကေန် ရလာပါလိမ့်မည်။

* * *

ဇေဇ္ဇာရာဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်အမြင် နက္ခတ်ဂြိုဟ်စဉ်များအရ

၂၀၁၃ ခု၊ စက်တင်ဘာလ၊ ခုနစ်နေ့သားသမီးများအတွက်

မဟာတြင်းရုပ်အဟောစာတမ်းများ

ဝပ္ပာစရိယ ဦးအောင်ကျော်ပိုး

တနင်္ဂနွေသားသမီးများ

ယခုလ သိဟ်ရာသီ ဒုတိယတြင်းရုပ်အဟောထွက်သည်။

စီးပွားရေး။ နာမည်ကောင်းရ၊ အလုပ်ပုံမှန် စတင်ရန် ကြိုးစားဖြစ်မည်။ ပရဟိတအကျိုးတွေ ငွေစိုက်ထုတ် လုပ်ကိုင်ပေးနေရမည်။ တပည့်များ၊ ဆွေမျိုးများအတွက် ငွေစိုက်ထုတ် ရင်းနှီးလုပ်ကိုင်ပေးဖြစ်မည်။ ငွေအစုလိုက် နှစ်ကြိမ်ဝင်မည်။ အများအကျိုး ဆောင်ရွက်ပေးရင်း ပုံမှန်ဝင်ငွေရလိမ့်မည်။ ဆရာမိဘတို့၏ လုပ်ငန်းများ အရှုံးပေါ်မည်။ ဆုံးရှုံးမည်။

အိမ်ထောင်ရေး။ သာယာတည်ငြိမ်သော အချိန်။ သားသမီးအတွက် ဆွေမျိုးပညာရေးကိစ္စများနှင့် ပတ်သက်၍ စိတ်တိုရ၊ ဖြေရှင်းရ၊ ငြင်းခုန်ရ ဖြစ်လိမ့်မည်။ ဆက်သွယ်ရေးများ ပြတ်တောက်မည်။ အစားအသောက်အစုံ စားဖြစ်မည်။ အဝေးရောက် အိမ်သူအိမ်သား နေအိမ်ပြန်ရောက်လာမည်။

ပညာရေး။ ပညာရေး သင်ယူရခက်မည်။ လိုက်မမီအောင် ဖြစ်မည်။ ငယ်စဉ်က သင်ယူခဲ့သော ပညာရပ်များကို ထပ်ပြီး သင်ယူခွင့် ကြုံမည်။ အချို့ဘာသာရပ်များ လက်လွတ်ဖြစ်မည်။ ငွေသွင်းပြီးမှ ပညာဆက်မသင်နိုင်ဘဲ ရှိနေလိမ့်မည်။

အချစ်ရေး။ ချစ်ခွင့်ပန်လိုသော်လည်း ဝိုင်ရှင်ရှိသူများ ဖြစ်နေကြ၍ အခက်ကြုံမည်။ ငယ်ကျွမ်းဆွေများနှင့် အလုပ်သဘောအရ ပြန်တွေ့မည်။ ချစ်သူတွေ ဝိုင်းနေသော်လည်း မှန်းရခက်၊ ရွေးရခက်။ နောက်ဆုံး တစ်ယောက်တည်း ကျန်ရစ်မည်။

ကျန်းမာရေး။ အားနည်းမည်။ မူးဝေမည်။ မျက်စိကြည့်မကောင်း။ မျက်မှန်တပ်သော်လည်း စိတ်တိုင်းမကျ။ နေထိုင်ရခက်မည်။ ညောင်းညာကိုက်ခဲမည်။

ကံကောင်းသောအရောင် - ကြေးနီရောင်၊ အနက်၊ အညိုရောင်များ။
ကံကောင်းသောဂဏန်း - ၁၊ ၇၊ ၀ ဂဏန်းများ။
ယတြာ - စက်ပစ္စည်းအဟောင်းများကို စွန့်ပစ်၍ ဆေးမှုန်တို့အား အစာအာဟာရကျွေးပြီး ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

ယခုလ သိဟ်ရာသီ တတိယတြင်းရပ်အဟောထွက်သည်။

စီးပွားရေး။ အလုပ်ပြောင်းရန်၊ အလုပ်နှားရန် ပြင်ဆင်လိမ့်မည်။ အလုပ်သစ် ခြေလှမ်း စလိမ့်မည်။ ငွေကုန်များမည်။ နာမည်ကောင်းရမည်။ ခရီးသွားနှင့် ဟိုတယ်လုပ်ငန်းများ။ စားသောက်ကုန်အလုပ်များ အောင်မြင်မည်။ အများပြည်သူကို မှီ၍ အကျိုးအမြတ်ရမည်။ ဆက်သွယ်ရေးပစ္စည်းများကြောင့် ငွေကုန်မည်။ ကြော်ငြာ၏ အကျိုးအမြတ် **မခံစား**ရ။ မိတ်ဖောင်း ဆွေဟောင်းများနှင့် ပြန်တွေ့မည်။ အလုပ်ကောင်းအချို့ ပြန်လုပ်ဖြစ်မည်။

အိမ်ထောင်ရေး။ ဝေးလေ ကောင်းလေဟု ခံစားရမည်။ မြင်နေ၊ တွေ့နေရသမျှ စိတ်ဆင်းရဲမှုတွေ ဖြစ်ပေါ်နေမည်။ ကိုယ့်အလုပ် ကိုယ်လုပ်၊ သူ့အလုပ် သူလုပ်လျှင် နေသာထိုင်သာရှိ၍ အဆင်ပြေမည်။ အနည်းငယ်သော စကားဟရုံဖြင့် အကြိုးအကျယ် စကားများရလိမ့်မည်။

ပညာရေး။ ပညာမျိုးစုံ သင်ယူဖြစ်မည်။ မှတ်ဉာဏ်အားနည်းမည်။ ပညာရေး အတွက် စူးစိုက်ရန် လုပ်ငန်းအချို့ကို လျှော့ပစ်ဖြစ်မည်။ သို့သော် နေအိမ်အလုပ်များနှင့် ရှုပ်နေမည်။

အချစ်ရေး။ ဂုဏ်ရှိန်မြင့်၍ ခန့်ညားထည်ဝါသူတို့ကို ကြည်ညိုလေးစားစွာ ချစ်ခင်ဖြစ်မည်။ တည်ကြည်သော အချစ်တစ်ခုကို တောင့်တဖြစ်မည်။ နလုံးသားထက် ဦးနှောက်နှင့် ဘဝတည်ဆောက်မှုကို ဝိုမိုအလေးသာ အားကိုးဖြစ်မည်။ အထင်နှင့် အမြင် လွဲမှားတတ်သည်။

ကျန်းမာရေး။ သွေးလေမှန်၊ အအေးပတ်၊ အကြောတက်၊ ဒဏ်ရာဟောင်းများ ပြန်ပေါ်မည်။ ဆေးဝါးရှာရခက်၊ ဆရာကောင်း တွေ့ရှုန် မလွယ်ကူ။ လိမ်းဆေးနှင့် ပျောက်လိမ့်မည်။

ကံကောင်းသောအရောင် - အဝါရောင်၊ အဖြူရောင်၊ လိမ္မော်ရောင်များ။
ကံကောင်းသောဂဏန်း - ၂၊ ၅၊ ၀။
ယတြာ - တောင်ထိပ်ပေါ်က ဘုရားထဲ ဆည်းလည်းလှူ၍ ဆုတောင်းပါ။

အင်္ဂါသားသမီးများ

ယခုလ ကရကဋ်ရာသီ ဒုတိယတြင်းရပ်အဟောထွက်သည်။

စီးပွားရေး။ ကိုယ်စီရင်ခဲ့သော ကိုယ့်အလုပ်ဖြင့် ကိုယ့်ဘာသာကိုယ် ရှုပ်နေမည်။ မိမိသည်သာ အားကိုးရာဖြစ်နေမည်။ စိုးရိမ်ကြီးစွာဖြင့် ပြုလုပ်ဆောင်ရွက်နေရမည်။ အလုပ်သစ်စရန် မရဲသလို အလုပ်ဟောင်းစွန့်ရန်လည်း မရဲ၊ အခက်အခဲ အကျပ်အတည်း ကြားမှ အကောင်းဆုံးအဖြေတစ်ခုကို ရှာနေမိမည်။

အိမ်ထောင်ရေး။ စကားတွေ များနေရမည်။ နားပူခံရမည်။ အိမ်ထောင်ဘက် အလုပ် အတွက် စိတ်မအေးနိုင်။ သားသမီးများ ကျန်းမာရေးညံ့မည်။ စိတ်ရည်သင့်သောအချို့ ဖြစ်သည်။

ပညာရေး။ လက်တွေ့ အသုံးဝင်သော ပညာရပ်များ သင်ယူဖြစ်မည်။ ပညာသင်ရင်း အတန်းဖော်များနှင့် ရန်ဖြစ်မည်။ ဆရာများ၏ အပြစ်ပေးမှုကို ခံရမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ သင်ယူရ လွယ်ကူမည်။ အကျိုးပေးမည်။

အချစ်ရေး။ မာနချင်းပြိုင်မိရာမှ ဆွေမျိုးများထိ ပါဝင်လာကာ ရန်ဖြစ်ရမည်။ ချစ်လွန်း၍လည်း ခွဲရခက်နေမည်။ မာနလျှော့လျှင် အကောင်းဆုံးအချိန်ဖြစ်သည်။

ကျန်းမာရေး။ ကိုယ့်ကျန်းမာရေးကိုပင် ဂရုမစိုက်နိုင်အောင် ရှုပ်နေမည်။

ကံကောင်းသောအရောင် - အနက်၊ အညို၊ နီညိုရောင်များ။
ကံကောင်းသောဂဏန်း - ၃၊ ၈၊ ၉။
ယတြာ - ရေအနီးရှိ ဘုရားအား အနီရောင်ပန်းများ လှူ၍ ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ပုဒ္ဓဟူးသားသမီးများ

ယခုလ ကန်ရာသီ ပထမတြင်းရုပ်အဟောထွက်သည်။

စီးပွားရေး။ ယခု ဒုတိယအဟတ်မှ စ၍ လုပ်ငန်းများ သက်ဝင်လှုပ်ရှားလာမည်။ ဆက်သွယ်ရေး၊ ကြော်ငြာ၏ အကျိုးကို ခံစားရမည်။ အကျိုးဆောင်လုပ်ငန်းများ အောင်မြင်မည်။ စာပေ၊ အနုပညာ၊ အားကစားအလုပ်များမှ အကောင်းဘက် ရေရှည်လာမည်။ လုပ်သမျှ အကျိုးပေးခြိမ့်ဖြစ်၍ အခွင့်အရေးရယူသင့်သော အချိန်ဖြစ်သည်။

အိမ်ထောင်ရေး။ ခရီးထွက်ခွာသွားမည်။ ကောင်းသော ခရီးဖြစ်မည်။ အိမ်တွင်းရေး သာယာမှုများမည်။ ရံခါ မိသားစုလက်စုံ ထမင်ဝိုင်းနှင့် ဝေးကွာနေမည်။

ပညာရေး၊ အခွင့်အရေးနှင့်ဆိုင်သော ပညာရပ်များ သင်ဖြစ်မည်။ ပညာသင်စရိတ် ထောက်ပံ့ကြေးရမည်။ လက်တွေ့ဆန်သော ပညာရပ်များ၊ အသက်မွေး ပညာရပ်များ တတ်လွယ်မည်။ နှုတ်အပြောနှင့် အရေးအဖတ်အားနည်းမည်။ သခ်ၤာတော်မည်။

အချစ်ရေး။ ကြီးသူ၊ လေးစားထိုက်သူကိုမှ ချစ်နေမိမည်။ ရယ်မောစကားပြောရင်း စားသောက်ပွဲများ ကျင်းပဖြစ်မည်။ အပျော်အပါး ပိုအားသန်မည်။

ကျန်းမာရေး။ ဝမ်းတွင်းရောဂါရလွယ်မည်။ ဝမ်းပျက်၊ ဝမ်းလျှောနှင့် အအေးပတ်၊ ခြေလက်တုန်ရောဂါများ ရလွယ်မည်။

ကံကောင်းသောအရောင် - စိမ်းနုရောင်၊ အဝါနုရောင်၊ အပြူရောင်များ။
ကံကောင်းသောဂဏန်း - ၄၊ ၅၊ ၆။
ယတြာ - မွေးနေ့တွင် အပြူရောင် မွေးသောပန်းများ လှူ၍ ဆုတောင်းပါ။

ကြာသပတေးသားသမီးများ

ယခုလ မေထုန်ရာသီ တတိယတြင်းရုပ်အဟောထွက်သည်။

စီးပွားရေး။ လုပ်ငန်းများ စုပြုံ၍ တစ်ပြိုင်တည်း ပြုလုပ်ဖြစ်မည်။ အလုပ်ကဲကောင်းနေချိန်ဖြစ်သည်။ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ။ စပ်တူရှုယ်ယာအလုပ်များ အကျိုးပေးမည်။ ငယ်ရွယ်သူများကြောင့် အလုပ်အနှောင့်အယှက်ကြုံမည်။ ပစ္စည်းများ လေလွင့် ပျက်စီးမှု များမည်။ ယာဉ်နှင့် လက်ဝတ်ရတနာများအတွက် ငွေကုန်များ။ အရှုံးပေါ်မည်။

အိမ်ထောင်ရေး။ ကောင်းလိုက်၊ မကောင်းလိုက်နှင့် အိမ်ထောင်ဖက်၏ အထင်အမြင်သေးမှုကို ခံရမည်။ အောက်မကျရန် ပိုမိုကြိုးစားဖြစ်မည်။ နားငြီးဒဏ်ခံရမည်။ အချစ်စိတ်များ ကုန်ဆုံးမည်။

ပညာရေး။ ဆရာကောင်း၊ မိတ်ဆွေကောင်းများ ရရှိမည်။ ပြိုင်ဘက်များ ပေါ်လာမည်။ ပညာသင်ရင်း အချစ်ကိစ္စပေါ်မည်။ ပညာရေးအနှောင့်အယှက်ကြုံမည်။

အချစ်ရေး။ နလုံးသား တုန်ခါမှုတွေ များနေမည်။ အချစ်တွေ ပိုလှုံ့နေမည်။ ရွေးရခက်မည်။ လိုချင်မှုတွေ များနေမည်။ အရင်းနှီးဆုံး အချစ်၊ အရင်ဆုံးအချစ် လက်လွတ်ရမည်။

ကျန်းမာရေး။ မောပန်းနွမ်းနယ်မည်။ နလုံးအားနည်းမည်။ ရင်ကျပ် ချောင်းဆိုးမည်။ ရောဂါအခံရှိသူများ အမောဖောက်ချိန်၊ သွေးတက်ချိန်ဖြစ်သည်။

ကံကောင်းသောအရောင် - ယောဂီရောင်၊ အဝါနုရောင်၊ အနက်ရောင်။
ကံကောင်းသောဂဏန်း - ၄၊ ၀၊ ၇။
ယတြာ - သက်ကြီးရွယ်အိုများအား ဆေးဝါးလှူ၍ ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

သောကြာသားသမီးများ

ယခုလ ကန်ရာသီ တတိယတြင်းရုပ်အဟောထွက်သည်။

စီးပွားရေး။ ရောတိုလုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။ မြန်မြန်ဝယ်၊ ချက်ချင်းရောင်း၊ အလုပ်ချက်ချင်းအပ် အမြန်လုပ် အလုပ်များမှ ငွေဝင်မည်။ စပ်တူအကျိုးပေးမည်။ နှုတ်စကား မလွန်ရန် သတိပြုသင့်သည်။ ကြီးသူများ၏ ဂုဏ်ပြုမှု ခံရမည်။ နေးကွေးမှုနှင့် တပည့်များ အရွယ်တူများကို လိုက်လျောမှု လွန်ကဲသောကြောင့် ငွေကုန်မျာ။ အရှက်ရမည်။

အိမ်ထောင်ရေး။ ဆူညံပွက်လောရိုက်နေမည်။ အစားအသောက်ကောင်းများ အလျှံပယ် ပေါကြွယ်ဝသလို ရံခါ စားစရာမရှိအောင် ပြတ်လပ်နေမည်။ အိမ်ထောင်ဖက်နှင့် ငြင်းခုံရမှုတွေ များနေမည်။

ပညာရေး။ အနုပညာနှင့် အားကစားပညာရပ်များကို စိတ်ဝင်စားမည်။ သင်ယူလျှင် တတ်လွယ်သည်။ အောင်မြင်မည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ လေ့လာဖြစ်မည်။ သို့သော် စာပေနှင့် တွေးခေါ်မှုဆိုင်ရာများ၊ သခ်ၤာများ အားနည်းမည်။

အချစ်ရေး။ တွယ်ကပ်နေသူကြောင့် စိတ်ညစ်ရမည်။ အသွင်မတူသူ၏ အချစ်ကို ခံရသဖြင့် စိတ်တိုင်းမကျဖြစ်မည်။ အိမ်ထောင်ရေးစီစဉ်လျှင် ပျက်မည်။ တယုတယ မြတ်နိုးစွာ အသာအယာချစ်လိုစိတ်ရှိနေမည်။

ကျန်းမာရေး။ များသောအားဖြင့် ကျန်းမာရေးကောင်းမည်။ အားကစားနှင့် အလုပြင်ပစွဲဆိုးများကြောင့် ဝိုလုလာမည်။ နပျိုလှုပနေမည်။

ကံကောင်းသောအရောင် - အပြူရောင်၊ စိမ်းနုရောင်၊ ပန်းရောင်များ။
ကံကောင်းသောဂဏန်း - ၂၊ ၄၊ ၅။
ယတြာ - ခရီးသွားလာမှုတ်နှင့် စာအုပ်များကို လိုအပ်နေသော စာသင်သားအား လှူပါ။

BURMESE CLASSIC

စနေသားသမီးများ

ယခုလ တူရာသီ ဒုတိယတြင်းရုပ်အဟောထွက်သည်။

စီးပွားရေး။ ပုံမှန်အလုပ် အကျိုးပေးမည်။ ရင်းနှီးမြှုပ်နှံထားသော အလုပ်များမှ ငွေရမည်။ ပစ္စည်းဟောင်းများ ဈေးကောင်းရမည်။ ဆေးဝါးနှင့် သံထည်ပစ္စည်းများ အကျိုးပေးမည်။ ဝန်ထမ်းများ ပုံမှန်ထက် ပိုအကျိုးပေးမည်။ ခရီးသွားနှင့် အရောင်းအဝယ်အလုပ်များ အကျိုးအမြတ်ရမည်။ စပ်တူနှင့် အကျိုးဆောင်အလုပ် အရှုံးပေါ်မည်။

အိမ်ထောင်ရေး။ ထွက်ပြေးချင်လောက်အောင် စိတ်ညစ်နေမည်။ ပြဿနာကို မီးထွန်းရှာသူများကြောင့် နေထိုင်ရခက်မည်။ ဆွေမျိုးများ၏ အတင်းပြောမှု ခံရမည်။ သတိထားသည်းခံရမည့်အချိန်ဖြစ်သည်။

ပညာရေး။ အားကျိုးမာန်တက် သင်ယူဖြစ်မည်။ ကစားနှင့် အပျော်အပါးဘက်လည်း စိတ်ညွတ်နေမည်။ ကျောင်းလစ်၍ ကစားဘက် အားသာလိမ့်မည်။ မိသားစုဝင်များနှင့် ပြဿနာပေါ်မည်။ ဆရာကောင်း၊ မိတ်ဆွေကောင်းများကြောင့် လမ်းမှန်ရောက်မည်။

အချစ်ရေး။ ချစ်လိုသော်လည်း စိတ်ကြိုက်မတွေ့၊ အနေနီးသူနှင့် ငြိတတ်၊ ချစ်တတ်လိမ့်မည်။ ပတ်ဝန်းကျင်၏ ဂရုစိုက်မှုကို ခံရမည်။ အုထင်ကြီးမည်။

ကျန်းမာရေး။ ထိခိုက်ပွန်းပဲ့ ဒဏ်ရာရမည်။ ချော်လဲမည်။ အစားမပျက်၊ အအိပ်မပျက်လျှင် ကျန်းမာရေး ကောင်းနေမည်။

ကံကောင်းသောအရောင် - အနက်၊ အပြူ ရည်ညိုရောင်များ။
ကံကောင်းသောဂဏန်း - ၆၊ ၀၊ ၇။
ယတြာ - ဥပုသ်စောင့်ခြင်း။ သို့မဟုတ် နှုတ်ဆိတ် စကားမပြောဘဲ တစ်ရက်မျှ နေ၍ ဆုတောင်းပါ။

*****

www.burmeseclassic.com